# ချုပ်တည်းခြိုးခြံ နည်းလမ်းမှန်

အယ်လင်ဂျီဝှိုက်

# ချုပ်တည်းခြိုးခြံနည်းလမ်းမှန်

အယ်လင်ဂျီ၊ ဝှိုက် ပြုစုသည့်Temperance စာအုပ်ကို ဦးအေ၊ ဘတင်က
“ချုပ်တည်းခြိုးခြံနည်းလမ်းမှန်” အမည်ဖြင့် မြန်မာပြန်ဆိုသည်

ဦးစိုင်းရပ်စ်ဘရောင်းတည်းဖြတ်သည်

ပထမပုံနှိပ်ခြင်း၊ ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ၃၀၀၀
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၅၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၁)

အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့၊ မြန်မာပြည်သတ္တမနေ့
ဥပုသ်အသင်း၊ ဦးသိန်းရွှေ (မှတ်ပုံတင်အမှတ် ၀၁၈၅၀)
က ထုတ်ဝေသည်

အမှတ် ၂၀၆၊ ရွှေသစ္စာလမ်း၊ ကံဘဲ့၊ ရန်ကုန်မြို့
ကင်းစောင့်ပုံနှိပ်တိုက်၊ ဦးဘခင် (မှတ်ပုံတင်အမှတ် ၀၂၈၃၀)
ကရိုက်နှိပ်သည်

အယ်လင် ဂျီ၊ ဝှိုက် ပြုစုထားသည့်
စာစောင်များတွင်တင်ပြထားသော

# ချုပ်တည်း ခြိုးခြံ
# နည်းလမ်းမှန်

စစ်မှန်သော ချုပ်တည်းခြိုးခြံခြင်းဆိုသည်မှာ အန္တရာယ်ပြုသော
အရာများကို လုံးဝရှောင်ကြဉ်ခြင်း၊ ကျန်းမာမှုကိုပြု၍ အာဟာရ
ဖြစ်သော အစားအသောက်များကို သတိတရားနှင့် မှီဝဲခြင်းဖြစ်၏။

Health Reformer, April, 1877.

# နိဒါန်း

စာပေများ ရေးသားရာမှာဖြစ်စေ၊ လူထုပရိသတ်တို့အား မိန့်ခွန်းစကားပြောကြားရာမှာဖြစ်စေ မစ္စစ်ဝှိုက်၏ အဓိကကြိုက်နှစ်သက်သောအကြောင်းအရာသည် ချုပ်တည်းခြိုးခြံခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာပင် အသင်းတော်မှ ထုတ်ဝေသောဂျာနယ်များ၌လည်းကောင်း၊ အမှုတော်ဆောင်များနှင့် သာမန်အသင်းသားများကိုပါ အကြံပေးသော အနေဖြင့် ရေးသားပေးပို့လိုက်သောရေးစာများနှင့်ပေးစာများ၌လည်းကောင်း၊ သတ္တမနေ့ဥပုသ်အသင်းဝင်များအနေ ဖြင့်ချုပ်တည်းခြိုးခြံခြင်းကို ကိုယ်တိုင်ကျင့်သုံးသည်သာမက ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အဖြာဖြာသောကိစ္စတို့ကို အင်တိုက်အားတိုက်လှုံ့ဆော်ပေးဖို့ရန်လည်းတိုက်တွန်းထားပါသည်။ ဤမျှလောက်များပြားလှသော စာပေများနှင့်ဩဝါဒများကို အတွဲတစ်ခုတည်းဖြင့်ပြုစုထုတ်ဝေရန် တောင်းဆိုထားချက်များအရ မစ္စစ်ဝှိုက်ကသူမရေးသားပြုစုထားသောစာစောင်များနှင့် လက်ဖြင့် ရေးသားထားသောစာမူများကို ထိန်းသိမ်းထားဖို့ တာဝန်ပေးထားခြင်းခံရသော အယ်လင်ဂျီဝှိုက်စာစောင်များဌာန (Ellen G. White Publication) ကခွင့်ပြုချက်အတိုင်း ဤလက်စွဲစာအုပ်ကို ထုတ်ပေးလိုက်ပါသည်။ ဤအကြောင်းအရာနှင့်စပ်ဆိုင်၍ ထပ်မံပုံနှိပ်ခြင်း မပြုတော့သည့် စာစောင်များဖြစ်သော (Health or How to Live (1865); Christian Temperance and Bible Hygiene (1890); Special Testimonies (1892-1912); နှင့် Drunkenness and Crime (1907) အပါအဝင် မစ္စစ်ဝှိုက်ရေးသားပြုစုထားသောစာစောင်အမျိုးမျိုးမှ ကောက်နုတ်ချက်များကို ရွေးချယ်ထည့်သွင်းဖေါ်ပြထားပါသည်။

အတိုချုပ်အားဖြင့်ဖေါ်ပြထားချက်နှင့်တင်ပြထားသော အကြောင်းအရာများတွင်ပါရှိသောအချက်အလက်များ နှစ်ခုစလုံးတွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အဖြာဖြာတို့နှင့် ပတ်သက်၍ စာစောင်များပြုစုသူက အလေးပေးပြောဆိုထား ချက်များကို ပြန်လည်ထင်ပေါ်အောင်ပြုရာတွင် တိကျနိုင်သမျှ တိကျနိုင်စေရမည်ဟူသော စေတနာဖြင့် ဤစာစောင်ကို စုဆောင်းပြုစုသူများက ကြိုးပမ်းဆောင်ရွက်ထားပါသည်။

ဤချုပ်တည်းခြိုးခြံမှုအကြောင်းအရာကိုတင်ပြရာတွင် မစ္စစ်ဝှိုက်၏အာဘော်ကို ပြည့်ပြည့်စုံစုံပါရှိစေမည့် ကောက်နှုတ်ချက်များကိုသာ ရွေးချယ်ထည့်သွင်းဖို့ ကြိုးပမ်းမှုနှင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ပြဿနာနှင့်ပတ်သက်၍ ရှု ထောင့်အမျိုးမျိုးတို့ကိုပြည့်စုံကုံလုံစွာပါဝင်စေလိုသောဆန္ဒတို့ကြောင့် အချို့သောအချက်အလက်များတွင် အပ်ကြောင်းထပ်နေမှုမျိုးရှိတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ စာရှုသူတို့၏အကျိုးကို အများဆုံးပြုစေမည့်အကြောင်းအရာကို တင်ပြရာတွင် အစီအစဉ်ကျကျနန ဖြစ်စေရန်၊ ၎င်းအပြင် အလွန်အမင်းအပ်ကြောင်းထပ်မှုကို ရှောင်ရှားရန် တစ်ခါတစ်ရံ တိုတောင်းသောကောက်နုတ်ချက်များကိုသာ ရွေးယူထည့်သွင်းထားပါသည်။ သို့ဖြစ်လင့်ကစား၊ စကားအစီအစဉ်ကို တစ်မျိုးတစ်မည် အပြောင်းအလဲပြုလုပ်ထားသော်လည်း အဓိပ္ပါယ်ကိုဖြစ်စေ၊ စာရေးသူ၏အလေးပေးပြောဆိုမှုကိုဖြစ်စေ ပြောင်းလဲမှုမရှိစေရန် အထူးဂရုစိုက်ဆောင်ရွက်ထားပါသည်။ ကောက်နုတ်ချက်ယူထားသောအခါတိုင်း ယင်းကောက်နုတ်ချက်များကို ယူထားသောစာအုပ်၊ စာစောင်၊ စာတိုပေတို သို့မဟုတ် လက်ဖြင့်ရေးသားထားသောစာမူများ၏ အမည်ကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

အယ်လင်ဂျီ၊ ဝှိုက်သည် ၁၉၁၅ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ရာ သူမ စာပေများရေးသားပြုစုသောခေတ် တွင် အသုံးပြုသောဝေါဟာရများသည် ယခုအခါတွင်အသုံးပြုလျက်ရှိသော ဝေါဟာရများနှင့်များစွာကွာခြားနေသည်။ ထိုခေတ်၏အခြေအနေများသည်လည်း ယခုခေတ်၏အခြေအနေများနှင့် အသေးစိတ်အားဖြင့် ကွာခြားမှုရှိနေသည်။ ဥပမာ၊ သေရည်သေရက်ရောင်းသောဆိုင်များကို ကိုးကားထားပါသည်။ ယခုခေတ်၌ သေရည်သေရက် ရောင်းချသော ဆိုင်ကြီးဆိုင်ငယ်တို့သည် လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်လောက်က သေရည်သေရက် အရောင်းဆိုင်များနှင့် ကွာခြားမှု ရှိမည်ဖြစ်သော်လည်းယခုခေတ်ရောင်းချသောသေရည်သေရက်အမျိုးအစားသည် မစ္စစ်ဝှိုက်လက်ထက်ကရောင်းချသော

## နိဒါန်း

သေရည်သေရက်မျိုးပင်ဖြစ်၍ အားလုံးသိကြသည်အတိုင်းအရက်ဟူသည်လူတို့၏ကိုယ်ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်ကိုပါထိခိုက်ပုံမှာ အတူတူပင်ဖြစ်သည်။ သေရည်သေရက်သောက်စားခြင်းနှင့်ယာဉ်တိုက်မှုတို့၏ ဆက်သွယ်နေမှုကို ယခုအခါလောက်ရှေးကအလေးပေးပြောဆိုခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော်၊ ထိုအချိန်ကယခုခေတ်လောက်မော်တော်ယာဉ်များ ခေတ်မစားသေးပေ။ သို့ဖြစ်လင့်ကစား၊ သေရည်သေရက်သောက်စားခြင်းနှင့်မတော်တဆထိခိုက်မှုများတို့၏အကြောင်းနှင့်အကျိုးတို့ကို ဖေါ်ပြထားချက်များသည် ယခုခေတ်အခြေအနေများနှင့် များစွာသက်ဆိုင်နေသည် ကို စာဖတ်သူတို့ တွေ့မြင်ရပါလိမ့်မည်။ အိမ်ဂေဟာကိုလည်းကောင်း၊ ကျန်းမာမှုကိုလည်းကောင်း၊ အကျင့်စာရိတ္တကို လည်းကောင်း၊ စိတ်ဝိညာဉ်ကိုလည်းကောင်း၊ ဖျက်ဆီးရာတွင် သေရည်သေရက်၏အာနိသင်သည် ရှေးနှစ်ပေါင်းငါးဆယ် ကကဲ့သို့ ယခုအခါတွင် ထက်မြက်စူးရှလျက်ရှိသည်။

မစ္စစ်ဝှိုက် အမှုတော်ထမ်းခဲ့သော ကာလတစ်လျှောက်၌သူမရရှိခဲ့သော ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အလင်းတရားတို့၏ အရေးပါအရာရောက်မှုကို စာဖတ်သူသည် အမြန်မနှေးပင် သိရှိနားလည်လာပေလိမ့်မည်။ ယင်းကိစ္စနှင့်စပ်ဆိုင်၍ ဤစာစောင်သည် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ စာပေအတွက် များစွာအထောက်အကူပြုပါလိမ့်မည်။

ဤစာစောင်တွင် နောက်ဆက်ဆွဲအနေဖြင့် ထည့်သွင်းထားသည့် မစ္စစ်ဝှိုက်ဟောပြောခဲ့သော ချုပ်တည်းခြိုးခြံမှုဆိုင်ရာတရားဟောချက်များက စိတ်ဝိညာဉ်ကို ဖျက်ဆီးသောချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ဘေးဒဏ်မှ လူတို့အားကယ်တင်လိုသည့် သူမ၏ပြင်းပြသောဆန္ဒကို ဖေါ်ထုတ်ထားပါသည်။

ဘုရားသခင်၏ကောင်းချီးမင်္ဂလာအားဖြင့် ဤစာစောင်သည် သတ္တမနေ့ဥပုသ်အသင်းသားတို့အား ချုပ်တည်းခြိုးခြံမှုနှင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာ လုပ်ငန်း၌ စိတ်ဝင်စားမှုကို ပြန်လည်အသက်သွင်းပေးပြီး ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အင်အားစုတို့၏ရှေ့တန်းက အလိုတော်နှင့်အညီ မားမားမတ်မတ် ရပ်တည်နိုင်ကြပါစေဟု ပုံနှိပ်ထုတ်ဝေသူများက လှိုက်လှိုက်လှဲလှဲ ဆန္ဒပြုလိုက်ပါကြောင်း။

အယ်လင်ဂျီဝှိုက်စာစောင်များ
ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့

မာတိကာ


အပိုင်း ၁ ချုပ်တည်းဖြိုးခြံမှုကင်းမဲ့ခြင်း၏သဘောတရားရေးရာ

နိဒါန်း ---- ---- ---- ---- ---- ---- ---- ---- ---- ---- ---- က

၁ လူ၏မူလစုံလင်သောအခြေအနေ ---- ---- ၁
၂ ချုပ်တည်းဖြိုးခြံမှုကင်းမဲ့ခြင်းအစပြုပေါ်လာခြင်း ---- ---- ၂
၃ ခံတွင်းအလိုလိုက်မှုကြောင့် ပေါ်ပေါက်လာသောပျက်ပြားမှု ---- ၄
၄ ခံတွင်းအလိုကို ခရစ်ယာန်အောင်မြင်မှု၏အရေးပါအရာရောက်ခြင်း ---- ၇

အပိုင်း ၂ သေရည်သေရက်နှင့်လူ့အဖွဲ့အစည်း

၁ ရာဇဝတ်မှုကို အားပေးခြင်း ---- ---- ---- ၁၀
၂ စီးပွားရေးဆိုင်ရာပြဿနာတရပ် ---- ---- ---- ၁၃
၃ သေရည်သေရက်နှင့်အိမ်ထောင် ---- ---- ---- ၁၅
၄ မတော်တဆထိခိုက်မှုများ၏အကြောင်းတစ်ရပ် ---- ---- ---- ၁၈
၅ ပြည်သူ့ကျန်းမာမှုဆိုင်ရာပြဿနာတစ်ရပ် ---- ---- ---- ၁၉
၆ သေရည်သေရက်နှင့်ရာထူးရာခံများ ---- ---- ---- ၂၅

အပိုင်း၃ ဆေးလိပ်ဆေး

၁ ဆေးလိပ်ဆေး၏ဆိုးကျိုး ---- ---- ---- ---- ၃၃
၂ ဆေးလိပ်ဆေး၏ညစ်ညမ်းစေမှုနှင့်စာရိတ္တပျက်ပြားစေမှု၏အရှိန် ---- ---- ၃၅
၃ ဘုရားသခင်၏ဗိမာန်တော်ကိုညစ်ညူးစေခြင်း ---- ---- ၃၈
၄ စီးပွားရေးဆိုင်ရာဖြုန်းတီးမှု ---- ---- ---- ---- ၄၁
၅ ပုံသက်သေ၏ထိရောက်မှု ---- ---- ---- ---- ၄၂

အပိုင်း ၄ အခြားလှုံ့ဆော်စေသော အသုံးအဆောင်များနှင့်ထုံထိုင်းစေသောအသုံးအဆောင်များ

၁ ကိုယ်ကာယတပ်မက်ခြင်းတို့ကို ရှောင်ကြဉ်ပါ ---- ---- ---- ၄၇
၂ လက်ဖက်ရည်နှင့်ကော်ဖီ ---- ---- ---- ၄၈
၃ ဆေးဝါးများ ---- ---- ---- ---- ၅၄

မာတိကာ


အပိုင်း ၅ မပြောင်းထန်သောမူးယစ်စေတတ်သည့် အသုံးအဆောင်များ

၁ စစ်မှန်သောချုပ်တည်းခြိုးခြံမှုဆိုင်ရာ အကျင့်ဝလေ့များ၏ အရေးပါအရာရောက်ခြင်း ---- ၅၉
၂ မပြောင်းထန်သောမူးယစ်စေတတ်သည့် အသုံးအဆောင်များ စိတ်ကိုထိခိုက်ပုံ ---- ၆၀
၃ သေရည်သေရက်တို့၏မူးယစ်ထုံထိုင်းစေပုံ ---- ---- ---- ၆၂
၄ ကျမ်းစာ၌ဖေါ်ပြပါရှိသောစပျစ်ရည် ---- ---- ---- ၆၄
၅ ခရစ်ယာန်များနှင့်အရက်ချက်ပစ္စည်းကရိယာများထုတ်လုပ်ခြင်း ---- ---- ၆၅
၆ ချုပ်တည်းခြိုးခြံခြင်းနှင့်လုံးဝရှောင်ကြဉ်ခြင်း ---- ---- ---- ၆၇

အပိုင်း ၆ ပြောင်းလဲသောဘဝအား လှုပ်ရှားစေသောအခြေခံမှုများ

၁ ဘဝ၏ပြောင်းလဲမှုရရှိမှုသာ ---- ---- ---- ---- ၆၈
၂ ပြောင်းလဲခြင်းသည် အောင်မြင်မှု၏လျှို့ဝှက်ချက် ---- ---- ၇၀
၃ စိတ်ဆန္ဒသည်အောင်မြင်မှု၏သော့ချက်ဖြစ်ခြင်း ---- ---- ---- ၇၄
၄ တည်မြဲသောအောင်မြင်မှု ---- ---- ---- ---- ၇၈
၅ စုံစမ်းခြင်းခံရသောသူအတွက် အကူအညီ ---- ---- ---- ၈၁

အပိုင်း ၇ ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူအား ပြန်လည်နေရာချထားရေး

၁ အလုပ်လုပ်နည်းအကြံပေးချက် ---- ---- ---- ၈၆
၂ ချုပ်တည်းခြိုးခြံမှုလုပ်ငန်းဆိုင်ရာလုပ်သား ---- ---- ---- ၈၉

အပိုင်း ၈ ကျွန်ုပ်တို့၏ကျယ်ပြန့်သောချုပ်တည်းခြိုးခြံမှုဆိုင်ရာသြဝါဒ

၁ စစ်မှန်သောချုပ်တည်းခြိုးခြံမှု၏အဓိပ္ပါယ် ---- ---- ---- ၉၄
၂ ကိုယ်ခန္ဓာသည်ဗိမာန်တော်ဖြစ်ခြင်း ---- ---- ---- ၉၇
၃ ချုပ်တည်းခြိုခြံမှုနှင့်ဝိညာဉ်ရေး ---- ---- ---- ၁၀၀
၄ ဒံယေလ၏ပုံသက်သေ ---- ---- ---- ---- ၁၀၄
၅ ကျွန်ုပ်တို့ထမင်းစားပွဲပေါ်တွင်တင်ထားသောအစားအစာများ ---- ---- ၁၀၇
၆ ကျွန်ုပ်တို့အနေဖြင့်လုံးဝရှောင်ကြဉ်ခြင်း ---- ---- ---- ၁၁၂
၇ အသင်းသားများအနေဖြင့် စပ်သွယ်မှု ---- ---- ---- ၁၁၄
၈ သတ္တမနေ့ဥပုသ်အသင်း၏ဝိညာဉ်ရေးဆိုင်ရာခေါင်းဆောင်များ ---- ---- ၁၁၅

အပိုင်း ၉ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏အုတ်မြစ်ချခြင်း

၁ မီးမဖွားမီသြဇာသက်ရောက်မှုအရှိန် ---- ---- ---- ၁၁၈

## မာတိကာ


၂ အမွေခံထားသောအကျင့်ဓလေ့များ၏အင်အား ---- ---- ---- ၁၂၀

၃ အပြုအမူပုံစံများပုံသွင်းခြင်း ---- ---- ---- ---- ၁၂၂

၄ မိဘတို့၏ပုံသက်သေနှင့်လမ်းပြပို့ဆောင်မှု ---- ---- ---- ၁၂၅

၅ ကိုယ်ကိုငြင်းပယ်ခြင်းနှင့်ကိုယ်ကိုအုပ်ထိန်းထားခြင်းကို သင်ကြားပို့ချပေးခြင်း ---- ၁၂၅

၆ လူငယ်များနှင့် အနာဂတ်အရေး ---- ---- ---- ၁၂၉

အပိုင်း ၁၀ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ

၁ ချုပ်တည်းခြိုးခြံမှုတွင် ပညာပေးခြင်း ---- ---- ---- ၁၃၅

၂ ကတိသစ္စာပြုကတ်ပြားတွင်လက်မှတ်ရေးထိုးခြင်း ---- ---- ၁၃၇

၃ စုံစမ်းခြင်းကိုဖယ်ရှားခြင်း ---- ---- ---- ---- ၁၄၂

၄ ပျော်စရာရွှင်စရာနှင့်အန္တရာယ်ကင်းသောအစားထိုး ပျော်စရာရွှင်စရာများ ---- ၁၄၆

၅ ကိုယ်ကျင့်တရားကိုသိခြင်း ---- ---- ---- ၁၄၉

အပိုင်း ၁၁ အခြားသောချုပ်တည်းခြိုးခြံမှုဆိုင်ရာအဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့၏ဆောင်ရွက်မှု

၁ လက်တွဲဆောင်ရွက်ခြင်း ---- ---- ---- ---- ၁၅၂

၂ ဒဗျူ စီ၊ တီ၊ ယူ အဖွဲ့ချုပ်နှင့်လက်တွဲဆောင်ရွက်ခြင်း ---- ---- ၁၅၅

အပိုင်း ၁၂ ခေတ်ကာလ၏စိန်ခေါ်ချက်

၁ ပစ္စုပ္ပန်အခြေအနေ ---- ---- ---- ---- ၁၅၉

၂ တိုက်ပွဲတွင်ပါဝင်ဆင်နွှဲရန်ဖိတ်ခေါ်ခြင်း ---- ---- ---- ၁၆၃

၃ အသံဖြင့်ကျွန်ုပ်တို့ ဓမ္မဒေသနာဟောပြောခြင်း၏ တစ်စိတ်တစ်ဒေသ ---- ---- ၁၆၆

၄ ချုပ်တည်းခြိုးခြံမှုဆိုင်ရာပညာပေးမှုသည် ကျွန်ုပ်တို့၏ဆေးဝါးဆိုင်ရာလုပ်ငန်း၏ရည်စူးချက်တစ်ရပ် ၁၇၂

၅ ကလောင်၏ဩဇာသက်ရောက်မှု ---- ---- ---- ၁၇၄

၆ ဆန္ဒမဲ၏အာနိသင် ---- ---- ---- ၁၇၇

၇ စပါးရိတ်သိမ်းရန်ခေါ်ဖိတ်ခြင်း ---- ---- ---- ၁၈၀

နောက်ဆက်တွဲများ

(က) အယ်လင်ဂျီ၊ ဝှိုက်သည် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ လုပ်သားတစ်ဦးဖြစ်ခြင်း ---- ၁၈၂

(ခ) အယ်လင်ဂျီ၊ ဝှိုက်ဟောပြောခဲ့သော ချုပ်တည်းခြိုးခြံမှုဆိုင်ရာမိန့်ခွန်းများ ---- ၁၈၇

၁ နော်ဝေးပြည်၊ ခရစ္စတီယင်နားမြို့၌ - ၁၈၈၆ ---- ---- ---- ၁၈၇

၂ ချုပ်တည်းခြိုးခြံမှုဆိုင်ရာဟောပြောချက် - ၁၈၉၁ ---- ---- ---- ၁၉၁

၃ ဩစကြေးလျပြည်၊ ဆစ်ဒနီမြို့၌ - ၁၈၉၃ ---- ---- ---- ၁၉၈

# ချုပ်တည်းခြင်းခြိုးခြံမှုကင်းမဲ့ခြင်း၏သဘော တရားရေးရာ

## ၁ လူ၏မူလစုံလင်သောအခြေအနေ

လူကိုစုံလင်၍ လှပသောအခြေအနေ၌ ဖန်ဆင်းထားတော်မူသည်။ လူသည် သူ့ဖန်ဆင်းရှင်၏လက်တော်မှ ထွက်ပေါ်လာသောအခါ ကိုယ်နေဟန်ထားအားဖြင့် စုံလင်၍ အဆင်းသဏ္ဌာန်အားဖြင့်လည်း လှပသည်။ CTBH, p. 7.

လူကိုဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခြင်းနှင့်ဘုရားသခင်၏မူရင်းစွဲအနေဖြင့် ထားရှိရန်ကြံရွယ်တော်မူခြင်းသည် ကိုယ်တော်၏အပြောင်မြောက်ဆုံးသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပေသည်။R & H, June 18, 1895.

အာဒံသည်မြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်၍ ထက်မြက်သောစိတ်ရှိလျက် သူ့စိတ်အလိုမှာလည်း ဘုရားသခင်၏စိတ် အလိုနှင့် တညီတည်းဖြစ်၍ နှစ်သက်မြတ်နိုးသောစိတ်ကိုလည်း ကောင်းကင်တွင် ဗဟိုပြုထားလေသည်။ သူ့ကိုယ်ခန္ဓာ သည် အဘယ်ရောဂါမျိုးမျှ စွဲကပ်နိုင်သော ကိုယ်ခန္ဓာမျိုးမဟုတ်ပဲ သူ့စိတ်ဝိညာဉ်မှာလည်း ဘုရားကိုယ်တော်ရှင်၏ထိန်း ချုပ်ထားမှုအောက်တွင် ရပ်တည်လျက်ရှိသည်။ YI, March 5, 1903.

အာဒံသည် ဘုရားသခင်၏မျက်မှောက်တော်တွင် စုံလင်သောလူကြီးဘဝ၏ခွန်အားမျိုးဖြင့် ရပ်တည်နေလေ သည်။ သူ့ကိုယ်ခန္ဓာ၌ရှိကြသောအင်္ဂါအစိတ်အပိုင်းများနှင့်စွမ်းရည်တို့သည် ညီတူညီမျှတိုးတက်ထွားကြိုင်းလာ၍ တညီတည်းအလေးညီလျက်ရှိကြသည်။ R; TC, p.30.

ကိုယ်ခန္ဓာ၏ ကျန်းမာစွာ လှုပ်ရှားနေမှုကို ထိန်းသိမ်းထားရန် ဘုရားသခင်က ကတိထားတော်မူသည်။

ကျွန်ုပ်တို့ကိုယ်ခန္ဓာများ၏သက်ရှိယန္တရားကို လူကိုဖန်ဆင်းတော်မူသောအရှင်က စီစဉ်ထားပေသည်။ ယင်း ယန္တရား၏လုပ်ငန်းရှိသမျှသည် ထူးဆန်းသောလက္ခဏာ၊ ပညာသားပါသော လက္ခဏာနှင့်ပြည့်စုံ၏။ အကယ်၍ လူ တည်းဟူသော ကိုယ်စားလှယ်က ကိုယ်တော်ထားရှိတော်မူသော ဥပဒေပညတ်များကို ရိုသေ၍ လိုက်နာကျင့်သုံးပြီး ကိုယ်တော်နှင့်လက်တွဲဆောင်ရွက်မည်ဆိုပါက ယင်းလူသတ္တဝါတို့မှ ကိုယ်ခန္ဓာယန္တရား၏ ကျန်းမာစွာ လုပ်ကိုင်လှုပ်ရှား နေမှုကို ထိန်းသိမ်းထားရန် ဘုရားသခင်က ကတိထားတော်မူသည်။CD, p. 17.

သဘာဝဓမ္မကြီး၏ဥပဒေပညတ်များကို နာခံရမည့်တာဝန်။ ကျန်းကျန်းမာမာနေထိုင်ရန်ကြီးပွားမှုလိုအပ် ပေသည်။ ကြီးပွားမှုအတွက် ကိုယ်ခန္ဓာမှ အင်္ဂါအပေါင်းတို့ကို ကျန်းမာပကတိ ချမ်းသာသောအခြေအနေ၌ ရပ်တည် နေနိုင်စေဖို့ ယင်းတို့၏လှုပ်ရှားမှုကိုလည်း အနှောင့်အယှက်မဖြစ်စေဖို့ သဘာဝဓမ္မဆိုင်ရာ ဥပဒေပညတ်များကို လိုက် နာကျင့်သုံးရပေမည်။ M, 47, 1896.

လူ၏အာရုံများကို ဘုရားသခင်ခန့်ထားတော်မူသည်။ သဘာဝအားဖြင့် ကျွန်ုပ်တို့၏အာရုံများကို ဘုရားသခင် ခန့်အပ် ပေးထားတော်မူသည်။ ယင်းအာရုံများကိုလူတို့အားခန့်အပ်ပေးထားစဉ်က ယင်းတို့သည် သန့်ရှင်းစင်ကြယ် ၏။ ခံတွင်းအရသာများကို ကျိုးကြောင်းဆင်ခြင်တတ်သောသဘောတရားက အုပ်ထိန်းထားစေရန်လည်းကောင်း၊ ယင်း အရသာများသည်ကျွန်ုပ်တို့၏ပျော်ရွှင်မှုကိုအထောက်အပံ့ဖြစ်စေရန်လည်းကောင်းဘုရားသခင်ရည်စူးထားတော်မူသည်။ ယင်းအာရုံများကို သန့်ရှင်းသောကျိုးကြောင်းဆင်ခြင်တုံတရားအားဖြင့် နည်းစနစ်ကျအောင်ပြုလုပ်၍ အုပ်ထိန်းထားလျှင် ယင်းတို့သည် ဘုရားသခင်အတွက် သန့်ရှင်းသော ခွက်ဖလားများဖြစ်ကြပေမည်။ M, 47, 1896.

# ၂ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းအစပြုပေါ်လာခြင်း

မနုဿလူသတ္တဝါတို့ကို အဆိုးရွားဆုံးအန္တရာယ်ပြုနိုင်ဖို့နည်းလမ်းများ ရှာဖွေရန် စာတန်သည် အပြစ်ပြု လုပ်ကြသော ကောင်းကင်တမန်များကို တပ်တောင်တာ ဗိုလ်တုလူစုလိုက်လေသည်။ စီမံကိန်းတစ်ခုပြီးတစ်ခုတင် ပြကြသည်။ နောက်ဆုံးတွင်စာတန်ကိုယ်တိုင်က စီမံကိန်းတစ်ခုကိုစဉ်းစားမိလေသည်။ သူ့စီမံကိန်းအရ လူတို့၏ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလများကို ဖျက်ဆီးပစ်မည့် အဆိပ်အတောက်ကို အစားအစာအနေဖြင့် စားသောက်ရန် ဘုရားသခင်ပေးတော်မူသော စပျစ်သီး၊ ဂျုံနှင့်အခြားစားစရာများမှ ထုတ်လုပ်မည်ဖြစ်သည်။ ၎င်းနည်းအားဖြင့် အာရုံငါးပါးသည် အားအင်ချည့်နဲ့လာပြီး ယင်းတို့ကို စာတန်ကပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားနိုင်မည်ဖြစ်သည်။ သေရည်သေရက်၏အရှိန်ကြောင့် လူတို့သည် ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်ကြမည်ဖြစ်သည်။ မှောက်မှားသောရသာရုံကို လိုက်စားမိသောကြောင့်ကမ္ဘာကြီး တစ်ခုလုံးသည်ညစ်ညမ်း လာမည်ဖြစ်သည်။ လူတို့အားသေရည်သေရက်ကိုသောက်စားစေခြင်းအားဖြင့် စာတန်သည် သူတို့ကိုချိန်ခွင်တွင်နိမ့်ကျ သောဘက်က တစ်ဘက်စောင်းနင်းဖြစ်နေအောင် ယုတ်နိမ့်သောအခြေတွင် ထားရှိနိုင်မည်ဖြစ်သည်။

ကမ္ဘာကြီးတစ်ခုလုံးအား ဘုရားသခင်ကို ကျောခိုင်းစေရာတွင် စာတန်သည် အောင်ပွဲဆင်ခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏မေတ္တာတော်နှင့်ကရုဏာတော်အားဖြင့် ပေးထားတော်မူသော ကောင်းချီးမင်္ဂလာများကို သေဆုံးခြင်းလမ်း သို့ ပို့ဆောင်တတ်သော အမင်္ဂလာတစ်ရပ်ဖြစ်အောင် စာတန်သည် ပြုပြင်လိုက်လေပြီ။ လူတို့သည် သေရည်သေရက် နှင့်ဆေးလိပ်ဆေးကို မက်မောအောင်ပြုလုပ်လိုက်လေပြီ။ သဘာဝမဆွတွင်အခြေမပြုသော ဤရသာရုံခံစားမှုသည် သန်း ပေါင်းများစွာသောသူတို့ကို ဖျက်ဆီးခဲ့လေပြီ။ **R & H, April, 16. 1901.**

ရန်သူပရိယာယ်၏လျှို့ဝှက်ချက်။ ချုပ်တည်းခြိုးခြံမှုကင်းခြင်းသည် ဘယ်ကဲ့သို့သောအသွင်ကို ဆောင်သည် ဖြစ်စေ၊ ကိုယ်ခန္ဓာမှအင်္ဂါအစိတ်အပိုင်းတို့ကို ထုံထိုင်းစေခြင်းအားဖြင့် ဦးနှောက်ကြောများ၏ ထက်မြက်မှုကို အင်အား နည်းစေသောကြောင့် ထာဝရကာလနှင့်ဆိုင်သောအရာများကို နှစ်ခြိုက်မက်မောခြင်းမရှိပဲ သာမန်အရာများနှင့်ရင်ပေါင် တန်းသော အဆင့်အတန်း၌သာ ရပ်တည်နေတတ်ကြသည်။ မြင့်မြတ်သောရည်စူးချက်များအတွက် ရည်ရွယ်ထားသော ဉာဏဗလ၏မြင့်မားသောစွမ်းရည်များကိုယုတ်နိမ့်သောမက်မောမှုများ၏ကျွန်ဘဝသို့ သက်ဆင်းစေသည်။ ကျွန်ုပ်တို့၏ ကာယဗလဆိုင်ရာ အကျင့်ဓလေ့များသည် မှန်ကန်မှုမရှိလျှင် ကျွန်ုပ်တို့၏ ဉာဏဗလနှင့် စာရိတ္တဗလတို့သည်လည်း ကြံ့ခိုင်မှုမရှိနိုင်။ အဘယ်ကြောင့်ဆိုသော် ကာယဗလနှင့်စာရိတ္တဗလတို့သည် တစ်ဦးအပေါ်တစ်ဦးကြီးမားသော ကိုယ် ချင်းစာကြင်နာတတ်သော သဘောထားရှိကြသည်။ **3T, pp. 50, 51.**

လူ့ကိုယ်ခန္ဓာတစ်ခုလုံးနှင့်ဆက်သွယ်နေသောဦးနှောက်သွေးကြောများဖြင့်သာ ဘုရားသခင်သည် လူတို့နှင့် အဆက်အသွယ်ပြုတော်မူ၍ သူတို့၏ အတွင်းဆုံးကျသောဘဝအသက်တာကို ပြုပြင်ပေးနိုင်တော်မူသည်။ အာရုံကြော များတွင် လျှပ်စစ်ဓါတ်အားများ လှည့်ပတ်သွားလာမှုကို နှောင့်ယှက်သောအရာဟူသမျှသည် အသက်ရှင်ရေးနှင့်ဆိုင် သော စွမ်းရည်များကို အင်အားယုတ်လျော့နည်းပါးစေသောကြောင့် ၎င်းမှတစ်ဆင့် ဉာဏဗလ၏သိမြင်နိုင်သော သတ္တိ ကို ထုံထိုင်းပပျောက်စေလေသည်။ **2T, p. 347.**

လူတို့အား သူ၏ပိုင်ပိုင်နိုင်နိုင် စိုးမိုးမှုအောက်သို့ သွတ်သွင်းထားရန် စာတန်သည် အမြဲတမ်း နိုးနိုးကြားကြား ရှိနေသည်။ ရသာရုံကို လိုက်စားစေခြင်းအားဖြင့် လူတို့ကို အခိုင်မာဆုံး ကိုင်ဖမ်းထားနိုင်သောကြောင့် စာတန်သည် ယင်းရသာရုံကို အတတ်နိုင်ဆုံး လှုံ့ဆော်ပေးဖို့ ကြိုးပမ်းလျက်ရှိသည်။ **CD, p. 150.**

ကယ်တင်ခြင်းစီမံကိန်းကိုဖျက်ဆီးပစ်ရန်စာတန်၏အကြံအစည်။ သူ ပထမတော်လှန်ပုန်ကန်ခဲ့ချိန်ကတည်းက စာတန်သည် ဘုရားသခင်၏ အုပ်စိုးတော်မူခြင်းကို တိုက်ပွဲဆင်လျက်ရှိခဲ့သည်။ ဧဒင်ဥယျာဉ်တွင် အာဒံ နှင့်ဧဝတို့ကို စုံစမ်းရာတွင်လည်းကောင်း၊ ကမ္ဘာမြေကြီးသို့ အပြစ်ဒုစရိုက်ကို သွတ်သွင်းလာရာတွင်လည်းကောင်း အောင်ပွဲဆင်နိုင်ခဲ့မှုကြောင့်စာတန်တည်းဟူသောရန်သူကြီးသည်အတင့်ရဲလာခဲ့သည်။ ခရစ်တော်သည် လူဇာတိကိုယူဆောင်၍ ပေါ်ထွန်းတော်မူသောအခါ ကိုယ်တော်ရှင်သည် သူ့ထက်အားနည်းမည် ဖြစ်သောကြောင့် ကိုယ်တော်ရှင်ကို သူ့တန်ခိုးအားဖြင့် အနိုင်ယူမည်ဖြစ်ကြောင်း ကောင်းကင်တမန်များရှေ့တွင် ဝါကြွားစွာ ပြောဆိုလိုက်လေသည်။

အာဒံနှင့်ဧဝတို့ကို သူတို့၏ခံတွင်းအလိုသို့လိုက်ရန် သွေးဆောင်စဉ်က သူ့ ပရိယာယ်များကို သူတို့ခုခံခြင်း မပြုခဲ့သည်အတွက် စာတန်သည် အလွန်ဝမ်းမြောက်ခဲ့သည်။ ကမ္ဘာဟောင်းကြီးမှ ကမ္ဘာသူကမ္ဘာသားတို့အား ယင်းနည်းအတိုင်း ခံတွင်းအလိုသို့ လိုက်လျော မက်မောစေလျက် ယုတ်ညံ့သေးသိမ်သော တပ်မက်ခြင်းများကို လိုက်စားစေခြင်းအားဖြင့် စာတန်သည် အောင်ပွဲဆင်ခဲ့လေသည်။ ဣသရေလလူမျိုးတို့ကိုလည်း ခံတွင်းအလိုသို့ လိုက်စေခြင်းအားဖြင့် ထိုလူမျိုးကိုသူ ထိုးလဲခဲ့လေသည်။

မောရှေ၊ ယောရှုတို့နှင့် အတူတကွရှိခဲ့သော ဘုရားသခင်၏သားတော်ကိုယ်တိုင်ပင် သူ့ အရွေးချယ်ခံလူမျိုးတို့ကို ခါနာန်ပြည်သို့ ပို့ဆောင်ပေးရာမှာ သူ၏ယုဉ်ပြိုင်သောတန်ခိုးကို မတွန်းလှန်နိုင်ဟု စာတန်က ဝါကြွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဲဂုတ္တုပြည်မှထွက်လာခဲ့သော သူအားလုံးလိုလိုပင် တောထဲတွင် သေဆုံးခဲ့ကြသည်။ ၎င်းအပြင် ဘုရားသခင်ကရယူရမည့် ဂုဏ်ကို စိတ်နူးညံ့သိမ်မွေ့သောမောရှေက သူ့ကိုယ်တိုင်အတွက် အလွဲသုံးစား ပြုလုပ်စေရန် သူကသွေးဆောင်ခဲ့သေးကြောင်းဖြင့် စာတန်က ဝါကြွားလိုက်သေးသည်။ ဘုရားသခင်၏ ရှေ့တော်ဝယ် အလွန်မျက်နှာရသော ဒါဝိဒ်မင်းကြီးနှင့်ရှောလမုန်မင်းကြီးတို့ကို ခံတွင်းအလိုနှင့်သွေးသားတပ်မက်ခြင်းအလိုကို လိုက်စားအောင် သူ သွေးဆောင်ခဲ့မှုကြောင့် ယင်းပုဂ္ဂိုလ်ကြီးနှစ်ဦးတို့သည် ဘုရားသခင်၏အမျက်တော်ရှခြင်းကို ခံရသည်ဟူ၍လည်း ဝါကြွားပြောဆိုလိုက်သေးသည်။ သခင်ယေရှုခရစ်အားဖြင့် လူကို ကယ်တင်ရန် ဘုရားသခင်၏ရည်စူးချက်ကို ပင်အောင်မြင်စွာ တွန်းလှန်နိုင်သေးသည်ဟု စာတန်က ထပ်မံကြွားလုံးထုတ်လိုက်ပါသေးသည်။ **R; TC, p. 32.**

ယခုအခါ စာတန်၏ အကျိုးအရှိဆုံး စုံစမ်းသွေးဆောင်ခြင်း။ ခရစ်တော်ထံတော်သို့ ချဉ်းကပ်သကဲ့သို့ စာတန်သည် ရသာရုံတည်းဟူသော ခံတွင်းအလိုသို့ လိုက်စေမည့် ဖြိုခွင်းနိုင်စွမ်းရှိသော စုံစမ်းသွေးဆောင်ခြင်းများဖြင့် လူတို့ထံသို့ ချဉ်းကပ်လျက်ရှိသည်။ ယင်းသွေးဆောင်ခြင်းမျိုးဖြင့် လူများကို အောင်မြင်နိုင်နင်းနိုင်သည့် သူ့ တန်ခိုးကို သူသိသည်။ ယင်းစုံစမ်းခြင်းဖြင့် အာဒံနှင့်ဧဝတို့ကို သူ နိုင်နင်းခဲ့ပြီး ထိုကမ္ဘာဦး ဇနီးမောင်နှံနှစ်ယောက်တို့သည် သူတို့၏ပျော်ရွှင်သာယာအိမ်ဂေဟာကို ဆုံးရှုံးခဲ့ရကြပြီ။ အာဒံသည် ပြစ်မှုကျူးလွန်မိခဲ့သည့်အတွက် ကျွန်ုပ်တို့ကမ္ဘာကြီးသည် မည်မျှလောက်များပြားသော ဒုက္ခမျိုးစုံ၊ ရာဇဝတ်မှုမျိုးစုံတို့ဖြင့် ပြည့်နှက်လျက် ရှိနေပါသနည်း။ ကမ္ဘာမြေကြီး၏မြေမျက်နှာပြင်မှ မြို့ကြီးပြကြီးများတို့သည် ယုတ်ညံ့သိမ်ဖျင်းလှသောပြစ်မှုကြီးတွေကြောင့် ပျောက်ကွယ်သွားခဲ့ကြရာ ၎င်းအဖြစ်သနစ်တို့သည် စကြဝဠာတစ်တိုင်းလုံးအတွက် အမည်းစက်ကြီးအနေဖြင့်ရပ်တည်နေ လေပြီ။ ၎င်းအပြစ်ဒုစရိုက် အားလုံးတို့သည် ခံတွင်းအလိုလိုက်မှုကြောင့် ဖြစ်ပျက်ကြပါသည်တကား။

ရသာရုံတည်းဟူသောခံတွင်းအလိုကို လိုက်စားစေခြင်းအားဖြင့်စာတန်သည်လူတို့၏စိတ်၊ လူ့အဖြစ်နှင့်ရပ်တည်မှုတို့ကို စိုးပိုင်ခဲ့ရလေသည်။ ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလတို့ ကျဆုံးမှုတို့ဖြင့် ထောင်သောင်းမကသောသူတို့သည် မရဏာအတွင်းသို့ အချိန်စော၍ သက်ဆင်းကြရလေပြီ။ ၎င်းပုဂ္ဂိုလ်တို့သည် ကောင်းမွန်သော တန်ခိုးအာနိသင်များရှိခဲ့သည်။ သို့ရာတွင် အတောမသတ်နိုင်သော လိုက်စားမှုကို တွန်းပို့ခဲ့သော ခံတွင်းအလိုလိုက်စားမှုကြောင့် သူတို့၌ရှိသမျှကို စွန့်လွှတ်၍ အနစ်နာခံရကြပေပြီ။**3T, pp. 561, 562.**

စာတန်၏အဖျက်လုပ်ငန်းအောင်မြင်ခြင်း။ မနုဿလူသတ္တဝါတို့သည် ဒုက္ခဆင်းရဲတွင်းထဲသို့ နက်ရှိုင်းသည်ထက်နက်ရှိုင်းစွာကျလျက်ရှိနေမှုကြောင့် စာတန်သည် ဝမ်းသာမဆုံး ဖြစ်လျက်ရှိသည်။ မှားယွင်းသော အကျင့်ဓလေ့ရှိသူများနှင့်ကျန်းမာမှုချို့တဲ့သူများတို့သည် ဘုရားသခင်အမှုတော်ကို အင်တိုက်အားတိုက်အားဖြင့်လည်းကောင်း၊ ဇွဲလုံ့လဖြင့်လည်းကောင်း ထမ်းဆောင်နိုင်စွမ်းမရှိသည်ကို စာတန်သိရှိသည်။ ရောဂါစွဲကပ်နေသောကိုယ်ခန္ဓာသည် ဦးနှောက်ကို ထိခိုက်နိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုစိတ်အားဖြင့်ဝတ်ပြုကိုးကွယ်ကြသည်။ ဦးခေါင်းသည် ကိုယ်ခန္ဓာ၏အရေးပါ အရာရောက်လှသောအင်္ဂါပိုင်းဖြစ်သည်။ ကာယကံရှင် ကိုယ်တိုင်နှင့် အပေါင်းအသင်းရောင်းရင်းတွေကိုပါ ဖျက်ဆီးသောအကျင့်ဓလေ့များကို လူတို့အားလိုက်စားစေခြင်းအားဖြင့် သူ့အဖျက်လုပ်ငန်းအောင်မြင်မှုအတွက် စာတန်သည် လက်ခမောင်းခတ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဤနည်းအားဖြင့် ကိုယ်တော်ရှင်အား လူတို့က ပြုအပ်သော ဝတ်ကို တားဆီးထားလိုက်သည်။ **4 SG, p. 146.**

## ၃ ခံတွင်းအလိုလိုက်မှုကြောင့် ပေါ်ပေါက်လာသော ပျက်ပြားမှု

စားသောအစာနှင့်ရပ်တည်သောဘဝအသက်တာ။ ကာယဗလနှင့်ဉာဏဗလချို့တဲ့မှုအတွက် အကြီးမားဆုံး တရားခံသည် ခံတွင်းအလိုလိုက်ခြင်းဖြစ်သည်။ ဒေသမရွေးတွေ့မြင်နေသော အားအင်ချည့်နဲ့မှုတို့၏အခြေအမြစ်သည် ယင်းခံတွင်းအလိုလိုက်ခြင်းပင်ဖြစ်သည်။ **3T, p. 487.**

ကျွန်ုပ်တို့၏ကာယဗလကြံ့ခိုင်မှုကို ကျွန်ုပ်တို့စားသောအစာအားဖြင့် ထိန်းထားရသည်။ အကယ်၍ ကျွန်ုပ်တို့၏ရသာရုံသည် သန့်စင်သော စိတ်အုပ်ထိန်းမှုမရှိလျှင် ကျွန်ုပ်တို့သည်စားရာမှာလည်းကောင်း၊ သောက်ရာမှာလည်းကောင်း၊ ခြိုးခြံမှုမရှိလျှင် ထာဝရအသက်ကို အမွေခံနိုင်ဖို့ကျမ်းစာက ဘာပြောထားသည်ကို သိရှိရမည်ဟူသော ရည်စူးချက်ဖြင့် နှုတ်ကပတ်တော်ကို လေ့လာရန် ဉာဏဗလနှင့်ကာယဗလ ကြံ့ခိုင်မှုရှိမည် မဟုတ်ပေ။ ကျန်းမာမှုနှင့်ဆန့်ကျင်သောအကျင့်ဓလေ့သည် လူကိုယ်ခန္ဓာတွင် ကျန်းမာမှုကင်းသော အခြေအနေကို ဖန်တီးပေး၍ အစာအိမ်၏နုနယ်၍ အသက်ရှင်သောယန္တရားသည် ယိုယွင်းလာပြီးလျှင် ၎င်း၏လုပ်ငန်းကို ကောင်းမွန်စွာလုပ်ကိုင်နိုင်စွမ်း မရှိတော့ပေ။ စုံစမ်းသွေးဆောင်မှုကိုခံရပြီး အပြစ်ဒုစရိုက်ကျူးလွန်မှုနှင့် စားသောက်သော အစာသည် များစွာဆက်သွယ်မှုရှိနေသည်။ **CD, p. 52.**

ဤအချက်တွင် အာဒံနှင့်ဧဝတို့ပျက်ကွက်ကြပုံ။ ခံတွင်းအလိုလိုက်ရန် စုံစမ်းသွေးဆောင်မှုကြောင့် အာဒံနှင့်ဧဝတို့သည် မြင့်မြတ်၊ သန့်ရှင်း၊ ပျော်ရွှင်ဖွယ်သောအခြေအနေမှ လျှောကျခဲ့ရကြသည်။ ယင်းစုံစမ်းသွေးဆောင်မှုမျိုးဖြင့် လူတို့သည် အားအင်ချည့်နဲ့လာခဲ့ကြသည်။ ခံတွင်းနှင့်တပ်မက်မောသောစိတ်တို့အား ရာဇပလ္လင်ကို သိမ်းပိုက်စေရန်လည်းကောင်း၊ ကျိုးကြောင်း ဆင်ခြင်တတ်သော သတ္တိနှင့် ပိုင်းခြားသိမြင်နိုင်သော စွမ်းရည်တို့ကို အုပ်စည်းရန် လည်းကောင်း သူတို့သည် ခွင့်ပြုလိုက်ကြသည်။ **3T, p. 139.**

သူတို့သားသမီးများက သူတို့ခြေရာကို နင်းကြသည်။ မစားရဟု တားမြစ်ထားသောအပင်၏အသီးကို လက်ဆန့်၍ခူးလိုက်သောအခါ ဧဝသည် အာသာဆန္ဒများအပေါ် ချုပ်တည်းမှုကို လက်လွတ်သွားခဲ့သည်။ ယင်းအပြစ်ကိုပြုချိန်ကတည်းက လူတို့၏စိတ်ထဲတွင် ကိုယ့်လိုဘဖြည့်တင်းရေးကို ဦးစားပေးခဲ့ကြသည်။ အထူးသဖြင့် ခံတွင်းအလိုကို လိုက်စားမိခဲ့ကြသောကြောင့် ကျိုးကြောင်းဆင်ခြင်တတ်သောသတ္တိအစား ယင်းခံတွင်းအလို၏စိုးမိုးမှုကို ခံခဲ့ကြရသည်။ ရသာရုံ၏ဆန္ဒပေးမှုကြောင့် ဧဝသည် ဘုရားသခင်၏အမိန့်တော်ကို လွန်ဆန်ခဲ့သည်။ သူမလိုအပ်သမျှကို ကိုယ်တော်ရှင်သည် ပေးတော်မူခဲ့သော်လည်း သူမသည် စိတ်ကျေနပ်မှု မရှိပေ။

ယင်းအချိန်ကတည်းက သူမမှဆင်းသက်လာသော သားစဉ်မြေးဆက်တို့သည် စက္ခုအာရုံနှင့်ရသာရုံတို့၏အလိုကို လိုက်နာကျင့်သုံးခဲ့ကြသည်။ ဧဝကဲ့သို့ဘုရားသခင် တားမြစ်ထားသမျှကို ဂရုမပြုပဲ နားမထောင်သောလမ်းစဉ်ကို ကျင့်သုံး၍ ဧဝကဲ့သို့ပင် ယင်းလမ်းစဉ်ကို ကျင့်သုံးမှုမှ ပေါ်ပေါက်လာသော အကျိုးသက်ရောက်မှုသည် စိုးရိမ်သလောက် ကြောက်မက်ဖွယ်မဖြစ်ဟု သူတို့ကိုယ်ကို မြှောက်ပင့် ပြောဆိုကြသည်။ **HTL, p. 51.**

ဒုစရိုက်ကိုတပ်မက်ဖွယ်ကောင်းအောင်ဖန်တီးထားခြင်း။ စာတန်သည် ဒုစရိုက်ကို အလင်းရောင်နှင့်ဖုံးအုပ်ထားခြင်းအားဖြင့် မြင်မြင်သမျှသော သူတို့တပ်မက်အောင် ပြုလုပ်ထား၍ သာသနာပလူများကဲ့သို့ ခရစ်ယာန်လောကကြီးတစ်ခုလုံးအား သူတို့၏နေ့စဉ်ဘဝလမ်းကြောင်းတွင် ထုံးတမ်းစဉ်လာ၏စိုးမိုးမှုအောက်တွင် ချုပ်ကိုင်ထား၍ သူတို့အားခံတွင်းအလိုကို လိုက်နာကျင့်သုံးနေစေနိုင်လျှင် စာတန်သည် အလွန်နှစ်သက်သဘောကျသည်။**ST, August, 13, 1874.**

စာတန်သည် စိတ်အလိုကို ချုပ်ကိုင်ထားခြင်း။ လူ၏စိတ်အလိုချုပ်ကိုင်မထားနိုင်လျှင် လူကိုအောင်မြင်နိုင်နင်းနိုင်မည်မဟုတ်သည်ကိုစာတန်သိသည်။ ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးခြင်းဖြစ်သောစားရေးသောက်ရေးဆိုင်ရာ ဥပဒေပညတ်များကို ကျူးလွန်ရာတွင် လူတို့သည် သူနှင့်လက်တွဲဆောင်ရွက်စေရန် သူတို့အားလှည့်ဖြားခြင်းအားဖြင့် သူတို့စိတ်အလိုကို ချုပ်ကိုင်ထားနိုင်သည်။ **M, 3, 1897.**

လုပ်ဆောင်ချက်ရှိသမျှအင်အားနည်းခြင်း။ အသက်တာနှင့်ကျန်းမာမှုဆိုင်ရာ ဥပဒေပညတ်များကို ချိုးဖေါက်သောမှားယွင်းသောစားမှုသောက်မှု အကျင့်ဓလေ့များကြောင့် မသန်စွမ်းမှုဝန်ထုပ်ကြီးကို ထမ်းနေရသည်အတွက် ညည်းညူနေကြသော သူအမြောက်အမြားရှိကြသည်။ မှောက်မှားသော ခံတွင်းအလိုလိုက်စားမှုများအားဖြင့် သူတို့၏ အစာကြေညက်သောအင်္ဂါအစိတ်အပိုင်းများကိုအင်အားနည်းစေကြသည်။ မှားယွင်းသောစားသောက်မှုဆိုင်ရာ အကျင့်ဓလေ့များကို တွန်းလှန်ရာတွင် လူ့ခန္ဓာ၏အင်အားသည် အံ့ဩဖွယ်ကောင်းလှသည်။ သို့ဖြစ်လင့်ကစားတစ်ဘက်စွန်းရောက်သောစားသောက်မှုအကျင့်ဓလေ့များကိုအဆက်မပြတ်ကျင့်သုံးလျှင် ကိုယ်ခန္ဓာ၏လုပ်ဆောင်ချက်ရှိသမျှကို အင်အားနည်းစေလိမ့်မည်။ မှောက်မှားသောခံတွင်းအလိုလိုက်စားမှုများအားဖြင့် သူတို့၏အစာကြေညက်သောအင်္ဂါအစိတ်အပိုင်းများကို အင်အားနည်းစေကြသည်။ မှားယွင်းသောစားသောက်မှုဆိုင်ရာ အကျင့်ဓလေ့များကို တွန်းလှန်ရာတွင် လူ့ခန္ဓာ၏အင်အားသည် အံ့ဩဖွယ်ကောင်းလှသည်။ သို့ဖြစ်လင့်ကစား တစ်ဘက်စွန်းရောက်သော စား သောက်မှုအကျင့်ဓလေ့များကို အဆက်မပြတ်ကျင့်သုံးလျှင် ကိုယ်ခန္ဓာ၏လုပ်ဆောင်ချက်ရှိသမျှကို အင်အားနည်းစေလိမ့် မည်။ မှောက်မှားသောခံတွင်းအလိုလိုက်ခြင်းနှင့် တပ်မက်ခြင်းများသည် ခရစ်ယာန်များပင်လျှင် သဘာဝဓမ္မ၏လုပ် ဆောင်ချက်တို့ကို ချည့်နဲ့စေ၍ ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလတို့ကို ယုတ်လျော့စေသည်။ **SL, p. 20.**

စာရိတ္တတွင်ချွတ်ယွင်းမှုကင်းအောင်ပြုလုပ်ဖို့ပျက်ကွက်ခြင်း။ ခံတွင်းအလိုလိုက်မှုသည် ထောင်သောင်းမက သောသူတို့အား ပျက်စီးရာလမ်းကြောင်းထဲသို့ တွန်းပို့သည်။ အကယ်၍သူတို့သည် ဤကိစ္စတွင် အောင်မြင်မှုမရှိခဲ့ လျှင် စာတန်၏အခြားသောစုံစမ်းခြင်းများကို အောင်မြင်နိုင်မည့် စာရိတ္တကြံ့ခိုင်မှုရှိကြမည်။ သို့ရာတွင် ခံတွင်း၏ကျေး ကျွန်များသည် ခရစ်ယာန်စာရိတ္တမျိုးကိုဆောက်တည်ရာတွင် အရှုံးနှင့်သာရင်ဆိုင်ကြရမည်။ နှစ်ပေါင်းခြောက်ထောင်မျှ ဆက်တိုက်စည်းကမ်းများဖေါက်ဖျက်လာခြင်းက ဖျားနာခြင်း၊ နာကျင်ခြင်းနှင့်သေခြင်းတည်းဟူသော ဆိုးကျိုးများကို သက်ရောက်စေသည်။ **HR, August, 1875.**

ပြုပြင်ပြောင်းလဲခြင်းထက်သေခြင်းကို လိုက်စားခြင်း။ အများသောသူတို့သည် ချုပ်တည်းမှုကင်းမဲ့ ခြင်းကို စွဲလမ်းမက်မောလှသောကြောင့် အဘယ်နည်းနှင့်မျှ စားသောက်ကြူးသော အလေ့အထတို့ကို စွန့်လွှတ်လိုသော စိတ်မရှိကြ။ သူတို့၏ ချုပ်တည်းမှုကင်းမဲ့သည့် အလေ့အထများကို ဟန့်တားထားသည်ထက် ကျန်းမာမှုကို အနစ်နာခံ ၍ အချိန်အရွယ်မရောက်ပဲမရဏာအတွင်း သက်ဆင်းလိုကြသည်။ **4 SG, p. 130.**

ကျဆင်းနေသောဆိုးယုတ်စက်ဝိုင်း။ လူသည်မိမိတို့ကိုယ်ခန္ဓာ၏တန်ဖိုးနိမ့်ကျအောင်လုပ်လေ၊ ၎င်းကို သန့်ရှင်းစင်ကြယ်အောင်ထားလိုသော ဆန္ဒနည်းပါးလေလေဖြစ်ပြီး မှောက်မှားသောခံတွင်းအလိုလိုက်မှုကို လိုက် စားရာတွင် ပိုမိုစည်းကမ်းမဲ့ဖြစ်လေလေ ဖြစ်ကြမည်။ **M, 150, 1898.**

ဖမ်းချုပ်ထားခြင်းခံရသောကမ္ဘာကြီး။ သေရည်သေရက်နှင့်ဆေးလိပ်ဆေး၊ လက်ဖက်ရည်နှင့်ကော်ဖီတို့ ကို အသုံးပြုစေခြင်းအားဖြင့် စာတန်သည် ကမ္ဘာကြီးကိုဖမ်းချုပ်ထားလျက်ရှိသည်။ သန့်ရှင်းကြည်လင်စွာထိန်းသိမ်း ထားရှိရမည့် ဘုရားသခင်ပေးသနားတော်မူသောစိတ်သည် ထုံထိုင်းစေတတ်သော အရာဝတ္ထုများကို သုံးစွဲခြင်းကြောင့် မှောက်မှားလာတော့သည်။ ဦးနှောက်သည် မှန်ကန်စွာဝေဖန်တတ်မှုစွမ်းရည် ယုတ်လျော့သွားသည်။ရန်သူသည် အုပ် ထိန်းထားလေပြီ။လူသည်သူ၏ကျိုးကြောင်းဆင်ခြင်တတ်သောသတ္တိကိုသူ့အားရူးသွပ်စေနိုင်သောအရာအတွက်ရောင်းချ လိုက်လေပြီ။ အမှန်ကို ရှိရင်းအတိုင်း တွေ့မြင်နိုင်သော သတ္တိကား ဗလာနတ္ထိ မရှိဖြစ်ရလေပြီတကား။ **Ev, p. 529.**

သဘာဝဥပဒေပညတ်ကိုဖေါက်ဖျက်ခြင်း၏ဆိုးကျိုးများ။

လူတို့သည်ကာယဗလအားဖြင့်လည်းကောင်း၊ ဉာဏဗလအားဖြင့်လည်းကောင်း၊ စာရိတ္တဗလအားဖြင့် လည်းကောင်း ကျဆုံးနေသည်ကို အများသောသူတို့က အံ့ဩ နေကြသည်။ ဤကဲ့သို့သော ဝမ်းနည်းဖွယ်ကောင်းသောကျဆင်းမှုသည် ဘုရားသခင်ထားရှိတော်မူသော ထုံးနည်းဥပ ဒေများ၊ ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို ချိုးဖေါက်ရာမှဆိုးကျိုးများသက်ရောက်လာသည်ကို သူတို့ မသိကြ။ ဘုရားသခင်ထားရှိတော်မူသော ပညတ်တော်များကို ချိုးဖေါက်မှုသည် လူတို့အားကြီးပွါးထွန်းကားစေသော ကိုယ်တော် ၏လက်တော်ကို ရုပ်သိမ်းစေသည်။ စားရေးသောက်ရေး၌ ချုပ်တည်းမှု ကင်းမဲ့ခြင်းနှင့် ယုတ်ညံ့သောတပ်မက်ခြင်းများကို လိုက်စားခြင်းသည် ထက် မြက်သောအာရုံခံစားနိုင်မှုစွမ်းရည်များကို ထုံထိုင်းစေသည်။

စားသောက်ကြူးခြင်းဒုစရိုက်၏ကျေးကျွန်အဖြစ်ခံစားသူတို့သည် အများအားဖြင့် ရှေ့သို့သာတိုးတက်ပြီး သူတို့၏တပ်မက်ခြင်းအလိုသို့လိုက်ကာ ဇွတ်မိုတ်ပြုလုပ်တတ်ကြသည်။ သူတို့၏ကျန်းမာခြင်းနှင့်ပဋိသန္ဓေဉာဏ်များ အလွန်အမင်းထိခိုက်သည်တိုင်အောင် သူတို့၏ယုတ်ညံ့သော တပ်မက်ခြင်းတံခါးမရှိမိုးမရှိ လိုက်စားကြတော့သည်။ သူတို့၏ကျိုးကြောင်းဆင်ခြင်တတ်သောသတ္တိကို အများအားဖြင့် သူတို့၏ဆိုးယုတ်သောအကျင့်ဓလေ့များက ဖျက်ဆီးပစ်လိုက်သည်။ **4 SG, pp. 124-131.**

ဘုရားတရားကို ရိုသေကိုင်းရှိုင်းသောသူဟူသမျှ ကိုယ်ခန္ဓာကျန်းမာမှုကို လျစ်လျူရှုကြမည်မဟုတ်ပဲ ချုပ်တည်းမှုကင်းမဲ့ခြင်းသည်လည်းအပြစ်ကျူးလွန်ခြင်းမဟုတ်သောကြောင့်သူတို့၏ဝိညာဏဗလကြံ့ခိုင်မှုကို ထိခိုက်စရာအကြောင်းမရှိဟုဆိုကာ မိမိတို့ကိုယ်ကို မြှောက်ထိုးပင့်ကော်လုပ်ကြမည်မဟုတ်ပေ။ ကာယဗလကြီးထွားမှုသဘာဝနှင့် စာရိတ္တဗလကြီးထွားမှု သဘာဝတို့သည် တစ်ခုနှင့်တစ်ခု ရင်းနှီးစွာကိုယ်ချင်းစာနာမှု ရှိကြသည်။ ကိုယ်ကျင့်တရားအဆင့်အတန်း၏အနိမ့်အမြင့်ကို ကိုယ်ခန္ဓာဆိုင်ရာ အကျင့်ဓလေ့များက ပြုပြင်ပေးသည်။ လူ၏ကိုယ်ခန္ဓာမှ အင်္ဂါအစိတ်အပိုင်းများကျန်းမာစွာ လှုပ်ရှားမှုကို မြင့်တင်မပေးသော အကျင့်ဓလေ့ ရှိသမျှသည် ပိုမိုမြင့်မား၊ပိုမိုမြင့်မြတ် သောစွမ်းရည်များကိုညံ့ဖျင်းစေသည်။မှားယွင်းသောစားသောက်မှုဆိုင်ရာအကျင့်ဓလေ့များသည်မှားယွင်းသောအကြံအစည်နှင့်ဆောင်ရွက်မှုများ ဆီသို့ဦးတည်သည်။ ခံတွင်းအလိုလိုက်စားမှုသည် အဟိတ်တိရစ္ဆာန်များ၏ သဘာဝမျိုးကိုအားပေး၍ ယင်းသဘာဝကဉာဏဗလနှင့်ဝိညာဏဗလများကို စိုးမိုးစေလေသည်။ **R & H, Jan. 25, 1881.**

ဘဝမှတ်တမ်းသည် အပျော်အပါး ကြူးခြင်းဖြင့် နိဂုံးချုပ်ခဲ့သည်။ အများသောသူတို့သည် သူတို့၏ အဖိုးတန်လှသော နောက်ဆုံးစုံစမ်းရာကာလကို လေးလေးနက်နက် စိတ်ကူးအကြံအစည်များ ဝင်ရောက်ခွင့်မပြု ယေရှု၏စိတ်သဘောမျိုးကိုလည်း အလိုမရှိသော ပျော်ရွှင်စွာစားသောက်ခြင်းနှင့်ဧည့်ခံပွဲများကျင်းပခြင်းဖြင့် နိဂုံးချုပ်သွားကြသည်။ သူတို့၏စိတ်များသည် ဆေးလိပ်နှင့်သေရည်သေရက်များကို သုံးစွဲခြင်းအားဖြင့် ထုံထိုင်းနေစဉ် သူတို့၏အဖိုးတန်သော နောက်ဆုံးအချိန်သည် ကျော်လွန်သွားခဲ့သည်။ စက်ဆုပ်ဖွယ်ရာကောင်းသောဘဝမှနေ၍ မရဏာတွင်းသို့ တိုက်ရိုက်သက်ဆင်းကြသော သူများ၏ဦးရေမှာ မနည်းလှပေ။ သူတို့ဘဝမှတ်တမ်းကို အပျော်အပါးကြူးခြင်းနှင့် ဆိုးသွမ်းမှုများဖြင့် နိဂုံးချုပ်ခဲ့လေသည်။ မတရားသောသူတို့၏ ထမြောက်ရှင်ပြန်သောအချိန်သည် ဘယ်ကဲ့သို့သော ထမြောက်ရှင်ပြန်ခြင်းမျိုးဖြစ်လိမ့်မည်နည်း။

ယုတ်ညံ့သောပျော်ရွှင်မှုတိုင်းနှင့် ညစ်ညူးသော အပျော်အပါးကြူးခြင်းတိုင်းကို ဘုရားသခင်သည် တွေ့မြင်တော်မူသည်။ အပျော်အပါးမက်မောသောသူတို့၏ အပြောအဆိုနှင့်အလုပ်အကိုင်တို့သည် ဤဆိုးသွမ်းယုတ်မာမှုများကျင့်သုံးသောခန်းမများမှ နောက်ဆုံးမှတ်တမ်းများမှတ်သားထားသောစာစောင်များထဲသို့ တိုက်ရိုက်ရောက်ရှိသွားကြသည်။ ယင်းကဲ့သို့ဘဝအသက်တာမျိုးသည်၊ ယင်းကဲ့သို့သော လူများကဲ့သို့မရပ်တည်၊ လူမိုက်ကဲ့သို့သေခြင်းမျိုးကို ရှောင်ကြဉ်ရန်သတိပေးသင့်သော သူတို့အား သတိပေးသည့် အထိမ်းအမှတ်မီးအနေဖြင့် ရပ်တည်ခြင်းမှအပ ကမ္ဘာကြီးအတွက် မည်သည့် တန်ဖိုးရှိသနည်း။ **ST, Jan. 6. 1876.**

ခရစ်ယာန်သည်သူ့ခံတွင်းကိုချုပ်တည်းထားသည်။ အာရုံငါးဖြာကို ထုံထိုင်းစေသောအစားအသောက်သို့မဟုတ် မိမိကိုယ်ကို ယုတ်ညံ့စေလောက်အောင် သူ့အကြောအခြင်စုတို့ကို ထိခိုက်သော အစားအသောက် သို့မဟုတ် သူ့အား သုံးမရသော အခြေအနေသို့ ပို့ပေးသော အစားအသောက်မျိုးကို မည်သည့်ခရစ်ယာန်မျှ စားသောက်လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သော ကိုယ်ခန္ဓာကို မညစ်ညူးစေရ။ ဉာဏဗလနှင့် ကာယဗလတို့၏စွမ်းရည်တို့ကို ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရာမှာ အသုံးပြုနိုင်ရန် ၎င်းတို့သည် ကျန်းမာသော အခြေအနေတွင် ရပ်တည်နေစေရမည်။ **M, 126, 1903.**

မပြတ်သောသတိဝီရိယဖြင့်။ လူတို့သည်ခံတွင်း၏အလိုကို လိုက်စားခြင်းအားဖြင့် သူတို့၏သဘာဝဓမ္မအတိုင်း ဖြစ်သောရသာရုံသည် ပျက်ပြားလျက်ရှိသည်။ မသန့်ရှင်းသော အလိုပြည့်စေမှုတို့ကြောင့် သူတို့သည် ဝိညာဉ်နှင့်စစ်ပြိုင်တတ်သော ကိုယ်ကာယတပ်မက်ခြင်း၏ကျေးကျွန်များဖြစ်လာသည်။ ခရစ်ယာန်အနေဖြင့်ဆုတောင်း၍ စောင့်နေခြင်းမရှိလျှင် သူ အောင်မြင်နိုင်နင်းသင့်သော အကျင့်ဓလေ့များ၏စိုးမိုးမှုခံနေရပေလိမ့်မည်။ အမြဲတမ်းနိုးနိုးကြားကြားရှိခြင်းနှင့်မပြတ်သောသတိဝီရိယတို့ဖြင့်ခုခံမှုမရှိလျှင် မတော်မလျော်သောသုံးစွဲမှုနှင့်မှားယွင်းသောလိုက် စားမှုများအားဖြင့် သူ၏စိတ်ယိမ်းယိုင်မှုတို့သည် သူ့အား ဘုရားသခင်ထံတော်မှထွက်ခွါဖေါက်ပြန်သောအခြေအနေသို့ ပို့ဆောင်ပေးလိမ့်မည်။ **M, 47, 1896.**

ခံတွင်းအလိုလိုက်ခြင်းသည်ခရစ်ယာန်တို့၏စုံလင်သောဘဝ၏ ရန်သူဖြစ်ခြင်း။ ခံတွင်းအလိုလိုက်သောသူတို့သည် ခရစ်ယာန်တို့၏စုံလင်သောဘဝ၏အခြေအနေသို့ ရောက်ရှိရန် ခဲယဉ်းလေသည်။ **2T, p. 400.**

ကျန်းမာမှုကို ပျက်ပြားစေသော ခံတွင်းအလိုလိုက်မှုကို ပြုနေသမျှကာလပတ်လုံး၊ လောကီဝါကြွားခြင်း၏စိုးမိုးမှုကိုခံနေသမျှကာလပတ်လုံး ခရစ်ယာန်တို့၌ ရှိအပ်သော စာရိတ္တဗလကို တည်ဆောက်ရာတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား လိုအပ်သောအရာကို အကူအညီ ပေးနိုင်မည်မဟုတ်ပေ။ **HR, Sept. 1871.**

စစ်မှန်သောသန့်ရှင်းခြင်း။ သန့်ရှင်းခြင်းဆိုသည်မှာ သဘောတရားရေးရာတစ်ခုမျှသာမဟုတ်၊ စိတ်လှုပ်ရှားမှုမျှသာမဟုတ်၊ စကားလုံးမျှသာမဟုတ်ပဲ နေ့စဉ်ရက်ဆက်ဘဝအသက်တာလမ်းကြောင်းထဲသို့ ထိုးဖေါက်ဝင်ရောက်သော၊ အသက်ရှိ၍ဝီရိယဖြင့် လှုပ်ရှားမှုရှိသော အခြေခံသဘောတရားတစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများကို မှားယွင်းသော အကျင့်ဓလေ့များကြောင့် ပျက်စီးယိုယွင်းနေသော ယဇ်အနေဖြင့်မဟုတ်ပဲ၊ "အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူသောလက္ခဏာနှင့်ပြည့်စုံသောယဇ်" အနေဖြင့် ဆက်ကပ်နိုင်စေရန် ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလတို့၏ ကျန်းမာမှုကို ထိန်းသိမ်းထားနိုင်စေမည့် စားသောက်မှုနှင့် ဝတ်စားဆင်ယင်မှုဆိုင်ရာ အကျင့်ဓလေ့မျိုးများကို ကျင့်သုံးရန် လိုအပ်လှပေသည်။ **R & H, Jan. 25, 1881.**

မသေနိုင်သောဘဝအတွက် အံဝင်ခွင်ကျဖြစ်သော အခြေအနေ။ ကျန်းမာမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဘုရားသခင်က ကရုဏာဖြင့် ပေးသနားတော်မူသော အလင်းတရားကို ကျွန်ုပ်တို့သည် ထိန်းသိမ်းစောင့်ရှောက်လျှင်သူသည် သမ္မာတရားအားဖြင့် သန့်ရှင်းသော အခြေအနေသို့ ရောက်ရှိ၍ မသေနိုင်သောဘဝအတွက် အံဝင်ခွင်ကျဖြစ်ကြလိမ့်မည် ဖြစ်သည်။ သို့ရာတွင် လူသည် ယင်းအလင်းတရားကို လျစ်လျူရှု၍ သဘာဝဓမ္မဆိုင်ရာ ဥပဒေပညတ်ကို ကျူးလွန်သောဘဝမျိုး၌ ရပ်တည်နေလျှင် သူသည် ပြစ်ဒဏ်ကို ခံရမည်ဖြစ်သည်။ **3T, p. 162.**

## ၄ ခံတွင်းအလိုကို ခရစ်ယာန်အောင်မြင်မှု၏ အရေးပါအရာရောက်ခြင်း

ခရစ်တော်၏ ပထမအောင်မြင်ခြင်း။ ကယ်တင်ခြင်းဆိုင်ရာ စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖေါ်နိုင်ရန် ပျက်စီးမှုစတင်ခဲ့သည့်နေရာမှာပင် လူတို့အားရွေးနှုတ်ရမည့်လုပ်ငန်းကို စတင်ဆောင်ရွက်ရမည်ဖြစ်သည်ကို ခရစ်တော်သည် သိရှိတော်မူသည်။ အာဒံသည် ခံတွင်းအလိုလိုက်စားမှုတွင် ပြစ်မှုကို ကျူးလွန်ခဲ့သည်။ **HR, Aug. 1875.**

အာဒံကျဆုံးခဲ့သောအချက်မှာပင် ခရစ်တော်သည် ပထမစုံစမ်းခြင်းကို ရင်ဆိုင်ရတော်မူသည်။ ခံတွင်းအလိုလိုက်မှု နယ်ပယ်တွင် စာတန်သည် လူများစုတို့ကို အောင်မြင်နိုင်နင်းခဲ့သည်။ သူ့အောင်မြင်မှုက သူ့အား ဤပြစ်မှုကျူးလွန်ထားသော ကမ္ဘာမြေကြီးသည် သူ့အုပ်ချုပ် ခြယ်လှယ်မှုအောက်တွင် ရပ်တည်နေသည်ဟူသော ခံစားမှုမျိုးကို သဘောပိုက်စေသည်။ သို့ရာတွင် ခရစ်တော်သည် သူ့အားတားဆီးတွန်းလှန်နိုင်သည်ကို တွေ့ရှိရသည်နှင့်တစ်ပြိုင်နက် စာတန်သည် စစ်ရှုံးသူအနေဖြင့် တိုက်ပွဲဆင်နွှဲသည့်နေရာမှ ဆုတ်ခွါထွက်သွားလေသည်။ **CTBH, p. 16.**

ကိုယ်တော်၏ပြင်းထန်သော စိတ်ဒုက္ခ၏အကြောင်းရင်း။ ခရစ်တော်သည် တောထဲ၌ အချိန်ကြာမြင့်စွာ အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းများ ပြုလုပ်ရသော အကြောင်းရင်းကို ဘုရားတရားမြဲသည်ဆိုသော ပုဂ္ဂိုလ်တို့က ထောက်လှမ်းမေးမြန်းခြင်းမပြုကြ။ ကိုယ်တော်သည်ပြင်းထန်သောစိတ်ဒုက္ခရောက်ရခြင်းမှာငတ်မွတ်သောကြောင့်မဟုတ်ပဲ ခံတွင်းအလိုနှင့်တပ်မက်ခြင်းအလိုတို့ကို လိုက်စားမှုကြောင့် လူတို့သည် ဘယ်မျှလောက် ကြောက်မက်ဖွယ် ဖြစ်သော ဆိုးကျိုးကိုရင်ဆိုင်ကြရမည်ကိုကိုယ်တော်ရှင်က သိရှိတော်မူခြင်းကြောင့်ဖြစ်သည်။ လူတို့သည် ဗိုက်ဘုရားကို ကိုးကွယ်၍ဘုရားသခင်ကိုမေ့လျော့လျက်ယင်းအခြေအနေကသူတို့ကိုကယ်တင်ခြင်းသို့မဝင်စားစေရန် ခလုတ်တံသင်းကြီး အနေဖြင့် ရပ်တည်နေလိမ့်မည်။ **R; TC, p. 50.**

လူအတွက်အောင်မြင်ခြင်း။ ခံတွင်းအလိုလိုက်စားမှုအချက်တွင် ခရစ်တော်ကို အောင်မြင်နိုင်နင်းရန် အကြံအစည်ကို အကောင်အထည်ဖေါ်ရာတွင် စာတန်သည် အဆုံးနှင့်ရင်ဆိုင်ရသည်။ တောကြီးထဲ၌ ခရစ်တော်သည် လူ့အတွက် ခံတွင်းအလိုလိုက်မှုအချက်တွင် အောင်မြင်မှုရရှိတော်မူသည်အတွက် လူသည် အနာဂတ်ကာလတစ်ခုလုံးတွင် ကိုယ်တော်ရှင်၏နာမတော်အားဖြင့် သူ့ကိုယ်တိုင်အတွက် ခံတွင်းအလို (ဝါ) ဝမ်းဗိုက်ဘုရားကို အောင်မြင်နိုင်မည်ဖြစ်သည်။ **R; TC, p. 46.**

ကျွန်ုပ်တို့လည်းအောင်မြင်နိုင်သည်။ ဧဒင်ဥယျာဉ်ကို ပြန်လည်ရရှိရန် ကျွန်ုပ်တို့၏တစ်ခုတည်းသော မျှော်လင့်ချက်သည် ခိုင်မြဲသောကိုယ်ကို ချုပ်တည်းခြင်း ဖြစ်သည်။ အကယ်၍ ခံတွင်းအလိုလိုက်စားမှု၏ဒဏ်ပြင်းထန်လှမှုကြောင့် ၎င်းကိုချိုးပစ်မှုအတွက် လူ့ကိုယ်စားအစာရှောင်ခြင်းဒဏ်ကို ရက်သတ္တပတ် ခြောက်ပတ်မျှ ကိုယ်တော်ရှင်သည် ခံစားရလျှင် ခရစ်ယာန်အတွက် ထမ်းဆောင်ရန် မည်မျှကြီးလေးသောတာဝန် ရှိပေသနည်း။ သို့ဖြစ်လင့်ကစား၊ ရုန်းကန်ရမှုသည် မည်မျှပင် ကြီးမားသော်လည်း လူသည် အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ စာတန် ဖန်တီးထားသည့် အပြင်းထန်ဆုံး စုံစမ်းခြင်းကို ခံရပ်နိုင်သောတန်ခိုး၏ မစခြင်းအားဖြင့် လူသည် အပြစ်ဒုစရိုက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် လုံးဝအောင်မြင်မှုကို ရရှိပြီးနောက်ဆုံး၌ ဘုရားသခင်၏နိုင်ငံတော်တွင် အောင်မြင်သောသူ၏ သရဖူကို ဆောင်းရလိမ့်မည်။ **CD, p. 167.**

နားထောင်ခြင်းနှင့် စွဲမြဲသော ကြိုးပမ်းမှုဖြင့် အောင်မြင်ခြင်း။ ခရစ်တော်သည် အောင်မြင်တော်မူ သကဲ့သို့ အောင်မြင်သော သူတို့သည် စာတန်၏ စုံစမ်းခြင်းများကို အမြဲတမ်း ခုခံကာကွယ်ရန် လိုအပ်သော ဉာဏဗလ ပျက်စီးမှုမရှိ၊ သိမြင်တတ်သော စွမ်းရည်များလည်း ကြည်လင်ပြတ်သားစေရန် အလင်းတရားရရှိထားသော ဩတ္တပ္ပစိတ်၏ အုပ်ထိန်းမှုအောက်တွင် အလိုနှင့် တပ်မက်ခြင်းတို့ကို ချုပ်တည်းထားရမည်။ သို့မှသာလျှင် စာတန်နှင့်သူ့ထောင်ချောက်များတို့၏ လုပ်ကိုင်မှုများကို ဘုရားသခင်၏စီမံချက်များဟူ၍ အလွဲဖေါ်ထုတ်မှုကို ပြုလုပ်နိုင်မည် မဟုတ်ပေ။ အောင်မြင်သောသူတို့အား ပေးမည့် နောက်ဆုံးဆုလာဘ်နှင့် အောင်မြင်မှုကို အများသောသူတို့က လိုချင်ကြသည်။ သို့ရာတွင် သူတို့ကယ်တင်ရှင်ကဲ့သို့ ပင်ပန်းစွာလုပ်ကိုင်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ကိုယ်ကိုငြင်းပယ်ခြင်းများကို သည်းခံလိုသောစိတ်မရှိကြ။ နားထောင်ခြင်းနှင့် စွဲမြဲသော ကြိုးပမ်းမှုများဖြင့်သာ ကျွန်ုပ်တို့သည် ခရစ်တော်အောင်မြင်သကဲ့သို့ အောင်မြင်မှုကို ရရှိကြမည်။

ခံတွင်းအလိုလိုက်မှု၏ ထိန်းချုပ်ထားသောတန်ခိုးသည် ထောင်သောင်းမကသောသူတို့၏ ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်စေလိမ့်မည်။ အကယ်၍သာ ဤအချက်တွင် လူတို့သည် အောင်မြင်လျှင် သူတို့သည် စာတန်၏ အခြားအခြားသောစုံစမ်းခြင်းများကို အောင်မြင်နိုင်မည့် စာရိတ္တဗလကြံ့ခိုင်မှုကိုရရှိကြလိမ့်မည်။ သို့ရာတွင် ခံတွင်းအလို၏ကျေးကျွန်များဖြစ်သောသူတို့သည် ခရစ်ယာန်စာရိတ္တမျိုးကို ဆောက်တည်ရာတွင် အရှုံးနှင့်သာ ရင်ဆိုင်ရကြမည်။ နှစ်ပေါင်းခြောက်ထောင်မျှကြာညောင်းစွာတစ်ဆက်တည်းစည်းကမ်းဖေါက်ဖျက်လာမှုကြောင့် ဖျားနာခြင်း ဝေဒနာ၊ နာခြင်းဝေဒနာနှင့် သေခြင်းဝေဒနာများကို အကျိုးအပြစ်အနေဖြင့် ခံစားကြရမည်။ ကျွန်ုပ်တို့သည် ခေတ်ကာလအဆုံးသို့ နီးကပ်လာပြီဖြစ်သောကြောင့် ခံတွင်းအလိုလိုက်ရန် စာတန်၏သွေးဆောင်မှုသည် ပိုမိုပြင်းထန်၍ အောင်မြင်ရန် ပိုမိုခက်ခဲလာလိမ့်မည်။ **3T, pp. 491, 492.**

ခရစ်တော်၏အောင်မြင်သောတန်ခိုးကိုတောင်းဆိုပါ။ ကိုယ်တော်၏နာမတော်အားဖြင့် အောင်မြင်နိုင်စေမည့် ကိုယ်တော်၏ကျေးဇူးတော်နှင့်ခွန်အား လူတို့အားပေးရန် ခရစ်တော်သည် မိမိ၏ခမည်းတော်ထံမှ တန်ခိုးကို ရရှိထားပြီးဖြစ်သည်။ ကိုယ်တော်သည် စာတန်ကိုခုခံတိုက်ခိုက်၍ အောင်မြင်သကဲ့သို့ ၎င်းတိုက်ပွဲကိုဆင်နွှဲရာတွင် ကိုယ်တော်နှင့်လက်တွဲ၍ ဆောင်ရွက်မည့်သူတို့သည် ခရစ်တော်၏ တပည့်တော်များတွင် အလွန်နည်းပါးလျက်ရှိကြသည်။

ခရစ်တော် အောင်မြင်နိုင်နင်းခဲ့သော စုံစမ်းသွေးဆောင်မှုများကို လူအားလုံးတို့သည် ရင်ဆိုင်ကြရသည်။ သို့ရာတွင် အောင်မြင်တော်မူခဲ့သော အနန္တတန်ခိုးနှင့်ပြည့်စုံသော ကိုယ်တော်ရှင်၏နာမတော်တွင် သူတို့အတွက် ခွန်အားကို ပေးထားတော်မူသည်။ သူတို့အနေဖြင့် လူအသီးသီးတို့သည် အောင်မြင်မှုကို ရရှိကြရမည်။**ST, Aug. 13, 1874.**

ကျွန်ုပ်တို့ဘာလုပ်ကြမည်နည်း။ စားမှု၊ သောက်မှုတွင် ချုပ်တည်းမှုကင်းမဲ့ခြင်း အမျိုးမျိုးမှလည်းကောင်း၊ မသန့်ရှင်းသော တပ်မက်ခြင်း အမျိုးမျိုးမှလည်းကောင်း၊ ဆိုးယုတ်ခြင်းအမျိုးမျိုးမှလည်းကောင်း ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကယ်တင်တော်မူမည်။ ကိုယ်တော်ကို ကြောက်ရွံ့ခြင်း၌ ကျွန်ုပ်တို့သည် စာရိတ္တဗလ သန့်ရှင်းစင်ကြယ်မှုကို ရရှိစေခြင်းငှါ၊ ကိုယ်တော်ရှင်၏ရှေ့တော်၌ ကျွန်ုပ်တို့ကို နှိမ့်ချလျက် ကိုယ်ကာယနှင့် စိတ်ဝိညာဉ်ကိုပါ ညစ်ညူးစေသော အရာရှိသမျှကို ဖယ်ရှား၍ မနေသင့်ကြသလော။ **7T, p. 258.**

-o-

အပိုင်း ၂

# သေရည်သေရက်နှင့်လူ့အဖွဲ့အစည်း

## ၁ ရာဇဝတ်မှုကို အားပေးခြင်း

ပြည်တွင်းမှာမှုခင်းများလှသည်တကား။ ဆိုးသွမ်းမှုနှင့်ရာဇဝတ်မှုအမျိုးမျိုးတို့သည် ဒီရေအလား လျင်မြန်စွာ တိုးတက်များပြားလာလျက်ရှိသော ယခုခေတ်မျိုးတွင် ကျွန်ုပ်တို့သည် ဖြစ်ပေါ်လျက်ရှိသောအခြေအနေကိုတွေ့ရဖန်များ၍ ရိုးနေပြီဟု ယူဆတတ်ကြသောကြောင့် ကျွန်ုပ်တို့သည် ယင်းမှုခင်းတို့၏အကြောင်းတရားနှင့်အကျိုးတရားများကို မျက်ကြေပြုတ်နေတတ်ကြသည်။ ယခုအခါ သုံးစွဲနေကြသော သေရည်သေရက်များသည် အတိတ်ကာလက သုံးစွဲခဲ့သော သေရည်သေရက်ထက် အဆပေါင်းများစွာ ပြင်းထန်သည်။ စက်ဆုပ်ဖွယ်သောမူးယစ်ခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်များတွင် သောက်စားမူးယစ်မှုကြောင့် ပေါ်ပေါက်လာသော စည်းလွတ်ကမ်းလွတ် အဖြစ်အပျက်များကို သတင်းစာများက တစ်စိတ်တစ်ဒေသလောက်သာ ဖော်ပြကြသည်။ အကြမ်းဖက်မှုသည် ပြည်တွင်းမှာ ခေတ်စားလျက် ရှိနေသည်တကား။ **DC, p. 3.**

တရားရေးဌာန၏သက်သေခံချက်။ တိုင်းပြည်၏ဥပဒေများကို ချိုးဖောက်ကြသောသူတို့ကို အရေးယူဆောင်ရွက်ရသော အာဏာပိုင်များက ပြစ်မှုကျူးလွန်မှုနှင့် ချုပ်တည်းမှုကင်းမဲ့ခြင်းတို့သည်စပ်သွယ်လျက်ရှိသည်ကို ကောင်းမွန်စွာ နားလည်ကြသည်။ ဖီလဒဲလ်ဖီယားမြို့မှတရားသူကြီးတစ်ဦးပြောကြားဖူးသည်မှာ၊ ရာဇဝတ်မှုငါးမှုတိုင်းတွင် လေးမှုတို့သည် ရမ်အရက်သောက်စားမှုကြောင့်ဖြစ်သည်ကို စစ်ဆေးတွေ့ရှိရသည်။ လူသတ်မှုနှစ်ဆယ်တွင် ရမ်အရက်သောက်စားမှုနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွတ်ကင်းသော အမှုတစ်ခုမျှပင်မရှိပေ။ ရမ်အရက်နှင့် သွေးထွက်သံယိုဖြစ်မှုတို့သည် တွဲဖက်လျက်ရှိသည်။ **DC, p. 7.**

ရာဇဝတ်မှုရာခိုင်နှုန်းများများ သေရည်သေရက်ကြောင့်ဖြစ်သည်။ အကျဉ်းထောင်များတွင် ဖမ်းချုပ်ထားရ သောအကျဉ်းသမားကိုးဆယ်ရာခိုင်နှုန်းသည် သေရည်သေရက်သောက်စားတတ်သူများဖြစ်သည်။ **R & H, May 8, 1894**

သေရည်သေရက်သောက်စားမူးယစ်ခြင်းနှင့် ရာဇဝတ်မှုတို့၏အကျိုးဆက်။ မူးယစ်တတ်သောသေရည်သေရက်ကို သောက်စားတတ်သောအခါ လူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသော မိမိ၏အခြေအနေကို တိရစ္ဆာန်တို့၌ရှိသောဇာတိထက် နိမ့်ကျသော အဆင့်အတန်းသို့ တွန်းပို့သောအရည်ကို သူ၏ခံတွင်းထဲသို့ လောင်းချလိုက်ခြင်းဖြစ်သည်။ သူ့ကျိုးကြောင်းဆင်ခြင်တတ်သော သတ္တိသည် အင်အားမဲ့ဖြစ်သွားသည်။ သူ့ပိုင်းခြားဝေဖန်တတ်သော ဉာဏ်သည် ထုံထိုင်းသွားသည်။ တိရစ္ဆာန်၌ရှိသော တပ်မက်ခြင်းမျိုးသည် သူ၌ကြွလာသည်။ ယင်းနောက် အယုတ်ညံ့ဆုံးရာဇဝတ်မှုမျိုးကို လုပ်ကိုင်တတ်လေသည်။ **3T, p. 561.**

သေရည်သေရက်နှင့်ရာဇဝတ်မှုများဘာကြောင့်စပ်သွယ်မှုရှိခြင်း။လွတ်လွတ်လပ်လပ်ရောင်းချသော သေရည်သေရက်အရောင်းဆိုင်များသို့ မကြာခဏသွားရောက်၍ ဆိုးသွမ်းမှုကို အားပေးသောအဖျော်ယမကာကိုသောက်စားသောသူတို့သည် ထာဝရသေခြင်းသို့ သွားရာလမ်းတွင် လျှောက်လိုက်နေကြသည်။ သူတို့သည် သူတို့၏စိတ်ဝိညာဉ်၊ စိတ်သဘောထားများအပါအဝင် သူတို့၏ကိုယ်ကို စာတန်လက်သို့ ရောင်းစားနေကြသည်။ သူတို့သည် ယင်းရူးသွပ် စေသောအရက်သေစာကိုမသောက်စား လျှင်သူတို့ကြောက်ရွံ့စွာ ဖြင့်ရှောင်ကြဉ်ကြ မည့်အလုပ်အကိုင်မျိုးကိုသူတို့သောက်စားသောသေရည်သေရက်၏အရှိန်အဝါက ကျူးလွန်စေလေသည်။ သူတို့သည်အဆိပ်ရည်ကြောင့်စာတန်၏ချုပ်ကိုင်မှုကိုခံနေကြရသည်။ စာတန်သည် သူတို့ကို အုပ်စိုး၍ သူတို့က စာတန်နှင့် တွဲဖက်လုပ်ကိုင်ကြသည်။ **L, 166, 1903.**

သေရည်သေရက်အရှိန်အဝါကြောင့် ပြုလုပ်သော ရာဇဝတ်မှုများ၏သဘာဝ။ သေရည်သေရက်သောက်စားမှု၏ ဆိုးကျိုးကို ကြောက်မက်ဖွယ်ကောင်းသော လူသတ်မှုများက လက်တွေ့ပြသည်။ ခိုးမှုများ၊ တမင်တကာမီးရှို့မှု

များ၊ လူသတ်မှုများကို သေရည်သေရက်သောက်စားမှုကြောင့် ကျူးလွန်ကြသည်ကို မကြာခဏ တွေ့ရှိရသည်။ သို့ဖြစ်လင့်ကစား သေရည်သေရက်သောက်စားခြင်း၊ အမင်္ဂလာကြီးကို တရားဝင်ပြုလုပ်ထားသည်။ သောက်စားမူးယစ်သောကာယကံရှင်သာမက သူ့အိမ်ထောင်တစ်ခုလုံးကိုပါ ပျက်စီးစေသောအရည်နှင့်ပလူးရန်နှစ်သက်သော သူတို့နေထိုင်ရာတိုင်းပြည်များတွင် မရေတွက်နိုင်သော ပျက်စီးမှုများ ဖြစ်ပျက်ရသည်။**R & H, May 1, 1900.**

ပြည့်တန်ဆာဂေဟာများ၊ ဆိုးသွမ်းမှုများခိုအောင်းရာဒေသများ၊ ရာဇဝတ်မှုဆိုင်ရာတရားရုံးများ၊ အကျဉ်းထောင်များ၊ ဒုက္ခိတဂေဟာများ၊ စိတ္တဇဆေးရုံများ၊ ဆေးရုံများအားလုံးတို့သည် အများအားဖြင့် သေရည်သေရက်ရောင်းဝယ်စားသောက်မှုတို့ကြောင့် လူနာများဖြင့် ပြည့်နှက်နေကြသည်။ ဗျာဒိတ်ကျမ်းတွင် ဖေါ်ပြပါရှိသော အထိမ်းအမှတ်ဖြစ်သော ဗာဗုလုန်မြို့ကြီးကဲ့သို့ သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသော သူသည် "အစေခံကျွန်နှင့်လူဝိညာဉ်တို့" ကို အရောင်းအဝယ်လုပ်နေသူဖြစ်သည်။ သေရည်သေရက်ရောင်းသောသူ၏နောက်ဘက်တွင် အင်အားကြီးသော ဝိညာဉ်များ ဖျက်ဆီးသောသူ မတ်တတ်ရပ်လျက်ရှိ၍ သူ၏အာဏာစက်အောက်သို့ လူသတ္တဝါတို့ကို ဆွဲယူရန် မြေကြီးနှင့်ငရဲပြည်တို့က အားထုတ်ကြံစည်နိုင်သမျှသောနည်းများကို အသုံးပြုလေတော့သည်။

မြို့ကြီးပြကြီး၊ တောတောင်ဒေသများ၌လည်းကောင်း၊ မီးရထားများပေါ်၌လည်းကောင်း၊ ပင်လယ်ကူးသင်္ဘောကြီးများပေါ်၌လည်းကောင်း၊ အရောင်းအဝယ်လုပ်သောဌာနများ၌လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲကျင်းပရာ ခန်းမကြီးများ၌လည်းကောင်း၊ ဆေးပေးဌာနများ၌လည်းကောင်း၊ သန့်ရှင်းသောပွဲတော်မင်္ဂလာစားပွဲပေါ်၌လည်းကောင်း သူ၏ထောင်ချောက်များကို ချထားလေသည်။ သေရည်သေရက်များကို သောက်စားလိုသောဆန္ဒကို လှုံ့ဆော်ပေးရန် တတ်နိုင်သမျှ ရနိုင်သမျှသောနည်းလမ်းများကို အသုံးပြုလေသည်။ မြို့ပြတို့၏ထောင့်ကျသောနေရာတိုင်းလိုလိုမှာပင် ထွန်းလင်းသော မီးခေါင်းများဖြင့် ကြော်ငြာထားလျက် လုပ်သားပြည်သူများ၊ ကြွယ်ဝချမ်းသာသောသူများနှင့် အမှုမဲ့အမှတ်မဲ့ သွားလာနေသော လူငယ်များတို့ကို လက်ယပ်ခေါ်လျက်ရှိသော အရက်ဆိုင်ကြီးများကို အများအပြားတည်ဆောက်ရောင်းချလျက်ရှိကြသည်။ တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် သေရည်သေရက်ရောင်းချသောလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေကြသည်။ **DC, p. 8.**

သေရည်သေရက်သောက်စားသူကို ခွင့်မလွှတ်နိုင်။ အရက်မူးယစ်နေစဉ် ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်သော်လည်း ထိုသို့ မူးယစ်နေချိန်တွင် အရက်မူးသောသူသည် မိမိလုပ်သမျှကို ဘာမျှမသိဆိုသော အကြောင်းပြချက်ဖြင့် ကြိမ်ဖန်များစွာသူလုပ်သည့်ပြစ်မှုကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ရာဇဝတ်သား၏အပြစ်သည် လျော့သွားသည်မဟုတ်ပေ။ သေရည်သေရက်သည် သူ့ကျိုးကြောင်း ဆင်ခြင်နိုင်သောစွမ်းရည်ကို ဖျက်ဆီးလိမ့်မည်ကိုသိလျက်နှင့် ယင်းသေရည်သေရက်ကို သောက်စားလျှင်အရက်မူးနေချိန်တွင် သူပြုလုပ်သောအပျက်အစီးအတွက် သူ့တာဝန်ဖြစ်သည်။ သူ့ခံတွင်း၏အလိုသည် သူ့အားအုပ်စီးထားရန် ခွင့်ပြုလိုက်သည့် အချိန်မှာပင် သူသည် သူ့ကျိုးကြောင်း ဆင်ခြင်နိုင်သော သတ္တိကို မူးယစ်စေသော အဖျော်ယမကာနှင့်လဲလှယ်လိုက်လေသည်။ သူ့အား တိရစ္ဆာန်ထက် နိမ့်ကျသော အဆင့်အတန်းကို ရောက်စေသောအရာသည် သူ့ကိုယ်တိုင်၏ လုပ်ရပ်သာဖြစ်သောကြောင့် သူမူးယစ်နေစဉ် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် သူ့အား ကျိုးကြောင်းဆင်ခြင်နိုင်သော သတ္တိအပြည့်အစုံရှိနေသော သူအနေဖြင့် ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးသင့်ပေသည်။ **4SG, p. 125.**

ရေလွှမ်းမိုးခြင်းအကြိုခေတ်နှင့်ယခုအချိန်တို့တွင် သောက်စားမူးယစ်ခြင်းနှင့်ရာဇဝတ်မှု။ ယခုခေတ်တွင် ကျူးလွန်လျက်ရှိသော ဆိုးသွမ်းမှုမျိုးများကပင် ရေလွှမ်းမိုးခြင်းအကြိုခေတ်မှ ကမ္ဘာကြီးအား ပျက်စီးမှုနှင့်ရင်ဆိုင်စေလေသည်။ ရေလွှမ်းမမိုးမီအချိန်ကာလများတွင်ယင်းခေတ်၏ဆိုးသွမ်းမှုတစ်ရပ်သည်သောက်စားမူးယစ်ခြင်းဖြစ်သည်။ ကမ္ဘာဦးကျမ်းတွင် မှတ်တမ်းတင်ထားချက်အရ၊ "မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏စိတ်နှလုံးအကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကိုဘုရားသခင်သိမြင်တော်မူ၏။" ပြစ်မှုကျူးလွန်ခြင်းသည်အစဉ်မပြတ်ဖြစ်ပျက်လျက်နေခဲ့သည်။ လုံခြုံမှုကားမရှိတော့ပြီ။ မူးယစ်သောသေရည်သေရက်သောက်စားမှုကြောင့်ကျိုးကြောင်းဆင်ခြင်နိုင်သောသတ္တိပျက်ပြားကုန်သော သူတို့သည် သူတစ်ပါး၏အသက်တစ်ချောင်း ဖျောက်ဖျက်ဖို့တာ ဝန်မလေးတတ်ပေ။

"လူသားသည်ကြွလာသောအခါနောဧလက်ထက်၌ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်။" ယခုခေတ်၌ ဖြစ်ပျက်ကျူးလွန်မည့်သောက်စားမူးယစ်ခြင်းနှင့်ရာဇဝတ်မှုကျူးလွန်မှုကို ကယ်တင်ရှင်ကိုယ်တော်တိုင်က ကြိုတင်ဟောပြောထား

တော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ဤကမ္ဘာ့သမိုင်း၏နိဂုံးချုပ်ချိန်တွင် ရပ်တည်နေကြပါသည်။ ဤအချိန်သည် ကမ္ဘာ့သမိုင်းတွင် အရေးအကြီးဆုံးအချိန်ဖြစ်သည်။ အဖြစ်အပျက်အားလုံးတို့က ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဒုတိယအကြိမ် ကြွလာခြင်းနီးကပ်နေပြီဖြစ်ကြောင်းကိုနိမိတ်ပြသလျက်ရှိကြသည်။ **R & H, Oct. 25, 1906.**

ကျွန်ုပ်တို့ခေတ်တွင် ဘုရားသခင်၏တရားစီရင်ချက်များ။ အများအားဖြင့် သေရည်သေရက်ကို သောက်စားမူးယစ်မှုကြောင့် ဖြစ်ပျက်ပေါ်ပေါက်လျက်ရှိသောဆိုးသွမ်းမှုများအတွက် ကျွန်ုပ်တို့ခေတ်ကမ္ဘာကြီးပေါ်သို့ ဘုရားသခင်၏တရားစီရင်ချက်များ ကျဆင်းလျက်ရှိသည်။ **CH, p.432.**

ဆန်ဖရန်စစ္စကိုမြို့၏သင်ခန်းစာ။ ကာလီဖိုးနီးယားပင်လယ်ကမ်းခြေတစ်လျှောက် မြေငလျင်လှုပ်ပြီးသည်နောက် ခေတ္တခဏမျှဆန်ဖရန်စစ္စကိုမြို့နှင့် အခြားမြို့သိမ်များတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော အရက်ဆိုင်များအားလုံးကို ပိတ်ထားရန် အာဏာပိုင်များက အမိန့်ထုတ်ထားလိုက်သည်။ ယင်းကျပ်တည်းစွာ ပိတ်ထားမှုမှ ပေါ်ပေါက်လာသော အကျိုးကျေးဇူးမှာ အလွန်ပင်ထင်ရှားလှသောကြောင့် အမေရိကန်ပြည်ထောင်စု တစ်ပြည်လုံးမှ အထူးသဖြင့် ပစိဖိတ်ကမ်းခြေမှ စဉ်းစားဆင်ခြင်တုံတရားနှင့် ပြည့်ဝသောခေါင်းဆောင်ကြီးများကို ယင်းသေရည်သေရက်ရောင်းချမှုပိတ်ပင်ထားသည့် ဥပဒေကို ရာသက်ပန် အတည်ပြုထားလျှင် တိုင်းပြည်အနေဖြင့် အကျိုးများမည်ကို တွေ့မြင်ကြသည်။ ဆန်ဖရန်စစ္စကိုမြို့တွင် မြေငလျင်လှုပ်ပြီးနောက် ရက်သတ္တပတ်ပေါင်းမြောက်မြားစွာအတောအတွင်း သောက်စားမူးယစ်ခြင်းသည် မရှိသလောက်ဖြစ်သွားသည်။ သေရည်သေရက်ရောင်းချမှု ရပ်စဲသွားသည်။ ဖရိုဖရဲ မငြိမ်မသက်ဖြစ်လာသောအခြေအနေကြောင့် ခါတိုင်းထက် ပြင်းထန်သော သောင်းကျန်းမှုနှင့် ရာဇဝတ်များ ဖြစ်ပျက်လိမ့်မည်ဟု သက်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိများက မျှော်လင့်ခဲ့သော်လည်း အခြေအနေမှာ ငြိမ်သက်ကောင်းမွန် သွားသည်အတွက် အားလုံးက အံ့သြသွားကြသည်။ ဒုက္ခများများ ပေးလိမ့်မည်ဟု မျှော်လင့်နေကြသောသူတို့က အနည်းငယ်လောက်သာ ရုတ်ရုတ်သဲသဲလုပ်ခဲ့သည်။ ယခုကဲ့သို့ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုတို့ အံ့သြဖွယ်ကောင်းလောက်အောင် သိသိသာသာ နည်းပါးသွားခြင်းသည် မူးယစ်သောသေရည်သေရက်သောက်စားမှု မရှိသောကြောင့်ဖြစ်သည်မှာ လယ်ပြင်မှာဆင်သွားသတဲ့သို့ထင်ရှားလှပေသည်။

သေရည်သေရက်ရောင်းချသောဆိုင်များကို ရာသက်ပန်ပိတ်ထားလိုက်လျှင် လူ့အဖွဲ့အစည်းအတွက် ရာသက်ပန်ကောင်းဖို့လည်းဖြစ်၍ မြို့၏တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်ရာတွင်လည်း အကောင်းဆုံးအကျိုးထူးများ ဖြစ်ထွန်းနိုင်သည်ဟု ရှေ့တန်းသတင်းစာကြီးများ၏အယ်ဒီတာများက ယုံကြည်ကြသည်။ သို့ရာတွင် ပညာသားပါသော ပညာပေးချက်ကို ဘေးချိတ်၍ အနည်းငယ်သော ရက်သတ္တပတ်များအတွင်း သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသော သူတို့အား ရှေးကထက်အဆပေါင်းများသော လိုင်စင်များဆောင်စေပြီးလျှင် လုပ်ငန်းကို ပြန်လည် ဖွင့်လှစ်ရောင်းချခွင့်ပေးလိုက်လေသည်။

ဆန်ဖရန်စစ္စကိုမြို့၌ ကျရောက်ခဲ့သော ဘေးဒုက္ခတွင်များပြားလှသော ဆိုးသွမ်းမှု၊ များပြားလှသော ဆင်းရဲဒုက္ခများနှင့် ရာဇဝတ်မှုများတို့ကို ဖြစ်ပွားစေသော သေရည်သေရက်အရောင်းဆိုင်များကို အပြတ်ရှင်းပစ်ရန် ဘုရားသခင် ရည်စူးခဲ့တော်မူသည်။ သို့ဖြစ်လင့်ကစား သေရည်သေရက်ရောင်းချမှုကို တရားဝင်ပြုလုပ်လိုက်ခြင်းအားဖြင့် လူထု၏ကောင်းစားရေးအတွက်တာဝန်ယူကြည့်ရှုစောင့်ထိန်းရသောသူတို့သည် မိမိတို့အပ်နှင်းထားသောတာဝန်အပေါ်သစ္စာမဲ့ကြသည်။ ထိုကဲ့သို့ ပြုလုပ်ရာတွင် ရာဇဝတ်မှုကျူးလွန်မှုကို လိုင်စင်ထုတ်ပေးခြင်းအားဖြင့် အားပေးရာ ရောက်သည်ကိုသူတို့သိရှိကြသည်။ သိရှိကြသည်တိုင်အောင်ယင်းကဲ့သို့အားပေးမှုကို ဟန့်တားမှုမပြုကြပေ။ ဆန်ဖရန်စစ္စကိုမြို့၌အရက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရောင်းချမှုအတွက်ထိုမြို့သူမြို့သားတို့သည် ဘုရားသခင်တရားစီရင်တော်မူသောနေ့တွင် အဖြေမှန်ကိုပေးရကြလိမ့်မည်။ **R & H, Oct. 25, 1906.**

ပစ္စုပ္ပန်ခေတ်၏အခြေအနေများ၏အရေးကြီးပုံ။ ရာဇဝတ်မှုများနှင့်အဓမ္မမှုများတိုးတက်များပြားလာခြင်း၏ အထောက်အထားအများအပြားရှိသော်လည်း ယင်းတို့သည် ဘာအဓိပ္ပါယ်ကိုဆောင်ကြောင်း လူတို့သည် လေးလေးနက်နက် ဆင်ခြင်ခြင်းမရှိကြပေ။ ပစ္စုပ္ပန်ခေတ်သည် အသိပညာအားဖြင့်လည်းကောင်း၊ ပညာအားဖြင့်လည်းကောင်း တိုးတက်ကြီးပွားနေကြောင်းကို ရာနှုန်းပြည့်လောက်သော သူတို့က ချီးကျူးပြောဆိုနေကြသည်။ သောက်စားမူးယစ်ခြင်းနှင့် ရာဇဝတ်မှုများ တိုးတက်ဖြစ်ပွားလာခြင်း၏အဓိပ္ပါယ်ပါရှိပုံကို သူတစ်ပါးတို့အား ပြောပြရန် ဘုရားသခင်အထံ

တော်မှအလင်းတရားကိုရရှိထားသောသူတို့အပေါ်တွင် ကြီးလေးသောတာဝန်ရှိသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည့် အကြိုခေတ်တွင် ကမ္ဘာပေါ်၌ ရပ်တည်နေမည့် အခြေအနေမျိုးကို ပြတ်ပြတ်သားသား ဖေါ်ပြသော သမ္မာကျမ်းစာတော်မြတ်ကို သူတစ်ပါးတို့အားညွှန်ကြားသင်ပြရကြမည်။ ဘုရားသခင်ထားရှိတော်မူသောနှုန်းစံကို သူတစ်ပါးတို့ရှေ့၌ သစ္စာရှိစွာဖြင့်မြှောက်ပင့်ထား၍ တရားဥပဒေအားဖြင့် ခွင့်ပြုထားသော သေရည်သေရက်ရောင်း ဝယ်ဖေါက်ကားမှုကို ကျယ်သောအသံဖြင့် ကန့်ကွက်ကြရမည်။ **DC, p. 3.**

## ၂ စီးပွားရေးဆိုင်ရာ ပြဿနာတစ်ရပ်

သေရည်သေရက် ရောင်းဝယ်ဖေါက်ကားမှုသည် မရိုးဖြောင့်မှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပွားစေခြင်း။ သေရည်သေရက် ရောင်းဝယ်ဖေါက်ကားမှုဆိုင်ရာကိစ္စအဝဝတွင် မရိုးဖြောင့်မှုနှင့် အကြမ်းဖက်မှုများ ထွေးရောယှက်တင် ပါဝင်နေသည်။ အချို့သောတိုင်းပြည်များမှ အရက်ရောင်းသောဆိုင်များကို မသမာသောနည်းများဖြင့် တည်ထောင် ထားပြီး အကြမ်းဖက်မှုနှင့်ညှဉ်းပန်းနှိပ်စက်မှုပါဝင်သော နည်းလမ်းမျိုးဖြင့် ဆိုင်၏သက်ဆိုးရှည်မှုကို ဖန်တီးထားလေ သည်။ **R & H, May 1, 1894.**

ဒုက္ခနှင့်သေခြင်းကို ဝယ်ယူရန် သန်းပေါင်းများစွာသော ပိုက်ဆံကြေးငွေများကို ဖြုန်းတီးပစ်ကြသည်။ "မတရားသောအမှုအား မိမိအိမ်ကိုလည်းကောင်း၊ အဓမ္မပြု၍ အထက်ခန်းတို့ကိုလည်းကောင်း ဆောက်သောသူသည် အမင်္ဂလာရှိ၏။ ကြီးသောအိမ်၊ ကျယ်သောအထက်ခန်းတို့ကို ငါဆောက်မည်ဟုဆိုလျက် ပြတင်းပေါက်တို့ကို ဖေါက်၍ အာရဇ်သစ်သားနှင့်မိုးပြီးမှ ဟင်္သပြဒါးနှင့်ခြယ်လှယ်ပြီတကား။ .... သင်သည် အာရဇ်သစ်သား၏ဂုဏ်ကို ကိုးစားသောကြောင့် စိုးစံရမည်လော။ .... သင်၏မျက်စိနှင့်သင်၏နှလုံးမူကား၊ လောဘလွန်ကျူးခြင်း၊ အပြစ်မရှိသောသူကိုသတ်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းမှတစ်ပါး အဘယ်အမှုကိုမျှ မမှတ်တတ်။"

အထက်ပါကျမ်းချက်က သေရည်သေရက်ကို ထုတ်လုပ်ရောင်းချသောသူတို့၏လုပ်ငန်းကို ရုပ်လုံးကိုဖေါ်ထားသည်။ သူတို့၏ကုန်သွယ်မှုသည် လုယူသော လုပ်ငန်းမျိုးဖြစ်သည်။ သူတို့ရရှိသော ငွေကြေးနှင့် ဆတူဖြစ်သည့်အသုံးဝင်သောပစ္စည်းသည် တစ်ဘက်သားအား ပြန်ပေးခြင်းမရှိ။ အမြတ်ငွေအနေဖြင့် သူတို့ရရှိသောကျပ်ငွေတစ်ကျပ်တိုင်းသည် ဝယ်ယူသုံးဆောင်သူအတွက် အမင်္ဂလာဖြစ်သည်။

နှစ်စဉ်ဂါလံပေါင်း သန်းပေါင်းမြောက်မြားစွာသော သေရည်သေရက်များကို သောက်စားကြသည်။ ဒုက္ခပေါင်းစုံ၊ ဆင်းရဲနွမ်းပါးခြင်း၊ ရောဂါများ၊ ဂုဏ်သရေဆုတ်ယုတ်ခြင်း၊ တပ်မက်ခြင်း၊ ရာဇဝတ်မှုနှင့်သေခြင်းတို့ကို ဝယ်ယူရာ တွင် ကျပ်ငွေသန်းပေါင်း မြောက်မြားစွာတို့ကို ဖြုန်းတီးလိုက်ကြသည်။ အမြတ်အစွန်း ရရှိမှုအတွက် သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသောသူသည် ဉာဏဗလနှင့်ကာယဗလကို ဖျက်ဆီးခွင်းသော အရာဝတ္ထုကို ကာယကံရှင်အား ရောင်းစားသည်။ အရက်သမား၏မိသားစုများအား ဆင်းရဲခြင်းနှင့်ဒုက္ခဝေဒနာများကို အမွေအနှစ်အနေဖြင့် ပေးကမ်းလေသည်။ **DC, pp. 7, 8.**

အဆင့်အတန်းချင်းမတူသောစီးပွားရေးအခြေအနေ။ စားသောက်ကြူးသောသူသည် ပိုမိုကောင်းမွန်သောအရာများကို ပြုလုပ်နိုင်စွမ်းရှိသည်။ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းနိုင်ရန် သူ့အားစွမ်းရည်များကို ပေးထားတော်မူသည်။ သို့ရာတွင် အခြားသောလူများက သူ့ဝိညာဉ်ကို ထောင်ချောက်တွင် ထောင်ဖမ်း၍ သူပိုင်ပစ္စည်းများဖြင့် သူတို့၏စီးပွားရေးကြွယ်ဝမှုကို တည်ဆောက်ကြလေသည်။ သူတို့သည် ချမ်းသာကြွယ်ဝစွာ စားသောက် နေထိုင်နိုင်ကြသော်လည်း သူတို့လုယူမှုကို ခံရသောသူများမှာ ဆင်းရဲနွမ်းပါးသောအခြေအနေ၌ ရပ်တည်နေကြရရှာသည်။ သို့ရာတွင် သေသောက်ကြူးသောသူအား လျင်မြန်စွာပျက်စီးရာလမ်းထဲသို့ ဝိုင်းဝန်းပို့ဆောင်ပေးသောသူ၏လက်၌ ထိုသူ၏အသွေးကို တောင်းတော်မူမည်။ **UM, 54.**

ဥပဒေပြုသူများနှင့် သေရည်သေရက် ရောင်းဝယ်ဖေါက်ကားသောသူများ ငွေကြေးအားဖြင့် တာဝန်မကင်း ဖြစ်နေခြင်း။ ဥပဒေပြုသူများနှင့်သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသူတို့ကပိလတ်မင်းကဲ့သို့ရေကိုယူ၍သူတို့၏ လက်ကိုဆေးသော်လည်းသူတို့ပယောဂကြောင့်ပျက်စီးခဲ့သောဝိညာဉ်များ၏သွေးနှင့်သူတို့လွတ်ကင်းကြမည် မဟုတ်ပေ။

သူတို့ပယောဂကြောင့် သေသောက်ကြူးသောသူများ ဖြစ်လာရမှုအတွက် အပြစ်ကင်းအောင် လက်ဆေး မင်္ဂလာပွဲများ ပြုလုပ်သော်လည်း အချည်းနှီးပင် ဖြစ်လိမ့်မည်။ သေရည်သေရက်သောက်စားမှုးယစ်သောသူတို့ကို ပျက်စီးအောင်ပြုလုပ်ရာတွင် သန်းပေါင်းများစွာသော ကြေးငွေများ ဖြန်းတီးမှုအတွက် သူတို့ တာဝန်သာ ဖြစ်စေလိမ့်မည်။ သေရည်သေရက် ရောင်းဝယ်ဖေါက်ကားမှု၏ ကြောက်မက်ဖွယ်သောဆိုးကျိုးများကို ဘယ်သူကမျှ မျက်စိပိတ်ထား၍ မရပါ။ နေ့စဉ်သတင်းစာများတွင် ဖေါ်ပြပါရှိသော သေရည်သေရက် ရောင်းဝယ်ဖေါက်ကားမှုကြောင့် ဖြစ်ပေါ်လာရသောဒုက္ခဝေဒနာများ၊ ဆင်းရဲနွမ်းပါးခြင်းများ၊ ရာဇဝတ်မှုများတို့သည် ပရိယာယ်နှင့်တန်ဆာဆင်ထားသော ဒဏ္ဍာရီစကားများမဟုတ်ပေ။ သူတို့၏ကြောက်မက်ဖွယ်ကောင်းသောသေရည်သေရက်ရောင်းဝယ် ဖေါက်ကားမှုလုပ်ငန်းအားဖြင့်ပျက်စီးခြင်းသို့တွန်းပို့ခံရသောသူတို့၏ သဒ္ဓါကြေးများကြောင့် ရာပေါင်းများစွာသောသူတို့သည် ချမ်းသာကြွယ်ဝလာကြကြောင်းကိုလည်း အဆိုပါသတင်းစာများက ဖေါ်ပြကြသေးသည်။ သေရည်သေရက် ရောင်းဝယ်ဖေါက်ကားမှုကို ရပ်ဆိုင်းပစ်၍ အရက်ဆိုင်များကိုလည်း ပိတ်ထားလိုက်ပြီးလျှင် အရက်ကို စွဲစွဲလမ်းလမ်း ဖြစ်နေသော သူတို့အား တမလွန်ဘဝဆိုင်ရာ ခံစားစံစားရမည့် အခြေအနေမှန်များကို တွေးတော မျှော်ခေါ် နိုင်ခွင့်ပေးရန် မည်မျှကောင်းပေလိမ့်မည်နည်း။ **R & H, May 29, 1894.**

စာသင်ကျောင်းများကို တည်ထောင်ထားနိုင်ခဲ့သည်။ လူတို့သည် မိမိတို့၏ဆင်ခြင်နိုင်သောသတ္တိကို သူတို့အား စာတန်၏ လုံးဝချုပ်ကိုင်ထားမှုအောက်တွင် သွတ်သွင်းပေးသောအရာနှင့် လဲလှယ်ရာဌာနဖြစ်သော အရက်ဆိုင်များတွင် ဖြုန်းတီးလိုက်သော ကြေးငွေများကို စဉ်းစားကြည့်ပါ။ ထိုမျှ များပြားလှသော ကြေးငွေများကို ကလေးများနှင့် လူငယ်လူရွယ်ကို သမ္မာကျမ်းစာဆိုင်ရာ အသိပညာများ၊ လူသားအချင်းချင်း ကူညီမစနိုင်သည့် နည်းလမ်းများနှင့် လမ်းလွဲလိုက်နေသူများကို ရှာဖွေ၍ လမ်းမှန်သို့ ပို့ဆောင်ပေးသည့် နည်းလမ်းများသင်ကြားပို့ချပေးသည့် စာသင်ကျောင်းများ တည်ထောင်ရာတွင် အသုံးပြုလျှင် လူ့အဖွဲ့အစည်းတွင် မည်မျှကောင်းမွန်သော ပြောင်းလဲမှုများ တွေ့မြင်ရပါမည်နည်း။

လူတန်းစားအမျိုးမျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းရှိသည်။ သေရည်သေရက်နှင့် ဆေးလိပ်များကို သုံးစွဲလျက်ရှိသော အုပ်ချုပ်ရေးဆိုင်ရာ အရာရှိများ၊ ဥပဒေအရာ ကျွမ်းကျင်လိမ္မာသူများ၊ ဥပဒေပြုအဖွဲ့ဝင်များ၊ တရားသူကြီးများတို့ကို ကျွန်ုပ်တို့သည် မေ့လျော့မနေရပေ။ သေရည်သေရက်နှင့် ဆေးလိပ်တည်းဟူသော ဘေးအန္တရာယ်ပြုသော အရာများအတွက် အကုန်အကျခံသောငွေကြေးများကို လောကကြီးအား အကျိုးပြုမည့် ရာထူးဌာနန္တရများတွင် ဝင်ရောက်အမှုထမ်းနိုင်စေရန် ကလေးများနှင့်လူငယ်လူရွယ်များကို ပြင်ဆင်ပေးနိုင်သည်။ အသိပညာ၊ အတတ်ပညာဆိုင်ရာ သင်တန်းကျောင်းကြီးများတည်ထောင်မှုအတွက် အသုံးပြုရန် သူတို့အား တိုက်တွန်းပါ။ **Letter, 25, 1902.**

ဝတ်မွတ်သောသူတို့အား ကျွေးမွေးနိုင်၏။ အရက်ရောင်းစားသော သူတို့၏ပိုက်ဆံသေတ္တာများတွင်ထည့်သွင်းထားလိုက်သောငွေကြေးများကို လူသားတို့ခံစားနေရသောဒုက္ခဝေဒနာများကိုဖယ်ရှားရာတွင် အသုံးပြုလျှင် ကျွန်ုပ်တို့၏ ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ဝတ်မွတ်နေသော သူတို့၏ငိုကြွေးသံတို့သည် မကြာမီတိတ်သွားလိမ့်မည်။ သို့ရာတွင် ယင်းဆိုးသွမ်းမှုသည် အမြဲတစေ တိုးတက်လျက်ရှိသည်။ လူငယ်ပိုင်းသည် ယင်းညစ်ညမ်းသော ယမကာကို နှစ်သက်ရန် သွန်သင်မှုကို ခံရကြသည်။ ရလဒ်ကားဝိဉာဏဗလနှင့်ကာယဗလတို့ပျက်စီးစေခြင်းပင်တည်း။ ထို့ကြောင့် ဘုရားသခင်၏စပျစ်ဥယျာဉ်တွင် သူတို့ဆောင်ရွက်နိုင်သည့် လုပ်ငန်းကို အမှန်တကယ်ငြင်းပယ်ကြသည်။ **M, 139, 1899.**

သာသနာပြုဌာနများတည်ထောင်ထားနိုင်၏။ လူတို့အား ရိုင်းစိုင်းကြမ်းတမ်းသောဘဝသို့ တွန်းပို့၍ သူတို့၏ဆင်ခြင်တိုင်းထွာတတ်သောစွမ်းရည်ကို ဖျက်ဆီးသော အရက်သေစာသောက်စား မှုးယစ်မှုအတွက် သန်းပေါင်းများစွာ ကြေးငွေများ ဖြုန်းတီးပစ်သည်ကို စဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့ကမ္ဘာကြီးမှ မှောင်မိုက်လွှမ်းမိုးနေသော ဒေသများ၌တည်ထောင်လုပ်ကိုင်နေသော သာသနာပြုလုပ်ငန်းများကို ထိုမျှများပြားလှသော ကြေးငွေများဖြင့် ထောက်ပံ့ထားလျှင် ရေတွက်၍မရနိုင်သော ကောင်းကျိုးများ ဖြစ်ထွန်းနိုင်သည်။ ဘုရားကိုယ်တော်ရှင် ပိုင်ဆိုင်တော်မူသော ယင်းအခွင့်အရေးသည်ကား လုယူခြင်းခံရလေပြီ။ **M, 38½ . 1905.**

ပုံနှိပ်ထုတ်ဝေသည့် စာပေများစောင်ရေ တိုးတက်ဖြန့်ချိနိုင်သည်။ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကို ပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကို ထောက်၍ ခပ်သိမ်း

သောအမှုကိစ္စကိုပြုကြလော့” ဆိုသောတမန်တော်ပေါလု၏နှိုးဆော်ချက်ကိုလိုက်နာလျှင်ဘေးဥပဒ်ဖြစ်စေသောတပ်မက်ခြင်းအတွက် သုံးဖြုန်းပစ်လျက်ရှိသော ထောင်သောင်းမကသော ကြေးငွေများကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ ထည့်သွင်းထားလျှင် နွေဦးပေါက်တွင် ကြွေကျသော သစ်ရွက်များအနှံ့အပြားပျံ့လွင့်သွားသော သစ်ရွက်များကဲ့သို့ ဘာသာပေါင်းစုံဖြင့် ပုံနှိပ်ထားသောစာပေများကို ဝေငှဖြန့်ချိနိုင်မည်ဖြစ်သည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါး၌ရှိသော အများပြည်သူများအတွက်သာသနာပြုဌာနများတည်ထောင်ထားပေးနိုင်မည်ဖြစ်ပြီး ထိုသောအခါ ခရစ်တော်၏နောက်လိုက်များတို့သည် အကယ်အမှန် လောက၏အလင်း ဖြစ်လာကြမည်။ **ST, Aug. 13, 1874.**

ရက်အားများအားဖြင့် ချုပ်တည်းမှုကင်းမဲ့ခြင်းတိုးတက်များပြားလာခြင်း။ လူတို့သည် သူတို့၏ဆင်ခြင်တိုင်းထွာတတ်သောသတ္တိကို ရောင်းစားကြသောကြောင့် သောက်စားမူးယစ်ခြင်း၊ ရုန်းရင်းခတ်ခြင်း၊ အကြမ်းဖက် ခြင်း၊ ရာဇဝတ်မှုနှင့်လူသတ်မှုတို့သည် ဖြစ်ပျက်ကြကုန်သည်။ များပြားလှသောရက်အားများက ချုပ်တည်းမှုကင်းမဲ့မှု ဆိုင်ရာ ဆိုးသွမ်းမှုများကို တိုးတက်များပြားလာစေသည်။ ယင်းရက်အားများသည် အကျင့်သီလကောင်းမှု သို့မဟုတ် ဘာသာအယူဝါဒတို့အတွက် အထောက်အကူမဖြစ်ကြပေ။ ယင်းရက်အားနေ့များတွင် လူတို့သည် မိမိတို့မိသားစုများအတွက် လိုအပ်သော အသုံးအဆောင်များ ရယူရေးအတွက် အသုံးပြုရမည့်ကြေးငွေများကို သေရည်သေရက်သောက်စားမူးယစ်မှုအတွက် သုံးဖြုန်းလိုက်ကြသည်။ အမြတ်ရသောသူများကား သေရည်သေရက်ရောင်းစားသူများပင်ဖြစ်သည်။

သေရည်သေရက်သည် ကိုယ်တွင်းသို့ ဝင်သွားသောအခါ ကျိုးကြောင်းဆင်ခြင်တတ်သောသတ္တိသည် ပြင်ပသို့ ထွက်သွားသည်။ ယင်းအချိန်သည် မှောင်မိုက်၏လွှမ်းမိုးချိန်ဖြစ်၍ ယင်းအချိန်တွင် ရာဇဝတ်မှုမျိုးစုံဖြစ်ပျက်တတ်သည်။ လူ့ယန္တရားတစ်ခုလုံးကို အောက်အရပ်မှ အာဏာစက်က ချုပ်ကိုင်ထားမှုကြောင့် ဝိညာဉ်နှင့်ခန္ဓာကိုယ်တို့သည် တပ်မက်ခြင်း၏အလိုသို့ လိုက်လျောနေရသည်။ ယင်းတပ်မက်ခြင်း၏အလိုကို ဘာကဟန့်တားထားနိုင်သနည်း၊ တားဆီးနိုင်သနည်း။ ယင်းဝိညာဉ်များတွင် စိတ်ချရသော ကျောက်ချရာအရပ်မရှိပေ။ ရက်အားများသည် သူတို့ကို စုံစမ်းသွေးဆောင်ခြင်းရှိရာသို့ တွန်းပို့၏။ အဘယ်ကြောင့်ဆိုသော် အများသောသူတို့က ရက်အားသည် သူတို့အတွက် လုပ်လိုသောအရာလွတ်လွတ်လပ်လပ် လုပ်နိုင်သောနေ့ဟူ၍ ယူဆကြသည်။ **M, 17, 1898.**

မာရ်နတ်၏ဘဏ္ဍာတိုက်အတွက်သန်းပေါင်းများစွာသောကြေးငွေများ။ သေရည်သေရက်ကိုသောက်စားသောသူတို့၏အခြေအနေကို အကဲခတ်ကြည့်ပါ။ ယင်းအရက်သေစာများကို သောက်စားခဲ့မှုအတွက် ငွေကြေးမည်၍ မည်မျှသုံးဖြုန်းလိုက်ကြသနည်း။ ဆိုးသွမ်းမှုကို တာရှည်စွာ အသက်ဆက်ပေးထားရန်၊ ဌင်းပြင် စည်းလုံးမှု ပျက်ပြားစေခြင်း၊ တရားလက်လွတ်ပြုခြင်းနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းများကို ရာသက်ပန် သက်ဆိုးရှည်စေရန် မာရ်နတ်၏ဘဏ္ဍာတိုက်ထဲသို့ သန်းပေါင်းများစွာသောကြေးငွေတို့ကို ထည့်သွင်းထားကြသည်။ **M, 20, 1894.**

# ၃ သေရည်သေရက်နှင့်အိမ်ထောင်

မယုတ်မလွန်သောက်ခြင်း။ မယုတ်မလွန် သေရည်သေရက်သောက်ခြင်းဆိုသည်မှာ၊ အရက်သမားတစ်ဦးအား ဘဝလမ်းဆုံးအထိ ယင်းအခြေအနေ၌ ရပ်တည်နေစေရန် သင်ကြားပို့ချပေးသော သင်တန်းသာဖြစ်သည်။ **R & H, March 25, 1884.**

ဘုရားသခင်၏ကောင်းချီးမင်္ဂလာများ ကျိန်ခြင်းအမင်္ဂလာအသွင်ပြောင်းလဲသွားခြင်း။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သည် ကိုယ်တော်၏ဆုမင်္ဂလာများကို ရက်ရောစွာလူတို့အား သွန်းလောင်းချပေးတော်မူသည်။ ယင်းဆုမင်္ဂလာ များကို လူတို့သည် သတိပညာနှင့်လည်းကောင်း၊ ခြိုးခြံစွာဖြင့်လည်းကောင်း သုံးစွဲလျှင် ဆင်းရဲနွမ်းပါးခြင်း၊ ဖျားနာခြင်း၊ စိတ်ဒုက္ခရောက်ခြင်းတို့သည် ကမ္ဘာပေါ်မှပျောက်လွင့် သွားကြလိမ့်မည်။ သို့ရာတွင် အလိုလေး၊ လူတို့၏ဆိုးသွမ်းမှုက ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုအဘက်ဘက်တွင် ကျိန်ခြင်းအမင်္ဂလာအသွင်သို့ပြောင်းလဲလိုက်လေပြီတကား။

မြေဆီလွှာမှရရှိသော အသီးအနှံများကို အရက်သေစာလုပ်မှုအတွက် အသုံးပြုသောသူတို့ထက် ကိုယ်တော်၏အဖိုးထိုက်အဖိုးတန်ဖြစ်သောဆုကျေးဇူးများကို အလွဲသုံးစားပြုသောလူတန်းစားမရှိတော့ပြီ။ စားစရာဖြစ်သောစပါးစေ့

များ၊ ကျန်းမာမှုကို ဖြစ်စေသောအရသာရှိသောအသီးအနှံများကို အာရုံငါးဖြာကို ကမောက်ကမဖြစ်စေ၍ ဦးနှောက်ကို ရူးသွပ်စေသော အဖျော်ယမကာအနေဖြင့် ထုတ်လုပ်ကြ၏။ ယင်းအဆိပ်အတောက်များကို သုံးစွဲခြင်းအားဖြင့် ထောင်သောင်းမကသော အိမ်ထောင်များအား ဘဝအသက်တာ၏သာယာမှုများကိုသာမက အိမ်ထောင်အနေဖြင့် လိုအပ်မှုများကိုပါ ဆုံးပါးစေ၍ အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုကျူးလွန်မှုတို့သည် တိုးတက်များပြားလာပြီးလျှင် မြောက်မြား စွာသောကာယကံရှင်တို့အားအရက်သမားအနေဖြင့်လည်းကောင်း၊ ဝေဒနာရှင်အနေဖြင့်လည်းကောင်း မရဏာအတွင်းသို့ အမြန်မနှေး သက်ဆင်းစေ၏။ **GW, pp, 385, 386.**

ထိမ်းမြားမင်္ဂလာဆိုင်ရာ ကတိသစ္စာများသည် မီးနှင့်အမျှ ပူလောင်သောအရည်တွင် အရည်ပျော်သွားခြင်း။ အရက်သမား၏အိမ်ဂေဟာကို ကြည့်ပါ။ ညစ်ပေခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ စိတ်ဒုက္ခရောက်ခြင်း၊ စကားအားဖြင့်မဖော် ပြနိုင်သော သောကဗျာပါရပြည့်လျှံနေခြင်းတို့သည် ယင်းအိမ်ထောင်ကို စိုးမိုးလျက်ရှိသည်ကို သတိပြုပါ။ တစ်ကြိမ် က ပျော်ရွှင်လှသော ဇနီးဖြစ်သူသည် သူရူးပမာဖြစ်နေသော သူ့ခင်ပွန်းရှေ့တွင်ပြေးလွှားနေရသည်ကို ကြည့်ပါ။ ပိန် ကြုံနေသော သူမ၏ကိုယ်ခန္ဓာကို တဗုန်းဗုန်းရိုက်ပုတ်နေသောခင်ပွန်းအား သနားဖို့ တောင်းပန်နေသည်ကို နားထောင် ပါ။ ထိမ်းမြားမင်္ဂလာပြုစဉ်က ပြုခဲ့သောသစ္စာ၊ ရိုက်ခဲ့သောပန္နက်တို့သည်အဘယ်မှာနည်း။ သူမအား သဒ္ဓါကြည်ဖြူ ခြင်းနှင့် သူမအားကာကွယ်စောင့်ထိန်းရမည့်ခွန်အားများသည် အဘယ်မှာနည်း။ အလိုလေး၊ ယင်းအရာတို့သည်ကား မီးနှင့်အမျှ ပူလောင်သောအရည်ဖြစ်သော ရွံရှာဖွယ်သော ခွက်ဖလားတွင် အဖိုးထိုက်သော ပုလဲလုံးကလေးများ အရည် ပျော်သကဲ့သို့ အရည်ပျော်သွားကြပြီးတကား။ မလုံ့တလုံ ဝတ်ထားသော သားသမီးများကိုကြည့်ပါ။ တစ်ချိန်က သူတို့ အား ချစ်ခင်ယုယကြ၏။ မည်သည့်လေပြင်းမုန်တိုင်းဖြစ်စေ၊ ကမ္ဘာပထဝီလေးစားပြုမှုနှင့် ပြက်ရယ်ပြုမှုဖြစ်စေ သူတို့ အား မထိခိုက်စေရန် ကာကွယ်စောင့်ရှောက်ခဲ့သည်။ မိခင်၏စောင့်ထိန်းမှု၊ မိခင်၏မေတ္တာတို့ဖြင့် သူတို့အိမ်ထောင် သည် သုခဘုံဖြစ်နေခဲ့၏။ ယခုမူကား အားလုံးတို့သည် အခြေအနေပြောင်းလဲသွားလေပြီ။ နေ့စဉ်ရက်ဆက်လင်ဆိုး မယားတစ်ဖါးဖါးဖြစ်နေလျက် သားသမီး၏နှုတ်များမှလည်း ပူဆွေးသောအော်ဟစ်ငိုကြွေးသံတို့သည် ရုန်းကန်ထွက်ပေါ် လာ၍ ကောင်းကင်သို့တက်လေပြီ။**R & H, Nov. 8, 1881.**

သူ၏လူကြီးဘဝသည် တိမ်ကောသွားလေပြီ။ အရက်သမားကိုကြည့်ပါ။ သေရည်သေရက်သည် သူ့အား ဘယ်အခြေသို့တွန်းပို့ခဲ့သည်ကို ကြည့်ပါ။ သူ့မျက်လုံးများသည် မှေးမှုန်၍ သွေးချင်းချင်းနီလျက်ရှိသည်။ သူ့ မျက်နှာများလည်း ဖေါသွပ်သွပ်ဖြစ်၍ ထိုင်းမှိုင်းနေသည်။ လမ်းလျှောက်သောအခါ ယိမ်းယိုင်နေသည်။ စာတန်၏လက်ချက်ကို သူ့ကိုယ်ခန္ဓာတစ်ခုလုံးတွင်တွေ့မြင်နိုင်၏။ သဘာဝမမှုကိုယ်တိုင်ကလည်း သူ့အားမသိတော့ဟု ငြင်းဆန်ပြောဆိုနေသည်။ အဘယ်ကြောင့်ဆိုသော် သူ့အား ဘုရားသခင်ပေးသနားထားတော်မူသော စွမ်းရည်များကို မှောက်လှန်ပစ်လိုက်လေပြီ။ သေရည်သေရက်သောက်စားခြင်းအားဖြင့် သူ့လူကြီးဘဝကို ယုတ်ညံ့သောနည်းဖြင့် အသုံးပြုလေပြီ။ **R & H, May 8, 1894.**

စာတန်၏အကြမ်းဖက်မှုကို သရုပ်ဖေါ်ခြင်း။ သေရည်သေရက်အတွက် ဝိညာဉ်ကို ရောင်းစားရန် လူများကို သွေးဆောင်သောအခါ စာတန်သည် ယင်းနည်းပရိယာယ်ကို အသုံးပြုသည်။ သူသည် လူတို့၏ကာယဗလ၊ ဉာဏဗလ နှင့် ဝိဉာဏဗလတို့ကို အပိုင်စီးထားသောကြောင့် ကာယကံရှင်က လုပ်ကိုင်သမျှသည် စာတန်၏လုပ်ဆောင်ချက်သာ ဖြစ်သည်။ ရာသက်ပန်ချစ်ပါမည်၊ သဒ္ဓါပါမည်၊ ကြည်ဖြူပါမည် ကတိသစ္စာပြုခဲ့သောဇနီးကို အရက်သမားက လက်ဖြင့် ရိုက်ပုတ်သောအခါ စာတန်၏ရက်စက်ကြမ်းကြုတ်မှုသည် ရုပ်လုံးပေါ်လာသည်။ အရက်သမား၏ လုပ်ရပ်များသည် စာတန်၏အကြမ်းဖက်မှုကို ရုပ်လုံးဖေါ်ခြင်းသာဖြစ်သည်။ **MM, p. 114.**

ဘုရားသခင်၏ စာရိတ္တဗလရုပ်လုံးတော်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေပြီး ဖျက်ဆီးပစ်ရန် ယင်းလှို့ဆော်တတ် သော သေရည်သေရက်ကို တီထွင်ထားသော နတ်ဆိုး၏စိုးမိုးချုပ်ကိုင်မှုအောက်သို့ သေရည်သေရက် သောက်စားမှုက ဆွဲသွင်းထား၏။ **M, 1, 1899.**

တည်ငြိမ်မှုနှင့်သည်းခံခြင်းဆုံးပါးခြင်း။ ချုပ်တည်းမှုကင်းမဲ့သောသူသည်တည်ငြိမ်၍တစ်ဘက်စွန်းမရောက်သော စာရိတ္တမျိုးထားရှိရန် ခဲယဉ်းလှသည်။ အကယ်၍ သူသည် စကားမပြောတတ်သော တိရစ္ဆာန်များကို ထိန်းကျောင်း၊ မောင်းနှင်ရသောအခါဘုရားသခင်ဖန်ဆင်းထားတော်မူသောယင်းသတ္တဝါများကိုကြိမ်လုံးဖြင့် လိုသည်ထက်ပိုသော ရိုက်ချက်များကိုပြုလျှင် သူ၏အစာကြေညက်သော အင်္ဂါအစိတ်အပိုင်းများ သည်ချွတ်ယွင်း နေသည်ကိုထုတ်ဖေါ်ပြသည်။ အိမ်ထောင်အသိုက်အဝန်းတွင်လည်း ယင်းသဘောထားမျိုးဖြင့် ဆက်ဆံသည်ကို တွေ့ရသည်။ **Letter 17, 1895.**

တိုင်းပြည်တိုင်း၏ ရှက်ဖွယ်သော အခြေအနေနှင့် အမင်္ဂလာ။ သောက်စားမူးယစ်၍ ပျက်စီးနေသောသူများသည် အတိုင်းတိုင်းအပြည်ပြည်တွင် အများအပြားရှိနေကြသည်။ ထိုသူများအတွက် ခရစ်တော်သည် အသေခံတော်မူခြင်းအားဖြင့် ကယ်တင်ထားတော်မူသည်။ ကောင်းကင်တမန်များကလည်း သူတို့အတွက် မျက်ရည်ကျကြသည်။ ထိုကဲ့သို့သောသူများရှိနေခြင်းသည် ကျွန်ုပ်တို့ ဂုဏ်ယူနေသော ယဉ်ကျေးမှုပေါ်တွင် ကြီးမားသောအမည်းကွက်ကြီးတစ်ခုဖြစ်သည်။ ယင်းအခြေအနေသည် သက်ဆိုင်ရာတိုင်းပြည်များအတွက် ရှက်ဖွယ်သော်လည်းဖြစ်၊ အမင်္ဂလာလည်းဖြစ်၊ အန္တရာယ်ကြီးတစ်ရပ်လည်းဖြစ်နေသော အခြေအနေဖြစ်သည်။ **MH, p. 330.**

ဇနီးသည်ဖြစ်သူသည် လုယူခြင်းခံရ၍ သားသမီးများသည် အငတ်ငတ်အပြတ်ပြတ် ဖြစ်နေကြသည်။ အရက်မူးသမားသည် သေရည်သေရက်၏ အရှိန်အဝါကြောင့် မူးယစ်နေသောအခါ သူဘာလုပ်နေသည်ကို မသိပေ။ သို့ဖြစ်လင့်ကစား၊ သူ့အားတာဝန်မဲ့ဘဝသို့ တွန်းပို့သောယမကာကို သူ့အား ရောင်းချပေးခြင်းအားဖြင့် သူ၏ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သူအား ဥပဒေဖြင့် ကာကွယ်ထားကြသည်။ အသက်နှင့်ကိုယ်တည်မြဲနေရန် မုဆိုးမက လိုအပ်နေသော အစာရေစာကို လုယူခြင်းသည် အရက်ရောင်းစားသော သူအတွက်တရားဝင်သည်။ သူရောင်းသောသေရည်သေရက်ကို ဝယ်ယူစားသုံးသော အိမ်ထောင်အား အငတ်ဘေးရင်ဆိုင်စေခြင်း၊ မှီခိုရာမဲ့သားသမီးများအား လမ်းကြိုလမ်းကြားသွား၍ တောင်းရမ်းစားစေခြင်း သို့မဟုတ် ထမင်းကျန်ဟင်းကျန်များ လိုက်လံတောင်းစားစေခြင်းတို့သည် သူ့အတွက်တရားဝင်သည်။ သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသူ၏ဩတ္တပ္ပစိတ်သည်သံပူနှင့်ကပ်လိုက်သကဲ့သို့လောင်ကျွမ်းသည်တိုင်အောင် ယင်းမြင်ကွင်းများသည် တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် ယင်း ရှက်ဖွယ်လိလိဖြစ်သော မြင်ကွင်းများကို ပြန်လည်သရုပ်ဖေါ်လေသည်။ ဒုက္ခခံစားနေရသော ကလေးများ၏မျက်ရည် ကြီးငယ်များ၊ ပြင်းပြသောပူဆွေးမှုကြောင့်ထွက်ပေါ်လာသော မိခင်၏ငိုကြွေးသံများသည် သေရည်သေရက်ရောင်းချ သောသူတို့အား ပိုမိုအမျက်ထွက်စေလေသည်။

အရက်သမားက ပေးကမ်းရန်ရှိသော အရက်ကြွေးများကို ဒုက္ခရင်ဆိုင်နေရသော သူ့အိမ်ထောင်မှ တောင်းခံရန် အရက်ရောင်းသောသူသည် လက်နှေးနေလိမ့်မည်မဟုတ်။ ကွယ်လွန်သွားပြီးဖြစ်သော ခင်ပွန်းသို့မဟုတ် ဖခင်အရက်သမားကြီးက ပေးဆပ်ရန် ကျန်ရှိနေသော အရက်ကြွေးမြီများအတွက် အိမ်ထောင်တွင်မရှိမဖြစ်သော ပစ္စည်းများကိုပင်လာရောက်သိမ်းဆည်းသွားလိမ့်မည်။ သွားလေသူ၏သားသမီးများ ငတ်မွတ်နေခြင်းကို အရက်ရောင်းသမား သည် ဘာမျှအရေးမစိုက်။ သူတို့အားယုတ်ညံ့၍ဉာဏ်ပညာမဲ့၍ လူတကာတို့၏ ညှဉ်းပန်းနှိပ်စက်မှုကိုခံနေရသော သတ္တဝါများဟူ၍ သဘောထားလျက် သူတို့၏ဘဝမြှင့်တင်ရေးကို လုံးဝဂရုမစိုက်ပေ။ သို့ရာတွင်ကောင်းကင်တစ်ခုလုံးကို အုပ်စိုးတော်မူသော ဘုရားသခင်သည် ထိုအိမ်ထောင်ရင်ဆိုင်နေရသော အခက်အခဲများ၏မူလဘူတအကြောင်းရင်းကိုလည်းကောင်း၊ အရက်သမားနှင့်သူ့မိသားစုတို့ ရင်ဆိုင်ရသော စကားအားဖြင့် ဖေါ်ပြ၍ မရသောဒုက္ခနှင့်ရှုတ်ချခံရမှုတို့၏ ပထမအကြောင်းရင်းနှင့် နောက်ဆုံးဆိုးကျိုးများကိုလည်းကောင်း မျက်ခြေပြတ်တော်မမူပေ။ ကောင်းကင်ဘုံ၌ရှိသော စာစောင်စာရင်းများတွင် ယင်းဖြစ်ရပ်၏အချက်အလက်တိုင်းကို မှတ်သားထားတော်မူသည်။ **R & H, May 15, 1894.**

အရက်သမားသည် သူ့အပြစ်အတွက်သူတာဝန်ရှိသည်။ အရက်ရောင်းသူအပေါ် အပြစ်ဖို့ခြင်းအားဖြင့် အရက်သည် သူ၏ညစ်ညမ်းမှုကို ဖုံးဖိထားနိုင်လိမ့်မည်ဟု မယူဆပါစေနှင့်။ အဘယ်ကြောင့်ဆိုသော် သူ့အပြစ်အတွက်နှင့်သူ့ဇနီးနှင့်သားသမီးတို့ကို ယုတ်ညံ့သောဘဝသို့တွန်းပို့သည်အတွက်သူသာလျှင် အဖြေမှန်ပေးရလိမ့်မည်။ "ထာဝရဘုရားကိုစွန့်သောသူတို့သည် ဆုံးရှုံးကြလိမ့်မည်။" **R & H, May 8, 1894.**

သေရည်သေရက်၏မှောင်ရိပ်တွင်။ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် အရက်ဝယ်ယူသောက်စားမှုလုပ်ငန်းကို ဆက်လက်၍ ပြုလုပ်လျက်ရှိသည်။ လူမျိုးတစ်မျိုးလုံး၏အားထားစရာနှင့် ဂုဏ်ယူစရာဖြစ်သောဖခင်များ၊ ခင်ပွန်းများနှင့်အစ်ကိုများ၊ ညီများတို့သည် သွားနေကျ အရက်ဆိုင်ထဲသို့ ဆက်လက်ဝင်ထွက်သွားလာသောက်စာမူးယစ်နေကြပြီး ပျက်စီးယိုယွင်းနေသောသူများအနေဖြင့် အရက်ဆိုင်ထဲမှ ထွက်လာကြသည်။

ပို၍ ကြက်သီးမွေးညင်းထစရာကောင်းသည်မှာ၊ ယင်းဒုက္ခသည် အိမ်ထောင်ကို ဖြိုခွင်းပစ်သည်။ သေရည်သေရက် သောက်စားသော အလေ့အကျင့်ရှိသော အမျိုးသမီးဦးရေမှာ ပိုမိုများပြားလာလေပြီ။ အိမ်ထောင်များတွင် အရက်သောက်တတ်သော မိခင်များတို့၏ပေါ့လျော့မှု၊ နှိပ်စက်မှုနှင့်ဆိုးသွမ်းမှုတို့ကြောင့် ကလေးများ၊ အပြစ်ကင်း၍မစမဲ့ဘဝ ၌ ရပ်တည်နေသော နို့စို့ကလေးများသည်ပင် နေ့စဉ်နှင့်အမျှ အသက်ဘေးနှင့် ရင်ဆိုင်နေကြရသည်။ သားသမီးတို့ သည် ယင်းကြောက်မက်ဖွယ်ကောင်းသော ဒုစရိုက်၏အရိပ်အာဝါသတွင် ကြီးပြင်းလာရကြသည်။ သူတို့၏နောင်ရေး မှာကား သူတို့မိဘတို့၏အဆင့်အတန်းထက် များစွာနိမ့်ကျသောအဆင့်အတန်းသို့ လျော့ကျနစ်မြုပ်သွားစရာ အကြောင်းရှိသည်။ **MH, p. 339.**

## ၄ မတော်တဆထိခိုက်မှုများ၏အကြောင်းတစ်ရပ်

အရက်သမားသည် စာတန်၏ချုပ်ထိန်းမှုအောက်တွင် ရပ်တည်ခြင်း။ သေရည်သေရက်ကို သောက်စားသောသူသည် မိမိတို့ကိုယ်ကို စာတန်၏ကျေးကျွန်စာရင်းတွင် သွတ်သွင်းထားကြသည်။ မီးရထားဌာန၊ ရေကြောင်းဌာန၊ မော်တော်ယာဉ်ဌာနများတွင် အုပ်ချုပ်ကွပ်ကဲရသောအပိုင်းတွင် အမှုထမ်းရသော မှုထမ်းရာထမ်းများကိုလည်းကောင်း၊ ပွဲလမ်းသဘင်နှင့် ပျော်ပွဲရွှင်ပွဲများသို့ သွားကြသောခရီးသည်များနှင့် ပြည့်ကျပ်နေသော မော်တော်ယာဉ်များမှ ယာဉ်မောင်းသမားများကိုလည်းကောင်း ယင်းခံတွင်းကို အမှောက်မှောက်အမှားမှားဖြစ်စေသော သေရည်သေရက်ကို သောက်စားစေ၍ ဘုရားသခင်နှင့်ကိုယ်တော်၏ပညတ်တော်များကို မေ့လျော့စေရန် စာတန်သည် ထိုသူတို့ကို သွေးဆောင်လေသည်။ သူတို့သည် မှားယွင်းသော အကျင့်ဓလေ့များနှင့် ခံတွင်းအရသာများကို လိုက်စားခြင်းအားဖြင့် အလုပ်သမားတစ်ဦးသည် လက်နက်တန်ဆာပလာတစ်ခုကို ကိုင်တွယ်သုံးစွဲသကဲ့သို့ သူတို့၏ ကျိုးကြောင်း ဆင်ခြင်တိုင်းထွာနိုင်သော စွမ်းရည်ကို သူက ချုပ်ကိုင်ထားနိုင်သော အခြေအနေတွင် သူတို့အား ရပ်တည်နေစေရန် သူတို့အား စာတန်က သွားရည်ကျလောက်သော တံစိုးလက်ဆောင်များကို ကမ်းလှမ်း၏။ ထိုနောက် အပျော်အပါးလိုက်စားသော သူတို့ကို စာတန်သည် ဖျက်ဆီးတော့သည်။

ဤနည်းအားဖြင့် လူတို့သည် စာတန်၏ ကိုယ်စားလှယ်၊ တန်ဆာပလာများအနေဖြင့် သူနှင့်လက်တွဲဆောင်ရွက်ကြသည်။ သူတို့ဘာလုပ်နေသည်ကို တွေ့မြင်နိုင်စွမ်းမရှိ။ အချက်ပြခြင်းများသည် တလွဲတချော်ဖြစ်၍မော်တော်ယာဉ်တိုက်မှုများ ဖြစ်ပျက်ပြီးသည်နောက် ကြည့်မကောင်း၊ ရှုမကောင်းဖြစ်သောမြင်ကွင်းများ၊ ခြေပြတ်လက်ပြတ်ဖြစ်ခြင်းများနှင့် သေကြေပျက်စီးခြင်းများ ဖြစ်ပျက်ရ၏။ ယင်းအဖြစ်အပျက်မျိုးသည် သိသာစွာ ပိုမိုများပြားလာလိမ့်မည်။ နေ့စဉ်ထုတ်သတင်းစာများက ကြောက်မက်ဖွယ်ကောင်းသော မတော်တဆထိခိုက်မှုများ အများအပြား ရေးသားဖော်ပြကြမည်။ သို့စဉ်လျက်အရက်ဆိုင်များကိုကား ခါတိုင်းထက် သွားရည်ကျအောင် ခင်းကျင်းပြီး ရောင်းချရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြမည်။ “ကျွန်ုပ်သည် ယောကျ်ားတစ်ယောက်ဖြစ်သည်။” ဟူ၍မတ်တတ်ရပ်၍ပြောဆိုရန်ပင် အင်အားမရှိသော်လည်း သူ့လုပ်ရပ်အားဖြင့် “ကျွန်ုပ်သည် ကိုယ်ကို ချုပ်တည်းမှုမရှိသောသူ၊ စုံစမ်းသွေးဆောင်ခြင်းများခုခံမှု မပြုနိုင်သောသူ” ဟုပြောဆိုသော သနားဖွယ်ဖြစ်သော သွေးဆောင်မှုခံရသောသူအား သေရည်သေရက်ကို ဆက်လက်၍ ရောင်းချပေဦးမည်။ ယင်းကဲ့သို့သောသူတို့သည် ဘုရားသခင်နှင့်ဆက်သွယ်မှုကို ဖြတ်တောက်၍ စာတန်၏ လိမ်လည်လှည့်ဖြားမှုကို ခံရသောသူများ ဖြစ်ကြသည်။**M, 17, 1898.**

သေရည်သေရက်ကြောင့် ပိုင်းခြားဝေဖန်နိုင်သော စွမ်းရည်ပျက်စီးခြင်း။ သေရည်သေရက်သောက်စားသော သူတို့သည် စာတန်၏ဖျက်ဆီးတတ်သောသြဇာကိုခံနေရကြသူများဖြစ်သည်။ စာတန်သည်သူတို့အား သူ၏မှားယွင်းသောသဘောတရားရေးရာများကို ပေးထားသောကြောင့် သူတို့၏ပိုင်းခြားဝေဖန်တတ်သောစွမ်းရည်များကိုယုံကြည်ရန် မဖြစ်နိုင်ပေ။ **R & H, May 1, 1900.**

မီးရထားပေါ်မှ သက်ဆိုင်ရာ အရာရှိတစ်ဦးသည် အချက်ပြချက်ကို နာခံရန် ပေါ့လျော့မည် သို့မဟုတ် အမိန့်တစ်ခုခုကို တလွဲတချော်ကောက်ချက်ချမည်။ ရထားသည် ဆက်လက်မောင်းနှင်သွားသည်။ ရထားတိုက်သည်။ အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးရမည်။ သို့မဟုတ် သင်္ဘောတစ်စင်း နစ်မြုပ်သွားသည်။ ခရီးသည်များနှင့် သင်္ဘောလုပ်သားများတို့သည် ရေသချိုင်း၌ သင်္ဂြိုဟ်ပြီးဖြစ်သည်။ ယင်းကိစ္စကို စစ်ဆေးမေးမြန်းသောအခါ အရေးကြီးသော ဌာနတွင် လုပ်ကိုင်ရသော အရာရှိတစ်ဦးသည် အရက်မူးနေသောကြောင့် ယင်းစိတ်မချမ်းသာစရာ အဖြစ်အပျက်ဖြစ်ပျက်ရသည်ကို တွေ့ရှိရသည်။ **MH, p. 331.**

ဘုရားသခင်သည် အရက်သောက်သောသူအား တာဝန်မကင်းဟူ၍ သတ်မှတ်တော်မူမည်။ ပင်လယ်ကူး သင်္ဘောကြီးများကို အုပ်ချုပ်ရသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် မီးရထားပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲရသောအရာရှိများ တို့သည် ချုပ်တည်းမှုကို ကျင့်သုံးသောသူများ ဖြစ်ကြပါသလား။ သူတို့၏ ဦးနှောက်များသည် မူးယစ်စေသော အသုံး အဆောင်တို့၏ဩဇာသက်ရောက်မှုနှင့် ကင်းကွာကြပါသလား။ အကယ်၍ မကင်းကွာလျှင် သူတို့၏အုပ်ချုပ်မှုအောက် တွင် ဖြစ်ပျက်ရသောမတော်တဆ အဖြစ်အပျက်များအတွက် လူယောကျ်ားနှင့်လူမိန်းမတို့ကို စီရင်တော်မူသော ဘုရား သခင်က သူတို့အား တာဝန်မကင်းသူများဟူ၍ သတ်မှတ်တော်မူလိမ့်မည်။ **R & H, May 1, 1900.**

လူအပေါင်းတို့အား မတော်တဆဖြစ်ပျက်မှုတို့မှ ဘေးမသီ ရန်မခအောင် စောင့်ရှောက်ရန် ကြီးလေးသော တာဝန်ထမ်းဆောင်ရသော သူတို့သည် သူတို့အား လွှဲအပ်ထားသော တာဝန်ကို ထမ်းဆောင်ရာတွင် မကြာခဏဆို သလိုကျေပွန်မှုမရှိကြ။ ဆေးလိပ်နှင့် သေရည်သေရက်များကို သုံးစွဲသောကြောင့် ဇာဗုလုန်ပြည်နန်းတော်တွင် ဒံယေလပြုလုပ်ခဲ့သကဲ့သို့ သူတို့စိတ်ကို ကြည်လင်တည်ငြိမ်အောင်မထားရှိကြ။ အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်၍ ထုံထိုင်းမှိုင်းစေသောအရာများကိုသုံးစွဲခြင်းအားဖြင့် သူတို့၏ဦးနှောက်သည်ထုံထိုင်းမှေးမှိန်လာ၍ ယာယီမျှ သူတို့၏ကျိုး ကြောင်းဆင်ခြင်နိုင်သော စွမ်းရည်သည် ပျောက်ပျက်သွားသည်။ ပင်လယ်မျက်နှာပြင်ကြီးတွင် သင်္ဘောကြီးများ ပျက်စီး နစ်မြုပ်ရခြင်းသည်သက်ဆိုင်ရာအာဏာပိုင်တို့၏သေရည်သေရက် သောက်စားမှုကြောင့်ဖြစ်ရသည်ကိုခြေရာခံနိုင်သည်။

သင်္ဘောပေါ်တွင် စီးနင်းလိုက်ပါလာသောခရီးသည်များထဲတွင် ဘုရားသခင်၏ထိန်းသိမ်းစောင့်ရှောက်နိုင် သောတန်ခိုးတော်ကို ယုံကြည်ကြသောသူတို့က ဆုတောင်းနေကြသောကြောင့် ကျယ်ပြန့်သောပင်လယ်မျက်နှာပြင်ပေါ် ကူးဖြတ်မောင်းနှင်သွားလာနေသော သင်္ဘောကြီးများကို မျက်မြင်ကိုယ်တွေ့မဖြစ်သော ကောင်းကင်တမန်များက မကြာခဏ ကာကွယ်စောင့်ထိန်းထားကြသည်။ ကိုယ်တော်၏သားသမီးများအား ဖျက်ဆီး၍ ရေသချိုင်းတွင်း သင်္ဂြိုလ်ပစ်ရန် သည်းခံခြင်းတရား ကင်းမဲ့၍ ဒေါသထွက်နေသော လှိုင်းတံပိုးများကို ဟန့်တားထားရန် ကိုယ်တော်ရှင်၌ တန်ခိုးရှိတော်မူသည်။ **M, 153, 1902.**

သေရည်သေရက်သောက်စားမှုကို ဆုံးမရန်။ ယခုနောက်ဆုံးသောကာလတွင် လူသူအမြောက်အမြားကျင့်သုံး လျက်ရှိသော လောင်းကစားမှုနှင့်သေရည်သေရက်သောက်စားမှုတို့ကို သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းမှုအရ ဆုံးမမည့် သူတို့ကို လိုအပ်နေပါသည်။ **M, 117, 1907.**

ဘေးကင်းသောတစ်ခုတည်းသောလမ်း။ သေရည်သေရက်သောက်စားမှုကြောင့် ကြောက်မက်ဖွယ်ဖြစ် သော မတော်တဆထိခိုက်မှုများဖြစ်ပျက်သည့်အခါပေါင်း ဘယ်မျှလောက် များပြားလျက်ရှိနေပြီနည်း။ မည်သူမဆို သောက်ခဲ့သော်လည်း သူတို့၏အသက် အန္တရာယ်မပြုသော အချိုးအစားသည် ယင်းကြောက်မက်ဖွယ်ရာကောင်းသော မူးယစ်စေတတ်သောအရည်တွင် မည်မျှလောက်ရှိသနည်း။ လူသည် အရက်သောက်စားခြင်းအားဖြင့် မိမိ၏စိတ်ကို ရှုတ်ထွေးအောင် မပြုလုပ်သင့်ပေ။ မည်သည့် မူးယစ်စေသောအရာကိုမျှ သူ့ပါးစပ်တွင်းသို့ မဝင်စေရ။ သို့မှသာလျှင် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသောအချိန်တွင် တာဝန်ရှိသောခေါင်းဆောင်များက မည်ကဲ့သို့သောကိစ္စမျိုးကို မဆို ကျေနပ်မှုရှိရှိဖြင့် ရင်ဆိုင်ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ **R & H, May 29, 1894.**

## ၅ ပြည်သူ့ ကျန်းမာမှုဆိုင်ရာ ပြဿနာတစ်ရပ်

သူတို့၏စိတ်ဓါတ်ကြံ့ခိုင်မှုကို ရောင်းစားခဲ့ကြသည်။ လောကကြီးတစ်ခုလုံးတွင် အဆင့်အတန်းနိမ့်ကျသော လူများရှိကြသည်။ သူတို့သည် လူငယ်လူရွယ်အချိန်က ဆေးလိပ်နှင့် သေရည်သေရက်သုံးစွဲရန် စုံစမ်းသွေးဆောင်မှု ကို လိုက်လျောခဲ့ကြသည်အတွက် ကိုယ်ခန္ဓာ အဆောက်အအုံမှ အသားမျှင်များကို အဆိပ်သင့်စေပြီး သူတို့၏ ကျိုး ကြောင်းဆင်ခြင်နိုင်သောစွမ်းရည်ကိုလည်း မှောက်လှန်ပစ်လိုက်သောကြောင့် ရရှိလိုက်သောရလဒ်မှာ စာတန်၏ အလို ဆန္ဒအတိုင်း ဖြစ်ပျက်သွားတော့၏။ စိတ်ကူးဉာဏ်၏စွမ်းရည်များသည် ထုံထိုင်းမှေးမှိန်ကုန်ကြသည်။ ကာယကံရှင်တို့ သည် သေရည်သေရက်၏ သွေးဆောင်မှုကို လိုက်ပါသွား၍ သူတို့၌ရှိသော ကျိုးကြောင်းဆင်ခြင်နိုင်သော သတ္တိကို အရက်တစ်ခွက်ဖြင့် ရောင်းစားကြသည်။

ကျိုးကြောင်းဆင်ခြင်တတ်သော စွမ်းရည်များ ကင်းမဲ့သွားသော သူကိုကြည့်ပါ။ သူဘယ်သူနည်း။ သူသည် စာတန်အလိုဆန္ဒ၏ကျေးကျွန်တစ်ဦးပါတကား။ ဖေါက်ပြန်ရေးသမားကြီး စာတန်သည် သူ့ ဂုဏ်အင်္ဂါများကို ထိုသူအထဲသို့ သွတ်သွင်းပေးသည်။ ထိုသူသည် ကာမဂုဏ် ကြူးလွန်မှုနှင့် အကြမ်းဖက်မှုတို့၏ ကျေးကျွန်ဖြစ်လာသည်။ သူမကျူးလွန်သည့် ပြစ်မှုဟူ၍ မရှိတော့ပြီ။ အဘယ်ကြောင့်ဆိုသော် ထိုသူအား မူးယစ်စေသော အရာကို သူ့ခံတွင်းထဲ သို့ လောင်းထည့်လိုက်သည့်နောက်ပိုင်းတွင် ယင်းအရည်၏ တန်ခိုးကြောင့် သူသည် နတ်ဆိုးကြီး ဖြစ်လာသည်။

ကျွန်ုပ်တို့လူငယ်လူရွယ်များကို ကြည့်ပါ။ ကျွန်ုပ်တို့အတွက် အလွန်စိတ်မချမ်းသာစရာဖြစ်သည့်ကိစ္စကို ယခုတင်ပြနေပါသည်။ ယင်းလူငယ်များတွင် စိတ်ဓါတ်ကြံ့ခိုင်မှုဆိုသည်မှာ ဗလာနတ္တိမရှိသလောက် ဖြစ်နေကြပြီ။ သူတို့၏ အကြောအခြင်များသည် အင်အားချည့်နဲ့လာသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏စွမ်းရည်များ ခန်းခြောက်သွားပြီးဖြစ်သည်။ ကျန်းမာမှုရှိကြောင်းပြသည့် နီမြန်းနေသောအရောင်သည် သူတို့မျက်နှာပြင်မှ ပျောက်ကွယ်သွားလေပြီ။ မျက်စိများ၏ကြည်လင်မှုသည် ဗလာနတ္တိမရှိတော့ပြီ။ မျက်လုံးများ၏တောက်ပခြင်းလည်း ကွယ်ပျောက်သွားလေပြီ။ သူတို့သောက်စားလိုက်သောသေရက်သေရက်က သူတို့၏မှတ်ဉာဏ်ကို ချည့်နဲ့သွားစေပြီ။ သူတို့သည် အသက်အရွယ်အားဖြင့် နုနယ်သေးသော်လည်း သက်ကြီးရွယ်အိုများနှင့်တူကြလေပြီ။ သူတို့ဦးနှောက်သည် လိုအပ်သောအချိန်တွင် ၎င်းတို့၌ရှိသော ကြွယ်ဝလှသော ဘဏ္ဍာများကို ထုတ်ပေးရန် မတတ်နိုင်တော့ပြီ။**M, 17, 1898.**

ကိုယ်ကျင့်တရားဆိုင်ရာဒုစရိုက်နှင့်ကိုယ်ခန္ဓာဆိုင်ရာရောဂါဝေဒနာ။ ချုပ်တည်းမှုကင်းမဲ့သောဝေဒနာရှင်များတွင် လူတန်းစားအမျိုးမျိုးနှင့်ပညာသည်အမျိုးမျိုးပါဝင်သည်။ လူနေမှုအဆင့်အတန်းမြင့်မားသည်သာမက အရည်အချင်းအပြည့်အဝရှိ၍ ပညာထူးချွန်သော ပုဂ္ဂိုလ်ကြီးများတို့သည် ဖြားယောင်းသွေးဆောင်မှုကိုတွန်းလှန်ရန် မစွမ်းဆောင်နိုင်လောက်အောင် ခံတွင်းအလိုသို့လိုက်၍ သောက်စားမူးယစ်ကြသည်။ ယင်းပုဂ္ဂိုလ်ကြီးအချို့တို့သည် တစ်ချိန်က ပစ္စည်းဥစ္စာကြွယ်ဝသူများ ဖြစ်သော်လည်း အိမ်ခြေရာခြေမရှိ၊ မိတ်ဆွေမရှိပဲ ဒုက္ခရောက်လျက် ရောဂါဝေဒနာစွဲကပ်၍ ဂုဏ်အသရေဆုတ်ယုတ်သော အခြေအနေ၌ ရပ်တည်နေရသည်။ သူတို့သည် သူတို့ကိုယ်ကို ချုပ်ထိန်းထားနိုင်စွမ်းကို ဆုံးရှုံးစေကြသည်။ ကယ်ဆယ်မည့်သူမရှိလျှင် သူတို့သည် ပိုမိုနက်ရှိုင်းစွာ နစ်မြုပ်သွားတော့မည်ဖြစ်သည်။ ယင်းကဲ့သို့ ကိုယ့်အလိုလိုက်စားမှုများသည် ကိုယ်ကျင့်တရားဆိုင်ရာ ဒုစရိုက်ကို ကျူးလွန်သည်သာမက ကိုယ်ခန္ဓာဆိုင်ရာ ရောဂါဝေဒနာကိုလည်း ရရှိခြင်းဖြစ်သည်။ **MH, p, 172.**

ကုစ၍မရနိုင်သောအခြေအနေ၌။ မူးယစ်ထိုင်းမှိုင်းစေသော ဆေးဝါးများ အလေ့အထအနေဖြင့် သုံးစွဲနေသော သူသည် ကုစ၍မရနိုင်သောအခြေအနေမျိုးတွင် ရပ်တည်နေသည်။ သူ့ဦးနှောက်သည် ပျက်စီးယိုယွင်းနေ၍ သူ့စိတ်ဓါတ်အင်အားသည် ချည့်နဲ့နေသည်။ သူ့ကိုယ်တိုင်၌ရှိသော အင်အားတွင် သူ့ခံတွင်းအရသာကို သူထိန်းချုပ်၍ မရပေ။ သူ့ကိုယ်ကို ငြင်းပယ်ဖို့သူ့အား အကျိုးသင့်အကြောင်းသင့် ပြော၍မရ သို့မဟုတ် ဖျောင်းဖျပြောဆို၍ မရပေ။ **MH, p. 344.**

ကိုယ်ခန္ဓာနှင့်ဝိညာဉ်ပါ ကျွန်တွင်း သက်ဆင်းခြင်း။ အရက်ဆိုင်များကို မြို့ကြီးမြို့ငယ်အသွယ်သွယ်တို့တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ခရီးသည်တစ်ဦးသည် ယင်းအရက်ဆိုင်ထဲသို့ ဝင်သွားသောအခါ ကျိုးကြောင်းဆင်ခြင်နိုင်သောစွမ်းရည်နှင့် တည့်တည့်မတ်မတ် လမ်းလျှောက်နိုင်သော စွမ်းရည်တို့ဖြင့် ဝင်သွားသည်။ ယင်းဆိုင်မှ ထွက်လာသောအခါ သူလမ်းလျှောက်ပုံကို ကြည့်ပါ။ သူ့မျက်လုံးများတွင် ကြည်လင်တောက်ပမှုသည် ပျောက်ကွယ်သွားလေပြီ။ တည့်မတ်စွာ လမ်းလျှောက်နိုင်သော စွမ်းရည်များလည်း ဗလာနတ္တိမရှိတော့ပြီ။ လှိုင်းထနေသော ပင်လယ်မျက်နှာပြင်ကြီးတွင် သွားလာနေသော သင်္ဘောကြီးပမာ ဟိုယိမ်းဒီယိုင်ဖြစ်နေလေပြီ။ သူ့ကျိုးကြောင်းဆင်ခြင်နိုင်သောသတ္တိသည် အင်အားမဲ့လာ၍ သူယူဆောင်ထားသော ဘုရားသခင်၏ပုံသဏ္ဌာန်သည် ပျက်စီးသွားလေပြီ။ အဆိပ်အတောက်ဖြစ်သည်သာမက စိတ်ရူးပေါက်စေသောသေရည်သေရက်သည် သူ့ရုပ်ရည်ပေါ်တွင် အမှတ်တံဆိပ် ရိုက်နှိပ်ထားလိုက်လေပြီ။ သူ့ကိုယ်ခန္ဓာနှင့်ဝိညာဉ်တို့သည် ကျွန်ဘဝသို့ သက်ဆင်းကြလေပြီ။ ထိုကြောင့် သူသည် အမှားနှင့်အမှန်ကို ပိုင်းခြားဝေဖန်နိုင်သောသတ္တိမရှိတော့ပြီ။ သေရည်သေရက်ရောင်းစားသောသူကအရက်ပုလင်းကိုသူ့နှုတ်ခမ်းတွင် တပ်ပေးလိုက်သောကြောင့် ယင်းအရက်၏ အရှိန်အဝါအားဖြင့် သူ့စိတ်များ ကြမ်းတမ်းခက်တရော်ရှိလာပြီး သတ်ချင်ဖြတ်ချင်သောစိတ်များလည်း ဝင်လာ၍ ရူးသွပ်နေသောအခြေအနေတွင် လူသတ်မှုကို ကျူးလွန်ပါတော့သည်။

သူ့ကို မြေကြီးဆိုင်ရာ ခုံရုံးမျက်မှောက်သို့ ခေါ်ဆောင်လာပြီ။ သေရည်သေရက်ရောင်းဝယ်ဖေါက်ကားမှုကို ဥပဒေဖြင့် ခွင့်ပြုထားသောသူတို့ကိုယ်တိုင်၏အစီအစဉ်မှပေါ်ပေါက်လာသော အကျိုးသက်ရောက်မှု (ဝါ) ပြဿနာကို ဖြေရှင်းရတော့မည်။ လူကောင်းမှသူရူးအခြေအနေသို့ပို့ဆောင်ပေးသောအရည်ကို ထိုသူအားရောင်းချပေးရန် တရားဥပဒေအရ ခွင့်ပြုထားလင့်ကစား ယခုမှာ ထိုပြစ်မှုကျူးလွန်သော အရက်သမားအား လူသတ်မှု ကျူးလွန်ခြင်းအတွက် သေဒဏ်ပေးရန် လိုအပ်ပေပြီ။ သူ့ဇနီးနှင့်သားသမီးတို့သည် ဆင်းရဲခြင်းဒုက္ခကို ရင်ဆိုင်လျက် ကျန်ရစ်ခဲ့၍ သူတို့ ရပ်ကွက်မှာလည်း မျက်နှာပန်း မလှဖြစ်ရလေပြီ။ ထိုသူ၏ဝိညာဉ်နှင့်ကိုယ်ခန္ဓာသည် ဆုံးရှုံးသွား၍ မြေကြီးပေါ်တွင် လူ့အဆောက်အအုံမှ အဆက်ဖြတ်တောက်ခံရပြီး ကောင်းကင်ဘုံသို့ ဝင်စားနိုင်သည့် မျှော်လင့်ချက်သည်လည်း ပျောက်ကွယ်သွားလေပြီ။

သွေးဆောင်မှုကို တွန်းလှန်ရန် အင်အားမရှိတော့ပြီ။ သေရည်သေရက်သောက်စားသော အလေ့အကျင့်ရှိသော သူတို့သည် သေရည်သေရက်၏အရှိန်အဝါကြောင့် ရူးသွပ်သကဲ့သို့ ဖြစ်လာမှုကြောင့် သူတို့၏ ကျိုးကြောင်းဆင်ခြင်နိုင်သော သတ္တိကို ဝီစကီတစ်ဖန်ခွက်နှင့် လဲလှယ်ရန် လိုလားကြသည်။ "ငါမှတစ်ပါး အခြားသောဘုရားကို မကိုးကွယ်နှင့်" ဆိုသော ပညတ်တော်ကို သူတို့သည် မစောင့်ထိန်းကြ။ သူတို့၏ စာရိတ္တဗလမှာ လွန်စွာအင်အားချည့်နဲ့လာသောကြောင့် သွေးဆောင်ခြင်းကို တွန်းလှန်ရန် သူတို့၌အင်အားမရှိတော့ပြီ။ သူတို့၏ အရက်သောက်စားလိုသော အာသာဆန္ဒမှာလည်း လွန်စွာပြင်းထန်လာပြီး အခြားအခြားသော လိုအင်ဆန္ဒရှိသမျှကို တိမ်ဖုံးပါလို့ လ မသာသော အခြေအနေသို့ရောက်ရှိလျက် ဘုရားသခင်က မိမိကို စိတ်နှလုံးအကြွင်းမဲ့ချစ်ရမည်ဆိုသော တောင်းဆိုချက်ကို အသိတရားပျောက်ကွယ်သွားသည်နောက်ပိုင်းတွင် သူတို့သည် လက်တွေ့အသောက်အစား တပ်မက်စွဲလမ်းသူများ ဖြစ်လာကြသည်။ ဖန်ဆင်းတော်မူသော အရှင်ကို ချစ်ခြင်းမှ ကင်းကွာစေသော အရာဟူသမျှ၊ စာရိတ္တဗလကို အင်အားချည့်နဲ့စေ၍ မရဏာအတွင်းသို့ တွန်းပို့သောအရာ ဟူသမျှသည် ကိုယ်တော်၏ရာဇပလ္လင်ကို လုယူ၍ ကိုယ်တော်ရှင်တစ်ဦးတည်းကိုသာ ဝတ်ပြုကိုးကွယ်ရမည့် ဝတ္တရားကိုလည်း ပခုံးပြောင်းယူလိုက်ခြင်းဖြစ်သည်။ ယင်းယုတ်ညံ့သောစွဲလမ်းမှုများကို လိုက်စားရာတွင် သူတို့သည် စာတန်ကို ဝတ်ပြုကိုးကွယ်ကြသည်။

အရက်သောက်သောသူသည် စာတန်နှင့် အသက်လုတမ်းကစားနေသည်။ အရက်သောက်သော အလေ့အကျင့်ကို စတင်ကျင့်သုံးသောသူအား ယစ်ထုပ်ကြီးဘဝသို့ တွန်းပို့စေရန် စာတန်သည် ဆိုးယုတ်သောသူများကို သူ့ကိုယ်စားလှယ်အဖြစ် အသုံးပြုသည်။ ဦးနှောက်သည် သေရည်သေရက်အရှိန်အဝါကြောင့် ရှုပ်ထွေးလာသောအခါ မူးယစ်နေသောသူအား ထိန်းမနိုင် သိမ်းမရ ဖြစ်သောအခြေအနေသို့ တွန်းပို့၍ ရက်စက်သောရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်စေရန် စာတန်သည် စီမံကိန်းရေးဆွဲထားပြီးဖြစ်သည်။ လူတို့အား စွဲမက်အောင်စာတန်ထားရှိသောအရာသည် ညစ်ညမ်းမှုနှင့် ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်၍ ယင်းစွဲလမ်းမှုကို လက်ကိုင်ပြုလျှင် ဝိညာဉ်ရော ကိုယ်ခန္ဓာပါ ဆုံးရှုံးပျက်စီး၍ ယင်းတို့၏ ဩဇာသက်ရောက်မှုဒဏ်ကို ဇနီးသည်နှင့် သားသမီးများတို့အား ခံစေသည်။ အရက်သမား၏ပျက်စီးသော သဘောတရားရေးရာများသည် သူ့နောင်လာနောက်သားတို့အပေါ် သက်ဆင်းကျရောက်လာ၍ ထိုမှတစ်ဆင့် လာလတ္တံ့သော အမျိုးအစဉ်အဆက်သို့ ဆက်လက်ရောက်ရှိသွားလေသည်။

နတ်ဆိုးအာဏာပိုင် လှုပ်ရှားလျက်ရှိခြင်း။ သေရည်သေရက် ရောင်းဝယ်ဖေါက်ကားမှုမှ ဆိုးကျိုးသက်ရောက်မှုအနေဖြင့် တိုးတက်ဖြစ်ပျက်နေသော ရာဇဝတ်မှုများအတွက် အများအားဖြင့် သက်ဆိုင်ရာအာဏာပိုင်တို့သည် တာဝန်မကင်းဖြစ်နေသည်မဟုတ်ပါလော။ ယင်းကြောက်မက်ဖွယ်ကောင်းသော ဆိုးသွမ်းမှုကြီးကို ဖယ်ရှားပစ်ရန် အာဏာရှိသူများ၏တာဝန်ဖြစ်သည် မဟုတ်ပါလော။ စာတန်သည် သူ့စီမံကိန်းများကို ရေးဆွဲထားပြီးဖြစ်လျက် သူ့အကြံပေးချက်များကို လက်ခံကျင့်သုံးကြသော ဥပဒေပြုသူများအား ဥပဒေများ သတ်မှတ်ထုတ်ဆင့် စေခြင်းအားဖြင့်၊ စကားအားဖြင့် ဖေါ်ပြနိုင်စွမ်းမရှိသော ဆင်းရဲဒုက္ခများနှင့် ပြစ်မှုများကို ဆက်လက်၍ဖြစ်ပွားနေစေသည်။ လူတို့အားလက်ကိုင်တုတ်အနေဖြင့် အသုံးပြုလျက် သူတို့ကိုယ်ကို ထိန်းမနိုင်သိမ်းမရ ဖြစ်စေသည်တိုင်အောင် ခံတွင်အလိုလိုက်စားစေရန် လူတို့ကို ဖြားယောင်းသွေးဆောင်သော နတ်ဆိုးအာဏာပိုင်သည် လှုပ်ရှားလျက် ရှိနေသည်။ မူးယစ်နေသော လူတစ်ယောက်ကိုမကြာခဏတွေ့မြင်ရလျှင်လူထုအနေဖြင့်ဒေါသထွက်၍သေရည်သေရည်ရောင်းဝယ်ဖေါက်ကားသည့်လုပ်

ငန်းကိုတစ်ခါတည်းဖယ်ရှားပစ်လိုကြလိမ့်မည်။ သို့ရာတွင် စာတန်၏တန်ခိုးသည် လူတို့၏စိတ်ကိုခိုင်မာစေ၍ လူတို့၏အမှား အမှန်ပိုင်းခြားဝေဖန်တတ်သော သတ္တိကိုလည်း အမှောက်မှောက်အမှားမှား ဖြစ်စေသောကြောင့် လူတို့သည် သေရည်သေရက်သောက်စားမှုမှ ပေါ်ပေါက်လာသော ဆင်းရဲဒုက္ခနှင့် ရာဇဝတ်မှုများကို လျစ်လျူရှုကြတော့၏။

လူတို့၏ အကျင့်သီလများကို ပျက်ပြားစေ၍ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ကိုလည်း ပျောက်ကွယ်သွားစေပြီးလျှင် တိရစ္ဆာန်များတို့၏ အဆင့်အတန်းထက်နိမ့်ကျသော အခြေအနေသို့ တွန်းပို့ရန် စာတန်သည် သူ၏ထောင် ချောက်များကို တစ်နေ့ပြီးတစ်နေ့၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ်၊ ကျွန်ုပ်တို့လူနေရပ်ကွက်များ၊ အိမ်ဂေဟာများ၊ လမ်းထောင့်များ၊ လူများကိုဖမ်းယူနိုင်သောမည်သည့်နေရာ၌မဆိုထောင်ထားလျက်ရှိသည်။ လူတို့သည် ဘေးအန္တရာယ်ကို ရင်ဆိုင်နေရ၍ သေကြေပျက်စီးလျက်ရှိသောကြောင့် သတိပေးစကားပြောကြား၍ လူသားအချင်းချင်းအား အသိတရားရရှိစေပြီး ပျက်စီးလျက်ရှိသော ညီအစ်ကိုတော်များအား ကယ်တင်ရန် အင်တိုက်အားတိုက် ဆောင်ရွက်မည့် ခရစ်ယာန်ဘာသာဝင်များ ဘယ်မှာရောက်ရှိနေကြသနည်း။ သေဆုံး၍ ပျောက်ဆုံးပြီးသောသူများကို ကယ်ဆယ်ရန် နည်းလမ်းများ ရှာဖွေရန်မဟုတ်ပဲ ကျွန်ုပ်တို့၏ကိုယ်ချင်းစာတရားရှေ့ထားပြီး ကူညီရန် လက်လှမ်းမီသောနေရာ၌ ရပ် တည်နေကြသောသူတို့ထံသို့ သွားရောက်၍ လိုအပ်သောကူညီမှုကို ပေးကမ်းရန်ဖြစ်သည်။

သေရည်သေရက်ရောင်းဝယ်ဖေါက်ကားမှုကို တရားဝင်အဖြစ် စီစဉ်ပေးထားခြင်းအားဖြင့် တရားဥပဒေက ဝိညာဉ်များဆုံးရှုံးမှုကို သဘောတူညီချက်ပေးထားပြီး ကမ္ဘာပေါ်တွင် ဒုစရိုက်အမျိုးမျိုးဖြင့် ပြည့်ဝစေသော ယင်းရောင်းဝယ်မှုကို ရပ်ဆိုင်းပစ်ရန် မည်သို့မျှပြုလုပ်ခြင်း မရှိပေ။ လူတို့၏ကာယဗလ၊ ဉာဏဗလနှင့် ဝိဉာဏဗလတို့ကို ခြိမ်းခြောက်လျက်ရှိသော အန္တရာယ်ကို ရှောင်ရှားနိုင်သည်ကို ဥပဒေပြုစုသူတို့က စဉ်းစားကြည့်ကြပါကုန်။ ဤကဲ့သို့ လူတို့အား ဘဝတုံးစေခြင်းသည် လိုအပ်သလော။ **R & H, May 29, 1894.**

သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသူ၏တာဝန်။ လူသားအချင်းချင်းအား မူးယစ်ထိုင်းမှိုင်းစေသော သေရည်သေရက်ကို ရောင်းစားသောသူသည် အရက်သမားထံမှ ရယူလိုက်သော ချွေးနည်းစာကလေးနှင့်တန်ဖိုးညီမျှသောအရာကို ကာယကံရှင်အား ပြန်မပေးပေ။ တန်ရာတန်ဖိုးဖြစ်သောဝတ္ထုပစ္စည်းတစ်ခုခု အပြန်အလှန် မပေးပဲ သူ့အားရူးသွပ်စေ၍ သူရူးကဲ့သို့လုပ်ကိုင်စေခြင်း၊ ဆိုးသွမ်းမှုနှင့် ရက်စက်ကြမ်းကြုတ်သောလုပ်ငန်းများ လုပ်ကိုင်သော နတ်ဆိုးဘဝသို့ တွန်းပို့ပေးလိုက်သည်။

သို့ရာတွင် ဘုရားသခင်၏ကောင်းကင်တမန်များသည် ပျက်စီးရာမြေနိမ့်လမ်းကြောင်းသို့ သက်ဆင်းလျှောက်လိုက်သွားသောကာယကံရှင်၏ခြေလှမ်းတိုင်းကို တွေ့မြင်မှတ်သားထားကြ၍ ယင်းလျှောက်လိုက်မှုသည် တစ်ဦးတစ်ယောက်က သူ့နှုတ်ခမ်းထဲသို့ အရက်သေစာပါသော ပုလင်းတပ်ပေးလိုက်မှုကြောင့် ဘေးဒုက္ခကို ရင်ဆိုင်နေရသည်ကိုလည်း ခြေရာခံ၍ရ၏။ သေရည်သေရက် ဖေါက်ကားရောင်းဝယ်သောသူ၏ အမည်နာမကို သွေးစွန်းသောလက်များ ရှိသော သူတို့၏စာရင်းတွင် ရေးသားမှတ်ထားလိုက်၏။ သူ့အိမ်နီးပါးချင်း၏ ပျက်စီးရာပျက်စီးကြောင်းအတွက် သွေးဆောင်မှုခံစေ၍ အိမ်ထောင်များအား ဆင်းရဲဒုက္ခအမျိုးမျိုးတို့၏ဖိစီးနှိပ်စက်မှုကို ခံစေသည့် အဆိပ်အတောက်ဖြစ် သော သေရည်သေရက်ကို လက်ဝယ်ထားရှိသည်အတွက် သူ့အား ပြစ်တင်ရှုတ်ချထား၏။ စာရိတ္တဗလလုံးဝကျဆင်း၍ အရက်သောက်ခြင်းအားဖြင့် ဘဝတုံးစေသော အရက်သမား၏ချွေးနည်းစာထဲမှ သူ့ငွေအိတ်ထဲသို့ ဝင်လာသော ပိုက်ဆံပြားတိုင်းအတွက် သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသူအား တာဝန်မကင်းဟု မှတ်ထားတော်မူသည်။**R & H, May 8, 1894.**

သူသည် ဘုရားသခင်အား ထုချေချက်ပေးရမည်။ လောကကြီး၏အမြင်တွင် လူတစ်ယောက်သည် မည်မျှချမ်းသာချမ်းသာ၊ မည်မျှလောက်ပင် ဩဇာအာဏာရှိရှိ၊ သို့မဟုတ် သူ့ရာထူးဌာနန္တရ မည်မျှလောက်ပင် မြင့်မားမြင့်မား သူ၏အိမ်နီးပါးချင်းအား အဆိပ်အတောက်ဖြစ်စေသော သေရည်သေရက်ကို ရောင်းစားရန် ဥပဒေက ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ခရစ်တော်က ရွေးနုတ်ကယ်ဆယ်ထားသော ဝိညာဉ်ကိုယုတ်ညံ့အောင် ပြုလုပ်သည်အတွက် ဘုရားသခင်အားထုချေရှင်းလင်းရန် တာဝန်ရှိနေပြီး ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ရောင်ပြန်ဟပ်သင့်သောသူတို့၏စာရိတ္တကိုအဆင့်အတန်းနိမ့်ကျအောင် ပြုလုပ်သည်အတွက်လည်းကောင်း၊ ဖန်ဆင်းထားတော်မူသောတိရစ္ဆာန်၏ ပုံသဏ္ဌာန်ထက် နိမ့်ကျသော ပုံသဏ္ဌာန်ကို ရောင်ပြန်ဟပ်စေသည်အတွက်လည်းကောင်း တရားစီရင်သောနေ့တွင် စစ်ကြောစီရင်ခြင်းခံရလိမ့်မည်။

သေရည်သေရက်သောက်စားသော အလေ့အကျင့်ကို လိုက်စားပြီး မိမိတို့ကိုယ်ကို ပညာပေးရန် လူတို့အား သွေးဆောင်ရာတွင် သေရည်သေရက်ရောင်းချသောသူသည် ဝိညာဉ်၏ဖြောင့်မတ်ခြင်းကို ပိပိရိရိ ဖယ်ရှားလိုက်၍ လူတို့အား စာတန်၏ကျေးကျွန်ဘဝသို့ လမ်းပြပို့ဆောင်ပေးလိုက်သည်။ အသက်သခင်ယေရှုရှင်သည် မှောင်မိုက်သားစာတန်နှင့် အငြင်းအခုံဖြစ်နေတော်မူသည်။ ခရစ်တော်က မိမိအလုပ်သည်သူတို့ကို အထက်သို့ မချီပေးရန်ဖြစ်ကြောင်း ကြေငြာထားတော်မူသည်။

ယေရှုရှင်သည် လူသားတို့နှင့် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံ၍ ပညတ်အားဖြင့်လည်းကောင်း၊ ပုံစံနမူနာအားဖြင့်လည်းကောင်း လူသားတို့ကိုဂုဏ်အသရေရှိသော အဆင့်အတန်းသို့ချီ၊ မ ပေးရန်လည်းကောင်း၊ ပျောက်ဆုံးသွားခဲ့သော ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို လူသားတို့၏ဝိညာဉ်၌ ပြန်လည်ထူထောင်ပေးရန်လည်းကောင်း ယေရှုသည် ကောင်းကင်တံတိုင်းတော်တို့မှ ကြွမြန်းလာတော်မူ၍ ကိုယ်တော်၏မူရင်း ဘုန်းအသရေတော်ကို ဖယ်ရှားလျက် ကိုယ်တော်၏ဘုရားဇာတိတော်ကို လူ့ဇာတိအားဖြင့် ဝတ်ဆင်ထားတော်မူသည်။ ဤအရာသည် ခရစ်တော်၏အလုပ်ဖြစ်သည်။ သို့ရာတွင် သေရည်သေရက်ရောင်းဝယ်ဖေါက်ကားမှုကို တရားဝင်ဖြစ်အောင်လုပ်သောသူတို့၏ ဩဇာသက်ရောက်မှုသည် ဘယ်ကဲ့သို့ရှိသနည်း။ မိမိတို့၏အိမ်နီးပါးချင်းတို့၏ ပါးစပ်ကို အရက်ပုလင်းတပ်ပေးလိုက်သောသူတို့၏ဩဇာသက်ရောက်မှုသည် အဘယ်သို့ရှိသနည်း။ အရက်ရောင်းဝယ်ဖေါက်ကားလုပ်ကိုင်သောလူ၏အလုပ်နှင့် ခရစ်တော်ယေရှု၏အလုပ်တို့ မတူသည်ကို နှိုင်းယှဉ်ကြည့်ပါ။ သေရည်သေရက်ရောင်းဝယ်ဖေါက်ကားသောသူတို့နှင့် ယင်းလုပ်ငန်းကို ထောက်ပံ့အားပေးသောသူတို့သည် စာတန်နှင့်ပူပေါင်းလုပ်ကိုင်နေကြသည်ကို သင်တို့သည် ဝန်ခံကြလိမ့်မည်။ ကမ္ဘာပေါ်တွင် အခြားအခြားသော ရောင်းဝယ်ဖေါက်ကားမှုထက် ယင်းဖေါက်ကားမှုအားဖြင့် သူတို့သည် လူတို့၏ဒုက္ခဆင်းရဲကို ထာဝစဉ်တည်မြဲနေရန်သာ၍ ကြီးမားသောအလုပ်ကို လုပ်ကိုင်နေလျက်ရှိကြသည်။

သေရည်သေရက် ရောင်းစားသောသူတို့သည် ကာဣနကဲ့သို့ "အကျွန်ုပ်သည် ညီကို စောင့်သောသူ ဖြစ်ပါသလော" ဟု ပြောဆိုကြသည်။ ကာဣနကို မိန့်တော်မူသကဲ့သို့ ဘုရားသခင်က သူတို့အား "သင့်ညီအသွေး၏အသံ သည် မြေထဲက ငါ့အား အော်ဟစ်လျက်ရှိသည်တကား" ဟုမိန့်တော်မူသည်။ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မှုမရှိသောကြောင့်အရက်သောက်စားရန် သွေးဆောင်မှုကို လိုက်လျောမိခဲ့သောသူတို့၏ အိမ်ဂေဟာများကဒုက္ခဆင်းရဲအမျိုးမျိုးကိုရင်ဆိုင်ရမှုအတွက် သေရည်သေရက် ရောင်းစားသောသူတို့သည် ထုချေချက်ကို ပေးရပါမည်။ သေရည်သေရက်ရောင်းဝယ်ဖေါက်ကားမှုကြောင့် လောကကြီးထဲသို့ ဝင်ရောက်လာသောစိတ်ဒုက္ခ၊ ကိုယ်ဒုက္ခအမျိုးမျိုးအတွက် ချေပရန်တာဝန်ရှိနေသည်။ "စားရပြန်တော့လည်း တစ်လုတ်တစ်ဆုပ်၊ ဝတ်ရပြန်တော့လည်း အစုတ်အနုပ်၊ နေရပြန်တော့လည်းတဲပုတ်" ဖြစ်ကာ မျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့နှင့် လက်လှမ်းဝေးသောမိခင်များနှင့် သူမ၏သားသမီးတို့ ဆင်းရဲဒုက္ခအတွက် သူတို့သည် ချေပပြောဆိုရမည်။ စာငှက်ကလေးများကို ကြည့်ရှုစောင့်ထိန်း၍ ၎င်းတို့မြေသို့ကျသောအခါ သိတော်မူသောအရှင်၊ စာငှက်အတွက် မှုထားတော်မူ၍ ထိုစာငှက်မြေသို့ကျလျှင် သိတော်မူသောဘုရားသခင်၊ ယနေ့အသက်ရှင်လျက် နက်ဖြန်မီးဖိုထဲသို့ရောက်သောတောမြက်ပင်ကို တန်ဆာဆင်တော်မူသော ကိုယ်တော်ရှင်သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့် ဖန်ဆင်းထားတော်မူပြီးလျှင် ကိုယ်တော်၏ အသွေးတော်ဖြင့် ဝယ်ယူထားတော်မူသော သူတို့ကို ကျော်လွန်၍မသွား၊ သူတို့၏ဒုက္ခဆင်းရဲခံစားရမှုကြောင့် ထွက်ပေါ်လာသော ငိုကြွေးသံများကို နားမထောင်ပဲ နေတော်မူမည်မဟုတ်။ ဒုက္ခဆင်းရဲခြင်းနှင့် ပြစ်မှုပေါင်းစုံတို့ကို တည်မြဲစေသော ဆိုးသွမ်းမှုရှိသမျှတို့ကို ကိုယ်တော်ရှင် မှုထားတော်မူသည်။ ဝိညာဉ်အားစုံစမ်းသွေးဆောင်ခြင်း တံခါးဖွင့်ပေးရန် ကူညီကြသောသူတို့၏ဩဇာသက်ရောက်မှုကြောင့်ဟု ကိုယ်တော်ရှင်က သတ်မှတ်တော်မူသည်။ **UM, 54.**

သေရည်သေရက်ရောင်းသောသူအား ဘုရားသခင်၏ပြစ်ဒဏ်စီရင်ချက်။ သေရည်သေရက်ရောင်းသောသူကဘုရားသခင်နှင့်စာရင်းရှင်းရမည်ကို သူမသိပေ။ ဂရုလည်းမစိုက်ပေ။ သူအလိမ်ခံရသောသူသည် သေဆုံးသောအခါ သူ့ကျောက်ကဲ့သို့ မာကြောသောနှလုံးသည် ထိခိုက်မှုမရှိပဲနေသည်။

"မိဘမရှိသောသူငယ်နှင့်မုဆိုးမကိုသင်တို့သည် မနှောင့်ယှက်ရ။ နှောင့်ယှက်ခြင်းတစ်စုံတစ်ခုကိုပြု၍ သူတို့သည်ငါ့အား အနည်းငယ်အော်ဟစ်လျှင် ငါသည် ထိုအသံကိုကြား၍ ငါအမျက်ပြင်းစွာထွက်လျက် သင်တို့ကို ဓါးဘေးဖြင့် ကွပ်မျက်မည်။ သင်တို့မယားသည်လည်း မုဆိုးမဖြစ်၍ သားသမီးများသည်လည်း မိဘမရှိသောသူငယ်ဖြစ်ကြလိမ့်မည်" ဆိုသော ဆုံးမချက်ကို သူသည် ဂရုမစိုက်၊ နားမထောင်ပဲနေ၏။ **R & H, May 15, 1894.**

လူတိုင်းမိမိကိုယ်ကျင့်တရားအတိုင်း အကျိုးအပြစ်ကို ခံရကြမည်။ သူတစ်ပါးအသက်ကို ဖျက်ဆီးသောသူတို့သည် သူတို့၏အသက်အားဖြင့် ပြစ်ဒဏ်ကို ဆပ်ပေးရမည်။ ဘုရားသခင်၏ပညတ်တရားသည် သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏။ **L, 90, 1908.**

လှုံ့ဆော်တတ်သော အစားအသောက်များ စားသောက်လိုသော ဆန္ဒကို အားမပေးနှင့်။ မိမိတို့လူသားအချင်းချင်းအတွက် အတတ်နိုင်ဆုံးဆောင်ရွက်ရမည့် ဝတ္တရားကို ဘုရားသခင်က လူတိုင်းအား အပ်နှင်းထားတော်မူကြောင်းကို အားလုံးသတိပြုကြပါကုန်။ လှုံ့ဆော်တတ်သော အစားအသောက်များစားသောက်လိုသောဆန္ဒမျိုး၊ ပြုပြင်ပေးမှုကို လူတိုင်းသတိဝီရိယနှင့် ရှောင်ရှားသင့်ကြသည် မဟုတ်ပါလော။ ကျန်းမာမှုတိုးတက်ရေးကို အကြောင်းပြု၍ အပေါင်းအသင်းရောင်းရင်းတို့နှင့် အိမ်နီးပါးချင်းတို့အား ဘရန်ဒီအရက်ကိုသောက်ရန် အကြံဉာဏ် ပေးခြင်းအားဖြင့် ယင်းအကြံဉာဏ်ပေးသော ပုဂ္ဂိုလ်သည် သူ၏ရောင်းရင်းများတို့၏ ပျက်စီးမှုအတွက် ကိုယ်စားလှယ်ဖြစ်လာမည့် အန္တရာယ်ရှိနေသည်။ အကြံဉာဏ် ရိုးရိုးကလေးပေးမှုကြောင့် အမျိုးသား၊ အမျိုးသမီးမြောက်မြားစွာတို့သည် အရက်သောက်သောအလေ့အကျင့်၏ကျွန်များဖြစ်လာသော အဖြစ်အပျက်အများအပြားကို ကျွန်ုပ်သတိရပါသည်။

မြောက်မြားစွာသောသူများသည် အရက်သမားကြီးများ ဖြစ်လာမှုအတွက် သမားတော်ကြီးများ တာဝန်မကင်းဖြစ်ကြပါသည်။ အရက်ကို ကြိုက်နှစ်သက်သောသူအား ယင်းအရက်က ဘယ်ကဲ့သို့ ပြုပြင်ပေးတတ်သည်ကို သိလျက်နှင့်သူတို့ကုသနေသောလူနာများအား ဘရန်ဒီကိုသောက်ရန် သမားတော်ကြီးများကဆေးညွှန်းများ ရေးပေးကြပါသည်။ သူတို့သည် ယင်းအကြောင်းနှင့်အကျိုးကို စဉ်းစဉ်းစားစားရှိလျှင် လှုံ့ဆော်ပေးတတ်သော အစားအသောက်များသည် လူခန္ဓာတစ်ခုလုံးအနေဖြင့် ထိခိုက်သကဲ့သို့ အင်္ဂါအစိတ်အပိုင်း တစ်ခုစီအနေဖြင့်လည်း ထိခိုက်ကြောင်းကို သူတို့သိရှိကြမည်ဖြစ်သည်။ မိခင်ဖခင်များအား အရက်သမားကြီးများ ဖြစ်လာစေရန် သူတို့၏ဩဇာသက်ရောက်မှုကို အသုံးပြုမှုအတွက် ဆရာဝန်များသည် မည်သည့် ဆင်ခြေကိုပေးကြမည်နည်း။ **R & H, May 29, 1894.**

ဆိုးကျိုးများမှ လွတ်မြောက်စေရန် သူတို့အား သတိပေးထား၏။ မူးယစ်သော သေရည်သေရက်တို့ကို သောက်စားခြင်း၏ ကြောက်မက်ဖွယ်ကောင်းသော ဆိုးကျိုးများသည် ကျွန်ုပ်တို့မျက်မှောက်တွင် ဖြစ်ပျက်တွေ့ရှိနေရသောကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်သည်ဟု အခိုင်အမာ အဆိုပြုကြသောသူတို့သည် သေရည်သေရက်ကို ဘယ်အတွက်ကြောင့် ကိုင်တွယ်သောက်စားဝံ့ကြပါသနည်း။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် သူတို့ခံယူသော ယုံကြည်ချက်နှင့် ပြောင်ပြောင်ကြီး ဆန့်ကျင်သည် မဟုတ်ပါလော။

မူးယစ်သောသေရည်သေရက်များနှင့်ပတ်သက်၍ ဘုရားကိုယ်တော်ရှင်က ကိုယ်တော်၏နှုတ်ကပတ်တော်တွင် အထူးညွှန်ကြားချက်များပေးထားတော်မူသည်။ သေရည်သေရက် သုံးစွဲမှုကို တားမြစ်ထားတော်မူပြီး ယင်းတားမြစ်ချက်များကို ပြင်းထန်သောသတိပေးချက်နှင့် ခြိမ်းခြောက်မှုများဖြင့် အတည်ပြုထားတော်မူသည်။ သို့ရာတွင် မူးယစ်သော ယမကာများကို မသုံးစွဲရန် သတိပေးတော်မူခြင်းသည် ဩဇာအာဏာကို အတင်းကာရော အဓမ္မသဘောမျိုးဖြင့် အသုံးပြုမှုပေါ်ပေါက်လာသည်မဟုတ်ပါ။ ယင်းမူးယစ်စေတတ်သော သေရည်သေရက်များကို သုံးစွဲခြင်းမှ ပေါ်ပေါက်လာသောဆိုးကျိုးများမှလွတ်မြောက်စေရန် ယင်းသတိပေးချက်များကို ပေးတော်မူပါသည်။

သေရည်သေရက်ရောင်းဝယ်ဖေါက်ကားမှုသည် အမေရိကန်တိုင်းပြည်အတွက် ကြီးမားသော ကပ်ရောဂါတစ်ရပ်ဖြစ်၍ ၎င်းကိုခရစ်ယာန်ဟုသူတို့ကိုယ်ကို သူတို့ခေါ်ကြသောသူတို့ကထောက်မ၍ ဥပဒေဖြင့်တရားဝင်ပြုလုပ်ထားသည်။ ယင်းကဲ့သို့ ပြုလုပ်သောကြောင့် အသင်းတော်များအနေဖြင့် ဤအသက်သေကြောင်းဆိုင်ရာကုန်သွယ်မှုမှ ပေါ်ထွက်လာသောဆိုးကျိုးများကိုတာဝန်ယူဖြေရှင်းနေရပါသည်။ သေရည်သေရက်ရောင်း ဝယ်ဖေါက်ကားမှုသည် ငရဲတွင်အမြစ်တည်၍ လုံးလုံးပျက်စီးခြင်းသို့တွန်းပို့ပေးသည်။ ဤကိစ္စများသည် အရေးတကြီးဆင်ခြင်တွေးတောရသော ကိစ္စများဖြစ်သည်။ **R & H, May 1, 1894.**

# ၆ သေရည်သေရက်နှင့် ရာထူးရာခံများ

နာဒပ်နှင့်အဘိဟုတို့မှ သင်ရန်စာများ။ ယဇ်ပုရောဟိတ်ရာထူးဖြစ်သော သန့်ရှင်းသောအလုပ်အကိုင်ကို ထမ်းဆောင်ရသောအာရုန်၏သားများဖြစ်သော နာဒပ်နှင့်အဘိဟုတို့သည် အရက်ကို များစွာသောက်၍ ထုံးစံရှိသည့်အတိုင်း ဘုရားသခင်ရှေ့တော်တွင် အမှုတော်ကို ထမ်းရန် ဗိမာန်တော်ထဲသို့ဝင်သွားကြသည်။ ဘုရားသခင်၏ရှေ့တော်တွင် နံ့သာပေါင်းမီးကို ရှို့ကြသောအခါ နေ့ရောညပါ တောက်လောင်နေသော ဘုရားသခင်ညှိထားတော်မူ၍ ဘယ်အခါမျှ မငြိမ်းသောမီးကို အသုံးပြုရသည်။ ကိုယ်တော်အတွက် အမှုတော်ကို ဘယ်ကဲ့သို့ ထမ်းဆောင်ရမည်ဖြစ်ကြောင်း တိကျသောညွှန်ကြားချက်များကို ပေးထားတော်မူသောကြောင့် ယင်းသန့်ရှင်းသောဝတ်ပြုကိုးကွယ်မှုနှင့်ပတ်သက်သောအစီအစဉ်ရှိသမျှသည် ကိုယ်တော်၏ဂုဏ်အင်္ဂါတော်နှင့် ညီညွတ်ရသည်။ ကိုယ်တော်၏ သန့်ရှင်းသောဝန်ထမ်းမှုနှင့်ပတ်သက်၍ ချမှတ်ထားတော်မူသောညွှန်ကြားချက်များနှင့်အနည်းငယ်မျှသော တိမ်းစောင်းမှုရှိလျှင် သေဒဏ်ဖြင့် အပြစ်ပေးခြင်းခံရသည်။ ခရစ်တော်ယေရှုတစ်ပါးတည်းအားဖြင့်သာ လမ်းပွင့်နေသောဘုရားသခင်နှင့် လူတို့၏ဆက်သွယ်မှုကိုဆောင်သော ဘုရားသခင်၏မီးအားဖြင့် အပြစ်ကင်းလွတ်အောင် ပြုလုပ်ထားခြင်း မရှိသော အဘယ်ယဇ်ပူဇော်မှုမျိုးကိုမျှ ကိုယ်တော်ရှင်အတွက် လက်ခံနိုင်ဖွယ်မဖြစ်ပေ။ နံ့သာပေါင်းမီးရှို့ရာယဇ်ပေါ်တွင်တင်မည့် သန့်ရှင်းသောမီးကို ထာဝစဉ် မီးညှိထွန်းထားသည်။ ဘုရားသခင်၏လူတို့သည် ဗိမာန်တော်အပြင်ဘက်တွင် စိတ်ရောကိုယ်ပါ ဆုတောင်းပတ္ထနာ ပြုနေကြစဉ် သန့်ရှင်းသောမီးအားဖြင့် ထွန်းညှိလိုက်သောနံ့သာပေါင်းသည် သူတို့၏ဆုတောင်းချက်နှင့်ရောနှော၍ ဘုရားသခင်စံမြန်းတော်မူရာသို့ တက်သွားရသည်။ ဤနံ့သာပေါင်းသည် ခရစ်တော်ရန်ပြေမာန် ပြေဆောင်ရွက်တော်မူခြင်း၏ အထိမ်းအမှတ်ဖြစ်သည်။

အာရုန်၏သားများက ဘုရားသခင်လက်ခံတော်မမူသော သာမန်မီးကိုယူ၍ ကိုယ်တော်၏ရှေ့တွင် ယင်းထူးခြားသောမီးကို ပူဇော်ခြင်းအားဖြင့် ဘုရားသခင်အား စော်ကားကြသည်။ ကိုယ်တော်ရှင်၏ တိကျသော ညွှန်ကြားချက်များကို ပြောင်ပြောင်ကြီး မထီလေးစားပြုလုပ်သည့်အတွက် ဘုရားသခင်သည် သူတို့အား မီးအားဖြင့် လောင်ကျွမ်းစေတော်မူသည်။ သူတို့၏ ပူဇော်သက္ကာများသည် ကက္ကန၏ပူဇော်သက္ကာကဲ့သို့ဖြစ်၏။ ကယ်တင်ရှင်ကိုယ်တော်အား ပုံဆောင်မှုလုံးဝမရှိ။ အကယ်၍အာရုန်သားတို့သည် သူတို့၏ကျိုးကြောင်းဆင်ခြင်နိုင်သော သတ္တိကို ပိုင်ပိုင်နိုင်နိုင်ချုပ်ထိန်းထားနိုင်ပါက သာမန်မီးနှင့် ထူးခြားသော မီးတို့၏ခြားနားမှုကို သူတို့ သိရှိကြမည်ဖြစ်သည်။ ခံတွင်းအလိုလိုက်စားမှုက သူတို့၏ကျိုးကြောင်း ဆင်ခြင်နိုင်သောသတ္တိကို ယုတ်ညံ့စေ၍ သူတို့၏အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်သောစွမ်းရည်သည် တိမ်ဖုံးပါလို့လ မသာ ဖြစ်သွားလောက်အောင် သူတို့၏ဉာဏဗလကို ထုံထိုင်းစေသည်။ ဥပမာဖြစ်သောဝတ်ပြုကိုးကွယ်မှု၏သန့်ရှင်းသောသဘောကိုလည်းကောင်း၊ ယင်းသန့်ရှင်းသောတာဝန်ကို ဆောင်ရွက်ရန် ဘုရားသခင်၏မျက်မှောက်တော်သို့ ဝင်ရောက်ကြရာတွင် မည်မျှဣန္ဒြေဆောင်ရသည်ကိုလည်းကောင်း၊ မည်မျှတာဝန်ယူရသည်ကိုလည်းကောင်း သူတို့သည် ကောင်းမွန်စွာနားလည်ကြသည်။

သူတို့တာဝန်ရှိသည်။ သန့်ရှင်းသောမီးနှင့် သာမန်မီးတို့၏ခြားနားမှုကို ခွဲခြားသိမြင်နိုင်စွမ်းမရှိနိုင်အောင် သူတို့၏ဉာဏဗလသည် မူးယစ်သောသေရည်သေရက် ထုံထိုင်းစေသောကြောင့် အာရုန်၏သားများကို ဘယ်အတွက်ကြောင့် တာဝန်မကင်းဖြစ်ကြသည်ဟုဆိုနိုင်ပါသနည်းဟူ၍ အချို့ကစောဒကတက်ကြမည်။ သူတို့သည် အရက်ပုလင်းကို သူတို့ပါးစပ်တွင် တပ်ပေးလိုက်သောအခါ အရက်၏အရှိန်အဝါကြောင့် သူတို့ပြုလုပ်သော လုပ်ရပ်အားလုံးအ တွက် သူတို့တာဝန်မကင်းဖြစ်သွားကြသည်။ ခံတွင်းအလိုလိုက်မှုကြောင့် ထိုယဇ်ပုရောဟိတ်များတို့သည် အသက်ဆုံး ရှုံးကြရသည်။

သူတို့၏ဉာဏဗလကို ထုံထိုင်းစေမည့် သေရည်သေရက်သောက်စားမှုမပြုရန် ဘုရားသခင်သည် အတိ အလင်း မိန့်မှာထားတော်မူသည်။

“တစ်ဖန် အာရုန်အား ထာဝရဘုရားက၊ သင်နှင့်သင်၏သားသမီးတို့သည် သေဘေးနှင့်ကင်းလွတ်ခြင်းငှါလည်းကောင်း၊ သန့်ရှင်းသောအရာ၊ မသန့်ရှင်းသောအရာ၊ စင်ကြယ်သောအရာ၊ မစင်ကြယ်သောအရာတို့ကို ပိုင်းခြားတတ်ခြင်းအားဖြင့်လည်းကောင်း၊ ထာဝရဘုရားသည် မောရှေအားဖြင့် မှာထားသမျှသောပညတ်တို့ကို ဣသရေလအမျိုးသား

တို့၌ သွန်သင်တတ်ခြင်းငှါလည်းကောင်း၊ ပရိသတ်စည်းဝေးရာတဲတော်သို့ ဝင်သောအခါ စပျစ်ရည်အစရှိသော ယစ်မျိုးကို မသောက်နှင့်၊ သင်တို့အမျိုးအစဉ်အဆက် စောင့်ရသော ပညတ်ဖြစ်သတည်းဟု မိန့်တော်မူ၏။"

လူတို့၏အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုး ခွဲခြားသိမြင်နိုင်သောစွမ်းရည်သည် ရှုပ်ထွေးမှု လုံးဝမရှိပဲ ကြည်လင်ပြတ်သားစေရန်လည်းကောင်း၊ သူတို့၏အမှားနှင့်အမှန်ဆုံးဖြတ်မှုသည် မှန်ကန်စေရန်လည်းကောင်း၊ သန့်ရှင်းသောအရာနှင့် မသန့်ရှင်းသောအရာများကို အမြဲတမ်းခွဲခြားသိမြင်စေရန်လည်းကောင်း၊ ရှင်းလင်းပြတ်သားသော ဘုရားသခင်၏ညွှန်ကြားချက်များနှင့်သေရည်သေရက်သောက်စားခြင်းကို ဘာကြောင့်တားမြစ်ထားရခြင်း၏အကြောင်းရင်းများကို ဤနေရာတွင်ပေးထားတော်မူသည်။ သူတို့သည် သူတို့အား မူးယစ်စေသောသေရည်သေရက်ကို ဘာ ကြောင့်ရှောင်ကြဉ်သင့်ကြောင်း အခြားလေးနက်၍အရေးပါအရာရောက်လှသော အကြောင်းရင်းတစ်ရပ်ကိုလည်းပေးထားတော်မူသည်။ ဘုရားသခင်သည် ဣသရေလလူတို့အား မိန့်ကြားထားခဲ့တော်မူသမျှသော ပညတ်များနှင့် အထုံးအဖွဲ့များကို လက်ဆင့်ကမ်းနိုင်ရန် ကြည်လင်ပြတ်သားသော ကျိုးကြောင်းဆင်ခြင်နိုင်သော သတ္တိကို လိုအပ်ပေသည်။

ဝိညာဉ်ရေးဆိုင်ရာခေါင်းဆောင်များအတွက် အရည်အချင်းများ။ စားရာ၌လည်းကောင်း၊ သောက်ရာ၌လည်းကောင်း၊ ဉာဏဗလအင်အားကို ကျန်းကျန်းမာမာ၊ ထထကြွကြွ အသုံးပြုနိုင်မှုကို နှောင့်ယှက်ဟန့်တားသော အရာဟူသမျှသည် ဘုရားသခင်၏ မျက်မှောက်တော်တွင် ကြီးလေးသောပြစ်မှုဖြစ်သည်။ သန့်ရှင်းသောမှုကိစ္စများကို ထမ်းဆောင်သောသူများ၊ လူတို့အတွက် အစဉ်အမြဲ ပုံသက်သေကောင်းဖြစ်သင့်သောသူများဖြစ်သည်သာမက သူတို့အားမှန်ကန်စွာ သွန်သင်ပေးနိုင်သော အခြေအနေ၌ရှိသောသူများအတွက် ယင်းအရည်အချင်းများရှိရန် အထူးအရေးကြီးလေသည်။

ညစ်ညူးသော နှုတ်ခမ်းနှင့်ပါးစပ်များရှိသော ဓမ္မဆရာများတို့သည် မိမိတို့၏ ညစ်ညူးသောနှုတ်ခမ်းများဖြင့် သန့်ရှင်းသောဘုရား၏နှုတ်ကပတ်တော်ကို သူတစ်ပါးတို့အား ဟောပြောဝံ့ကြသလော။ သူတို့လိုက်စားကျင့်သုံးနေသောဒုစရိုက်များကို ဘုရားသခင်က သတိမမူဟု သူတို့ထင်မှတ်ကြသည်။ "အဓမ္မအမှုကို အလျင်အမြန်စစ်ကြော၍ ဒဏ်မပေးသောကြောင့် လူသားတို့သည် အဓမ္မအမှုကိုပြုပြင်ခြင်းငှါ ခိုင်မာစွာသဘောထားကြ၏။" နံ့သာပေါင်းကို ထူးခြားသောမီးဖြင့် ပူဇော်သောအာရုန်သားတို့၏ ပူဇော်သက္ကာကိုကိုယ်တော်ရှင်သည် လက်မခံသကဲ့သို့၊ ယင်းကျမ်းချက်၌ပါရှိသကဲ့သို့ မိမိတို့ကိုယ်ကို ညစ်ညူးအောင် ပြုလျက် မိမိတို့ပူဇော်သက္ကာကို ဆေးလိပ်နှင့် သေရည်သေရက်တို့၏နံ့သာပေါင်းဖြင့် ပူဇော်သောယဇ်ကို ကိုယ်တော်ရှင်သည် လက်ခံတော်မူမည်မဟုတ်ပေ။

ဘုရားသခင်သည် ပြောင်းလဲခြင်းရှိတော်မမူ၊ မောရှေလက်ထက်က ကိုယ်တော်ရှင်လိုအပ်သည်များကို ခိုင်းစေတော်မူရာတွင် တိကျပြတ်သားသကဲ့သို့ ယခုအခါတွင်လည်း တိကျပြတ်သားတော်မူသည်။ သို့ရာတွင် ကျွန်ုပ်တို့ခေတ်၌ ဘုရားဝတ်ပြုကိုးကွယ်သော ဘုရားရှိခိုးကျောင်း၌လည်းကောင်း၊ ဂုဏ်တော်ကို ချီးမွမ်းထောမနာပြုကြသော သီချင်းများ၌လည်းကောင်း၊ ဆုတောင်းပတ္ထနာများ၌လည်းကောင်း၊ တရားပလ္လင်အထက်ဆီမှ ချပေးသောဩဝါဒများ၌လည်းကောင်း ထူးခြားသောမီးရှိသည်သာမဟုတ်ပဲ ညစ်ညူးမှုပါအမှန်တကယ်ရှိနေသည်။ သမ္မာတရားကို ဟောပြောရာတွင်လည်းဘုရားသခင်၏ဘိသိက်မင်္ဂလာကိုခံရခြင်းမရှိပဲ တစ်ခါတစ်ရံယင်းသမ္မာတရားကို ဆေးလိပ်သို့မဟုတ် ဘရန်ဒီအရက်တို့၏အရှိန်အဝါဖြင့်ဟောပြောကြသည်။ ထူးခြားသောမီးကို အသုံးပြုကြပါသည်ကတား။ ဆေးလိပ်နံ့တသင်းသင်းဖြင့် သမ္မာကျမ်းမှ သမ္မာတရားနှင့် သမ္မာကျမ်းစာ၏သန့်ရှင်းခြင်းကို လူတို့အား တင်ပြကြသည်။ ဘုရားသခင်ကို ဆုတောင်းပတ္ထနာပြုကြသည်။ ယင်းကဲ့သို့သောနံ့သာပေါင်းသည် စာတန်အတွက် လက်အခံနိုင်ဆုံး ဖြစ်သည်။ ဆိုးရွားလှသော လှည့်ဖြားခြင်းပါတကား။ ဘုရားသခင်ရှေ့တော်တွင် မည်မျှလောက်ကြီးမားသော ကျူးလွန်မှုကြီး ဖြစ်ဘိသနည်း။ သန့်ရှင်းတော်မူ၍ အနားတော်သို့ လူတို့မချဉ်းကပ်နိုင်သော အလင်းတော်တွင် ကိန်းဝပ်တော်မူသော ဘုရားကိုယ်တော်ရှင်အား ကြီးသောစော်ကားခြင်းဖြစ်ပါသည်တကား။

ဉာဏဗလ၏စွမ်းရည်များသည် ကျန်းမာသန်စွမ်းရှိသောအခါ အထက်ပါ ဝတ်ပြုကိုးကွယ်မှုမျိုးသည် ဆီလျော်မှုမရှိသည်ကို ခရစ်ယာန်ဟု မိမိကိုယ်ကို ခေါ်ဝေါ်ကြသော သူတို့သည် သိမြင်နားလည်ကြမည်ဖြစ်သည်။ နာဒပ်နှင့်အဘိဟုတို့ကဲ့သို့ သူတို့၏အသိဉာဏ်သည် သန့်ရှင်းသောအရာနှင့် သာမန်ဖြစ်သောအရာတို့ကို ခွဲခြားသိမြင်မှု မရှိလောက်အောင် ထုံထိုင်းသွားလေသည်။ သူတို့၏ဆေးလိပ်အနံ့ဖြင့်ရောပြွမ်းနေသော ထွက်သက်ဝင်သက်က ထုံထိုင်းနေသောဦးနှောက်နှင့် ခံတွင်းအလိုနှင့်တပ်မက်မှုကို လိုက်စားမှုကြောင့် ညစ်ညူးနေသော သူတို့၏ဝိညာဉ်များ၏

အဆင့်အတန်းသို့ သန့်ရှင်းသောအရာများကို ဆွဲချလိုက်ကြသည်။ ခရစ်ယာန်ဟု မိမိကိုယ်ကို ခေါ်ကြသော သူတို့သည် စားကြသည်၊ သောက်ကြသည်၊ ဆေးလိပ်သောက်ကြသည်၊ ဆေးငုံကြသည်။ ခံတွင်းအလိုသို့လိုက်ရာတွင် အစားကြူးသူများနှင့် ယစ်ထုပ်ကြီးများဖြစ်လာကြလျက် ခရစ်တော်အောင်မြင်တော်မူသကဲ့သို့ သူတို့လည်း အောင်မြင်ကြမည်ဟု ပြောလျက်ရှိကြသည်။ **R; TC, pp. 82-86.**

ကြည်လင်သော ဦးနှောက်ရှိသော ရာထူးရာခံများ လိုအပ်ခြင်း။ ကွန်ုပ်တို့တိုင်းပြည် (အမေရိကန်) မှ ဥပဒေပြုများနှင့်တရားရုံးများ၌ရှိကြသော အမှုထမ်းအရာထမ်းတို့သည် ဘယ်အခြေအနေ၌ ရှိကြသနည်း။ ဘာသာတရားဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်နေကြသော ပုဂ္ဂိုလ်များတွင် ကြည်လင်သောဦးနှောက်ရှိ၍ သူတို့၏ကျိုးကြောင်းဆင်ခြင်နိုင်သော စွမ်းရည်ကို ပြည့်ပြည့်စုံစုံချုပ်ထိန်းထားနိုင်သူများ ဖြစ်ရန် လိုအပ်လျှင် ကွန်ုပ်တို့တိုင်းပြည်ကြီး (အမေရိကန်)တွင် ဥပဒေပြုများနှင့် ယင်းဥပဒေများကို အကောင်အထည်ဖော်ကြရသော ရာထူးရာခံတို့မှာလည်း ထုံထိုင်းမှုကင်းသော စွမ်းရည်များရှိထားရန် အရေးကြီးသည် မဟုတ်ပါလော။ လူတို့၏ဘဝအသက်တာကို ပြုပြင်ပေးရန် တာဝန်ယူရ၍ တစ်ခါတစ်ရံ အပြစ်ကင်းသော သူတို့အား ပြစ်ဒဏ်ပေးမိ၍ တစ်ခါတစ်ရံ အပြစ်ရှိသောသူတို့အား ကွင်းလုံးကျွတ်လွှတ်ပစ်သော စီရင်ချက်မျိုးချမှတ်တတ်သော တရားသူကြီးများနှင့် တရားသူကြီးများ၏ အတိုင်ပင်ခံလူကြီးများတို့သည် အဘယ်ကဲ့သို့သော အခြေအနေ၌ရပ်တည်နေကြသနည်း။ သူတို့၏ဉာဏဗလကို နိုင်နိုင်နင်းနင်းထိန်းချုပ်ထားနိုင်စွမ်းရှိရန် လိုအပ်သည်မဟုတ်ပါလော။ သူတို့၏အကျင့်ဓလေ့များတွင် ချုပ်တည်းမှုရှိပါသလား။ အကယ်၍ ချုပ်တည်းမှုမရှိလျှင် ဤမျှရာထူးကြီးများကို ထမ်းဆောင်ရန်တာဝန်မယူထိုက်ပေ။ သူတို့၏ရသာရုံသည် ကမောက်ကမဖြစ်နေလျှင်၊ ဉာဏဗလလည်း ချည့်နဲ့နေလျှင် သူတို့သည် တရားမျှတစွာ အုပ်ချုပ်နိုင်စွမ်းမရှိမည့် အန္တရာယ်ရှိနေသည်။ ဉာဏဗလကို ထုံထိုင်းစေသောအရာများကိုသုံးစွဲခြင်းသည် ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ သန့်ရှင်းသောတာဝန်ကို ထမ်းဆောင်သော သူတို့အား တားမြစ်ချိန်ကထက် ယခုအခါ အန္တရာယ် အရှိန်လျော့ပေါ့သွားသလော။ **CTBH, p. 19.**

အာဏာပိုင်များသည် သူတို့အား လွှဲအပ်ထားသောတာဝန်အပေါ် သစ္စာဖောက်သောအခါ။ လူတို့အား ကြီးကြပ်အုပ်ချုပ်ရန် ဥပဒေပြုကြသောပုဂ္ဂိုလ်ကြီးများသည် လူမျိုးတို့နှင့်အိမ်ထောင်များတို့၏အုတ်မြစ်ဖြစ်သော ပိုမိုမြင့်မားသောဥပဒေများကို အခြားသူများထက် နာခံသင့်ကြပေသည်။ အုပ်ချုပ်ရန် အာဏာပိုင်သောသူများက သူတို့ကိုယ်တိုင်ပိုမိုမြင့်မားသောအုပ်ချုပ်မှုအောက်တွင် ရပ်တည်နေရသည်ကိုသိရှိကြရန် ဘယ်မျှအရေးကြီးဘိသနည်း။ သူတို့၏ဉာဏဗလသည်ထုံထိုင်းစေသောအသုံးအဆောင်များနှင့်မူးယစ်သောသေရည်သေရက်များကိုလိုက်စားမှုကြောင့်အင်အားချည့်နဲ့နေလျှင် ယင်းကဲ့သို့သောအသိတရားကို ဘယ်အခါမျှ ရရှိမည်မဟုတ်ပေ။ ဥပဒေပြုစု၍ ယင်းဥပဒေများကို အကောင်အထည်ဖေါ်ထုတ်ရန်တာဝန်ပေးထားခြင်းခံရသောသူတို့သည် သူတို့၏စွမ်းရည်အလုံးစုံကို ဒေါင်ဒေါင်မြည်နေသောအခြေအနေမျိုးမှာထားရှိရမည်။ အရာခပ်သိမ်းတွင်ချုပ်တည်းမှုကို ကျင့်သုံးခြင်းအားဖြင့် သန့်ရှင်းသောအရာနှင့်သာမန်ဖြစ်သောအရာများတို့ ပြတ်သားသော ခြားနားမှုကို ထိန်းသိမ်းထားနိုင်ပြီး ရှေးခေတ်ဣသရေလလူတို့အား ဘုရားသခင်ကမိန့်မှာထားတော်မူခဲ့သော တရားမျှတမှုနှင့် ရိုးဖြောင့်မှုတို့ကို ကျင့်သုံးနိုင်မည့် အသိဉာဏ်ကို ရရှိကြမည် ဖြစ်သည်။

ပြည်သူလူထု၏အကျိုးကို ထမ်းဆောင်ရန် အမြင့်ဆုံးရာထူးများဖြင့် ချီးမြှင့်ခြင်းခံရသောသူတို့သည် အထက်ပါအချက်အလက်များနှင့် ပြောင်ပြောင်ကြီးဆန့်ကျင်ကြသည်။ သူတို့သည် အတ္တအကျိုးကိုသာ ကြည့်၍ ယေဘုယျအားဖြင့် ထုံထိုင်းစေသော အသုံးအဆောင်များနှင့်မူးယစ်စေသော သေရည်သေရက်များကို လိုက်စားကြပေသည်။ တရားသူကြီးများ၊ တရားသူကြီးအတိုင်ပင်ခံလူကြီးများ၊ အထက်လွှတ်တော်အမတ်များ၊ ဥပဒေအရာကျွမ်းကျင်လိမ္မာသူများနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များတို့က စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်မှုကို အိပ်မက်အားဖြင့် တည်ဆောက်၍မရနိုင်သည်ကို မေ့လျော့နေကြသည်။ သူတို့သည် ဒုစရိုက်များသော လိုက်စားမှုများအားဖြင့်သူတို့၏စွမ်းရည်များကို ချည့်နဲ့အောင်ပြုလုပ်ကြသည်။ သူတို့၏မြင့်မားလှသောရာထူးဌာနန္တရများမှ လျော့ချ၍ချုပ်တည်းမှုကင်းမဲ့ခြင်း၊ ကာမဂုဏ်လိုက်စားခြင်းနှင့်ဒုစရိုက်ပုံစံအမျိုးမျိုးဖြင့် သူတို့ကိုယ်ကို ညစ်ညူးအောင်လုပ်ကြသည်။ ဆိုးသွမ်းမှုများ လိုက်စားမှုကြောင့် ချည့်နဲ့နေသော သူတို့၏စွမ်းရည်များက ဒုစရိုက်ပေါင်းစုံတို့ တိုးဝင်လာနိုင်စေရန် လမ်းဖွင့်ပေးကြသည်။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူတို့အား တာဝန်ကြီးသောရာထူးဌာနန္တရများတွင် ခန့်ထားရန် မဲဆန္ဒမပေးသင့်ပေ။ သူတို့၏ ဩဇာသက်ရောက်မှုသည်အခြားသောသူတို့အား ဖျက်ဆီးသည်သာမက ကြီးလေးသောတာဝန်ကြီးများ

ကိုပါ ထိခိုက်တတ်သည်။ ဆေးလိပ်နှင့်မူးယစ်ထိုင်းမှိုင်းစေသောအရာများသည် ထုံထိုင်းလာသောကြောင့် သူတို့၏ သဘာဝနှင့်ညီလျော်သောဥပဒေပညတ်များ ပြဋ္ဌာန်းကြသည်။ အနီးစပ်ဆုံးသြဇာသက်ရောက်မှုသည် ပျက်စီးသောအခါ အားလုံးတို့သည် ပြိုလဲကြရသည်။ မကြာခဏပင်လူတို့၏ဘဝအသက်တာသည် မကွဲပြားမသိသာသော အခြေအနေမျိုးတွင်ရှိတတ်သည်။ တာဝန်ကြီးသောရာထူးများ ထမ်းဆောင်ရသောလူတို့၏ဆုံးဖြတ်ချက်များပေါ်တွင် ဘဝအသက်တာနှင့်လွတ်လပ်မှုသို့မဟုတ်ကျွန်ဘဝနှင့်မြော်မြင်ရာကင်းမဲ့ခြင်းတို့သည်အမှီတံကဲပြုနေကြသည်။ ယင်းလုပ်ငန်းများတွင်ပါဝင်ထမ်းဆောင်ကြသောပုဂ္ဂိုလ်များတို့သည်အစစ်ဆေးခံဖြစ်ခြင်း၊ တတ်သိလိမ္မာခြင်း၊ ရိုးဖြောင့်သစ္စာရှိခြင်း၊ လုံးဝသမာဓိရှိခြင်းတည်းဟူသောအရည်အချင်းများရှိသည်သာမက လက်ဆောင်ပဏ္ဏာများငြင်းဆန်၍ မျက်နှာလိုက်ခြင်းသို့မဟုတ်အာဃာတထားခြင်းစသောလုပ်ရပ်များဖြင့်သူတို့၏ဆုံးဖြတ်ချက်များသို့မဟုတ်အမှန်တရား ကိုတိမ်းစောင်းမှုများနှင့် ခွင့်မပြုရန်ဘယ်မျှလိုအပ်ဘိသနည်း။ ထာဝရဘုရားက၊ သင်၌ဆင်းရဲသောသူသည် တရားတွေ့ သောအခါ သူ့ကိုမတရားသဖြင့်မစီရင်ရ။ မဟုတ်မမှန်သောအမှုကို ရှောင်ရမည်။ အပြစ်မရှိသောသူ၊ ဖြောင့်မတ်သော သူကို မကွပ်မျက်ရ။ ငါသည် မတရားသောအမှုကို အပြစ်မလွှတ်။ သင်သည် တံစိုးမစားရ။ တံစိုးသည် ပညာရှိသော သူတို့၏မျက်စိကို ကွယ်စေ၍ ဖြောင့်မတ်သောသူတို့၏စကားကို လွဲစေတတ်၏။ **ST, July 8, 1880.**

လုံးဝချုပ်တည်းခြိုးခြံမှုရှိသောသူများကိုသာ ဥပဒေပြု ခန်းမကြီးများသို့ ဝင်ခွင့်ပြု၍ တရားရုံးများတွင် နာယကအနေဖြင့် ဆောင်ရွက်စေရန် ရွေးချယ်သင့်ပေသည်။ ချုပ်တည်းမှုကင်း၍ ကိုယ်ကျင့်တရား မရှိသောသူတို့၏လက်ထဲတွင် တရားစီရင်ဆုံးဖြတ်မှုကို အပ်နှင်းထားပါက ပစ္စည်း၊ ဂုဏ်သိက္ခာ၊ အသက်ပင်လျှင် လုံခြုံမှုရှိမည်မဟုတ်ပေ။ သေရည်သေရက်သောက်စားသော လူကြီးများ၊ အကျိုးဆောင်များ၊ သက်သေခံများနှင့် တရားသူကြီးများတို့၏ တရားမျှတမှု မရှိခြင်းကြောင့် သေဒဏ်ခံရသော အပြစ်ကင်းသူဦးရေ မည်မျှများပြီနည်း။ လောကကြီးတွင် မိမိတို့၏ကိုယ်ပိုင်ပစ္စည်းများ ဆုံးရှုံးရသော သူများတို့သည်လည်း မည်မျှပိုမိုများပြားလျက် ရှိပြီနည်း။**ST, Feb. 11, 1886.**

အကယ်၍သာ တာဝန်ရှိပုဂ္ဂိုလ်အားလုံးတို့ ချုပ်တည်းမှု ရှိလျှင်။ အကယ်၍သာ တာဝန်ရှိပုဂ္ဂိုလ်တို့သည် ကိုယ်တော်ရှင် နှစ်ခြိုက်တော်မူသောလမ်း၌ လျှောက်လိုက်ကြလျှင် သူတို့သည် လူတို့အား မြင့်မားသန့်ရှင်းသော အဆင့်အတန်းသို့ ညွှန်ပြကြမည်ဖြစ်သည်။ တာဝန်ရှိသောပုဂ္ဂိုလ်တို့သည် လုံးဝချုပ်တည်းမှုရှိကြမည်။ တရားသူကြီးများ၊ လွှတ်တော်အမတ်များ၊ မင်းများစိုးများတို့၌ ကြည်လင်ပြတ်သားသော အသိပညာရှိပြီး သူတို့၏စီရင်ဆုံးဖြတ်ခြင်းသည် ခိုင်လုံ၍ သမာသမတ်ဖြစ်မည်။ ဘုရားသခင်အား ကြောက်ရွံ့ခြင်းသည် သူတို့ရှေ့၌ အမြဲရှိ၍ သူတို့၏ဉာဏ်ပညာထက် အထက်အရပ်မှရှိသော ဉာဏ်ပညာကို အားကိုးကြမည်။ ကောင်းကင်ဘုံမှ ဆရာကြီးသည် သူတို့၏ဉာဏ်ပညာကြွယ်ဝမှုကို မြှင့်တင်ပေးမည့်အကြံဉာဏ်များကိုပေး၍၊ မှားယွင်းမှုရှိသမျှကို ဆန့်ကျင်ဘက်ပြု၍ စွဲမြဲစွာ လုပ်ဆောင်နိုင်ရန်လည်းကောင်း၊ မှန်ကန်ဖြောင့်မတ်သောအရာတို့ကို ဖွံ့ဖြိုးတိုးပွားစေရန်လည်းကောင်း ဆောင်ရွက်ဖို့ ကြံ့ခိုင်မှုကို ပေးတော်မူလိမ့်မည်။ ဘုရားသခင်၏ မိန့်မှာတော်မူချက်သည် သူတို့၏လမ်းပြဖြစ်၍ ညှဉ်းပန်းနှိပ်စက်မှုရှိသမျှတို့ကိုစွန့်ပယ်လိမ့်မည်။ ဥပဒေပြုသူများနှင့်အုပ်ချုပ်ရေးအရာရှိများတို့သည်ကောင်းမွန်၍ တရားမျှတသောတရားဥပဒေရှိသမျှတို့ကို စောင့်ထိန်းလျက်တရားမျှတမှုနှင့်သမာသမတ်ဖြစ်မှုတို့ကို ကျင့်သုံးရန် ဘုရားသခင်၏နည်းလမ်းကို အမြဲတမ်းသွန်သင်ပေးကြလိမ့်မည်။ ဘုရားရှင်သည်ကောင်းမွန်၍ တရားမျှတမှုရှိသော အစိုးရရှိသမျှတို့၏ဦးစီးနာယက ဖြစ်တော်မူသည်။ တရားဥပဒေများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသောသူများသည် ကိုယ်တော်ရှင်၏ကောင်းမြတ်သော အရာများ၏ဘဏ္ဍာစိုးများအနေဖြင့် ကိုယ်တော်နှင့် စာရင်းရှင်းကြရမည်။ **R & H, Oct. 1, 1895.**

ဗေလရှာဇာ စားသောက်ပွဲတွင် ဆင်ခြင်တုံတရားဈာန်လျှောခြင်း။ ဝါကြွားမောက်မာလျက် လုံခြုံမှုရှိသည်ဟူသော အခြေမခိုင်သော ယူဆချက်ဖြင့် ဗေလရှာဇာသည် “မှူးမတ်တစ်ထောင်ကို ခေါ်ပြီးလျှင် ကြီးစွာသောပွဲကို လုပ်၍ မှူးမတ်တစ်ထောင်နှင့်တကွ စပျစ်ရည်ကို သောက်တော်မူ၏။” စည်းစိမ်ဥစ္စာနှင့် အာဏာတန်ခိုးရှိသမျှတို့၏ ဆွဲဆောင်မှုတို့က မြင်ကွင်းကို ပိုမိုထည်ဝါစေသည်။ ဘုရင့်စားသောက်ပွဲသို့ တက်ရောက်ကြသော ဧည့်သည်တော်များတွင် လှပတင့်တယ်ရှုချင်စဖွယ်ဆင်ယင်ဝတ်စားထားသော အမျိုးသမီးများ ပါဝင်ကြသည်။ ဉာဏ်ပညာထက်မြက်သော ပညာရှင်ကြီးများလည်း တက်ရောက်ကြသည်။ မင်းညီမင်းသားများနှင့် နိုင်ငံရေး ခေါင်းဆောင်တို့သည် သေရည်သေရက်ကိုရေသောက်သကဲ့သို့သောက်ကြ၍ ၎င်းသောက်စားမှု၏အရှိန်အဝါကြောင့် ပျော်ပါးမြူးထူးကြသည်။ ဟီရိသြတ္တပ္ပ

တရား နည်းပါးသော မူးယစ်မှုပယောဂအားဖြင့် ဆင်ခြင်တုံတရားများ ဈာန်လျှော့သွားပြီဖြစ်သောကြောင့် လည်းကောင်း၊ တပ်မက်ခြင်းများနှင့် ယုတ်ညံ့သောစိတ်သဘောထားများလည်း ဒီရေတက်ဘိအလား တိုးတက်လာမှုကြောင့်လည်းကောင်း ဘုရင်ကိုယ်တိုင်ကဦးဆောင်၍ အလွန်အကြူးသောက်စားမူးယစ်ကြလေတော့သည်။ **PK, p. 523.**

စားသောက်မူးယစ်ခြင်း၏အရှိန်သည် အဆုံးစွန်သို့ ရောက်ရှိနေချိန်တွင် သွေးစွန်းမှုကင်းသော လက်တစ်ချောင်းပေါ်လာ၍ရှင်ဘုရင်နှင့်သူ့နိုင်ငံတော် ကျဆုံးမှုကို စားသောက်နေသော ခန်းမကြီးနံရံပေါ်တွင် ရေးသားထားလိုက်လေသည်။ ရေးသားထားလိုက်သောစကားများမှာ "မေနေ မေနေ၊ တေကလ၊ ဖေရက်၊" ဖြစ်၍၊ ဒံယေလဖော်ပြချက်အရ ယင်းစကားတို့၏ အနက်အဓိပ္ပါယ်မှာ၊ "ကိုယ်တော်ကို ချိန်ခွင်နှင့်ချိန်၍ လျော့ကြောင်းကို မြင်တော်မူ၏။ . . . ကိုယ်တော်၏နိုင်ငံတော်ကို ခွဲဝေ၍ မေဒိလူ၊ ပေရသိလူတို့အား အပ်ပေးတော်မူ၏။" မှတ်တမ်းက ဆိုထားသည်မှာ "ထိုညဉ့်၌ပင် ခါလဒဲရှင်ဘုရင် ဗေလရှာဇာမင်းသည် အသက်ဆုံး၍ မေဒိလူမျိုး ဒါရိမင်းသည် နိုင်ငံတော်ကို သိမ်းယူတော်မူ၏။"

သူ၏အမြတ်တနိုးကျင်းပနေသော အပျော်ကြူးမှုကို မျက်မြင်ကိုယ်တွေ့မဖြစ်သော ကိုယ်တော်ရှင်က တွေ့မြင်နေတော်မူသည်ကို ဗေလရှာဇာမင်းကြီးသည် တွေးထင်မိခြင်းမရှိပေ။ သို့ဖြစ်လင့်ကစား ကောင်းကင်စာစောင်များတွင် မမှတ်သားထားသောအလုပ်အကိုင်အပြောအဆို တစ်ခုမျှမရှိပေ။ သွေးစွန်းခြင်းကင်းမဲ့သောလက်ကကမွှည်းထိုးလိုက်သောအဓိပ္ပါယ်ငုပ်နေသောစာလုံးများက ကျွန်ုပ်တို့လုပ်ကိုင်လေသမျှကိုဘုရားသခင်သည်သိရှိတော်မူကြောင်း၊ သောက်စားမူးယစ်ခြင်းအားဖြင့် ကိုယ်တော်ရှင်ဂုဏ်တော်ကိုရှုတ်ချရာရောက်ကြောင်းကို သက်သေခံပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်မှ ဘာမျှဝှက်ထား၍မရ။ ကျွန်ုပ်တို့လုပ်ကိုင်သမျှအတွက် ဘုရားသခင်နှင့်စာရင်းရှင်းရမည်မှာ မြေခတ်မလွဲပင်၊ ကျွန်ုပ်တို့သည် ဘယ်နေရာ၌ နေထိုင်သည်မဆို၊ မည်သည့်အရာကိုပြုလုပ်သည်မဆို၊ ဖန်ဆင်းထားမှုကြောင့်လည်းကောင်း၊ ရွေးနုတ်ထားမှုကြောင့် လည်းကောင်း ကျွန်ုပ်တို့အားပိုင်သတော်မူသော ဘုရားကိုယ်တော်ရှင်နှင့် စာရင်းရှင်းကြရမည်။ **M, 50, 1893.**

ဟေရုဒ်မင်းကြီး၏ အပျော်အပါးကြူးမှုမှ ကြောက်မက်ဖွယ်ကောင်းသောဆိုးကျိုး။ ဟေရုဒ်မင်းကြီးသည် သူ၏ကာမဂုဏ် အလွန်အကြူးလိုက်စားနေသောဘဝကို နေရာပေါင်းများစွာ ပြုပြင်ပြောင်းလဲခဲ့သည်။ သို့ရာတွင် စားကောင်းသောက်ဖွယ်များနှင့် လှုံ့ဆော်တတ်သောအသောက်အစားတို့ကို သုံးစွဲနေခြင်းသည် စာရိတ္တဗလနှင့် ကာယဗလတို့ကို အမြဲတမ်းအင်အားယုတ်လျော့စေပြီး ဘုရားသခင်ဝိညာဉ်တော်၏ထက်သန်သော တောင်းပန်ချက်များကို ဆန့်ကျင်စေသောကြောင့်ဟေရုဒ်မင်းကြီးသည်အမှားကိုထင်ရှားသိမြင်လာပြီးသူ့ဒုစရိုက်များကိုစွန့်ပစ်ရန်သူ့သြတ္တပ္ပစိတ်ကတပ်လှန့်ပေးလိုက်လေသည်။ ဟေရုဒ်မင်းကြီး၏အကျင့်စာရိတ္တတွင် ပျော့ကွက်များကို မိဖုရားကြီးဟေရောဒိက ကောင်းမွန်စွာသိရှိသည်။ သာမန်အခြေအနေတွင် ဘုရားကြီး၏အသိဉာဏ်ပညာက ဘုရင်ကြီးအား အုပ်ထိန်းထားသောအခါ ယောဟန်ကို သေရာသေကြောင်းကြံစည်လုပ်ကိုင်ရန် အထမြောက်လိမ့်မည် မဟုတ်သည်ကို သူမကောင်းမွန်စွာသိရှိသည်။

ဟေရောဒိသည် သူမ၏ မုန်းတီးခြင်းကို တတ်နိုင်သမျှ ဖုံးအုပ်ထားသည်။ စားကြူးသောက်ကြူးမူးယစ်ကြမည့်အချိန်အခါဖြစ်သော ဟေရုဒ်မင်းကြီး၏ မွေးနေ့မင်္ဂလာကို သူမသည် စောင့်မျှော်နေသည်။ စားကောင်းသောက်ဖွယ်များနှင့် သေရည်သေရက်ကို ကြိုက်နှစ်သက်ခြင်းက ဟေရုဒ်မင်းကြီးအား သတိလစ်သောအခြေအနေမျိုးကို ဖန်တီးပေးလိမ့်မည်။ သူ့ခံတွင်းအလိုလိုက်၍ စားသောက်ရန် ဟေရောဒိက သွေးဆောင်တိုက်တွန်းသောအခါ ယင်းကဲ့သို့ စားသောက်မူးယစ်ရွှင်ပျော်မှုက တပ်မက်မှုကို လှုံ့ဆော်ပေး၍ ဉာဏဗလနှင့်စာရိတ္တဗလတို့၏ ကြံ့ခိုင်မှုကို အားပျော့စေလျက်အာရုံငါးဖြာတို့၏ထုံထိုင်းမှုကြောင့်လည်း အဖြစ်သနစ်နှင့် အထောက်အထားအမှန်တို့ကို ကြည်လင်ပြတ်သားစွာတွေ့မြင်နိုင်သောစွမ်းရည်များချုပ်ငြိမ်းပြီး မှန်ကန်သောဆုံးဖြတ်ချက်များ ချနိုင်တော့မည်မဟုတ်ပေ။ အလွန်အကြူးစားသောက်ရန် ဟေရောဒိမိဖုရားကြီးသည် ငွေကုန်ကြေးကျခံ၍ စားသောက်ပွဲကြီးကို ပြင်ဆင်လေသည်။ ယင်းကဲ့သို့သောချုပ်တည်းမှုကင်းသော စားသောက်ပွဲမျိုးသည် ဉာဏဗလနှင့် စာရိတ္တဗလတို့အပေါ်တွင် မည်မျှလောက်သြဇာသက်ရောက်မှုရှိသည်ကို သူမကောင်းမွန်စွာသိရှိသည်။ ခံတွင်းအလိုလိုက်ခြင်းနှင့် အပျော်အပါးလိုက်စားခြင်းများသည် ယုတ်ညံ့သောတပ်မက်ခြင်းကို လှုံ့ဆော်ပေး၍ မြင့်မြတ်သောရည်စူးချက်များနှင့်တာဝန်များအကောင်အထည်ပေါ်ရန်ကြိုးပမ်းမှုအတွက်စိတ်ပါကိုယ်ရောက်မဖြစ်စေရန် လမ်းခင်းပေးသည်။

ချုပ်တည်းမှုကင်း၍သဘာဝမကျသောပျော်မြူးခြင်းသည်စာရိတ္တတိုးတက်ကောင်းမွန်လာမှုကို ဟန့်တား အနှောင့်အယှက်ပြုပြီးမြင့်မြတ်သန့်ရှင်းသောစိတ်ဇောများ စိတ်နှလုံးကိုပြုပြင်ပေးခြင်း၊ တပ်မက်မှုတို့ကို အုပ်ထိန်းထား ပေးခြင်းဆိုသည်မှာမရရှိနိုင်တော့ပေ။ ပွဲလမ်းသဘင်များ၊ ပျော်ပွဲရွှင်ပွဲများ၊ ကပွဲများနှင့်သေရည်သေရက်များလွတ်လွတ် ကျွတ်ကျွတ်သောက်ခြင်းတို့သည် အာရုံများကိုထုံထိုင်းစေ၍ဘုရားသခင်အားကြောက်ရွံ့သောစိတ်ကိုပပျောက်စေသည်။

ဟေရုဒ်မင်းကြီးနှင့်သူ၏မှူးကြီးမတ်ရာသေနာပတိတို့သည် စားသောက်ပွဲခန်းမကြီးထဲတွင် သောက်စားနေကြ စဉ် ပြစ်မှုကျူးလွန်သောစိတ်နှင့်တပ်မက်ခြင်းစိတ်များနှင့် စိတ်ထားယုတ်ညံ့စွာဖြင့် ဟေရောဒိသည် တွေ့မြင်သောသူဟူ သမျှ စွဲမက်လောက်အောင် ဝတ်စားဆင်ယင်ထားသော သူမ၏သမီးကို ဟေရုဒ်မင်းကြီးနှင့် ဘုရင့်ဧည့်သည်များရှေ့သို့ သွင်းပေးလိုက်လေသည်။ သမီးကလေးစလိုမီအား တန်ဖိုးကြီးသောပန်းကုံးများနှင့်ပန်းများဖြင့် ခြယ်လှယ်ဆင်ယင်ပေး ထားသည်။ တဖိတ်ဖိတ်တောက်နေသော ကျောက်မျက်ရတနာများနှင့် ဆွဲကြိုးများကိုလည်း ဝတ်စားဆင်ယင်ထား သည်။ ဟီရိုဩတ္တပွဲတရားနှင့် ကာယိန္ဒြေကင်းမဲ့စွာ ဝတ်စားဆင်ယင်ထားသော သူငယ်မသည် ဘုရင့်ဧည့်သည်တော် များအား ဧည့်ခံဖြေဖျော်ရန် ကပြလေသည်။ ဤစွဲမက်ဖွယ်ဖြစ်သော ရုပ်လုံးပုံသဏ္ဍာန်သည် အာရုံငါးဖြာမှောက်မှားနေ ကြသော သူတို့၏အမြင်တွင် လှပတင့်တယ် မက်မောဖွယ်ဖြစ်နေသည်။ ပညာမျက်စိ၊ ပိုင်းခြားဝေဖန်နိုင်သောသတ္တိ၊ ရည်မွန်သောအာရုံခံစားမှုတို့၏စိုးမိုးမှုကို ခံရမည့်အစား ယုတ်နိမ့်သောစိတ်တို့၏ လမ်းပြပို့ဆောင်မှုကို ခံနေရသည်။ ကောင်းသောအကျင့်သီလတို့၏ ချုပ်ထိန်းမှုကား ဗလာနတ္ထိမရှိတော့ပြီ။

ခေါင်းနောက်ကွယ်ဖြစ်သော ယင်းကချေသည်၏မြင်ကွင်းမှ မှားယွင်းသော စွဲလမ်းမှုက မူးယစ်နေသော ဟေရုဒ်မင်းကြီးနှင့်သူ့ဧည့်သည်တော်များတို့၏ဆင်ခြင်တုံတရားနှင့်ဂုဏ်ကျက်သရေ ပယ်ရှားပစ်ဟန်လက္ခဏာရှိသည်။ တေးဂီတ၊ သေရည်သေရက်နှင့်ကပြခြင်းတို့က သူတို့ထံမှဘုရားသခင်အားကြောက်ရွံ့ရိုသေသောစိတ်ကို ဖယ်ရှားပစ် လိုက်၏။ ဟေရုဒ်မင်းကြီး၏မှောက်မှားနေသော အာရုံငါးဖြာတို့အတွက် သန့်ရှင်းသောအရာ ဟူ၍ မရှိတော့ပြီ။ သူ့ နိုင်ငံတော်မှမှူးကြီးမတ်ရာသေနာပတိတို့မျက်မှောက်တွင် သူ့ဂုဏ်ကိုဆထက်ထမ်းပိုးတိုး၍မြှင့်တင်ပေးမည့် လုပ်ရပ် တစ်ခုကို ပြုလိုသောဆန္ဒရှိသည်။ ဟေရောဒိ၏သမီးကလေး ကချေသည်ကလေးက တောင်းဆိုသမျှသောဆုကို ပေးမည် ဟု သူသည်အလျင်စလို ကတိပြုလိုက်ပြီး ယင်းကတိကို ကျိန်ဆို၍ အတည်ပြုလိုက်လေသည်။

အံ့သြဖွယ်ကောင်းသောကတိတစ်ခုကို ရရှိပြီးမှ သူမဘာဆုကိုတောင်းဆိုရမည်ကို သိရှိလိုသောကြောင့် သူ့ မိခင်ဆီသို့ပြေးသွားလေသည်။ မိခင်ဖြစ်သူမှာ အဖြေပေးရန် အဆင်သင့်ဖြစ်နေပြီ။ ယောဟန်ဦးခေါင်းကို လင်ဗန်း တစ်ခုတွင် ထည့်၍ပေးသောဆုကိုလိုချင်သည်။ စလိုမီကလေးသည် ပထမတွင် လန့်သွားသည်။ သူမမိခင်၏စိတ်ထဲ တွင်ပုန်းအောင်းနေသည့်ကလဲ့စားချေလိုသောဆန္ဒကို သူမ နားမလည်ပေ။ ထိုမျှလူစိတ်ကင်းသောတောင်းဆိုမှုကို ပြုရန်စလိုမီသည်ငြင်းပယ်လေသည်။ သို့ရာတွင် ထိုယုတ်မာသောမိခင်၏စိတ်ပြဋ္ဌာန်းချက်သည် အောင်မြေနင်းခဲ့သည်။ ထိုမျှမကသေး၊ ဟေရုဒ်မင်းကြီးသည် စဉ်းစားမိ၍ စိတ်ထားပြောင်းရန် အချိန်မရမီ အလျင်အမြန်သွား၍ အဆိုပါဆုကို တောင်းဆိုရန် သမီးဖြစ်သူအား တိုက်တွန်းလေသည်။ “နှစ်ခြင်းဆရာယောဟန်၏ဦးခေါင်းကို ဤလင်ပန်း၌ ပေးတော်မူ ပါ” ဟုတောင်းလျှောက်၏။ မင်းကြီးသည် ဝမ်းနည်းသော်လည်း ကျိန်ဆိုခြင်းကို လည်းကောင်း၊ အပေါင်းအဖေါ်တို့၏ မျက်နှာကိုလည်းကောင်း ထောက်ထားသောကြောင့် “ပေးစေဟုအမိန့်တော်ရှိ၏။”

ဟေရုဒ်မင်းကြီးသည် အံ့သြ၍ ရှုပ်ထွေးသွားသည်။ သူ့ရှုန်းရင်းခတ်ပျော်ပွဲရွှင်ပွဲရပ်သွား၍ သူ့ဧည့်သည်တော် များက ယင်းလူမဆန်သော တောင်းဆိုမှုကြောင့် တုန်လှုပ်ချောက်ချား ဖြစ်သွားကြသည်။ ထိုနေ့ညဉ့် ကျင်းပခဲ့သော သောက်စားမူးယစ်သော ပျော်ရွှင်မှုသည် ဘုရားသခင်အထံတော်မှ လူတို့အား တစ်ဆင့်ကြားပြောသော အကျော် အမော်ပရောဖက်ကြီးတစ်ပါး၏အသက်ဆုံးရှုံးရသည်။ မူးယစ်စေသောအရက်ခွက်သည် ထိုကြောက်မက်ဖွယ်ကောင်း သောပြစ်မှုကြီးကို ကျူးလွန်ရန် လမ်းဖွင့်ပေးသည်။ **R & H, March 11, 1873.**

ယောဟန်အား ကယ်ဆယ်မည့် လေသံတစ်ခုမျှ ပေါ်ထွက်မလာ။ ဟေရုဒ်မင်းကြီးအားသူကမူးရှူးထိုးပြု လိုက် သည့်ကတိကို အကောင်အထည်မဖေါ်နိုင်အောင်တားမြစ်မည့်အသံသည် ယင်းလူစုမှဘာကြောင့် ပေါ်ထွက်မလာ သနည်း။ သူတို့သည် သေရည်သေရက်သောက်ပြီး မူးယစ်နေကြ၍ သူတို့၏ထုံထိုင်းနေသော အာရုံငါးဖြာကြောင့် သူတို့အတွက် ရိုသေကိုင်းရှိုင်းစရာဟူ၍ ဘာမျှမရှိတော့ပြီ။

ဘုရင့်ဇည့်တော်များသည် ဘုရင်ကြီးအား သူ ပြုလိုက်သော ကတိကို အကောင်အထည်ဖော်ရသည့် ဝတ္တရားမှ ခွင့်လွှတ်ရန် ဖိတ်ခေါ်ခြင်းရရှိကြသော်လည်း သူတို့၏လျှာများသည် အကြောသေနေဟန် လက္ခဏာရှိသည်။ သူ၏ဂုဏ်သိက္ခာကို အဖတ်ဆယ်ရန် သေရည်သေရက်၏အရှိန်အဝါကြောင့် ပြုလိုက်သည့် ကတိသစ္စာကို သူစောင့်ထိန်းရမည် ဟူသော မိစ္ဆာဝါဒကို ဟေရုဒ်မင်းကြီးသည် စွဲကိုင်ထားသည်။ ဝိညာဉ်၏တစ်ခုတည်းသော အကာအကွယ်ဖြစ်သော ကိုယ်ကျင့်တရားသည် သေလျက်ရှိလေပြီ။ ဟေရုဒ်မင်းကြီးနှင့် သူ့ဇည့်သည်တော်များတို့သည် ကျေးကျွန်များဖြစ်၍ ဉာဏ်ကင်းမဲ့သည့် ရသာခံစားမှု၏ အနိမ့်ကျဆုံး ကျွန်သပေါက်ဘဝတွင် ဖမ်းချုပ်ထားခြင်း ခံနေကြရသည်။

တရားမျှတမှုနှင့်ကရုဏာတရားဆိုင်ရာ အသိပညာများကို ကမောက်ကမဖြစ်စေသော ကာမဂုဏ်ခံစားမှုကြောင့် လူတို့၏ ဉာဏဗလတို့သည် မလွတ်ကျမီအားအင်ကင်းလျက်ရှိကြသည်။ ဘုရားသခင်ပရောဖက်တစ်ပါး၏ တန်ဖိုးရှိလှသော အသက်တစ်ချောင်းကို ဆုံးရှုံးစေမည့် ဆုံးဖြတ်ချက်ကို အလေသုံးဆယ် ချမှတ်စေရန် ဟေရောဒိ မိဖုရားမှတစ်ဆင့်စာတန်သည် ယင်းအခွင့်ကောင်းကို အရယူလိုက်သည်။ **R & H , April 8, 1873.**

ဘုရားသခင်၏သတိပေးချက်များ။ ချုပ်တည်းခြင်းတရားကင်းမဲ့၍ ဆိုးသွမ်းသောလူမျိုး အစဉ်အဆက်ကို ဘုရားသခင်သည် ကြာရှည်သည်းမခံနိုင်တော့ပေ။ မူးယစ်စေသော သေရည်သေရက်သောက်စားခြင်းရှောင်ရှားရမည့်ကိစ္စနှင့် ပတ်သက်၍ သမ္မာကျမ်းစာထဲတွင် အရေးကြီးသော သတိပေးချက် မြောက်မြားစွာရှိသည်။ ရှေးခေတ်အခါက ဘုရားသခင်၏လူတို့နှင့် စပ်ဆိုင်၍ ကိုယ်တော်ရှင်၏ လိုအင်ဆန္ဒများကို ပြန်လည်ပြောကြားရာတွင် မောရှေက သေရည်သေရက် သောက်စားသောသူတို့အား အောက်ပါအတိုင်း ပြောကြားလိုက်သည်။

"ထိုသို့သောသူသည် ကျိန်ခြင်းစကားကိုကြားသောအခါ စိတ်ခိုင်မာသည်အတိုင်းငါကျင့်၍ ရေငတ်ခြင်းအပေါ်၌မူးယစ်ခြင်းကို ထပ်ဆင့်သော်လည်း ချမ်းသာရမည်ဟူ၍လည်းကောင်း စိုးရိမ်စရာရှိ၏။ ထိုသူကို ထာဝရဘုရား နှမြောတော်မမူ။ အပြစ်ရှိသည်ဟု ထင်လွယ်သောစိတ်၊ အမျက်တော်အရှိန် မီးခိုးထွက်၍ ဤကျမ်းစာ၌ရေးသားထား သောအမင်္ဂလာရှိသမျှတို့သည် ထိုသူအပေါ်မှာတည်နေကြလိမ့်မည်။ ထာဝရဘုရားသည် သူ၏အမည်ကို မိုးကောင်း ကင်အောက်၌ ချေတော်မူလိမ့်မည်။"

ရှောလမုန်မင်းကြီးက မိန့်ကြားထားတော်မူသည်မှာ၊ "စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည်သေရက်သည် ရုန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ၊ အဘယ်သူသည် ဝမ်းနည်းခြင်းရှိသနည်း။ အဘယ်သူသည် ညည်းတွားခြင်းရှိသနည်း။ အဘယ်သူသည် ရန်တွေ့ခြင်းရှိသနည်း။ အဘယ်သူသည် မြည်တမ်းခြင်းရှိသနည်း။ အဘယ်သူသည် အကျိုးအကြောင်းမရှိ ထိခိုက်၍ နာကျင်ခြင်း ရှိသနည်း။ အဘယ်သူသည် မျက်စိနီခြင်းရှိသနည်းဟူမူကား၊ စပျစ်ရည်ကိုကြာမြင့်စွာသောက်လျက်နေသောသူ၊ ဆေးနှင့်ရောသော စပျစ်ရည်ကိုရှာသောသူတို့သည် ထိုသို့သောလက္ခဏာရှိတတ်၏။ ဖလား၌နီလျက်၊ အရောင်တောက်လျက်အချိုအမြိန်ဝင်လျက်ရှိသောစပျစ်ရည်ကို မကြည့်မရှုနှင့်။ နောက်ဆုံး၌ မြွေကဲ့သို့ ကိုက်တတ်၏။ မြွေဆိုးကဲ့သို့ နာစေတတ်၏။"

ဣသရေလလူမျိုးတို့သည် နောက်ဆုံးတွင်တစ်ပါးအမျိုးသားတို့၏ဖမ်းသွားချုပ်ထားခြင်းခံရကြသောအကြောင်း ရင်းတစ်ရပ်မှာ သေရည်သေရက်ကို သောက်စားခြင်းဖြစ်သည်။ ပရောဖက်အာမုတ်မှတစ်ဆင့် ဘုရားသခင်က ဣသရေလလူတို့အား မိန့်တော်မူသည်မှာ၊

"ဇိအုန်မြို့၌ငြိမ်ဝပ်စွာနေသောသူ၊ . . . . . ဆိုးယုတ်သောနေ့ရက်ကို ရွှေ့၍ မတရားသဖြင့် စီရင်ရာပလ္လင်ကို အနီးမှာတည်စေခြင်း၊ ဆင်စွယ်ခုတင်ပေါ်မှာအိပ်၍ မွေ့ရာပေါ်မှာ လျောင်းခြင်း၊ သိုးစုထဲက သိုးသငယ်တို့ကိုလည်းကောင်း၊ နွားတင်းကုပ်ထဲက နွားသငယ်တို့ကိုလည်းကောင်း ယူ၍စားခြင်း၊ တယောထိုးသံနှင့်ပြိုင်လျက်သီချင်းဆိုခြင်း၊ တီးမှုတ်ရာတူရိယာမျိုးအသစ်ကို ဒါဝိဒ်မင်းရှာ၍ လုပ်သကဲ့သို့ လုပ်ခြင်း၊ စပျစ်ရည်ကိုဖလားနှင့်သောက်၍ အဖိုးထိုက်သောနံ့သာဆီနှင့် လိမ်းခြင်းတို့ကိုပြု၍ယောသပ်အမျိုး ဆင်းရဲခံရသည်ကို စိတ်မကြင်နာပဲနေသောထိုသူတို့သည် အဦးဆုံးသိမ်းသွားခြင်းကို ခံရသောသူတို့နှင့်အတူ ပါသွားကြလိမ့်မည်။ လျောင်း၍နေသောသူတို့၏ပွဲသည်လည်း ကွယ်ပျောက်ရလိမ့်မည်။"

"ငယ်သားအစိုးရ၍ မှူးမတ်များ အချိန်မဲ့ နံနက်စောစော စားသောက်တတ်သော ပြည်သည် အမင်္ဂလာရှိ၏။ မင်းသားအစိုးရ၍ မှူးမတ်တို့သည် လွန်ကြူးစွာ မစားမသောက်ပဲ အချိန်တန်မှ အားဖြည့်ခြင်းငှါသာ စားသောက်တတ်သောပြည်သည် မင်္ဂလာရှိ၏။" "အိုလေမွေလ၊ စပျစ်ရည်သောက်သောအမှုနှင့်သေရည်သေရက်သောက်သောအမှုသည် ရှင်ဘုရင်၊ မင်းသားတို့နှင့် မတော်မသင့်။ သူတို့သည် သောက်လျက် တရားတော်ကို မေ့လျော့၍ ဆင်းရဲသားတို့၏ အမှုကို မတရားသဖြင့် စီရင်ဆုံးဖြတ်မည်ဟု စိုးရိမ်စရာရှိ၏။"

ယင်းသတိပေးစကားများနှင့် အမိန့်တော်သည် လေးနက်ချက်ကျ၍ ပြတ်သားလှပါသည်။ တာဝန်ကြီးသော ရာထူးဌာနန္တရများတွင် ဝင်ရောက်အမှုထမ်းကြသော မင်းမှုထမ်းများသည် အထက်ပါသတိပေးချက်ကိုနာခံရကြမည်။ သို့မဟုတ်လျှင် သူတို့သည် သေရည်သေရက်များကို စားသောက်လျက် တရားတော်ကို မေ့လျော့၍ မတရားသဖြင့် စီရင်ဆုံးဖြတ်မည်ကို စိုးရိမ်စရာရှိသည်။ "မိဘမရှိသောသူငယ်နှင့် မုဆိုးမကို သင်တို့သည် မနှောင်ယှက်ရ။ နှောင့်ယှက်ခြင်း တစ်စုံတစ်ခုပြု၍ သူတို့သည် ငါ့အားအနည်းငယ် အော်ဟစ်လျှင် ငါသည် ထိုအသံကို အမှန်ကြား၍ ငါအမျက်ပြင်းစွာထွက်လျက် သင်တို့ကို ဓါးဘေးဖြင့် ကွပ်မျက်မည်။ သင်တို့မယားများသည်လည်း မုဆိုးမဖြစ်၍ သားသမီးများသည်လည်း မိဘမရှိသောသူငယ် ဖြစ်ကြလိမ့်မည်။"

ကောင်းကင်ဘုံရှင် ဘုရားသခင်သည် အုပ်စိုးတော်မူသည်။ ကိုယ်တော်တစ်ဦးတည်းသာလျှင် ဩဇာအာဏာရှိသမျှ၊ ဘုရားနှင့်အုပ်စိုးရှင်ရှိသမျှတို့ကို အုပ်ထိန်းတော်မူသည်။ သေရည်သေရက်ကို အသုံးပြုခြင်းနှင့်ပတ်သက်၍ ကိုယ်တော်၏နှုတ်ကပတ်တော်ထဲတွင် ကိုယ်တော်ရှင်သည်အထူးညွှန်ကြားချက်များကို ပေးထားတော်မူသည်။ သေရည်သေရက်ကိုမသောက်စားရန်တားမြစ်ထားတော်မူပြီး ၎င်းအားတားမြစ်ထားမှုကိုလည်း ပြင်းထန်သောသတိပေးချက်များနှင့် ခြိမ်းခြောက်မှုများဖြင့်အတည်ပြုထားရမည်။ သို့ရာတွင် မူးယစ်စေသောအဖျော်ယမကာတို့ကိုတားမြစ်ထား တော်မူခြင်းမှာ အတင်းအဓမ္မအာဏာကို အသုံးပြုခြင်းမဟုတ်ပေ။ လူသည် သေရည်သေရက်ကို သောက်စားမှုကြောင့် ဖြစ်ပျက်ပေါ်ပေါက်လာသည့်ဆိုးကျိုးများမှ လွတ်ကင်းစေရန်အတွက် ကိုယ်တော်ရှင်ကတားမြစ်တော်မူသည်။ ဂုဏ်သိက္ခာပျက်ပြားမှု၊ရက်စက်မှု၊ဒုက္ခဆင်းရဲခြင်း၊ရင်ဆိုင်ရမှုနှင့် ရန်သတ္တရုဖြစ်ခြင်းတို့သည် ချုပ်တည်းမှုကင်းမဲ့ခြင်း ၏အကျိုးဆက်များဖြစ်သည်။ ဤဆိုးသွမ်းမှုလမ်းစဉ်ကျင့်သုံးမှု၏ဆိုးကျိုးများကို ဘုရားကိုယ်တော်ရှင်ကညွှန်ပြထားတော်မူသည်။ ယင်းကဲ့သို့ပြုလုပ်တော်မူရခြင်းမှာ၊ ကိုယ်တော်၏ပညတ်တော်များမှ လမ်းလွဲခြင်းမရှိပဲ ကိုယ်ကျိုးစီးပွားတိုးတက်ရေးအတွက် ရူးသွပ်စေသောမူးယစ်သေစာများ ရောင်းချကြသော လူဆိုးတို့၏လုပ်ရပ်ကြောင့် အနှံ့အပြားဖြစ်ပေါ်လာသောဆိုးကျိုးများအန္တရာယ်မှ လူတို့အား ကင်းဝေးစေရန်ဖြစ်သည်။ DC, p. 4-6.

-o-

အပိုင်း ၃

# ဆေးလိပ်ဆေး

## ၁ ဆေးလိပ်ဆေး၏ဆိုးကျိုး

ဆေးလိပ်ဆေးသည် ကိုယ်ခန္ဓာကိုဘယ်ကဲ့သို့ထိခိုက်ပုံ။ ဆေးလိပ်ဆေးသည် နှေးကွေးလေးကန်၍ မြုံနေသော အဆိပ်မျိုးဖြစ်၍ ကိုယ်ခန္ဓာ၌ ၎င်း၏ထိခိုက်မှုသည် သေရည်သေရက်ထိခိုက်မှုထက် သုတ်သင်ပယ်ရှားပစ်ရန် ပိုမိုခက်ခဲလေသည်။ 3T, p. 569.

ဆေးလိပ်ဆေးသုံးစွဲခြင်းသည် သေရည်သေရက်သောက်စားခြင်းထက် အာရုံကြောစုကို ပိုမိုပြင်းထန်စွာ ထိခိုက်သောအလေ့အကျင့်မျိုးဖြစ်သည်။ ၎င်းသည် ၎င်းအားသုံးစွဲသော ကာယကံရှင်အား မူးယစ်စေသော အရက်ခွက်ထက် ပိုမိုခိုင်မာသော အကျင့်ဓလေ့နှောင်ကြိုးများဖြင့် ကျွန်တွင်းချည်နှောင်ထားသည်။ ယင်းအကျင့်ဓလေ့သည် အောင်မြင်ရန် ပိုမိုခက်ခဲလေသည်။ အများအားဖြင့် စိတ်နှင့်ကိုယ်ခန္ဓာတို့သည် အရက်ပြန်ပါသောသေရည်သေရက်များ သောက်စားခြင်းထက် ဆေးလိပ်ဆေးသုံးစွဲမှုကြောင့် ပိုမိုမူးယစ်ထိုင်းမှိုင်းသွားလေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ပိုမိုစဉ်းလဲသော အဆိပ်ဖြစ်သည်။ 3T, p. 562.

ဆေးလိပ်ဆေးသုံးစွဲသောသူတို့သည် ဘုရားသခင်ရှေ့တော်၌အပြစ်ရှိကြ၏။ ဆေးလိပ်ဆေးကို မည်သည့်အမျိုးအစားပုံသဏ္ဍာန်အနေဖြင့် သုံးစွဲသည်မဆို ကိုယ်ခန္ဓာကိုထိခိုက်မှုရှိသည်။ ၎င်းသည် တဖြည်းဖြည်း ထိခိုက်သောအဆိပ်ဖြစ်သည်။ ၎င်းသည် ဦးနှောက်ကိုထိခိုက်၍ အာရုံခံစားနိုင်သောစွမ်းရည်များကို ထုံထိုင်းစေသည်။ ထိုအတွက်ကြောင့်စိတ်သည် ဝိညာဉ်ရေးဆိုင်ရာ အကြောင်းခြင်းရာများ၊ အထူးသဖြင့် ၎င်းသည် ညစ်ညမ်းသောလိုက်စားမှုပြုပြင် ကုသပေးနိုင်သော တရားစစ်တရားမှန်များကို ပြတ်ပြတ်သားသား နားလည်နိုင်စွမ်း မရှိတော့ပေ။ ဆေးလိပ်ဆေးကို မည်သည့်ပုံစံမျိုးဖြင့်မဆို သုံးစွဲသောသူသည် ဘုရားသခင်ရှေ့တော်တွင် အပြစ်အနာအဆာကင်းသော အခြေအနေတွင်ရပ်တည်မှုမရှိကြ။ ယင်းကဲ့သို့ ညစ်ညမ်းသောအလေ့အကျင့်များ ကျင့်သုံးနေချိန်တွင် ကိုယ်တော်ရှင် ပိုင်ဆိုင်တော်မူသောကိုယ်ခန္ဓာများနှင့် ဝိညာဉ်များတွင် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေဖို့သူတို့အတွက် မဖြစ်နိုင်ကြပေ။ သူတို့သည် နှေးကွေးလေးလံသော်လည်း အဆိပ်အတောက်မုချဖြစ်သော သူတို့၏ကျန်းမာခြင်းကို ဖျက်ဆီး၍ သူတို့စိတ်၏စွမ်းရည်များကိုယုတ်နိမ့်စေသောအရာများကို သုံးစွဲနေချိန်၌ ဘုရားသခင်သည်သူတို့ပြုသောဝတ်ကို ကြိုက်နှစ်သက်ခြင်းမရှိနိုင်ပေ။ ဤဆိုးယုတ်ညစ်ညမ်းသောအလေ့အကျင့်ကပြုသော အန္တရာယ်ကိုမသိပဲ ယင်းအလေ့အကျင့်ကိုလိုက်စားနေချိန်တွင် ကိုယ်တော်ရှင်သည် သူတို့အား သနားကြင်နာမည်ဖြစ်သော်လည်း ယင်းကိစ္စနှင့် ပတ်သက်၍ အမှန်တရားကို ရှင်းလင်းပြတ်သားစွာတွေ့ရှိသိမြင်စေပြီးသည်နောက် ယင်းအလေ့အကျင့်ကို ဆက်လက်လိုက်စားနေလျှင် သူတို့သည် ဘုရားသခင်ရှေ့တော်တွင် အပြစ်ရှိကြသည်။ CH, p. 81.

ခုခံတွန်းလှန်မှုယုတ်လျော့၍ အင်အားပြန်လည်ပြည့်တင်းမှု ချည့်နဲ့ခြင်း။ ဘုရားသခင်၏ ကုသပေးနိုင်သော တန်ခိုးအာနိသင်သည် သဘာဝကြီးတစ်ခုလုံးတွင် တည်ရှိနေသည်။ အကယ်၍လူတစ်ဦးတစ်ယောက်သည် ဓါးခုတ်မိသည်ဖြစ်စေ၊ အရိုးတစ်ချောင်းကျိုးသွားသည်ဖြစ်စေ သဘာဝတရားက ချက်ချင်းပင် ကုသပေးပြီး သူ့အသက်ကို စောင့်ထိန်းထားလိုက်သည်။ သို့ရာတွင် သဘာဝတရားသည် မိမိလုပ်ရမည့်အလုပ်ကို လုပ်ကိုင်၍ မရနိုင်လောက်အောင် လူက အနှောင့်အယှက်ကို ပြုနိုင်သည်။ အကယ်၍ ဆေးလိပ်ကို အသုံးပြုလျှင် သဘာဝဓမ္မ၏ကုသနိုင်သော အာနိသင်သည် အနည်းနှင့်အများ ချည့်နဲ့သွားသည်။ MM, p. 11.

စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်း။ လူ့ဘဝအသက်တာ၏ဥပဒေပညတ်များကိုချိုးဖျက်သောအခါတိုင်း သဘာဝဓမ္မက ကန့်ကွက်မည်ကို လူကြီးလူငယ်မရွေး သတိရကြပါ။ ပြစ်ဒဏ်သည် ဉာဏဗလနှင့် ကာယဗလ နှစ်မျိုးစလုံးပေါ်တွင် သက်ရောက်လိမ့်မည်။ ယင်းပြစ်ဒဏ်သည် အပြစ်ရှိသော လွန်ကျူးသူတွင်သာ နိဂုံးချုပ်သွားမည် မဟုတ်ပေ။ သူတို့ အလွဲကျင့်ကြံမှု၏ ဆိုးကျိုးများကို သူတို့သားသမီးများတွင် တွေ့မြင်ရပြီး ဤနည်းအားဖြင့် သူတို့၏ ရိုးရာအပြစ်

အနာအဆာများသည် လူမျိုး တတိယအဆက် စတုတ္ထအဆက်တိုင်အောင်ပင် ဆင်းသက်လာသည်။ ဖခင်များတို့၊ သင်တို့သည် ဝိညာဉ်နှင့်ဦးနှောက်ကို ထုံထိုင်းစေသော မူးယစ်ဆေးဖြစ်သော ဆေးလိပ်ဆေးကို သုံးစွဲသော ဤအချက်ကို စဉ်းစားကြည့်ပါ။ ဤအလေ့အကျင့်သည် သင်တို့အား အဘယ်အခြေအနေသို့ တွန်းပို့မည်နည်း။ သင်တို့ အလေ့အကျင့်သည် သင်တို့ကိုယ်တိုင်အပြင် အခြားမည်သူများကို ထိခိုက်မည်နည်း။ **ST, Dec. 6, 1910.**

ဆေးလိပ်ဆေးကို သုံးစွဲကြသော ကလေးများနှင့် လူငယ်လူရွယ်များအတွက် အန္တရာယ်မှာ စကားအားဖြင့် ဖော်ပြ၍ မရနိုင်လောက်အောင် ကြီးမားလှသည်။ အတိတ်ကာလမှ လူမျိုးအစဉ်အဆက်တို့က လိုက်စားခဲ့သော ကျန်းမာမှုနှင့် ဆန့်ကျင်သောအလေ့အထတို့သည် ယခုခေတ်ကလေးများနှင့် လူငယ်လူရွယ်တို့အား ထိခိုက်လျက်ရှိသည်။ ဉာဏဗလည့်ဖျင်းမှု၊ ကာယဗလချည့်နဲ့မှုနှင့် သဘာဝမကျသော တပ်မက်မှုများတို့သည် အမွေအနှစ်အနေဖြင့် မိဘတို့မှ သားသမီးများသို့ ကူးစက်လာလေသည်။ သားသမီးများက ဆက်လက်ကျင့်သုံးသော ယင်းအလေ့အထများသည် တိုးပွားများပြားလာ၍ ဆိုးကျိုးများကို သက်ဆိုးရှည်စေလေသည်။ ကမ္ဘာ့နိုင်ငံအရပ်ရပ်တွင် ယင်းအကျင့်ဓလေ့များ လိုက်စားမှုကြောင့် ဉာဏဗလနှင့်စာရိတ္တဗလတို့၏ယိုယွင်းမှုမှာ ကြောက်ခမန်းလိလိ ဖြစ်လေပြီ။

ယောကျ်ားကလေးများသည် အသက်အရွယ်နုနယ်ချိန်မှစ၍ ဆေးလိပ်သောက်ကြသည်။ ဆေးလိပ်သောက်ခြင်း၏ဆိုးကျိုးများသည် ကိုယ်ခန္ဓာနှင့်စိတ်ကို အထူးသဖြင့် ထိခိုက်လွယ်သောအချိန်၌ လိုက်စားခဲ့သောအကျင့်ဓလေ့များသည် ကာလဗလကို ဖြုံခွင်း၍ ကိုယ်ခန္ဓာကို ပုကွစေလျက် စိတ်ကို ထိုင်းမှိုင်းစေပြီးလျှင် အကျင့်သီလကို ပျက်ပြားစေသည်။ **MH, pp. 328, 329.**

ဆေးလိပ်ဆေးဆိုင်ရာ ချုပ်တည်းမှုကင်းမဲ့ခြင်း၏မူလအစ။ ရိုးရာဆက်ခံမှုသာလျှင် ဖြစ်ရမည်။ လူသည် သဘာဝအားဖြင့် ဆေးလိပ်ဆေးကို သုံးစွဲလိုသောဆန္ဒရှိသည်ဆိုသည်မှာ ယုတ္တိမရှိပေ။ **M, 9, 1893.**

လက်ဖက်ရည်နှင့် ကော်ဖီတို့ကို သောက်စားခြင်းအားဖြင့် ဆေးလိပ်ဆေးကို သောက်လိုသော ဆန္ဒပေါ်ပေါက်လာသည်။ **3T, p. 563.**

အချို့သောမိခင်များက သူတို့၏သားသမီးများကို စားသောက်ရန် အားပေးသော အမွှေးအကြိုင်များများနှင့် ချက်ပြုတ်ထားသောအသားဟင်းများ၊ လက်ဖက်ရည်နှင့်ကော်ဖီတို့သည် ဆေးလိပ်ဆေးကဲ့သို့သော ပိုမိုပြင်းထန်စွာ လှုံ့ဆော်တတ်သောအရာများကို တောင့်တဖို့လမ်းဖွင့်ပေးသည်။ ဆေးလိပ်ဆေးသုံးစွဲခြင်းသည် သေရည်သေရက်သောက်စားလိုသော ခံတွင်းမျိုးကို ဖန်တီးပေးသည်။ **3T, p. 488.**

မွှေးကြိုင်သောဟင်းခတ်များသည် အစာအိမ်ကို ပူလောင်စေ၍ သွေးကိုညစ်ညမ်းစေပြီးလျှင် လှုံ့ဆော်မှုကို ပိုမိုပြင်းထန်သော အသုံးအဆောင်များကို သုံးစွဲရန် လမ်းခင်းပေးသည်။ ယင်းအသုံးအဆောင်များသည် အကြောအခြင်များအား အင်အားချည့်နဲ့စေခြင်း၊ သည်းခံစိတ်ကင်းမဲ့စေခြင်း၊ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်မှုကင်းမဲ့စေခြင်းတည်းဟူသော မကောင်းမှုများကို ဖြစ်ပွားစေသည်။ ဆေးလိပ်ဆေးနှင့် အရက်ခွက်တို့သည် နောက်က ကပ်လိုက်လာကြသည်။ **ST, Oct. 27, 1887.**

အသက်များကို စတေးကြသည်။ သေရည်သေရက်နှင့်ဆေးလိပ်ဆေးများသည် လူတို့၏သွေးကို ညစ်ညမ်းစေ၍ နှစ်စဉ်နှစ်တိုင်းထောင်သောင်းမကသော အသက်များသည် ဤအဆိပ်များကြောင့် သေကြေပျက်စီးကြသည်။ **HR, November, 1871.**

အဆိပ်အတောက်ဆေးဝါးဖြစ်သော ဆေးလိပ်ဆေးကို ကိုယ်ခန္ဓာတွင်းမှ ထုတ်ပစ်ရန် သဘာဝဓမ္မက တတ်နိုင်သမျှ ကြိုးစား၏။ သို့ရာတွင် မကြာခဏ သဘာဝဓမ္မသည် အရှုံးပေးရသည်။ ချင်းနင်းဝင်ရောက်လာသော အဆိပ်အတောက်ကို တိုက်ခိုက်ရာတွင် သဘာဝဓမ္မသည် လက်လျှော့လိုက်သောအခါ အသက်တစ်ချောင်းသည် သေမင်း၏လက်ထဲသို့ (ဝကွက်)ရောက်ရလေတော့သည်။ **M, 3, 1897.**

ဆေးလိပ်ဆေး အသုံးပြုခြင်းသည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခြင်းဖြစ်သည်။ စိတ်နှလုံးသန့်စင် ခြင်း၊ ပုဂ္ဂလိကစင်ကြယ်ခြင်းကို ထိန်းသိမ်းထားရန် ဣသရေလလူများတို့ကို ဘုရားသခင်သည်အထူးညွှန်ကြားချက်များကိုပေးထားတော်မူသကဲ့သို့ယခုအခါ၌လည်း ယင်းစင်ကြယ်ခြင်းမျိုးကို ထိန်းသိမ်းထားကြဖို့ ဘုရားသခင်အလိုရှိတော်မူ

သည်။ တစ်ချိန်လုံးလိုလိုပင် လဟာပြင်ထဲမှာ နေထိုင်ရပြီး တောထဲ၌ ခရီးသွားနေကြသော သူတို့အား သန့်ရှင်းစင်ကြယ်မှုရှိကြရန် ညွှန်ကြားချက်များပေးရလောက်အောင် ဘုရားသခင်သည် စေ့စပ်သေချာတော်မူလျှင် ကျန်းမာမှုပို ပိုမိုထိခိုက်စေ၍ နေရာတကာတွင်တွေ့မြင်နိုင်သော ညစ်ညမ်းမှုများပေါများသောအလုံပိတ်အိမ်ဂေဟာများတွင်နေထိုင်ကြသောကျွန်ုပ်တို့သည် အလားတူ စင်ကြယ်မှုမျိုးကို ထိန်းသိမ်းထားကြရန် ကိုယ်တော်ရှင်သည်သာ၍ အလိုတော်ရှိတော်မူသည်။ ဆေးလိပ်ဆေးဟူသည် အလှည့်ဖြားတတ်ဆုံး၊ အဆိုးရွားဆုံး ဖြစ်သောအဆိပ်အတောက်မျိုးဖြစ်၍ ၎င်းအား သုံးစွဲစတွင်ကိုယ်ခန္ဓာ၏အကြောစုများ ကိုတက်ကြွလှုပ်ရှား စေပြီးနောက်၎င်းတို့ကိုထုံထိုင်းစေလေသည်။ ပိုမို၍ကြောက်မက်ဖွယ်ကောင်းပုံမှာ ဆေးလိပ်ဆေးအဆိပ်သည် ကိုယ်ခန္ဓာကိုဖြည်းဖြည်းနှင့် နှေးနှေးထိခိုက်တတ်၍ ပထမတွင် ယင်းထိခိုက်မှုမှာ မသိသာလောက်ပေ။ ယင်းအဆိပ်အတောက်၏အရှိန်အဝါကြောင့် မြောက်မြားစွာသောသူတို့သည် မရဏာအတွင်း သက်ဆင်းကြရသည်။ ယင်းကဲ့သို့ နှေးနှေးထိခိုက်တတ်သော အဆိပ်အတောက်အားဖြင့် လူတို့သည် သူတို့ကိုယ်ကို သူတို့သတ်ဖြတ်ဖျက်ဆီးကြသည်။ ကျွန်ုပ်တို့က မေးလိုသည်မှာ ထမြောက်ရှင်ပြန်သော နံနက်တွင် သူတို့ဘယ်ပုံဘယ်နည်း ထမြောက်လာကြမည်နည်း။ **4 SG, p. 128.**

ကာကွယ်မှုမရှိ။ ချုပ်တည်းမှုကင်းမဲ့သောအပြုအမူတို့သည် လူတို့အားပြုတ်တူကဲ့သို့ ကိုင်ဖမ်းထားသည်။ ဆေးလိပ်ဆေးသုံးစွဲမှုကြောင့် မူးယစ်ထိုင်းမှိုင်းလျက်ရှိကြသောသူဦးရေမှာ တိုးတက်များပြားလျက်ရှိသည်။ ဤဆိုးသွမ်းသောအလေ့အထနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့ဘယ်ကဲ့သို့ဝေဖန်ပြောဆိုနိုင်ကြသနည်း။ ၎င်းသည်သန့်ရှင်းမှုမရှိ၊ ၎င်းသည် အဆိပ်အတောက်ဖြစ်၏။ ၎င်းသည် အာရုံကြောများကိုထုံထိုင်းစေသည်။ လူ့စိတ်ဆန္ဒကိုသံကြိုးဖြင့် တုပ်နှောင်ထားသည်။ ၎င်းသည် ကာယကံရှင်အား အောင်မြင်နိုင်နင်းရန် ခဲယဉ်းသောအကျင့်ဓလေ့များ၏ ကျေးကျွန်ဘဝသို့တွန်းပို့၍ ကိုင်ဆွဲထားလိုက်သည်။ စာတန်သည် ၎င်း၏အကျိုးဆောင်ဖြစ်သည်။ ဒုစရိုက်နှင့်တရားလက်လွတ်ဖြစ်ခြင်းတို့ကို သမ္မာတရားနှင့်သန့်ရှင်းခြင်းတို့မှ ခွဲခြားထားရမည် မဟုတ်ဟူသော သဘောတရားရေးရာနှင့် ပတ်သက်၍ ပြတ်သားသောတွေးခေါ်သိမြင်ခြင်းကို ဖျက်ဆီးပစ်သည်။ ဤဆေးလိပ်ဆေးကိုသုံးစွဲတတ်ခြင်းသည် မိမိကိုယ်ကို ဖျက် ဆီးခြင်းဖြစ်သည်။ ဆေးလိပ်ဆေးသည် မူးယစ်တတ်သောသေရည်သေရက်အလုံးစုံဖြစ်သော ၎င်းထက်ပိုမိုပြင်းထန် သောအရာများကို သောက်စားရန်လိုလားသော တပ်မက်ခြင်းကို ဖန်တီးပေးသည်။ **L, 102 a, 1897.**

## ၂ ဆေးလိပ်ဆေး၏ညစ်ညမ်းစေမှုနှင့်စာရိတ္တပျက်ပြားစေမှု၏အရှိန်

နေရာတကာမှာ တွေ့ကြုံရသည်။ ဘယ်ကိုသွားသည်မဆို၊ ဆေးလိပ်သောက်သောသူများကို တွေ့ရှိနိုင်ရာ ယင်းအသည်းစွဲအလေ့အထကို လိုက်စားမှုကြောင့် ဉာဏဗလနှင့်ကာယဗလပါ အင်အားချည့်နဲ့နေသည်ကိုလည်း တွေ့ရှိရသည်။ လူတို့သည် သူတို့၏ဖန်ဆင်းရှင်နှင့်ကမ္ဘာကြီးအား ပေးအပ်သောလုပ်အားကို ဆုံးရှုံးခွင့်ရှိသလော။

ဆေးလိပ်ဆေးသုံးစွဲမှုသည် ရွံရှာဖွယ်ဖြစ်၍ သုံးစွဲသောသူအား ညစ်ညူးစေ၍ ပတ်ဝန်းကျင်၌ရှိသော သူတို့အတွက်လည်း အကြီးအကျယ်အနှောင့်အယှက်ဖြစ်စေသည်။ လူစုလူဝေးများရှိရာသို့ ဖြတ်သွားသောအခါ ကျွန်ုပ်တို့၏မျက်နှာများသို့ ဆေးလိပ်သောက်သောသူတို့က အဆိပ်အတောက်များရှိသော မီးခိုးများကို မှုတ်ထည့်ကြသည်ကို မခံရသောအခါ မရှိသလောက်ပင်။ သေရည်သေရက်နံ့နှင့်ဆေးလိပ်မီးခိုးများ ပြည့်နှက်နေသော မီးရထားတွဲများ၊ မော်တော်ယာဉ်သို့မဟုတ်အိမ်ခန်းများတွင်လေရှူရှိုက်သည်မှာ မအီမသာဖြစ်သည်သာမကအသက်ကိုပင်အန္တရာယ်ဖြစ်စေတတ်သည်။ **CTBH, pp. 33, 34.**

ဆေးလိပ်ဆေးသည် ကျိန်ဆဲ၍ အသက်ကိုရန်ရှာသည်။ ဆေးတံ၊ ဆေးပြင်းလိပ် သို့မဟုတ် ဆေးလိပ်သောက်သောသူမှထွက်လာသောဆေးလိပ်အနံ့ဆိုးတို့ကြောင့် ညစ်ညမ်းလာသောလေကို ရှူရှိုက်မိကြသော အမျိုးသမီးများနှင့်ကလေးသူငယ်တို့မှာ ဒုက္ခဝေဒနာကိုခံစားရကြသည်။ ယင်းကဲ့သို့ ဆေးလိပ်မီးခိုးများလှသော အသိုက်အဝန်းတွင်နေကြသော သူတို့သည် အမြဲတမ်းမကျန်းမမာ ဖြစ်လျက်နေကြမည်။ **5T, p. 440.**

မွေးစကလေး သူငယ်များ၏ အဆုတ်များတို့သည် ဆေးလိပ်သောက်သောသူတို့၏ အငွေ့အသက်ကြောင့် အဆိပ်အတောက်ဖြစ်နေသော အိမ်ခန်းများမှလေကိုရှူရှိုက်မိသောကြောင့် ရောဂါစွဲကပ်ရသောဒုက္ခကို ရင်ဆိုင်ကြရသည်။

ဆေးလိပ်သောက်သောဖခင်များနှင့် ခုတင်တစ်ခုတည်းတွင် အိပ်စက်မှုကြောင့် မြောက်မြားစွာသော ကလေးသူငယ်တို့သည် ကုစ၍မရနိုင်လောက်အောင် အဆိပ်သင့်ခဲ့ကြရလေပြီ။ အဆုတ်များနှင့် အရေခွံ အပေါက်ကလေးများမှ စစ်ထုတ်လိုက်သော ဆေးလိပ်ငွေ့အနံ့အစော်များကို ရှူရှိုက်မိခြင်းအားဖြင့် ကလေးသူငယ်၏ကိုယ်ခန္ဓာသည် အဆိပ်အတောက်များဖြင့် ပြည့်နှက်နေသည်။ ယင်းဆေးလိပ်ငွေ့သည် အချို့သော နို့စို့ကလေးသူငယ်များတို့၏ ဦးနှောက်၊ နှလုံး၊ အသည်းနှင့် အဆုတ်များကို ထိခိုက်၍ ၎င်းအင်္ဂါအစိတ်အပိုင်းတို့သည် တဖြည်းဖြည်းဆုတ်ယုတ်သွားလေသည်။ အခြားသော ကလေးများကိုကား အကြောဆွဲခြင်း၊ တက်ခြင်း၊ ကိုယ်လက်အင်္ဂါသေခြင်း၊ ရုတ်တရက်သေခြင်း စသော တိုက်ရိုက်ထိခိုက်မှုများကို ရရှိစေသည်။

သားသမီးများပျက်စီးဆုံးပါးရသောကြောင့် ကျန်ရစ်သော မိဘများက ဝမ်းနည်းပက်လက်ဖြစ်ကြရ၍ ဘုရားသခင်အနေဖြင့် ယင်းနို့စို့သူငယ်များ သေဆုံးစေရန် ရည်စူးထားချက်မရှိသော်လည်း သူတို့၏သားသမီးများအား ယင်းကဲ့သို့ရက်စက်စွာ စီရင်တော်မူသော ဘုရားသခင်၏နားလည်ရန် ခဲယဉ်းသောအစီအစဉ်ကို တွေးတောအံ့ဩမိကြသည်။ မိဘတို့၏ဆေးလိပ်ဆေးကို တပ်မက်သော ညစ်ညမ်းမှုအတွက် နို့စို့ကလေးများတို့သည် ဓါးစာခံဖြစ်ရကြသည်။ ဆေးလိပ်၏ကျွန်တို့မှ မှုတ်ထုတ်လိုက်သော ထွက်သက်သည် ပတ်ဝန်းကျင်၌ရှိသောလေကို အဆိပ်အတောက်ဖြစ်စေ၏။ **HR, January, 1872.**

ပြစ်မှုတိုးတက်လာခြင်းအကြောင်းတစ်ရပ်။ ဆေးလိပ်နှင့်သေရည်သေရက်သောက်ခြင်းတို့သည် ရောဂါနှင့် ပြစ်မှုများတိုးတက်များပြားလာခြင်း၏အကြောင်းတစ်ရပ်ဖြစ်သည်။ **M, 29, 1886.**

သေရည်သေရက်သို့မဟုတ်ဆေးလိပ်ဆေးသည် ဦးနှောက်မှ ထိခိုက်လွယ်သော အကြောစုများကို ဖျက်ဆီး၍ အာရုံခံစားနိုင်သောသတ္တိကို ထုံထိုင်းစေသည်။ စိတ်သည် ကြည်လင်ပြတ်သား၍ မူးယစ်ထိုင်းမှိုင်းစေသောအရာဝတ္ထုများ၏ပယောဂကင်းနေလျှင် ကျူးလွန်မည်မဟုတ်သော ပြစ်မှုများကို ယင်းမူးယစ်ထိုင်းမှိုင်းစေသော အရာဝတ္ထုများ၏ပယောဂကြောင့် ကျူးလွန်ကြလေသည်။ **M, 38½ , 1905.**

ထုံထိုင်းနေသောစိတ်ကိုစာတန်က ထိန်းချုပ်ထားခြင်း။ ထောင်သောင်းမကသောသူတို့သည် ခံတွင်းအရသာခံစားမှုအတွက် ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလကို အမြဲတမ်းရောင်းစားလေ့ရှိကြ၏။ စွမ်းရည်တိုင်းတွင် ဆောင်ရွက်စရာလုပ်ငန်းတသီးတခြားစီ ရှိကြသည်တိုင်အောင် ယင်းလုပ်ငန်းတို့သည် တစ်ဦးပေါ်တစ်ဦး အမှီတံကဲပြုနေကြသည်။ အကယ်၍ သူတို့ အမှီတံကဲပြုမှု၏ချိန်ခွင်လျှာကို သတိကြီးစွာဖြင့် ထိန်းသိမ်းထားလျှင် သူတို့သည် အစဉ်အမြဲ စည်းလုံးညီညွတ်စွာ ဆက်လက်ဆောင်ရွက်နေကြမည်ဖြစ်သည်။ ယင်းစွမ်းရည်များ၏တန်ဖိုးကို ကြေးငွေအားဖြင့် ဆုံးဖြတ်၍မရပေ။ သို့ဖြစ်လင့်ကစား၊ ထမင်းတစ်နပ်အတွက်သော်လည်းကောင်း၊ အရက်တစ်ခွက်အတွက်သော်လည်းကောင်း၊ သို့မဟုတ်ဆေးလိပ်အတွက်သော်လည်းကောင်း ယင်းစွမ်းရည်များကို ရောင်းစားကြသည်။ ခံတွင်းအလိုလိုက်မှုကြောင့် လူသည်ထုံထိုင်းနေသောအချိန်တွင် စာတန်သည် သူ၏စိတ်ကို ချုပ်ထိန်းထားမှုကြောင့် ပြစ်မှုအမျိုးမျိုးနှင့်ဆိုးသွမ်းမှုအမျိုးမျိုးတို့ကို ကျူးလွန်သောအခြေအနေသို့ ပို့ဆောင်ပေးလေသည်။ **R & H, March 18, 1875.**

အမျိုးသမီးများဆေးလိပ်သောက်ကြမည်လော။ ညစ်ညမ်း၍ မူးယစ်ထိုင်းမှိုင်းစေသော ဤအဆိပ်အတောက်ကို အမျိုးသမီးများသုံးစွဲခြင်းမရှိစေရန် ဘုရားသခင်တားမြစ်ပါစေသော။ ဆေးလိပ်ဆေးဖြင့်ထွက်သက်ဝင်သက်သည်အဆိပ်သင့်နေသော အမျိုးသမီးတစ်ဦး၏ရုပ်ပုံကို စိတ်ကူးထဲမှာပင်စဉ်းစားကြည့်ဖို့ ဘယ်မျှလောက် ရွံရှာဖို့ကောင်းဘိသနည်း။ ယင်းမိခင်မျိုး၏လည်ပင်းများကို ဖက်ထားခြင်း၊ သူတို့၏သန့်ရှင်းသောနှုတ်ခမ်းကလေးများကို ဆေးလိပ်ငွေ့ဖြင့် ညစ်ပေနံစော်နေသော မိခင်၏နှုတ်ခမ်းများ တို့ထိခြင်းများကိုစဉ်းစားလျှင် အသည်းထိတ်ဖို့ကောင်းလှသည်။ အိမ်ထောင်ဦးစီးဖြစ်သောဖခင်များအနက် ယင်းစက်ဆုပ်ဖွယ်ကောင်းသော ဆေးလိပ်အားဖြင့် မိမိကိုယ်ကို မညစ်ညူးစေသော ဖခင်များမရှိသလောက် နည်းပါးသည်ကို စဉ်းစားလျှင် ပိုမို၍ ရင်လေးစရာကောင်းလှပေသည်။ ထို့ကြောင့် သားသမီးတို့သည် သူတို့ချစ်သောဖခင်များကို နမ်းရှုံ့ကြသောအခါ သူတို့၏သန့်ရှင်းသော နှုတ်ခမ်းများကိုမညစ်ညူးစေရန် ဖခင်များ၏ပါးသို့မဟုတ် နဖူးများကို နမ်းရှုံ့ကြသည်မှာ အံ့ဩစရာမဟုတ်ပေ။ **HR, Sept. 1877.**

တစ်ခုတည်းသော ဘေးကင်းသောလမ်း။ ဤလောကအတွက်လည်းကောင်း။ နောင်တမလွန်ဘဝအတွက်လည်းကောင်း မျှော်လင့်ချက်မြောက်မြားစွာရှိသောလူငယ်လူရွယ်တို့၏အလားအလာများကို ဖျက်ဆီးပစ်မည့် အနှောင့်

အယှက်နှင့်အတားအဆီး အဘက်ဘက်တွင် ရှိသည်။ သို့ဖြစ်လင့်ကစား၊ လူငယ်အတွက်ရော လူကြီးအတွက်ပါ တစ်ခုတည်းသောဘေးကင်းသောလမ်းမှာ၊ ကာယဗလနှင့်ဉာဏဗလဆိုင်ရာ အခြေခံပညတ်များအတိုင်း တစ်သဝေမတိမ်း စောင့်ရှောက်လိုက်နာခြင်းဖြစ်သည်။ ကောင်းကင်သို့ပို့ဆောင်ပေးသော တစ်ခုတည်းသောလမ်းသည်နားထောင်ခြင်းလမ်းဖြစ်သည်။ သေရည်သေရက်၊ ဆေးလိပ်တို့ဖြင့် ယစ်မူးထုံထိုင်းနေသောသူတို့သည် ဤကာယဗလနှင့် ဝိဉာဏဗလတို့ကို ဖျက်ဆီးသောလိုက်စားမှုကို အောင်မြင်နိုင်နင်းနိုင်မည့်နည်းကို ငွေပေး၍ ရယူရမည်ဆိုလျှင် ကြေးငွေမည်မျှလောက်ပင်များသော်ငြားလည်း ယင်းကြေးငွေကိုပေးဖို့ရန် တစ်ခါတစ်ရံ ဆန္ဒဖြစ်ပေါ်လာတတ်ကြသည်။ မိမိတို့၏ခံတွင်းအရသာနှင့်တပ်မက်မှုတို့ကို ကျိုးကြောင်းဆင်ခြင်တုံတရား၏စိုးမိုးမှုကို မခံမိသောသူတို့သည် သူတို့၏ကာယဗလနှင့် စာရိတ္တဗလဆိုင်ရာ ဝတ္တရားများကို အဆုံးခံကာ ယင်းလိုက်စားမှုတို့ကို ကျင့်သုံးကြလိမ့်မည်ဖြစ်သည်။ **R & H, March 18, 1875.**

ဆေးလိပ်၏ကျွန်ဖြစ်စေနိုင်သည့် သတ္တိ။ ဆေးလိပ်သောက်သော အလေ့အကျင့်ကို လူတို့အားစွဲမက်စေရာတွင် စာတန်၏ရည်စူးချက်မှာ ဦးနှောက်ကို ထုံထိုင်းစေ၍ အမှားအမှန် ပိုင်းခြားဝေဖန်နိုင်သောသတ္တိကို ရှုပ်ထွေးစေရန်ဖြစ်၏။ သို့မှသာလျှင် လူ၌သန့်ရှင်းသောအရာများကို နားလည်နိုင်သောစွမ်းရည်ပျောက်ကွယ်သွားမည်ဖြစ်ပြီး ဤမူးယစ်ထုံထိုင်းစေသောအဆိပ်အတောက်ကို သုံးစွဲသောအလေ့အထကို လိုက်စားမိသည်နှင့်တစ်ပြိုင်နက် ယင်းအလေ့အထသည် စိတ်နှင့်စိတ်၏အလိုကို ခိုင်မြဲစွာဆုပ်ကိုင်ထားမှုကြောင့် လူသည် ယင်းအလေ့အထ၏ ကျေးကျွန်ဘဝသို့ သက်ဆင်းရလေတော့သတည်း။ စာတန်သည် လူ့စိတ်အလိုကို ချုပ်ကိုင်ထားနိုင်ပြီးဖြစ်၍ ထာဝရကာလဆိုင်ရာ အမှန်ဖြစ်သောအရာတို့သည် တိမ်ဖုံးပါလို့ လ မသာ ဖြစ်ကြကုန်၏။ သူသည် သူ့အား ဘုရားသခင်ပေးသနားထားတော်မူသော ယောကျ်ားမီသသော ဘဝ၌ ရပ်တည်၍မရတော့ပြီ။ သူတို့သည် ကမောက်ကမဖြစ်သော ရသာရုံ၏ကျေးကျွန်ဘဝသို့ သက်ဆင်းရလေပြီ။ **L, 8, 1893.**

ဆေးလိပ်သည် အန္တရာယ်မပြုဟု အခိုင်အမာ ပြောဆိုသော သူတို့အား သူတို့အမှားကို တွေ့မြင်စေရန် သူတို့ကို ရက်အနည်းငယ်လောက် ဆေးလိပ်မသောက်ပဲ နေပါလေစေ။ ဆေးလိပ်ဖြတ်နေစဉ် အကြောအခြင်များကယောင်ကယင်ဖြစ်ခြင်း၊ မူးဝေခြင်းတို့က ကာယကံရှင်တို့သည် ယင်းဆိုးညစ်သောအကျင့်ဓလေ့တို့၏ ကျေးကျွန် ဘဝ၌ ကျင်လည်နေကြရပြီးဖြစ်ကြောင်းပြသော အထောက်အထားဖြစ်ကြသည်။ ယင်းအကျင့်ဓလေ့တို့က စိတ်အလိုကို အောင်မြင်နိုင်နင်းထားပြီးဖြစ်သည်။ သူတို့သည် ကြောက်မက်ဖွယ်ကောင်းသော ဆိုးကျိုးများ ဖြစ်ပေါ်စေသော ဆိုးသွမ်းမှု၏ကျေးကျွန်ဘဝ၌ ရပ်တည်နေကြသည်။ **ST, Oct, 27, 1887.**

အောင်မြင်သော သူတို့၏သက်သေခံချက်။ ဆေးလိပ်ကို စွဲနေသောသူဖြစ်လင့်ကစား၊ သမ္မာတရားမှတစ်ဆင့်ရရှိသောအလင်းတရားကြောင့် ယင်းဆေးလိပ်သောက်သော အလေ့အကျင့်ကို ရပ်စဲလိုက်ပြီးဖြစ်သောသူတို့ကို မတ်တတ်ရပ်ပြရန် မိန့်ခွန်းစကားပြောနေခိုက် ကြေငြာလိုက်သောအခါ သုံးဆယ်ငါးယောက်မှ လေးဆယ်အထိ ဦးရေရှိသောပုဂ္ဂိုလ်များထပြကြပါသည်။ ၎င်းတို့အနက် ဆယ်ယောက် သို့မဟုတ် တစ်ဆယ့်နှစ်ယောက်တို့သည် အမျိုးသမီးများ ဖြစ်သည်။ ဆေးလိပ်မှားယွင်းသောလှုံ့ဆော်မှုကို ခံခဲ့ရသည်မှာ အချိန်ကြာညောင်းလှပြီးဖြစ်သောကြောင့် ဆေးလိပ်ဖြတ်လိုက်လျှင် ကာယကံရှင်တို့အတွက် အန္တရာယ်များလှ၍ သူတို့သည် ဆေးလိပ်ကို မသောက်လျှင် အသက်မရှင်နိုင်ဟု ဆရာဝန်များက အပြောခံရသောသူတို့ မတ်တတ်ရပ်ပြရန် ပြောကြားလိုက်သောအခါ ဉာဏဗလနှင့်ကာယဗလပါ အခြေအနေကောင်းနေသော ပုဂ္ဂိုလ်ရှစ်ယောက်တို့က မတ်တတ်ရပ်ပြကြပါသည်။ **R & H, August 23, 1877.**

အလွဲယူဆချက်ကို သတိပေးခြင်း။ မိဘတို့၊ အလွဲယူဆခြင်း၏အပြစ်ကိုရှောင်ရှားဖို့ အသင်တို့၏သားသမီးများအား သတိပေးကြပါ။ ဆေးလိပ်နှင့်သေရည်သေရက်သောက်ခြင်း သို့မဟုတ် ကျန်းမာမှုကို ထိခိုက်သော အသုံးအဆောင်တစ်ခုခုကို သုံးစွဲသည့် အလေ့အထကို သွန်သင်မှုသည် မှန်သောလုပ်ငန်းဟူသော အလွဲယူဆချက်ကို မလိုက်နာဖို့ သတိပေးပါ။ သူတို့၏ကိုယ်ခန္ဓာများကို ဘုရားသခင်ပိုင်တော်မူကြောင်း ဖန်ဆင်းခြင်းအားဖြင့်လည်းကောင်း၊ ရွေးနှုတ်ခြင်းအားဖြင့်လည်းကောင်း သူတို့ကို ဘုရားသခင်ပိုင်တော်မူကြောင်းများကို သူတို့အား သွန်သင်ပေးပါ။ သူတို့ကိုယ်ကိုသူတို့မပိုင်ပါ။ အဘယ်ကြောင့်ဆိုသော သူတို့အား အဖိုးအခပေး၍ ဝယ်ထားတော်မူခဲ့သည်။ ကိုယ်ခန္ဓာသည် ဘုရားသခင် ဗိမာန်တော်ဖြစ်ကြောင်း၊ ထိုအကြောင်းကြောင့် ခံတွင်းအလိုလိုက်ခြင်းအားဖြင့်၎င်းအား အားအင်ချည့်နဲ့ပြီး ရောဂါစွဲကပ်နေအောင် မပြုလုပ်ကြဖို့ သွန်သင်ပေးပါ။

ယခုအခါတွင် လူတို့၏ကိုယ်ခန္ဓာနှင့် စိတ်များတွင် တွေ့မြင်နေရသောရောဂါနှင့် လူစင်မမီခြင်းတို့ကို ဘုရားသခင်ဖန်ဆင်းထားတော်မမူပေ။ ယင်းအခြေအနေသည် ရန်သူ၏လက်ချက်ဖြစ်သည်။ အချိုးအစားကျသော စာရိတ္တတည်ဆောက်ရန်အတွက် စိတ်နှင့်ဝိညာဉ်ကို ကြီးထွားဖွံ့ဖြိုးစေနိုင်သော တစ်ခုတည်းသောလမ်းသည် ကိုယ်ခန္ဓာပင်ဖြစ်သည်ကို ရန်သူသည် သိရှိသောကြောင့် သူသည် ယင်းကိုယ်ခန္ဓာကို ချည့်နဲ့နေအောင်ပြုလုပ်ဖို့ သူ့ဆန္ဒဖြစ်သည်။ သဘာဝဥပဒေပညတ်များနှင့် ဆန့်ကျင်သော အလေ့အကျင့်များသည် ဝိညာဉ်ကို အမြဲတမ်း တိုက်ဖျက်လျက်ရှိသည်။

ကိုယ်တော်၏ ကျေးဇူးတော်အတွက်ကြောင့် သင်တို့အနေဖြင့် ဆောင်ရွက်နိုင်သော လုပ်ငန်းကို ထမ်းဆောင်ရန် ဘုရားသခင်သည် သင်တို့ကို ခေါ်တော်မူသည်။ ကိုယ်တော်၏အမှုတော်တွင် ယဇ်ကောင်အနေဖြင့် ဘုရားသခင်က လက်ခံထားရှိနိုင်မည့် ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာရှိသူ ဘယ်နှစ်ယောက်ရှိသနည်း။ ဘုရားကိုယ်တော်ရှင်က ပေးသနားထားတော်မူသော ယောက်ျားပီသသော ကိုယ်ခန္ဓာ၊ မိန်းမပီသသောကိုယ်ခန္ဓာရှိသောသူတို့ ဘယ်လောက်များများ ရှိသနည်း။ ဒ်ယေလ၏စင်ကြယ်သောရသာရုံခံတွင်းနှင့် အကျင့်ဓလေ့တို့နှင့် နှိုင်းယှဉ်ပြိုင်ပြနိုင်သော အကျင့်ဓလေ့များရှိသောသူ ဘယ်နှစ်ယောက်ရှိသနည်း။ တည်ငြိမ်သောအကြောအခြင်များ၊ ကြည်လင်သောဦးနှောက်နှင့် တည့်မတ်သော ချင့်ချိန်နိုင်စွမ်းရှိသောသူ ဘယ်နှစ်ယောက်ရှိသနည်း။ **ST, April 4, 1900.**

# ၃ ဘုရားသခင်၏ဗိမာန်တော်ကို ညစ်ညူးစေခြင်း

အကျိုးမဖြစ်ထွန်းခြင်း၊ စရိတ်စကကြီးခြင်း၊ မသန့်ရှင်းခြင်း။ ဆေးလိပ်သောက်ခြင်းသည် အကျိုးဖြစ်ထွန်းခြင်းမရှိ၊ စရိတ်စကကြီး၍ သန့်ရှင်းခြင်းကင်းမဲ့သော အလေ့အကျင့်မျိုးဖြစ်သည်။ သန့်ရှင်းခြင်း၊ ကိုယ်ကိုငြင်းပယ်ခြင်း၊ ချုပ်တည်းခြင်းကို ညွှန်ပြသော ခရစ်တော်၏ဩဝါဒအားလုံးက ဤညစ်ညမ်းစေသော အကျင့်ဓလေ့ကို ပြစ်တင်ဆုံးမထားသည်။ ကာယဗလကို အင်အားချည့်နဲ့စေခြင်း၊ ဦးနှောက်ကို ရှုပ်ထွေးစေခြင်း၊ အလိုဆန္ဒအား ဤမူးယစ်ထိုင်းမှိုင်းသော အဆိပ်အတောက် စွဲလမ်းစေခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေဖို့ဖြစ်သလော။ **CTBH, pp. 17, 18.**

မှုန်နေသောပြတင်းပေါက်များမှ ကြည့်ခြင်း။ ဆေးလိပ်သောက်သောအလေ့အထရှိသော လူငယ်လူရွယ်တို့သည် ကိုယ်ခန္ဓာတစ်ခုလုံးအား ညစ်ညူးစေသည်။ ရန်သူ၏အဆိပ်အတောက်ကို မသုံးစွဲမီက သူ့အားယုံကြည်စိတ်ချရသောသူ၊ တန်ဖိုးရှိသောသူအဖြစ် ရပ်တည်စေသောအလိုဆန္ဒသည် ဖျတ်လတ်ခြင်းမရှိ၊ ခွန်အားမရှိ။ . . . သူ့ဉာဏဗလသည် တရွေ့ရွေ့ ပျက်စီးယိုယွင်းစရာမလိုပေ။ ဘုရားသခင်အထံတော်မှလာသော စိတ်တက်ကြွမှုကို ဆုံးရှုံးရန် မလိုပေ။ သို့ရာတွင် လူသည် ဖျက်ဆီးသောသူနှင့် လက်တွဲ၍ ကိုယ်ခန္ဓာတစ်ခုလုံး၏ အင်္ဂါအစိတ်အပိုင်းများတို့ကို အင်အားချည့်နဲ့အောင် လုပ်ဆောင်သောအခါ ပင်ကိုသန္ဓေဉာဏ်က လုပ်ကိုင်ဆောင်ရွက်သောစက်ကြီးကို ထုံထိုင်းလေးလံစေကြသည်။ သူတို့ကြည့်ရသောပြတင်းပေါက်ကို မှုန်သွားအောင် ပြုလုပ်ကြသည်။ သူတို့သည် အရာခပ်သိမ်းကို အလွဲတွေ့မြင်ကြ သည်။ **M, 17,1898.**

စာတန်ဘုရင်ကြီးအားနံ့သာပေါင်းမီးရှို့ရာယဇ်ပူဇော်ခြင်း။ လုံးဝစင်ကြယ်မှုကောင်းချီးမင်္ဂလာကိုခံစားနေကြရပါသည်ဆို၍ဆေးလိပ်သောက်ခြင်း၏ကျေးကျွန်ဖြစ်နေသောသူတို့က သူတို့ပတ်ပတ်လည်တစ်ဝိုက်တွင်တံတွေးများပရမ်းပတာထွေးခြင်းအားဖြင့်အရာခပ်သိမ်းကို ညစ်ညမ်းစေသည်ကို တွေ့မြင်ရသောအခါ ကောင်းကင်ဘုံတွင် ဆေးလိပ်သောက်သောသူများဝင်ရောက်သွားလျှင် ယင်းနေရာသည်အဘယ်အခြေအနေတွင် ရပ်တည်နေလိမ့်မည်ကို ကျွန်ုပ်အနေဖြင့် စဉ်းစားကြည့်မိပါသည်။ ခရစ်တော်၏ချစ်ဖွယ်သောနာမတော်ကို ခေါ်ဆိုကြသောနှုတ်ခမ်းတို့သည် ဆေးလိပ်ငွေ့ပြွမ်းသော တံတွေးဖြင့် ညစ်ညမ်း၍ ထွက်သက်ဝင်သက်မှာလည်း ဆေးလိပ်အနံ့ဖြင့် ညစ်ညမ်းလျက် သူတို့ဝတ် သောအဝတ်ထည်သည်ပင်လျှင် ညစ်ညမ်းလျက်ရှိနေသည်။ ဤမသန့်ရှင်းမှုကိုနှစ်သက်ပြီး ဤအဆိပ်အတောက်ဖြင့် ပြည့်ဝနေသော ပတ်ဝန်းကျင်ကို သဘောကျနေသော ဝိညာဉ်သည်လည်း ညစ်ညမ်းနေသော ဝိညာဉ်ဖြစ်ရမည်။ ကိုယ်ခန္ဓာအတွင်း၌ ဖြစ်ပျက်နေသော အခြေအနေကို ကိုယ်ခန္ဓာပြင်ပ၌ ဖြစ်ပျက်လျက်ရှိသော အဖြစ်အပျက်က သက် သေခံနေပေသည်။

ဘုရားတရားရှိသေကိုင်းရှိုင်းပါသည် ဆိုသောသူတို့သည် မိမိတို့ ကိုယ်ခန္ဓာများကို စာတန်၏ယဇ်ပလ္လင်ပေါ် တွင် ယဇ်ပူဇော်ကြ၍ စာတန် ဘုရင်ကြီးအား ဆေးလိပ်ဖြင့် နံ့သာပေါင်းမီးရှို့ရာယဇ်ကို ပူဇော်ကြ၏။ ဤကဲ့သို့ အဆို ပြုခြင်းသည် ပြင်းထန်လွန်းသလော။ ဘုရားတစ်ပါးမဟုတ် တစ်ပါးကို ယဇ်ပူဇော်ကြရမည်။ ဘုရားသခင်သည် သန့် ရှင်းစင်ကြယ်တော်မူသည်ဖြစ်သောကြောင့် ညစ်ညူးသောအရာဟူသမျှကို လက်ခံတော်မူသည်မဟုတ်။ ထိုကြောင့် ကိုယ်တော်သည် ဤစရိတ်စကကြီး၍ ညစ်ညမ်းသည်သာမက မသန့်ရှင်းသော ယဇ်ပူဇော်ခြင်းကို ကိုယ်တော်သည် ငြင်း ပယ်တော်မူ၏။ ထိုကြောင့် ဂုဏ်ပြုခြင်းခံရသော ပုဂ္ဂိုလ်သည် စာတန်သာလျှင် ဖြစ်သည်ဟု ကျွန်ုပ်တို့ သဘောရသည်။ **CH, p. 83.**

ဆေးတံတစ်ဘက်တွင်မိုးကောင်းကင်။ ဤဆေးလိပ်သောက်သောအကျင့်ဓလေ့များ၏ သတ္တိကိုပြသော ဥပမာ တစ်ခုကိုကျွန်ုပ်တွေ့မြင်ခဲ့ဖူးပါသည်။ ဆရာဝန်တစ်ဦးကအမျိုးသမီးတစ်ဦးအားပန်းနာပျောက်ကင်းရန် ဆေးလိပ်သောက်ဖို့ အကြံပေးခဲ့ဖူးပါသည်။ အမြင်အားဖြင့် ယင်းအမျိုးသမီးသည် စိတ်ထက်သန်သောခရစ်ယာန်အမျိုးသမီး ဖြစ်ခဲ့သော်လည်း ယင်းဆေးလိပ်သောက်ခြင်းသည် ကျန်းမာမှုမဖြစ်စေသည့်အပြင် ညစ်ညမ်းသောအကျင့်ဓလေ့ဖြစ်သော ကြောင့်စွန့်လွှတ်ရန် သူမသည်အကျင့်ဓလေ့ကို"စွဲ"နေပြီဖြစ်သောကြောင့် စွန့်လွှတ်ရန်ငြင်းဆန်နေလေသည်။ "ဆေးတံကိုဆက်သောက်မလား၊ ကောင်းကင်ကိုအဆုံးခံမလားဆိုတဲ့ပြဿနာကို ကျွန်မနေနဲ့ရင်ဆိုင်လာရယင် ကောင်းကင်ရေ၊ ကန်တော့ပါသေးရဲ့လို့ ကျွန်မပြောလိုက်မယ်။ ဆေးတံကိုတော့ မစွန့်နိုင်ပါ။" ဟု သူမက ပြောဆိုလိုက်ပါ သည်။ အများသောသူတို့က သူတို့၏အပြုအမူအားဖြင့် ဖေါ်ပြသည်ကို ဤအမျိုးသမီးကစကားအားဖြင့် ဖော်ပြလိုက် သည်။ ရွံရှာဖွယ်လည်းကောင်း၊ ညစ်ညူးသောအနှောင့်အယှက်လည်းဖြစ်သော ဆေးလိပ်ကို ပထမနေရာ၌ ကောင်းကင်နှင့်မြေကြီးအပြင်လူကိုဖန်ဆင်းတော်မူ၍ လူ့စိတ်နှလုံးတစ်ခုလုံးကို ဆက်ကပ်ရန်နှင့် ကိုယ်တော်အား လုံးဝချစ်ရန်တောင်းဆိုတော်မူသော ကောင်းကင်ဘုံရှင်ဘုရားသခင်အား ဒုတိယနေရာတွင် ထားကြ၏။ **L, 8, 1893.**

ဝိညာဉ်နှင့်ကိုယ်ခန္ဓာပါဖျက်ဆီးသောဤလိုက်စားမှုများအတွက် ခရစ်တော်ကိုစွန့်လွှတ်ကြသည်မှာ အပြစ်မပြု သောစကြဝဠာကြီးအတွက်အံ့အားသင့်စရာဖြစ်လေသည်။ **L, 8, 1893.**

ခရစ်တော်၏ရန်ပြေမာန်ပြေဆောင်ရွက်တော်မူခြင်းနှင့် ထာဝရကာလဆိုင်ရာ မှုကိစ္စများ ကြိုက်နှစ်သက်ခြင်းကို ထိုင်းမှိုင်းစေသည်။ ကာယဗလနှင့်ဉာဏဗလတို့ကို အင်အားဆုတ်ယုတ်စေသော အစားအသောက်များကို ကျွန်ုပ်တို့မှီဝဲ လျှင်၊ သို့မဟုတ် ယင်းဆိုးကျိုးကိုဖြစ်ပေါ်စေသောအကျင့်ဓလေ့များ၏ အစေကိုခံလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို မရိုမသေမလေးမခန့် ပြုကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ထံမှ ဘုရားသခင်တောင်းဆိုတော်မူသော လုပ် အားကိုကျွန်ုပ်တို့သည်ပေးနိုင်စွမ်းဗလာနတ္ထိမရှိဖြစ်သွားသည်။ ဆေးလိပ်သောက်သောအလေ့အကျင့်ကို ရရှိသည်သာမက ယင်းအလေ့အကျင့်ကို အလွန်အမင်းလိုက်စားသော သူတို့သည် သူတို့၏ကျန်းမာမှုကို အနစ်နာခံ၍ ကျင့်သုံးကြ သည်။ သူတို့သည် သူတို့၏အကြောစုများ၏အင်အားကို ဖြုန်းတီး၍ အရေးပါအရာရောက်လှသော အင်အားကို ဆုတ် ယုတ်စေပြီး ဉာဏဗလကိုလည်း အရှုံးခံကြသည်။

ခရစ်တော်၏နောက်လိုက်များဟုသူတို့ကိုယ်ကိုခေါ်ဆိုကြသော်လည်း ဤအပြစ်ဒုစရိုက်ကိုသူတို့အိမ်များ၌ကျင့် သုံးနေကြသောသူတို့သည် ဘုရားသခင်နှင့်လူတို့စပ်ကြား ခရစ်တော်၏ရန်ပြေမာန်ပြေဆောင်ရွက်မှုနှင့်ထာဝရကာလ ဆိုင်ရာ အရာခပ်သိမ်းတို့နှင့် ပတ်သက်၍ မြင့်မားသော တန်ဖိုးဖြတ်နိုင်စွမ်းရည် မရှိနိုင်ပေ။ မူးယစ်ထိုင်းမှိုင်းစေသော အသုံးအဆောင်များအားဖြင့် ထိုင်းမှိုင်းနေ၍တစ်စိတ်တစ်ဒေသအားဖြင့် အင်အားမဲ့ဖြစ်နေသော စိတ်မျိုးကို စုံစမ်းနှောင့် ယှက်ခြင်းက လွယ်ကူစွာ အောင်မြင်နိုင်နင်းနိုင်သောကြောင့် ယင်းစိတ်မျိုးသည် ဘုရားသခင်နှင့် မိတ်သဟာယ မဖွဲ့နိုင် ပေ။ **ST, Jan, 6. 1876.**

အကယ်၍သာ ခရစ်တော်နှင့်တမန်တော်များ ယခုအခါ သက်တော်ထင်ရှားဖြစ်နေလျှင်။ အထက်မှသက် ရောက်သောပညာသည် "ရှေးဦးစွာစင်ကြယ်၏" ဟု ရှင်ယာကုပ်က ဆိုထားပါသည်။ အကယ်၍သူသည် သူ့ညီအစ်ကို တော်များက ဆေးလိပ်သုံးစွဲနေသည်ကို တွေ့မြင်ပါက၊ ယင်းအကျင့်ဓလေ့သည် လောကီဆန်သည်၊ ကာမဂုဏ်ခံစား သည်၊ နတ်ဆိုးလုပ်ငန်းဆန်သည်ဟု ကင်ပွန်းတပ်၍ သူကရှုတ်ချပြောဆိုလိမ့်မည် မဟုတ်ပါလော။ **SL, p. 24.**

ယခုအချိန်တွင် ပေတရုသည် ဤကမ္ဘာမြေပေါ်မှာ အသက်ရှင်နေလျှင် ဝိညာဉ်နှင့်စစ်ပြိုင်တတ်သော ကိုယ်ကာ ယတပ်မက်ခြင်းတို့ကို ရှောင်ရှားရန် ခရစ်တော်၏နောက်လိုက်များဟု သူတို့ကိုယ်ကို ခေါ်ဆိုကြသောသူတို့အား တိုက်

တွန်းပြောဆိုမည်မှာ မြေခတ်မလွဲပင်။ ပေါလုအနေဖြင့် ရှိသမျှသောအသင်းတော်တို့အား ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့်ကိုယ်ကိုယ်ကိုယ်ကင်းစင်စေလျက် ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်း ပါရမီနှင့်ပြည့်စုံကြဖို့ နှိုးဆော်တိုက်တွန်းမည်မှာ အမှန်ပင်။ ခရစ်တော်အနေဖြင့်လည်း ဆေးလိပ်သောက်ခြင်း အားဖြင့် မိမိကိုယ်ကို ညစ်ညူးအောင်ပြုလုပ်ပြီး ဘုရားသခင်၏သန့်ရှင်းရာဌာနတော်ကို သူတို့၏ဆေးလိပ်အငွေ့ဖြင့် ပြည့်ဝနေ သောထွက်သက်ဝင်သက်များအားဖြင့် ညစ်ညူးစေသော သူတို့ကို ဗိမာန်တော်ထဲမှ မောင်းထုတ်မည်မှာ မုချပင်။ ယင်းကဲ့သို့သော ဘုရားဝတ်ပြုသောသူတို့အား ဂျူးလူမျိုးတို့ကို ခရစ်တော်က ပြောသကဲ့သို့ "ငါ့အိမ်ကို လူအမျိုး မျိုးတို့ ဆုတောင်းရာအိမ် ဟူ၍ ခေါ်ကြလတ္တံ့။ သို့သော်လည်း သင်တို့သည် ထိုအိမ်ကိုဓားပြတွင်းဖြစ်စေကြပြီ" ဟု မိန့်တော်မူပေလိမ့်မည်၊ ထိုသို့သောပုဂ္ဂိုလ်တို့အား ကျွန်ုပ်တို့ပြောလိုက်သည်မှာ၊ သင်တို့သည် ဆေးငုံထားသော နှုတ် ခမ်းတို့ဖြင့် သန့်ရှင်းမှုကင်းမဲ့စွာ ဆက်ကပ်မှုသည် ဗိမာန်တော်ကို ညစ်ညူးစေ၍ဘုရားသခင်သည် ယင်းဆက်ကပ်မှုမျိုး ကို ရွံရှာတော်မူသည်။ သင်တို့၏ဝတ်ပြုကိုးကွယ်မှုကို ကိုယ်တော်ရှင်သည် လက်မခံနိုင်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်သင့်သော သင်တို့၏ကိုယ်ခန္ဓာများသည် ညစ်ညူးလျက်ရှိနေသည်။ ယင်းသဘာဝမကျသောခံတွင်းအလိုလိုက်စားမှုကြောင့် ဘုရားသခင်ဘဏ္ဍာတော်မှ ထောင်သောင်းမကသော ကျပ်ငွေတို့ကို သင်တို့သည် လုယူကြပြီ။ **ST, Aug, 13, 1874.**

ဆေးလိပ်သုံးစွဲသော ယဇ်ပုရောဟိတ်တို့သည် သေခြင်းပြစ်ဒဏ်ကို ခံရမည်။ သန့်ရှင်းသော ဝတ်ပြုကိုးကွယ်မှု ကိစ္စအဝဝကို သယ်ပိုးရသောယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းသောဌာနတော်ကို မညစ်ညူးစေခြင်းငှာ ဣသရေလ လူမျိုးတို့အတွက် ဆုတောင်းရန် ဘုရားသခင်၏မျက်မှောက်တော်ရှိသော တဲတော်သို့ မဝင်မီ သူတို့၏ခြေထောက်များ နှင့် လက်များကိုရေဖြင့် ဆေးကြောရန် အမိန့်တော် ပြဋ္ဌာန်းထားတော်မူသည်။ ယဇ်ပုရောဟိတ်တို့သည် ဆေးလိပ် ဖြင့်ညစ်ညူးနေသော နှုတ်များဖြင့် သန့်ရှင်းရာဌာနတော်သို့ ဝင်ရောက်ခဲ့သည်ရှိသော်၊ သူတို့သည် နာဒပ်နှင့်အဘိဟုတို့ ရင်ဆိုင်ခဲ့ရသော ကံကြမ္မာမျိုးကို ရင်ဆိုင်ကြရမည်။ သို့ဖြစ်လင့်ကစား၊ မိမိတို့ကိုယ်ကို ခရစ်ယာန်ဟုခေါ်သောသူတို့သည် မိမိတို့အိမ်ထောင်များတွင် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြသောအခါ၌ သူတို့၏ပါးစပ်များတွင် ဆေးလိပ်၏ အညစ်အကြေးများဖြင့် ပြည့်နှက်လျက်ရှိနေသည်။

သင်တို့သည် စင်ကြယ်ခြင်းရှိကြလော့။ သန့်ရှင်းသော ဝတ်ပြုကိုးကွယ်မှုကိစ္စအဝဝကို ထမ်းဆောင်ရန် လက်တင်မင်္ဂလာကို ပေးခြင်းအားဖြင့် သီးသန့်ထားသောလူတို့သည် ညစ်ညမ်းသောပါးစပ်များ၊ စွန်းထင်းနေသော နှုတ်ခမ်းများနှင့် ဆေးလိပ်၏ညစ်ညူးသောအငွေ့အသက်ဖြင့် မသန့်ရှင်းသောထွက်သက်ဝင်သက်တို့ဖြင့် မကြာခဏ ပင်တရားဟောပြောတတ်ကြသည်။ သူတို့သည် ခရစ်တော်ကိုယ်စား လူထုကို ဟောပြောကြသည်။ နာဒပ်နှင့် အဘိဟုတို့ကဲ့သို့ ကိုယ်တော်ရှင်ကို မရိုမသေမှုအတွက် ကိုယ်တော်ရှင်၏သန့်ရှင်းခြင်းက သူတို့ကို သုတ်သင်ပယ်ရှင်းခြင်းမပြုစေရန် ကိုယ်တော်ရှင်၏မျက်မှောက်တော်သို့မဝင်ရောက်လာမီဣသရေလယဇ်ပုရောဟိတ်များကိုယင်းကဲ့သို့ သောအထူးပြင်ဆင်မှုများပြုလုပ်ရန် စေခိုင်းတော်မူသော ဘုရားသခင်သည် ယင်းကဲ့သို့သော ဝတ်ပြုကိုးကွယ်မှုမျိုးကို ဘယ်ကဲ့သို့ လက်ခံနိုင်မည်နည်း။

ဣသရေလလူမျိုးတို့၏အင်အားကြီးသော ဘုရားသခင်သည် သန့်ရှင်းသော ဘုရားသခင်ဖြစ်တော်မူသော ကြောင့် သူတို့သည် စိတ်ချသင့်ကြသည်။ သူတို့၏ခံတွင်းကို သူတို့ကိုးကွယ်သောဘုရားအနေဖြင့် ထားရှိခြင်းအားဖြင့် ရုပ်တုဆင်းတုကို ကိုးကွယ်နေစဉ် ဘုရားသခင်၏အစေကို ခံနေကြပါသည်ဟု ဆိုကြသည်။ ဆေးလိပ်သည် သူတို့အ မြတ်တနိုးထားသော ရုပ်ဆင်းတုဖြစ်သည်။ ယင်းရုပ်ဆင်းတုအား မြင့်မား၍ သန့်ရှင်းသောထောက်စာခြင်းရှိသမျှတို့က ဦးညွှတ်ရမည်။ သူတို့သည် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြသည်ဟု ဆိုကြသော်လည်း ပထမပညတ်ကို ချိုးဖျက် လျက်ရှိကြသည်။ ဘုရားကိုယ်တော်ရှင်အပြင်လူတို့ဝတ်ပြုကိုးကွယ်သောအခြားဘုရားများရှိသေးသည်။ "ထာဝရဘုရား ၏အဆောက်အအုံတို့ကို ဆောင်ရွက်သောသူတို့၊ သန့်ရှင်းခြင်းရှိကြလော့။" **4 SG, pp. 127, 128.**

သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုညစ်ညူးစေလိမ့်မည်မဟုတ်။ ကိုယ်တော်ကို ယုံကြည်ကြသောသူများ တို့သည် တိုးတက်မှုရှိရန် လိုအပ်ကြောင်းကို သိရှိကြစေရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ ကိုယ်တော် ရှင်က ကျွန်ုပ်တို့အား အပ်နှံထားတော်မူသော စွမ်းရည်တိုင်းကို တိုးချဲ့ဆောင်ရွက်ကြရမည်။ မည်သည့်ဆုကျေးဇူးကိုမျှ ဘေးမဖယ်ထားရ။ ဘုရားသခင် ပြုစုတည်ဆောက်ထားသော အဆောက်အအုံအနေဖြင့် လူသည်ကိုယ်တော်ရှင်၏ထိန်း

သိမ်းစောင့်ရှောက်မှုကိုအမြဲတမ်းခံနေရ၍ သူသည်သူ့ဖန်ဆင်းရှင်နှင့်ပိုမိုရင်းနှီးလာလေ၊ သူ၏အသက်သည် ကိုယ်တော်၏မျက်မှောက်တော်တွင်ပိုမို၍သန့်ရှင်းလာလေလေဖြစ်မည်။ သူသည်ဆေးလိပ်ကိုမသောက်၊ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ပြုလုပ်ခြင်းသည်ဘုရားသခင်၏ဗိမာန်တော်ကို ညစ်ညူးစေသည်။ သူသည် သေရည်သေရက်ကို မသောက်၊ အဘယ်ကြောင့်ဆိုသော် ဆေးလိပ်ကဲ့သို့ သေရည်သေရက်သည် လူ့ခန္ဓာကိုယ်တစ်ခုလုံးကို ယုတ်ညံ့စေသည်။ **M, 130, 1899.**

# ၄ စီးပွားရေးဆိုင်ရာဖြုန်းတီးမှု

ဘုရားသခင်၏ကြေးငွေကိုဖြုန်းတီးခြင်း။ ဆေးလိပ်ကို စွဲလမ်းခြင်းသည် တိုက်ပွဲဆင်လျက်ရှိသောတပ်မက်ခြင်းဖြစ်သည်။ ယင်းတပ်မက်ခြင်းကို လိုက်စားမှုသည် အဝတ်အချည်းစည်းရှိသောသူတို့အား ဝတ်စားဆင်ယင်ပေးမှု၊ အစာရေစာငတ်ပြတ်သောသူတို့အား ကျွေးမွေးမှု၊ ခရစ်တော်ကိုမသိသေးသောသူတို့အား သမ္မာတရားကို ဟောပြောမှုကို ထမ်းဆောင်ရာတွင်လိုအပ်သော ကြေးငွေများ ဖြုန်းတီးပစ်လိုက်သည်။ ဘုရားသခင်၏စာစောင်တွင် ဘဝအသက်တာ၏ဝင်ငွေနှင့်သုံးငွေကို စာရင်းပြသောအခါတွင် ဘယ်ကဲ့သို့သောမှတ်တမ်းသည် ပေါ်ထွက်လာမည်နည်း။ ဆေးလိပ်နှင့်သေရည်သေရက်သောက်စားမှုကြောင့် မြောက်မြားစွာသောကြေးငွေများကို ဖြုန်းတီးခဲ့ကြောင်းပေါ်ထွက်လာလိမ့်မည်။ ဘာအတွက်ယင်းကြေးငွေများကို ဖြုန်းတီးပစ်သနည်း။ ကျန်းမာမှုကို တိုးတက်စေပြီး အသက်ရှည်စေဖို့လော၊ မဟုတ်ပါတကား။ ခရစ်ယာန်စာရိတ္တကို တည်ဆောက်၍သန့်ရှင်းသော ကောင်းကင်တမန်များတို့၏ အသိုက်အဝန်းတွင် အံဝင်ခွင်ကျဖြစ်စေဖို့လော၊ မဟုတ်ပါတကား။ သုံးစွဲသောသူတို့ကိုသာမဟုတ် သူတို့ခံစားရသောရောဂါဝေဒနာနှင့် လူစဉ်မမီမှုကို အမွေခံသော သူတို့ကိုပါအဆိပ်အတောက်ဖြစ်စေ၍ အသက်ကို အန္တရာယ်ပြုသောအလွန်ဆိုးသွမ်း၍ သဘာဝနှင့်ဆန့်ကျင်သော ကာမဂုဏ်လိုက်စားမှုအတွက် ထိုမျှများပြားသောကြေးငွေများကို ဖြုန်းတီးပစ်ကြသည်။ **ST, Oct, 27, 1887.**

လူအားလုံးစာရင်းရှင်းပြရကြမည်။ ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်၍ ထုံထိုင်းစေသောအသုံးအဆောင်များအတွက် သန်းပေါင်းများစွာသော ကြေးငွေများကို ဖြုန်းတီးပစ်ကြသည်။ ယင်းငွေများကို ဘုရားသခင်သည် ပိုင်ဆိုင်ခွင့်ရှိတော်မူသည်။ ကိုယ်တော်ရှင်ကလွှဲအပ်ထားတော်မူသော ဥစ္စာပစ္စည်းများကို အလွဲသုံးစားပြုသောသူတို့သည် တစ်နေ့သောအခါ သူတို့လက်တွင်းရှိ ဘုရားသခင်၏ပစ္စည်းဥစ္စာများကို ဘယ်ကဲ့သို့ အသုံးပြုခဲ့ကြောင်းကို စာရင်းရှင်းပြရကြမည်ဖြစ်သည်။ **Letter 243a, 1905.**

ဆေးလိပ်သောက်သောသူတို့သည် မှတ်တမ်းများကို ပြန်လည်ဆန်းစစ်ရမည်။ သင်တို့သည် ဘုရားသခင်၏ဘဏ္ဍာစိုးများအနေဖြင့် သင်တို့လက်တွင်းရှိ ကြေးငွေများအတွက် တာဝန်ရှိကြသည်ကို စဉ်းစားမိကြပါသလား။ ဘုရားသခင်ပိုင်ဆိုင်တော်မူသောကြေးငွေထဲမှ ဆေးလိပ်အတွက် မည်ရွေ့မည်မျှသုံးဖြုန်းပစ်သနည်း။ သင်၏ဘဝအသက်တာတစ်လျှောက်လုံး ယင်းကဲ့သို့ သုံးဖြုန်းခဲ့သော ကြေးငွေများကို ရေတွက်ကြည့်ပါ။ ဆင်းရဲနွမ်းပါးသောသူများအား ကယ်ဆယ်ရေးအတွက်နှင့်ဧဝံဂေလိတရားတော်ဟောပြောမှုအတွက် သင်တို့ပေးလှူသောကြေးငွေနှင့်ယင်းကဲ့သို့ ကိုယ်ခန္ဓာကိုညစ်ညူးစေသော တပ်မက်စွဲလမ်းမှုအတွက် သင်တို့ သုံးဖြုန်းသောကြေးငွေများကို နှိုင်းယှဉ်ကြည့်လျှင် ဘယ်မျှလောက်ကွာခြားမှုရှိသနည်း။

ဘယ်လူသတ္တဝါမျှ ဆေးလိပ်ကို မလိုအပ်ပေ။ သို့ရာတွင် ယင်းအဆိပ်အတောက်ကို အသုံးပြုခြင်းအားဖြင့်သုံးဖြုန်းပစ်သောကြေးငွေများကိုလိုအပ်လျက်ရှိနေသောမြောက်မြားစွာသော သူတို့သည် သေကြေပျက်စီးလျက်ရှိကြ၏။ သင်တို့သည် ဘုရားသခင်၏ဥစ္စာပစ္စည်းများကို အလွဲသုံးစားပြုနေကြသည်မဟုတ်ပါလော။ ဘုရားသခင် ဥစ္စာကိုလည်းကောင်း၊ လူထုဥစ္စာကိုလည်းကောင်း သင်တို့သည် လုယူသောပြစ်မှုကို ကျူးလွန်နေကြသည်မဟုတ်ပါလော။ သင်တို့သည် "မိမိတို့ကိုယ်မိမိတို့ မပိုင်ကြောင်းကို မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်ယူတော်မူသော သူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့။" ၁ကော ၆း ၁၉၊ ၂၀။**MH, p. 330.**

ခံတွင်းအလိုလိုက်ခြင်းတစ်ဘက်တွင်သဘာဝမေတ္တာနှင့်ဘုရားသခင်၏တောင်းဆိုချက်။ ဆေးလိပ်ကျွန်ဘဝသို့ သက်ဆင်းနေကြသော သူတို့သည် သူတို့၏အိမ်ထောင်သားများ လူ့ဘဝ၏အကြောင်း ညီညွတ်မှုများနှင့် လိုအပ်သော အစာရေစာများကင်းမဲ့နေသည်ကို တွေ့မြင်ကြပြားသော်လည်း သူတို့စွဲမက်နေသော ဆေးလိပ်ကိုစွန့်လွှတ်ရန်စိတ်ဆန္ဒ ပြင်းထန်မှု မရှိကြ။ ခံတွင်းအလို၏မရမနေတောင်းဆိုမှုက သဘာဝမေတ္တာစိတ်အပေါ်တွင် အောင်ပွဲခံလျက်ရှိသည်။ ခံတွင်းအလိုလိုက်ခြင်းနှင့် ဆင်ခြင်တတ်သည့် ဉာဏ်ကင်းမဲ့ခြင်းတို့က သူတို့အပေါ် စိုးမိုးထား၏။ ဆေးလိပ်နှင့် သေရည်သေရက်ကို သုံးစွဲမှုတွင် အကျင့်ပါနေသော သူတို့ကို အားကိုးအားထားပြုနေလျှင် ခရစ်ယာန်ဘာသာနှင့် လူ့ကိစ္စအဝဝတို့သည် ပစ်လိုရာစခန်းရောက်ရှိလိမ့်မည်မဟုတ်ပေ။ တစ်ခုတည်းသော ဦးတည်ချက်အတွက် အသုံးပြုရန် ကြေးငွေများသည် သူတို့လက်ထဲ၌ ရှိနေလျှင် ဘုရားသခင်၏ဘဏ္ဍာတော်သည် ပြန်ပြည့်လာမည် မဟုတ်သော်လည်း သူတို့အတွက် ဆေးလိပ်နှင့် သေရည်သေရက်တို့သည် ပြတ်လပ်မှုမရှိပဲ နေမည်ဖြစ်သည်။ ဆေးလိပ်ကို ဘုရားတစ်ဆူ ဂူတစ်လုံးအနေနှင့် ကိုးကွယ်ရလောက်အောင် စွဲလမ်းသောသူတို့သည် ဘုရားသခင်အမှုတော်အတွက် သူတို့၏ခံတွင်း အလိုလိုက်မှုကို စွန့်လွှတ်ကြမည် မဟုတ်ပေ။ **R & H, Spet. 8, 1874.**

ကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်ကိုနစ်နာခံခြင်းနှင့်ချုပ်တည်းခြိုးခြံခြင်းတွင် ဦးဆောင်မှုပေးခြင်း။ ယေရှုရှင်၏ ပိုင်ပစ္စည်းဖြစ်လာသောလူဖြစ်လျှင်၊ ၎င်းအပြင် သူ့ကိုယ်ခန္ဓာသည်သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်လျှင် ဆေးလိပ်သောက်ခြင်းတည်းဟူသော ဖျက်ဆီးတတ်သောအလေ့အကျင့်၏ကျေးကျွန်အဖြစ်ကို သူသည် ခံမည်မဟုတ်ပေ။ သူ့စွမ်းရည်များသည် အသွေးတော်၏တန်ဖိုးအားဖြင့် သူ့အား ဝယ်ယူတော်မူသောခရစ်တော်က ပိုင်ဆိုင်တော်မူသည်။ သူပိုင်ဆိုင်သောပစ္စည်းများသည် ကိုယ်တော်ရှင်ပိုင်ပစ္စည်းများဖြစ်သည်။ ထိုကြောင့် သဘာဝအားဖြင့် အခြေအမြစ်မရှိသောခံတွင်းအလိုသို့လိုက်ရန်အတွက် နေ့စဉ်ရက်ဆက် ဘုရားသခင်အပ်နှံထားတော်မူသောရင်းနှီးငွေကို သုံးဖြုန်းမှုအတွက် ထိုသူသည် အပြစ်မရှိပဲ နေမည်မဟုတ်ပေ။

နှစ်စဉ်နှစ်တိုင်း ဤကာမဂုဏ်ခံစားမှုအတွက် မြောက်မြားစွာသော ကြေးငွေများကို ဖြုန်းတီးပစ်သော်လည်း အသက်ရှင်ခြင်းလမ်းသို့ပို့ဆောင်ပေးသော လမ်းသို့မရောက်ရှိပဲ ပျက်စီးရာလမ်းသို့ ရောက်ရှိနေသောသူများကား မြောက်မြားစွာရှိပေသည်။ မိမိတို့ကိုယ်ကို ခရစ်ယာန်များဟု ခေါ်သောသူများတို့သည် ဆယ်ဖို့တစ်ဖို့နှင့်အလှူငွေများ တွင် ဘုရားသခင်ကို လုယူကြသည်။ ဆင်းရဲနွမ်းပါးသောသူများကို ပေးကမ်းလှူဒါန်းသည့်ကြေးငွေထက် သို့မဟုတ် ဘုရားသခင် အမှုတော်၏ လိုအပ်ချက်များအတွက် လှူဒါန်းသောကြေးငွေထက် ပိုမိုများပြားသောကြေးငွေများကို ဆေးလိပ်သောက်ခြင်းအားဖြင့် ဖျက်ဆီးသော တပ်မက်ခြင်းယဇ်ပလ္လင်ပေါ်တွင် ပူဇော်သောကြေးငွေက ပိုမိုများပြားလေသည်။ စစ်မှန်သော သန့်ရှင်းခြင်းကို ရရှိသောသူတို့သည် ဒုက္ခပေးသော တပ်မက်ခြင်းတိုင်းကို အောင်မြင်နိုင်နင်းကြမည်။ ထိုနောက် မလိုလားအပ်သော ကုန်ကျစရိတ်ရှိသမျှတို့ကို ဘုရားသခင်၏ဘဏ္ဍာတိုက်ထဲသို့ ထည့်သွင်းကြမည်။ ခရစ်ယာန်များတို့သည်လည်း ကိုယ်ကိုငြင်းပယ်ခြင်း၊ ကိုယ်ကိုအနစ်နာခံခြင်းနှင့် ချုပ်တည်းခြင်းတို့တွင် ဦးဆောင်မှုကို ပေးကြလိမ့်မည်။ ထိုနောက်သူတို့သည် လောက၏အလင်းများ ဖြစ်လာကြလိမ့်မည်။ **SL, pp. 24, 25.**

## ၅ ပုံသက်သေ၏ထိရောက်မှု

အသက်ကြီးသောသူတို့က ပုံသက်သေပြကြသည်။ အသက်ရှစ်နှစ်ပင်မရှိသေးသော ယောက်ျားကလေးများ ဆေးလိပ်သောက်နေသည်ကို ကျွန်ုပ်တို့ မကြာခဏ တွေ့မြင်ကြရသည် မဟုတ်ပါလော။ ယင်းဆေးလိပ်သောက်သော ကိစ္စနှင့်ပတ်သက်၍ သူတို့ကို ပြောသောအခါ သူတို့က “ကျွန်တော့်အဖေလည်း သောက်တာပဲ၊ အဖေအတွက် ကောင်းကျိုးပြုတယ်ဆိုယင်ကျွန်တော့်အတွက်လည်းကောင်းကျိုးပြုမှာပဲ”ဟု ပြန်ဖြေလိမ့်မည်။ လူငယ်များက ဓမ္မဆရာသို့ မဟုတ် တနင်္ဂနွေနေ့၌ကျောင်းပသော ဓမ္မစည်းဝေး၏ခေါင်းဆောင်တို့ကို လက်ညှိုးထိုးပြပြီး “ဒီလိုလူကောင်းသူကောင်းကြီးတွေကသောက်ယင် ကျွန်တော်တို့လည်း အမှန်သောက်နိုင်တာပေါ့” ဟု စောဒကတက်ကြမည်။ မိဘဘိုးဘွားများ ထံကအမွေရထားသောအကျင့်ဓလေ့များကြောင့်လည်းကောင်း၊ သက်ကြီးမိဘများကယင်းကဲ့သို့သောပုံသက်သေကိုပြကြ သောကြောင့်လည်းကောင်း ကလေးသူငယ်များသည် ယင်းကျင့်စဉ်မျိုးကို လိုက်နာကျင့်သုံးကြမည် မဟုတ်ဟု ကျွန်ုပ်တို့ ဘယ်ကဲ့သို့ မျှော်လင့်နိုင်ကြမည်နည်း။ **CTBH, p. 18.**

ဆေးလိပ်သောက်သောအလေ့အကျင့်လူကြိုက်များခြင်း။ ဆေးလိပ်သောက်သော အလေ့အကျင့်သည် အလွန်အင်အားကောင်းသောကြောင့် အကျင့်ဖြစ်သွားသည်နှင့်တစ်ပြိုင်နက် ဆေးလိပ်သောက်ခြင်းကို လူကြိုက်များလာလေသည်။ အပြစ်ဒုစရိုက်၏ပုံသက်သေကို လူငယ်လူရွယ်များရှေ့တွင် ပြကြသည်။ ယင်းမူးယစ်ထိုင်းမှိုင်းစေသော အရာကို သုံးစွဲခြင်းသည် ဥပဒ်မဖြစ်နိုင်ဟူသော စိတ်ကူးမျိုးကို လူငယ်များစိတ်ထဲမှ ဖျောက်ဖျက်ပစ်ရမည်ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းသည် ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလတို့ကို အန္တရာယ်ပြုကြောင်းကို လူငယ်များအားမပြောပဲနေခဲ့ကြသည်။

အကယ်၍ ခရစ်တော်၏တပည့်တော်တစ်ဦးသည် အခြားသူတို့၏ဩဇာလွှမ်းမိုးမှုကြောင့် လမ်းမှားကိုလိုက်မိ၍ ကမ္ဘာ၏ခေတ်ဆန်သော အပျော်အပါးကြူးမှုကို အတုယူလုပ်ကိုင်လျှင် သူသည် စာတန်၏ကြိုးဆွဲရာကို "က" နေသောကြောင့် သူသည် မယုံကြည်သောသူတို့ထက် အပြစ်ကြီးသည်။ အဘယ်ကြောင့်ဆိုသော် သူသည် မှားယွင်းသောအလံ၏အရိပ်ကို ခိုလှုံလျက်ရှိသည်။ သူသည် အပြောနှင့်အဟောမညီညွတ်။ ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူဖြစ်သည်ဟုဆိုလျက်နှင့် လက်တွေ့အားဖြင့် ဝိညာဉ်ရေးဆိုင်ရာတွင် သာလွန်ကြီးကဲမှုအတွက် လိုအပ်သော သန့်ရှင်းခြင်းနှင့် မြင့်မားခြင်းတို့ကို တိုက်ဖျက်သော သဘာဝလည်းမကျ၊ အပြစ်ဒုစရိုက်လည်းဖြစ်သော ဝါသနာများကို လိုက်စားလျက်ရှိနေသည်။

ဆေးလိပ်သောက်သောအလေ့အကျင့်ကိုလိုက်လျောကျင့်သုံးသောအခါ သူတို့သည်လက်တွေ့အားဖြင့် လောကနှင့်ပေါင်း ဖက်ဂဟေဆက်သောသူများဖြစ်လာကြသည်။ ခရစ်ယာန်ဟုမိမိတို့ကိုယ်ကိုခေါ်တွင်သောယင်းကဲ့သို့သောသူများ တွင် ဤအမည်နာမကို အသုံးပြုခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်တစ်ဦးသည် ခရစ်တော်နှင့်တူရမည်။ တရားစီရင်သောအချိန်တွင် လူသည်ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်ရှိသမျှအတိုင်း တရားစီရင်ခြင်း ခံရသောအခါ၊ သူတို့သည် သူတို့၏လက်တွေ့ဘဝတွင် ခရစ်တော်အတွက် အလွဲကိုယ်စားပြုခဲ့ကြောင်းကို လည်းကောင်း၊ အသက်ရှင်ခြင်း၏အမွေးအကြိုင်များဖြစ်နေကြောင်းကိုလည်းကောင်း သူတို့သိရှိကြရမည်။ သူတို့၏အသိုက်အဝန်းတွင် ကိုယ်ခန္ဓာ၏တပ်မက်သော အလေ့အကျင့်တို့ကို လိုက်စားသောသူတို့ မြောက်မြားစွာ ပါဝင်ကြလိမ့်မည်။ သို့ရာတွင် ဦးရေများပြားခြင်းက သူတို့၏ဒုစရိုက်ကို လျော့ပေါ့၍ မပေးပေ။ ဦးနှောက်သွေးကြောများ၏စွမ်းရည်နှင့်ကိုယ်ခန္ဓာကျန်းမာမှုကို ဖျက်ဆီးပစ်မှုအတွက် ပြစ်ဒဏ်ကိုလည်း လျှော့ပေါ့စေမည် မဟုတ်ပေ။ လူအားလုံးတို့သည် ပုဂ္ဂိုလ်အနေဖြင့် တရားစီရင်ခြင်းကို ခံရမည်။ သူတို့သည် ပြစ်ဒဏ် စီရင်ချက်ကို ကြားသိရန်ဘုရားသခင်မျက်မှောက်တော်၌ မတ်တတ်ရပ်လျက်နေကြရမည်။ **M, 123, 1901.**

ဆေးလိပ်သောက်သော ဓမ္မဆရာများ။ သန့်ရှင်းသောစင်မြင့်ပေါ်မှနေ၍ခရစ်တော်ကိုယ်စားပြုလျက်၊ ဓမ္မပရိသတ်တို့အား ဘုရားသခင်နှင့်ပြန်လည်မိတ်သဟာယဖွဲ့ရန် တောင်းပန်တိုက်တွန်းလျက်ရှိကြသောဓမ္မဆရာများ၊ လူတို့ရှေ့တွင်လွတ်လပ်သောဧဝံဂေလိတရားတော်ကို မြှင့်တင်မြွေက်စားနေသောဓမ္မဆရာများအနက် သူတို့ကိုယ်တိုင်ပင် ခံတွင်း၏ကျေးကျွန်ဖြစ်လျက် ဆေးလိပ်ငွေ့ဖြင့် ညစ်ညူးနေသောပုဂ္ဂိုလ်များ မည်မျှများပြားလျက် ရှိနေသနည်း။ ညစ်ညမ်း၍ထုံထိုင်းမူးယစ်စေသည့်အဆိပ်အတောက်တို့ကို အသုံးပြုခြင်းအားဖြင့် သူတို့ဦးနှောက်၏စွမ်းရည်ကို နေ့စဉ်နှင့်အမျှ အင်အား ဆုတ်ယုတ်အောင် ပြုလျက်ရှိကြသည်။ ဤသူတို့က သူတို့သည် သန့်ရှင်းသော ယေရှုရှင်အတွက် သံတမန်များဖြစ်ကြသည်ဟု ဆိုကြသေးသည်။ **HR, December, 1871.**

ကာမဂုဏ်ခံစားမှု၏ဆွဲဆောင်မှုကို လိုက်လျောလျက်ရှိသော ပုဂ္ဂိုလ်တို့သည် ဖြောင့်မတ်ခြင်းတရား၏ စစ်မှန်သော ဓမ္မဆရာများ မဖြစ်နိုင်။ ဆေးလိပ်သောက်သော အကျင့်ဓလေ့ကို လိုက်စားလျက်နှင့် စစ်မှန်သော ချုပ်တည်းခြင်းမှုကို ကျင့်သုံးဖို့ လူတို့ကို ဆွဲဆောင်နိုင်ရန် သူတို့ကိုယ်တိုင်အနေဖြင့် ဆေးလိပ်သောက်သော အကျင့်ဓလေ့ကို ကျင့်သုံးနေသောသူများ မဖြစ်နိုင်။ သူ၏နှုတ်ခမ်းမှ ထွက်ပေါ်လာသော ဆေးလိပ်မီးခိုးများက သေရည်သေရက်သောက်သော သူတို့အပေါ် အကျိုးဖြစ်ထွန်းသော အကျိုးသက်ရောက်မှု မရှိနိုင်။ ဧဝံဂေလိတရားစကားများသည် ဆေးလိပ်ငွေ့ဖြင့် ညစ်ညူးခြင်းမရှိသောနှုတ်ခမ်းများမှ ထွက်ပေါ်လာရမည်။ လက်ဝါးကပ်တိုင်တော်၏အောင်မြင်မှုများကို သန့်ရှင်းစင်ကြယ်သောနှုတ်ခမ်းများရှိသောဘုရားသခင်အမှုတော်ဆောင်များကကြွေငြာရမည်။ သေရည်သေရက်၊ ဆေးလိပ်၊ လက်ဖက်ရည်နှင့်ကော်ဖီများ သုံးစွဲသောအလေ့အကျင့်ကို ဘုရားသခင်၏ပြောင်းလဲပြုပြင်ပေးနိုင်သော တန်ခိုးတော်အားဖြင့် အောင်မြင်နိုင်နင်းရမည်။ ညစ်ညူးသောအရာတစ်ခုမျှ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်စားရမည်မဟုတ်။ **M, 86, 1897.**

ဓမ္မဆရာများသည် ဤဖျက်ဆီးတတ်သော အကျင့်ဓလေ့ဘက်တွင် သူတို့၏ဩဇာလွှမ်းမိုးမှုနှင့် ပုံသက်သေအားဖြင့် ရပ်တည်နေကြလျှင်လူငယ်လူရွယ်များအတွက်မည်ကဲ့သို့မျှော်လင့်ချက်ရှိသနည်း။ ကျွန်ုပ်တို့အနေဖြင့် ချုပ်တည်းခြိုးခြံခြင်း၏အောင်လံတော်ကို မြင့်သည်ထက်မြင့်အောင် မြှင့်တင်ကြရမည်။ မူးယစ်စေသောအရာများ သောက်စားမှုနှင့် ဆေးလိပ်သောက်ခြင်းတို့ကို မသုံးစွဲရန် ကျွန်ုပ်တို့ ပြတ်သားရှင်းလင်းစွာ သက်သေခံရကြမည်။ **M, 82, 1900.**

ဆေးလိပ်သောက်သော ဆရာဝန်။ ဆေးလိပ်သောက်ခြင်းသို့မဟုတ်မူးယစ်သော သေရည်သေရက်ကို သောက်စားခြင်းအားဖြင့် မိမိတို့၏ဝိညာဉ်နှင့်ခန္ဓာကိုယ်ကိုပါဖျက်ဆီးနေသောသူတို့သည် ဆရာဝန်ထံသို့ ကုသမှုခံစားရန်ရောက်ရှိလာကြသည်။ တာဝန်ကိုကျေပွန်စွာဆောင်ရွက်သောဆရာဝန်က ယင်းလူနာများအား သူတို့ရောဂါဝေဒနာ၏အကြောင်းရင်းကို ညွှန်ပြရမည်။ သို့ရာတွင် ဆရာဝန်ကိုယ်တိုင်က ဆေးလိပ်သို့မဟုတ် မူးယစ်စေသော အရာကို သုံးစွဲသောသူဖြစ်နေလျှင် သူပြောသောစကားများသည် မည်မျှအလေးချိန်စီးမည်နည်း။ လူနာ၏ရှေ့တွင် သူကိုယ်တိုင်က ယင်းအဆိပ်အတောက်များ သုံးစွဲနေသည်ဟူသောအသိစိတ်ဓါတ်ဖြင့် ဆရာဝန်သည် ထိုလူနာအား သူ့ရောဂါ၏အကြောင်းရင်းကိုညွှန်ပြရန် နှောင့်နှေးနေမည်မဟုတ်ပါလော။ သူတိုယ်တိုင် ယင်းအရာများကို သုံးစွဲနေ သောကြောင့် ယင်းအရာများ၏ဆိုးကျိုးကို လူငယ်လူရွယ်များအား ဘယ်ကဲ့သို့ ထင်ရှားသိမြင်အောင် ပြသနိုင်မည်နည်း။

ဆရာဝန်တစ်ဦးသည် သူတိုယ်တိုင်က ဆိုးသွမ်းညစ်ညမ်းသော စရိုက်တစ်ခုကို ကျင့်သုံးနေသောကြောင့် သန့်ရှင်းမှုနှင့် ကိုယ်ကိုချုပ်တည်းမှုတွင် သူသည် သူ့ရပ်ကွက်ထဲတွင် ဘယ်ကဲ့သို့ ပုံသက်သေအနေဖြင့် ရပ်တည်နေနိုင်မည်နည်း။ ချုပ်တည်းမှုဆိုင်ရာလုပ်ငန်းတွင် သူသည်ဘယ်နည်းအားဖြင့် အောင်မြင်သောအမှုဆောင်ဖြစ်လာနိုင်မည်နည်း။ သူ၏ထွက်သက်ဝင်သက်သည် ဆေးလိပ်နှင့် သေရည်သေရက်တို့၏အနံ့ဖြင့် ညစ်ညမ်း၍ မနှစ်သက်ဖွယ်ဖြစ်သောကြောင့် ဖျားနာ၍သေလုမြောပါးဖြစ်နေသောသူ၏အိပ်ရာဘေးတွင် ဘယ်ကဲ့သို့ အားရနှစ်သက်ဖွယ် ဆောင်ရွက်ပေးနိုင်မည်နည်း။

မူးယစ်ထိုင်းမှိုင်းစေသောအဆိပ်အတောက်များကို သုံးစွဲခြင်းအားဖြင့် သူ၏အကြောအခြင်များကကမောက်ကမဖြစ်စေပြီး ဦးနှောက်ကိုထုံထိုင်းနေစေသောအခါ ကျွမ်းကျင်သောဆရာဝန်တစ်ဦးအနေဖြင့် သူ့လက်တွင်းအပ်နှံထားသောဝန်တာကိုဘယ်ကဲ့သို့ကျေပွန်စွာထမ်းဆောင်နိုင်ပါမည်နည်း။ သူသည် ရောဂါအခြေအနေ ကိုလျင်မြန်စွာနားလည်ရန်လည်းကောင်း၊ တိကျမှန်ကန်စွာဆောင်ရွက်နိုင်စွမ်းရှိရန်လည်းကောင်း ဘယ်မျှလောက်ခဲယဉ်းပါသနည်း။

သူ့ကိုယ်တိုင်အား ထိန်းချုပ်ထားသော ပညတ်ဥပဒေများကို စောင့်ရှောက်ခြင်းမရှိလျှင်၊ သူ့ကိုယ်စိတ်နှလုံးသုံးပါးလုံးကိုကျန်းမာပကတိချမ်းသာစွာထားရှိရေးထက် သူ့တစ်ကိုယ်ကောင်းစိတ်ဆန္ဒပြည့်ဝမှုကိုရွေးချယ်လျှင် လူ့အသက်ကို ကြည့်ရှုထိန်းသိမ်းထားရသော ဝန်တာနှင့် မထိုက်တန်ကြောင်းကို ကြေငြာသည်မဟုတ်ပါလော။ **MH, pp. 133, 134.**

မိဘတာဝန်ထမ်းဆောင်ရန် အရည်အချင်းမရှိသောဖခင်။ ဖခင်တို့၊ သင်တို့သားသမီးများ၏စိတ်နေသဘောထားနှင့် အကျင့်စာရိတ္တတို့ကို ပြည့်စုံကုံလုံစွာ သိရှိရသော အချိန်ကောင်းများ၊ နုနယ်သောစိတ်တို့ကို ကိုင်တွယ်ရာတွင် အကောင်းဆုံးလုပ်ကိုင်နည်းများအသုံးပြုရသောအချိန်ကောင်းများကို ဆိုးသွမ်းယုတ်ညံ့သောဆေးလိပ်သောက်ခြင်းသို့မဟုတ် ခွက်ခြင်ရောင်းချသော အရက်ဆိုင်များတွင် တဝဲလည်လည် လုပ်နေခြင်းအားဖြင့် ဖြုန်တီးပစ်ရန် နှမြောစရာကောင်းလှပေသည်။

ဤမူးယစ်ထိုင်းမှိုင်းစေသောအရာကို သုံးစွဲခြင်းသည် ဖခင်ဖြစ်သူအား ဘုရားသခင်၏ သွန်သင်ဆုံးမလမ်းပြထားချက်အရ သားသမီးများကို ကြည့်ရှုစောင့်ထိန်းကျွေးမွေးပြုစုရန် အရည်အချင်းမဲ့ ဖြစ်စေသည်။ ဣသရေလလူတို့အား ဘုရားသခင်ကပေးတော်မူသောညွှန်ကြားချက်များမှာ၊ ဖခင်များတို့ကကိုယ်တော်ရှင်မှာထားတော်မူသောစကားများနှင့်ပညတ်များကို သားသမီးတို့အားနှလုံးသွင်းစေရမည်အကြောင်း၊ ကြိုးစား၍သွန်သင်ပေးရမည်ဖြစ်ကြောင်း၊ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီးသွားသည်ဖြစ်စေ၊ ပြန်လာသည်ဖြစ်စေ၊ အိပ်လျက်ထလျက်ရှိကြသည်ဖြစ်စေ၊ ထိုစကားကို ပြောရမည်။

ဘုရားသခင်၏ဉာဏ်ပညတ်ကိုလိုက်လျှောက်သူနည်းလှသည်။ အဘယ်ကြောင့်ဆိုသော်၊ မိမိ၏စုံစမ်းနှောင့်ယှက်ခြင်းအားဖြင့်စာတန်သည် ဖခင်အများတို့အားညစ်ညူးစေ၍ အသက်အန္တရာယ်ပြုသောအကျင့်ဓလေ့များဖြင့် ချည်နှောင်ထားသည်။ ယင်းဖခင်များတို့၏ကာယဗလ၊ ဉာဏဗလနှင့်ဝိဉာဏဗလတို့သည် ဖခင်တို့ကသားသမီးတို့အားပြန်အပ်သောဝတ္တရားများကို ထမ်းနိုင်စွမ်းကင်းမဲ့စေလောက်အောင် အင်အားချည့်နဲ့သွားလေသည်။ ဆေးလိပ်သို့မဟုတ်သေရည်သေရက်၏အရှိန်အဝါကြောင့်၊ သားသမီးများအား ခံတွင်းအလိုကို ထိန်းချုပ်ထားရန်၊ အမှန်တရားဘက်မှ မားမားမတ်မတ်ရပ်တည်ရန်၊ အပြစ်ဒုစရိုက်၏စိုးမိုးမှုကို မခံရပဲ သုစရိုက်ဘက်တွင် ခိုင်ခံ့စွာရပ်တည်ရန်၊ စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်ရန် စာရိတ္တဗလကြံ့ခိုင်စေမည့် သင်ကြားပို့ချမှုတာဝန်ကို မသိမမြင်နိုင်လောက်အောင် သူတို့၏စိတ်သည် ထိုင်းမှိုင်းသွားလေသည်။

ကမောက်ကမဖြစ်သောခံတွင်းအလိုလိုက်ခြင်းကြောင့်မိဘများတို့သည် အများအားဖြင့်စိတ်ဆတ်ခြင်းသို့မဟုတ်မောဟိုက်ခြင်းအခြေအနေများတွင် ဆိုက်ရောက်ကြသောအခါမျိုး၌ ဉာဏ်အမှားနှင့်အမှန်ကို ပိုင်းခြားဝေဖန်ရန်လည်းကောင်း၊ သားသမီးများအား သတိပညာနှင့် ထိန်းသိမ်းအုပ်ချုပ်ရန်လည်းကောင်း၊ သားသမီးများ၏စိတ်နေသဘောထားနှင့် အလုပ်အကိုင်များကို မှန်ကန်စွာပိုင်းခြားဝေဖန်နိုင်ရန်လည်းကောင်း၊ စွမ်းဆောင်နိုင်သောသတ္တိမျိုး ဗလာနတ္ထိမရှိဖြစ်သွားတတ်ကြသည်။ ထို့တွင်မက သူတို့၏စိတ်ထဲ၌ အသေးအဖွဲကိစ္စများတွင် တစ်ဆိတ်ကိုတစ်အိတ် ထင်တတ်သော်လည်း ကြီးလေးသော အပြစ်ဒုစရိုက်များဆိုင်ရာ ကိစ္စတွင်မူ အမှုမဲ့အမှတ်မဲ့ ကျော်လွန်သွားတတ်သော အန္တရာယ်ရှိသည်။ ခံတွင်းအလိုသို့ လွန်ကဲစွာလိုက်စားခြင်း၏ကျေးကျွန်ဖြစ်လာသောဖခင်၊ ဘုရားသခင်ပေးထားတော်မူသော လူကြီးအဖြစ်ကို စွန့်ပယ်၍ ဆေးလိပ်စွဲမက်သောသူ ဘဝဖြင့် အစားထိုးသောဖခင်သည် သူ၏သားသမီးများအား ခံတွင်းအလိုနှင့်တပ်မက်သောစိတ်တို့ကို ထိန်းချုပ်ထားရန် သွန်သင်ပေးနိုင်စွမ်းမရှိ။ ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း ယင်းသွန်သင်မှုမျိုးကို ပို့ချပေးနိုင်စွမ်းမရှိပေ။ ပါးစပ်ထဲတွင် ဆေးလိပ်အပြည့်ရှိ၍ အိမ်ဂေဟာ၏အိမ်တွင်းပတ်ဝန်းကျင်ကိုလည်း သူ၏ဆေးလိပ်ငွေ့ဖြင့် အဆိပ်အတောက်ဖြစ်စေသောဖခင်သည် သူ၏သားများအား ချုပ်တည်းခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ခြင်းနှင့်ပတ်သက်၍ ဘယ်ကဲ့သို့ သင်ကြားပို့ချပေးနိုင်မည်နည်း။

ပုံသက်သေနှင့်ဩဇာသက်ရောက်မှုအတွက် တာဝန်ရှိခြင်း။ ဆေးလိပ်သောက်သောအလေ့အထ ကိုရရှိသောလူငယ်လူရွယ်တို့ကို ချဉ်းကပ်၍ ယင်းအကျင့်ဓလေ့ဆိုးသည် ကိုယ်ခန္ဓာကို ဘယ်ကဲ့သို့ ထိခိုက်ကြောင်းကို ပြောပြသောအခါ၊ သူတို့ဖခင်များ၏ပုံသက်သေကိုလည်းကောင်း၊ အချို့သော ခရစ်ယာန်ဓမ္မဆရာများ၏ ပုံသက်သေကိုလည်းကောင်း၊ အသင်းတော်မှဘုရားတရားမြဲသော အသင်းသူအသင်းသားတို့၏ ပုံသက်သေကိုလည်းကောင်း ညွှန်ပြခြင်းအားဖြင့် သူတို့၏ဆေးလိပ်သောက်မှုဆိုင်ရာအခြေကို ခိုင်မာအောင် ပြုလုပ်တတ်ကြသည်။ သူတို့က "အဲဒီပုဂ္ဂိုလ်ကြီးတွေကိုအန္တရာယ်မပြုယင် ကျွန်ုပ်တို့ကိုလည်းအန္တရာယ်မှုချမပြုနိုင်ပါဘူး"ဟုပြောသည်။ ခရစ်ယာန်ဟုခေါ်တွင်သောသူတို့သည် မိမိတို့၏ချုပ်တည်းမှုကင်းမဲ့ခြင်းတို့ကြောင့် ဘုရားသခင်အား ရှင်းပြရမည့်စာရင်းသည်ကားကြီးမားလှပေသည်။ ပဝတ္တိဖြစ်သော လှုံ့ဆော်မှုပေးသောအရာများကို အသုံးပြုခြင်းအားဖြင့် လူငယ်လူရွယ်တို့၏အာရုံများကို ကမောက်ကမဖြစ်အောင်ပြုလုပ်ရန် စာတန်၏သွေးဆောင်မှုများကိုသူတို့၏ပုံသက်သေကခိုင်မာစေလေသည်။ အသင်း တော်တွင်ရှိသေထိုက်သောပုဂ္ဂိုလ်ကြီးများ၏လုပ်လေ့လုပ်ထရှိသောအရာများကို လိုက်လုပ်လျှင် သူတို့အမြင်တွင် အပြစ်ဆိုဖွယ်မရှိ။ သို့ရာတွင် ဆေးလိပ်သောက်ခြင်းနှင့် သေရည်သေရက်သောက်ခြင်းတို့သည် တစ်ခုနှင့်တစ်ခုခြေတစ်လှမ်းသာကွာဝေးသည်။ အမှန်အားဖြင့် ယင်းဆိုးသွမ်းသော အကျင့်နှစ်ခုသည် လက်တွဲလျက် ရှိကြသည်။

ထောင်သောင်းမကသောသူတို့သည် ယင်းဆေးလိပ်သောက်သော အကျင့်ဓလေ့များကြောင့် အရက်သမားများဖြစ်လာကြသည်။ ဆေးလိပ်သောက်သောအလေ့အထကို လူငယ်လူရွယ်များတို့သည် မကြာခဏပင် သူတို့ဖခင်ထံမှ မသိမသာ ရရှိကြသည်။ လူ့အဖွဲ့အစည်းမှ ချုပ်တည်းမှုကင်းမဲ့ခြင်းဟူသော ဘီလူးကို မောင်းထုတ်ပစ်ရာတွင် တိုးတက်မှုများမရှိသေးမီ အိမ်ထောင်ဦးစီးများ၏အကျင့်ဓလေ့များကို ပြောင်းပစ်ရန် လိုအပ်သည်။**HR, September, 1877.**

ဆေးလိပ်သောက်သောသူသည် အရက်မူးသောသူအတွက် အကူအညီမဖြစ်ပေ။ အမွှာပူးဒုစရိုက်အနေဖြင့် ဆေးလိပ်သောက်ခြင်းနှင့် သေရည်သေရက်သည် လက်တွဲလျက်ရှိကြသည်။ **R & H, July 9, 1901.**

ဆေးလိပ်သောက်သောသူတို့သည်အရက်စွဲသောသူတို့အား ထိရောက်သောကူညီမှုပေးနိုင်စွမ်းမရှိပေ။ အမေရိကန်ပြည်ထောင်စုတွင်အရက်သမားဦးရေသုံးပုံနှစ်ပုံသည်ဆေးလိပ်သောက်သောအလေ့အထမှသေရည်သေရက်သောက်သောအလေ့အထကို ရရှိလာသည်။ **ST, Oct. 27, 1887.**

မူးယစ်ဆေးဝါး ရှောင်ကြဉ်ရေးလုပ်ငန်းတွင် ဆေးလိပ်သောက်သောသူများ။ မူးယစ်ဆေးဝါးရှောင်ကြဉ်ရေးလုပ်ငန်းတွင် ဆေးလိပ်သောက်သောသူများကို လုပ်သားအဖြစ် လက်မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ကျင့်စဉ်နှင့် မူးယစ်ဆေးဝါးရှောင်ကြဉ်ရေးလုပ်ငန်းတို့သည် ဆီလျော်ခြင်းမရှိ။ ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်သည်။ သူတို့၏အကျီအိတ်များထဲတွင်ငုံသောဆေးနှင့်ဆေးလိပ်များအပြည့်ထည့်ထား၍သူတို့ဆေးငုံခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကိုကြိုက်သောအချိန်တွင်ပြုလုပ်နိုင်ပြီး တံတွေးကိုလည်းထွေးလိုရာထွေးသော သူတို့သည် သေရည်သေရက်သောက်ခြင်းအားဖြင့် ဆင်ခြင်တုံတရားနှင့်အသက်ကိုဖျက်ဆီးနေသောလူတစ်ဦးအား ဘယ်ကဲ့သို့ဆုံးမစကားပြောကြားနိုင်သနည်း။ သူတို့ကိုယ်တိုင်ဆေးလိပ်ကျွန်များ ဖြစ်နေသောကြောင့် ကျန်းမာရေးဘုတ်အဖွဲ့များနှင့် မူးယစ်ဆေးဝါးရှောင် ကြဉ်ရေးအဖွဲ့များရှေ့မှောက်တွင် စာရိတ္တပြုပြင်ပြောင်းလဲရေးကိစ္စနှင့်ပတ်သက်၍ ဘယ်ကဲ့သို့ရှေ့နောက်ညီသောစကားများကို ပြောဆိုအကြံပေးနိုင်သနည်း။ ယင်းအင်္ဂါများအား လှုံ့ဆော်သောအသုံးအဆောင်များ ကြိုက်နှစ်သက်မှုကို အောင်မြင်စေရန် လူတို့အား တိုက်တွန်းသွေးဆောင်လမ်းပြနိုင်သော အာနိသင်အလိုရှိလျှင် သူတို့၏နှုတ်ခမ်းများမှ ထွက်လာသော ထွက်သက်သည် သန့်ရှင်းစင်ကြယ်စေရပေမည်။ **5T, p. 441.**

ချုပ်တည်းမှုကင်းမဲ့ခြင်း၏အရှိန်ကို ဟန့်တားထားနိုင်ရန် ဆေးလိပ်ကိုသောက်သောသူ၌ ခွန်အားမည်မျှရှိသနည်း။ သစ်ပင်ကို ပုဆိန်ဖြင့်မခုတ်လှဲမီ ဆေးလိပ်ဆေးဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ပြောင်းလဲမှုရှိရမည်။ လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်နှင့် မူးယစ်သောသေရည်သေရက်တို့သည် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်သောပဝတ္တိလှုံ့ဆော်သော အသုံးအဆောင်များအစီအစဉ်တွင် ထိခိုက်မှုချင်းမတူသော အသုံးအဆောင်များဖြစ်သည်။ **CTBH, p. 34.**

-ဝ-

# အခြားလှုံ့ဆော်စေသောအသုံးအဆောင်များနှင့် ထုံထိုင်းစေသောအသုံးအဆောင်များ

## ၁ ကိုယ်ကာယတပ်မက်ခြင်းတို့ကို ရှောင်ကြဉ်ပါ

တုံ့ပြန်မှုအမြဲတမ်းရှိသည်။ လှုံ့ဆော်သော အသုံးအဆောင်များနှင့်ထုံထိုင်းစေသော အသုံးအဆောင်များ၏ ခေါင်းစဉ်အောက်တွင် အစာအိမ်ကိုပူလောင်စေ၍ သွေးကိုအဆိပ်အတောက်ဖြစ်စေပြီး အကြောအခြင်များကို လှုံ့ဆော်ပေးသည်။ ယင်းအသုံးအဆောင်များကို သုံးစွဲခြင်းသည် ဧကန်မုချအန္တရာယ်ဖြစ်သည်။ လူတို့သည် လှုံ့ဆော်ပေးတတ်သောအသုံးအဆောင်များကို ရှာဖွေကြသည်။ အဘယ်ကြောင့်ဆိုသော်၊ ခေတ္တခဏမျှ သူတို့ခံစားရသော အကျိုးသည် သူတို့အတွက် နှစ်သက်ဖွယ်ဖြစ်နေသည်။ သို့ရာတွင် တုံ့ပြန်မှုသည် အမြဲတမ်းရှိသည်။ သဘာဝမကျသောလှုံ့ဆော်သော အသုံးအဆောင်များ သုံးစွဲခြင်းသည် အလွန်အကျွံဖြစ်သွားတတ်သည့်အပြင် ကာယဗလချည့်နဲ့ယိုယွင်းသော အခြေအနေသို့လည်း တွန်းပို့တတ်သည်။ **MH, p. 325.**

ပေတရု၏အကျိုးဝင်လှသော သတိပေးချက်။ "ဝိညာဉ်နှင့်စစ်ဘက်ပြိုင်တတ်သော ကိုယ်ကာယတပ်မက်ခြင်းတို့ကို ရှောင်ကြဉ်လော့" ဟူသောအသုံးအနှုန်းမျိုးဖြင့် တမန်တော်ပေတရုက တိုက်တွန်းထားသည်။ အချို့သောသူတို့က ဤသတိပေးချက်သည် ကာမဂုဏ်ကျူးလွန်သောသူတို့နှင့်သာဆိုင်သည်ဟု ယူဆကြသည်။ သို့ရာတွင် ယင်းအသုံးအနှုန်းသည် ပိုမိုကျယ်ပြန့်သော အဓိပ္ပါယ်အကျုံးဝင်နေသည်။ ယင်းသတိပေးချက်က ခံတွင်းအလို သို့မဟုတ် တပ်မက်မှုကို ဘေးမကင်းသောအလိုဖြည့်မှုကို ကာကွယ်ပေးသည်။ အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်ထိုင်းမှိုင်းစေသောအသုံးအဆောင်များဖြစ်သောလက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်၊ သေရည်သေရက်နှင့် ဘိန်းဆီတို့ကိုရှောင် ကြဉ်ရန် ယင်းသတိပေးချက်ကပြင်းပြင်းထန်ထန် တိုက်တွန်းထားသည်။ ယင်းအသုံးအဆောင်များ လိုက်စားသုံးစွဲခြင်းသည် စာရိတ္တဗလကို ဖျက်ဆီးတတ်သော တပ်မက်စွဲလမ်းခြင်းမျိုးတွင် ပါဝင်သည်။ ဤအရာများ စတင်သုံးစွဲချိန်သည် စောလေလေ သုံးစွဲသူအားတပ်မက်ခြင်း၏ကျွန်ဘဝ၌ ပိုမိုခိုင်မြဲစွာဆွဲကိုင်ထားလေလေဖြစ်ပြီး ကာယကံရှင်မှာလည်း ဝိညာဉ်ရေးအခြေအနေတွင် ပိုမိုနိမ့်ကျသွားလေလေဖြစ်လိမ့်မည်။ **CD, pp. 62, 63.**

ကာယဗလနှင့်ဉာဏဗလလှုပ်ရှားမှုတို့ကိုလျော့နည်းစေသည်။ ကိုယ်ခန္ဓာကိုလှုံ့ဆော်ပေးသောအသုံးအဆောင်များကိုသုံးစွဲရန်သစ္စာဖောက်မှုကိုဘယ်အခါမျှမခံပါနှင့်။ အဘယ်ကြောင့်ဆိုသော် ယင်းသုံးစွဲမှုသည်တန်ပြန်မှုနှင့်ကာယဗလဆုံးရှုံးမှုကို ဖြစ်ပေါ်လာစေသည်သာမက ချို့တဲ့သောဉာဏဗလကို ရရှိစေသည်။ **4T, p. 214.**

အရေးပါအရာရောက်သောအင်အားကို ဦးနှောက်မှတစ်ဆင့်စိတ်နှလုံးသို့ပို့ပေးသည်။ ထို့ကြောင့်ဦးနှောက်ကို ထုံထိုင်းစေသော အသုံးအဆောင်များဖြင့် ထိုင်းမှိုင်းစေခြင်း သို့မဟုတ် လှုံ့ဆော်သောအသုံးအဆောင်များအားဖြင့် ထကြွလှုပ်ရှားနေစေရန် ဘယ်အခါမျှမပြုသင့်ပေ။ ဦးနှောက်၊ အရိုးနှင့်ကြွက်သားများတို့သည် တသီးပုဂ္ဂလအနေဖြင့် အားထုတ်လွန်းရသည်မရှိပဲ အားလုံးတို့သည် အသွားကောင်းသော စက်များကဲ့သို့ ညီညွတ်စွာ ဆောင်ရွက်စေသည်။ **L, 100, 1898.**

လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်၊ ဘိန်း သို့မဟုတ် သေရည်သေရက်များကို သုံးစွဲနေကျဖြစ်သော ပုဂ္ဂိုလ်တို့သည် ယင်းအရာများကို ပြတ်လပ်နေသောအခါ သူတို့သည်ဘုရားသခင်အားဝတ်ပြုကိုးကွယ်ရာတွင်စိတ်ပါစွာဖြင့်လည်းကောင်း၊ စိတ်ထက်သန်စွာဖြင့်လည်းကောင်း ပြုလုပ်ရန်ခဲယဉ်းကြလေသည်။ သူတို့၏ဆုတောင်းပတ္ထနာများ သို့မဟုတ်သူတို့၏သက်သေခံချက်များကိုတက်တက်ကြွကြွဖြစ်စေရန် သို့မဟုတ် ဝိညာဉ်ရေးပီသစေရန် ဘုရားသခင်၏ ကျေးဇူးတော်သည် တန်ခိုးမဲ့ဖြစ်နေဟန်တူသည်။ သူတို့ကိုယ်ကို ခရစ်ယာန်ဟုခေါ်ကြသော ဤသူများသည် သူတို့၏ ပျော်ရွှင်မှုစတင်ဖြစ်ပေါ်လာရာဌာနကို ဆင်ခြင်သင့်သည်။ ယင်းပျော်ရွှင်မှုသည် အထက်အရပ်မှလော၊ သို့တည်း မဟုတ်အောက်အရပ်မှလော။ **SL, p. 25.**

ယင်းအသုံးအဆောင်များသုံးစွဲသူအချို့ သက်ရှယ်ကြီးရင့်သည်အထိရှင်နေနိုင်ခြင်းသည် ဆင်ခြေကန်ချက်မဟုတ်။ လက်ဖက်ရည်၊ ကော်ဖီ၊ ဘိန်းနှင့်သေရည်သေရက်ကို သုံးစွဲသောသူအချို့သည် တစ်ခါတစ်ရံသက်ရှယ်ကြီးရင့်သည်တိုင်အောင် အသက်ရှင်ကြသည်။ သို့ရာတွင် ယင်းကဲ့သို့ နေထိုင်နိုင်ခြင်းသည် ယင်းကိုယ်ခန္ဓာကို လှုံ့ဆော်သောအသုံးအဆောင်များသုံးစွဲမှုကို ခြေကန်ပေးသော ဆင်ခြေကန်ချက်မဟုတ်ပေ။ ယင်းပုဂ္ဂိုလ်များက အပြီးဆောင်ရွက်နိုင်သောအရာများကို သူတို့၏ချုပ်တည်းမှုကင်းသော အလေ့အကျင့်များကြောင့် ယင်းဆောင်ရွက်ဖွယ်ရာများကို မဆောင်ရွက်ပျက်ကွက်မှုကို ဘုရားသခင်၏နေ့ရက်တော်တစ်ခုတည်းက ဖေါ်ထုတ်လိမ့်မည်။ **CTBH, p, 35.**

စုံစမ်းခံရမှုတစ်ဦးနှင့်တစ်ဦးမတူ။ အချို့သော အရက်သမားများသည် မူးယစ်၍လမ်းထဲတွင် ဟိုယိုင်ဒီယိုင်ဖြင့်လျှောက်သွားသည်ကို တွေ့မြင်ရသောအခါ အချို့သော သူတို့သည် ကြောက်ကြောက်လန့်လန့်ဖြစ်သွားကြသည်။ ထိုအချိန်မှာပင် သူတို့ကိုယ်တိုင်သည် မူးယစ်သော သေရည်သေရက်နှင့် သဘာဝချင်းကွဲပြားသော်လည်း ကျန်းမာခြင်းကိုဖျက်ဆီး၍ ဦးနှောက်ကို ထိခိုက်ပြီးလျှင် ဝိညာဏဗလဆိုင်ရာ မှုကိစ္စများအကြောင်း သူတို့၏ထက်မြက်သော အသိဉာဏ်ကိုဖျက်ဆီးသောအရာကို လိုက်စားခြင်းအားဖြင့် သူတို့၏ခံတွင်းလိုအင်ဆန္ဒကို ဖြည့်စွက်နေကြသည်။ သေရည်သေရက်ကို သောက်သောသူသည် ပြင်းသောသေရည်သေရက်ကို သောက်လိုသော ခံတွင်းမျိုးရှိတတ်သည်အတိုင်း ယင်းခံတွင်းအလိုကို လိုက်လျှောက်တတ်သည်။ အခြားပုဂ္ဂိုလ်ကမူ မူးယစ်သောသေရည်သေရက်ကို သောက်လိုသော ခံတွင်းမျိုးမရှိသော်လည်း ကျန်းမာမှုကို အန္တရာယ်ပြုသော အခြားသော အသုံးအဆောင်အတွက် ခံတွင်းရှိတတ်သောကြောင့် အရက်သမားကဲ့သို့ပင် မိမိကိုယ်ကို ချုပ်တည်းထားမှုမရှိပေ။ **4 SG, p. 125.**

စာတန်က အသက်ပင်အတုလုပ်ထားခြင်း။ ဆေးလိပ်သောက်သောပြစ်မှု၊ ဘိန်းနှင့်မူးယစ်တတ်သောအသုံးအဆောင်များကို ဆေးဝါးအဖြစ်သုံးစွဲသောပြစ်မှုတို့သည် အစမှအဆုံးတိုင်အောင် မှားယွင်းသောအသိပညာမှအစပြုဖြစ်ပေါ်လာသည်။ အဆိပ်အတောက်ဖြစ်သော အသီးကိုခူး၍ စားခြင်းအားဖြင့် သာမန်လူနားမလည်သော ရှုပ်ထွေးသောနာမည်ကို ဆောင်သော အဆိပ်အတောက်အသုံးအဆောင်များကို သုံးစွဲခြင်းအားဖြင့် ထောင်သောင်းမက မြောက်မြားစွာသော သူတို့သည် အသက်ဆုံးရှုံးခြင်းသို့ ရောက်ရကြသည်။ လူသူအများက အလွန်အံ့ကြဖွယ်ကောင်းသောအသိပညာဟုယူဆထားသော ဆေးဝါးအနေဖြင့် အသုံးပြုသောဘိန်းကို လူသားတို့ သုံးစွဲရန် ဘုရားသခင်အလိုတော်မရှိပေ။ လူမျိုးတကာတို့အား အနာရောဂါ ကင်းငြိမ်းစေသော အရွက်ရှိသော အသက်ပင်ကိုအစားထိုးရန် စာတန်ကိုယ်တိုင် စိုက်ပျိုးထားသောအပင်မှ ထွက်သော အဆိပ်အတောက်များကို သူတို့သည် သုံးစွဲနေကြသည်။ လူတို့၏အိမ်ထောင်များကို ဖျက်ဆီးနေသော သေရည်သေရက်နှင့်မူးယစ်ထိုင်းမှိုင်းစေသော အသုံးအဆောင်များကို လူတို့သည် ရောင်းဝယ်ဖောက်ကားပြုလုပ်နေကြသည်။ **M, 119, 1898.**

## ၂ လက်ဖက်ရည်နှင့်ကော်ဖီ

လူ့ကိုယ်ခန္ဓာကို လှုံ့ဆော်ပေးသော အစားအသောက်များသည် အကောင်းဆုံးသော ကျန်းမာမှုအခြေအနေမျိုးကို မဖန်တီးပေးတတ်ပေ။ လက်ဖက်ရည်၊ ကော်ဖီနှင့်ဆေးလိပ်တို့သည် ကိုယ်ခန္ဓာကို လှုံ့ဆော်သောအသုံးအဆောင်များဖြစ်၍အဆိပ်အတောက်လည်းပါရှိသောအသုံးအဆောင်မျိုးဖြစ်သည်။ ယင်းအသုံးအဆောင်များသည် မလိုအပ်သည့်အပြင် အန္တရာယ်ပြုတတ်သောကြောင့် အကယ်၍ အသိပညာကို ချုပ်တည်းခြင်းပေါင်းထည့်လိုလျှင် ယင်းအသုံးအဆောင်များကို စွန့်လွှတ်ရမည်။ **R & H, Feb. 21, 1888.**

လှုံ့ဆော်သောအသုံးအဆောင်များဖြစ်သည်။ စားစရာမဟုတ်။ လက်ဖက်ရည်နှင့်ကော်ဖီတို့သည် ကိုယ်ခန္ဓာကို အင်အား မဖြစ်စေပါ။ အစာအိမ်က ယင်းတို့ကိုကြေညက်အောင် မပြုလုပ်နိုင်မီ ယင်းတို့မှရရှိသောသက်သာမှုမှာ ရုတ်တရက်သာဖြစ်သည်။ ယင်းလှုံ့ဆော်သောအသုံးအဆောင်များကို သုံးစွဲသောသူတို့က ခေါ်ဆိုသော အင်အားဆိုသည်မှာ အစာအိမ်၏အကြောများကို ဆွပေးမှုမှ ရရှိသောအရာသာဖြစ်၍ ယင်းဆွပေးမှုကြောင့် ရရှိသောနာကျင်ခြင်းဝေဒနာကို ဦးနှောက်သို့ပို့လိုက်ရာ နှိုးဆော်မှုခံရသော ယင်းဦးနှောက်ကနှလုံးအား ဆထက်ထမ်းပိုးတိုး၍ ခုန်စေပြီး ခန္ဓာတစ်ခုလုံးသို့ခေတ္တမျှသာ ရပ်တည်သောအင်အားမျှသာဖြစ်ကြောင်းပြသသည်။ ဤအရာအားလုံးသည် မှားယွင်း

သောအင်အားဖြစ်၍ ကျွန်ုပ်တို့အတွက် ယင်းအင်အားမျိုးကို မရရှိသည်က ပိုမိုကောင်းမွန်ပေသည်။ ယင်းအသုံးအဆောင်တို့က သဘာဝအင်အားကို တစိုးတစိမျှ မဖန်တီးပေးပေ။ **2T, p. 65.**

ကိုယ်ခန္ဓာမှအင်္ဂါများကို ခေတ္တမျှသာ လှုံ့ဆော်ပေးသော နောက်ပိုင်းတွင် အင်္ဂါအစိတ်အပိုင်းတို့၏စွမ်းရည်ကို ရှေးကထက် ယုတ်လျော့သွားစေ၍ တုံ့ပြန်မှုဖြစ်ပေါ်စေသော အသုံးအဆောင်များကို အသုံးပြုခြင်းအားဖြင့် ကျန်းမာမှုအခြေအနေသည် ပိုမို၍ကောင်းမွန်လာသည်မဟုတ်ပေ။ လက်ဖက်ရည်နှင့်ကော်ဖီတို့သည် ထိုင်းမှိုင်းနေသောအင်အားများကို ခေတ္တခဏမျှသာ လှုပ်ရှားမှုကို လျင်မြန်စေသော်လည်း ယင်းလှုပ်ရှားမှုပျောက်ကွယ်သွားသော နောက်ပိုင်းတွင် အင်္ဂါအစိတ်အပိုင်းတို့သည် ထိုင်းမှိုင်းသောအခြေသို့ ဆိုက်ရောက်ရသည်။ ယင်းအသုံးအဆောင်များသည် ယင်းတို့ကိုယ်တိုင်မှာ အာဟာရဖြစ်စေနိုင်သော စွမ်းရည်လုံးဝမရှိပေ။ လက်ဖက်ရည်သို့မဟုတ်ကော်ဖီတစ်ခွက်ရရှိနိုင်သော အာဟာရမှာ ယင်းတို့နှင့် ရောစပ်ဖျော်ထားသော နွားနို့နှင့်သကြားများမှသာဖြစ်သည်။ **CD, p. 425.**

ယင်းလှုံ့ဆော်သောအသုံးအဆောင်များသည် ခေတ္တခဏမျှသာနှစ်သက်ဖွယ်ဖြစ်သော အကျိုးခံစားရမှုကြောင့် အများသောသူတို့က သူတို့သည် ယင်းအသုံးအဆောင်များကို လိုအပ်သည်ဟု ယူဆ၍ ဆက်လက်အသုံးပြုကြသည်။ သို့ရာတွင် တုံ့ပြန်မှုသည် အမြဲတမ်းရှိသည်။ အလွန်အမင်းလှုံ့ဆော်ခံရသောအကြောစုသည် ပစ္စုပ္ပန်အသုံးချမှုအတွက်လိုအပ်သောအင်အားကိုအနာဂတ်ကာလ၌ အသုံးပြုရန်ထားရှိသည့်အင်အားသိုမှီးရာအရပ်မှ ချေးငှားအသုံးပြုရ လေသည်။ **3T, p. 487.**

လက်ဖက်ရည်သည် ဘာပြုလုပ်ပုံ။ လက်ဖက်ရည်သည်သွေးလှည့်ပတ်ရာလမ်းကြောင်းသို့ဝင်၍ ကာယဗလနှင့်ဉာဏဗလတို့ကို တဖြည်းဖြည်းဖျက်ဆီးလေသည်။ လက်ဖက်ရည်သည် အသက်ရှိသော ယန္တရားကို လှုံ့ဆော်၍ဆွပေးပြီးလျှင် ယင်းယန္တရား၏လှုပ်ရှားမှုကိုလျင်မြန်စေခြင်းအားဖြင့် သဘာဝမကျသောလှုပ်ရှားမှုကို ပြုလုပ်စေသောအခါ လက်ဖက်ရည်သောက်စားသောသူအား အကျိုးထူးကိုပြု၍ အင်အားကိုလည်းပေးသည်ဟု ယူဆစေလေသည်။ ယင်းကဲ့သို့သော ယူဆချက်သည် မှားယွင်းသည်။

လက်ဖက်ရည်သည်အကြောများ၏အင်အားကို ဖြုန်းတီး၍များစွာအင်အား ချည့်နဲ့စေသည်။ ယင်း၏တန်ခိုးပြယ်သွား၍ ယင်းအားအသုံးပြုမှုမှ ပေါ်ပေါက်လာသော တိုးတက်လှုပ်ရှားမှုလျော့နည်းသွားသောအခါ ဘာဖြစ်သနည်း။ လက်ဖက်ရည်ကပေးသော ပဝတ္တိအင်အား အနည်းအများအလိုက် အင်အား ဆုတ်ယုတ်ထိုင်းမှိုင်းသွားသည်။

ကိုယ်ခန္ဓာသည် အားထုတ်ရလွန်း၍ နားနေရန်လိုအပ်သောအခါ လက်ဖက်ရည်သည် ဝေလေ့ထုံးစံမဟုတ်သည်သာမက သဘာဝမကျသော လုပ်ရပ်များကို လုပ်စေခြင်းကြောင့် ယင်းသဘာဝ၏ လုပ်ရည်ကိုင်ရည်ကိုလည်းကောင်း၊ ခံနိုင်သတ္တိကိုလည်းကောင်း ယုတ်လျော့စေခြင်းအားဖြင့် သဘာဝကို ကမောက်ကမဖြစ်စေသည်။ ကိုယ်ခန္ဓာမှသဘာဝအင်အားများသည်လည်း ဘုရားသခင်က သတ်မှတ်ထားသောအချိန်ထက် စော၍ ခန်းခြောက်သွားကြသည်။ လက်ဖက်ရည်သည် ကိုယ်ခန္ဓာအား အဆိပ်သင့်စေသည်။ ခရစ်ယာန်များသည် ယင်းယမကာကို မသောက်သင့်ပေ။ လက်ဖက်ရည်သောက်ခြင်း၏ဒုတိယထိခိုက်မှုမှာခေါင်းခဲခြင်း၊ အိပ်မပျော်ခြင်း၊ နှလုံးတုန်ခြင်း၊ အစာမကြေခြင်း၊ အကြောများတုန်လှုပ်ခြင်းနှင့် အခြားမြောက်မြားစွာသောရောဂါဝေဒနာများဖြစ်သည်။ **2T, pp. 64, 65.**

ကော်ဖီကပိုမိုအန္တရာယ်များခြင်း။ ကော်ဖီသည် လက်ဖက်ရည်ကဲ့သို့ပင် အဆိပ်အတောက်ရှိ၍ ကိုယ်ခန္ဓာကိုထိခိုက်ရာတွင်ပိုမိုဆိုးရွားသည်။ အင်္ဂါအစိတ်အပိုင်းများကို ဆွပေးရာတွင် ပိုမိုထက်မြက်ပြီးအားအင်ကုန်ခန်းမောပန်းစေရာတွင်လည်း ပိုမိုထိရောက်သည်။ လက်ဖက်ရည်နှင့်ကော်ဖီ သောက်သောသူတို့သည် ယင်းယမကာများ သောက်စားသည့်အမှတ်အသားကို သူတို့၏မျက်နှာများပေါ်တွင်ထင်ပေါ်စေသည်။ ကျန်းမာမှု၏အရောင်အဆင်းကို သူတို့၏မျက်နှာများ၌မတွေ့ရပေ။ **2T, pp. 64, 65.**

ကော်ဖီသောက်ခြင်းသည် အန္တရာယ်ပြုတတ်သောအလေ့အထဖြစ်သည်။ ယင်းသည် ယာယီမျှစိတ်ကို ဆွပေးသည်။ နောက်ပိုင်းတွင်မူ မောပန်းခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ဉာဏဗလ၊ စာရိတ္တဗလနှင့်ကာယဗလများကို ချည့်နဲ့စေသည်။ စိတ်သည် ခွန်အားယုတ်လျော့၍ ယင်း ယမကာသောက်တတ်သော အလေ့အထကို အောင်မြင်နိုင်နင်းရန် မဆုတ်မနစ်ကြိုးပမ်းမှု မရှိလျှင် ဦးနှောက်၏ လှုပ်ရှားမှုသည် အမြဲတမ်းလျော့ပါးသွားသည်။ **CTBH, p. 34.**

ကဖိန်းအဆိပ်ပါရှိသောအဖျော်ယမကာ ရှိသမျှ။ ကော်ဖီနှင့်အခြားလူကြိုက်များသော သောက်စရာများ တို့၏လှုပ်ရှားထိခိုက်ပုံမှာ ဆင်တူယိုးမှားဖြစ်သည်။ ပထမထိခိုက်ပုံမှာ သောက်စားသော သူအား ရွှင်လန်းစေသည်။ အစာအိမ်၏အကြောများကို ဆွပေးလိုက်သည်။ ယင်းဆွပေးခြင်းခံရသောအကြောများကနာကျင်သည့်ဝေဒနာကို ဦး နှောက်သို့သယ်ဆောင်ပို့ပေးလိုက်သည။ ဦးနှောက်ကတစ်ဆင့် နှလုံးအား ပိုမိုခုန်စေရန် လှုံ့ဆော်ပေးလိုက်ပြီး ကိုယ် ခန္ဓာတစ်ခုလုံးအား ခေတ္တမျှရပ်တည်သော အင်အားကို ရရှိစေသည်။ မောပန်းခြင်းကို မေ့လျော့သွား၏။ အင်အား တိုးတက်လာဟန်လက္ခဏာရှိသည်။ ပဋိသန္ဓေဉာဏ်နိုးကြားလာ၍ စိတ်ကူးဉာဏ်ထက်မြက်လာသည်။ **MH, p. 326.**

ယင်းကဲ့သို့ ခံတွင်းအလိုကို ဆက်လက်လိုက်စားမှုကြောင့် ကိုယ်ခန္ဓာ၏သဘာဝအင်အားသည် တဖြည်းဖြည်း နှင့်မသိမသာ ပျက်စီးယိုယွင်းလာသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၏စွမ်းရည်များကို ကျန်းမာသန်စွမ်းသော အခြေ အနေတွင် ထိန်းသိမ်းထားလိုလျှင် သဘာဝဓမ္မကို သဘာဝမကျသောလှုပ်ရှားမှုက မပြုလုပ်စေသင့်ပေ။ အကယ်၍ သဘာဝ၏နေရာတွင် အစားထိုးသော မှားယွင်းသောထောက်များကို ဖယ်ရှားပစ်လိုက်လျှင် သဘာဝသည် မိမိ၏တာဝန် ကို ပညာရှိရှိနှင့်ပိပိရိရိ ဆောင်ရွက်ပေးလိမ့်မည်။ **R & H, April 19, 1887.**

ဖျားနာမှုကြောင့်ဆုံးရှုံးရသောအချိန်။ ကိုယ်ခန္ဓာကို လှုံ့ဆော်သောအဖျော်ယမကာများ သောက်လေ့ သောက်ထရှိသော သူတို့သည် ခေါင်းခဲခြင်း၊ အကြောများ အင်အားဆုတ်ယုတ်ခြင်းနှင့်ဖျားနာခြင်းတို့ကြောင့်အချိန်များ စွာဆုံးရှုံးရသည်။ ယင်းလှုံ့ဆော်သော အသုံးအဆောင်များကို မရရှိလျှင် သူတို့အသက်မရှင်နိုင်ဟု သူတို့ယူဆပြီး ယင်းအသုံးအဆောင်များက သူတို့၏ကျန်းမာမှုအား ထိခိုက်ပုံကို သူတို့မသိကြ။ ပို၍အန္တရာယ်ရှိသည်မှာ ယင်း အသုံးအဆောင်မှ ဆိုးကျိုးများကို အခြားအရာဝတ္ထုများမှ ရရှိသယောင်ယောင် ပြောဆိုကြသည်။ **CTBH, p. 35.**

အကျင့်ပါစေသော အဖျော်ယမကာများ။ လက်ဖက်ရည်နှင့်ကော်ဖီတို့သည် ကျန်းမာမှုကို အထောက်အ ကူမပြု လိုအပ်သော အသုံးအဆောင်မျိုးလည်း မဟုတ်ပေ။ ကိုယ်ခန္ဓာ၏ကြံ့ခိုင်ရေးအတွက် ယင်းအသုံးအဆောင်တို့ သည် အသုံးမဝင်ပေ။ သို့ရာတွင် ယင်းအသုံးအဆောင်များကို သုံးစွဲသော အလေ့အထသည် အကျင့်ပါသွားစေတတ် သည်။ **M, 86, 1897.**

သဘာဝမကျသော တပ်မက်ခြင်း ဖြစ်ပေါ်လာသည်။ အကြောအခြင်များကို တောက်စေသော ယင်းယမကာ များကို ဆက်လက်သုံးစွဲလျှင် နောက်ဆက်တွဲအနေဖြင့် ခေါင်းခဲခြင်း၊ အိပ်မပျော်ခြင်း၊ နှလုံးတုန်ခြင်း၊ အစာမကြေခြင်း၊ လက်တုန်ခြင်းနှင့် အခြားမြောက်မြားစွာသော ဆိုးကျိုးများဖြစ်ပျက်တတ်သည်။ ယင်းသို့ဖြစ်ပျက်ရခြင်းသည် အသက်၏ အင်အားများ ကုန်ခန်းစေသည်။ မောပန်းနေသောအကြောများသည် လှုံ့ဆော်ခြင်းနှင့်ပင်ပန်းခြင်းအစား အနားယူ ခြင်းနှင့်ငြိမ်သက်စွာနေထိုင်ခြင်း လိုအပ်သည်။ သဘာဝသည် ကုန်ခန်းသွားသောအင်အားများကို ပြန်လည်ရရှိရန် အချိန်လိုအပ်သည်။ လှုံ့ဆော်သော အသုံးအဆောင်များကို အသုံးပြုခြင်းအားဖြင့် သဘာဝ၏အင်အားများကို ခရီးပြင်း နှင်လျှင် ခေတ္တခဏမျှလိုရာခရီးရောက်ပေမည်။ သို့ရာတွင် ယင်းအသုံးအဆောင်များကို ဆက်လက် အသုံးပြုခြင်းအား ဖြင့် ကိုယ်ခန္ဓာသည် အင်အားနည်းပါးသွားသောအခါ အင်အားများကို အလိုရှိသောအခြေသို့ ရောက်ရှိရန် နှိုးဆွပေးရာ တွင် တဖြည်းဖြည်း ခက်ခဲလာလေသည်။ လှုံ့ဆော်ပေးသော အသုံးအဆောင်များကို တောင့်တခြင်းကို ချုပ်ထိန်းထား ရန် ပိုမိုခက်ခဲလာပြီး စိတ်ဆန္ဒမှာလည်း ဖိစီးနှိပ်ကွပ်ခံရလျက် သဘာဝမဟုတ်သော တပ်မက်မှုကို ငြင်းပယ်ရန်ခွန်အားမဲ့ ဖြစ်လာလေတော့သည်။ ပိုမိုပြင်းထန်သော လှုံ့ဆော်သည့်အသုံးအဆောင်များကို တောင့်တမှုသည် အင်အားကုန်ခန်း နေသောသဘာဝကတုံ့ပြန်ခြင်းမပြုနိုင်သော အခြေအနေသို့ ဆိုက်ရောက်သွားလေတော့သည်။ **MH, pp. 326, 327.**

ရောဂါအတွက် ကိုယ်ခန္ဓာကိုပြင်ဆင်ခြင်း။ ဤလှုံ့ဆော်သော အသုံးအဆောင်များကသာလျှင် ကိုယ်ခန္ဓာ အင်အားကို အမှန်ပင် ဖျက်ဆီး၍ သဘာဝ၏ကောင်းမွန်လှသော ယန္တရားကိုဖျက်ဆီး၍ ရောဂါနှင့် စောလွန်းသောပျက် စီးမှုကို ကာကွယ်ထားရန် ရှိသောခံတပ်များကို ဖြိုဖျက်ခြင်းအားဖြင့် အင်္ဂါအစိတ်အပိုင်းတို့အား ပြင်းထန်သော ရောဂါ ဝေဒနာများ ခံစားရန် လမ်းခင်းပေးလေသည်။ **1T, pp. 548, 549.**

ကိုယ်ခန္ဓာတစ်ခုလုံးဝေဒနာခံစားရသည်။ လှုံ့ဆော်သော အသုံးအဆောင်များကို သုံးစွဲခြင်းအားဖြင့် ကိုယ်ခန္ဓာ တစ်ခုလုံး ဝေဒနာခံစားရသည်။ အကြောများသည် ချိန်ခွင်လျှာကဲ့သို့တည့်မတ်ခြင်းမရှိပဲ အသည်း၏လှုပ်ရှားမှုသည် လေးကန်၍ သွေးလှည့်ပတ်သွားလာခြင်းသည်လည်း အဆင့်အတန်းနိမ့်ပြီးလျှင် အရေခွံ၏လုပ်ဆောင်မှုမှာ မသွက်လက်

ပဲ အရောင်မှာလည်း ဝါဖန့်ဖန့်ဖြစ်နေသည်။ စိတ်သည်လည်း ပျက်စီးနေတော့သည်။ ယင်းလှုံ့ဆော်သော အသုံးအဆောင်တို့၏ လတ်ကလောထိခိုက်မှုမှာ ဦးနှောက်အားအလွန်အမင်းလုပ်ကိုင်လှုပ်ရှားစေရန် ဆွပေးပြီး ယင်းဆွပေးမှုကြောင့် ဦးနှောက်သည် ပိုမိုအားနည်းလာ၍ ကြိုးစား၍ လုပ်ငန်းဆောင်ရွက်ရန် မတတ်နိုင်သော အခြေအနေသို့ ရောက်ရှိနေသည်။ သုံးစွဲပြီးသည့်နောက်ပိုင်းတွင် ဉာဏဗလနှင့်ကာယဗလသာမက စာရိတ္တဗလပါ အင်အားဆုတ်ယုတ်ခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် သူရဲဘောနည်းသော အမျိုးသား၊ အမျိုးသမီးများ၊ ချွတ်ယွင်းသောဝေဖန်ချက်ပြုသူများနှင့် စိတ်သဘောထားတည်ကြည်မှုမရှိသောသူများကို တွေ့မြင်နေရသည်။ ယင်းကဲ့သို့သော သူတို့သည် စိတ်မြန်လက်မြန်ခြင်း၊ သည်းခံမှုကင်းမဲ့ခြင်းနှင့် စွပ်စွဲပြောဆိုတတ်သောသူများဖြစ်၍ သူတစ်ပါး၏ ပြောမှားဆိုမှားရှိသည်များ ကို ပုံကြီးချဲ့ခြင်း ပြုလုပ်တတ်၍ မိမိတို့ကိုယ်တိုင်၏ချွတ်ယွင်းချက်များကို စကားလုံးဝနားလည်သိမြင်မှုမရှိပေ။ **CTBH, pp. 35, 36.**

လျှာသည် ပရမ်းပတာဖြစ်လာသည်။ မိတ်ဆုံစည်းခံပွဲများတွင် လက်ဖက်ရည်နှင့် ကော်ဖီသောက်သောသူတို့တွေ့ဆုံကြရာဝယ်၊ သူတို့၏ဆိုးသွမ်းသော အကျင့်ဓလေ့များ၏ ဇာတိရုပ် ပေါ်လာတတ်သည်။ ရောက်ရှိကြသမျှသော ဧည့်သည်တော်များသည် သူတို့ကြိုက်ရာယမကာကို လွတ်လွတ်လပ်လပ် သောက်စား၍ ယင်းယမကာတို့၏ လှုံ့ဆော်မှုကြောင့် သူတို့၏လျှာများ ပရမ်းပတာဖြစ်လာ၍ သူများအကြောင်း မကောင်းပြောသော ဆိုးယုတ်သော အကျင့်ကို စတင်အကောင်အထည်ဖေါ်ကြလေသည်။ သူတို့သည် စကားများများပြောကြသည်။ ယင်းစကားများသည် လက်ရွေးစင်စကားမျိုးလည်းမဟုတ်။ သူတစ်ပါးအကြောင်းလိုက်လံအတင်းပြောခြင်း၊ အများအားဖြင့် သူတစ်ပါးအား အသရေပျက်စေပြီး အဆိပ်အတောက်ကဲ့သို့သောစကားများကို လက်ဆင့်ကမ်းပြောဆိုကြရာ၊ ယင်းကဲ့သို့ သတိတရားကင်းမဲ့သော အတင်းအဖျင်းပြောကြသူများသည် သူတို့ပြောဆိုသမျှအတွက် သက်သေခံရှိသည်ကို သတိမရကြချေ။ မျက်စိဖြင့်မမြင်နိုင်သော စောင့်ကြည့်နေသောအရှင်သည် ကောင်းကင်စာစောင်တွင် သူတို့၏ နှုတ်မှထွက်သော စကားရှိသမျှကို ရေးမှတ်ထားတော်မူသည်။ လက်ဖက်ရည်တစ်ခွက်၏ လှုံ့ဆော်မှုကြောင့် နှုတ်မှထွက်လာသော ယင်းကဲ့သို့သော အကြင်နာကင်းမဲ့သော ဝေဖန်ပြောဆိုမှုများ၊ ပုံကြီးချဲ့ထားသောအစီရင်ခံစာများ၊ မနာလိုဝန်တိုစိတ်များတို့ကို ယေရှုရှင်ကမိမိအား ပြောဆိုသည့်အလား စာရင်းတွင် ရေးမှတ်ထားတော်မူသည်။ "သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ"။ **CTBH, p. 36.**

စီးပွားရေးဆိုင်ရာဖြုန်းတီးမှု။ လက်ဖက်ရည်နှင့်ကော်ဖီအတွက်အသုံးပြုသောငွေသည်အကြောင်းမဲ့ဖြုန်းတီးပစ်ရာရောက်သည်။ သုံးစွဲသူကိုလည်း အမြဲတမ်းအန္တရာယ်ကိုသာပြုသည်။ **CTBH, p. 35.**

ဖျက်ဆီးတတ်သည့် ထိုင်းမှိုင်းစေသော အသုံးအဆောင်များ။ လက်ဖက်ရည်နှင့်ကော်ဖီကို မသောက်ရန် အားလုံးတို့ကို ဝိုင်းဝန်းပြီးပြတ်သားထိရောက်စွာ သက်သေခံရကြမည်။ ယင်းအသုံးအဆောင်များသည် ထိုင်းမှိုင်းစေသောအရာများဖြစ်၍ ဦးနှောက်နှင့်ကိုယ်ခန္ဓာမှ အခြားသောအင်္ဂါအစိတ်အပိုင်းများကို ဖျက်ဆီးတတ်သည်။ **CD, p. 430.**

ဘုရားသခင်၏ဗိမာန်တော်ကို ဖျက်ဆီးခြင်း။ သေရည်သေရက်သောက်တတ်သောသူသည် အဆိပ်အတောက်တစ်ခွက်အတွက် သူတို့၏ဆင်ခြင်နိုင်သောသတ္တိကို ရောင်းစားကြသည်။ သူတို့၏ဆင်ခြင်တိုင်းထွာနိုင်သောသတ္တိ၊ တွယ်တာမှုများနှင့်ဩတ္တပ္ပစိတ်ကို စာတန်ကထိန်းချုပ်ထားလိုက်သည်။ ယင်းကဲ့သို့သောပုဂ္ဂိုလ်များသည် ဘုရားသခင်၏ဗိမာန်တော်ကို ဖျက်ဆီးသောသူများဖြစ်သည်။ လက်ဖက်ရည်သောက်ခြင်းသည် အလားတူ အဖျက်အဆီးလုပ်ငန်းမျိုးကို ပြုလုပ်သည်။ သို့ဖြစ်လင့်ကစား၊ ယင်းဖျက်ဆီးတတ်သော အသုံးအဆောင်များကို သုံးစွဲခြင်းအားဖြင့် ဘုရားသခင်၏ဂုဏ်အင်္ဂါလက္ခဏာများကို ဖျက်ဆီးနေသောသူတို့၏အရေးအတွက်သည် မည်မျှများပြားလျက်ရှိနေပြီနည်း။ **M, 130, 1899.**

သုံးစွဲခြင်းသည် ဝိညာဉ်ရေးဆိုင်ရာ ရပ်တည်မှုကို ရန်မူသည်။ လက်ဖက်ရည်နှင့်ကော်ဖီသောက်ခြင်းသည် အပြစ်ဖြစ်သည်။ ယင်းအသုံးအဆောင်များသည် အခြားအခြားသော ဒုစရိုက်များကဲ့သို့ ဝိညာဉ်ကို ဖျက်ဆီးသည်။ ဤစွဲလမ်းသည့် အချစ်တော်အသုံးအဆောင်များသည် အကြောစုများကို လှုံ့ဆော်ထိုင်းမှိုင်းလေးလံစေသည်။ **CD, p. 425.**

လွဲမှားသောခံတွင်းအလိုကို လိုက်စားသော သူတို့သည် ကျန်းမာမှုနှင့်သိမှတ်တတ်သော စွမ်းရည်တို့ကို အနစ်နာခံကာ ပြုလုပ်ကြသည်။ သူတို့သည် ဝိညာဉ်ရေးဆိုင်ရာများတို့၏တန်ဖိုးကို သိနိုင်စွမ်းမရှိကြ။ သူတို့၏ အာရုံခံစားနိုင်သော သတ္တိသည် ထက်မြက်မှု မရှိသောကြောင့် အပြစ်ကို အပြစ်ဟူ၍မမြင်ပဲ အမှန်တရားကိုလည်းလောကဆိုင်ရာဘဏ္ဍာထက် တန်ဖိုးရှိသည်ဟူ၍ သဘောမထားချေ။ **4 SG, p. 129.**

သန့်ရှင်းသောဝိညာဉ်တော်၏ ဩဇာလွှမ်းမိုးမှုကို မခံယူတတ်ကြ။ ကိုယ်ခန္ဓာကို လှုံ့ဆော်သော အသုံးအဆောင်များကို သုံးစွဲသောသူတို့အတွက် သူတို့၏အချစ်တော် အသုံးအဆောင်မပါရှိလျှင် အခြားစားစရာရှိသမျှသည် အရသာကင်းမဲ့ဟန်ရှိသည်။ ယင်းလှုံ့ဆော်စာတို့သည် ကိုယ်ခန္ဓာနှင့်စိတ်တို့၏ သဘာဝအာရုံ ခံစားနိုင်သော သတ္တိများကို သေစေသောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်၏ဩဇာလွှမ်းမိုးမှုကို ကာယကံရှင်သည် မခံယူနိုင်ပေ။ သုံးစွဲနေကျ လှုံ့ဆော်သော အသုံးအဆောင်များမရရှိသောအခါ ကာယကံရှင်၏ကိုယ်ခန္ဓာနှင့် စိတ်တို့သည် ဖြောင့်မတ်ခြင်းတရား၊ သန့်ရှင်းခြင်းနှင့် ဘုရားသခင်၏ကိန်းဝပ်တော်မူခြင်းများအတွက်မဟုတ်ပဲ သူစွဲလမ်းနေသော အသုံးအဆောင်အတွက်သာ ဆာငတ်ခင်မွတ်နေတော့သည်။ ယင်းကဲ့သို့ ဥပဒ်ပြုသော တပ်မက်ခြင်းကို လိုက်စားသော ခရစ်ယာန်ဟုခေါ်ဆိုသူများတို့သည် သူတို့၏စွမ်းရည်များကို နေ့စဉ်အင်အား ဆုတ်ယုတ်စေ၍ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေရန်လည်း မပြုလုပ်နိုင်သော အခြေတွင် ရပ်တည်နေကြသည်။ **SL, p. 25.**

ပိုမိုပြင်းထန်သော လှုံ့ဆော်စာများကို တောင့်တစေသည်။ လက်ဖက်ရည်နှင့်ကော်ဖီကို သုံးဆောင်ခြင်းမှအစ ဆေးလိပ်သောက်လိုသောဆန္ဒ၊ ယင်းမှတစ်ဆင့် သေရည်သေရက် သောက်လိုသောဆန္ဒများ ဆင့်ကဲ့ဆင့်ကဲ ပေါ်ပေါက်လာတတ်သည်။ **3T, p. 563.**

အချို့တို့သည် ဖောက်ပြန်သွားကြသည်။ အချို့သော အသင်းသူအသင်းသားများသည် အယူဖောက်ပြန်၍ လက်ဖက်ရည်နှင့်ကော်ဖီကို သုံးစွဲလျက်နေကြသည်။ ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို ချိုးဖောက်သောသူတို့သည် စိတ်နှလုံး၏စက္ခုအလင်းပါ ဆုံးပါး၍ ဘုရားသခင်၏ပညတ်တော်ကိုလည်း ချိုးဖောက်ရန် အကြောင်းရှိသည်။ **R & H, Oct. 21, 1884.**

ဘုရားသခင်၏လူတို့သည် အောင်မြင်ရမည်။ အသားများစားခြင်း၊ လက်ဖက်ရည်နှင့်ကော်ဖီသောက်ခြင်း၊ အဆီအအိမ့်များ၍ ကျန်းမာမှုနှင့်ဆန့်ကျင်သော အစာရေစာများ စားသောက်ခြင်းတို့၏အန္တရာယ်များနှင့်စပ်ဆိုင်၍ သင်ကြားမှုကိုရရှိပြီး၍ယဇ်ပူဇော်သောအားဖြင့်ဘုရားသခင်နှင့်ပဋိညာဉ်ဖွဲ့ရန် သန္နိဋ္ဌာန်ချထားသောသူတို့သည် ကျန်းမာမှုကိုဆန့်ကျင်ကြောင်း သူတို့ကိုယ်သိဖြစ်သော အစားအသောက်များကိုဆက်လက်၍စားသောက်သုံးစွဲကြလိမ့်မည်မဟုတ်ပေ။ ခံတွင်းများကိုသန့်စင်အောင်ထားရှိပါ။မကောင်းသောအစားအသောက်များနှင့်စပ်ဆိုင်၍မိမိတို့၏လိုအင်ဆန္ဒများကိုငြင်းပယ်ကြရန်ဘုရားသခင်သည်အလိုရှိတော်မူသည်။ဤလုပ်ငန်းသည်ကားဘုရားသခင်၏လူတို့သည်စုံလင်သော သူများ အနေဖြင့် ကိုယ်တော်ရှင်၏ မျက်မှောက်တော်တွင် မရပ်တည်နိုင်မီ အပြီးဆောင်ရွက်ထားရမည့် လုပ်ငန်းဖြစ်သည်။ **9T, pp. 153, 154.**

မဆုတ်မနစ်သောဇွဲလုံ့လဖြင့် အောင်မြင်မှုရရှိမည်။ ဆေးလိပ်ကဲ့သို့သော နှေးကွေးသောအဆိပ်အတောက် အသုံးပြုသောသူတို့က ယင်းအသုံးအဆောင်များကို မသုံးမစွဲပဲ မနေနိုင်ဟု ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းစွဲလမ်းသောအရာများကိုမသုံးစွဲပဲနေရလျှင် နေမထိထိုင်မသာဖြစ်သည်ဟု သူတို့မှတ်ယူထားသောကြောင့်ဖြစ်သည်။

ယင်းအသုံးအဆောင်များကို သုံးစွဲသောသူတို့သည် ယင်းအရာများ သုံးစွဲမှုကို ဖြတ်လိုက်လျှင် အဘယ်ကြောင့် ဝေဒနာခံစားရသောအကြောင်းမှာ သဘာဝက ကိုယ်အင်္ဂါအစိတ်အပိုင်းရှိသမျှကို တညီတညွတ်တည်းရှိစေရန်လည်းကောင်း၊ ကျန်းမာစွာရှိနေစေရန်လည်းကောင်း လုပ်ကိုင်ရာတွင် ယင်းလှုံ့ဆော်စာတို့က နှောင့်ယှက် ဖျက်ဆီးထားသောကြောင့်ဖြစ်သည်။ သူတို့သည် မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ထုံကျဉ်ခြင်း၊ ကြောက်တတ်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း ဒုက္ခများကို ရင်ဆိုင်ကြရမည်။ သူတို့သည် ပြုတ်ပြုတ်ပြုန်း ဖြစ်သွားတော့မည်ဟု တွေးထင်ကြပြီး အချို့သော သူများသည် ယင်းအသုံးအဆောင်များ သုံးစွဲခြင်းကို ဇွဲကောင်းကောင်းဖြင့် ရှောင်ကြဉ်ရန် သတ္တိနည်းသောကြောင့် မလျော်ကန်သောသဘာဝသည် ပြန်လည်ရင့်သန်လာ၍ အန္တရာယ်ပြုတတ်သော အသုံးအဆောင်များကိုပင် ပြန်လည်သုံးစွဲကြပြန်သည်။ သူတို့ကဒဏ်ရာရအောင်ပြုထားသော သဘာဝကိုကျန်းမာလာစေရန် အချိန်မပေးပေ။ သို့ရာတွင် လတ်တလောအားဖြင့် ယင်းအန္တရာယ်ပြုသော လိုက်စားမှုများသည် သက်သာခွင့်ပြန်လည်ရရှိလေသည်။ သဘာဝသည်အမြဲတစေအားနည်းလာ၍ကျန်းမာလာနိုင်သောစွမ်းရည်မှာလည်းနည်းပါးသွားလေသည်။ သို့ဖြစ်လင့်ကစားသူတို့သည်ဇွဲရှိရန်နှင့်အောင်မြင်ရန်ကြိုးစားဖို့စိတ်ထက်သန်လျှင်အလွဲသုံးစားပြုထားသောသဘာဝသည်မကြာမီ အင်အား ရှိလာ၍ ၎င်း၏လုပ်ငန်းကို ယင်းလှုံ့ဆော်စာများ မပါပဲ သတိပညာဖြင့်လည်းကောင်း၊ ကောင်းမွန်စွာဖြင့်လည်းကောင်း ဆောင်ရွက်ပေလိမ့်မည်။ **4 SG, pp. 128, 129.**

သေရည်သေရက်သောက်လေ့သောက်ထရှိသောသူသည် အရက်ဖြတ်သော အကျင့်ကိုဖြတ်ရန် ခဲယဉ်းသကဲ့သို့ လက်ဖက်ရည်နှင့် ကော်ဖီသောက်သောအလေ့အထရှိသော သူသည် ယင်းအကျင့်ကို ဖြတ်ရန် ခဲယဉ်းလေသည်။ **CH, p. 442.**

လက်ဖက်ရည်၊ ကော်ဖီအကျုံးဝင်သောကတိသစ္စာပြုချက်။ ခပ်သိမ်းသော၌နာကျင်စေတတ်သောအသုံးအဆောင်များသည် အသက်ဆိုင်ရာအင်အားစုများကို လုံးပါးပါးစေသည်။ ပျက်ပြားနေသောသွေးကြောများကြောင့် ဖြစ်ပျက်ရသောနားနေမှုမရခြင်း၊ သည်းခံစိတ်မရှိခြင်း၊ ဉာဏဗလအင်အားဆုတ်ယုတ်ခြင်းတို့သည် တိုက်ပွဲဆင်သောအင်အားစုများဖြစ်လာပြီး ဝိညာဉ်ရေးဆိုင်ရာ တိုးတက်မှုကို အမြဲတမ်းဆန့်ကျင်ဘက်ပြုလေသည်။ ခရစ်ယာန်များသည် မိမိတို့၏ခံတွင်း (ဝါ) ရသာရုံကို ဆင်ခြင်တုံတရား၏စိုးမိုးမှုအောက်တွင် ထားရှိမည်လား သို့မဟုတ် သေရည်သေရက်သောက်သောသူသည် သေရည်သေရက်မရရှိသောအခါ "နေမထိထိုင်မသာ" ဖြစ်သကဲ့သို့သူတို့မက်မောနေသော လက်ဖက်ရည်၊ ကော်ဖီစသော အသုံးအဆောင်များကို မသောက်ရသောအခါ အနေရအထိုင်ရခက်သည်ဟု ယူဆပြီး ခံတွင်း၏အလိုကို ဆက်လက်လိုက်စားနေကြပါမည်လား။ ဤဥပဒ်ပြုသော အသုံးအဆောင်များနှင့်ပတ်သက်၍ သေရည်သေရက်မှုစသော မူးယစ်ဆေးဝါး ရှောင်ကြဉ်ရေး ဆော်သြဆောင်ရွက်သူများသည် နိုးနိုးကြားကြားရှိသင့်ကြပြီ မဟုတ်ပါလော။ ဥပဒ်ပြုသောလှုံ့ဆော်စာများရှောင်ကြဉ်ရေး ကတိသစ္စာပြုချက်တွင် လက်ဖက်ရည်နှင့်ကော်ဖီကိုပါ ထည့်သွင်းသင့်သည်မဟုတ်ပါလော။ **CH, p. 442.**

အချို့သောသူတို့သည် ဤကဲ့သို့ပြုလုပ်ရန် လိုအပ်သည်။ ဂျားဗားကျွန်းမှလာသော ကော်ဖီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလာသောလက်ဖက်ခြောက်တို့ကိုရှောင်ကြဉ်ဖို့ ကတိသစ္စာပြုကတ်ပြားတွင်လက်မှတ်ရေးထိုးစေရန် ကျွန်ုပ်တို့၏အသင်းသူအသင်းသားညီအစ်ကိုမောင်နှမတို့ကို သာ၍မြင့်မြတ်သောအခြေအနေသို့ ပို့ဆောင်ပေးရန်ကျွန်ုပ်တို့မျှော်လင့်ထားသည်။ ပြုပြင်ပြောင်းလဲရေးတွင် ဤကဲ့သို့ပြုလုပ်ရန် လိုအပ်သောပုဂ္ဂိုလ်အချို့ရှိနေကြောင်း ကျွန်ုပ်တို့ တွေ့ရှိရပါသည်။ **R & H, April 19, 1887.**

အခြားသောသူတို့၏အစားအစာစားပွဲတွင်သင့်လျော်သောလမ်းစဉ်။ ဓမ္မစာပေဖြန့်ချီရေးသမားများအတွက် အကြံပေးချက်။ သင်တို့သည် သူတစ်ပါးတို့၏ထမင်းစား စားပွဲတွင်ထိုင်ကြသောအခါ ငြိုးငြိစွာစားသောက်ပါ။ စားပြန်လျှင်လည်း စိတ်ကိုမရှုပ်ထွေးစေမည့် အစာများကိုသာသုံးဆောင်ပါ။ ချုပ်တည်းခြင်းကင်းမဲ့မှုဟူသမျှကို ရှောင်ကြဉ်ပါ။ သင်တို့သည် မှန်ကန်သောအခြေခံမူများကို ကျင့်သုံးကြောင်းလက်တွေ့စံနမူနာများဖြစ်ကြပါ။ သင်တို့အား လက်ဖက်ရည်တိုက်ကျွေးသောအခါ ယင်းအသုံးအဆောင်သည် ကိုယ်ခန္ဓာကို အန္တရာယ်ပြုကြောင်း ရိုးရိုးသားသား ပြောပြပါ။ **M, 23, 1890.**

ပြုပြင်ပြောင်းလဲမှုတွင် ယေရှု၏ခြေတော်ရာသို့ လိုက်လျှောက်ခြင်း။ ယေရှုရှင်သည် ခံတွင်းဆိုင်ရာစုံစမ်းခြင်းတွင် အောင်မြင်မှုကို ရရှိသကဲ့သိုက ကျွန်ုပ်တို့လည်း ရရှိနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တစ်ထစ်ပြီးတစ် ထစ်တိုးတက်လျက် ကျွန်ုပ်တို့၏အကျင့်ဓလေ့ရှိသမျှတို့သည် ပြုပြင်ပြောင်းလဲရေးတွင် အသက်နှင့် ကျန်းမာမှုဆိုင်ရာ ဥပဒေပညတ်များနှင့် ရင်ပေါင်တန်းမိသည်တိုင်အောင် ရှေ့သို့တက်လှမ်းကြပါစို့။ ကမ္ဘာ့ကယ်တင်ရှင်သည် စုံစမ်းရာတောနက်ကြီးထဲတွင် ခံတွင်းအလိုလိုက်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့အတွက် တိုက်ပွဲဝင်ရှာတော်မူသည်။ ကျွန်ုပ်တို့၏အာမခံအနေဖြင့် ကိုယ်တော်ရှင်သည် အောင်ပွဲဆင်တော်မူသည်အတွက်ကြောင့် လူသားတို့သည် ကိုယ်တော်၏နာမတော်အားဖြင့် အောင်မြင်နိုင်ဖို့ရန် လမ်းခင်းပေးခဲ့တော်မူသည်။ "ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသောအခွင့်ကို ငါပေးမည်။" **R & H, April 19, 1887.**

## ၃ ဆေးဝါးများ

ပြုလုပ်နေကျနှင့်အန္တရာယ်များသောလမ်းစဉ်။ ရောဂါဝေဒနာများပြားသည်သာမကပိုမိုဆိုးရွားစေသော အနိဋ္ဌာရုံများပင်ဖြစ်ပျက်စေရန် လမ်းခင်းပေးသောလုပ်ရပ်တစ်ခုမှာ အဆိပ်အတောက်ဖြစ်သောဆေးဝါးများကို လွတ်

လပ်စွာသုံးစွဲခြင်းဖြစ်သည်။ ရောဂါဖိစီးနှိပ်စက်လာသောအခါ အများသောသူတို့က သူတို့၏နာဖျားမကျန်းရှိမှု၏ အကြောင်းရင်းကို ရှာဖွေခြင်းမပြုကြပေ။ သူတို့၏အဓိကစိုးရိမ်မှုမှာ နာကျင်ခြင်းနှင့် နေမထိထိုင်မသာဖြစ်နေမှုကို ဖယ်ရှားပစ်ရန်သာ ဖြစ်သည်။ ထို့ကြောင့် သူတို့၏မှားယွင်းသော လုပ်ရပ်များ၏ ဆိုးကျိုးများအတွက် အဖြေရှာရန် သူတို့ကိုယ်တိုင်မည်ကဲ့သို့ ဖော်စပ်ထားသည်ကို မသိသောဆေးများကို မှီဝဲခြင်း သို့မဟုတ် သမားတော်ကြီးများထံ ဆေးများတောင်းဆိုခြင်းများပြုကြသည်။ သို့ရာတွင် သူတို့၏ကျန်းမာမှုနှင့်ဆန့်ကျင်သောအလေ့အထများကို ပြောင်းလဲပစ်ရန် စိတ်ကူးထဲတွင်မထည့်ကြပေ။ အကယ်၍ လတ်တလောသက်သာမှုကို မရရှိပါက ဆေးတစ်မျိုးပြီးတမျိုး ဝယ်ယူသုံးစွဲကြသည်။ ဤနည်းအားဖြင့် သူတို့၏ဆိုးသွမ်းသောအကျင့်ဓလေ့များကို သက်ဆိုးရှည်စေလေသည်။ **MH, p. 126.**

ဆေးတန်ဖိုးမည်မျှကြီးစေကာမူအကြောင်းမဟုတ်။ ဖျားနာသောသူတို့သည် အရေးတကြီးပြန်လည်နေထိုင်ကောင်းလိုကြသည်။ အပေါင်းအသင်းရောင်းရင်းတို့ကလည်း စိတ်မရှည်ကြတော့ချေ။ သူတို့ဆေးကို ဝယ်သုံးရမည်။ အကယ်၍ဆေး၏အာနိသင်ကို ခံစားမှု မရရှိလျှင် သူတို့၏မှားယွင်းသော ဆရာဝန်မှအသစ်တစ်ဦးသို့ ပြောင်းလဲကုသစေလေသည်။ ယင်းကဲ့သို့ ပြောင်းလဲကုသခြင်းက မကောင်းမှုကို တိုးတက်ဆိုးရွားစေသည်။ သူတို့သောက်သုံးသောဆေးဝါးများသည် ပထမဆုံးသောက်သောဆေးဝါးများကဲ့သို့ပင် အန္တရာယ်များလှသည်။ **HTL, No. 3, p. 62.**

ဝမ်းနည်းဖွယ်သော အကျိုးသက်ရောက်မှု။ အဆိပ်အတောက်ဖြစ်သော ဆေးဝါးများကို အသုံးပြုခြင်းအားဖြင့် အများသောသူတို့သည် ရာသက်ပန်ရောဂါဝေဒနာကို စွဲကပ်အောင်ပြုကြ၍ သဘာဝကုသနည်းများကို အသုံးပြုခြင်းအားဖြင့် ကယ်ဆယ်နိုင်သောအသက်ပေါင်းများစွာတို့သည် သေကြေပျက်စီးကြရသည်။ ရောဂါပျောက်သော ဆေးဝါးများဟုခေါ်ဆိုသော ဆေးဝါးများတွင်ပါရှိသော အဆိပ်များသည်ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ဖျက်ဆီးတတ်သော အကျင့်ဓလေ့များနှင့် ခံတွင်းအလို (ဝါ) ရသာရုံများကို ဖန်တီးပေးသည်။ ပိုင်ဆိုင်ခွင့်ကန့်သတ်ထားသည်ဆိုသော လူကြိုက်များသောဆေးဝါးများ၊ ၎င်းအပြင် သမားတော်ကြီးများကိုယ်တိုင်က ပေးသောဆေးဝါးအချို့တို့သည် လူအဖွဲ့အစည်းအတွက် အန္တရာယ်ဖြစ်သော သေရည်သေရက်သောက်သောအကျင့်ဓလေ့၊ ဘိန်းရှူသောအကျင့်ဓလေ့၊ ဖော်ဖိန်းသုံးစွဲသောအကျင့်ဓလေ့တို့အတွက် အုတ်မြစ်ချပေးရာတွင် ပါဝင်ဆောင်ရွက်ကြသည်။ **MH, pp. 126, 127.**

အကြောစုအင်္ဂါအစိတ်အပိုင်းပျက်ယွင်းခြင်း။ မည်ကဲ့သောအမျိုးအစားဖြစ်စေ၊ ထိုင်းမှိုင်းစေသောဆေးဝါးများသည် အကြောစုအင်္ဂါအစိတ်အပိုင်းကို ပျက်ယွင်းစေသည်။ **HTL, No. 3, p. 57.**

ဖေါက်ဖျက် ကျူးလွန်မှုတိုင်းအတွက် ပြစ်ဒဏ် သတ်မှတ်ခြင်း။ ကျွန်ုပ်တို့ကိုယ်ခန္ဓာများကို စိုးမိုးသောစည်းမျဉ်းများကို ဘုရားသခင်သည် ထားရှိတော်မူ၍ ကျွန်ုပ်တို့ရပ်တည်မှု၌ ထည့်သွင်းထားရှိတော်မူသော ယင်းစည်းမျဉ်းများသည် ကိုယ်တော်ရှင်စီမံထားတော်မူသောအရာများဖြစ်သည်အတိုင်း ယင်းတို့ကို ဖောက်ဖျက်ကျူးလွန်မှုတိုင်းအတွက် ထားရှိသောပြစ်ဒဏ်ကို ကျွန်ုပ်တို့သည် အနှေးနှင့်အမြန် ခံစားရမည်ဖြစ်သည်။ လူသားတို့ခံစားခဲ့ရသော၊ ခံစားဆဲဖြစ်သော ရောဂါဝေဒနာများတို့သည် သူတို့ကိုယ်အင်္ဂါများဆိုင်ရာ ဥပဒေစည်းမျဉ်းများကို မသိရှိခြင်းကြောင့်ဖြစ်ပေါ်လာရသည်။ ကျန်းမာမှုဆိုင်ရာကိစ္စတွင် သူတို့သည် ဂရုတစိုက်မရှိပဲ သူတို့၏ကိုယ်ခန္ဓာကို အစိတ်စိတ်အမြွာမြွာဖြစ်အောင် မနားမနေ ပြုလုပ်နေကြခြင်းကြောင့် သူတို့၏ကိုယ်ခန္ဓာယန္တရားသည် ကျိုးပဲ့ပျက်စီး၍ ကိုယ်ခန္ဓာနှင့် စိတ်ပါအင်အားချည့်နဲ့လာသောအခါ ဆရာဝန်ထံမှ သူတို့အသက်သေဆုံးသည်အထိ ဆေးဝါးများကို တောင်းယူသောက်စားကြလေသည်။ **CD, p. 19.**

ရိုးသားစွာ နေထိုင်ခြင်းနှင့် တစ်ဘက်တွင်ဆေးဝါးအရောင်းဆိုင်။ သူတို့၏အသက်ရပ်တည်နေထိုင်မှုအတွက် ဆေးဝါးအရောင်းဆိုင်ကို အားမကိုးပဲ ဆေးဝါးသုံးစွဲမှုကို စွန့်ပစ်ပြီးနောက် လက်ဖက်ရည်၊ ကော်ဖီ၊ သေရည်သေရက် သို့မဟုတ် အစာအိမ်ကို ပူလောင်စေ၍ အင်အားနည်းသော အခြေအနေသို့ရောက်ရှိစေပြီး လှုံ့ဆော်ပေးမှု မရှိလျှင် ရိုးသားသော အစာရေစာကိုပင် ကြေညက်နိုင်စွမ်းကင်းမဲ့စေသည့် ဟင်းခတ်မဆလာများကိုရှောင်ကြဉ်၍ ရိုးသားစွာနေထိုင်စားသောက်ကြလျှင် ထောင်သောင်းမကသော ဝေဒနာရှင်တို့သည် သူတို့၏ကျန်းမာမှုကို ပြန်လည်ရရှိလိမ့်မည်။ အားအင်ချည့်နဲ့သောသူအားလုံးတို့အား ကိုယ်တော်၏ အလင်းတရားကို ရှင်းလင်းပြတ်သားသော လင်းရောင်ခြည်မျိုးဖြင့် ထွန်းလင်းစေရန် ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသည်။ **MM, p. 229.**

သတိမချပ်သောလမ်းစဉ်။ ဆိုးသွမ်းသောအကျင့်ဓလေ့များကိုလိုက်စားကျင့်သုံးနေစဉ်ဆေးဝါးများကိုအသုံးပြုခြင်းသည်အကယ်အမှန်အားဖြင့်အပြောနှင့်အလုပ်ဆီလျော်ခြင်း မရှိ၍ ကိုယ်တော်ရှင် ဖန်ဆင်း ထားတော်မူသောကိုယ်ခန္ဓာကိုယုတ်ညံ့အောင်ပြုခြင်းအားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို အလွန်အကြူး ထိပါးရာရောက်သည်။ သို့ဖြစ်လင့်ကစား၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်သော အသုံးအဆောင်များနှင့် ဆေးဝါးများကို ဆက်လက်၍ ဆေးညွှန်းရေးပေးသူက ရေးပေး၍ ကာယကံရှင်လူနာများက ရောဂါဝေဒနာများဖြစ်စေသည့် အန္တရာယ်များသော လိုက်စားမှုများကို မစွန့်လွှတ်ပါပဲ၊ ယင်းဆေးဝါးများကို လွတ်လပ်စွာသုံးစွဲနေကြသည်။ **L, 19, 1892.**

မိမိတို့၏ခံတွင်းအလိုသို့လိုက်၍ သူတို့၏ချုပ်တည်းမှုကင်းမဲ့ခြင်းကြောင့် ဝေဒနာခံစားရသောအခါ ယင်းဝေဒနာများမှ သက်သာမှုကို ရရှိစေရန် ဆေးဝါးများကို သုံးစွဲသူတို့သည် ဤမျှသတိကင်းမဲ့စွာ ဘေးသင့်ခံရသော ကျန်းမာမှုကိုကယ်မရန်ဘုရားသခင်သည်ဝင်ရောက်ဆောင်ရွက်ပေးလိမ့်မည်မဟုတ်သည်ကိုယုံကြည်စိတ်ချစေလိုသည်။ အကြောင်းက အကျိုးကို ဖြစ်ပေါ်စေသည်။ အများသောသူတို့သည် နောက်ဆုံးလုပ်ရပ်အနေဖြင့် ဘုရားသခင်နှုတ်ကပတ်တော်၏ညွှန်ကြားချက်ကိုလိုက်နာလျက် သူတို့၏ကျန်းမာမှုကိုပြန်လည်ကောင်းမွန်လာရေးအတွက် သူတို့အဖို့ ဆုတောင်းပေးရန် အသင်းတော်မှအသင်းလူကြီးတို့အား တောင်းဆိုလာကြသည်။ ယင်းကဲ့သို့သောပုဂ္ဂိုလ်များအတွက် ဆုတောင်းချက်များကိုနားညောင်းတော်မူရန်သင့်လျော်မှုကိုဘုရားသခင်သည်တွေ့မြင်တော်မမူ။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်များသည် ပြန်လည်ကျန်းမာလာသောအခါ သူတို့သည် ကျန်းမာမှုမဖြစ်စေသော ခံတွင်းအလိုလိုက်စားမှုတည်းဟူသော ယဇ်ပလ္လင်ပေါ်တွင်သူတို့ကျန်းမာမှုကို ပြန်လည်ယဇ်ပူဇော်ကြမည်ကို ကိုယ်တော်ရှင်သည်သိရှိတော်မူသည်။ **4SG, p. 145.**

ကလေးများအားပြစ်မှားသောဒုစရိုက်။ အကယ်၍ဆေးဝါးများကို သုံးစွဲသောသူတို့သာလျှင် ဝေဒနာခံစားရလျှင် ဒုစရိုက်သည်ဤမျှကြီးလေးလိမ့်မည်မဟုတ်ပေ။ ဆေးဝါးအဆိပ်အတောက်များကိုမျိုချရာတွင် မိဘဖြစ်သူတို့သည် သူတို့ကိုယ်တိုင်သာမဟုတ်ပဲ သူတို့၏သားသမီးများကိုပါ အပြစ်ပြုသည်။ ဆေးဝါးတို့၏ အဆိပ်အတောက်များကြောင့် ယိုယွင်းနေသောသူတို့၏သွေး၊ ကိုယ်ခန္ဓာတစ်ခုလုံးသို့ ပျံ့နှံ့နေသော အဆိပ်အတောက်၊ ကျိုးပဲ့နေသောကိုယ်ခန္ဓာ၊ ကိုယ်လက်အင်္ဂါနှင့်အခြားဆေးဝါးကြောင့်ဖြစ်ပေါ်သောရောဂါဝေဒနာအမျိုးမျိုးတို့ကို သူတို့၏သားသမီးများအား လက်ဆင့်ကမ်း၍ ညံ့ဖျင်းသောအမွေအနှစ်အနေဖြင့်ထားရှိခဲ့ရာ ယင်းအခြေအနေသာလူမျိုး၏ယုတ်ညံ့မှုကိုဖန်တီးပေးလေသည်။**HTL, No. 3, 50.**

ဆေးဝါးများကို သုံးစွဲရန် ပိုမိုလွယ်ကူခြင်း။ ဘုရားသခင်ပေးသနားတော်မူသော ဆေးဝါးများကို သုံးစွဲပါ။ "လေကောင်းလေသန့်၊ နေရောင်ခြည်နှင့်ပညာသားပါပါ အသုံးပြုသောရေများသည် ကျန်းမာမှုကို ပြန်လည်ရရှိစေရာတွင် အလွန်အကျိုးများသော ပြုပြင်ပေးသည့်အရာများဖြစ်သည်။ သို့ရာတွင် ရေကိုသုံးစွဲခြင်းသည်အလွန်ပင်ပန်းသည်ဟု ယူဆကြသည်။ ထိုကြောင့်သူတို့အတွက် သဘာဝဆေးဝါးများထက် လူထုတ်လုပ်သောဆေးဝါးများက ပိုမိုအသုံးရလွယ်ကူသည်ဟူ၍လည်း ယူဆကြသည်။ **HL, p. 247.**

အများသောမိဘတို့သည် မှန်ကန်စွာဆုံးဖြတ်တတ်သောသူနာပြုခြင်းနေရာတွင်ဆေးဝါးများကို အစားထိုးအသုံးပြုကြသည်။ **HR, Sept. 1866.**

ဆေးဝါးများကို အသုံးမပြုစေရန် ပညာပေးပါ။ ဆေးဝါးများအသုံးပြုနေပုံသည် အများအားဖြင့် အန္တရာယ်ဖြစ်နေသည်။ ဆေးဝါးများကို အသုံးမပြုရန် ပညာပေးပါ။ ဆေးဝါးများကို အသုံးနည်းပြီး ကျန်းမာမှုကို ပြုပြင်ပေးလာသောသဘာဝတန်ခိုးအင်အားများကို ပိုမိုအားထားပါ။ ထိုအခါသဘာဝက ဘုရားသခင်၏သမားတော်ကြီးများဖြစ်သော လေကောင်းလေသန့်၊ ရေကောင်းရေသန့်၊ သင့်လျော်သောကိုယ်လက်လှုပ်ရှားမှု၊ အနှောင့်အယှက်ကင်းသော ဩတ္တပ္ပစိတ်တို့၏ ကုသမှုကို သဘာဝမွေက တုံ့ပြန်လက်ခံပါလိမ့်မည်။ လက်ဖက်ရည်၊ ကော်ဖီနှင့် အသားများကို ဇွတ်တရွတ်ဆက်လက်သောက်စားသောသူတို့က သူတို့သည် ဆေးဝါးများလိုအပ်သည်ဟု ယူဆကြသည်။ သို့ရာတွင် အများသောသူတို့သည် ကျန်းမာမှုဆိုင်ရာ ဥပဒေစည်းမျဉ်းများကို လိုက်နာခြင်းဖြင့် ဆေးဝါးတစ်ပြားမျှ ဝါးမျိုခြင်းမပြုပဲနှင့်ကျန်းမာမှုကို ပြန်လည်ရရှိကြမည်။ ဆေးဝါးများကို သုံးစွဲခဲရမည်။ **CH, p. 261.**

လူတို့အားမှန်ကန်သော"မူ"များကို သင်ကြားပို့ချပေးခြင်း၌သာလျှင် လူနေမှုဆိုင်ရာမူကိစ္စအဝဝတို့အား တိုးတက်ကောင်းမွန်လာနိုင်စေသည့် မျှော်လင့်ချက် တည်ရှိနေသည်။လူတို့၏ကျန်းမာမှုကိုအဖတ်ဆယ်နိုင်သောအာနိ သင်သည် ဆေးဝါးများတွင် မဟုတ်ပဲသဘာဝတွင်ရှိနေကြောင်း သမားတော်ကြီးများက လူတို့အားသင်ကြားပို့ချပေးပါ။

ရောဂါဝေဒနာဆိုသည်မှာ ကျန်းမာမှုဆိုင်ရာဥပဒေစည်းမျဉ်းများကို ချိုးဖောက်မှုကြောင့် ပေါ်ပေါက်လာသောအခြေအနေများကို ကိုယ်ခန္ဓာမှ ရှင်းလင်းထုတ်ပယ်ရန် သဘာဝ၏ကြိုးပမ်းချက်ဖြစ်သည်။ ဖျားနာလျှင် ယင်းဖျားနာမှုဘာကြောင့်ဖြစ်ရသည်အကြောင်းရင်းကို ရှာဖွေပါ။ ကျန်းမာမှုမဖြစ်စေသော အခြေအနေများကို ပြုပြင်ပြောင်းလဲ၍ မှားယွင်းသော အကျင့်ဓလေ့များကို အမှန်ဖြစ်စေရမည်။ သို့မှသာလျှင် ကိုယ်ခန္ဓာမှ မသန့်ရှင်းမှုများကို ထုတ်ပယ်၍ မှန်ကန်သော အခြေအနေများကို ပြန်လည်တည်ဆောက်ရန် သဘာဝ၏ကြိုးပမ်းမှုအတွက် အထောက်အကူရရှိစေပါလိမ့်မည်။ **MH, p. 127.**

ကာကွယ်ရေးဆိုင်ရာ ဆေးဝါးများ၏ အရေးပါအရာရောက်ပုံ။ သမားတော်ကြီးတစ်ဦး၏ ရှေးဦးလုပ်ငန်းသည်ရောဂါဝေဒနာကာကွယ်ရာတွင် ဝေဒနာရှင်တို့ ကျင့်သုံးအပ်သောလမ်းစဉ်ကို သင်ကြားပို့ချပေးသည့် လုပ်ငန်းဖြစ်သင့်ပေသည်။ ရောဂါဝေဒနာများကိုလည်းကောင်း၊ ကျိုးပဲ့ကြေမွသော ခန္ဓာကိုယ်များကိုလည်းကောင်း၊ အသေစော ခြင်းကိုလည်းကောင်း ကာကွယ်ရန် ကျင့်သုံးအပ်သော အကောင်းဆုံးလမ်းစဉ်ကို ကျွန်ုပ်တို့လက်လှမ်းမီသလောက် ပုဂ္ဂိုလ်များအားသင်ကြားပို့ချပေးရန် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုသည် များစွာသောကောင်းကျိုးကို ဖြစ်ပွားလာစေနိုင်သည်။ သူတို့၏ကာယဗလနှင့်ဉာဏဗလများကို အသုံးပြု၍ အားစိုက်ခွန်စိုက်လုပ်ရသောအလုပ်မျိုးကို မလုပ်ကိုင်လိုသောသူတို့သည် ဆေးဝါးများကိုသုံးစွဲရန်ဆေးညွှန်းများကို ရေးပေးကြလိမ့်မည်။ ယင်းဆေးညွှန်းများပါ ဆေးဝါးများသည် သူတို့ကသက်သာမှုရရှိစေပါသည်ဆိုထားသော ဝေဒနာထက် ပိုမိုဆိုးရွားသောဆိုးကျိုးနှစ်မျိုးကို ဖြစ်ပေါ်စေရန် လူ့ ကိုယ်ခန္ဓာအတွင်းတွင် အုတ်မြစ်ချပေးလေသည်။ **MM, pp. 221, 222.**

ဆေးဝါးများသည် ရောဂါကို မကုသကြောင်း လူများကို သွန်သင်ပေးရန်လိုအပ်သည်။ ယင်းဆေးဝါးများသည် တစ်ခါတစ်ရံရောဂါမှသက်သာမှုကို ပေးသည်မှာမှန်ပါသည်။ ဝေဒနာရှင်အဖို့မှာလည်း ယင်းဆေးဝါးများကို သုံးစွဲမှုကြောင့် သက်သာလာဟန်လက္ခဏာရှိသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းသည် အဆိပ်အတောက်ကို ထုတ်ပစ်၍ ရောဂါကို ဖြစ်စေသော အခြေအနေများကို ပြုပြင်ပေးနိုင်သော အစွမ်းသတ္တိသည် သဘာဝတွင် အလုံအလောက်ရှိနေသောကြောင့် ဖြစ်သည်။ ဆေးဝါးများကို သုံးစွဲသော်ငြားလည်း ကျန်းမာမှုကို ပြန်လည်ရရှိသည်။ သို့ရာတွင် အများသော ဝေဒနာခံစားမှုတို့၌ ဆေးဝါးက ရောဂါ၏ ပုံသဏ္ဌာန်နှင့်ရောဂါဖြစ်ပျက်သောနေရာကို အပြောင်းအလဲလုပ်ပေးရုံသာပြုသည်။ အများအားဖြင့် အဆိပ်အတောက်၏ထိခိုက်မှုကို ခေတ္တခဏမျှသာ အောင်မြင်နိုင်နင်းထားဟန် လက္ခဏာရှိသော်လည်း ထိခိုက်မှုသည် ကိုယ်ခန္ဓာအတွင်း၌ရပ်တည်နေ၍ အနာဂတ်ကာလတွင်ကြီးမားသော အန္တရာယ်ကိုပေးလေသည်။ **MH, p. 126.**

ဖြောင့်မှန်သောသမားတော်ကြီးများအတွက် စိန်ခေါ်ချက်။ အဖြစ်သနစ်မှန်များအားဖြင့် အမှန်တရားကို တင်ပြရာတွင်လည်းကောင်း၊ ရောဂါဝေဒနာ၏သဘာဝနှင့်ယင်းဝေဒနာကိုကာကွယ်ပုံ၊ ထိုမျှမကဆေးဝါးများကို အသုံးပြုသော အလေ့အထ၏ အန္တရာယ်များပုံတို့ကို တင်ပြရာတွင်လည်းကောင်း၊ မိမိတို့၏ဂုဏ်သိက္ခာကို အနစ်နာခံရလောက်အောင် ရဲစွမ်းသတ္တိရှိစွာဖြင့် ပြုံဝံ့သော သမားတော်ကြီးတစ်ဦးသည် လုပ်ငန်း၏ကြီးပွားမှုကို ရရှိမည်ဖြစ်သော်လည်း သူသည် ဝေဒနာရှင်တို့အား ကိုယ်ချင်းစာနာ၍ လျစ်လျူရှုနေမည်ဖြစ်သည်။ အကယ်၍သူသည် ပြုပြင်ပြောင်းလဲပေးသောသူမှန်လျှင် ဝတ်စား ဆင်ယင်ရာတွင်လည်းကောင်း၊ စားသောက်ရာတွင်လည်းကောင်း၊ စိတ်နေသဘောထား၊ ကာယဗလနှင့်ဉာဏဗလများကို ထိခိုက်တတ်သော ကန့်သတ်ထားသည့် အချိန်ပိုင်းတွင် ဝန်နှင့်အားမမျှအောင် လုပ်ငန်းများကိုလုပ်ကိုင်ရာတွင်လည်းကောင်း မှားယွင်းသောအာသာဆန္ဒနှင့်ဖျက်ဆီးမှုကို ဖန်တီးသောကိုယ်ကျိုးအလိုလိုက်စားမှုတို့ကို ပြတ်ပြတ်သားသားပွင့်ပွင့်လင်းလင်း ပြောဆိုလိမ့်မည်။

ပညာသတိရှိရှိဖြင့်လည်းကောင်း၊ ဖွဲလုံ့လဖြင့်လည်းကောင်း ကျင့်သုံးသောမှန်ကန်သော အကျင့်ဓလေ့တို့သည် ရောဂါဝေဒနာ၏အကြောင်းရင်းများကို ဖယ်ရှားပစ်မည်ဖြစ်သောကြောင့် ပြင်းထန်သောဆေးဝါးများကိုသုံးစွဲရန် လိုအပ်တော့မည် မဟုတ်တော့ပေ။ **MM, p. 222.**

ကာကွယ်ရေးဆေးဝါးများဆိုင်ရာ ထုံးနည်းများကိုလေ့လာ သင်ကြားပို့ချပေးပါ။ ရောဂါများကို ကုသရာတွင် ပြုပြင်ပြောင်းလဲပေးသူများအနေဖြင့် ရပ်တည်လျက်ရှိကြသော သမားတော်ကြီးများသည် သူတို့ကိုယ်တိုင်၏ အကျိုးကျေးဇူးဖြစ်ထွန်းရာဖြစ်ထွန်းကြောင်းအတွက်လည်းကောင်း၊ ဆေးဝါးကုသမှုလုပ်ငန်းကို ရှေ့သို့ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လည်းကောင်း၊ ဝေဒနာရှင်တို့ ခံစားနေရသော ရောဂါဘယများ၏ အကြောင်းရင်းကို သိရှိ

ရန် ဆေးဝါးကုသမှုဆိုင်ရာ အကြံဉာဏ်များစောင့်မျှော်နေကြသောသူတို့အား စိတ်ဝင်စားစွာ သင်ကြားပို့ချပေးရန်လည်းကောင်း ဆတက်ထမ်းပိုးတို့၍ အားစိုက်ခွန်စိုက်ကြိုးပမ်းရန် ယခုအခါတွင် မုချပရမတ္ထ လိုအပ်နေပေပြီ။ တာဝန်မဲ့ချိုးဖောက်၍မရသော ဘုရားသခင်ကိုယ်တော်တိုင် တည်ထောင်ထားရှိတော်မူသော ပညတ်ဥပဒေများကို သမားတော်ကြီးများက ထိုသူတို့အား ဂရုစိုက်ညွှန်ကြားပြသသင့်ကြပေသည်။ သမားတော်ကြီးများအနေဖြင့် ရောဂါဝေဒနာတို့၏ဆောင်ရွက်ပုံများကို အလေးပေးပြောဆိုပြီး ရောဂါဝေဒနာများ ပျောက်ကင်းအောင် ပညာရှိရှိ ပိပိရိရိဖြင့် လိုက်နာကျင့်သုံးအပ်သော ဥပဒေပညတ်များကို သတိပြုရန် လှုံ့ဆော်ပေးမှုကိုကား လျစ်လျူ ရှုထားကြသည်။ **MM, p. 223.**

အန္တရာယ်ပြုသောဆေးဝါးများ။ လက်တလောအားဖြင့် သက်သာမှုရရှိစေသော်လည်း ကိုယ်ခန္ဓာကိုအန္တရာယ်ပြုကြောင်း သိရှိသောဆေးဝါးများကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဘုရားသခင်၏အမှုတော်ဆောင်များကတိုက်ကျွေးခြင်းမပြုသင့်ကြပေ။ ကိုယ်ခန္ဓာတွင်းသို့ ထည့်သွင်းလိုက်သော ဟင်းသီးဟင်းရွက်နှင့် ဓါတ်သတ္တုနယ်ပယ်ထွက်ပစ္စည်းများဖြင့် ထုတ်လုပ်ထားသော အဆိပ်အတောက်ဖြစ်သော ဆေးဝါးများသည် အသည်းများနှင့် အဆုတ်များကို ထိခိုက်၍ ကိုယ်ခန္ဓာကို ယေဘုယျအားဖြင့် ပျက်ပြားစေသည်။ **4 SG, p. 140.**

ဆေးရုံကြီးများ ဘာကြောင့် တည်ထောင် ဖွင့်လှစ်ရကြောင်း။ မကောင်းကျိုးများကို ထားရစ်မည့် မည်သည့်အရာကိုမျှ ကိုယ်ခန္ဓာအတွင်းသို့ ထည့်သွင်းခြင်းမပြုအပ်ပေ။ ဤကိစ္စနှင့်ပတ်သက်၍အလင်းတရားကို လက်ဆင့်ကမ်းရန်လည်းကောင်း၊ ကျန်းမာခြင်းကို ပြုပြင်ပေးသောကုသမှုများကိုပေးရန်လည်းကောင်း ဆေးရုံများကို နေရာအနှံ့အပြားတွင်ဆောက်လုပ်ထားပေသည်။ **MM, p. 228.**

ဆေးဝါးများကို အသုံးမပြုပဲ ဝေဒနာရှင်များကို ကုသမှုအတွက် ဆေးဝါးကုဌာနများကို ဖွင့်လှစ်တည်ထောင်ထားဖို့ ကျွန်ုပ်အား ရူပါရုံအားဖြင့် ကိုယ်တော်ရှင်က ပြတော်မူသည်။ လူကို ဘုရားသခင်ပိုင်ဆိုင်တော်မူသည်။ အသက်ရှင်သော ကိုယ်ခန္ဓာအိမ်ကို ဖျက်ဆီးခြင်း၊ လူ့ကိုယ်ခန္ဓာတွင်း၌ စိုက်ပျိုးထားသော သေခြင်းမျိုးစေ့ကြောင့် ဖြစ်ပေါ်လာသော ဝေဒနာခံစားရခြင်းတို့သည် ဘုရားသခင်ကို ပြစ်မှားခြင်း ဖြစ်သည်။ **MM, p. 229.**

လူနာတို့အား ကောင်းမွန်၍ အင်အားဖြစ်စေမည့် အစားအစာများကို ကျွေးမွေးရမည်။ မူးယစ်ထိုင်းမှိုင်းစေသော သောက်စားမှုအလုံးစုံတို့မှ လုံးဝရှောင်ကြဉ်ရမည်။ ဆေးဝါးများကို စွန့်လွှတ်ရမည်။ ဆင်ခြေတုံတရားနှင့်ဆီလျော်သောကုသနည်းမျိုးကို ကျင့်သုံးရမည်။ လူနာများအား သေရည်သေရက်၊ လက်ဖက်ရည်၊ ကော်ဖီ သို့မဟုတ်ဆေးဝါးများကို မတိုက်ကျွေးရ။ အဘယ်ကြောင့်ဆိုသော် ဤအသုံးအဆောင်များသည် အမြဲတမ်းအန္တရာယ်များ၏ ခြေရာလက်ရာများကို ထားရစ်ခဲ့သည်။ ဤဥပဒေပညတ်များကို လိုက်လျှောက် ကျင့်သုံးခြင်းအားဖြင့် သမားတော်ကြီးက လက်လွှတ်ထားသောလူနာများတို့သည် ကျန်းမာပကတိ ချမ်းသာခြင်းသို့ ရောက်ရှိလာနိုင်ကြသည်။ **MM, P. 228.**

ဆေးဝါးများ လိုအပ်ခဲသည်။ ကျန်းမာမှုဆိုင်ရာ ဥပဒေပညတ်များကို လိုက်လျှောက်ကျင့်သုံးသော သူတို့သည် ဆေးဝါးတစ်ပြားတစ်လုံးမျှ မသုံးပဲနှင့် ကျန်းမာသောအခြေအနေသို့ ပြန်လည်ရောက်ရှိလာနိုင်သည်။ ဆေးဝါးများကို သုံးခဲရမည်။ ဆေးဝါးမပါသော ကုသသည့်လုပ်ငန်းကို တည်ထောင်၍ကျန်းမာမှုဆိုင်ရာ "မူ" များပေါ်တွင် အခြေပြု၍ ယင်းလုပ်ငန်းကို ရှေ့သို့ ဆက်လက်ဆောင်ရွက်သွားရန် စိတ်ထက်သန်မှု၊ သည်းခံမှုနှင့် ဇွဲရှိရှိဖြင့် ကြိုးပမ်းမှုတို့ကို လိုအပ်လိမ့်မည်။ သို့ရာတွင် သင်တို့၏ကြိုးပမ်းမှုကို စိတ်ထက်သန်သောဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းတို့ဖြင့် တွဲဖက်ဆောင်ရွက်ပါလျှင် သင်တို့သည် အောင်မြင်မှုရရှိကြလိမ့်မည်။ ယင်းလုပ်ငန်းအားဖြင့်သင်တို့သည် လူနာများနှင့်အခြားသူများကို မကျန်းမမာဖြစ်ကြသောအခါ ဆေးဝါးသုံးစွဲသောနည်းလမ်းကို မကျင့်သုံးပဲ မည်ကဲ့သို့ ကြည့်ရှုပြုစုနည်းကို သင်ကြားပို့ချနေကြပေလိမ့်မည်။ **MM, pp. 259, 260.**

ဆေးဝါးများကိုလုံးဝစွန့်ပစ်ရမလောက်အသုံးနည်းပြီး ကျန်းမာမှုအတတ်ပညာနည်းနာနိဿယများအားဖြင့် ဖျားနာသောသူတို့အားကုသပေးနိုင်ရန် ကျွန်ုပ်တို့၏ဆေးရုံများကို တည်ထောင်ထားသည်။ ဆေးဝါးများကိုတိုက်ကျွေးခြင်းအားဖြင့်ကိုယ်ခန္ဓာကိုရက်စက်စွာကိုင်တွယ်ရလောက်အောင် လူ့အသက်ကိုဂရုတစိုက်မရှိသောသူတို့သည် ဘုရားသခင်နှင့်စာရင်းရှင်းစရာမြောက်မြားစွာရှိပေသည်။

ကျွန်ုပ်တို့နားမလည်သောနာမည်အမျိုးပေါင်းစုံရှိသောအဆိပ်အတောက်များဖြစ်သော ဆေးဝါးများကို ကျွန်ုပ်တို့၏အစာအိမ်အတွင်း သွတ်သွင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည်ဘုရားသခင်၏ အဆောက်အအုံကိုအသိပညာ ကင်းမဲ့စွာဖျက်ဆီးကြလျှင်ကျွန်ုပ်တို့သည်ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ရရှိကြမည်မဟုတ်

ပေ။ ယင်းကဲ့သို့သော ဆေးညွှန်းများကို ငြင်းပယ်ရန် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ သဘာဝမှရရှိသော ဝတ္ထုပစ္စည်းများဖြင့် ရောဂါဝေဒနာများကင်းစေ၍ ဖျားနာသောအခါ မိမိတို့ ကိုယ်ကိုဘယ်ကဲ့သို့ ကြည့်ရှုပြုစုနိုင်သော နည်း လမ်းများသင်ကြားပို့ချပေးသောဆေးရုံကို ကျွန်ုပ်တို့တည်ဆောက်လိုသည်။ ထို့ပြင်မက ယင်းဆေးရုံများတွင် အာဟာရဖြစ်သော အစားအစာများကို ချင့်ချင့်ချိန်ချိန် သုခမိန်ပီသစွာသောက်ရန်လည်းကောင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ကစော်လှော်စာအရက်မျိုးစုံ၊ ကိုယ်ခန္ဓာကိုလှုံ့ဆော်သောအသုံးအဆောင်များ ရှောင်ကြဉ်ရန်လည်းကောင်း၊ တိရစ္ဆာန် အသေသားများကို မစားပဲနေရန်လည်းကောင်း သင်ယူနိုင်သော ဆေးရုံမျိုးလည်းဖြစ်ရမည်။ **M, 44, 1896.**

အကျိုးအဖြစ်ထွန်းဆုံးလုပ်ငန်းအတွက်။ ကျန်းမာမှုဆိုင်ရာပြုပြင်ပြောင်းလဲရေးကိစ္စကို ပြုလုပ်ရမည်။ ပြု လုပ်လိမ့်မည်ဟူသော ပြဿနာအနေဖြင့် လှုံ့ဆော်ပေးမည်မဟုတ်ပါ။ ရိုးသားသောအစာအာဟာရများကိုမှီဝဲခြင်း၊ ဆေး ဝါးများ လုံးဝရှောင်ကြဉ်ခြင်း၊ ကိုယ်ခန္ဓာမှပြန်းတီးသွားသောအင်အားများကို သဘာဝအားလွတ်လပ်စွာ ပြန်လည်ထူ ထောင်စေခြင်းတို့သည် ဝေဒနာရှင်တို့အား ကျန်းမာချမ်းသာသောအခြေအနေသို့ ပြန်လည်ပို့ဆောင်ရာတွင် ကျွန်ုပ်တို့ ဆေးရုံများကို များစွာအကျိုးဖြစ်ထွန်းစေလိမ့်မည် ဖြစ်သည်။ **L, 73a, 1896.**

ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်ရပုံကို လူနာများအား သင်ကြားပေးပါ။ သူတို့၏ကာယဗလ၊ ဉာဏဗလနှင့် ဝိဉာဏဗလများကို ဖျက်ဆီးခြင်းသည် ဒုစရိုက်ဖြစ်ကြောင်းလူတို့အားပညာပေးရမည်။ ၎င်းအပြင် သူတို့အားကျန်းမာမှု အခြေအနေသို့ ပြန်လည်ပို့ဆောင်ပေးရာတွင် သူတို့သည် ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်းကို နားလည်ရမည်။ ခရစ်တော်အား ယုံကြည်ခြင်းအားဖြင့် ကျန်းမာမှုကို ချိုးဖျက်သော အားတိုးဆေးများနှင့် ထုံထိုင်းစေ သောအသုံးအဆောင်များ သုံးစွဲသည့် အလေ့အထကို အောင်မြင်နိုင်ကြသည်။ **M, 12, 1900.**

-o-

# မပြင်းထန်သော မူးယစ်စေတတ်သည့် အသုံးအဆောင်များ

## ၁ စစ်မှန်သောချုပ်တည်းခြိုးခြံမှုဆိုင်ရာ အကျင့်ဓလေ့များ၏အရေးပါအရာရောက်ခြင်း

ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းများမှသာဓကများ။ ကိုယ်တော်၏လူတို့ကိုကယ်လွှတ်သောအနေဖြင့်ရှုဆုန်ကိုဘုရားသခင်သည် ရွေးချယ်တော်မူသောအခါ သူငယ်ကို မမွေးဖွားမီကပင် မိခင်အား မှန်ကန်သော အကျင့်ဓလေ့များကိုကျင့်သုံးဖို့မှာကြားထားတော်မူသည်။ အလားတူတားဖြစ်ချက်မျိုးကို ကနဦးကပင် ယင်းသူငယ်အားထား ရှိရပေမည်။ အဘယ်ကြောင့်ဆိုသော် သူ့အားမွေးစကပင် နာဇရိလူအနေဖြင့် ဘုရားသခင်အား ဆက်ကပ်ထားရမည်ဖြစ်သည်။

မာနော်၏ဇနီးအားဘုရားသခင်သည် ကိုယ်ထင်ရှား၍သူမသည် သားယောက်ျားကို ဖွားမြင်လိမ့်မည်ဖြစ်ကြောင်းမိန့်ကြားတော်မူသည်။ ထိုကြောင့်သူမအား အရေးကြီးသော ညွှန်ကြားချက်များကို ပေးတော်မူသည်။ "သို့ဖြစ်၍သတိပြုလော့။ စပျစ်ရည်ကိုမသောက်နှင့်။ သေရည်သေရက်ကို မသောက်နှင့်။ မစင်ကြယ်သောအစာကို မစားနှင့်။" သူကြီး၊ ၁၃း၄၊ ၁၄။

မာနော်အား ကတိထားတော်မူသော သူငယ်ထမ်းဆောင်ရန် အရေးကြီးသောလုပ်ငန်းကို ဘုရားသခင်ထားရှိတော်မူသည်။ ယင်းလုပ်ငန်းကို ထမ်းဆောင်ရန် လိုအပ်သော အရည်အချင်းကို ယင်းသူငယ်သည် ရရှိမှုအတွက် မိခင်နှင့် သားတို့၏နေထိုင်စားသောက်မှုကို စနစ်တကျ ဖြစ်စေရန် သတိနှင့်ပြုပြင်ပေးရပေလိမ့်မည်။ မာနော်၏ဇနီးအတွက် ဘုရားသခင်မှာကြားတော်မူချက်သည် "စပျစ်ရည်မှစ၍ သေရည်သေရက်ကို မသောက်ရ။ မစင်ကြယ်သောအရာကို မစားရ။ ငါမှာထားသမျှအတိုင်း စောင့်ရှောက်ရမည်။ " မိခင်၏ အကျင့်ဓလေ့တို့သည် သားငယ်အတွက် ကောင်းကျိုးသော်လည်းကောင်း၊ ဆိုးကျိုးသော်လည်းကောင်း ဖြစ်စေမည်။ မွေးဖွားလာမည့်သူငယ်၏ကောင်းကျိုးချမ်းသာအတွက် မိခင်ကိုယ်တိုင် ကျင့်ဝတ်များကို လိုက်နာကျင့်သုံး၍ မိမိကိုယ်ကို ချုပ်တည်းခြိုးခြံမှုနှင့်အလိုမလိုက်မှုကိုလက်ကိုင်ထားရမည်။

ဓမ္မသစ်ကျမ်းတွင် ချုပ်တည်းမှုဆိုင်ရာအကျင့်ဓလေ့များ အရေးပါအရာရောက်မှုနှင့်စပ်ဆိုင်သော အလားတူမှတ်သားလောက်သောသာဓကများကို တွေ့ရှိရပါသည်။

နှစ်ခြင်းဆရာယောဟန်သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းလုပ်သူတစ်ဦးဖြစ်သည်။ သူ့ခေတ်မှလူထုအတွက် ထမ်းဆောင်ရန် လုပ်ငန်းကြီးတစ်ရပ်ကို သူ့အားအပ်နှင်းထားပါသည်။ ယင်းအလုပ်လုပ်ကိုင်နိုင်ရေးအတွက် သူ့အလေ့အကျင့်များကို မွေးစကပင် စည်းစနစ်ကျအောင်စီမံပေးထားပါသည်။ ကျန်းမာမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး "မှု"များကို ယောဟန်အားသင်ကြားပို့ချပေးရန် သူ့မိဘများထံသို့ ကောင်းကင်တမန်ဂါဗြေလကို စေလွှတ်လိုက်လေသည်။ ကောင်းကင်မှဆင်းသက်လာသော သံတမန်က "စပျစ်ရည်နှင့်ယစ်မျိုးကို မသောက်ပဲနေ၍ အမိဝမ်းထဲကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလိမ့်မည်" ဟုဆိုလေသည်။ (လု၊ ၁း၁၅)

ယောဟန်သည် သူ့မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများမှလည်းကောင်း၊ ဘဝအသက်တာ၏မြတ်နိုးဖွယ်ရာအဖြာဖြာများမှလည်းကောင်း ခွဲခွာ၍ တောထဲတွင်တစ်ဦးတည်းနေထိုင်လျက် ဟင်းသီးဟင်းရွက်များကိုသာစားသောက်မှီဝဲနေသည်။ ကုလားအုတ်အမွေးဖြင့် ရက်လုပ်ထားသော ရိုးသားသောဝတ်စုံကို ဝတ်ဆင်လျက်ရှိရာ ယင်းကဲ့သို့ဝတ်ဆင်ခြင်းသည် သူ့လူမျိုးအစဉ်အဆက်တွင် ကြေးကြီးသောဝတ်စားတန်ဆာများကိုဝတ်ဆင်လျက် "ရှိုးပြ" သောသူများ၊ အထူးသဖြင့် ယုဒယဇ်ပုရောဟိတ်များကို ပြစ်တင်ဆုံးမလိုက်ခြင်းဖြစ်သည်။ နံ့ကောင်နှင့်ပျားရည်သာဖြစ်သောသူ့အစားအသောက်ကလည်း ထိုစဉ်အခါက နေရာတိုင်းတွင်ခေတ်စားနေသော စားသောက်ကြူးခြင်းအားပြစ်တင်ရှုတ်ချလိုက်ခြင်းပင်ဖြစ်သည်။

ယောဟန်၏အလုပ်အကိုင်ကို ပရောဖက်မာလခိက ကြိုတင်၍ဟောကိန်းထုတ်ထားသည်။ "ကြည့်ရှုလော့။ ထာဝရဘုရား၏နေ့ရက်ကြီးမရောက်မီ ပရောဖက်ဧလိယကို သင်တို့ရှိရာသို့ ငါစေလွှတ်မည်။ ထိုပရောဖက်သည်သား နှင့်အဘတို့ကိုလည်းကောင်း၊ အဘနှင့်သားတို့ကိုလည်းကောင်း အသင့်အတင့်ဖြစ်စေမည်။" မာလ ၄း၅၊ ၆။ ဘုရား သခင်၏လမ်းကို ပြင်ဆင်ရန်လည်းကောင်း၊ ဖြောင့်မတ်သောသူတို့၏ဉာဏ်ပညာကိုလူတို့အား ညွှန်ပြရန်လည်းကောင်း နှစ်ခြင်းဆရာယောဟန်သည် ဧလိယ၏စိတ်သဘောနှင့်တန်ခိုးအားဖြင့် အမှုတော်ကို ထမ်းဆောင်ခဲ့သည်။ လူတို့အား တင်ပြဟောပြောရန်လည်းကောင်း၊ ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူခြင်းအတွက် လမ်းကို ပြင်ဆင်ပေးရန် လည်းကောင်း မှန်ကန်သောတရားဒေသနာများ အပ်နှံထားခြင်းခံရသော နောက်ဆုံးကာလ၌ ရပ်တည်နေကြသော သူများကို ယောဟန်သည်ပုံဆောင်သည်။ ကျွန်ုပ်တို့ခေတ်တွင်လူသားကြွလာခြင်းကို လောကသားတို့အားသတိ ပေးရမည့်လူတို့သည် ယောဟန်ကျင့်သုံးခဲ့သော ချုပ်တည်းခြိုးခြံမှုမျိုးကို ကျင့်သုံးကြရမည်။

ဘုရားသခင်သည် လူကိုမိမိပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းထားတော်မူသည်။ ဖန်ဆင်းတော်မူသောအရှင်၏ အမှုတော်ကို ထမ်းဆောင်ရန်အတွက် လူတို့အား ပေးအပ်ထားတော်မူသောစွမ်းရည်များကို မပျက်မစီးထိန်းသိမ်းထားရန်အနေဖြင့် ဆောင်ရွက်မည်ဟု ဘုရားသခင်က မြော်လင့်ထားတော်မူသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ဆုံးမဩဝါဒကိုလိုက်နာ၍ ကိုယ်တော်၏အစေကို ခံနိုင်ရန် စွမ်းရည်ရှိသမျှကို အကောင်းဆုံးအခြေအနေတွင် ထားသင့်ကြသည် မဟုတ်ပါလော။ ကျွန်ုပ်တို့သည် ကိုယ်တော်အားပေးကမ်းနိုင်သောအကောင်းဆုံးသောအရာသည် အင်အားနည်းသောအရာပင်ဖြစ်လေသည်။

ယခုအခါတွင် ကမ္ဘာပေါ်၌ ဘာကြောင့် ဤမျှလောက် များပြားသောဒုက္ခများရှိနေသနည်း။ ကိုယ်တော်ရှင် သည် ဖန်ဆင်းထားတော်မူသောသတ္တဝါများဒုက္ခနှင့် ရင်ဆိုင်နေရသည်ကို တွေ့မြင်လိုသောကြောင့်လော။ မဟုတ်ပါ။ အကျင့်စာရိတ္တကို ဖျက်ဆီးသော မကောင်းမှုဒုစရိုက်များကို ကျင့်သုံးနေကြခြင်းအားဖြင့် အားအင်ဆုတ်ယုတ်လာမှု ကြောင့်သာလျှင် ဖြစ်သည်။ အာဒံသည်အပြစ်ပြုလုပ်သောကြောင့် ကျွန်ုပ်တို့ကဝမ်းနည်းကြသည်။ စုံစမ်းခြင်းကို လိုက် လျောရာတွင် ကျွန်ုပ်တို့၏ပထမဆုံးမိဘနှစ်ပါးတို့သည် အလွန်အမင်းအားနည်းကြောင်းကို ပြသသည်ဟု ကျွန်ုပ်တို့က ယူဆဟန် လက္ခဏာရှိသည်။ သို့ရာတွင် အာဒံ၏ကျူးလွန်ပြစ်မှားခြင်းမျိုးတစ်ခုတည်းသော ဆိုးသွမ်းမှုကို ကျွန်ုပ်တို့ရင် ဆိုင်ရလျှင် ကမ္ဘာ့အခြေအနေသည် လက်ရှိအခြေအနေထက်သာလွန်ကောင်းမွန်လိမ့်မည်။ အာဒံခေတ်မှစ၍ လူတို့၏ ပြစ်မှားကျူးလွန်ခြင်းများတို့သည် အမျိုးပေါင်းစုံလှ၏။ **CTBH, pp. 37-39.**

သေရည်သေရက်၏ဆိုးကျိုးနှင့်ပတ်သက်၍ သတိပေးထားခြင်း။ သေရည်သေရက်၏ဆိုးကျိုးသည် လူတို့၏ ဉာဏဗလတို့ကို ရှုပ်ထွေးစေသည်ဖြစ်ကြောင်း နာဒပ်နှင့်အဘိဟုတို့၏အတွေ့အကြုံက လူတို့အားသတိပေးချက်အနေ ဖြင့်မှာကြားထားသည်။ ထို့ကြောင့်ဘုရားသခင်သည် သေရည်သေရက်နှင့်မူးယစ်သောအရာများ သုံးစွဲမှုကို တိကျပြတ် သားစွာ တားမြစ်ထားတော်မူသည်။ **ST, July 8, 1880.**

နာဒပ်နှင့်အဘိဟုတို့သည် သေရည်သေရက်ကို အလွန်အကျွံသောက်စားခြင်းအားဖြင့် စောစောပိုင်းကတစ် စိတ်တစ်ဒေသမူးယစ်နေမှုမရှိခဲ့လျှင် သူတို့အားသေစေသည့် ယင်းဒုစရိုက်ကို ပြုလုပ်မိလိမ့်မည်မဟုတ်ပေ။ ကိုယ်တော် ရှင်ကိန်းဝပ်တော်မူကြောင်းအထင်အရှားဖြစ်သည့် သန့်ရှင်းရာဌာနတော်တွင် သူတို့ဝင်ရောက်မသွားမီ သတိကြီးစွာဖြင့် ပြင်ဆင်ထားမှုရှိသည်ကို သူတို့သိရှိကြသည်။ သို့ရာတွင် ချုပ်တည်းခြိုးခြံမှုကင်းမဲ့မှုကြောင့် သူတို့၏သန့်ရှင်းသော လုပ်ငန်းကို ထမ်းဆောင်ရန် မထိုက်တန်သောဘဝသို့ သက်ဆင်းရတော့သည်။ သူတို့၏စိတ်များသည် ရှုပ်ထွေးလာ၍ကိုယ်ကျင့်တရားဆိုင်ရာ အသိဉာဏ်လည်းထုံထိုင်းလာသောကြောင့် သန့်ရှင်းသောအရာနှင့် သာမညဖြစ်သော အရာများတို့၏ခြားနားမှုကိုခွဲခြားသိမြင်နိုင်စွမ်း မရှိကြတော့ပေ။**PP, pp. 361, 362.**

## ၂ မပြင်းထန်သော မူးယစ်စေတတ်သည့် အသုံးအဆောင်များစိတ်ကို ထိခိုက်ပုံ

အမွေခံထားသောစိတ်ယိုင်မှုများကို သေရည်သေရက်ကလှုံ့ဆော်ပေးပုံ။ လှုံ့ဆော်တတ်သော အသုံးအဆောင် များကို တောင့်တစိတ်အမွေခံခဲ့ရသော သူတို့အတွက် အိမ်ထဲ၌မည်သည့်သေရည်သေရက်မျိုးကိုမျှ ထားရှိဖို့ဘေးမကင်း

ပေ။ အကြောင်းမှာ ယင်းသေရည်သေရက်ကို သုံးဆောင်ဖို့စာတန်သည် အမြဲတမ်းသွေးဆောင်နေသောကြောင့် ဖြစ်သည်။ အကယ်၍သူ့သွေးဆောင်မှုများကို လိုက်လျောမိလျှင် သူတို့အတွက် အဆုံးရှိမည်မဟုတ်တော့ပေ။ ခံတွင်းက သေရည်သေရက်ကို သောက်ရန် တောင်းဆိုသည်။ ယင်းတောင်းဆိုချက်အတိုင်း ပျက်စီးခြင်း ရင်ဆိုင်ရသည်တိုင်အောင် သောက်စားကြလေသည်။ ဦးနှောက်သည် ထုံထိုင်းလာသည်။ ဆင်ခြင်တုံတရား၏ ကြိုးကိုင်မှုသည် မရှိတော့ပြီ။ ယင်းကြိုးများကို တပ်မက်ခြင်းသို့ လွှဲပြောင်းပေးလိုက်သည်။ သေရည်သေရက်သောက်စားမူးယစ်မှုကြောင့် ကာမဂုဏ်လိုက်စားမှုများပြား၍ ဆိုးသွမ်းမှုအမျိုးမျိုးတို့ကို ကျင့်သုံးမှုလည်းတိုးတက်လာလေတော့သည်။ **CTBH, pp. 32, 33.**

ကျေးဇူးတော်၌မကြီးထွားနိုင်။ ယင်းလှုံ့ဆော်သောအသုံးအဆောင်များကိုနှစ်ခြိုက်၍ယင်းအသုံးအဆောင် များကို အကျင့်လုပ်၍ သုံးစွဲသောသူတို့သည် ကျေးဇူးတော်၌ ကြီးထွားရင့်သန်လာရန် ခဲယဉ်းလှပေသည်။ သူသည် ကြမ်းတမ်းလာသည်။ အာရုံခံစားမှုကိုလိုက်စားလာသည်။ သူ့စိတ်၏ မြင့်မြတ်သောစွမ်းရည်များကို တိရစ္ဆာန်တို့၏ တပ်မက်မှုမျိုးက အုပ်စီးထားသည်။ **CTBH, p. 33.**

မပြင်းထန်သောမူးယစ်စေသည့်အသုံးအဆောင်များအားဖြင့် စိတ်ကိုမှောက်မှားစေခြင်း။ ချုပ်တည်းခြိုးခြံမှု ခံတပ်ကြီးမှ စာတန်ကတရွေ့ရွေ့သွေးဆောင်ခေါ်ယူသွားသောကြောင့်လည်းကောင်း၊ ရသာရုံအပေါ်တွင်သေရည်သေရက်၏လွှမ်းမိုးမှုမှာ ထက်မြက်သောကြောင့်လည်းကောင်း၊ သက်ဆိုင်သောပုဂ္ဂိုလ်တို့သည် ယစ်ထုပ်ကြီးဘဝသို့ မသိမသာရောက်ရှိသွားကြသည်။ လှုံ့ဆော်တတ်သောအသုံးအဆောင်များကိုမြည်းစမ်းလိုသောဆန္ဒကားပျိုးထောင်ပြီးဖြစ်လေပြီ။ အာရုံကြောစုသည် ကစဉ့်ကလျားဖြစ်ရလေပြီ။ စာတန်သည် စိတ်အာရုံအား မငြိမ်မသက်သောအခြေ၌ထားရှိလေပြီ။ ကာယကံရှင်သည် မိမိကိုယ်အား ဘေးမသီရန်မခနိုင်ဟု ယူဆလင့်ကစား အကာအရံရှိသမျှတို့သည် ကျိုးပဲ့ပျက်စီး၍ ကျင့်ဝတ်ကျင့်စဉ်ရှိသမျှတို့ကိုလည်း ချိုးဖောက်ပြီးသည်တိုင်အောင် ရှေ့သို့တိုးတက်လိုက်စားလာတော့သည်။ အခိုင်မာဆုံးပြုလုပ်ခဲ့သော ဆုံးဖြတ်ချက်များကို နင်းချေပစ်၍ယုတ်ညံ့ယိုယွင်းနေသောခံတွင်းကို ဆင်ခြင်တုံ တရား၏စိုးမိုးမှု ဘောင်အတွင်းသွတ်သွင်းထားရန် ထာဝရကာလဆိုင်ရာ အကျိုးခံစားခွင့်များသည် အားအင်မရှိတော့သလောက်ဖြစ်နေတော့သည်။ အချို့သောသူတို့သည် ဘယ်အခါမျှ တကယ်တမ်းမူးယစ်နေခြင်းမရှိပဲ မပြင်းထန်သော မူးယစ်စေသောအသုံးအဆောင်များ ၏ဩဇာသက်ရောက်မှု အရိပ်အာဝါသအောက်တွင် အမြဲတမ်းရပ်တည်နေကြသည်။ သူတို့သည် ဖျားနာရောဂါစွဲကပ်နေတတ်သည်။ အမှန်အားဖြင့် ကယောင်ချောက်ချားမဖြစ်သော်လည်း စိတ်တည်ငြိမ်မှုမရှိ။ ယင်းသို့ဖြစ်ရခြင်းမှာ စိတ်၏မြင့်မြတ်သောစွမ်းရည်များသည် မှောက်မှားကုန်သောကြောင့်ဖြစ်သည်။ **CTBH, p. 33.**

အချဉ်ဖောက်မထားသော စပျစ်ရည်။ အချဉ်ဖောက်မထားသောစပျစ်ရည်သည် ကျန်းမာစေတတ်သော အဖျော်ယမကာဖြစ်သည်။ **M, 126, 1903.**

စပျစ်ရည်ကိုလတ်ဆတ်သောအခြေအနေတွင် အချိုအရသာမပျက်ပဲ ဘူးတွင်း ထားနိုင်၍ အချဉ်မဖောက်သော အခြေအနေတွင် သုံးဆောင်လျှင် ကျိုးကြောင်းဆင်ခြင်တတ်သောစွမ်းရည်ကို ထိခိုက်လိမ့်မည် မဟုတ်ပေ။ **R & H, March25, 1884.**

ချိုသောစိုင်ဒါ (သစ်သော့သီးရည်) အရက်ချို။ ဤအရသာကောင်းသော စိုင်ဒါအရက်ကို ဘာနှင့်ထုတ်လုပ်ထားသည်ကို ကျွန်ုပ်တို့သိသလား။ ဈေး၌ရောင်းချရန်အတွက် သစ်သော့သီးအရက်ချိုကို ထုတ်လုပ်သောသူတို့သည် သူတို့အသုံးပြုသော သစ်သော့သီး၏အခြေအနေကို များစွာဂရုမပြုပဲ အများအားဖြင့် သစ်သော့သီးအပုပ်များမှ အရည်ကို ညှစ်ယူကြသည်။ သူတို့၏ကိုယ်ခန္ဓာအတွင်းသို့ အဆိပ်ရည်ကို ထည့်သွင်းလိမ့်မည် မဟုတ်သောသူတို့သည် ပုပ်စပ်သောသစ်သော့သီးဖြင့်ထုတ်လုပ်ထားသော စိုင်ဒါအရက်ချိုကို သုံးဆောင်၍ ယင်းသုံးဆောင်မှုကို စည်းစိမ်ခံစားခြင်းဟုခေါ်ဆိုကြသည်။ သို့ရာတွင် မှန်ဘီလူးဖြင့် ကြည့်ရှုလျှင် ယင်းနှစ်သက်ဖွယ်သောယမကာသည် ညှစ်ပြီးခါစလတ်လတ်ဆတ်ဆတ် ဖြစ်သော်လည်း လူ့အစာအိမ်ကို အန္တရာယ်ပြုနိုင်သောကြောင့် အစာအိမ်အတွက် မသင့်လျော်ဟု အများအားဖြင့် တွေ့ရှိရသည်။ အကယ်၍ ယင်းအရည်ကို ပြုတ်၍ မသန့်ရှင်းသော အရာဝတ္ထုများကို ထုတ်ပယ်လိုက်လျှင် ကန့်ကွက်စရာများစွာမရှိပေ။

"အို၊ ဒီစိုင်ဒါ ဆိုတာဟာ မူးယစ်တဲ့ ယမကာမျိုးမှ မဟုတ်ပဲ။ အန္တရာယ်မပြုနိုင်ပါဘူး။ ကျန်းမာမှုအတွက် အထောက်အကူတောင်ဖြစ်ပါသေးတယ်" ဟု အချို့သော သူတို့ပြောဆိုကြသည်ကို ကြားရပါသည်။ ထိုကြောင့် ယင်း

ယမကာကို ဂါလံပေါင်းများစွာ အိမ်သို့ယူဆောင်သွားကြသည်။ ရက်ပေါင်းအနည်းငယ်မျှသော အချိန်ပိုင်းတွင် ယင်းယမကာသည် ချိုလျက်ပင်ရှိသေးသည်။ ထိုနောက် အချဉ်ပေါက်လာသည်။ အချို့သော ခံတွင်းများအတွက် ယင်းစူးရှသောအရသာသည် ပိုမိုနှစ်သက်ဖွယ်ရာများဖြစ်သော်လည်း အရက်ချို သို့မဟုတ် ချိုသောသစ်သော့သီးရည် (စိုင်ဒါ) ကို နှစ်သက်သောသူသည် သူ့အကြိုက်ယမကာသည် အချဉ်ပေါက်သွားသည်ဟု ဝန်မခံလိုပေ။ **R & H, March 25, 1884.**

တစ်ခုတည်းသော ဘေးကင်းသောလမ်း။ သဘာဝမကျသော လှုံ့ဆော်သော အသုံးအဆောင်များ သုံးစွဲလိုသောခံတွင်းကို အမွေခံထားသောသူတို့၏ မြင်ကွင်း၌လည်းကောင်း၊ လက်လှမ်းမီသောနေရာများ၌လည်းကောင်း၊ သေရည်သေရက်မျိုးစုံသို့မဟုတ် စိုင်ဒါ (သစ်သော့သီးရည်) များကို လုံးဝမရှိစေရ။ အဘယ်ကြောင့်ဆိုသော် သူတို့အတွက် အမြဲတမ်းသွားရည်ယိုစရာဖြစ်နေသည်။ **MH, p. 331.**

အကယ်၍ လူတို့သည် အရာခပ်သိမ်းတို့တွင် ချုပ်တည်းခြင်းရှိလျှင် လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်၊ သေရည်သေရက်၊ ဘိန်းနှင့်မူးယစ်စေတတ်သောအရာများကို မတို့၊ မမြည်းစမ်း၊ မကိုင်တွယ်ပဲနေလျှင် သူတို့၏ကျိုးကြောင်းဆင်ခြင်တုံတရားက သူတို့၏ခံတွင်းအလိုနှင့်တပ်မက်သောစိတ်တို့ကို ချုပ်ထိန်းထားနိုင်ပေလိမ့်မည်။

ခံတွင်းမှတစ်ဆင့် စာတန်သည် စိတ်နှင့်လူ့ကိုယ်ခန္ဓာတစ်ခုလုံးကို ချုပ်ကိုင်ထားသည်။ မသေသင့်သော ထောင်သောင်းမကသော သူတို့သည် သူတို့၏စွမ်းရည်ရှိသမျှကို ခံတွင်းအလိုသို့ လိုက်စေခြင်းအားဖြင့် ဖြုန်းတီးပစ်သောကြောင့် သူတို့၏ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလများ ပျက်စီးယိုယွင်း၍ မရဏာအတွင်းသက်ဆင်းကြရသည်။ **CTBH, p. 37.**

# ၃ သေရည်သေရက်တို့၏မူးယစ်ထုံးထိုင်းစေပုံ

လူတို့သည် ပိုမိုပြင်းသော သေရည်သေရက်ကို သောက်စားခြင်းအားဖြင့် အမှန်ပင် မူးယစ်လာနိုင်ကြသည်။ အဆိုးရွားဆုံးသောမူးယစ်ခြင်းကို မပြင်းထန်သော မူးယစ်စေသော အသုံးအဆောင်ဟု ခေါ်သော သေရည်သေရက်များကဖြစ်ပေါ်လာစေသည်။ တပ်မက်သောစိတ်တို့သည် ပိုမိုခိုင်မာဆိုးသွမ်းလာသည်။ စာရိတ္တပြောင်းလဲမှုသည် ပိုမိုကြီးမား၊ ပြင်းထန်၊ ခိုင်မာလာသည်။ စိုင်ဒါသို့မဟုတ် အရက်ချိုသောက်စားခြင်းသည် ပိုမိုပြင်းထန်သော သေရည်သေရက်ကို သောက်စားလိုသောခံတွင်းမျိုးကို လှုံ့ဆော်ပေး၍ သေရည်သေရက်ကို အမြဲတမ်းသောက်စားကြသော အများသောသူတို့သည် ယစ်ထုပ်ကြီးများဘဝသို့ ရောက်ရှိလာကြတော့သည်။ **R & H, March 25, 1884.**

အကျင့်ဖြစ်နေသော မူးယစ်မှုအတွက်ဖြစ်နိုင်သောရှေ့ပြေး။ တစ်ခွက်တည်းသော သေရည်သေရက်သည် အကျင့်ဖြစ်နေသောမူးယစ်မှုသို့ ပို့ဆောင်ပေးသော စုံစမ်းခြင်းတံခါးကို ဖွင့်ပေးနိုင်သည်။ **4T, p. 578.**

စိုင်ဒါအရက်ကို သောက်စားမှုကြောင့် ရောဂါစွဲကပ်ခြင်း။ ဖျဉ်းနာ၊ အသည်းရောဂါ၊ အကြောတုန်ခြင်း၊ ဦးခေါင်း၌သွေးတိမ်းယိမ်းခြင်းမှစသော ရောဂါမျိုးစုံတို့သည် မူးယစ်သောစိုင်ဒါအရက်ကို သောက်စားမှုကြောင့်ဖြစ်ပေါ်လာသည်။ ယင်းအရက်မျိုးကို အကျင့်လုပ်၍ သောက်စားကြောင်း အများသောသူတို့သည် ရောဂါဝေဒနာများကို ထာဝစဉ်ခံစားနေကြသည်။ အချို့သောသူတို့သည် ချောင်းဆိုးသွေးပါရောဂါဖြင့် သေဆုံးကြသည်၊ သို့မဟုတ် သွက်ချာပါဒရောဂါစွဲကပ်ကြသည်။ အချို့မှာကား လေနာရောဂါခံစားနေရကြသည်။ အရေးပါအရာရောက်လှသော အင်္ဂါအစိတ်အပိုင်းတို့သည် အလုပ်မလုပ်ပဲ မူးယစ်သောစိုင်ဒါ အရက်သောက်စားမှုကို ရပ်စဲလိုက်လျှင် သူတို့အသက်ပေးအင်အားများသည် ပြန်လည်အင်အား ဖြည့်တင်းလာမည်ဖြစ်သော်လည်း သမားတော်ကြီးများက သူတို့သည် အသည်းရောဂါ ခံစားနေရသည်ဟု ပြောတတ်ကြသည်။ **R & H, March 25, 1884.**

ရေလွှမ်းမိုးခြင်းနောက်ပိုင်းခေတ်တွင် သေရည်သေရက်၏ဆိုးကျိုး။ နောဧခေတ်တွင်ကမ္ဘာကြီးသည်ခံတွင်းအလိုနှင့်ယုတ်ညံ့သော တပ်မက်ခြင်းကို လိုက်စားခြင်းအားဖြင့် ပုပ်ပျက်နေသောကြောင့် သူတို့အားရေလွှမ်းမိုးခြင်းအားဖြင့် သုတ်သင်ရှင်းလင်းရတော်မူသည်။ မြေကြီးပေါ်၌ လူတို့သည် များပြားလာပြန်သောအခါ မူးယစ်သည်တိုင်အောင် သေရည်သေရက်သောက်စားခြင်းက အာရုံများကို အမှောက်မှောက်အမှားမှားဖြစ်စေ၍ ယင်းအခြေအနေက အလွန်အ

ကြူးအသားစားခြင်းအတွက် လမ်းခင်းပေး၍ တိရစ္ဆာန်တို့၏တပ်မက်မှုစိတ်မျိုးကို လူတို့၌ အခိုင်အမာဖြစ်စေသည်။ လူတို့သည် သူတို့ကိုယ်ကို ကောင်းကင်ဘုံရှင်ဘုရားသခင်နှင့် ရင်ပေါင်တန်းလာကြသည်။ သူတို့၏စွမ်းရည်များနှင့် အခွင့်အရေးများကို သူတို့၏ဖန်ဆင်းရှင်အတွက်အသုံးမပြုပဲ သူတို့ကိုယ်တိုင်ကို ဂုဏ်ပြုရာတွင် အသုံးပြုကြသည်။ **R; TC, pp. 21, 22.**

ပိုမိုပြင်းထန်သောယမကာများ သောက်စားခြင်းသို့ ပို့ဆောင်ပေးသည်။ စိုင်ဒါအရက်သောက်စားခြင်းသည် ပိုမိုပြင်းထန်သော ယမကာများကို သောက်စားခြင်းသို့ ပို့ဆောင်ပေးသည်။ အစာအိမ်သည် သဘာဝအင်အားဆုံးရှုံးသွား၍ ၎င်းအားလှုပ်ရှားမှုကို လှုံ့ဆော်ပေးရန် ပိုမိုပြင်းထန်သော အသုံးအဆောင်တစ်ခုခုလိုအပ်လာသည်။ တစ်ခါက ကျွန်ုပ်နှင့်ကျွန်ုပ်၏ခင်ပွန်းတို့သည် ခရီးသွားနေစဉ် မီးရထားကို အချိန်ကြာမြင့်စွာ စောင့်နေရပါသည်။ ကျွန်ုပ်တို့သည် ဘူတာရုံတွင်းမှာ ရှိနေစဉ် မျက်နှာရောင်အန်းနီမြန်နေသောလယ်သမားဦးကြီးတစ်ယောက်သည် ဘူတာရုံ၏စားသောက်ဆိုင်ထဲသို့ ဝင်လာ၍ ကျယ်လောင်ကြမ်းတမ်းသောအသံဖြင့် "အကောင်းဆုံးဘရန်ဒီရှိသလား" ဟု သူကမေးလိုက်သည်။ "ရှိပါတယ်" ဟူသော အဖြေကို ဆိုင်ရှင်ထံမှ ရရှိပြီးသည်နှင့် တစ်ပြိုင်နက် "ဖန်ခွက်တစ်ဝက်ပေးပါ" ဟုမှာလိုက်သည်။ "ငရုတ်ကောင်းချဉ်ရည်ရှိသလားဗျာ" "ရှိပါတယ်" "ရှိယင် ဇွန်းကြီးနှစ်ဇွန်းအပြည့် အဲဒီအရက်ခွက်ထဲမှာ ထည့်ပါ" ဟုအပြန်အလှန်ပြောဆိုကြပြီးနောက်၊ ဇွန်းကြီးနှစ်ဇွန်းစာအရက်ထပ်ထည့်ပြီး "ငရုတ်ကောင်းမည်းမည်း တစ်ဇွန်းမောက်မောက် ရောထည့်ထားပေးပါဦးဗျာ" ဟု ထပ်လောင်းမှာလိုက်သည်။ ယင်းအရက်ခွက်ကို ရောစပ်ပေးနေရသောသူက "အဲဒီရောစပ်ထားတဲ့အရက်ကို ခင်ဗျားဘာလုပ်မလို့တုံး" ဟုမေးလိုက်သည်။ "ဒါမှရေချိန်ကိုက်မယ်" ဟုဆို၍ ယင်းပူလောင်မည့်အရက်ခွက်ကို မော့ချလိုက်သည်။ ကျွန်ုပ်၏ခင်ပွန်းက "ဒီလူဟာ သူ့အစာအိမ်ထဲက နုနယ် တဲ့အတွင်းထပ်တွေ ပျက်စီးသွားတဲ့အထိ လှုံ့ဆော်စာတွေကို စားသောက်ခဲ့တယ်။ သူ့ရဲ့အဲဒီအတွင်းသားတွေဟာ မီးလောင်ထားတဲ့ သားရေဖိနပ်လို အာရုံခံစားမှုလုံးဝ ရှိတော့မယ်မဟုတ်ဘူး" ဟု ဝေဖန်လိုက်သည်။

ဤစာရှုသူအများတို့က အန္တရာယ်ရှိကြောင်း သတိပေးချက်ကို ရယ်မောကောင်းရယ်မောကြလိမ့်မည်။ သူတို့က "တို့သောက်စားနေတဲ့ မဖြစ်စလောက်သေရည်သေရက်ကလေး သို့မဟုတ် စိုင်ဒါအရက်ကလေးက တို့ကို အန္တရာယ်ပြုမှာမဟုတ်ပါဘူး" ဟု ပြောကြလိမ့်မည်။ ယင်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးကိုစာတန်က သူ့သားကောင်အနေ ဖြင့် မှတ်သားထားလိမ့်မည်။ သူတို့အနေဖြင့်လည်း အကျင့်ဓလေ့နှင့်ခံတွင်းအလိုတည်းဟူသောသံကြိုးများသည် ချိုးနှိမ်၍မရနိုင်လောက်အောင် ခိုင်မာလာသည်အထိ စာတန်ကဦးဆောင်မှုပေးနေသည်ကို မရိပ်စားမိကြချေ။ ပြင်းထန်သောသေရည်သေရက်ကို သောက်စားလိုသောခံတွင်းသည် လူတို့အားအဘယ်မျှစိုးမိုးချုပ်ကိုင်ထားနေသည်ကို ကျွန်ုပ်တို့တွေ့မြင်နေရသည်။ တိရစ္ဆာန်များ၏အဆင့်အတန်းသို့ လျှောကျသည်တိုင်အောင် ခံတွင်း၏အလိုသို့လိုက်ရန် ရှိသမျှကို အနစ်နာခံကြသောပညာတတ်ပုဂ္ဂိုလ်ကြီးများ၊ ရာထူးဌာနန္တရကြီးများ ထမ်းဆောင်ရသောပုဂ္ဂိုလ်ကြီးများ၊ ဉာဏ်ပညာထက်မြက်သောပုဂ္ဂိုလ်ကြီးများ၊ အသိပညာနှင့်အတတ်ပညာပါရဂူကြီးများ မည်မျှများပြားလျက်ရှိဘိသနည်း။ ယင်းပုဂ္ဂိုလ်ကြီးများ၏ ဈာန်လျှောရမည့်အဖြစ်အပျက်သည် ဝိုင်အရက်သို့မဟုတ် စိုင်ဒါအရက်သောက်စားမှု မှစတင်ဖြစ်ပေါ်လာသည်။ ဤအသိတရားကြောင့် ဝိုင်အရက်သို့မဟုတ် စိုင်ဒါအရက်များကို ယမကာအနေဖြင့် ထုတ်လုပ်မှုကို ကျွန်ုပ်သည် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပါသည်။ ဘေးကင်းပါသည်ဟုဆိုသော ဝိုင်အရက်နှင့် စိုင်ဒါအရက် ချင့်ချင့်ချိန်ချိန် သောက်စားခြင်း တည်းဟူသော လမ်းစဖေါ်မှုကို ကျွန်ုပ်တို့သည် ဝီရိယရှိရှိ သစ္စာရှိရှိတားဆီးလျှင် မူးယစ်ခြင်းသို့ ပို့ဆောင်သော လမ်းမကြီးသည် ပိတ်ဆို့သွားမည်ဖြစ်သည်။ **R & H, March 25, 1884.**

## ၄ ကျမ်းစာ၌ဖော်ပြပါရှိသော စပျစ်ရည်

ကာနမြို့၌ တည်ခင်းကျွေးမွေးသော စပျစ်ရည်သည် အချဉ်ဖောက်ထားသော စပျစ်ရည်မဟုတ်။ မူးယစ်သော စပျစ်ရည်သောက်စားခွင့်ကို ကျမ်းစာတွင် ဘယ်နေရာမျှ ခွင့်ပြုထားချက်မရှိပေ။ ကာနမြို့မှ မင်္ဂလာဆောင်ပွဲတွင် ရေမှ ခရစ်တော်ပြုလုပ်ပေးသော စပျစ်ရည်သည် စပျစ်သီးမှ ရရှိသော စပျစ်ရည်အစစ်ဖြစ်သည်။ ကျမ်းစာက "စပျစ်သီးပြွတ်၌ စပျစ်ရည်ကို တွေ့သောအခါမဖျက်နှင့်၊ မင်္ဂလာရှိသည်" ဟုဆိုထားပါသည်။ ဟေရှာ ၆၅း၈။

ဓမ္မဟောင်းကျမ်းတွင် ဣသရေလလူမျိုးတို့အားခရစ်တော်က သတိပေးထားသည်မှာ "စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည်သေရက်သည် ရန်းရင်းခတ်ပြခြင်းအမှုကို ဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ။" သု ၂၀း၁။ ကိုယ်တော်ရှင်ကိုယ်တိုင်က မူးယစ်သောယမကာမျိုးကို တစ်ခါမျှ ပေးခဲ့တော်မမူပေ။ ကျိုးကြောင်းဆင်ခြင်နိုင်သောစွမ်းရည်ကို ထိုင်းမှိုင်းစေ၍ ဝိညာဉ်ရေးဆိုင်ရာ ခံယူချက်များကို ထိုင်းမှိုင်းအုပ်ဆိုင်းစေမည့် ကာမဂုဏ်ခံစားမှုကို လိုက်စားရန် စာတန်သည် လူတို့အား သွေးဆောင်သော်လည်း တပ်မက်သော စိတ်တို့ကို ချိုးနှိမ်ထားဖို့ ခရစ်တော်က ဩဝါဒပေးထားတော်မူသည်။ စုံစမ်းခြင်းအနေဖြင့် လူတို့၏ အာရုံကို ဆွဲဆောင်မည့်အရာဟူသမျှကို လူတို့မြင်ကွင်းတွင် ဘုရားသခင်မည်သည့်အခါမျှ ထားရှိတော်မမူ။ ကိုယ်တော်ရှင်၏ဘဝတစ်ခုလုံးသည် ကိုယ့်ကိုယ်ကိုယ် ငြင်းပယ်သော စံနမူနာတစ်ခုဖြစ်သည်။ တောထဲ၌ အရက်လေးဆယ် ပတ်လုံးအစာရှောင်ရာ၌ ကိုယ်တော်ရှင်သည် လူတို့ခံစားရမည့် အပြင်းထန်ဆုံးသောစုံစမ်းမှုကို လူတို့အတွက်ခံစားရာတွင် ခံတွင်းအလို၏အာနိသင်ကို ချိုးနှိမ်ထားရန်ဖြစ်သည်။ နှစ်ခြင်းဆရာယောဟန်သည် သေရည်သေရက်ကို သောက်စားခြင်းမပြုရဟု ခရစ်တော်အရှင်ကပင် ညွှန်ကြားထားတော်မူသည်။ မာနော်၏ဇနီးအား အလားတူရှောင်ကြဉ်မှုပြုလုပ်ရန် အမိန့်တော်သတ်မှတ်သောသူကား ကိုယ်တော်ရှင်ပင်ဖြစ်သည်။ ခရစ်တော်သည် အပြောတစ်မျိုးအလုပ် တစ်မျိုးဝါဒမျိုးကျင့်သုံးခြင်းရှိတော်မမူပေ။ မင်္ဂလာဆောင်ပွဲတွင် ဧည့်ပရိသတ်တို့အားကျွေး မွေးတော်မူသော အချဉ်မဖောက်ထားသောစပျစ်ရည်သည် အာဟာရဖြစ်၍ အင်အားဖြည့်တင်းသောယမကာဖြစ်သည်။ ပထမဆုံးပွဲတော် မင်္ဂလာတွင် ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့်ကိုယ်တော်၏တပည့်တော်များ အသုံးပြုသောစပျစ်ရည်သည် ယင်းစပျစ်ရည်မျိုးပင်ဖြစ်သည်။ ကယ်တင်ရှင်၏အသွေးတော်၏အထိမ်းအမှတ်အနေဖြင့် ပွဲတော်မင်္ဂလာစား ပွဲပေါ် တွင်ယင်း စပျစ်ရည် မျိုးကိုသာ အမြဲတမ်းအသုံးပြုသင့်ပေသည်။ ပွဲတော်မင်္ဂလာသည် ဝိညာဉ်ကို လန်းဆန်းစေ၍ အသက်ကိုလည်းပေးရန် ရည်စူးသည်။ ဒုစရိုက်ကိုပြုမူ အထောက်အကူပေးမည့်အရာဟူသမျှနှင့် ပွဲတော်မင်္ဂလာကို ဆက်သွယ်မှုမရှိစေရ။ **MH, pp. 333, 334.**

ကျမ်းစာထဲ၌ အသုံးပြုရန် ထောက်ခံပြောဆိုထားသော စပျစ်ရည်သည် မူးယစ်စေသောသတ္တိမရှိ။ မူးယစ်စေ တတ်သောစပျစ်ရည်ကို ယမကာအနေဖြင့်ဖြစ်စေ၊ ခရစ်တော်အသွေးတော်၏အထိမ်းအမှတ်အနေဖြင့်ဖြစ်စေ အသုံးပြု ရန် ကျမ်းစာထဲတွင် အဘယ်ကျမ်းချက်မှ သွန်သင်ထားခြင်း မရှိပေ။ မူလအခြေအနေအတိုင်း စပျစ်သီးမှ ညှစ်ယူရရှိသော စပျစ်ရည်စစ်စစ်သည် ခရစ်တော်၏အသွေးတော်အတွက် ပိုမိုကောင်းမွန်သော အထိမ်းအမှတ်ဖြစ်သည် မဖြစ်သည် သို့တည်းမဟုတ် အချဉ်ဖောက်ထားပြီး ဤမူးယစ်စေတတ်သော စပျစ်ရည်က ကိုယ်တော်၏အသွေးတော်အ တွက် အထိမ်းအမှတ်ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို ဆင်ခြင်တုံတရားရှိသော ပုဂ္ဂိုလ်အပေါင်းတို့အား မေးစမ်းပါရစေ။ ဒုတိယအမျိုးအစားစပျစ်ရည်ကို ကိုယ်တော်ရှင် ပွဲတော်မင်္ဂလာအတွက် ဘယ်အခါမျှ အသုံးမပြုကြရန် ကျွန်ုပ်တို့ တိုက် တွန်းပါရစေ။ ခရစ်တော်သည် မူးယစ်စေသော စပျစ်ရည်ကို ဘယ်အခါကမျှ ပြုလုပ်တော်မမူခဲ့ကြောင်း ကျွန်ုပ်တို့က ထောက်ခံပြောဆိုပါသည်။ ထိုကဲ့သို့ပြုလုပ်ခဲ့ပါက ယင်းလုပ်ရပ်သည် ကိုယ်တော်ရှင်၏ဩဝါဒများနှင့်ပုံသက်သေအား လုံးတို့နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းသာ ဖြစ်ပေတော့မည်။ ကိုယ်တော်ရှင်တန်ခိုးတော်၏နိမိတ်လက္ခဏာအနေဖြင့် ရေမှစပျစ်ရည်အဖြစ်သို့ ပြောင်းလဲပေးခဲ့တော်မူသော စပျစ်ရည်သည် လတ်ဆတ်သော စပျစ်သီးမှညှစ်ယူသော လတ် ဆတ်သောစပျစ်ရည်စစ်စစ်သာလျှင်ဖြစ်သည်။ **ST, Aug, 29, 1878.**

## ၅ ခရစ်ယာန်များနှင့်အရက်ချက်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း

အိမ်နီးနားချင်းတစ်ဦးအား အရက်တိုက်ကျွေးရန် လက်နှေးကြသောသူအများတို့သည် ဖျစ်ရည်ခတ် ဆေးသီး ပင်များကို စိုက်ပျိုးကြလိမ့်မည်။ ယင်းကဲ့သို့သော အပင်မျိုးစိုက်ပျိုးကြခြင်းအားဖြင့် ချုပ်တည်းခြင်းလှုပ်ရှားမှုကို ဆန့် ကျင်သော ဩဇာသက်ရောက်မှုကို အထောက်အကူပြုကြသည်။ ခရစ်ယာန်များသည် ဖျစ်ရည်ခတ်ဆေးသီးပင်ကို စိုက် ပျိုးခြင်းသို့မဟုတ်ဈေး၌ရောင်းချရန်ဝိုင်အရက်ဖြစ်စေ၊စိုင်ဒါအရက်ဖြစ်စေထုတ်လုပ်ခြင်းအားဖြင့်ဘုရားသခင်၏ပညတ်တေ ာ်ကို မလွန်ဆန်ပဲ ဘယ်ကဲ့သို့ နေနိုင်သည်ကို ကျွန်ုပ်စဉ်းစား၍မရပေ။ **CTBH, p, 32.**

မကောင်းသောအမှုအမျိုးမျိုးရှိသမျှကို ရှောင်ကြလော့။ မိမိတို့သည်ခရစ်ယာန်ဘာသာဝင်များဟုအထင်အရှား ပြောဆိုကြသောအမျိုးသားအမျိုးသမီးပညာရှင်များက အချဉ်မဖောက်ထားသောစပျစ်ရည်နှင့်သစ်သော့သီးရည်(စိုင်ဒါ)

တို့သည် မူးယစ်ခြင်းကိုမဖြစ်စေသည့်အတွက် ၎င်းတို့ကို ထုတ်လုပ်ရောင်းချခြင်းသည် အန္တရာယ်မပြုနိုင်ဟု ပြောဆိုသံကြားရသောအခါ ကျွန်ုပ်သည်စိတ်မကောင်းဖြစ်မိသည်။ ထိုပုဂ္ဂိုလ်များမျက်ကွယ်ပြုထားသည့်ယင်းအကြောင်း အရာ၏အခြားတစ်ဘက်မှ ရုပ်ပုံကားချပ်ကို ကျွန်ုပ်သိရှိပါသည်။ ယင်းမူးယစ်စေသော အသုံးအဆောင်များက ပြုနိုင်သော ကြောက်မက်ဖွယ်ကောင်းသည့် ဆိုးကျိုးကို မမြင်ရအောင် သူတို့၏မျက်စိများကို သူတို့၏ အတ္တစိတ်များက ပိတ်ဆို့ထားလိုက်သည်။ ဗျစ်ရည်ခတ်ဆေးသီးများကို ဘယ်ကဲ့သို့ အသုံးပြုကြသည်ကိုသိလျက်နှင့် ယင်းဗျစ်ရည်ခတ် ဆေးသီးများအကြီးအကျယ်စိုက်ပျိုးခြင်းအားဖြင့် မကောင်းသောအမှုအမျိုးမျိုးရှိသမျှကိုရှောင်ကြဉ်နိုင်သည်ဆိုသည်ကို ကျွန်ုပ်နားမလည်ပေ။

ပိုမိုပြင်းထန်သော လှုံ့ဆော်တတ်သည့် စားသောက်ဖွယ်ရာများကို မက်မောသောခံတွင်းမျိုးကို အားပေးအားမြှောက်ပြုခြင်း၊ သွန်သင်ပေးခြင်းပြုမည့် ယမကာများကို ထုတ်လုပ်ရာတွင် ကူညီသောသူတို့သည် ခံစားထိုက်သည့် အကျိုးကိုခံရကြမည်။ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်သောသူများဖြစ်၍ သူတို့ကျူးလွန်သော အပြစ်အတွက်နှင့်အခြားသောသူတို့၏ဘဝလမ်းတွင် စုံစမ်းသွေးဆောင်ခြင်းကို ချပေးထားမှုကြောင့် သူတို့အား ပြစ်မှုကျူးလွန်စေသည့်အတွက် ဒဏ်ခံရကြမည်။

ဤခေတ်ကာလအတွက်သမ္မာတရားကိုသက်ဝင်ယုံကြည်၍ မိမိတို့ကိုယ်ကို ပြုပြင်ပြောင်းလဲသောသူများအနေဖြင့် ရပ်တည်နေမည်ဆိုသောသူအားလုံးတို့သည် သူတို့၏ခံယူချက်အတိုင်းဆောင်ရွက်ကြပါစေ။ အကယ်၍ အသင်းတော်သားတစ်ဦးသည် ဝိုင်အရက်သို့မဟုတ်စိုင်ဒါအရက်ကို ရောင်းချမှုအတွက်ထုတ်လုပ်နေလျှင် သူ့အား မလုပ်ထိုက်သောအလုပ်ကို မလုပ်ကိုင်ရန် ကြပ်ကြပ်သတိပေးရမည်။ အကယ်၍မနာခံပဲ ဆက်လက်၍ပြုလုပ်နေခဲ့သော် သူ့အား အသင်းတော်၏အပြစ်တင်ဆုံးမခြင်း ခံနေရသူအနေဖြင့် သဘောထားရမည်။ ဤလုပ်ငန်းမျိုးနှင့်ပတ်သက်၍ ရပ်စဲရန် ဆိုဆုံးမခြင်းကို လက်မခံပဲ ငြင်းဆန်နေသောသူတို့သည် ဘုရားသခင်၏လူတို့အဖွဲ့အစည်းတွင် ဆက်လက်ရပ်တည်နေရန် မထိုက်တန်သော လူမျိုးဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်လိုက်များအနေဖြင့် ဆိုးယုတ်သောအကျင့်ဓလေ့တိုင်းကို စိတ်ရောကိုယ်ပါ ဖယ်ရှားပစ်ရမည်။ ဘုရားသခင်၏ပြစ်ဒဏ်စီရင်ချက် ချမှတ်သောနေ့တွင် ကျွန်ုပ်တို့ပယောဂကြောင့် ယစ်ထုတ်ကြီးများ ဖြစ်လာကြသောသူတို့ကို ကျွန်ုပ်တို့တွေ့ဆုံရလျှင် ကျွန်ုပ်တို့၌ ဘယ်ကဲ့သို့သော ခံစားချက်များ ရှိကြမည်နည်း။ ကျွန်ုပ်တို့သည် အပြစ်ဖြေရာ ခေတ်အစစ်တွင် ရပ်တည်နေရာ ကျွန်ုပ်တို့၏ အမှုများသည် မကြာမီသောကာလတွင် ပြန်လည်ဆန်းစစ်ခံရဖို့ ဘုရားသခင်ရှေ့တော်တွင် ပေါ်လာလိမ့်မည်။ အကယ်၍ကျွန်ုပ်တို့၏အပြုအမူက ဆင်ခြင်တုံတရားကို မှောက်လှန်၍ အကျင့်သီလသန့်စင်ခြင်းနှင့်ဘုရားသခင်အားချစ်ခြင်းတို့ကို ဖျက်ဆီးသောမူးယစ်လှုံ့ဆော်သော အသုံးအဆောင်များကို သုံးစွဲရန် အားပေးအားမြှောက်ပြုလုပ်လျှင် ကျွန်ုပ်တို့သည် ကောင်းကင်တံတိုင်းတော်များတွင် ဘယ်ကဲ့ သို့ ရပ်တည်နေနိုင်ကြမည်နည်း။ **5T, pp. 358, 359.**

ငွေကိုတပ်မက်မှုကလမ်းမှားသို့မပို့ဆောင်စေရ။ ကျွန်ုပ်ပိုင်အနည်းငယ်သောမြေဧကတို့တွင်ကျွန်ုပ်ဝယ်ယူ ချိန်က စပျစ်ရည်ညှစ်ယူသော စပျစ်သီးမျိုးကို စိုက်ပျိုးထားပါသည်။ သို့ရာတွင် ဝိုင်အရက်ချက်သော အဘယ်သူကိုမျှ ကျွန်ုပ်ခြံထွက်စပျစ်သီးများကိုမရောင်းချပေ။ ရောင်းချခဲ့လျှင်ကျွန်ုပ်၏ဝင်ငွေမှာတိုးတက်များပြားလာမည်ဖြစ်သော်လည်း အရက်ချက်သမားတို့အားစပျစ်သီးများကိုအရက်ချက်ခွင့်ပေးခြင်းအားဖြင့် ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို ကူညီမည့်အစား ထိုစပျစ်သီးများ စပျစ်ပင်ပေါ်မှာသာ ပုပ်သွားအောင် ထားလိုက်ပါမည်။

ငွေကိုတပ်မက်ခြင်းက ဩတ္တပ္ပစိတ်ကို ဖေါက်ဖျက်ကျူးလွန်အောင် လူတို့အား ပို့ဆောင်ပေးလိမ့်မည်။ ယင်းငွေများကို ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲသို့ သွင်းထားနိုင်သည်။ သို့ရာတွင် ယင်းမသန့်သောငွေများသည် ကိုယ်တော်ရှင်အား ပြစ်မှားရာရောက်သောကြောင့် ကိုယ်တော်သည် ယင်းအလှူငွေကို လက်ခံမည်မဟုတ်ပေ။ ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့ဟူသော ပညတ်ကိုချိုးဖောက်ခြင်းအားဖြင့်ယင်းငွေများကိုရရှိခဲ့သည်။ ယင်းပညတ်ကို ကျူးလွန်သောသူက သူကယင်းဝိုင် သို့မဟုတ်စိုင်ဒါအရက်များကို မချက်လျှင် အခြားသူတစ်ဦးဦးကချက်မည် ဖြစ်သောကြောင့် သူ့အိမ်နီးနားချင်းတစ်ဦးဦးသည် ဘယ်သူချက်ချက် ယစ်ထုပ်ကြီးဖြစ်လာပေမည်ဟုစောဒကတတက်မှုအတွက်ခွင့်လွှတ်ချက်မရှိပေ။

အဘယ်ကြောင့်ဆိုသော်အချို့သောသူတို့သည်မိမိတို့အိမ်နီးနားချင်းတို့၏ပါးစပ်တွင်အရက်ခွက်ကိုတပ်ပေးကြလိမ့်မည် ဖြစ်သော ကြောင့် ယင်းသေရည်သေရက်သောက်သောစုံစမ်းခြင်းကိုမှားယွင်းလမ်းလွဲနေသောသူတို့အား ရင်ဆိုင်စေ သောသူတို့အပေါ်သို့ ချမှတ်ထားသောဘေးဒဏ်ကို ခံစားရန် ခရစ်ယာန်များအနေဖြင့်မိမိ တို့ဝတ်ရုံများ အားလူတို့၏အသွေးဖြင့်စွန်းကွက်နေအောင်ပြုကြမည်လော။ ကိုယ်တော်ရှင်၏အောင်လံတော်အောက်တွင်ရပ်တည်၍ မာရ်နတ်၏လုပ်ရပ်များကိုဖျက်ဆီးပစ်ရာတွင်ကူညီရန် ယေရှုရှင်သည် မိမိ၏တပည့်တော်များ ကိုခေါ်တော်မူသည်။

နောက်ဆုံးကာလ၌ လူ့အဖွဲ့အစည်းတို့၏ အခြေအနေမှန်ကို ကောင်းမွန်ရေလည်စွာ သိရှိတော်မူသော ကမ္ဘာ့ ကယ်တင်ရှင်က ပစ္စုပ္ပန်ခေတ်၏ဒုစရိုက်များသည် စားခြင်း၊ သောက်ခြင်းတို့နှင့်ပတ်ရစ်လျက်ရှိမည်ဖြစ်ကြောင်းကို မိန့် ကြားတော်မူခဲ့သည်။ နောဧလက်ထက်ကကဲ့သို့ လူသားကြွလာတော်မူသောအချိန်၌ ဖြစ်ပျက်နေလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား မိန့်ကြားတော်မူခဲ့သည်။ "ရေလွှမ်းမိုးခြင်း မဖြစ်မီကာလ၌ နောဧသည် သင်္ဘောထဲသို့ ဝင်သောနေ့တိုင် အောင် လူများတို့သည်စားသောက်လျက်၊ ထိမ်းမြားစုံဖက်လျက်နေ၍ရေလွှမ်းမိုးခြင်းရှိသဖြင့် လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်။" နောက်ဆုံးသောကာလ၌လည်း ယင်းအခြေအနေမျိုး ရပ်တည်နေ မည်ဖြစ်ပြီး၊ ယင်းသတိပေးချက်များကို ယုံကြည်သောသူတို့သည် သူတို့အားကျိန်ခြင်း အမင်္ဂလာခံစေမည့် လမ်းစဉ်မျိုး ကို မကျင့်သုံးမိရန် သတိကြီးစွာ ထားရကြလိမ့်မည်ဖြစ်သည်။ **R & H, March 25, 1884.**

သမ္မာကျမ်းစာ၊ သဘာဝနှင့်ကျိုးကြောင်းဆင်ခြင်တုံတရားအရ။ မူးယစ်သေစာများနှင့်စပ်ဆိုင်၍ သမ္မာကျမ်း စာ၊ သဘာဝနှင့်ကျိုးကြောင်းဆင်ခြင်တုံတရားတို့၏သွန်သင်ချက်အရ ခရစ်ယာန်များသည် ဘီယာအရက်ချက်ရန်လည်း ကောင်း၊ ဈေးတွင်ရောင်းချဖို့ ဝိုင်အရက်သို့မဟုတ်စိုင်ဒါအရက်များ ချက်ရန်လည်းကောင်း အသုံးပြုရသော ဗျစ်ရည် ခတ်ဆေးသီးပင်ကို အဘယ်ကဲ့သို့စိုက်ပျိုးနိုင်ကြမည်နည်း။ သူတို့နှင့်စပ်ဆိုင်သောသူတို့ကို သူတို့ကိုယ်နှင့်အမျှချစ် လျှင် ထိုသူတို့အတွက်ထောင်ချောက်ဖြစ်မည့်အရာကို သူတို့သွားရာလမ်း၌ချထားခြင်းအားဖြင့် အဘယ်နည်းနှင့်ဝိုင်း ဝန်းကူညီရာရောက်နိုင်ကြမည်နည်း။ **MH, p. 334.**

ညီအစ်ကိုတို့၊ ကျွန်ုပ်တို့သည် ဤကိစ္စနှင့်ပတ်သက်၍ ကျမ်းစာ၏သွန်သင်ချက်ရှုထောင့်မှ ကြည့်ရှု၍ ခပ်သိမ်း သောမှုကိစ္စတို့တွင် ချုပ်တည်းခြိုးခြံခြင်းဘက်မှ မားမားမတ်မတ်ရပ်တည်ကြပါစို့။ သစ်သော့သီးနှင့်စပျစ်သီးများသည် ဘုရားသခင်ပေးသနားတော်မူသော လက်ဆောင်များဖြစ်သည်။ ၎င်းတို့ကို ကျန်းမာမှုကိုဖြစ်စေသော အစာရေစာအနေ ဖြင့် အကောင်းဆုံးအသုံးချနိုင်သည်။ သို့မဟုတ်လျှင် အလွဲအသုံးပြုခြင်းအားဖြင့် ယင်းအသုံးအဆောင်များသည် အန္တရာယ်ပြုတတ်သည်။ လူတို့သည် စပျစ်သီးနှင့်သစ်သော့သီးများကို အပြစ်ဒုစရိုက်ဆိုင်ရာ လုပ်ငန်းများအတွက် အသုံးပြုကြသောကြောင့် ဘုရားသခင်သည် ယင်းအသီးအနှံများကို အရသာပျက်စေလေပြီ။ ကျွန်ုပ်တို့သည် ကမ္ဘာပေါ် တွင် ပြုပြင်ပြောင်းလဲသောသူများအနေဖြင့် ရပ်တည်နေကြသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားကို ကဲ့ရဲ့ပြစ်တင် သောစကားပြောခွင့်ကို မယုံကြည်သော သူတို့အား မပေးကြပါလေနှင့်။ ခရစ်တော်အရှင်က "သင်တို့သည် ဤလောက၏ဆားဖြစ်ကြ၏။" "ဤလောက၏အလင်းဖြစ်ကြ၏" ဟု မိန့်တော်မူထားပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံး များနှင့်ဩတ္တပ္ပစိတ်များတို့သည် ဘုရားသခင်ကျေးဇူးတော်၏ပြုပြင်ပြောင်းလဲပေးသောအာနိသင်အားစိုးမိုးထားကြောင်း ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏အသက်တာများအားလောက၏အကျိုးပြုမှုများအနစ်နာခံကာမစံစားရန် တောင်းဆိုသည့် ဘုရားသခင်၏ပညတ်တော်မှ စင်ကြယ်သောအခြေခံသဘောတရားများက ကျွန်ုပ်တို့ကို စိုးမိုးအုပ်ထိန်းထားကြောင်းကို လည်းကောင်း ကျွန်ုပ်တို့က ပြသကြရမည်။ **5T, p. 361.**

## ၆ ချုပ်တည်းခြိုးခြံခြင်းနှင့်လုံးဝရှောင်ကြဉ်ခြင်း

ရေငတ်ပြေစေရန် လိုအပ်လာလျှင် သန့်ရှင်းသောရေကို ထမင်းမစားမီ သို့မဟုတ် ထမင်းစားပြီးမှသောက်စား ကြခြင်းသည်သဘာဝ၏တစ်ခုတည်းသောလိုအပ်ချက်ဖြစ်သည်။ လက်ဖက်ရည်၊ ကော်ဖီ၊ ဘီယာ၊ ဝိုင်အရက် သို့မဟုတ် မူးယစ်တတ်သောသေရည်သေရက်မျိုးကို ဘယ်အခါမျှမသောက်ပါလေနှင့်။ အသားမျှင်များကို သန့်ရှင်းရေး ပြုလုပ်ရာတွင် အကောင်းဆုံးအရည်သည် ရေပင်ဖြစ်သည်။ **R & H, July 29, 1884.**

ဒံယေလနှင့်သူ့အပေါင်းအဖော်နှင့်စပ်ဆိုင်၍ပေးထားသောသင်ခန်းစာသည် ကျွန်ုပ်တို့အနေဖြင့် ဆင်ခြင်လိုက်သောသင်ခန်းစာမျိုးဖြစ်သည်။ကျွန်ုပ်တို့၏အန္တရာယ်သည် ရှားပါးခြင်းမှမဟုတ်ပဲ ပေါများခြင်းမှ ဖြစ်ပေါ်လာသည်။ ကျွန်ုပ်တို့သည် အဘယ်အရာမဆိုအလွန်အကျွံသုံးစွဲရန်သွေးဆောင်မှုကိုအမြဲတမ်းခံနေရကြသည်။ ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရန်အတွက် မိမိတို့၏စွမ်းရည်များကို မဖျက်ဆီးအောင် ထိန်းသိမ်းထားလိုသောသူတို့သည် ကိုယ်တော်ရှင်က ကြွယ်ဝစွာချပေးထားတော်မူသောအသုံးအဆောင်များကို ချုပ်တည်းခြိုးခြံမှုရှိရှိဖြင့် သုံးစွဲ၍ဘေးဖြစ်စေသော သို့မဟုတ် ယုတ်ညံ့စေသောအရာများကို လိုက်စားမှုမပြုရန် သတိပြုရကြမည်။

ခေတ်လူငယ် အမျိုးအစဉ်အဆက်သည် ခံတွင်းအရသာခံစားမှုကို လိုက်စားရန် သွေးဆောင်မှုတို့ဖြင့် ဝိုင်းထားခြင်း ခံနေရကြသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများတွင် နေထိုင်ကြသော အရွယ်သုံးပါးစလုံးသည် ကာမဂုဏ်ခံစားမှုအမျိုးမျိုးတို့ကို အလွယ်တကူနှင့်ပင်လိုက်စားနိုင်၍ ယင်းကာမဂုဏ်ခံစားမှုတို့မှာလည်း သွားရည်ကျဖွယ် ကောင်းလှလေသည်။ ဒံယေလကဲ့သို့ မိမိတို့ကိုယ်ကို ညစ်ညူးအောင်ပြုလုပ်ရန် ငြင်းပယ်သောသူတို့သည် သူတို့၏ချုပ်တည်းခြိုးခြံသောအကျင့်ဓလေ့များအတွက် ဆုလာဘ်များ ရရှိကြမည်။ သူတို့၏ပိုမိုကြီးမားသော ကိုယ်ခန္ဓာဆိုင်ရာ ခွန်အားနှင့်ပိုမိုမြင့်မားသောခံနိုင်ရည်သတ္တိအားဖြင့် အရေးကြုံသောအခါ၌ သူတို့ထုတ်ယူရန် ငွေသွင်းငွေထုတ်ဘဏ်တစ်ခုသူတို့၌ထားရှိကြပြီးဖြစ်သည်။ CTBH, pp. 27, 28.

စိတ်ကူးယဉ်စေသောစာပေသို့မဟုတ် အကျိုးမဖြစ်ထွန်းသောစာပေပရိယတ္တိများကို ဖတ်ရှုခြင်းမှရှောင်ရှားဖို့ လူငယ်လူရွယ်တို့အား အောင်မြင်စွာဆွဲဆောင်ရန် သူတို့အား ပိုမိုကောင်းမွန်သော ဒဏ္ဍာရီပုံပြင်စာစောင်များဖတ်စေရမည်ဟုမကြာခဏတိုက်တွန်းသံကိုကြားရသည်။ ယင်းလုပ်ရပ်သည် အရက်သမားတစ်ဦးအားကုသရန်ဝီစကီသို့မဟုတ် ဘရန်ဒီအစား ဝိုင်၊ ဘီယာ၊ သို့မဟုတ် စိုင်ဒါအရက်များ တိုက်ကျွေးသည်နှင့်တူသည်။ ယင်းအရက်များအဆက်မပြတ်တိုက်ကျွေးခြင်းသည် ပိုမိုပြင်းထန်သောလှုံ့ဆော်စာများကို ခံတွင်းတောင်းစေလေသည်။ မူးယစ်တတ်သောသူတို့အတွက် တစ်ခုတည်းသော လုံခြုံမှုနှင့်ချုပ်တည်းမှုရှိသော သူတို့အတွက် တစ်ခုတည်းသော အကာအကွယ်သည် သေရည်သေရက်ကို လုံးဝရှောင်ကြဉ်ခြင်းဖြစ်သည်။ MH, p, 446.

-၀-

# ပြောင်းလဲသောဘဝအားလှုပ်ရှား စေသောအခြေခံမှုများ

## ၁ ဘဝ၏ပြောင်းလဲမှုရရှိမှုသာ

စာရိတ္တ၏ပုံစံသစ်။ ခရစ်တော်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့၏စာရိတ္တကို ပုံစံသစ်သို့ပြောင်းလဲပေး၍ လူသည် အနန္တတန်ခိုးတော်ရှင်နှင့်အသက်ရှင်သောဆက်သွယ်မှု ရရှိမှသာလျှင် စုံစမ်းခြင်းခံနေရ၍ အပြစ်ဒုစရိုက်၌ နစ်မွန်းနေသောသူတို့အတွက် ကျွန်ုပ်တို့၏ဆောင်ရွက်မှုသည် စစ်မှန်သောအောင်ပန်းကို ဆွတ်ခူးရပေမည်။ ဤသည်ကား စစ်မှန်သောချုပ်တည်းခြိုးခြံမှုဆိုင်ရာ ကြိုးပမ်းမှုရှိသမျှတို့၏ ရည်စူးချက်ဖြစ်သည်။ 6T, p. 111.

အတွင်းမှခရစ်တော်၏ဆောင်ရွက်ချက်။ စိတ်နှလုံးအတွင်း၌ ခရစ်တော်၏ကျေးဇူးတော်သည် အမြဲတမ်းကိန်းဝပ်မှုမရှိလျှင် လူသည် ဘယ်အခါမျှ စစ်မှန်သော ချုပ်တည်းခြိုးခြံမှုမရှိနိုင်ပေ။ အခြေအနေက ပြုပြင်ပြောင်းလဲမှုကို မဆောင်ရွက်နိုင်ပေ။ ခရစ်ယာန်ဘာသာအယူဝါဒကစိတ်နှလုံးပြုပြင်ပြောင်းလဲမှုကို ကြိုရွယ်သည်။ အတွင်းမှ ခရစ်တော်၏ဆောင်ရွက်မှုကြောင့် ပြောင်းလဲလာသောအသိပညာက ညွှန်ကြားချက်အရ ယင်းခရစ်တော်ဆောင်ရွက်ပေးတော်မူသောပြောင်းလဲသောအသက်တာသည် အကောင်အထည်ပေါ်လာမည်။ ဘဝအသက်တာကိုရှေးဦးစွာပြုပြင်ပြီးမှ အတွင်းစိတ်သဘောကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုသည် အမြဲတမ်းရှုံးနိမ့်ခဲ့ပြီ။ ရှေ့ကိုအမြဲတမ်း ရှုံးနိမ့်မည်ဖြစ် သည်။ CD, p. 35.

ကိုယ်ကို ချုပ်တည်းနိုင်သောသတ္တိ ပြန်လည်ရရှိရမည်။ မူလဖောက်ပြန်မှု၏ ဝမ်းနည်းဖွယ်ရာအကောင်းဆုံးဆိုးကျိုးတစ်ရပ်သည် မိမိကိုယ်ကို ချုပ်တည်းထားနိုင်သောခွန်အားသတ္တိကို လူသားတို့ဆုံးရှုံးခြင်းဖြစ်သည်။ ဤခွန်အားသတ္တိ ပြန်လည်ရရှိမှသာ စစ်မှန်သောတိုးတက်မှု ရရှိလိမ့်မည်။

စာရိတ္တဗလကြံ့ခိုင်မှုအတွက် စိတ်နှင့်ဝိညာဉ်တို့ကို ကြီးထွားအောင်ပြုလုပ်ရာတွင် ကိုယ်ခန္ဓာသည် အသုံးပြုခံအရာမျှသာဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်များ၏ရန်သူသည် ကိုယ်ခန္ဓာဆိုင်ရာ စွမ်းရည်သတ္တိများ အင်အားချည့်နဲ့ယုတ်ညံ့လာရေးကိုဦးတည်၍သူ၏စုံစမ်းခြင်းများအားဖြင့် တိုက်ခိုက်သည်။ ဤနေရာတွင် သူ့အောင်ပန်းဆွတ်ခူးမှုသည် လူတစ်ကိုယ်လုံးအား ဒုစရိုက်လက်သို့အပ်နှံကြောင်း အဖြေပေါ်နေသည်။ အနန္တတန်ခိုးတော်ရှင်၏အုပ်ထိန်းချုပ်ကိုင်မှုမရှိလျှင် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာဆိုင်ရာသဘာဝသည် အမှန်ပင်ပျက်စီးခြင်းနှင့်သေခြင်းကို ရင်ဆိုင်စေလိမ့်မည်။

ကိုယ်ခန္ဓာကို အုပ်ထိန်းချုပ်ကိုင် ထားရမည်။ အထက်အရပ်မှ တန်ခိုးအာနိသင်များ၏အုပ်စီးချုပ်ကိုင်ထားမှု ရှိရမည်။ တပ်မက်သောစိတ်တို့ကို ဘုရားသခင်၏အုပ်ထိန်းထားမှုရှိသောစိတ်ဆန္ဒဖြင့် ထိန်းချုပ်ထားရမည်။ ကိုယ်တော်၏ကျေးဇူးတရားအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်ရှိသောကျိုးကြောင်း ဆင်ခြင်နိုင်သောစွမ်းရည်သည် ကျွန်ုပ်တို့၏ဘဝအသက်တာတွင် ထင်ပေါ်လှုပ်ရှားနေရမည်။ MH, pp. 129, 130.

တစ်ဆင့်တစ်ဆင့်ဖြတ်ရန် ကြိုးပမ်းမှု၏အကျိုးမဲ့ဖြစ်ခြင်း။ အခွင့်အရေးပိုမိုရရှိလျက်ပိုမိုမြတ်နိုးဖွယ်သော အလင်းတရားကိုရရှိခဲ့သောသူတို့၊ ပညာရေးဆိုင်ရာအခွင့်ထူးများခံစားနေရသောသူတို့က ကျန်းမာခြင်းနှင့်ဆန့်ကျင်သောအလေ့အကျင့်များကို ဖြတ်တောက်ပစ်နိုင်စွမ်းမရှိဟု ပြောဆိုကြသလား။ အထက်မြက်ဆုံးဆင်ခြင်တုံတရားလက်ကိုင်ထားသူတို့က ဘာကြောင့် အကြောင်းမှအကျိုးကို မစဉ်းစားမဆင်ခြင်ကြပါသနည်း။ လိုက်နာကျင့်စဉ်မှုပေါ်တွင် ခိုင်မြဲစွာခြေစုံရပ်လျက် သေရည်သေရက်ကို မပြည်းမစမ်း သို့မဟုတ် ဆေးလိပ်ကို သုံးစွဲမည် မဟုတ်ဟုသန္နိဋ္ဌာန်ချခြင်းအားဖြင့် ဘာကြောင့်သူတို့သည် ပြုပြင်ပြောင်းလဲရေးကိုမလုပ်ဆောင်ကြသနည်း။ ဤအရာများသည် အဆိပ်အတောက်ဖြစ်၍ ယင်းတို့ကို သုံးစွဲခြင်းသည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ခြင်းဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ပညာပေးသောအခါအချို့သောသူများက သူတို့သည်တစ်ဆင့်တစ်ဆင့်ဖြတ်ပါမည်ဟု ပြောလာကြသည်။

သို့ရာတွင် စာတန်အတွက် ယင်းကဲ့သို့သော ဆုံးဖြတ်ချက်များသည် ဟားကွက်များ ဖြစ်သည်။ သူက ယင်းပုဂ္ဂိုလ်များသည် ကျွန်ုပ်၏အာဏာစက်အောက်တွင် ရပ်တည်နေကြသည်။ ယင်းကိစ္စတွင် ကျွန်ုပ်မှာ စိုးရိမ်စရာမရှိပေဟု အဆိုပြုလိုက်သည်။

သို့ရာတွင် ဒုစရိုက်သားတို့က ဖြားယောင်းသွေးဆောင်သောအခါ တည့်တည့်နှင့်ပြတ်ပြတ် "ဟင့်အင်း" ဟု ငြင်းဆန်လောက်အောင်စာရိတ္တကြံ့ခိုင်မှုရှိသောသူအပေါ်တွင် စာတန်သည် ဩဇာလွှမ်းမိုးနိုင်စွမ်းမရှိပေ။ ယင်းကဲ့သို့ သောပုဂ္ဂိုလ်မျိုးက မာရ်နတ်၏အပေါင်းအဖော်ပြုမှုကို ငြင်းဆန်တွန်းလှန်ခဲ့သည်ဖြစ်၍ သူသည်ယေရှုခရစ်အား တွယ် ကိုင်ထားနေသမျှကာလပတ်လုံး သူ၌လုံခြုံမှုရှိသည်။ ကောင်းကင်တမန်များနှင့်ဆက်သွယ်နေလျက် သူ့အား အောင်မြင် သော စာရိတ္တကြံ့ခိုင်မှုကို ပေးကမ်းနိုင်သော အခြေအနေတွင်သူသည် ရပ်တည်နေသည်။ **M, 86, 1897.**

ခက်ခဲသောတိုက်ပွဲဖြစ်သော်လည်း ဘုရားသခင် မစတော်မူမည်။ သင်သည် ဆေးလိပ် သို့မဟုတ် မူးယစ်သော အရက်သေစာကို သောက်သလား။ ယင်းတို့ကို သုံးစွဲနေလျှင် ချက်ချင်းရပ်စဲပစ်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် သင်၏စွမ်းရည်များကို ထုံထိုင်းစေသည်။ ယင်းတို့ကို စွန့်ပစ်ရန်ခဲယဉ်းသောတိုက်ပွဲဖြစ်လင့်ကစား ယင်းတိုက်ပွဲတွင် အောင်ပွဲခံရန် ဘုရားသခင်သည် သင့်အားမစတော်မူလိမ့်မည်။ အောင်ပန်းဆွတ်ခူးဖို့ လိုအပ်သော ကျေးဇူးတော်ကို ကိုယ်တော်ရှင်ထံမှ တောင်းဆိုပါ။ ထိုနောက် ယင်းကျေးဇူးတော်ကို သင့်အားကိုယ်တော်ရှင်က ပေးတော်မူမည်ကိုယုံကြည်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရှင်သည် သင့်အားချစ်တော်မူသည်။ ခရစ်တော်ရှင်မြတ်၏ကျေးဇူးတော်ကိုစောင့်သိရိုသေရပ်တည်နေရာမှ ဆွဲဆောင်ခေါ်သွားစေရန် လောကီဆန်သောအပေါင်းအသင်း ရောင်းရင်းတို့အားခွင့်မပြုပါလေနှင့်။ ထိုသို့မဖြစ်စေပဲ သင်၏စိတ်ကို သင်၏အပေါင်းအသင်းရောင်းရင်းတို့ထံမှလွဲဖယ်၍ ခရစ်တော်ထံသို့ ချဉ်းကပ်ပါစေ။ သင်သည် ကောင်းကင်ဆိုင်ရာ ဘဏ္ဍာကို ဆည်းပူးနေကြောင်းသူတို့ အားပြောပြပါ။ သင့်ကိုယ်ကို သင်မပိုင်ပေ။ သင့်အား ဘုရားသခင်သားတော်၏အသက်တော်တည်းဟူသော အဖိုးအခ ဖြင့်ဝယ်ယူထားသောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြပါ။ **L, 226, 1903.**

ဘုရားသခင်နှင့် ဖြောင့်မတ်သောသူတို့၏အကူအညီကိုရယူပါ။ စုံစမ်းသွေးဆောင်မှုကို ခံရ၍ စာတန်၏ထိန်း ချုပ်မှုအောက်သို့ ကျရောက်နေသော်လည်း ယင်းအနှောင်အဖွဲ့မှ လွတ်မြောက်ရန် ရုန်းကန်နေသောသူတို့အတွက် ကျွန်ုပ်သည် ထာဝရဘုရားထံတော်မှ သတင်းစကားတော်တစ်ခုရရှိထားပါသည်။ အကူအညီရယူရန် ဘုရားသခင်ထံ တော်သို့ ချဉ်းကပ်ပါ။ ဘုရားသခင်ကိုချစ်ကြောက်ရိုသေသော သူတို့ထံသို့ ချဉ်းကပ်၍ ကျွန်ုပ်ကိုကြည့်ရှုစောင့်ထိန်းပါ။ အဘယ်ကြောင့်ဆိုသော် စာတန်သည် ကျွန်ုပ်အား မနားမနေ သွေးဆောင်လျက်ရှိပါသည်။ ထောင်ချောက်မှလွတ် မြောက်ရန် ကျွန်ုပ်၌အင်အား မရှိပါ။ စုံစမ်းနှောင့်ယှက်ခြင်းကို ခုခံနိုင်သော အင်အား ပိုမိုရရှိသည်တိုင်အောင် ကျွန်ုပ် အား သင်နှင့်မကွဲကွာပါစေနှင့်။ **L, 166, 1903.**

ဘုရားသခင်နှင့် ပုဂ္ဂလိကဆက်သွယ်ရေး။ သင်၏လိုလားချက်များ၊ ဝမ်းမြောက်ခြင်းများ၊ ဝမ်းနည်းခြင်းများ၊ စိုးရိမ်ခြင်းများနှင့် ကြောက်ရွံ့ခြင်းများကို ဘုရားသခင်ရှေ့တော်တွင် ချထားပါ။ "ဘုရားသခင်သည် အလွန်သနားစုံမက် တော်မူသည်။" ကျွန်ုပ်တို့၏ဝမ်းနည်းခြင်းသာမက ကျွန်ုပ်တို့၏ဝမ်းနည်းခြင်းများကို ဖော်ပြခြင်းသည်ပင်လျှင် ကိုယ် တော်ရှင်၏မေတ္တာဖြင့် ပြည့်ဝသောနှလုံးတော်ကို ထိခိုက်လေသည်။ ကျွန်ုပ်တို့နှင့်သက်ဆိုင်သော ငြိမ်းချမ်းမှုကိစ္စအဝဝ တို့သည် ကိုယ်တော်ရှင် သတိမမူမိလောက်အောင် ငယ်လွန်းလှသည်ဟူ၍ တစ်ခုမျှမရှိပေ။ ကျွန်ုပ်တို့၏ ဘဝအတွေ့ အကြုံတွင် ကိုယ်တော်ရှင်ဘက်၌ မရလောက်အောင် မည်းမှောင်နေသောအခန်းဟူ၍ တစ်ခုမျှမရှိ။ ကိုယ်တော်ရှင် မဖြေရှင်းနိုင်လောက်အောင် ခက်ခဲရှုပ်ထွေးသော ပြဿနာဟူ၍ မရှိပေ။ ကိုယ်တော်ရှင် သတိမမူမိသော သို့မဟုတ် စိတ်ဝင်စားမှုမရှိသော ကိုယ်တော်ရှင်၏အငယ်ဆုံးသော သားသမီးများ ရင်ဆိုင်ရသော ဘေးဒုက္ခဟူ၍မရှိ၊ စိတ်ဝိညာဉ် ကိုဒုက္ခပေးသော ပူပန်သောကဟူ၍ မရှိ၊ ဝမ်းမြောက်ရွှင်လန်းခြင်း ဟူ၍မရှိ၊ စိတ်ပါကိုယ်ရောက်တောင်းသော ပတ္ထနာဟူ၍ မရှိပေ။ "စိတ်ကြေမွသောသူတို့ကို နှစ်သိမ့်စေ၍ သူတို့၏အနာကိုကုတော်မူ၏" မိမိ၌ရှိသော တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် ချစ်တော်မူသော လူပုဂ္ဂိုလ်သည် တစ်ဦးတည်းရှိသည့်အလား ဘုရားသခင်နှင့် လူတိုင်း၏ဆက်သွယ်ရေးသည် ထင်ရှားပြည့်စုံလှ၏။ **SC, pp. 104, 105.**

## ၂ ပြောင်းလဲခြင်းသည် အောင်မြင်မှု၏လျှို့ဝှက်ချက်

ခံတွင်းအလိုလိုက်စားခြင်းသည် အပြစ်ဖြစ်ခြင်း။ လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ် သို့မဟုတ် သေရည်သေရက်ကဲ့သို့သော သဘာဝမကျသောခံတွင်းအလိုလိုက်ခြင်းသည် ချုပ်တည်းခြိုးခြံမှု ကင်းမဲ့ခြင်း ဖြစ်၍ ယင်းက အသက်ရှင်ခြင်းနှင့်ကျန်းမာခြင်းတို့ဆိုင်ရာ ဥပဒေပညတ်များကို တိုက်ပွဲဆင်နေ၏။ ဤတားမြစ်ထားသောအရာများကို သုံးစွဲခြင်းအားဖြင့် ဘုရားသခင်ကိုယ်တော်တိုင်က ဘယ်အခါမျှ မရည်ရွယ်ခဲ့သောအခြေအနေတစ်ခုသည် လူကိုယ်ခန္ဓာတွင်းတွင် ဖန်တီးပေးလိုက်လေသည်။ ယင်းကဲ့သို့သော အရာများ လိုက်စားခြင်းသည် လူ့ဘောင်လောက လူ့လောကတွင် ဒုစရိုက်ကိုပြုခြင်းသာဖြစ်သည်။ ဝေဒနာခံစားရခြင်း၊ ရောဂါစွဲကပ်ခြင်းနှင့်သေခြင်းတို့သည် ခံတွင်းအလိုသို့ လိုက်စားခြင်း၏ မုချပြစ်ဒဏ်များဖြစ်သည်။ **Ev, p. 266.**

သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့အထဲတွင် လုပ်ကိုင်ဆောင်ရွက်သောအခါ။ ပထမဆုံးနှင့်အရေးအကြီးဆုံးလုပ်ငန်းသည် ကျွန်ုပ်တို့၏ကယ်ချွတ်ရှင်သခင်ခရစ်တော်ယေရှုအား အပြစ်ဒုစရိုက်များကိုသယ်ပိုးသော အရှင်အနေဖြင့်လည်းကောင်း၊ အပြစ်ကိုဖြေလွှတ်သောကယ်တင်ရှင်အနေဖြင့်လည်းကောင်းတင်ပြခြင်း၊ ဧဝံဂေလိတရားတော်ကိုပြတ်သားကြည်လင်နိုင်သလောက် ကြည်လင်စွာတင်ပြခြင်းအားဖြင့်လည်းကောင်း စိတ်ဝိညာဉ်ကိုနှုိးဆွတ်လာစေ၍ ယင်းကိုအောင်မြင်ခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့အထဲတွင် လုပ်ကိုင်ဆောင်ရွက်သောအခါ ခရစ်တော်ကြွလာတော်မူခြင်းအတွက် အဆင်သင့်မရှိသေးသောသူများသည် မိမိတို့၏အပြစ်များသော အခြေအနေကိုတွေ့မြင်လာကြမည်။ ဆေးလိပ်ကို မက်မောနေကြသောသူတို့သည် ယင်းမကောင်းမှုကို ပစ်ပယ်၍ သေရည်သေရက်ကိုသောက်စားသောသူတို့သည်လည်း ယင်းအကျင့်ဆိုးကိုရပ်စဲပစ်ကြလိမ့်မည်။ သူတို့၏အပြစ်များကို ဖြေလွှတ်ဖြေရှင်းပေးမည်ဟူသော ဘုရားသခင်၏ကတိတော်များကို ယုံကြည်ခြင်းအားဖြင့် ကိုင်စွဲထားခြင်းမရှိလျှင် ယင်းကဲ့သို့ မကောင်းမှုဒုစရိုက်များကို ပစ်ပယ်ရန် တတ်နိုင်ကြမည် မဟုတ်ပေ။ **Ev, p. 264.**

လူသားတို့၏ကြီးမားသောလိုအပ်ချက်။ အပြစ်သားများအား ပြန်လည်ရွေးနုတ်ရန် ခရစ်တော်သည် မိမိ၏ အသက်တော်ကိုစွန့်တော်မူသည်။ ခံတွင်းအလိုသို့လိုက်ခြင်းသည်သန့်ရှင်း၍ ထာဝရကာလနှင့်စပ်ဆိုင်သော အရာတို့ကို သိနားလည်နိုင်စွမ်းမရှိစေလောက်အောင် ကာယဗလနှင့်အသိဉာဏ်တို့ကို ထုံထိုင်းစေသည်။ ကိုယ်အလိုသို့လိုက်ခြင်းသည် ကောင်းသောကိုယ်ကျင့်တရား ကျင့်သုံးနိုင်သောစွမ်းရည်များကို မှောက်လှန်ပစ်သည်ကို လည်းကောင်း၊ လူသားတို့၏ကြီးမားသောလိုအပ်ချက်သည် စိတ်နှလုံးနှင့် ဝိညာဉ်တို့တွင် ကိုယ်အလိုသို့လိုက်ခြင်းမှ ကိုယ့်ကိုယ်ကိုယ် ငြင်းပယ်ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် အနစ်နာခံခြင်းဘဝသို့ ပြောင်းလဲခြင်းဖြစ်သည်ကိုလည်းကောင်း ကိုယ်တော်ရှင်သည်သိရှိတော်မူသည်။ **MM, p. 264.**

လူ့ခွန်အားများဖြင့် ဆုံးရှုံးလိမ့်မည်။ ဆေးလိပ်သောက်ခြင်းသည်လူတို့၏စိတ်ကိုထုံထိုင်းစေသည်။ အဘယ်ကြောင့် ဤအကျင့်ကို မရပ်စဲပစ်သနည်း။ ကျွန်ုပ်အနေဖြင့် အပြစ်ဒုစရိုက်နှင့်စာတန်ကို ဆက်လက်၍ လုပ်ကျွေးသမှု မပြုတော့ပါဟု အဘယ်ကြောင့် ခြေစုံရပ်လျက် မပြောဆိုသနည်း။ ကျွန်ုပ်သည် ဤအဆိပ်အတောက်ဖြစ်စေသောအရာများကို မသုံးစွဲတော့ပါဟု ဆိုပါ။ ယင်းကဲ့သို့ ပြုလုပ်ပါရန် သင့်ကိုယ်ပိုင်စွမ်းအားဖြင့် မတတ်နိုင်ပါ။ ခရစ်တော်က၊ "ငါသည် သင့်အားမစရန် သင့်လက်ျာဘက်၌ရှိသည်" ဟု မိန့်တော်မူသည်။ **M, 9, 1893.**

ဘာကြောင့်အများသောသူတို့ဆုံးရှုံးရကြောင်း။ ခံတွင်းအလိုသို့လိုက်ရန်သွေးဆောင်မှုတွင်ဘုရားသခင်ပေးကမ်းတော်မူသော အကူအညီအားဖြင့်သာ အောင်မြင်နိုင်နင်းနိုင်သော အာနိသင်ရှိသည်။ သို့ရာတွင် စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်ရာလမ်းကိုလည်း စီရင်ပြုပြင်တော်မူမည်ဟူသော ဘုရားသခင်၏ကတိတော်ရှိပါသည်။ သို့ဖြစ်လျှင်ဘာကြောင့်မြောက်မြားစွာသောသူတို့သည် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြရသနည်း။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားမှုမရှိသောကြောင့်ဖြစ်သည်။ သူတို့၏လုံခြုံမှုအတွက် ထားရှိတော်မူသော အစီအစဉ်ကို ခံယူခြင်းမရှိကြ။ ထို့ကြောင့် သူတို့၏ ကမောက်ကမဖြစ်သော ခံတွင်းအလိုလိုက်စားမှုအတွက် သူတို့တင်ပြသော အကြောင်းပြချက်များသည် ဘုရားသခင်၏ရှေ့တော်တွင် အချိန်မစီးပေ။ **CTBH, p. 22.**

တစ်ခုတည်းသောဆေးဝါး။ အပြစ်ဒုစရိုက် ကျူးလွန်နေသောဘဝမှ သန့်ရှင်းစင်ကြယ်သော ဘဝသို့ ရောက်ရှိရန် တွန်းလှန်ရုန်းကန်နေသောသူတိုင်းအတွက် အကြီးမားဆုံးတန်ဖိုးအာနိသင်တည်ရာ တစ်ခုတည်းသောဌာနသည် "ထိုသခင်၏နာမတော်" သာလျှင်ဖြစ်သည်။ တ ၄း၁၂။ ငြိမ်သက်သောမျှော်လင့်ချက်အတွက်လည်းကောင်း၊ အပြစ်ဒုစရိုက်ဆိုင်ရာ စိတ်ယိုင်မှုများမှ လွတ်မြောက်ရန်အတွက်လည်းကောင်း ခရစ်တော်အရှင်မြတ်က "ရေငတ်သောသူရှိလျှင် ငါ့ထံသို့ လာ၍ သောက်လော့" (ယော၊ ၇း၂၇) ဟု မိန့်တော်မူ၏။ ဆိုးသွမ်းယုတ်မာမှုကို ကုသရန် တစ်ခုတည်းသောဆေးဝါးသည် ခရစ်တော်၏ ကျေးဇူးတော်နှင့် တန်ခိုးတော်ဖြစ်သည်။

လူကိုယ်တိုင်အင်အားဖြင့် ပြုလုပ်သည့် ဆုံးဖြတ်ချက်များသည် မည်မျှပင်ကောင်းစေကာမူ အဘယ်အကျိုးမျှမဖြစ်ထွန်းပေ။ ဆိုးသွမ်းသော အကျင့်ဓလေ့များကို မည်သည့်လောကီဆိုင်ရာ ကတိဝန်ခံချက်မျှ ချိုးဖျက်နိုင်စွမ်းမရှိပေ။ သူတို့၏စိတ်နှလုံးများသည် ဘုရားသခင်ကျေးဇူးတော်၏ အသစ်ပြုပြင်ခြင်းကို မခံရပဲ ခပ်သိမ်းသောအရာများတွင် လူသည် ဘယ်အခါမျှ ချုပ်တည်းမှုကို ကျင့်သုံးလိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် တစ်ခဏကလေးမျှ အပြစ်မှကင်းကွာနေရန် မိမိတို့ကိုယ်ကို ပြုပြင်နိုင်စွမ်းမရှိကြပေ။ မိနစ်တိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်ကို မှီခိုအားထားနေရသည်။

ခရစ်တော်သည် ဘုရားသခင်၏ပညတ်တော်ကို ပြည့်စုံကုံလုံစွာလိုက်နာစောင့်ရှောက်သော ဘဝအသက်တာမျိုး၌ ရပ်တည်တော်မူခဲ့သည်။ ယင်းကဲ့သို့ပြုလုပ်တော်မူခြင်းအားဖြင့် ကိုယ်တော်ရှင်သည် လူသားတိုင်းအတွက် ပုံသက်သေတစ်ခုကို ထားခဲ့တော်မူသည်။ ကိုယ်တော်ရှင်၏တန်ခိုးတော်နှင့် ကိုယ်တော်ရှင်၏သွန်သင်ညွှန်ကြားမှုအားဖြင့် ဤကမ္ဘာမြေကြီးပေါ်တွင် ကိုယ်တော်ရှင် နေထိုင်တော်မူခဲ့သော ဘဝအသက်တာမျိုး၌ ကျွန်ုပ်တို့ ရပ်တည်နေရကြမည်။

လုံးဝနားထောင်ခြင်းလိုအပ်သည်။ အပြစ်ရှိသောသူတို့အတွက် အမှုတော်ထမ်းဆောင်ရာတွင် ဘုရားသခင်ပညတ်တော်၏တောင်းဆိုချက်များနှင့် ကိုယ်တော်ရှင်ဘက်၌ သစ္စာရှိစွာရပ်တည်ရန် လိုအပ်ချက်တို့ကို စိတ်နှလုံးထဲ၌ သံမှိုစွဲသကဲ့သို့ မှတ်ထားရမည်။ ကိုယ်တော်ရှင်အား ဝတ်ပြုကိုးကွယ်၊ လုပ်ကျွေးသမှုပြုလုပ်ကြသောသူတို့နှင့် ယင်းကဲ့သို့မပြုလုပ်ကြသောသူတို့စပ်ကြား များစွာကွာဟမှုရှိကြောင်းကိုပြသရန် ဘယ်အခါမျှမပျက်ကွက်ပါနှင့်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ သို့ရာတွင် ကိုယ်တော်ရှင်၏ မိန့်တော်မူချက်များကို သိလျက်နှင့် ဂရုမစိုက်ကျူးလွန်သူတို့အား ခွင့်လွှတ်တော်မူလိမ့်မည် မဟုတ်ပေ။ ကိုယ်တော်ရှင်၏စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေပညတ်များကို မရိုသေ မလေးစားသော သူတို့သည် အကျိုးအပြစ်ခံစားမှုမှ လွဲရှောင်၍ရမည်မဟုတ်ပေ။ ကိုယ်တော်ရှင်ကို ဂုဏ်ပြုသောသူတို့သာလျှင် ကိုယ်တော်ရှင်က အထိုက်အလျောက် တုံ့ပြန်နိုင်တော်မူမည်။ ဤလောက၌ လူတို့ပြုမူကျင့်ကြံသမျှတို့သည် သူတို့၏ထာဝရကာလဆိုင်ရာ ကံကြမ္မာကို အဆုံးအဖြတ်ပေးသည်။ လူသည် ပျိုးကြဲသည်အတိုင်း ရိတ်သိမ်းရလိမ့်မည်။ အကြောင်းရှိလျှင် အကျိုးလည်း တစ်သဝေမတိမ်း ရှိရမည်။

ဘုရားသခင်လိုအပ်ချက်၏စံချိန်ကို ပြည့်စုံကုံလုံသော နားထောင်ခြင်းကသာ ရောက်ရှိစေနိုင်သည်။ ကိုယ်တော်ရှင်၏ လိုအပ်ချက်များကို တိကျမှုမရှိ၊ မရေရာသောအခြေအနေ၌ ထားရှိခဲ့တော်မူသည်မဟုတ်ပေ။ ကိုယ်တော်ရှင်နှင့်လူသားတို့ ညီညွတ်အောင် စီစဉ်တော်မူရာတွင် မလိုအပ်သောအရာတစ်ခုကိုမျှ လုပ်ကိုင်ရန်မှာကြားစေခိုင်းထား တော်မမူခဲ့ပေ။ ကျွန်ုပ်တို့သည် အပြစ်ရှိသောသူတို့အား ကိုယ်တော်ရှင်၏ စံပြစာရိတ္တတော်ကို ညွှန်ပြ၍ ယင်းစာရိတ္တ မျိုးကို ကိုယ်တော်ရှင်၏ကျေးဇူးတော်အားဖြင့်သာ ရရှိစေနိုင်တော်မူသော ခရစ်တော်ထံသို့ ယင်းအပြစ်သားတို့ကို ပို့ ဆောင်ရမည်။

ခရစ်တော်၏အပြစ်ကင်းသော အသက်တာအားဖြင့် အောင်မြင်ခြင်းရရှိကြောင်းကို ကတိထားတော်မူသည်။ လူသားတို့၏ အားနည်းသောဘဝရှိမှုကြောင့် သူတို့သည် အောင်မြင်ခြင်းကို မရရှိနိုင်ကြဆိုသော စိုးရိမ်ကြောင့်ကြမှုမရှိစေရန် ကယ်တင်ရှင်သည် လူသားတို့၏အားနည်းမှုရှိသမျှတို့ကို ယူတင်ဝတ်ဆောင်၍ အပြစ်ဒုစရိုက်ကင်းမဲ့သော ဘဝအသက်တာ၌ ကျင်လည်ခဲ့တော်မူ၏။ ကျွန်ုပ်တို့သည် "ဘုရားပကတိတော်ကို ဆက်ဆံရသောသူများ ဖြစ်ကြမည်အကြောင်း" ခရစ်တော်အရှင်သည် မြေကြီးပေါ်သို့ ကြွဆင်းလာတော်မူခဲ့သည်။ ကိုယ်တော်ရှင်ကျင်လည်တော်မူခဲ့သောဘဝအသက်တာက ဘုရားသခင်၏ပကတိတော်နှင့် ပူးပေါင်းသော လူ့ဇာတိသည် အပြစ်ဒုစရိုက် ကျူးလွန်ခြင်းမရှိဟု ကြေငြာသည်။

လူသားတို့သည် ဘယ်ကဲ့သို့အောင်မြင်မှုကို ရရှိနိုင်ကြောင်းပြသရန် ကယ်တင်ရှင်သည် မြေကြီးပေါ်သို့ ကြွဆင်းလာတော်မူသည်။ စာတန်၏စုံစမ်းသွေးဆောင်မှုရှိသမျှကို ခရစ်တော်က ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ရင်ဆိုင်တော်မူခဲ့သည်။ ဘုရားသခင်၏ကတိတော်များကိုယုံကြည်ကိုးစားလျက် ကိုယ်တော်သည် ဘုရားသခင်၏ပညတ်တော်များကိုနာခံရန်စွမ်းရည်ကို ရရှိ၍ စုံစမ်းသောသူအဖို့မှာကား သူ့မှန်းချက်နှင့်နှမ်းထွက်မကိုက်ပဲရှိနေသည်။ စုံစမ်းချက်တိုင်းကိုကိုယ်တော်က "ကျမ်းစာလာသည်ကား" ဆိုသောအချက်ဖြင့်ရင်ဆိုင်တော်မူခဲ့သည်။ ထိုကြောင့်မာရ်နတ်ကိုခုခံကာကွယ်ရန် ဘုရားသခင်သည်ကျွန်ုပ်တို့အား ကိုယ်တော်၏နှုတ်ကပတ်တော်ကို ပေးထားတော်မူသည်။ "အလွန်ကြီးမြတ်၍ အဖိုးထိုက်သောကတိများကို ငါတို့၌ အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုကတိတော်များကို အမှီပြု၍ သင်တို့သည် လောကီတပ်မက်ခြင်းအညစ်အကြေးနှင့် ကင်းလွတ်သဖြင့် ဘုရားပကတိကို ဆက်ဆံရသောသူ ဖြစ်ကြမည် အကြောင်းတည်း။" ၂ပေ ၁း၄။

စုံစမ်းသွေးဆောင်ခြင်းခံရသောသူအား အခြေအနေကိုလည်းကောင်း၊ ကိုယ်တိုင်၏အားနည်းခြင်းကိုလည်းကောင်း၊ စုံစမ်းသွေးဆောင်ခြင်း၏အင်အားကိုလည်းကောင်း မကြည့်စေပဲ ဘုရားသခင်နှုတ်ကပတ်တော်၏တန်ခိုးကိုကြည့်ပါစေ။ နှုတ်ကပတ်တော်၌ပါရှိသော ခွန်အားရှိသမျှကို ကျွန်ုပ်တို့ ပိုင်ဆိုင်ကြသည်။ ဆာလံဆရာက "ကိုယ်တော်ကို မပြစ်မှားပဲနေနိုင်မည်အကြောင်းဗျာဒိတ်တော်ကို နှလုံးထဲမှာ သိထားပါပြီ။" "ဖျက်ဆီးတတ်သောသူ၏လမ်းတို့ကို နှုတ်ကပတ်တော်အားဖြင့် အကျွန်ုပ်ရှောင်ပါပြီ။" ဆာ ၁၁၉း၁၁၊ ၁၇း၄။

ဆုတောင်းခြင်းအားဖြင့်ခရစ်တော်နှင့်ဆက်သွယ်ထားခြင်း။ လူတို့အားအားပေးစကားပြောပါ။ ဆုတောင်းခြင်းအားဖြင့် သူတို့အားဘုရားသခင်ထံမ ချီပေးပါ။ စုံစမ်းသွေးဆောင်ခြင်း၏နိုင်နင်းမှုကို ခံလိုက်ရသော သူတို့သည် သူတို့၏ပျက်ကွက်ဆုံးရှုံးမှုကြောင့် အသရေပျက်လျက်ရှိကြ၏။ ထို့ကြောင့် ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ရန် သူတို့အတွက် အချည်းနှီးပင် ဖြစ်တော့သည်ဟု ယူဆနေကြသည်။ သို့ရာတွင် ဤစိတ်ကူးသည် ရန်သူ၏ပယောဂကြောင့်သာဖြစ်သည်။ သူတို့သည် ဒုစရိုက်ကိုပြု၍ ဆုတောင်းပတ္ထနာပြုနိုင်စွမ်း မရှိဟု ယူဆနေကြသော အချိန်တွင် ယင်းအချိန်သည် ဆုတောင်းပတ္ထနာပြုရသောအချိန် ဖြစ်နေကြောင်းကိုပြောပြပါ။ ဆုတောင်းပတ္ထနာပြုရန် သူတို့အနေဖြင့် ရှက်ကောင်းရှက်နေမည်။ အလွန်စိတ်အားငယ်နေမည်။ သို့ရာတွင် သူတို့၏အပြစ်ဒုစရိုက်များကို ဝန်ချတောင်းပန်လျှင် ကျွန်ုပ်တို့အပြစ်များကို ဖြေလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်းပြည့်စုံတော်မူ၏။

မိမိကိုယ်တိုင်၌စွမ်းအားဟူသည် ဗလာနတ္ထိမရှိသည်ကို သိရှိသော်လည်း အနိုင်မခံအရှုံးမပေးပဲ ကယ်တင်ရှင်၏ကုသိုလ်တော်၌ အမှီတံကဲပြု၍ ဆိုးသွမ်းသောအကျင့်ဓလေ့များကို တွန်းလှန်သောသူအတွက် အောင်မြင်ရာလမ်းစသည်အမြဲပေါ်လျက်ရှိ၏။ ဆုတောင်းခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို လေ့လာခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့နှင့်အစဉ်မပြတ်ကိန်းဝပ်နေတော်မူသော ကိုယ်တော်ရှင်၏မျက်မှောက်တော်ကိုယုံကြည်ခြင်းအားဖြင့်လည်းကောင်း အင်အားအချည့်နဲ့ဆုံးဖြစ်သော ပုဂ္ဂိုလ်တစ်ဦးသည် အသက်ရှင်တော်မူသော ခရစ်တော်နှင့် အမြဲတမ်းတွေ့ထိလျက် နေထိုင်နိုင်၍ ကိုယ်တော်ရှင်ကလည်း သူတို့အား ဘယ်အခါမျှ လွှတ်ပစ်တော်မူလိမ့်မည်မဟုတ်သော လက်တော်ဖြင့် ကိုင်ဆွဲထားတော်မူမည်။ **MH, pp. 179-182.**

အောင်မြင်သောသူအတွက်ကျန်းမာမှုနှင့်ခွန်အား။ မှားယွင်းသောအကျင့်ဓလေ့များနှင့် အပြစ်ဒုစရိုက်ဆိုင်ရာ ကျင့်ကြံပြုမူခြင်းတို့ကို လိုက်စားနေသောသူသည် သမ္မာတရားတော်ရှင်၏တန်ခိုးတော်အား မိမိကိုယ်ကို ဆက်ကပ်လျှင် ယင်းဆက်ကပ်မှုမှရရှိသော သမ္မာတရားကို ကျင့်သုံးခြင်းသည် အင်အားမဲ့ဖြစ်နေဟန်ရှိသော စာရိတ္တဗလကို ပြန်လည်ရှင်သန်ထွားကြိုင်းလာစေသည်။ ယင်းကဲ့သို့ အင်အားသစ်ရရှိသောသူသည် မိမိ၏ဝိညာဉ်ကို ထာဝရကျောက်တည်းဟူသော ခရစ်တော်အရှင်နှင့် ဂဟေဆက်မထားမီကထက် ပိုမိုရင့်သန်ပြတ်သားကြည်လင်သောအသိဉာဏ်ကို ရရှိလေသည်။ ခရစ်တော်၌လုံခြုံမှုရှိကြောင်းကို သိရှိရခြင်းကြောင့် သူ၏ကာယဗလပင်လျှင် တိုးတက်ကောင်းမွန်လာသည်။ ယင်းပုဂ္ဂိုလ်ပေါ်၌ရပ်တည်လျက်ရှိသော ဘုရားသခင်၏ အထူးကောင်းချီးမင်္ဂလာ ကိုယ်တိုင်ကပင်လျှင် ကျန်းမာမှုနှင့် အင်အားဖြစ်သည်။ **CTBH, p. 13.**

အောင်မြင်မှုအတွက် အင်အားသည် ခရစ်တော်၌သာလျှင် ရှိသည်။ လူသားတို့သည် ဝိညာဉ်ဗိမာန်တော်ကို ညစ်ညူးစေကြပြီ။ ထို့ကြောင့်အိပ်ပျော်ရာမှ နိုးထ၍ ဘုရားသခင်ပေးထားတော်မူခဲ့သော လူစင်မီသောအခြေအနေကို

ပြန်လည်ရရှိရန် ကြိုးပမ်းကြဖို့ ဘုရားသခင်သည် သူတို့အားခေါ်တော်မူသည်။ ဘုရားသခင်၏ကျေးဇူးတော်မှအပ အခြားအဘယ်အရာမျှ စိတ်နှလုံးအား အပြစ်ကို ထင်ရှားသိမြင်စေခြင်းနှင့် စိတ်နှလုံးအား ပြောင်းလဲစေခြင်းကို မပြုလုပ်ပေးနိုင်ပေ။ ဒုစရိုက်၏ကျေးကျွန်တို့အား ချည်နှောင်ထားသော အနှောင်အဖွဲ့များကို ချိုးဖျက်နိုင်သောအင်အားကို ကိုယ်တော်ရှင်ထံမှသာလျှင် ရရှိနိုင်သည်။ ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလတို့၏ တိုးတက်မှုကို လက်လွတ်စေသော အကျင့်ဓလေ့များကို ဆက်လက်ကျင့်သုံးနေချိန်တွင် မိမိကိုယ်ခန္ဓာကို အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့် ပြည့်စုံသောယဇ်အနေဖြင့် ပူဇော်ရန် ခဲယဉ်းလှပေသည်။ တမန်တော်က "သင်တို့သည် လောကီပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့" ဟု ထပ်မံတိုက်တွန်းထားသည်။ ရော ၁၂း၂။ **CTBH, pp. 10, 11.**

ခရစ်တော်၏ခွန်အားဖြင့်။ ခံတွင်းအလိုလိုက်ခြင်းဆိုင်ရာအချက်တွင် ခရစ်တော်သည် တိုက်ပွဲဆင်နွှဲတော်မူ၍ အောင်ပွဲဆင်တော်မူခဲ့သည်။ ကိုယ်တော်၏ထံတော်မှ ရရှိသောခွန်အား အားဖြင့် ကျွန်ုပ်တို့လည်း အောင်ပွဲဆင်နိုင်ကြသည်။ အဘယ်သူသည် မြို့တံခါးအတွင်းသို့ ဝင်ကြမည်နည်း။ ခံတွင်းအလိုလိုက်ခြင်းကို ချိုးဖျက်နှိပ်ကွပ်ခြင်းမပြုနိုင်ဟုဆိုသောသူတို့သည် မြို့တံခါးအတွင်းသို့မဝင်ရကြ။ ကျွန်ုပ်တို့အား ကျွန်ဘဝတွင် ချုပ်နှောင်ထားလိုသည့် သူ၏တန်ခိုးကို ခရစ်တော်သည် ခုခံတိုက်ဖျက်တော်မူသည်။ ရက်ပေါင်းလေးဆယ်မျှကြာရှည်စွာအစာရှောင်မှုကြောင့် အင်အားနည်းသော်လည်း ကိုယ်တော်ရှင်သည် စုံစမ်းသွေးဆောင်မှုကို ခုခံတိုက်ဖျက်ခြင်းအားဖြင့် ကျွန်ုပ်တို့ အဖို့မှာလည်း မျှော်လင့်ခြင်းကင်းမဲ့သည် မဟုတ်ကြောင်းကို သက်သေပြတော်မူသည်။ ကျွန်ုပ်တို့သည် တစ်ဦးတည်းအနေဖြင့် အောင်ပွဲမဆင်နိုင်သည်ကို ကျွန်ုပ်သိရှိပါသည်။ ကျွန်ုပ်တို့အား ကူညီရန်အသင့်ဖြစ်နေသည်သာမက ကူညီရန် လိုလိုလားလားဖြစ်သော အသက်ရှင်တော်မူသောကယ်တင်ရှင်သည် ကျွန်ုပ်တို့၌ရှိသည်အတွက် ကျွန်ုပ်တို့သည် ဘယ်မျှလောက် ကိုယ်တော်ရှင်အား ကျေးဇူးတင်သင့်ပါသနည်း။

တစ်ခါက ကျွန်ုပ်၏ဓမ္မပရိသတ်ထဲမှ ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို သတိရပါသည်။ သေရည်သေရက်နှင့်ဆေးလိပ်များကို သုံးစွဲမှုကြောင့် သူ့ကိုယ်ကာယနှင့်စိတ်တို့သည် ပျက်စီးလုမတတ်ရှိနေခဲ့သည်။ အပျော်အပါးကြူးမှုကြောင့် ခါးကုန်းလျက်ရှိနေလေပြီ။ သူ ဝတ်ဆင်ထားသော အဝတ်အစားတို့မှာလည်း သူ့အခြေအနေနှင့်ကိုက်ညီစွာ ဟောင်းနွမ်းစုတ်ပြတ်လျက်ရှိသည်။ သူ့ကိုကြည့်ရသည်မှာ လူကောင်းသူကောင်းတစ်ယောက်ပြန်ဖြစ်ရန်မျှော်လင့်ချက် မရှိသလောက်ဖြစ်သော အစွန်းသို့ ရောက်ရှိနေလေပြီ။ သို့ရာတွင် သေခြင်းမှ ထမြောက်ရှင်ပြန်တော်မူသော ကယ်တင်ရှင်၏ခွန်အားဖြင့်စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်ရန် ကျွန်ုပ်က သူ့အား ပြောသောအခါ သူသည် တုန်တုန်ယင်ယင်ဖြင့် မတ်တတ်ရပ်လျက် "ခင်ဗျားက ကျွန်တော်ရဲ့သာရေးနာရေးကိစ္စကို စိတ်ဝင်စားတယ်။ ဒါကြောင့် ကျွန်တော်လည်း ကျွန်တော်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ စိတ်ဝင်စားပါတော့မယ်" ဟု ပြောကြားလိုက်ပါသည်။ နောက်ခြောက်လကြာပြီး နောက်ထိုသူသည် ကျွန်ုပ်၏အိမ်ကိုလာပါသည်။ ကျွန်ုပ်သည် သူ့ကို မမှတ်မိတော့ပါ။ ကြည်လင်တောက်ပပြုံးရွှင်သောမျက်နှာထား၊ မျက်ရည်များဖြင့် ပြည့်လျှံနေသောမျက်လုံးများဖြင့် သူသည် ကျွန်ုပ်၏လက်ကို ဆွဲကိုင်ပြီး "ခင်ဗျားကျွန်တော့်ကို မသိပါဘူး။ ဒါပေမယ့် ခင်ဗျားရဲ့တစ်နေ့သော ဓမ္မစည်းဝေးမှာ ဓမ္မပရိတ်သတ်ထဲက အပေါ်ကုတ်အကျႌပြာရောင်ဝတ်ထားတဲ့ လူတစ်ယောက်က မတ်တတ်ရပ်ပြီး သူ့ကိုယ်ကို သူပြုပြင်ပါတော့မယ်လို့ ပြောတဲ့လူတစ်ယောက်ကိုမှတ်မိပါရဲ့လား"ဟုပြောပါသည်။ ကျွန်ုပ်အံ့အားသင့်သွားပါသည်။ သူသည် ဖြောင့်ဖြောင့်ကြီးမတ်တတ်ရပ်နေပါသည်။ သူ့ရုပ်ရည်မှာလည်းဆယ်နှစ်မျှနုသွားပါသည်။ ယင်းစည်းဝေးမှအပြန်သူ့အိမ်တွင်နာရီပေါင်းများစွာ ဆုတောင်းပြီးနောက်တစ်နေ့နေထွက်သည့်အချိန်အထိသူ့ကိုယ်နှင့်တိုက်ပွဲဆင်ခဲ့ပါသည်။ တစ်ညလုံးတိုက်ပွဲဆင်ပြီးမှ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် နံနက်မိုးသောက်အလင်းရောက်သောအခါ အောင်ပွဲဆင်သွားရလေသည်။ ဤပုဂ္ဂိုလ်ကြီးကယင်းဆိုးသွမ်းသောအကျင့်ဓလေ့များတို့၏ကျွန်ဘဝတွင် ကျင်လည်ခဲ့ရသောဝမ်းနည်းဖွယ်ကောင်းလှသည့် အတွေ့အကြုံကိုပြောပြနိုင်ပါသည်။ ယင်းကဲ့သို့ အကျင့်ဓလေ့များ၏အန္တရာယ်များအကြောင်းနှင့်ပတ်သက်၍ လူငယ်လူရွယ်များတို့အား ဘယ်ကဲ့သို့ ရှောင်ကြဉ်ရမည့် သတိပေးစကားများကို သူကောင်းမွန်စွာ ပြောပြနိုင်သည်။ သူကဲ့သို့ မကောင်းသောအကျင့်ဓလေ့များ၏အနိုင်ကျင့်မှုခံစားနေရသောသူများအား ခရစ်တော်သည်အောင်မြင်မှုအတွက် တစ်ခုတည်းသော အကူအညီ ရရာဌာဖြစ်ကြောင်း သူညွှန်ပြနိုင်ပါသည်။ **CTBH, pp. 19, 20.**

## ခရစ်တော်မှအပ စစ်မှန်သောပြောင်းလဲမှုရရာဌာနမရှိ။

ဘုရားသခင်၏တန်ခိုးတော်မှအပစစ်မှန်သောပြောင်းလဲမှုကို ပြုပြင်ဖန်တီးပေးနိုင်သောဌာနမရှိပေ။ သဘာဝအလျောက်နှင့်ပြုပြင်မှုအရ ဖြစ်ပေါ်လာသော ကိုင်းရှိုင်းမှုများအတွက်လူသားတို့စီမံထား သောအကာအဆီးများသည်ပြင်းထန် စွာစီးနေသောရေအဟုန်ကိုတားဆီးထားသောသဲအိတ်များသာဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝအသက်တာတွင် ခရစ်တော်၏ အသက်သည် အင်အားပေးရာဌာနအနေဖြင့် ရပ်တည်မှုမရှိလျှင် အတွင်းနှင့်အပြင်နှစ်ဌာနစလုံးမှ ထိုးဖောက်ဝင်ရောက်လာသော စုံစမ်းသွေးဆောင်ခြင်းများကို တွန်းလှန်တားဆီးနိုင်စွမ်း ရှိနိုင်မည်မဟုတ်ပေ။

ဝိညာဉ်ကိုညစ်ညမ်းစေသော သဘာဝအလျောက် ပေါ်ပေါက်လာသော ထိုင်းမှိုင်းမှုများကို ကျွန်ုပ်တို့သည် ပြည့်စုံကုံလုံစွာ နိုင်နင်းနိုင်စေရန် ခရစ်တော်သည် ဤလောကသို့ ကြွမြန်းလာ၍ ဘုရားသခင်၏ပညတ်တော်ကို လိုက်နာကျင့်သုံးတော်မူခဲ့သည်။ ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ကုသသောသမားတော်ကြီးအနေဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား ဝိညာဉ်နှင့်စစ်ပြိုင်တတ်သော ကိုယ်ကာယတပ်မက်ခြင်းများကို အောင်မြင်နိုင်သော စွမ်းရည်ကို ပေးတော်မူသည်။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ပြည့်စုံမှုအတွက် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အား လိုအပ်သော နည်းလမ်းအသွယ်သွယ်ကိုပေးထားတော်မူသည်။

ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်ကို ခရစ်တော်အားအပ်နှံလျှင် သူ့စိတ်သည် ပညတ်တရားစိုးမိုးခြင်း လက်အောက်သို့ ရောက်ရှိလာလေသည်။ သို့ရာတွင် ရွှေပညတ်တော်ကသာဖမ်းသွားချုပ်ထားခြင်းခံရသောသူအားလုံးတို့အား လွတ်မြောက်မှုကိုပေးသည်။ ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်လာခြင်းအားဖြင့် လူသည် လွတ်မြောက်ခြင်းကိုရ၏။ ခရစ်တော်အလိုတော်၏စိုးမိုးမှုကိုခံယူခြင်းဆိုသည်မှာလူစင်မီသောလူကြီးအဖြစ်သို့ ပြန်လည်ရောက်ရှိခြင်းကိုဆိုလိုသည်။

ဘုရားသခင်၏စကားတော်ကို နာခံလိုက်နာခြင်းသည် အပြစ်တရား၏စိုးမိုးမှုမှ လွတ်မြောက်ခြင်းဖြစ်၍ လူသားတို့၏ တပ်မက်မှုတို့မှ လွတ်မြောက်ခြင်းလည်းဖြစ်သည်။ လူသည် မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏စိတ် ကိုင်းရှိုင်းမှုများကိုလည်းကောင်း၊ ခပ်သိမ်းသောအထွတ်အမြတ်နှင့်အာဏာစက်တို့ကိုလည်းကောင်း၊ "လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သောမင်း" တို့ကိုလည်းကောင်း၊ "မိုးကောင်းကင်၌ နေသောနတ်ဆိုး" တို့ကိုလည်းကောင်း အောင်မြင်သောသူအနေဖြင့် ရပ်တည်နေနိုင်သည်။ ဧ၊ ၆း၁၂။ MH, pp. 130, 131.

## ၃ စိတ်ဆန္ဒသည် အောင်မြင်မှု၏သော့ချက်ဖြစ်ခြင်း

ပူးကပ်တိုက်ပွဲ။ လူသည် ဤလောကအတွက်သာ အသက်ရှင်ဖို့ ကျေနပ်မှုရှိနေလျှင် စိတ်နှလုံးသည် ရန်သူတည်းဟူသော မာရ်နတ်၏နည်းပေးလမ်းပြမှုတို့နှင့် ပေါင်းစည်း၍ သူစေခိုင်းသမျှကို အကောင်အထည်ဖော်လေတော့သည်။ သို့ရာတွင် လူသည် မှောင်မိုက်တန်ခိုး၏ အမည်းရောင်အောင်လံကို စွန့်ပစ်၍ ဘုရင်ဧမာနွေလ၏သွေးစွန်းသော အောင်လံတော်အောက်တွင် ရပ်တည်လျှင် တိုက်ပွဲသည် အစပြုပြီးဖြစ်သည်။ ယင်းတိုက်ပွဲကိုလည်း စကြဝဠာတစ်တိုင်းလုံး၏ရှေ့တွင် ကျင်းပသွားသည်။

အမှန်တရားဘက်မှ တိုက်ခိုက်သောသူတိုင်းသည် ရန်သူနှင့်ပူးကပ်တိုက်ခိုက်ရမည်။ သူသည် ဘုရားသခင်ထားရှိတော်မူသောလက်နက်စုံကို ဝတ်ဆင်ထားရမည်။ သို့မှသာလျှင် မာရ်နတ်၏ပရိယာယ်များကို ဆီးတားနိုင်မည်ဖြစ်သည်။ M, 47, 1896.

လူသည် သူနှင့်ဆိုင်သောကဏ္ဍကို ကိုယ်တိုင်ဆောင်ရွက်ရမည်။ ဘုရားသခင်သည် လူအား သူ၏အလိုဆန္ဒနှင့်ဆန့်ကျင်၍ မာရ်နတ်၏စက်ကွင်းမှကယ်တင်လိမ့်မည် မဟုတ်ပေ။ လူသည် ခရစ်တော်တန်ခိုးတော်၏အကူအညီဖြင့် စာတန်ကို တွန်းလှန်ရန်နှင့် မည်သည့်အဖိုးအခကို ပေးရသည်မဆိုအောင်ပွဲဆင်ရန် မိမိနှင့်ဆိုင်သောကဏ္ဍကို မိမိလူသားတို့၏အင်အားကိုအသုံးပြုလျက် ဆောင်ရွက်ရမည်။ အတိုချုပ်အားဖြင့် ခရစ်တော်သည်အောင်ပန်းကို ဆွတ်ခူးရမည်။ ထို့နောက် ခရစ်တော်၏အနန္တတန်ခိုးတော်နာမဖြင့်ရရှိခဲ့သော အောင်ပွဲအားဖြင့် လူသည်ဘုရားသခင်၏အမွေခံ၊ ၎င်းပြင် ခရစ်တော်နှင့်အတူ ဘုန်းဝင်စားရကြမည်။

ခရစ်တော်တစ်ဦးတည်းက အောင်ပွဲခံရေးကိစ္စအားလုံးကို ဆောင်ရွက်ရလျှင် လူသည်ဘုရားသခင်၏အမွေခံ၊ ၎င်းအပြင် ခရစ်တော်နှင့်အတူ ဘုန်းတော်၌ဝင်စားသောသူ မဖြစ်နိုင်ပေ။ လူသည် မိမိနှင့်ဆိုင်သော ကဏ္ဍကို ဆောင်ရွက်ရမည်။ လူသည် ခရစ်တော်ပေးတော်မူသောခွန်အားနှင့် ကျေးဇူးတော်အားဖြင့်မိမိကိုယ်ကို အောင်ပွဲဆင်နိုင်ရမည်။ အောင်ပွဲဆင်ရေးလုပ်ငန်းတွင် လူသည် ခရစ်တော်နှင့် လက်တွဲဆောင်ရွက်ရမည်။ ထို့နောက်သူသည် ခရစ်တော်နှင့်အတူ ဘုန်းတော်၌ ဝင်စားသောသူဖြစ်လာလိမ့်မည်။ **R & H, Nov, 21, 1882.**

"ယောက်ျား၏ဂုဏ်သတ္တိရှိလော့။" အကျင့်ဆိုးများလိုက်စားနေသူတို့အား ယင်းအကျင့်ဆိုးများကို ခါထုတ်ပစ်ရန် မိမိတို့ကိုယ်တိုင်ကြိုးစားဖို့လိုအပ်ကြောင်း နှိုးဆော်သတိပေးရမည်။ သူတို့အားမြှင့်တင်ပေးရန် အခြားသောသူတို့က အတတ်နိုင်ဆုံး ကြိုးစားကြပေမည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုလည်း သူတို့အား အလျှံပယ် ပေးကမ်းပေလိမ့်မည်။ ခရစ်တော်က သူတို့အား တောင်းပန်စကား ပြောကြားလိမ့်မည်။ ကိုယ်တော်ရှင်၏ ကောင်းကင်တမန်များက သူတို့အား မစကြလိမ့်မည်။ သို့ဖြစ်လင့်ကစား ကာယကံရှင်ကိုယ်တိုင်က မိမိတို့အတွက် တိုက်ပွဲဆင်နွှဲရန် နိုးကြားထကြွလုံ့လပြုခြင်းမရှိလျှင် အဆိုပါဆောင်ရွက်မှုအမျိုးမျိုးတို့သည် သဲထဲရေသွန်သလိုသာ ဖြစ်မည်။

မကြာမီ ဣသရေလဘုရင်အဖြစ် ချီးမြှောက်ခြင်းခံရတော့မည့် လူငယ်လူရွယ် ရှောလမုန်အား ဒါဝိဒ်က နောက်ဆုံးပြောကြားလိုက်သည်မှာ "အားယူလော့၊ ယောက်ျား၏ဂုဏ်သတ္တိရှိလော့။" ၃ရာ၊ ၂း၂။ မညှိုးနွမ်း မပျက်စီးနိုင်သော သရဖူကို ရရှိကြမည့် လူသားတိုင်းအား "အားယူလော့၊ ယောက်ျား၏ဂုဏ်သတ္တိရှိလော့" ဆိုသောအားပေးစကားကို ပြောတော်မူသည်။

မိမိ၏စိတ်အလိုသို့ လိုက်စားသောသူတို့သည် ယောက်ျားတို့၏ဂုဏ်သတ္တိရှိလျှင် စာရိတ္တဗလကို အားသစ်သွန်းလောင်းရန် လိုအပ်သည်ကို တွေ့မြင်ရမည်။ သိရှိရမည်။ သူတို့သည် နိုးနိုးကြားကြား ထထကြွကြွ ရှိ၍ အပြစ်များသော စိတ်အလိုလိုက်မှုကြောင့် စွန့်လွှတ်ခဲ့ရသော ဘုရားသခင်ပေးသနားတော်မူသည့် လူစင်မီသော အဆင့်အတန်းကို ခရစ်တော်၏ခွန်အား အားဖြင့် ပြန်လည်ရရှိရန် ကြိုးပမ်းဖို့ ဘုရားသခင်သည် သူတို့ကို ခေါ်တော်မူသည်။

လူသည်တတ်နိုင်သည်၊ ဒုစရိုက်ကို တွန်းလှန်ရမည်။ စုံစမ်းသွေးဆောင်ခြင်း၏ ကြောက်မက်ဖွယ်သောဆွဲဆောင်မှု၊ ကိုယ့်အလိုသို့လိုက်ခြင်းကို ပို့ဆောင်ပေးသော စိတ်ဆန္ဒ၏လွှမ်းဆွဲမှုကြောင့် အများသောသူတို့က "ကျွန်ုပ်သည် ဒုစရိုက်ကိုမတွန်းလှန်နိုင်ပါ" ဟုကြွေးကြော်ကြသည်။ ယင်းပုဂ္ဂိုလ်တို့အား သူတို့သည် တွန်းလှန်နိုင်ကြောင်း၊ တွန်းလှန်ဖြစ်အောင်တွန်းလှန်ရမည်ဖြစ်ကြောင်းကို ပြောပြပါ။ သူတို့သည် အကြိမ်ကြိမ်အဖန်ဖန်နိုင်နင်းမှုကိုခံရမည်။ သို့ရာတွင် ဤအတိုင်းအစဉ်သဖြင့်ဖြစ်နေရန်မလိုပေ။ သူတို့၏စာရိတ္တမဏ္ဍိုင်သည်အင်အားပျော့နိုင်သည်။ အကြောင်းမှာ အပြစ်နှင့်ပြည့်ဝသောအကျင့်ဆိုးများက သူတို့ကိုထိန်းချုပ်ထားသည်။ သူတို့၏ကတိများနှင့် စိတ်ပြဋ္ဌာန်းချက်များသည် သဲဖြင့်ပြုလုပ်ထားသော ကြိုးနှင့်တူသည်။ ချိုးခဲ့သောကတိများနှင့် ပျက်ခဲ့သော စိတ်ပြဋ္ဌာန်းချက်များကို သိကျွမ်း မှုကသူတို့၏ယုံကြည်စိတ်ချမှုကိုချည့်နဲ့စေ၍ ဘုရားသခင်သည် သူတို့ကိုလက်ခံနိုင်ဖွယ်မရှိ သို့မဟုတ် သူတို့၏ အကောင်းပြုရန် ကြိုးပမ်းမှုကို ဖေးမတော်မူခြင်း မပြုနိုင်ဟူသောခံယူချက်မျိုးကို ထားရှိစေသည်။ သို့သော် သူတို့သည် လက်မှိုင်ချနေရန် မလိုပေ။

ခရစ်တော်ကို ယုံကြည်အားထားသောသူတို့သည် မိရိုးဖလာ သို့မဟုတ် အကျင့်ဖြစ်နေသောဓလေ့များ သို့မဟုတ် စိတ်ကိုင်းရှိုင်းမှုများတို့၏ ကျေးကျွန်အနေဖြင့် ရပ်တည်နေရန် မလိုပေ။ အောက်တန်းကျလှသောသဘာဝ၏ကျေးကျွန်ဘဝတွင် ရပ်တည်မနေပဲ သူတို့၏ခံတွင်းအလိုနှင့်တပ်မက်သောစိတ်ကို စိုးမိုးထားနိုင်ကြရပေမည်။ ကျွန်ုပ်တို့၏ချည့်နဲ့လှသောအင်အားဖြင့် မကောင်းမှုတို့ကို တိုက်ပွဲဆင်နေရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ပစ်မထားပေ။ အမှားကို ပြုလုပ်တတ်သော မည်သည့်မိရိုးဖလာ သို့မဟုတ် အကျင့်ဖြစ်နေသော အကျင့်ဓလေ့မျိုးကိုမဆို ကိုယ်တော်ရှင်က ပေးတော်မူရန် အဆင်သင့်ဖြစ်နေသော စွမ်းရည်အားဖြင့် ကျွန်ုပ်တို့သည် အောင်ပွဲဆင်နိုင်ကြသည်။

စိတ်အလိုဆန္ဒ၏အာနိသင်။ စိတ်အလိုဆန္ဒ၏ စစ်မှန်သော အာနိသင်ကို စုံစမ်းသွေးဆောင်ခြင်းခံရသောသူသည် နားလည်ရန် လိုအပ်ပေသည်။ ယင်းစစ်မှန်သောအာနိသင်သည် လူ့ဘဝတွင်တည်ရှိသော စိတ်ဆုံးဖြတ်ခြင်း၊ ရွေးချယ်ခြင်းကို ပြုနိုင်သော သတ္တိဖြစ်သည်။ မည်သည့် လုပ်ငန်းမဆို အလိုဆန္ဒ၏မှန်ကန်သော လုပ်ရပ်ပေါ်တွင် အမှီတံကဲပြုနေသည်။ ကောင်းမြတ်ခြင်းနှင့် ဖြူစင်ခြင်းရှိလိုသောဆန္ဒများသည် မှန်ကန်ပေသည်။ သို့ရာတွင် ဤမျှနှင့်

ရပ်ဆိုင်းထားလျှင် ဘယ်မှ ခရီးရောက်မည် မဟုတ်ပေ။ အများသော သူတို့သည် သူတို့၏ဆိုးညစ်သော စိတ်ကိုင်းရှိုင်းမှုများကို အောင်မြင်နိုင်နင်းရန် မျှော်လင့်နေစဉ်၊ ဆန္ဒပြုနေစဉ်၊ ပျက်စီးခြင်းသို့ သက်ဆင်းကြရမည်။ သူတို့၏စိတ်အလိုဆန္ဒကို ဘုရားသခင်အားဆက်ကပ်ခြင်းမရှိကြ။ ကိုယ်တော်ရှင်အား ချဉ်းကပ်ရန်မရွေးချယ်ကြ။

ကျွန်ုပ်တို့ ရွေးချယ်ရမည်။ ရွေးချယ်နိုင်သောသတ္တိကို ဘုရားသခင်သည်ကျွန်ုပ်တို့အားပေးထားတော်မူသည်။ ယင်းသတ္တိကို လေ့ကျင့်ပေးရန် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို ကျွန်ုပ်တို့ ပြောင်းလဲနိုင်စွမ်း မရှိကြ။ ကျွန်ုပ်တို့၏စိတ်ကူးများ၊ စိတ်ဇောများ၊ စွဲလမ်းမှုများတို့ကို ထိန်းချုပ်ထားနိုင်စွမ်း မရှိကြ။ ကျွန်ုပ်တို့ကိုယ်ကို ဖြူစင်စေရန်လည်းကောင်း၊ ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်နိုင်ရန်လည်းကောင်း ကိုယ်တိုင်ပြုပြင်နိုင်စွမ်း မရှိကြ။ သို့ရာတွင် ကိုယ်တော်ကို ချဉ်းကပ်ဝတ်ပြုရန် ရွေးချယ်နိုင်သည်။ ကိုယ်တော်အား ကျွန်ုပ်တို့၏အလိုဆန္ဒကို ပေးနိုင်သည်။ ထို့နောက်သင်တို့သည် အလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်း သင်တို့အထဲ၌ စေတနာအားဖြင့် ကိုယ်တော်ရှင်သည် ပြုပြင်တော်မူမည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့၏ သဘာဝတစ်ခုလုံးသည် ခရစ်တော်၏အုပ်ထိန်းမှုအောက်သို့ ရောက်ရှိလာမည်။

စိတ်အလိုဆန္ဒကို မှန်ကန်စွာလေ့ကျင့်ပေးခြင်းအားဖြင့် ဘဝအသက်တာတွင် လုံးဝပြောင်းလဲမှုကို ရရှိနိုင်သည်။ စိတ်အလိုဆန္ဒကို ခရစ်တော်အား ဆက်ကပ်ခြင်းအားဖြင့် ကျွန်ုပ်တို့ ကိုယ်ကို ဘုရားသခင်တန်ခိုးတော်နှင့် ပေါင်းဖက်လိုက်ကြသည်။ ကျွန်ုပ်တို့ကိုယ်ကို တည်မြဲစွာထိန်းကိုင်ထားနိုင်ရန် ကျွန်ုပ်တို့သည် အထက်အရပ်မှ ခွန်အားကို ရှိရကြသည်။ ဖြူစင်မြင့်မြတ်သော ဘဝအသက်တာ၊ ခံတွင်းအလိုနှင့် တပ်မက်မှုတို့ကို အောင်ပွဲဆင်နိုင်သောဘဝအသက်တာဆိုသည်မှာ မိမိ၏အားနည်း၍ယိမ်းယိုင်တတ်သော လူသားတို့၏ စိတ်အလိုဆန္ဒကို အနန္တတန်ခိုးနှင့်ပြည့်ဝ၍ ယိမ်းယိုင်ခြင်းကင်းမဲ့သောဘုရားသခင်၏စိတ်ဆန္ဒတော်နှင့် ပေါင်းဖက်သောသူတိုင်းရရှိနိုင်ပါသည်။ **MH, pp. 174-176.**

စိတ်အလိုဆန္ဒသည်မှုမှန်လျှင်။ လူ့ဘဝတွင် စိတ်အလိုဆန္ဒသည် အုပ်ထိန်းသော အာနိသင်ဖြစ်သည်။ အကယ်၍ စိတ်အလိုဆန္ဒသည် မှုမှန်လျှင် လူနှင့်ဆိုင်သောကိစ္စအဖြာဖြာတို့သည် ၎င်း၏အာဏာစက်အောက်သို့ရောက်ရှိလာကြမည့် စိတ်အလိုဆန္ဒဆိုသည်မှာ လုပ်ချင်ကိုင်ချင်သောစိတ်မဟုတ်၊ စိတ်ယိမ်းယိုင်ခြင်းလည်း မဟုတ်။ ၎င်းသည် ရွေးချယ်ခြင်း၊ ဆုံးဖြတ်သောသတ္တိ၊ ဘုရင်၏အာဏာဖြစ်၍ လူသားတို့အား ဘုရားသခင်၏စကားတော်ကို နာခံစေရန် သို့မဟုတ် ငြင်းပယ်စေရန် ပြုပြင်ပေးသော အရာဖြစ်သည်။

စစ်မှန်သော စိတ်အလိုဆန္ဒ၏အာနိသင်ကို သင်သည် မသိနားမလည်လျှင် သင်သည် အန္တရာယ်ကို အမြဲတမ်းရင်ဆိုင်နေရမည်ဖြစ်သည်။ သင်သည် ခပ်သိမ်းသောအရာများကို ယုံကြည်မည်။ ၎င်းအပြင် ကတိသစ္စာပြုမည်။ သို့ရာတွင် သင့်စိတ်အလိုဆန္ဒသည် အမှန်တရားဘက်၌ မရှိလျှင် သင်၏ကတိသစ္စာများနှင့် ယုံကြည်ခြင်းတို့သည် အချည်းနှီးပင်ဖြစ်သည်။ သင်၏စိတ်အလိုဆန္ဒ၏အာနိသင်အားဖြင့် ယုံကြည်ခြင်းဆိုင်ရာ တိုက်လှန်ခြင်းကို ပြုလျှင် သင်သည် အောင်ပွဲဆင်ရမည်မှာ မြေခတ်မလွဲပင်။

စိတ်အလိုဆန္ဒကို ခရစ်တော်၌ ထားရှိလျှင်။ သင့်တာဝန်သည် သင့်စိတ်အလိုဆန္ဒကို ခရစ်တော်ဘက်၌ ထားရှိရန်ဖြစ်သည်။ သင့်စိတ်အလိုဆန္ဒကို ကိုယ်တော်၏စိတ်အလိုဆန္ဒအား အပ်နှံလျှင် ကိုယ်တော်ရှင်သည် သင့်အား ရုတ်ချည်း အပိုင်သိမ်းယူတော်မူ၍ သင်တို့သည် အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သင်တို့အထဲ၌ စေတနာအားဖြင့် ကိုယ်တော်ရှင်သည် ပြုပြင်တော်မူမည်။ သင်၏ဘဝကို သန့်ရှင်းသောဝိညာဉ်တော်၏အုပ်ထိန်းမှုအောက်သို့ ဆောင်ကြဉ်းပေးတော်မူမည်။ သင်၏စိတ်ကူးအကြံအစည်များပင်လျှင် ကိုယ်တော်ရှင်၏ ကွပ်ကဲမှုအောက်တွင် ရှိနေကြသည်။ သင်၏စိတ်ဇော၊ စိတ်လှုပ်ရှားမှုတို့ကို သင့်ဆန္ဒအရ ထိန်းချုပ်ထားနိုင်မှု မရှိလျှင် သင်၏စိတ်အလိုဆန္ဒကိုထိန်းချုပ်ထားနိုင်၍ ဤနည်းအားဖြင့် သင်၏ဘဝအသက်တာတစ်ခုလုံးသည် လုံးဝပြောင်းလဲခြင်းသို့ရောက်ရှိလာမည်။ သင်၏စိတ်အလိုဆန္ဒကို ခရစ်တော်အားအပ်နှံသောအခါ သင်၏အသက်သည် ခရစ်တော် နှင့်အတူဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ ယင်းအသက်တာသည် ခပ်သိမ်းသောအထွတ်အမြတ်၊ အာဏာစက်၊ တန်ခိုးအလုံးစုံတို့အထက်၌ရှိသောတန်ခိုးတော်နှင့်ပေါင်းဖက်ထား၏။ သင့်အား ကိုယ်တော်ရှင်၏အင်အားကို ခိုင်မြဲ စွာကိုင်စွဲထားစေသောအင်အားကို သင်သည်ဘုရားသခင်အထံတော်မှ ရရှိသည်။ ထို့ကြောင့် အသစ်သောဘဝ အသက်တာ၊ ယုံကြည်သောဘဝအသက်တာကိုပင်လျှင် သင့်အနေဖြင့် ရရှိနိုင်စွမ်းရှိသည်။

သင်၏အလိုဆန္ဒသည် ခရစ်တော်ဘက်၌မရှိလျှင် ၎င်းအပြင် ဘုရားသခင်၏ဝိညာဉ်တော်နှင့်လက်တွဲဆောင်ရွက်မှုမရှိလျှင် သင့်ဘဝကိုမြှင့်တင်ပေးရာတွင် ဘယ်အခါမျှအောင်မြင်မှု မရှိနိုင်။ သင့်အနေဖြင့် အောင်မြင်မှု မရှိနိုင်ဟူသော ခံယူချက်ကို မထားပါလေနှင့်။ "ကျွန်ုပ်အောင်မြင်မှု ရှိနိုင်သည်၊ ရှိရမည်" ဟုဆိုပါ။ စိတ်ပါကိုယ်ရောက် ကြိုးပမ်းမှုတိုင်းတွင် သင့်အားမစရန် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မူမည်ဟု ဘုရားသခင်သည် ကတိထားရှိတော်မူသည်။

သဲ့သဲ့ဖြစ်သော အော်ဟစ်သံကို ကြားတော်မူသည်။ အောင်ပွဲဆင်ရန် ကျွန်ုပ်တို့၏ကြိုးပမ်းမှုများနှင့်ဒွန်တွဲဆောင်ရွက်နေသော တန်ခိုးတော်သည် ရှိတော်မူသည်ကို ကျွန်ုပ်တို့ သိရှိနိုင်ကြသည်။ လူတို့သည် မြင့်မြတ်သောအခြေအနေသို့ ရောက်ရှိနိုင်ရန် ကမ်းလှမ်းထားတော်မူသော အကူအညီကို အဘယ်ကြောင့် မယူကြသနည်း။ မှောက်မှားသော ခံတွင်းအလိုလိုက်စားခြင်းအားဖြင့် အဘယ်ကြောင့် သူတို့ကိုယ်ကို အဆင့်အတန်း နိမ့်ကျအောင်ပြုလုပ်ကြသနည်း။ အဘယ်ကြောင့် သူတို့သည် ယေရှုရှင်၏ခွန်အားဖြင့်ထ၍ ကိုယ်တော်၏နာမတော်အားဖြင့် အောင်ပွဲကိုမဆင်နွှဲပဲနေကြသနည်း။ သဲ့သဲ့ကလေးဖြစ်သော ကျွန်ုပ်တို့၏ဆုတောင်းသံကို ယေရှုရှင်သည် ကြားတော်မူသည်။ လူတို့၏အားနည်းမှုကြောင့် သူတို့ကို ကိုယ်တော်ရှင်သည် သနားတော်မူသည်။ ကယ်တင်ရန် စွမ်းအားကြီးတော်မူသောကိုယ်တော်ရှင်အပေါ်၌ လူတိုင်းအတွက် အကူအညီကို တင်ထားတော်မူသည်။ အချက်တိုင်းတွင် အောင်ပွဲဆင်နိုင်မည့်စွမ်းရည်ကို ကိုယ်တော်တစ်ဦးတည်းသာလျှင် ပေးကမ်းနိုင်စွမ်း ရှိတော်မူသော အပြစ်သားတို့၏ ကယ်တင်ရှင်ခရစ်တော်ယေရှုကို သင်တို့အား ကျွန်ုပ်ညွှန်ပြပါ၏။

အောင်မြင်သောသူအားလုံးအတွက် သရဖူများ။ ကောင်းကင်ဆိုသည်မှာ ကျွန်ုပ်တို့၌ ရှိသမျှကို စွန့်၍ရယူအပ်သောအရာဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည်ပေါ့ပေါ့ဆဆသဘောထားလျှင်ကျွန်ုပ်တို့အတွက်အန္တရာယ်ကြီးမားလှပေသည်။ ဤကိစ္စမျိုးတွင်အရဲစွန့်၍လျစ်လျူရှုနေ၍မရပါ။ ကျွန်ုပ်တို့ခြေလှမ်းများကို ဘုရားသခင်က စီစဉ်ပေးတော်မူသည်ကို ကျွန်ုပ်တို့ သိရှိရကြမည်။ ဒုစရိုက်အပြစ်ကို အောင်ပွဲခံရေးကိစ္စကြီးတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား မစတော်မူပါစေ။ အောင်မြင်သော သူတို့အား ချီးမြှင့်ရန် ဘုရားသခင်သည် သရဖူများကို ပြင်ဆင်ထားတော်မူသည်။ ဖြောင့်မတ်သောသူတို့အားချီးမြှင့်ရန် ဖြူသောဝတ်ရုံများကိုလည်း ပြင်ဆင်ထားတော်မူသည်။ ဘုန်းတန်ခိုးအာနုဘော်၊ ဂုဏ်ဒြပ်နှင့်မသေနိုင်သောအဖြစ်ကို ရှာဖွေကြသောသူတို့အတွက် ကိုယ်တော်ရှင်သည် ထာဝရဘုန်းတော်နိုင်ငံကို ပြင်ဆင်ထားတော်မူသည်။ ဘုရားသခင်၏မြို့တော်သို့ ဝင်စားသော သူတိုင်းသည် အောင်မြင်သောသူအနေဖြင့်ဝင်စားကြရမည်။ ပုဂ္ဂိုလ်တစ်ဦးသည် ရာဇဝတ်ကောင်အနေဖြင့်မဟုတ်ပဲ ဘုရားသခင်၏ သားတော်တစ်ပါးအနေဖြင့် ဝင်စားရမည်။ ထိုနေရာသို့ ဝင်စားသောသူတိုင်းအား "ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာခံယူသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ ပြင်ဆင်ထားသောနိုင်ငံကိုလာ၍ အမွေခံကြလော့" ဟူသော မင်္ဂလာစကားများဖြင့် ကြိုဆိုတော်မူသည်။ မ၊ ၂၅း၃၄။

ဘုရားသခင် ကြည့်ရှုတော်မူ၍ သဘောကျတော်မူမည်ဖြစ်သော စာရိတ္တမျိုးဖွံ့ဖြိုးထွားကြိုင်းလာစေမည်ဖြစ်ကြောင်း ယုံကြည်ခြင်းအားဖြင့် စွမ်းအင်ကြီးမားသော မစတော်မူသောအရှင်ကို စွဲမြဲစွာကိုင်စွဲထားစေရန် တုန်လှုပ်ချောက်ချားနေသောသူတို့အား အထောက်အကူပြုမည့် စကားများကို ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာစွာ ပြောကြားမည်ဖြစ်သည်။ ဘုရားသခင်သည် သူတို့အားဖိတ်ခေါ်၍ လက်ရွေးစင်ကောင်းချီးမင်္ဂလာများကို သူတို့အပေါ်သို့ သွန်းလောင်းတော်မူ၍ သူတို့သည်လည်း ပြည့်စုံကုံလုံသောစာရိတ္တမျိုးကို ဖွံ့ဖြိုးထွားကြိုင်းလာစေရန် နည်းလမ်းများ ရရှိကြလိမ့်မည်။ သို့ရာတွင် ကာယကံရှင်များကိုယ်တိုင်က ယင်းစာရိတ္တမျိုးရရှိဖို့ လိုလိုလားလားမဖြစ်လျှင် အစီအစဉ်အားလုံးသည် အချည်းနှီးပင်ဖြစ်လိမ့်မည်။ သူတို့ကို ဘုရားသခင်ပေးထားတော်မူသော စွမ်းရည်များကို ကြိုးစား၍ အသုံးပြုရကြမည်။ သို့မဟုတ်လျှင် သူတို့၏အဆင့်အတန်းသည် နိမ့်သည်ထက် နိမ့်ကျသွား၍ ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ထာဝရကာလအတွက်လည်းကောင်း သူတို့အတွက် မျှော်လင့်ချက်မှာ ဗလာနတ္ထိ မရှိတော့ပေ။ **CTBH, pp. 147-149.**

# ၄ တည်မြဲသောအောင်မြင်မှု

ကျန်းမာခြင်းနှင့်ညီလျော်စွာနေထိုင်ခြင်း၏အရေးပါအရာရောက်ပုံ။ ခံတွင်းအလိုလိုက်စားမှုကို တွန်းလှန်နေကြသော သူတို့အား ကျန်းမာခြင်းနှင့်ညီလျော်စွာ နေထိုင်ခြင်းဆိုင်ရာ အခြေခံ သဘောတရားများကို သွန်သင်ပေးသင့်ပေသည်။ ရောဂါဝေဒနာခံစားနေရသော အခြေအနေများ ဖန်တီးပေးနေခြင်းအားဖြင့် ကျန်းမာမှုဆိုင်ရာ ဥပဒေပညတ်များကိုချိုးဖောက်ခြင်းသည် သေရည်သေရက်သောက်စားသောအလေ့အကျင့်အတွက် အုတ်မြစ်ချပေးနေကြောင်းကို သူတို့အား ပြသကြရမည်။ ကျန်းမာမှုဆိုင်ရာ ဥပဒေပညတ်များကို လေးစားလိုက်နာကျင့်သုံးခြင်းအားဖြင့်သာလျှင် သဘာဝမကျသော ခံတွင်းအလိုလှုံ့ဆော်မှုမှကင်းဝေးရန် မျှော်လင့်ချက်ရှိသည်။ ခံတွင်းအလိုလိုက်ခြင်းတည်းဟူသော နှောင်ကြိုးကို ဖြတ်တောက်ရန် သူတို့သည် ဘုရားကိုယ်တော်ရှင်၏အင်အားကို အမှီတံကဲပြုလျက် ဘုရားသခင်အားထားရှိတော်မူသော စာရိတ္တဗလနှင့်ကာယဗလဆိုင်ရာ ဥပဒေပညတ်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် သူတို့သည် ကိုယ်တော်ရှင်နှင့်လက်တွဲ၍ ဆောင်ရွက်ကြရမည်။

အလုပ်အကိုင်အတ္တပရိယေသနဝမ်းစာ။ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေသောသူတို့အား အလုပ်အကိုင်နေရာချပေးထားသင့်ပေသည်။ လုပ်နိုင်ကိုင်နိုင်သောသူတို့အား စားဝတ်နေရေးဆိုင်ရာများကို အခမဲ့ရရှိဖို့ မမျှော်လင့်ရန် သင်ကြားပေးရမည်။ သူတို့နှင့်အခြားသူတို့၏ကောင်းကျိုးအတွက် သူတို့ရရှိတားသည့် ပမာဏအတိုင်း ပြန်လည်တုံ့ပြန်နိုင်ရန် နည်းလမ်းတစ်ခုခုကိုရှာဖွေရပေမည်။ ကိုယ်ထူကိုယ်ထစနစ်ကို ကျင့်သုံးရန် အားပေးရမည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ကိုင်းရှိုင်းမှုနှင့်မြင့်မြတ်သောကိုယ်ပိုင်ရပ်တည်မှုကို အင်အားတောင့်တင်းစေမည်။ စုံမ်းသွေးဆောင်မှုကို ခုခံကာကွယ်သောအနေဖြင့် အသုံးဝင်သောအလုပ်တစ်ခုဖြင့် စိတ်နှလုံးရောကာယပါ မအားမလပ်လုပ်ကိုင်နေရန် လိုအပ်ပေသည်။

စိတ်အားငယ်စရာများ၊ အန္တရာယ်များ။ အပြစ်ထဲတွင်ကျရောက်နေသူတို့အတွက် ဆောင်ရွက်ကြသောသူတို့သည် ပြောင်းလဲလာရန် အလားအလာကောင်းသော သူများကြောင့် စိတ်အားငယ်စရာဖြစ်သောအဖြစ်အပျက်နှင့်ရင်ဆိုင်ရကြပေလိမ့်မည်။ အများသော သူတို့သည် မိမိတို့၏အကျင့်ဓလေ့များနှင့်အလေ့အထများတွင် အပေါ်ယံမျှ သာပြောင်းလဲမှုကို ပြကြလိမ့်မည်။ သူတို့လတ်တလောအားဖြင့် စိတ်စောတက်ကြွလာ၍ ခေတ္တမျှပြောင်းလဲလာဟန်ရှိ သည်။ သို့ရာတွင် သူတို့သည် စစ်မှန်သော စိတ်နှလုံးပြောင်းလဲမှု မရှိကြပေ။ ပြောင်းလဲလာသည်ဆိုသော်လည်း အတ္တစိတ်များဆက်လက်ထားရှိသည်။ မိုက်မဲသောကာမဂုဏ်ခံစားမှုများက ဆက်လက်၍ မက်မောလျက်ရှိသည်။ "ဘယ်သူသေသေ၊ ငတေမာလျှင် ပြီးရော" ဆိုသော စိတ်ဓါတ်မျိုးဆက်လက်ကျင့်သုံးနေသည်။ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်မှု ဆိုင်ရာ လုပ်ငန်းကို သိကျွမ်းမှုမရှိ။ သူတို့ကိုယ်ကိုလည်း ကိုယ်ကျင့်တရားကောင်းသူများအနေဖြင့် အားကိုးအားထားပြု ၍မရ။ ခံတွင်းအလိုနှင့် တပ်မက်ခြင်းတို့ကို လိုက်စားခြင်းအားဖြင့် သူတို့၏ဉာဏဗလနှင့်ဝိဉာဏဗလတို့ကို သေးသိမ်ချည့်နဲ့စေကြ၏။ ထိုကြောင့် သူတို့သည် အားအင်နည်းပါးကြ၏။ သူတို့၏စိတ်သည်တည်ကြည်မှုမရှိ။ ပြောင်းလဲလွယ်၏။ သူတို့၏စိတ်ဇောသည် ကာမဂုဏ်ခံစားမှုဘက်သို့ ကိုင်းရှိုင်းတတ်ကြ၏။ ဤကဲ့သို့သောသူများသည် အခြားသူတို့အားအန္တရာယ်ဖြစ်စေကြသည်။ သူတို့အား စိတ်ပြောင်းလဲပြီးသောသူများဟုယူဆ၍ သူတို့အား တာဝန်ရှိသောလုပ်ငန်းများဆောင်ရွက်ရန် အပ်နှင်းထားပြီး သူတို့၏ဩဇာသက်ရောက်မှုက အပြစ်ကင်းသောသူတို့အား ဖျက်ဆီးပစ်သည့်ဌာနများတွင် အမှုထမ်းစေကြသည်။

ခရစ်တော်ပေါ်၌လုံးဝအားထားခြင်းသည် တစ်ခုတည်းသောဖြေရှင်းချက်ဖြစ်ခြင်း။ စေတနာဖြင့် ပြောင်းလဲမှုကိုရှာဖွေကြသော သူတို့ပင်လျှင် မကျဆုံးနိုင်သောခြေအနေ၌ ရပ်တည်ခြင်းမရှိပါ။ သူတို့နှင့်ဆက်ဆံရာတွင် ဉာဏ်ပညာရှိရှိဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာဖြင့်လည်းကောင်း ဆက်ဆံရန်လိုအပ်ပေသည်။ အနိမ့်ကျဆုံးသောဘဝမှ ကယ်ဆယ်ခြင်းခံရသောသူတို့အား မြှောက်ထိုးပင့်ကော်လုပ်ခြင်းသည် တစ်ခါတစ်ရံ သူတို့၏ပျက်စီးခြင်းသို့တွန်းပို့ပေးတတ်သည်။ သူတို့ကျင်လည်ခဲ့သောဒုစရိုက်ဘဝအသက်တာအကြောင်းကို လူထုပရိသတ်တို့ရှေ့မှောက်တွင် ပြန်လည်ဖော်ပြရန် ကာယကံရှင်တို့အားဖိတ်မန္တကပြုသောအလေ့အထသည်သက်ဆိုင်သောပုဂ္ဂိုလ်နှင့် ကြားနာသောပရိသတ်တို့အားများစွာအန္တရာယ်ပြုတတ်သည်။ မကောင်းမှုဒုစရိုက်တို့၏မြင်ကွင်းများကို ပြန်လည်ပြောဆိုတင်ပြခြင်းသည် စိတ်နှလုံးနှင့်ဝိညာဉ်ကိုပါ ညစ်ညူးစေသည်။ အပြစ်ဒုစရိုက်မှ ကယ်ဆယ်ခြင်းခံရပြီးသူများအကြောင်းကို သိဒ္ဓိတင်ပြီး ပြောဆိုခြင်းသည်လည်းသူတို့ကိုအန္တရာယ်ဖြစ်စေသည်။ အများသောသူတို့ကဒုစရိုက်နှင့်ပြည့်ဝသော ဘဝ

အသက်တာသည် သူတို့အားထင်ပေါ်ကျော်စောစေသည်ဟု ယူဆကြသည်။ ဝိညာဉ်အတွက်အကျိုးနည်းစေတတ်သောကျော်စောကိတ္တိမက်မောခြင်းနှင့်ကိုယ့်ကိုယ်ကိုယ်ယုံကြည်ကိုးစားခြင်းကိုအားပေးအားမြှောက်ပြုကြသည်။ မိမိကိုယ်ကိုယုံကြည်ကိုးစားမှုမပြုခြင်းနှင့်ခရစ်တော်၏ကရုဏာတော်ကို အမှီတံကဲပြုမှသာလျှင် သူတို့သည် ရပ်တည်နိုင်ကြမည်ဖြစ်သည်။

ကယ်ဆယ်ခြင်းခံရပြီးသောသူတို့သည် အခြားသူများကို မစရမည်။ စစ်မှန်သော ပြောင်းလဲမှုကို ရရှိထားပြီးဖြစ်ကြောင်း အထောက်အထားပြသောသူတို့သည် အခြားသူတို့အတွက် ဆောင်ရွက်ရန် အားပေးရမည်။ စာတန်၏နောက်လိုက်အနေမှခရစ်တော်နောက်လိုက်အနေသို့ကူးပြောင်းလာသောသူ တစ်ဦးတစ်ယောက်ကိုမျှ နှင်ထုတ်ခြင်း မပြုပါလေနှင့်။ လူတစ်ဦးသည် ဘုရားသခင်ဝိညာဉ်တော်၏ဆုံးမပဲ့ပြင်မှု ခံရကြောင်း အထောက်အထားပြလျှင် ထိုသူအားဘုရားသခင်အမှုတော်တွင် ဝင်ရောက်အမှုထမ်းဖို့တတ်နိုင်သမျှအားပေးပါ။ "ပိုင်းခြား၍သိတတ်သော ဉာဏ်ရှိ၍ အချို့တို့ကို သနားကြလော့။" ယု ၂၂။ ရိုးသားစွာ မိမိအပြစ်တို့ကို နောင်တရသော်လည်း တစ်ဘက်မှအားပေးမှုမရှိသည်အတွက် မျှော်လင့်ချက်ကို ကိုင်စွဲရန် မဝံ့ပဲဖြစ်နေသောသူတို့သည် အမအစလိုအပ်နေကြောင်းကို ဘုရားသခင်အထံတော်မှဉာဏ်ပညာအားဖြင့် ပညာရှိသောသူတို့သည် တွေ့မြင်ကြလိမ့်မည်။ ယင်းတုန်လှုပ်လျက်နောင်တရကြသောသူတို့အားခရီးဦးကြိုပြု၍ မိမိတို့၏ ချစ်ဖွယ်သော အပေါင်းအသင်းအသိုက်အဝန်းထဲသို့ ခေါ်ဆောင်သွတ်သွင်းရန် ဘုရားသခင်သည် မိမိအစေခံတို့၏စိတ်နှလုံးများအား နိုးဆော်တော်မူမည်။ နောင်တရသောသူတို့၏ အတိတ်ကာလမှနှောင့်ယှက်လေ့ရှိသောအပြစ်များတို့သည် ဘယ်ကဲ့သို့သောပုံစံမျိုးကိုဆောင်သည်မဆို၊ သူတို့ကိုယ်တိုင်လည်း ဘယ်မျှနိမ့်ကျသောအခြေအနေသို့ကျဆင်းခဲ့သည်မဆိုသူတို့သည်ကြေကွဲသောစိတ်နှင့်ခရစ်တော်ထံသို့ချဉ်းကပ်လျှင်ကိုယ်တော်သည်သူတို့ကို လက်ခံတော်မူမည်။ ထို့နောက် ကိုယ်တော်အတွက် ဆောင်ရွက်ရန် သူတို့အား အလုပ်တစ်ခုခုကို အပ်ပေးတော်မူသည်။ သူတို့ကိုယ်တိုင် ကယ်ဆယ်ခြင်းခံရသော ပျက်စီးရာတွင်းထဲသို့ကျရောက်နေသော သူတို့အား ကယ်ဆယ်ရာတွင် သူတို့လည်းပါဝင်ဆောင်ရွက်လိုခဲ့လျှင် သူတို့အား ဆောင်ရွက်ခွင့်ပြုပါ။ သူတို့၏ဝိဉာဏဗလကြံ့ခိုင်ရေး အတွက် သူတို့အား ဝါရင့်သောသူတို့၏ အသိုက်အဝန်းထဲသို့ ခေါ်သွင်းလာပါ။ ကိုယ်တော်ရှင်အတွက် သူတို့၏စိတ်နှလုံးနှင့်လက်ရာများတို့ကို အလုပ်အကိုင်နှင့် မပြတ်ပါစေနှင့်။

အလင်းတရားသည်သူတို့၏စိတ်ဝိညာဉ်ထဲသို့လင်းရောင်ခြည်များထိုးသောအခါအပြစ်ဒုစရိုက်အလိုသို့ လိုက်ပါနေ ဟန်ရှိသောသူတို့သည် သူတို့တစ်ခါကဖြစ်သကဲ့သို့အပြစ်ဒုစရိုက်၌ နစ်မွန်းနေသောသူတို့အား ကယ်တင်ရာတွင်အောင်မြင်သောအမှုတော်ဆောင်များ ဖြစ်လာကြမည်။ ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် အချို့သောသူတို့သည် ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းတွင် တာဝန်ရှိသောရာထူးဌာနန္တရကြီးများဖြင့်ချီးမြှင့်ထားခြင်းခံရကြလိမ့်မည်။ သူတို့ကိုယ်တိုင်၏အားနည်းချက်များ အဘယ်နေရာမျိုး၌ရှိသည်ကိုတွေ့မြင်၍ သူတို့သဘာဝ၏အကျင့်သီလခေါင်းပါးခြင်းကို သိရှိကြသည်။ အပြစ်ဒုစရိုက်၏အင်အား မကောင်းသောအကျင့်ဓလေ့တို့၏အာနိသင်ကို သူတို့သိရှိကြ၏။ ခရစ်တော်၏အကူအညီမပါရှိပဲ အောင်မြင်မှု မရှိနိုင်သည်ကို သူတို့သိရှိသောကြောင့် သူတို့၏အမြဲတမ်းကြွေးကြော်ချက်မှာ "မစမဲ့ဖြစ်သော ကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်ပေါ်၌ တင်ထားပါသည်။"

ဤသူတို့သည် အခြားသောသူတို့ကို မစနိုင်ကြသည်။ စုံစမ်းခြင်း၊ စမ်းသပ်ခြင်းခံရသောသူ၊ မျှော်လင့်ချက်ပျောက်လုမတတ်ရှိသောသူဖြစ်သော်လည်း မေတ္တာသတင်းစကားကို ကြားသိရခြင်းအားဖြင့် ကယ်တင်ခြင်းခံစားရသောသူသည် ဝိညာဉ်ကယ်တင်ရေးဆိုင်ရာ သိပ္ပံနည်းကို နားလည်နိုင်သည်။ ကယ်တင်ရှင်၏ရှာဖွေမှုနှင့်သိုးခြံတွင်းသို့ ခေါ်ဆောင်မှုကို ကိုယ်တိုင်ခံခဲ့ရသောကြောင့် မိမိတို့၏စိတ်နှလုံးတွင် ခရစ်တော်အားချစ်ခြင်းဖြင့်ပြည့်လျှံနေသောသူတို့သည် ပျောက်ဆုံးသောသူတို့ကိုရှာဖွေသောနည်းကို သိရှိကြသည်။ သူတို့သည်မိမိတို့ကိုယ်ကို ဘုရားသခင်အား ချွင်းချက်မရှိ အပ်နှံကြသည်။ ထို့ကြောင့် မေတ္တာတော်အရှင်၏ လက်ခံတော်မူခြင်းကို ခံခဲ့ကြရသည်။ အားနည်းချိန်၌ ကူညီမှုကို ရရှိရန် ဆန့်တန်းခဲ့သောလက်ကို ကိုင်စွဲတော်မူသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့၏ ဆောင်ရွက်မှုကြောင့် ပျောက်လွင့်လမ်းလွဲနေသောသူ မြောက်မြားစွာတို့သည် ခမည်းတော်ထံတော်သို့ ရောက်ရှိလာကြမည်။ **MH, pp. 176-179.**

အခြားသောသူတို့အားမစခြင်းကြောင့် ကိုယ်တိုင်မစခြင်းခံရခြင်း။ အားအင်ချည့်နဲ့သောသူ၊ အပြစ်များသော အာရုံခံစားမှုကို လိုက်စားခြင်းကြောင့် အသရေပင်လျော့ကျနေသောသူတို့သည် ဘုရားသခင်၏သားတော်အဖြစ်သို့ ရောက်ရှိနိုင်ကြသည်။ ထိုအဖြစ်သို့ ရောက်ရှိသောသူတို့၌အခြားသောသူတို့အား ကောင်းကျိုးပြုရန်နှင့်စုံစမ်းသွေး

ဆောင်ခြင်းကို အောင်မြင်စေရန် အမြဲတမ်း လုပ်ကိုင်ပေးနိုင်သောစွမ်းရည် ရှိကြသည်။ ယင်းကဲ့သို့လုပ်ကိုင်ပေးရာတွင် သူတို့ကိုယ်တိုင်ကောင်းကျိုးခံစားကြရမည်။ သူတို့သည် ဤလောကတွင် တောက်ပြောင်သောအလင်းရောင်များ ဖြစ်လာပြီး နောက်ဆုံးတွင် "သာဓု၊ သစ္စာရှိသောငယ်သားကောင်း" ဟူသောမင်္ဂလာစကားကို ဘုန်းတော်အရှင် ဘုရားသခင်၏နှုတ်တော်မှ ကြားရကြမည်။ **CTBH, p. 149.**

ခရစ်ယာန်တို့ရှုထောင့်မှတင်ပြသောအခါ။ အကျင့်ဖြစ်နေသောလိုက်စားမှုတစ်ခုမှအပအရာရာတွင် ချုပ်တည်းမှုကင်းမဲ့ခြင်းဟူသော အခြေအနေမျိုးနှင့် လွတ်ကင်းသည်ဆိုသော ပုဂ္ဂိုလ်တစ်ဦးကို ဩစတြေးလျပြည်တွင် ကျွန်ုပ်တွေ့ဆုံခဲ့ရပါသည်။ သူသည် ဆေးလိပ်သောက်သည်။ သူသည် တဲရှင်၌ကျင်းပသော ကျွန်ုပ်တို့၏မွေ့စည်းဝေးသို့ လာရောက်နားထောင်ပါသည်။ တစ်ညသောအခါ စည်းဝေးမှ သူ့အိမ်သို့ ပြန်အရောက်တွင် နောင်သောအခါ သူ့ရင်ဖွင့်ချက်အရ ဆေးလိပ်သောက်သောအကျင့်ကို မြေမြှုပ်သင်္ဂြိုလ်ရန် သူ့ကိုယ်နှင့်တိုက်ပွဲဆင်ရပါတော့သည်။ အောင်ပွဲဆင်ရပါသည်။ အကယ်၍သူ့ဆေးလိပ်သောက်သောအကျင့်ကိုဖျောက်နိုင်လျှင်သူ့အားပေါင်ငွေငါးဆယ်(ခေတ်တန်ဖိုးကျပ် ၄၅၀) ပေးမည်ဟု "စိန်" ခေါ်ခဲ့ပါသည်။ သူသည်ယင်းစိန်ခေါ်ချက်ကို လက်မခံခဲ့ပါ။ သို့ရာတွင် သူက "ခင်ဗျားတို့က အခုခင်ဗျားတို့ပြုလုပ်ခဲ့သလို ဆေးလိပ်သောက်တဲ့အကျင့်ကို တိုက်ဖျက်ရန်ဆိုပြီး ချုပ်တည်းမှုဆိုင်ရာအခြေခံသဘောတရားရှုထောင့်ကတင်ပြကြတဲ့အခါကျတော့ ကျွန်တော်လွန်ဆန်လို့ မရတော့ပါဘူး။ မိမိ၏အသက်တော်ကို ကျွန်တော်တို့အတွက် စွန့်တော်မူခဲ့တဲ့ ကယ်တင်ရှင်ဟာ သူ့အလိုကို ငြင်းပယ်ခဲ့တဲ့အကြောင်း ခင်ဗျားတို့က တင်ပြပါတယ်။ ကျွန်တော်တော့ အဲဒီကယ်တင်ရှင်ကို မသိသေးဘူး။ သိတော့သိချင်ပါတယ်။ ကျွန်တော်အိမ်မှာ လည်းတစ်ခါမျှ ဆုမတောင်းဖူးသေးဘူး။ ဒါပေမယ့် ကျွန်တော် ဆေးလိပ်တော့ဖြတ်လိုက်ပါပြီ။ အဲဒီအဆင့်အထိပဲ ကျွန်တော်ရောက်ပါသေးတယ်။" ဟု ပြောပြပါသည်။

ကျွန်ုပ်တို့သည် သူနှင့်အတူ ဆုတောင်းကြပါသည်။ သူ့ဆီမှ ပြန်လာပြီးနောက် သူ့ထံသို့ စာတစ်စောင်ရေးလိုက်ပါသည်။ နောက်တစ်ကြိမ် လူချင်းသွားရောက်တွေ့ဆုံပါသည်။ သူသည်နောက်ဆုံးတွင် သူ့ကိုယ်ကို ဘုရားသခင်အား အပ်နှံပြီးသည့်နောက်ပိုင်းတွင် သူနေထိုင်သော နေရာ၌ရှိသောအသင်းတော်တွင် အုတ်တံတိုင်းသဖွယ်ခိုင်ခံ့တည်ကြည်သော အသင်းသားတစ်ဦးဖြစ်ခဲ့ပါသည်။ သူ့ဆွေမျိုးများတို့အား သမ္မာတရားတော်ကို သိကျွမ်းလာစေရန် သူသည် အားစိုက်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ **Ev, pp. 531, 532.**

တံငါသည်တစ်ဦး အောင်မြင်မှုရရှိခြင်း။ ယင်းနေရာမှပင် မကြာမီကတံငါသည်တစ်ဦးက သမ္မာတရားကို လက်ခံခဲ့ပါသည်။ ရှေးက ဤအဆိပ်ပင်ဖြစ်သော ဆေးလိပ်ဆေးကို သုံးစွဲခဲ့သူဖြစ်သော်လည်း ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သူသည် ယင်းအလေ့အထကို စွန့်ပစ်ပြီးဖြစ်သည်။ "ခင်ဗျား အဲဒီဆေးလိပ်သောက်တဲ့အကျင့်ကို စွန့်ပစ်ရာမှာ ခက်ခဲတာကို တွေ့ရသလား" ဟုမေးမြန်းလိုက်သောအခါ သူက "ခက်ခဲလှပါတယ်။ ဒါပေမယ့် အမှန်တရားကို တင်ပြတော့လည်း ကျွန်တော်ဟာရှောင်လွှဲလို့မရပါဘူး။ ဆေးလိပ်ဟာကျန်းမာခြင်းကို အန္တရာယ်ပြုကြောင်း ကျွန်တော်သိပါတယ်။ ဆေးလိပ်ဖြတ်ဖို့အကူအညီကို ကျွန်တော်ဘုရားသခင်ထံတော်မှာ တောင်းခံပါတယ်။ ကိုယ်တော်ရှင်ဟာ လည်းသိသိသာသာကြီးကို အကူအညီပေးတော်မူပါတယ်။ ဒါပေမယ့် လက်ဖက်ရည်တော့ဖြတ်ဖို့ စိတ်ပိုင်းဖြတ်လို့မရသေးဘူး။ သောက်တဲ့အကျင့်ဖြစ်နေတော့ မသောက်ယင် ခေါင်းကိုက်မှာတော့ သေချာသလောက်ပါပဲ" ဟု သူကပြောပါသည်။

လက်ဖက်ရည်သောက်ခြင်းသည်အန္တရာယ်ပြုကြောင်းကို သူ့အားစစ္စတာစာရာမက်အင်တာဖာက သင်တန်းပေးပါသည်။ လက်ဖက်ရည်ကို ဖြတ်လျှင် သူ့အတွက် ဘာကောင်းကျိုးများခံစားရမည်ကို သိရှိရန် ကြိုးစားဖို့ သူမက အားပေးပါသည်။ "ကျွန်တော်ကြိုးစားပါမယ်" ဟု သူက သဘောတူလိုက်ပါသည်။ နောက်ဥပုသ်နှစ်ပတ်မျှကြာပြီးနောက် ထိုသူက စည်းဝေးတစ်ခုတွင် သက်သေခံလိုက်သည်မှာ "လက်ဖက်ရည်ကို ဖြတ်မယ်လို့ ကျွန်တော်ပြောလိုက်တဲ့အခါမှာ တကယ်ကိုပြောလိုက်တာပါ။ ကျွန်တော်မသောက်ပဲဖြတ်လိုက်ရောခေါင်းသိပ်ကိုက်လာတာပါပဲ။ ဒါပေမယ့်ခေါင်းကိုက် ပျောက်အောင် ငါ လက်ဖက်ရည်သောက်နေတာလား။ လက်ဖက်ရည်ကိုဖြတ်လိုက်ယင် ဒီအခြေအနေရောက်ရလောက် ငါဟာလက်ဖက်ရည်အပေါ် အမှီပြုနေရသလားဆိုတာကိုလည်း စဉ်းစားမိပါတယ်။ လက်ဖက်ရည်ဟာ ကောင်းကျိုးမပြုဘူးဆိုတာ အခုကျွန်တော်သိပါပြီ။ နောင်ကို ကျွန်တော် မသောက်တော့ပါဘူး။ လက်ဖက်ရည်ဖြတ်တဲ့နေ့ကစပြီး အခုထက်ထိ မသောက်ပဲနေလိုက်တာ တစ်နေ့ထက်တစ်နေ့ နေထိုင်လို့ ကောင်းလာပါတယ်။ ခေါင်းလည်း မကိုက်တော့ပါဘူး။ စိတ်ဆိုတာလည်း အယင်ကထက် ကြည်လင်လာပါတယ်။ ကျမ်းစာကို ဖတ်တဲ့အခါမှာလည်း ပိုမိုနားလည်လာပါတယ်။"

ကျွန်တော်သည် ဤပုဂ္ဂိုလ်အကြောင်းစဉ်းစားမိပါသည်။ သူသည် ပစ္စည်းဥစ္စာကြွယ်ဝသူမဟုတ်သော်လည်း ငယ်စဉ်ဘဝကတည်းက အကျင့်ဖြစ်လာသောဆေးလိပ်သောက်ခြင်းနှင့်လက်ဖက်ရည်သောက်ခြင်းတည်းဟူသောသံယောဇဉ်များကို ဖြတ်တောက်ပစ်ရန် စိတ်ထက်သန်လျက်ရှိသည်။ မှားယွင်းသောအလုပ်ကိုအနည်းငယ်မျှ ဆက်လက်လုပ်ကိုင်ပါရစေဟု သူမတောင်းဆိုပါ။ ယင်းသို့ မလုပ်သည့်အပြင် ဆေးလိပ်နှင့်လက်ဖက်ရည်သောက်ခြင်းတို့သည် အန္တရာယ်ပြုကြောင်း သူ့ဩဇာသက်ရောက်မှုသည်အမှန်တရားဘက်မှာရှိကြောင်းကို တိကျသောအဆုံးအဖြတ်ပေးထားလိုက်သည်။ သူ့အား အသရေရှိသော တန်ဆာဖြစ်စေရန် သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့စိတ်နှင့်စာရိတ္တတို့ကို ပြုပြင်ပေးကြောင်း အထောက်အထားကို သူ့ဘဝအသက်တာတွင် တွေ့မြင်ရသည်။ **M, 86, 1897.**

ကိုယ်တော်ခွန်အားဖြင့်ရပ်တည်ပါ။ ဉာဏဗလကိုဖျက်ဆီး၍ ကိုယ်ခန္ဓာကို ညစ်ညူးစေသော သေရည်သေရက် သို့မဟုတ် ဆေးလိပ် သို့မဟုတ် အန္တရာယ်ပြုသော အသုံးအဆောင်တစ်ခုခုကို ပြင်းထန်စွာမက်မောနေသော ဒုက္ခကို ရင်ဆိုင်နေသောသူတိုင်းအတွက် ဘုရားသခင်သည်ကုသနည်းကို ထားရှိတော်မူသည်။ သူတို့၏အထဲမှထွက်၍ သီးခြားနေလျက် မစင်ကြယ်သောအရာကိုလက်နှင့်မျှ မတို့ရန် ကိုယ်တော်ရှင်က မိန့်မှာထားတော်မူသည်။ ခရစ်ယာန်များဆိုင်ရာချုပ်တည်းခြိုးခြံမှုအတွက် ကျွန်ုပ်တို့သည် သူတစ်ပါးတို့ရှေ့၌ ပုံသက်သေပြရကြမည်။ ကျွန်ုပ်တို့သည် ကိုယ့်အလို သို့ မလိုက်ပဲနေခြင်း၊ သူတစ်ပါးတို့အကျိုးအတွက် ကိုယ့်ကိုယ်ကိုယ် အနစ်နာခံခြင်းအားဖြင့် ကျွန်ုပ်တို့ခံတွင်းသို့မဟုတ် ရသာရုံကို ချုပ်ထိန်းထားရန် တတ်နိုင်သမျှ ကြိုးစားကြရမည်။ ခပ်သိမ်းသောအရာကို ပြုလုပ်ပြီးမှ ကိုယ်တော်ရှင်၏ခွန်အားဖြင့် ရပ်တည်ရန် ကိုယ်တော်ရှင်က မိန့်မှာထားတော်မူသည်။ ကျွန်ုပ်တို့ဝိညာဉ်များ၏ရန်သူနှင့်ရင်ဆိုင်ယှဉ်ပြိုင်ရသောအခါတိုင်း အောင်ပွဲဆင်ကြရန် ကိုယ်တော်ရှင်သည် အလိုရှိတော်မူသည်။ ပညာရှိသောစစ်ဗိုလ်ကြီးများကဲ့သို့လည်းကောင်း၊ မိမိတို့ကိုယ်ကို လုံးဝချုပ်ထိန်းထားနိုင်သော ပုဂ္ဂိုလ်ကြီးများကဲ့သို့လည်းကောင်း နားလည်မှုရှိရှိဖြင့် ဆောင်ရွက်ကြရန် ကိုယ်တော်ရှင်က အလိုတော်ရှိတော်မူသည်။ **M, 28½ , 1905.**

# ၅ စုံစမ်းခြင်းခံရသောသူအတွက် အကူအညီ

"ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့။" ယေရှုရှင်သည် စိတ်မသာညည်းတွားသောသူများနှင့် ဝန်လေး၍ပင်ပန်းသောသူများ၊ မျှော်ကိုးရာမဲ့သူများနှင့်ဝိညာဉ်၏တမ်းတမျှော်ကိုးမှုများကို ဆိတ်ငြိမ်သွားစေရန် လောကီပျော်မွေ့ ခြင်းများဖြင့်ကြိုးပမ်းနေကြသောသူများတို့ကို ကြည့်ရှုတော်မူ၍ ကိုယ်တော်၌ငြိမ်သက်ခြင်း ချမ်းသာကိုရယူရန်ဖိတ်ခေါ် တော်မူသည်။

ဝန်လေး၍ ပင်ပန်းနေသောသူတို့အား စိတ်နူးညံ့သိမ်မွေ့စွာဖြင့် ကိုယ်တော်ရှင်က "ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ ငါသည် ချမ်းသာပေးမည်။" မ ၁၁း၂၉။

ဤမိန့်တော်မူသောစကားများအားဖြင့် ကိုယ်တော်ရှင်သည် လူသားအားလုံးတို့ကို ပြောကြားနေတော်မူသည်။ လူသားများအနေဖြင့်သိသည်ဖြစ်စေ၊မသိသည်ဖြစ်စေ အားလုံးသောလူတို့သည် ဝန်လေး၍ ပင်ပန်းသောသူများဖြစ်ကြ၏။ အားလုံးသောသူတို့သည်ခရစ်တော်တစ်ပါးတည်းသာလျှင်ပယ်ရှားနိုင်တော်မူသောဝန်ထုပ်ကြီးများအောက် ၌ပိလျက်ရှိကြ၏။ ကျွန်ုပ်တို့ထမ်းနေရသော အလေးဆုံးဝန်ထုပ်သည် အပြစ်ဒုစရိုက်ဖြစ်၏။ ယင်းဝန်ထုပ်ကြီးကို ကျွန်ုပ်တို့ကိုယ်တိုင်ထမ်းနေရလျှင် ယင်းဝန်ထုပ်၏အလေးချိန်က ကျွန်ုပ်တို့အားပိပြားကြေမွသွားစေလိမ့်မည်။ သို့ရာတွင် အပြစ်ကင်းသောယေရှုကိုယ်တော်ရှင်ကကျွန်ုပ်တို့နေရာတွင်ကိုယ်စားပြုထမ်းပေးတော်မူသည်။ "ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။" ဟေရှာ၊ ၅၃း၆။

ကျွန်ုပ်တို့အပြစ်ဒုစရိုက်ဝန်ထုပ်ကြီးကို ကိုယ်တော်ရှင်သည် ထမ်းတော်မူသည်။ မောပန်းနေသော ကျွန်ုပ်တို့၏ ပခုံးမှ လေးလံသော ဝန်ထုပ်ကို ကိုယ်တော်ရှင်သည် ယူပစ်တော်မူမည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အား သက်သာ

ခြင်းကို ပေးတော်မူမည်။ စိုးရိမ်ကြောင့်ကြခြင်းနှင့်ဝမ်းနည်းခြင်းဝန်ထုပ်ကိုလည်း ကိုယ်တော်ရှင်သည် ထမ်းတော်မူမည်။ ကျွန်ုပ်တို့၏စိုးရိမ်မှုရှိသမျှကို ကိုယ်တော်ပေါ်၌ တင်ရန် ဖိတ်ခေါ်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကို ကိုယ်တော်ရှင်သည် ဂရုစိုက်တော်မူသည်။

လူသားတို့၏အားနည်းခြင်းများကို ခရစ်တော် သိတော်မူသည်။ ကျွန်ုပ်တို့လူသားတို့၏အစ်ကိုတော်ကြီးခရစ်တော်သည် ထာဝရရာဇပလ္လင်တော်ပေါ်မှာ ထိုင်တော်မူ၏။ ကိုယ်တော်ရှင်အား ကယ်တင်ရှင်အနေဖြင့် မျက်နှာမူသော သူတိုင်းအားကိုယ်တော်ရှင်သည် ကြည့်ရှုတော်မူ၏။ ကိုယ်တိုင်တွေ့ကြုံခံစားထားရှိခဲ့မှုကြောင့်လူသားတို့၏အားနည်းခြင်းများ၊ ကျွန်ုပ်တို့၏လိုလားချက်များ၊ ကျွန်ုပ်တို့ရင်ဆိုင်နေရသော စုံစမ်းခြင်းများ၏အင်အား တည်ရာဌာနများတို့ကို ကိုယ်တော်ရှင်သည် သိရှိတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရှင်သည် "ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏။" ဟေဗြဲ၊ ၄း၁၅။ တုန်လှုပ်နေသော ဘုရားသခင်၏သားဖြစ်သောသင့်အား ကိုယ်တော်ရှင်သည် စောင့်ကြည့်နေတော်မူသည်။ သင်သည် စုံစမ်းခြင်းခံရသလား၊ ကိုယ်တော်ရှင်သည် ကယ်လွှတ်တော်မူမည်။ သင်သည်အားနည်းသလား၊ ကိုယ်တော်ရှင်သည် သင့်အားအင်အားဖြင့် ပြည့်စေတော်မူမည်။ သင်သည် အသိပညာနည်းသလား၊ ကိုယ်တော်ရှင်သည် အသိဉာဏ်ကို ပေးတော်မူမည်။ သင်၌ ထိခိုက်နာကျင်ခြင်း ဝေဒနာရှိသလား။ ကိုယ်တော်ရှင်သည် ကုသတော်မူမည်။ ကိုယ်တော်ရှင်သည် "ကြယ်များကိုရေတွက်တော်မူသော်လည်း စိတ်ကြေမွသောသူတို့ကိုနှစ်သိမ့်စေ၍ သူတို့၏အနာကို ကုတော်မူ၏။" ဆာ၊ ၁၄၇း၄၊ ၃။

သင်တို့ရင်ဆိုင်ရသော ပူပန်သောကနှင့် စုံစမ်းခြင်းများသည် မည်မျှကြီးလေးသော အမျိုးအစားဖြစ်လင့်ကစား သင်တို့၏မှုကိစ္စကိုကိုယ်တော်ရှင်အားတင်ပြပါ။ သင့်ဝိညာဉ်သည်ခံနိုင်ရည်သတ္တိကိုရရှိပါလိမ့်မည်။ သင်တို့၏အနှောင့်အယှက်နှင့်အခက်အခဲများတို့၏နှောင်ကြိုးမှ လွတ်မြောက်ရာနည်းလမ်းပေါ်ပေါက်လာပါလိမ့်မည်။ သင်၏ခွန်အားသည် မည်မျှ ဆုတ်ယုတ်လာသည်ကိုလည်းကောင်း၊ ကိုယ်တိုင်မှာ မည်မျှ မစမ့်ဖြစ်နေသည်ကိုလည်းကောင်း သင်၌အသိတရားရှိသောအခါ သင်သည်ကိုယ်တော်ရှင်၏ခွန်အား အားဖြင့်ပိုမိုသန်မာ အားအင်ရှိလာမည်။ သင်၏ဝန်ထုပ်များ ပိုမိုလေးလေ သင်၏ဝန်ထုပ်များကိုသယ်ပိုးသောကိုယ်တော်ရှင်အပေါ်တွင်ထင်ထားရာတွင်ပိုမိုမင်္ဂလာရှိသော သက်သာမှုကို ရရှိလေလေဖြစ်သည်။ **MH, pp. 71, 72.**

စုံစမ်းသွေးဆောင်မှုတိုင်းကို ရင်ဆိုင်နိုင်သော သတ္တိ။ ခရစ်တော်ကို အကယ်အမှန် ယုံကြည်သောသူသည် ဘုရားသခင်၏ဇာတိတော်နှင့်ဆက်ဆံနိုင်ခွင့်ရှိ၍ စုံစမ်းသွေးဆောင်ခြင်းတိုင်းနှင့် ရင်ဆိုင်ရသောအခါတိုင်း အသုံးပြုနိုင်သောသတ္တိကိုလည်း လက်ဝယ်ရရှိထားသည်။ **R & H, Jan, 14, 1909.**

အပြစ်ရှိသောသူသည် မိမိ၏လူသားအင်အားဖြင့် စာတန်ကို အောင်မြင်နိုင်နင်းနိုင်စွမ်း မရှိသောကြောင့် သူ့ကို လူသားခွန်အားနှင့်ဘုရားခွန်အား စုပေါင်းထားသော ကိုယ်တော်၏အင်အားဖြင့် မစရန် ခရစ်တော်သည် ကောင်းကင်တံတိုင်းတော်များမှ သက်ဆင်းလာခဲ့တော်မူသည်။ ဧဒင်ဥယျာဉ်တွင် အာဒံသည် သူ၏မြင့်မားသောအခွင့်အရေးများဖြင့် စာတန်၏စုံစမ်းသွေးဆောင်မှုများကို ကြံ့ကြံ့ခံနိုင်ပြီး အောင်ပွဲဆင်နိုင်သည်ကို ခရစ်တော်သည် သိရှိတော်မူသည်။ အပြစ်ပြုပြီးသည်နောက်ပိုင်းတွင် ဘုရားသခင်၏အလင်းတော်မေတ္တာတော်တို့နှင့်ကင်းကွာခဲ့ပြီးသော ဧဒင်ဥယျာဉ်အပြင်ဘက်မှလူတို့သည် သူတို့၏ကိုယ်ပိုင်ခွန်အားဖြင့်စာတန်၏စုံစမ်းသွေးဆောင်ခြင်းများကို မခုခံနိုင်ကြောင်းကိုလည်း ကိုယ်တော်ရှင်သည် သိရှိတော်မူသည်။ လူသားတို့အား မျှော်လင့်ချက်ပေး၍ သူတို့အား လုံးဝပျက်စီးခြင်းမှ ကယ်ဆယ်ဖို့ ကိုယ်တော်ရှင်သည် လူ့ဇာတိကိုယူတင်ဝတ်ဆောင်ရန် မိမိကိုယ်ကိုနှိမ့်ချတော်မူသည်။ မိမိ၏ဘုရားဇာတိကို လူ့ဇာတိနှင့်ပေါင်းစည်းခြင်းအားဖြင့် လူရှိရာနေရာသို့ ကိုယ်တော်သည်ရောက်ရှိလာနိုင်တော်မူသည်။ အပြစ်ရှိသောအာဒံ၏သားသမီးများတို့ကိုယ်တိုင်ကိုယ်ကြပ် မရရှိနိုင်သော အင်အားကို ကိုယ်တော်သည် သူတို့အတွက် ရရှိတော်မူ၍ ကိုယ် တော်၏နာမတော်အားဖြင့် စာတန်၏စုံစမ်းသွေးဆောင်ခြင်းများကို အောင်မြင်နိုင်ကြပေမည်။ **R; TC, p. 44.**

ကိုယ်တိုင်ဖန်တီးရရှိသော ဝေဒနာအတွက် အကူအညီ။ အကူအညီရယူရန်အတွက် ခရစ်တော်ထံသို့ လာရောက်သောသူအများတို့သည် မိမိတို့ကိုယ်တိုင် ဖန်တီးရရှိထားသော ရောဂါဝေဒနာဖြင့်လာကြသည်။ သို့ဖြစ်လင့်ကစား ကိုယ်တော်ရှင်သည် သူတို့အား ကုသရန် ငြင်းဆန်တော်မမူ။ ကိုယ်တော်ရှင်အထံတော်မှ တန်ခိုးတော်သည် သူတို့၏ဝိညာဉ်ထဲသို့ ဝင်ရောက်သွားသောအခါ သူတို့သည် သူတို့၏အပြစ်ဒုစရိုက်များကို တွေ့မြင်၍ အများသောသူတို့

သည် ကိုယ်ခန္ဓာဆိုင်ရာ ရောဂါများနှင့် ဝိညာဉ်ရေးဆိုင်ရာ ဝေဒနာများမှလည်း ပျောက်ကင်းခြင်းကို ရရှိကြလေသည်။ **MH, p. 73.**

ဖမ်းသွားချုပ်ထားခြင်းခံရသောသူတို့အား လွှတ်နိုင်သော တန်ခိုး။ ပြင်းထန်သောလေနှင့် လှိုင်းထံပိုးများအပေါ်၌လည်းကောင်း၊ နတ်ဆိုးစွဲသောသူတို့အပေါ်၌လည်းကောင်း ကိုယ်တော်သည်လုံးဝအာဏာပိုင်ကြောင်း ခရစ်တော်သည်ပြသတော်မူသည်။ လှိုင်းတံပိုးကို ငြိမ်သက်စေ၍ လှိုင်းထနေသောပင်လယ်ပြင်ကို ငြိမ်သက်အောင် ပြုလုပ်တော်မူသောအရှင်က စာတန်၏ဩဇာပိုင်နက်အတွင်း သက်ဆင်းနေကြရှာသောစိတ်နှလုံးများအား ငြိမ်သက်ခြင်းကို ပေးတော်မူသည်။

ကပေရနောင်မြို့၌ရှိသော တရားဇရပ်တွင် ယေရှုရှင်သည် အပြစ်ဒုစရိုက်၏ကျေးကျွန်များကို ကယ်လွှတ်ရန် သူ၏လုပ်ငန်းဖြစ်ကြောင်းကို မိန့်ခွန်းစကားပြောကြားနေတော်မူသည်။ ကြောက်လန့်၍ စူးရှသောအသံတစ်သံကြောင့် ကိုယ်တော်ရှင်၏မိန့်ကြားတော်မူချက်သည် အနှောင့်အယှက်ဖြစ်ရသည်။ လူထုပရိသတ်ကြားထဲမှ သူရူးတစ်ယောက်သည် ပြေးထွက်လာ၍ ကြွေးကြော်လိုက်သည်မှာ၊ "နာဇရက်မြို့သားယေရှု၊ ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကို အကျွန်ုပ်သိပါ၏။ ဘုရားသခင်၏သန့်ရှင်းတော်မူသောသူဖြစ်ပါသည်။"

ယေရှုကနတ်ဆိုးကို ဆုံးမလျက် မိန့်ကြားတော်မူသည်မှာ၊ "တိတ်ဆိတ်စွာနေလော့၊ ထိုသူ၏အထဲကထွက်သွားလော့ဟု ဆုံးမတော်မူလျှင် နတ်ဆိုးသည် ထိုသူကို လူများအလယ်၌ လှဲချ၍ ဘေးဥပဒ် မပြုပဲ ထွက်သွား၏။" မာ၊ ၁း၂၄။ လု၊ ၄း၃၅။

ဤလူခံစားရသောဒုက္ခသည် သူ့ကိုယ်တိုင်၏ပယောဂလည်းဖြစ်၏။ သူသည်အပြစ်ဒုစရိုက်၏ကာမဂုဏ်ခံစားမှုများနှင့် ထွေးလုံးရစ်ပတ်ဖြစ်ခဲ့၍ သူ့ဘဝအသက်တာကို ပျော်ပွဲရွှင်ပွဲကြီးတစ်ရပ်အနေဖြင့် ရပ်တည်နေစေရန် လေထဲတိုက်အိမ်ဆောက်ခဲ့၏။ ချုပ်တည်းမှုနှင့်သတိတရားကင်းမဲ့မှုတို့က သူ့ဘဝ၏မြင့်မြတ်သော စိတ်နေသဘောထားများကို ကမောက်ကမ ဖြစ်စေသောကြောင့်စာတန်သည် သူ့အားပိုင်စိုးပိုင်နင်းချုပ်ထိန်းထားလိုက်လေသည်။ နောင်တသံဝေဂတရားသည် အရောက်နောက်ကျသွား၏။ ဆုံးရှုံးခဲ့သောလူကြီးအဖြစ်ကို ပြန်လည်ရရှိရန် စည်းစိမ်ဥစ္စာနှင့်အပျော်အရွှင်များကို အနစ်နာခံမည်ပြုသောအခါ သူသည်စာတန်၏စက်ကွင်းတွင် မစမဲ့ အခြေအနေ၌ရပ်တည်နေသည်။

ကယ်တင်ရှင်၏မျက်မှောက်တော်တွင် လွတ်လပ်မှုအတွက် ကြိုးပမ်းရန် သူသည် နှိုးဆော်ခြင်းခံရသည်။ သို့ရာတွင် မာရ်နတ်က ခရစ်တော်၏တန်ခိုးတော်ကို ခုခံသည်။ ယင်းပုဂ္ဂိုလ်က အကူအညီရရန် ယေရှုရှင်ထံသို့ ချဉ်းကပ်ရန် ကြိုးပမ်းသောအခါ ကြောက်လန့်သောဝေဒနာ ခံစားရသောအသံဖြင့် အော်ဟစ်ရန် ဆိုးညစ်သော နတ်ဆိုးက သူ့ပါးစပ်ထဲသို့စကားလုံးများကိုထည့်ပေးလေသည်။ သူ့အားကယ်လွှတ်နိုင်သောအရှင်သခင်ရှေ့တော်တွင် သူရောက်ရှိနေသည်ကိုနတ်ဆိုးစွဲသောသူသည် တစ်စိတ်တစ်ဒေသအားဖြင့်သိရှိသည်။ သို့ရာတွင် ယင်းအင်အားကောင်းသော လက်တော်၏လက်လှမ်းမီသောနေရာသို့ ရောက်ရှိရန်သူကြိုးပမ်းသောအခါ အခြားသူတစ်ဦး၏လက်ကသူ့အား ဆွဲထားလိုက်သည်။ အခြားသောသူတစ်ဦး၏စကားများသည် သူ့နှုတ်မှ ထွက်ပေါ်လာကြသည်။

စာတန်၏တန်ခိုးနှင့်လွတ်လပ်သော သူ့ကိုယ်တိုင်အလိုဆန္ဒတို့၏တိုက်ပွဲသည် ပြင်းထန်လှသည်။ သူ့လူကြီးဘဝကို ဖျက်ဆီးပစ်ခဲ့သောရန်သူနှင့်ဆိုင်ပြိုင်တိုက်လှန်ရာတွင် ညှဉ်းပန်းနှိပ်စက်ခံရသောသူသည် အသက်ဆုံးရှုံးရမည့်လက္ခဏာပေါ်လွင်နေသည်။ သို့ရာတွင် ကယ်တင်ရှင်သည် အာဏာဖြင့်မိန့်တော်မူပြီး နတ်ဆိုးလက်မှ ကယ်လွှတ်ခဲ့တော်မူသည်။ နတ်ဆိုးစွဲသောသူသည် ကာယိန္ဒြေရှိစွာဖြင့် အံ့ဩနေသောသူတို့ရှေ့တွင် မတ်တတ်ရပ်လျက်နေသည်။

လွတ်လပ်မှုအတွက် နတ်ဆိုးစွဲသောသူသည် ဝမ်းမြောက်ဝမ်းသာစွာ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းလေသည်။ မကြာသေးမီက ရူးသွပ်သောအရှိန်အဝါကြောင့် ပြူးကြောင်ကြောင်ဖြစ်နေသော မျက်လုံးများတို့သည် ယခုအခါတွင် အသိဉာဏ်ဖြင့် တောက်ပြောင်နေ၍ ကျေးဇူးတင်သောမျက်ရည်များဖြင့်လည်း ပြည့်လျှံလျက်ရှိသည်။ လူထုကြီးမှာ မိန်းမောတွေဝေလျက် ရှိနေကြသည်။ သို့ပြီးမှ "ဤအမှုသည် အဘယ်သို့နည်း။ ဤဆုံးမချက်အသစ်သည် အဘယ်သို့နည်း။ ညစ်ညူးသောနတ်ကိုပင် အာဏာနှင့်မှာထား၍ သူတို့သည် နားထောင်ကြသည်တကား" ဟုဆိုကြ၏။ မာ၊ ၁း၂၇။

ယခုအခါတွင် လိုအပ်သောသူတို့အတွက် လွတ်မြောက်ခြင်း။ ကပေရနောင်မြို့မှ နတ်ဆိုးစွဲသောသူကဲ့သို့ နတ်ဆိုးတို့၏အာဏာစက်အတွင်း မုချသက်ဆင်းနေကြသော သူတို့သည် မြောက်မြားစွာရှိပါသည်။ ဘုရားသခင်၏ ပညတ်တော်များကို သိလျက်နှင့် ထွက်ခွာ တိမ်းရှောင်ကြသောသူတို့သည် စာတန်၏အာဏာစက်အတွင်း မိမိတို့ကိုယ်ကို သွတ်သွင်းကြသောသူများဖြစ်သည်။ အများသောသူတို့သည် သူတို့၏စိတ်တိုင်းကျနှောင်ကြိုးကို ဖြတ်တောက်နိုင်သည်ဟူသော ယူဆချက်ဖြင့် ဒုစရိုက်လုပ်ငန်းများကို မြည်းစမ်းကြသည်။ သို့ရာတွင် သူတို့သည် တစ်လှမ်းပြီးတစ်လှမ်း ရှေ့သို့သာတက်လှမ်းရန် သွေးဆောင်မှုခံရသည့်နောက်ပိုင်းတွင် သူတို့၏စိတ်အလိုဆန္ဒထက်ခိုင်မာသန်စွမ်းသောအလိုဆန္ဒ၏ထိန်းချုပ်မှုအောက်သို့ရောက်ရှိသွားကြသည်။ သူတို့သည် နက်နဲသောအာဏာစက်၏စက်ကွင်းမှ လွတ်မြောက်ရန်မစွမ်းဆောင်နိုင်ကြပေ။ ကပေရနောင်မြို့မှ နတ်ဆိုးစွဲသောသူကဲ့သို့ မစမဲ့ အခြေအနေသို့ ရောက်သည်တိုင်အောင် လျှို့ဝှက်သောအပြစ်ဒုစရိုက် သို့မဟုတ် မဟာတပ်မက်ခြင်း၏သုံ့ပန်းအနေဖြင့် ကိုင်ဖမ်းထားခြင်းခံကြရတော့သည်။

သို့ဖြစ်လင့်ကစား သူတို့၏အခြေအနေသည် မျှော်လင့်ချက်ကင်းမဲ့နေသော အခြေအနေမဟုတ်ပေ။ ကျွန်ုပ်တို့သဘောတူညီချက်မရှိပဲနှင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ထိန်းချုပ်ခြင်းမရှိပေ။ သို့ရာတွင် မိမိလိုလားသည့်အာဏာစက်၏စိုးမိုးထိန်းချုပ်မှုကို လွတ်လပ်စွာရွေးချယ်နိုင်သည်။ လူသည် ဘယ်မျှလောက်နိမ့်ကျသောအခြေအနေသို့ကျဆင်းသွားသော်လည်း၊ မည်မျှလောက်ဆိုးသွမ်းယုတ်မာသွားသော်လည်း ခရစ်တော်၌ လွတ်မြောက်ခြင်းရရှိနိုင်ကြသည်။ နတ်ဆိုးစွဲသောသူသည် ဆုတောင်းပတ္ထနာစကားနေရာတွင် စာတန်ထည့်သွင်းထားသောစကားလုံးများကိုသာ ပြောကြားနိုင်ပေသည်။ သို့ရာတွင် စကားလုံးဖြင့် မဟုတ်ပဲ စိတ်ထဲ၌ အသနားခံခြင်းကိုပင်ကိုယ်တော်ရှင်သည် ကြားတော်မူသည်။ လိုအပ်လျက်ရှိသောဝိညာဉ်၏ငိုကြွေးတောင်းဆိုခြင်းကို စကားလုံးအားဖြင့်ပြောဆိုနိုင်စွမ်း မရှိသော်လည်း ကိုယ်တော်ရှင်အနေဖြင့် နားမညောင်းပဲနေတော်မူမည် မဟုတ်။ ကိုယ်တော်ရှင်ဘုရားသခင်နှင့် ပဋိညာဉ်ဖွဲ့ရန် သဘောတူကြသော သူတို့အား စာတန်၏ခြယ်လှယ်မှု အောက်တွင်လည်းကောင်း၊ ကာယကံရှင်တို့၏သဘာဝအားနည်းချက်တွင်လည်းကောင်း ပစ်ထားတော်မူခြင်းမရှိပေ။

"လုယူရာဥစ္စာကို အားကြီးသောသူ၏လက်မှ ယူရမည်လော။ တရားသောသူ သိမ်းသွားသော လူတို့ကို နုတ်ရမည်လော။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင်စစ် အားကြီးသောသူ သိမ်းသွားသော သူတို့ကို ယူရမည်။ ကြောက်မက်ဖွယ်သောသူ လုယူရာဥစ္စာကို နုတ်ရလိမ့်မည်။ အကြောင်းမူကား၊ သင်နှင့်ရန်တွေ့သောသူကို ငါရန်တွေ့၍ သင်၏သားတို့ကို ကယ်တင်မည်။" ဟေရှာ၊ ၄၉း၂၄၊ ၂၅။

ယုံကြည်ခြင်းအားဖြင့် မိမိစိတ်နှလုံးတံခါးကို ကယ်တင်ရှင်အား ဖွင့်ပေးသောသူ၌ အံ့ဩဖွယ်သော ပြောင်းလဲမှုကို စီစဉ်ပေးတော်မူလိမ့်မည်။ **MH, pp. 91-93.**

ထောင်ချောက်၌မိနေသောသူတို့အတွက် ကယ်တင်ရှင်၏မေတ္တာတော်။ ၏လူတိုင်း၏အခြေအနေကို ယေရှုရှင်သည်သိရှိတော်မူသည်။ အပြစ်သားဒုစရိုက်သည်ကြီးလေလေ၊ သူသည် ကယ်တင်ရှင်ပိုမို၍လိုအပ်လေလေဖြစ် သည်။ ဘုရားသခင်၏မေတ္တာတော်နှင့်ကိုယ်ချင်းစာနာတတ်သောသဘောတရားတော်သည်ရန်သူ၏ထောင်ချောက်တွင်းမျှော်လင့်ခြင်းကင်းမဲ့လောက်အောင်ထွေးလုံးရစ်ပတ်ဖြစ်နေသောသူအား အထူးသဖြင့်အာရုံစူးစိုက်နေမည်ဖြစ်သည်။ ကိုယ်တော်ရှင်၏အသွေးတော်အားဖြင့် လူသားတို့၏လွတ်မြောက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ဤမျှတန်ဖိုးအားဖြင့် ဝယ်ယူထားခဲ့သောသူတို့အား ရန်သူ့စုံစမ်းသွေးဆောင်မှုများ၏ဒဏ်ကို ခံနေစေရန် ယေရှုရှင်သည် အလိုရှိတော်မမူ။ ကျွန်ုပ်တို့သည် ရန်သူ့လက်တွင်းကျရောက်၍ ပျက်စီးသွားစေရန် ကိုယ်တော်ရှင်သည်အလိုရှိတော်မမူပေ။ ခြင်္သေ့တွင်းထဲ၌ ခြင်္သေ့တို့၏ပါးစပ်များကို ပိတ်ထား၍ မီးလောင်နေသော မီးတောက်ကြီးများအလယ်တွင် ကိုယ်တော်၏သစ္စာရှိသောသက်သေခံများနှင့်အတူ လမ်းလျှောက်တော်မူခဲ့သောကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ သဘာဝ၌ရှိသော မကောင်းမှုရှိသမျှကို အောင်မြင်နိုင်နင်းစေဖို့ ကျွန်ုပ်တို့အတွက် ဆောင်ရွက်တော်မူရန် အလားတူ အသင့်ပြင်ဆင်မှု ရှိတော်မူသည်။ ယခုအခါတွင် ကိုယ်တော်ရှင်သည် ကရုဏာပလ္လင်တော်ရှေ့တွင် မတ်တတ်ရပ်လျက် ခမည်းတော် ကိုယ်တော်ရှင်ထံမှ အကူအညီ တောင်းဆိုနေကြသော ပတ္ထနာများကို ခမည်းတော်ထံတင်ပြလျက်ရှိသည်။ ငိုကြွေး၍စိတ်နှလုံးကြေကွဲသော သူတစ်ဦးကိုမျှ နှင်ထုတ်တော်မမူပေ။ အပြစ်ဖြေလွှတ်ချမ်းသာခွင့်နှင့်ပြန်လည်တည်မြဲခြင်းအတွက် ကိုယ်တော်ရှင်အထံတော်သို့ချဉ်းကပ်သောသူရှိသမျှတို့အား လွတ်လွတ်

ကျွတ်ကျွတ်ဖြေလွှတ်ချမ်းသာခွင့်ပေးတော်မူမည်။ ကိုယ်တော်ရှင်ဖော်ပြနိုင်သော အရာခပ်သိမ်းတို့ကို လူတစ်ဦးတစ်ယောက်ကိုမျှအကုန်အစင် မပြောပြသော်လည်း တုန်လှုပ်နေသောသူတိုင်းအား အားယူ၍ရဲရင့်ခြင်းရှိရန် အားပေးစကားပြောကြားတော်မူသည်။ အလိုရှိသောသူတိုင်း ဘုရားသခင်၏အင်အားတော်ကိုကိုင်စွဲနိုင်၍ ကိုယ်တော်ရှင်နှင့်ငြိမ်းချမ်းရေးပြုလုပ်လျှင် ကိုယ်တော်ရှင်ကလည်း ငြိမ်းချမ်းရေး ပြုလုပ်တော်မူမည်။

ခိုလှုံရန်အတွက် ကိုယ်တော်ရှင်ထံတော်သို့ ချဉ်းကပ်သောသူတို့အား ယေရှုရှင်သည် စွပ်စွဲပြောဆိုချက်များနှင့် လျှာဖြင့် ရန်သတ္တုရုပြုခြင်းတို့နှင့်ဝေးကွာသောအရပ်သို့ မ ချီပေးတော်မူသည်။ သူတို့အားဘယ်လူသား သို့မဟုတ် ဆိုးယုတ်သောကောင်းကင်တမန်တို့ကမျှ အပြစ်စွဲဆိုခြင်း ပြုနိုင်ကြမည် မဟုတ်ပေ။ ခရစ်တော်သည် သူတို့အား မိမိကိုယ်တိုင်၏ဘုရားဇာတိလူဇာတိနှင့် ပေါင်းဖက်တော်မူသည်။ MH, pp. 89,90.

ဖိုးထိုက်ကတိတော်များ။ ခရစ်တော်၌ရပ်တည်သော သူတိုင်းသည် ဤဖိုးထိုက်စကားများကို မိမိကိုယ်တိုင် ပြောစကားအနေဖြင့် မှတ်ယူနိုင်သည်။ သူ၏ပြောဆိုချက်ကား၊

"ငါမူကား ထာဝရဘုရားကို မျှော်လင့်မည်၊
ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို ငါခိုလှုံမည်၊
ငါ၏ဘုရားသခင်သည် ငါ့စကားကို နားထောင်တော်မူမည်။

အချင်းရန်သူ၊ ငါ့အပေါ်မှာ ဝါကြွားဝမ်းမြောက်ခြင်းမရှိနှင့်၊
ငါလဲသော်လည်း ထဦးမည်၊
မှောင်မိုက်၌ ထိုင်ရသော်လည်း၊
ထာဝရဘုရားသည် ငါ၏အလင်းဖြစ်တော်မူလိမ့်မည်။

ကိုယ်တော်သည် အကျွန်ုပ်တို့ကို တစ်ဖန်သနား၍၊
အကျွန်ုပ်တို့၏ဒုစရိုက်ရှိသမျှကို ကျော်နင်းတော်မူလိမ့်မည်၊
အကျွန်ုပ်တို့၏အပြစ်အလုံးစုံတို့ကို နက်နဲသောပင်လယ်ထဲသို့
ချပစ်တော်မူလိမ့်မည်။" မိက္ခာ၊ ၇း၇၊ ၈၊ ၁၉။

ဘုရားသခင်ထားရှိတော်မူသောကတိတော်။

"လူသည် ရွှေစင်ထက် အဖိုးထိုက်မည်အကြောင်း၊
ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက် အဖိုးထိုက်မည့်
အကြောင်း ငါပြုမည်။" ယေရှာ၊ ၁၃း၁၂။

"သင်တို့သည် တောင်ကြားမှာ နေရာကျလျက်၊
ငွေနှင့်မွမ်းမံသောချိုးငှက်အတောင်ကဲ့သို့လည်းကောင်း၊
နီသောရွှေနှင့်မွမ်းမံသောအမွေးကဲ့သို့လည်းကောင်း
ဖြစ်ကြလိမ့်မည်။" ဆာ၊ ၆၈း၁၃။

အပြစ်ဖြေလွှတ်ခြင်း အများဆုံး ခံရသောသူသည် ခရစ်တော်ကို အများဆုံး ချစ်မည်။ ဤသူများသည် နောက်ဆုံးသောနေ့ရက်တွင် ကိုယ်တော်ရှင်၏ပလ္လင်တော်နှင့်အနီးကပ်ဆုံး မတ်တတ်ရပ်သောသူများဖြစ်သည်။

"မျက်နှာတော်ကို မြင်ရ၍ သူတို့၏နဖူး၌လည်း နာမတော်ရေးထားလျက်ရှိလိမ့်မည်။" ဗျာ၊ ၂၂း၄။MH, p. 182

-၀-

အပိုင်း ၇

# ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူအား ပြန်လည်နေရာချထားရေး

## ၁ အလုပ်လုပ်နည်းအကြံပေးချက်

ချုပ်တည်းမှုဆိုင်ရာလုပ်ငန်းသည် အမြဲတမ်းဆောင်ရွက်ရမည့်ကိစ္စပင်။ မှန်ကန်သော ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းသည် ဧဝံဂေလိသတင်းစကားဖြန့်ကြဲရာတွင် သူ့ကဏ္ဍနှင့်သူရှိ၍ ဝိညာဉ်တစ်ခုအားအသစ်ဖြစ်စေ၍ ပိုမိုမြင့်မြတ်သောဘဝသို့ မ ချီမြှင့်တင်ပေးနိုင်သည်။ အထူးသဖြင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြောင်းလဲမှုလုပ်ငန်းသည် ခရစ်ယာန်အမှုတော်ဆောင်များ၏အထောက်အပံ့ကိုတောင်းဆိုသည်။ သူတို့သည် ဤလုပ်ငန်းကိုဂရုစိုက်လျက် အမြဲတမ်းဆောင်ရွက်ရမည့် ကိစ္စအနေဖြင့်ထားရှိရမည်။ စစ်မှန်သော ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အခြေခံသဘောတရားရေးရာများကို နေရာမရွေး ပြည်သူလူထုအားတင်ပြ၍ ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ကတိသစ္စာပြုချက်ကတ်ပြားတွင် လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်ရမည်။ မကောင်းသောအကျင့်ဓလေ့များတို့၏ ကျေးကျွန်ဖြစ်နေသောသူတို့အားကယ်ဆယ်ရန် အထူးကြိုးပမ်းရမည်။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောကြောင့် အပြစ်ဒုစရိုက်၌ နစ်မွန်းနေသောသူတို့အတွက် ဆောင်ရွက်စရာလုပ်ငန်းတစ်ခုသည် နေရာတိုင်းတွင်ရှိနေသည်။ ခရစ်ယာန်အသင်းတော်များ၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ခရစ်ယာန်အိမ်ထောင်များစပ်ကြားထဲတွင် အများသောလူငယ်လူရွယ်တို့သည် ပျက်စီးရာလမ်းကို ရွေးချယ်လျက်ရှိကြသည်။ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောအကျင့်ဓလေ့များအားဖြင့်သူတို့သည် သူတို့ကိုယ်ကိုသူတို့ ရောဂါရ အောင်ပြုလုပ်ကြသည်။ အပြစ်များသောကာမဂုဏ်လိုက်စားမှုအတွက် ငွေကြေးရလိုသောလောဘကြောင့် သူတို့သည် မရိုးသားသောအကျင့်များကို ကျင့်သုံးကြသည်။ ကျန်းမာခြင်းနှင့် စာရိတ္တတို့သည်ပျက်ပြားကုန်ကြသည်။ ဘုရားသခင်နှင့်ဝေးကွာသောသူများ၊ လူ့အသိုက်အဝန်းမှဝိုင်းပယ်ခံရသောသူများဖြစ်လျက် ဤသနားဖွယ်ကောင်းသောသူတို့သည် ပစ္စုပ္ပန်ဘဝအတွက်သော်လည်းကောင်း၊ တမလွန်ဘဝအတွက်သော်လည်းကောင်း သူတို့အဖို့မျှော်လင့်ချက်မရှိ တော့ပြီဟုယူဆနေကြသည်။ သူတို့၏မိဘများမှာ သူတို့၏အဖြစ်သနစ်ကြောင့်စိတ်နှလုံးကြေကွဲရကြသည်။ အများသောသူတို့က ဤသူတို့၏မျှော်လင့်ချက်ကား ဗလာနတ္ထိမရှိတော့ပြီဟုဆိုကြသည်။ ဘုရားသခင်အနေဖြင့် ထိုကဲ့သို့ သဘောမထားပေ။ သူတို့ရင်ဆိုင်နေရသောအခြေအနေသို့ ဘာကသူတို့ကိုပို့ဆောင်ပေး ကြောင်း ကိုယ်တော်ရှင်သည် နားလည်တော်မူ၍ ကိုယ်တော်ရှင်သည် သူတို့အား သနားတော်မူသည်။ ယင်းကဲ့သို့သောလူတန်းစားတို့အတွက် အကူအညီလိုအပ်နေသည်။ "ကျွန်ုပ်၏ဝိညာဉ်ကို ဘယ်သူကမှ ဂရုမစိုက်ကြပါကလား" ဟု ထိုသူများ၏နှုတ်က မထွက်ပါစေနှင့်။

ကိုယ်ခန္ဓာအခြေအနေကို ပထမဆုံးအာရုံပြု။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ဒဏ်ကို အလူးအလဲခံ နေရသောသူတို့တွင် လူတန်းစားအမျိုးမျိုးနှင့် ပညာသည်အမျိုးမျိုးပါဝင်သည်။ ရာထူးဌာနန္တရကြီးများ ထမ်းဆောင်ရသောပုဂ္ဂိုလ်များ၊ လူရည်ချွန်ကြီးများ၊ ပညာရေးလောကမှ ပါရဂူကြီးများတို့သည် စုံစမ်းသွေးဆောင်ခြင်းတို့ကို တွန်းလှန်ရန်မစ မဲ့အခြေအနေသို့ဆိုက်ရောက်လောက်အောင် မိမိတို့၏ခံတွင်းအလိုသို့လိုက်ကြ၏။ ရှေးကဥစ္စာပစ္စည်းချမ်းသာကြွယ်ဝခဲ့သောပုဂ္ဂိုလ်ကြီးများသည် ယခုအခါအိုးအိမ်မဲ့ဖြစ်ကြပြီ။ မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများ လည်း ဗလာနတ္ထိမရှိဖြစ်ကြပြီ။ ဝေဒနာခံစားခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ရောဂါဖိစီးနှိပ်စက်ခြင်းနှင့် ဂုဏ်အသရေ ဆုတ်ယုတ်ခြင်းစသောအခြေအနေတို့ကို ရင်ဆိုင်နေရကြလေပြီ။ သူတို့သည် ကိုယ်ကိုချုပ်ထိန်းနိုင်သော စွမ်းရည်ကား ကုန်ခန်းသွားလေပြီ။ အကယ်၍သာသူတို့အား မစသောလက်၏ဖေးမကိုင်တွယ်မှုမရှိလျှင် သူတို့သည် နစ်သည်ထက်နစ်မြုပ်သွားမည်ဖြစ်သည်။ ဤကဲ့သို့ မိမိအလိုလိုက်၍ပြုလုပ်နေခြင်းသည် ကျင့်စဉ်ဆိုင်ရာအပြစ်ဒုစရိုက်ကို ကျူးလွန်ခြင်းဖြစ်သည်သာမက ကိုယ်ခန္ဓာဆိုင်ရာ ရောဂါဝေဒနာလည်းဖြစ်သည်။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူတို့ကိုမစရာတွင် မကြာခဏပင်ကျွန်ုပ်တို့သည် ခရစ်တော်အရှင် မကြာခဏ ပြုလုပ်လေ့ရှိသကဲ့သို့ ပထမဆုံးသူတို့၏ကိုယ်ခန္ဓာဆိုင်ရာအခြေအနေကိုဂရုပြုရမည်။ သူတို့သည်အားအင်ဖြည့်တင်း ပေး၍ လှုံ့ဆော်မှုမပြုသောအစားအသောက်များ၊ သန့်ရှင်းစင်ကြယ်သောအဝတ်အစား၊ ကိုယ်ခန္ဓာဆိုင်ရာသန့်ရှင်းမှု ပြုလုပ်နိုင်သောအခွင့်အရေးများလိုအပ်နေသည်။သူတို့၏ပတ်လည်တွင်ကူညီမစတတ်၍ အခြေအနေကို မြှင့်တင်ပေး တတ်သောဩဇာသက်ရောက်မှု ဝိုင်းရံထားရှိရန်လိုအပ်သည်။ မြို့ကြီးပြကြီးတိုင်းတွင် ဆိုးသွမ်းသော အကျင့်ဓ လေ့တို့၏ကျေးကျွန်များကို ချည်နှောင်ထားသောတပ်မက်ခြင်းသံကြိုးများကိုဖြတ်တောက်ပစ်ရန် အကူအညီပေး နိုင်သောဌာန များတည်ထောင်ထားရှိသင့်ပေသည်။ ဒုက္ခရောက်သောအခါ မူးယစ်သေစာသောက်စားခြင်းသည် တစ်ခုတည်းသော နှစ်သိမ့်ဖွယ်ရာဌာနဖြစ်သည်ဟုယူဆကြသည်။ အကယ်၍သာ ခရစ်ယာန်ဆိုသူများသည် ယဇ်ပုရောဟိတ်နှင့်လေဝိ အမျိုးသားတို့၏လမ်းစဉ်ကိုမကျင့်သုံးပဲ ကောင်းသောရှမာရိ၏နမူနာကို လိုက်နာ ဆောင်ရွက်ကြလျှင် ယင်းအခြေအနေ မျိုးပေါ်ပေါက်ရန်မလိုပေ။

တစ္ဆေသရဲပူးနေသော သေသောက်ကြူးသူတို့ကို ကိုင်တွယ်ရာတွင် သည်းခံမှုလိုအပ်ခြင်း။ ချုပ်တည်းခြိုးခြံမှု ကင်းမဲ့သော သူတို့ကို ကိုင်တွယ်ရာတွင် စိတ်မချွတ်ယွင်းသောသူမဟုတ်ပဲ လတ်တလောအားဖြင့် တစ္ဆေသရဲ၏မှိုင်းမိနေ သော လူများနှင့် ဆက်ဆံနေရသည်ကို သတိပြုရကြမည်။ သည်းခံပါ။ စိတ်ရှည်ပါ။ စက်ဆုပ်ဖွယ်ကောင်း၍ နှစ်သက် ဖွယ်လည်းမဖြစ်သော ပုံပန်းသဏ္ဌာန်ကို မစဉ်းစားပဲ ခရစ်တော်သည် အသေခံတော်မူ၍ ကယ်ဆယ်ထားတော်မူသော အဖိုးထိုက်တန်လှသော အသက်ကို စဉ်းစားကြည့်ပါ။ အရက်သမားသည် သူ့နိမ့်ကျသော ဘဝအသက်တာကို နိုးကြား တွေ့မြင်လာလျှင် သင်သည် သူ့မိတ်ဆွေဖြစ်ကြောင်း တတ်နိုင်သမျှပြပါ။ အပြစ်တင်သော စကားကို မပြောပါလေနှင့်။ ပြစ်တင်ကြိမ်းမောင်း မနှစ်မြို့ကြောင်းပြသော အလုပ်အကိုင် အပြောအဆိုမျိုးကို ရှောင်ကြဉ်ပါ။ ယင်းကဲ့သို့ပြုလုပ်ခဲ့ သော် သနားဖွယ်ကောင်းသောသူသည် သူ့ကိုယ်ကိုသူ ကျိန်ဆဲလိမ့်မည်။ သူ့ကိုလဲရာမှ ထအောင်ကူညီပါ။ ယုံကြည် ခြင်းကို အားပေးသောစကားများကို ပြောပါ။ ကာယကံရှင်၏အကျင့်စာရိတ္တတွင် ကောင်းနိုးရာရာ အချက်တိုင်းကို ခိုင် မာစေပါ။ အထက်သို့တက်လှမ်းနိုင်သောနည်းလမ်းကို သွန်သင်ပေးပါ။ လူသားအချင်းချင်းက သူ့ကို ရိုသေလေးစား နိုင်စေမည့် ဘဝအသက်တာမျိုး၌ ကျင်လည်ရပ်တည်နိုင်ကြောင်းကို သူ့အားပြပါ။ ဘုရားသခင်က သူ့အား အပ်နှင်း ထားတော်မူသော်လည်း သူ့အနေဖြင့် တိုးတက်ကောင်းမွန်အောင် မပြုလုပ်ပဲထားရှိသော စွမ်းရည်များ၏တန်ဖိုးကို တွေ့ မြင်သိနားလည်စေရန် သူ့အားကူညီပါ။

စိတ်အလိုဆန္ဒသည် ခေါင်းပါးချည့်နဲ့လာသော်လည်း သူ့အတွက် ခရစ်တော်၌ မြော်လင့်ချက်ရှိသည်။ သူ့ စိတ်အတွင်းအိမ်၌ မြင့်မားသော စိတ်ဇောများနှင့် သန့်ရှင်းသောလိုအင်ဆန္ဒများကို နိုးကြားလာစေရန် ကိုယ်တော်ရှင်က ပြုပြင်ပေးတော်မူပါလိမ့်မည်။ သူ့ရှေ့၌ ချပြထားသော ဧဝံဂေလိတရားတော်၌ ထားရှိသောမြော်လင့်ချက်ကို ကိုင်စွဲ ထားဖို့ သူ့ကိုအားပေးပါ။ စုံစမ်းသွေးဆောင်ခြင်းခံရ၍ ရုန်းကန်လျက်ရှိသောသူ့အား သမ္မာကျမ်းစာကိုဖွင့်ပြ၍ ဘုရား သခင်ထားရှိတော်မူသောကတိတော်များကို ထပ်တလဲလဲဖတ်ပြပါ။ ဤကတိတော်များသည် သူ့အတွက် အသက်ပင်၏ သစ်ရွက်များကဲ့သို့ ဖြစ်လိမ့်မည်။ တုန်လှုပ်နေသောလက်များသည် ခရစ်တော်အားဖြင့် ထားရှိသော ကယ်တင်ခြင်းဆိုင် ရာမြော်လင့်ချက်ကို ကျေးဇူးတင်သော ဝမ်းမြောက်ခြင်းဖြင့် ကိုင်စွဲလာသည်တိုင်အောင် သည်းခံ၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပါ။

ဆက်လက်ကြိုးပမ်းဆောင်ရွက်မှုလိုအပ်နေသည်။ သင်ကြိုးပမ်း၍ ကူညီမှုပေးနေသောသူတို့အား စွဲမြဲစွာ ကိုင် စွဲထားရမည်။ သို့မဟုတ်လျှင် သင်သည် ဘယ်အခါမျှ အောင်မြင်မှုကို ရရှိလိမ့်မည်မဟုတ်ပေ။ ကာယကံရှင်တို့သည် မကောင်းမှုကိုပြုရန် အမြဲတမ်းသွေးဆောင်မှုကို ခံနေရလိမ့်မည်။ သေရည်သေရက်များကိုတောင့်တခြင်းအားဖြင့် သူတို့ သည် အကြိမ်ကြိမ်အဖန်ဖန်အရှုံးပေးရတော့မလောက်ဖြစ်ခဲ့သည်။ အကြိမ်ကြိမ်အဖန်ဖန်သူတို့သည် ဆုံးရှုံးနိုင်ကြသည်။ ဤအခြေအနေကြောင့် သူတို့အတွက် သင်တို့၏ကြိုးပမ်းမှုများကို ရပ်ဆိုင်းခြင်း မပြုပါလေနှင့်။

သူတို့သည် ခရစ်တော်အတွက် အသက်ရှင်ရန် ကြိုးပမ်းဖို့ သန္နိဋ္ဌာန်ချပြီးဖြစ်ကြသည်။ သို့ရာတွင် သူတို့စိတ် ဆန္ဒအင်အားသည် ချည့်နဲ့နေသည်။ ထို့ကြောင့်ဝိညာဉ်များအတွက် တာဝန်ရှိသူများအနေဖြင့် ဝိညာဉ်များကို စောင့် ကြည့်နေရသောသူတို့သည် ထိုသူတို့အား ဂရုတစိုက်စောင့်ထိန်းကာကွယ်ပေးရကြမည်။ ထိုသူတို့သည် သူတို့၏ လူကြီးအဖြစ်ကို ဆုံးရှုံးခဲ့ကြပြီ။ ယင်းဆုံးရှုံးခဲ့သောအဖြစ်ကိုပြန်လည်ရယူကြရမည်။ အများသောသူတို့သည် ဖိရိုးဖလာ

အားဖြင့် မကောင်းမှုလိုက်စားလိုသောဆန္ဒကို တွန်းလှန်ပစ်ရကြမည်။ သဘာဝမကျသောတောင့်တမှုများ၊ ကာမဂုဏ်ခံစားလိုသောစိတ်ဇောများတို့သည် သူတို့မွေးဖွားချိန်မှပါလာသော အမွေအနှစ်များဖြစ်ကြသည်။ ယင်းကဲ့သို့သော အမွေဆိုးများကိုဂရုတစိုက်ကာကွယ်တားဆီးရမည်ဖြစ်သည်။ လူသားတို့၏ကိုယ်ခန္ဓာအတွင်းရောအပြင်၌ပါအကောင်းနှင့်အဆိုးတို့သည် အနိုင်ယူရန် သူ့ထက်ငါကြိုးပမ်းလျက်ရှိကြသည်။ ယင်းကဲ့သို့သော အတွေ့အကြုံမျိုးရင်မဆိုင်ဖူးသေးသောသူတို့သည် ခံတွင်းအလိုက အနိုင်ရရှိလုမတတ်ဖြစ်သောအခြေအနေသို့ရောက်ရှိနိုင်လောက်အောင်အင်အားကြီးမားသည်ကိုလည်းကောင်း၊ ကိုယ့်အလိုသို့လိုက်စားခြင်းနှင့် အရာရာ၌တပ်မက်ခြင်းကို ရှောင်ကြဉ်ရန် တိုက်ပွဲသည် မည်မျှပြင်းထန်သည်ကိုလည်းကောင်း မသိရှိနိုင်ကြပေ။ တိုက်ပွဲကို ထပ်တလဲလဲ ဆင်နွှဲရမည်။

ဖေါက်ပြန်မှုကြောင့် အားမငယ်ရ။ ခရစ်တော်ထံတော်သို့ ချဉ်းကပ်သောသူအများတို့တွင် ခံတွင်းအလိုနှင့်တပ်မက်ခြင်းတို့ကို ဆက်လက်၍တိုက်ပွဲဆင်ရန် သတ္တိရှိမည်မဟုတ်ပေ။ သို့ဖြစ်စေကာမူ အမှုတော်ဆောင်သည်ယင်းအခြေအနေကြောင့် စိတ်အားမငယ်ရ။ အနိမ့်ကျဆုံး အခြေအနေမှ ကယ်ဆယ်ခြင်းခံရသောသူတို့သာလျှင် ဖောက်ပြန်ကြသလော။

သင်သည် တစ်ဦးတည်းအလုပ်လုပ်နေသည်မဟုတ်သည်ကို သတိပြုပါ။ ဘုရားသခင်၏သစ္စာရှိသောသားသမီးတို့နှင့် လက်တွဲ၍ ကောင်းကင်တမန်များတို့ ဆောင်ရွက်ကြသည်။ ခရစ်တော်သည် ပြန်လည်အသစ်ပြုပြင်ပေးတော်မူသော အရှင်ဖြစ်သည်။ သမားတော်ကြီး ယေရှုရှင်ကိုယ်တော်တိုင် ကိုယ်တော်၏သစ္စာရှိသော အမှုတော်ဆောင်များ၏ နံဘေး၌မတ်တတ်ရပ်တော်မူလျက် နောင်တရသောသူအား "ငါ့သား၊ သင်၏အပြစ်ကို လွှတ်စေပြီ" (မာ၊ ၂း၅) ဟုမိန့်တော်မူသည်။

အများသောသူတို့သည် ကောင်းကင်သို့ ဝင်စားရမည်။ မြောက်မြားစွာသော လူ့အသိုက်အဝန်းမှ အပယ်ခံလူတို့သည် သူတို့ရှေ့တွင် ဧဝံဂေလိတရားတော်၌ ထားရှိသော မြော်လင့်ချက်ကို ကိုင်စွဲ၍ ကောင်းကင်နိုင်ငံတော်သို့ ဝင်စားရကြမည်ဖြစ်သော အခွင့်ထူးများနှင့် ကြီးမားသော အလင်းတရားကို ရရှိသော်လည်း တိုးတက်မှု မရှိသောသူတို့သည် အပြင်၌ရှိသော မှောင်မိုက်ထဲတွင် ကျန်ရစ်နေမည်ဖြစ်သည်။ **MH, pp. 171-174.**

ပြင်ပဟန့်တားသောအလွှာအောက်တွင် ကောင်းမြတ်သောစိတ်ဇော။ ကျွန်ုပ်တို့က ကြိုးပမ်းဆောင်ရွက်သော်လည်းရုတ်ချည်းတုံ့ပြန်ခြင်းမရှိသောသူအတွက် ကျွန်ုပ်တို့သည် လွယ်လင့်တကူစိတ်အားငယ်လာတတ်ကြသည်။ အနည်းငယ်သောမြော်လင့်ချက်ရှိနေသမျှ ကာလပတ်လုံး ဆက်လက်မလုပ်ဆောင်ပဲ ဘယ်အခါမျှမနေပါနှင့်။ မိမိကိုယ်ကို အနစ်နာခံခဲ့သောကယ်တင်ရှင်သည် တန်ဖိုးကြီးကြီးပေး၍ရွေးနုတ်ခဲ့ရသောအဖိုးထိုက်လှသော ဝိညာဉ်များကို စုံစမ်းသွေးဆောင်သောသူ၏လက်သို့ ပေါ့ပေါ့ဆဆဖြင့် အပ်တော်မူမည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ကိုယ်ကို စုံစမ်းသွေးဆောင်ခြင်း ခံရသောသူ၏နေရာတွင် ထားရှိရန်လိုအပ်ပေသည်။ မိရိုးဖလာဆင်းသက်လာမှု၏အာနိသင်၊ ဆိုးသွမ်းသောအပေါင်းအသင်းနှင့်ပတ်ဝန်းကျင်၏ဩဇာသက်ရောက်မှု၊ မှားယွင်းသောအကျင့်မလေ့တို့၏အာနိသင်တို့ကို စဉ်းစားကြည့်ပါ။ ယင်းကဲ့သို့သော ဩဇာသက်ရောက်မှုတို့ကြောင့် အများသောသူတို့၏အသရေသည် ယုတ်နိမ့်လာသည်မှာ အံ့သြဖွယ်ဖြစ်နိုင်သလော။ သူတို့အားမြှင့်တင်ပေးရန် ကြိုးပမ်းမှုကို သူတို့က တုံ့ပြန်ရာတွင် နှေးကွေးလှသည်မှာ ကျွန်ုပ်တို့အတွက် အံ့သြဖွယ်ဖြစ်နိုင်သလော။

မကြာခဏပင် ဧဝံဂေလိတရားတော်ကို ယုံကြည်လက်ခံလာပြီးသည့်နောက်ပိုင်းတွင် အမြင်အားဖြင့် ကြမ်းတမ်း၍ထွန်းကားမည်မထင်ရသောသူတို့သည် ယင်းတရားတော်ဘက်တွင် သစ္စာသမာဓိအရှိဆုံးနှင့်အတတ်နိုင်ဆုံးလိုက်နာကျင့်သုံးသောသူများဖြစ်သည်ကိုတွေ့ရသည်။ သူတို့သည် လုံးဝပျက်စီးနေသူများမဟုတ်ပေ။ အပေါ်ယံအားဖြင့် ပြုပြင်၍ရမည့်လက္ခဏာမရှိသော်လည်း အတွင်းတွင်ကုသပြုပြင်၍ ရနိုင်သောစိတ်ဇောများစွာ ကိန်းအောင်းနေတတ်သည်။ ကူညီမစသူ မရှိပဲအများသောသူတို့သည် ဘယ်အခါမျှ သူ့အခြေအနေကို ပြန်လည်သတိရလာမည်မဟုတ်ပေ။ သို့ရာတွင် သည်းခံ၍မပြတ်သောလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျှင် ယင်းပုဂ္ဂိုလ်တို့သည် မြင့်မားသောအခြေ အနေအဆင့်အတန်းသို့ရောက်ရှိနိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့သောပုဂ္ဂိုလ်များအား ကြင်နာသော စကားများပြော ဆိုရန်လည်းကောင်း၊ ထောက်ထားညှာတာစွာဆက်ဆံရန်လည်းကောင်း၊ ထင်ရှားသော ကူညီမစမှုများပေးရန်လည်း ကောင်းလိုအပ်လှပေသည်။ သူတို့အတွင်း၌ရှိနေသောစိုးစဉ်းမျှဖြစ်သောအင်အားသတ္တိကို ငြိမ်းသက်ခြင်းမပြုမည့် အကြံ ပေးစကားများပြောဆိုရန်လိုအပ်ပေသည်။ ယင်းကဲ့သို့ ပုဂ္ဂိုလ်မျိုးနှင့်တွေ့ဆုံရ သော အမှုတော်ဆောင်များသည် ဤအချက်ကို ဆင်ခြင်တွေးတောမိပါစေ။

ကျေးဇူးတော်နိမိတ်လက္ခဏာ၏အသီးများ။ အချို့သောသူတို့သည် အချိန်ကြာညောင်းစွာ နိမ့်ကျသောအခြေအနေ၌ ရပ်တည်နေကြသောကြောင့် အကြောင်းညီညွတ်သင့်မြတ်သောအခြေအနေတွင် သူတို့ရောက်ရှိနိုင်သောအဆင့်အတန်းသို့ ဤဘဝတွင်ဘယ်အခါမျှရောက်ရှိနိုင်ကြတော့မည်မဟုတ်ပေ။ သို့ရာတွင် ဖြောင့်မတ်သောနေမင်း၏တောက်ပသော လင်းရောင်ခြည်တို့သည် စိတ်ဝိညာဉ်အတွင်း၌ ထွန်းလင်းနိုင်သည်။ ဘုရားသခင်၏အသက်တော်နှင့်ရင်ပေါင်တန်းသော ဘဝမျိုး၌ ကျင်လည်နိုင်ရန် သူတို့၏အခွင့်အရေးဖြစ်သည်။ အခြေအနေကိုမြှင့်တင်ပေး၍ မြင့်မြတ်အောင်ပြုပြင်ပေးသော စိတ်ကူးအကြံအစည်များကို သူတို့စိတ်နှလုံးမြေဩဇာ၌ စိုက်ပျိုးထားပေးပါ။ ဆိုးသွမ်းခြင်းနှင့်စင်ကြယ်ခြင်း၊ အမှောင်နှင့်အလင်းတို့၏ကွာခြားပုံကိုသင်၏ဘဝအသက်တာအားဖြင့်ရှင်းလင်းပြတ်သားစွာဖေါ်ပြပါ။ ခရစ်ယာန်တစ်ဦးအနေဖြင့်ရပ်တည်ခြင်းသည် ဘယ်ကဲ့သို့သောအခြေအနေ၌ ရပ်တည်ရသည်ကိုသူတို့တွေ့မြင်ပါလေစေ။ အပြစ်ဒုစရိုက်အများဆုံးရှိသောသူတို့ကို မ ချီမြှင့်တင်၍ ဘုရားသခင်၏သားသမီးများဟု အသိအမှတ်ပြုခြင်းခံစေလျက် မဖောက်ပြန်မပျက်စီးနိုင်သောအမွေကို ခရစ်တော်နှင့်အတူ ခံစားစံစားနိုင်သောအခြေအနေသို့ ပို့ဆောင်ပေးတော် မူရန် ခရစ်တော်သည်စွမ်းဆောင်နိုင်တော်မူသည်။

ကျေးဇူးတော်သည် အံ့ဩဖွယ်သော စွမ်းဆောင်မှုကြောင့် အများသောသူတို့သည် အသုံးဝင်သောဘဝအသက်တာတွင် အံဝင်ခွင်ကျဖြစ်လာနိုင်ကြသည်။ မထီမဲ့မြင်ပြုခြင်း၊ ဝိုင်းပယ်ခြင်းခံရမှုတို့ကြောင့် ယင်းလူတို့သည် စိတ်ပျက်အားလျော့ဖြစ်နေကြသည်။ သူတို့သည် ဥပေက္ခာသဘောရှိသောလက္ခဏာနှင့်ထိုင်းမှိုင်းနေသောလက္ခဏာမျိုးရှိကောင်းရှိကြမည်။ သို့ဖြစ်လင့်ကစား သန့်ရှင်းသောဝိညာဉ်တော်၏ဆောင်ရွက်မှုကြောင့် သူတို့အား မြှင့်တင်ပေးသည့်လုပ်ငန်းသည် မျှော်လင့်ချက်ကင်းမဲ့သောအခြေအနေကို ဖန်တီးပေးနေသောမိုက်မဲထုံထိုင်းမှုသည် ပျောက်ကွယ်သွားလိမ့်မည်။ ငြိုးငယ်ထိုင်းမှိုင်းနေသောစိတ်သည် နိုးနိုးကြားကြားရှိလာလိမ့်မည်။ အပြစ်ဒုစရိုက်၏ကျေးကျွန်ဘဝမှ လွတ်မြောက်ခြင်း ရလိမ့်မည်။ ဆိုးသွမ်းမှုသည် ပျောက်ကွယ်သွား၍ ဉာဏ်ပညာကင်းမဲ့မှု ဒုက္ခကို အောင်မြင်ကြမည်။ မေတ္တာအားဖြင့်လုပ်ဆောင်သောယုံကြည်ခြင်းကြောင့် စိတ်နှလုံးသည်ဖြူစင်လာ၍ အသိပညာလည်း ပိုမိုထွားကြိုင်းလာမည်။ **MH, pp. 168, 169.**

## ၂ ချုပ်တည်းခြိုးခြံမှုလုပ်ငန်းဆိုင်ရာလုပ်သား

ပုဂ္ဂလိကဆိုင်ရာလုပ်ငန်းဆောင်ရွက်ရမည်။ သာသနာပြုလုပ်ငန်းသည်တရားဟောပြောခြင်းသာဖြစ်သည်မဟုတ်။ သူတို့၏ကျန်းမာမှုကို အလွဲသုံးစားပြု၍ သူတို့၏ခံတွင်းအလိုနှင့်တပ်မက်ခြင်းများကို ချုပ်ထိန်းထားရန် စာရိတ္တကြံ့ခိုင်မှု မရှိသောနေရာမျိုးတွင် ရပ်တည်နေကြသော သူတို့အတွက် ပုဂ္ဂလိကဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးမှုလည်း ပါဝင်ပေသည်။ အခွင့်အလမ်းသာသော အခြေအနေမျိုး၌ရှိသောပုဂ္ဂိုလ်များအတွက် ဆောင်ရွက်သည်နည်းတူ ယင်းပုဂ္ဂိုလ်များအတွက်လည်း ဆောင်ရွက်ရမည်။ ကျွန်ုပ်တို့ ကမ္ဘာပေါ်တွင် ဒုက္ခဝေဒနာခံစားနေရသောသူများ မြောက်မြားစွာရှိသည်။ **Ev, p. 265.**

ကိုယ့်ကိုယ်ကိုယ် ချုပ်ထိန်းမှုသာဓက။ မိမိတို့ကိုယ်ကို ချုပ်ထိန်းထားနိုင်သောသူတို့သည် အားနည်း၍ လမ်းလွဲသောသူတို့အတွက် ဆောင်ရွက်ရန်သင့်လျော်လှပေသည်။ သူတို့သည် ထိုသူတို့အား သိမ်မွေ့စွာဖြင့်လည်းကောင်း၊ သည်းခံသောစိတ်ဖြင့်လည်းကောင်း ဆက်ဆံကြလိမ့်မည်။ သူတို့ကိုယ်တိုင်၏ ပုံသက်သေအားဖြင့် အမှန်တရားကိုပြ၍ လမ်းလွဲသောသူတို့အား ကောင်းမွန်သော ဩဇာသက်ရောက်မှု ရှိနိုင်သောနေရာများတွင် ထားရှိရန် ကြိုးပမ်းလိမ့်မည်။

"ဘိုးဘေးတို့လက်ထက်မှစ၍ သင်တို့သည် ငါစီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်၊ တိမ်းရှောင်ကြပြီ။ ငါ့ထံသို့ပြန်လာကြလော့။ ငါသည်လည်း သင်တို့ထံသို့ပြန်လာမည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်မှာတော်မူ၏။ အကျွန်ုပ်တို့သည် အဘယ်သို့ပြန်လာရမည်နည်းဟု သင်တို့မေးကြသည်တကား။"

သူတို့ဘာလုပ်သင့်သည်ကို အသေအချာမသိကြသောသူတို့ကိုတွေ့ရှိလျှင် သူတို့အား သင်တို့ကပြသသွန်သင်ပါ။ လူတိုင်းသည် ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းကို လုပ်ကိုင်သင့်ပေသည်။ ကယ်တင်ခြင်းဆိုင်ရာသိပ္ပံပညာကိုသွန်သင်ပေးရန် လူတိုင်းသည် အဆင်သင့် ဖြစ်နေသင့်ပေသည်။ **M, 38 ½, 1905.**

သနားတတ်ပါ။ ကိုယ်ချင်းစာတရားထားပါ။ လူထုထံသို့ ရောက်ရှိနိုင်သော နည်းလမ်းကို သိရှိနားလည်ရန် ကျွန်ုပ်တို့ ကြိုးပမ်းကြဖို့ အကောင်းဆုံးနည်းလမ်းမှာ သနားတတ်သောစိတ်နှင့် ကိုယ်ချင်းစာတရား လက်ကိုင်ထားဖို့ဖြစ်သည်။ နေထိုင်မကောင်း၍ အကူအညီလိုအပ်နေသောသူများကို အကူအညီပေးပါ။ ဒုက္ခရောက်နေချိန်တွင် သက်သာမှုကိုရအောင် ကြိုးပမ်းပါ။ ယင်းကဲ့သို့ ဆောင်ရွက်လျှင် ဘုရားသခင်၏တန်ခိုးတော်သည် ယင်းဆောင်ရွက်မှုမှတစ်ဆင့် သက်ဆိုင်ရာ ဝိညာဉ်ကို စကားပြောတော်မူမည်။ **GCB, April 23, 1901.**

ကိုယ်ချင်းစာနာမှုနှင့် မေတ္တာအားဖြင့်အောင်မြင်မှုယူပါ။ ကိုယ်ချင်းစာနာမှုနှင့် မေတ္တာတရားပြသခြင်းသည် ဆွဲဆောင်မှုရှိသည်။ ယင်းကဲ့သို့ ပြသခြင်းအားဖြင့် အများသောသူတို့ကို ခရစ်တော်ထံသို့ ဆွဲယူနိုင်၍ပြုပြင်ပြောင်းလဲရန်လည်းဆောင်ကြဉ်းပေးနိုင်ပေလိမ့်မည်။ သို့ရာတွင် သူတို့အားအဓမ္မပြုလုပ်၍မရပေ။ ကျွန်ုပ်တို့ကဲ့သို့ သမ္မာတရားကိုမတွေ့မြင်သော သူတို့အား ခရစ်ယာန်တို့သည်းခံခြင်း၊ ပွင့်လင်းခြင်း၊ ထောက်ထားစာနာခြင်းနှင့် ယဉ်ကျေးစွာဆက်ဆံခြင်းရှိလျှင် ကောင်းကျိုးကို ဖြစ်ထွန်းစေလိမ့်မည်။ ကျွန်ုပ်တို့သည် အလျင်စလိုမလုပ်ရ၊ လောလောလတ်လတ်ပြောင်းလဲလာသောသူတို့အား ဘာကိုလုပ်ရမည်၊ ဘာကိုမလုပ်ရ ဟူသော ကိစ္စများတွင် ဝန်လေးပင်ပန်းအောင် မလုပ်မိစေဖို့ သတိပြုရမည်။ **M, 1, 1878.**

## အမှုမဲ့အမှတ်မဲ့ထားသောအရာများကအားပေးခြင်း

ကျွန်ုပ်တို့၏ပေါင်းသင်းဆက်ဆံရေးကိစ္စများတွင်ကျွန်ုပ်တို့သတိပြုရမည့်အချက်မှာ၊ သူတစ်ပါး၏အတွေ့အကြုံများ တွင် လူသားတို့ မျက်မြင်ကိုယ်တွေ့ မဖြစ်သောကဏ္ဍ များရှိသည်။ မှတ်ဉာဏ်တည်းဟူသောစာမျက်နှာများပေါ်တွင် စပ်စုသောမျက်လုံးများက မတွေ့မြင်အောင်တရိတသေ ဖုံးအုပ်ထားသော ဝမ်းနည်းဖွယ်ရာအတ္ထုပ္ပတ္တိများ ရှိတတ်သည်။ ရဲစွမ်းသတ္တိ၊ ယုံကြည်အားကိုးခြင်းနှင့် ယုံကြည်ခြင်း များကို နေ့စဉ်ရက်ဆက်အင်အားနည်းစေသောအိမ်ထောင်စုဆိုင်ရာအတိဒုက္ခများဖြစ်နိုင်သည့်ခံရခက်သောအခြေအနေများနှင့်ကြာရှည်ခက်ခဲစွာ ဆင်နွှဲနေရသောတိုက်ပွဲများကို ရာဇဝင်စာတင်ခဲ့သည်။ ဘဝအသက်တာ၏တိုက်ပွဲများကို တပင်တပန်း ဆင်နွှဲရသောသူတို့သည် မေတ္တာနှင့်ကြိုးပမ်းမှုတို့ဖြင့် အရင်းအနှီးပြုလုပ်ခဲ့ရသော အမှုမဲ့ အမှတ်မဲ့ထားခဲ့သည့် အရာကလေးများ၏ အားပေးမှုအားဖြင့် အင်အားပြည့်တင်းနိုင်ကြသည်။ ယင်းကဲ့သို့သော ပုဂ္ဂိုလ်များအတွက် သစ္စာရှိသော မိတ်ဆွေတစ်ဦး၏အင်အားရှိသော ဖေးမကိုင်တွယ်မှုသည် ရွှေငွေထက် တန်ဖိုးရှိလှ၏။ ညှာတာထောက်ထားသောစကားသည် ကောင်းကင်တမန်များ၏ပြုံးရယ်ခြင်းကဲ့သို့ နှစ်သက်ဖွယ်ကောင်းလှသည်။ **MH, p. 158.**

ပို၍ကောင်းသောအရာတစ်ခုခုပေးပါ။ ထိခိုက်နာကျင်အောင် မပြောပါနှင့်။ မှားယွင်းသောအကျင့်ဓလေ့များဟူ၍ ကျွန်ုပ်တို့ သဘောထားသောအရာများအတွက် သူတစ်ပါးအား ထိခိုက်နာကျင်အောင် ပြောခြင်းအားဖြင့် သူတို့ကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းလျှင် အကျိုးမရှိပေ။ ယင်းကဲ့သို့ကြိုးပမ်းခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုး သက်ရောက်စေတတ်သည်။ ရှမာရိအမျိုးသမီးနှင့်စကားပြောတော်မူရာတွင် ယာကုပ်ရေတွင်းကို ရှုတ်ချမပြောပဲ ပိုမိုကောင်းသော အရာတစ်ခုကို တင်ပြတော်မူသည်။ "ယေရှုကလည်း၊ ဘုရားသခင်၏ကျေးဇူးတော်ကိုလည်းကောင်း၊ ငါ့သောက်ဖို့ ရေပေးပါဟု ဆိုသောသူကား၊ အဘယ်သူဖြစ်သည်ကိုလည်းကောင်း သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကို ပေးလိမ့်မည်ဟု မိန့်တော်မူ၏။" ယော ၄း၁၀။ ကိုယ်တော်ရှင်သည် သူတို့အပြန်အလှန်ပြောဆိုနေသော အကြောင်းအရာမှ သူကမ်းလှမ်းရမည့်ဘဏ္ဍာအကြောင်း ကူးပြောင်း ပြောဆိုတော်မူလျက် ယင်းအမျိုးသမီးပိုင်ဆိုင်သောအရာထက် ပိုမိုကောင်းမွန်သောအရာဖြစ်သော အသက်စမ်းရေတည်းဟူသော ဧဝံဂေလိတရားတော်၏ဝမ်းမြောက်ခြင်းနှင့် မြော်လင့်ခြင်းကို ပေးတော်မူ၏။ ဤသည်ကား၊ ကျွန်ုပ်တို့အတုယူဆောင်ရွက်ရ မည့်နည်းနိဿယပေတည်း။ ကျွန်ုပ်တို့သည် လူတို့အား သူတို့ပိုင်ဆိုင်သောအရာထက် ပိုမိုကောင်းမွန်သော အဘယ်သူမျှ ကြံ၍မမီနိုင်သောခရစ်တော်၏ငြိမ်သက်ခြင်းကို ပေးကမ်းရကြမည်။ ကိုယ်တော်ရှင်၏ဂုဏ်တော်ကို ဖော်ပြချက်ဖြစ်၍ လူတို့အားကိုယ်တော်ရှင်ကရောက်ရှိစေလိုသောအဆင့်အတန်းကို ဖေါ်ပြချက်လည်းဖြစ်သောကိုယ်တော်ရှင်၏သန့်ရှင်းသောပညတ်တော်ကို လူတို့အားပြောပြရကြမည်။ ကောင်းကင်ဆိုင်ရာ မပျက်စီးနိုင်သော ဘုန်းတန်ခိုးသည် လောက၏ယာယီမျှဖြစ်သောပျော်ရွှင်မှုနှင့်ကာမဂုဏ်ခံစားမှုတို့ထက် နှိုင်းယှဉ်၍မရလောက်အောင် သာလွန်ကောင်းမွန်

ကြောင်းကိုပြပါ။ ကယ်တင်ရှင်၌လွတ်လပ်မှုနှင့် ချမ်းသာမှုတို့ကို တွေ့ရှိနိုင်ကြောင်းတို့ကို ပြောပြပါ။ "ငါပေးသော ရေကိုသောက်သောသူမူကားရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။" (ယော၊ ၁၄)ဟုကိုယ်တော်ရှင်က မိန့်ကြား တော်မူသည်။

ယေရှုရှင်အားချီးမြှောက်လျက် "ဤလောက၏အပြစ်ကို ဆောင်သွားသော သိုးသငယ်ကိုကြည့်ရှုလော့" (ယော၊ ၁း၂၉) ဟုကြွေးကြော်လော့။ ကိုယ်တော်ရှင်တစ်ဦးတည်းသာလျှင် စိတ်နှလုံး၏တောင့်တချက်ကို ကျေနပ်မှုရရှိစေနိုင် ပြီး ဝိညာဉ်အား ငြိမ်သက်ခြင်းကို ပေး၏။

အတ္တစိတ် မရှိနှင့်၊ သနားညှာတာစိတ်ရှိပါ။ ယဉ်ကျေးမှုရှိပါ။ ကမ္ဘာပေါ်၌ နေထိုင်ကြသောရှိသမျှသောလူမျိုး တို့အနက် ဘာသာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းလုပ်ဆောင်သောသူတို့သည် အတ္တစိတ်အကင်းဆုံး၊ သနားညှာ တာစိတ်အရှိဆုံး၊ ယဉ်ကျေးမှုအရှိဆုံးပုဂ္ဂိုလ်များဖြစ်သည်။ သူတို့၏ဘဝအသက်တာတွင် အတ္တစိတ်ကင်းသောလုပ်ငန်း များ၏စစ်မှန်သောကောင်းမြတ်ခြင်းကို တွေ့မြင်နိုင်သည်။ ယဉ်ကျေးမှုကင်းမဲ့ကြောင်းပြသောအမှုတော်ဆောင်၊ သူတစ် ပါး၏အသိတရားကင်းမဲ့ခြင်း သို့မဟုတ် စိတ်ထင်ရာလုပ်တတ်ခြင်းတို့ကြောင့် သည်းခံစိတ်မရှိကြောင်းပြသောအမှု တော်ဆောင်စကားကိုအဆောတလျင်ပြောတတ်ပြီး စဉ်းစဉ်းစားစားမရှိပဲ လုပ်ကိုင်တတ်သော အမှုတော်ဆောင်တို့သည် သူတို့ထံသို့ ဘယ်အခါမျှထိုးဖောက်ဝင်ရောက်ခြင်း မရှိစေရန် စိတ်နှလုံးတံခါးများကို သူတို့သည် ပိတ်ထားလိမ့်မည် ဖြစ်သည်။

ခြောက်သွေ့နေသောအပင်ငယ်များပေါ်သို့ဆီးနှင်းမိုးရည်ပေါက်များကျဆင်းသကဲ့သို့ လမ်းမှားထဲသို့ကျရောက် နေသော သူတို့ကို ကယ်တင်ရန် ကြိုးပမ်းသောအခါ ပြောဆိုသောစကားလုံးများတို့ကိုလည်း ဖြည်းညင်းသာယာစွာ ထွက်လာပါစေ။ ဘုရားသခင်၏စီမံကိန်းသည် ပထမဆုံးလူတို့၏စိတ်နှလုံးသို့ ရောက်ရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘဝအသက်တာကိုပြုပြင်ပြောင်းလဲပေးရန်အတွက် သမ္မာတရားအား တန်ခိုးအာနိသင်ဖြင့် ပြည့်ဝစေတော်မူမည်ကို ယုံ ကြည်လျက် ယင်းသမ္မာတရားကို မေတ္တာနှင့်ပြောဆိုရမည်။ မေတ္တာနှင့်ပြောသောစကားကို သန့်ရှင်းသောဝိညာဉ်တော် ကစိတ်ဝိညာဉ်နှင့်အဆင်ပြေအောင်ပြုပြင်ပေးတော်မူမည်။

သဘာဝအားဖြင့် ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်၌သာစွဲလမ်း၍ ကိုယ်သာတတ်သည်၊ နားလည်သည်ဟုထင် တတ်သည်။ သို့ရာတွင် ခရစ်တော်သည်ကျွန်ုပ်တို့အားသင်ကြားလိုသောသင်ခန်းစာများ ကိုကျွန်ုပ်တို့သင်ကြား ကြသောအခါကျွန်ုပ်တို့ သည်ကိုယ်တော်၏ဇာတိတော်၌ဝင်စားသောသူများဖြစ်လာကြသည်။ ယင်းအချိန်မှစ၍ ကျွန်ုပ်တို့သည်ကိုယ်တော်ရှင်၏ဘဝအသက်တာ၌ နေထိုင်ရပ်တည်ကြသည်။ အံ့သြဖွယ်ကောင်းသောခရစ်တော်၏ ပုံသက်သေ၊ အခြားသောသူတို့၏ခံစားချက်များ၌ စိတ်ဝင်စားသောကိုယ်တော်၏မတုပနိုင်သောနူးညံ့သိမ်မွေ့သော သဘော၊ ငိုကြွေးသောသူတို့နှင့် အတူငိုကြွေးခြင်း၊ ဝမ်းမြောက်သောသူတို့နှင့်အတူ ဝမ်းမြောက်ခြင်းတို့သည် စေတနာအပြည့်အဝနှင့် ကိုယ်တော်၏နောက်တော်သို့လိုက်သောသူတို့၏စာရိတ္တအပေါ်တွင် များစွာသြဇာသက်ရောက်ခဲ့ ပေမည်။ ကြင်နာသောစကားများနှင့်အပြုအမူတို့ဖြင့် သူတို့သည်မောပန်းသောခြေတို့အတွက် လွယ်ကူသောလမ်းကို ဖန်တီးပေးရန် ကြိုးပမ်းကြလိမ့် မည်။ **MH, pp. 156-158.**

ပျောက်ဆုံးသောငွေဒင်္ဂါး၊ ဖိုးထိုက်လျက်ပင်။ ကယ်တင်ရှင်က အသုံးပြုတော်မူသော ပုံပမာတွင် ပျောက်ဆုံး သောငွေဒင်္ဂါးသည် အမှိုက်သရိုက်ထဲတွင် ရှိနေသော်လည်း ငွေသားတစ်ခုအနေဖြင့် ရပ်တည်နေသေးသည်။ ယင်းသည် တန်ဖိုးရှိသောကြောင့် ပိုင်ရှင်သည် ၎င်းကို လိုက်ရှာသည်။ ထိုနည်းတူစွာဝိညာဉ်တစ်ခုသည် မည်မျှပင် အပြစ်ဒုစရိုက် အားဖြင့် ယုတ်ညံ့နေစေကာမူ၊ ဘုရားသခင်၏မျက်မှောက်တော်တွင် ဖိုးထိုက်သောဘဏ္ဍာအနေဖြင့် ရပ်တည်နေသည်။ ငွေဒင်္ဂါးတွင် တိုင်းပြည်ကို အုပ်ချုပ် မင်းလုပ်နေသော ဘုရင်၏ရုပ်ပုံနှင့် သူ့ဘွဲ့နာမ ပါရှိသကဲ့သို့ လူသည် သူ့အား ဘုရားသခင် ဖန်ဆင်းတော်မူချိန်၌ ကိုယ်တော်ရှင်၏ရုပ်ပုံတော်နှင့် ဘွဲ့နာမတော်ပါရှိလာသည်။ အပြစ်ဒုစရိုက်၏ ပယောဂကြောင့် ယခုအခါတွင် ယင်းရုပ်ပုံတော်နှင့် ဘွဲ့နာမတော်တို့သည် မှေးမှိန်ပျက်စီးနေကြသော်လည်း ယင်းတို့၏ အမှတ်အသားများသည် လူ့ဝိညာဉ်ပေါ်တွင် ရပ်တည်နေသေးသည်။ ဘုရားသခင်သည် ယင်းဝိညာဉ်ကို ပြန်လည် ရရှိ လိုက်တော်မူ၍ ယင်းဝိညာဉ်ပေါ်တွင် ကိုယ်တော်၏ပုံတော်ကို ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းတို့၌ ပြန်လည် သရုပ်ဖော် လိုတော်မူသည်။

အကျင့်သီလခေါင်းပါး၍ ဒုက္ခခံစားနေလျက် အပြစ်ဒုစရိုက်အမျိုးမျိုးတို့၌ နစ်မွန်း၍ အသေဖြစ်နေသော သူတို့အား ကရုဏာတရားရှိခြင်းကို ခရစ်တော်နှင့်ကျွန်ုပ်တို့စပ်ကြားတွင် အခိုင်မာဆုံးနှောင်ကြိုးအနေဖြင့် ရပ်တည်နေစေရန်အတွက်ခရစ်တော်နှင့်အတူလက်တွဲရာတွင်ကျွန်ုပ်တို့အနေဖြင့်မည်မျှလိုအပ်နေပါသနည်း။ လူသားအချင်းချင်း ကရုဏာတရားမထားရှိခြင်းသည် ကျွန်ုပ်တို့၏အကြီးမားဆုံးအပြစ်ဖြစ်သည်။ အများသောသူတို့သည် ကိုယ်တော်ရှင်၏ နူးညံ့သိမ်မွေ့ခြင်းနှင့် မဟာမေတ္တာတော်တို့ကိုကိုယ်စားပြုရန်လုံးဝပျက်ကွက်ကြသော်လည်း သူတို့သည် ဘုရားသခင် ၏တရားမျှတမှုကို ကိုယ်စားပြုနေကြသည်ဟုယူဆနေကြသည်။ မကြာခဏပင် သူတို့အနေဖြင့်ပြင်း ပြင်းထန်ထန် ဆက်ဆံသောပုဂ္ဂိုလ်များသည် စုံစမ်းသွေးဆောင်ခြင်း၏ဒဏ်ကိုခံနေရကြသည်။ စာတန်သည် ယင်းကဲ့သို့သောပုဂ္ဂိုလ်မျိုးတို့နှင့်နပန်းလုံးလျက်ရှိရာထိုအချိန်မျိုးတွင် ယင်းပုဂ္ဂိုလ်များအား ခက်ထန်၍ကိုယ်ချင်း စာတရားကင်းမဲ့သော စကား များပြောဆိုခြင်းသည် သူတို့ကို စိတ်အားငယ်စေ၍ စုံစမ်းသွေးဆောင်သော သူ၏အာဏာစက်အတွင်း သက်ဆင်း စေနိုင်သောအခြေအနေမျိုး၌ ရပ်တည်နေစေလေသည်။ **MH, p. 163.**

လမ်းလွဲသောသူတို့အားဆူပူကြိမ်းမောင်းခြင်းမပြုလုပ်ပါနှင့်။ ပျောက်ဆုံးသောသိုးဆိုင်ရာပုံပမာသည် လမ်းလွဲသောသိုးတို့အတွက် ကယ်တင်ရှင်၏မေတ္တာတော်ကို ထိရောက်စွာ ဖော်ပြသောပုံပမာဖြစ်သည်။ သိုးထိန်းကြီး သည်သိုးကိုးဆယ်ကိုးကောင်ကို သိုးခြံထဲတွင်ထားခဲ့၍ ပျောက်ဆုံးပျက်စီးနေသောတစ်ကောင်တည်းသောသိုးကို လိုက်လံရှာဖွေတော်မူသည်။ ယင်းသိုးကို တွေ့ရှိသောအခါ ပခုံးပေါ်မှာတင်၍ဝမ်းမြောက်ဝမ်းသာစွာ အိမ်သို့ပြန်လာ၏။ သိုးထိန်းကြီးသည် လမ်းလွဲသောသိုးတို့ကို အပြစ်မရှာပေ။ "သူ့ထိုက်နှင့်သူ့ကံသွားပါစေ" ဟု သိုးထိန်းကြီးက မဆိုပေ။ သို့ရာတွင် ပျောက်ဆုံးသောသိုးကိုကယ်တင်ရန် လေမုန်တိုင်းကိုပမာဏမပြုပဲ လိုက်လံရှာဖွေတော်မူသည်။ ပျောက်ဆုံးသောသိုးကိုတွေ့ရှိသည်တိုင်အောင် ဆက်လက်၍သည်းခံသောစိတ်ဖြင့် ရှာတော်မူသည်။

လမ်းလွဲ၍ လမ်းမှားရောက်နေသော သူတို့ကိုလည်း ထိုနည်းတူစွာ ရှာဖွေခေါ်ဆောင်လာရမည်။ ခရစ်တော် အသေခံတော်မူပြီးရွေးနုတ်ထားသောပုဂ္ဂိုလ်တစ်ဦးသည် ဘေးအန္တရာယ်ကိုရင်ဆိုင်နေရသောအခါ သူ့အတွက် အကျွန်ုပ် တို့၏စည်းစိမ်ကို အနစ်နာခံရန် ကျွန်ုပ်တို့အနေဖြင့် အဆင်သင့်ရှိရကြမည်။ "ဖြောင့်မတ်၍နောင်တရစရာအကြောင်း မရှိသောသူကိုးဆယ်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက် နောင်တရသောလူဆိုး တစ်ယောက်၌သာ ဝမ်းမြောက်ခြင်းရှိကြ၏။" ဟု ယေရှုက မိန့်တော်မူ၏။ ပျောက်ဆုံးသောသိုးတစ်ကောင်ကို ပြန်လည် ရရှိသောအခါ ဝမ်းမြောက်သကဲ့သို့ ဝိညာဉ်တစ်ခုသည် သေခြင်းမှ ကယ်ဆယ်ခြင်းခံရသောအခါ ခရစ်တော်၏စစ်မှန် သော တပည့်တော်တို့သည် လွန်ကဲသော ဝမ်းမြောက်ခြင်းနှင့်ကျေးဇူးတင်ခြင်းကို ပြကြမည်ဖြစ်သည်။ **M, 1, 1878.**

ခရစ်တော်သည် ကျွန်ုပ်တို့အား နည်းလမ်းကို ပြတော်မူမည်။ လူသားတို့၏ အင်အားထက် လွန်ကဲသောအင် အားဖြင့်ဆောင်ရွက်ရန်လည်းကောင်း၊ ခရစ်တော်သခင်ယေရှု၌ရှိသောတန်ခိုးအင်အားဖြင့် ဆောင်ရွက်ရန်လည်း ကောင်း ကျွန်ုပ်တို့အားကိုယ်တော်ရှင်က ခေါ်တော်မူသည်။ မိမိကိုယ်ကိုနှိမ့်ချ၍ လူ့ဇာတိကို ယူဆောင်တော်မူသော ကိုယ်တော်ရှင်က စစ်ပွဲကိုဘယ်ကဲ့သို့ဆင်နွှဲရန် နည်းလမ်းပြတော်မူသည်။ ခရစ်တော်သည်မိမိ၏အလုပ်ကို ကျွန်ုပ်တို့ လက်ထဲသို့လွှဲအပ်ထားတော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အထံတော်မှ ပကတိမျက်စိဖြင့် မမြင်နိုင်သော တန်ခိုးကိုရရှိရန် နေ့ညမပြတ်ကိုယ်တော်ထံဆုတောင်းရကြမည်။ ခရစ်တော်ယေရှုအားဖြင့် ဘုရားသခင်ကို ကိုင်စွဲထားခြင်းအားဖြင့်သာ အောင်မြင်မှုကိုရရှိနိုင်ကြသည်။ **6T, P.111.**

ကယ်တင်ခြင်းခံစားရသောသူတို့ကကျေးဇူးတင်ရှိခြင်း။ လူသားတို့သည်ဝိညာဉ်တစ်ခု၏တန်ဖိုးကို ခန့်မှန်း နိုင်စွမ်းမရှိကြ။ရွေးနုတ်ဂုဏ်ပြုခြင်းခံစားရသောသူတို့သည်သူတို့အား ကယ်တင်ခြင်းခံစားရအောင် ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအားမည်မျှလောက် ကျေးဇူးတင်ရှိစွာဖြင့် သတိရကြလိမ့်မည်နည်း။ ထိုအခါသူတို့အနေဖြင့် သူတို့၏တာဝန်ကို လျစ်လျူရှုခဲ့လျှင် သို့တည်းမဟုတ် အမှုတော်ထမ်းဆောင်ရသည်မှာမောသည်၊ ပန်းသည်ဟူသောသဘောထားခဲ့လျှင် ဆုံးရှုံးပျက်စီးသွားနိုင်သည့်ဝိညာဉ်များကယ်ဆယ်ရေးအတွက် မိမိတို့၏အတ္တစိတ်ကိုပယ်၍ ကြိုးပမ်းလျက်လည်းကောင်း၊ ဇွဲလုံ့လဖြင့်လည်းကောင်း၊ သည်းခံသောစိတ်ဖြင့်လည်းကောင်း၊ စိတ်ရှည်စွာဖြင့်လည်းကောင်း၊ တက်တက်ကြွကြွဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်အတွက် ဝမ်းနည်းမိကြလိမ့်မည် မဟုတ်ပေ။ **M, 1, 1878.**

အမှုတော်ဆောင်အတွက်အကွယ်အကာ။ နေ့စဉ်ရင်ဆိုင်ရသောစုံစမ်းသွေးဆောင်မှုတို့ကြောင့် ဆုတောင်း ပတ္ထနာပြုလုပ်ခြင်းသည် လိုအပ်လာလေသည်။ သွားရာလမ်းတိုင်းတွင် အန္တရာယ်များဖြင့်ပြည့်နှက်လျက်ရှိသည်။ သူ

တစ်ပါးတို့အား ဆိုးသွမ်းပျက်စီးရာလမ်းကြောင်းမှကယ်ဆယ်ရန်ကြိုးပမ်းလျက်ရှိကြသောသူတို့သည် အထူးသဖြင့် စုံစမ်းသွေးဆောင်ခြင်းကို ရင်ဆိုင်နေရကြမည်။ မကောင်းမှုဒုစရိုက်နှင့်အမြဲတမ်းတွေ့ထိနေကြရာတွင်သူတို့သည်ဘုရားသခင်ကို ကိုင်စွဲထားရန် လိုအပ်နေသည်။ သို့မဟုတ်လျှင် သူတို့ကိုယ်တိုင် ညစ်ညမ်းဆိုးယုတ်မှုနှင့် ညို့စွန်းသွားနိုင်သည်။ မြင့်၍သန့်ရှင်းစင်ကြယ်သောအဆင့်အတန်းမှ နိမ့်ကျသောအဆင့်အတန်းသို့ ပို့ပေးသော ခြေလှမ်းတို့သည် တိုတောင်း၍ ပြတ်သားလှသည်။ လူတစ်ဦး၏ ရာသက်ပန်အခြေအနေအတွက် ဆုံးဖြတ်ချက်များကို မိနစ်တိုင်းအတွင်း ဆုံးဖြတ်ပြီးဖြစ်လိမ့်မည်။ အောင်မြင်ရန်တစ်ခုတည်းသော ပျက်ကွက်မှုအတွက် ဝိညာဉ်သည် အကာအကွယ်မဲ့အခြေအနေသို့ ဆိုက်ရောက်သွားလိမ့်မည်။ တစ်ခုတည်းသော ဆိုးသွမ်းသောအလေ့အထကို ခိုင်မာတည်ကြည်သော တွန်းလှန်မှုမပြုလျှင် ယင်းအလေ့အထသည် သံမဏိသံကြိုးအသွင်သို့ ပြောင်းလဲသန်မာလာလျက် လူတစ်ကိုယ်လုံးကို မျိုသွားလိမ့်မည် ဖြစ်သည်။

အများသောသူတို့သည် စုံစမ်းသွေးဆောင်ရာနယ်မြေများတွင် ထီးတည်းကျန်ရှိနေခြင်း၏အကြောင်းရင်းမှာ သူတို့သည် ဘုရားသခင်ကို ဘယ်အခါမျှ သူတို့ရှေ့တွင်ထားရှိခြင်း မရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်းကို ရပ်စဲပစ်လိုက်လျှင် ကျွန်ုပ်တို့၏အကာအကွယ်သည် ကျွန်ုပ်တို့နှင့် ကင်းကွာသွားမည်ဖြစ်သည်။ သင်တို့၏ကောင်းသောရည်စူးချက်များအားလုံးသည် သင်တို့အား အပြစ်ဒုစရိုက်ကို ကြံ့ကြံ့ခံနိုင်စေလိမ့်မည် မဟုတ်ပေ။ သင်တို့သည် မခြားမလပ်ဆုတောင်းသောသူများဖြစ်ရကြမည်။ သင်တို့၏ဆုတောင်းပတ္ထနာကို အင်အားမလျော့စေရ။ ရံဖန်ရံခါသာမဖြစ်စေရ။ အခါအခွင့်သင့်မှ တောင်းသောပတ္ထနာလည်းမဖြစ်စေပဲ စိတ်ရောကိုယ်ပါ တောင်းသောပတ္ထနာဖြစ်စေရမည်။ ဇွဲနှင့်တောင်းသောပတ္ထနာဖြစ်ရမည်။ မပြတ်မလပ်တောင်းသောပတ္ထနာလည်း ဖြစ်ရမည်။ ဆုတောင်းသောအခါ အမြဲတမ်းဒူးထောက်ရန်မလိုပါ။ သင်သည် တစ်ဦးတည်းရှိသောအခါဖြစ်စေ၊ လမ်းလျှောက်နေသောအခါဖြစ်စေ၊ နေ့စဉ်အလုပ်ခွင်၌ဖြစ်စေ သင့်ကယ်တင်ရှင်နှင့်စကားပြောသောအလေ့အထကို မွေးမြူထားပါ။ အကူအညီအတွက်ဖြစ်စေ၊ အလင်းတရားအတွက်ဖြစ်စေ၊ ခွန်အားအတွက်ဖြစ်စေ၊ အသိပညာအတွက်ဖြစ်စေ အမြဲတမ်းတိတ်ဆိတ်စွာ ကိုယ်တော်ထံဆုတောင်းပါ။ ရှူသွင်းသောအသက်တိုင်းသည် ဆုတောင်းချက်ဖြစ်ပါစေ။

ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူတို့အတွက် အကာအကွယ်။ ဘုရားသခင်၏အမှုတော်ဆောင်များအနေဖြင့် ကျွန်ုပ်တို့သည် မှောင်မိုက်လွှမ်းမိုးရာအရပ်၊ ဆိုးသွမ်းညစ်ညမ်းမှုတည်ရှိရာနေရာ၊ တရားလက်လွတ်ကျင့်သုံးမှုထွန်းကားသောနေရာမျိုး၌နေထိုင်လျက်ရှိသောလူများထံသို့ ရောက်သွားရမည်။ ကျွန်ုပ်တို့အနေဖြင့် ဒိုင်းလွှားဖြစ်တော်မူသောကိုယ်တော်ရှင်ဘက်၌ ကျွန်ုပ်တို့သည် တည်ကြည်လျှင် ကျွန်ုပ်တို့အားဝိုင်းရံလျက်ရှိသော အပြစ်ဒုစရိုက်တို့သည် ကျွန်ုပ်တို့၏ဝတ်ရုံများကိုမည်သို့မျှစွန်းကွက်အောင်ပြု၍ရမည်မဟုတ်ပေ။ ပျက်စီးလုမတတ်ဖြစ်နေသောဝိညာဉ်များကိုကယ်ဆယ်ရန်ကျွန်ုပ်တို့သည် လုပ်ကိုင်ဆောင်ရွက်သောအခါ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ကိုယုံကြည်ကိုးစားလျှင်ရှက်ကြောက်ခြင်းနှင့်ရင်ဆိုင်ရကြမည်မဟုတ်ပေ။ ကျွန်ုပ်တို့စိတ်နှလုံး၌ခရစ်တော်ကိန်းဝပ်ခြင်း၊ဘဝအသက်တာ၌ ခရစ်တော်ကိန်းဝပ်ခြင်းတို့သည် ကျွန်ုပ်တို့၏လုံခြုံမှုဖြစ်သည်။ ကိုယ်တော်၏မျက်မှောက်တော်ကိန်းဝပ်ရာပတ်ဝန်းကျင်သည် ဝိညာဉ်အားအပြစ်ဒုစရိုက်ကို ရွံရှာသောစိတ်တို့ဖြင့် ပြည့်ဝနေစေလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်ကူးအကြံအစည်နှင့်ရည်စူးချက်တို့သည် ကိုယ်တော်၏စိတ်ကူးအကြံအစည်နှင့်ရည်စူးချက်တို့နှင့် ထပ်တူထပ်မျှဖြစ်လိမ့်မည်။
**MH, pp. 509-511.**

-o-

# ကျွန်ုပ်တို့၏ကျယ်ပြန့်သောချုပ်တည်း ခြိုးခြံမှုဆိုင်ရာသြဝါဒ

## ၁ စစ်မှန်သောချုပ်တည်းခြိုးခြံမှု၏အခိပ္ပါယ်

အမြင့်ဆုံးစုံလင်သောအခြေအနေသို့ရောက်ရှိခြင်း။ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့။"

ကျွန်ုပ်တို့သည် ဘဝအသက်တာတွင် တစ်ကြိမ်တည်းသာအသက်ရှင်ခွင့်ရကြသည်။ လူတိုင်းအတွက် မေးမြန်းသင့်သောမေးခွန်းများမှာ၊ ကျွန်ုပ်တို့၏ဘဝအသက်တာသည် အကြီးမားဆုံးကောင်းကျိုးဖြစ်ထွန်းစေရန် ကျွန်ုပ်၏ဘဝအသက်တာကို ဘယ်ကဲ့သို့ အရင်းအနှီးပြုလုပ်နိုင်သနည်း။ ဘုရားသခင်၏ဘုန်းတော်အတွက်လည်းကောင်း၊ လူသားတို့၏ ကောင်းကျိုးဖြစ်ထွန်းမှုအတွက်လည်းကောင်း ကျွန်ုပ်သည် ဘယ်ကဲ့သို့ အတတ်နိုင်ဆုံးဆောင်ရွက် နိုင်သနည်း။ အဘယ်ကြောင့်ဆိုသော် ဤရည်စူးချက်များ အကောင်အထည်ပေါ်လာအောင် ဘဝအသက်တာကို အသုံးပြုမှသာလျှင် ယင်းသည် တန်ဖိုးရှိပေမည်။

ဘုရားသခင်နှင့်လူသားတို့အတွက် ကျွန်ုပ်တို့၏ပထမတာဝန်သည် မိမိကိုယ်ကို တိုးတက်ဖြစ်ထွန်းမှုရှိအောင် ပြုလုပ်ခြင်းဖြစ်သည်။ ဖန်ဆင်းတော်မူသောအရှင်က ကျွန်ုပ်တို့အားအပ်နှင်းထားတော်မူသော စွမ်းရည်တိုင်းကို ကျွန်ုပ်တို့ တတ်စွမ်းနိုင်သောနယ်ပယ်တွင် အကောင်းဆုံးအကျိုးဖြစ်ထွန်းနိုင်စေရန် ယင်းတို့ကို ပြုပြင်ပေးရမည်။ ထို့ကြောင့် ကိုယ်ခန္ဓာနှင့်ကျန်းမာမှုများ၏ကြံ့ခိုင်မှုကိုတည်ဆောက်ထိန်းသိမ်းထားရန် ထိုအချိန်ကိုအကျိုးရှိစွာ အသုံးပြုခြင်းဖြစ်သည်။ အလုပ်လုပ်နိုင်သည်ထက် စည်းကျော်လုပ်ကိုင်ခြင်းအားဖြင့် ဖြစ်စေ၊ အသက်ရှင်နေသော ကိုယ်ခန္ဓာယန္တရား၏အစိတ်အပိုင်းတစ်ခုခုကို အလွဲသုံးစားပြုခြင်းအားဖြင့်ဖြစ်စေ စိတ်နှင့်ကိုယ်ခန္ဓာတို့၏ လုပ်ငန်းတစ်ခုခုကိုမျှ အနှောင့်အယှက်ဖြစ်အောင် မပြုလုပ်နိုင်ပေ။ အကယ်၍ပြုလုပ်ခဲ့သည်ရှိသော် ကျွန်ုပ်တို့သည် ဆိုးကျိုးကို ခံစားရမည်ဖြစ်သည်။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် ဘဝအသက်တာ၏အန္တရာယ်ပေါင်းစုံတို့၏ အကြောင်းရင်းဖြစ်ရာ နှစ်စဉ်နှစ်တိုင်း ထောင်သောင်းမကသောသူတို့သည် သေကြေပျက်စီးရသည်။ အဘယ်ကြောင့်ဆိုသော်ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဆိုသည်မှာ၊ မူးယစ်သောသေရည်သေရက် သောက်စားခြင်းနှင့်သာ ဝကွက်သက်ဆိုင်သောအရာမဟုတ်ပေ။ ၎င်းသည် ပိုမိုကျယ်ပြန့်သော အခိပ္ပါယ်ကိုဆောင်၍ မည်သည့်ခံတွင်းအလိုလိုက်ခြင်းသို့မဟုတ် တပ်မက်ခြင်းမျိုးကိုမဆို အန္တရာယ်ဖြစ်လောက်အောင် လိုက်စားခြင်းပါဝင်သည်။ **ST, Nov. 17, 1890.**

စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်းနှင့် မျက်စိအသုံးပြုခြင်းတို့တွင် အလွန်အကြူးပြုလုပ်ခြင်း။ စားခြင်း၊ သောက်ခြင်း၊ အိပ်ခြင်းနှင့်မျက်စိကိုအသုံးပြုမှုတို့တွင်အလွန်အကြူးလိုက်စားခြင်းသည် အပြစ်ဖြစ်သည်။ ကိုယ်ခန္ဓာနှင့်စိတ်တို့၏စွမ်းရည်များကို ညီညာကျန်းမာစွာဆောင်ရွက်စေမှုသည် ပျော်ရွှင်မှုကို ဖြစ်စေသည်။ ယင်းစွမ်းရည်တို့သည် ပိုမိုမြင့်မားထက်မြက်လာလေ၊ ပျော်ရွှင်မှုသည် ပိုမိုစင်ကြယ်၍ ပြတ်သားလာလေလေ ဖြစ်သည်။ **4T, p. 417.**

စားသောအစာတွင်ချုပ်တည်းမှုရှိခြင်း။ ချုပ်တည်းမှုဆိုင်ရာအရင်းခံသဘောတရားရေးရာများကို မူးယစ်စေတတ်သောသေရည်သေရက်များသုံးစွဲမှုအတွက်သာမဟုတ်ပဲ ပိုမိုကျယ်ပြန့်သောနယ်ပယ်အတွက်လည်း အသုံးပြုရမည်ဖြစ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်၍ကြေညက်ရန်ခက်ခဲသောအစာများကို စားသောက်ခြင်းသည် သေရည်သေရက်များကဲ့သို့ကျန်းမာခြင်းကိုပျက်စီးစေ၍အများအားဖြင့်မူးယစ်သောအသုံးအဆောင်များကိုသုံးစွဲရန် လမ်းခင်းပေးတတ်သည်။ အန္တရာယ်ပြုသောအရာဟူသမျှကို လုံးဝရှောင်ကြဉ်၍ကျန်းမာမှုကို ပြုတတ်သောအရာဟူသမျှကိုပင်ချင့်ချိန်၍ သုံးစွဲရမည်ဖြစ်ကြောင်းစစ်မှန်သောချုပ်တည်းခြိုးခြံမှုကကျွန်ုပ်တို့အားသွန်သင်၏။သူတို့၏စားသောက်

သော အလေ့အထသည်သူတို့၏ကျန်းမာခြင်း၊ အကျင့်စာရိတ္တ၊ ကမ္ဘာပေါ်တွင်သူတို့၏အသုံးကျခြင်းနှင့်သူတို့၏ ထာဝရကာလဆိုင်ရာ ကံကြမ္မာတို့သည် မည်မျှလောက်ဆက်သွယ်နေသည်ကို သိရှိသောသူတို့၏အရေအတွက်မှာ အလွန်နည်းပါးလှသည်။ ခံတွင်းအလိုသည် အမြဲတမ်းစာရိတ္တဗလနှင့်ဉာဏဗလတို့၏ အုပ်ထိန်းမှုအောက်တွင်ရှိရမည်။ ကိုယ်ခန္ဓာသည် စိတ်၏အခြေခံ ဖြစ်ရမည်။ စိတ်သည် ကိုယ်ခန္ဓာ၏အစေခံမဖြစ်စေရ။ **PP, p. 562.**

မကြာခဏစားသောက်ခြင်းသို့မဟုတ် အလွန်အကြူးစားသောက်ခြင်း။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့စွာဖြင့်လည်းကောင်း၊ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့်လည်းကောင်း စားသောက်သောသူများနှင့်အလုပ်လုပ်သောသူများတို့သည် အပြောအဆိုအလုပ်အကိုင်များတွင် ယင်းအတိုင်းပင်ပြုလုပ်တတ်ကြသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောအခြေအနေ ရောက်ရှိရန် မူးယစ်သောသေရည်သေရက်ကို သောက်စားရန် မလိုပေ။ မကြာခဏစားသောက်ခြင်း၊ အလွန်အကြူးစားသောက်ခြင်း၊ အဆီအအိမ့်များ၌ကျန်းမာခြင်းနှင့် မတည့်သောအစာများ စားသောက်ခြင်းအပြစ်သည် အစာကြေညက်စေသော အင်္ဂါအစိတ်အပိုင်းတို့၏ ကျန်းမာသန်စွမ်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုကို ဖျက်ဆီး၍ ဦးနှောက်ကိုလည်း ထိခိုက်ပြီးလျှင် ပိုင်းခြားဝေဖန်နိုင်သောသတ္တိကို ကမောက်ကမဖြစ်စေသည်သာမက ဆင်ခြင်တုံတရားနှင့်ညီလျော်စွာဖြင့်လည်းကောင်း၊ ငြိမ်သက်စွာဖြင့်လည်းကောင်း၊ ကျန်းမာစွာဖြင့်လည်ကောင်း စဉ်းစားတတ်ခြင်းနှင့်လုပ်ကိုင်တတ်ခြင်းတို့ကိုပါထိခိုက်သည်။ **CTBH, p. 155.**

အလင်းတရားကိုရရှိပြီးမှ အမှန်တရားအရမစားမသောက်သောသူတို့သည် ခံတွင်းအလို၏စိုးမိုးမှုကို မခံရစေကာမူ အခြားအခြားသောမှုကိစ္စတို့၌အမှန်တရားစိုးမိုးထိန်းကျောင်းပေးမှုနှင့်ပတ်သက်၍ လက်မလျှော့သည့်အခြေအနေ၌ ရပ်တည်နေကြလိမ့်မည် မဟုတ်ပေ။ **HR, Aug, 1866.**

ဝတ်စားဆင်ယင်မှုတွင်လည်း ချုပ်တည်းမှုရှိခြင်း။ ဘုရားသခင်၏လူတို့သည် ခပ်သိမ်းသောအရာတို့၌ ချုပ်တည်းခြိုးခြံခြင်း၏ အဓိပ္ပါယ်ကိုသင်ကြားပေးရမည်။ စားရေး၊ သောက်ရေးနှင့်ဝတ်စားဆင်ယင်ရေးတို့၌ ချုပ်တည်းခြိုးခြံမှုကို သူတို့သည် ကျင့်သုံးရမည်။ ကိုယ့်အလိုလိုက်စားမှုရှိသမျှကို ဘဝအသက်တာမှ ဖြတ်တောက်ပယ်ဖျက်ပစ်ရမည်။ စစ်မှန်သောသန့်ရှင်းခြင်းနှင့်ခရစ်တော်၏အလိုတော်နှင့်အညီ ကျင့်သုံးခြင်းတို့ကိုမပြုမီ သူတို့သည် ဘုရားသခင်နှင့်လက်တွဲ၍ မှားယွင်းသောအကျင့်ဓလေ့များနှင့်ကျင့်သုံးမှုများကို အောင်မြင်ရကြမည်။ **MM, p. 275.**

အလုပ်ခွင်တွင် ချုပ်တည်းမှု။ ကျွန်ုပ်တို့၏အလုပ်ခွင်တွင် ချုပ်တည်းမှုကိုကျင့်သုံးရမည်။ အလွန်အမင်းပင်ပန်းမည့်နေရာမျိုးတွင် ကျွန်ုပ်တို့ကိုထားရှိဖို့ ကျွန်ုပ်တို့၏တာဝန်မဟုတ်ပေ။ သို့ရာတွင် တစ်ခါတစ်ရံလိုအပ်လျှင် ဤကဲ့သို့သောနေရာမျိုးသို့ ရောက်ရှိရမည်ဖြစ်သော်လည်း ဥပဒေအရမဟုတ်ပဲ ချွင်းချက်အနေဖြင့်သာ ရောက်ရှိရပေမည်။ ကျွန်ုပ်တို့သည် ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုကိုကျင့်သုံးရမည်။ ကျွန်ုပ်တို့နှင့်ဆိုင်သောတာဝန်ကို ထမ်းဆောင်ခြင်းအားဖြင့် ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့ဂုဏ်ပြုလျှင် ကိုယ်တော်ရှင်အနေဖြင့် ကျွန်ုပ်တို့၏ကျန်းမာခြင်းကိုထိန်းသိမ်းပေးတော်မူမည်။ ကျွန်ုပ်တို့ကိုယ်ခန္ဓာအတွင်း၌ရှိသော အင်္ဂါအစိတ်အပိုင်းရှိသမျှတို့ကို အသိစိတ်ဓါတ်ဖြင့် ထိန်းသိမ်းထားရကြမည်။ အစား၊ အသောက်၊ အဝတ်နှင့်အလုပ်အပါအဝင် ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုကို ကျင့်သုံးခြင်းအားဖြင့် ကျွန်ုပ်တို့အတွက် သမားတော်ကြီးများက မဆောင်ရွက်နိုင်သောအရာကို ကျွန်ုပ်တို့က ကျွန်ုပ်တို့အတွက် ဆောင်ရွက်ကြမည်ဖြစ်သည်။ **M, 41, 1908.**

ချေးယူထားသော မ တည်ငွေကို အမှီပြု၍ရပ်တည်နေခြင်း။ မည်သည့်နေရာ၌မဆို ချုပ်တည်းခြိုးခြံမှုကင်းမဲ့စွာ ပြုလုပ်စေကြသည်ကို တွေ့ရှိနေရပါသည်။ သတိမှတ်ထားသောအချိန်ပိုင်းအတွင်း အလုပ်တစ်ခုကို ပြီးစီးရန် ကြိုးပမ်း၍ အားတက်သရောဆောင်ရွက်၍ သူတို့နားနေရန်သင့်ပြီဟု သူတို့၏ပိုင်းခြားဝေဖန်တတ်သော ဉာဏ်ကပြောသော်လည်း အနားမယူပဲဆက်လက်၍ တပင်တပန်းအလုပ်လုပ်သောသူတို့သည် ဘယ်အခါမျှအကျိုးဖြစ်ထွန်းသူများအနေဖြင့်ရပ်တည်နေကြမည်မဟုတ်ပေ။ သူတို့သည်ချေးယူထားသောအရင်းအနှီးကိုအမှီပြု၍ ရပ်တည်နေသူများ ဖြစ်သည်။ အနာဂတ်ကာလတစ်ချိန်တွင် သူတို့လိုအပ်မည့် အရေးပါအရာရောက်လှသော အင်အားကို ဖြုန်းတီးပစ်ကြသောသူများဖြစ်ကြသည်။ ဤကဲ့သိုကစည်းလွတ်ကမ်းလွတ်ဖြုန်းတီးခဲ့သောအင်အားကို အသုံးပြုရန် လိုအပ်လာသောအခါ သူတို့၏ အင်အားမှာ ဗလာနတ္ထိမရှိဖြစ်နေခြင်းကြောင့် သူတို့အနေဖြင့်တာဝန်ပျက်ကွက်ကြရသည်။ ကိုယ်ခန္ဓာခွန်အားသည် မရှိ

တော့ပြီ။ ဉာဏဗလသည်လည်း ကုန်ခန်းသွားလေပြီ။ သူတို့သည် အရှုံးနှင့်ရင်ဆိုင်ရပြီးကို သိရှိကြ၏။ သို့ရာတွင် ဘာကြောင့် ယင်းအကုသိုလ်ဖိစီးမှုခံရသည့်အကြောင်းကိုကား မသိရှိကြပေ။ သူတို့လိုအပ်သောအချိန်သည် ရောက်ရှိလာလေပြီ။ သို့ရာတွင် သူတို့၏ကိုယ်ခန္ဓာအင်အားများသည်ကား ခန်းခြောက်သွားခဲ့လေပြီ။

ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို ဖေါက်ဖျက်ကျူးလွန်သောသူတိုင်းသည် တစ်ကြိမ်တစ်ခါတွင် အနည်းနှင့်အများဆိုးကျိုးကိုခံစားရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်ခန္ဓာအင်အားကို ပေးတော်မူသည်။ ယင်းအင်အားကိုကျွန်ုပ်တို့သည် ဘဝအသက်တာ၏အချိန်ပိုင်း အမျိုးမျိုးတွင်လိုအပ်ပေမည်။ အလွန်အကြူးအပင်ပန်းခံစေခြင်းအားဖြင့် ယင်းအင်အားကို ကျွန်ုပ်တို့သည် စည်းလွတ်ကမ်းလွတ်ဖြုန်းတီးပစ်လျှင် ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ ဆုံးရှုံးမှုများအနေဖြင့် ရပ်တည်နေကြရမည်။ ကျွန်ုပ်တို့၏ အသုံးကျမှုသည် ဆုတ်လျော့သွားမည်။ သို့တည်းမဟုတ် အသက်ပင်ပျက်စီးသွားလိမ့်မည်။FE, pp. 153, 154.

ညနေပိုင်းလုပ်ငန်းခွင်။ အများအားဖြင့် နေ့အချိန် လုပ်ရသောအလုပ်ကို ညနေ နေမဝင်မီ အထိကြာရှည်အောင် မလုပ်ကိုင်သင့်ပေ။ ထိုကဲ့သို့ကြာရှည်စွာ လုပ်ကိုင်သောသူတို့သည် အမြတ်ထက် အရှုံးနှင့်ရင်ဆိုင်ရသည်ကို ကျွန်ုပ်သည် ရူပါရုံတွင်တွေ့မြင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ လုပ်ကိုင်ခြင်းအားဖြင့် ကာယကံရှင်တို့၏ကိုယ်ခန္ဓာအင်အားသည် ကုန်ခန်းသွားပြီး ဖြစ်သောကြောင့် သူတို့သည် အင်အားအစား အကြောအခြင်များ၏ လှုံ့ဆော်မှုအားဖြင့်သာ လုပ်ကိုင်ကြသည်။ အန္တရာယ်ကို ရုတ်တရက်အားဖြင့် သူတို့မသိရသော်လည်း သူတို့သည် သူတို့ကိုယ်ခန္ဓာကို ပျက်စီးအောင် ပြုလုပ်နေသည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။ CH, p. 99.

စာပေလေ့လာရေးတွင် ချုပ်တည်းခြိုးခြံမှု။ စာပေလေ့လာရေးတွင်ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် မူးယစ်ခြင်းတစ်မျိုးဖြစ်သည်။ သေရည်သေရက်သောက်စားသောသူများနည်းတူ စာပေများကို ချုပ်တည်းခြိုးခြံမှုကင်းမဲ့စွာလိုက်စားလေ့လာသောသူတို့သည် အန္တရာယ်ကင်းသောလမ်းမှ ဝေးကွာသွားကြလျက် မှောင်မိုက်အတွင်း ခလုတ်တိုက်၍လဲကြပြီ။ စာပေလေ့လာသူတိုင်းသည် သူတို့၏စကျွာအာရုံကို ဘုရားသခင်၏တန်ခိုးတော်တွင် အမြဲတစေစူးစိုက်နေစေရန် ကိုယ်တော်ရှင်သည် အလိုတော်ရှိတော်မူသည်ကို သတိချပ်ရကြမည်။ သိပ္ပံပညာရပ်များကို တတ်နိုင်သမျှရှာဖွေရာတွင် သူတို့၏ကာယဗလနှင့်ဉာဏဗလများကိုဖြုန်းတီးမပစ်ပဲ ဖြောင့်မတ်ခြင်းဆိုင်ရာလမ်းကိုတွေ့ရှိစေရန် လူတို့အားကူညီရာတွင် ဘုရားသခင်စီမံခန့်အပ်ထားတော်မူသောလုပ်ငန်းအတွက်အသုံးပြုရန် သူတို့၏လန်းဆန်းမှုနှင့်အင်အားတို့ကို သိမ်းဆည်းထားရကြမည်။ CT, pp. 405, 406.

ပစ္စည်းဥစ္စာရှာဖွေရာတွင် ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း။ လူ့အဖွဲ့အစည်းများ ပျက်စီးမှုအတွက်အမြတ်ဆုံးသောအကြောင်းမှာ ငွေကြေးတစ်ခုတည်းကို ဦးတည်ရှာဖွေခြင်း (ဝါ) ပစ္စည်းဥစ္စာရှာဖွေရာတွင် အလွန်အမင်းလောဘဇောတက်ခြင်းဖြစ်သည်။ နားနားနေနေ၊ နေထိုင်ခြင်း၊ အိပ်စက်ခြင်းနှင့် ဘဝအသက်တာ၏သက်သောင့်သက်သာဖြစ်မှုတို့ကိုအနစ်နာခံ၍ ပိုက်ဆံရမှုတစ်ခုတည်းကိုသာ ဦးတည်ကြိုးပမ်းခြင်းအားဖြင့် ဘဝလမ်းကြောင်းကိုကျဉ်းမြောင်းအောင် ပြုလုပ်ကြသည်။ သဘာဝအားဖြင့် သန်မာသောကိုယ်ခန္ဓာသည်ယိုယွင်းလာ၍ ကိုယ်ခန္ဓာစွမ်းရည်များကို အလွဲသုံးစားပြုမှုကြောင့်ရောဂါများစွဲကပ်လာပြီးသည်နောက်ပိုင်းတွင် အမှောက်မှောက်အမှားမှားဖြစ်ခဲ့သောဘဝအသက်တာသည် သေခြင်းဖြင့်နိဂုံးချုပ်ရလေတော့သည်။ ဤမျှကြီးမားလှသောတန်ဖိုးပေး၍ရယူထားသောစည်းစိမ်ဥစ္စာကို သူသည် ယူဆောင်သွားခြင်းမပြုနိုင်ပေ။ ငွေကြေးများ၊ နန်းတော်များနှင့်တန်ဖိုးကြီးလှသောဝတ်စားတန်ဆာတို့သည် သူ့အတွက်အလဟဿဖြစ်တော့သည်။ သူ့ဘဝအသက်တာ၏ဆောင်ရွက်မှုများသည် အသုံးမကျပါတကား။ HR, April, 1877.

လူ့ကိုယ်ခန္ဓာ၏အကြောအမျှင်ရှိသမျှကို ကာကွယ်ရန်။ ရေလွှမ်းမိုးခြင်းအကြိုခေတ်မှ ကမ္ဘာသူကမ္ဘာသားတို့သည် ဂုဏ်အသရေယုတ်ညံ့သောလမ်းစဉ်ကို လိုက်နာကျင့်သုံးကြသကဲ့သို့ ယခုခေတ်၌လည်း ယင်းအတိုင်းကျင့်သုံးနေသောသူများဟုခရစ်တော်ကကိုးကားမိန့်တော်မူထားသောလူ့အသိုက်အဝန်းတွင် ကျွန်ုပ်တို့မပါဝင်စေလိုလျှင် ကျွန်ုပ်တို့ကိုယ်ခန္ဓာမှ အင်္ဂါအစိတ်အပိုင်းရှိသမျှ၊ အကြောအမျှင်ရှိသမျှတို့ကို အန္တရာယ်ပြုသော အလေ့အကျင့်များမှ ကာကွယ်ထားရကြမည်။ ဤလူစုလူဝေးထဲ၌ပါဝင်သောသူတို့သည် ပျက်စီးခြင်းကို ရင်ဆိုင်ရကြမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်တရားဝင်သောအကျင့်ဓလေ့များကို တစ်ဘက်စွန်းရောက်သည့်တိုင်အောင်ခေါင်းမာစွာကျင့်သုံးကြပြီးလျှင် သဘာဝတွင်အခြေမတည်သောအကျင့်ဓလေ့များကို ဖန်တီးလိုက်နာကြသောကြောင့် ယင်းအကျင့်ဓလေ့များသည် တိုက်ပွဲဆင်သောတပ်မက်ခြင်းမျိုးဖြစ်လာလေသည်။

ကမ္ဘာသူကမ္ဘာသားများမှ လူထုအများတို့သည် ကမ္ဘာမြေကြီးဆိုင်ရာ အကြီးမားဆုံးသော အကျိုးဖြစ်ထွန်းမှု၏ မှန်ကန်သောအခြေခံအကျင့်ဓလေ့များကို ဖျက်ဆီးလျက်ရှိကြသည်။ သူတို့သည် သူတို့၏ကိုယ်ကို ထိန်းချုပ်နိုင်သော သတ္တိကို ဖျက်ဆီး၍ ထာဝရကာလဆိုင်ရာ စစ်မှန်သော တရားဒေသနာနှင့်အကျင့်ဓလေ့များကို နှစ်မြိုက်သောစိတ် မရှိအောင် ပြုလုပ်နေကြသည်။ သူတို့ကိုယ်တိုင်ခန္ဓာ၏အဆောက်အအုံကို တမင်္ဂလာမသိပဲနေ၍ သူတို့ကဲ့သို့ကိုယ့်စိတ်၏ အလိုကို ခံတွင်း၏အလိုသို့ လိုက်ရန် သူတို့၏သားသမီးများကို သွန်သင်ပေးကြ၏။ သို့အတွက်ကြောင့် သူတို့၏သားသမီးများတို့သည် သဘာဝပညတ်ဥပဒေများကို ကျူးလွန်ချိုးဖောက်ခြင်း၏ပြစ်ဒဏ်ကို ခံနေရကြသည်။

ကျွန်ုပ်တို့၏စားခြင်း၊ သောက်ခြင်းဆိုင်ရာ အကျင့်ဓလေ့များက ကျွန်ုပ်တို့သည် လောကီသားများဖြစ်သည် မဖြစ်သည်ကိုလည်းကောင်း၊ ကိုယ်တော်ရှင်၏ကြီးမားသောသမ္မာတရားတော်အားဖြင့် လောကမှခွဲခြားသီးသန့်ထားသော လူစုလူဝေးထဲတွင် ပါဝင်သည် မပါဝင်သည်ကိုလည်းကောင်း ပြပေသည်။ ယင်းလူစုလူဝေးသည် ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသောအမျိုးဖြစ်ကြ၏။ **M, 86, 1897.**

ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုရှိခြင်း။ ကျန်းမာမှုကို ထိန်းသိမ်းထားနိုင်ရန် အလုပ်ခွင်နှင့်စားရေးသောက်ရေးတို့ အပါအဝင်ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုရှိရမည်။ စင်ကြယ်ခြင်းနှင့်သန့်ရှင်းခြင်းတို့ကိုနှစ်မြိုက်သဘောကျသောသူတို့သည် သူတို့အတွက် ကိုယ်တော်ရှင်ကချပေးထားတော်မူသော ကောင်းသောအရာတို့ကို လိမ္မာရေးခြားရှိစွာဖြင့်အသုံးပြုရန်သိရှိဖို့လည်းကောင်း၊ နေ့စဉ်ဘဝအသက်တာတွင် ချုပ်တည်းခြိုးခြံမှုကိုကျင့်သုံးခြင်းအားဖြင့် သမ္မာတရားကြောင့်သန့်ရှင်းခြင်းသို့ ရောက်ရှိနိုင်ဖို့လည်းကောင်း ယုတ်ညံ့သော အလိုရမ္မက်ကြောင့်ဖြစ်ပေါ်လာသောမကောင်းမှုဒုစရိုက်များကို ကာကွယ်ရန် ဘုရားသခင်သည် ကျန်းမာမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အလင်းတရားကို ပေးထားတော်မူသည်။ **CTBH, p. 52.**

ချုပ်တည်းခြိုးခြံမှုဆိုင်ရာဒေသနာကိုဟောပြောကြသောသူတို့သည် သူတို့၏အဆင့်အတန်းကို ပိုမိုကျယ်ပြန့်သောမျက်နှာပြင်တွင် တင်ထားသင့်ပေသည်။ ထိုအခါသူတို့သည် ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်ကြသော လုပ်သားများဖြစ်လာကြမည်။ သူတို့၏ဩဇာသက်ရောက်မှုရှိသမျှကို အသုံးပြုလျက်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခြေခံသဘောတရားရေးရာများ ဖြန့်ကြဲမှုကိုသူတို့အား ပေးအပ်သင့်ပေသည်။ **M, 86, 1897.**

## ၂ ကိုယ်ခန္ဓာသည် ဗိမာန်တော်ဖြစ်ခြင်း

ခရစ်ယာန်တစ်ဦး၏တာဝန်။ "သင်တို့သည်ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ကိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည်သန့်ရှင်းရ၏။ သင်တို့သည်လည်းထိုဗိမာန်တော်ဖြစ်ကြ၏။" ဟုဆိုထားပါသည်။ လူသည် ဘုရားသခင်၏ လက်ရာတော်ဖြစ်သည်။ အထူးကျွမ်းကျင်စွာ လုပ်ကိုင်ထားသောအရာဖြစ်၍ အလွန်မြင့်မြတ်သန့်ရှင်းသောရည်စူးချက်အတွက်ဖန်ဆင်းထားတော်မူ၏။ လူ့ဗိမာန်၏နေရာအစိတ်အပိုင်းတိုင်းတွင် ဘုရားသခင်သည် ကိုယ်တော်၏ပညတ်တော်များကို ရေးသားထားတော်မူလိုသည်။ အကြောတိုင်းနှင့်ကြွက်သားတိုင်း၊ ဉာဏဗလတိုင်းနှင့်ကာယဗလတိုင်းတို့ကို သန့်ရှင်းစင်ကြယ်အောင်ထားရှိကြရမည်။

ကိုယ်ခန္ဓာသည် ကိုယ်တော်ရှင်ဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်စေရန် ဘုရားသခင်သည် ရည်စူးထားတော်မူသည်။ ထိုကြောင့် လူတိုင်း၏တာဝန်သည်မည်မျှကြီးမားပါသနည်း။ ဘုရားသခင်၏ဘုန်းတော်အတွက် အသုံးပြုသင့်သော ဆင်ခြင်တုံတရား၊ ဉာဏ်ပညာနှင့်စွမ်းရည်များဖြင့်ကောင်းချီးမင်္ဂလာခံစားထားရသောသူတွင် ဝိညာဉ်နှင့်ခန္ဓာကိုယ်ပါ တမင်္ဂလာညစ်ညူးယုတ်ညံ့အောင်ပြုသောသူတို့သည် ဘယ်မျှလောက်များပါသနည်း။ သူတို့ဘဝအသက်တာသည် အမြဲတမ်း စိတ်တက်ကြွစေသော အဖြစ်အပျက်မျိုးဖြင့် ပြည့်နှက်လျက်ရှိသည်။ ကရစ်ကက်နှင့် ဘောလုံးပွဲစသော အားကစားပွဲများနှင့်မြင်းပြိုင်ပွဲများတို့ကို အာရုံစူးစိုက်လျက်ရှိကြသည်။ သေရည်သေရက်သောက်စားသော အကုသိုလ်ဖြစ်သောသောကဗျာပါရကိုအားပေးသည့်အကျင့်ဆိုးသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီးလျက်ရှိ၏။ သေရည်

သေရက်နှင့်ဆေးလိပ်တို့ကို သုံးစွဲခြင်းအားဖြင့် သူတို့သည်မြင့်မြတ်၍သန့်ရှင်းသောရည်စူးချက်ကိုအကောင်အထည်ဖော်ရန် ပေးထားတော်မူသော ဘဝအသက်တာကို ယုတ်ညံ့သိမ်ဖျင်းအောင် ပြုလုပ်လျက်ရှိကြသည်။ သူတို့၏အကျင့်ဓလေ့များကို သစ်သား၊ မြက်ခြောက်နှင့်အမှိုက်သရိုက်ဟု ပုံပြထားသည်။ သူတို့အားဘုရားသခင်ပေးထားတော်မူသော စွမ်းရည်များသည် ကမောက်ကမစောက်ထိုးမိုးမျှော်ဖြစ်၍ သူတို့၏အာရုံများမှာလည်း ယုတ်ညံ့လာလျက် ဇာတိပကတိလူ၏လိုအင်ဆန္ဒများကိုသာ အကျိုးပြုလေတော့သည်။

အဆိပ်တစ်ခွက်စာအတွက် သေရည်သေရက်သောက်သောသူသည် သူ့ကိုယ်ကို ရောင်းစားလေသည်။ စာတန်သည်သူ၌ရှိသောဆင်ခြင်တုံတရား၊ မေတ္တာနှင့်သူ့ဩတ္တပ္ပစိတ်ကို ထိန်းချုပ်ထားလိုက်သည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်သည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီးနေသောသူဖြစ်သည်။ လက်ဖက်ရည်သောက်ခြင်းသည် ယင်းဖျက်ဆီးခြင်းလုပ်ငန်းကိုအထောက်အကူပြုသည်။ သို့ဖြစ်စေကာမူ ယင်းကဲ့သို့ဖျက်ဆီးတတ်သော အသုံးအဆောင်များကိုသူတို့၏ထမင်းစားပွဲများပေါ်တွင် တင်ထားသုံးစွဲနေကြသောသူ ဘယ်လောက်များပါသနည်း။

စိတ်နှင့် ကိုယ်ခန္ဓာတို့၏အင်္ဂါအစိတ်အပိုင်းတစ်ခုကိုမျှ အစွမ်းသတ္တိချို့တဲ့အောင် လုပ်ပိုင်ခွင့်မရှိ။ စိတ်နှင့်ကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းတို့၏ ကျန်းမာစွာလုပ်ကိုင်ဆောင်ရွက်မှုကို လျော့နည်းသွားစေသော အကျင့်ဓလေ့များကိုလိုက်နာကျင့်သုံးခွင့်သည် အဘယ်သူ၌မျှမရှိပေ။ မိမိစွမ်းရည်များကို ကမောက်ကမ ယိုယွင်းပျက်ပြားအောင်ပြုလုပ်သောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ကို ဖျက်ဆီးသောသူများဖြစ်သည်။ ဝိညာဉ်၊ စိတ်နှင့်ကိုယ်ခန္ဓာများတို့အား သန့်ရှင်းသောအရာများကို နှစ်ခြိုက်ခြင်းကင်းမဲ့သွားစေလောက်အောင် ယင်းတို့ကို ယုတ်ညံ့စေသောဆေးဝါးများကို ဆက်လက်၍ သုံးစွဲနေသောသူတို့ကို ပြန်လည်သန်စွမ်းကျန်းမာလာအောင် ဘုရားသခင်သည် နိမိတ်လက္ခဏာကို ပြတော်မူမည် မဟုတ်ပေ။ ဆေးလိပ်နှင့်သေရည်သေရက်ကို သုံးစွဲသောသူတို့သည် သူတို့၏အသိဉာဏ်ကိုနှစ်ခြိုက်လေးစားမှုမရှိကြ။ ဘုရားသခင်သည် သူတို့အား ပေးကမ်းထားတော်မူသော စွမ်းရည်များတို့၏တန်ဖိုးကိုမသိကြ။ သူတို့၌ရှိသောစွမ်းရည်များကို ခန်းခြောက်ယိုယွင်းသွားစေကြသည်။

ကိုယ်တော်ကို ယုံကြည်ကြသောသူအပေါင်းတို့အနေဖြင့် တိုးတက်မှုသည် လိုအပ်သည်ဆိုသည်ကို သိရှိကြဖို့ အလိုတော်ရှိတော်မူသည်။ ကိုယ်တော်ပေးထားတော်မူသော စွမ်းရည်ရှိသမျှကို တိုးတက်ကောင်းမွန်လာအောင်ပြုလုပ်ကြရမည်။ စွမ်းရည်တစ်ခုကိုလျစ်လျူရှုမထားရ။ ဘုရားသခင်အနေဖြင့် စေ့စပ်သေချာစွာစီမံထားတော်မူသော သတ္တဝါနှင့် အဆောက်အအုံအနေဖြင့် လူသည် ကိုယ်တော်ရှင်၏ကြည့်ရှုစောင့်ထိန်းမှုအောက်တွင် ရပ်တည်ရသောကြောင့် သူသည် သူ့ဖန်ဆင်းရှင်နှင့်ပိုမို အကျွမ်းဝင်လာလေလေ၊ သူ့ယူဆချက်တွင် သူ့ဘဝအသက်တာသည် ပိုမိုသန့်ရှင်းလာလေလေဖြစ်မည်။

ကိုယ်တော်ရှင်၏သားသမီးတို့သည် စင်ကြယ်သန့်ရှင်းသော ဘဝမျိုးတွင်ရပ်တည်နေဖို့ ကိုယ်တော်ရှင်ကတောင်းဆိုတော်မူသည်။ ဤအဆင့်အတန်းသို့ ရောက်ရှိနိုင်စေရန် ကိုယ်တော်ရှင်သည် ကိုယ်တော်၏ သားတော်ကို စွန့်တော်မူသည်။ လူသည် သေကြေပျက်စီးတတ်သော တိရစ္ဆာန်တို့ကဲ့သို့သောဘဝမျိုး၌ မကျင်လည်ပဲ ကောင်းကင်ဘုံရှင်ဘုရားသခင်အတွက် ရပ်တည်နိုင်သောဘဝမျိုး၌ ကျင်လည်နိုင်စေရန် လိုအပ်သောအစီအစဉ်များကို ချပေးထား တော်မူသည်။

ဘုရားသခင်သည် စာရင်းအင်းကို ထားရှိတော်မူသည်။ သဘာဝဓမ္မဆိုင်ရာ ဥပဒေပညတ်များကို မထီမဲ့မြင်ပြုသည်အတွက် ကိုယ်ခန္ဓာဆိုင်ရာ ပြစ်ဒဏ်ကို ဖျားနာခြင်း၊ ပျက်စီးယိုယွင်းနေသော ကိုယ်ခန္ဓာနှင့်သေခြင်းတို့တွင် တွေ့မြင်နိုင်သည်။ သို့ဖြစ်လင့်ကစား ဤအခြေအနေကို ကုစားရန် ဘုရားသခင်နှင့် စာရင်းရှင်းနိုင်သည်။ ကိုယ်တော်ရှင်သည် ကောင်းသောလုပ်ရပ်ဖြစ်စေ၊ ဆိုးသောလုပ်ရပ်ဖြစ်စေ လုပ်ရပ်တိုင်းကို စာရင်းအင်းထားရှိတော်မူသောကြောင့် တရားစီရင်သောနေ့တွင် လူတိုင်းသည် မိမိတို့နှင့်ထိုက်တန်သောအကျိုးအပြစ်ကိုခံရကြမည်။ ကိုယ်ခန္ဓာဆိုင်ရာ ဥပဒေပညတ်များကို ကျူးလွန်ချိုးဖောက်ခြင်းသည် ဘုရားသခင်၏ပညတ်တော်များကိုချိုးဖောက်ခြင်းဖြစ်သည်။ ယင်းချိုးဖောက်မှုတိုင်းအတွက် ပြစ်ဒဏ်ကို မုချခံရမည်။

ဘုရားသခင်၏အဆောက်အအုံဖြစ်သော လူသားတို့၏ကိုယ်ခန္ဓာအိမ်ကို သတိဝီရိယဖြင့်စောင့်ထိန်းထားရမည်။ ဘုရားသခင်၏ဇာတိတော်ကိုလူတို့မှတစ်ဆင့် ပြည့်ပြည့်စုံစုံဖော်ပြနိုင်ရန် လူ့ဘဝအသက်တာကိုဂရုတစိုက်ပညာပေးရ

မည်၊ ပြုစုပျိုးထောင်ပေးရမည်။ ဖွံ့ဖြိုးထွားကြိုင်းလာအောင်ပြုပြင်ပေးရမည်။ ဘုရားသခင်သည်လူတို့အား ပေးထားတော်မူသော ပင်္ကိသန္ဓေဉာဏ်ကို အသုံးပြုရန် ကိုယ်တော်ရှင်သည် မြော်လင့်နေတော်မူသည်။ ကိုယ်တော်အတွက် သူတို့၌ရှိသမျှသောဆင်ခြင်တတ်သောသတ္တိကို အသုံးပြုရန် ကိုယ်တော်ရှင်သည် မြော်လင့်နေတော်မူသည်။ သူတို့သည်ဩတ္တပ္ပစိတ်ကိုထိုက်သင့်သလို ဦးစားပေးရမည်။ ဉာဏဖလ၊ ကာယဖလနှင့်မေတ္တာတရားများတို့ကို အထက်မြက်ဆုံးအခြေအနေ၌ ရပ်တည်နေစေရန် ယင်းတို့ကိုပြုစုပျိုးထောင်ပေးရမည်။ **R & H, Nov. 6, 1900.**

တတ်သိလိမ္မာရေးခြားရှိသော ဩတ္တပ္ပစိတ်၏ရှေ့ဆောင်မှုရှိလျှင်။ တမန်တော်ပေါလုကရေးသားထားသည်မှာ၊ "မြေတလင်း၌ပြိုင်၍ ပြေးကြသောသူအပေါင်းတို့သည် ပြိုင်၍ပြေးကြသော်လည်း တစ်ယောက်တည်းသာလျှင် ဆုကိုရသည်ဟုသင်တို့ မသိကြသလော။ ဆုကိုရမည်အကြောင်း ပြေးကြလော့။ ပွဲ၌ပြိုင်၍အချင်းချင်းတိုက်သောသူမည်သည်ကား အရာရာ၌ တပ်မက်ခြင်းကို ချုပ်တည်းတတ်၏။ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သောပန်းဦးရစ်ကို ရခြင်းအလိုငှါပြုကြ၏။ ငါတို့မူကား။ မညှိုးနွမ်းမပျက်စီးနိုင်သော ပန်းဦးရစ်ကို ရခြင်းအလိုငှါ ပြုကြ၏။ **ST, Oct. 2, 1907.**

ကောရိန်သုမြို့သားသိကျွမ်းသောခြေထောက်ဖြင့် ပြေးသောအပြေးပြိုင်ပွဲကို တမန်တော်ပေါလုသည် ဤနေရာတွင်ဖော်ပြပြောဆိုနေပါသည်။ သူတို့၏အင်အားကို စမ်းသပ်သည့် ယင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော စွမ်းရည်အပြည့်ရှိရန် ပြိုင်ပွဲဝင်လောင်းများသည် ပြင်းထန်ကျပ်တည်းသောစည်းကမ်းများကို လိုက်နာကျင့်သုံးရပါသည်။ ရိုးရိုးဖြစ်သော အစားအစာကို မှီဝဲရပါသည်။ အဆီအအိမ့်များသော အစားအစာများနှင့်သေရည်သေရက်ကို မစားမသောက်ရန်တားမြစ်ထားသည်။ သူတို့စားရသောအစားအစာကိုသေသေချာချာ ရွေးချယ်ထားပေးပါသည်။ သူတို့၏အင်အားကိုအချိန်တန်လျှင် အင်တိုက်အားတိုက် အသုံးပြုနိုင်ရန် သူတို့၏ကျန်းမာမှုကိုမြှင့်တင်ပေး၍ ဖျတ်ဖျတ်လတ်လတ်တက်တက်ကြွကြွရှိစေ၍အင်အားနှင့်ခံနိုင်ရည်သတ္တိကိုပေးသော အလုပ်အကိုင်နှင့်အစားအသောက်တို့သည်ဘယ်သင်းဘယ်ဟာဖြစ်သည်ကို လေ့လာကြရပါသည်။ ကိုယ်ခန္ဓာအင်အားဆုတ်ယုတ်စေမည့် စိတ်အလိုလိုက်မှုရှိသမျှကို မပြုလုပ်မိစေရန် တားမြစ်ထားပါသည်။ **ST, Jan. 27, 1909.**

တတ်သိလိမ္မာရေးခြားရှိသော ဩတ္တပ္ပစိတ်၏ရှေ့ဆောင်မှုကို မရရှိပဲ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေစိတ်မရှိသော သာသနာပလူတို့သည် ချုပ်တည်းခြိုးခြံမှုနှင့် သွန်သင်ချိန်၏စည်းကမ်း ဥပဒေများကို လိုက်နာ၍ ပျက်စီးတတ်သော ပန်းဦးရစ်ကလေးနှင့် ပွဲကြည့်ပရိသတ်တို့၏ ဩဘာပေးခံရမှုတို့အတွက် အင်အားဆုတ်ယုတ်စေသော လိုက်စားမှုအမျိုးမျိုး တို့ကို ရှောင်ကြဉ်ရလျှင် မသေနိုင်သောဘဝကို ခံစား၍ ဘုရားသခင်၏ချီးကျူးဂုဏ်ပြုမှုကို မြော်လင့်ချက်ဖြင့် ခရစ်ယာန်များဆိုင်ရာပြိုင်ပွဲ၌ ပြေးလျက်ရှိကြသော ပြိုင်ပွဲဝင်တို့သည် ကိုယ်ကျင့်တရားများကို ယုတ်ညံ့စေ၍ ပညာထက်မြက်မှုကို အင်အားနည်းစေပြီးလျှင် မြင့်မားသော စွမ်းရည်များကို တိရစ္ဆာန်တို့၏ခံတွင်းအရသာနှင့် တပ်မက်ခြင်းတို့၏အခြေအနေသို့ ဆွဲချသည့်ကျန်းမာခြင်း၏ ရန်သူများဖြစ်သော လှုံ့ဆော်စာများနှင့် ခံတွင်းအလိုလိုက်စားမှုများကို ပိုမို၍ ရှောင်ကြဉ်သင့်သည် မဟုတ်ပါလော။

ဤဘဝအသက်တာနှင့်ဆိုင်သော ပြိုင်ပွဲဖြစ်သော ခရစ်ယာန်ပြေးပွဲကြီးကို ကမ္ဘာ့လူထုကြီးကစောင့်ကြည့်လျက်ရှိသည်။ ထိုတွင်မကသေး၊ စကြဝဠာတစ်တိုင်းလုံး၏အနန္တတန်ခိုးရှင်နှင့် သိန်းသန်းကုဋေ မကသောကောင်းကင်တမန်တို့သည် ဤအပြေးပြိုင်ပွဲကို စောင့်ကြည့်နေကြသည်။ ဘယ်သူသည် အောင်ပန်းဆွတ်ခူး၍ မညှိုးနွမ်းမပျက်စီးနိုင်သော ဘုန်းတော်သရဖူကို ရရှိကြမည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။ လေးနက် ပြင်းပြသောစိတ်ဝင်စားမှုမျိုးဖြင့် ဘုရားသခင်နှင့်ကောင်းကင်တမန်တို့သည် ခရစ်ယာန်ပြိုင်ပွဲဝင်တို့၏ကိုယ့်အလိုငြင်းပယ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် အနစ်နာခံခြင်းနှင့်ဒုက္ခခံ၍ကြိုးပမ်းခြင်းတို့ကိုမှတ်သားထားကြသည်။ ယင်းပြိုင်ပွဲတွင် မိမိတို့ဆိုင်ရာတာဝန်ကို ထမ်းဆောင်ရာ၌ ထုတ်ခဲ့သောဇွဲလုံ့လနှင့်သစ္စာရှိသောကြိုးပမ်းမှုတို့၏ အတိုင်းအတာအတိုင်းဆုလာဘ်ကို ရရှိကြလိမ့်မည်။

အထက်တွင် ကိုးကားပြောခဲ့သော အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးတည်းသာလျှင် ဆုရဖို့ သေချာပါသည်။ ခရစ်ယာန်တို့၏ပြိုင်ပွဲတွင် ရှင်ပေါလုက "ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ်" ဟု ဆိုထားပါသည်။ ကျွန်ုပ်တို့သည် ပန်းတိုင်သို့ရောက်ရှိကြသောအခါ စိတ်ပျက်စရာအလျှင်းမရှိပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ပါရှိသော စည်းကမ်းချက်များအတိုင်း ပြည့်ပြည့်စုံစုံလိုက်လျှောက်ဆောင်ရွက်ကြ၍ ချိန်ခွင်လျှာကဲ့သို့ သမ္မစိတ္တဖြစ်သောစိတ်များနှင့် ကျန်းမာသန့်ရှင်းသောကိုယ်ကျင့်တရားများမွေးမြူထားရှိနိုင်ရန် ကိုယ်ခန္ဓာ၏အင်အားနှင့်လှုပ်ရှားနိုင်မှုကိုထိန်းသိမ်းထား

ရန်တာဝန်သိသိဆောင်ရွက်ကြသောသူတို့အတွက် ပြိုင်ပွဲသည် အမှတ်တမဲ့ပြေးရသော ပြိုင်ပွဲမဟုတ်ပေ။ သူတို့အားလုံးသည် ဆုကိုရနိုင်ကြ၍ မညှိုးနွမ်းမပျက်စီးနိုင်သော ဘုန်းတော်ပန်းဦးရစ်ကို ရရှိဝတ်ဆင်နိုင်ကြသည်။

အောင်မြင်သောသူအတွက် ကတိတော်များ။ ကမ္ဘာလောကကြီးအား ကျွန်ုပ်တို့အတွက်ပုံစံနမူနာ မဖြစ်စေရပါ။ အဆီအအိမ့်များသောအစားအစာများ စားသောက်ခြင်းနှင့်သဘာဝမကျသော လှုံ့ဆော်စာများစားသုံးခြင်းတို့သည် ရေပန်းစားနေသောလုပ်ရပ်ဖြစ်နေသောကြောင့် ထိုကဲ့သို့ပြုသော အခြေအနေက တိရစ္ဆာန်ဆန်သော စိတ်ဓါတ်များကို အင်အားတောင့်တင်းစေ၍ ကျင့်ကောင်းသီလများ ဖွံ့ဖြိုးထွန်းကာလာမှုကို တားဆီးပိတ်ပင်ထားလေသည်။ ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုကျင့်သုံးရန် စိတ်ပြဌာန်းမှုမရှိပဲလျက် ခရစ်ယာန်ဆိုင်ရာတိုက်ပွဲတွင် အောင်မြင်သောသူများ ဖြစ်လာကြမည်ဟူ၍ အာဒံ၏သားသမီးတို့အား အားပေးတိုက်တွန်းထားချက်မရှိပေ။ ဤကဲ့သို့ပြုလုပ်လျှင် သူတို့သည် လေကိုလက်သီးနှင့်ထိုးသတ်သောသူကဲ့သို့ တိုက်ပွဲဆင်ကြမည်မဟုတ်ပေ။

အကယ်၍ ခရစ်ယာန်များသည် ကိုယ်ခန္ဓာကို နှိပ်ကွပ်ထား၍ သူတို့၏ခံတွင်းအလိုရှိသမျှနှင့်တပ်မက်ခြင်းများကို တတ်သိလိမ္မာရေးခြားရှိသောဩတ္တပ္ပစိတ်၏ရှေ့ဆောင်မှုအောက်၌ထားရှိလျှင် ဖင်းအပြင် ကျန်းမာမှုနှင့်ဘဝအသက်တာကို အုပ်ချုပ်သော ဥပဒေပညတ်များကို လိုက်နာစောင့်ထိန်းရန် ဘုရားသခင်နှင့်စပ်ဆိုင်သောသူတို့အား တာဝန်ရှိကြောင်းကို သိရှိကြလျှင် သူတို့သည် ကာလဗလနှင့်ဉာဏဗလတည်းဟူသော ကောင်းချီးမင်္ဂလာများကို ခံစားရကြလိမ့်မည်။ စာတန်ကို တိုက်ခိုက်ရာတွင်လည်း စာရိတ္တဗလကြံ့ခိုင်မှုကို ရရှိကြလိမ့်မည်။ သူတို့အတွက် ခံတွင်းအလိုကို အောင်မြင်နိုင်နင်းတော်မူသော ကိုယ်တော်၏နာမတော်အားဖြင့် သူတို့ကိုယ်တိုင် အထူးသဖြင့် အောင်မြင်သောသူများ ဖြစ်ကြမည်။ ဤတိုက်ပွဲမှာပါဝင်ဆင်နွှဲလိုသောသူတိုင်းပါဝင်နိုင်သော တိုက်ပွဲပင်တည်း။ **ST, Oct. 2, 1907.**

# ၃ ချုပ်တည်းခြိုးခြံမှုနှင့်ဝိညာဉ်ရေး

စာတန်အားလက်မြှောက်ခြင်း။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောလုပ်ရပ်များကို ပြုလုပ်ရန် စာတန်၏သွေးဆောင်မှုများကို အလျှော့ပေးလက်ခံလိုက်နာခြင်းအားဖြင့် လူသည် မြင့်မားသောစွမ်းရည်များကို တိရစ္ဆာန်တို့၌ ရှိအပ်သော ခံတွင်းအလိုများနှင့်တပ်မက်မှုများ၏ ဘောင်အတွင်းသို့ သွတ်သွင်းလာ၏။ ယင်းခံတွင်းအလိုများနှင့်တပ်မက်မှုများတို့သည် စိုးမိုးလာသောအခါ ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နိမ့်၍ ဖန်ဆင်းထားတော်မူသောလူ၊ အထက်မြက်ဆုံးအခြေသို့ရောက်ရှိအောင်ပြုစုပျိုးထောင်ပေး၍ ရရှိနိုင်သောစွမ်းရည်များရှိသောလူသည် စာတန်၏အုပ်ထိန်းမှုအောက်သို့ ရောက်ရှိလာလေသည်။ ထိုအခြေအနေတွင် သူသည် ခံတွင်းအလိုရမ္မက်၏ကျွန်တွင်း သက်ဆင်းနေကြသော သူတို့၏အသိုက်အဝန်းထဲသို့ အလွယ်တကူ ရောက်ရှိသွားသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကြောင့် အချို့သောသူတို့သည် ထက်ဝက်၊ အခြားသောသူတို့သည် သုံးပုံနှစ်ပုံဖြစ်သော သူတို့၏ကာယ၊ ဉာဏနှင့်စာရိတ္တစွမ်းရည်များကို အနစ်နာခံလျက် ရန်သူ၏ကစားစရာ အဖြစ်သို့ ရောက်ရှိသွားကြလေသည်။

စာတန်၏ပရိယာယ်များကို သိရှိနားလည်ရန် ကြည်လင်သောစိတ် ရရှိလိုသောသူတို့သည် သူတို့၏ ကိုယ်ခန္ဓာဆိုင်ရာ ရသာရုံခံစားမှုများကို ဆင်ခြင်တုံတရားနှင့် ဩတ္တပ္ပစိတ်တို့၏ထိန်းချုပ်မှုအောက်တွင် ထားရှိကြရမည်။ ခရစ်ယာန်တို့၏စာရိတ္တဗလပြည့်စုံကြံ့ခိုင်မှုအတွက် စိတ်၏မြင့်မားသောစွမ်းရည်များ၏ဖြောင့်မှန်သန့်ရှင်း၍ အင်တိုက်အားတိုက်ဖြစ်သောဆောင်ရွက်လှုပ်ရှားမှုမျိုးကို လိုအပ်ပေသည်။ စိတ်နှလုံး၏သန့်ရှင်းမှု သို့မဟုတ်အင်အားနည်းပါးမှုသည် ဤကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့၏အသုံးဝင်မှုနှင့်လည်းကောင်း၊ ကျွန်ုပ်တို့၏နောက်ဆုံးကယ်တင်ခြင်းခံစားရမှုနှင့်လည်းကောင်းများစွာသက်ဆိုင်နေသည်။

ကျွန်ုပ်တို့၏ကိုယ်ခန္ဓာဆိုင်ရာကိစ္စတွင်ဘုရားသခင်ပညတ်တော်ကို သိကျွမ်းမှုမရှိကြခြင်းသည် ဝမ်းနည်းဖွယ်ကောင်းလှပေသည်။ မည်သည့်ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းမျိုးမဆို ကျွန်ုပ်တို့လူသားအနေဖြင့် ဘဝရပ်တည်မှုဆိုင်ရာဥပဒေပညတ်များကို ချိုးဖောက်ခြင်းဖြစ်သည်။ အင်အားချည့်နဲ့ထိုင်းမှိုင်းမှုသည် ကြောက်မက်ဖွယ်ကောင်းသောအခြေအနေသို့ ရောက်ရှိနေပေပြီ။ စာတန်သည် အပြစ်ကိုအလင်းရောင်အဖုံးအကာဖြင့်ဖုံးအုပ်ထားခြင်းအားဖြင့်ယင်းအပြစ်ကိုမက်မောစရာဖြစ်အောင်ပြုပြင်ထားလိုက်သည်။ သာသနာပလူများကဲ့သို့ ခရစ်ယာန်လောကကြီးတစ်ခုလုံးကို သူတို့

၏မိရိုးဖလာအကျင့်ဓလေ့များအောက်တွင် ချုပ်ကိုင်ထား၍ သူတို့၏ခံတွင်းအလိုက သူတို့အား စိုးမိုးထားအောင်ပြုလုပ်နိုင်လျှင် စာတန်အတွက် များစွာနှစ်သက်သဘောကျစရာဖြစ်သည်။

ကိုယ်ခန္ဓာနှင့်ပဋိသန္ဓေဉာဏ်၏စွမ်းအားကို အနစ်နာခံခြင်း။ အကယ်၍ပဋိသန္ဓေဉာဏ်ကောင်းသောသူတို့သည် ချုပ်တည်းခြိုးခြံမှုကင်းမဲ့သော လိုက်စားမှုတစ်ခုခုအားဖြင့် သူတို့၏ကိုယ်ကျင့်တရားဆိုင်ရာ စွမ်းရည်များကို ချည့်နဲ့ထုံထိုင်းအောင် ပြုလုပ်လျှင် သူတို့သည် အကျင့်ဓလေ့ဆိုင်ရာလောကတွင် သာသနာပလူတို့၏ အဆင့်အတန်းထက်မြင့်မားသော အဆင့်အတန်းသို့ရောက်ပြီးဟု မဆိုနိုင်ပေ။ ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလတို့သည် မည်သည့်အခြေအနေ၌ရပ်တည်နေသည်မဆို စာတန်သည် လူတို့အားကယ်တင်သောအလင်းတရားမှ ရိုးရာဓလေ့ထုံးစံနှင့်ဖက်ရှင်ဖြစ်မှုသို့အမြဲတမ်းဆွဲဆောင်လျက်ရှိသည်။ အကယ်၍ခံတွင်းအလိုလိုက်မှုနှင့်တပ်မက်မှုတို့သည် စိုးမိုးလာသောအခါတွင် ကိုယ်ခန္ဓာ၏ကျန်းမာခြင်းနှင့်ပဋိသန္ဓေဉာဏ်၏အင်အားကို ကိုယ့်အလိုလိုက်ခြင်းတည်းဟူသော ယဇ်ပလ္လင်ပေါ်တွင် ယဇ်ပူဇော်လိုက်ကြ၍ လူသည်လည်း လျင်မြန်စွာပျက်စီးခြင်းသို့ရောက်သည်ကို ရန်သူသည် ကောင်းမွန်စွာသိရှိ၏။ အကယ်၍ အလင်းတရားရှိသောပဋိသန္ဓေဉာဏ်ကကိုင်စွဲထား၍ တိရစ္ဆာန်တို့၏တပ်မက်ခြင်းများကို ထိန်းချုပ်ထားပြီးနောက် ယင်းတို့၏ကိုယ်ကျင့်တရားဆိုင်ရာစွမ်းရည်များ၏ချုပ်ကိုင်ထားမှုအောက်သို့သွတ်သွင်းထားလျက်စာတန်အနေဖြင့် သူ့သွေးဆောင်မှုများ၏ အောင်မြင်မှု အလားအလာသည် အလွန်မှနည်းပါးလှကြောင်းကို ကောင်းမွန်စွာသိရှိ၏။

ဖက်ရှင်လိုက်ရန်တောင်းဆိုချက်။ ကျွန်ုပ်တို့၏ခေတ်တွင် လူတို့သည် မှောင်မိုက်သောခေတ်(ဝါ)ဉာဏ်ပညာနည်းပါးသောခေတ်အကြောင်းကို ပြော၍ ကျွန်ုပ်တို့ခေတ်၏ တိုးတက်မှုကို ဝါကြွားပြောဆိုတတ်ကြသည်။ သို့ရာတွင် ယင်းတိုးတက်မှုရှိသည်ဆိုသောခေတ်တွင် ဆိုးသွမ်းယုတ်မာမှုနှင့် ရာဇဝတ်မှု ကျူးလွန်မှုတို့သည် နည်းပါးသွားခြင်း မရှိပေ။ သဘာဝအတိုင်း ရိုးသားမှုသည် ပျောက်ကွယ်သွား၍ ပဝတ္တိ ဖြစ်သော ဟန်ပြမှုတိုးပွားများပြားလာသည်အတွက် ဝမ်းနည်းဖွယ် ဖြစ်၏။ "ဉာဏ်ပညာနည်းပါးသောခေတ်" တွင် ထွန်းကားခဲ့သောကျန်းမာခြင်း၊ ခွန်အား၊ လှပခြင်းနှင့် အသက်ရှည်ခြင်းတို့သည် ယခုအခါတွင် ရှာမှရှားလှ၏။ ဖက်ရှင်ကျသော သဘာဝအသက်တာ၏ တောင်းဆိုချက်များကိုလိုက်လျောရန် လိုအပ်သောအရာရှိသမျှကို အနစ်နာခံလိုက်ကြသည်။

ခရစ်ယာန်လောကကြီးမှ လူအများစုတို့သည် သူတို့ကိုယ်ကိုခရစ်ယာန်များဟု ခေါ်ဆိုခွင့်မပြုကြတော့ပေ။ သူတို့၏အကျင့်ဓလေ့များ၊ သူတို့၏ဖြုန်းတီးခြင်းနှင့်သူတို့ကိုယ်ခန္ဓာများကို ကြည့်ရှုပြုစုခြင်းတို့သည် ကိုယ်ခန္ဓာဆိုင်ရာပညတ်ဥပဒေများကို ကျူးလွန်ချိုးဖောက်ခြင်းသာဖြစ်၍ သမ္မာကျမ်းစာနှင့်လည်း ဆန့်ကျင်သည်။ သူတို့၏ဘဝအသက်တာတွင် သူတို့၏ကိုယ်ခန္ဓာဆိုင်ရာဝေဒနာများ၊ စိတ်နှင့်ကိုယ်ကျင့်တရားဆိုင်ရာတို့၌ ချည့်နဲ့နုံချာခြင်းများတို့ကို သူတို့ကိုယ်တိုင်ဖန်တီးကြသည်။

ဖက်ရှင်ဘဝအသက်တာ၏တောင်းဆိုချက်များကို လိုက်လျောနိုင်စေရန်စာတန်သည် သူ့ပရိယာယ်ပေါင်းစုံတို့ဖြင့် အိုးအိမ်၊ သားမယားတို့နှင့်ဆိုင်သော ဘဝ၏စိုးရိမ်ကြောင့်ကြမှုများနှင့် ရှုပ်ထွေးနေသော ဝန်ထုပ်များ ဖန်တီးပေးလေသည်။ ယင်းကဲ့သို့သော အခြေအနေမျိုးကို ဖန်တီးပေးရာတွင် စာတန်၏ရည်စူးချက်မှာ ကာယကံရှင်တို့အားသူတို့အတွက် အမြင့်မားဆုံးအကျိုးဖြစ်ထွန်းစေသောအရာများကို ဂရုမစိုက်နိုင်လောက်အောင် စိတ်ပူပင်သောကများနေစေရန်ဖြစ်သည်။ စားရေးသောက်ရေးနှင့် ဝတ်စားဆင်ယင်ရေးတို့တွင် ခရစ်ယာန်လောကတစ်ခုလုံးသည် ချုပ်တည်းခြိုးခြံမှုကင်းမဲ့လှသောကြောင့်သူတို့လိုက်နာကျင့်သုံးနေရမည့်သူတို့ကိုယ်ခန္ဓာဆိုင်ရာ ဥပဒေပညတ်များတွင် အသိပညာပိုမိုထွားကြိုင်းလာအောင်ပြုလုပ်ဖို့အချိန်မရသလောက်ဖြစ်နေကြသည်။ နှုတ်ကပတ်တော်၌ဖော်ပြပါရှိသောဘုရားသခင်၏အလိုတော်နှင့်ညီလျော်မှု မရှိလျှင် ခရစ်တော်၏အမည်နာမကိုခံယူခြင်းသည် အချည်းနှီးပင်ဖြစ်တော့သည်။

သန့်ရှင်းခြင်းသို့ ရောက်ရှိရန်ခဲယဉ်းသောအခါ။ လူသားတို့အား ဒုက္ခပေးလျက်ရှိသော ချွတ်ယွင်းချက်အမျိုးမျိုးတို့သည် သူတို့၏မှားယွင်းသောအကျင့်ဓလေ့များမှ ဖြစ်ပေါ်လာသည်။ ၎င်းအပြင် သူတို့၏ရပ်တည်မှုဆိုင်ရာ ကိုယ်တော်ရှင်ပေးထားတော်မူသော ဥပဒေပညတ်များကို တမင်လာ လျစ်လျူရှုခြင်းကြောင့် သို့မဟုတ် ဂရုမစိုက်ခြင်းကြောင့်လည်း ဖြစ်ပေါ်လာကြသည်။ ဘဝရပ်တည်မှုဆိုင်ရာဥပဒေပညတ်များကို ချိုးဖောက်နေလျက် ဘုရားသခင်၏ဂုဏ်တော်ကိုထင်ရှားစေဖို့ ခဲယဉ်းလှပေသည်။ ခံတွင်းအလိုကို မက်မက်မောမော လိုက်စားနေချိန်တွင် စိတ်နှလုံးသည်ဘုရားသခင်အားဆက်ကပ်ရန် ဖြစ်နိုင်ဖွယ်လမ်းမရှိပေ။ ရောဂါစွဲကပ်ဖိစီးနေသောကိုယ်ခန္ဓာနှင့်ပျက်ယွင်းနေသော ပဋိ

သန္နေဉာဏ်၊ ၎င်းအပြင် အန္တရာယ်ပြုသော တပ်မက်ခြင်းတို့သည် ကိုယ်ခန္ဓာနှင့်ဝိညာဉ်တို့၏သန့်ရှင်းမှုကို ဆောင်ကြဉ်းပေးရန်မဖြစ်နိုင်ပေ။

ခရစ်ယာန်များဆိုင်ရာစာရိတ္တဗလကို အောင်မြင်စွာထွားကြိုင်းဖွံ့ဖြိုးလာစေရာတွင် ကိုယ်ခန္ဓာ၏ကျန်းမာသော အခြေအနေသည် အရေးပါအရာရောက်ကြောင်းကို တမန်တော်ပေါလုအနေဖြင့် နားလည်ပါသည်။ သူက "သူတစ်ပါးကို ဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူ မဖြစ်ရမည့်အကြောင်း ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏။" ဟု ဆိုထားပါသည်။ R; TC, pp, 57-62.

အကျင့်ဓလေ့များ၊ ရသာရုံနှင့်သဘောညွတ်ခြင်းများကို ပညာပေးရမည်။ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ရန် ကျွန်ုပ်တို့အားငှါးရမ်းထားသောစွမ်းရည်များကို အလွဲသုံးစားပြုခြင်း (ဝါ) ပျက်စီးယိုယွင်းအောင်ပြုလုပ်ခြင်းထက် ဆိုးသွမ်းသောအရာကား မရှိတော့ပေ။ "သင်တို့သည်စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ပြုကြလော့" ဟုသမ္မာကျမ်းကဖေါ်ပြထားပါသည်။

အရေးပါအရာရောက်သော လုပ်ငန်းတိုင်းတွင် အရေးကြီးကြုံကာလမျိုးဆိုက်ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် လုပ်ငန်းဆိုင်ရာလုပ်သားတို့တွင်ကြည်လင်သောစိတ်မျိုးရှိရန်လိုအပ်ပေသည်။ တမန်တော်ပေါလုကဲ့သို့ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုရှိရန်အရေးကြီးကြောင်း သိရှိသောပုဂ္ဂိုလ်မျိုး ရှိရမည်။ ကျွန်ုပ်တို့သခင်ယေရှုရှင်အတွက် အင်တိုက်အားတိုက် ဆောင်ရွက်ရမည့် လုပ်ငန်းရှိသည်။ ကျွန်ုပ်တို့၏အကျင့်ဓလေ့များ၊ ရသာရုံများ၊ ဝါသနာများနှင့် စိတ်ယိုင်မှုများကို ဘဝအသက်တာနှင့် ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များနှင့် ကိုက်ညီဆီလျော်အောင်ပညာပေးရမည်။ ဤကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အကျန်းမာဆုံးကိုယ်ခန္ဓာမျိုး၊ အဆိုးနှင့်အကောင်း သိမြင်တတ်သည့် ကြည်လင်သော ဉာဏဗလကို ရရှိကြမည်။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည်း သိမှတ်တတ်သော အင်္ဂါများကို ထုံထိုင်းစေသောကြောင့် ဦးနှောက်ကြော၏စွမ်းရည်ကိုချည့်နဲ့စေသဖြင့် ထာဝရကာလဆိုင်ရာအရာတို့ကို နှစ်ခြိုက်သဘောကျခြင်းမရှိပဲ ယင်းအရာတို့ကို သာမန်အရာများကဲ့သို့ မှတ်ယူတတ်ကြသည်။ မြင့်မြတ်သောရည်စူးချက်များ အကောင်အထည်ဖော်ရန်အတွက် သတ်မှတ်ထားသောစိတ်၏မြင့်မားသောစွမ်းရည်များကို ယုတ်ညံ့သောတပ်မက်မှုများ၏ကျေးကျွန်ဘဝသို့ ရောက်စေကြ၏။ အကယ်၍ ကိုယ်ခန္ဓာဆိုင်ရာအကျင့်ဓလေ့များသည် မှန်ကန်မှုမရှိလျှင် ဉာဏဗလနှင့်စာရိတ္တဗလဆိုင်ရာ စွမ်းရည်များတို့သည် အင်အားတောင့်တင်းမှုမရှိနိုင်ကြ။ အဘယ်ကြောင့်ဆိုသော် ကာယဗလနှင့်စာရိတ္တဗလတို့သည် တစ်ဦးပေါ်တစ်ဦးကြီးမားသော ကိုယ်ချင်းစာတရားထားရှိကြသည်။ တမန်တော်ပေတရုသည် ဤအချက်ကိုနားလည်၍ သတိပေးစကားပြောဆိုထားသည်မှာ "ဝိညာဉ်နှင့်စစ်ပြိုင်တတ်သောကိုယ်ကာယ၏တပ်မက်ခြင်းတို့ကို ရှောင်မည်အကြောင်း ဧည့်သည်အာဂန္တုကဲ့သို့သောသင်တို့ကို ငါတောင်းပန်၏။"

### မြင့်မားသောအကျိုးခံစားချက်များဘေးအန္တရာယ်သင့်ခြင်း

ကိုယ်ကာယ၏တပ်မက်ခြင်းများကိုဘုရားသခင်၏နှုတ်ကပတ်တော်ကပြတ်ပြတ်သားသားသတိပေးထားပါသည်။ကိုယ်ကာယတပ်မက်ခြင်းသည် ကျန်းမာခြင်းနှင့်ငြိမ်သက်ခြင်းကို တိုက်ခိုက်သည်။ ထိုကြောင့် လူ့မြင့်မားသောဂုဏ်အင်္ဂါများနှင့်ယုတ်ညံ့သောဂုဏ်အင်္ဂါတို့သည် စစ်ဖြစ်ကြ၏။ အင်အားကောင်း၍ တက်တက်ကြွကြွရှိသော ယုတ်ညံ့သောစိတ်ယိုင်မှုများသည် စိတ်ဝိညာဉ်ကို ညှဉ်းပန်းသည်။ သန့်ရှင်းမှုမရှိသောခံတွင်းအလိုလိုက်ခြင်းအားဖြင့် လူ၏မြင့်မားသောအကျိုးခံစားချက်များသည် ဘေးအန္တရာယ်သင့်ရောက်လျက်ရှိကြသည်။ ST, Jan, 27, 1909.

သတ္တမနေ့ဥပုသ်အသင်းသားများအတွက်သင်ခန်းစာ။ အာရုန်၏သားများအကြောင်းကို မှတ်တမ်းတင်ထားခြင်းမှာ ဘုရားသခင်လူတို့၏အကျိုးဖြစ်ထွန်းမှုအတွက်ဖြစ်ပါသည်။ ဆိုးသွမ်းလွဲချော်သော ခံတွင်းအလိုလိုက်ခြင်းသည် ဝိညာဉ်၏ကောင်းမွန်လှသောခံယူချက်များကို ဖျက်ဆီးသောကြောင့် ဘုရားသခင်သည် လူတို့အား ပေးထားတော်မူသော ဆင်ခြင်ဝေဖန်နိုင်သောသတ္တိကို ထိခိုက်လျက် ဝိညာဉ်ရေးနှင့်သန့်ရှင်းခြင်းဆိုင်ရာအရာခပ်သိမ်းတို့တွင် သန့်ရှင်းခြင်း အာနိသင်သည် ကွယ်ပျောက်သွားကြောင်းကိုခရစ်တော်ဒုတိယ အကြိမ်ကြွလာ ခြင်းအတွက်ပြင်ဆင်လျက်ရှိကြသောသူတို့ကို အထူးသဖြင့် သင်ကြားပို့ချပေးရမည်။ နားမထောင်ခြင်းသည် လွန်မင်းစွာအပြစ်များသည့် ပုံစံအစား နှစ်သက်ဖွယ်သော ပုံသဏ္ဌာန်ကို ဆောင်နေလေသည်။ ST, July 8, 1880.

ဘေးအန္တရာယ်ဖြစ်စေသောအလေ့အထတိုင်းကို အောင်မြင်ခြင်း။ ချုပ်တည်းခြိုးခြံမှု၏အခြေခံသဘော တရားများသည် အလွန်ကျယ်ဝန်းလှ၏။ ဤအကြောင်းနှင့်စပ်ဆိုင်၍ လေးနက်သောအလင်းတရားကို ရရှိထားသော သူတို့သည် ယင်းအလင်းတရားကို သဘောမကျမနှစ်ခြိုက်ပဲနေမည်ကို စိုးရိမ်စရာရှိသည်။ ယခုကဲ့သို့ နောက်ဆုံးခေတ်၌ ရပ်တည်နေကြသော ကိုယ်တော်ရှင်၏လူတို့သည် ဘေးအန္တရာယ်ဖြစ်သော အလေ့အထတိုင်းကို အောင်မြင်၍ ကိုယ်တော်ရှင်၏လက်ျာဘက်၌ထိုင်နေခွင့်ရရှိရန် သူတို့၏ကိုယ်ခန္ဓာတို့ကို အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူသောလက္ခဏာနှင့်ပြည့်စုံသောယဇ်အနေဖြင့် ပူဇော်ကြဖို့ ဘုရားသခင်သည် အလိုရှိတော်မူသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်၊ လိုအင်ဆန္ဒနှင့်ဝါသနာများကို ဖန်ဆင်းရှင်၏ လိုအပ်ချက်များနှင့်ညီလျော်စေရမည်။ ဘုရားသခင်၏ကျေးဇူးတော်တစ်ခုတည်းသာ ယင်းအခြေအနေသို့ပို့ဆောင်နိုင်သည်။ ယင်းတန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့၏အသက်တာများကို မှန်ကန်သော အခြေခံသဘာဝတရားများနှင့်ညီလျော်အောင် ပြုလုပ်နိုင်ကြသည်။ ကျွန်ုပ်တို့စိုက်ပျိုးသည့်အတိုင်း ရိတ်သိမ်းကြရမည်။ မိမိတို့ကိုယ်ကို ဘုရားသခင်၏အလိုတော်စိုးမိုးမှုအောက်သို့ သွတ်သွင်းသူများသာလျှင် မှန်ကန်သော ပညာရှိများဖြစ်ကြသည်။ **L, 69, 1896.**

## တတ်သိလိမ္မာရေးခြားရှိသောဩတ္တပ္ပစိတ်၏ထိန်းချုပ်မှုရှိခြင်း

အကယ်၍ခရစ်ယာန်တို့သည်သူတို့၏ရသာရုံများနှင့်တပ်မက်မှုရှိသမျှတို့ကို တတ်သိလိမ္မာရေးခြား ရှိသော ဩတ္တပ္ပစိတ်၏ထိန်းချုပ်မှုအောက်သို့ သွတ်သွင်းထားလျှင် ၎င်းအပြင်ကျန်းမာမှုနှင့်ဘဝအသက်တာကို အုပ်ချုပ်သော ဥပဒေပညတ်များကို လိုက်နာစောင့်ထိန်းရန် ဘုရားသခင်နှင့်ကိုယ်နှင့်စပ်ဆိုင်သောသူတို့အား တာဝန်ရှိကြောင်းကိုသိရှိကြလျှင် သူတို့သည် ကာယဗလနှင့်ဉာဏ ဗလတည်းဟူသောကောင်းချီးမင်္ဂလာများကို ခံစားရကြလိမ့်မည်။ စာတန်ကို တိုက်ခိုက်ရာတွင်လည်း စာရိတ္တဗလကြံ့ခိုင်မှုကို ရရှိကြလိမ့်မည်။ သူတို့အတွက် ခံတွင်းအလိုကို အောင်မြင်နိုင်နင်းတော်မူသော ကိုယ်တော်၏ နာမတော်အား ဖြင့် သူတို့ကိုယ်တိုင် အထူးသဖြင့် အောင်မြင်သော သူများဖြစ်ကြမည်။ **CTBH, pp. 39, 40.**

အများသောသူတို့ ဘာကြောင့် အပြစ်ပြုလုပ်မည်ဖြစ်ကြောင်း။ မှားယွင်းသောအကျင့်ဓလေ့များအားဖြင့် သူတို့ကိုယ်ကို ဖျက်ဆီးနေသော ကျွန်ုပ်တို့၏ အမျိုးသမီးများတို့သည် ယင်းအကျင့်ဓလေ့များကို စွန့်ပစ်၍ လူထု ရှေ့သို့ လာရောက်လျက်ပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်စေလိုသည်။ အများသောသူတို့သည်ချုပ်တည်းခြိုးခြံမှုတွင် လျော့ရိလျော့ရဲနိုင်၍ ရသာရုံခံစားမှုကို လိုက်စားသောကြောင့် ဒုက္ခရောက်သောကာလတွင် အပြစ်ပြုလုပ်ကြလိမ့်မည်။

ဤကိစ္စနှင့်စပ်ဆိုင်၍ မောရှေသည် အကြိမ်ပေါင်း မြောက်မြားစွာ ဟောပြောခဲ့သည်။ ဣသရေလလူမျိုးတို့သည် ကတိထားတော်မူသောပြည်တော် ဝင်စားခွင့်မရခဲ့သောအကြောင်းရင်းမှာ၊ သူတို့၏ခံတွင်းအလိုသို့ ထပ်တလဲလဲ လိုက်စားမိသောကြောင့်ဖြစ်သည်။ ယခုအခါတွင် ဆယ်ပုံကိုးပုံမျှသောကလေးသူငယ်တို့၏ ဆိုးသွမ်းမှုသည် စားမှုသောက်မှုတွင် ချုပ်တည်းခြိုးခြံမှု ကင်းမဲ့ခြင်းကြောင့်ဖြစ်သည်။ အာဒံနှင့်ဧဝတို့သည် ခံတွင်းအလိုလိုက်မိခဲ့သောကြောင့် ဧဒင်ဥယျာဉ်မှ မောင်းထုတ်ခြင်းခံခဲ့ရသည်။ ယင်းခံတွင်းအလိုလိုက်စားမှုကို ငြင်းပယ်မှသာလျှင် ယင်းဧဒင်ဥယျာဉ်ကို ပြန်လည်ရရှိကြလိမ့်မည်။ **R & H, Oct, 21, 1884.**

ဆုကိုရမည်အကြောင်းပြေးကြလော့။ ရယူရန် တန်ဖိုးရှိလှသော အောင်ပွဲများရှိပါသည်။ ခံတွင်းအလိုလိုက်စားခြင်းနှင့် လောကီဆိုင်ရာတပ်မက်မှုတို့နှင့် ယှဉ်ပြိုင်ရာတွင် အောင်မြင်သော သူတို့သည် မည်သို့းနွမ်းမပျက်စီးနိုင်သော အသက်သရဖူကိုလည်းကောင်း၊ တံခါးကြီးများ၏ပုလဲအုတ်မြစ်သည် အဖိုးထိုက်ကျောက်များဖြင့် စီမံဆောက်လုပ်ထားသော မြို့တော်၌ ဝင်စားခွင့်ကိုလည်းကောင်း ခံစားရကြလိမ့်မည်။ ဤဆုလာဘ်ရရှိရန် ကြိုးပမ်းထိုက်သည် မဟုတ်ပါလော။ ကျွန်ုပ်တို့ တတ်နိုင်သမျှ ကြိုးပမ်း၍ ယင်းဆုလာဘ်ကို ရယူသင့်ကြသည် မဟုတ်ပါလော။ **ST, Sept. 1, 1887.**

# ၄ ဒံယေလ၏ပုံသက်သေ

သမ္မာကျမ်း၏ရှုထောင့်မှကြည့်လျှင် ချုပ်တည်းခြိုးခြံမှုနှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့သည် မှန်ကန်စွာ သိရှိနားလည်မှု ရရှိကြမည် မဟုတ်ပေ။ မှန်ကန်သောချုပ်တည်းခြိုးခြံမှုနှင့်စပ်ဆိုင်၍ ဗာဗုလုန်ပြည်နန်းတော်၌ နေထိုင်ခဲ့ကြဖူးသော ဒံယေလနှင့် သူ့အပေါင်းအဖော်တို့၏အဖြစ်သနစ်ကဖော်ပြခဲ့သော ပုံသက်သေထက်ပိုမိုပြည့်စုံထက်မြက်သော ပုံသက် သေမျိုးကို အဘယ်နေရာ၌မျှမတွေ့ရှိနိုင်ပေ။ **ST, Dec, 6, 1910.**

ဣသရေလလူမျိုးများ၊ သူတို့၏ဘုရင်၊ မှူးကြီးမတ်ရာသေနာပတိများ နှင့်ယဇ်ပုရောဟိတ်များ တို့သည်တိုင်းတစ်ပါးသို့ဖမ်းသွားချုပ်ထားခြင်းခံရသောအခါ သူတို့အထဲမှ ဗာဗုလုန်နန်းတော်တွင်မင်းမှုထမ်း စေရန်လေး ယောက်သောသူတို့ကို ရွေးချယ်လိုက်လေသည်။ တစ်ဦးသောသူမှာဒံယေလဖြစ်သည်။ နောင်သောကာလများတွင် ဖွံ့ဖြိုးထွန်း ကားလာသောအံ့ဩဖွယ်သောစွမ်းရည်ကို ဒံယေလ၏စောစောပိုင်းက မင်းမှုထမ်းသောဘဝတွင် တွေ့မြင်ရလေသည်။ ဤလူငယ်လေးယောက်စလုံးတို့သည် မင်းမျိုးမင်းနွယ်များ ဖြစ်ကြသည်။ သူတို့အကြောင်း နှင့်ပတ်သက်၍ ဖေါ်ပြထား သည်မှာ၊ "သူတို့၌ မကောင်းသောလက္ခဏာကင်းလျက်၊ လှသောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၍ ကောင်းသောဉာဏ်နှင့်ကတွ အထူးထူးအပြားပြားသောအတတ်ပညာများ" တတ်ကျွမ်းနိုင်သော စွမ်းရည်များရှိကြသည်။ ဤသုံ့ပန်းများတို့၏ သူများနှင့်မတူ ထူးကဲသော စွမ်းရည်များရှိကြောင်း သိရှိတော်မူသောအခါ နေဗုခဒ်နေဇာမင်းကြီးသည် သူ့နိုင်ငံ၌ အရေးပါအရာရောက်သော ရာထူးများများကို ယင်းလူငယ်များတို့အား အပ်နှင်းမည်ဟု သန္နိဋ္ဌာန်ချလေသည်။ နန်းတော်တွင် အရည်အသွေးပြည့်ပြည့်စုံစုံဖြင့် အမှုတော်ထမ်းနိုင်စေရန် အရှေ့တိုင်းပြည်များ၏ထုံးတမ်းစဉ်လာအရ၊ သူတို့အား ခါလဒဲဘာသာရပ်ကိုသင်ပေး၍ သုံးနှစ်ပတ်လုံးကာယဗလနှင့်ဉာဏဗလဆိုင်ရာ တင်းကျပ်သောစည်းမျဉ်း များကို လိုက်နာကျင့်သုံးရကြမည်ဖြစ်သည်။

ဤသင်တန်းသို့တက်ရောက်ကြသောလူငယ်တို့သည်ဘုရင်ကြီး၏နန်းတော်သို့ဝင်ခွင့်ရသည်သာမက ရှင်ဘုရင် ပွဲတော်မှ ကြွင်းသော အစားအစာနှင့်သေရည်သေရက်တို့ကိုပါ စားသောက်ခွင့်ရကြသည်။ ဤကဲ့သို့ အစီအစဉ်များပြု လုပ်ပေးရာတွင် ရှင်ဘုရင်ကြီးအနေဖြင့် သူတို့အား အထူးတလည် ဂုဏ်ပြုသည်သာမက အမြင့်မားဆုံးဖြစ်သော ကာယ ဗလနှင့်ဉာဏဗလဖွံ့ဖြိုးထွားကြိုင်းမှုကို ရရှိစေလိမ့်မည်ဟု ယူဆတော်မူသည်။

စုံစမ်းခြင်းကို ရင်ဆိုင်ခြင်း။ ရှင်ဘုရင်ကြီး၏ခဲဖွယ်စားဖွယ်များတွင် မောရှေ၏ပညတ်အရ မသန့်ရှင်း ဟု ကြေငြာထားသောဝက်သားနှင့်အခြားအသားများပါဝင်ရာ၊ ယင်းအသားများကို ဟေဗြဲလူမျိုးများအနေဖြင့် လုံးဝမစား ရဟု တားမြစ်ထားလေသည်။ ဤနေရာတွင် ဒံယေလသည် ပြင်းထန်သောစုံစမ်းခြင်းကို ရင်ဆိုင်ရလေသည်။ အစား အသောက်များနှင့်စပ်ဆိုင်၍ သူသည် ဘိုးဘေးတို့၏ဩဝါဒများကို လိုက်နာကျင့်သုံး၍ ဘုရင်ကြီး၏အမျက်တော် ကိုရှုစေမည်လား။ ထိုကဲ့သို့ပြုလုပ်ခြင်းကြောင့် ရာထူးသာမဟုတ်ပဲအသက်ပါဆုံးရှုံးကောင်းဆုံးရှုံးရပေမည်။ သို့မဟုတ်သူသည် ဘုရားသခင်၏ပညတ်ထားချက်ကို ဂရုမစိုက်ပဲ ဘုရင်ကြီး၏စေတနာကို ထိန်းသိမ်းထားခြင်းအားဖြင့် ကြီးမားသောပညာရေးဆိုင်ရာအခွင့်ထူးများခံစားလျက်လောကီဆိုင်ရာဝါကြွားဖွယ်လည်းဖြစ်
အလားအလာလည်းကောင်းသော ရာထူးကြီးများကို ခံယူထားသင့်ပါသလား။

ဒံယေလသည် အချိန်ကြာမြင့်စွာ နှောင့်နှေးမနေပါ။ သူသည် ဘယ်ကဲ့သို့သော အကျိုးသက်ရောက်မှုမျိုးကို ရင်ဆိုင်ရလင့်ကစား သူ့ယုံကြည်ချက်အပေါ် တည်ကြည်စွာရပ်တည်နေရန် ဆုံးဖြတ်လိုက်သည်။ ဒံယေလမှာကား "ပွဲ တော်မှကြွင်းသောအစာနှင့်သောက်တော်မူသောစပျစ်ရည်ကိုမသောက်မစားပဲ ညစ်ညူးခြင်းကိုရှောင်မည်ဟု အကြံရှိ၏။"

သဘောထားကျဉ်းမြောင်းခြင်း သို့မဟုတ်အယူသန်ခြင်း မရှိ။ ဒံယေလသည် စေ့စပ်အားကြီး၍ သဘောထား ကျဉ်းမြောင်းပြီးလျှင် တစ်ယူသန်သမားဟူ၍စွပ်စွဲပြောဆိုမည့်သူများထဲတွင် ယခုခေတ် ခရစ်ယာန်အများအပြား ပါဝင် ကြသည်။ လောကီဆိုင်ရာ ကိုယ်ကျိုးဖြစ်ထွန်းမှု အနစ်နာခံခြင်း အကျုံးဝင်နေသော ဒံယေလ၏ရပ်တည်မှုမျိုးသည် စားရေးသောက်ရေးကဲ့သို့ကိစ္စမျိုးတွင်အကျိုးမသက်ရောက်နိုင်ဟု သူတို့ယူဆကြသည်။ ယင်းကဲ့သို့ ယူဆသောသူများတို့သည် တရားစီရင်သောနေ့၌ သူတို့သည် ဘုရားသခင်၏ အထူးလိုအပ်ချက်များကို ကျောခိုင်း၍ အမှားအမှန် ပိုင်းခြားရန် မိမိတို့စိတ်ကြိုက်နှုန်းစံထားရှိခဲ့ကြောင်းကို တွေ့ရှိရလိမ့်မည်။ သူတို့အတွက် အရေးမကြီးအရာမရောက်ဟု

ယူဆထားသော အရာတို့ကို ဘုရားသခင်က သူတို့ကဲ့သို့ မယူဆကြောင်းကို တွေ့ရှိရလိမ့်မည်။ ကိုယ်တော်ရှင်၏ လိုအပ်ချက်များကို ရိုရိုသေသေ နာခံကျင့်သုံးကြရမည်။ တစ်ခုသော ကိုယ်တော်ရှင်၏ပညတ်ကိုစောင့်ထိန်းမှုသည် သူတို့အတွက်အကြောင်းညီညွတ်သောကြောင့်လက်ခံလိုက်နာ၍အခြားတစ်ခုကိုလက်ခံကျင့်သုံးမှုသည်သူတို့အတွက်တစ်ခုခုအနစ်နာခံရမည်ဖြစ်သောကြောင့်ယင်းပညတ်ကိုငြင်းပယ်ခြင်းစသောလုပ်ငန်း တို့သည်အမှန်တရား ၏အဆင့်အတန်းကိုနိမ့်ကျစေ၍ သူတို့၏ပုံသက်သေကြောင့်အခြားသောသူတို့သည် ဘုရားသခင်၏ပညတ်တော်ကို အထင်သေးစေကြ၏။ အရာခပ်သိမ်းတို့တွင် "ကျမ်းစာလာသည်ကား" သည် ကျွန်ုပ်တို့လေးစားအပ်သော စည်းမျဉ်းဖြစ်သည်။

အပြစ်အနာအဆာကင်းသောဂုဏ်အင်္ဂါ။ ယခုအခါတွင်လူငယ်တို့အား တိုက်ခိုက်နိုင်သော အပြင်းထန်ဆုံးစုံစမ်းခြင်းကို ဒံယေလသည် ရင်ဆိုင်ရသည်။ သို့စေကာမူ၊ သူသည် သူငယ်စဉ်ကရရှိထားသော ဘာသာရေးဆိုင်ရာဩဝါဒကို မြဲသောသစ္စာဖြင့်စွဲကိုင်ထားသည်။ ကျင့်ဝတ်နှင့်စိတ်ယိုင်မှုစပ်ကြားတွင် စိတ်ယိမ်းယိုင်မည့်သူတို့ကို တွန်းလှန်မည့်ဩဇာသက်ရောက်မှုမျိုးတို့သည် ဒံယေလအားဝိုင်းရံထားလေသည်။ သို့ဖြစ်လင့်ကစား၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူသည်အပြစ်အနာအဆာကင်းသောဂုဏ်အင်္ဂါအနေဖြင့် တွေ့မြင်သည်။ ဒံယေလသည် သူ့ကိုယ်ပိုင်စာရိတ္တဗလကို မကိုးစားဝံ့ပေ။ သူ့အတွက် ဆုတောင်းခြင်းသည် လိုအပ်သောအရာတစ်ခုခုဖြစ်၏။ ဘုရားသခင်သည် သူ့ခွန်အားဖြစ်၏။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် သူ့ဘဝအသက်တာတွင်ပြုလုပ်သမျှတိုင်း ရှေ့တွင် အမြဲတမ်းရပ်တည်လျက်ရှိသည်။

ဒံယေလ၌စစ်မှန်၍ နူးညံ့သိမ်မွေ့သောသဘောရှိသည်။ သူသည် သစ္စာရှိသည်၊ တည်ကြည်သည်၊ စိတ်ထားမြင့်မြတ်သည်။ သူသည် လူအားလုံးနှင့်ငြိမ်းချမ်းစွာနေထိုင်နိုင်ရန် ကြိုးပမ်းသည်။ သို့ဖြစ်လင့်ကစား အမှန်တရားနှင့်ပတ်သက်လာလျှင် သူသည် မယိမ်းမယိုင် ကျောက်တိုင်ကဲ့သို့ အမှန်ဘက်တွင် မားမားမတ်မတ်ရပ်တည်နေသည်။ ဘုရားသခင်အား ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေမှုနှင့် အတိုက်အခံမဖြစ်သောအရာဟူသမျှတွင် သူသည် အာဏာပိုင် တို့ကိုရိုသေလေးစားနာထောင်တတ်သည်။ သို့ရာတွင် ဘုရားသခင်၏တောင်းဆိုချက်များကို ဦးစားပေးလောက်အောင်ရိုသေလေးစားမှုရှိသောကြောင့် လောကအာဏာပိုင်တို့၏လိုအပ်ချက်များကို ဒုတိယနေရာတွင်ထားလေသည်။ သူ့တာဝန်ကို ထမ်းဆောင်ရာတွင် မည်သည့်အတ္တစွဲကမှမယိမ်းယိုင်စေပါ။

သဘာဝအားဖြင့်အပြစ်ဒုစရိုက်ကိုပြုလုပ်တတ်၍ အပြစ်ဒုစရိုက်အားဖြင့်ပျက်စီးယိုယွင်းနေသော လူသားတို့ အား ဘုရားသခင်၏ကျေးဇူးတော်ကဘယ်ကဲ့သို့ပြုပြင်ပေးနိုင်သည်ကို ဒံယေလ၏အကျင့်စာရိတ္တကို ထူးခြားသောပုံသက်သေအနေဖြင့် ကမ္ဘာကြီးအားတင်ပြထား၏။ သူ၏မြင့်မြတ်၍ ကိုယ့်အလိုကိုငြင်းပယ်သောဘဝအသက်တာသည် ကျွန်ုပ်တို့အတွက် အားပေးအားမြှောက်ပြုသောအချက်ဖြစ်ပေသည်။ စုံစမ်းသွေးဆောင်မှုကိုကြံ့ကြံ့ခံ၍တွန်းလှန်ရန် ၎င်း အပြင်အပြင်းထန်ဆုံးစုံစမ်းခြင်းကိုခံရသောအခါ နူးညံ့သိမ်မွေ့သောသဘောဖြင့်အမှန်တရားဘက်တွင် မားမားမတ်မတ်ရပ်တည်ရန် ဒံယေလ၏ပုံသက်သေမှ အင်အားကိုယူနိုင်ကြပေသည်။

ဘုရားသခင်၏သဘောတူညီမှုသည် အသက်ထက်ချစ်ဖွယ်ကောင်း၏။ ဒံယေလ၏တင်းကျပ်သောချုပ်တည်းခြိုးခြံမှုဆိုင်ရာ အကျင့်ဓလေ့များမှသွေဖီရန် ဆီလျော်ဟန်ရှိသောအကြောင်းပြချက်ကို တွေ့ရှိနိုင်ပေမည်။ သို့ရာတွင် သူ့အတွက်ဘုရားသခင်၏သဘောတူညီမှုသည် လောကဆိုင်ရာတန်ခိုးအကြီးမားဆုံးဖြစ်သောအာဏာပိုင်တို့၏ ကျေးဇူးပြုချက်အတွက်(ဝါ)သူ့အသက်ထက်မြတ်နိုးဖွယ်ကောင်းလှသည်။ ဒံယေလသည်သူ့ယဉ်ကျေးသိမ်မွေ့သော ဆက်ဆံမှု အားဖြင့်မိန်းမစိုးအုပ်ထံတွင်မျက်နှာရပြီးသည်နောက်ပိုင်းတွင်ပွဲတော်မှကြွင်းသောအစာနှင့် သောက်တော်မူသောစပျစ်ရည်များကိုမစားပဲနေခွင့်ပြုရန် တောင်းပန်လေသည်။ အကယ်၍သူ့တောင်းဆိုချက်ကိုလိုက်လျောလျှင်သူ့အားဘုရင်ကြီး အမျက်တော်ထွက်၍ သူ့အသက်ကိုပင် ရန်မူလိမ့်မည်ကို မိန်းမစိုးအုပ်သည်စိုးရိမ်မိလေသည်။ ယခုအခါတွင် အများသောသူတို့ယူဆသကဲ့သို့ ချုပ်တည်းခြိုးခြံသောအစာကို စားစေလျှင် ဤလူငယ်လေးယောက်တို့သည် ဖြူဖပ်ဖြူရော်ဖြစ်၍ ပိန်ကြုံသောအသွင်ကိုဆောင်လျက် ကာယဗလဆုတ်လျော့သွားချေမည်။ ဘုရင့်ပွဲတော်မှကျသောအစာမှာမူကား သူတို့အား သွေးသားကောင်းမွန်၍ ရုပ်ရည်ရူပကာယမှာချောလှလာပြီးလျှင်ကာယဗလနှင့်ဉာဏဗလတို့လည်း ထွားကြိုင်းလာလိမ့်မည်ဟု မိန်းမစိုးအုပ်က ယူဆလေသည်။

ဆယ်ရက်စမ်းသပ်ပြီးနောက် ယင်းကိစ္စကို အတိအကျဆုံးဖြတ်ရန် ဒံယေလကတောင်းပန်လေသည်။ ယင်းကာလအတောအတွင်းဟေဗြဲလူငယ်တို့အား အစားအစာရိုးရိုးကိုစားခွင့်ပြုပြီး သူတို့၏အခြားအပေါင်းအဖော်တို့အား ဘုရင့်

ပွဲတော်မှကျသော စားကောင်းသောက်ဖွယ်တို့ကို စားစေ၏။ ဒံယေလ၏တောင်းဆိုချက်ကိုနောက်ဆုံးတွင် ခွင့်ပြုလိုက်သောအခါ ဒံယေလက သူ့လိုလားချက်အောင်မြင်သွားပြီဟု စိတ်ချသွားလေသည်။ လူငယ်လူရွယ်ပင်ဖြစ်သော်လည်း သေရည်သေရက်နှင့် စည်းစိမ်ခံစားသော နေထိုင်စားသောက်မှုမျိုးတို့သည် ကိုယ်ခန္ဓာနှင့်ဉာဏဗလကျန်းမာမှုကို အန္တရာယ်ပြုကြောင်းကို သူ တွေ့မြင်ခဲ့ဖူးလေသည်။

ဘုရားသခင်သည် မိမိအစေခံတို့ကို ကာကွယ်စောင့်ရှောက်တော်မူသည်။ ဆယ်ရက်ကြာသွားပြီးနောက် သက်ရောက်သောကောင်းကျိုးမှာ မိန်းမစိုးအုပ် မျှော်လင့်ချက်နှင့် တခြားစီဖြစ်နေ၏။ လူရုပ်ရည်သာမက ကိုယ်ခန္ဓာလှုပ်ရှားမှုနှင့်ဉာဏဗလတို့တွင် မိမိတို့၏အကျင့်ဓလေ့များ၌ချုပ်တည်းခြိုးခြံမှု ရှိသောသူတို့သည် ခံတွင်းအလိုလိုက်သော သူတို့၏အပေါင်းအသင်းရောင်းရင်းတို့ထက်သိသာစွာသာလွန်ထက်မြက်သည့်စွမ်းရည်ကိုပြကြသည်။ ယင်းဝမ်းနည်းမှုကြောင့် ဒံယေလနှင့်သူ့အပေါင်းအဖော်တို့သည် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရန်အတွက် သင်တန်းတက်နေသော ကာလတစ်လျှောက်လုံးရိုးရိုးအစားအစာကို ဆက်လက်စားခွင့်ရကြလေသည်။

ဤဟေဗြဲလူငယ်တို့၏တည်ကြည်ခိုင်မြဲမှုနှင့်ကိုယ့်ကိုယ်ကိုယ်ငြင်းပယ်မှုကို ကိုယ်တော်ရှင်သည်နှစ်သက်သဘောကျတော်မူသည်။ ထိုကြောင့် ကိုယ်တော်ရှင်၏ကောင်းချီးမင်္ဂလာသည် သူတို့အပေါ်သို့ သက်ရောက်တော်မူသည်။ "ဘုရားသခင်သည် ထိုလုလင်လေးယောက်တို့အား အထူးထူးသော သိပ္ပံအတတ်ပညာတို့ကို သိစေခြင်းငှာ ထိုးထွင်း၍ နားလည်နိုင်သောဉာဏ်သတ္တိကို ပေးသနားတော်မူ၏။ ဒံယေလသည်လည်း ဗျာဒိတ်ရူပါရုံနှင့် အိပ်မက်ကို နားလည်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံ၏။" သုံးနှစ်တာမျှသင်တန်းကုန်ဆုံးပြီးနောက် သူတို့၏စွမ်းရည်နှင့်သင်ကြားတတ်မြောက်ထားသော ပညာရပ်များကို ဘုရင်ကြီးက စမ်းသပ်ကြည့်သောအခါ "ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိ တို့နှင့်တူသော သူတစ်ယောက်မျှမရှိသောကြောင့် သူတို့သည်အထံတော်၌ ခစားရသောအခွင့်ကို ရကြ၏။ ရှင်ဘုရင်မေးတော်မူသမျှသောပညာကို ထိုလုလင်တို့သည် နိုင်ငံတော်၌ရှိသမျှသော မာဂုပညာရှိ၊ ဗေဒင်တတ်များ ထက်သာ၍ ဆယ်ဆတတ်ကြသည်ကို တွေ့မြင်တော်မူ၏။"

ကိုယ်ကိုချုပ်တည်းခြိုးခြံခြင်းသည် သန့်ရှင်းခြင်း၏စည်းကမ်းချက်တစ်ရပ်ဖြစ်၏။ သန့်ရှင်းခြင်းရှိသောစာရိတ္တ၏အခြေအနေသည် ဘယ်ကဲ့သို့ရှိရမည်ကို ဒံယေလ၏ဘဝအသက်တာသည် စိတ်ဝင်စားဖွယ်သောပုံပမာဖြစ်သည်။ ယင်းသည်အားလုံးသောသူများအတွက် အထူးသဖြင့် လူငယ်များအတွက် သင်ခန်းစာတစ်ခုကို ပေးထားသည်။ ဘုရားသခင်၏လိုအပ်ချက်များကိုတိကျစွာလိုက်နာခြင်းသည် ကိုယ်ခန္ဓာနှင့်စိတ်တို့၏ကျန်းမာမှုကိုအကျိုးပြုသည်။ စာရိတ္တဗလနှင့်ဉာဏဗလတို့တွင် အမြင့်မားဆုံးအဆင့်အတန်းသို့ရောက်ရှိနိုင်ရန် ဘုရားသခင်အထံတော်မှဉာဏ်ပညာနှင့်ခွန်အား ကိုရှာဖွေရန်လည်းကောင်း၊ ဘဝအသက်တာ၏အကျင့်ဓလေ့များအားလုံးတွင်တိကျသောချုပ်တည်းခြိုးခြံမှုကိုကျင့်သုံးရန်လည်းကောင်း လိုအပ်လှပေသည်။ ဒံယေလနှင့်သူ့အပေါင်းအဖော်တို့၏ အတွေ့အကြုံတွင် ခံတွင်းအလိုလိုက်ရန် သွေးဆောင်ခြင်းကို အမှန်တရားက အောင်ပွဲဆင်လိုက်ခြင်း၏သာဓကဖြစ်သည်။ ယင်းအဖြစ်သနစ်က ဘာသာရေးဆိုင်ရာအမှန်တရားကို ကျင့်သုံးခြင်းအားဖြင့် လူငယ်လူရွယ်တို့သည် ကိုယ်ကာယတပ်မက်ခြင်းများကို အောင်မြင်နိုင်နင်းနိုင်၍ အနစ်နာခံရသော်လည်း ဘုရားသခင်၏လိုအပ်ချက်များဘက်၌ သစ္စာရှိစွာ ရပ်တည်နိုင်လေသည်။

အကယ်၍ ဒံယေလနှင့်သူ့အပေါင်းအဖော်တို့သည် ထိုသာသနာပအရာရှိများနှင့်စေ့စပ်ရေးပြုလုပ်၍တစ်ဘက်မှဖိအားကို လိုက်လျောသောအားဖြင့် ဗာဗုလုန်မြို့သူမြို့သားတို့၏ထုံးတမ်းစဉ်လာအရ စားသောက်နေထိုင်ခဲ့လျှင် ဘာဖြစ်လိမ့်မည်နည်း။ ယင်းကဲ့သို့အမှန်တရားမှ သွေဖည်သွားသောသာဓကတစ်ခုတည်းနှင့်ပင် သူတို့၏အမှန်တရားကို သိရှိခြင်းနှင့်မှားယွင်းသောအရာကို မုန်းတီးသောစိတ်တို့သည် အင်အားချည့်နဲ့သွားချေမည်။ ခံတွင်းအလိုလိုက်မိသည့်အတွက်ကာယဗလ၊ ဉာဏဗလထက်မြက်ခြင်းနှင့် ဝိဉာဏဗလ တောင့်တင်းခိုင်မာခြင်းတို့ကို အနစ်နာခံရမည်ဖြစ်သည်။ မှားယွင်းသောခြေတစ်လှမ်းသည် ဘုရားသခင်နှင့်အဆက်ဖြတ်၍ စုံစမ်းသွေးဆောင်ခြင်း၏ရေလယ်ကြောမျောပါသွားသည်တိုင်အောင် အခြားသောခြေလှမ်းများကို လှမ်းစေလိမ့်မည်ဖြစ်သည်။

ဘုရားသခင်က "ငါ့ကိုချီးမြှောက်သောသူကို ငါချီးမြှောက်မည်" ဟုမိန့်တော်မူထားပါသည်။ ဒံယေလသည် သူ့ဘုရားသခင်အား မဆုတ်မနစ်သော ယုံကြည်ကိုးစားခြင်းဖြင့် စွဲကိုင်ထားစဉ်တွင် အနာဂတ္တိစကား ပြောနိုင်သောစွမ်းရည်ကို ကိုယ်တော်ရှင်အထံတော်မှရရှိတော်မူသည်။ နန်းတော်တွင်နေထိုင်လျက်ရှိစဉ် လူသားတို့ စေခိုင်းသောဝတ္တရားများကိုထမ်းဆောင်နေရစဉ်ပင် အနာဂတ်ကာလဆိုင်ရာနက်နဲသောအရာများကို ဖတ်ရှု၍နောက်ဆုံးသောကာလ၌ ဖြစ်ပျက်မည့်အံ့ဩဖွယ်ရာများကို ကိန်းဂဏန်းများနှင့် ပုံပမာများအားဖြင့် နောင်လာနောက်သားတို့အား တင်ပြရန် ဘုရားသခင်၏သွန်သင်ခြင်းကို ခံရလေသည်။ **SL, pp. 15-19.**

ဟေဗြဲလူငယ်လူရွယ်တို့သည် သူတို့ကိုယ်ကို စိတ်ချလွန်းသောကြောင့် မဟုတ်ပဲ ဘုရားသခင်အပေါ် လုံးဝအားကိုးအားထားပြု၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ သူတို့သည် ထူးဆန်းအံ့ဩဖွယ်ဖြစ်အောင် ပြုလုပ်သည်မဟုတ်ပဲ ဘုရားသခင်ကို မထီမဲ့မြင်မပြု။ နာမတော်ကိုမရှုတ်ချသောနေရာမျိုးတွင်မူ သူတို့သည်ထူးဆန်းအံ့ဩဖွယ်သောသူများဖြစ်လိုကြသည်။ **PK, p. 483.**

ချုပ်တည်းခြိုးခြံမှုအတွက် ကျွန်ုပ်တို့လည်း ဆုလာဘ်ရမည်။ ဟေဗြဲသုံ့ပန်းတို့သည် ကျွန်ုပ်တို့ကဲ့သို့လောကဓံတရားတွင်ကျင်လည်သောသူများ ဖြစ်ကြသည်။ ကာမဂုဏ်စည်းစိမ်ဖြင့် ပြည့်ဝလျက်ရှိ၍ စိတ်ဆွဲဆောင်မှုများပြားသောဗာဗုလုန်နန်းတော်တွင်သူတို့သည် မားမားမတ်မတ်ရပ်တည်လျက်ရှိကြသည်။ ယခုခေတ် လူငယ်လူရွယ်တို့သည် ကိုယ့်အလိုလိုက်ရန်သွေးဆောင်မှုများဖြင့်ဝန်းရံထားခြင်းခံရလျက်ရှိသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများတွင် ကာမဂုဏ်ခံစားရန် လွယ်ကူ၍ဆွဲဆောင်မှုကလည်းပြင်းထန်သည်။ ဒံယေလကဲ့သို့ မိမိတို့ကိုယ်ကိုညစ်ညူးအောင်ပြုလုပ်ရန်ငြင်းပယ်သောသူတို့သည် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အကျင့်ဓလေ့များတည်းဟူသောဆုလာဘ်ကို ရရှိကြမည်။ ပိုမိုကြီးမားလာသောကိုယ်ခန္ဓာအင်အားနှင့်ပိုမိုတောင့်တင်းလာသောခံနိုင်ရည်သတ္တိတို့ကြောင့် အရေးပေါ်ကာလတွင်ဆွဲထုတ်အသုံးပြုရန် လိုသောအင်အားရရှိမှုအတွက် ဆုတောင်းပြီးသားဖြစ်သည်။

မှန်ကန်သောကိုယ်ခန္ဓာဆိုင်ရာ အကျင့်ဓလေ့များသည် ဉာဏဗလကြီးမားမှုကို တိုးတက်စေသည်။ ဉာဏဗလထက်မြက်မှု၊ ကိုယ်ခန္ဓာအင်အားနှင့် အသက်တာ တာရှည်မှုတို့သည် မပြောင်းလဲနိုင်သော ဥပဒေပညတ်များပေါ်တွင်အမှီတံကဲပြုနေသည်။ သဘာဝဓမ္မ၏လိုအပ်ချက်များကို ချိုးဖောက်မှုမှ ပေါ်ပေါက်လာသောဆိုးကျိုးများမှ လူတို့အားထိန်သိမ်းကာကွယ်ထားရန်သဘာဝဓမ္မ၏ဘုရားကိုယ်တော်ရှင်သည် ကြားဝင်ဆောင်ရွက်တော်မူလိမ့်မည်မဟုတ်ပေ။ ပွဲ၌ပြိုင်၍ အချင်းချင်းတိုက်သောသူမည်သည်ကားအရာရာ၌တပ်မက်ခြင်းကို ချုပ်တည်းတတ်၏။ ဒံယေလ၏ကြည်လင်ပြတ်သားသောစိတ်နှင့်ကြံ့ခိုင်သောရည်စူးချက်၊ အတတ်ပညာကို ဆည်းပူးခြင်းနှင့်စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်ခြင်းတို့၌အသုံးပြုခဲ့သောစွမ်းရည်အားလုံးတို့ကိုရိုးရိုးဖြစ်သောစားစရာမှလည်းကောင်း၊ ဆုတောင်းလေ့ရှိသောအကျင့်ဓလေ့မှလည်းကောင်း ရရှိခဲ့သည်။

"ဘယ်သူမပြုမိမိမှု" ဆိုသောလူကြီးသူမတို့၏ ဆိုရိုးစကားသည် အလွန်မှန်ကန်လှပေသည်။ သားသမီးတို့၏စာရိတ္တပုံစံ၊ ပညာရေးနှင့်ဆုံးမဩဝါဒပေးရေးတို့သည် မိဘတို့၏တာဝန်ဖြစ်သည်မှာ မှန်ကန်သော်လည်း လောကတွင်လူတစ်ဦး၏ရပ်တည်မှုနှင့် အသုံးကျမှုအတွက် အများအားဖြင့် ကာယကံရှင်၏ အပြုအမူပေါ်တွင် တည်နေသည်။ ဒံယေလနှင့်သူ့အဖော်တစ်စုတို့သည် သူငယ်ဘဝတွင်မှန်ကန်သောဆိုဆုံးမမှုခံရ၍ မှန်ကန်သောပညာများကိုသင်ကြားခံရသည်။ သို့ဖြစ်လင့်ကစား ယင်းအကျိုးကျေးဇူးများကသာ သူတို့၏လူကြီးဘဝကို ပြုပြင်ပေးခဲ့သည်မဟုတ်ပေ။ သူတို့ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့် ဖန်တီးလုပ်ကိုင်ရသောအချိန် (ဝါ) သူတို့၏အနာဂတ်အရေးကို သူတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ရသောအချိန်သည် ရောက်ရှိလာခဲ့သည်။ ထိုအခါ သူတို့ငယ်စဉ်တောင်ကျေးကလေးဘဝမှ သွန်သင်မှုခံခဲ့ရသော သင်ခန်းစာများ အတိုင်းရပ်တည်ရန် ဆုံးဖြတ်ကြလေသည်။ ပညာ၏အရင်းမူလဖြစ်သော ဘုရားသခင်အားကြောက်ရွံ့ခြင်းသည် သူတို့ကြီးမြတ်ခြင်း၏အခြေခံဖြစ်သည်။ **YI, July 9, 1903.**

## ၅ ကျွန်ုပ်တို့ထမင်းစားပွဲပေါ်တွင်တင်ထားသောအစားအစာများ

မချုပ်တည်းမှုအစ ထမင်းစားပွဲပေါ်မှ။ မည်သည့်နေရာ၌မဆို တည်ရှိနေသော ချုပ်တည်းခြိုးခြံမှု ကင်းမဲ့ခြင်းကို ကျင့်သုံးနေကြသည်အတွက် အများသောမိခင်တို့သည် ဝမ်းနည်းခြင်းကို ရင်ဆိုင်ကြရသည်။ ယင်းအခြေအနေပေါ်ပေါက်လာစေသောအကြောင်းရင်းကိုကား မတွေ့မြင်ကြပေ။ အများအားဖြင့် ယင်းအခြေအနေသည် အိမ်၌ရှိသောထမင်းစားပွဲပေါ်မှစတင်ပေါ်ပေါက်လာသည်။ ခရစ်ယာန်အမျိုးသမီးများပင်ပါဝင်သောမိခင်အများတို့သည် မိမိတို့၏အိမ်သူအိမ်သားများအား အဆီအအိမ့်များသောအစားအစာများနှင့် ကြော်လှော်ထားသောအစားအစာများကိုချက်ပြုတ်ကျွေးမွေးကြရာတွင် ယင်းအစားအစာတို့က ခံတွင်းအရသာကိုလှုံ့ဆော်ပေး၍ အစားကြူးသောဘဝသို့တွန်းပို့ပေးလေသည်။ **CTBH, pp. 75, 76**

အချိန်ခဏ ကြာညောင်းပြီးနောက် ခံတွင်းအလိုသို့လိုက်ကာစားသောက်နေထိုင်ခဲ့မှုကြောင့် အစာကြေညက်မှုဆိုင်ရာအင်္ဂါအစိတ်အပိုင်းတို့သည် အင်အားချည့်နဲ့လာ၍ စားလိုက်သောအစာ၏အရသာကို ခံတွင်းမတွေ့နိုင်အောင်ဖြစ်လာလေသည်။ ကျန်းမာမှုကို မဖြစ်စေသော အခြေအနေများသည် အခြေတောင့်တင်းလာ၍ ပိုမိုလှုံ့ဆော်ပေးသော အစားအစာများကို တောင့်တလာလေသည်။ လက်ဖက်ရည်၊ ကော်ဖီသောက်ခြင်းနှင့် အသားစားခြင်းတို့သည် လတ်တလောထိခိုက်မှုရှိသည်။ ယင်းအဆိပ်များတို့၏ပယောဂကြောင့် အာရုံကြောစုသည် လှုပ်ရှားထကြွလာ၍ တစ်ခါတစ်ရံလတ်တလောအားဖြင့် ပဋိသန္ဓေဉာဏ်အင်အားကြီးမားလာသည်ဟူ၍လည်းကောင်း၊ စိတ်ကူးဉာဏ်မှာလည်းပိုမိုကြည်လင်ပြတ်သားလာသည်ဟူ၍လည်းကောင်းထင်မှတ်ရသည်။ ယင်းလှုံ့ဆော်စာများသည် လတ်တလောအားဖြင့် စိတ်ကြိုက်အကျိုးသက်ရောက်မှု ဖန်တီးပေးတတ်သောကြောင့် အများသောသူတို့က ယင်းလှုံ့ဆော်စာတို့သည် လိုအပ်သည်ဟု ယူဆပြီးဆက်လက်၍ သုံးစွဲနေတတ်ကြလေသည်။

ခံတွင်းအလိုလိုက်မှုသည် အလေ့အကျင့်ဖြစ်လာလျက် ဆေးလိပ်၊ သေရည်သေရက်စသော ပိုမိုပြင်းထန်သောလှုံ့ဆော်စာများကို အမြဲတမ်း တောင့်တောင့်တတ ဖြစ်လာမှုကို ဆက်လက်တည်တံ့နေစေသည်သာမက ပိုမိုပြင်းထန်စေသော အစားအသောက်များကို တောင့်တစေရန် ခံတွင်းကို အလိုလိုက်ကြသည်။ **3T, pp. 487, 488.**

ကျန်းမာစေသောအစားအစာ၊ ရိုးရိုးချက်ပြုတ်ပြင်ဆင်ခြင်း။ မိခင်တိုင်းသည် မိမိ၏ထမင်းစားပွဲကိုသေသေချာချာစောင့်ထိန်းရမည်။ ချုပ်တည်းခြိုးခြံမှု ကင်းမဲ့သော အလေ့အထများ၏အခြေခံအုတ်မြစ်ကို တည်ထောင်ပေးမည့်မည်သည့်အစားအစာမျိုးကိုမျှ ထမင်းစားပွဲပေါ်သို့မရောက်လာပါစေနှင့်။ အစားအစာများကိုရိုးနိုင်သလောက် ရိုးရိုးဖြစ်အောင် ချက်ပြုတ်ပြင်ဆင်၍ ပူလောင်သော ဟင်းမွှေးမဆလာများနှင့် ငရုတ်ကောင်းများသာမက ဆားကိုပင် အလွန်အကျွံမခတ်သင့်ပါ။

သားသမီးများကောင်းစားသည်ကိုတွေ့မြင်လို၍ကမောက်ကမ မဖြစ်သောရသာရုံများဖြင့် ကြီးထွားလာကြသည်ကို တွေ့မြင်လိုကြသော မိခင်တို့သည် ယင်းတို့အား ရေပန်းစားလျက်ရှိသော နေထိုင်စားသောက်မှုတို့၏ လွှမ်းမိုးခြင်းမခံစားရလေအောင် ဖွဲလုံ့လဖြင့် ကြိုးပမ်းကြရမည်။ သားသမီးတို့အားလောကတွင် အသုံးဝင်သောသူများဖြစ်စေ၍ဘုန်းတော်နိုင်ငံတော်တွင် ထာဝရအသက်ကို ရစေလိုလျှင် လောက၏ထုံးတမ်းစဉ်လာများကို မလိုက်စေပဲ သဘာဝဓမ္မနှင့်ကျမ်းစာ၌ ဖေါ်ပြထားသော ဘုရားသခင်၏ပညတ်ချက်များကို နာခံကျင့်သုံးစေရန် သွန်သင်ပေးရမည်။

မဆုတ်မနစ်ကြိုးပမ်းခြင်း၊ ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းတို့ကိုကောင်းသောပုံသက်သေနှင့်ပေါင်းဖက်လုပ်ကိုင်လျှင်အကျိုးမဖြစ်ထွန်းပဲနေမည်မဟုတ်ပေ။ သင်တို့၏သားသမီးတို့အား ယုံကြည်ခြင်းဖြင့်ဘုရားသခင်အထံတော်သို့ဆောင်ခဲ့၍ သူတို့အနေဖြင့် ကောင်းကင်ဘုံရှင်အဘဘုရားသခင်အားပြုရမည့် ဝတ္တရားများကိုသိရှိစေရန် သူတို့၏နုနယ်မှတ်မိလွယ်သောစိတ်များတွင် သွတ်သွင်းပေးပါ။ သင်ခန်းစာတစ်ခုပေါ်မှာ တစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှ အနည်းငယ်၊ ဟိုဘက်မှာအနည်းငယ် ဖြစ်ရလိမ့်မည်။ **R & H, Nov. 6, 1883.**

ဦးရေထက်ဝက်မျှသောမိခင်တို့သည် သနားဖွယ်ကောင်းလောက်အောင် အသိပညာနည်းပါးလှသည်။ ဦးရေအားဖြင့် ထက်ဝက်မျှသော မိခင်တို့သည် အချက်အပြုလုပ်ငန်းကို မလုပ်ကိုင်တတ်ကြပေ။ သို့တည်းမဟုတ် သားသမီးတို့အား မည်သည့်အစားအစာမျိုး ချက်ပြုတ်တည်ခင်း ကျွေးမွေးသင့်သည်ကို မသိကြပေ။ လည်ချောင်းထဲတွင်မက နုနယ်သောအကာအမှေးများရှိသောအစာအိမ်အထိ လမ်းတစ်လျှောက်လုံးပူပေါင်း၍မီးလောင်ကျွမ်းထားသောနောက်ပိတ်ဖိနပ်နှင့်တူနေသောကြောင့် အစာအိမ်သည် ကျန်းမာစေတတ်သော အစားအစာကို ခွဲခြားသိမှတ်ခြင်းမရှိတော့ပေ။ သားငယ်သမီးငယ်တို့သည် ထမင်းစားပွဲသို့လာသော်လည်း ထိုအစာမစားနိုင်၊ ဤအစာ မစားနိုင်ဖြစ်ရကြသည်။ သူတို့က အစားအသောက်ကို စီစဉ်ပေး၍ သူတို့အတွက် သင့်လျော်သည်ဖြစ်စေ၊ မသင့်လျော်သည်ဖြစ်စေ သူတို့လိုချင်သောအစားအစာကို ရရှိကြသည်။

သူတို့သည် စားကောင်းသောက်ဖွယ်များကို စားချင်လောက်အောင် ဆာလောင်လာသည်တိုင်အောင် သူတို့ကိုအနည်းဆုံးသုံးရက်မျှအစာမစားပဲထားရန် ကျွန်ုပ်ကထောက်ခံပြောဆိုလိုပေသည်။ သူတို့မဆာမချင်း အငတ်နေလျှင်

ကောင်းပေမည်။ ကျွန်ုပ်တို့၏သားသမီးများအား စားခွင့်မပြုသော အစားအစာများကို ကျွန်ုပ်၏ထမင်းစားပွဲပေါ်သို့ ဘယ်အခါမျှ မတင်ထားခဲ့ပေ။ ကျွန်ုပ်ကိုယ်တိုင်စားမည့်အစာကိုသာ သူတို့အား ချက်ပြုတ်တည်ခင်းကျွေးမွေးလေ့ရှိပါသည်။ သားသမီးများကလည်း ယင်းအစားအစာကို စားသောက်ပြီး စားပွဲပေါ်၌မတင်ထားသော အစားအစာကို တောင်းဆိုရန် စိတ်ကူးထဲပင် မထည့်ပေ။ အဆီအအိမ့်များသောအစားအစာများကို သားသမီးတို့အား တည်ခင်းကျွေးမွေးခြင်းအားဖြင့် သူတို့၏ခံတွင်းအလိုကို လိုက်လိုသော ဆန္ဒရှိလာအောင် ကျွန်ုပ်တို့ မပြုလုပ်သင့်ကြပေ။ **M,3, 1888.**

ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောအခြေအနေသို့ရောက်အောင်လမ်းခင်းပေးခြင်း။အမေရိကန်လူမျိုးများအနေဖြင့် သူတို့စားသောက်သောအစားအစာများကို ချက်ပြုတ်စားသောက်ပုံမှာ သူတို့အားအရက်သမားဘဝ သို့ရောက်အောင် ချက်ပြုတ်စားသောက်တတ်ကြသည်။**3T, p. 563.**

ယခုဟောပြောသောသမ္မာတရားကိုယုံကြည်သောသူတို့သည် လက်ဖက်ရည်နှင့်ကော်ဖီကို ရှောင်ကြဉ်သင့်ကြသည်။ အဘယ်ကြောင့်ဆိုသော်၊ ယင်းယမကာများသည် ပိုမိုပြင်းထန်စွာ လှုံ့ဆော်သောအစားအသောက်များကို စားသောက်လိုသောဆန္ဒများကို ဖန်တီးပေးတတ်သည်။ အသားများကို မစားပဲနေသင့်သည်။ အဘယ်ကြောင့်ဆိုသော် အသားစားခြင်းသည် သေရည်သေရက်သုံးစွဲလိုသောဆန္ဒကိုလှုံ့ဆော်ပေးတတ်သည်။ အရသာရှိအောင်ချက်ပြုတ်ထားသောအစားအစာများကို ကျွန်ုပ်တို့ စားသောက်သင့်ကြပေသည်။ **Ev, p. 265.**

အသားအစားအစာသည် လှုံ့ဆော်တတ်သည်။ အသားအစားအစာ စားခြင်း၏ လတ်တလောအကျိုးမျှော်မှန်းချက်မှာ၊ ကိုယ်ခန္ဓာကို အင်အားဖြည့်တင်းပေးရန်ဖြစ်သော်လည်း ယင်းအစားအစာသည် အကောင်းဆုံးအစားအစာဖြစ်သည်ဟူသောယူဆချက်အတွက် ယင်းမျှော်မှန်းချက်သည် အကြောင်းရင်းခံမဟုတ်ပေ။ ဘရန်ဒီအရက်ကို အတော်အသင့်အသုံးပြုလျှင် လတ်တလောအားဖြင့်အင်အားပြည့်တင်းလာသည်ဟု ထင်မှတ်ရသော်လည်း၊ ယင်းလှုံ့ဆော်သောအရှိန်အဝါကျဆင်းသွားသောအခါ ကာယကံရှင်သည်ညှိုးနွမ်း၊ နွမ်းနယ်ဖြစ်ရသည်။ လှုံ့ဆော်မှုမပြုပဲ ရိုးရိုးနှင့်အာဟာရဖြစ်စေသောအစားအစာများကိုမှီဝဲသောသူတို့သည် ရေရှည်တွင် အသားစားသောသူတို့နှင့် အရက်သောက်သောသူတို့ထက် ပိုမိုအလုပ်ကြမ်းလုပ်နိုင်၍အပင်ပန်းလည်းခံနိုင်သည်။ လဟာပြင်တွင်အလုပ်လုပ်သောသူတို့တွင် တစ်နေရာတွင်အမြဲတမ်းထိုင်၍ အလုပ်လုပ်သောသူတို့ထက် အသားစားခြင်းမှ ဖြစ်ပေါ်လာသော ထိခိုက်မှုသည် ပိုမိုနည်းပါး၏။ အဘယ်ကြောင့်ဆိုသော်၊ နေရောင်ခြည်နှင့်လေတို့သည် အစာကြေညက်ခြင်း၌ များစွာသော အထောက်အကူဖြစ်၍ အစားအသောက်ဆိုင်ရာ မှားယွင်းသောအကျင့်ဓလေ့များ၏ဆိုးကျိုးတို့ကို တိုက်ဖျက်ရာတွင်လည်း များစွာအကျိုးသက်ရောက်လှသည်။

လှုံ့ဆော်စာများ၏ဆိုးကျိုးများ။ လှုံ့ဆော်စာဟူသမျှသည် ကိုယ်ခန္ဓာစက်ကြီးအား အဆမတန်လျင်မြန်စွာအလုပ်လုပ်စေ၍ ခေတ္တအားဖြင့် လှုပ်ရှားလုပ်ကိုင်မှုသည် လျင်မြန်လာသည်ဟု ထင်မှတ်ရသော်လည်း တုံ့ပြန်မှုဆိုသည်မှာ ပေါ်လာစမြဲဖြစ်သည်။ သဘာဝမကျသောလှုပ်ရှားမှုနှင့်ညီလျော်သောနွမ်းနယ်မှုသည် ပေါ်လာလိမ့်မည်။

ယင်းနွမ်းနယ်မှုကို ရင်ဆိုင်ရသောအခါ မလိုလားအပ်သော ထိုင်းမှိုင်းမှုမှ ရုတ်ချည်းသက်သာမှု ရရှိစေရန်ကိုယ်ခန္ဓာကိုလှုံ့ဆော်၍အသွေးအဆင်းတိုးတက်စေမည့်အရာတစ်ခုခုကို အသုံးပြုပြန်သည်။ သဘာဝမကျသော လှုပ်ရှားမှု၏ဒဏ်ကိုမကြာခဏခံရမှုကြောင့် အင်အားချည့်နဲ့လာသောသဘာဝဓမ္မအား ယင်းမကြာခဏအသုံးပြုသော ကုသနည်းမျိုးကို တဖြည်းဖြည်းအမှီတံကဲပြုစေလေသည်။ လူခပ်သိမ်းတို့သည် သူတို့ကိုယ်ခန္ဓာဆိုင်ရာဥပဒေပညတ်များကို သိကျွမ်းအောင်ပြုလုပ်ရကြမည်။ မည်ကဲ့သို့နေထိုင်ရမည်၊ မည်ကဲ့သို့အလုပ်အကိုင်လုပ်ကိုင်ခြင်းကို စည်းစနစ်ကျ အောင်စီမံရမည်၊ ကျန်းမာခြင်းနှင့်ညီညွတ်အောင် မည်ကဲ့သို့စီစဉ်ရမည်ဆိုသောကိစ္စများသည် အရေးတကြီးလေ့လာရမည့်ကိစ္စများဖြစ်သည်။

ကျွန်ုပ်တို့သည် ရိုးရိုးနှင့်သဘာဝကျကျ နေထိုင်လေလေ ရောဂါအန္တရာယ်များကိုပိုမိုထက်မြက်စွာကာကွယ်နိုင်လေလေဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့၏အကျင့်ဓလေ့များသည် ကောင်းမွန်၍ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ဘဘာဝဓမ္မနှင့်ဆန့်ကျင်သောအလုပ်အကိုင်များအားဖြင့် အင်အားချည့်နဲ့ခြင်းမရှိလျှင် ကျွန်ုပ်တို့လိုအပ်သော အင်အားကို သဘာဝဓမ္မသခင် ကိုယ်တော်ရှင်ကပေးသနားတော်မူမည်။

ခံတွင်းအလိုသည် ဘေးမကင်းသော လမ်းညွှန်ဖြစ်သည်။ ဆာလောင်သောအခါတိုင်းအစာကိုစား၍ စားသော အခါတွင်လည်း ဝဝလင်လင် စားရမည်ဆိုသော ဥပဒေပညတ်ကို အချို့သောသူတို့က ထောက်ခံပြောဆိုထားလေသည်။ ဤလမ်းစဉ်သည် ရောဂါရခြင်းနှင့်မြားမြောင်သောမကောင်းသောအနိဋ္ဌာရုံများဆီသို့ ပို့ဆောင်ပေးသည်။ ယခုအခါတွင် ခံတွင်းအလိုသည် အများအားဖြင့် သဘာဝမကျသည့်အတွက်ကြောင့် ကိုယ်ခန္ဓာလိုအပ်ချက်များအတွက် မှန်ကန် သောအညွှန်းမဟုတ်ပေ။ ရသာရုံသည် ကျန်းမာခြင်းချို့တဲ့၍ဘေးကင်းသောလမ်းညွှန်မဟုတ်တော့သည့် အခြေအနေ သို့ရောက်ရှိသည်တိုင်အောင် ခံတွင်းအလိုကိုလိုက်စားကြ၏။ သဘာဝဓမ္မကို အလွဲသုံးစားပြု၍ ရသာရုံနှင့်ခံတွင်း တို့သည် မှောက်မှားကုန်သည်တိုင်အောင် ယင်းသဘာဝဓမ္မ၏ကြိုးပမ်းမှုတို့သည်မှားယွင်းသော အကျင့်ဓလေ့များ နှင့်အပြစ်ဒုစရိုက်များသော ကာမဂုဏ်လိုက်စားမှုများအားဖြင့်ချို့တဲ့ကုန်တော့သည်။

အသားဟင်းလျာများ တောင့်တမက်မောခြင်းသည် သဘာဝမကျပါ။ ကမ္ဘာဦးခေတ်တွင် ယင်းအခြေအနေမျိုး မရှိပါ။ အသားစားခြင်းသည် လူဖန်တီး၍ လူတီထွင်သော ပညာတစ်ရပ်သာဖြစ်သည်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဘုရား သခင်က ကျန်းမာမှုနှင့်ခွန်အားရရှိရန်လိုအပ်သော အာဟာရဓါတ်များနှင့်အပြည့်ရှိသော ဟင်းသီးဟင်းရွက်များ၊ ဆန်စေ့ စပါးစေ့များနှင့် အသီးအနှံများကို အစားအစာအနေဖြင့် ချပေးတော်မူခဲ့သည်။ အာဒံနှင့်ဧဝတို့သည် အပြစ်မပြုမီက သူတို့မှီဝဲသောအစားအစာတွင် အသားများမပါပေ။ အကယ်၍ အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် ဆန်စပါးတို့ သည် လူတို့လိုအပ်ချက်များကို ဖြည့်တင်းနိုင်စွမ်းမရှိလျှင် ယင်းအစားအစာတို့ကို အာဒံအားချပေးတော်မူရာတွင် ဘုရားသခင်သည် အမှားကို ပြုလုပ်ခဲ့ပေမည်။

ထိုဣသရေလလူမျိုးသည် ကာယဗလနှင့်စာရိတ္တဗလတို့ကို ထိန်းသိမ်းနိုင်ခဲ့ပေမည်။ တောထဲ၌ ဘုရားသခင် သည် ဟေဗြဲလူတို့အား အသားမကျွေးမွေးခဲ့သည်မှာ ကိုယ်တော်ရှင်၏အာဏာကို ပြသလိုသောကြောင့်သာမဟုတ်ပဲ ယင်းလူတို့၏ကောင်းကျိုးအတွက် သူတို့၏ကာယဗလနှင့် စာရိတ္တဗလတို့ကို ထိန်းသိမ်းထားရှိနိုင်ရေးအတွက်ဖြစ်သည်။ အသားစားခြင်းသည် တိရစ္ဆာန်ကဲ့သို့သော တပ်မက်သောစိတ်တို့ကို ခိုင်မာစေ၍ပဋိသန္ဓေဉာဏ်ကို ထုံထိုင်းချည့်နဲ့စေ သည်ကို ကိုယ်တော်ရှင်သည် သိရှိတော်မူသည်။ အသားစားရန်ဟေဗြဲလူတို့၏လိုအင်ဆန္ဒကို လိုက်လျောတော်မူခဲ့လျှင် သူတို့၏စာရိတ္တဗလများကျဆင်း၍ ကြီးမားလှသောလူထုကြီးသည် ထိန်းမနိုင်သိမ်းမရဖြစ်လောက်အောင် အာဏာဖီဆန် သောသူများ ဖြစ်လာ၍ ကောင်းသောအကျင့်သီလများဆောက်တည်ရမည့် သူတို့၏ဝတ္တရားကိုပါ မျက်ကွယ်လျက် ယေဟောဝါဘုရားရှင်၏ဉာဏ်ပညာဖြင့် ပြည့်စုံသောဥပဒေပညတ်များ၏စိုးမိုးမှုကို ငြင်းဆန်နေကြလိမ့်မည်ကို ကိုယ် တော်ရှင်သည် သိရှိတော်မူသည်။ လက်ရန်းအားကိုးပြုခြင်းနှင့် တော်လှန်ပုန်ကန်ခြင်းများကို ကျင့်သုံးကြမည်ဖြစ်သော ကြောင့် ခါနာန်ပြည်တွင် သန့်ရှင်းပျော်ရွှင်သော လူမျိုးအနေဖြင့် နေထိုင်နိုင်မည် မဟုတ်ပေ။ ဣသရေလလူမျိုးတို့ အတွက် မည်သည့်အရာသည် အကောင်းဆုံးဖြစ်သည်ကို ကိုယ်တော်ရှင်သည် သိရှိတော်မူ၍ သူတို့အားအသားစားခွင့် ကို ပေးတော်မမူပေ။

ယင်းကဲ့သို့ ပိတ်ပင်မှုသည် မတရားဖြစ်သည်နှင့်အမျှ ရက်စက်ရာလည်းကျကြောင်းကို စဉ်းစားမိရန် စာတန် သည် ဣသရေလလူတို့အား သွေးဆောင်စည်းရုံးလေသည်။ တားမြစ်ထားသောအရာများကို တပ်မက်အောင်လှုံ့ဆော် ပေးသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ မှောက်မှားသော ခံတွင်းအလိုလိုက်စားမှုသည် သူတို့အားကိလေသာ တပ်မက်ခြင်းကို စွဲလမ်းနေသောအခါ သူ့အလိုကို ဆောင်ကြဉ်းပေးကြလိမ့်မည်ကို စာတန်သည် သိရှိသည်။ ကိုယ်ခန္ဓာ အောက်ပိုင်းမှအင်္ဂါအစိတ်အပိုင်းတို့သည်အင်အားပြည့်တင်းလာသော်လည်း ဉာဏဗလနှင့်စာရိတ္တဗလတို့သည် ကျဆင်း သွားမည်ဖြစ်သည်။

ဝိညာဉ်များကို ဖျက်ဆီးရာတွင် စာတန်သည် ဝါနုသူမဟုတ်ပေ။ အကယ်၍ လူတို့ကို မှားယွင်းသောစား သောက်နေထိုင်မှုမျိုးကို လိုက်စားအောင်ပြုလုပ်နိုင်လျှင် သူတို့၏စိတ်များနှင့် ယုတ်ညံ့သိမ်ဖျင်းသော တပ်မက်စိတ်တို့ကို အများအားဖြင့် ထိန်းချုပ်နိုင်မည်ကို သူကောင်းမွန်စွာသိရှိသည်။ ကမ္ဘာဦးတွင် လူသည် မြေကြီးမှထွက်သော အသီးအနှံကို စားကြသည်။ သို့ရာတွင် အပြစ်ဒုစရိုက်သည် တိရစ္ဆာန်အသေသားများကို စားသောက်စေရန် ခြယ် လှယ်ပြုပြင်လာသည်။ ယင်းအစားအစာသည် မှန်ကန်သည့်သိမ်မွေ့သောစိတ်သဘောထားနှင့်စာရိတ္တဗလစင်ကြယ် မှုတို့ကိုပြောင်ပြောင်ကြီးဆန့်ကျင်လေသည်။ အစာအိမ်ထဲသို့ ရောက်ရှိသွားသောအစာသည် သွေးလှည့်လည်သွားလာ ရာလမ်းကြောင်းထဲသို့ဝင်သွား၍ အသွေးအသားဘဝသို့ ပြောင်းလဲသွားသည်။

ဘုရားသခင်၏လူတို့သည် အရာခပ်သိမ်းတို့၌ ချုပ်တည်းခြိုးခြံမှုရှိစေရန် ကိုယ်တော်ရှင်သည် အလိုရှိတော်မူသည်။ တောထဲ၌ အချိန်ကြာမြင့်စွာ အစာရှောင်ခဲ့တော်မူချိန်တွင် ခရစ်တော်ပြတော်မူသောပုံသက်သေက စာတန်သည်ရသာရုံကိုအရေခြုံပြီးလာသောအခါသူ့ကိုတွန်းလှန်ကြဖို့ကျွန်ုပ်တို့အားနည်းပေးလမ်းပြပြုသင့်ပေသည်။ ထိုနောက် မှ ခံတွင်းအလိုလိုက်စားမှုကြောင့်လမ်းလွဲနေ၍ သူတို့အားစိုးမိုးထားသောအားနည်းခြင်းနှင့် အပြစ်ဒုစရိုက်တို့ကို အောင်မြင်ရန်စာရိတ္တဗလကျဆုံးနေသော သူတို့ကို ပြုပြင်ပေးရန် သူတို့၌ဩဇာသက်ရောက်မှုရှိလာမည်ဖြစ်သည်။ ဤနည်းအားဖြင့် ခရစ်ယာန်များသည် သန့်ရှင်းစင်ကြယ်၍ ဖြူးဖြောင့်သောဘဝလမ်းကြောင်းတွင် ကျန်းမာခြင်းနှင့်ပျော်ရွှင်ခြင်းကိုသာမက ဘုရားသခင်ရှေ့တော်တွင် ကြည်လင်ပြတ်သား၍ အစွန်းအကွက်ကင်းသော စိတ်နှလုံးကို ရရှိကြမည်ဖြစ်သည်။ **ST, Jan, 6, 1876.**

ခရစ်ယာန်ဖြစ်လာခါစပုဂ္ဂိုလ်များတွေ့မြင်ရသောပြောင်းလဲမှု။ ယခုခေတ်ကာလအတွက်သမ္မာတရားကိုမကြားရဖူးသေးသောသူတို့ထံသို့ သတင်းစကားရောက်ရှိလာသောအခါ သူတို့စားသောက်သောအစာတွင်ကြီးမားသောပြောင်းလဲမှု ရှိရမည်ကို တွေ့မြင်ကြသည်။ သူတို့သည် အသားစားခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်းတွေ့မြင်ကြသည်။ အဘယ်ကြောင့်ဆိုသော် အသားစားခြင်းသည် သေရည်သေရက် သောက်စားလိုသောခံတွင်းကို ပြုပြင်ပေး၍ ကိုယ်ခန္ဓာကို ရောဂါဝေဒနာများဖြင့် ပြည့်စေသည်။ အသားစားခြင်းအားဖြင့် ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလတို့သည် အင်အားချည့်နဲ့လာကြသည်။ လူ့ကိုယ်ခန္ဓာသည် သူစားသောက်သောအစာရေစာအားဖြင့် ဆောက်တည်ရသည်။ အသားစားခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် သေရည်သေရက်သောက်စားခြင်းတို့ကြောင့် တိရစ္ဆာန်ကဲ့သို့သော တပ်မက်မှုတို့သည် ကာယကံရှင်ကို လွှမ်းမိုးထားသည်။ **CD, pp. 168, 169**

စားသောက်ဖွယ်ရာမျိုးစုံတွင် ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း။ ကျွန်ုပ်တို့သည် ရှေ့တစ်လှမ်းတိုး၍အရေးဆိုပါမည်။ အစားအစာများကိုချက်ပြုတ်ခြင်းနှင့်ဟင်းလျာမျိုးစုံကို ပြင်ဆင်ချက်ပြုတ်ရာတွင် ချုပ်တည်းခြိုးခြံမှုကို ကျင့်သုံးမှ မိခင်ဖြစ်သူအတွက် အပိုအလုပ်လုပ်ကိုင်ရခြင်းမှ သက်သာမည်ဖြစ်မည်။ အသက်ကို မွေးမြူရာတွင် အစားအစာများမျိုးပေါင်းစုံအောင် ချက်ပြုတ်ရန် မလိုအပ်ပေ။ ယင်းကဲ့သို့ ဟင်းလျာမျိုးပေါင်းစုံခြင်းသည် အစာကြေညက်မှုဆိုင်ရာအင်္ဂါအစိတ်အပိုင်းများကို ပျက်စီးစေ၍ အစာအိမ်တွင် စစ်မီးမွှေးပေးတတ်သည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ရိုးရိုးချက်ပြုတ်ပြင်ဆင်ထားသော အစားအစာသည် အသက်ကိုထောက်မထားမည်ဖြစ်၍ ကိုယ်ခန္ဓာအတွက်လည်း အကောင်းဆုံးအစာမျိုးလည်းဖြစ်သည်။

အများအားဖြင့် လိုသည်ထက်ပိုသောအစားအစာများကို စားတတ်ကြသည်ကို သိရှိသောသူ နည်းပါးလှသည်။ လိုသည်ထက်ပိုသောအစာသည် အစာအိမ်ကို ဝန်လေးစေ၍ လူ့ကိုယ်ခန္ဓာအဆောက်အအုံတစ်ခုလုံးကို အန္တရာယ်ပြုလေသည်။ **M, 50, 1893.**

အစားကြူးခြင်းသည် ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဖြစ်သည်။ ချုပ်တည်းခြိုးခြံမှုကိုစားသောအစာ၏အရည်အချင်းနှင့်အရေအတွက်နှစ်မျိုးစလုံးတွင် တွေ့မြင်ရသည်။ **CH, p, 576.**

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဆိုသည်မှာ အလွန်နယ်ကျယ်လှပေသည်။ အချို့သောသူများအတွက် ချုပ်တည်းခြိုးခြံမှုဆိုသည်မှာ အစာမျိုးစုံကိုတော်သင့်သောအချိုးအစားဖြင့် စားသောက်လျှင် ကန့်ကွက်ဖွယ်ရာအကြောင်းမရှိ။ ကိုယ်ခန္ဓာကလိုသည်ထက် ပိုမိုသောအစားအစာကို အစာအိမ်ထဲသို့ ထည့်သွင်းလျှင် ယင်းအစာသည် အန္တရာယ်ပေးနိုင်သည်။ ယင်းအစာပိုသည် အစာအိမ်ထဲတွင် ပုပ်ပျက်သွား၍ အစာအိမ်ပျက်သောရောဂါဖြစ်ပွားနိုင်သည်။ အဆက်မပြတ်အစားကြူးလျှင် အရေးပါအရာရောက်သောအင်အားများကို ကုန်ခန်းစေ၍ ဦးနှောက်၏စွမ်းရည်ကိုလည်း ချည့်နဲ့သွားစေလေသည်။ **M, 155, 1899.**

အစားအစာကို တစ်ခါလုံးစားနေသောသူနှင့်စားချလိုက်သောအစာကို ပြုပြင်ပေးနိုင်စွမ်း မရှိသည်တိုင်အောင် အစာကြေညက်စေသောအင်္ဂါ အစိတ်အပိုင်းများကို အစာပိုများဖြင့် ဝန်လေးစေသောသူတို့သည် ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူများဖြစ်၍ ဝိညာဉ်ဆိုင်ရာရေးရာများကို ပြတ်သားစွာနားလည်ရန် ခဲယဉ်းသည်ကို ထိုသူတို့သည် တွေ့မြင်ရပေလိမ့်မည်။ **M, 41, 1908.**

ကျွန်ုပ်တို့အား ပေးထားတော်မူသောကောင်းသောအရာဝတ္ထုအသုံးအဆောင်များကို လိမ္မာရေးခြားရှိစွာဖြင့် သုံးစွဲကြရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ **ST, Jan, 27, 1909.**

ကျွန်ုပ်တို့၏ကယ်တင်ရှင်၌အရေးပါအရာရောက်သောကဏ္ဍ။ ကျန်းမာရေးကိစ္စ၌ပြုပြင်ပြောင်းလဲခြင်းမရှိသောသူတို့သည် မိမိတို့ကိုယ်ကို မတရားသဖြင့်လည်းကောင်း၊ သတိပညာကင်းမဲ့စွာဖြင့်လည်းကောင်း ပြုစုသောသူများဖြစ်သည်။ ခံတွင်းအလိုလိုက်စားခြင်းအားဖြင့် သူတို့ကိုယ်ကိုကြောက်မက်ဖွယ်ကောင်းသောအန္တရာယ်ကိုပြုနေကြသည်။ စားရေးသောက်ရေးကိစ္စသည် ဘာသာရေးဆိုင်ရာပြဿနာတွင် ထည့်သွင်းပြောဆိုရလောက်အောင် ကြီးကျယ်သောကိစ္စမဟုတ်ဟု အချို့သောသူတို့က တွေးထင်ကြလိမ့်မည်။ ယင်းပုဂ္ဂိုလ်တို့သည် မှားယွင်းနေကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်က "သင်တို့သည် စားသော်လည်းကောင်း သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကို ပြုကြလော့" ဟုဆိုထားပါသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စအဝဝသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို အကောင်အထည်ဖော်ရာတွင် အရေးပါအရာရောက်သောကဏ္ဍမှ ပါဝင်သက်ဆိုင်နေသည်။ **Ev, p. 265.**

ဘဝအသက်တာနှင့်ကျန်းမာခြင်းဆိုင်ရာဥပဒေပညတ်များနှင့်ညီလျော်စွာဖွဲ့လုံ့လဖြင့် နေထိုင်ရပ်တည်ကြလျှင်လူတို့သည် ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲသောလုပ်ငန်းတစ်ရပ်လုံး၏မင်္ဂလာရှိသောအကျိုးသက်ရောက်မှုကို သိရှိနားလည်ကြလိမ့်မည်ဖြစ်သည်။ **ST, Jan. 6, 1876.**

အားလုံးသက်သေအထောက်အထားရှိသည်။ ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်တစ်ဦးစီအနေဖြင့် မိမိတို့ဆိုင်ရာကဏ္ဍကိုကောင်းမွန်ကျေပွန်စွာလုပ်ကိုင်ကြရန် အလွန်အရေးကြီးလှပေသည်။ ၎င်းအပြင် ကျွန်ုပ်တို့ဘာကိုစားသောက်ရမည်ကိုဉာဏ်ပညာနှင့်ယှဉ်သော အသိစိတ်ဓါတ်ရှိကြရန်နှင့် ကျန်းမာခြင်းကို ထိန်းသိမ်းရန် ဘယ်ကဲ့သို့နေထိုင်ရမည်ကို သိရှိကြရမည်။ လူတို့သည် ကျန်းမာခြင်းဆိုင်ရာ အခြေခံသဘောတရားရေးရာများကိုလက်ခံမည်လော၊သို့တည်းမဟုတ် မိမိတို့စိတ်ဆန္ဒအလိုကို လိုက်စားမည်လော ဟူသောကိစ္စအတွက် သက်သေအထောက်အထားကိုပြသလျက်ရှိသည်။ **CD,p. 34.**

# ၆ ကျွန်ုပ်တို့အနေဖြင့် လုံးဝရှောင်ကြဉ်ခြင်း

တစ်ခုတည်းသောဘေးကင်းသောလမ်း။ ကျွန်ုပ်တို့အတွက် တစ်ခုတည်းသောဘေးကင်းသောလမ်းမှာ၊ လက်ဖက်ရည်၊ ကော်ဖီ၊ သေရည်သေရက်၊ ဆေးလိပ်နှင့်ဘိန်း၊ ဘိန်းဖြူမှုစသောအရာတို့ကိုမထိနှင့်၊ မမြည်းမစမ်းနှင့်၊ မကိုင်နှင့်ဖြစ်သည်။ စာတန်၏စုံစမ်းသွေးဆောင်ခြင်းများကို ကြံ့ကြံ့ခံ၍ မှားယွင်းသောခံတွင်းအလိုလိုက်စားမှုကို တွန်းလှန်ရန် ဘုရားသခင်၏ကျေးဇူးတော်ပြုပြင်မှုအားဖြင့် အင်အားတောင့်တင်းသောစိတ်အလိုဆန္ဒအင်အား၏အကူအညီကိုရယူသည့်ကိစ္စတွင် ယခုခေတ်ကာလ၌ ရပ်တည်လျက်ရှိကြသောအမျိုးသားများ၏လိုအပ်ချက်သည် ရှေးကလူမျိုးမြောက်မြားစွာတို့၏ လိုအပ်ချက်ထက်နှစ်ဆမျှပိုမိုကြီးမားလေသည်။ သို့ရာတွင် ယခုမျက်မှောက်ခေတ်၌ ရပ်တည်နေကြသောလူမျိုးအစဉ်အဆက်တွင် ရှေးကလူတို့ထက် ကိုယ်ကိုချုပ်တည်းခြိုးခြံနိုင်သောစွမ်းရည် ပိုမိုနည်းပါးလေသည်။ **3T, p. 488.**

ကျွန်ုပ်တို့သည် သေရည်သေရက်တစ်ခွက်မျှကိုပင် ဘယ်အခါမျှမသောက်ပါလေနှင့်။ ဘယ်အခါမျှ သေရည်သေရက်ကို လက်ဖြင့်မတို့ထိပါလေနှင့်။ **M, 38½ , 1905**

မတို့၊ မမြည်းစမ်း၊ မကိုင်ပဲ နေရန်စိတ်ဆန္ဒ။ ဘေးကင်းပါသည်ဟု အဆိုရှိသောဝိုင်အရက်နှင့်စိုင်ဒါအရက်တို့ကို သင့်လျော်ရုံအသုံးပြုခြင်းက ဖန်တီးပေးသောလမ်းစကို အားလုံးသောသူတို့က သတိဝီရိယရှိစွာဖြင့်လည်းကောင်း၊ သစ္စာရှိစွာဖြင့်လည်းကောင်း ကာကွယ်စောင့်ကြပ်ထားလျှင် အရက်မူးသော မင်းလမ်းမကြီးသည် ပိတ်ဆို့သွားမည်ဖြစ်သည်။ လူနေရပ်ကွက်ရှိသမျှတို့တွင်လိုအပ်နေသောအရာတစ်ခုသည် တည်ကြည်သောရည်စူးချက်နှင့်သေရည်သေရက်မှစသော အန္တရာယ်ပြုသောအရာများကို တို့ခြင်း၊ မြည်းစမ်းခြင်းနှင့်ကိုင်တွယ်ခြင်းမပြုရန် ပြင်းပြသော စိတ်ဆန္ဒဖြစ်သည်။ ထိုအခါ ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ခိုင်မာသန်စွမ်းလာမည်၊ တည်မြဲလာမည်၊ ပိပိရိရိဖြစ်လာမည်။ **R & H, March 25, 1884.**

လှုံ့ဆော်တတ်သောအစားအသောက်ရှိသမျှကို ရှောင်ကြဉ်ပါ။ သင့်ကိုဘုရားသခင် ပိုင်ဆိုင်တော်မူသည်။ သင့်ကိုယ်ခန္ဓာ၌ရှိသောမည်သည့်အင်္ဂါအစိတ်အပိုင်းကိုမျှ အလွဲသုံးစားမပြုရ။ သင့်ကိုယ်ခန္ဓာသည် စုံလင်သောလူကြီးအဆင့်သို့ ဖွံ့ဖြိုးထွားကြိုင်းလာနိုင်စေရန် သင်၏ကိုယ်ခန္ဓာကို ဉာဏ်ပညာအမြော်အမြင်ရှိရှိဖြင့် ကြည့်ရှုထိန်းသိမ်းရ မည်။ ကိုယ်တော်ရှင်ကို သင့်လျော်စွာ ကိုယ်စားပြုရာမှာလည်းကောင်း၊ ကိုယ်တော်က သင့်အားဆောင်ရွက်စေလိုသော တာဝန်ကို ထမ်းဆောင်ရာမှာလည်းကောင်း မစွမ်းဆောင်နိုင်လောက်အောင် သင်၏အရေးကြီးသောအင်အားများကို အားအင်ချည့်နဲ့အောင်ပြုလုပ်မှုသည် ကျေးဇူးတရားကင်းမဲ့သော လုပ်ရပ်ဖြစ်သည်မဟုတ်ပါလော။ **L, 236, 1903.**

ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားများ ဘုရားသခင်၏ပညတ်တော်မှစတင်ဖြစ်ပေါ်လာခြင်း။ အကယ်၍ လူတို့သည် ဘုရားသခင်၏ပညတ်တော်ကို တိကျစွာနှင့်တာဝန်သိသိစောင့်ထိန်းခဲ့လျှင် အရက်သမားများ၊ ဆေးလိပ်စွဲသောသူများသာမက စိတ်ဒုက္ခရောက်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်းတို့သည်ရှိမည်မဟုတ်ပေ။။ သောက်စားမည့်သူမရှိသောကြောင့် အရက်ဆိုင်များကိုပင် ပိတ်ပစ်လိုက်ရပေမည်။ ကမ္ဘာပေါ်တွင်း ဆယ်ပုံကိုးပုံမျှသောဆင်းရဲဒုက္ခတို့သည် ချုပ်ငြိမ်းသွားကြမည်ဖြစ်သည်။ လူငယ်လူရွယ်တို့သည် လွတ်လပ်၍ပေါ့ပါးသောခြေလှမ်းများ၊ ကြည်လင်သောမျက်စိများနှင့်ကျန်းမာသောအသားအရေများရှိလျက် တည့်မတ်မြင့်မြတ်သောကိုယ်နေဟန်ထားအားဖြင့် လမ်းလျှောက်ကြလိမ့်မည်။

ဓမ္မဆရာများတို့သည် တရားဟောပလ္လင်များမှနေ၍ ဘုရားသခင်ပညတ်တော်ကို သစ္စာဖြင့်စောင့်ထိန်းခြင်းကို ဂုဏ်နိမ့်အောင်ပြုလုပ်လျှင် ၎င်းအပြင် ပညတ်တော်စောင့်ထိန်းခြင်းကို လူကြိုက်နည်းအောင်လောကနှင့်လက်တွဲဆောင်ရွက်သည်သာမက ဓမ္မဆရာများအနေဖြင့် ဆိုရှယ်ကျအောင်အရက်သောက်ခြင်း၊ ကိုယ်ခန္ဓာကို ညစ်ညူးစေသော ဆေးလိပ်များကို သောက်လျှင် ဤခေတ်ဤအခါ၌ ရပ်တည်လျက်ရှိကြသောလူငယ်လူရွယ်များသည် နက်ရှိုင်းမည်းမှောင်လှသောဆိုးသွမ်းမှုများကို မလိုက်စားပဲမနေဟု ဘယ်ကဲ့သို့မျှော်လင့်ချက်ထားရှိနိုင်သနည်း။ ပညတ်တော်ဆယ်ပါးသည် ဩဇာအာဏာရှိကြောင်းနှင့်သန့်ရှင်းခြင်းရှိကြောင်းကို သင်တို့သည်ကြားသိခဲ့ကြပြီ။ မိုးကောင်းကင်နှင့်မြေကြီးပေါ်တွင် ကိုယ်တော်ရှင်၏အုပ်စိုးတော်မူခြင်း၏အခြေအမြစ်ဖြစ်သော ယင်းပညတ်တော်ကို ဘုရားသခင်ကိုယ်တိုင် စီရင်ပြုစုထားတော်မူသည်။ အသိပညာထွန်းကားသောတိုင်းပြည်များမှ အာဏာပိုင်တို့သည် သူတို့၏အုပ်ချုပ်ရေးဆိုင်ရာဥပဒေရပ်များကို ဥပဒေပညတ်အားလုံးတို့၏အရင်းအမြစ်ဖြစ်သော ယင်းပညတ်တော်ဆယ်ပါးပေါ်တွင် မူတည်၍ရေးဆွဲချမှတ်ကြသည်။ သို့စေကာမူ၊ လူထုခေါင်းဆောင်များနှင့်ဆုံးမဩဝါဒပေးရသူများဟု အသိအမှတ်ပြုခြင်းခံရသောဥပဒေပြုသူများနှင့်ဓမ္မဆရာများတို့သည် ယင်းသန့်ရှင်းသောဥပဒေပညတ်များ၌ အကြိမ်ကြိမ်အဖန်ဖန်သွန်သင်ထားသော အခြေခံသဘောတရားများကို ပြောင်ကျကျကျူးလွန်ချိုးဖောက်လျက်ရှိကြသည်။

များစွာသောဓမ္မဆရာတို့သည် တရားပလ္လင်များပေါ်မှနေ၍ခရစ်တော်အကြောင်းကို တရားဟောပြောကြသည်။ ထိုနောက်မှ သေရည်သေရက်မျိုးစုံကိုသောက်ခြင်းအားဖြင့် သူတို့၏အာရုံခြောက်ပါးကို ထုံထိုင်းသွားအောင်ပြုလုပ်ရန် လက်မနှေးကြပေ။ ခရစ်ယာန်တို့၏အနှုန်းအထားစည်းမျဉ်းကဆိုထားသည်မှာ “မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့်။” ကျွန်ုပ်တို့၏ကိုယ်ခန္ဓာဆိုင်ရာ ဥပဒေပညတ်များက ယင်းလေးနက်သောဩဝါဒကိုအလေးပေး၍ထပ်မံပြောဆိုထားသည်။ ခရစ်ယာန်ဓမ္မဆရာတိုင်း၏တာဝန်သည် မိမိတို့၏အသင်းသူအသင်းသားများတို့၏ရှေ့တွင် ဤသမ္မာတရားကို ရှင်းလင်းစွာချပြ၍ ပုံသက်သေအားဖြင့်လည်းကောင်း၊ ပညာအားဖြင့်လည်းကောင်း သွန်သင်ပေးရမည်။

ခရစ်ယာန်အသင်းတော်သည် ဤလောက၏ဆား၊ ဤလောက၏အလင်းဟု သမုတ်ထားသည်။ ယခုခေတ်ကာလ၌ရှိသောအသင်းတော်များမှ အသင်းသူအသင်းသားများစွာတို့ ကိုယ်ခန္ဓာကိုညစ်ညူးစေသော အဆိပ်အတောက်များကိုသာမက မူးယစ်သောသေရည်သေရက်များကို သူတို့ကိုယ်တိုင်သောက်စား၍ သူတစ်ပါးတို့အားလည်း တိုက်ကျွေးကြသောကြောင့် ယင်းအသင်းတော်များအားဤလောက၏ဆား၊ ဤလောက၏အလင်းဟု သမုတ်ပါမည်လား။ ခရစ်တော်၏အသင်းတော်သည် အတွေ့အကြုံနည်းပါးသေးသောလူငယ်လူရွယ်တို့အား သူတို့၏ခံတွင်းကိုထိန်းချုပ်ထားကြရန် ကျင့်ဝတ်နှင့်ဘာသာအယူဝါဒဆိုင်ရာရှုထောင့်တို့မှ သွန်သင်ဆုံးမသောသင်တန်းကျောင်းဖြစ်သင့်ပေသည်။ စုံစမ်းသွေးဆောင်ခြင်းနှင့်ပလူခြင်းသည်လည်းကောင်း၊ အပြစ်ဒုစရိုက်နှင့်အဆက်အသွယ်ပြုလုပ်ခြင်းသည် မည်မျှလောက်အန္တရာယ်များသည်ကိုလည်းကောင်း၊ တော်ရုံသင့်ရုံ ချုပ်တည်းခြိုးခြံစွာ သေရည်သေရက်သောက်သောသူ ဟူ၍ မရှိသည်ကိုလည်း

ကောင်း၊ သေရည်သေရက်သောက်သောသူတို့၏လမ်းသည် အမြဲတမ်းအောက်ခြေသို့ဆွဲဆောင်သွားသည်ကိုလည်း ကောင်း လူငယ်လူရွယ်တို့အား သွန်သင်ပေးရမည်။ "ဖလား၌နီလျက်၊ အရောင်တောက်လျက်၊ အချိုအမြိန်ဝင်လျက်ရှိသောစပျစ်ရည်ကိုမကြည့်မရှုနှင့်။ နောက်ဆုံး၌မြွေကဲ့သို့တိုက်တတ်၏။ မြွေဆိုးကဲ့သို့နာစေတတ်" ကြောင်းတို့ကို သူတို့အားပြောဆိုရမည်။ **ST, Aug, 29, 1878.**

လုံးဝရှောင်ကြဉ်မှုသည် ကျွန်ုပ်တို့၏ဆောင်ပုဒ်။ ချုပ်တည်းခြိုးခြံမှုကို ဧဝံဂေလိသတင်းစကား၏တစ်စိတ်တစ်ဒေသအနေဖြင့် လူထုအားတင်ပြလျှင် အများသောသူတို့သည် မိမိတို့၏လမ်းစဉ်များပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းကိုတွေ့မြင်ကြလိမ့်မည်။ မူးယစ်စေတတ်သောသေရည်သေရက်များ၏အကုသိုလ်ကိုလည်းကောင်း၊ ဘုရားသခင်၏လူများအနေဖြင့် မူးယစ်သောအရာဟူသမျှကို လုံးဝရှောင်ကြဉ်မှုသည် သူတို့၏တစ်ခုတည်းသောဆောင်ပုဒ်သာလျှင်ဖြစ်သည်ကိုလည်းကောင်း တွေ့မြင်ကြလိမ့်မည်။ **7T, p. 75.**

## ၇ အသင်းသားများအနေဖြင့်စပ်သွယ်မှု

အသင်းတော်တွင်အသက်ရှင်၍ တာဝန်ထမ်းဆောင်သောအစိတ်အပိုင်း။ မိသားစုအသိုက်အဝန်းနှင့်အသင်းတော်တွင် ခရစ်ယာန်တို့၏ချုပ်တည်းခြိုးခြံမှုကိစ္စကို အလေးပေးဆောင်ရွက်ရမည်။ ယင်းကိစ္စကို အကျင့်ဓလေ့များ၊ စိတ်နေသဘောထားများနှင့်အကျင့်စာရိတ္တတို့ကို ပြုပြင်ပြောင်းလဲပေးသောအသက်ရှင်၍ တာဝန်ထမ်းဆောင်သောအစိတ်အပိုင်းဖြစ်စေရမည်။ ကမ္ဘာပေါ်တွင်ဖြစ်ပျက်နေသောဆိုးသွမ်းယုတ်မာမှုအားလုံးတို့၏အခြေအမြစ်သည် ချုပ်တည်းခြိုးခြံမှု ကင်းမဲ့ခြင်းဖြစ်သည်။ **M, 50, 1893.**

အသင်းတော်သို့ ဝင်ခွင့်မပြုနိုင်သောသူများ။ ကျွန်ုပ်တို့သည် ဤဆိုးသွမ်းသောဒုစရိုက်တည်းဟူသောသေရည်သေရက်သောက်စားခြင်းအန္တရာယ်ကို အမြဲတမ်းနိုးနိုးကြားကြားရှိစွာဖြင့် ရှောင်ကြဉ်ကြစေရန် ဘုရားသခင်မစတော်မူပါစေ။ လူကြီးသူငယ်တို့အား မိမိထောင်ချောက်အတွင်း၌ ပရိယာယ်အားဖြင့် ဖမ်းဆီးထားရန် ကြိုးပမ်းနေမှုမှ သူတို့အားကယ်ဆယ်ရန် ကျွန်ုပ်တို့တတ်နိုင်သမျှဆောင်ရွက်ကြဖို့ ကိုယ်တော်ရှင် မစတော်မူပါစေ။ သေရည်သေရက်ဖြစ်စေ၊ ဆေးလိပ်ဖြစ်စေသောက်သောသူတို့ကို ကျွန်ုပ်တို့အသင်းတော်သို့ဝင်ခွင့်မပြုပေ။ ဝင်ခွင့်လည်းမပြုနိုင်ပေ။ သို့ရာတွင် ယင်းအလေ့အကျင့်ကို အောင်မြင်နိုင်နင်းစေရန် ကာယကံရှင်များကို ကျွန်ုပ်တို့မစနိုင်သည်။ ဤအန္တရာယ်ပြုသောအကျင့်ဓလေ့များကို စွန့်ပစ်ခြင်းအားဖြင့် သူတို့၏မိသားစုများနှင့်သူတို့ကိုယ်တိုင်ကို ပိုမိုရွှင်လန်းဝမ်းမြောက်စေနိုင်ကြောင်း ကာယကံရှင်တို့အား ကျွန်ုပ်တို့က ပြောပြနိုင်သည်။ စိတ်နှလုံးတွင် ဘုရားသခင်၏ဝိညာဉ်တော်ဖြင့် ပြည့်ဝလျက်ရှိနေသောသူတို့သည် လှုံ့ဆော်သောအစားအသောက်တို့ကို မှီဝဲလိုသောဆန္ဒရှိကြမည် မဟုတ်ပေ။ **R & H, June 15, 1905.**

မှန်ကန်သောပြောင်းလဲမှုရသောသူသည် ကိုယ်ခန္ဓာကိုညစ်ညူးစေသောအကျင့်ဓလေ့များနှင့်တပ်မက်မှုများကို စွန့်ပစ်သည်။ လူသားတို့လိုက်နာကျင့်သုံးနေသောအကျင့်ဓလေ့များတွင် ကျမ်းစာနှင့်ဖီလာဆန်သောအကျင့်ဓလေ့ မြောက်မြားစွာရှိသည်။ သေရည်သေရက်နှင့်ဆေးလိပ်ကိုသောက်သောသူတို့သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံးတွင် ညစ်ညူးနေကြသည်။ ထိုကဲ့သို့သောပုဂ္ဂိုလ်များတွင် မှန်ကန်သောပြောင်းလဲမှုရရှိကြောင်းပြသသည့် အထောက်အထားကို မတွေ့ရမီ ၎င်းအပြင် မေတ္တာဖြင့်ဆောင်ရွက်၍ စိတ်ဝိညာဉ်ကိုသန့်စင်စေသော ယုံကြည်ခြင်းမျိုးကို မိမိအတွက်လိုအပ်သည်ဟူသောခံယူချက်ကို လက်ခံကြောင်း မတွေ့ရှိရမီသူတို့ကို အသင်းတော်ထဲသို့ ဝင်ခွင့်မပြုရပါ။ ဘုရားသခင်၏သမ္မာတရားသည် မှန်ကန်သောယုံကြည်သူတို့ကို သန့်စင်စေလိမ့်မည်။ လုံးဝပြောင်းလဲမှုရှိသောပုဂ္ဂိုလ်သည် ညစ်ညူးစေသောအကျင့်ဓလေ့များနှင့်လိုက်စားမှုရရှိသမျှတို့ကို စွန့်ပစ်မည်ဖြစ်သည်။ ယင်းတို့ကို လုံးဝရှောင်ကြဉ်ခြင်းအားဖြင့် ကျန်းမာခြင်းကို ဖျက်ဆီးဖြိုခွင်းသည့်အကျင့်ဓလေ့ရှိသမျှတို့ကို လိုက်စားလိုသည့်အလိုဆန္ဒကို အောင်မြင်နိုင်နင်းလိမ့်မည်ဖြစ်သည်။ **Ev, p. 264.**

## ၈ သတ္တမနေ့ဥပုသ်အသင်း၏ဝိညာဉ်ရေးဆိုင်ရာခေါင်းဆောင်များ

ဉာဏဗလအင်အားကို ထိန်းသိမ်း၍ ခံနိုင်ရည်သတ္တိကို ပေးပါ။ ရသာရုံခံစားမှုနှင့်ပတ်သက်လျှင် အောင်မြင်သောသူများဖြစ်ရန် လူသားအားလုံး အထူးသဖြင့် သမ္မာတရားကို သွန်သင်သောသူတို့အပေါ်တွင်ကြီးလေးသောတာဝန်ရှိနေသည်။ အကယ်၍ ခရစ်တော်၏ဓမ္မဆရာများသည် သူတို့၏ရသာရုံနှင့်တပ်မက်သောစိတ်ကို ချုပ်ထိန်းထားခဲ့လျှင် သူတို့၏အသုံးကျမှုသည် များစွာကြီးမားခဲ့ပေမည်။ သူတို့၏ကာယလုပ်အားကို ဉာဏခွန်အားဖြင့် ပူးပေါင်းဆောင်ရွက်လျှင် သူတို့၏ဉာဏဗလနှင့်စာရိတ္တဗလတို့သည် ပိုမို၍အင်အားကောင်းလာပေမည်။ လုံးဝချုပ်တည်းခြိုးခြံသောအကျင့်ဓလေ့များဖြင့်လည်းကောင်း၊ ဉာဏဗလနှင့်ကာယလုပ်အားတို့ပေါင်းစည်းထားမှုဖြင့်လည်းကောင်း သူတို့သည် အလုပ်လုပ်ရာတွင် အလွန်အမင်းတွင်ကျယ်၍ စိတ်၏ကြည်လင်မှုကိုထိန်းသိမ်းထားနိုင်ကြလိမ့်မည်။ ဤလမ်းစဉ်ကိုလိုက်နာကြလျှင် သူတို့၏စိတ်ကူးဉာဏ်များနှင့်အပြောအဆိုအသုံးအနှုန်းများသည် ပိုမိုလွတ်လပ်စွာထွက်ပေါ်လာ၍ သူတို့၏ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ အလေ့အကျင့်တို့သည် ပိုမိုအင်တိုက်အားတိုက်ဖြစ်လာပြီး သူတို့၏စိတ်နှလုံးများပေါ်၌ သက်ဝင်လာသောခံယူချက်တို့သည် ပိုမိုပြတ်သားထင်ရှားလာမည်။

ကောင်းမွန်မှန်ကန်သောအစာကိုပင် စားသောက်သောအခါ၌ ချုပ်တည်းခြိုးခြံမှုရှိလျှင် ကိုယ်ခန္ဓာကိုဒုက္ခပေး၍ ထက်မြက်သန့်ရှင်းသောစိတ်ထကြွလှုပ်ရှားမှုများကို ထုံထိုင်းစေမည်ဖြစ်သည်။ ကိုယ်ခန္ဓာမှအတွင်းလုပ်ငန်းရှိသမျှတို့သည် ကျန်းမာတောင့်တင်းသော အခြေအနေ၌ ထိန်းသိမ်းထား၍ အင်တိုက်အားတိုက် လှုပ်ရှားဆောင်ရွက်မှုကို အားပေးရန် စားရေးသောက်ရေးတို့တွင် တင်းကျပ်သောချုပ်တည်းခြိုးခြံမှုကိုကျင့်သုံးရန်များစွာလိုအပ်ပေသည်။ ကြွက်သားများနှင့်ကာယဗလတို့၏ကြိုးပမ်းဆောင်ရွက်မှုနှင့်တွဲဖက်ထားသောကျပ်တည်းစွာလိုက်နာသောချုပ်တည်းခြိုးခြံမှုရှိသော အကျင့်ဓလေ့တို့သည် ဉာဏဗလနှင့်ကာယဗလနှစ်ခုစလုံးတို့၏စွမ်းရည်တို့ကို ထိန်းသိမ်းထား၍ဓမ္မဆရာများကိုလည်းကောင်း၊ အယ်ဒီတာများကိုလည်းကောင်း အချိန်များများ ထိုင်နေတတ်သောသူအပါအဝင် အားလုံးသောသူတို့အားခံနိုင်ရည်သတ္တိကို ပေးလိမ့်မည်။ **HR, August, 1875.**

ခရစ်တော်၏ပုံသက်သေကိုလိုက်နာကျင့်သုံးပါ။ ခရစ်တော်၏ကိုယ်စားလှယ်များဟုဆိုသော ဓမ္မဆရာများတို့သည် ကိုယ်တော်၏ပုံသက်သေကို လိုက်နာကျင့်သုံး၍ အကျပ်တည်းဆုံးချုပ်တည်းခြိုးခြံမှုရှိသောအကျင့်ဓလေ့များကို ဦးစားပေး၍ စောင့်ရှောက်လိုက်နာအပ်ပေသည်။ သူတို့ကိုယ်တိုင် ကိုယ့်အလိုကို ငြင်းပယ်ခြင်း၊ သူတစ်ပါးအကျိုးအတွက် အနစ်နာခံခြင်း၊ တက်ကြွသောပရဟိတလုပ်ငန်းများပြုလုပ်ခြင်းစသောပါရမီများကိုလက်တွေ့ကျင့်သုံးခြင်းအားဖြင့် ခရစ်တော်၏ဘဝအသက်တာတော်နှင့်ပုံသက်သေကို သူတစ်ပါးတို့ရှေ့၌ ထားရှိအပ်ပေသည်။ ခရစ်တော်သည် လူသားတို့အတွက် ခံတွင်းအလိုကို အောင်မြင်နိုင်နင်းတော်မူသည်။ ကိုယ်တော်၏ကိုယ်စား သူတို့သည် သူတစ်ပါးတို့လိုက်နာကျင့်သုံးသင့်သောပုံသက်သေကို ထိုသူတို့ရှေ့တွင် ပြသကြရမည်။ ခံတွင်းအလိုသို့လိုက်သောကိစ္စတွင် အောင်မြင်မှုရရှိရန် မလိုအပ်ဟု ယူဆသောသူတို့သည် သူတို့ရရှိနိုင်ခဲ့သောအောင်မြင်မှုမျိုးကိုမရရှိပဲ လောက၌နေထိုင်လျက်ရှိကြသောသူတို့၏ဒုစရိုက်ခွက်ဖလားကို ဖြည့်တင်းပေးလျက်ရှိသောခံတွင်းအလိုလိုက်စားခြင်းနှင့် တပ်မက်ခြင်းတို့၏ကျေးကျွန်များဖြစ်လာကြလိမ့်မည်။ **3 T, p. 490.**

ဝိညာဉ်ရေးဆိုင်ရာမြင်ကွင်းပျက်ပြားခြင်း။ ဓမ္မဆရာအလုပ်ကိုလုပ်ကိုင်လျက်ရှိသော ညီအစ်ကိုများအားအောက်ပါအတိုင်း ပြောဆိုရန် ကျွန်ုပ်အားညွှန်ကြားချက်ကို ကိုယ်တော်ရှင်ကပေးထားတော်မူပါသည်။ သင်တို့သည် အစားအသောက်တွင်ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောကြောင့် သန့်ရှင်းသောမီးနှင့်သန့်ရှင်းသောမီးတို့၏ခြားနားမှုကိုခွဲခြားတွေ့မြင်နိုင်သောသတ္တိကို သင်တို့သည် လက်လွတ်ဖြစ်ရကြမည်။ ဤကဲ့သို့သောချုပ်တည်းခြိုးခြံမှုကင်းမဲ့မှုကြောင့် ဘုရားသခင်ကိုယ်တော်ရှင်ကပေးထားတော်မူသောသတိပေးစကားကို သင်တို့ လျစ်လျူရှုနေကြကြောင်းကို ဖော်ပြကြသည်။ ကိုယ်တော်ရှင်၏သတိပေးစကားမှာ၊ "သင်တို့တွင်အဘယ်သူသည် ထာဝရဘုရားကိုကြောက်ရွံ့သနည်း။ ထိုသူသည် ကိုယ်တော်ကျွန်၏စကားသံကို နားထောင်ပါစေ။ အဘယ်သူသည် အလင်းမရှိပဲ မှောင်မိုက်၌သွားလာသနည်း။ ထိုသူသည် ထာဝရဘုရား၏နာမတော်ကို ခိုလှုံ၍ မိမိဘုရားသခင်ကို အမှီပြုပါစေ။ မီးကိုညှိ၍ မိမိတို့ကို မီးပွားတို့နှင့်ဝန်းရံစေသောသူအပေါင်းတို့၊ သင်တို့မီး၏အလင်း၌လည်းကောင်း၊ သင်တို့ပြုစုသောမီးစများ၌လည်းကောင်း သွားလာကြလော့။ ငါ့လက်၌ခံရသောအကျိုးဟူမူကား သင်တို့သည်ဝမ်းနည်းလျက် အိပ်ရကြလိမ့်မည်။" ဟေရှာ ၅၀း၁၀၊ ၁၁။ **7Y, P. 258.**

ကြည်လင်သောစဉ်းစားဉာဏ်။ စိတ်လှုပ်ရှားလွယ်၍ဘုရားသခင်၏ဂုဏ်တော်ကို ရှုတ်ချသောစကားများ ပြောဆိုစေလောက်အောင်ဉာဏဗလသို့မဟုတ်ကာယဗလတို့ကို အဆမတန်အားစိုက်လုပ်ကိုင်ဆောင်ရွက်ခွင့်ကျွန်ုပ်တို့၌ မရှိပေ။ ကျွန်ုပ်တို့သည် အမြဲတမ်းငြိမ်သက်၍ သည်းခံတတ်သောသဘောထားရှိရန် ကိုယ်တော်ရှင်သည် အလိုရှိတော်မူသည်။ အခြားသောသူတို့သည် ဘယ်ကဲ့သို့သောအရာကိုပြုလုပ်ကြသော်လည်း ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ကို ကိုယ်စားပြုလျက် အလားတူအခြေအနေမျိုး၌ ကိုယ်တော်ရှင်ပြုလုပ်တော်မူသကဲ့သို့ ကျွန်ုပ်တို့ ပြုလုပ်ကြရပေမည်။

နေ့စဉ်နေ့တိုင်း တာဝန်ကြီးသောရာထူးကို ထမ်းဆောင်ရသောပုဂ္ဂိုလ်တို့သည် အရေးပါအရာရောက်လှသော ကောင်းကျိုးများအမှီတံကဲ ပြုနေသောဆုံးဖြတ်ချက်များကို ချရပါမည်။ သူတို့သည် လျင်မြန်စွာစဉ်းစားဉာဏ်ကို ထုတ်ရပါမည်။ ထိုကဲ့သို့သောအလုပ်အောင်မြင်စွာပြုလုပ်နိုင်စွမ်းရှိသောသူတို့သည် ချုပ်တည်းခြိုးခြံမှုကို တည်ကြည်စွာ လိုက်နာကျင့်သုံးသောသူတို့သာလျှင်ဖြစ်သည်။ ကာယဗလနှင့်ဉာဏဗလတို့၏စွမ်းရည်များကို မှန်ကန်စွာထိန်းသိမ်းကြည့်ရှုပြုစုခြင်းရှိမှ စိတ်အနေအထားသည် အင်အားကောင်းလာမည်။ အကယ်၍ ထမ်းဆောင်ရမည့်တာဝန်သည် အလွန်အမင်းမလေးလံလျှင် အားစိုက်ဆောင်ရွက်မှုပြုတိုင်း အသစ်သောအင်အားကို ရရှိလိမ့်မည်။ **7T, p. 199.**

တာဝန်ကြီးသောရာထူးဌာနန္တရများအတွက် ရွေးချယ်ခြင်းခံရသောသူတို့အတွက်အရည်အချင်း။ ဘုရားသခင်ဘက်၌သစ္စာရှိရမည်ဆိုသောစကား၏အဓိပ္ပါယ်သည် အလွန်ကျယ်ဝန်းသည်။ ကိုယ်တော်၏အမှုတော်ဆောင်အားလုံးတို့အား အရည်အချင်းနှင့်ပြည့်ဝဖို့ တောင်းဆိုထားသည်။ စိတ်နှလုံးနှင့်ကိုယ်ခန္ဓာတို့၏ကျန်းမာမှုအခြေအနေကို အတတ်နိုင်ဆုံး ထိန်းသိမ်းထားရန်၊ စွမ်းရည်ရှိသမျှကို ဘုရားသခင်၏ချုပ်ထိန်းမှုအောက်တွင်ထားရှိရန်နှင့်ကျပ်တည်းစွာကျင့်သုံးသောချုပ်တည်းခြိုးခြံသောအကျင့်ဓလေ့များက ပြုပြင်ပေးနိုင်သောအင်အားကောင်းသောအခြေအနေတွင် ယင်းစွမ်းရည်များကို ရပ်တည်နေစေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အပါအဝင် ကိုယ်တော်ရှင်က အပ်ပေးထားတော်မူသောစွမ်းရည်ရှိသမျှတို့ကို ကိုယ်တော်၏အမှုတော်တွင်အသုံးပြုရန် ချွင်းချက်မရှိပဲ ကိုယ်တော်ကိုဆက်ကပ်ရန် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့၏အင်အားများနှင့်စွမ်းရည်ရှိသမျှတို့ကို အမြဲတမ်းခိုင်မာသန်စွမ်းသောအခြေအနေတွင်ထားရှိ၍ စုံစမ်းသောကာလအတွင်း ယင်းအင်အားများနှင့်စွမ်းရည်များကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ကြရမည်။ ဤအခြေခံသဘောတရားများကို နှစ်သက်၍ မိမိတို့ကိုယ်ခန္ဓာများကို ပညာသားပါပါဖြင့်လည်းကောင်း၊ ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်နှင့်လည်းကောင်း သွန်သင်မှုခံရသော သူတို့သာလျှင် အမှုတော်တွင်တာဝန်များထမ်းဆောင်စေရန် ရွေးချယ်ခန့်ထားရမည်။ သမ္မာတရားကို အချိန်ကြာမြင့်စွာ ယုံကြည်ခဲ့သူဖြစ်သော်လည်း ဖြောင့်မတ်ခြင်းဆိုင်ရာသဘောတရားရေးရာများနှင့်ဆိုးသွမ်းမှုဆိုင်ရာ သဘောတရားရေးရာများကို ခွဲခြားသိမြင်ခြင်းမရှိ၊ တရားမျှတမှု၊ ကရုဏာတရားနှင့်ဘုရားသခင်ကို ချစ်ခြင်းနှင့်စပ်ဆိုင်၍ ပြည့်ပြည့်ဝဝနားလည်မှုမရှိသောသူတို့ကိုတာဝန်ခံရာထူးမှဖယ်ထုတ်ပစ်ရမည်။ အသင်းတော်တိုင်းသည် ကြည်လင်ပြတ်သား၍ထက်မြက်သောသက်သေခံချက်ကို ပေးရမည်။ တံပိုးခရာသည်လည်း မှန်သောအသံနှင့်မြည်ရမည်။ **ST. Oct. 2, 1907.**

ကျန်းမာခြင်းဘက်မှလုပ်သားတို့သည် ချုပ်တည်းခြိုးခြံရမည်။ သူနာပြုသင်တန်းကိုတက်ရောက်သင်ကြားသောသူတို့သည် ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုဆိုင်ရာအခြေခံသဘောတရားရေးရာများကိုလည်းကောင်း၊ ခပ်သိမ်းသောအရာတို့တွင်ကျပ်တည်းစွာခြိုးခြံမှုရှိရန်လည်းကောင်း ဆရာဝန်ဖြစ်သူကစေ့စေ့စပ်စပ်သွန်သင်ပေးရမည်။ အဘယ်ကြောင့်ဆိုသော်သူတစ်ပါးအား ကျန်းမာခြင်းနှင့်ညီလျော်အောင် စားသောက်နေထိုင်မှုကို သွန်သင်ပေးရသောတာဝန်ကို ထမ်းဆောင်သောသူတို့ကိုယ်တိုင်က ကျန်းမာခြင်းဆိုင်ရာ ဥပဒေပညတ်များကိုလျစ်လျူရှုလျှင် သူတို့သည် ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်ကင်းကြမည် မဟုတ်ပေ။**7T, p. 74.**

ပညာပေးပါ၊ ပညာပေးပါ၊ ပညာပေးပါ။ ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားရေးရာများတို့သည်အလွန်ပင်အရေးကြီးသောကြောင့်လည်းကောင်း၊ ယင်းတို့ကို တလွဲတချော်နားလည်ခြင်း၊ လျစ်လျူရှုခြင်းနှင့်လုံးဝမသိခြင်းတို့သည် မကြာခဏဖြစ်ပျက်တတ်သောကြောင့်လည်းကောင်း ကျွန်ုပ်တို့၏ဘဝအသက်တာသည် ယင်းအခြေခံသဘောတရားရေးရာများနှင့်ညီညွတ်စေရန်သာမဟုတ်၊ ယင်းတို့ကို သူတစ်ပါးတို့အား သင်ကြားပြသနိုင်ရန် ကျွန်ုပ်တို့ကိုယ်တိုင်လည်း သင်ကြားပြသကြရမည်။ လူတကာတို့အားပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်းသွန်သင်ပေးရမည်။ ယင်းကိစ္စကိုသူတို့ရှေ့၌အစဉ်မပြတ်လတ်ဆတ်သောအခြေအနေ၌ထားရှိရမည်။ အိမ်ထောင်

စုတိုင်းကိုနှိုးဆော်ပေးရန်လိုအပ်သည်။ စိတ်ကိုအသိပညာပေး၍ မှန်ကန်သောပြုပြင်ပြောင်းလဲမှုဆိုင်ရာအခြေခံသဘော တရားရေးရာများကို ကျင့်သုံးရမည့်တာဝန်ကို သိရှိထမ်းဆောင်ရန် ဩတ္တပ္ပစိတ်ကို နှိုးဆော်ပေးရမည်။

ဤကိစ္စနှင့်စပ်ဆိုင်၍ ဓမ္မဆရာများသည် အထူးသဖြင့် သိရှိနားလည်ရမည်။ သိုးထိန်းများအနေဖြင့် သဘာဝ ဓမ္မ၏ဥပဒေပညတ်များကိုတမင်လာလျစ်လျူရှုခြင်းနှင့်မထီမဲ့မြင်ပြုခြင်းအတွက်ထုချေချက်ပေးရမည်။ ကျန်းမာမှုဆိုင်ရာ မှန်ကန်သောပြုပြင်ပြောင်းလဲမှုသည် အဘယ်အရာဖြစ်ကြောင်းကို ရှာဖွေ၍ ယင်းပြုပြင်ပြောင်းလဲမှုဆိုင်ရာအခြေခံ သဘောတရားရေးရာများကို ပညတ်အားဖြင့်လည်းကောင်း၊ ကိုယ်တိုင်၏ပုံသက်သေအားဖြင့်လည်းကောင်း လူတို့အား ပညတ်တစ်ခုပေါ်မှာပညတ်တစ်ခု သင်ကြားပေးရမည်။ ဤကိစ္စတွင် သူတို့၏တာဝန်ကို လျစ်လျူမရှုသင့်ပေ။ သူများ က တစ်ယူသန်၊ တစ်ဘက်စွန်းသမားဟုခေါ်သောကြောင့် တာဝန်ကို မစွန့်ပစ်သင့်ပေ။ စည်းဝေးကြီးများ ကျင်းပသော အခါ၌လည်းကောင်း၊ သင်တန်းများပေးသောအခါ၌လည်းကောင်း၊ အခြားအရေးကြီးသောစည်းဝေးများကျင်းပသော အချိန်၌လည်းကောင်း ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာသင်ခန်းစာများကို သင်ကြားပို့ချပေးရမည်။ ရနိုင်သမျှ သောစွမ်းရည်များကို အသုံးပြု၍ ယင်းကိစ္စနှင့်ပတ်သက်သော စာပေပရိယတ္တိများ အကူအညီဖြင့်သင်ကြားပြသပေးပါ။ “ပညာပေးပါ၊ ပညာပေးပါ၊ ပညာပေးပါ” ဆိုသည်မှာ ကျွန်ုပ်တို့၏ဆောင်ပုဒ်ဖြစ်သင့်ပေသည်။ **UM, 9.**

-o-

အပိုင်း ၉

# ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏အုတ်မြစ်ချခြင်း

## ၁ မီးမဖွားမီဩဇာသက်ရောက်မှုအရှိန်

ပြုပြင်ပြောင်းလဲမှုအစပြုသင့်သောဌာန။ ကျွန်ုပ်တို့၏မွေးရပ်ဌာနေချက်မြုပ်ပြည်မှချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းအကျင့်ဓလေ့ကို တောထုတ်ပစ်ရန် ကျွန်ုပ်တို့ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်သားများ၏ကြိုးပမ်းမှုသည် ထိထိရောက်ရောက်လိုရင်းမပေါက်လှပေ။ အနည်ထိုင်နေသောအကျင့်ဓလေ့များကိုရှင်းလင်းသုတ်သင်ပစ်ရန် မလွယ်ကူပေ။ ပြုပြင်ပြောင်းလဲမှုကို မိခင်များသည်မီးမဖွားမီအချိန်ကတည်းက ကြိုတင်၍အစပြုလုပ်ဆောင်ရမည်။ အကယ်၍ မြတ်ဘုရားရှင်ကချပေးထားတော်မူသောဩဝါဒများကို သစ္စာရှိစွာဖြင့်လိုက်နာစောင့်ထိန်းလျှင် ချုပ်တည်းခြိုးခြံမှု ကင်းမဲ့ခြင်းအလေ့အထသည် ရှိမည်မဟုတ်ပေ။

ပစ္စုပ္ပန်ခေတ်၏ကျန်းမာခြင်းနှင့်အသက်ကိုဖျက်ဆီးတတ်သောဆိုးသွမ်းသောအကျင့်ဓလေ့များကို မိမိတို့၏သားသမီးများကို ကာကွယ်ထားရန် ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်နိုင်ဖို့မိမိတို့၏အကျင့်ဓလေ့များကို ဘုရားသခင်၏အလိုတော်နှင့်တညီတညွတ်တည်းဖြစ်နေစေရန်ကြိုးပမ်းဖို့ မိခင်တိုင်းသည် အမြဲတမ်းကြိုးပမ်းကြရမည်။ ကိုယ်တော်ရှင်၏ကူညီထောက်ပံ့သောကျေးဇူးတော်အားဖြင့် မိမိတို့၏သားသမီးများအား အပျော်အပါးကြူးခြင်းနှင့်ချုပ်တည်းခြိုးခြံမှုကင်းခြင်းတို့၏အန္တရာယ်မှကာကွယ်ထားနိုင်ရန် မိခင်များသည် နှောင့်နှေးခြင်းမရှိပဲ မိမိကိုယ်ကို ဘုရားသခင်နှင့်မှုမှန်သော မိတ်သဟာယဖွဲ့မှုမျိုးရှိကြပါလေစေ။ **CD, pp. 225,226.**

မိခင်ဖခင်တို့၏အကျင့်ဓလေ့များ။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူသည် အများအားဖြင့် သူ၏စိတ်ယိုင်မှုများနှင့်ဆိုးသွမ်းသောဝါသနာများကို သူမှဆင်းသက်လာသောသားသမီးများအားကူးစက်စေတတ်သည်။ **R & H, Nov, 21, 1882.**

မိခင်၏အကျင့်ဓလေ့များသည် သားသမီးတို့အား ကောင်းကျိုးအတွက်ဖြစ်စေ၊ ဆိုးကျိုးအတွက်ဖြစ်စေ ထိခိုက်မှုရှိသည်။ မိခင်တို့သည် မိမိတို့သားသမီးများတို့၏ကောင်းကျိုးကိုလိုလားလျှင် သူတို့ကိုယ်တိုင်ကျင့်ဝတ်များ၊ ချုပ်တည်းခြိုးခြံခြင်းနှင့်ကိုယ့်အလိုငြင်းပယ်ခြင်းတို့ကို လိုက်နာကျင့်သုံးကြရမည်။ **CD, p. 218.**

ဆိုးသွမ်းမှုဘက် ယိမ်းယိုင်မှု၏အမွေခံ။ မိခင်ကသူ့သားသမီးများအား ပေးကမ်းသောအမွေအနှစ်အပေါ်တွင် သူမ၏အတွေးအခေါ်များနှင့်ခံယူချက်များသည် များစွာဩဇာသက်ရောက်မှုရှိသည်။ သူမ၏ခံယူချက်များပေါ်တွင် သူမ၏စိတ်ကိုစွဲလမ်းနေစေလျှင် တစ်ကိုယ်ကောင်းစိတ်မွေးမြူထားလျှင်၊ စိတ်ဆိုးလွယ်၍ အဓမ္မခိုင်းစေတတ်လျှင် သူမကလေး၏စိတ်နေသဘောထားက ယင်းအခြေအနေသည် ဟုတ်မှန်ကြောင်းကို သက်သေခံလိမ့်မည်။ ထိုနည်းအားဖြင့် များစွာသောသားသမီးတို့သည် အောင်မြင်နိုင်နင်းရန်ခဲယဉ်းသော ဆိုးသွမ်းသော အလေ့အကျင့်များကျင့်သုံးတတ်သောစိတ်သဘောထားကို အမွေအနှစ်အနေဖြင့်ရရှိကြသည်။ ဝိညာဉ်များ၏ရန်သူသည် အများသောမိဘတို့ထက် ဤကိစ္စ ကိုပိုမိုနားလည်သည်။ မိခင်များသည် သူ့ကိုမတွန်းလှန်မခုခံလျှင် ယင်းမိခင်များမှတစ်ဆင့် သူတို့သားသမီးများကို ထိခိုက်အောင်ပြုလုပ်နိုင်သည်ကို စာတန်သည်သိရှိသည်အတွက်ကြောင့်၊ ယင်းမိခင်များကို စုံစမ်းသွေးဆောင်ခြင်းအမျိုးမျိုးကို ပေးလိမ့်မည်ဖြစ်သည်။ မိခင်များ၏တစ်ခုတည်းသောမျှော်လင့်ချက်သည် ဘုရားသခင်ပင်ဖြစ်သည်။ ခွန်အားနှင့်ကျေးဇူးတော်အတွက် မိခင်တို့သည် ကိုယ်တော်ထံသို့ ချဉ်းကပ်နိုင်ကြသည်။ ယင်းကဲ့သို့ ချဉ်းကပ်ခြင်းသည် အကျိုးမဖြစ်ထွန်းပဲ မရှိရ။ **ST, Sept. 13, 1910.**

မိခင်တိုင်းအတွက် ဘုရားသခင်၏အမှာစကား။ မိခင်များဘဝအသက်တာတွင် ကျင့်သုံးနေသောအကျင့်ဓလေ့များကို သတိရှိရှိဖြင့်ကာကွယ်စောင့်ထိန်းထားရမည်အကြောင်းနှင့် စပ်ဆိုင်၍သမ္မာကျမ်းစာထဲတွင် သွန်သင်ထားပါသည်။ ရှံဆုန်ကိုဣသရေလလူမျိုးကိုကယ်လွှတ်ရန်ခေါင်းဆောင်အနေဖြင့်ရွေးကောက်တော်မူသောအခါ “ထာဝရဘုရား

၏ကောင်းကင်တမန်သည်" မိခင်အားကိုယ်ထင်ရှား၍ သူမကျင့်သုံးရမည့်အကျင့်ဓလေ့များနှင့်သူငယ်ကို ကြည့်ရှုပြုစုရန် နည်းလမ်းများကို အထူးသြဝါဒအနေဖြင့်ပေးလေသည်။ မိခင်အားကောင်းကင်တမန်က "စပျစ်ရည်ကိုမသောက်နှင့်၊ သေရည်သေရက်ကိုမသောက်နှင့်၊ မစင်ကြယ်သောအစာကိုမစားနှင့်"ဟု မှာကြားထားတော်မူလေသည်။ သူကြီး ၁၃း၁၃၊ ၇။

သားသမီးများအပေါ်တွင် အများသောမိဘတို့၏သြဇာသက်ရောက်မှုသည် အရေးပါအရာမရောက်ဟု အများသောသူတို့က ယူဆတော်မမူပေ။ ဘုရားသခင်၏ကောင်းကင်တမန်ကပေးသောအမှာစကားကို နှစ်ကြိမ်တိတိပြတ်ပြတ်သားသား လေးလေးနက်နက်ပေးခြင်းက ယင်းအမှာစကားကို ကျွန်ုပ်တို့အနေဖြင့် သေချာဂနစ္စာစဉ်းစားဆင်ခြင်ထိုက်ကြောင်းကို ပြသသည်။

ဟေဗြဲအမျိုးသမီးမိခင်အား ပြောဆိုခိုင်းသောစကားများအတိုင်း ခေတ်ကာလတိုင်းမှ မိခင်များကိုလည်း ဘုရားသခင်သည် မိန့်မှာတော်မူသည်။ ကောင်းကင်တမန်က "ငါမှာထားသမျှအတိုင်း စောင့်ရှောက်ရမည်" ဟုဆိုလေသည်။ မိခင်က လိုက်နာကျင့်သုံးသောအကျင့်ဓလေ့တို့သည် ကလေးသူငယ်၏ကောင်းစားခြင်းကိုပြုပြင်လိမ့်မည်။ သူမ၏ရသာရုံနှင့်တပ်မက်ခြင်းများကို ကျင့်ဝတ်အသိဉာဏ်ဖြင့် အုပ်ထိန်းထားရမည်။ သူမအား သားကိုပေးတော်မူရာတွင် ဘုရားသခင်၏ရည်စူးချက်ကို သူမအနေဖြင့်အကောင်အထည်ဖော်နိုင်ရန် သူမရှောင်ကြဉ်ရမည့်အရာများ၊ မပြုလုပ်ရမည့်အလုပ်အကိုင်များရှိလေသည်။ အကယ်၍ သားကိုမဖွားမြင်မီ သူမသည် မိမိခံတွင်းအလိုကိုလိုက်နေလျှင်၊ သူမသည် တစ်ကိုယ်ကောင်းစိတ်မျိုးမွေးမြူလျှင်၊ သည်းခံတတ်သောစိတ်ကင်းမဲ့လျှင်၊ အတင်းအဓမ္မစေခိုင်းတတ်လျှင် ယင်းစိတ်သဘောထားများသည် မွေးဖွားလာသောသားတွင်ထင်ပေါ်လာမည်။ ဤနည်းအားဖြင့် များစွာသောသားသမီးတို့သည် အောင်မြင်နိုင်နင်းရန် ခဲယဉ်းသောဆိုးသွမ်းသောအလေ့အကျင့်များကို အမွေအနှစ်အနေဖြင့် ရရှိကြသည်။ သို့ရာတွင် မိခင်သည် မှန်ကန်သောကျင့်ဝတ်များကို မဆုတ်မနစ်ကိုင်စွဲထားလျှင်၊ သူမသည် ချုပ်တည်းငြိုးခြံမှုကျင့်သုံး၍ ကိုယ့်အလိုကိုငြင်းပယ်လျှင်၊ သူမသည်သနားကြင်နာတတ်လျှင်၊ နူးညံ့သိမ်မွေ့၍အတ္တစိတ်ကင်းမဲ့လျှင်၊ သူမသည်ဤအဖိုးထိုက်သောအကျင့်ဓလေ့များကိုပင် သူ့သားသမီးများအား လက်ဆင့်ကမ်းနိုင်သည်။ မိခင်အနေဖြင့် သေရည်သေရက်ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း တိကျပြတ်သားစွာ အမိန့်တော်ချမှတ်ထားသည်။ သူမ၏ခံတွင်းအလိုသို့လိုက်သည်အနေဖြင့် သောက်စားသမျှသော သေရည်သေရက်အရက်တိုင်းသည် သူမသားသမီး၏ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလ ကျန်းမာရေးကို အန္တရာယ်ပြု၍ သူမ၏ဖန်ဆင်းရှင်ဘုရားသခင်ကိုလည်း တိုက်ရိုက်ပြစ်မှားရာရောက်သည်။ **MH, pp. 372. 373.**

နောင်လာနောက်သားတို့အတွက်တာဝန်ရှိခြင်း။ နောင်လာနောက်သားတို့သည် သူတို့၏အပြုအမူများကြောင့် စိတ်သဘောထားမြင့်မြတ်လာသည် သို့မဟုတ် ယုတ်ညံ့လာသည်ကို သိရှိသောအသိစိတ်ဓါတ်ဖြင့် အတိတ်ကာလက လူမျိုးအစဉ်အဆက်မှ အမျိုးသမီးများသည် အမြဲတမ်းမြင့်မြတ်သောစိတ်သဘောထားဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါလျှင် သေရည်သေရက်နှင့်နှေးကွေးသော်လည်း မုချသေစေတတ်သော အဆိပ်အတောက်လည်းဖြစ်၍ အကြောစုများကို အင်အားဆုတ်ယုတ်စေသည်သာမက စိတ်၏မြင့်မြတ်သောစွမ်းရည်များကို ထိုင်းမှိုင်းယုတ်ညံ့စေသောဆေးလိပ်တို့ကို အငမ်းမရ တပ်မက်ကြသော အမျိုးသားမျိုးတို့နှင့် မေတ္တာဂဟေဆက်ပေါင်းဖက်ကြမည်မဟုတ်ပေ။ ဤဒုစရိုက် အကျင့်ဆိုးများကို ယောကျ်ားများအနေဖြင့် စုံမက်နေမည်ဆိုလျှင် သူတို့ရွေးချယ်သောအပေါင်းအဖော်ဖြစ်သော ယင်းမူးယစ်သောအသုံးအဆောင်များနှင့်တူစုံပျော်မြူးနေစေရန် အမျိုးသမီးများအနေဖြင့် သူတို့ကိုလူပျိုကြီးတစ်ကိုယ်တည်းဘဝနှင့် ပင်ရပ်တည်နေပါလေစေ။ ထိုကဲ့သို့သောယောကျ်ားမျိုးကို အိမ်ထောင်ဖက်အဖြစ်မရွေးချယ်ပါနှင့်။မိမိတို့၏ခံတွင်းအလိုလိုက်ခြင်းကို ချုပ်တည်းထားနိုင်ခြင်းမရှိပဲ သူတို့၏အဓိကပျော်ရွှင်ခြင်းတွင် စားသောက်မူးယစ်ခြင်းအားဖြင့် သူတို့၏တိရစ္ဆာန်ဆန်သော တပ်မက်မှုများကို လိုက်စားကြသောအမျိုးသားမျိုးနှင့် မှအကြောင်းဖက်ပေါင်းဖက်ရလောက်အောင် မိမိတို့အနေဖြင့် တန်ဖိုးကင်းမဲ့လှသည်ဟု အမျိုးသမီးများက မယူဆအပ်ပေ။

အမျိုးသမီးများသည် စိတ်ဇောတိုက်တွန်းချက်နေရာတွင် ဆင်ခြင်တုံတရား၏နှိုးဆော်ချက်ကို အမြဲတမ်း လိုက်နာကျင့်သုံးခြင်းမရှိကြပေ။ ကျန်းမာခြင်းနှင့်အသက်ကိုပင် အနစ်နာခံစေလျက် နိမ့်ကျသောအကျင့်စာရိတ္တနှင့်ယုတ်ညံ့သောခံတွင်းအလိုလိုက်လျောလိုသော တပ်မက်ခြင်းမျိုးကိုမိမိတို့၏သားသမီးများအား စွဲလမ်းစေမည့် အိမ်ထောင်ဖက်ပြုခြင်းများကို ရှောင်ကြဉ်ရန်တာဝန်ရှိကြောင်းကို အမျိုးသမီးများသည် စေ့စေ့စပ်စပ် ဂရုစိုက်ခြင်းမရှိကြပေ။ ဤနည်းအား

ဖြင့် နောင်လာနောက်သားတို့ကို လက်ဆင့်ကမ်းသောကိုယ်ခန္ဓာကျန်းမာခြင်းနှင့်အကျင့်စာရိတ္တများအတွက် ယင်းမိခင်တို့သည် ဘုရားသခင်အား တာဝန်ယူစာရင်းရှင်းပြရမည်ဖြစ်သည်။ **HTL, No. 2, pp. 27, 28.**

မွေးခါစကလေး။ မိခင်နှင့်ဖခင်တို့က မေးမြန်းရမည့်မေးခွန်းမှာ "ငါတို့၌ထွန်းကားလာသောသားသမီးရတနာကလေးတွေကို ငါတို့သည် ဘယ်ကဲ့သို့ ကြည့်ရှုပြုစုကြရပါမည်နည်း။" သားသမီးများ မမွေးဖွားမီ မိခင်အနေဖြင့် လိုက်နာကျင့်သုံးအပ်သောလမ်းစဉ်ကို ဤစာရှုသူတို့အားကျွန်ုပ်တို့ချပြပြီးခဲ့ပါပြီ။ သို့ရာတွင် ကျွန်ုပ်တို့တင်ပြခဲ့ပြီးသောအရာများသည် အကုန်မဟုတ်သေးပါ။ မိဘတို့သည် မိမိတို့၏ဝတ္တရားကိုပြည့်ပြည့်စုံစုံနားလည်စေရန် သားသမီးများမွေးဖွားပြီးသည်နောက်ပိုင်းတွင် သူတို့အားကြည့်ရှုပြုစုရန်အတွက် ညွှန်ကြားချက်များကိုပေးရန် ကောင်းကင်တမန်ဂါဗြေလကို ကောင်းကင်တံတိုင်းတော်တို့မှ စေလွှတ်လိုက်တော်မူသည်။

ခရစ်တော်ပထမအကြိမ်ပေါ်ထွန်းတော်မူသောအချိန်လောက်တွင် ကောင်းကင်တမန်ဂါဗြေလသည်မာနော်အားပေးသောအမှာစကားနှင့်တူညီသောအမှာစကားကို ဇာခရိထံသို့ ယူဆောင်လာလေသည်။ အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော ပရောဖက်ကြီးအား သူ့ဇနီးသည် သားယောက်ျားကို ဖွားမြင်မည်ဖြစ်ကြောင်း၊ ယင်းသားရတနာကို ယောဟန်ဟုနာမည်မှည့်ရမည်ဖြစ်ကြောင်းတို့ကိုပြောကြားလေသည်။ ကောင်းကင်တမန်က "သင်သည်ဝမ်းသာရွှင်မြူးခြင်းရှိလိမ့်မည်။ ထိုသားကိုဖွားမြင်သောကြောင့် လူအများတို့သည်လည်း ဝမ်းမြောက်ခြင်းသို့ ရောက်ကြလိမ့်မည်။ အကြောင်းမူကား ထိုသားသည် ထာဝရဘုရားရှေ့တော်၌ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ စပျစ်ရည်နှင့် ယစ်မျိုးကိုမသောက်ပဲ နေ၍ အမိဝမ်းထဲကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလိမ့်မည်။" ဟု ပြောကြားလေသည်။ ဤကတိတော်ဆိုင်ရာ သားရတနာကလေးကို တင်းကြပ်သောချုပ်တည်းခြိုးခြံသောအကျင့်ဓလေ့များအရ ထိန်းကျောင်းပြုပြင်လာမည်ဖြစ်သည်။ ခရစ်တော်၏လာရာလမ်းကို ပြင်ဆင်ပေးရန် အရေးပါအရာရောက်လှသောအလုပ်အကိုင်ကို သူ့အားအပ်နှင်းရမည်။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် ပုံစံအမျိုးမျိုးဖြင့် လူတို့တွင်ရပ်တည်နေသည်။ သေရည်သေရက်နှင့်အဆီအအိမ့်များသော အစားအစာများ သုံးဆောင်ခြင်းသည် ကိုယ်ခန္ဓာအင်အားကို ဆုတ်ယုတ်စေ၍စာရိတ္တကြံ့ခိုင်မှုကို များစွာယုတ်ညံ့စေသောကြောင့် အလွန်ပင်စက်ဆုပ်ဖွယ်ဖြစ်သောပြစ်မှုများပင်လျှင် အပြစ်မရှိဟု ယူဆတတ်ကြသည်။ ယောဟန်၏အသံသည် တောတွင်းမှနေ၍ လူတို့၏အပြစ်များသောလိုက်စားမှုတို့ကို ပြင်းထန်စွာ ရှုတ်ချဆုံးမ၍ သူ့ကိုယ်တိုင်၏အသောက်အစားရှောင်ကြဉ်သောအကျင့်ဓလေ့များသည် သူ့ခေတ်တွင် အစားအသောက်ကြူးသောအပြစ်များကို အပြစ်ဖော်ပြဆုံးမချက်အနေဖြင့် ရပ်တည်နေရမည်။ **CD, p. 225.**

## ၂ အမွေခံထားသောအကျင့်ဓလေ့များ၏အင်အား

ဆန္ဒမပြည့်နိုင်သောတောင့်တမှုများ။ မိဘနှစ်ဦးစလုံးက သူတို့၏ဉာဏနှင့်ကာယဆိုင်ရာ သီးခြားထင်ရှားသောဂုဏ်အင်္ဂါများ၊ သူတို့၏စိတ်နေသဘောထားများနှင့်ခံတွင်းအလိုဆန္ဒများတို့ကို သူတို့သားသမီးများအား လက်ဆင့်ကမ်းကြသည်။ မိဘတို့၏ချုပ်တည်းခြိုးခြံမှုကင်းမဲ့မှုကြောင့်သားသမီးများတို့သည် အများအားဖြင့် ကာယဗလ၊ ဉာဏဗလ နှင့် စာရိတ္တဗလတို့ ညံ့ဖျင်းကြသည်။ သေရည်သေရက်နှင့်ဆေးလိပ်သောက်သောသူတို့သည် သူတို့၏ဆန္ဒမပြည့်ဝနိုင်သောတောင့်တမှုများ၊ လူတို့၏ပူလောင်နေသောသွေးနှင့်ဒေါသထွက်သောအကြောအခြင်များကို သူတို့၏သားသမီးများသို့လက်ဆင့်ကမ်းကြသည်။ ကာမဂုဏ်လိုက်စားတတ်သောသူတို့သည် မသန့်ရှင်းသောသူတို့၏လိုအင်ဆန္ဒများနှင့် ရွံ့ရှာဖွယ်ကောင်းသောရောဂါဝေဒနာတို့ကိုပင် သူတို့၏သားသမီးများကို အမွေအနှစ်အနေဖြင့် ပေးကမ်းကြသည်။ သားသမီးများတို့သည် သူတို့၏မိဘများလောက် စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်အားမရှိသောကြောင့် လူမျိုးအစဉ်အဆက်များတွင် တစ်ဆက်ပြီးတစ်ဆက် ယင်းတွန်းလှန်အားသည် နိမ့်သည်ထက် နိမ့်ကျလာသည်။ **PP, p. 561.**

လူမျိုးတတိယအဆက်နှင့် စတုတ္ထအဆက်တိုင်အောင်။ ကမ္ဘာကြီးအားရောဂါဝေဒနာများဖြင့်ပြည့်နှက်နေစေသည့် ဓလေ့ထုံးစံများနှင့်ရသာရုံ လိုက်စားမှုများကို ကျွန်ုပ်တို့၏ဘိုးဘေးများကကျွန်ုပ်တို့အား အမွေအနှစ်အနေဖြင့် လက်ဆင့်ကမ်းခဲ့ကြသည်။ မှောက်မှားသော ခံတွင်းအလိုကို လိုက်စားခြင်းအားဖြင့် မိဘတို့၏အပြစ်ဒုစရိုက်များသည်ကြောက်မက်ဖွယ်ကောင်းသောအင်အားမျိုးဖြင့်လူမျိုးအစဉ်အဆက်တတိယအဆက်နှင့်စတုတ္ထအဆက်တိုင်အောင်

ဆင်းသက်လာကြသည်။ လူမျိုးအဆက်ဆက်က ကျင့်သုံးခဲ့သောအစားမှား အသောက်မှားအကျင့်ဓလေ့များနှင့် လူတို့၏အစားကြူးခြင်းနှင့်ခံတွင်းအလိုလိုက်သောအကျင့်ဓလေ့များတို့သည် ဆင်းရဲသားဂေဟာများ၊ အကျဉ်းထောင်များနှင့် စိတ္တဇဆေးရုံများ၏လူဦးရေကို ဆတက်ထမ်းပိုး တိုးစေခဲ့သည်။ လက်ဖက်ရည်နှင့် ကော်ဖီ၊ သေရည်သေရက်မျိုးစုံ၊ ဆေးလိပ်၊ ဘိန်းနှင့်အခြားမူးယစ်ဆေးဝါးများကို ချုပ်တည်းခြိုးခြံမှုကင်းမဲ့စွာ သုံးစွဲနေခြင်းသည် ဉာဏဗလနှင့်ကာယဗလများကို များစွာဆုတ်ယုတ်စေ၍ ယင်းဆုတ်ယုတ်ခြင်းသည်လည်း အမြဲတစေ တိုးတက်ဆိုးရွားလျက်ရှိသည်။ **R & H, July 29, 1884.**

နောင်လာနောက်သားတို့အတွက် အမွေအနှစ်။ ကိုယ်ခန္ဓာနှင့်ဆိုင်သောဥပဒေပညတ်များနှင့်ဆန့်ကျင်သောမိဘတို့၏အကျင့်ဓလေ့သည် ကျင့်သုံးသောမိဘတို့ကို ထိခိုက်သည်သာမက သူတို့မှပေါက်ပွားလာသော လူမျိုးအစဉ်အဆက်သို့လည်း အမွေအနှစ်အနေဖြင့် ဆင်းသက်ထိခိုက်မှုရှိလေသည်။ **M, 3, 1897.**

ရှေးခေတ်မှ လူမျိုးအစဉ်အဆက်တို့၏အပြစ်ဒုစရိုက်များကြောင့် ပစ္စုပ္ပန်ခေတ်မှ လူမျိုးတို့သည် စုပုံနေသော ဆင်းရဲဒုက္ခတောင်ကြီးအောက်တွင် ပိပြားလျက်ရှိနေကြသည်။ သို့ဖြစ်လင့်ကစား၊ ယင်းအခြေအနေကို စဉ်းစားဆင်ခြင်ခြင်းမရှိပဲ ပစ္စုပ္ပန်ခေတ်မှအမျိုးသား၊ အမျိုးသမီးတို့သည် သောက်စားမူးယစ်ခြင်းအလေ့အထကို ချုပ်တည်းခြိုးခြံမှုကင်းမဲ့စွာ ကျင့်သုံးနေခြင်းအားဖြင့် နောင်လာနောက်သားတို့အား ရောဂါဝေဒနာများချည့်နဲ့ယုတ်ညံ့သောစွမ်းရည်များနှင့်ညစ်ညမ်းသောစာရိတ္တများကို အမွေအနှစ်အနေဖြင့် လက်ဆင့်ကမ်းနေကြ၏။ **4T, p. 31.**

အမွေခံထားသောစိတ်ယိုင်မှုများကို ကန့်ကွက်ဖျက်ဆီးခြင်း။ မိဘများသည် မိမိတို့၏သားသမီးများအား ခံတွင်းအလိုရမ္မက်နှင့်တပ်မက်ခြင်းမျိုးစုံလိုက်စားမှုဘက်သို့စိတ်ယိမ်းယိုင်မှုများကို လက်ဆင့်ကမ်းခဲ့ပေသည်။ ယင်းစိတ်ယိုင်မှုများ၏ပယောဂကြောင့် ယင်းသားသမီးများအား မှန်ကန်စွာချုပ်တည်းခြိုးခြံမှုကို စောင့်ထိန်းစေရန်နှင့် သန့်ရှင်းစင်ကြယ်၍ ပါရမီရှိသောအကျင့်ဓလေ့များကိုလက်ကိုင်ထားကြစေရန် သင်ကြားပို့ချရေးလုပ်ငန်းသည် ပိုမိုကြီးမားသော အခက်အခဲနှင့်ရင်ဆိုင်ရလေသည်။ အကယ်၍ကျန်းမာမှု မဖြစ်စေသောအစားအစာများ၊ လှုံ့ဆော်သောအသုံးအဆောင်များနှင့်အဆိပ်အတောက်ဖြစ်သောအရာများသုံးစွဲလိုသောခံတွင်းတောင်းဆိုမှုကို မိဘများက အမွေအနှစ်အနေဖြင့် မိမိတို့၏သားသမီးများကို လက်ဆင့်ကမ်းကြသည်ဆိုလျှင် မိမိတို့၏သားသမီးများအား လက်ဆင့်ကမ်းထားသည့် ယင်းဆိုးသွမ်းသော စိတ်ယိမ်းယိုင်မှုများကို တိုက်ဖျက်ရန် မိဘများအပေါ်တွင် မည်မျှကြီးလေးသည့် တာဝန်ကျရောက်နေဘိသနည်း။ ကံမကောင်း အကြောင်းမလှရှာသော သူတို့၏ရင်သွေးရင်နှစ်များအား ပြုအပ်သောဝတ္တရားကို ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းတို့နှင့် စိတ်ထက်သန်စွာဖြင့်လည်းကောင်း၊ ဝီရိယရှိစွာဖြင့်လည်းကောင်း ဆောင်ရွက်ရန် မိဘများအနေဖြင့် များစွာသင့်လျော်သည် မဟုတ်ပါလော။ **3T, pp. 567, 568.**

ဆိုးသွမ်းမှုဒီရေကို ရင်ဆိုင်တွန်းလှန်တားဆီးခြင်း။ မိဘတို့၏အပြစ်ဒုစရိုက်ကြောင့် အများသောသူတို့သည် ဒုက္ခဝေဒနာကို ခံစားရကြသည်။ သူတို့မိဘများကျူးလွန်ခဲ့သမျှအတွက် သားသမီးတို့၏တာဝန်ဘာမျှမရှိသော်လည်း ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို ကျူးလွန်ခြင်းဖြစ်သောလုပ်ရပ်များသည် ဘယ်သင်းဘယ်ဟာဖြစ်မည်ကို ရှာဖွေသိရှိရန် သူတို့၏တာဝန်ဖြစ်သည်။ မိဘတို့၏မှားယွင်းသောအကျင့်ဓလေ့များကို ရှောင်ကြဉ်၍မှန်ကန်သော အနေအထိုင်အားဖြင့် သူတို့ကိုယ်တိုင်ကို ပိုမိုကောင်းမွန်သောအခြေအနေတွင် ရပ်တည်နေစေရမည်။ **MH, p, 234.**

ပိုမိုကြံ့ခိုင်သောစာရိတ္တဗလယခုအခါလိုအပ်နေခြင်း။ စာတန်၏စုံစမ်းသွေးဆောင်ခြင်းများကို ခုခံကာကွယ်ရန်၊ ဇင်းအပြင် လွဲမှားသောခံတွင်းအလိုအနည်းငယ်မျှပင် လိုက်စားခြင်းကို တွန်းလှန်ရန်၊ ဘုရားသခင်ကျေးဇူးတော်ပြုပြင်ခြင်းအားဖြင့်ခိုင်မာသန်စွမ်းလျက်ရှိသောအလိုဆန္ဒ၏အကူအညီကို ဤလူမျိုးအစဉ်အဆက်တို့ကလိုအပ်နေခြင်းသည် လွန်ခဲ့သောလူမျိုးအစဉ်အဆက်များထက်အဆပေါင်းများစွာကြီးမားလျက်ရှိနေသည်။ သို့ရာတွင် ယခုခေတ်လူမျိုးအစဉ်အဆက်သည် ထိုရှေးအချိန်က လူမျိုးအစဉ်အဆက်ထက် ကိုယ့်ကိုယ်ကိုယ် ချုပ်ထိန်းနိုင်သောစွမ်းအား ပိုမိုနည်းပါးကြသည်။ ကိုယ်ခန္ဓာမှအင်္ဂါအစိတ်အပိုင်းများကိုလှုံ့ဆော်သော အစားအစာအသုံးအဆောင်များကို စားသောက်ခဲ့ကြသောသူတို့သည် သူတို့၏မှားယွင်းသောခံတွင်းအလိုများနှင့်တပ်မက်ခြင်းတို့ကို သူတို့၏သားသမီးများကို လက်ဆင့်ကမ်းခဲ့ကြသောကြောင့် ချုပ်တည်းခြိုးခြံမှုပုံသဏ္ဍာန်မျိုးစုံကို တွန်းလှန်ကာကွယ်ရန် ယခုအခါတွင် ပိုမိုကြံ့ခိုင်သောစာရိတ္တဗလကို လိုအပ်လျက်ရှိပေသည်။ တစ်ခုတည်းသောစိတ်ချရသည့်လမ်းစဉ်မှာ၊ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ရပ်တည်နေ၍ ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုကို ကျပ်တည်းစွာကျင့်သုံးလျက် အန္တရာယ်ရှိသောလမ်းထဲသို့ အရဲစွန့်၍ဝင်မသွားရန် အမြဲတမ်းသတိပြုရမည်။ **CTBH, p. 37.**

## ၃ အပြုအမူပုံစံများ ပုံသွင်းခြင်း

သူငယ်ဘဝမှအစပြုပါ။ မိဘတို့သည် ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို တိုက်ပွဲဆင်ရာတွင် မိမိတို့နေအိမ်ရှိမီးပုံဘေး၌လည်းကောင်း၊ မိမိတို့အိမ်ထောင်များ၌လည်းကောင်း၊ သားသမီးများကို ဆုံးမသွန်သင်ရာ၌လည်းကောင်းသူတို့၏ငယ်ရွယ်သောဘဝမှအစပြု၍ဆောင်ရွက်ပေးသင့်ကြပေသည်။ ထိုကဲ့သို့ပြုလုပ်ကြသော မိဘနှစ်ပါးတို့သည် အောင်မြင်မှုကို မျှော်လင့်နိုင်ကြသည်။ **3T, p. 567.**

မပြတ်မလပ်သင်ကြားပို့ချပါ။ သင်၏သားသမီးများအား သူတို့ကိုယ်ကိုငြင်းပယ်ရန်နှင့်ကိုယ်ကိုချုပ်ထိန်းထားနိုင်ရန် ငယ်စဉ်တောင်ကျေးကလေးဘဝမှ သင်ကြားပို့ချပေးပါ။ လတ်တလော ကိုယ့်အလိုဆန္ဒပြည့်စေရန်မဟုတ်ပဲ နောက်ဆုံးအကောင်းဆုံးကောင်းကျိုးဖြစ်ထွန်းမှုအတွက် နေထိုင်လုပ်ကိုင်ကြရန် ဘုရားသခင်က အလိုတော်ရှိတော်မူကြောင်းကို သားသမီးများအားသိစေရမည်။ စုံစမ်းသွေးဆောင်ခြင်းကို လိုက်လျှောခြင်းသည် အားနည်းခြင်းနှင့်ဆိုးယုတ်ခြင်းဖြစ်ကြောင်း၊ ယင်းစုံစမ်းသွေးဆောင်ခြင်းကို မြင့်မြတ်သောစိတ်နှင့် ယောကျ်ားပီသစွာတွန်းလှန်ရမည်ဖြစ်ကြောင်း သင်ကြားပို့ချပေးပါ။ ယင်းကဲ့သို့သင်ကြားပို့ချပေးသောသင်ခန်းစာများသည် ကောင်းသောမြေ၌စိုက်ပျိုးသောအစေ့ကဲ့သို့ဖြစ်၍ မိဘဖြစ်သောသင်တို့အား ဝမ်းမြောက်ရွှင်လန်းစေမည့် အသီးများသီးပေးပါလိမ့်မည်။ **MH, p. 386.**

စောစောအစပြုခြင်းအရေးကြီးပုံ။ သားသမီးများအားသင်ကြားပေးရာတွင် စောစောအစပြုခြင်းသည် များစွာပင် အရေးကြီးလှပေသည်။ သူငယ်ဘဝ၌ သင်ကြားခဲ့ရသောသင်ခန်းစာများ၊ ပုံသွင်းခဲ့ရသောအကျင့်ဓလေ့များတို့သည် ကြီးပြင်းမှရရှိသောသွန်သင်မှုအားလုံးတို့ထက် အကျင့်စာရိတ္တအဆောက်အအုံကို ဆောက်လုပ်ခြင်းနှင့်ဘဝသက်တာလမ်းကြောင်းကိုပဲ့ကိုင်ပေးခြင်းတို့နှင့် ပိုမိုသက်ဆိုင်ပတ်သက်နေသည်။ **MH, p. 380.**

စောစောပိုင်းမှအကျင့်ဓလေ့များ၏ခရီးရောက်ပုံ။ အကျင့်စာရိတ္တကိုအများအားဖြင့် ငယ်စဉ်တောင်ကျေးအကလေးဘဝတွင် ပုံသွင်းရသည်။ ယင်းအချိန်တွင် ပုံသွင်းထား၍ အနည်ထိုင်ပြီးဖြစ်သော အကျင့်ဓလေ့များသည် လူတို့ကို ဉာဏဗလတွင် စွမ်းရည်ထူးချွန်သူများ သို့မဟုတ် ထုံထိုင်းသူများအဖြစ်သို့ ပြုပြင်ပြောင်းလဲပေးရာ၌ ဝမ်းတွင်းပါစွမ်းရည်များထက်သြဇာသက်ရောက်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော်မှားယွင်းသောအကျင့်ဓလေ့များ၏ပယောဂကြောင့် အထက်မြက်ဆုံးစွမ်းရည်များသည်ပင်ချည့်နဲ့ယိုယွင်းလာနိုင်သည်။ အန္တရာယ်ပြုသောအကျင့်ဓလေ့များကို စွဲလမ်းမှုသည် အချိန်စောလေလေ ကာယကံရှင်အား ယင်းအကျင့်ဓလေ့များက ပိုမိုခိုင်မြဲစွာဖမ်းကိုင်ထားလေလေဖြစ်သောကြောင့် ကာယကံရှင်၏ဝိညာဉ်ရေးအခြေအနေသည် နိမ့်ကျလာမည်ဖြစ်သည်။ **CH, pp. 112, 113.**

အနည်ထိုင်နေပြီးသောအကျင့်ဓလေ့များကိုဖျောက်ဖျက်ပစ်ရန်ခဲယဉ်းခြင်း။ ဘဝအသက်တာတစ်လျှောက်လုံးတွင် ကျင့်သုံးခဲ့သောအကျင့်ဓလေ့များကို ဖျောက်ဖျက်ပစ်ရန် အလုပ်သည် အခက်အခဲဆုံးဖြစ်သည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဆိုင်ရာ နတ်ဆိုးသည်အလွန်ပင်ခွန်အားကြီးမားသည်ဖြစ်သောကြောင့် လွယ်လွယ်ကူကူဖြင့်အောင်မြင်နိုင်နင်းမှု မရရှိနိုင်ပေ။ မိခင်တို့၊ သင်တို့အား ဘုရားသခင်က ပေးသနားတော်မူသောအဖိုးတန်သောအချိန်ကို သင်တို့၏သားသမီးများ၏စာရိတ္တကို ပုံသွင်းပေးရာတွင်လည်းကောင်း၊ စားရေးသောက်ရေးတွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားများကို သေချာမှန်ကန်စွာလိုက်နာကျင့်သုံးရန်သင်ကြားပို့ချရာတွင်လည်းကောင်း အသုံးပြုလျှင် များစွာအကျိုးကျေးဇူးဖြစ်ထွန်းလိမ့်မည်ဖြစ်သည်။ **CTBH, p. 79.**

သေရည်သေရက်သောက်သောအလေ့အထကို စောစောကျင့်သုံးခြင်း။ ကိုယ်ခန္ဓာမှအင်္ဂါအစိတ်အပိုင်းများ ကိုလှုံ့ဆော်ပေးသောအသုံးအဆောင်များကို မုန်းတီးရန် သင်တို့၏သားသမီးများကို သွန်သင်ပေးပါလေ။ ဤအသုံးအဆောင်များကို သောက်စားလိုသောဆန္ဒကို သားသမီးများတွင်အသိတရားကင်းမဲ့စွာသွတ်သွင်းပေးနေသောမိဘများမည်မျှလောက်များပြားလျက်ရှိသနည်း။ ဥရောပတိုက်တွင် သူနာပြုဆရာမများသည် အရက်ခွက်ကို အပြစ်ကင်းသောကလေးများ၏ပါးစပ်များတွင်တပ်ပေးသည်ကို ကျွန်ုပ်တို့တွေ့ရှိခဲ့ရပါသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းအားဖြင့် လှုံ့ဆော်သောအသုံးအဆောင်များလိုက်စားလိုသောဆန္ဒကို ကလေးများတွင်ဖန်တီးပေးကြသည်။ ယင်းကလေးများသည်ကြီးပြင်း

လာသောအခါ ယင်းလှုံ့ဆော်သောအသုံးအဆောင်များကို ပိုမို၍အားကိုးအားထားပြုလာကြရာတွင် တစ်စတစ်စဖြင့် သူတို့သည် မကောင်းမှု၏အနိုင်ခံ၍အကူအညီရယူနိုင်သောနေရာမှ အဝေးရပ်သို့မျောပါသွားသည့်နောက်ဆုံးတွင် ယစ်ထုပ်ကြီးအနေဖြင့် မရဏာအတွင်းသက်ဆင်းရကြလေတော့သည်။ **CD, p. 235.**

ပထမသုံးနှစ်။ ကလေးသူငယ်တစ်ဦး၏ပထမသုံးနှစ်တွင် တစ်ကိုယ်ကောင်းစိတ်၊ ဒေါသစိတ်နှင့်သူလုပ်ချင်သောအရာ လွတ်လပ်စွာလုပ်ပိုင်ခွင့်များကို ကျင့်သုံးခွင့်ပေးစမ်းကြည့်ပါ။ နောင်သောအခါ သူ့ကောင်းကျိုးကို ဖြစ်စေမည့်စည်းကမ်းများကို လိုက်နာကျင့်သုံးဖို့ ပြုပြင်ပေးရန်ခဲယဉ်းနေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူ့စိတ်နေသဘောထားသည် ခက်ထန်နေလေပြီ။ သူ့စိတ်ကြိုက်လုပ်ခွင့်ကို လက်မလွှတ်လိုတော့ပြီ။ မိဘများ၏အုပ်ထိန်းမှုသည် သူ့အတွက် မလိုလားအပ်သောကိစ္စဖြစ်နေလေပြီ။ ဤဆိုးသွမ်းယုတ်မာသော စိတ်သဘောထားများသည် ကာယကံရှင်၏လူကြီးဘဝတွင် အတ္တစိတ်လွန်ကဲမှုနှင့် ကိုယ့်ကိုယ်ကိုယ်ချုပ်ထိန်းမှုကင်းမဲ့မှုတို့က ကျွန်ုပ်တို့တိုင်းပြည်၌ သောင်းကျန်းနေသောဆိုးသွမ်းမှု၏ရေယာဉ်ကြောတွင် မျောပါနေသည်အထိ တိုးတက်ကြီးထွားလာကြသည်။ **HR, April, 1877.**

မိဘတို့၏ကြီးလေးသောတာဝန်။ ခံတွင်းအလိုလိုက်ခြင်းသည် တစ်ခါအနည်ထိုင်မိသွားလျှင် ယင်းကိုအောင်မြင်ရန်မည်မျှလောက်ခဲယဉ်းပါသနည်း။ သားသမီးတို့ကို ဖျူစင်သောရသာရုံနှင့်မှားယွင်းလွဲချော်မှုကင်းသောခံတွင်းအလိုများဖြင့် ကြီးထွားလာစေရန် ကြည့်ရှုစောင့်ထိန်းပြုပြင်ဖို့မိဘများအပေါ်တွင် မည်မျှကြီးလေးသောတာဝန်သည် ရပ်တည်နေဘိသနည်း။ သားသမီးတို့သည် ကြီးပြင်းလာ၍ လောကကြီးကိုရင်ဆိုင်နေရသောအချိန်တွင် သူတို့အား ပတ်လည်ဝန်းရံနေသည့်ဆိုးသွမ်းမှုအရပ်ရပ်တို့ကို တွန်းလှန်ဖြိုဖျက်နိုင်သော ကြံ့ခိုင်သည့်စာရိတ္တဗလရှိထားပြီးဖြစ်စေရန် သင်ကြားပို့ချထားပေးဖို့ကြီးလေးသောတာဝန်သည် မိမိတို့ပခုံးပေါ်ရပ်တည်နေသည်ကို မိဘတို့သည်သတိပြုရကြမည်။

ကိုယ်တော်၏တပည့်တော်များကို ဤလောကမှသိမ်းယူရန် ခရစ်တော်သည် ခမည်းတော်ထံမတောင်းဆိုပဲ ဤလောက၌ရပ်တည်လျက်ရှိသောဆိုးသွမ်းမှုဒုစရိုက်တို့မှလည်းကောင်း၊ အဘက်ဘက်၌သူတို့ရင်ဆိုင်ရမည့်စုံစမ်းသွေးဆောင်ခြင်း အမျိုးမျိုးတို့ကို လိုက်လျောခြင်းမပြုစေရန်လည်းကောင်း ထိန်းသိမ်းထားတော်မူရန်သာ ကိုယ်တော်ရှင်သည် တောင်းဆိုခြင်းပြုတော်မူသည်။ ယင်းကဲ့သို့သောဆုတောင်းပတ္ထနာမျိုးကို မိဘတို့သည် မိမိတို့၏သားသမီးများအတွက် တောင်းသင့်ကြပေသည်။ သို့ရာတွင် မိဘတို့သည် ဘုရားသခင်အား ယင်းဆုတောင်းပတ္ထနာမျိုးကို တောင်းပြီးနောက် သားသမီးတို့အား သူတို့လုပ်လိုရာလုပ်သောအခွင့်ကို ပေးထားကြသလား။ မိဘတို့သည် ဘုရားသခင်နှင့်လက်တွဲ၍ ဆောင်ရွက်မှုမရှိလျှင် ဘုရားသခင်သည် သားသမီးများကိုအပြစ်ဒုစရိုက်မှကာကွယ်ထိန်းသိမ်းထားနိုင်တော်မူမည်မဟုတ်ပေ။ မိဘတို့သည် မိမိတို့၏အလုပ်ကို ရဲဝံ့စွာဖြင့်လည်းကောင်း၊ ဝမ်းမြောက်ဝမ်းသာစွာဖြင့်လည်းကောင်း ဆောင်ရွက်၍ မောပန်းခြင်းမရှိပဲ ယင်းအလုပ်ကို ဆက်လက်လုပ်ကိုင်သွားကြရာသည်။ **R & H, July 9, 1901.**

ကလေးသူငယ်များက သူတို့စိတ်တိုင်းကျစားလိုရာစားနေသည်ကို အလိုလိုက်၍ သူတို့၏တပ်မက်ခြင်းကို အုပ်ထိန်းထားရန် သွန်သင်ပို့ချခြင်း မရှိသောသူတို့သည် နောင်သောအခါ၌ယင်းသားသမီးများတွင် ထုံထိုင်းချွတ်ယွင်းသောအာရုံများ၊ မမှန်သောစကားနှင့်ညစ်ညမ်းသောစကားများပြောဆိုသောနှုတ်ခမ်းများရှိနေသည်ကို တွေ့မြင်သည်သာမက သူတို့ဆိုဆုံးမခြင်း မရှိခဲ့ခြင်း၏မဟာအမှားတော်ပုံကြီးကိုလည်း တွေ့ရှိကြလိမ့်မည်ဖြစ်သည်။ **CH, p. 114.**

စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်ကာကွယ်ရန် အကျင့်စာရိတ္တကို ပုံသွင်းပေးခြင်း။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဆိုင်ရာ ပထမခြေလှမ်းများကို ကလေးဘဝသို့မဟုတ်လူငယ်ဘဝတွင် အများအားဖြင့် အစပြုလှမ်းကြသည်။ ကလေးများအား အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်တတ်သောအစားအစာများကို ကျွေးမွေးကြသောကြောင့် သဘာဝနှင့်ဆန့်ကျင်သောတပ်မက်တောင့်တသည့်စိတ်များကို နှိုးဆော်လိုက်လေသည်။ ဤမှောက်မှားသောတောင့်တမှုများကြီးထွားလာသည်နှင့်အမျှ တစ်ဘက်မှလိုက်စားမှုသည်လည်း ရပ်စဲခြင်းမရှိတော့ချေ။ ရသာရုံသည် ဆက်လက်၍ပိုမိုမှောက်မှားလာသည်။ ပိုမိုပြင်းထန်သောလှုံ့ဆော်စာများကို တောင့်တလိုက်စားသည့် နောက်ပိုင်းတွင် ခံတွင်းအလို၏ကျေးကျွန်ဖြစ်သောသူသည် အဆီးအတားရှိသမျှကို လွှတ်ပစ်လိုက်တော့သည်။ ဆိုးယုတ်သောအလေ့အကျင့်ကို ဘဝအသက်တာစောစောပိုင်းတွင် အစပြုခဲ့ရာ မိဘများအနေဖြင့် ယင်းအချိန်က ယင်းအကျင့်ဓလေ့များကို ဟန့်တားကာကွယ်ထားနိုင်ခဲ့သည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို နှိမ်နင်းပစ်ဖို့ အပတ်တကုတ် ကြိုးပမ်းနေသည်ကို ကျွန်ုပ်တို့အမေရိကန်တိုင်းပြည်တွင် တွေ့မြင်နေရသည်။ သို့ရာတွင် အင်အားကောင်း၍ အရွယ်ရောက်နေသောခြင်္သေ့ကြီးအားကိုင်ဖမ်း၍ သံကြိုးဖြင့်ချည်နှောင်ထားရန်ခဲယဉ်းပေသည်။

မိမိတို့သားသမီးများ၏စာရိတ္တနှင့်အကျင့်ဓလေ့များကို ပုံလောင်းသွင်းပေးရာ၌ မိဘတို့အပေါ်တွင် ရပ်တည်နေသောတာဝန်ကြီးကို အသိတရားရရှိစေရန်အတွက် ကြီးမားလှသော ဤမကောင်းမှုဒုစရိုက်ကြီးကို ဟန့်တားရန် ကြိုးပမ်းသင့်သည်အတိုင်း ကြိုးပမ်းဆောင်ရွက်လျှင် ကြီးထွားရင့်သန်ပြီးဖြစ်နေသောမကောင်းမှုဒုစရိုက်ကြီးကိုသာ ဝကွက်၍ တိုက်ခိုက်နှိမ်နင်းနေခြင်းမှ ရရှိသောကောင်းကျိုးထက် အဆပေါင်းထောင်သောင်းမကသောကောင်းကျိုးများကို ရရှိခံစားရလိမ့်မည်ဖြစ်သည်။ သဘာဝမဆန်သောသေရည်သေရက်သောက်စားလိုသောဆန္ဒ၊ ခံတွင်းမျိုးကိုလူတို့နေအိမ်တွင်ပင် ဖန်တီးပေးကြရာ အများအားဖြင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာလှုပ်ရှားမှုကို ဦးစီးခေါင်းဆောင်လုပ်၍ဆောင်ရွက်ရန် စိတ်အားအထက်သန်ဆုံးသော သူတို့၏ထမင်းစားပွဲများတွင် ယင်းသေရည်သေရက်ပုလင်းများ ထောင်ထားသည်ကို တွေ့မြင်ရသည်။

မိမိတို့၏သားသမီးများအားသွန်သင်ပေးရသောအလုပ်ကို မိဘတို့သည် ပေါ့ပေါ့ဆဆသဘောမထားသင့်ပေ။ ကျွန်ုပ်တို့ရပ်တည်နေခြင်းကို ပြုပြင်ပေးသည့်ဥပဒေပညတ်များကို မိဘတို့သည် အချိန်များစွာယူ၍ သေချာဂနစွာလေ့လာသင်ကြားပေးသည်။ သားသမီးတို့ကျန်းမာသန်စွမ်းသောကိုယ်ခန္ဓာတွင် ကျန်းမာသန်စွမ်းသောဦးနှောက်ရရှိစေရန် အသုံးပြုအပ်သောနည်းမှန်လမ်းမှန်များကို သိရှိရန်ဆိုသောဦးတည်ချက်ကို ဦးစားပေးဆောင်ရွက်ကြရာသည်။ မြောက်မြားစွာသောမိဘတို့သည် နက်ရှိုင်းသောဆင်ခြင်တုံတရားနှင့်ဘုရားသခင်၏တောင်းဆိုထားချက်များထက် မိရိုးဖလာထုံးတမ်းစဉ်လာများ၏ချုပ်ထိန်းမှုကို ခံနေရကြသည်။ ခရစ်တော်၏နောက်လိုက်များအမည်ခံ ပုဂ္ဂိုလ်အများတို့သည် အိမ်တာဝန်များကို ဝမ်းနည်းဖွယ်ကောင်းလောက်အောင်ပေါ့လျော့ထားတတ်ကြသည်။ လူငယ်လူရွယ်တို့အား ပရိယာယ်ဖြင့်ဖမ်းယူသောစုံစမ်းသွေးဆောင်ခြင်းများကို တွန်းလှန်ဖို့စာရိတ္တဗလကြံ့ခိုင်မှုရှိနိုင်ရန် သားသမီးတို့၏အကျင့်စာရိတ္တကို ပြုပြင်ပုံသွင်းပေးရမည့် ဘုရားသခင်အပ်နှင်းထားတော်မူသောတာဝန်၏အရေးပါအရာရောက်ပုံကို မိဘတို့သည်သိရှိနားလည်ခြင်းမရှိကြပေ။ **ST, Nov. 17, 1890.**

ပုခက်တွင်းအရွယ်မှအစပြုဆောင်ရွက်ပေးပါ။ အကယ်၍မိဘများတို့သည်ထမင်းစားပွဲတွင်အာဟာရဖြစ်သောအစားအစာများကိုသာ တည်ခင်းကျွေးမွေးရာတွင်လည်းကောင်း၊ အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်ပူလောင်သောအရာဝတ္ထုများကို စွန့်ပယ်ရာတွင်လည်းကောင်း တစ်ချိန်တည်းမှာပင် မိမိတို့၏သားသမီးများအား ကိုယ်ကို ချုပ်တည်းထားရန်သင်ကြားပို့ချ၍ ကိုယ်ကျင့်တရားမြင့်မားလာရေးအတွက်သူတို့၏အကျင့်စာရိတ္တများကို ပြုပြင်ပေးရာတွင်လည်းကောင်း မိမိတို့၏တာဝန်ကိုကျေပွန်စွာဆောင်ရွက်ခဲ့လျှင် ယခုအခါတွင် ခြသေ့်ပမာကြီးထွားအားအင်ကောင်းလျက်ရှိသောချုပ်တည်းခြိုးခြံမှုကင်းမဲ့သော အလေ့အထကြီးကို ယခုအခါတွင် တိုက်ဖျက်နေရန် အကြောင်းပေါ်ပေါက်လာမည်မဟုတ်ပေ။ ခံတွင်းအလိုလိုက်စားသောအလေ့အထကို ပြုစုပျိုးထောင်ပေးမိ၍ ယင်းအလေ့အထသည်လည်း ကြီးထွားရင့်သန်ခိုင်မာလာပြီးသည့်နောက်ပိုင်းတွင် ယင်းအကျင့်ဓလေ့တို့ကို ဖြိုခွင်းပစ်၍ သူတို့ကိုယ်တိုင်နှင့်သဘာဝမဆန်သောခံတွင်းအလိုလိုက်စားမှုတို့ကို ဟန့်တားထားရန် မှန်ကန်သောသင်ကြားပို့ချမှုကို ငယ်ရွယ်ချိန်ကပင် မခံခဲ့ရသော သူတို့အတွက် မည်မျှလောက်ခဲယဉ်းနေပါလိမ့်မည်နည်း။ ယင်းအခက်အခဲမျိုးကို ရင်ဆိုင်နေရသောသူများသည် ကြီးပြင်းလာသောအခါ သွန်သင်ပေးရန်၊ ၎င်းအပြင် ခရစ်ယာန်တို့၏ချုပ်တည်းခြိုးခြံမှုကို လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း ကြီးပြင်းလာသောအခါ သင်ကြားပေးရန် မည်မျှခက်ခဲနေပါသနည်း။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာ သင်ခန်းစာများကို ပုခက်လွှဲအရွယ်မှအစပြု၍ သားသမီးများအားသွန်သင်ပေးရမည်။ **R & H, May 11, 1876.**

## နောက်ဆုံးစာရင်းရှင်းခြင်း

နောက်ဆုံးစာရင်းရှင်းသောအချိန်တွင်မိဘများနှင့်သားသမီးများတွေ့ဆုံကြသောအခါ ဘယ်လောက်ထိတ်လန့်ဖွယ်ဖြစ်သောမြင်ကွင်းကို မြင်ရကြပါမည်နည်း။ ခံတွင်းအလိုလိုက်ခြင်း နှင့်ယုတ်ညံ့သောဆိုးသွမ်း မှုတို့၏ကျေးကျွန်များအနေဖြင့် ရပ်တည်ခဲ့၍ ပြိုပျက်သောစာရိတ္တအိမ်ဆောက်လုပ်ခဲ့သော ထောင်သောင်းမကသောကလေးသူငယ်များ တို့သည် သူတို့ရောက်ရှိရပ်တည်နေသောအခြေအနေသို့ ရောက်ရှိအောင်ဖန်တီးပို့ဆောင်ပေးခဲ့သော သူတို့၏မိဘများနှင့်မျက်နှာချင်းဆိုင်မတ်တတ်ရပ်နေကြမည်ဖြစ်သည်။ ဤကြောက်မက်ဖွယ်ကောင်းသော အဖြစ်သ နစ်အတွက် မိဘတို့သာလျှင် တာဝန်ယူရမည်မဟုတ်ပါလော။ ဤသူငယ်များ ပျက်စီးအောင် ဘုရားသခင်ပြုလုပ် တော်မူပါသလား။ ထိုသို့မဟုတ်ပါ။ သူတို့ကိုဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီကောင်းကင်တမန်တို့ထက် အနည်းငယ်နိမ့်သော အဆင့်အတန်း၌ ဖန်ဆင်းထားတော်မူသည်။ **3T, p. 568.**

## ၄ မိဘတို့၏ပုံသက်သေနှင့်လမ်းပြပို့ဆောင်မှု

အကျင့်စာရိတ္တအတွက်တာဝန်ရှိခြင်း။ သားသမီးများသည် မိဘတို့၏ပုံသက်သေနှင့်စည်းကမ်းသေဝပ်မှုအားဖြင့် ရပ်တည်ကြကြောင်း သားသမီးတို့၏စာရိတ္တမဏ္ဍိုင်ကြီးထွားကြံ့ခိုင်မှုအတွက် မိဘတို့၌ တာဝန်ရှိကြောင်းကို သိရှိသောမိဘတို့သည် အလွန်နည်းပါးလှသည်။ **HR, Dec. 1872.**

သားသမီးများ၌ မှန်ကန်သောအကျင့်ဓလေ့များနှင့်စင်ကြယ်သောရသာရုံများ ဖွံ့ဖြိုးစေရန်ကူညီဖို့ မိဘတို့၌ တာဝန်ရှိသည်။ ခံတွင်းအလိုအကြောင်းကို ပညာပေးရမည်။ လှုံ့ဆော်စာများကို မုန်းတီးဖို့သားသမီးများအားသွန်သင်ပေးပါ။ သူတို့ကို ဝန်းရံထားလျက်ရှိသော မကောင်းမှုဒုစရိုက်တို့ကို တွန်းလှန်ဖို့စာရိတ္တဗလကြံ့ခိုင်မှုရှိစေရန် သားသမီးတို့အား ပြုပြင်ပေးပါ။ သူတို့သည် အခြားသူတို့၏ကြိုးဆွဲရာတွင်မကစေရန်လည်းကောင်း၊ အင်အားကြီးမားသော ဩဇာညောင်းမှုများကိုမလိုက်လျောစေရန်လည်းကောင်း၊ သူတစ်ပါးတို့အား အကောင်းဘက်သို့ဆွဲငင်စေရန်လည်းကောင်း သင်ကြားပေးပါ။ **MG, pp. 334, 335.**

မိခင်သည် ပုံသက်သေဖြစ်သည်။ သလွန်ပေါ်မှာ စံမြန်းသောဘုရင်ဧကရာဇ်၏ရာထူးထက် မြင့်မားမြင့်မြတ်သောရာထူးကို မိခင်သည် အိမ်ထောင်တွင် ထမ်းဆောင်ရသည်။ သူမ၏တာဝန်ကြီးသည် သူမသားသမီးများအား အတုယူစေလိုသောပုံသက်သေကို လက်တွဲပြသရန်ဖြစ်သည်။ **3T, p. 566.**

အိမ်ထောင်တွင်ချုပ်တည်းခြိုးခြံမှုအပြည့်အဝလိုက်နာကျင့်သုံးခြင်း။ မိဘတို့သည် မိမိတို့၏အိမ်ထောင်သားများအတွက် မိမိကိုယ်ကိုချုပ်တည်းခြင်းနှင့်သည်းခံခြင်းတို့တွင် ပုံသက်သေကောင်းများအနေဖြင့် နေ့စဉ်ရပ်တည်နေသင့်ကြပေသည်။ အိမ်ထောင်တွင် ချုပ်တည်းခြိုးခြံမှုအပြည့်အဝလိုက်နာကျင့်သုံးရန်လည်းကောင်း၊ မိဘတို့၏ပုံသက်သေသည် ချုပ်တည်းခြိုးခြံမှုအတွက် သင်ခန်းစာဖြစ်စေရန်လည်းကောင်း တိုက်တွန်းလိုက်ရပါသည်။ **ST, April,20, 1882.**

မိဘတို့၏ကြိုးပမ်းမှုကိုဘုရားသခင်ကထပ်ဆင့်ဆောင်ရွက်တော်မူမည်။ မိဘအနေဖြင့်တာဝန်များထမ်းဆောင်သောအခါ ဘုရားသခင်ပေးတော်မူသောခွန်အား အားဖြင့် ဌင်းအပြင်မည်သည့်အခါမျှ ကြိုးပမ်းမှုကိုလည်းမလျော့၊ တာဝန်ကိုလည်း မစွန့်ပစ်ဟူသော စိတ်ပြဋ္ဌာန်းချက်ဖြင့် ဘုရားသခင်၏အလိုတော်နှင့်အညီ သားသမီးများကို ကြိုးပမ်း၍ ထိန်းသိမ်းကြည့်ရှုပြုပြင်ပေးလျှင် ဘုရားသခင်သည် မိဘတို့အား နှစ်ခြိုက်စွာဖြင့် ကြည့်ရှုတော်မူသည်။ သင်တို့သည် တတ်နိုင်သမျှ ဆောင်ရွက်နေကြောင်းကို ကိုယ်တော်ရှင်သည် သိရှိတော်မူသည်။ ထို့ကြောင့် ကိုယ်တော်ရှင်သည် သင်တို့၏စွမ်းရည်ကိုပိုမိုတိုးပွားစေလိမ့်မည်ဖြစ်သည်။ မိခင်တို့မဆောင်ရွက်နိုင်သောကိစ္စကိုကိုယ်တော်ရှင်ကိုယ်တိုင်ဆောင်ရွက်တော်မူသည်။ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောမိခင်၏ပညာသားပါ၍ သည်းခံခြင်းနှင့်ဦးတည်ချက်မှန်သောကြိုးပမ်းချက်တို့တွင် ကိုယ်တော်ရှင်သည် ပါဝင်ဆောင်ရွက်တော်မူမည်။ မိဘတို့၊ သင်တို့အိမ်ထောင်တွင် သင်တို့ဆောင်ရွက်ရန် ကိုယ်တော်ရှင်က ထားရှိတော်မူသောအလုပ်ကို ကိုယ်တော်ရှင်အနေဖြင့် ဆောင်ရွက်ရန် ကြံရွယ်ထားတော်မမူပါ။ လောကတွင် သင်တို့၏သားသမီးများကို ဝန်းရံထားသော ဘေးအန္တရာယ်မှ သူတို့ကို ကယ်ဆယ်လိုလျှင် သင်တို့အနေဖြင့် ပျင်းရိသော အစေခံများအခြေအနေသို့ မရောက်ရှိပါစေနှင့်။ **R & H, July 10, 1888.**

## ၅ ကိုယ်ကိုငြင်းပယ်ခြင်းနှင့်ကိုယ်ကိုအုပ်ထိန်းထားခြင်းကို သင်ကြားပို့ချပေးခြင်း

ကလေးဘဝမှ အစပြုဆောင်ရွက်ပေးပါ။ သားသမီးများအား ကိုယ့်ကိုယ်ကိုယ် ငြင်းပယ်ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် အုပ်ထိန်းထားခြင်းများကို ဆီလျော်နိုင်သမျှဆီလျော်အောင် ကလေးဘဝမှအစပြု၍ သင်ကြားပို့ချပေးပါ။ တင်းတင်းကြပ်ကြပ် သင်ပေးပါ။ ပထမအနေဖြင့်သူတို့သည်အသက်ရှင်ဖို့စားကြသည်၊ စားဖို့အသက်ရှင်သည်မဟုတ်ကြောင်း၊ ခံတွင်းကိုစိတ်အလိုဆန္ဒအားဖြင့် အုပ်ထိန်းထားရမည်ဖြစ်ကြောင်း၊ စိတ်အလိုဆန္ဒသည်လည်းငြိမ်သက်၍ အသိပညာရှိသောဆင်ခြင်တုံတရား၏အုပ်ထိန်းမှုရှိရမည်ဖြစ်ကြောင်းတို့ကို ကလေးများအား သွန်သင်ပေးသင့်ပေသည်။ **ST, April 20, 1882.**

ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာမှုများကို သင်ကြားပို့ချပေးပါ။ မိခင်ဖခင်တို့၊ ဆုတောင်းလျက်စောင့်နေကြပါ။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် အဘယ်ပုံစံမျိုးကိုဆောင်သည်မဆို ၎င်းတို့ကြပ်မစွာကာကွယ်ထားပါ။ မှန်ကန်သော ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုကို သင်တို့၏သားသမီးများအား သွန်သင်ပေးပါ။ ကျန်းမာခြင်းကို ထိန်းသိမ်းထားနိုင်ရန် မည်သည်များကိုရှောင်ကြဉ်ရမည်ကို သင်ပေးပါ။ နားထောင်ခြင်းမရှိသောသားသမီးများအပေါ် ဘုရား သခင်၏အမျက်တော်သည် ကျရောက်လျက်ရှိပြီးဖြစ်သည်။ မည်မျှလောက်ကြီးလေးသောပြစ်မှုများ၊ မည်မျှလောက်စက် ဆုပ်ဖွယ်သောဒုစရိုက်များ၊ မည်မျှလောက်ယုတ်မာသောအကျင့်ဓလေ့များတို့သည် နေရာတကာတွင် ပေါ်လွင်လျက် ရှိဘိသနည်း။ **9T, p. 160.**

ဘဝအသက်တာ၏မှန်ကန်သောရည်စူးချက်ကို သင်ကြားပို့ချပေးပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင် တိကျသောညွှန်ကြားချက်များကို ပေးထားပါသည်။ ယင်းညွှန်ကြားချက်များကို မိခင်တို့သည်သင်တို့၏အကူအညီဖြင့် အကောင်အထည်ဖော်၍ကိုယ့်ကိုယ်ကိုယ်အုပ်ထိန်းထားသောအကျင့်ဓလေ့များကို ငယ်စဉ်တောင်ကျေးကလေးဘဝမှစ တင်သင်ကြားပေးပါ။ ဘဝအသက်တာ၏ရည်စူးချက်သည် ကာမဂုဏ်ခံစားမှုအတွက်မဟုတ် ဘုရားသခင်ကို ဂုဏ်ပြု၍ လူသားတို့၏ကောင်းကျိုးကို ဆောင်ရွက်ရန်ဖြစ်သည်။

မိခင်ဖခင်တို့၊ ကျေးဇူးတော်နှင့်ဉာဏ်ပညာအတွက် ဘုရားသခင်ကို အားကိုးအားထားပြုလျက် စိတ်အားထက် သန်စွာဖြင့်လည်းကောင်း၊ သစ္စာရှိစွာဖြင့်လည်းကောင်းဆောင်ရွက်ကြပါလေ့။ တည်ကြည်စွာလုပ်ကိုင်ပါ။ သို့ရာတွင် ဖြည်းညင်းသက်သာမှု ရှိစေပါ။ သင်တို့၏သားသမီးများအား စေခိုင်းသမျှတို့တွင် သူတို့အတွက် အကောင်ဆုံးအကျိုး ဖြစ်ထွန်းမှုရရှိစေဖို့ ရည်ရွယ်ပါ။ ထိုနောက် ယင်းစေခိုင်းသမျှကို မပျက်မကွက်နာခံကျင့်သုံးစေပါ။ သင်တို့၏ကြိုးပမ်း မှုနှင့်ဆုံးဖြတ်ချက်များကို မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ ခိုင်မြဲစေရမည်ဖြစ်သော်လည်း ယင်းတို့ကို ခရစ်တော် ဝိညာဉ်တော်၏ချုပ်ထိန်းလမ်းပြပို့ဆောင်မှုအရဖြစ်ပါစေ။ သို့မှသာလျှင် "ကျွန်ုပ်တို့၏သားတို့သည် အရွယ်ပျိုရွယ်စဉ် တွင် ကြီးပွားသော ပျိုးပင်ကဲ့သို့လည်းကောင်း၊ သမီးတို့သည် ဘုံဗိမာန်နည်းတူ ထုသောတိုက်ထောင့်ကျောက်တိုင်ကဲ့သို့ လည်းကောင်းဖြစ်သည်" ကို တွေ့မြင်နိုင်သောမျှော်လင့်ချက်ရှိကြပါလိမ့်မည်။ **ST, Sept, 13, 1910.**

သားသမီးများအရက်သမားများဖြစ်လာလျှင် မိဘတို့၏အပြစ်ဖြစ်သည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် ကြောက်ခမန်းလိလိဖြစ်သော အခြေအနေတိုင်အောင်ပြန့်ပွားနေပါပြီဟူသော ညည်းတွားမြည်တမ်းပြောဆိုသံကြားရပါ သည်။ သားသမီးတို့အားအင်္ဂါများကို သဘာဝမကျသောလှုံ့ဆော်စာများစားသောက်စေရန် လမ်းကြောင်းပို့ဆောင်ပေး သောအစားအစာများကို တည်ခင်းကျွေးမွေးသော မိခင်ဖခင်တို့၏အပြစ်ဖြစ်ကြောင်း ကျွန်ုပ်တို့အနေဖြင့်ပြောဆိုလိုပါ သည်။ မိဘတို့ကိုယ်တိုင် ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောမျိုးစေ့ကို သားသမီးများတွင်စိုက်ပျိုးပေးခဲ့သောကြောင့်သား သမီးများသည် အရက်သမားဖြစ်လာခဲ့လျှင် မိဘတို့၏အပြစ်သာဖြစ်သည်။ **HR, May, 1877.**

စားသောအစားအစာသည် အများအားဖြင့်လှုံ့ဆော်သောအဖျော်ယမကာများကိုသုံးစွဲလိုသောဆန္ဒရမ္မက်ကို ဖန် တီးပေးသည်။ သားသမီးတို့အားဟင်းခတ်မဆလာများသောအစာများ၊ အဆီများသောဟင်းအနှစ်များ၊ ချိုလွန်းသော ကိတ်မုန့်များနှင့်ချိုဆိမ့်လွန်းသောမုန့်အမျိုးမျိုးအပါအဝင် ပူလောင်သောအစာများနှင့်အဆီအအိမ့်များသောအစာများ ကို ကျွေးမွေးကြသည်။ ဤကဲ့သို့အဆီအအိမ့်များသောအစာများသည် အစာအိမ်ကိုပူလောင်စေ၍ ပိုမိုပြင်းထန်စွာလှုံ့ ဆော်သောအစာများကို တောင့်တစေလေသည်။ ထမင်းစားချိန်တွင် အလျှံပယ်စားခွင့်ပြုသောမသင့်လျော်သည့် အစား အစာများကို သားသမီးများကိုကျွေးမွေးခြင်းအားဖြင့်ခံတွင်းကိုသွေးဆောင်၍စမ်းသည်သာမက ထမင်းတစ်နပ်နှင့်တစ်နပ် ကြားအချိန်တွင်လည်း ထွေရာလေးပါးအစာများကို စားခွင့်ပေးသောကြောင့် ယင်းသားသမီးများတို့သည် အသက်တစ် ဆယ့်နှစ်နှစ်သို့မဟုတ် တစ်ဆယ့်လေးနှစ်အရွယ်သို့ရောက်ရှိလာသောအခါ သူတို့သည်အများအားဖြင့်အစာအိမ်ပျက် ရောဂါစွဲကပ်နေသောလူနာ၏အခြေအနေသို့ ရောက်ရှိနေတတ်ကြသည်။

သေရည်သေရက်စွဲနေသောသူတစ်ဦး၏အစာအိမ်ရုပ်ပုံကို သင်တို့တွေ့မြင်ဖူးကြပေလိမ့်မည်။ ပူလောင်သော ဟင်းခတ်အမွှေးအကြိုင်များ အလွန်အကြူးသုံးစွဲသူတို့၌လည်း အလားတူအစာအိမ်မျိုးရှိတတ်ကြသည်။ ယင်းကဲ့သို့ သောအခြေအနေမျိုး၌ တည်ရှိနေသောအစာအိမ်ကြောင့် ခံတွင်းသည်ပိုမိုပူလောင်စူးရှသောအသုံးအဆောင်များကို တိုး ၍တိုး၍တောင်းဆိုလာသည်။ ထိုနောက်သင်တို့၏သားသမီးများသည် လမ်းမပေါ်ထွက်၍ဆေးလိပ်သောက်နေသည်ကို တွေ့ရှိကြရလိမ့်မည်။ **CD, pp. 235, 236.**

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏လမ်းမကြီး။ ပညာမျက်စိမြင်မရှိ၍၊ မသိတရားအယူမှားမှုကြောင့်သို့မဟုတ် အသိတရားကင်းမဲ့မှုကြောင့် မိဘတို့သည်သားသမီးတို့အား ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဆိုင်ရာ ပထမဆုံးသင်ခန်းစာကိုသွန်သင်ပေးကြသည်။ ထမင်းစားပွဲပေါ်တွင်ကျန်းမာမှုကို အန္တရာယ်ပြုသောပူလောင်သည့်ဟင်းခတ်အမွှေးအကြိုင်များဖြင့်ချက်ပြုတ်ထားသောအစားအစာများ၊ အဆီအအိမ့်များသောအစားအစာများ၊ ငရုတ်ကောင်း၊ ငရုတ်သီးမှုစသော ပူလောင်သည့်အသုံးအဆောင်များဖြင့်ပြုပြင်ထားသော အတိုအထွာစားဖွယ်သောက်ဖွယ်များကို တည်ခင်းကျွေးမွေးသောကြောင့် ကလေးငယ်သည်သူ့ကျန်းမာမှုကို အန္တရာယ်ပြုသောအသုံးအဆောင်များကို စားတတ်သောက်တတ်လာလေသည်။ ယင်းစားသောက်ဖွယ်ရာတို့ ကလေးများ၏အစာအိမ်မှ နုနယ်သောအထပ်များကို လောင်ကျွမ်းစေ၍သွေးကိုလည်းပူလောင်စေပြီးလျှင် တိရစ္ဆာန်ဆန်သောတပ်မက်သည့်စိတ်တို့ကိုတောင့်တင်းခိုင်မာစေသည်။ ခံတွင်းသည် မကြာမီပင် ပိုမိုပြင်းထန်သောအရသာရှိသည့်အရာများကို တောင့်တလာသည့်အဆုံးတွင် ယင်းတောင့်တမှုကိုအရသာပြေအောင် ဆေးလိပ်ကိုသောက်လေတော့သည်။ ယင်းကဲ့သို့ခံတွင်းအလိုလိုက်စားမှုသည်လှုံ့ဆော်စာများကို သဘာဝမကျသောတောင့်တစိတ်ကို တိုးတက်ပွားများလာစေသောကြောင့် ယင်းတိုးတက်လာသောတောင့်တစိတ်ကို အာသာပြေစေရန် သေရည်သေရက်ကိုသောက်စားရပြန်သောအခါ သေရည်သေရက်မူးယစ်ခြင်းဖြင့်သာ အဆုံးသတ်လေတော့သည်။ ဤသည်ကားချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏လမ်းမကြီးပင်ဖြစ်လာတော့သည်။ **R & H, Sept. 6, 1877.**

စာရိတ္တဗလအင်အားမဲ့ဖြစ်သွားခြင်း။ ခံတွင်းလမ်းကြောင်းမှတစ်ဆင့် တပ်မက်သောစိတ်တို့သည် ပူပြင်းလာ၍ စာရိတ္တဗလသည် အင်အားမဲ့ဖြစ်လာသည်။ ထိုကြောင့် အကျင့်စာရိတ္တကောင်းမွန်ရေးနှင့်စစ်မှန်သောကောင်းမြတ်ခြင်းဆိုင်ရာ မိဘတို့၏ဆုံးမသြဝါဒစကားများသည် စိတ်နှလုံးကို ထိခိုက်ခြင်းမရှိသောသူ၊ မကြားနာလိုသောသူထံသို့ရောက်ရှိလေတော့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ ကြောက်ဖွယ်အကောင်းဆုံးဖြစ်သော သတိပေးစကားနှင့်ခြိမ်းခြောက်ချက်များတို့သည် ထုံထိုင်းနေသောပဋိသန္ဓေဉာဏ်နှင့်ဖေါက်ဖျက်ထားသောသြတ္တပ္ပစိတ်တို့ကိုနိုးကြားထကြွလာစေနိုင်လောက်အောင် အင်အားမရှိကြတော့ပေ။

ခံတွင်းအလိုနှင့်တပ်မက်ခြင်းတို့ကိုလိုက်စားခြင်းသည် စိတ်ကိုထကြွအားအင်ဆုတ်ယုတ်စေ၍ ပညာသင်ကြားမှုအတွက်အရည်အသွေးမဲ့ဖြစ်သွားသည်။ ကျွန်ုပ်တို့လူငယ်များသည် ခန္ဓာဗေဒဆိုင်ရာပညာ၊ စာပေဆိုင်ရာပညာနှင့်သိပ္ပံပညာဆိုင်ရာအသိပညာနှင့်အတတ်ပညာများရရှိရန်လိုအပ်ပေသည်။ သူတို့၏စားရေးသောက်ရေးနှင့်ယေဘုယျအကျင့်ဓလေ့များတို့သည် ကျန်းမာမှု၊ ဘဝအသက်တာတို့နှင့်မည်ကဲ့သို့ဆက်သွယ်နေသည်ကို သူတို့သိရှိနားလည်ရန်အရေးကြီးပေသည်။ သူတို့ကိုယ်ခန္ဓာအကြောင်းသိကောင်းစရာများကိုသိရှိနားလည်လာသောအခါ အားအင်ဆုတ်ယုတ်ခြင်းနှင့်ရောဂါအန္တရာယ်များကို ကာကွယ်သည့်နည်းလမ်းများကို သိရှိလာမည်ဖြစ်သည်။ ကျန်းမာသန်စွမ်းသည့်ကိုယ်ခန္ဓာရရှိသောအခါ အဘယ်အရာမဆိုမှန်းချက်နှင့်နှမ်းထွက်ကိုက်ညီအောင်ပြုလုပ်နိုင်လိမ့်မည်။ ပရဟိတစိတ်၊ ချစ်ခြင်းမေတ္တာစိတ်နှင့်ဘုရားတရားကြည်ညိုလေးစားသောစိတ်တို့ကို ပြုစုပျိုးထောင်ပါ။ ကာယဗလကြံ့ခိုင်မှုနည်းပါးခြင်းသည် စာရိတ္တဗလချည့်နဲ့ခြင်းတွင် ပေါ်လွင်ထင်ရှားလာမည်။ တမန်တော်ကြီးက “သင်တို့သည် သေတတ်သောကိုယ်ခန္ဓာ၏ တပ်မက်ခြင်းအလိုသို့ လိုက်ရသည်တိုင်အောင် အပြစ်တရားသည် ထိုကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်” ဟုဆိုထားပါသည်။ **HR, December, 1872.**

သူတစ်ပါးအတွက်အနှောင့်အယှက်ဖြစ်ခြင်း။ အရာခပ်သိမ်းတွင် ချုပ်တည်းခြိုးခြံမှုကိုသင်တို့အနေဖြင့်လေ့လာသင့်ပါသည်။ ယင်းအကြောင်းကို သင်တို့စားသောက်သောအရာတို့တွင် လေ့လာနိုင်ပါသည်။ သို့ဖြစ်လင့်ကစား သင်တို့က “ကျုပ်တို့ဘာပဲစားစား၊ ဘာပဲသောက်သောက်၊ ဘာစားစရာပဲစားပွဲပေါ်မှာတင်တင် တခြားဘယ်သူ့ကိုမျှအနှောင့်အယှက်မဖြစ်စေနိုင်ပါဘူး” ဟုဆိုကြသည်။ သင်တို့၏သားသမီးများကို တံခါးပိတ်လှောင်မထားလျှင် သို့မဟုတ် သူတစ်ပါးကို တာဝန်ကြီးတစ်ခုဖြစ်စေရန် သင်တို့၏စည်းမဲ့ကမ်းမဲ့ဆိုးယုတ်သောသားသမီးများကြောင့် သူတို့နှင့်ရောနှောနေထိုင်ပေါင်းသင်းသောလူ့အဖွဲ့အစည်းကို ညစ်ညမ်းမှုမဖြစ်စေရန် တောတစ်ခုထဲသို့ ပြောင်းရွှေ့နေထိုင်ခြင်းမရှိလျှင် သူတစ်ပါးအတွက် အနှောင့်အယှက်ဖြစ်နေလိမ့်မည်။ **2T, p. 362.**

ကိုယ်ကျင့်တရားဆိုင်ရာလွတ်လပ်မှုအတွက်ပညာပေးပါ။ သားသမီးများတို့သည် စိတ်ဇောတိုက်တွန်းမှုနှင့်စိတ်ယိုင်မှုများကိုမလိုက်စားပဲ သူတို့၏ကျိုးကြောင်းဆင်ခြင်နိုင်သောစွမ်းရည်များကို အသုံးပြုလျက်အမှန်တရားဘက်မှ လုပ်ကိုင်ရန် ကိုယ်ကျင့်တရားဆိုင်ရာ လွတ်လပ်မှုကို ကျင့်သုံးဖို့ မိဘများအနေဖြင့် ပညာပေးပါ။ မိခင်များအနေဖြင့် နောက်ဆုံးပေါ်ဖက်ရှင်ကို မေးမြန်းထောက်လှမ်းခြင်းမပြုပဲ တာဝန်ကျေပွန်မှုနှင့်အသုံးကျမှုအတွက် အခွင့်အလမ်းရှာဖွေ

၍ သူတို့၏သားသမီးများကို ယင်းလမ်းကြောင်းထဲသို့ထည့်သွင်းပေးရန် စိစစ်ထောက်လှမ်းရမည်ဖြစ်သည်။ ရိုးသားသောအလေ့အကျင့်များ၊ စင်ကြယ်သောကိုယ်ကျင့်တရားများ၊ နည်းမှန်လမ်းမှန်လုပ်ကိုင်မှုအတွက်မြင့်မြတ်သောကိုယ်ပိုင်လွတ်လပ်မှုတို့သည် လူငယ်လူရွယ်များအဖို့ လောကမှပေးကမ်းနိုင်သောဉာဏ်ပညာသို့မဟုတ်အပေါ်ယံက သိမ်မွေ့မှုတို့ထက် တန်ဖိုးရှိပေသည်။ ဖြောင့်မတ်ရာလမ်းထဲ၌လျှောက်လိုက်ရန် သွန်သင်ပေးပါ။ သူတို့သည်တုံ့ပြန်သောအနေဖြင့်အခြားသောသူတို့အား ယင်းလမ်းထဲ၌ လျှောက်လိုက်ရန် ပို့ဆောင်ပေးလိမ့်မည်။ ဤနည်းအားဖြင့် ဘုရားသခင်၏စပါးကျီအတွက် အဖိုးတန်သီးနှံများကို ရိတ်သိမ်းထည့်သွင်းရာတွင် သင်တို့လည်းပါဝင်ဆောင်ရွက်သောကြောင့် သင်တို့၏ဘဝရပ်တည်ရေးသည် အချည်းနှီးမဖြစ်ကြောင်းကို သင်တို့သည် နောက်ဆုံးတွင်တွေ့မြင်ကြရမည်။ **R & H, Nov, 6, 1883.**

မိဘများအနေဖြင့် ဘဝအသက်တာ၏ဥပဒေပညတ်များကို လေ့လာရမည်။ ဘဝအသက်တာနှင့် ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို နားလည်ရန်မိဘတို့သည် ဦးစားပေး၍ဆောင်ရွက်ရမည်။ သူတို့၏သားသမီးများ၌ မှားယွင်းသောစိတ်ယိုင်မှုများဖြစ်ပေါ်စေမည့်အစားအစာများ ချက်ပြုတ်ကျွေးမွေးခြင်း သို့မဟုတ် အခြားအလေ့အကျင့်များလိုက်စားခြင်းမပြုမိစေရန် သတိပြုရမည်။ အစာကြေညက်မှုဆိုင်ရာ အင်္ဂါအစိတ်အပိုင်းကို အင်အားမဆုတ်ယုတ်စေရန်လည်းကောင်း၊ အကြောစုများကို ကမောက်ကမ မဖြစ်စေရန်လည်းကောင်း၊ သားသမီးတို့အား မိဘတို့ကပေးသောသွန်သင်ဆုံးမစကားကိုသူတို့ရှေ့၌တည်ခင်းကျွေးမွေးသည့်အစားအစာကဆန့်ကျင်ဘက်မဖြစ်စေရန်လည်းကောင်း မိခင်များတို့သည် ရိုးသား၍ကျန်းမာမှုကိုအထောက်အကူပြုသောအစားအစာများကို ချက်ပြုတ်ကျွေးမွေးဖို့အဘယ်မျှလောက်လေ့လာသင့်ပါသနည်း။ သားသမီးများအား တည်ခင်းကျွေးမွေးသောအစားအစာသည် အစာအိမ်မှအင်္ဂါများကို အားအင်ဆုတ်ယုတ်စေသည် သို့မဟုတ် အင်အားဖြည့်တင်းပေးသည်ဖြစ်သောကြောင့် ဘုရားသခင်သည် အသွေးတော်အားဖြင့်ရွေးနုတ်ဝယ်ယူထား၍ ကိုယ်တော်ရှင်ပိုင်တော်မူသောပစ္စည်းဖြစ်သည့် သားသမီးများတို့၏ကာယဗလနှင့်စာရိတ္တဗလကြံ့ခိုင်မှုကို ထိန်းသိမ်းထားရာတွင် ယင်းအစားအစာကများစွာ "စကားပြော" ပေသည်။ သားသမီးတို့၏အကြောစုများသည်အချိန်အဆညီမျှ၍ ဝိညာဉ်ကိုလည်းအန္တရာယ်မဖြစ်စေရန် သူတို့၏ကာယဗလနှင့်စာရိတ္တဗလကြံ့ခိုင်မှု စောင့်ထိန်းရသောတာဝန်ကို မိဘတို့၏လက်၌ အပ်နှင်းထားတော်မူသည်။ **3T, p. 568.**

သားသမီးများကလည်း ခန္ဓာဗေဒအကြောင်းကို နားလည်ရမည်။ ကိုယ်ခန္ဓာအင်္ဂါပြုပြင်မှုဆိုင်ရာ ကိစ္စအဝဝလေ့လာရေးတွင်သားသမီးများ စိတ်ဝင်စားလာစေရန် မိဘတို့ကကြိုးပမ်းရမည်။ ကျိုးကြောင်းဆင်ခြင်တတ်သော အသိဉာဏ်ပွင့်လာသည့်အချိန်မှအစပြု၍လူ့စိတ်သည် ကိုယ်ခန္ဓာဆောက်တည်ပုံအကြောင်းနှင့်ပတ်သက်သောအချက်အလက်များကို နားလည်သဘောပေါက်ထားရမည်။ သဘာဝဓမ္မကြီးကိုကြည့်၍ ကျွန်ုပ်တို့သည်ဘုရားသခင်၏စီမံဆောင်ရွက်မှုများကို အံ့သြကြပေမည်။ သို့ရာတွင် လူ့ခန္ဓာကိုယ်သည် အံ့သြဖွယ်အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် ကလေးများအား သင်ကြားလေ့လာရန် ရွေးချယ်ထားသောအကြောင်းအရာများတွင် ခန္ဓာကိုယ်ဆောက်တည်ပုံအကြောင်းအရာသည်အရေးပါအရာရောက်ဆုံးဖြစ်သည်။ ကလေးသူငယ်တိုင်း ယင်းအကြောင်းအရာကို သင်ကြားလေ့လာသင့်ပေ သည်။ ယင်းအကြောင်းနှင့်ဒွန်တွဲ၍ လက်တွေ့ကျန်းမာမှုကိစ္စကို မိဘများအနေနှင့်သင်ကြားပေးသင့်ပေသည်။

ကိုယ်ခန္ဓာမှအင်္ဂါအစိတ်အပိုင်းရှိသမျှနှင့်စိတ်၏စွမ်းရည်ရှိသမျှတို့သည် ကောင်းမြတ်တော်မူ၍ ဉာဏ်တော်အနန္တရှိတော်မူသော ဘုရားသခင်ထံတော်မှရရှိသောလက်ဆောင်ဖြစ်၍ ယင်းအင်္ဂါအစိတ်အပိုင်းတိုင်း ကိုယ်တော်ရှင်၏ဘုန်းတော်ထင်ရှားစေမှုအတွက် အသုံးပြုရကြမည်။ စားဝတ်နေရေးတို့တွင် မှန်ကန်သောအကျင့်ဓလေ့များကို လိုက်နာကျင့်သုံးရမည်။ မှားယွင်းသောအကျင့်ဓလေ့များသည် လူငယ်လူရွယ်တို့အား နှုတ်ကပတ်တော်ဆိုင်ရာသင်ကြားပြသမှုခံယူတတ်ခြင်းကို အနှောင့်အယှက်ပြုတတ်သည်။ ခံတွင်းအလိုလိုက်ခြင်း၊ အထူးသဖြင့် မူးယစ်ထိုင်းမှိုင်းစေသော အသုံးအဆောင်များ အသုံးမပြုမိစေရန် ထိန်းသိမ်းကာကွယ်ပေးရမည်။ **CT, pp. 125, 126.**

စုံစမ်းသွေးဆောင်ခြင်းရင်ဆိုင်ရန်အသင့်ဖြစ်နေခြင်း။ ကလေးသူငယ်အခက်အခဲဟူသမျှကို ရင်ဆိုင်၍ စုံစမ်းသွေးဆောင်ခြင်းနှင့်အန္တရာယ်များကို မျှော်လင့်တတ်ရန် သွန်သင်ပေးရမည်။ သူတို့ကိုယ်ကို ထိန်းချုပ်တတ်၍ အခက်အခဲဟူသမျှကို မြင့်မြတ်သောသဘောဖြင့် အနိုင်ယူရန် သင်ကြားပေးရမည်။ သူတို့သည် အန္တရာယ်စက်ကွင်းထဲသို့ ခေါင်းမာစွာ တိုးဝင်ခြင်းမရှိလျှင်လည်းကောင်း၊ မလိုအပ်ပဲစုံစမ်းသွေးဆောင်ခြင်းရှိရာသို့ ကိုယ်တိုင်သွားရောက်ခြင်းမရှိလျှင်လည်းကောင်း၊ ဆိုးသွမ်းသောဩဇာသက်ရောက်မှုတို့နှင့်ယုတ်မာရိုင်းစိုင်းသော လူ့အဖွဲ့အစည်းမျိုးကို ရှောင်ရှား၍ မလွဲမရှောင်သာအန္တရာယ်များသော အသိုက်အဝန်းထဲသို့ အဓမ္မ ဆွဲသွင်းခံရသောအခါ၌လည်းကောင်း၊ အမှန်တရား

ဘက်တွင် မားမားမတ်မတ်ရပ်တည်၍ အခြေခံ ခံယူချက်များကို ထိန်းသိမ်းထားလျှင်လည်းကောင်း သူတို့သည်ကြံ့ခိုင်သောစာရိတ္တဗလကိုရရှိ၍ ဘုရားသခင်၏ခွန်အားတော်အားဖြင့် အစွန်းအကွက်နှင့်ကင်းစင်သောစာရိတ္တဖြင့် အောင်ပန်းကို ဆွတ်ခူးကြလိမ့်မည်။ သင့်လျော်စွာသင်ကြားမှုကို ခံခဲ့ရသောလူငယ်လူရွယ်တို့၏စွမ်းရည်တို့ကို ဘုရားသခင်ကို ယုံကြည်အားကိုးသောစိတ်တို့ဖြင့်သုံးစွဲလျှင် အင်အားအကြီးမားဆုံးသောစုံစမ်းခြင်းကို အောင်မြင်နိုင်နင်းသောအကျိုးကျေးဇူးကိုခံစားကြရလိမ့်မည်။**HR, Dec. 1872.**

လူ့အဖွဲ့အစည်းကိုတည်ထောင်ဖွဲ့စည်းပုံသွင်းပေးရမည့်လူငယ်များတွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာမှန်ကန်သောအခြေခံမူများကို နှလုံးသွင်းပေးထားလျှင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာလှုပ်ရှားမှုကြီးကို တည်ထောင်လုပ်ကိုင်ရန်လိုအပ်မည်မဟုတ်ပေ။ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ခြင်း၊ ကျင့်ဝတ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့သည် စိုးမိုးနေလျှင် ယေရှုရှင်၏ခွန်အားတော်အားဖြင့် နောက်ဆုံးကာလ၌ဖြစ်ပေါ်သောင်းကျန်းလျက်ရှိသောစုံစမ်းသွေးဆောင်ခြင်းမျိုးစုံတို့ကို တွန်းလှန်ဖြိုခွင်းနိုင်ကြမည်ဖြစ်သည်။ **CTBH, p. 79.**

## ၆ လူငယ်များနှင့်အနာဂတ်အရေး

အနာဂတ်ကာလကိုညွှန်ပြသောအရာ။ ပစ္စုပ္ပန်ခေတ်၌ရှိကြသောလူငယ်တို့သည် လူ့အဖွဲ့အစည်း၏အနာဂတ်ကာလကို ညွှန်ပြသောအရာဖြစ်သည်။ ယင်းလူငယ်များကိုကြည့်ရှုသောအခါ ကျွန်ုပ်တို့သည် အနာဂတ်ကာလအတွက် မည်သည့်မျှော်လင့်ချက်မျိုးထားရှိနိုင်ကြသနည်း။ အများသောလူငယ်တို့သည် ပျော်ရွှင်မှုတို့ကိုနှစ်သက်ကြပြီး အလုပ်လုပ်လိုသောဆန္ဒ မရှိကြပါ။ ကိုယ့်အလိုဆန္ဒကိုငြင်းပယ်၍ တာဝန်၏တောင်းဆိုချက်ကို လိုက်လျောရန် ရဲစွမ်းသတ္တိလိုအပ်နေကြသည်။ သူတို့တွင် ကိုယ့်ကိုယ်ကိုယ်ချုပ်ထိန်းမှုဆိုင်ရာ၌ ဗလာနတ္ထိမရှိပဲ သေးငယ်သောမှုကိစ္စများ၌ပင် အမျက်ဒေါသထွက်လွယ်ကြသည်။ ခေတ်ကာလတိုင်းနှင့်လူနေရပ်ကွက်တိုင်းတွင် စည်းကမ်းသို့မဟုတ်ဟီရိဩတ္တပ္ပတရားကင်းမဲ့သူများရှိကြသည်။ သူတို့၏ပျင်းရိသောအကျင့်နှင့်အသုံးဖွာသောအလေ့အကျင့်များအရ မကောင်းမှုဒုစရိုက်အမျိုးမျိုးတို့ကို လိုက်စားလျက် ကျွန်ုပ်တို့၏ကမ္ဘာကြီးသည် ဒုတိယသောဒုံမြို့အခြေအနေသို့ ဆိုက်လာသည်တိုင်အောင် လူ့အဖွဲ့အစည်းကို ပျက်စီးရာပျက်စီးကြောင်း လုပ်ကိုင်ကြသည်။ **CTBH, p. 45.**

ကောင်းသောအကျင့်ဓလေ့များတည်ဆောက်ရန်အချိန်။ မှန်ကန်၍ပါရမီနှင့်ပြည့်စုံသောအကျင့်ဓလေ့များကို လူငယ်လူရွယ်အချိန်တွင် ပုံသွင်းထားလျှင် ယင်းအကျင့်ဓလေ့များသည် အများအားဖြင့် ကာယကံရှင်၏ဘဝတစ်လျှောက်လုံးတွင်ရပ်တည်နေမည်ဖြစ်သည်။ အများအားဖြင့်အသက်အရွယ်ကြီးပြင်းလာသောအခါ ဘုရားသခင်ကိုရိုသေကိုင်းရှိုင်း၍ အမှန်တရားကို ဂုဏ်ပြုလေးစားသောသူတို့သည် သူတို့၏ဝိညာဉ်ပေါ်တွင် လောကကြီးက ၎င်း၏အပြစ်ဒုစရိုက်တံဆိပ်ကို ရိုက်နှိပ်ထားရန် အချိန်မရမီ ယင်းဘုရားတရားရိုသေသောသင်ခန်းစာကို သင်ကြားလက်ခံထားပြီးဖြစ်သည်။ အသက်အရွယ်ကြီးရင့်သောသူတို့သည် အများအားဖြင့် မာကျောသောကျောက်ခဲကဲ့သို့အသစ်သောအာရုံခံစားမှုများကို စွဲမှတ်ထားခြင်းတွင် နှေးကွေးလှသည်။ သို့ရာတွင် လူငယ်များသည် လျင်မြန်စွာမှတ်သားတတ်ကြသည်။ ဘဝအသက်တာတစ်လျှောက်လုံးတွင် နေ့စဉ်ကျင့်သုံးရန် အသိပညာကိုရယူရန်အချိန်သည် လူငယ်အရွယ်ပင်ဖြစ်သည်။ ယင်းအချိန်တွင် မှန်ကန်သောအကျင့်စာရိတ္တကို လွယ်ကူစွာပုံသွင်းပေးနိုင်သည်။ ယင်းအချိန်သည် ကောင်းမြတ်သောအကျင့်ဓလေ့များကို တည်ဆောက်ရန်အချိန်၊ ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းထားနိုင်သောသတ္တိကို ရယူကိုင်စွဲထားရန်အချိန်ဖြစ်သည်။ လူငယ်လူရွယ်သည် အစေ့များစိုက်ပျိုးသောအချိန်ဖြစ်၍ စိုက်ပျိုးထားသောအစေ့ကရိတ်သိမ်းရမည့်စပါးမျိုးကို ပစ္စုပ္ပန်ကာလနှင့်အနာဂတ်ကာလနှစ်ခုစလုံးအတွက်ပါ အဆုံးအဖြတ်ပြုလုပ်ပေးသည်။ **CH, p. 113.**

ချုပ်တည်းခြိုးခြံမှုရှိခြင်းသည် ယောကျ်ားကောင်းပီသသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏စိုးမိုးမှုကို ခံရပ်နိုင်သောတစ်ခုတည်းသောနည်းလမ်းသည် သေရည်သေရက်မျိုးစုံတို့ကိုလုံးဝရှောင်ကြဉ်ခြင်းဖြစ်သည်။ ယောကျ်ားကောင်းပီသအောင် ယင်းမူးယစ်သေစာများကို လက်ဖျားနှင့်မတို့ပဲနေခြင်းဖြစ်သည်ကို သားသမီးများအား သွန်သင်ပေးရမည်။ မှန်ကန်သောယောကျ်ားပီသခြင်းဆိုသည်မှာ အဘယ်အရာဖြစ်ကြောင်း ဘုရားသခင်သည်ကျွန်ုပ်တို့အား ပြသထားတော်မူသည်။ ချီးကျူးဂုဏ်ပြုခံရသည်သာမက အသက်စာစောင်မှနာမည်ထုတ်ပယ်ခြင်းမခံရသောသူသည် အောင်မြင်သောသူဖြစ်သည်။ **CTBH, p. 37.**

မြို့ကြီးပြကြီးများ၌အရက်ဆိုင်များကို လမ်းမကြီးများတစ်ဘက်တစ်ချက်တွင်ဖွင့်လှစ်ရောင်းချလျက်ရှိသောကြောင့် အကျင့်ဖြစ်သွားလျှင် အောင်မြင်နိုင်နင်းရန် ခဲယဉ်းသောခံတွင်းအလိုကိုလိုက်စားရန် လမ်းသွားလမ်းလာတို့အား ယင်းဆိုင်များက သွေးဆောင်လျက်ရှိသည်။ ဆေးလိပ်နှင့်မူးယစ်သေစာများကို ဘယ်အခါမျှလက်ဖျားနှင့်ပင် မတို့ရန် လူငယ်များအား သွန်သင်ပေးရမည်။ သေရည်သေရက်သည် လူတို့အား ဆင်ခြင်တုံတရားဆိုင်ရာ အစွမ်းသတ္တိကို ဆုံးပါးစေသည်။ **R & H, June 15, 1905.**

နာဒပ်နှင့်အဘိဟုတို့သည် သေရည်သေရက်သောက်စားသောအလေ့အထရှိထားသူများဖြစ်သည်။ ကာယဗလအင်အားကိုဆုတ်ယုတ်စေသောအရာဟူသမျှသည် ဉာဏဗလကိုလည်းချည့်နဲ့စေသောကြောင့် ကာယကံရှင်၌အကောင်းအဆိုး၊ အမှန်နှင့်အမှားကို ခွဲခြားသိမြင်နိုင်သောသတ္တိသည် ယုတ်လျော့သွားသည်။ ဤအခြေခံသဘောတရားမှန်ကန်ကြောင်းကို နာဒပ်နှင့်အဘိဟုတို့၏အဖြစ်အပျက်က သရုပ်ဖော်ထားသည်။ ဤပုဂ္ဂိုလ်နှစ်ဦးဆောင်ရွက်ရန် ဘုရားသခင်သည် သူတို့အားအမြင့်မြတ်ဆုံးအလုပ်ကို အပ်နှင်းထားတော်မူရာတွင် သူတို့သည် ယင်းလုပ်ငန်းကိုဆောင်ရွက်ရာ၌ ကိုယ်တော်၏အနီးအနားသို့ ချဉ်းကပ်နိုင်သောအခွင့်အရေးကိုရရှိထားကြသည်။ သို့ရာတွင် သူတို့သည်အရက်သောက်သောအလေ့အထကိုရရှိပြီးဖြစ်သောကြောင့် သန့်ရှင်းရာဌာနတော်တွင် အမှုတော်ထမ်းဆောင်သောအခါ ကြည်လင်ခြင်းမရှိ၊ ရှုပ်ထွေးသောစိတ်တို့ဖြင့်ထမ်းဆောင်ကြသည်။ "ထာဝရဘုရားထံတော်မှ မီးထွက်၍ သူတို့ကိုလောင်သဖြင့် ရှေ့တော်၌သေကြ၏။ **FE, pp. 427, 428.**

မိဘများနှင့်လူငယ်လူရွယ်များအား သတိပေးချက်။ နာဒပ်နှင့်အဘိဟုတို့၏အဖြစ်အပျက်သည် မိဘများ နှင့်လူငယ်လူရွယ်များအတွက်သတိပေးချက်ဖြစ်သင့်ပေသည်။ ခံတွင်းအလိုလိုက်စားခြင်းသည် ကျိုးကြောင်းဆင်ခြင်နိုင်သောသတ္တိကို မှောက်မှားစေသောကြောင့် ဘုရားသခင်၏အမိန့်တော်ကို ချိုးဖောက်ကြရာဝယ် ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းကို ခံကြရလေသည်။ သားသမီးများသည် မှန်ကန်သောဆုံးမသြဝါဒကို မခံခဲ့ရစေကာမူ၊ သူတို့၏အကျင့်စာရိတ္တများသည် သင့်လျော်သလိုပုံသွင်းခြင်းမခံခဲ့ရစေကာမူ၊ သူတို့သည် ကိုယ်တော်၏အမိန့်တော်ကိုနာခံလျှင် နာဒပ်၊ အဘိဟုတို့နှင့် ကိုယ်တော်ရှင်သည် ဆက်သွယ်မှုရှိသကဲ့သို့ ယင်းသားသမီးများတို့နှင့်လည်း အဆက်အသွယ်ရှိလိုတော်မူသည်။ သူတို့သည် ယုံကြည်ခြင်း ရှိရှိဖြင့်လည်းကောင်း၊ သတ္တိရှိရှိဖြင့်လည်းကောင်း ဘုရားသခင်၏အလိုတော်အတိုင်း ဝန်ခံလိုက်နာကျင့်သုံးလျှင် ကိုယ်တော်ရှင်သည် သူတို့အားသွန်သင်၍ သူတို့၏အသက်တာသည် ရေသေတွင်ပေါက်ရောက်သော်လည်း အမြဲတမ်းမွှေးကြိုင်နေသော ဖွေးဖွေးဖြူနေသည့်တောနှင်းပန်းကဲ့သို့ ဖြစ်နေလိမ့်မည်။ ယေရှုထံမှရရှိသောခွန်အားဖြင့် ခံတွင်းအလိုသို့ယိမ်းယိုင်ခြင်းနှင့်တပ်မက်ခြင်းတို့ကိုချုပ်ထိန်းထားလျက် စာတန်၏သွေးဆောင်မှုအရပ်ရပ်တို့ကို နေ့စဉ်နေ့တိုင်း အောင်မြင်နိုင်နင်းနိုင်ကြသည်။ ကိုယ်တော်၏မြင့်မားသော ရည်စူးချက်များကိုအကောင်အထည်ဖော်ပေးရန် လူသားတို့အတွက် ဤနည်းလမ်းကိုချမှတ်ပေးထားတော်မူသည်။ **ST, July 8, 1880.**

ဂုဏ်ပြုချီးကျူးထိုက်သောသူ။ သူ၏ခံတွင်းအလိုကိုဘုရားသခင်၏ချုပ်ထိန်းမှုအောက်တွင်ထားရှိ၍မူးယစ်သောသေရည်သေရက်ကိုသောက်စားရန် ပထမဆုံးအကြိမ်သွေးဆောင်ခြင်းကို ငြင်းပယ်လျက်ယဉ်ကျေးသိမ်မွေ့စွာနှင့်တည်ကြည်စွာ "ကျေးဇူးတင်ပါတယ်၊ ကျွန်တော်မသောက်ပါဘူး" ဟုပြန်ပြောသောလူငယ်လူရွယ်သည် ဂုဏ်ပြုချီးကျူးထိုက်သောသူဖြစ်သည်။ လောကတွင်ရာထူးဌာနန္တရကြီးများထမ်းဆောင်၍ မြင့်သောအရပ်များတွင် ကျင်လည်ရသောသူတို့သည်ကျန်းမာခြင်းနှင့်ဘဝအသက်တာကိုဖျက်ဆီးသောအကျင့်ဓလေ့ကို ရဲဝံ့စွာငြင်းဆန်လောက်အောင်စာရိတ္တဗလကြံ့ခိုင်မှုမရှိသော်လည်း လူငယ်တို့သည် သေရည်သေရက်မှစသော မူးယစ်သေစာရှိသမျှကို လုံးဝရှောင်ကြဉ်သူများဖြစ်ပါလေစေ။ **L, 166, 1903.**

ဘုရားသခင်အားမိမိကိုယ်ကိုဆက်ကပ်ထားသော လူငယ်တစ်ဦး၏သြဇာသက်ရောက်မှု။ မှန်ကန်သောအိမ်ထောင်ဆိုင်ရာသွန်သင်မှုကိုခံခဲ့ရသောလူငယ်တစ်ဦးသည် သူ၏စာရိတ္တအဆောက်အအုံကို ဆောက်လုပ်ရာတွင် တောင့်တင်းခိုင်မာသောသစ်သားများကို အသုံးပြု၍ သူ၏ပုံသက်သေနှင့်လက်တွေ့ဘဝအသက်တာအားဖြင့် သူ့စွမ်းရည်များ ကိုမှန်ကန်စွာအသုံးပြုလျက်သူသည် သူတစ်ပါးအား ဖြောင့်မတ်ခြင်းလမ်းတွင်အထက်အရပ်နှင့်ရှေ့သို့လမ်းပြပို့ဆောင်ရာ၌ကမ္ဘာပေါ်တွင် အင်အားတစ်ရပ်ဖြစ်လာပေမည်။ ဝိညာဉ်တစ်ခုကို ကယ်တင်ခြင်းသည် ဝိညာဉ်အများကိုကယ်တင်ခြင်းဖြစ်သည်။ **R & H, July 10, 1888.**

အကျင့်ဓလေ့များဆိုင်ရာရက်ထည်။ သင်သည် သင့်ကိုယ်တိုင်အတွက် အကျင့်ဓလေ့များဆိုင်ရာရက်ထည်တစ်ခုကို နေ့စဉ်နေ့တိုင်းရက်လုပ်နေသည်ကို သတိပြုပါ။ အကယ်၍ ဤအကျင့်ဓလေ့များသည် ကျမ်းစာ၌ဖော်ပြပါရှိသော ဥပဒေပညတ်များနှင့်ကိုက်ညီလျှင်သင်သည် နေ့တိုင်းကောင်းကင်သို့ ပို့ဆောင်ပေးသော လှေကားထစ်များပေါ်တွင်လှမ်းလျှောက်နေသည်။ ထိုသို့လှမ်းလျှောက်ရာတွင် ကျေးဇူးတော်နှင့်သမ္မာတရားကိုသိကျွမ်းခြင်းတို့၌တိုးတက်ကြီးပွားလျက်ရှိသည်။ ထိုကြောင့် ဒံယေလကို ဘုရားသခင်သည် ဉာဏ်ပညာပေးတော်မူသကဲ့သို့ သင့်အားပေးတော်မူမည်။ ထိုအခါသင်သည် ကိုယ့်စိတ်ကြိုက်လုပ်တတ်သောလမ်းစဉ်ကို လိုက်မည်မဟုတ်ပေ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကျင့်ဓလေ့များကို ကျပ်တည်းစွာလိုက်နာကျင့်သုံးပါ။ ဘုရားသခင်သတ်မှတ်ထားရှိသောသင့်ကိုယ်ခန္ဓာရပ်တည်မှုဆိုင်ရာသန့်ရှင်းသောဥပဒေပညတ်များကို သတိနှင့်စောင့်ထိန်းပါ။ သင့်စွမ်းရည်များကို ဘုရားသခင်သည် တောင်းဆိုတော်မူသည်အတွက်ကြောင့် ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို ပေါ့လျော့စွာသတိမမူခြင်းသည် အပြစ်ဖြစ်သည်။ သင်သည် ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို ပိုမိုကောင်းမွန်စွာစောင့်ထိန်းလေ၊ စုံစမ်းသွေးဆောင်မှုများကို ပိုမိုခွဲခြားသိမြင်၊ တွန်းလှန်နိုင်မည်ဖြစ်ပြီး ထာဝရကာလဆိုင်ရာ မှုကိစ္စတို့၏တန်ဖိုးကို ပိုမိုပြတ်သားစွာ ခွဲခြားသိမြင်လာလေလေဖြစ်မည်ဖြစ်သည်။ **YT, Aug. 25, 1886, p. 135.**

ဒံယေလ၏ပုံသက်သေ။ ဒံယေလနှင့်သူ့အပေါင်းအဖော်တို့ထက် ပိုမိုပြင်းထန်သောစုံစမ်းသွေးဆောင်ခြင်းမျိုးကို ရင်ဆိုင်ရသောယောက်ျားကလေး၊ မိန်းကလေးများ မရှိပေ။ ဤဟေဗြဲလူငယ်လေးဦးတို့သည် ရှင်ဘုရင်၏ထမင်းစားပွဲမှကျလာသောအရက်နှင့်အစားအစာများကို သောက်စားခွင့်ရသည်။ သို့ရာတွင် သူတို့သည် ချုပ်တည်းခြိုးခြံမှုကို ရွေးချယ်ကြသည်။ သူတို့ပတ်လည်တွင် အန္တရာယ်များဝန်းရံနေသည်ကိုလည်းကောင်း၊ သူတို့၏စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်လျှင် သူတို့အနေဖြင့်အတတ်နိုင်ဆုံး ကြိုးပမ်းမှုကို ပြုလုပ်၍ ထွက်လာမည့်အဖြေအတွက် ဘုရားသခင်ကိုယုံကြည်ကိုးစားရမည်ဖြစ်ကြောင်းကိုလည်းကောင်း တွေ့မြင်ကြသည်။ ဒံယေလကဲ့သို့ ဘုရားသခင်ဘက်၌ မားမားမတ်မတ်ရပ်လိုသောလူငယ်တို့သည် သူတို့၏ဝိညာဉ်ရေးဆိုင်ရာအစွမ်းသတ္တိများကို အတတ်နိုင်ဆုံးကြိုးပမ်းအသုံးပြုလျက်ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်ပြီးလျှင် ကိုယ်တော်ထံတော်သို့ နှိမ့်ချနာခံသောစိတ်ဖြင့် ချဉ်းကပ်သောသူတို့အားကတိထားတော်မူသောခွန်အားကို လုံးဝယုံကြည်ကိုးစားရမည်။

ကုသိုလ်နှင့်အကုသိုလ်တို့စပ်ကြား၌ရှိနေသောတိုက်ပွဲကိုအမြဲတမ်းဆင်နွှဲနေရမည်။ တစ်ဘက်မှစိတ်ဝမ်းကွဲပြားနေသောသူတို့နှင့် အခြားတစ်ဘက်မှစင်ကြယ်သောအခြေခံသဘောတရားများတို့သည် အနိုင်ရရှိရန် တိုက်ပွဲဆင်လျက်ရှိကြသည်။ ခံတွင်းအလိုလိုက်စားသောအချက်နှင့်စပ်ဆိုင်၍ စာတန်သည် လူတိုင်းအား စုံစမ်းခြင်းကို ပုံစံအမျိုးမျိုးဖြင့်သွေးဆောင်လျက်ရှိသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် နေရာအနှံ့အပြားတွင် ဖြစ်ပျက်လျက်ရှိသည်။ မည်သည့်နေရာကို ကြည့်သည်မဆို ယင်းအကျင့်ဆိုးကို နှစ်ခြိုက်စွာလိုက်စားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ငြင်းပယ်လျှင်ဂုဏ်ရှိသည်။ ခပ်သိမ်းသောအရာများတွင်ချုပ်တည်းခြိုးခြံမှုကျင့်သုံးရန် ယေရှု၏တပည့်တော်များသည် ဘယ်အခါမျှ ရှက်ကြောက်နေလိမ့်မည်မဟုတ်ပေ။ ထိုသို့ဆိုသော် အမြုပ်ထနေသောအရက်ခွက်ကို ငြင်းပယ်ရန်လူငယ်တစ်ဦးသည် ဘာကြောင့်ရှက်သွေးမွှန်နေသင့်သနည်း။ မှောက်မှားနေသောခံတွင်းအလိုကို ငြင်းပယ်ခြင်းသည် ဂုဏ်ရှိသောအပြုအမူတစ်ရပ်ဖြစ်သည်။ အပြစ်ပြုလုပ်ခြင်းသည် လူမဆန်ပေ။ စားရေးသောက်ရေးတွင် အန္တရာယ်ဖြစ်စေသောအကျင့်ဓလေ့များကိုလိုက်စားခြင်းသည်အားနည်းခြင်း၊ သူရဲဘောနည်းခြင်း၊ ယုတ်ညံ့ခြင်းဖြစ်သည်။ သို့ရာတွင် မှောက်မှားသောခံတွင်းအလိုကိုငြင်းပယ်ခြင်းသည် သန်စွမ်းခြင်း၊ ရဲရင့်ခြင်းနှင့်မြင့်မြတ်ခြင်းဖြစ်သည်။ ဗာဗုလုန်ပြည်နန်းတော်တွင် ဒံယေလသည်အပြစ်ပြုလုပ်ရန် ဆွဲဆောင်မှုအမျိုးမျိုးကို ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် ခရစ်တော်၏မစတော်မူခြင်းကြောင့် သူသည် သစ္စာရှိစွာရပ်တည်ခဲ့သည်။ အောင်မြင်နိုင်စေရန် လိုအပ်သောအကူအညီများကို ပြည့်ပြည့်စုံစုံပေးထားပြီးသော်လည်း စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်ခြင်းမပြုသောသူကို ကောင်းကင်စာစောင်များတွင် လူသားတစ်ဦးအနေဖြင့် စာရင်းသွင်းထားခြင်းမရှိပေ။

"ဒံယေလကဲ့သို့ရဲရင့်ပါ။ တစ်ဦးတည်းရပ်တည်ရန်ရဲရင့်စိတ်ရှိပါ။" မှန်ရာကိုပြုလုပ်ဖို့သတ္တိရှိပါ။ ဆိုးယုတ်သောအပေါင်းအသင်းရောင်းရင်းတို့ရှေ့တွင် သူရဲဘောနည်းသောစိတ်နှင့်တိတ်ဆိတ်စွာ သူတို့၏ဉာဏ်ဆင်ခြင်းများကိုနားထောင်နေလျှင် သင်သည် သူတို့နှင့်တစ်လှေထဲစီး၊ တစ်ခရီးတည်းသွားသောအခြေအနေသို့ရောက်ရှိသည်။ "သင်တို့သည် သူတို့အထဲမှ ထွက်၍အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည် လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်။"

စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရန်လိုအပ်သည်။ မှန်ကန်သောချုပ်တည်းခြိုးခြံမှုဆိုင်ရာ အခြေခံသဘောတရားများကို ကိုင်စွဲထားရန် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မှုကို အချိန်အခါမရွေး လိုအပ်ပေသည်။ ယင်းကဲ့သို့သောလမ်းစဉ်ကို ကျင့်သုံးခြင်းသည် လှုံ့ဆော်စာများအားလုံးရှောင်ကြဉ်မှုကို လုံးဝမလိုက်နာကြသောသူတို့အား အံ့သြစေလိမ့်မည်ကို ကျွန်ုပ်တို့ မျှော်လင့်ရမည်။ သို့ရာတွင် ကျွန်ုပ်တို့အပေါင်းအသင်းများတို့၏အန္တရာယ်ပြုတတ်သောအကျင့်ဓလေ့များနှင့်အလုပ်အကိုင်များအတိုင်း လိုက်နာလုပ်ကိုင်နေလျှင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ကျွန်ုပ်တို့သည် ဘယ်ကဲ့သို့ ဆက်လက်ဆောင်ရွက်နိုင်ပါမည်နည်း။

လူငယ်တိုင်းသည် ယေရှုရှင်၏နာမတော်နှင့်ခွန်အားတော်အားဖြင့် မှောက်မှားသောခံတွင်းအလိုနှင့်စပ်ဆိုင်၍ ရန်သူကို ယနေ့အောင်မြင်နိုင်ကြသည်။ ချစ်သောလူငယ်မိတ်ဆွေတို့၊ သင်တို့၏အကျင့်ဓလေ့များသည် ဘဝအသက်တာနှင့်ကျန်းမာခြင်းဆိုင်ရာဥပဒေပညတ်များနှင့်ညီညွတ်လာသည်တိုင်အောင် ရှေ့သို့တစ်လှမ်းပြီးတစ်လှမ်း ချီတက်ပါ။ စုံစမ်းခြင်းခံရသောတောထဲတွင် အောင်မြင်ခြင်းသရဖူဆောင်းတော်မူခဲ့သော ကိုယ်တော်ရှင်က မိန့်ကြားတော်မူသည်မှာ၊ "ငါသည်အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်နေရသောအခွင့်ကို ငါပေးမည်။" **YI, July 16, 1903.**

စုံစမ်းသွေးဆောင်ခြင်းရှိသောနေရာမှပြောင်းရွှေ့ပေးတော်မမူ။ ဒံယေလသည်ဘုရားသခင်ကိုချစ်သည်၊ ကြောက်ရွံ့ရိုသေသည်။ ကိုယ်တော်၏စကားတော်ကိုလည်းနားထောင်သည်။ သို့စေကာမူ သူသည်လောကကြီး၏ဖျက်ဆီးတတ်သောသြဇာသက်ရောက်မှုကို ရှောင်ရှားရန်အခြားနေရာသို့ထွက်ပြေးမသွားပေ။ ဘုရားသခင်၏စောင်မတော်မူခြင်းအားဖြင့် သူသည်လောကတွင်ရပ်တည်နေရသော်လည်း လောက၏အကျင့်ဓလေ့များကိုလိုက်နာကျင့်သုံးခြင်းမရှိပါ။ နန်းတော်တွင်စုံစမ်းသွေးဆောင်ခြင်းအမျိုးမျိုးနှင့်မက်မောဖွယ်ရာအမျိုးမျိုးတို့သည် သူ့အားဝန်းရံထားသော်လည်း သူသည် သူ့ခံယူချက်အတိုင်းမားမားမတ်မတ်ရပ်တည်လျက်သူလက်ခံထားသောမူများအပေါ် မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ တည်မြဲနေသည်။ ဘုရားသခင်ကို သူ့ခွန်အားဖြစ်စေသောကြောင့် သူ့အလိုအပ်ဆုံးအချိန်တွင် ကိုယ်တော်သည် သူ့အားစွန့်တော်မမူ။ **4T, pp. 569.**

သစ္စာရှိစွာဆောင်ရွက်သောအိမ်ထောင်ဆိုင်ရာသွန်သင်မှု၏ကောင်းကျိုး။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကျင့်ဓလေ့များကို ကျပ်တည်းစွာလိုက်နာကျင့်သုံးစေရန် ဒံယေလအား ငယ်စဉ်တောင်ကျေးအကလေးဘဝကတည်းက သူ့မိဘများက သွန်သင်ထားကြသည်။ သူ့အကျင့်ဓလေ့အားလုံးတွင် သဘာဝဥပဒေပညတ်များနှင့်ညီညွတ်စေရမည်ဖြစ်ကြောင်းကိုလည်း သူ့အားသွန်သင်ထားကြသည်။ ထို့ပြင် သူ့စားရေးသောက်မှုတို့သည် သူ၏ကာယ၊ ဉာဏနှင့်စာရိတ္တဗလတို့ကို တိုက်ရိုက်ထိခိုက်မှုရှိကြောင်း၊ သူ့စွမ်းရည်များအတွက် ဘုရားသခင်အားထုချေရှင်းလင်းရန်တာဝန်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းစွမ်းရည်များကို ဘယ်နည်းနှင့်မျှချည့်နဲ့ယုတ်ညံ့အောင်မလုပ်ရကြောင်းတို့ကိုလည်း သွန်သင်ပြသကြသည်။ ဤသွန်သင်ဆုံးမမှု၏ကောင်းကျိုးမှာ သူ့စိတ်ထဲတွင် ဘုရားသခင်၏ပညတ်တော်ကို အမြဲတမ်း ချီးမြှောက်ထားပြီး သူ့နှလုံးသားထဲတွင် အမြဲတမ်းရိုသေကိုင်းရှိုင်းနေလေသည်။ သူဖမ်းသွားချုပ်နှောင်ထားခြင်းခံရသောကာလ၏စောစောပိုင်းတွင် ဒံယေလသည် နန်းတော်ဆိုင်ရာခမ်းနားကြီးကျယ်သောမင်းစိုးရာဇာတို့၏သွားလာနေထိုင်ပုံ၊ ကိုယ်နေဟန်ထားရှိပုံနှင့် ရုပ်ပွားဆင်းတုကိုးကွယ်ပုံတို့ကို သိကျွမ်းအောင် သင်ကြားရသောဒုက္ခကို ရင်ဆိုင်နေရသည်။ သေရည်သေရက်ကို ရှောင်ကြဉ်သောဘဝ၌ ကျင်လည်ခြင်း၊ ဝီရိယရှိစွာဖြင့်အမှုတော်ထမ်းခြင်းနှင့်သစ္စာရှိခြင်းတို့ကို ကျင့်သုံးမည့်ပုဂ္ဂိုလ်တစ်ဦးအတွက် ယင်းသင်ကြားမှုသည် ထူးဆန်းသောသင်ကြားမှုဖြစ်ပါသည်တကား။ သို့ဖြစ်လင့်ကစား သူ့အားဝန်းရံထားသော အပြစ်ဒုစရိုက်၏ပတ်ဝန်းကျင်တွင် သူသည် သန့်ရှင်းစင်ကြယ်သောဘဝအသက်တာမျိုး၌သာ ကျင်လည်နေလေသည်။

ဒံယေလနှင့်သူ့လူငယ်အပေါင်းအသင်းရောင်းရင်းတို့၏အတွေ့အကြုံက မူးယစ်သောအသုံးအဆောင်နှင့်မသန့်ရှင်းသောအစားအသောက်များကို ရှောင်ကြဉ်ခြင်းမှရရှိနိုင်သောကောင်းကျိုးများကိုလည်းကောင်း၊ စိတ်ဝိညာဉ်သန့်ရှင်းစင်ကြယ်၍ မြင့်မားသောအခြေအနေတွင် ထားရှိရန် ကြိုးပမ်းရာတွင် ကိုယ်တော်ရှင်သည် မည်ကဲ့သို့စီစဉ်ပေးတော်မူမည်ကိုလည်းကောင်း လက်တွေ့ပြသပေသည်။ ယင်းလူငယ်တစ်စုသည် ဘုရားသခင်အတွက် ဂုဏ်ယူဖွယ်ရာများဖြစ်၍ ဗာဗုလုန်နန်းတော်တွင်လည်း ထွန်းလင်းတောက်ပသောအလင်းအိမ်များ အနေဖြင့်ရပ်တည်နေကြသည်။

ကျွန်ုပ်တို့အား ဘုရားသခင်ခေါ်တော်မူခြင်း။ ဤအဖြစ်အပျက်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ပုဂ္ဂိုလ်အနေဖြင့် မိန့်တော်မူသောအသံတော်ကို ကျွန်ုပ်တို့သည်ကြားနေရ၍ ဤခရစ်ယာန်ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အကြောင်းအရာနှင့်ပတ်သက်၍ တန်ဖိုးရှိလှသောအလင်းတရားအားလုံးကိုစုဆောင်းသိမ်းဆည်းထားပြီးနောက် ကျွန်ုပ်တို့ကိုယ်တိုင်ကိုလည်း ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များနှင့်မှန်ကန်သောဆက်သွယ်မှုရှိကြရမည်။

ကျွန်ုပ်တို့သည် ထာဝရအမွေကိုဝေပုံကျရယူလိုကြသည်။ ညစ်ညမ်းခြင်းရှိသမျှနှင့်ကင်းလွတ်သောဘုရားသခင်၏မြို့တော်ကို ဝင်စားလိုကြသည်။ စုံစမ်းသွေးဆောင်ခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ တွန်းလှန်တိုက်ဖျက်နေသည်ကို ကောင်းကင်သားအားလုံးတို့က စောင့်ကြည့်နေကြသည်။ ခရစ်တော်၏နာမတော်ကို ခံယူသောသူတို့အားလုံးတို့သည် ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း မှန်ကန်သောအသက်ရှင်မှုကို သူတစ်ပါးအားသွန်သင်ပြသနိုင်အောင် လောကရှေ့တွင်နေထိုင်သွားလာရကြမည်။ "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောဝတ်ကိုပြုမည့်အကြောင်း ဘုရားသခင်၏ကရုဏာတော်ကို ထောက်၍ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။" **CTBH, pp. 23, 24.**

ကျောင်းသူကျောင်းသားများ သတိပြုစရာ။ စားသောက်မည့်အစားအစာ၏အနေအထားနှင့်ယင်းအစာကိုစားသောက်ပုံတို့သည် ကျန်းမာခြင်းအပေါ်များစွာသြဇာသက်ရောက်မှုရှိသည်။ မြောက်မြားစွာသောကျောင်းသူကျောင်းသားတို့သည် ခံတွင်းကိုချုပ်ထိန်းထားရန် သို့မဟုတ် စားသောက်မှုဆိုင်ရာ သင့်လျော်သောဥပဒေပညတ်များကိုစောင့်ထိန်းရန် မဆုတ်မနစ်သော ကြိုးပမ်းမှုမျိုး တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ခဲ့ကြပေ။ အချို့တို့သည် ထမင်းစားချိန်တွင် အလွန်အမင်းစားသောက်ကြ၍ အခြားသောသူတို့သည် သွေးဆောင်ခြင်းကို ခံရသောအခါတိုင်း ထမင်းတစ်နပ်နှင့်တစ်နပ်စပ်ကြားတွင် စားလိုရာစားကြသည်။

အစားအစာနှင့်ပတ်သက်သောအကျင့်ဓလေ့များတွင် သတိကြီးစွာထားရန် လိုအပ်ကြောင်းကို ကျောင်းသူကျောင်းသားတို့အား သေချာစွာမှတ်သားထားကြပါလေစေ။ ကျွန်ုပ်တို့စာသင်ကျောင်းများတွင် လာရောက်ပညာဆည်းပူးနေကြသော ကျောင်းသူကျောင်းသားတို့ကို အသားဖြင့်ချက်ပြုတ်ထားသောအစားအစာ သို့မဟုတ် မသင့်လျော်သောအစားအစာများကိုမကျွေးမွေးရန် ကျွန်ုပ်အားညွှန်ကြားထားပါသည်။ လှုံ့ဆော်သောအသုံးအဆောင်များကိုစားသောက်သုံးစွဲလိုသောဆန္ဒကိုတိုက်တွန်းဖန်တီးပေးသောအစားအစာဟူသမျှကို စားပွဲပေါ်တွင်တည်ခင်းကျွေးမွေးခြင်းမပြုရ။ ကျန်းမာခြင်းကို ထိခိုက်မည့် အသုံးအဆောင်တစ်ခုကိုမျှ စားသောက်သုံးစွဲခြင်းမပြုရန် ကျွန်ုပ်အနေဖြင့်နှိုးဆော်ပါရစေ။ ဤနည်းအားဖြင့် အနစ်နာခံလျက် ဘုရားသခင်၏အစေကို ခံနိုင်ကြပါသည်။ **CT, pp. 297, 298.**

သင်၏ယောက်ျားပီသသောလွတ်လပ်မှုကို အခိုင်အမာပြောဆိုပါ။ ကျန်းမာမှုဂေဟာတွင် တည်ခင်းကျွေးမွေးသည့် ကျန်းမာမှုကို အထောက်အကူပြုသော ရိုးရိုးဖြစ်သည့် အစာအာဟာရများကို မစားသောက်နိုင်၊ သင်တို့၏ခံတွင်းအလိုကိုဖြည့်ရန် ဟိုတယ်ဆိုင်တစ်ဆိုင်သို့သွားရောက်စားသောက်ရမည်ဟု ယူဆကြသော လူငယ်လူရွယ်အပေါင်းတို့၊ သင်တို့၏ယောက်ျားပီသသော လွတ်လပ်မှုကို နိုးကြားစွာ အခိုင်အမာပြောဆိုလုပ်ကိုင်ရန် အချိန်တန်ပြီဖြစ်သည်။ **M, 3, 1888.**

အပြစ်သွေးဆောင်ရာသို့မလိုက်မပါနှင့်။ သင်သည်ပစ္စုပ္ပန်ဘဝ၊ လောကီနှင့်ဆိုင်သောအလုပ်အကိုင်က သင့်အားအပြစ်သွေးဆောင်ရာသို့ ပို့ဆောင်ခွင့်ပြုမည်လား။ သင့်အားချစ်တော်မူသော ကိုယ်တော်ရှင်၏မိန့်တော်မူချက်ကို သံသယဖြစ်မည်လော၊ သင့်အားဆောင်ရွက်ရန် အပ်နှင်းထားတော်မူသောအမှုတော်ကို လျစ်လျူရှုမည်လော။ သင်ပေါင်းဖော်သောလူတန်းစားသည် လောကီဆန်သည်၊ ကာမဂုဏ်လိုက်စားတတ်သည်၊ နတ်ဆိုးဆန်သည်။ သင်သည်ကိုယ်ကျင့်တရားဆိုင်ရာ ငှက်ဖျားရောဂါဝေဒနာကို ရှူရှိုက်လိုက်လေပြီ။ ထို့ကြောင့်သင်သည် ယေရှုရှင်နှင့်မှန်ကန်သော ဆက်သွယ်မှုရှိ၍ ကိုယ်တော်ရှင်၏ဘဝအသက်တာနှင့်စာရိတ္တတော်သည် သင့်အတွက် ပုံသက်သေအနေဖြင့်ထားရှိလျှင် သင်သည်အောင်မြင်သောနေရာတွင် အရှုံးနှင့်ရင်ဆိုင်ရမည့်ကြီးမားသောအန္တရာယ်ရှိနေသည်။ ယခုမှာတပ်မက်ခြင်းကြောင့်လောကတွင် ရပ်တည်နေသောညစ်ညမ်းဆိုးသွမ်းမှုမှကင်းလွတ်ရန် သင်သည် ဘုရားသခင်၏ဇာတိတော်နှင့်ဆက်ဆံမှုရှိရမည်။ သင့်ဝိညာဉ်ကို ကောင်းကင်၏ပတ်ဝန်းကျင်တွင် ထားရှိရန် သင်၏တာဝန်ဖြစ်သည်။

ကာမဂုဏ်ကျူးလွန်တတ်သောအသိုက်အဝန်းနှင့်အတူသွားလာနေထိုင်မှုအားဖြင့်သင်သည် ဖေါက်ပြန်ယုတ်ညံ့သောအခြေသို့ရောက်ရှိလာနိုင်သောနေရာမျိုးတွင် နေထိုင်ရန်မသင့်လျော်ပေ။ သင့်ဝိညာဉ်ကို မြတ်နိုးသောသူအနေ ဖြင့် ဟီရိဩတ္တပ္ပတရားကင်းသောသူ၊ ပေါက်လွှတ်ပဲစားနေသောသူ၊ ဘုရားတရားကင်းမဲ့သောသူတို့ကို ရှောင်ကြဉ်ရန် တိုက်တွန်းပါရစေ။ "အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေပဲ မကောင်းသောအမှုအရာမှလည်း ကယ်နုတ်တော်မူပါ။" ဟုဆုတောင်းပါ။ ဆိုလိုသည်မှာ"စုံစမ်းသွေးဆောင်ခြင်းကိုရင်ဆိုင်ရသောအခါဆုံးရှုံးသောသူမဖြစ်ပါစေနှင့်အရှင်ဘုရား" ဖြစ်သည်။ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်း၍ စောင့်နေကြရမည်။ စုံစမ်းသွေးဆောင်ခံရခြင်းနှင့်စုံစမ်းသွေးဆောင်ရာသို့လိုက်ပါခြင်းသည် ခြားနားမှုရှိသည်။ **L, 8, 1893.**

ယေရှုရှင်သည် ပေါင်းသင်းဆက်ဆံတတ်၍ချုပ်တည်းခြိုးခြံမှုလည်းရှိသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၊ ကိုယ့်အလိုလိုက်ခြင်းနှင့် မိုက်ပြစ်တို့ကို ကိုယ်တော်သည် ပြစ်တင်ရှုတ်ချတော်မူသည်။ သို့ဖြစ်လင့်ကစား ကိုယ်တော်ရှင် သည် လူချင်းပေါင်းသင်းဆက်ဆံမှုရှိသောသဘာဝရှိတော်မူသည်။ ပညာရှိသောသူတို့၏ ထမင်းစားခေါ်ဖိတ်ခြင်းကို လက်ခံသွားရောက်တော်မူသကဲ့သို့ ဆင်းရဲနွမ်းပါးသောသူတို့၏ထမင်းစားခေါ်ဖိတ်ခြင်းကို လက်ခံသွားရောက်တော်မူသည်။ ယင်းအခါမျိုးတွင် ကိုယ်တော်ရှင်ပြောဆိုတော်မူသောစကားများသည်ကြားရသောသူတို့အတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်၊ မှတ်လောက်သားလောက်ဖြစ်သည်၊ အံ့ဩမဆုံးဖြစ်သည်။ ကိုယ်တော်ရှင်သည် အပျော်အပါးကြူးခြင်း ကို အားမပေးသော်လည်း အပြစ်ကင်းသောပျော်ရွှင်မှုမျိုးကို နှစ်သက်တော်မူသည်။ ယုဒလူမျိုးတို့၏မင်္ဂလာဆောင်သောအခမ်းအနားသည် ဣန္ဒြေရ၍မှတ်သားလောက်ဖွယ်ဖြစ်သောအချိန်အခါမျိုးဖြစ်သည်။ ယင်းအချိန်မျိုး၌ ပျော်ရွှင်မှုမျိုးသည် ဘုရားသခင်၏သားတော်အတွက် မနှစ်မြို့ဖွယ်မဖြစ်သောအခါမျိုးမဟုတ်ပေ။ **R;MJ, pp.13, 14.**

တိုက်ရိုက်ပြောဆိုတော်မူသော်လည်း နှိပ်ကွပ်တော်မမူ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူတို့၏လုပ်ဆောင်ချက်တို့ကို ရှုတ်ချခြင်း၊ နှိပ်ကွပ်ခြင်း ပြုတော်မမူ။ သို့ရာတွင် ယင်းလုပ်ဆောင်ချက်တို့ကို မှုမှန်အောင်ပြုပြင်ပေးတော်မူသည်။ လောကကြီးသည် စိတ်နှင့်ဝိညာဉ်တို့ထဲသို့ လှုပ်ရှားတက်ကြွမှုအားပေးသောအဖြစ်အပျက်များဖြင့် ဖြည့်တင်းပေးသော်လည်း ကိုယ်တော်ရှင်သည် သင်တို့အနေဖြင့်လေ့လာရန်၊ ဗင်းအပြင်နှစ်ခြိုက်မှုရှိစေရန်နှင့် သင့်ခြေလှမ်းများကို ထိန်းသိမ်းပေးရန် ကျမ်းစာတော်မြတ်ကို သင်တို့လက်ထဲ၌ ထည့်ထားတော်မူသည်။ နှုတ်ကပတ်တော်သည် သင်တို့၏အလင်းဖြစ်၏။ **L, 8. 1893.**

အပိုင်း၁၀

# ကြိုတင်ကာကွယ်ရေးနှင့်နည်းလမ်းများ

## ၁ ချုပ်တည်းခြိုးခြံမှုတွင်ပညာပေးခြင်း

ကျွန်ုပ်တို့အနေဖြင့်ဘာပြုလုပ်နိုင်ခြင်း။ ဒီရေအလားစီးဆင်းနေသောမကောင်းမှုဒုစရိုက်ကို ဟန့်တားထားရန် ကျွန်ုပ်တို့အနေဖြင့် ဘာပြုလုပ်နိုင်သနည်း။ မူးယစ်သောသေရည်သေရက်များကို အဖျော်ယမကာအနေဖြင့် သောက်စားခြင်း၊ အသုံးပြုခြင်းများကိုကြပ်တည်းသောဥပဒေများဖြင့်တားဆီးပိတ်ပင်ထားပါ။ သေရည်သေရက်သောက်စားသောသူအား ချုပ်တည်းခြိုးခြံခြင်းနှင့်သုစရိုက်အကျင့်များကျင့်သုံးသောဘဝသို့ပြန်လည်ရောက်ရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ကြပါ။ သို့ရာတွင် သောက်စားမူးယစ်ခြင်းတည်းဟူသော အမင်္ဂလာကြီးကို တောထုတ်ပစ်ရန် ယင်းကြိုးပမ်းခြင်းထက်မက ဆောင်ရွက်ရန် လိုအပ်ပေသည်။ မူးယစ်စေသောသေရည်သေရက်များ သောက်စားလိုသောခံတွင်းအလိုကို ဖမ်းစားပစ်ပါလေ။ ယင်းအသုံးအဆောင်များသုံးစွဲခြင်းနှင့်ရောင်းချခြင်းတို့သည် ဇီဝိန်ချုပ်သွားပေလိမ့်မည်။ **GW, p. 388.**

ပညာရေးအရကြိုးပမ်းမှုမှဖြစ်ထွန်းသော ကြွယ်ဝစွာသောအကျိုးကျေးဇူးများ။ မူးယစ်သောသေရည်သေရက်များကိုသောက်စားခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်ကာယ၏တပ်မက်ခြင်းကို လိုက်စားခြင်းအားဖြင့်လည်းကောင်း အလုပ်အကိုင်အမျိုးမျိုးနှင့်လူ့ဘောင်အဆင့်အတန်းအမျိုးမျိုးတို့၌ ကျင်လည်နေကြသော သူအများတို့သည် စုံစမ်းသွေးဆောင်ခြင်း၏အာဏာစက်အောက်တွင် သက်ရောက်နေကြသည်။ ယင်းကဲ့သို့သောအခြေအနေကို ရင်ဆိုင်နေကြသောသူတို့ကို ကျွန်ုပ်တို့သည် အကြင်နာတရားမထားပဲ မနေနိုင်ဆိုသည်မှာ မှန်ကန်သော်လည်း၊ ယင်းအခြေအနေမျိုးကို ရင်မဆိုင်ရသေးသော်လည်း ယင်းအခြေအနေသို့ ဦးတည်သောလမ်းထဲသို့ ခြေဦးလှည့်သွားသည့် သူတို့အတွက်ကိုလည်း မဖြစ်သင့်သည်ကို မဖြစ်စေရန် ကျွန်ုပ်တို့အနေဖြင့် လိုအပ်သောအကူအညီကို ထိုသူတို့အား ပေးသင့်ကြသည် မဟုတ်ပါလော။ **6T, p. 256.**

သေရည်သေရက်သောက်စားခြင်းတည်းဟူသော ကြီးမားလှသော မကောင်းမှုဒုစရိုက်ကြီးကို ဟန့်တားရန်ကြိုးပမ်းမှုမျိုးထက်ဝက်မျှကိုသားသမီးတို့၏စာရိတ္တများပြုပြင်ရေးတွင် မိမိတို့ပခုံးပေါ်တွင်ကြီးလေးသောတာဝန်ရှိနေကြောင်းကို မိဘတို့အားအသိပညာပေးဖို့ ဦးတည်၍အသုံးမပြုလျှင် ယခုအခါတွင် ကြီးထွားရင့်သန်နေသော အခြေအနေသို့ရောက်ရှိနေပြီးဖြစ်သည့်မူးယစ်သေစာသောက်ခြင်းတည်းဟူသောမကောင်းမှုဒုစရိုက်ကြီးကို တိုက်ဖျက်ရာမှာ အဆပေါင်းထောင်သောင်းမကသောကောင်းကျိုးများ ဖြစ်ထွန်းစရာအကြောင်းရှိသည်။ မူးယစ်စေသောသေရည်သေရက်သောက်စားလိုသောခံတွင်းမျိုးကို အိမ်ဂေဟာများ၌ဖန်တီးလုံ့ဆော်ပေးလျက်ရှိရာ၊ အများအားဖြင့် သေရည်သေရက်ရှောင်ကြဉ်ရန်လှုံ့ဆော်ရေးလှုပ်ရှားမှုကြီးတွင် ရှေ့တန်းကပါဝင်ဆောင်ရွက်လိုသောပုဂ္ဂိုလ်ကြီးများတို့၏ထမင်းစားပွဲများတွင်ပင်တည်ခင်းစားသုံးနေတတ်ကြပါသည်။ သေရည်သေရက်ရှောင်ကြဉ်ရေးလှုပ်ရှားမှုကြီးတွင်ပါဝင်ဆောင်ရွက်နေကြသောအမှုထမ်းအားလုံးတို့အား အောင်မြင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ သို့ရာတွင် သူတို့တိုက်ဖျက်နေသောမကောင်းမှုဒုစရိုက်ကြီး၏ရေသောက်မြစ်ကို တွေ့ရှိရန် ပိုမိုနက်ရှိုင်းစွာကြည့်ရှု၍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းတွင် ပိုမိုပိပိရိရိ အားတက်သရောဆောင်ရွက်ရန် ကျွန်ုပ်တို့က ဖိတ်မန္တကပြုအပ်ပါသည်။ **ST, Nov. 17, 1890.**

ဘာကိုသင်ကြားပို့ချပေးရမည်ဖြစ်ကြောင်း။ ဉာဏဗလနှင့်စာရိတ္တဗလတို့ကို ချိန်ခွင်လျှာကဲ့သို့ နေရာမှန်၌ထားရှိခြင်းသည် အများအားဖြင့် ကိုယ်ခန္ဓာတစ်ခုလုံး၏အခြေအနေမှန်ပေါ်တွင်တည်ရှိကြောင်း လူတို့အား အမြဲတမ်းသိရှိစေရမည်။ ကိုယ်ခန္ဓာ၏သဘာဝကို အင်အားချည့်နဲ့ယုတ်ညံ့စေသည့် မူးယစ်ထိုင်းမှိုင်းစေသော ပဝတ္တိဖြစ်သည့် လှုံ့ဆော်သောအရာဟူသမျှသည် ဉာဏဗလနှင့်စာရိတ္တဗလတို့၏အခြေအနေကို ထိခိုက်လေသည်။

ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ပြုပြင်ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြသောသူတို့သည် အထက် ပါကိစ္စများနှင့်ပတ်သက်၍လူထုအားပညာပေးလုပ်ငန်းကို ဆောင်ရွက်ကြရပေမည်။ မောပန်းနွမ်းနယ်နေပြီးဖြစ်သော အင်အားများကိုသဘာဝမကျ၊ ပြောက်ကျားဖြစ်သောဆောင်ရွက်လှုပ်ရှားမှုမျိုးကိုအားပေးသည့် အင်္ဂါများအားလှုံ့ဆော်စာ များကို သုံးစွဲခြင်းသည် ကျန်းမာခြင်း၊ စာရိတ္တနှင့်အသက်ပိုပင် အန္တရာယ်ပြုကြောင်း သူတို့အားသင်ကြားပို့ချပေးပါ။ **MH, p.335.**

သတ္တိရှိ၍စိတ်တည်ငြိမ်စွာထားပါ။ အမျိုးသားအမျိုးသမီးတို့မှတစ်ဆင့် ဘုရားသခင်၏သဘာဝကို ပြည့်စုံစွာ ဖော်ပြနိုင်စေရန် ခန္ဓာဆိုင်ရာဘဝအသက်တာကို သေချာစွာပညာပေးရမည်။ ပြုစုပျိုးထောင်ပေးရမည်။ ကြီးထွားရင့် သန်စေရမည်။ လူတို့သည် ကိုယ်တော်ရှင်ပေးသနားတော်မူသောဉာဏ်သတ္တိကို အသုံးပြုကြရန် ကိုယ်တော်ရှင်သည် မျှော်လင့်နေတော်မူသည်။ ကိုယ်တော်ရှင်အတွက် သူတို့အား ပေးကမ်းထားတော်မူသောဆင်ခြင်တုံတရားကို အသုံးပြု ကြရန် ကိုယ်တော်ရှင်သည် မျှော်လင့်နေတော်မူသည်။ ကိုယ်တော်ရှင်ကအပ်နှင်းထားတော်မူသောဩတ္တပ္ပစိတ်၏ကြီးစိုး မှုကို ဝန်ခံကြရမည်။ ဉာဏဗလနှင့်ကာယဗလတို့သည် ချစ်တတ်သောစိတ်များနှင့်အတူတကွအမြင့်မားဆုံးစွမ်းရည်ရှိ သော အဆင့်အတန်းသို့ရောက်ရှိသည်တိုင်အောင် ပြုစုပျိုးထောင်ပေးရမည်။

ဘုရားသခင်ကလူသားတို့အား ပေးထားတော်မူသောအင်္ဂါအစိတ်အပိုင်းများနှင့်စွမ်းရည်များကိုလျစ်လျူရှုထား ခြင်း၊ အလွဲသုံးစားခြင်းသို့တည်းမဟုတ် ကိုယ်လက်လှုပ်ရှားခြင်းအားဖြင့် ရရှိနိုင်သောကျန်းမာခြင်းနှင့်အင်္ဂါအစိတ်အပိုင်း တို့၏စွမ်းရည်များ လက်လွတ်ခြင်းတို့ကို ကိုယ်တော်ရှင်သည် တွေ့မြင်သောအခါ နှစ်သက်သဘောကျတော်မူပါမည် လော။ ထိုနောက် ယုံကြည်ခြင်း ဆုကျေးဇူးကို ပြုစုပျိုးထောင်ပေးပါ။ ရဲစွမ်းသတ္တိရှိပါ။ ဝိညာဉ်ဗိမာန်တော်ကိုဖျက်ဆီး သောအကျင့်ဓလေ့တိုင်းကို အောင်မြင်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို လုံးဝအားကိုးအားထားပြုရကြပါမည်။ ကျွန်ုပ်တို့နှင့်ဘုရားသခင်ဆက်ဆံရာတွင် ကိုယ်တော်၏ကြံရွယ်တော်မူချက်ကိုလည်းကောင်း၊ ကိုယ်တော်ရှင်ဆက်ဆံ တော်မူခြင်း၏အကျိုးသက်ရောက်ပုံကိုလည်းကောင်း၊ ကျွန်ုပ်တို့မတွေ့မြင်ရသော်လည်း ကိုယ်တော်ရှင်ကို ဆက်လက်ယုံ ကြည်စိတ်ချသောအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်ပိုမိုရင့်သန်ခိုင်မာလာသည်။ ယုံကြည့်ခြင်းသည် ရောက်ရှိလာ မည့်အရာများတည်ရှိရာအရပ်နှင့်အထက်အရပ်သို့ညွှန်ပြလျက် ကျွန်ုပ်တို့အားကိုယ်တော်၌စုံလင်ခြင်းဘဝသို့ ပို့ဆောင် ပေးသည့် တစ်ခုတည်းသောတန်ခိုးကို ကိုင်စွဲထားစေသည်။ ဘုရားသခင်က "ငါ၏အစွမ်းသတ္တိကို ကိုးစား၍ ငါနှင့်မိတ် သဟာယဖွဲ့ကြစေ၊ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော" ဟုမိန့်တော်မူသည်။ **M, 130, 1899.**

အရာခပ်သိမ်းတို့ထက်စိတ်ဝင်စားဖွယ်ဖြစ်သောအကြောင်းအရာ။ ဘုရားသခင်သည် လူသားတို့အား အန္တရာယ်ပြုသည့်အရာများကို ကြိုတင်သတိပေးထားတော်မူသည်။ သို့ရာတွင် သူတို့၏အန္တရာယ်ကိုညွှန်ပြသောစကား တော်များကို သန်းပေါင်းများစွာသောသူတို့သည် ဂရုမပြုလျစ်လျူရှုနေကြသည်။ သူတို့သည် သူတို့၏ကျန်းမာခြင်းကို ဖျက်ဆီးသောအစာကို စားကြသည်။ မသင့်သောအစာကို စားခြင်းနှင့်မူးယစ်သောသေရည်သေရက်ကိုသောက်စားခြင်း အားဖြင့် သူတို့ကိုယ်ကိုကျေးကျွန်ဘဝ၌ချည်နှောင်ထားကြသည်ကို သူတို့သည်သိရှိတွေ့မြင်လိုသောစိတ်မရှိကြ။ ရသာ ရုံက သူတို့အားသံကြိုးဖြင့်တုပ်နှောင်ထားသောအခြေအနေသို့ရောက်သည်တိုင်အောင် သူတို့သည် ဘဝအသက်တာ နှင့်ကျန်းမာခြင်းဆိုင်ရာ ဥပဒေပညတ်များကို ချိုးဖောက်လျက်ရှိကြသည်။

မြို့ကြီးပြကြီးများ၌နေထိုင်လျက်ရှိကြသောသူတို့အား ကျွန်ုပ်တို့အနေဖြင့် တင်ပြကြသောအကြောင်းအရာများ အနက် သူတို့ကိုယ်ခန္ဓာ ကျန်းမာရေးဆိုင်ရာအကြောင်းအရာထက် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်သောအကြောင်းအရာကား မရှိတော့ပြီ။ စစ်မှန်သောချုပ်တည်းခြိုးခြံမှုက မူးယစ်သောသေရည်သေရက်သောက်စားခြင်းကိုလုံးဝရှောင်ကြဉ်ရန် တား မြစ်ထားသည်။ စားရေးသောက်ရေး၊ ဝတ်စားတန်ဆာဝတ်ဆင်ရေးနှင့်အိပ်စက်ရေးတို့တွင် ပြုပြင်ပြောင်းလဲရန်လည်း တောင်းဆိုထားသည်။ ခံတွင်းအလိုကိုလိုက်စားသောသူတို့သည် လူနာဘဝ၌ ရပ်တည်နေမည်မနေမည်ကို သူတို့ကိုယ် တိုင်၏ဆုံးဖြတ်ချက်ပေါ်တွင် တည်နေသည်ဆိုသောအဆိုပြုချက်ကို မကြားလိုကြပေ။ သူတို့သည် နီးနီးကြားကြားရှိ၍ အကြောင်းနှင့်အကျိုးတရားကိုဆင်ခြင်ကြရန် လိုအပ်ပေသည်။ တော်သင့်စွာစားခြင်း၊ သောက်ခြင်းနှင့်ဝတ်စားဆင်ယင် ခြင်းတို့တွင် အသိပညာကင်းမဲ့မှုကြောင့် သူတို့သည် ရောဂါထုတ်လုပ်ဖြန့်ချိရေးဌာနအနေဖြင့် ရပ်တည်နေသည်ကို လည်း သူတို့အနေဖြင့် သိရှိရန်လိုအပ်နေပေသည်။ **M, 155, 1899.**

ရာသက်ပန်လုပ်ငန်း၏လျှို့ဝှက်ချက်။ ရရှိခဲ့ပြီးဖြစ်သော "ချုပ်တည်းခြိုးခြံမှု(ဝါ)မူးယစ်သေစာများ ရှောင်ကြဉ်ရေးလှုပ်ရှားမှုကြီး" ၏အောင်မြင်မှုများသည် တည်မြဲမှုမရှိသည်ကို ကျွန်ုပ်တို့မကြာခဏတွေ့မြင်နေရသည်။ သေရည်သေရက်ရောင်းချသောဆိုင်များ ပိတ်ထားရ၍ ယစ်ထုပ်ကြီးများကိုလည်း အရက်ဖြတ်၍ လူကောင်းဘဝသို့ပြန်လည်ရောက်ရှိစေနိုင်သောအောင်မြင်မှုကို ရရှိခဲ့သည့်နေရာများတွင် လပေါင်းအနည်းငယ်ကြာလွန်ပြီးသည်နောက် သေရည်သေရက်ပြန်လည်သောက်စားခြင်းမှာ ရှေးကထက် အဆပေါင်းများစွာတိုးတက်ပြုလုပ်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။

ဤအခြေအနေ၏အကြောင်းရင်းမှာရှင်းနေပါသည်။ လုပ်ငန်းကို လုပ်ကိုင်ခဲ့သောသူတို့သည် နက်ရှိုင်းပိရိမှုမရှိခဲ့ကြပေ။ သစ်ပင်၏အမြစ်ကို ပုဆိန်ဖြင့်ခုတ်လှဲမှု မရှိခဲ့ပေ။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ရေသောက်မြစ်သည် သေရည်သေရက်သောက်စားခြင်းထက် ပိုမိုနက်ရှိုင်းရှုပ်လျှားသည်။ ချုပ်တည်းခြိုးခြံမှုလှုပ်ရှားမှုကြီးအောင်မြင်စေရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို ကျွန်ုပ်တို့၏ထမင်းစားပွဲများမှစတင် လုပ်ကိုင်ကြရမည်ဖြစ်သည်။ **ST, Jan. 6, 1876.**

အင်တိုက်အားတိုက်၊ ပြတ်ပြတ်သားသားတင်ပြပါ။ ကျန်းမာခြင်းဆိုင်ရာ အခြေခံသဘောတရားများကျင့်သုံးမှုသည် သူတို့အားမည်မျှလောက်ကောင်းကျိုးပြုသည်ကို လူထုအားပြသပါ။ လူသားတို့သည် မည်ကဲ့သို့သောသူများဖြစ်လာစေရန် ဘုရားသခင်က မည်ကဲ့သို့ ကြံရွယ်ထားတော်မူကြောင်းကို သူတို့အားသိမြင်စေပါ။ လူသားတို့အား အပြစ်နွံထဲမှချီမ၍ မြင့်မြတ်သန့်ရှင်းသောဘဝသို့ ပို့ဆောင်ပေးရာတွင် ကိုယ်တော်ရှင်သည် မည်မျှလောက်ကြီးမားသော စွန့်လွှတ်ခြင်းကို ပြုတော်မူခဲ့ကြောင်း သူတို့အား ညွှန်ပြပါ။ လက်ထဲတွင် ကျမ်းစာအုပ်ကို ကိုင်ထားလျက် ဘုရားသခင်၏တောင်းဆိုချက်များကို ပြောပြပါ။ ဉာဏ်သတ္တိ၊ ကာယသတ္တိတို့ကို ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းစေမည့်နည်းမျိုးဖြင့် အသုံးပြုရန် ကိုယ်တော်ရှင်ကမျှော်လင့်ထားကြောင်း ပရိသတ်တို့အား ပြောပြပါ။ မှားယွင်းသော ခံတွင်းအလိုလိုက်စားစေရန် ပြုလုပ်ခြင်းအားဖြင့် ရန်သူသည် လူသားတို့အားချောက်ထဲသို့ ဆွဲချရန် ကြိုးပမ်းနေသည်ကို ပြောပြပါ။

ထောင်သောင်းမကသောသူတို့သည် မိမိတို့ကိုယ်ကို ညစ်ညမ်းစေရန်လည်းကောင်း၊ ဤကမ္ဘာမြေကြီးအား ငရဲအဖြစ်သို့ပြောင်းလဲပစ်ရန်လည်းကောင်း ဘုရားသခင်၏ငွေကြေးများကို သုံးဖြုန်းလျက်ရှိကြောင်း ပြတ်ပြတ်သားသား၊ ရှင်းရှင်းလင်းလင်းနှင့်စိတ်ရောကိုယ်ပါ ပြောပြပါ။ လူကောင်းကို လူရူးဖြစ်အောင် ပြုလုပ်တတ်သောအရာအတွက် သန်းပေါင်းများစွာသောကြေးငွေများကို ဖြုန်းတီးလျက်ရှိကြသည်။ ယင်းအချက်ကို တွေ့မြင်စေရန် ထိထိရောက်ရောက် ရှင်းလင်းပြတ်သားစွာပြောပြပါ။ မကောင်းမှုဒုစရိုက်အလေ့အကျင့်များမှ လူတို့အား ကယ်တင်ရန် ဤလောကသို့ ကြွဆင်းလာတော်မူသော ကယ်တင်ရှင်အကြောင်းကို ပရိသတ်အားပြောပြပါ။ "ဘုရားသခင်၏သားတော်ကိုယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။"

သင်တို့လုပ်ကိုင်နေသောလုပ်ငန်းတွင် ဝိုင်းဝန်းကူညီရန် သင်တို့စည်းဝေးသို့တက်ရောက်ကြသော ဓမ္မပရိသတ်အား ပြောပြပါ။ အကျင့်ဆိုးများသည် မည်သည့်ကလောင်ကမျှ ရေးသားဖော်ပြရန် မစွမ်းနိုင်သောကိုယ်ခန္ဓာနှင့်စိတ်နှလုံးဆိုင်ရာ ရောဂါဝေဒနာများနှင့် စိတ်ဆင်းရဲမှုများဖန်တီးပေးကြောင်းကို ပြောပြပါ။ မူးယစ်သောသေရည်သေရက်ကိုသောက်စားမှုကြောင့် ဆင်ခြင်တုံတရားပျက်စီးခြင်း ဝေဒနာခံစားနေရသောသူဦးရေမှာ ထောင်သောင်းမကရှိနေသည်။ သို့စေကာမူ သေရည်သေရက်ရောင်းစားမှုကို တရားဝင်လုပ်ငန်းအနေဖြင့်သတ်မှတ်ထားသည်။ ကောင်းကင်ရအောင်ယူ၍ ငရဲကိုရအောင် ရှောင်ရန် သူတို့အားပြောပြပါ။ သေရည်သေရက်ရှောင်ကြဉ်ရေးကတိသစ္စာပြုကတ်ပြားတွင် သူတို့အား လက်မှတ်ရေးထိုးခိုင်းပါ။ "ငါဖြစ်သည်အတိုင်းဖြစ်သည်" ဆိုသော ကိုယ်တော်ရှင်၏အမိန့်တော်အရ ဆောင်ရွက်နေကြောင်းပြောပြပါ။ ကတိသစ္စာကတ်ပြားများအဆင်သင့်ထားရှိပြီး စည်းဝေးအဆုံးတွင် လက်မှတ်ရေးထိုးစေရန် ဓမ္မပရိသတ်တို့အား ဝေငှပေးပါ။ **Ev, p. 530.**

## ၂ ကတိသစ္စာပြုကတ်ပြားတွင် လက်မှတ်ရေးထိုးခြင်း

သတ္တမနေ့ဥပုသ်အသင်းသူအသင်းသားတိုင်း လက်မှတ်ရေးထိုးရမည်။ ဘုရားသခင်သည် ကျွန်ုပ်အား အလင်းတရားကိုပေးထားတော်မူချက်အရကတိသစ္စာပြုကတ်ပြားတွင်အသင်းသူအသင်းသားတိုင်းလက်မှတ်ရေးထိုး၍ ချုပ်တည်းခြိုးခြံမှုအဖွဲ့နှင့်ဆက်သွယ်နေရမည်။ **R & H, Oct. 21, 1884.**

ကိုယ်တိုင်လက်မှတ်ရေးထိုး၍ အခြားသူတို့အားလည်း လက်မှတ်ရေးထိုးရန် အားပေးတိုက်တွန်းရမည်။ လူငယ်၊ လူလတ်၊ လူကြီးမရွေးဆောင်ရွက်ရန် လုပ်ငန်းတစ်ခုကို ဤနေရာတွင်ပြသထားသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကတ်ပြားကို သင့်အားပေးလျှင် ယင်းကတ်ပြားတွင် လက်မှတ်ရေးထိုးပါ။ ထိုမျှမကသေး ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဆိုင်ရာ ဒုစရိုက်ကို ဆန့်ကျင်ရန် သင့်စွမ်းရည်ရှိသမျှကို အသုံးပြုဖို့ စိတ်ပိုင်းဖြတ်၍ ကမ္ဘာတွင်ပြုပြင်ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လုပ်ကိုင်ရန် ကြိုးပမ်းလျက်ရှိသောအခြားသူတို့ကို အားပေးပါ။ **R & H, Jan. 14, 1909.**

လူငယ်လူရွယ်တိုင်းသည် ကတိသစ္စာခံယူသောကတ်ပြားတိုင်းကို လက်မှတ်ရေးထိုးရမည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၊ ညစ်ညူးခြင်းနှင့်ကာမဂုဏ်ကျူးလွန်ခြင်းတို့သည် ညီအစ်မတော်များဖြစ်ကြသည်။ ဘုရားသခင်ကိုကြောက်ရွံ့သောသူတိုင်းသည် လက်နက်စုံကိုဝတ်ဆင်၍ ရှေ့သို့ချီတက်ကြစေ။ သင်တို့လက်သို့ရောက်ရှိသောကတိသစ္စာပြုချုပ်တည်းခြိုးခြံမှုကတ်ပြားတိုင်းတွင် လက်မှတ်ရေးထိုးကြပါ။ ဤနည်းအားဖြင့်ကတိသစ္စာပြုကတ်ပြားတွင် လက်မှတ်ရေးထိုးရာတွင် သင်တို့၏ဩဇာသက်ရောက်မှုကို အသုံးပြုခြင်းအားဖြင့် အခြားသူတို့အားလည်း ယင်းကတ်ပြားကိုလက်မှတ်ရေးထိုးစေလေသည်။ ဤကဲ့သို့ ကတ်ပြားတွင် လက်မှတ်ရေးထိုးခြင်းကို မည်သည့်အင်အားနည်းပါးသော အကြောင်းပြချက်မျှ အဟန့်အတားမပြုပါစေနှင့်။ သင်တို့ကိုယ်တိုင်၏ဝိညာဉ်ကောင်းကျိုးအတွက်လည်းကောင်း၊ အခြားသူတို့၏ကောင်းကျိုးအတွက်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြပါ။ **YI, July 16, 1903.**

သေသောက်ကြူးသောသူက ကတိသစ္စာပြုကတ်ပြားတွင် လက်မှတ်ရေးထိုးရမည်။ သေသောက်ကြူးသောသူသည် မူးယစ်သော သေရည်သေရက်ကို ယခုအချိန်မှအစပြု၍ အသုံးမပြုတော့ပါ ဆိုသောကတိသစ္စာပြုကတ်ပြားတွင် လက်မှတ်ရေးထိုးစေရန် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အမှုထမ်းများက ကြိုးပမ်းသွေးဆောင်တိုက်တွန်းကြရမည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် လုပ်ကိုင်သင့်သောအရာဖြစ်သည်။ **M, 102, 1904.**

သေသောက်ကြူးသောသူတို့၏သားသမီးများ ကတိသစ္စာပြုကတ်ပြားတွင် လက်မှတ်ရေးထိုးရမည်၊ တိုက်တွန်းချက်တစ်ရပ်။ သေရည်သေရက်သောက်စားခြင်းသည် ရူးသွပ်ခြင်းနှင့်စိတ်ဒုက္ခရောက်ခြင်းတည်းဟူသော အမင်္ဂလာတို့ကို ဆောင်ကြဉ်းပေးသောကြောင့် သေရည်သေရက်တစ်စက်မျှပင် သင့်ခံတွင်းသို့ မဝင်ပါစေနှင့်။ လုံးဝရှောင်ကြဉ်ရန် ကတိသစ္စာပြုပါ။ သင့်လုံခြုံမှုအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ဖခင်ဖြစ်သူ၏ဘဝလမ်းကြောင်းကိုဖျက်ဆီး၍သူ့အား အချိန်မတန်ပဲ မရဏာအတွင်းသို့ သက်ဆင်းစေသည့် နတ်ဆိုးတည်းဟူသော ခံတွင်းအလိုကို လှုံ့ဆော်၍ ယင်းခံတွင်းအလိုသို့လိုက်စားစေရန် သွေးဆောင်သောလုပ်ငန်းကို ဆောင်ရွက်စေဖို့ ဖခင်၏အပြောအဆိုနှင့်ပုံသက်သေတို့သည် ရင်သွေးတစ်ဦးတစ်ယောက်ကိုမျှ စာတန်၏ကိုယ်စားလှယ်ဘဝသို့ မသက်ရောက်ပါစေနှင့်။ **M, 25, 1893.**

ရာထူးဌာနန္တရရှိသူများက ကတိသစ္စာပြုကတ်ပြားတွင် လက်မှတ်ရေးထိုးပါ။ ရာထူးဌာနန္တရရှိသူတို့အား လုံးဝရှောင်ကြဉ်ရေးကတ်ပြားပေါ်တွင် လက်မှတ်ရေးထိုးရန် ကျွန်ုပ်တို့အနေဖြင့်တင်ပြ၍ အန္တရာယ်ပြုသောသေရည်သေရက်နှင့်ဆေးလိပ်တို့အတွက် သုံးဖြုန်းမည့်အစား ကမ္ဘာပေါ်တွင် အသုံးကျအကျိုးပြုသောရာထူးဌာနန္တရများတွင် ဝင်ရောက်အမှုထမ်းနိုင်ရန် ကလေးများနှင့်လူငယ်များအား သင်ကြားပို့ချပေးနိုင်မည့်ဌာနများ တည်ထောင်ဖွင့်လှစ်ရန်အတွက် ကြေးငွေများလှူဒါန်းဖို့ပြောကြားပါ။ **7T, p. 58.**

တောစခန်းဓမ္မစည်းဝေးများတွင် လက်မှတ်ရေးထိုးခိုင်းပါ။ တောစခန်းစည်းဝေးများတွင် ဤလုပ်ငန်းနှင့်ပတ်သက်၍ ဓမ္မပရိသတ်တို့အားပြောပြ၍ ယင်းလုပ်ငန်းကို အမြဲတမ်းလုပ်ကိုင်ရမည့်လုပ်ငန်းအနေဖြင့် ထားရှိရမည်။ လူထုအားစစ်မှန်သောချုပ်တည်းခြိုးခြံမှုကို တင်ပြ၍ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကတိသစ္စာပြုကတ်ပြားပေါ်တွင် လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်ပါ။ **6T, P. 110.**

ဆင်ခြင်မပေးပါနှင့်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကတိသစ္စာပြုကတ်ပြားပေါ်တွင် လက်မှတ်ရေးထိုးရန်ပြောသောအခါ ဆင်ခြေမပေးပဲ ကတိသစ္စာပြုကတ်ပြားတိုင်းကိုလက်မှတ်ရေးထိုး၍ သင်နှင့်အတူလက်မှတ်ရေးထိုးရန် အခြားသူတိုကို့လည်းတိုက်တွန်းပါ။ သင့်ကိုယ်တိုင်၏ဝိညာဉ်ကောင်းကျိုးအတွက်လည်းကောင်း၊ အခြားသူတို့၏ဝိညာဉ်ကောင်းကျိုးအတွက်လည်းကောင်းဆောင်ရွက်ပါ။ မှန်ကန်သောချုပ်တည်းခြိုးခြံမှုဘက်တွင်သင်၏ဩဇာညောင်းမှုအသုံးပြုခွင့်ကို ဘယ်အခါမျှ မလွှန်သွားပါစေနှင့်။ **CH, p. 441.**

လက်မှတ်ရေးထိုးရန် ပျက်ကွက်ခြင်းသည် အတားအဆီးများကို ဆွဲချထားခြင်းဖြစ်သည်။ တနင်္ဂနွေနေ့ညနေတွင် မိန့်ခွန်းစကားပြောပြီးသည်နောက် ကတိသစ္စာပြုကတ်ပြားများကိုဝေငှပေးလိုက်ရာ နာမည်စုစုပေါင်းတရာသုံးဆယ်ခုနှစ်ခုရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ ဘုရားသခင်၏သားသမီးစစ်များအနေဖြင့် နာမည်ရေးထိုးရန် ရှောင်ရှားဖို့အကြောင်းမရှိပဲလျက် အချို့သောသူများနာမည်ရေးထိုးခြင်းမပြုကြောင်းကြားသိရသည်အတွက် ကျွန်ုပ်တို့ဝမ်းနည်းမိပါသည်။ ကတိသစ္စာပြုကတ်ပြားပေါ်တွင်လက်မှတ်ရေးထိုးခြင်းမပြုသည်အတွက် သူတို့၏အကြောင်းပြချက်မှာ၊ သူတို့လုပ်ကိုင်နေသောလုပ်ငန်းက (အမေရိကန်ပြည်တွင် ထုံးစံရှိသည်အတိုင်း) သေရည်သေရက်တိုက်ကျွေးတတ်သောနေရာများသို့ရောက်ရှိတတ်၍ ထိုအချိန်အခါမျိုးတွင် သူတို့၏လုပ်ငန်းရှင်များ၏ငြိုငြင်မှုကိုမခံရစေရန် သေရည်သေရက်ကိုမချစ်သော်လည်း အောင့်ကာနမ်းသဘောမျိုးဖြင့် သုံးဆောင်ရကြသည်ဟုဆိုကြပါသည်။ ဤအချိန်အခါမျိုးသည် မိမိတို့အဖို့ စင်ကြယ်စေခြင်းငှာဘုရားသခင် ထားရှိတော်မူသောလူမျိုးအတွက် လက်ဝါးကပ်တိုင်ကို ချီးမြှောက်၍ သူတို့၌ရှိသောအလင်းကို လင်းစေရန် အခွင့်ကောင်းဖြစ်သည်ဟု ကျွန်ုပ်ယူဆပါသည်။

ခံတွင်းအလိုလိုက်လျောခြင်းကိစ္စတွင်သွေးဆောင်မှုကို တွန်းလှန်ရန်အချိန်မရွေး၊ အခါမရွေး သူရသတ္တိရှိရန် လိုအပ်သည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်တတ်သောအသုံးအဆောင်များကိုလုံးဝရှောင်ကြဉ်မှုမပြုသောသူတို့အတွက် ယင်းတွန်းလှန်မှုမျိုးဆိုသည်မှာ၊ ဆောင်ရွက်သင့်သောလုပ်ငန်းအနေဖြင့် တွေ့မြင်ခြင်းမရှိသည်ကို ကျွန်ုပ်တို့သတိပြုနိုင်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့နှင့်ပေါင်းဖော်သွားလာနေကြသော သူတို့၏အလေ့အထများကို ကျွန်ုပ်တို့အနေဖြင့် လိုက်လျောကျင့်သုံးနေလျှင် ပြုပြင်ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ကျွန်ုပ်တို့သည် ဘယ်နည်းအားဖြင့်ထမ်းဆောင်နိုင်ကြလိမ့်မည်နည်း။ ကျွန်ုပ်တို့သည် ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသောလူမျိုးဖြစ်ကြောင်းပြသရန် ဤနေရာတွင်အခွင့်ကောင်းရရှိကြသည်။

သေရည်သေရက်သောက်လေ့သောက်ထရှိသောသူတို့သည် သေရည်သေရက်ကို ဖန်ခွက်များတွင်ထည့်၍ သူတစ်ပါးအားတိုက်ကျွေးကြလိမ့်မည်။ ဘုရားသခင်၏သားသမီးများဟု မိမိတို့ကိုယ်ကို ခေါ်ဆိုကြသောသူတို့ကလည်း ယခုကဲ့သို့ သူတစ်ပါးကတိုက်ကျွေးသောသေရည်သေရက်ကိုငြင်းဆန်လျှင် မသင့်လျော်ကြောင်း၊ မိတ်ဆွေကောင်းမပီသကြောင်းဟူသောအကြောင်းပြချက်ဖြင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ကတိသစ္စာပြုကတ်ပြားပေါ်တွင်လက်မှတ်ရေးထိုးခြင်းမပြုကြပေ။ ယင်းအကြောင်းပြချက်များ (ဝါ) ဆင်ခြေများကို အတိုင်းအတာမရှိဆွဲဆန့်နိုင်၏။ သို့ရာတွင် ယင်းတို့သည် ခိုင်လုံမှုလုံးဝမရှိပေ။ သမ္မာတရားတော်ကို ယုံကြည်ပါသည်ဟု အခိုင်အမာပြောဆိုသောသူများသည် ကတိသစ္စာပြုကတ်ပြားပေါ်တွင် လက်မှတ်ရေးထိုးရန်ငြင်းပယ်ခြင်းအားဖြင့် သူတို့၏စိတ်ဝိညာဉ်များအတွက် အကာအဆီးများထားရှိလျက် စုံစမ်းသွေးဆောင်မှုကို ကြံ့ကြံ့ခံနိုင်စေသောအစီအစဉ်ကို ပယ်ဖျက်ကြသည်။ သူတို့သည် စုံစမ်းသွေးဆောင်မှုကို တွန်းလှန်ရန်မကြိုးပမ်းပဲယင်းစုံစမ်းသွေးဆောင်မှုကို အလွယ်တကူကျော်လွှားသွား၍ လက်ခံနိုင်ရန်အကာအဆီးများကို ဆွဲချထားရန် ရွေးချယ်ကြသည်။

"ကျွန်ုပ်တို့သည် ကတိသစ္စာပြုကတ်ပြားတွင် လက်မှတ်ရေးထိုးပြီးပြီ" ဟုပြောရန် သတ္တိမရှိကြ။ သမ္မာတရားကိုယုံကြည်ပါသည်ဟုအခိုင်အမာအဆိုပြုကြသောသူတို့သည် ချုပ်တည်းခြိုးခြံမှုနှင့်စပ်ဆိုင်၍တာဝန်အရ မားမားမတ်မတ်ရပ်တည်သင့်သောနေရာတွင်ရပ်တည်မှုမရှိကြပေ။ ချုပ်တည်းခြိုးခြံမှုတွင်မားမားမတ်မတ်ရပ်တည်မှုမရှိပဲရှောင်ဖယ်၍နေကြသောသူတို့သည် အဘယ်အကြောင်းကြောင့်နည်း။ အချို့သောသူတို့က အကယ်၍သေရည်သေရက်ကို သူတို့အားတိုက်ကျွေးခဲ့သည်ရှိသော် မူးယစ်စေသောအသုံးအဆောင်များကို မသုံးဆောင်ပါဟူ၍ ကတိသစ္စာပြုကတ်ပြားပေါ်တွင် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုရန် သူရသတ္တိလည်းမရှိကြပေ။ ခံတွင်အလို လိုက်စားခြင်းကို ကာကွယ်ထားကြသောသူများဟု ကောင်းကင်စာစောင်များတွင် ထိုသူတို့၏နာမည်များကို စာရင်းသွင်းထားရမည်လော။ **R & H, April 19, 1887.**

ကတိသစ္စာပြုကတ်ပြားကိုလူငယ်တန်များလက်မှတ်ရေးထိုးရန်အရေးကြီးခြင်း။ ကြီးမားသောလူထုကြီးသည် လဟာပြင်တစ်နေရာတွင် စုရုံးနေကြသည့်အချိန်၊ အရေးပါအရာရောက်သောကိစ္စများ ဆွေးနွေးစဉ်းစားသောအခါတိုင်း အိပ်မက်ထဲတွင်တွေ့မြင်ခဲ့ဖူးသောလူငယ်တစ်ဦးသည် ယင်းလူထုစည်းဝေး၏သဘာပတိအနားမှာထိုင်နေသည်ကို ကျွန်ုပ်သည်တွေ့မြင်ရသည်ဟု အိပ်မက်ပါသည်။ ဤလူငယ်သည် မတ်တတ်ထ၍ ယင်းလူထု၏ရှေ့တွင် ရပ်နေသည်ဟု ယူဆ

ရသောယောက်ျားတစ်စုအား တစ်ခုခုကိုကမ်းလှမ်းပေးယင်း “ခင်ဗျားတို့တစ်ယောက်မကျန်ဟောဒီစာရွက်ပေါ်မှာနာမည်တွေကိုရေးထားစေလိုပါတယ်” ဟုပြောကြားလိုက်ပါသည်။ ပထမဆုံးဦးဖြူအား စာရွက်ကို ပေးလိုက်ပါသည်။ သူကစာရွက်ကိုကြည့်ရှု၍ကျယ်လောင်သောအသံဖြင့် ဖတ်ကြားလိုက်သည်မှာ “သေရည်သေရက်မျိုးစုံကို ကျွန်ုပ်ကိုယ်တိုင် ရှောင်ကြဉ်ရန်၊ အခြားသူတို့အားလည်း ကျွန်ုပ်၏ပုံသက်သေကို လိုက်နာကျင့်သုံးစေရန်၊ ကျွန်ုပ်၏ဩဇာညောင်းမှုကို တတ်နိုင်သမျှအသုံးပြုရန် ကတိသစ္စာပြုပါသည်။

ဦးဖြူသည် ယင်းစာရွက်ပေါ်တွင် သူ့နာမည်ကို ရေးထိုးရန် မလိုအပ်ဟုဆိုလျက် သူ့ဦးခေါင်းကို ခါလိုက်သည်ဟု ကျွန်ုပ်ထင်လိုက်ပါသည်။ သူ့ဘဝကိုလည်းကောင်း၊ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စအဝဝကို ထောက်ခံပြောဆိုသောသူဖြစ်သင့်ကြောင်းကိုလည်းကောင်း သူသိရှိသည်။ သို့ရာတွင် ယင်းတာဝန်ကို မဆောင်ရွက်ပဲမနေရဟု သူ မယူဆ ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းအရာအားလုံးတွင် ချွင်းချက်များရှိနေသောကြောင့်ဖြစ်သည်။

ယင်းစာရွက်ကို ဦးနီဆိုသူကို တစ်ဖန်ကမ်းလှမ်းလိုက်လေသည်။ ထိုသူကစာရွက်ကို လှမ်းယူ၍သေချာစွာကြည့်ရှုပြီးနောက်ပြောကြားလိုက်သည်မှာ၊ “ကျွန်တော်ဟာဦးဖြူနဲ့တစ်စိတ်တစ်သဘောတည်းဖြစ်ပါတယ်။ တစ်ခါတလေကျွန်တော်ဟာ အားအင်ဆုတ်ယုတ်ပြီး နှလုံးငြိမ်သက်မှု မရှိတဲ့အခါမှာ ကျွန်တော်ရဲ့အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆောင်တဲ့အရာတစ်ခုခုကို သုံးစွဲဖို့လိုအပ်တယ်လို့ ယူဆတဲ့အတွက် ဘယ်သေရည်သေရက်မျိုးကိုမဆို ဘယ်အခါမျှမသုံးစွဲပါဆိုတဲ့ ကတိသစ္စာကို မပြုလိုပါ။”

စာရွက်ကိုကမ်းလှမ်းပေးသောလူငယ်၏မျက်နှာပေါ်တွင် ဝမ်းနည်းသောအမူအရာသည် ပေါ်လွင်လျက်ရှိသည်။ စာရွက်ကိုအခြားသောသူတို့အား ကမ်းလှမ်းလိုက်သည်။ ဦးဖြူနှင့်ဦးနီတို့၏ပုံသက်သေကို လိုက်သောသူပေါင်းနှစ်ဆယ်၊ သုံးဆယ်မျှရှိသည်။ ထိုနောက် သူသည်ပထမပုဂ္ဂိုလ်နှစ်ဦးထံသို့ပြန်လှည့်လာ၍ စက္ကူကိုကမ်းလှမ်းပေးယင်း တည်ကြည်ပြတ်သားသော်လည်း နိမ့်သောလေသံဖြင့် ပြောကြားလိုက်သည်မှာ၊ “ခင်ဗျားတို့နှစ်ဦးစလုံးဟာ ခံတွင်းအလိုရဲ့အနိုင်ခံရမှုအန္တရာယ်ကို အများဆုံးရင်ဆိုင်နေပါတယ်။ ပြန်လည်ပြုပြင်ထူထောင်မှုလုပ်ငန်းဟာ ခင်ဗျားတို့ရဲ့ထမင်း စားပွဲက အစပြုရပါမယ်။ နောက်ပြီးတော့ တစ်သက်လုံးအသိဉာဏ်ပြည့်ပြည့်ဝဝ၊ ဝတ္တရားသိသိနဲ့ဆက်လက်ပြီး ယင်းပြန်လည်ပြုပြင်ထူထောင်မှုကို အချိန်အခါမရွေး၊ နေရာမရွေးပဲ ကျင့်သုံးရပါလိမ့်မယ်။ ခင်ဗျားတို့ရဲ့ထာဝရကာလ ဆိုင်ရာကံကြမ္မာဟာ ယခုအချိန်မှာ ခင်ဗျားတို့ ပြုလုပ်တဲ့ဆုံးဖြတ်ချက်ပေါ်မှာတည်နေပါတယ်။ ခင်ဗျားတို့နှစ်ယောက်စလုံးမှာစာရိတ္တဗလ ကြံ့ခိုင်မှုဟာ လိုလေသေးမရှိပေမယ့် တချို့နေရာတွေမှာ ပျော့ကွက်တွေရှိနေပါတယ်။ ခင်ဗျားတို့ရဲ့ဩဇာသက်ရောက်မှုက ဘယ်လိုအခြေအနေမျိုးကို ဖန်တီးပေးလိုက်တယ်ဆိုတာကိုကြည့်ပါ။” လက်မှတ်ရေးထိုးရန်ငြင်းပယ်ကြသောသူတို့၏နာမည်များကို ကတိသစ္စာပြုကတ်ပြားနောက်ကျောတွင်ရေးမှတ်ထားသည်ကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။

နောက်တစ်ကြိမ် ထိုလူငယ်သည်စာရွက်ကိုဩဇာသံပါပါဖြင့်ကမ်းလှမ်းယင်းပြောကြားလိုက်သည်မှာ၊ “ဒီစာရွက်ပေါ်မှာလက်မှတ်ရေးထိုးပါ။ မထိုးယင်ရာထူးမှထွက်ကြပါ။ လက်မှတ်ရေးထိုးရုံသာမဟုတ်ပဲ ခင်ဗျားတို့ရဲ့ဆုံးဖြတ်ချက်အတိုင်းကျင့်သုံးပါ။ ခင်ဗျားတို့ရဲ့ခံယူချက်ပေါ်မှာ သစ္စာရှိပါ။ ဘုရားသခင်ရဲ့စေတမန်အနေနဲ့ ကျွန်တော်ဟာ ခင်ဗျားတို့ဆီကိုလာပြီး ခင်ဗျားတို့ရဲ့နာမည်တွေကို တောင်းဆိုနေပါတယ်။ ခင်ဗျားတို့နှစ်ယောက်ဟာတစ်ယောက်ကမှ ကျန်းမာမှုဆိုင်ရာပြန်လည်ပြုပြင်ထူထောင်ရေးရဲ့လိုအပ်ချက်ကို မတွေ့မြင်ကြဘူး။ ဒါပေမယ့် ဘုရားသခင်စီရင်တော်မူတဲ့ဘေးဒဏ် ခင်ဗျားတို့ရဲ့ပတ်လည်မှာ ကျရောက်လာတဲ့အခါကျတော့မှ ကျန်းမာမှုဆိုင်ရာပြုပြင်ပြောင်းလဲရေးနဲ့ခပ်သိမ်းသောအရာတွေမှာ ကျပ်တည်းတဲ့ချုပ်တည်းခြိုးခြံမှုနဲ့ဆိုင်တဲ့ အခြေခံသဘောတရားတွေကို တွေ့မြင်ရပါလိမ့်မယ်။ ယင်းချုပ်တည်းခြိုးခြံမှုတစ်ခုတည်းသာလျှင်
ဘုရားသခင်အထံတော်ကဆင်းသက်တဲ့ကျေးဇူးတော်အားလုံးတို့ရဲ့အခြေခံဖြစ်ပြီးရရှိမယ့်အောင်မြင်မှုရှိသမျှရဲ့အုတ်မြစ်ဖြစ်ပါတယ်။ ဒီစာရွက်ပေါ်မှာ လက်မှတ်ရေးထိုးဖို့ပျက်ကွက်ယင် နောက်ဘယ် တော့မှထပ်လောင်းတိုက်တွန်းတော့မယ်မဟုတ်တော့ပါဘူး။ ခင်ဗျားတို့နှစ်ယောက်စလုံးဟာ စိတ်နှိမ့်ချဖို့နဲ့စိတ်ပျော့ပျောင်းဖို့လိုအပ်ပြီး ကရုဏာတရား၊ သနားညှာတာမှုနဲ့တာဝန်သိသိနူးညံ့သိမ်မွေ့တဲ့စိတ်တွေကို ကြမ်းတမ်းခက်တရော်ရှိတဲ့စိတ်နေရာမှာ ကိုယ့်ခံယူချက်တွေကိုဘယ်လိုအဖိုးအခပေးရမယ့် ပိုင်ပိုင်နိုင်နိုင်ပြတ်ပြတ်သားသားအကောင်အထည်ဖော်လိုတဲ့စိတ်တွေနဲ့ အစားထိုးရပါမယ်။.....

သူတို့၏နာမည်များကို တုန်တုန်ယင်ယင်ဖြစ်နေသောလက်များဖြင့်ပေး၍ လူပေါင်းသုံးဆယ်စလုံးက လက်မှတ်ရေးထိုးကြပါသည်။

ထိုနောက်ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ အရေးပါအရာအရောက်ဆုံးဖြစ်သောမိန့်ခွန်းစကားတစ်ခုကို ပြောကြားလိုက်ပါသည်။ ပြောဆိုလိုက်သောအကြောင်းအရာကို ထမင်းစားပွဲမှ စတင်လိုက်ပါသည်။ မိန့်ခွန်းစကားပြောကြားသောသူကဆိုသည်မှာ၊ "ဟောဒီထမင်းစားပွဲကအစပြုပြီးမူးယစ်သောသေရည်သေရက်သောက်စားလိုသောဆန္ဒကိုဖန်တီးပေးလိုက်ပါတယ်။ ခံတွင်းအလိုလိုက်စားခြင်းနဲ့တပ်မက်ခြင်းတို့ဟာခေတ်ရဲ့အရင်းခံဒုစရိုက်တွေပါပဲ။ ခံတွင်းအလိုလိုက်ပုံလိုက်နည်းက အစာအိမ်ကိုထိခိုက်ပြီး တိရစ္ဆာန်တို့ရဲ့အာသာရမ္မက်မျိုးကို လှုံ့ဆော်ပေးတတ်ပါတယ်။ .....

အစာအိမ်ဟာရောဂါရလာပြီး ခံတွင်းဟာလည်း ကျန်းမာမှုယုတ်လျော့လာတဲ့အဆုံးမှာလှုံ့ဆော်စာ (ဝါ) 'သိပ်မိတဲ့အစာ' မျိုးကိုအမြဲတမ်းတောင့်တစေပါတယ်။ တချို့လူတွေက လက်ဖက်ရည်၊ ကော်ဖီသောက်တတ်တဲ့အကျင့်ဆိုးကြီးကိုရပြီး နောက်တစ်ဆင့်တက်လှမ်းပြီးအစာအိမ်ရဲ့နုနယ်တဲ့ အင်္ဂါအစိတ်အပိုင်းတွေကို ထုံထိုင်းစေတဲ့ဆေးလိပ်ကို သုံးစွဲရာကနေပြီး ဆေးလိပ်ထက်ပိုပြီး အဆိပ်ပြင်းတဲ့အရာတွေကို တောင့်တလာပါတယ်။ ဆက်လက်ပြီး သေရည်သေရက်ကို သောက်စားကြပါတော့တယ်။" **M, 2, 1874.**

ကတိသစ္စာပြုတတ်ပြားပေါ်လက်မှတ်ရေးထိုးရာတွင် ရှေးဦးအတွေ့အကြုံ။ ၁၈၇၉ ခုနှစ်၊ ဇွန်လ ၂၈ရက်၊ တနင်္လာနေ့တွင် မစ်ဆူးရီပြည်နယ်၊ နီဗာဒါမြို့၌ကျင်းပသောတောစခန်းစည်းဝေးသို့ တက်ရောက်နေစဉ် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အဖွဲ့အစည်းတည်ထောင်ရေးကိစ္စကို ဆွေးနွေးသောစည်းဝေးပွဲသို့ ကျွန်ုပ်တို့တက်ရောက်ခဲ့ပါသည်။ ယင်းစည်းဝေးပွဲသို့ အသင်းသားပြည့်ပြည့်စုံစုံတက်ရောက်သည်ကို တွေ့ရပါသည်။ ဆရာကြီးဘတ်တလာက မိန့်ခွန်းစကားပြောရာတွင် သူသည် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ပြန်လည်ပြုပြင်ပြောင်းလဲထူထောင်ရေးကိစ္စတွင် တက်တက်ကြွကြွဆောင်ရွက်မှု မရှိခဲ့ကြောင်း ဝန်ခံစကား ပြောကြားခဲ့ပါသည်။ သူကိုယ်တိုင်မှာ ချုပ်တည်းခြိုးခြံမှုကို တိတိကျကျကျင့်သုံးသောသူအနေဖြင့် သေရည်သေရက်၊ လက်ဖက်ရည်၊ ကော်ဖီတို့ကို ရှောင်ကြဉ်သော်လည်း ကျွန်ုပ်တို့အသင်းသူအသင်းသားများတို့ကို ဝေငှပေးထားသည့် ကတိသစ္စာပြုကတ်ပြားပေါ်တွင် သူ၏နာမည်ကို ရေးထိုးခြင်းမပြုကြောင်းထုတ်ဖော်ပြောဆိုပါသည်။ သို့ရာတွင် ယင်းကဲ့သို့ လက်မှတ်ရေးထိုးခြင်းမပြုပဲနေခြင်းသည် အခြားလက်မှတ်ရေးထိုးလိုသောသူတို့အား အဟန့်အတားဖြစ်စေကြောင်းကို သူသည် ယခုအခါသိရှိလာသည်။ ထိုကြောင့် သူ့နာမည်ကို ဗိုလ်မှူးကြီးဟန်တာ၏နာမည်အောက်နေရာတွင် ရေးထိုးထားလိုက်လေသည်။ ကျွန်ုပ်ခင်ပွန်းသည် သူ့နာမည်ကို မစ္စတာဘတ်တလာ၏နာမည်အောက်တွင် ရေးထိုးထားလိုက်ပါသည်။ ထိုနောက် ကျွန်ုပ်၏နာမည်ရေးထိုးပြီး ကျွန်ုပ်နာမည်အောက်က မစ္စတာဖန်းစ်ဝပ် နာမည်ရေးထိုးထားလိုက်ပါသည်။ ဤနည်းအားဖြင့် လုပ်ငန်းသည် အစပြုခဲ့လေသည်။

ကတိသစ္စာပြုစာရွက်ကို လက်ဆင့်ကမ်းနေခိုက် ကျွန်ုပ်၏ခင်ပွန်းသည် ဆက်လက်၍ မိန့်ခွန်းပြောကြားလျက်ရှိသည်။ ရှောင်ကြဉ်ရမည့်စာရင်းတွင် လက်ဖက်ရည်နှင့်ကော်ဖီကိုပါထည့်သွင်းခြင်းသည် ခြေလှမ်းကျဲလွန်းသည်ဟုယူဆကာ အချို့သောသူတို့သည် လက်မှတ်ရေးထိုးရန် နှောင့်နှေးနေကြသည်။ သို့ရာတွင် နောက်ဆုံး၌ သူတို့၏နာမည်များကိုပေး၍ မူးယစ်သောအသုံးအဆောင်များကို လုံးဝရှောင်ကြဉ်ပါမည်ဟု ကတိသစ္စာပြုကြပါသည်။

မစ္စတာဟန်တာကိုစကားပြောရန် အလှည့်ပေးသောအခါ သမ္မာတရားကသူ့ကိုမည်ကဲ့သို့တွေ့ရှိ၍ သူ့အတွက်မည်သည့်ကောင်းကျိုးပြုခဲ့ကြောင်းများကို မှတ်သားဖွယ်ကောင်းလောက်အောင် သက်သေခံခြင်းအားဖြင့် တုံ့ပြန်ခဲ့လေသည်။ သူသည်သင်္ဘောတစ်စင်းပေါ်လောပေါ်နိုင်လောက်အောင်များလှသောသေရည်သေရက်ကိုသောက်စားခဲ့ကြောင်း၊ ယခုအခါတွင် ပြုပြင်ပြောင်းလဲမှုအပါအဝင် အမှန်တရားအားလုံးကို လက်ခံလိုကြောင်း ပြောဆိုလိုက်သည်။ သေရည်သေရက်နှင့်ဆေးလိပ်ကို စွန့်ပစ်ပြီးဖြစ်၍ ယနေ့နံနက်တွင်နောက်ဆုံးကော်ဖီတစ်ခွက်ကို သောက်လိုက်ပြီးဖြစ်သည်။ သက်သေခံချက်စာစောင်များသည် ဘုရားသခင်ချပေးတော်မူသောအရာများဖြစ်ကြောင်း ယုံကြည်၍ ယင်းသက်သေခံချက်စာစောင်များ၌ ဖော်ပြပါရှိသောဘုရားသခင်၏အလိုတော်၏ဦးဆောင်လမ်းပြမှုကို လိုလားလေသည်။

ယင်းစည်းဝေး၏ကောင်းမှုကြောင့် မူးယစ်သောအသုံးအဆောင်များကို လုံးဝရှောင်ကြဉ်ပါမည်ဆိုသောကတိသစ္စာပြုချက်ကတ်ပြားကို လူပေါင်းတရာသုံးဆယ်နှစ်ယောက် လက်မှတ်ရေးထိုးကြလေသည်။ ချုပ်တည်းခြိုးခြံမှုလုပ်ငန်းသည် ပြတ်သားသောအောင်မြင်မှုကို ရရှိလေပြီ။ **M, 79, 1907.**

နေရာအနှံ့အပြားတွင်ဆောင်ရွက်ပါ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုကို ပေါ်လွင်ထင်ရှားအောင် ဆောင်ရွက်ပါ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကတိသစ္စာပြုကတ်ပြားတွင်လက်မှတ်ရေးထိုးဖို့လူတို့အားတိုက်တွန်းပါ။ နေရာအနှံ့အပြားတွင် ဤလုပ်ငန်းကိုအာရုံစူးစိုက်ရန်လူတို့အားဖိတ်ခေါ်၍ ယင်းလုပ်ငန်းကို အမြဲတမ်းဆောင်ရွက်ရမည့် ကိစ္စအနေဖြင့်ထားရှိပါ။ **M, 52, 1900.**

## ၃ စုံစမ်းခြင်းကို ဖယ်ရှားခြင်း

အမည်းကွက်ကျန်ရှိနေသည်။ နှစ်တိုင်းထောင်သောင်းများစွာမကကြာရှည်သောအတွေ့အကြုံနှင့်တိုးတက်မှုကို ရရှိခဲ့သော်လည်း သမိုင်းအစပထမစာမျက်နှာများကို စွန်းကွက်စေခဲ့သောအမည်းကွက်သည် ကျွန်ုပ်တို့၏ခေတ်မီယဉ်ကျေးမှုကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေရန် ကျန်ရှိနေသေးသည်။ သောကဗျာပါရနှင့်ပြည့်နှက်နေသည့်သေရည်သေရက်သောက်စားမူးယစ်ခြင်းသည် ကျွန်ုပ်တို့သွားရာနေရာတိုင်းတွင်တွေ့မြင်ရသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်သားများတို့၏မြင့်မြတ်သောကြိုးပမ်းမှုများရှိသော်ငြားလည်း ယင်းဒုစရိုက်သည်အောင်မြင်လျက်ရှိနေလေသည်။ ရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်များကို ဥပဒေအရထုတ်ပေး၍ တရားဝင်စည်းကမ်းဖြင့်ကြပ်မထားသော်လည်း ယင်းဒုစရိုက်၏တိုးတက်လာမှုကိုကား တန့်ရပ်မသွားစေပဲ အချို့သောကန့်သတ်ထားသည့်ရက်ကွက်များ၌သာလျှင် အနည်းငယ်သောအောင်မြင်မှုကို တွေ့မြင်ရသည်။ **CTBH, p. 29.**

လိုင်စင်ဥပဒေများ၏အကျိုးအပြစ်။ ဘဝအသက်တာ၏မက်မောဖွယ်ရာရှိသမျှကိုလည်းကောင်း၊ တမလွန်ဘဝအတွက်မျှော်လင့်ချက်အားလုံးကိုလည်းကောင်း ဆုံးရှုံးစေမည့်အရာကို ရောင်းဝယ်ဖောက်ကားစေရန် မမှုလောက်သောကြေးငွေကလေးအတွက်လူသားတို့အားလိုင်စင်များကိုချပေးထားသည်။ ဥပဒေကိုရေးဆွဲသောသူကသော်လည်းကောင်း၊ သေရည်သေရက်ရောင်းချသောသူကလည်းကောင်း၊ သူတို့လုပ်ငန်း၏ဆိုးကျိုးကို မသိပဲမနေပေ။ ဟိုတယ်များ၌လည်းကောင်း၊ သေရည်သေရက်ရောင်းချသောဥယျာဉ်၌လည်းကောင်း၊ သေရည်သေရက်ခွက်ချိန်ရောင်းသောအရောင်းဆိုင်၌လည်းကောင်း ခံတွင်းအလို၏ကျေးကျွန်သည် စဉ်းစားဆင်ခြင်တတ်သောစွမ်းရည်၊ ကျန်းမာခြင်းနှင့်ပျော်ရွှင်မှုတို့ကိုဖျက်ဆီးသောအရာအတွက် မိမိတို့၏ကြေးငွေများကို ဖြုန်းတီးပစ်ကြသည်။ သေရည်သေရက်ရောင်းချသောသူသည် သူ့ငွေသေတ္တာကို သနားဖွယ်ကောင်းလှသောအရက်သမား၏အိမ်ထောင်သားများအတွက် အစားအစာနှင့်အထည်အဝတ်များဆောင်ကြဉ်းပေးနိုင်သောကြေးငွေများနှင့်ဖြည့်တင်းလျက်နေသည်။

ယင်းကဲ့သို့ပြုလုပ်ခြင်းသည် အရက်စက်ဆုံးသောဓါးပြတိုက်ခြင်းဖြစ်သည်။ သို့စေကာမူ လူ့အဖွဲ့အစည်း၌ရာထူးဌာနန္တရကြီးများထမ်းဆောင်ကြသောလူကြီးလူကောင်းများနှင့် အသင်းတော်မှခေါင်းဆောင်များတို့သည် သေရည်သေရက်ဆိုင်ရာ လိုင်စင်ဥပဒေများကို ထောက်ခံကြသည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် သေရည်သေရက်ဆိုင်များဖွင့်လှစ်ရောင်းချရန် သူတို့၏အဆောက်အအုံများကို ငှားရမ်းရာတွင် အိမ်လခကြီးကြီးရသောကြောင့်ဖြစ်သည်ကတစ်ကြောင်း၊ သူတို့အားပေးသောသေရည်သေရက် ရောင်းဝယ်ဖောက်ကားမှုအတွက် နိုင်ငံရေးဆိုင်ရာထောက်မမှုကို ရရှိရန် လိုလားကြသည်ကတစ်ဖုံ၊ ယင်းခရစ်ယာန်ဟု မိမိတို့ကိုယ်ကို ခရစ်ယာန်ဟုခေါ်ဆိုသောသူတို့ကိုယ်တိုင်က ယင်းသွေးဆောင်တတ်သော အဆိပ်အတောက်အသုံးအဆောင်များကို တိတ်တဆိတ် လိုက်စားနေခြင်းကတစ်နည်းတို့ကြောင့်ဖြစ်သည်။ အမှန်အားဖြင့်လူသားတို့အား မြင့်မြတ်၍ အတ္တစိတ်ကင်းသောမေတ္တာမျိုးသည် လူသားအချင်းချင်းဖျက်ဆီးမည့်သူများကို အခွင့်အရေးပေးလိမ့်မည်မဟုတ်ပေ။

မူးယစ်သောသေရည်သေရက်ဖောက်ကားရောင်းဝယ်ခွင့်လိုင်စင်ပေးသည့်ဥပဒေများသည် ကျွန်ုပ်တို့၏မြို့ကြီးမြို့ငယ်များ၌သာမဟုတ်ပဲ ကျေးရွာများ၌ပင် ပြည့်နှက်နေ၍ ဆင်းရဲနွမ်းပါးအားအင်ချည့်နဲ့သောခံတွင်းကျေးကျွန်များအား ထောင်ချောက်များနှင့်ဘေးအန္တရာယ်များကို ရင်ဆိုင်စေလေသည်။ ပြုပြင်ပြောင်းလဲမှုကိုပြုလုပ်ရန် ကြိုးပမ်းနေသောသူတို့သည် နေ့စဉ်စုံစမ်းသွေးဆောင်မှုများ ဝန်းရံခြင်းကို ခံနေရကြသည်။ သေသောက်ကြူးသောသူ၏ကြီးမားလှသည့်ရေငတ်ခြင်းက သေရည်သေရက်ကို သုံးဆောင်ရန် တောင်းဆိုတတ်သည်။ အဘက်ဘက်တွင်ပျက်စီးခြင်းစတင်ပေါ်ပေါက်လာရာ ဌာနတို့ကို တွေ့မြင်နိုင်သည်။ သေသောက်ကြူးသူတို့၏စာရိတ္တဗလသည် မကြာခဏပင် အောင်မြင်နိုင်နင်းမှုကိုခံရသည် မဟုတ်ပါလော။ သူ့မှုပြစ်ထင်ရှား သိမြင်ခြင်းသည်လည်း မကြာခဏ တိတ်ဆိတ်ပျောက်ကွယ်

သွားသည်မဟုတ်ပါလော။ သူသည်သေရည်သေရက်ကိုသောက်၍ အပြစ်ပြုသည်။ ထိုနောက်ညတိုင်းအရက်မူးသည်။ ကာမဂုဏ်ကြူးလွန်သည်။ နေ့ရှိသမျှထုံထိုင်းနေသည်။ အားအင်ဆုတ်ယုတ်သည်။ စိတ်ဒုက္ခရောက်ရသည်။ ဤနည်းအားဖြင့်တစ်ကြိမ်တစ်ခါက အလွန်ကောင်းမွန်သောပြည်သားကြီး၊ သနားညှာတာသောခင်ပွန်းနှင့်ဖခင်သည် နတ်ဆိုးဘဝသို့ပြောင်းလဲသွားသည်တိုင်အောင် တစ်လှမ်းပြီးတစ်လှမ်း၊ တစ်ဆင့်ပြီးတစ်ဆင့် ဒုစရိုက်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လေတော့သည်။

အကယ်၍ ထိုအာဏာပိုင်တို့သည် သေရည်သေရက်ရောင်းဝယ်ဖောက်ကားသောသူတို့အားရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ကို နှစ်အစမှာပေးသည်ဆိုကြပါစို့။ နှစ်ကုန်ဆုံးသွားသောအခါတွင်ယင်းလိုင်စင်အရ ဖောက်ကားရောင်းဝယ်မှုကြောင့်သက်ရောက်ခဲ့သောအကျိုးအာနိသင်ကို တွေ့မြင်နိုင်ပါသလား။ အကျိုးအာနိသင်ကား ပြည့်ပြည့်စုံစုံအစအဆုံးရှင်းလင်းပြတ်သားစွာ ပေါ်လွင်လျက်ရှိသည်။ ဖခင်များ၊ မိခင်များနှင့်သားသမီးတို့သည် လူသတ်သမား၏လက်ချက်ဖြင့် သေဆုံးလျက်ရှိကြသည်။ စားရမဲ့သောက်ရမဲ့သူများ၊ အဝတ်အစားမဲ့သူများ၊ ရောဂါဝေဒနာခံစားနေရသောသူများ၊ မှောင်မည်းသောအချုပ်ထောင်များတွင် ချုပ်ထားခြင်းခံနေရသော ရာဇဝတ်ကောင်များတို့သည် သေရည်သေရက်သောက်စားမှုမှပေါ်ထွက်လာသောဆိုးကျိုး၏ရလဒ်များဖြစ်သည်။ တစ်ကြိမ်ကမြင့်မြတ်၍ အလားအလာကောင်းသောသားများနှင့်လှပတင့်တယ်ရှုချင်စဖွယ်ကောင်းသောသမီးများတို့သည် အချိန်မတန်ပဲ မရဏာအတွင်းသက်ဆင်းခဲ့ကြမှုကြောင့် ဝမ်းနည်းကြေကွဲလျက်ရှိကြသော သက်ကြီးရွယ်အိုခေါင်းဖြူစွယ်ကျိုးတို့၏ဦးရေကား မနည်းတော့ပြီ။

နေ့စဉ်ရက်ဆက်သေသောက်ကြူးသောသူတို့၏သားမယားများ၏ငိုကြွေးသံသည် ဘုရားသခင်အထံတော်သို့တက်လျက်ရှိသည်။ ဤအဖြစ်အပျက်သည်ကားသေရည်သေရက် ရောင်းသူ၏အမြတ်အစွန်းများဖြစ်သည်။ သူ့အလွန်ဆိုးသွမ်းသောအလုပ်ကို ဥပဒေဘောင်အတွင်းတွင် လုပ်ကိုင်လေသည်။ ဤနည်းအားဖြင့် လူ့အဖွဲ့အစည်းသည် ညစ်ညမ်း၍ အလုပ်ဌာနများနှင့်အကျဉ်းထောင်များတွင်လည်း လူမွဲများနှင့်ရာဇဝတ်သားများနှင့်ပြည့်နှက်လျက် လည်ဆွဲတိုင်သို့လည်း အသေသတ်ခံရမည့်သူများကို ပို့ပေးလျက်ရှိသည်။ ဒုစရိုက်သည်သေသောက်ကြူးသူနှင့်သူ့စိတ်ဆင်းရဲခံရသောမိသားစုတွင် နိဂုံးချုပ်ခြင်းမရှိပေ။ အခွန်ဘဏ္ဍာများ၏တာဝန်မှာလည်းကြီးလေးလာ၍ လူငယ်တို့၏စာရိတ္တမှာလည်းပျက်ပြားလျက် သူ့အဖွဲ့အစည်းမှပုဂ္ဂိုလ်တိုင်း၏ပစ္စည်းဥစ္စာနှင့်အသက်ပင်လျှင် အန္တရာယ်မကင်းဖြစ်လာလေသည်။ ဤအဖြစ်သနစ်၏ရုပ်ပုံကားချပ်ကိုကား ဤထက်ပိုမိုပြတ်သားစွာ ဖော်ပြ၍ ရနိုင်မည်မဟုတ်ပေ။ သို့ဖြစ်လင့်ကစား ယင်းကားချပ်သည် အမှန်တကယ်အဖြစ်အပျက်၏အဆင့်အတန်းကို ရောက်ရှိခြင်းမရှိသေးပေ။ မည်သည့်လူသားတို့၏ကလောင်မျှချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ကြောက်မက်ဖွယ်ရာ အဖြာဖြာကို ရှင်းလင်းပြတ်သားစွာဖော်ပြနိုင်စွမ်းမရှိပေ။

မူးယစ်စေသောသေရည်သေရက်ရောင်းချမှုသည် ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောမိဘများကပြသော သားသမီးများအပေါ်ရက်စက်ခြင်းနှင့်ဂရုမစိုက်ခြင်းဆိုသော ဆိုးကျိုးသက်ရောက်သည်ဟုဆိုလျှင် ယင်းအကြောင်းတစ်ခုတည်းကြောင့်သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းကို ရှုတ်ချ၊ ဖျက်ဆီးသင့်ပေသည်။ သေသောက်ကြူးသောသူသည်သူ့သားသမီးများတို့အားဒုက္ခရောက်စေသည်သာမက သူ့အပြစ်များသောပုံသက်သေအားဖြင့်သူတို့အား ရာဇဝတ်မှု ကျူးလွန်သောလမ်းသို့ ပို့ဆောင်ပေးလေသည်။ ခရစ်ယာန်အမျိုးသားအမျိုးသမီးများတို့သည် ဤဒုစရိုက်ကြီးကို အဘယ်ကဲ့သို့ သည်းခံထားနိုင်အံ့နည်း။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောမိဘများသည် မိမိတို့၏သားသမီးများကိုရက်စက်စွာပြုကျင့်သကဲ့သို့ရက်စက်ကြမ်းကြုတ်သောလူမျိုးကြီးတို့သည် ကျွန်ုပ်တို့၏သားသမီးများကိုခိုးယူ၍ ရက်စက်စွာပြုကျင့်ကြလျှင် ခရစ်ယာန်တိုင်းပြည်တို့သည် နိုးကြားလာ၍ ယင်းစော်ကားမှုကြီးကို ရပ်ဆိုင်းပစ်ရန် ကြိုးစားကြလိမ့်မည် ဖြစ်သည်။ သို့ရာတွင် ခရစ်ယာန်ဘာသာ၏အခြေခံယုံကြည်ချက်များအရ အုပ်ချုပ်ရေးထွန်းကားသောတိုင်းပြည်များတွင် မူးယစ်စေသောသေရည်သေရက်များရောင်းချခြင်းနှင့် အသုံးပြုခြင်းအားဖြင့် အပြစ်ကင်း၍ မစမဲ့ကလေးသူငယ်များအား ရင်ဆိုင်စေသောဆင်းရဲဒုက္ခနှင့်ဒုစရိုက်တို့သည် ဖြစ်ရမည့်ကိစ္စဟူ၍ ယူဆထားကြသည်။ **R & H, Nov, 8, 1881.**

ဥပဒေ၏ကာကွယ်မှုအရ။ သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုအတွက်လိုင်စင်ထုတ်ပေးခြင်းသည် သေရည်သေရက်သောက်စားသောဒုစရိုက်ကို ကန့်သတ်ထားနိုင်ကြောင်းဖြင့်အများသောသူတို့ကထောက်ခံပြောဆိုကြသည်။ သို့ရာတွင် သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုလိုင်စင်ထုတ်ပေးခြင်းသည် ယင်းလုပ်ငန်းကိုတရားဥပဒေ၏အကာအကွယ်အောက်တွင်ထားရှိလိုက်ခြင်းသာလျှင်ဖြစ်သည်။ ယင်းလုပ်ငန်းရပ်တည်မှုအတွက် အာဏာပိုင်များကခွင့်ပြုလိုက်ခြင်းအားဖြင့် သူတို့က တားမြစ်ဟန့်တားထားသည်ဆိုသော ဒုစရိုက်လုပ်ငန်းတစ်ခုကို တစ်နည်းအားဖြင့်အားပေးအား

မြှောက်ပြုလိုက်သည်။ လိုင်စင်ဥပဒေများ၏အကာအကွယ်အားဖြင့် ဗျစ်ရည်ချက်လုပ်သောရုံများ၊ အရက်ချက်ရုံများတို့သည် တိုင်းပြည်တွင် အနှံ့အပြားအလျှိုလျှိုပေါ်ပေါက်လာကြပြီးသည့်နောက်ပိုင်းတွင် သေရည်သေရက်အရောင်းဆိုင်တို့သည် ကျွန်ုပ်တို့၏နေအိမ်များအနီးအပါးတွင် မှိုလိုပေါက်လာကြသည်။

အရက်မူးနေသောသူ သို့မဟုတ် ယစ်ထုပ်ကြီးဖြစ်နေသောသူအား မူးယစ်သေစာများကို ရောင်းချခြင်းမပြုရန် သေရည်သေရက်ရောင်းချသောသူတို့အား တားမြစ်ထားသည်။ သို့ရာတွင် လူငယ်လူရွယ်တို့အားအရက်သမားများဖြစ်အောင် ပြုလုပ်မှုသည်ကား ဆက်တိုက်ဆောင်ရွက်လျက်ရှိသည်။ သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှု၏အသက်ရှင်ရေးသည် လူငယ်လူရွယ်တို့အား အရက်သောက်စားလိုသည့်ခံတွင်းမျိုးဖန်တီးပေးမှုပေါ်၌ တည်နေသည်။ သေရည်သေရက်သောက်စားသောအလေ့အကျင့်သည် အနယ်ထိုင်သွားသည်တိုင်အောင် လူငယ်လူရွယ်တို့အားတစ်စပြီးတစ်စ ရှေ့သို့သာတွန်းပို့သည်အတွက်ကြောင့် တန်ဖိုးမည်မျှကြီးလေးစေကာမူ ပေးပြီးမှ ကျေနပ်မှုရရှိသောငတ်မွတ်ခြင်းမျိုးကို ဖန်တီးထားပေးပြီးဖြစ်သည်။ ဤကြောက်မက်ဖွယ်ကောင်းသော အလေ့အကျင့်အားဖြင့် နုပျိုသောလူငယ်လူရွယ်တို့ အား ပျက်စီးခြင်းသို့သွေးဆောင်သည်ထက် ပျက်စီးရန်သေချာပြီးဖြစ်နေသောယစ်ထုပ်ကြီးတို့အား သေရည်သေရက်ကို ပေးခြင်းက ပိုမိုအန္တရာယ်နည်းပေသည်။

သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုလိုင်စင်ကိုချပေးခြင်းအားဖြင့်ပြုပြင်ပြောင်းလဲမှုအတွက် ကြိုးပမ်းနေကြသောသူတို့၏ရှေ့မှောက်တွင်စုံစမ်းသွေးဆောင်မှုကို အမြဲတစေထားရှိလေသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ဒဏ်ကိုအလူးအလဲခံနေရသောသူတို့အား သူတို့၏ခံတွင်းအလိုကိုအောင်မြင်နိုင်နင်းစေရန် အကူအညီပေးမှုဌာနများဆောက်လုပ်ထားသည်။ ဤလုပ်ငန်းသည် မြင့်မြတ်သောလုပ်ငန်းဖြစ်သည်။ သို့ရာတွင် သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုကို ဥပဒေအားဖြင့် ခွင့်ပြုနေသမျှကာလပတ်လုံး သေရည်သေရက်သောက်စားမှုဝေဒနာကိုကုသပေးသောဌာနများမှပေးသောအကူအညီကို ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူတို့သည် အကျိုးရှိစွာရယူမှုမရှိနိုင်ပေ။ သူတို့သည် ယင်းဌာနများတွင် အမြဲတစေမနေနိုင်ပေ။ သူတို့သည် လူ့အဖွဲ့အစည်းတွင် ပြန်လည်နေရာယူရမည်။ မူးယစ်သောအရက်သေစာကိုသောက်စားလိုသောခံတွင်းကိုအောင်မြင်နိုင်နင်းသော်လည်း ယင်းခံတွင်းအလိုသည် လုံးဝပျောက်ကွယ်သွားခြင်းမရှိပေ။ စုံစမ်းသွေးဆောင်ခြင်းကို သူတို့သည် အဘက်ဘက်တွင် ရင်ဆိုင်ရသောအခါအလွယ်တကူ ပါသွားတတ်သည်။

သားရဲတိရစ္ဆာန်၏ဆိုးယုတ်ကြမ်းတမ်းသောသဘာဝကိုသိလျက်နှင့် လူသည် ယင်းသားရဲကို လွှတ်ထားလျှင် ယင်းသားရဲက သူ့အားပြုနိုင်သောအန္တရာယ်အတွက် တိုင်းပြည်၏ဥပဒေကြောင်းအရ သူ့တာဝန်သာလျှင်ဖြစ်သည်။ ဣသရေလလူတို့အား ပေးထားတော်မူသောပညတ်များတွင် လူသားတို့အား ရန်မူတတ်သောသားရဲသည် လူတစ်ဦးတစ်ယောက်အားသေအောင်ပြုလုပ်လျှင် ပိုင်ရှင်သည် သူ့တာဝန်ပေါ့ဆမှုကြောင့် အသက်ဆုံးရှုံးသွားရသောသူအား သူ့အသက်အားဖြင့် လျော်ကြေးကိုပေးရမည်ဖြစ်ကြောင်း ဘုရားသခင်က ညွှန်ကြားထားတော်မူသည်။ ယင်းနည်းအရ သေရည်သေရက်ရောင်းဝယ်ဖောက်ကားပြုလုပ်သောသူအား လိုင်စင်ထုတ်ပေးသောအာဏာပိုင်သည် ယင်းရောင်းဝယ်ဖောက်ကားမှုကြောင့် ပေါ်ထွက်လာသောမကောင်းမှုတစ်ခုခုအတွက် တာဝန်ယူရမည်။ ရိုင်းစိုင်းဆိုးယုတ်သောတိရစ္ဆာန်အား လွှတ်လပ်ခွင့်ပေးခြင်းသည် သေဒဏ်ခံထိုက်သောပြစ်မှုဖြစ်လျှင် သေရည်သေရက်ရောင်းဝယ်ဖောက်ကားလုပ်သူ၏လုပ်ငန်းကို ခွင့်ပေးခြင်းသည်လည်း မည်မျှလောက်ပိုမိုကြီးမားသောပြစ်မှုဖြစ်ဘိသနည်း။

ယင်းကဲ့သို့လိုင်စင်များချပေးခြင်းသည် ပြည်သူ့အခွန်ဘဏ္ဍာများတိုးတက်ရရှိမှုအတွက်ဟုအကြောင်းပြသည်။ သို့ရာတွင်သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုကြောင့်ဖြစ်ပျက်ရသောရာဇဝတ်မှု ကျူးလွန်သောသူတို့အတွက်၊ ရူးသွပ်သောသူတို့အတွက်နှင့်ဆင်းရဲနွမ်းပါးသောသူတို့အတွက် ကုန်ကျရသောစရိတ်စကနှင့်နှိုင်းယှဉ်လျှင် ယင်းအခွန်ဘဏ္ဍာဝင်ငွေသည် မည်မျှလောက်များဘိသနည်း။ အရက်၏ပယောဂကြောင့် လူတစ်ဦးသည် ပြစ်မှုတစ်ခုကို ကျူးလွန်သည်။ သူ့ကို တရားရုံးသို့ခေါ်ဆောင်လာသည်။ သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုကို တရားဝင်ပြုလုပ်သောသူတို့ကသူတို့ကိုယ်တိုင်လက်ရာ၏ဆိုးကျိုးကို စီရင်ဆုံးဖြတ်ခြင်းမပြုလုပ်ပဲမနေရသောအခြေအနေမျိုးကိုရင်ဆိုင်ရသည်။ စိတ်မှန်သောသူကို သူရူးဖြစ်စေမည့်အသုံးအဆောင်ရောင်းဝယ်ဖောက်ကားမှုကို တရားဝင်ပြုလုပ်လိုက်သည်။ ယခုအခါတွင် ပြစ်မှုကျူးလွန်သောသူကို ထောင်ထဲသို့ဖြစ်စေ၊ လည်ဆွဲတိုင်သို့ဖြစ်စေပို့ရန် လိုအပ်လာလေပြီ။ ထိုသူ၏သားမယားတို့မှာမူ ဆင်းရဲဒုက္ခနှင့်ရင်ဆိုင်ရသည်သာမက သူတို့နေထိုင်ရာရပ်ကွက်၏ထောက်ပံ့မှုပေါ်တွင် မှီခိုအားထားနေရကြတော့သည်။

ယင်းပြဿနာနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာကိုသာဝကွက်၍ကြည့်ရှုပြောဆိုရလျှင် ယင်းလုပ်ငန်းကိုလုပ်ကိုင်ခွင့်ပေးထားခြင်းသည် မည်မျှမှားယွင်းနေပါသနည်း။ လူသားတို့၏ဆင်ခြင်တုံတရားပျောက်ကွယ်ခြင်း၊ လူတို့၌ဘုရားသခင်၏ပုံသဏ္ဌာန်တော် ရုပ်ပျက်ဆင်းပျက်ဖြစ်ရခြင်း၊ သားသမီးများဆင်းရဲနွမ်းပါးရခြင်းနှင့်ဂုဏ်အသရေပျက်ပြားရခြင်းကြောင့် စာရိတ္တပျက်စီးရခြင်း၊ သေသောက်ကြူးသောဖခင်တို့၏ဒုစရိုက်အလေ့အထများကို သားသမီးတို့အား ထာဝစဉ်အမွေအနှစ်အနေဖြင့် ဆက်ခံစေခြင်းတို့အတွက် မည်သည့်အခွန်ဘဏ္ဍာက အခြေအနေကိုပြေလည်စေနိုင်သနည်း။ **MH, pp. 342-344.**

ပိတ်ပင်ထားမြစ်ခြင်းသည်ဘာကိုပြီးမြောက်စေကြောင်း။ မူးယစ်သေစာများသုံးစွဲသောအလေ့အထရှိသောသူသည် အလွန်ဆိုးသွမ်းသောအခြေအနေတွင် ရပ်တည်နေသည်။ သူ့ဦးနှောက်သည်ယိုယွင်း၍ သူ့အလိုဆန္ဒအားအင်သည် အင်အားချည့်နဲ့နေသည်။ သူ့ကိုယ်ခန္ဓာ၌ရှိသောစွမ်းရည်ရှိသမျှနှင့်ပတ်သက်လျှင် သူ့ခံတွင်းကိုချုပ်တိန်းထား၍မရပေ။ သူ့စိတ်အလိုကိုမလိုက်ရန် သူ့အားကျိုးကြောင်းပြောဆို၍မရ၊ ဆိုးသွမ်းမှုအသိုက်အဝန်းထဲသို့ ရောက်ရှိသွားသောအခါ သေရည်သေရက်သောက်စားမှုကိုစွန့်လွှတ်ရန် စိတ်ပြဋ္ဌာန်းထားသောသူသည် အရက်ဖန်ခွက်ကို ပြန်လည်ကိုင်ဆွဲ၍ မူးယစ်သေစာကို ပထမဆုံးအကြိမ် ထပ်မံမြည်းစမ်းလိုက်သောအခါ ကောင်းမွန်လှသောစိတ်ပြဋ္ဌာန်းချက်များအားလုံးဖုံးကွယ်သွား၍ စိတ်အလိုဆန္ဒသည်လည်း ပျက်စီးခြင်းနှင့်ရင်ဆိုင်ရလေသည်။ သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုကို တရားဝင်လုပ်ငန်းအဖြစ်ထားရှိမှုကြောင့် ဝိညာဉ်ဆုံးပါးမှုကို ဥပဒေကခွင့်ပြု၍ ကမ္ဘာကြီးအားဆိုးသွမ်းမှုနှင့်ပြည့်ဝစေသောကူးသန်းရောင်းဝယ်မှုကလည်းပိတ်ပင်ရန်ငြင်းဆန်လိုက်လေသည်။

ဤအခြေအနေသည် ဆက်လက်၍တည်တံ့နေသင့်သလော။ စုံစမ်းသွေးဆောင်ခြင်းတံခါးသည် လူတို့ရှေ့တွင်ပွင့်လျက်နေသောကြောင့် လူတို့သည် အောင်မြင်မှုရရှိရန် အမြဲတစေကြိုးပမ်းနေရမည်လော။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဘေးဒဏ်သည် ယဉ်ကျေးသောကမ္ဘာကြီးပေါ်တွင် ပျက်စီးစေသော အကြောင်းအရာတစ်ခုအနေဖြင့် အမြဲတစေရပ်တည်နေရမည်လော။ လောင်ကျွမ်းနေသော မီးတောက်မီးလျှံကြီးကဲ့သို့ နှစ်စဉ်နှစ်တိုင်းထောင်သောင်းမကသောပျော်ရွှင်သည့်အိမ်ထောင်များကို ဆက်လက်၍ဖျက်ဆီးစေရမည်လော။ သင်္ဘောတစ်စင်းသည် ကမ်းနှင့်မနီးမဝေးသောနေရာတွင် ပျက်စီးသွားလျှင် ကမ်းပေါ်မှလူတို့သည် မည်သို့မျှမပြုလုပ်ပဲစောင့်ကြည့်နေကြမည်လော။ ရေသဲချိုင်းမှအမျိုးသားအမျိုးသမီးတို့ကို ကယ်တင်ရန် အသက်စွန့်လျက် ကြိုးပမ်း၍ကယ်တင်ကြလိမ့်မည်။ အရက်သမားများရင်ဆိုင်ရမည့်ကံကြမ္မာမှ သူတို့ကိုကယ်ဆယ်ရန် ပိုမိုကြိုးပမ်းအပ်သည်မဟုတ်ပါလော။ သေရည်သေရက်ရောင်းစားသူ၏လုပ်ငန်းသည် သေသောက်ကြူးသူနှင့်သူ့မိသားစုများကိုသာ ဘေးသင့်စေသည်မဟုတ်ပါ။ သေရည်သေရက်ရောင်းစားသောသူ၏လုပ်ငန်းကြောင့်ရပ်ကွက်လူထုက ထမ်းဆောင်ရသောအခွန်ဘဏ္ဍာများ ပိုမိုကြီးလေးလာခြင်းသည်လည်း အဓိကဆိုးကျိုးမဟုတ်ပေ။ ကျွန်ုပ်တို့အားလုံးသည် ပင့်ကူအိမ်ကဲ့သို့ ဆက်သွယ်နေကြသည်။ လူသားတို့၏အသိုက်အဝန်းကြီးမှ တစ်စိတ်တစ်ဒေသဖြစ်သောလူထုသည် ဒုက္ခခံစားရလျှင် လူ့အသိုက်အဝန်းတစ်ရပ်လုံး ဒုက္ခခံစားရလေသည်။

အမြတ်အစွန်းရရှိမှုသို့မဟုတ်စီးပွားချမ်းသာတိုးတက်မှုကို လိုလားမှုကြောင့်သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှု ကန့်သတ်ထားခြင်းနှင့်မပတ်သက်လိုသောသူတို့သည် အချိန်များစွာနောက်ကျမှ ယင်းကန့်သတ်ထားမှုသည် သူတို့နှင့်များစွာပတ်သက်နေကြောင်းကို တွေ့ရှိရကြသည်။ သူတို့၏သားသမီးများသည်ပင် ယစ်မူးထိုင်းမှိုင်း၍ပျက်စီးကြသည်။ ဥပဒေလက်လွတ်ပြုလုပ်ခြင်းသည် ပေါက်လွှတ်ပဲစားဖြစ်လာသည်။ ပစ္စည်းဥစ္စာသည် စိုးရိမ်ဖွယ်ဖြစ်လာသည်။ အသက်သည် လုံခြုံမှုမရှိဖြစ်လာသည်။ ကုန်းပေါ်၌လည်းကောင်း၊ ပင်လယ်ရေပြင်ပေါ်၌လည်းကောင်း မတော်တဆထိခိုက်မှုတို့သည် များပြားလာသည်။ အမှိုက်သရိုက်စုပုံနေရာအရပ်၌ ပေါက်ပွားလေ့ရှိသောအနာရောဂါတို့သည် ထည်ဝါခန့်ညား၍ချမ်းသာကြွယ်ဝသောအိမ်ဂေဟာများအတွင်းသို့ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ သေရည်သေရက်ကိုသောက်စားမူးယစ်၍ ပြစ်မှုကျူးလွန်သောမိဘများ၏သားသမီးများက ကျူးလွန်သောဆိုးသွမ်းမှုတို့သည် ရည်မွန်၍ယဉ်ကျေးသောအိမ်ထောင်များတို့ကို ကူးစက်လျက်ရှိသည်။

သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုကြောင့် အန္တရာယ်မသင့်သောလုပ်ငန်းဟူ၍မရှိပေ။ မိမိ၏ကိုယ်တိုင်ဘေးအန္တရာယ်ကင်းလွတ်မှုအတွက် မည်သူမဆို ယင်းရောင်းဝယ်ဖောက်ကားမှုကို ရပ်ဆိုင်းပစ်ရန် ကြိုးပမ်းသင့်ပေ သည်။ **MH, pp. 344, 345.**

ဤဒုစရိုက်များတည်ရှိနေစဉ် မည်သည့်လူ့အဖွဲ့အစည်းမှ အခြေမှန်အနေမှန်ရောက်ရှိနေပြီဟုအဘယ်အခါမျှ မခေါ်ဆိုနိုင်ပေ။ သေရည်သေရက်အရောင်းဆိုင်များကို တနင်္ဂနွေနေ့တွင်သာမဟုတ်ပဲ နေ့စဉ်နေ့တိုင်းဥပဒေဖြင့်ပိတ်ထားခြင်းမရှိပဲ အဘယ်စစ်မှန်သောပြုပြင်ပြောင်းလဲမှုမှအောင်မြင်မှုမရှိနိုင်ပေ။ ဤအရောင်းဆိုင်များပိတ်ထားခြင်းသည် လူထုစည်းကမ်းသေဝပ်မှုနှင့် အိမ်တွင်းပျော်ရွှင်သာယာမှုတို့ကို တိုးတက်စေလိမ့်မည်ဖြစ်သည်။**ST, Feb.11, 1886.**

ဘုရားသခင်၏ဂုဏ်တော်ကိုချီးကျူးရေး၊ လူမျိုးတည်တံ့ခိုင်မြဲရေး၊ ရပ်ကွက်လူထုကျန်းမာချမ်းသာရေး၊ အိမ်ထောင်မှုစိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်ရေး၊ ပုဂ္ဂလိကကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာရေးတို့အတွက်ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ဆိုးသွမ်းမှုကိုလူထုအားသိရှိစေရန်တတ်နိုင်သမျှကြိုးပမ်းရမည်။ ယခုအခါတွင် ကျွန်ုပ်တို့မတွေ့မြင်ရသော ဤကြောက်မက်ဖွယ်ရာကောင်းသည့်ဒုစရိုက်၏ဆိုးကျိုးကို မကြာမီပင်တွေ့မြင်ကြရမည်ဖြစ်သည်။ ဖျက်ဆီးခြင်းလုပ်ငန်းကို ဟန့်တားထားရန် မည်သူသည်မဆုတ်မနစ်ကြိုးပမ်းမည်နည်း။ ယခုအထိ ယင်းကြိုးပမ်းမှုမျိုးကို စတင်မပြုလုပ်ကြသေးပေ။ လူတို့အားဦးနှောက်ပျက်သည့်ရောဂါဖြစ်စေသောမူးယစ်သေစာများရောင်းချမှုကို ရပ်ဆိုင်းပစ်ရန် မူးယစ်သေစာ ကာကွယ်ရေးတပ်တစ်ခုဖွဲ့စည်းထားပါစေ။ သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုအန္တရာယ်ကို လူထုအား ရှင်းလင်းပြတ်သားစွာ တင်ပြကြပါ။ ယင်းလုပ်ငန်းရပ်ဆိုင်းသွားမှုအတွက်လူထုအားတပ်လှန့်နှိုးဆော်ပါ။ သေရည်သေရက်သောက်စားမှုကိုအရူးအမူးစွဲမက်နေသောသူတို့အား သူတို့၏ခံတွင်း၏ကျေးကျွန်ဘဝမှလွတ်မြောက်စေရန်အခွင့်အလမ်းဖွင့်ပေးပါ။ ဤစက်ဆုပ်ဖွယ်ကောင်းသောရောင်းဝယ်ဖောက်ကားမှုကို ရပ်ဆိုင်းပစ်ရန် ဥပဒေပြုအာဏာပိုင်များကို တစ်မျိုးသားလုံးကအရေးဆိုပါ။ **MH, p. 346.**

## ၄ ပျော်စရာရွှင်စရာနှင့်အန္တရာယ်ကင်းသော အစားထိုးပျော်စရာရွှင်စရာများ

ပျင်းရိခြင်း၏ဩဇာသက်ရောက်မှု၊ ရည်စူးချက်မရှိခြင်း၊ ဆိုးယုတ်သောအပေါင်းအသင်းများ။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ရေသောက်မြစ်ကို ရောက်ရှိရန် သေရည်သေရက်သို့မဟုတ်ဆေးလိပ်တို့ကိုသုံးစွဲခြင်းထက်နက်ရှိုင်းစွာ တူးဖော်ကြည့်ရမည်။ ပျင်းရိခြင်း၊ ရည်စူးချက်မရှိခြင်းနှင့်ဆိုးယုတ်သောအပေါင်းအသင်းများတို့သည် ရှေ့ပြေးအကြောင်းရင်း ဖြစ်နိုင်သည်။ **Ed, pp. 202, 203.**

ဆွဲဆောင်မှုရှိသောအိမ်ဂေဟာ၏ဩဇာသက်ရောက်မှု။ သင်၏အိမ်ဂေဟာကို ဆွဲဆောင်မှုရှိနိုင်သမျှရှိနိုင် အောင်ထားရှိပါ။ ခန်းဆီးကိုမတင်၍ ကောင်းကင်မှသမားတော်ဖြစ်သော နေရောင်ခြည်ဝင်လာပါစေ။ သင်၏အိမ်ထောင်တွင်ငြိမ်သက်ခြင်းရှိစေဖို့သင်လိုလားသည်။ သင်၏သားသမီးများတွင်ကောင်းမွန်သောစာရိတ္တများရှိစေလိုသည်။ သူတို့သည် သေရည်သေရက်အရောင်းဆိုင်သို့သွားချင်စိတ်မရှိလောက်အောင် သင်၏နေအိမ်ကို ဆွဲဆောင်မှုရှိအောင်ပြုလုပ်ထားပါ။ **M, 27, 1893.**

ဆွဲဆောင်မှုရှိသည့်အိမ်ဂေဟာ၏ဆွဲကိုင်ထားနိုင်သောသတ္တိ။ သားသမီးများတို့အားအိမ်ဂေဟာ၌ထိန်းသိမ်းထားရန် မတတ်နိုင်ကြောင်း၊ သူတို့အနေနှင့်လည်း အိမ်ဂေဟာကို မခင်တွယ်ကြောင်းဝမ်းနည်းစွာပြောဆိုသောမိဘများ ဘယ်လောက်များပြားပါသနည်း။ ငယ်ရွယ်သောအခါကပင်သူတို့သည် သူစိမ်းတစ်ရံဆံများနှင့်ပေါင်းဖော်လိုကြသည်။ အရွယ်ရောက်လာသည်နှင့်တစ်ပြိုင်နက်ချုပ်နှောင်ထားခြင်း၊ အကြောင်းမဲ့ချုပ်ချယ်ထားခြင်း ဟုသူတို့ယူဆသော အသိုက်အဝန်းမှထွက်ခွါသွားပြီးလျှင် မိခင်၏တောင်းပန်စကားကိုလည်းကောင်း၊ ဖခင်၏အကြံပေးချက်ကိုလည်းကောင်း နားမထောင်ကြတော့ပေ။ အခြေအနေတစ်ခုလုံးကို ဆန်းစစ်ကြည့်သောအခါ အပြစ်သည် မိဘတို့အပေါ်၌အများအားဖြင့် တည်ရှိနေသည်ကို တွေ့ရှိရပေမည်။ သူတို့သည် မိမိတို့၏အိမ်ဂေဟာကို ဆွဲဆောင်မှုရှိအောင်၊ သာသာယာယာဖြစ် အောင်ကြင်နာသောအသုံးအနှုန်းများ၊ နှစ်သက်ဖွယ်သောမျက်နှာများနှင့် မေတ္တာစစ်မေတ္တာမှန်တို့ဖြင့် ထွန်းပြောင်နေအောင် သူတို့၏အိမ်ဂေဟာကို မထားရှိခဲ့ကြပေ။

သင်တို့၏သားသမီးများကို ကယ်ဆယ်ရေးအတွက် လျှို့ဝှက်ချက်သည်သင်တို့၏အိမ်ဂေဟာကို ဆွဲဆောင်မှုရှိအောင်၊ နှစ်သက်ဖွယ်ကောင်းအောင်ပြုလုပ်ထားခြင်းပေါ်တွင်တည်သည်။ သားသမီးများကို အလိုလိုက်ခြင်းသည် သူတို့အား ဘုရားသခင်ကိုလည်းကောင်း၊ အိမ်ဂေဟာကိုလည်းမခင်တွယ်စေပါ။ သို့ရာတွင် တည်ကြည်၍ဘုရားတရား

မြိုသောဩဇာသက်ရောက်မှုဖြင့် သားသမီးတို့အား သွန်သင်ဆုံးမ၍စိတ်ကို ပြုပြင်ပေးလျှင် သားသမီးအများတို့ကို ပျက်စီးခြင်းမှ ကယ်ဆယ်နိုင်ပေလိမ့်မည်။ **R & H, Dec, 9, 1884.**

အိမ်ဂေဟာသည် ဝမ်းမြောက်ခြင်း၊ ယဉ်ကျေးခြင်းနှင့်ချစ်ခြင်းမေတ္တာတည်ရှိရာနေရာဖြစ်ပါစေ။ အကယ်၍ အိမ်ဂေဟာ၏ဘဝရှိသင့်သောအခြေအနေ၌ ရပ်တည်နေလျှင် ယင်းနေရာ၌ အစပြုဖြစ်ပေါ်လာသောအလေ့အထတို့သည် လူငယ်များ အိမ်ဂေဟာမှခွဲခွါ၍ လောကကြီးထဲသို့ ဝင်ရောက်သွားသောအချိန်တွင် စုံစမ်းသွေးဆောင်ခြင်းကို ကြံ့ကြံ့ခံနိုင်သောအကာအကွယ်အနေဖြင့် ရပ်တည်နေလိမ့်မည်။ **CH, p. 100.**

ကျေးလက်အိမ်ဂေဟာများနှင့်အသုံးဝင်သောအလုပ်အကိုင်။ လူငယ်များအတွက် စိတ်အချရဆုံးသော အကာအကွယ်သည် အသုံးဝင်သောအလုပ်အကိုင်ဖြစ်သည်။ သူတို့အားဝီရိယစိုက်ထုတ်လုပ်ကိုင်တတ်သောအလေ့အကျင့်များကိုသွန်သင်ပေးထားလျှင် သူတို့သည် အချိန်ရရှိသမျှကိုအကျိုးရှိစွာအသုံးပြုတတ်လာ၍ သူတို့၏ဘဝရပ်တည်မကျေမချမ်းဖြစ်ရန် အချိန်ရတော့မည်မဟုတ်ပေ။ လေထဲ၌တိုက်အိမ်ဆောက်သည့်အလုပ်မျိုးလည်းလုပ်ကိုင်ရန် အချိန်ရတော့မည်မဟုတ်ပေ။ ဆိုးသွမ်းသောအလေ့အကျင့်များ သို့မဟုတ် အပေါင်းအသင်းများ ကျင့်ကြံလိုက်စားခြင်းပြုလုပ်မည့်အန္တရာယ်သည် ရှိမည်မဟုတ်ပေ။ ကြိုးပမ်းဆောင်ရွက်မှုမရှိပဲ ထူးချွန်မှုမရှိနိုင်သည်ကို လူငယ်များအားငယ်ရွယ်ချိန်မှပင် သွန်သင်ပေးရမည်။

လူငယ်လူရွယ်တိုင်းသည် မိမိတို့၏စွမ်းရည်များကို ခေတ်မီအခွင့်အရေးများနှင့်ရင်ပေါင်တန်းမိအောင် အထက်မြက်ဆုံးပြုပြင်သင့်ကြပေသည်။ ယင်းကဲ့သို့ပြုလုပ်သောသူသည် စာရိတ္တဗလနှင့်ဉာဏဗလနယ်ပယ်တို့တွင် ထိပ်တန်းအခြေအနေသို့ရောက်ရှိနိုင်ကြပေမည်။ သို့ရာတွင် ထိုသူသည် ရဲစွမ်းသတ္တိနှင့်ကြံ့ခိုင်သောစိတ်သဘောရှိရမည်။ ကာမဂုဏ်ခံစားမှုခေါ်သံကို နားမထောင်ပဲနေရမည်။ ငယ်ရွယ်သောအပေါင်းအသင်းရောင်းရင်းတို့၏မြူခေါ်ခြင်းကို ငြင်းပယ်ရမည်။ သူသည် အမြဲတမ်းသတိတရားထားရှိရမည် သို့မဟုတ်လျှင်သူ၏ရည်စူးချက်မှသွေဖည်သွားစရာအကြောင်းရှိသည်။

မြို့ကြီးပြကြီးများသည် နေထိုင်ကောင်းသောနေရာဟူ၍လည်းကောင်း၊ အကျိုးဖြစ်ထွန်းသောနေရာဟူ၍လည်းကောင်းယူဆလျက် အများသောမိဘတို့သည် တောရွာမှမြို့ကြီးပြကြီးများသို့ပြောင်းရွှေ့နေထိုင်ကြသည်။ ဤကဲ့သို့ နေထိုင်ရာကို ပြောင်းရွှေ့ခြင်းအားဖြင့် သူတို့၏သားသမီးများကို သွေးဆောင်မှုမျိုးစုံနှင့်ရင်ဆိုင်စေကြသည်။ သားငယ်များ၌လုပ်ငန်းဟူ၍ ဗလာနတ္တိမရှိဖြစ်၍ လမ်းပညာကိုရရှိလျက်သန့်ရှင်းသောအကျင့်၊ ကောင်းသောအကျင့်ရှိသမျှတို့ကို ကျော်ခိုင်းကြသည်တိုင်အောင်ဆိုးသွမ်းမှုကို တစ်ခုနောက်တစ်ခုကျင့်သုံးလိုက်စားကြသည်။ မိဘတို့သည် သားသမီးများနှင့်တစ်လုံးတစ်စည်းတည်း တောပိုင်းတွင် ဆက်လက်နေထိုင်ခဲ့ပါလျှင် မည်မျှပိုမိုကောင်းမွန်မည်နည်း။ အဘယ်ကြောင့်ဆိုသော် တောပိုင်းသည် ကာယဗလနှင့်ဉာဏဗလ ဖွံ့ဖြိုးထွန်းကားလာမှုအတွက် အထက်မြက်ဆုံးဩဇာသက်ရောက်မှုများရှိသောနေရာမျိုးဖြစ်သည်။

မိဘတို့၏ပေါ့လျော့မှုကြောင့်မြို့ကြီးပြကြီးများ၌နေထိုင်ကြသောကျွန်ုပ်တို့၏လူငယ်လူရွယ်တို့သည်ဘုရားသခင်၏ရှေ့တော်တွင် သူတို့၏လမ်းခရီးများနှင့်စိတ်ဝိညာဉ်များကို ညစ်ညူးစေကြသည်။ ယင်းသည်ကား အားလပ်ခြင်း၏မလွဲမရှောင်သာသောရလဒ်ပါတကား။ ဒုက္ခိတများနေထိုင်ရာအိမ်ဂေဟာများ၊ အချုပ်ထောင်များ၊ လည်ဆွဲတိုင်များတို့သည် မိဘတို့၏တာဝန်ပေါ့လျော့မှု၏ဝမ်းနည်းဖွယ်သောအတ္တုပ္ပတ္တိကိုကြေငြာပေးသောဌာနများပင်တည်း။ **R & H, Sept. 13, 1881.**

ဒုစရိုက်ဆိုင်ရာပျော်ရွှင်မှုများကို အပြစ်ကင်းသောပျော်စရာရွှင်စရာများဖြင့်အစားထိုးပါ။ သင့်အား သက်ကြီးရွယ်အိုအဘိုးကြီးလိုနေထိုင်ရန်ပြုလုပ်၍မရပေ။ ကလေးသူငယ်များအားလည်း မှုးကြီးမတ်ရာသေနာပတိကြီးကဲ့သို့ ဣန္ဒြေဖြင့်နေထိုင်စေရန် မပြုလုပ်နိုင်ပေ။ ဒုစရိုက်ဆိုင်ရာပျော်ရွှင်မှုများကို ဝိုင်းပယ်ထားသင့်သည်နှင့်အမျှ၊ အခြားတစ်ဘက်မှလည်း လူငယ်လူရွယ်တို့၏အကျင့်စာရိတ္တကို မမှေးမှိန်မပျက်စီးစေသည့်အပြစ်ကင်းသောပျော်စရာရွှင်စရာတို့ဖြင့် အစားထိုးပြုလုပ်ပေးရန် လူငယ်တို့အတွက် တာဝန်ယူရသောမိဘများ၊ ဆရာသမားများတို့နှင့် တာဝန်ခံတို့က အထူးသတိချပ်ရာသည်။ လူငယ်လူရွယ်တို့အားမတရားညှဉ်းပန်းနှိပ်စက်သည်ဟူ၍ ယူဆစေလျက် မှားယွင်းပျက်စီးရာလမ်းထဲသို့ ဖွတ်တရွတ်ထိုးဖောက်ဝင်ရောက်သွားစေမည့် တင်းကျပ်သောစည်းမျဉ်းဥပဒေများဖြင့် သူတို့အားချုပ်နှောင်မထားပါလေနှင့်။ တည်ကြည်ခိုင်မြဲ၍ကြင်နာတရားထားရှိလျက် တစ်ဘက်သား၏အခွင့်အရေးကို စဉ်းစားတတ်သောလက်တို့

ဖြင့် အုပ်ချုပ်ရေးကြိုးတို့ကိုကိုင်ထားလျက် လူငယ်လူရွယ်တို့၏စိတ်နှင့်ရည်စူးချက်များကို ထိန်းကျောင်းပေးပါ။ နူးညံ့သိမ်မွေ့စွာဖြင့်လည်းကောင်း၊ ပညာအမြော်အမြင်ရှိစွာဖြင့်လည်းကောင်း၊ မေတ္တာတရားရှေ့ထား၍လည်းကောင်း လူငယ်လူရွယ်တို့အား ထိန်းကျောင်းပေးလျှင်သင်တို့သည် သူတို့၏ကောင်းကျိုးကို မျှော်ကိုးသောစေတနာစိတ်ကို သူတို့သည် သိရှိပါလိမ့်မည်။ **R & H, Dec. 9. 1884.**

စိတ်ဝင်စားဖွယ်ကောင်းသောရက်အားများထားရှိခြင်း။ လူငယ်လူရွယ်များနှင့်ကလေးသူငယ်များတို့အတွက် ရက်အားများကို စိတ်ဝင်စားဖွယ်ကောင်းနိုင်သမျှကောင်းအောင်ထားရှိရန် ကျွန်ုပ်တို့သည် စိတ်ပါလက်ပါကြိုးပမ်းခဲ့ကြသည်။ ကျွန်ုပ်တို့၏ရည်စူးချက်မှာ ကျွန်ုပ်တို့၏လူငယ်လူရွယ်များနှင့်ကလေးသူငယ်များကို မယုံကြည်သောသူတို့၏ ပျော်ရွှင်မှုမြင်ကွင်းများနှင့်ဝေးကွာနေစေရန်ဖြစ်သည်။

ညစ်ညူးစေ၍လမ်းလွဲသို့ပို့ဆောင်တတ်သည့်သဘောရှိသောလောကီပျော်မွေ့ခြင်းများကို လိုက်စားမှုမပြုစေရန် ကျွန်ုပ်တို့၏သားသမီးများကို ဟန့်တားသည့်တစ်ဘက်တွင် အန္တရာယ်ကင်းသည့်သာယာသောလမ်းထဲသို့ သူတို့ကိုလမ်းညွှန်ပို့ဆောင်ပေးရန် သူတို့အတွက် အပြစ်ကင်းသောပျော်ရွှင်စရာများ စီစဉ်ပေးရာသည်။ မည်သည့်ဘုရားသခင်၏သားသမီးမျှဝမ်းနည်းဖွယ်သောအတွေ့အကြုံမျိုး မရှိစေရ။ ဤအဆိုပြုချက်သည် မှန်ကန်ကြောင်းကို ကိုယ်တော်ရှင်၏မိန့်မှာထားတော်မူချက်များနှင့်ကိုယ်တော်ရှင်၏ကတိတော်များက ပြသကြသည်။ "ပညာလမ်းတို့သည်သာယာသောလမ်း၊ ပညာလမ်းခရီးရှိသမျှတို့သည်ငြိမ်ဝပ်လျက်ရှိကြ၏။" လောကီပျော်မွေ့ခြင်းတို့သည်အလွဲတပ်မက်စွဲလမ်းစေသည်။ ယင်းတို့၏ယာယီဖြစ်သောပျော်မွေ့ခြင်းအတွက် အများသောသူတို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ ယင်းမိသဟာယဖွဲ့ခြင်းမှရရှိသောငြိမ်သက်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့်ပျော်ရွှင်ခြင်းတို့ကို လက်လွှတ်ခံကြသည်။ သို့ရာတွင် ယင်းအရွေးချယ်ခံလောကီဆိုင်ရာပျော်မွေ့ခြင်းတို့သည် မကြာမီပင် ရွံရှာဖွယ်လည်းဖြစ်၊ ကျေနပ်မှုလည်းမပေးနိုင်သောအရာများဖြစ်လာလေသည်။

ခရစ်ယာန်ဘဝအသက်တာ၏ဆွဲဆောင်မှုများ။ ခရစ်ယာန်ဘဝအသက်တာ၏ဆွဲဆောင်မှုများကို တင်ပြခြင်းအားဖြင့် ဝိညာဉ်များကိုကယ်ဆယ်ရန်ကျွန်ုပ်တို့အနေဖြင့်တတ်နိုင်သမျှကြိုးပမ်းကြမည်။ ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်သည် အလှအပကိုမြတ်နိုးတော်မူသောအရှင်ဖြစ်တော်မူ၏။ ကိုယ်တော်ရှင်သည်ကမ္ဘာကြီးအားအညိုရောင်နှင့်နီညိုရောင်မြေက်ခင်းတို့ဖြင့်လည်းကောင်း၊ သစ်ပင်၊ ဝါးပင်များတို့အားလည်း အစိမ်းရောင်၊ သစ်ကိုင်းသစ်ရွက်တို့အစား ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြစ်သောတန်ဆာဆင်ခြင်းဖြင့် ဖုံးအုပ်ထားခြင်းဖြင့်လည်းကောင်း ဖန်ဆင်းထားလိုလျှင် ထားနိုင်တော်မူသည်။ သို့ရာတွင် ကိုယ်တော်ရှင်၏သားသမီးတို့အား ပျော်ရွှင်သောဘဝမျိုး၌ ကျင်လည်စေရန် အလိုရှိတော်မူသည်။ သစ်ရွက်တိုင်း၊ ပန်းဖူးပန်းပွင့်တိုင်းသည် ကိုယ်တော်ရှင်မေတ္တာတော်၏အထိမ်းအမှတ်ဖြစ်သည်။ ကိုယ်တော်ရှင်ဖန်ဆင်းထားတော်မူသော သက်ရှိသက်မဲ့အရာတို့တွင် ဖော်ပြထားတော်မူသောမေတ္တာတော်ကို ကိုယ်စားပြုရန် ကျွန်ုပ်တို့သည် ရည်စူးချက်အနေဖြင့် ထားရှိအပ်ကြသည်။

အိမ်ထောင်များအနေဖြင့်လည်းကောင်း၊ အသင်းတော်အနေဖြင့်လည်းကောင်း ကလေးသူငယ်များနှင့်လူငယ်လူရွယ်တို့အားဆွဲဆောင်မှုများလှသော လောကီပျော်မွေ့ခြင်းရှိရာ အရပ်မှလည်းကောင်း၊ ညစ်ညူးစေသည့်သြဇာသက်ရောက်မှုဖန်တီးပေးနိုင်သောသူတို့နှင့် ပေါင်းဖော်ခြင်းမှလည်းကောင်း ဝေးလံသောနေရာများသို့ရွှေ့ပြောင်းထားရှိရန် တတ်နိုင်သမျှကြိုးပမ်းကြရမည်။ လူငယ်လူရွယ်တို့အားယေရှုထံတော်သို့ပို့ဆောင်ရန်လေ့လာပါ။ သူတို့သည် အပြစ်ဒုစရိုက်၌ရှိသော်လည်း အမြင့်ဆုံးသောဘုရားသခင်၏သားသမီးများအနေဖြင့် အကျိုးကျေးဇူးများ၊ ဘုန်းတန်ခိုးနှင့်ချီးမြင့်ခြင်းခံစားခွင့်ကိုပေးတော်မူရာတွင် ကိုယ်တော်ရှင်၏ကရုဏာတော်နှင့်ကောင်းမြတ်တော်မူခြင်းကို လူငယ်လူရွယ်တို့အားစွဲမြဲစွာမှတ်သားပါလေစေ။ အနန္တတန်ခိုးတော်ရှင်နှင့်မဟာမိတ်ဖွဲ့ရသောအခွင့်အရေးသည် မည်မျှကြီးမားကြောင်းကိုလည်းကောင်း၊ ကြားရခဲသောနှိမ့်ချတော်မူသည့်စိတ်တော်ရှိကြောင်းကိုလည်းကောင်း၊ မေတ္တာတော်သည် မည်မျှအံ့သြဖွယ်ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ စဉ်းစားလျှင် အံ့ဖွယ်မဆုံးဖြစ်ပါသည်တကား။ "ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။" "ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။" လောက၏ဂုဏ်ပြုခြင်းသည် ဤမျှလောက်ပေးသနားတော်မူသောအခွင့်အရေးနှင့်ပခုံးချင်းယှဉ်နိုင်ပါ၏လော။

ကျွန်ုပ်တို့သည် ခရစ်ယာန်ဘဝအသက်တာကို အရှိအရှိအတိုင်းကိုယ်စားပြုကြပါစို့။ ခရစ်ယာန်ဘဝအသက်တာမျိုးရရှိနိုင်သောနည်းလမ်းကို ပျော်ရွှင်ဖွယ်ရာဖြစ်အောင်လည်းကောင်း၊ ဆွဲဆောင်မှုရှိအောင်လည်းကောင်း၊ စိတ်ဝင်စားဖွယ်ဖြစ်အောင်လည်းကောင်း ပြုလုပ်ကြပါစို့။ ကျွန်ုပ်တို့ဆန္ဒရှိလျှင် ယင်းကဲ့သို့ပြုလုပ်နိုင်သည်။ ကျွန်ုပ်တို့ကိုယ်တိုင်၏စိတ်နှလုံးကို ဝိညာဉ်ရေးနှင့်ထာဝရကာလအရေးနှင့်ဆိုင်သောအရာများဖြင့် အပြည့်ဖြည့်ထားနိုင်ခြင်းအားဖြင့် အခြားသောစိတ်နှလုံးများကလည်း စစ်မှန်သောအရာများအနေဖြင့် တွေ့မြင်လက်ခံကြလိမ့်မည်။ ယေရှုရှင်သည်ဘုရားသခင်၏လက်ျာတော်ဘက်တွင် ကျွန်ုပ်တို့၏အမှုဆောင်အနေဖြင့် မတ်တတ်ရပ်လျက်ရှိနေတော်မူသည်ကို ယုံကြည်ခြင်းကတွေ့မြင်စေသည်။ ကိုယ်တော်ကိုချစ်သောသူတို့အတွက် ယေရှုရှင်သွား၍ပြင်ဆင်နေတော်မူသောအခန်းများကို ယုံကြည်ခြင်းက တွေ့မြင်၏။ အောင်မြင်သောသူအတွက် ထားရှိသောဝတ်ရုံနှင့်သရဖူကို ယုံကြည်ခြင်းသည် တွေ့မြင်၏။ ကယ်တင်ခြင်းခံစားရသောသူတို့၏သီချင်းသံကို ယုံကြည်ခြင်းသည် ကြားရှိ၍ထာဝရပျော်ရွှင်မှုကို အနီးသို့ဆောင်ကြဉ်းပေး၏။ ကိုယ်တော်၏စကားတော်ကိုချစ်သောစိတ်ဖြင့် ယေရှုရှင်ထံသို့ချဉ်းကပ်ရမည်။ သို့ပြုလျှင်ဘုရင်ကြီးအား နဂိုလှပခြင်းအတိုင် ကျွန်ုပ်တို့ တွေ့မြင်ကြရမည်။ **R & H, Jan. 29, 1884.**

## ၅ ကိုယ်ကျင့်တရားကိုသိခြင်း

ကိုယ်ကျင့်တရားနှင့်ဘာသာရေးဆိုင်ရာအခြေခံခံယူချက်တို့ဖြင့် စောင့်ထိန်းခြင်း။ ကျွန်ုပ်တို့သည် ကိုယ်ကျင့်တရားနှင့်ဘာသာရေးဆိုင်ရာအခြေခံခံယူချက်အရ လုပ်ကိုင်ဆောင်ရွက်ကြရမည်။ ကျွန်ုပ်တို့သည် ခပ်သိမ်းသောအရာတို့၌ ချုပ်တည်းခြိုးခြံမှုရှိရမည်။ အဘယ်ကြောင့်ဆိုသော်မဖောက်ပြန်မပျက်စီးနိုင်သောသရဖူနှင့် ကောင်းကင်ဆိုင်ရာဘဏ္ဍာသည် ကျွန်ုပ်တို့ရှေ့၌တည်ရှိနေ၏။ **2T, p. 374.**

ခရစ်တော်၏တပည့်တော်များအနေဖြင့် ကျွန်ုပ်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း ကျွန်ုပ်တို့၏အခြေခံခံယူချက်အရပြုလုပ်ကြရမည်။ **R; TC, p. 60.**

ဘာသာရေးဆိုင်ရာအခြေခံ ခံယူချက်အရလုပ်ကိုင်ဆောင်ရွက်လျှင် အနစ်နာခံရမည့်အချက်မှာကြီးလေးသော်ငြားလည်း လူငယ်လူရွယ်တို့သည် ကိုယ်ကာယတပ်မက်ခြင်းကို အောင်မြင်နိုင်နင်း၍ ဘုရားသခင်၏လိုအပ်ချက်ပေါ်တွင်သစ္စာရှိစွာ ရပ်တည်နေနိုင်ကြောင်းကို ဒံယေလ၏အဖြစ်အပျက်ကပြသပေသည်။ **4T, p. 570.**

သင့်စိတ်ကြိုက်ပြုလုပ်ရန် သင်၏အခွင့်အရေးမရှိ။ ကျွန်ုပ်ကိုယ်ခန္ဓာနှင့်ပတ်သက်၍ကျွန်ုပ်စိတ်ကြိုက်ပြုလုပ်ရန် ကျွန်ုပ်၏အခွင့်အရေးမဟုတ်ပါလော။ မဟုတ်ပါ။ သင့်စိတ်ကြိုက်မပြုလုပ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်သင်တို့အား ဘုရားသခင်ပေးထားတော်မူသောဘဝအသက်တာနှင့်ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များကို ကျူးလွန်နေသောကြောင့်ဖြစ်သည်။ သင့်ကို ဘုရားသခင်ပိုင်တော်မူသည်။ ဖန်ဆင်းခြင်းကြောင့်လည်းကောင်း၊ ရွေးနုတ်ထားခြင်းကြောင့်လည်းကောင်း သင့်ကို ဘုရားသခင်ပိုင်တော်မူသည်။ "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။" ကိုယ့်ကိုယ်ကိုယ်ရိုသေခြင်းနှင့်ဘုရားသခင်ပိုင်ဆိုင်သောအရာကို ရိုသေလေးစားခြင်းတို့ကို ဤနေရာတွင်ပြသထားသည်။ ယင်းကဲ့သို့ ရိုသေကိုင်းရှိုင်းခြင်းသည် ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့်ပြည့်စုံသည့်အသက်ရှင်သောကိုယ်ခန္ဓာယန္တရားကို ထိန်းသိမ်းရန်လူသားတို့၏တာဝန်ဝတ္တရားကို လေးစားရာရောက်လိမ့်မည်။ **M, 49, 1897.**

သဘာဝဓမ္မဆိုင်ရာဥပဒေပညတ်အား လေးစားခြင်းကိုအသိစိတ်ဓါတ်ရှိခြင်း။ လူသားတို့၏ကိုယ်ခန္ဓာ ယန္တရားဆိုင်ရာဥပဒေပညတ်အလုံးစုံတို့ကို တိတိကျကျလိုက်နာကျင့်သုံးရမည်။ အဘယ်ကြောင့်ဆိုသော် သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သကဲ့သို့ သဘာဝဓမ္မဆိုင်ရာပညတ်သည် ဘုရားသခင်ထားရှိတော်မူသော ပညတ်ဖြစ်၏။ ယင်းဥပဒေပညတ်တော်ကို လိုက်နာရာတွင် တမင်လာသွေဖည်ခြင်းသည် ကိုယ်ကျင့်တရားဆိုင်ရာပညတ်တော်ကို ကျူးလွန်ရာတွင် အပြစ်ရှိသကဲ့သို့ မုချအပြစ်ရှိသည်။ သဘာဝဓမ္မတစ်ခုလုံးသည် ဘုရားသခင်၏ပညတ်ကို ဖေါ်ပြသည်။ သို့ရာတွင် ကျွန်ုပ်တို့ကိုယ်ခန္ဓာဆိုင်ရာအဆောက်အအုံ၌ယေဟောဝါအရှင်မြတ်သည်ကိုယ်တော်၏ပညတ်တော်ကို ကိုယ်တော်ရှင်၏လက်ညှိုးတော်ဖြင့် သွေးကြောတိုင်းတွင်လည်းကောင်း၊ အသက်ရှိသောအသားမျှင်တိုင်းတွင်လည်းကောင်း၊ ကိုယ်ခန္ဓာ၏အင်္ဂါတိုင်းအပေါ်တွင်လည်းကောင်း ရေးသားထားတော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်

ကိုယ်တော်တိုင်ရေးဆွဲချမှတ်ထားတော်မူသော သဘာဝဓမ္မ၏လမ်းမှသွေဖည်၍ ကျွန်ုပ်တို့ကိုယ်တိုင် အားထုတ်ကြံစည်ထားသော လမ်းထဲသို့ လျှောက်လိုက်လျှင် ကျွန်ုပ်တို့သည် အရှုံးနှင့်သာရင်ဆိုင်ကြရမည်။

ထာဝရအသက်တည်းဟူသောဆုလာဘ်ကိုလိုချင်လျှင် ကျွန်ုပ်တို့သည်တရားဥပဒေအရကြိုးပမ်းရလိမ့်မည်။ လမ်းသည်ကျယ်ဝန်း၍ပြိုင်ပွဲဝင်လူတိုင်းဆုလာဘ်ကို ရရှိပေမည်။ ကျွန်ုပ်တို့သည် သဘာဝမကျသောခံတွင်းအလိုများကို ဖန်တီး၍ ယင်းခံတွင်းအလိုများကို အတိုင်းအတာမရှိလိုက်စားလျှင် ကျွန်ုပ်တို့သည် သဘာဝဓမ္မ၏ဥပဒေပညတ်များကို ချိုးဖောက်သောကြောင့် ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလတို့သည် အားအင်ဆုတ်ယုတ်လာကြသည်။ ထို့ကြောင့် အကယ်၍သာသဘာဝဓမ္မဆိုင်ရာဥပဒေပညတ်များကိုသစ္စာရှိစွာဖြင့် ကျွန်ုပ်တို့သည်စောင့်ထိန်းခဲ့လျှင် ဇွဲကောင်းကောင်းဖြင့်လည်းကောင်း၊ စိတ်ပါကိုယ်ရောက်အားဖြင့်လည်းကောင်း၊ မျှော်လင့်ခြင်းဖြင့်လည်းကောင်းဆောင်ရွက်မည့် ကြိုးပမ်းမှုအတွက် ကျွန်ုပ်တို့သည် မတော်မသင့်ဖြစ်သွားရသည်။ အကယ်၍ကိုယ်ခန္ဓာမှအင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဖျက်ဆီးခဲ့လျှင် ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် ဆောင်ရွက်ပေးရမည့်တာဝန်ကို မထမ်းဆောင်ပဲနေခြင်းသာလျှင်ဖြစ်သည်။ “သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်သည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူသည်ကိုလည်းကောင်းမသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏။ ထိုသူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏။” **R & H, Oct. 18, 1881.**

တာဝန်ကိုအမြဲတစေသိရှိခြင်း။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စတွင် လူသည်ဘုရားသခင်နှင့်စာရင်းရှင်းရမည့်တာဝန်ကိုအမြဲတစေအသိတရားထားရှိသောသူတို့သည် အစာကြေညက်စေသောအင်္ဂါအစိတ်အပိုင်းတို့ကို ထိခိုက်နာကျင်စေသော်လည်း ခံတွင်းအလိုကို ပြည့်စေသည့်စားသောက်ဖွယ်ရာအဖြာဖြာကို မိမိတို့၏အစာအိမ်အတွင်းသို့ ထည့်သွင်းကြမည်မဟုတ်ပေ။ စားဝတ်နေရေးတွင် မတော်လျော်သောအလေ့အကျင့်များကို လိုက်စားခြင်းအားဖြင့် သူတို့သည် ဘုရားသခင်ပိုင်တော်မူသောအရာကို ဖျက်ဆီးကြမည်မဟုတ်ပေ။ ဘုရားသခင်နှင့်လက်တွဲလုပ်ကိုင်ရမည့်တာဝန်ကို အသိစိတ်ဓါတ်ဖြင့် သူတို့သည် သူတို့၏ကိုယ်ခန္ဓာစက်ယန္တရားကြီးကို သေချာစွာ စောင့်ထိန်းကြည့်ရှုကြမည်ဖြစ်သည်။ လူတို့သည် ကျန်းမာ၊ ပျော်ရွှင်အသုံးဝင်သောသူများဖြစ်စေရန် ကိုယ်တော်သည် ဆန္ဒရှိတော်မူသည်။ ယင်းအခြေအနေ၌ရပ်တည်နေရန် သူတို့သည် မိမိတို့၏ဆန္ဒကို ကိုယ်တော်ရှင်၏ဆန္ဒဘက်တွင် ထားရှိရမည်ဖြစ်သည်။ **L, 166, 1903.**

ကျင့်စဉ်ဆိုင်ရာခံတပ်ဖြင့်ကာကွယ်ခြင်း။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခများနှင့်ပြစ်မှုတို့မှသားသမီးများကို ကာကွယ်ထားမည့် ကျင့်စဉ်ဆိုင်ရာခံတပ်ကြီးကို သူတို့၏ပတ်လည်တွင် တည်ဆောက်ရာတွင် မိဘတို့သည် စိတ်ပါကိုယ်ရောက်အားဖြင့်လည်းကောင်း၊ ဇွဲလုံ့လဖြင့်လည်းကောင်း၊ ကြွားကြွားဝါဝါနေထိုင်စားသောက်သောဘဝမျိုးကို လျစ်လျူရှုသောအားဖြင့်လည်းကောင်းပြုလုပ်ကြရသည်။ သားသမီးတို့အားသူတို့စိတ်ဆန္ဒအရကြီးထွားလာစေခွင့်မပြုပဲဖြစ်စကတည်းကနှိပ်ကွပ်သင့်သော စရိုက်လက္ခဏာများကိုလည်း ဆက်လက်၍ မကျင့်သုံးစေသင့်ပေ။ သူတို့ကို သေချာဂနစွာ စည်းကမ်း၏အရိပ်အာဝါသအောက်တွင်ထားရှိ၍ မှန်ကန်သောဘက်တွင် နေရာယူစေလျက်ပြုပြင်ပြောင်းလဲမှုကို မချန်လှပ်၊ လှို့ဆော်စာများကိုလည်း လုံးဝရှောင်ကြဉ်ရန် ပညာပေးသင့်ပေသည်။ အရေးကြုံလာသောအခါမျိုး၌လည်းကောင်း၊ မှန်ကန်သောပြောင်းလဲမှုဘက်တွင်ရပ်တည်ကြသောသူတို့ရင်ဆိုင်ရစမြဲဖြစ်သောအတိုက်အခံအခြေအနေမျိုးရောက်ရှိလာသောအခါ၌လည်းကောင်း သားသမီးတို့၌ ကြံ့ကြံ့ခံနိုင်မည့် စာရိတ္တကြံ့ခိုင်မှုရှိလိမ့်မည်။ **PHJ, May, 1890.**

ယုံကြည်သောစိတ်ဖြင့်သင်တို့၏သားသမီးများကိုဘုရားသခင်ထံတော်သို့ခေါ်ဆောင်လာ၍မှတ်သားလွယ်သောသူတို့စိတ်နှလုံးတွင် သူတို့၏ကောင်းကင်ဘုံ၌ရှိတော်မူသောအဘဘုရားသခင်အတွက်ဆောင်ရွက်ပေးရန်တာဝန်ရှိသည်ဆိုသောအသိဉာဏ်ကို စွဲမြဲစွာမှတ်သားထားအောင် ပြုလုပ်ပေးပါ။ ယင်းကဲ့သို့ပြုလုပ်ရာတွင် သင်ခန်းစာတစ်ခုနောက်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ် ဟိုဘက်မှာအနည်းငယ်နည်းလမ်းအရသင်ကြားပေးပါလိမ့်မည်။ **R & H, Nov. 6, 1883.**

အခွင့်အရေးအနေဖြင့်လည်းကောင်း၊ ကောင်းချီးမင်္ဂလာအနေဖြင့်လည်းကောင်း သင်ကြားပို့ချပါ။ ကိုယ်ခန္ဓာသည်ဘုရားသခင် ကိန်းဝပ်လိုတော်မူသောဗိမာန်ဖြစ်ကြောင်းကို တပည့်တပန်းတို့အား စွဲမြဲစွာမှတ်သားပါလေစေ။ ယင်း

ဗိမာန်ကို သန့်ရှင်းစင်ကြယ်အောင်ထိန်းသိမ်းထားရှိ၍ မြင့်မြတ်သန့်ရှင်းသော အကြံဉာဏ်များကိန်းအောင်းရာလည်းဖြစ်စေရမည်။ ဇီဝကိစ္စဗေဒသင်ကြားသောအခါ တွေ့ရှိရသကဲ့သို့ သူတို့ကို "ကြောက်မက်ဖွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့်ပြည့်စုံသည်" ကိုတွေ့မြင်ကြသောအခါ သူတို့သည် ကိုယ်တော်ရှင်ကို ကြောက်ရွံ့ရိုသေသော စိတ်ထားမျိုးထားရှိကြပါလိမ့်မည်။ ဘုရားသခင်၏လက်ရာတော်ကိုမဖျက်ဆီးပဲ ဖန်ဆင်းရှင်၏စီမံကိန်းများအကောင်အထည်ဖေါ်နိုင်ရန် သူတို့ကိုယ်ကို တတ်နိုင်သမျှကြိုးပမ်းထိန်းသိမ်းကြလိမ့်မည်ဖြစ်သည်။ ဤနည်းအားဖြင့် သူတို့သည် အနစ်နာခံရသည်ဟုသဘောမထားပဲ မတိုင်းထွာနိုင်သောအခွင့်အရေးနှင့်ကောင်းချီးမင်္ဂလာအနေဖြင့် ကျန်းမာမှုဆိုင်ရာဥပဒေပညတ်တို့ကိုစောင့်ထိန်းကြပါလိမ့်မည်။ **Ed, p. 201.**

ကျင့်စဉ်ရှုထောင့်မှကြည့်လျှင်ကြီးမားသောအောင်မြင်မှုကိုတွေ့မြင်ရမည်။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့အသင်းသူအသင်းသားများက ကျင့်သုံးရမည်ဖြစ်သောကျင့်စဉ်များလိုက်နာကျင့်သုံးနိုင်လျှင် ကြီးမားသောအောင်မြင်မှုကြီးကို ရရှိကြပါလိမ့်မည်။ ဤဘဝအသက်တာ၏ခပ်သိမ်းသောမှုကိစ္စတို့တွင် ချုပ်တည်းခြိုးခြံမှုရှိရမည်ကိုသင်ကြားပို့ချပေးရမည်၊ ကျင့်သုံးရကြမည်။ **ST, Oct, 2, 1907.**

လူတိုင်းဘုရားသခင်နှင့်ကိုယ်တိုင်စာရင်းရှင်းရကြမည်။ သဘာဝဓမ္မဆိုင်ရာဥပဒေပညတ်များကိုလိုက်နာကျင့်သုံးခြင်းကို ပုဂ္ဂလိကတာဝန်ဖြစ်စေရမည်။ ကျွန်ုပ်တို့၏အကျင့်ဓလေ့များနှင့်လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စာရင်းရှင်းရကြမည်။ ကျွန်ုပ်တို့အဖြေပေးရမည့်အမေးပုစ္ဆာသည် ကမ္ဘာကြီးကမည်ကဲ့သို့အဆိုပြုလိမ့်မည်နည်းဆိုသော အမေးပုစ္ဆာမဟုတ်ပဲ မိမိကိုယ်ကို ခရစ်ယာန်ဟုခေါ်ဆိုသော ကျွန်ုပ်သည် ဘုရားသခင်ကကျွန်ုပ်အားပေးကမ်းထားတော်မူသောဗိမာန်ကို မည်ကဲ့သို့ထိန်းသိမ်းစောင့်ရှောက်ထားရမည်နည်း။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်နိုင်ရန်အတွက် ကျွန်ုပ်၏ကိုယ်ခန္ဓာကို ဗိမာန်တော်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းအားဖြင့် လောကီရေးနှင့်လောကုတ္တရာရေးတို့အတွက် အမြင့်မားဆုံးစံချိန်ရောက်ရှိအောင် ကျွန်ုပ်ဆောင်ရွက်ပါမည်လော၊ သို့တည်းမဟုတ် ကျွန်ုပ်သည် လောကကြီး၏သဘောတရားများနှင့်လုပ်ဆောင်ချက်များအတွက် ကျွန်ုပ်ကိုယ်ကို အနစ်နာခံမည်လော။ **M, 86, 1897.**

အထူးသဖြင့်အောင်မြင်သူများ။ အကယ်၍ခရစ်ယာန်များသည် ကိုယ်ခန္ဓာကိုထိန်းချုပ်ထား၍ သူတို့၏ခံတွင်းအလိုနှင့်တပ်မက်ခြင်းများကို ပညာမျက်စိရှိသောဩတ္တပ္ပစိတ်၏အုပ်ထိန်းမှုအောက်တွင်ထားရှိလျက် ကျန်းမာမှုနှင့်ဘဝအသက်တာကို အုပ်ချုပ်သောဥပဒေပညတ်များကိုလိုက်နာကျင့်သုံးခြင်းသည် ဘုရားသခင်နှင့်ကိုယ်နှင့်စပ်ဆိုင်သောသူတို့အားပြုအပ်သောတာဝန်ဟု ခံယူချက်ရှိလျှင် သူတို့သည် ကာယဗလနှင့်ဉာဏဗလကြံ့ခိုင်မှုတည်းဟူသော ကောင်းချီးမင်္ဂလာများကို ရရှိကြလိမ့်မည်။ စာတန်ကိုယှဉ်ပြိုင်တိုက်ခိုက်ရာတွင် သူတို့၌စာရိတ္တဗလတောင့်တင်းမှုရှိကြလိမ့်မည်။ သူတို့အတွက်ခံတွင်းအလိုကို အောင်မြင်နိုင်နင်းတော်မူသော ကိုယ်တော်ရှင်၏နာမတော်အားဖြင့် သူတို့သည်အထူးသဖြင့် အောင်မြင်သောသူများဖြစ်ကြလိမ့်မည်။ **R & H, Nov. 21, 1882.**

-o-

# အခြားသောချုပ်တည်းခြိုးခြံမှုဆိုင်ရာ အဖွဲ့အစည်းများနှင့်ကျွန်ုပ်တို့၏ ဆောင်ရွက်မှု

## ၁ လက်တွဲဆောင်ရွက်ခြင်း

ကူညီရိုင်းပင်းပေးပါ။ အခြားသောခရစ်ယာန်အသင်းတော်များတွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အခြေခံသဘော တရားများဘက်မှမားမားမတ်မတ်ရပ်တည်သောခရစ်ယာန်များရှိပါသည်။ ကျွန်ုပ်တို့သည် ၎င်းအမှုတော်ဆောင်များကို ချဉ်းကပ်၍ ကျွန်ုပ်တို့အား ကူညီရိုင်းပင်းနိုင်စေရန်သူတို့အား နေရာပေးရမည်။ ပျောက်ဆုံးသောအရာကို ကယ်ဆယ် ရာတွင် ကျွန်ုပ်တို့၏ကြိုးပမ်းချက်ကို ထောက်ခံရန် ရာထူးလည်းရှိ၍လူကောင်းလည်းဖြစ်သော ပုဂ္ဂိုလ်ကြီးများကို တိုက် တွန်းကြရမည်။ **6T, pp. 110, 111.**

တတ်နိုင်သောအခါပူးပေါင်းဆောင်ရွက်ပါ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာ လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သော သူတို့နှင့် သင်တို့သည်အခွင့်အရေးရသောအခါတိုင်းပူးပေါင်းဆောင်ရွက်ပါ။ **R & H, Feb. 14, 1888.**

သူ့အလုပ်အကိုင်ကိုထမ်းဆောင်နေချိန်တွင် ကျွန်ုပ်၏ခင်ပွန်းသည်အခွင့်အရေးရရှိသောအခါတိုင်း ချုပ်တည်း ခြိုးခြံမှုဆိုင်ရာ အမှုတော်ဆောင်များကို သူ့အစည်းအဝေးများသို့ ခေါ်ဖိတ်ပြီးလျှင် မိန့်ခွန်းစကားပြောဆိုခွင့်ပေးလေ သည်။ သူတို့၏အစည်းအဝေးများသို့တက်ရောက်ရန် ကျွန်ုပ်တို့ကို ဖိတ်ခေါ်ကြသောအခါ၌လည်း ကျွန်ုပ်တို့အနေဖြင့် အမြဲတမ်းလက်ခံ၍တက်ရောက်ပါသည်။ **L, 274, 1907.**

ဘုရားသခင်၏ဘက်၌သစ္စာရှိသောသူတို့နှင့်သာလျှင် လက်တွဲရန်။ လူ့အတန်းအစားအမျိုးမျိုးပါဝင်၍ အတ္တအမြတ်အစွန်းအတွက်အမျိုးမျိုးသောရည်စူးချက်များကို လက်ကိုင်ထားလျက် သူတို့၏ကိုယ်ကိုပြုပြင်ပြောင်းလဲရေး သမားများဟုခေါ်သောသူများ အုပ်စီးသောချုပ်တည်းခြိုးခြံမှုဆိုင်ရာကလပ်အသင်းများနှင့် ကျွန်ုပ်တို့သည်လက်တွဲရမည် မဟုတ်ပါ။ ကျွန်ုပ်တို့လက်တွဲသင့်သော မြင့်မားသည့်ရည်စူးချက်များရှိသောအသင်းအဖွဲ့များ ရှိပါသည်။ ကျွန်ုပ်တို့၏ အသင်းအနေဖြင့် ဘုရားသခင်၏ပညတ်တော်ကို သစ္စာရှိစွာစောင့်ရှောက်သောသူများနှင့်မစောင့်ရှောက်သောသူတို့ကို ခွဲခြားသိမြင်တတ်ကြရမည်။ **L, 1, 1882.**

အခြားအသင်းအဖွဲ့များကို သိမြင်တတ်သောသဘော။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စအဝဝကို စစ်မှန်သော ခရစ်ယာန်တိုင်းကရိုသေကိုင်းရှိုင်းရမည်။ အထူးသဖြင့်ပြုပြင်ပြောင်းလဲမှုကိုဆောင်ရွက်သည်ဆိုသောသူတို့က ယင်းချုပ် တည်းခြိုးခြံမှုဆိုင်ရာကိစ္စကို ထောက်ခံအားပေးသင့်သည်။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ဉာဏ်အမြော်အမြင်ရှိ ကြောင်းမပြသောအသင်းသူအသင်းသားများရှိကြလိမ့်မည်။ အချို့သောသူတို့သည် သူတို့နှင့်ယုံကြည်ချက်ချင်းမတူညီ သောသူတို့မှအပ အခြားသောသူတို့က ဆောင်ရွက်သောပြုပြင်ပြောင်းလဲမှုရှိသမျှကို ရိုသေကိုင်းရှိုင်းမှုမရှိကြောင်းသိသိ သာသာပြသကြလိမ့်မည်။ ယင်းကဲ့သို့ရှောင်ဖယ်ရာတွင် သူတို့သည် လမ်းလွဲကို လိုက်ကြသည်။

အခြားသောသူတို့သည် ချုပ်တည်းခြိုးခြံမှုဆို၍ ဟန်ပြသာဖြစ်သော အသစ်အဆန်းအစီအစဉ်ဟူသမျှကို အားတက်သရောလက်ခံကြသည်။ ကြီးပွားတိုးတက်ထူးခြားသန့်ရှင်းသည့်ဂုဏ်အင်္ဂါများရှိသော ကျွန်ုပ်တို့၏ယုံကြည် ခြင်းကိုလျစ်လျူရှုကြသည်။ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ရှောက်သောသူတို့သည် လူတန်းစားအမျိုးမျိုးနှင့်မဟာ မိတ်ဖွဲ့ကြသည်။ ဘုရားသခင်နှင့်ရင်းနှီးစွာမိတ်သဟာယဖွဲ့စည်းခြင်းမရှိသောသူတိုင်းသည် အန္တရာယ်ကို ရင်ဆိုင်ကြရ လေသည်။ **L, 1, 1882.**

သာမန်ကာလျှံကာမျှသာဖြစ်သောအုပ်စုနှင့် အန္တရာယ်များသောပေါင်းဖက်မှုမှသင်ခန်းစာများ။ သမ္မာတရားကိုယုံကြည်မှုမရှိသောသူတို့သည် ချုပ်တည်းခြိုးခြံမှုအဖွဲ့အစည်းများနှင့် ကလပ်အသင်းများ ဖွဲ့စည်းတည်ထောင်ကြသည်။ တစ်ဆယ့်ကိုးရာစုနှစ်နောက်ပိုင်းတွင် အသင်းဝင်မြောက်မြားစွာရှိ၍လူကြိုက်များသော ချုပ်တည်းခြိုးခြံမှုအဖွဲ့အစည်းများတည်ထောင်ကြသည်။ သို့ရာတွင် ယင်းအဖွဲ့အစည်းများတို့သည်ကောက်ရိုးမီးမြိုက်သဘောရှိ၍ ယခုအခါတွင် ယင်းအဖွဲ့အစည်းများကို သိရှိသူမရှိသလောက်ဖြစ်နေသည်။ တစ်နေရာ၌ရှိသောအသင်းတော်သည် ထူးခြားသောအခြေအနေ၌ရပ်တည်နေသည်ကို ကျွန်ုပ်အားရူပါရုံတွင်ပြသပါသည်။ အများသောသူတို့သည် ရက်ရီဗွန်ကလပ်အသင်းအတွက်ဆောင်ရွက်သကဲ့သို့ ဘုရားသခင်၏လူများဖြစ်သော ကျွန်ုပ်တို့အသင်းများအတွက်ပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းတွင်စိတ်ပါကိုယ်ရောက်ဆောင်ရွက်ခြင်း၊ သာသနာပြုလိုသောသဘောပြသခြင်းများရှိခဲ့လျှင် သူတို့၏လုပ်ကိုင်ဆောင်ရွက်မှုများကို ဘုရားသခင်၏ခွင့်ပြုချက်ရရှိခဲ့မည်မှာမြေခတ်မလွဲပင်။ သို့ရာတွင် ချုပ်တည်းခြိုးခြံမှုကိစ္စတွင်အဖွဲ့အစည်းများ၏ပြုပြင်ပြောင်းလဲမှုဆိုင်ရာသဘောတရားရေးရာများသည် အလွန်ပင် ကျဉ်းမြောင်းလှသည်။

ဤချုပ်တည်းခြိုးခြံမှုဆိုင်ရာ လှုံ့ဆော်မှုကို အင်တိုက်အားတိုက်ထောက်ခံအားပေးသူတို့ကိုယ်တိုင် ဆေးလိပ်၊ လက်ဖက်ရည်နှင့်ကော်ဖီတို့ကိုသုံးစွဲသူများဖြစ်ကြ၍ သူတို့၏ထမင်းစားပွဲများပေါ်တွင် ကျန်းမာခြင်းကိုဖျက်ဆီးသောစားသောက်ဖွယ်ရာတို့ကိုတင်ထား၍သုံးဆောင်ကြသောကြောင့် သူတို့သည်စစ်မှန်သည့်ချုပ်တည်းခြိုးခြံသောသူများမဟုတ်ပေ။ သူတို့သည် စိတ်တက်ကြွစွာဖြင့်အင်အားနည်း၍ ရံဖန်ရံခါမျှသာဖြစ်သောလှုပ်ရှားမှုမျိုးကို ပြုလုပ်ကြသော်လည်း စစ်မှန်သောပြုပြင်ပြောင်းလဲမှု၏အောက်ခြေအထိမလိုက်ကြပေ။ ထိုကြောင့်ပင်သူတို့သည် စိတ်မပါတပါဖြစ်လာပြီးသည့်နောက်ပိုင်းတွင် ဆိုးသွမ်းသောလမ်းဟောင်းကို ပြန်လည်လိုက်ကြခြင်းမှာ သစ်ပင်၏အမြစ်ကို ပုဆိန်ဖြင့် မခုတ်လှဲ ပဲသစ်ရွက်များကိုသာ ခူးပစ်ကြသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကို ဒုစရိုက်၏ရေသောက်မြစ်ကို ခုတ်လှဲပစ်ရ မည် သို့မဟုတ် မှန်းချက်နှင့်နှမ်းထွက်သည် ကိုက်ညီလိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်တို့ထံမှဩဇာသက်ရောက်မှုသည် သစ္စာရှိသောသူတို့နှင့်ရှိရမည်။ ခရစ်တော်နှင့်လည်းကောင်း၊ သမ္မာတရားနှင့်လည်းကောင်း ရန်သူများဖြစ်ကြသော လူတန်းစားတို့နှင့် ကျွန်ုပ်တို့၏အသင်းသားများသည် ရောနှောနေထိုင်သွားလာကြသောအခါ သူတို့သည်ခွန်အားကိုရလည်းမရ၊ ပေးကမ်းခြင်းလည်းမရှိပေ။ ကျွန်ုပ်တို့အနေဖြင့်ဤမျှလောက်တစ်သီးပုဂ္ဂလအဖြစ်သနစ်မျိုးမရှိအပ်ပေ။ ကျွန်ုပ်တို့၏အလင်းတရား၌ ကျယ်ပြန့်စွာထွန်းလင်းသောသဘောရှိ၍ ပျက်စီးနေသောသူတို့ကိုအမြဲတမ်းရှာဖွေနေသည်။ ဤလုပ်ငန်းကိုလုပ်ကိုင်လျက်ရှိစဉ် ကျွန်ုပ်တို့၏ဩဇာ သက်ရောက်မှုအလေးချိန်သည် သစ္စာရှိသောသူတို့ဘက်၌ အမြဲတမ်းရှိနေရမည်။

ဘုရားသခင်၏အိမ်တော်ကိုမရိုမသေမခန့်လေးစားပြုခြင်း။ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန်အနုမောဒနာပြုထားပြီးဖြစ်သောအိမ်တော်သည် မိမိတို့ကိုယ်ကိုချုပ်တည်းခြိုးခြံမှုကို ထောက်ခံသောသူများဟုဆိုသော်လည်း ဆေးလိပ်သောက်ခြင်းအားဖြင့် ဘုရားသခင်၏ဗိမာန်တော်ကို ညစ်ညူးစေသောသူများ ဝင်ရောက်လာရန် နေရာမျိုးမဟုတ်ပေ။ ကြမ်းတမ်းသောစကားပြောဆိုခြင်း၊ ဆူညံစွာပြောဆိုလုပ်ကိုင်ခြင်းများတို့သည် ဤညီအစ်ကိုတော်များအတွက် ဂုဏ်ယူစရာမရှိပေ။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် သူတို့၏ယုံကြည်ခြင်းနှင့်များစွာကွာခြားမှုရှိခြင်းကြောင့်တခြားမည်သည့်အသင်းအဖွဲ့သို့မဟုတ်ချုပ်တည်းခြိုးခြံမှုကလပ်အသင်းများနှင့်တစ်လုံးတစ်ဝတည်းဖြစ်အောင်လုပ်ရန် ကျွန်ုပ်တို့အသင်းသူအသင်းသားများအတွက် ခဲယဉ်းသည်ကို တွေ့ရှိရပေသည်။

အချို့သောကျွန်ုပ်တို့၏အသင်းသူအသင်းသားများသည် ရက်ရီဗွန်ကလပ်အသင်းနှင့်သွားရောက်ပူးပေါင်းလောက်အောင် အသင်းတော်တွင်ဝိဝါဒကွဲပြားမှုကို တွေ့မြင်ကြသည့် မယုံကြည်သောမိတ်ဆွေတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်သည်။ ချုပ်တည်းခြိုးခြံမှုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ရပ်တည်မှုအတွက်ကိုယ်ချင်းစာနာမှုမရှိကြပေ။ သူတို့သည် ကျွန်ုပ်တို့အား ကျန်းမာခြင်းနှင့်ပတ်သက်၍ အယူသည်းသောသူများဟူ၍စွပ်စွဲပြောဆိုကြသည်။ သူတို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို သက်ဝင်ခြင်းမရှိသော်လည်း ယခုအခါတွင် ကျွန်ုပ်တို့၏မေတ္တာသက်ဝင်ခြင်းကို လိုလားပြီး ကျွန်ုပ်တို့ဩဇာသက်ရောက်မှု၏အင်အားကိုလည်း ရယူလိုကြသည်။ ချုပ်တည်းခြိုးခြံမှုကိစ္စကို ပါးနပ်လိမ္မာစွာကိုင်တွယ်လျှင်ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်၍ အချို့သောသူတို့၏ယူဆချက်ကို ပြောင်းလဲစေမည့် ဩဇာသက်ရောက်မှုမျိုးရှိနိုင်ပေလိမ့်မည်။

အကယ်၍ ချပ်တည်းခြိုးခြံမှုဆိုင်ရာကလပ်အသင်းကို သူ့ယုံကြည်ချက်ဖြင့် သူရပ်တည်နေစေပြီး ကျွန်ုပ်တို့အနေဖြင့်လည်းကျွန်ုပ်တို့၏ရှေ့တန်းရောက်နေသောခံယူချက်ကိုကိုင်ဆွဲထားလျက် ကျွန်ုပ်တို့၏ရပ်တည်ခြင်းနှင့်ယုံကြည်ခြင်းအတွက်လိုအပ်ချက်ကိုအကောင်အထည်ဖော်နိုင်ရန် ဘုရားသခင်ပေးထားတော်မူသော မြင့်မားသည့်အဆင့်အတန်းကို ထိန်းသိမ်းထားလျှင် အသင်းတော်တွင်ယခုအခါ တွေ့မြင်နေရသောချပ်တည်းခြိုးခြံမှုဆိုင်ရာပြဿနာပေါ်တွင် ပိုမိုထက်မြက်သောဩဇာသက်ရောက်မှုရှိလိမ့်မည်ဖြစ်သည်။ **L, 1, 1882.**

အခြေခံခံယူချက်ကို စွန့်လွှတ်ခြင်းမပြုရ။ ဘုရားသခင်သည်ကျွန်ုပ်အားပေးထားတော်မူသောအလင်းတရားအရ၊ ကျွန်ုပ်တို့အသင်းသူအသင်းသားတိုင်းသည် ချပ်တည်းခြိုးခြံမှုဆိုင်ရာ ကတိသစ္စာပြုကတ်ပြားပေါ်တွင် လက်မှတ်ရေးထိုး၍ ချပ်တည်းခြိုးခြံမှုအသင်းအဖွဲ့တွင်ပါဝင်ဆက်သွယ်မှုရှိနေရမည်။

ကျွန်ုပ်တို့သည် အခြားသောချပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်နေသော သူတို့နှင့်ပူးပေါင်းရမည်ဖြစ်သော်လည်း ကျွန်ုပ်တို့၏အခြေခံခံယူချက်ကို စွန့်လွှတ်ခြင်းမပြုရ။ ဤသို့ဆိုသော် ကျွန်ုပ်တို့သည် သူတို့တည်ထောင်ဖွဲ့စည်းထားသောအသင်းအဖွဲ့များတွင် ကျွန်ုပ်တို့ပါဝင်ရမည်မဟုတ်ပေ။ သို့ရာတွင် ချပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းတွင် ကျွန်ုပ်တို့သည် စိတ်ပါကိုယ်ရောက်သက်ဝင်ယုံကြည်ကြောင်းသူတို့အားသိစေရမည်။

ချပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကို ကျွန်ုပ်တို့အသင်းသူအသင်းသားများအတွက်သာ ဝကွက်၍လုပ်ကိုင်ကြရမည်မဟုတ်ပေ။ ကျွန်ုပ်တို့၏တပ်တွင်းအပြင်ဘက်တွင်ရှိသောမြင့်မြတ်သည့်စိတ်ထားရှိသောသူတို့အတွက်လည်း လုပ်ကိုင်ကြရမည်ဖြစ်သည်။ ချပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ရေးလုပ်ငန်းတွင် ကျွန်ုပ်တို့သည် ရှေ့တန်းကရပ်တည်ကြရမည်။ **R & H, Oct. 21, 1884.**

ချပ်တည်းခြိုးခြံမှုဆိုင်ရာခရစ်ယာန်လုပ်သားများနှင့်ပူးပေါင်းရာတွင်ထိရောက်သောလုပ်ငန်း။ ၁၈၇၇ခုနှစ်မိုးဦးအချိန်တွင် ကျွန်ုပ်၏ခင်ပွန်းနှင့်ကျွန်ုပ်သည် ကာလီဖိုးနီးယားမြို့မှမီချီဂန်မြို့သို့ပြန်ရောက်လာပြီးသည့်နောက်ပိုင်းတွင် ဗက်တဲလ်ခရိရပ်ကွက်မှ လူဂုဏ်တန်များအသိုက်အဝန်းတွင်ပြုလုပ်ကျင်းပလျက်ရှိသော ချီးကျူးဖွယ်ကောင်းလှသည့် ချပ်တည်းခြိုးခြံမှုဆိုင်ရာလူထုစည်းဝေးပွဲကြီးတွင်ပါဝင်ဆောင်ရွက်ရန် ကျွန်ုပ်တို့အားတောင်းဆိုကြပါသည်။ ဤလှုပ်ရှားမှုတွင် အသင်းဝင်ခြောက်ရာရှိသောဗက်တဲလ်ခရိပြုပြင်ရေးကလပ်အသင်းနှင့်အသင်းဝင်နှစ်ရာခြောက်ဆယ်ရှိသောအမျိုးသမီးချပ်တည်းခြိုးခြံမှုယူနီယံပါဝင်ဆောင်ရွက်နေပါသည်။ ဤစိတ်ပါကိုယ်ရောက်ဆောင်ရွက်နေသော ပုဂ္ဂိုလ်များသည် ဘုရားသခင်၊ ခရစ်တော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ဆိုသောအမည်နာမတော်များကို ကောင်းမွန်စွာသိရှိကြသည်။ သူတို့၏ဆောင်ရွက်မှုကြောင့် ကောင်းကျိုးများစွာဖြစ်ထွန်းခဲ့လေပြီ။ သူတို့ထမ်းဆောင်ခဲ့သောလုပ်ငန်း၊ သူတို့၏လုပ်နည်းလုပ်ဟန်နှင့် လုပ်ငန်းအပေါ်၌သူတို့၏စိတ်နေသဘောထားတို့သည် အနာဂတ်ကာလအတွက် အလွန်ကောင်းမွန်သောအလားအလာများရှိကြောင်းကို ညွှန်ပြသည်။

စီစဉ်ရေးကော်မတီ၏ဖိတ်ကြားချက်အရ၊ မြို့တော်ဝန်ဩစတင်၊ ပထမအမျိုးသားဘဏ်တိုက်မှငွေကိုင်အရာရှိဒဗျူ၊ အိပ်ချ်၊ စကင်နာ၊ စီ၊ စီ၊ ပီဗေးနှင့်ကျွန်ုပ်ကိုယ်တိုင် ယင်းစည်းဝေးကျင်းပရာတဲရှင်ကြီးထဲ၌ မိန့်ခွန်းစကားပြောကြားကြပါသည်။ ယင်းဟောပြောသောနေ့သည် ဇူလိုင်လ ၁ရက်၊ တနင်္ဂနွေနေ့ဖြစ်ပါသည်။ ဟောပြောသည့်အကြောင်းအရာမှာ ခရစ်ယာန်ဆိုင်ရာချပ်တည်းခြိုးခြံမှုဖြစ်ပါသည်။ ကျွန်ုပ်ဟောပြောရာမှာ ဘုရားသခင်သည်ကျွန်ုပ်အားမစတော်မူပါသည်။ ကျွန်ုပ်သည်မိနစ်ကိုးဆယ်ကြာအောင်ဟောပြောသော်လည်း ဦးရေငါးထောင်မျှသော ဓမ္မပရိသတ်တို့သည် အစမှအဆုံးတိုင်အောင်ငြိမ်သက်စွာနားထောင်နေကြပါသည်။ **M, 79, 1902.**

အခြားသောဘုရားရှိခိုးကျောင်းများတွင် ချပ်တည်းခြိုးခြံမှုဆိုင်ရာဟောပြောပွဲကျင်းပပေးပါ။ သတ္တမနေ့ဥပုသ်အသင်းသားများအား ပေးထားသောချပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ပြောင်းလဲရေးအကြောင်းကိုအခြားသောအသင်းတော်များအားလက်ဆင့်ကမ်းပါ။ မည်သည့်ချပ်တည်းခြိုးခြံမှုဆိုင်ရာလှုပ်ရှားမှုမျိုးကိုမျှသတ္တမနေ့ဥပုသ်အသင်းသားများအနေကလောင်အားဖြင့်သော်လည်းကောင်း၊ နှုတ်အားဖြင့်သော်လည်းကောင်း ဆန့်ကျင်ဘက်မပြုရ။ **L, 107, 1900.**

ဩဝါဒဆိုင်ရာကွဲပြားမှုက ကျွန်ုပ်တို့ကို သူတစ်ပါးတို့နှင့်မကင်းကွာစေသင့်ပေ။ မာသာဝါရှင်တန်ဂေဟာအဖွဲ့ မှအဖွဲ့ဝင်တို့သည် ဩဝါဒများဆိုင်ရာတွင်ကျွန်ုပ်တို့နှင့်အယူအဆကွဲလွဲမှုမှာအများအပြားရှိသော်လည်း လူသားအချင်းချင်းအနေဖြင့်အကူအညီပေးနိုင်လျှင်ကျွန်ုပ်တို့သည်ယင်းအဖွဲ့ဝင်များနှင့်ပူးပေါင်းရမည်။ ချပ်တည်းခြိုးခြံမှုနှင့်အခြားပြု

ပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းတို့တွင် ဉာဏ်ပညာအမြော်အမြင်ရှိစွာဖြင့်လည်းကောင်း၊ ကျင်လည်စွာဖြင့်လည်းကောင်း၊ ကိုင်တွယ်လုပ်ကိုင်စေရန်၊ ၎င်းအပြင်လူသားတို့ကို အကျိုးပြုရန်နှင့် သူတို့၏ဘဝကိုမြှင့်တင်ပေးရန် ကျွန်ုပ်တို့သည်တစ်ဦးစီအနေဖြင့် အသိဉာဏ်ရှိအောင်ပြုလုပ်ဖို့ဘုရားသခင်သည် အလိုရှိတော်မူသည်။

ကျွန်ုပ်သည် ဘုရားသခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလိုလျှင် ကိုယ်တော်နှင့်လက်တွဲ၍ အလုပ်လုပ်ကြရမည်။ ကျွန်ုပ်တို့စိတ်နှလုံး၌ ကိန်းအောင်းနေသောယေရှု၏ချစ်ခြင်းမေတ္တာအားဖြင့်အခြားသောသူတို့အား ဒေသနာတော်ကိုကြားပြောရန် ကျွန်ုပ်တို့သည် နည်းလမ်းတစ်ခုခုကို အမြဲတမ်းတွေ့မြင်နေကြမည်။ ယင်းအခြေအနေ၌ရပ်တည်ခြင်းက ကျွန်ုပ်တို့အား တစ်ကိုယ်ကောင်းစိတ်ပပျောက်စေမည်၊ ထောက်မြော်တတ်စေမည်၊ ကြင်နာသောစိတ်ဓါတ်မျိုးကို မွေးမြူစေမည်။ ကြင်နာတတ်သောသဘောသည် စိတ်နှလုံးတံခါးများကို ဖွင့်ပေးတတ်သည်။ နူးညံ့သိမ်မွေ့ခြင်းသည် ယေဟုဆိုသောဘုရင်ကြီးထက် အင်အားကြီးမား၏။ **R & H, Feb. 10, 1885.**

ကျွန်ုပ်တို့၏တာဝန်ကို သိရှိရန်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကိုဆောင်ရွက်ခဲ့သောပုဂ္ဂိုလ်များ၊ ၎င်းအပြင် ယင်းလုပ်ငန်းကိုဆောင်ရွက်စဉ် ဘုရားသခင်၏ပူးတွဲဆောင်ရွက်မှုကိုရရှိခဲ့သောပုဂ္ဂိုလ်တို့သည် သူတို့ကိုယ်တိုင်အတွက် ဆတက်ထမ်းပိုးတိုး၍အကျိုးရှိသော လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပေပြီ။ ဤလုပ်ငန်းတွင် ကျွန်ုပ်တို့၏တာဝန်ကို သိရှိရန် လိုအပ်လှပေသည်။ **R & H, May 8, 1900.**

အဆောက်အအုံများဆောက်လုပ်သည့်တာဝန်ပေါ့သွားခြင်း။ နေရာသစ်များတွင်ဝင်ရောက်လျက်ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားများကို ကြိုတင်သိရှိထားပြီးဖြစ်သောသူတို့နှင့်လက်တွဲဆောင်ရွက်ရန် တံခါးများဖွင့်မပေးပဲထားရှိနိုင်ရန်၊ ၎င်းအပြင်အကျိုးဖြစ်ထွန်း၍အကောင်းဆုံးလုပ်ငန်းဟုယူဆရသောအလုပ်အကိုင်တွင် ဘုရားသခင်၏အမှုတော်သည် အကျပ်အတည်းနှင့်ရင်ဆိုင်နေစေရန် စာတန်သည် စီမံကိန်းချထား၍ယင်းစီမံကိန်းအကောင်အထည်ဖော်ရန်လည်း အမြဲတစေကြိုးပမ်းလျက်ရှိသည်။ ထိုသူတို့နှင့်လက်တွဲဆောင်ရွက်ခြင်းသည် အချိန်ကုန်လူပန်းဖြစ်သောလုပ်ငန်းဖြစ်သော်လည်း အကျိုးသက်ရောက်မှုမရှိသောလုပ်ငန်းအတွက် အဆောက်အအုံများတည်ထောင်ရမှုကြောင့်အသင်းတော်များအား ငွေကြေးအကုန်အကျများသောတာဝန်ကို မထမ်းဆောင်စေပဲ ယခုခေတ်ကာလအတွက် အထူးလုပ်ငန်းတစ်ရပ်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။**M, 46, 1900.**

ဘုရားသခင်လမ်းဖွင့်ပေးတော်မူမည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ကြသောအမှုထမ်းတို့အား အသိပညာပေးရန်နှင့်အကျိုးဖြစ်ထွန်းစေရန်အခွင့်အလမ်းကိုရှာဖွေပါ။ ကျွန်ုပ်သည်ချုပ်တည်းခြိုးခြံမှုအဖွဲ့အစည်းကိုအမြဲတမ်းလေးစားခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်မှုကိုလက်ခံလျှင် အမှုတော်ထမ်းဆောင်ရန်သင့်အတွက်နည်းလမ်းများဖွင့်ပေးတော်မူလိမ့်မည်။ **L, 316, 1907.**

## ၂ ဒဗျူ စီ၊ တီ၊ ယူအဖွဲ့ချုပ်နှင့်လက်တွဲဆောင်ရွက်ခြင်း

ကျွန်ုပ်တို့လက်တွဲဆောင်ရွက်နိုင်သောအဖွဲ့။ အမျိုးသမီးခရစ်ယာန်ချုပ်တည်းခြိုးခြံမှုအဖွဲ့သည်ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားများကို ဖြန့်ဖြူးသောအဖွဲ့ဖြစ်သောကြောင့် ယင်းအဖွဲ့နှင့်ကျွန်ုပ်တို့အင်တိုက်အားတိုက်လက်တွဲဆောင်ရွက်နိုင်ကြသည်။ ယင်းအဖွဲ့မျိုးမှကျွန်ုပ်တို့အနေဖြင့် ခွဲခွါမနေပဲ ကျွန်ုပ်တို့၏ခံယူချက်များကို စွန့်လွှတ်ရန်လည်းမလိုအပ်သောကြောင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် တတ်နိုင်သမျှလက်တွဲဆောင်ရွက်ကြရန် ကျွန်ုပ်အားအလင်းတရားကိုပေးထားတော်မူပါသည်။ ကျွန်ုပ်တို့သည်တတ်နိုင်သောအခါ သူတို့နှင့်လက်တွဲလုပ်ကိုင်၍ အထူးသဖြင့်သေရည်သေရက်အရောင်းဆိုင်များပိတ်ပင်ရေးကိစ္စတွင် မုချကူညီဆောင်ရွက်နိုင်ကြသည်။

လူသားကိုယ်စားလှယ်တို့သည် မိမိတို့၏စိတ်ဆန္ဒကို ဘုရားသခင်အားအပ်နှံကြသောအခါ သူတို့ဆောင်ရွက်ပေးနေသောလူတို့၏စိတ်နှလုံးများကို သန့်ရှင်းသောဝိညာဉ်တော်ကပြုပြင်ပေးပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဒဗျူ စီ၊ တီ၊ ယူလုပ်ငန်းများကို ကျောမခိုင်းကြရန် ကျွန်ုပ်အား ရူပါရုံတွင်ပြပါသည်။ သေရည်သေရက်နှင့်အခြားမူးယစ်သေစာများကိစ္စတွင်လုံးဝရှောက်ကြဉ်ရေးအတွက်ကျွန်ုပ်တို့သည်ယင်းအဖွဲ့ချုပ်ကြီးနှင့်လက်တွဲလုပ်ကိုင်ရာတွင်သတ္တမနေ့ဥပုသ်

ကိုစောင့်နိုင်ခြင်းကို မထိခိုက်သောကြောင့်ချုပ်တည်းခြိုးခြံမှုကိစ္စနှင့်ပတ်သက်၍ လူတို့၏ရပ်တည်ချက်ကို ကျွန်ုပ်တို့က နှစ်ခြိုက်ကြောင်းကို ပြသနိုင်ကြပါသည်။ ချုပ်တည်းခြိုးခြံမှုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့နှင့်လက်တွဲဆောင်ရွက်ရန် တံခါးကိုဖွင့်၍သူတို့အားဖိတ်ခေါ်ခြင်းအားဖြင့် ချုပ်တည်းခြိုးခြံမှုကိစ္စတို့တွင် သူတို့၏အကူအညီကိုရရှိနိုင်ကြသည်။ ကျွန်ုပ်တို့နှင့်လက်တွဲခြင်းအားဖြင့် သူတို့၏စိတ်နှလုံးများတွင် စွဲမြဲစွာရိုက်နှိပ်ထားရန် သန့်ရှင်းသောဝိညာဉ်တော်က စောင့်ဆိုင်းနေတော်မူသော သမ္မာတရားအသစ်များကို သူတို့ကြားရကြလိမ့်မည်။ **R & H, June 18, 1908.**

ကျွန်ုပ်တို့အနေဖြင့် ဂရုတစိုက်မရှိသည်ကို အံ့သြကြသည်။ ဒဗျူ စီ၊ တီ၊ ယူ လုပ်သားများနှင့်ဆက်သွယ်မှုမှ အသင်းတော်အနေဖြင့် ရရှိနိုင်သောကြီးမားသည့်အကျိုးကျေးဇူးများကို တွေ့မြင်ရသောအခွင့်အရေးကို ကျွန်ုပ်ရရှိခဲ့ပါသည်။ ယင်းအဖွဲ့အပေါ်တွင် အများသောကျွန်ုပ်တို့၏ခေါင်းဆောင်များက ဂရုမစိုက်သည်ကိုတွေ့မြင်ရသောအခါ ကျွန်ုပ်အနေဖြင့်များစွာအံ့သြမိပါသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုတော်များအား နိုးနိုးကြားကြားရှိဖို့တပ်လှန့်နှိုးဆော်ပါရစေ။ **L, 274, 1907.**

အတူတကွလုပ်ကိုင်ဆောင်ရွက်နည်း။

အမျိုးသမီးခရစ်ယာန်ချုပ်တည်းခြိုးခြံမှုအဖွဲ့၏လုပ်ငန်းများကို ယခုအခါတွင် ကျွန်ုပ်တို့သည် ပြတ်သားသောစိတ်ဝင်စားမှုရှိကြောင်းပြသရန်လိုအပ်ပေသည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်သောသူတစ်ဦးတစ်ယောက်ကမျှ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စအဝဝတွင် ယင်းအဖွဲ့အစည်း၏မြင့်မြတ်လှသောရည်စူးချက်ကို မျက်ခြေမပြတ်သင့်ကြပေ။

ကျွန်ုပ်တို့အသင်းတော်ကကြီးမှူးကျင်းပသောတောစခန်းစည်းဝေးပွဲများတွင်ကျွန်ုပ်တို့ပြုလုပ်သမျှ၌ပါဝင်ဆောင်ရွက်ရန်ယင်းဒဗျူ စီ၊ တီ၊ ယူလုပ်သားများကိုခေါ်ဖိတ်လျှင် များစွာသင့်လျော်ပေမည်။ ယင်းကဲ့သို့စီစဉ်လျှင် သူတို့သည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏အကြောင်းရင်းများကို သိရှိနားလည်လာပြီး ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းတွင် သူတို့နှင့် ကျွန်ုပ်တို့လက်တွဲဆောင်ရွက်ဖို့အခွင့်အလမ်းပွင့်လာမည်ဖြစ်သည်။ ထို့ပြင်ချုပ်တည်းခြိုးခြံမှုပြဿနာသည် ကျွန်ုပ်တို့အများက ယူဆသည်ထက်ပိုမိုအဓိပ္ပါယ်သက်ရောက်ကြောင်းကို ကျွန်ုပ်တို့တွေ့ရှိကြရလိမ့်မည်။

အချို့သောကိစ္စများတွင် ဒဗျူ စီ၊ တီ၊ ယူလုပ်သားများသည် ကျွန်ုပ်တို့အသင်းတော်မှခေါင်းဆောင်များထက် ပိုမိုရှေ့တန်းရောက်ရှိနေကြသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလှုပ်ရှားမှုကြီးကို ရှေ့သို့တိုးတက်ဆောင်ရွက်ရေးတွင် ကျွန်ုပ်တို့အား များစွာအထောက်အကူပြုနိုင်သောပုဂ္ဂိုလ်များ ယင်းအဖွဲ့အစည်းတွင် ရှိနေကြောင်းကို ဘုရားသခင်သိရှိတော်မူသည်။ သမ္မာကျမ်းစာ၌ပါရှိသော သမ္မာတရားဆိုင်ရာပညာရေးကို ရရှိထား၍ယေဟောဝါကိုယ်တော်ရှင်ပညတ်တော်က တောင်းဆိုချက်များကိုသိရှိထားသော ကျွန်ုပ်တို့အသင်းသူများသည် ယင်းအဖွဲ့အစည်းမှချုပ်တည်းခြိုးခြံမှုကို ထောက်ခံသောပုဂ္ဂိုလ်များအား သူတို့ဝိညာဉ်ရေးဆိုင်ရာအခြေအနေမြှင့်တင်ရေးအတွက်တရားဒေသနာများကို လက်ဆင့်ကမ်းနိုင်လိမ့်မည်ဖြစ်သည်။ ဤနည်းအားဖြင့် အတိတ်ကာလကတစ်ခါတစ်ရံထားရှိခဲ့သောအရဟတ္တတရားနှင့်အထင်မှား၊ အမြင်မှားဖြစ်နေခြင်းတို့နေရာတွင် သွေးစည်းခြင်းနှင့်ကိုယ်ချင်းစာနာခြင်းတို့သည် ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။

အပေးအယူပေါ်မူတည်၍ပြုလုပ်ရန်မလိုပဲ ဒဗျူ စီ၊ တီ၊ ယူလုပ်သားများနှင့်လက်တွဲခြင်းထက် ကောင်းမွန်သည့် လုပ်ငန်းသည် ကျွန်ုပ်တို့အတွက်မရှိတော့ပေ။

ဤကိစ္စနှင့်ပတ်သက်၍၁၈၉၈ခုနှစ်တွင် အသင်းသူတစ်ဦးအားအောက်ပါအတိုင်းစာတစ်စောင်ကို ရေးသားပေးပို့ဖူးပါသည်။

"ဤနောက်ဆုံးကာလအတွက်ပေးထားတော်မူသောသမ္မာတရားနှင့်ပတ်သက်၍ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားများကို သင်သည်ပြတ်ပြတ်သားသားစွဲစွဲမြဲမြဲစောင့်ထိန်းရန် ဘုရားသခင်သည်သင့်အားပို့ဆောင်ပေးနေသည်ဖြစ်ကြောင်း ကျွန်ုပ်မမိုတ်မသုန်ယုံကြည်ပါသည်။ ကိုယ်တော်၏အလိုတော်သို့ လိုက်သောသူမည်သည်ကား ဘုရားသခင်၏ဒေသနာတော်ကို သိရှိကြလိမ့်မည်။ သင်သည် အမျိုးသမီးခရစ်ယာန်ချုပ်တည်းခြိုးခြံမှုအဖွဲ့မှကင်းကွာသီးခြားနေရန် သင့်အားဘုရားသခင်သည် စေခိုင်းထားတော်မမူ။ သင့်အနေဖြင့်သင်လက်ဆင့်ကမ်းနိုင်သမျှသော အလင်းတရားကို သူတို့လိုအပ်နေသည်။ သူတို့သွားရာလမ်းတွင်ရရှိထားသမျှသော အလင်းတရား၏ရောင်ခြည်များကို ထွန်းလင်းနေပါစေ။ အမျိုးသမီးခရစ်ယာန်ချုပ်တည်းခြိုးခြံမှုအဖွဲ့စတင်ပေါ်ပေါက်လာစေခဲ့သည့် သန့်စင်မြင့်မြတ်သော အခြေခံသဘောတရားရေးရာများကိုသင်သည်သဘောတူထောက်ခံနိုင်သည်။ သင့်အားဘုရားသခင်ပေးသနားထားတော်

မူသောစွမ်းရည်များကို အစွန်းအကွက်မထင်စေပဲ ထိန်းသိမ်းထားရမည်။ ယေရှုခရစ်ကိုယ်တော်ရှင်အားဖြင့် သင်သည် ကောင်းမြတ်သောအလုပ်ကို လုပ်ကိုင်နိုင်သည်။ **R & H , Oct. 15, 1914.**

သူတို့က ကျွန်ုပ်တို့အမျိုးသမီးများအားလုပ်နည်းလုပ်ဟန်ကိုသင်ကြားပြသပေးရမည်။ ကျွန်ုပ်တို့အမျိုးသမီးများအား လုပ်နည်းလုပ်ဟန်ကိုသင်ကြားပြသပေးစေခြင်းအားဖြင့် ကျွန်ုပ်တို့ကြီးမှူးကျင်းပသောစည်းဝေးများတွင် ပါဝင်လုပ်ကိုင်နိုင်စေရန် ဒဗျူ၊ စီ၊ တီ၊ ယူအဖွဲ့မှ အမျိုးသမီးများကို ကျွန်ုပ်တို့တောစခန်းစည်းဝေးများသို့ ဖိတ်ခေါ်လျှင် အကျိုးထူးများဖြစ်ထွန်းနိုင်ပေမည်။ စည်းဝေးတွင် သူတို့သည် ကြားနာခွင့်ရကြမည်။ ခံယူခွင့်ရကြမည်။ သင်ကြားပြသခြင်းလည်းပြုရကြမည်။ လုပ်ကိုင်စရာအလုပ်အကိုင်ကား ကြီးမားလှပေသည်။ မယုံကြည်သောသူတို့အနေဖြင့် လက်မခံကန့်ကွက်ဖွယ်ရာဖြစ်သော ကျွန်ုပ်တို့၏ဩဝါဒများကို တင်ပြခြင်းမပြုပဲ ဖိလိပ္ပုက နာသနေလကို ပြောသကဲ့သို့ "လာ၍ကြည့်လော့" ဟု သူတို့အား ကြားပြောကြပါစို့။

တနင်္ဂနွေနေ့ကိုချီးမြှောက်ရာတွင် ကျွန်ုပ်တို့သူတို့နှင့်လက်မတွဲနိုင်ပါ။ ကျွန်ုပ်အနေဖြင့် ဒဗျူ၊ စီ၊ တီ၊ ယူလုပ်သားများနှင့်လက်တွဲလိုပါသည်။ သို့ရာတွင်လွဲမှားနေသော ဥပုသ်နေ့ကို ချီးမြှောက်သောလုပ်ငန်းတွင် ကျွန်ုပ်တို့အနေဖြင့် သူတို့နှင့်လက်မတွဲနိုင်ပေ။ ဘုရားသခင်၏ပညတ်တော်ကိုကျူးလွန်မည့်လုပ်ငန်းမျိုးကို ကျွန်ုပ်တို့မပြုလုပ်နိုင်သော်လည်း မှန်ကန်သောစင်မြင့်ပေါ်သို့ တက်လာပါလော့ဟုဆို၍ သူတို့ကို ဖိတ်ခေါ်နိုင်ပေသည်။ **M, 93, 1908.**

မိန့်ခွန်းစကားပြောရမည့်ဖိတ်ခေါ်ချက်များကို ဘယ်အခါမျှမငြင်းပယ်ပါနှင့်။ ဒဗျူ၊ စီ၊ တီ၊ ယူအဖွဲ့က သူတို့စည်းဝေးများတွင် မိန့်ခွန်းစကားပြောဖို့ခေါ်ဖိတ်လျှင် ကျွန်ုပ်တို့အသင်းသားများအနေဖြင့် ယင်းဖိတ်ခေါ်ချက်ကို လက်ခံနိုင်ပါသလားဟု ကျွန်ုပ်ကို မေးကြပါသည်။

ကျွန်ုပ်ပေးသောအဖြေမှာ ယင်းစည်းဝေးများတွင် မိန့်ခွန်းစကားပြောရန် ဖိတ်ခေါ်ခြင်းကိုဘယ်အခါမျှမငြင်းပယ်ပါနှင့်။ ဤစည်းမျဉ်းအတိုင်း ကျွန်ုပ်အမြဲတမ်းကျင့်သုံးခဲ့ပါသည်။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍မိန့်ခွန်းစကားပြောခိုင်းလျှင်ကျွန်ုပ်သည်ဘယ်အခါမျှမငြင်းပယ်ခဲ့ပေ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းအရာများကို ဖြန့်ဖြူးနေကြသောသူတို့အထဲတွင် ယခုခေတ်ကာလအတွက်ထားရှိသောသမ္မာတရားကို လက်ခံရရှိထိုက်သောသူများကို ဘုရားသခင်သည်တွေ့မြင်ထားတော်မူသည်။ ကျွန်ုပ်တို့အနေဖြင့် ဒဗျူ၊ စီ၊ တီ၊ ယူအဖွဲ့အားသတင်းစကားတော်ကို ကြားပြောရကြမည်။

ဤကမ္ဘာမြေကြီးပေါ်တွင် ရှိနေတော်မူစဉ်ကယေရှုရှင်၏တစ်ခုတည်းသောရည်စူးချက်မှာ မှောင်မိုက်ထဲ၌ကျင်လည်နေသောသူတို့အား ကိုယ်တော်၏ဖြောင့်မတ်ခြင်း၏အလင်းရောင်ကို ရောင်ပြန်ဟပ်စေရန်ဖြစ်သည်။ ဒဗျူ၊ စီ၊ တီ၊ ယူအဖွဲ့ဝင်များတို့သည် ခပ်သိမ်းသောဩဝါဒများနှင့်ပတ်သက်၍အလင်းတရားကိုမရရှိကြပေ။ သို့ရာတွင် သူတို့သည် ကောင်းမွန်သောအလုပ်ကိုလုပ်ကိုင်လျက်ရှိကြသည်။ **M, 31, 1911.**

သူတို့နှင့်လက်တွဲ၍လွတ်လပ်စွာလုပ်ကိုင်နိုင်သည်။ ကျွန်ုပ်အနေဖြင့်ဒဗျူ၊ စီ၊ တီ၊ ယူအဖွဲ့ကို များစွာစိတ်ဝင်စားလျက်ရှိပါသည်။ သူတို့နှင့်လက်တွဲ၍သင်တို့သည် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ ချုပ်တည်းခြိုးခြံမှုအတွက် ဤမျှလောက်မြင့်မြတ်ကောင်းမွန်စွာရပ်တည်ကြသော ယင်းအဖွဲ့ဝင်များတွင် စိတ်ဝင်စားမှုကြောင့် သမ္မာတရား၌သင်တို့၏ယုံကြည်မှု ယုတ်လျော့သွားမည်ကိုလည်းကောင်း၊ ဖောက်ပြန်သွားမည်ကိုလည်းကောင်း၊ ကျွန်ုပ်အနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိပေ။ ထိုကြောင့် ကျွန်ုပ်တို့အသင်းသူအသင်းသားများနှင့်အခြားခရစ်ယာန်အသင်းများမှအသင်းဝင်များတို့အား ခရစ်ယာန်ချုပ်တည်းခြိုးခြံမှုလုပ်ငန်းကို ရှေ့သို့ဆက်လက်ထမ်းဆောင်ရာတွင် ကျွန်ုပ်တို့ကို ကူညီမစရန် တိုက်တွန်းလိုပေသည်။

ကျွန်ုပ်၏ခင်ပွန်းနှင့်ကျွန်ုပ်လက်တွဲဆောင်ရွက်ရာတွင် ကျွန်ုပ်တို့စည်းဝေးကျင်းပသောနေရာတိုင်းမှာ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်သောသူတို့နှင့် ကျွန်ုပ်တို့သည် ရာနှုန်းပြည့်သွေးစည်းညီညွတ်မှုရှိကြောင်းကို လက်တွေ့ပြသရန်တာဝန်ရှိသည်ဟုကျွန်ုပ်ခံယူချက်ရှိခဲ့ပါသည်။ ဤပြဿနာကို ကျွန်ုပ်တို့သည် ပြတ်ပြတ်သားသားအမြဲတမ်း အသင်းသူအသင်းသားတို့ရှေ့မှာ တင်ပြခဲ့ပါသည်။ ချုပ်တည်းခြိုးခြံမှုအကြောင်းနှင့်ပတ်သက်၍ နေရာအမျိုးမျိုးတွင် ဟောပြောရန် ကျွန်ုပ်တို့ထံသို့ ဖိတ်ခေါ်ချက်များ ရောက်ရှိလာပါသည်။ တတ်နိုင်လျှင် ကျွန်ုပ်သည် ယင်းဖိတ်ခေါ်ချက်

များကိုအမြဲတမ်းလက်ခံခဲ့ပါသည်။ ယင်းအတွေ့အကြုံကို အမေရိကန်ပြည်ထောင်စုမှာသာမဟုတ်ပဲ ကျွန်ုပ်အမှုဆောင်ခဲ့သော အခြားနေရာများဖြစ်သည့် ဥရောပတိုက်၊ ဩစတြေးလျတိုက်များ၌လည်း တွေ့ရှိခဲ့ရပါသည်။

၁၅၈ အခြားသောချုပ်တည်း ......... ကျွန်ုပ်တို့၏ဆောင်ရွက်မှု

ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းနှင့်လက်တွဲဆောင်ရွက်ရန်အခွင့်အရေးတစ်ခုကိုမျှ လက်မလွှတ်ပါစေနှင့်။ ဘုရားသခင်၏အမှုတော်တွင် ဤဌာနကို ချီးမြှင့်သင့်သည်အတိုင်း ချီးမြှင့်ခြင်းပြုရန် ကျွန်ုပ်တို့၏အသင်းသူအသင်းသားများအနေဖြင့်စိတ်ဝင်စားမှုသည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတက်တက်ကြွကြွမရှိခဲ့သောကြောင့် ကျွန်ုပ်ဝမ်းနည်းမိပါသည်။ ဘယ်နေရာ၌မဆို ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းတွင် ကျွန်ုပ်တို့အနေဖြင့်သက်ဆိုင်ရာသူတို့နှင့် လက်တွဲဆောင်ရွက်ရန် အခွင့်အရေးတစ်ခုမျှပင်လက်မလွှတ်စေရ။ နိုင်ငံခြားတိုင်းတစ်ပါးတို့တွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းသည် ကျွန်ုပ်တို့အလိုရှိသည်အတိုင်းလျင်မြန်မှုမရှိသော်လည်းအချို့သောဒေသများတွင် ယင်းလုပ်ငန်းကိုဆောင်ရွက်သောသူတို့၏ကြိုးပမ်းမှုတို့သည် ကောင်းမွန်စွာ အောင်မြင်လျက် ရှိသည်ကို တွေ့ရှိရပါသည်။ ဥရောပတိုက်တွင် လူတို့သည်ဤပြဿနာနှင့်ပတ်သက်၍ ကောင်းမွန်စွာသိရှိနားလည်လိုက်နာကျင့်သုံးနေသောသူပေါင်းမြောက်မြားစွာရှိနေသည်ကို တွေ့ရှိရပါသည်။ တစ်ကြိမ်တစ်ခါတွင် ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ ကြီးမားလှသောလူထုပရိသတ်ကို နှုတ်ခွန်းခြွေရန် ဖိတ်ခေါ်ခြင်းခံရသောအခါတရားနာမည့်ပရိသတ်တို့က စင်မြင့်ပေါ်တွင် အမေရိကန်အမျိုးသားအလံကို ချိတ်ဆွဲထားပေးခြင်းအားဖြင့် ဂုဏ်ပြုကြပါသည်။ ကျွန်ုပ်တို့တင်ပြသောအချက်များကို နားထောင်ကြပြီး မိန့်ခွန်းစကားအဆုံးတွင် ကျွန်ုပ်အားလှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း အများသဘောတူဆုံးဖြတ်ကြပါသည်။ ဤကိစ္စကို တင်ပြသောအခါတိုင်း မရိုမသေဝေဖန်ပြောဆိုချက်ကိုမူ တစ်ခါမျှ မကြားခဲ့ဖူးပေ။ **L, 278, 1907.**

## အပိုင်း ၁၂

# ခေတ်ကာလ၏စိန်ခေါ်ချက်

သေရည်သေရက်နှင့်မူးယစ်သောအသုံးအဆောင်များကို ပိတ်ပင်ရန်လည်းကောင်း၊ လုံးဝရှောင်ကြဉ်ရန်လည်းကောင်း အရေးဆိုရာတွင်ပညတ်နှင့် ပုံသက်သေအားဖြင့်လည်းကောင်း၊ အဟောအပြော၊ အရေးအသားနှင့်ဆန္ဒမဲအားဖြင့်လည်းကောင်းမိမိတို့၏ဩဇာသက်မှုကို အင်တိုက်အားတိုက်မဆောင်ရွက်လျှင် ချုပ်တည်းခြိုးခြံမှုကို ထောက်ခံကြသောပုဂ္ဂိုလ်တို့သည် မိမိတို့၏တာဝန်ကို ကန့်ကွက်ကြသည်။ **GW, pp. 387, 388.**

## ၁ ပစ္စုပ္ပန်အခြေအနေ

ဒုစရိုက်ဟောင်းများပြန်လည်ကျင့်သုံးခြင်း။ နောဧခေတ်တွင်ကမ္ဘာကြီးအားပြစ်ဒဏ်စီရင်မှုခံစေသောဒုစရိုက်များသည် ကျွန်ုပ်တို့ခေတ်တွင်ဆက်လက်တည်ရှိနေသည်။ အမျိုးသားအမျိုးသမီးတို့သည် သူတို့၏စားရေးသောက်ရေးကိစ္စများကို စားသောက်ကြူးခြင်း၊ သေသောက်ကြူးခြင်းဖြင့်နိဂုံးချုပ်စေသည်တိုင်အောင်ကျင့်သုံးနေကြသည်။ ဤကဲ့သို့မှောက်မှားသောခံတွင်းအလိုလိုက်ခြင်းတည်းဟူသောပြစ်မှုမျိုးသည် နောဧလက်ထက်၌ရှိကြကုန်သော သူတို့၏အလိုရမ္မက်ကို ထကြွသောင်းကျန်းစေသည့်အဆုံး၌ထိုစဉ်က ကမ္ဘာကြီး၏နေရာအနှံ့အပြားတွင် တရားမစောင့်စည်းမှုများပေါ်ပေါက်လာခဲ့ရသည်။ ဆိုးသွမ်းမှုနှင့်အပြစ်ဒုစရိုက်ကျူးလွန်မှုတို့သည် ကောင်းကင်သို့ရောက်ရှိခဲ့သည်။ ယင်းကဲ့သို့အကျင့်စာရိတ္တပျက်ပြားမှုကို ရေလွှမ်းမိုးခြင်းအားဖြင့် ကမ္ဘာမြေကြီးမှ ရှင်းလင်းပစ်လိုက်ရလေသည်။

ထိုအချိန်က လူတို့သည် သူတို့၏စားဝတ်နေရေးတို့ကို ပြစ်မှုများအသွင်သို့ ပြောင်းလဲလာစေသည်တိုင်အောင် သူတို့၏အလိုရမ္မက်ကိုလိုက်စားခဲ့ကြသည်။ အလားတူ အပြစ်ဒုစရိုက်တို့ကို နောက်ဆုံးကာလတွင် သိသိသာသာတွေ့မြင်လျက်ရှိရာ ယင်းအခြေအနေက ခရစ်တော်မကြာမီကြွလာမည့်ရှေ့ပြေးနိမိတ်အနေဖြင့် ရပ်တည်လျက်ရှိသည်။ ကျွန်ုပ်တို့လက်ဝယ်အပ်နှင်းထားတော်မူသည့်ကိုယ်တော်ရှင်ပိုင်ဆိုင်တော်မူသောအချိန်၊ ငွေနှင့်လူအင်အားတို့ကို ကြံ့ခိုင်မှုကိုဆုတ်ယုတ်စေ၍ ဒုက္ခဆင်းရဲနှင့်ပျက်စီးမှုဖန်တီးပေးသောအပိုအလုပ်ဖြစ်သည့်ဝတ်စားဆင်ယင်မှုနှင့်ကာမဂုဏ်ခံစားမှုအတွက် ဖြုန်းတီးပစ်ကြသည်။ **CTBH, pp. 11, 12.**

လူမျိုးအဆက်ဆက်ဒုစရိုက်ကျူးလွန်မှုများ။ အာဒံခေတ်မှအစပြု၍ကျွန်ုပ်တို့ခေတ်တိုင်အောင် အပြစ်ဒုစရိုက်ကိုလူမျိုးအဆက်ဆက်ကျူးလွန်ခဲ့ရာတွင် လွန်ခဲ့သောပြစ်မှုမျိုးစုံမှာလည်း တစ်မျိုးထက်တစ်မျိုးပိုမိုကြီးလေးဆိုးရွားခဲ့လေသည်။ ယခုအခါတွင် ကမ္ဘာကြီး၌တွေ့မြင်နေရသည့် ကျန်းမာမှုကင်းမဲ့သောလူသား၊ လုပမှုမှာလည်းဗလာနတ္ထိမရှိသောလူသား၊ ကိုယ်ကျင့်တရားဟူ၍ မရှိသောလူသားမျိုးကို ဘုရားသခင်သည် ဖန်ဆင်းတော်မမူခဲ့ပေ။ ရောဂါဝေဒနာမျိုးစုံတို့သည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် လူမျိုးတကာတို့ကို တိုးတက်၍ ဖိစီးနှိပ်စက်လျက်ရှိသည်။ ယင်းအခြေအနေမျိုးသည် ဘုရားသခင်က အထူးအစီအစဉ်အနေဖြင့် ဖန်တီးပေးမှုကြောင့် ဖြစ်ပေါ်လာသည်မဟုတ်သည့်အပြင် ကိုယ်တော်၏အလိုတော်နှင့်လည်း ပြောင်ပြောင်ကြီးဆန့်ကျင်လေသည်။ တည်ရှိနေသောကြောက်မက်ဖွယ်ကောင်းလှသည့် ဆိုးသွမ်းမှုမှုကာကွယ်ထားရန်ဟူသော စီမံထားတော်မူချက်ကို လူသားတို့ကလျစ်လျူရှုကြသောကြောင့် ယင်းအခြေအနေမျိုးပေါ်ပေါက်လာခဲ့ပေသည်။ ဘုရားသခင်၏ပညတ်တော်ကို အဘက်ဘက်မှလိုက်နာကျင့်သုံးခဲ့လျှင် လူသားတို့ကို ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၊ ကာမဂုဏ်ကြူးလွန်ခြင်းနှင့်ရောဂါဝေဒနာမျိုးစုံတို့၏အန္တရာယ်မှ ချမ်းသာရာရခဲ့ပေမည်။ ပြစ်ဒဏ်မခံရပဲနှင့် ဘယ်သူမျှ သဘာဝဆိုင်ရာဥပဒေပညတ်ကို ချိုးဖောက်နိုင်စွမ်းမရှိပေ။ **R & H, March 4, 1875.**

ထောင်သောင်းမကသောသူတို့သည် သူတို့၏ဉာဏဗလကို ရောင်းစားလျက်ရှိကြသည်။ မည်သည့်လူသားတစ်ဦးဦးက သူ့ဉာဏဗလကိုကြေးငွေရရှိမှုအတွက်တမင်္ဂလာရောင်းစားလိမ့်မည်နည်း။ အကယ်၍ သူ့ပဋိသန္ဓေဉာဏ်နှင့်ကွာရှင်းနေရန် သူ့အားတစ်ဦးတစ်ယောက်က ကြေးငွေများပေးကမ်းလျှင် ယင်းမိုက်မဲလှသော ကမ်းလှမ်းချက်ကို သူ

သည် ရွံရှာစွာကျော့ခိုင်းမည်သာဖြစ်သည်။ သို့စေကာမူ ထောင်သောင်းမကသောသူတို့သည် ခံတွင်းအလိုသို့လိုက်ရန် အတွက်ကိုယ်ခန္ဓာ၏ကျန်းမာခြင်း၊ ဉာဏဗလ၏ထက်မြက်ခြင်းနှင့်စိတ်ဝိညာဉ်၏မြင့်မြတ်ခြင်းတို့နှင့်ကွာရှင်းနေကြသည်။ အမြတ်အစွန်းမရှိပဲ အရှုံးနှင့်သာရင်ဆိုင်ကြပါသည်တကား။ ယင်းအခြေအနေကို သူတို့မသိရှိကြခြင်းအကြောင်းမှာ၊ သူတို့၏အာရုံခံစားနိုင်သောသတ္တိတို့သည် ထုံထိုင်းကုန်သောကြောင့်ဖြစ်သည်။ ဘုရားသခင်က သူတို့အားပေးကမ်းထားတော်မူသောစွမ်းရည်များကို တစ်ခုခုနှင့်လဲလှယ်ပစ်ကြပါသည်တကား။ မည်သည့်အရာနှင့်လဲလှယ်သနည်း။ အဖြေ။ အာရုံ ငါးဖြာသွေးဆောင်ရာသို့လိုက်စားခြင်းနှင့် အသရေယုတ်၍ဆိုးသွမ်းသောအလေ့အကျင့်များတို့နှင့် လဲလှယ်သည်။ ကျန်းမာမှုနှင့်ပင်ရှိသန္ဓေဉာဏ်တို့ကို အနစ်နာခံ၍ ခံတွင်းအလိုကို လိုက်စားကြသည်။ **R & H, March 4, 1875.**

လှည့်စားသောတဖြည်းဖြည်းပြောင်းလဲမှု။ မူးယစ်စေသောသေရည်သေရက်သုံးစွဲခြင်းသည်ကျိုးကြောင်းဆင်ခြင်တတ်သောစွမ်းရည်ကို ယုတ်ညံ့စေ၍ စင်ကြယ်သန့်ရှင်းသောဩဇာသက်ရောက်မှုကို လက်မခံစေရန် စိတ်နှလုံးကို ခိုင်မာစေတတ်သည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့မှုကြောင့်အာရုံခံစားတတ်သောစွမ်းရည်များ ထုံထိုင်းလာသောလူထက်သက်မဲ့ကျောက်ဆောင်ကအမှန်တရားနှင့်တရားမျှတမှုတို့၏တိုက်တွန်းချက်ကိုနာခံလိုက်နာလိမ့်မည်။ စိတ်နှလုံး၏နုနယ်သောခံစားမှုတို့သည် ရုတ်တရက်တုံးသွားသည်၊ ထိုင်းသွားသည်မဟုတ်ပေ။ ပြောင်းလဲမှုသည် တဖြည်းဖြည်း ဖြစ်ပေါ်လာသည်။ တားမြစ်ထားသောလမ်းထဲသို့ စွန့်စား၍လျှောက်ဝင်သွားသောလူတို့သည် တဖြည်းဖြည်းအမူအကျင့်ဖောက်ပြန်လာသည်။ ညစ်ညမ်းလာသည်။ မြို့ကြီးပြကြီးများတွင်သေရည်သေရက်အရောင်းဆိုင်များ အများအပြားရှိသောကြောင့် မူးယစ်သေစာသောက်စားသောအလေ့အကျင့်များရရှိလွယ်သော်လည်း ၎င်းအပြင် လူငယ်လူရွယ်တို့အဖို့မှာ မိမိတို့၏ခံတွင်းအရသာကိုစမ်းသပ်ကြည့်ရန် သွေးဆောင်မှုများပတ်လည်ဝန်းရံနေသော်လည်း ဒုစရိုက်သည် မူးယစ်သောသေရည်သေရက်ကို သုံးစွဲမှုမှ အမြဲတမ်းစတင်လာခဲ့သည်မဟုတ်ပေ။ လက်ဖက်ရည်၊ ကော်ဖီနှင့်ဆေးလိပ်တို့ သည် လူထွင်ထားသော လှုံ့ဆော်စာများဖြစ်၍ ယင်းတို့ကိုသုံးစွဲမှုက မူးယစ်သောသေရည်သေရက်ထဲ၌ရှိသည့် ပိုမိုပြင်းထန်သောလှုံ့ဆော်စာကို တောင့်တစေလေသည်။ ခရစ်ယာန်များသည် ဝိုက်မျဉ်းအိပ်ပျော်နေစဉ် ဤကြီးမားသော ဆိုးသွမ်းမှုဖြစ်သော ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းတည်းဟူသော ဘီလူးကြီးသည် အင်အားကြီးမားသည်ထက်ကြီးမားလာ၍ အသစ်သောသားကောင်များကို ဖမ်းစားလျက်ရှိသည်။ **ST, Dec, 6, 1910.**

အဘက်ဘက်မှ သွေးဆောင်မှုများ။ လူထုစားသောက်ဆိုင်များနှင့်ခေတ်မီဆိုင်ကြီးကနားကြီး၊ ဟိုတယ်ဆိုင်ကြီးများတွင်ဝင်ရောက်စားသောက်ကြသောအမျိုးသမီးများအားအမှန်အားဖြင့်မူးယစ်သေစာဖြစ်သော်လည်း နာမည်ကောင်းတံဆိပ်တပ်ထားသော အဖျော်ယမကာများကို ရောင်းချတိုက်ကျွေးကြသည်။ ဖျားနာသောသူနှင့်မောဟိုက်တတ်သော "လူနာ" တို့အတွက် သေရည်သေရက်များများပါဝင်သော "ဆေးခါး" များကိုအနံ့အပြားကြော်ငြာ၍ ရောင်းချကြသည်။

ကလေးသူငယ်များအား အရက်သောက်တတ်သောခံတွင်းများရရှိစေရန် အချို၊ အချဉ်သွားရည်စာများကို အရက်ဖြင့်ရောစပ်ထုတ်လုပ်ကြသည်။ ယင်းသွားရည်စာများကို ဆိုင်များတွင် ရောင်းချကြသည်။ ယင်းအချို၊ အချဉ်သွားရည်စာများကို လက်ဆောင်အနေဖြင့်ပေး၍ ကလေးသူငယ်များကို အရက်ရောင်းသောသူတို့သည် သူတို့၏ဆိုင်များအတွင်းသို့ သွေးဆောင်ခေါ်ယူကြသည်။

တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ်၊ ယင်းကဲ့သို့ဆက်လက်လုပ်ကိုင်ကြသည်။ လူမျိုးတို့၏ကျောထောက်နောက်ခံဖြစ်သောဖခင်များ၊ မိခင်များနှင့်ညီအစ်ကိုများတို့သည် တဖြည်းဖြည်း၊ တစ်စစနှင့်သေရည်သေရက်ရောင်းသောဆိုင်တွင် ရောက်ရှိသွားလျက် နေအိမ်သို့ အပြန်တွင် မူးယစ်ပျက်စီးဆုံးရှုံးခြင်းတည်းဟူသော ရလဒ်ကို ယူဆောင်လာခဲ့ကြသည်။ **MH, pp. 338, 339.**

"သေခြင်းသို့ချီတက်ခြင်း။" လူသားတို့သည် ဘုရားတရားကိုအချိန်ယူ၍ အာရုံပြုခြင်းမရှိစေရန် စာတန်သည် သူတို့အား အပျော်အပါးလိုက်စားခြင်း၊ စားခြင်း၊ သောက်ခြင်းတို့ဖြင့် အချိန်ကုန်လွန်စေရန် သွေးဆောင်လမ်းပြလျက်ရှိသည်။ သူတို့ကိုယ်ကိုချီးမြှောက်ရန် အလွန်ကြီးမြင့် ထင်ပေါ်လိုသောဆန္ဒကို သူတို့၌ သွတ်သွင်းပေးသည်။ တစတစဖြင့် ကမ္ဘာကြီးသည် နောဧလက်ထက်က အခြေအနေသို့ ရောက်ရှိလာလျက်ရှိသည်။ ပြစ်မှုဟူသရွေ့ကို ကျူးလွန်ကြသည်။ ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိအားဖြင့်ဂုဏ်မောက်ခြင်း၊ တစ်ကိုယ်ကောင်းစိတ်ပြသခြင်း၊ အာဏာကိုအလွဲ

သုံးစားလုပ်ခြင်း၊ သူတစ်ပါးအပေါ် ရက်စက်ကြမ်းကြုတ်စွာဆက်ဆံခြင်းမှစသောလုပ်ရပ်တို့သည် စာတန်ကိုယ်စားလှယ်တို့၏ဆောင်ရွက်မှုများဖြစ်သည်။ ဤပြစ်မှုများနှင့်မှားယွင်းမှုများကို လူသားတို့က "ဘဝသံသရာ" ဟုခေါ်ဆိုကြသည်။

### ၁၆၁ ခေတ်ကာလ၏စိန်ခေါ်ချက်

ဘုရားသခင်မရှိသကဲ့သို့လုပ်ကိုင်နေသောကမ္ဘာကြီးသည် တစ်ကိုယ်ကောင်းအကျိုးပြုသည့်လုပ်ငန်းများကိုပြုလုပ်နေသောကြောင့် မကြာမြင့်မီပျက်စီးခြင်းကိုမသဝေမလွဲရင်ဆိုင်ရလိမ့်မည်။ အများသောသူတို့သည် ဘဝအသက်တာကို ငြီးငွေ့လာ၍ မိမိတို့ကိုယ်ကို သတ်သေသည့်တိုင်အောင် ယင်းကဲ့သို့ ကိုယ့်အလိုကို သတိကင်းမဲ့စွာဆက်လက် ၍ လိုက်စားကြသည်။ ကခုန်၍သေရည်သေရက်သောက်စားမူးယစ်လျက်၊ ဆေးလိပ်သောက်လျက်၊ တိရစ္ဆာန်ကဲ့သို့ သောတပ်မက်ခြင်းကို လိုက်စားလျက်သူတို့သည်နွားသတ်ရုံသို့သွားသော နွားတိရစ္ဆာန်ကဲ့သို့ ပျက်စီးရာလမ်းသို့ဦးတည်သွားနေကြသည်။ လူသားတို့၏အပြစ်များအတွက် သူတို့အားပြစ်ဒဏ်စီရင်ရန် ဘုရားသခင်သည် မိမိကိန်းဝပ်တော်မူရာအရပ်မှ ကြွမြန်းလာသည်တိုင်အောင် လူတို့အားမိမိတို့၏အလိုဆန္ဒများကို လိုက်စားရာတွင် ကမ်းမမြင်၊ လမ်းမမြင်ဆက်လက်၍ချီတက်နေစေရန် စာတန်သည်သူ့အတတ်ပညာနှင့်ပြုစားတတ်သောပညာရှိသမျှကို အသုံးပြုလျက်နေချိန်တွင် မြေကြီးသည် မိမိမြေထဲ၌ ကျဆင်းခဲ့သောသွေးများကို ဖော်ထုတ်၍ အသေသတ်ခံခဲ့ရသောသူတို့ကို ဆက်လက်၍ဖုံးကွယ်ထားတော့မည်မဟုတ်ပေ။ လောကကြီးတစ်ခုလုံးသည် သေခြင်းသို့ ချီတက်နေဟန်လက္ခဏာရှိသည်။ **Ev, p. 26.**

အမင်္ဂလာကို သာသနာပလူမျိုးတို့ထံသို့ဆောင်ယူသွားခြင်း။ ခရစ်ယာန်တိုင်းပြည်ဟုခေါ်တွင်သောပြည်များမှအမင်္ဂလာကို သာသနာပလူတို့ထံသို့ဆောင်ယူသွားကြသည်။ ဆင်းရဲနွမ်းပါး၍အသိပညာနည်းပါးသောလူရိုင်းတို့အားသေရည်သေရက်သောက်စာနည်းကို သွန်သင်ပေးကြသည်။ သာသနာပလူများထဲမှာပင် ပညာရှိပုဂ္ဂိုလ်များက သေရည်သေရက်ကို သေစေတတ်သောအဆိပ်အတောက်အနေဖြင့် အသိအမှတ်ပြုသည့်အပြင် သောက်စားခြင်းကို ကန့်ကွက်ကြသည်။ သို့ရာတွင် ယင်းသေရည်သေရက်၏ဖျက်ဆီးမှုများကို သူတို့၏နေရပ်ဌာနေချက်မြုပ်ပြည်များမှကာကွယ်ထားရန် ကြိုးပမ်းမှုသည် ခဲလေသမျှသဲရေကျသာဖြစ်လေသည်။ ယဉ်ကျေးသောတိုင်းပြည်များမှပြည်ကြီးသားတို့သည် သာသနာပလူမျိုးတို့အား ဆေးလိပ်၊ သေရည်သေရက်နှင့်ဘိန်းတို့ကို အဓမ္မအသုံးပြုစေကြသည်။ သေရည်သေရက်၏လှုံ့ဆော်သောဒဏ်ကြောင့် လူရိုင်းတို့၏ချုပ်တည်းမှုမရှိသောတပ်မက်မှုသည် သူတို့အား နှိုင်းယှဉ်၍မရလောက်သော အဆင့်အတန်းသို့နိမ့်ကျသွားစေခဲ့ရာ ယင်းပြည်များသို့ သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်၍ ယင်းပြည်သားတို့ ကို "ချွတ်" ရမည့်လုပ်ငန်းသည်အောင်ပန်းဆွတ်ခူးရန် မျှော်လင့်ချက်မရှိသောလုပ်ငန်းမျိုးဖြစ်နေလေသည်။

သာသနာပလူတို့သည် သူတို့အား ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ရသင့်ရထိုက်သောအသိပညာကိုပေးသင့်သောသူတို့နှင့်တွေ့ထိခြင်းအားဖြင့်သူတို့၏လူမျိုးများသည် လူမျိုးအလိုက်ပျက်စီးစေမည့် ဆိုးသွမ်းသောအကျင့်ဓလေ့များကို ရရှိကြသည်။ ယင်းအခြေအနေကြောင့် ကမ္ဘာ့မှောင်မိုက်သောနေရာများတွင် ယဉ်ကျေးသောလူမျိုးတို့ကိုသာသနာပလူတို့က မုန်းတီးကြသည်။ **MH, p. 339.**

ခရစ်ယာန်အသင်းတော်များပင်ရပ်စဲသွားသည်။ သေရည်သေရက်ဆိုင်ရာလုပ်ငန်းသည် ကမ္ဘာပေါ်တွင် စီးပွားရေးဆိုင်ရာအင်အားကြီးတစ်ရပ်အနေဖြင့် ရပ်တည်နေသည်။ ယင်းလုပ်ငန်းဘက်တွင်ငွေကြေး၊ အကျင့်ဓလေ့နှင့်ခံတွင်းအလိုတို့၏စုပေါင်းအင်အားအနေဖြင့် ရပ်တည်လျက်ရှိသည်။ ယင်းလုပ်ငန်း၏ဒဏ်ကို အသင်းတော်၌ပင် ခံစားနေရမှုရှိသည်။ သေရည်သေရက်ထုတ်လုပ်ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းမှ ငွေကြေးချမ်းသာလာသောသူအများတို့သည် ခရစ်ယာန်အသင်းသားများ ဖြစ်ကြသည်။ ယင်းပုဂ္ဂိုလ်အများတို့က သာသနာလုပ်ငန်းအတွက် အလှူငွေများကို ရက်ရောစွာလှူဒါန်းကြပါသည်။ သူတို့၏အလှူငွေများအားဖြင့် အသင်းတော်၏လုပ်ငန်းနှင့်ဓမ္မဆရာများကိုထောက်ပံ့ထားသည်။ ငွေကြေးအင်အားကြောင့် အသင်းတော်များ၏ရိုသေမှုကိုခံရကြသည်။ ယင်းကဲ့သို့သောပုဂ္ဂိုလ်များကို အသင်းဝင်များအနေဖြင့် လက်ခံထားသောအသင်းတော်များသည် သေရည်သေရက်ရောင်းဝယ်ဖောက်ကား ထုတ်လုပ်မှုကို အားပေးနေကြသည်။ သက်ဆိုင်ရာဓမ္မဆရာများတို့သည်လည်း အမှန်တရားဘက်၌ မားမားမတ်မတ်ရပ်တည်နေရန် မဝံ့သလောက်ဖြစ်နေကြသည်။ သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုနှင့်ပတ်သက်၍ ဘုရားသခင်ကမည်ကဲ့သို့အမိန့်တော်ထားရှိသည်ကို ဓမ္မဆရာအနေဖြင့် သူ့အသင်းသူအသင်းသားများအားပြောကြားခြင်းမရှိပေ။ ပြောင်ကျကျပြောဆိုပြန်လျှင်လည်း အသင်းသူအသင်းသားများအဖို့ စိတ်ဆိုးစရာဖြစ်နေလိမ့်မည်။ ဓမ္မဆရာကို လူကြိုက်နည်းသွားလိမ့်မည်။ သူ့လစာလည်း ပြုတ်သွားမည်ဖြစ်သည်။ **MH, p. 340.**

ဓမ္မဆရာများကအောင်လံတော်ကို လှဲကြလေပြီ။ ဘေးအန္တရာယ်များနှင့်လည်းကောင်း၊ တရားလက်လွတ်ဖြစ်ခြင်းနှင့်လည်းကောင်း ပြည့်နှက်လျက်ရှိသောယခုအချိန်မျိုးတွင်ရပ်တည်လျက်ရှိကြသော ကမ္ဘာသူကမ္ဘာသားတို့နှင့်ဘုရားသခင်သည်စာရင်းရှင်းစရာများရှိနေသည်။ ဧဝံဂေလိဒေသနာတော်ကို ဖြန့်ကြရသောဓမ္မဆရာတို့သည်ဘုရား



သခင်အထံတော်မှထွက်ခွါသွားကြလေပြီ။ ခရစ်တော်၏နာမတော်ကို ခံယူသောသူတို့သည် သမ္မာတရား၏အောင်လံတော်ကို မြင့်မားစွာ မြှောက်ပင့်ထားရေးတွင် ပျက်ကွက်ကြပြီ။ သေရည်သေရက်သောက်စား၊ ဖောက်ကားရောင်းဝယ်မှုကို ပိတ်ပင်ထားရန်ပွင့်ပွင့်လင်းလင်း အရေးဆိုဖို့ ဓမ္မဆရာတို့သည် ကြောက်ရွံ့နေကြသည်။ သူတို့၏လစာများ လျော့နည်းသွားမည်ကိုလည်းကောင်း၊ သူတို့၏ဓမ္မပရိသတ်နှင့်အသင်းသားများ၏ပြုံပြင်မှုကို ခံရမည်ကိုလည်းကောင်း စိုးရိမ်မကင်းဖြစ်ကြသောကြောင့် ဓမ္မဆရာတို့သည် သောက်စားမူးယစ်ခြင်း၏အကုသိုလ်အကြောင်းနှင့်ပတ်သက်၍ ဆိတ်ဆိတ်နေကြသည်။ အကယ်၍သမ္မာကျမ်းစာထဲမှ သမ္မာတရားကို သတ္တိရှိရှိနှင့်ပြတ်ပြတ်သားသားတင်ပြလျက်သန့်ရှင်းသောအရာနှင့်သာမညအရာတို့၏ခြားနားခြင်းကို ရှင်းလင်းပြတ်သားစွာ ဟောပြောသွန်သင်လျှင် သူတို့အားလူကြိုက်နည်းသွားမည်ကို သူတို့စိုးရိမ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အသင်းသားအနေဖြင့် စာရင်းသွင်းထားသောသူအမြောက်အမြားတို့သည် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း သေရည်သေရက်ရောင်းဝယ်ဖောက်ကားထုတ်လုပ်မှုတို့မှ ဝင်ငွေများရရှိနေသောသူများ ဖြစ်ကြသည်။

ယင်းပုဂ္ဂိုလ်တို့သည် မိမိတို့ကျူးလွန်နေသောဒုစရိုက်ကို မသိသောသူများမဟုတ်ပေ။ သေရည်သေရက်ရောင်းဝယ်ဖောက်ကားထုတ်လုပ်သောလုပ်ငန်းသည် သေရည်သေရက်သောက်သောသူတို့အား ဒုက္ခဆင်းရဲခြင်း၊ အရှက်တကွဲအကျိုးနည်းဖြစ်ခြင်း၊ လူနေမှုအဆင့်အတန်းနိမ့်ကျခြင်း၊ အသက်ဆုံးရှုံးခြင်း၊ စိတ်ဝိညာဉ်ကို ထာဝရပျက်စီးခြင်းသို့ တွန်းပို့ခြင်းစသော မကောင်းမှုအနိဋ္ဌာရုံများကို ရင်ဆိုင်စေကြောင်း မည်သူကိုမျှ ညွှန်ပြပြောဆိုရန်မလိုပေ။ ယင်းသေရည်သေရက်ရောင်းဝယ်ဖောက်ကားထုတ်လုပ်မှုမှ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေဝင်ငွေများ ရရှိနေသောသူတို့သည် ပိုက်ဆံသေတ္တာထဲတွင် လူသားတို့၏စိတ်ဝိညာဉ်ဆုံးရှုံးမှုမှတစ်ဆင့်ရရှိသောကြေးငွေများကို ထည့်သွင်းနေကြသည်။

သေရည်သေရက်လုပ်ငန်းနှင့်အဆက်အသွယ်ရှိနေသောသူတို့ကို အသင်းသားအနေဖြင့် လက်ခံထားရှိသောအသင်းတော်များသည် သေရည်သေရက်ရောင်းဝယ်ဖောက်ကား ထုတ်လုပ်မှုမှ ပေါ်ပေါက်လာသောလုပ်ငန်းအတွက် တာဝန်မကင်းဖြစ်ကြသည်။

လူ့ဝိညာဉ်များမှသွေးဖြင့်စွန်းပေနေသောငွေကြေး။ လူ့ခံတွင်းကိုသွေးဆောင်၍ သူကပင်ကူညီဖန်တီးပေးသော ခံတွင်းအလိုကို သူကပင်အဖြေရှာပေးသောပုဂ္ဂိုလ်တစ်ဦးကို ကမ္ဘာနှင့်အသင်းတော်တို့ကချီးကျူးစကားပြောကြားကောင်း ပြောကြားကြပေလိမ့်မည်။ ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းထားသောသူ၏ရုပ်ရည်သည် လုံးဝပျက်စီးသွားသည်တိုင်အောင် ထိုသူကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေသည့်ပုဂ္ဂိုလ်ကို အသင်းတော်နှင့်ကမ္ဘာကြီးတို့က ပြုံးရွှင်သောမျက်နှာဖြင့်ကြည့်ရှုကြပေလိမ့်မည်။ ဘုရားသခင်မှာမူကား ထိုသူကိုမျက်နှာတော်ပြုံး အလိုတော်မကျပဲကြည့်ရှုတော်မူ၍ သေခြင်းစာစောင်ထဲတွင် ထိုသူ၏ပြစ်ဒဏ်စီရင်ချက်ကို ရေးသားမှတ်ထားတော်မူလိမ့်မည်။

ယင်းပုဂ္ဂိုလ်သည် အသင်းတော်ကို အလှူငွေအမြောက်အမြားလှူဒါန်းသောသူဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် အရက်သမားအိမ်ထောင်မှညှစ်ထုတ်ယူ၍ရရှိခဲ့သောငွေကြေးများကို ဘုရားသခင်အနေဖြင့် ကြည်ဖြူစွာလက်ခံလိမ့်မည်လော။ ယင်းငွေကြေးသည် ဝိညာဉ်များ၏သွေးဖြင့်စွန်းကွက်နေ၍ ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာကို ခံထားရသောငွေလည်းဖြစ်သည်။ ဘုရားသခင်က "ငါထာဝရဘုရားသည် တရားသဖြင့်စီရင်ခြင်းကို နှစ်သက်၏။ လုယူခြင်းနှင့်အဓမ္မအမှုကိုမုန်းတီး၏။" ဟုမိန့်တော်မူသည်။ ယင်းကဲ့သို့သောအလှူငွေမျိုးကို လှူဒါန်းသောပုဂ္ဂိုလ်၏ရက်ရောမှုကို အသင်းတော်အနေဖြင့် ချီးကျူးစကားပြောကြားကောင်းပြောကြားလိမ့်မည်။ သို့ရာတွင် အသင်းသားတို့၏မျက်စိများသည်ကောင်းကင်ဆိုင်ရာမျက်စဉ်းခတ်ခြင်းကိုခံရလျှင် အကောင်းကိုအဆိုး၊ ဒုစရိုက်ကိုသုစရိုက်ဟုခေါ်ဆိုကြမည်မဟုတ်ပေ။ ကိုယ်တော်ရှင်က၊ "သင်တို့ပူဇော်သောယဇ်အများကို ငါသည် အဘယ်သို့ဆိုင်သနည်း။ သင်တို့သည် ငါ့ရှေ့မှာမျက်နှာပြခြင်းငှါ လာကြသောအခါ ငါ့တံတိုင်းတော်ကို ကျော်နင်းသောသင်တို့၌ ထိုသို့သောဝတ်ကို အဘယ်သူတောင်းသနည်း။ အချည်းနှီးသောပူဇော်သက္ကာကို နောက်တစ်ဖန်မဆောင်ခဲ့ကြနှင့်။ သင်တို့မီးရှို့သောနံ့သာပေါင်းကို ငါရွံရှာ၏" ဟုမိန့်တော်မူသည်။ "သင်တို့သည် ထာဝရဘုရား၏နားတော်ငြီးသည်တိုင်အောင်စကားများကြ၏။ နားတော်ငြီးသည်တိုင်အောင် အဘယ်သို့ပြုမိသနည်းဟုမေးသော်၊ ဒုစရိုက်ကိုပြုသောသူတိုင်း ထာဝရဘုရားရှေ့တော်၌

ကောင်း၏။ ထိုသို့သောသူတို့ကိုနှစ်သက်တော်မူ၏ဟူ၍လည်းကောင်း၊ စစ်ကြောစီရင်တော်မူသောဘုရားသခင်အား အဘယ်မှာရှိသနည်းဟူ၍လည်းကောင်းဆိုတတ်ကြသည်တကား။” **R & H, May 15, 1894.**



ဘုရားသခင်၏တရားစီရင်ခြင်းကို ခေါ်ဖိတ်သောအခြေအနေများ။ သေရည်သေရက်သောက်စားမူးယစ်သော ဆိုးကျိုးအနေဖြင့် ဆိုးသွမ်းမှုများ၊ များပြားစွာရပ်တည်နေမှုကြောင့် ယခုအခါတွင်ကမ္ဘာမြေကြီးပေါ်သို့ ဘုရားသခင်၏ တရားစီရင်ချက်များ ကျရောက်လျက်ရှိသည်။ ဤဆိုးသွမ်းမှုကြီးကို ကန့်ကွက်ဟန့်တားရန်၊ ကြိုးပမ်းကြရန် ကျွန်ုပ်တို့၏ကြီးလေးသောတာဝန်ဖြစ်သည်မဟုတ်ပါလော။ **CH, p. 432.**

ပြုပြင်ပြောင်းလဲရန်အချိန်တန်ပြီ။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ကြီးမားသောပြုပြင်ပြောင်းလဲမှုသည် လိုအပ်နေပေပြီ။ ကမ္ဘာကြီးသည် အဘက်ဘက်တွင် ကိုယ့်စိတ်ကြိုက်ကိုပြုလုပ်လျက်ရှိသည်။ ထုံထိုင်းစေသောအသုံးအဆောင်များ၊ လှုံ့ဆော်သောအသုံးအဆောင်များနှင့်မူးယစ်ထိုင်းမှိုင်းစေသောအသုံးအဆောင်များကိုသုံးစွဲမှုကြောင့် အများသောသူတို့၏စိတ်သဘောဉာဏ်တို့သည် သန့်ရှင်းသောအရာနှင့်သာမန်အရာတို့ကို ခွဲခြားသိမြင်နိုင်စွမ်းမရှိတော့ပေ။ **CH, p. 432.**

သေသောက်ကြူးသူတို့အားမစရန် ဘုရားသခင်က ခေါ်တော်မူခြင်း။ သင့်အိမ်နီးပါးချင်းသည် သေရည်သေရက်နှင့်ဆေးလိပ်များသောက်ခြင်းအားဖြင့် သူတို့ကိုယ်ကို ဖျက်ဆီးရန်စုံစမ်းသွေးဆောင်မှုကို လိုက်ပါလျက်ရှိနေပေလိမ့်မည်။ ပူပြင်းလှုံ့ဆော်သောအသုံးအဆောင်များကို သုံးစွဲခြင်းအားဖြင့် အသက်နှင့်ဆိုင်သောအင်္ဂါအစိတ်အပိုင်းများကိုမီးတင်ရှို့လျက်ရှိကောင်းရှိမည်။ ယင်းကဲ့သို့ပြုလုပ်နေခြင်းအားဖြင့်သူသည်သူ့ကိုယ်တိုင်နှင့်အိမ်ထောင်သူအိမ်ထောင်သားများတို့၏ ပျက်စီးရာပျက်စီးကြောင်းလမ်းတွင် လျှောက်လိုက်နေသောကြောင့် အိမ်သူအိမ်သားအနေဖြင့်လည်း ပျက်စီးရာသို့ဦးတည်သွားနေသောသူတို့၏အိမ်ထောင်ရှင်အား အဖတ်ဆယ်ရန်မည်သို့မျှပြုလုပ်နိုင်စွမ်းမရှိပေ။ ကိုယ်တော်၏စပျစ်ဥယျာဉ်၌အမှုတော်ထမ်းရန်လည်းကောင်း၊ သင်တို့၏လူသားအချင်းချင်းတို့ကို ကယ်ဆယ်ရန်လည်းကောင်း၊ ခွန်အားရှိသမျှကြိုးပမ်းကြဖို့ ဘုရားသခင်သည် သင်တို့အားခေါ်တော်မူသည်။ **M, 87, 1898.**

ဤအခြေအနေမျိုးကို ကျွန်ုပ်တို့သည် ရင်ဆိုင်နေကြ၍ သေရည်သေရက်သောက်စားခြင်း၏ကြောက်မက်ဖွယ်သောဆိုးကျိုးများကိုမျက်မြင်ကိုယ်တွေ့ဖြစ်နေရသောကြောင့် ဤဆိုးသွမ်းသောဒုစရိုက်ကြီးကိုတိုက်ဖျက်ရန် ဘုရားသခင်၏ကူညီမစတော်မူခြင်းဖြင့် စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်သင့်ကြပြီမဟုတ်ပါလော။ **Ev, p. 265.**

## ၂ တိုက်ပွဲတွင်ပါဝင်ဆင်နွှဲရန်ဖိတ်ခေါ်ခြင်း

ရှေ့တန်းတွင်ကျွန်ုပ်တို့နေရာယူရန်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာအသိုက်အဝန်းတွင် ပါဝင်ပါသည်ဟု အခိုင်အမာအဆိုပြုကြသောသူတို့အထဲတွင် သတ္တမနေ့ဥပုသ်အသင်းသားများအနေဖြင့် ရှေ့တန်းမှနေရာယူသင့်ကြပေသည်။ **GW, p. 384.**

ချုပ်တည်းခြိုးခြံမှုကိစ္စတွင် သူတို့သည် အခြားသူအားလုံးတို့၏ရှေ့တန်းမှပါဝင်ဆောင်ရွက်သင့်ကြပေသည်။ **MM, p. 273.**

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို ပွင့်ပွင့်လင်းလင်းထောက်ခံအားပေးနေသောသူများရှိလင့်ကစား၊ ချုပ်တည်းခြိုးခြံမှုကိုယုံကြည်ဂုဏ်ပြုပါသည်ဟုအခိုင်အမာဆိုကြသော ကျွန်ုပ်တို့အနေဖြင့် ရှေ့တန်းကိုလာရောက်၍ ယင်းကိစ္စဘက်၌ မားမားမတ်မတ်ရပ်တည်နေကြောင်း ဤရွံရှာဖွယ်ဖြစ်သည့်ဒုစရိုက်တည်းဟူသောချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို မျက်နှာသာဟူ၍အနည်းငယ်မျှပင်မပေးပဲ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသောဘဝရရှိဖို့ ကြိုးပမ်းနေကြောင်းကို လက်တွေ့ပြသသင့်ကြသည်မဟုတ်ပါလော။ **R & H, April 19, 1887.**

ကျွန်ုပ်တို့အသင်းများအနေဖြင့် ချုပ်တည်းခြိုးခြံမှုကိစ္စတွင်လျော့ရိလျော့ရဲဖြစ်ကြသည်ကို တွေ့မြင်သိရှိရသည့်အတွက်ကျွန်ုပ်အနေဖြင့် စိတ်မချမ်းမသာဖြစ်မိပါသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုတွင် ကျွန်ုပ်တို့အနေဖြင့် ရှေ့တန်းက နေကြရမည်။ **R & H, Oct. 21, 1884.**

ရယ်မောစရာမဟုတ်ပေ။ အများသောသူတို့ကချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စကို ရယ်မောစရာအနေဖြင့် သဘောထားကြသည်။ ကျွန်ုပ်တို့၏စားရေးသောက်ရေးစသည့် သေးနုပ်သောကိစ္စများကို ဘုရားသခင်အနေဖြင့် ဂရုမစိုက်ပါဟူ၍ အများသောသူတို့ကအခိုင်အမာအဆိုပြုကြသည်။ သို့ရာတွင် ဘုရားသခင်သည်ယင်းကိစ္စကို အရေးစိုက်



တော်မမူလျှင် ကိုယ်တော်ရှင်သည် မာနော်၏ဇနီးအားကိုယ်ထင်ရှားပြတော်မူ၍ သူမအား တိကျသောညွှန်ကြားချက်များ ပေးတော်မူ၍ ယင်းညွှန်ကြားချက်များကိုလည်း တစ်သဝေမတိမ်းလိုက်နာရန် နှစ်ကြိမ်တိုင်တိုင်မှာကြားတော်မူမည် မဟုတ်ပေ။ ထိုကြောင့် ယင်းကျန်းမာရေးဆိုင်ရာ ကိစ္စများကို ကိုယ်တော်ရှင်သည် စိတ်ဝင်စားကြောင်း လယ်ပြင်မှာ ဆင်သွားသကဲ့သို့ထင်ရှားသည်မဟုတ်ပါလော။ **ST, Sept. 13, 1910.**

တတိယကောင်းကင်တမန်သတင်းစကား၏တစ်စိတ်တစ်ဒေသ။ စစ်မှန်သောပြုပြင်ပြောင်းလဲမှုတိုင်းသည် တတိယကောင်းကင်တမန်သတင်းစကားဆိုင်ရာလုပ်ငန်းတွင်ပါဝင်သက်ဆိုင်နေသည်။ အထူးသဖြင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းသည် ကျွန်ုပ်တို့၏ဂရုစိုက်မှုနှင့်ထောက်ပံ့မှုကို တောင်းဆိုလျက်ရှိလေသည်။ **6T, p. 110.**

ဘုရားသခင်၏လူများအနေဖြင့်ကျွန်ုပ်တို့အထဲတွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကိုပြန်လည်ဆက်သွယ်ရန် လိုအပ်နေသည်မဟုတ်ပါလော။ လူတို့၏စိတ်ဝိညာဉ်များကို ဖျက်ဆီး၍သောင်းကျန်းမှုပြစ်မှုမျိုးမျိုးတို့ကို ဖန်တီးပေးနေသောသေရည်သေရက်ရောင်းဝယ်ဖောက်ကားထုတ်လုပ်မှုကို ပိတ်ပင်တားဆီးရန်ဆတက်ထမ်းပိုးတို့၍ အားထုတ်သင့်သည်မဟုတ်ပါလော။ ကျွန်ုပ်တို့၏လက်ဝယ် ဘုရားသခင်အပ်နှင်းထားတော်မူသော အလင်းတရားကို လက်ကိုင်ထား၍စစ်မှန်သောပြုပြင်ပြောင်းလဲမှုတိုင်း၏ရှေ့တန်းတွင် မားမားမတ်မတ်ရပ်တည်နေသင့်ကြသည်မဟုတ်ပါလော။ **CH, p. 432.**

ဆက်လက်၍အင်တိုက်အားတိုက်ကြိုးပမ်းမှု။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် ဆက်လက်၍အဖျက်လုပ်ငန်းကိုလုပ်ကိုင်လျက်ရှိသည်။ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတို့၏တိုးတက်ကြီးပွားခြင်းကို တားဆီးထားရန် အပြစ်ဒုစရိုက်သည်ကြီးမားထွားကြိုင်းသောအဟန့်အတားအနေဖြင့်ရပ်တည်နေသည်။ အသိပညာနည်းပါးမှုနှင့်ဆိုးသွမ်းမှုတို့မှပေါက်ပွားလာသောလူမှုရေးဆိုင်ရာမှားယွင်းလုပ်ဆောင်မှုတို့သည် စကားအားဖြင့်ဖော်ပြ၍မရနိုင်လောက်သောဆင်းရဲဒုက္ခများကို ဖန်တီးလျက်ပင်ရှိသေး၍ အသင်းတော်နှင့်လောကကြီးတစ်ခုလုံးအပေါ်သို့၎င်း၏ဒုက္ခပေးသောမှောင်ရိပ်ကိုထိုးလျက်ရှိသည်။ လူငယ်လူရွယ်တို့တွင် လွန်စွာဆိုးသွမ်းခြင်းအရှိန်သည် ဆုတ်ယုတ်ခြင်းမရှိပဲ တိုးတက်လျက်သာရှိသည်။ ဤအတိဒုက္ခရောက်စေသောဘေးဒဏ်ကို ခြေမှုန်းပစ်ရန် အင်တိုက်အားတိုက်မပြတ်မလပ် ဆောင်ရွက်မှသာလျှင် မှန်းချက်နှင့်နှမ်းထွက် ကိုက်လိမ့်မည်။ စွဲလမ်းခြင်းနှင့်ခံတွင်းအလို၊ ဆိုးသွမ်းသောအလေ့အထများနှင့်မသန့်ရှင်းသော တပ်မက်ခြင်းများတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရခြင်းသည် ကြောက်ခမန်းလိလိဖြစ်လိမ့်မည်။ ဤတိုက်ပွဲတွင် အခြေခံ ခံယူချက်များကို ကိုင်စွဲထားသောသူသာလျှင် အောင်ပန်းကို ဆွတ်ခူးကြရမည်။ **R & H, Nov. 6, 1883.**

ကိုယ်တော်ရှင်၏အသင်းတော်မှတစ်ဆင့် ဘုရားသခင်ဆောင်ရွက်တော်မူသည်။ အကယ်၍အမျိုးသား၊ အမျိုးသမီးတို့သည် ဤကဲ့သို့လှည့်ဖြားသွေးဆောင်မှုကိုခံရလျှင် ဤလှည့်ဖြားသွေးဆောင်ခြင်းကိုခံရသောသူတို့လမ်းလွဲလိုက်မိခြင်းမှကယ်ဆယ်ရန် မိမိတို့၏တာဝန်ကိုထမ်းဆောင်ကြဖို့တိုက်တွန်းလျက်ဘုရားသခင်သည် ကိုယ်တော်ရှင်အသင်းတော်၏အသင်းသူအသင်းသားတို့မှတစ်ဆင့် ဆောင်ရွက်တော်မူမည်မဟုတ်ပါလော။ အများသောသူတို့က သေရည်သေရက်သည် ဒုက္ခရောက်ချိန်တွင် တစ်ခုတည်းသောစိတ်သက်သာမှုပေးသည့်အရာဟု သဘောထားကြသည်။ အကယ်၍ဘုရားသခင်၏လူတို့သည် မိမိတို့ရရှိသောအခွင့်အရေးကိုလက်မလွတ်စေပဲ ဆောင်ရွက်ကြလျှင်ယင်းအခြေအနေမျိုးပေါ်ပေါက်လာရန်မလိုပေ။ သူတို့၏မျက်စိများသည် တစ်ကိုယ်ကောင်းစိတ်ဖြင့်ကွယ်မနေလျှင်ဆောင်ရွက်ရန်ကျန်ရှိနေသောလုပ်ငန်းကို သူတို့တွေ့မြင်ကြမည်ဖြစ်သည်။ သူတို့၏အပြစ်ဒုစရိုက်များ လွတ်ငြိမ်းချမ်းသာခွင့်ရသောကြောင့် ဝမ်းသာမဆုံးတပြုံးပြုံးဖြစ်နေရသောသူတို့အတွေ့အကြုံ၏အစအဦပိုင်းတွင် ဘုရားသခင်ကသူတို့အား ဆောင်ရွက်စေလိုတော်မူသောလုပ်ငန်းကို ဆောင်ရွက်စေရန် ကိုယ်တော်ရှင်သည် သူတို့အား စေလွှတ်တော်မူမည်။ **M, 87, 1898.**

ပုဆိန်ထက်အာနိသင်ရှိသောလက်နက်။ ကျွန်ုပ်တို့သည်လူတို့အားသတိပေးနိုင်သောနေရာတွင် ရပ်တည်နေကြရန် ဘုရားသခင်သည် အလိုတော်ရှိသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စကိုဂရုစိုက်တင်ပြရန်လည်း ကိုယ်တော်ရှင်သည် လိုလားတော်မူသည်။ မှားသောစားသောက်မှုဆိုင်ရာအလေ့အကျင့်များကို ကျင့်သုံးခြင်းအားဖြင့်လူသားတို့သည် စဉ်းစားဉာဏ်နှင့်အသိဉာဏ်အတွက် သူတို့၌ရှိသောစွမ်းရည်ကို ဖျက်ဆီးပစ်ကြသည်။ ကျွန်ုပ်တို့အနေဖြင့် ပုဆိန်

ကိုင်၍သေရည်သေရက်အရောင်းဆိုင်များအတွင်းသို့ဝင်၍ ဖျက်ဆီးပစ်ရန်မလိုပေ။ ကျွန်ုပ်တို့၌ပုဆိန်ထက်ပိုမိုထက်မြက်သည့်လက်နက်တည်းဟူသော အသက်ရှင်တော်မူသည့်ဘုရားသခင်၏နှုတ်ကပတ်တော်ရှိပါသည်။ ယင်းနှုတ်ကပတ်



တော်က သူတို့သွားရာလမ်းကို ဖြတ်ကျော်၍ စာတန်ချထားသောအလွန်ဆိုးယုတ်လှသည့်မှောင်ရိပ်ကိုထိုးဖောက်သွားလိမ့်မည်။ ဘုရားသခင်သည် အင်အားကြီးတော်မူ၍ တန်ခိုးတော်ရှိတော်မူသည်။ ကိုယ်တော်ရှင်သည် သူတို့စိတ်နှလုံးအားစကားပြောတော်မူမည်။ ယင်းကဲ့သို့ ပြုလုပ်နေတော်မူသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရပြီ။ **GCB, April 23, 1901.**

ဆိုးသွမ်းမှုကို ဟန့်တားရာတွင် လူငယ်လူရွယ်များပါဝင်ဆောင်ရွက်ကြရမည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို တိုက်ဖျက်ရာတွင် ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသော လူငယ်လူရွယ်တို့ထက် အောင်မြင်မှုကို ပိုမိုရရှိနိုင်သောလူတန်းစားကားမရှိတော့ပေ။ ယခုခေတ်တွင် ကျွန်ုပ်တို့မြို့ကြီးပြကြီးများရှိလူငယ်လူရွယ်တို့သည် တစ်တပ်တစ်အားအနေဖြင့်လည်းကောင်း၊ တည်ကြည်စွာဖြင့်လည်းကောင်း၊ စုပေါင်းညီညာစွာကိုယ်ကျိုးငဲ့သည်သာမက ကျန်းမာမှုကိုပါဖျက်ဆီးသောကိုယ့်အလိုလိုက်မှုရှိသမျှကို ဖယ်ရှားပစ်သင့်ကြပေသည်။ သူတို့သည် ကောင်းကျိုးအများဆုံးပြုနိုင်သောအင်အားစုဖြစ်သည်။ လူငယ်လူရွယ်တို့အား ဆွဲဆောင်ရန် တေးဂီတများနှင့်အခြားပျော်စရာရွှင်စရာများထားရှိသောခန်းမကြီးများနှင့် ပန်းဥယျာဉ်တွင် အကျင့်စာရိတ္တဖောက်ပြားမှုကို ရင်ဆိုင်ရသည့်လူငယ်အမြောက်အမြားကို ကယ်ဆယ်နိုင်ကြပေမည်။

ယခုခေတ်အတွက်ထားရှိသောသမ္မာတရားကိုယုံကြည်ကြောင်းအခိုင်အမာအဆိုပြုကြသောလူငယ်လူရွယ်တို့သည် လူ့အသိုက်အဝန်းအတွင်းသို့ စိတ်ပါလွယ်စေသော ဩဇာသက်ရောက်မှုဖြင့်ထိုးဖောက်ဝင်ရောက်လာခဲ့သောဆိုးသွမ်းမှုတို့ကို စည်းလုံးညီညွတ်စွာရင်ဆိုင်ကြခြင်းအားဖြင့် ယေရှုရှင်အား အာရဝမ်းမြောက်စေနိုင်ကြပါသည်။ တိုင်းပြည်တစ်ဝန်းတွင်ကိုယ်ကျင့်တရားဖောက်ပြန်စေနိုင်သောအာနိသင်မျိုးဖြင့် ဒီရေအလားတိုးတက်ပျံ့နှံ့နေသောချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို ဟန့်တားရန် သူတို့သည် တတ်နိုင်သမျှ ကြိုးပမ်းသင့်ကြပေသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို ပွင့်ပွင့်လင်းလင်းတိတိကျကျထောက်ခံအားပေးနေသောသူများရှိနေသည်ကို သဘောပေါက်လျက် လူသားတို့အား လျင်မြန်စွာပျက်စီးခြင်းသို့တွန်းပို့သောယင်းဒီရေအလားပျံ့နှံ့လာသောချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို ဘုရားသခင်ကိုချီးကျူးဂုဏ်ပြုကြသော သူတို့ကပြင်းပြင်းထန်ထန်တွန်းလှန်သင့်ကြပေသည်။ **YI, July 16, 1903.**

ခံတွင်းအလိုလိုက်ခြင်းနှင့် တပ်မက်ခြင်းကိုတိုက်ဖျက်ရန် သန့်ရှင်းသောစစ်ပွဲသို့ချီတက်ကြပါကုန်။ ချုပ်တည်းခြိုးခြံမှုလှုပ်ရှားမှုကြီးအောင်မြင်စွာဆင်နွှဲ၍ယင်းချုပ်တည်းခြိုးခြံမှုသည် ခရစ်ယာန်ဘာသာနှင့်မည်ကဲ့သို့စပ်ဆိုင်ကြောင်း ကိုပြသရန် ကျွန်ုပ်တို့၏လူငယ်လူရွယ်တို့သည် မိမိတို့၏စွမ်းရည်ကိုအသုံးပြုဖို့အဆင်သင့်ဖြစ်ကြပါ၏လား။ ခံတွင်းအလိုလိုက်ခြင်းနှင့်တပ်မက်ခြင်းကိုတိုက်ဖျက်ရန်သန့်ရှင်းသောစစ်ပွဲကိုဆင်နွှဲကြပါမည်လား။ လေးနက်ခိုင်မာသောအခြေခံသဘောတရားများကိုချေမှုန်းပစ်ရန် ပဝတ္တိဖြစ်သော(ဝါ)လူထွင်ထားသော ယဉ်ကျေးမှုသည် ဆိုးသွမ်းမှုများကိုအားပေးလျက်ရှိသည်။ ကျွန်ုပ်တို့၏သခင်ယေရှုရှင်ကြွလာရန်တံခါးဝသို့ရောက်ရှိနေလေပြီ။ ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်လုပ်ကိုင်ရန် အဆင်သင့်လည်းဖြစ်၍ လုပ်ရဲကိုင်ရဲလည်းရှိသော ပုဂ္ဂိုလ်များဘယ်မှာရောက်ရှိနေကြသနည်း။ "ငါ့သား၊ ယနေ့ငါ့စပျစ်ဥယျာဉ်သို့သွား၍ လုပ်ဆောင်လော့" ဟုဘုရားသခင်ကခေါ်တော်မူသည်။ **M, 134, 1898.**

ဘုရားသခင်၏ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။ ချုပ်တည်းခြိုးခြံမှုအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် လုပ်ငန်းကိုစတင်လုပ်ကိုင်ကြရမည်။ ကျွန်ုပ်အားကိုယ်တော်ရှင်က မကြာခဏပေးတော်မူခဲ့သောပြုလုပ်ရမည့်နည်းလမ်းအတိုင်း ကျွန်ုပ်တို့ဆောင်ရွက်ရမည်။ **L, 334, 1905.**

ကျွန်ုပ်တို့၏ချုပ်တည်းခြိုးခြံမှုဆိုင်ရာအဖွဲ့တွင် ပါဝင်ရန်ခေါ်ဖိတ်ခြင်း။ သမ္မာတရားကိုဝန်မခံသောသူအများတို့သည်ပင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာအဖွဲ့များနှင့်ကလပ်အသင်းများကို ဖွဲ့စည်းတည်ထောင်လုပ်ကိုင်နေကြသော်လည်း ကျွန်ုပ်တို့အသင်းသားများသည် အခြားအသင်းတော်များနှင့်နှိုင်းယှဉ်လျှင် အခြေခံသဘောတရားရေးရာနှင့်လက်တွေ့ချုပ်တည်းခြိုးခြံရေးရာတို့၌ ရှေ့တန်းရောက်နေလျက်နှင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အသင်းအဖွဲ့များကို ဖွဲ့စည်းတည်ထောင်ရာ၌ လက်နှေးနေကြသောကြောင့် သူတို့ဆောင်ရွက်နိုင်သည့်တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြသည်။**L, 1, 1882.**

ဘုရားသခင်သည် ကျွန်ုပ်အား ပေးတော်မူသောအလင်းတရားအရ ကျွန်ုပ်တို့အသင်းသားတိုင်းသည် ကတိသစ္စာပြုကတ်ပြားတွင် မိမိတို့၏လက်မှတ်ကိုရေးထိုး၍ ချုပ်တည်းခြိုးခြံမှုဆိုင်ရာအဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်သင့်ကြပေသည်။ **R & H, Oct. 21, 1884.**



အသင်းသားတိုင်းလုပ်ကိုင်ဆောင်ရွက်ရမည်။ သမ္မာကျမ်းစာကိုယ်ပိုင်ရှိ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ကြသောသူတို့သည် ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းတွင် တက်တက်ကြွကြွလုပ်ဆောင်သောသူများဖြစ်ကြပါစေ။ ကျွန်ုပ်တို့ကယ်တင်ရှင်၏အမှုတော်ကို မည်သူများကတိုးတက်ဆောင်ရွက်မည်နည်း။ အသင်းသားတိုင်းမှန်ကန်သောနည်းလမ်းအတိုင်း ဆောင်ရွက်ပါစေ။**L, 18a, 1906.**

လူတိုင်းချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကိုဆောင်ရွက်စေလိုသည်။ **M, 18, 1894.**

ပုံသက်သေ၏အာနိသင်။ ကျွန်ုပ်တို့၏ပုံသက်သေနှင့်ကိုယ်တိုင်ကြိုးပမ်းမှုအားဖြင့် ဝိညာဉ်ပေါင်းများစွာတို့အား ချုပ်တည်းခြိုးခြံမှုကင်းမဲ့မှုကြောင့် အသရေယုတ်ခြင်း၊ ပြစ်မှုကျူးလွန်မှုကြောင့် အသရေယုတ်ခြင်း၊ အချိန်မတန်ပဲသေလွန်မှုကြောင့် အသရေယုတ်ခြင်းဘဝမှ ကယ်တင်နိုင်မည်ဖြစ်သည်။ **3T, p. 489.**

ဒံယေလကဲ့သို့ ပုဂ္ဂိုလ်မျိုးလိုအပ်ခြင်း။ ယခုအခါတွင် ဒံယေလကဲ့သို့မိမိ၏အလိုသို့မလိုက်၊ ချုပ်တည်းခြိုးခြံမှုရေးရာတွင် တိကျပြတ်သားစွာပြုပြင်ပြောင်းလဲရန် သတ္တိရှိရှိဖြင့် ဆောင်ရွက်သောသူများလိုအပ်နေသည်။ ခရစ်ယာန်တိုင်းသည် မိမိ၏ပုံသက်သေနှင့်ဩဇာသက်ရောက်မှုသည် ပြုပြင်ပြောင်းလဲသောလုပ်ငန်းဘက်မှာ မားမားမတ်မတ်ရပ်နေကြပါစေ။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ ဓမ္မဆရာတို့သည် သူတို့၏အသင်းသားတို့အားသစ္စာရှိစွာ ဆုံးမဩဝါဒပေးပါ။ သတိလည်းပေးပါ။ ကမ္ဘာနှစ်ခု၌ရပ်တည်ရမည်ဖြစ်သောကျွန်ုပ်တို့ဘဝ၏ပျော်ရွှင်မှုသည် ကမ္ဘာတစ်ခု၌နေထိုင်စဉ် မှန်ကန်သောတိုးတက်မှုရှိအောင်ပြုရကြမည်။ **ST, Dec. 6, 1910.**

## ၃ အသံဖြင့် ကျွန်ုပ်တို့ဓမ္မဒေသနာဟောပြောခြင်း၏တစ်စိတ်တစ်ဒေသ

ချုပ်တည်ခြိုးခြံမှုကို ဝိညာဉ်ရေးဆိုင်ရာ သမ္မာတရားများဖြင့်ပူးတွဲတင်ပြပါ။ ဝိညာဉ်ရေးဆိုင်ရာသမ္မာတရားများကို ဟောပြောတင်ပြခြင်းနှင့်ပတ်သက်၍ ၎င်းအပြင်ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကမည်ကဲ့သို့ပြောထားကြောင်းကိုလည်း တင်ပြသင့်ပေသည်။ တတ်နိုင်သမျှသောနည်းအားဖြင့်ဝိညာဉ်တိုင်းအားအပြစ်ကိုဖော်ပြ၍ ပြုပြင်ပြောင်းလဲပေးသောဘုရားသခင်၏တန်ခိုးတော်အောက်သို့ ပို့ဆောင်ပေးရမည်ဖြစ်သည်။ **L, 148, 1909.**

ချုပ်တည်းခြိုးခြံမှုကိစ္စနှင့်ပတ်သက်၍အချို့သောသူတို့က "ကျွန်တော့်မှာအချိန်မရှိဘူး။ တတိယကောင်းကင်တမန်ရဲ့သတင်းစကားနဲ့ကျွန်တော်တို့ယုံကြည်ချက်တွေရဲ့ အကြောင်းရင်းတွေကို နေရာအနှံ့အပြားမှာဟောပြောနေတဲ့အတွက်ကြောင့် သိပ်အလုပ်များနေတဲ့အတွက်ကြောင့် ကျန်းမာခြင်းတို့၊ ချုပ်တည်းခြိုးခြံမှုကိစ္စတွေကို လုပ်ဆောင်ဖို့အချိန်မပေးနိုင်ပါဘူး" ဟူသောပြောဆိုသံကိုကျွန်ုပ်ကြားဖူးပါသည်။ အကယ်၍ ဤကဲ့သို့ပြောကြသောအမှုတော်ဆောင်များသည် သူတို့၏တရားဟောချက်ကို သုံးပုံတစ်ပုံဖြတ်ချလျှင် ဓမ္မပရိသတ်များအတွက် ပိုမိုအကျိုးရှိ၍ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စများကို ဆောင်ရွက်ဖို့လည်း အချိန်ရမည်ဖြစ်သည်။ **R & H, Feb. 14, 1888.**

ချုပ်တည်းခြိုးခြံမှုနှင့်ကယ်တင်ခြင်းတရား။ ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှု၏အခြေခံသဘောတရားများကို ဟောပြောရန် တာဝန်ကို ဘုရားသခင်သည် ကျွန်ုပ်တို့အား အပ်နှင်းထားတော်မူသည်။ အချို့သောအမှုတော်ဆောင်များက သူတို့၏တရားဟောလုပ်ငန်းတွင်ထည့်သွင်းဟောပြောရလောက်အောင် စားရေးသောက်ရေးကိစ္စသည် အရေးပါအရာရောက်ခြင်းမရှိပါဟု ယူဆကြသည်။ ဤယူဆချက်သည် မှားယွင်းပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကပြောထားသည်မှာ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကို ထောက်၍ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့။" (၁ကော၊ ၁၀း၃၁)။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာ အကြောင်းကိစ္စအဝဝတို့သည် ကယ်တင်ခြင်းဆိုင်ရာ လုပ်ငန်းတွင် အရေးပါအရာရောက်သော

ကိစ္စတစ်ရပ်ဖြစ်သည်။ **9T, p. 112.**

တတိယကောင်းကင်တမန်သတင်းစကား၏တစ်စိတ်တစ်ဒေသဖြစ်သည်။ ညီအစ်ကိုမောင်နှမအပေါင်းတို့၊ ဤချုပ်တည်းခြိုးခြံမှုအကြောင်းအရာသည် အရေးပါအရာရောက်သောကိစ္စဖြစ်ကြောင်းကိုသင်တို့သိရှိနားလည်စေရန်ကျွန်ုပ်



တို့အနေဖြင့် အလိုရှိပါသည်။ ၎င်းအပြင် ကျွန်ုပ်တို့အမှုတော်ဆောင်များသည် ဤချုပ်တည်းခြိုးခြံမှုကိစ္စတွင် စိတ်ဝင်စား၍လက်ျာဘက်လက်သည်ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းဖြစ်သကဲ့သို့ ချုပ်တည်းခြိုးခြံမှုကိစ္စသည်လည်း တတိယကောင်းကင်တမန်သတင်းစကား၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်းကို သိရှိစေလိုပါသည်။ ဤလုပ်ငန်းကို ရှေ့သို့တိုးတက်ဆောင်ရွက်ရန် ကျွန်ုပ်တို့အနေဖြင့် ကြိုးပမ်းသင့်ကြပေသည်။ **R & H, Feb. 14, 1888.**

သဘာဝဓမ္မ၏ဥပဒေပညတ်များကို ရှင်းလင်းပြတ်သားစွာပြောပြသွန်သင်ခြင်းနှင့်ယင်းဥပဒေပညတ်ကိုနာခံကျင့်သုံးရန် တိုက်တွန်းပြောဆိုခြင်းတို့သည် ခရစ်တော်သခင်ပြန်လည်ကြွလာမှုအတွက်ပြင်ဆင်စေမည့် တတိယကောင်းကင်တမန်သတင်းစကားနှင့်ဒွန်တွဲ၍ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည်။ **3T, p. 161.**

လူထု၏စိတ်ကိုနှိုးဆော်ပေးပါ။ ခရစ်တော်ပထမအကြိမ်ကြွလာတော်မူခြင်းအတွက် လမ်းကိုပြင်ဆင်ပေးရန် ယောဟန်သည် ဧလိယ၏စိတ်သဘောနှင့်လာသကဲ့သို့ ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်းအတွက် လမ်းကိုပြင်ဆင်ပေးရသောသူတို့ကို သစ္စာရှိသောဧလိယနှင့်ပုံဆောင်ထားသည်။ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဒေသနာတော်ကြီးကို လှုံ့ဆော်ပေးရမည်။ လူထု၏စိတ်ကိုနှိုးဆော်ပေးရမည်။ ဘုရားသခင်၏လူတို့အားဝတ်ပြုကိုးကွယ်ခြင်း၊ စားသောက်လွန်ကြူးခြင်းနှင့်ဝတ်စားတန်ဆာဆင်ခြင်းနှင့်အခြားသောအရာတို့အတွက် အသုံးဖွာခြင်းစသောလုပ်ရပ်တို့ကို လိုက်စားခြင်းမပြုစေရန် ခပ်သိမ်းသောအရာတို့၌ ချုပ်တည်းခြိုးခြံရမည်ဆိုသောဒေသနာကို ဧဝံဂေလိသတင်းစကားနှင့်တွဲဖက်တင်ပြဟောပြောရကြမည်။ **3T, p. 62.**

သောက်စားမူးယစ်ခြင်း၏အန္တရာယ်ကို ကျယ်သောအသံဖြင့်ကန့်ကွက်ကြစို့။ ယင်းသောက်စားမူးယစ်ခြင်း၏ဆိုးညစ်သောသြဇာသက်ရောက်မှုနှင့်ပတ်သက်၍ ကမ္ဘာကြီးအားသတိပေးကြစို့။ ခံတွင်းအလိုလိုက်စားခြင်း၏ကြောက်မက်ဖွယ်သောဆိုးကျိုးများကို လူငယ်၊ လူကြီးတို့ရှေ့မှောက်တွင်ပြတ်ပြတ်သားသား၊ ကွက်ကွက်ကွင်းကွင်းတင်ပြကြစို့။ **M, 80, 1903.**

ချုပ်တည်းခြိုးခြံမှုဒေသနာကို ဧဝံဂေလိဒေသနာ၏တစ်စိတ်တစ်ဒေသအနေဖြင့် တင်ပြဟောပြောသောအခါ ပြုပြင်ပြောင်းလဲဖို့လိုအပ်ကြောင်းကို အများသောသူတို့က တွေ့မြင်ကြလိမ့်မည်။ မူးယစ်သေစာများ၏ဆိုးသွမ်းမှုကိုလည်းကောင်း၊ ဘုရားသခင်၏လူနာများအနေဖြင့်ဖြောင့်ဖြောင့်မှန်မှန်ရပ်တည်နေနိုင်သည့်တစ်ခုတည်းသောနယ်မြေသည် မူးယစ်သေစာဟူသမျှကို လုံးဝရှောင်ကြဉ်ခြင်းဖြစ်သည်ကိုလည်းကောင်း သူတို့သည် တွေ့မြင်ကြလိမ့်မည်။ **7T, p. 75.**

ယခုအခါ အနှစ်သာရမပါသောသတင်းစကားမဟုတ်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းတည်းဟူသော ဆိုးသွမ်းမှုသည် လူတို့၌ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကိုဖျက်ဆီးနေသောကြောင့် ယင်းကိုတိုက်ဖျက်သောလုပ်ငန်းကို ဆက်လက်၍အင်တိုက်အားတိုက်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းတိုက်ပွဲသည် ကျွန်ုပ်တို့ရှေ့တွင်ရှိနေပါသည်။ ယခုအခါတွင် အနှစ်သာရမရှိသောသတင်းစကားသည်သြဇာသက်ရောက်မှုရှိမည်မဟုတ်ပေ။ ဘုရားသခင်သည်ကျွန်ုပ်တို့၏ကမ္ဘာကြီးကို တော်လှန်သောကမ္ဘာကြီး၊ ညစ်ညမ်းနေသောကမ္ဘာကြီးအနေဖြင့် တွေ့မြင်တော်မူသည်။ သို့ရာတွင် ဤမကောင်းမှုဒုစရိုက်များအား အမြတ်တနိုးရှိခိုးကော်ရော်ပူဇော်ပသနေခြင်းကို တိုက်ဖျက်ကြသောသူတို့အား ဘုရားသခင်သည် မစတော်မူလိမ့်မည်။ **L, 102a, 1897.**

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းတည်းဟူသောဆိုသွမ်းမှုကိုအနာဂတ်ကာလတွင် အတိတ်ကာလကထက် ဆတက်ထမ်းပိုးတိုး၍ ရဲရင့်စွာတိုက်ဖျက်ရမည်ဖြစ်သည်။ **YI, March 9, 1909.**

မြို့ကြီးပြကြီးများ၌ကျင်းပသောရက်ရှည်ဓမ္မစည်းဝေးတိုင်းတွင်ချုပ်တည်းခြိုးခြံမှုဆိုင်ရာ တရားဟောချက်များကိုဟောပြောရမည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်း၏တိုးတက်မှုကို ထမ်းဆောင်ရာတွင် ကျွန်ုပ်တို့၏ထမ်းဆောင်မှုသည်အကြိမ်ပေါင်းလည်းများရမည်။ နေရာအနှံ့အပြား၌လည်းဆောင်ရွက်ရမည်။ မြို့တွင်း၌ ကျွန်ုပ်တို့ဟောပြောသောတရားဟောချက်တိုင်းတွင် ခရစ်ယာန်တို့၏ချုပ်တည်းခြိုးခြံမှုဆိုင်ရာအချက်အလက်များကိုလည်း အချိန်ယူ၍ တင်

ပြရမည်။ ကျန်းမာခြင်းဆိုင်ရာကိစ္စအဝဝကို လူထုအားတင်ပြ၍ လူငယ်လူရွယ်များ၊ လူလတ်ပိုင်းကပုဂ္ဂိုလ်များနှင့်သက်ကြီးရွယ်အိုတို့အားခရစ်ယာန်တို့၏ဘဝရပ်တည်မှုဆိုင်ရာအခြေခံသဘောတရားရေးရာများကို ဩဝါဒပေးရန် အထူးကြိုးပမ်းရမည်။ တရားဒေသနာကိုတင်ပြသောအခါ ဤအစီအစဉ်ကိုတစ်ကဏ္ဍအနေဖြင့်တင်ပြသည့်နည်းကိုပြန်လည်အသုံးပြု၍ ယင်းသမ္မာတရားကို လင်းရောင်ခြည်ပေးသောမီးခွက်ကဲ့သို့ထွန်းလင်းတောက်ပနေပါလေစေ။ **M, 61, 1909.**

## ၁၆၈ ခေတ်ကာလ၏စိန်ခေါ်ချက်

ယုံကြည်လောက်သောချေပချက်နှင့်စိတ်ထိခိုက်လောက်သောတိုက်တွန်းစကားများအသုံးပြုလျက်။ ဓမ္မပရိသတ်ဦးရေများစွာ တက်ရောက်ကြသောဓမ္မစည်းဝေးများအားလုံးတွင် ယင်းပရိသတ်တို့အားချုပ်တည်းခြိုးခြံမှုဆိုင်ရာဒေသနာကို ယုံကြည်ဖွယ်အဖြစ်ဆုံးသောချေပချက်များနှင့်အတတ်နိုင်ဆုံးစိတ်ထိခိုက်ဖွယ်သောတိုက်တွန်းစကားများအသုံးပြုလျက်တင်ပြရမည်။ ခရစ်ယာန်တို့၏ချုပ်တည်းခြိုးခြံမှုကို သမ္မာကျမ်းစာ၏ရှုထောင့်မှသင်ကြားပြသပေးရမည့်အလုပ်ကို ကျွန်ုပ်တို့အား ဘုရားသခင်ကပေးထားတော်မူသည်။ **M, 82, 1900.**

လူထုဓမ္မစည်းဝေးများကျင်းပပြီးနောက်ကျန်းမာရေးဆိုင်ရာသင်တန်းများဖွင့်လှစ်သင်ကြားပေးရမည်။ ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၏အခြေခံသဘောတရားရေးရာများကိုလူအများတို့အားတင်ပြရမည့်လုပ်ငန်းကိုဆောင်ရွက်ရန်များစွာ လိုအပ်နေပေသေးသည်။ ယင်းကိစ္စကိုတင်ပြရန် လူထုစည်းဝေးများကျင်းပရမည်။ ကျွန်ုပ်တို့၏ကျန်းမာရေးဆိုင်ရာအစားအစာများနှင့်အသားများ၊ လက်ဖက်ရည် သို့မဟုတ်ကော်ဖီစသောအစားအသောက်များမသုံးပဲ အရသာလည်းရှိ၍ ကျန်းမာဝဖြိုးစေသောအစားအစာများပြင်ဆင်ချက်ပြုတ်နည်းများကို စိတ်ဝင်စားကြသော သူတို့အားတင်ပြနိုင်ရန် သင်တန်းများစီစဉ်ထားရှိပို့ချရမည်။

သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းနှိုးဆော်ချက်အရ ချုပ်တည်းခြိုးခြံမှုဆိုင်ရာဒေသနာကို စွဲမြဲစွာမှတ်သားထားအောင်တင်ပြရမည်။ မူးယစ်သေစာရှိသမျှကို လုံးဝရှောင်ကြဉ်ရန်လိုအပ်ကြောင်းကိုပြသပါ။ ဆေးလိပ်နှင့်သေရည်သေရက်တို့သည် လူ့ကိုယ်ခန္ဓာကိုကြောက်မက်ဖွယ်ကောင်းလောက်အောင်အန္တရာယ်ပြုတတ်ကြောင်းကိုလည်း ပြသပါ။ **Ev, p. 534.**

စားသောက်မှုဆိုင်ရာကျွန်ုပ်တို့၏အကျင့်ဓလေ့များ ဘာကြောင့်ပြောင်းလဲရကြောင်းကိုပြသပါ။ စားသောက်မှုဆိုင်ရာအကျင့်ဓလေ့များကိုပြောင်းလဲရန်ဘာကြောင့်လိုအပ်ကြောင်းရှင်းလင်းပြရန်လည်းကောင်း၊ ပူလောင်၍ စပ်လွန်းသောဟင်းလျာများသည် အစာကြေညက်သောအင်္ဂါအစိတ်အပိုင်းများ၌ရှိသောနုနယ်လှသည့်အတွင်းထပ်ကိုလောင်ကျွမ်းတတ်ကြောင်းကိုပြသရန်လည်းကောင်း သင်ကြားပို့ချမှုများပြုလုပ်ပေးရမည်။ ကျွန်ုပ်တို့အသင်းတော်အနေဖြင့် စားသောက်မှုဆိုင်ရာအကျင့်ဓလေ့များကို ဘာကြောင့်ပြောင်းလဲရကြောင်းကို ပြသပါ။ ဆေးလိပ်နှင့်သေရည်သေရက်ကိုဘာကြောင့်ကျွန်ုပ်တို့ရှောင်ကြဉ်ကြောင်းကို ပြောပြပါ။ ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သောအခြေခံသဘောတရားများကိုပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်းတင်ပြပါ။ ယင်းကဲ့သို့ရှင်းပြယင်းစားပွဲတစ်ခုပေါ်တွင် အရသာရှိအောင်ချက်ပြုတ်ထားသောကျန်းမာခြင်းကို အထောက်အကူပြုသည့်အစားအစာမျိုးကို များများတင်ပြထားပါ။ စားသောက်မှုတွင်ပြုပြင်ပြောင်းလဲရန်အရေးကြီးကြောင်း သူတစ်ပါးအတွက်မှတ်လောက်သားလောက်ဖြစ်အောင် စီစဉ်လုပ်ကိုင်ရာတွင် ဘုရားသခင်သည် သင်တို့ကိုမစ၍ ဤပြုပြင်ပြောင်းလဲမှုသည် သူတို့အတွက်အကောင်းဆုံးအကျိုးပြုမည်ဖြစ်ကြောင်းတွေ့မြင်စေရန် သူတို့ကိုလည်း ဘုရားသခင်ပြုပြင်ပေးတော်မူလိမ့်မည်။ **MM, p. 286.**

အတတ်နိုင်ဆုံးတင်ပြရမည်။ ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့၌မှန်ကန်သောအခြေခံသဘောတရားရေးရာများရှိကြောင်းကို လူထုအားပြသပြီးနောက် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ကိစ္စအဝဝကို အတတ်နိုင်ဆုံးတင်ပြရမည်။ **L, 63, 1905.**

စိတ်ဝင်စားအောင်တင်ပြပါ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားများကို စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်အောင်တင်ပြပါ။ ကျန်းမာစွာနေထိုင်စားသောက်မှုနှင့်ပတ်သက်သောစာပေပရိယတ္တိများကို ဝေငှပေးပါ။ **7T, p. 136.**

ချုပ်တည်းခြိုးခြံမှုဆိုင်ရာစည်းဝေးများအတွက် မြင့်မားသောအဆင့်အတန်း။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာစည်းဝေးပွဲကိုကျင်းပရာတွင်တတ်နိုင်သမျှအဆင့်အတန်းမြင့်မား၍ တတ်နိုင်သမျှကောင်းကျိုးကိုပြုစေရန် သတိကြီးစွာထား၍ စီစဉ်ပြုလုပ်ပါ။ သာမန်ကာလျှံကာအလုပ်မျိုးနှင့်ပြဇာတ်ဆန်ဆန်ပြုလုပ်ခြင်းမျိုးကို ရှောင်ကြဉ်ပါ။ ဤလုပ်ငန်း၏ရေးကြီးခွင့်ကျယ်ဖြစ်သောသဘာဝကိုသိရှိသောသူတို့သည် ယင်း၏အဆင့်အတန်းကိုမြင့်မားသည်ထက်မြင့်မားသော

အခြေအနေ၌ထားရှိကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ချုပ်တည်းခြိုးခြံမှုကို မှန်ကန်သည့်ရိုသေကိုင်းရှိုင်းမှုမရှိသော လူတန်းစာမျိုးလည်းရှိသေးသည်။ ဤသူများက စင်မြင့်ပေါ်တွင် သူတို့မည်မျှတော်ကြောင်းဟန်ပြသဘောမျိုးဖြင့် လုပ်ကိုင်ပြတတ်ကြသည်။ စိတ်ထားဖြူစင်၍စဉ်းစာဉာဏ်လည်းရှိပြီးလျှင် လုပ်ငန်း၏ရည်စူးချက်ကို နားလည်သောသူတို့ကို ဤပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းမျိုးတွင်ဆောင်ရွက်ရန် အားပေးတိုက်တွန်းသင့်ပေသည်။ သူတို့သည် ပညာအဆင့်အ



တန်းအားဖြင့် လွန်ကဲသောအဆင့်အတန်းသို့ ရောက်ရှိခဲ့မည်မဟုတ်သော်လည်း စိတ်ထားဖြူစင်ခြင်း၊ စိတ်နှိမ့်ချခြင်းရှိ၍ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေလျက် သစ္စာရှိလျှင် ဘုရားသခင်သည် သူတို့၏လုပ်ဆောင်မှုကို လက်ခံတော်မူမည်။ 5T, p. 127.

တစ်ဦးတည်းမလုပ်ရ။ ဤလုပ်ငန်းကို မည်သူမျှတစ်ဦးတည်းမလုပ်ရ။ စုပေါင်းဝိုင်းဝန်းလုပ်ကိုင်ကြရမည်။ ကောင်းကင်မှသတင်းစကားကို သယ်ဆောင်လာ၍ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် ပြည့်ဝလျက် သူတို့သည် ရှေ့သို့တက်ရောက်လာကြပါစေ။ စိတ်၏ကျန်းမာခြင်း၊ စိတ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ဖျက်ဆီးသောခံတွင်းအလိုလိုက်စားမှုအတွက် ငွေကြေးများသုံးဖြုန်းခြင်း၏အပြစ်ကိုလူတိုင်းအား တွေ့မြင်သိရှိကြပါလေစေ။ Ev, p. 531.

ဘုရားသခင်စီမံခန့်ခွဲထားသောလမ်းစဉ်ကို တင်ပြပါ။ ဘုရားသခင်ကအထူးသဖြင့် လမ်းပြပို့ဆောင်၍ကောင်းချီးပေးတော်မူသောသူတို့၌ ရှိအပ်သောကိုယ်ကိုငြင်းပယ်ခြင်း၊ စိတ်နှိမ့်ချခြင်းနှင့်ချုပ်တည်းခြိုးခြံမှုရှိခြင်းစသောပါရမီများနှင့် ဤဆုတ်ကပ်ကြီး၌ နေထိုင်လျက်ရှိကြသောသူတို့၏အသုံးကြီးခြင်း၊ ကျန်းမာမှုကို ဖျက်ဆီးသောအကျင့်ဓလေ့များကိုလိုက်စားခြင်းတို့၏ခြားနားပုံတို့ကို လူတို့အားနှိုင်းယှဉ်တင်ပြပါ။ လက်သည်ကိုယ်ခန္ဓာ၏တစ်စိတ်တစ်ဒေသဖြစ်သကဲ့သို့ ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုကိစ္စသည် တတိယကောင်းကင်တမန်သတင်းစကား၏တစ်စိတ်တစ်ဒေသဖြစ်ကြောင်းကို ဘုရားသခင်သည်ပြသတော်မူခဲ့သည်။ ဤအရေးပါအရာရောက်လှသောကိစ္စကို လျစ်လျူရှုမှုသည် ကိုယ်ခန္ဓာနှင့်ကိုယ်ကျင့်တရားပျက်ပြားခြင်းတို့အတွက် နံပါတ်တစ်တရားခံဖြစ်သည်ဆိုသည်မှာ မြေခတ်မလွဲပင်။ ခံတွင်းအလိုနှင့်တပ်မက်ခြင်းကို လိုက်စား၍ သူတို့မစွန့်လွှတ်လိုသောအပြစ်ဒုစရိုက်ဆိုင်ရာအကျင့်ဓလေ့များကို မျက်မြင်ကိုယ်တွေ့ဖြစ်မည်ကို စိုးရိမ်သောကြောင့် အလင်းတရားကိုမကြည့်၊ လက်မခံပဲနေကြသောသူတို့သည် ဘုရားသခင်ရှေ့တော်တွင်အပြစ်ရှိနေကြသည်။

အလင်းတရားကိုကျော်ခိုင်းခြင်း၏အန္တရာယ်။ အချက်တစ်ခုတွင်အလင်းကို ကျော်ခိုင်းသောသူသည် အခြားအလင်းတရားများကိုလည်းကျော်ခိုင်းရန် မိမိစိတ်နှလုံးကို ခိုင်မာစေသောသူဖြစ်သည်။ စားဝတ်နေရေးတွင် ကိုယ်ကျင့်တရားကို ဖေါက်ဖျက်သောသူသည် ထာဝရကာလဆိုင်ရာ အကျိုးခံစားမှုများနှင့်ပတ်သက်၍ ဘုရားသခင်၏တောင်းဆိုချက်များကို ချိုးဖေါက်ရန် လမ်းစဖေါ်ပေးသောသူဖြစ်သည်။

ဘုရားသခင်လမ်းပြပို့ဆောင်ခြင်းခံရသောသူတို့သည် ထူးခြားသောသူဖြစ်ကြလိမ့်မည်။ သူတို့သည် လောကီသားတို့နှင့်မတူပေ။ သို့ရာတွင် အကယ်၍သူတို့သည် ဘုရားသခင်၏ပို့ဆောင်လမ်းပြမှုကို လိုက်နာလျှင် သူတို့သည် ကိုယ်တော်ရှင်၏ရည်စူးချက်များကို အတောင်အထည်ဖေါ်၍ ကိုယ်တော်ရှင်၏အလိုတော်နှင့်အညီလိုက်နာကျင့်သုံးကြလိမ့်မည်။ ခရစ်တော်သည် သူတို့စိတ်နှလုံး၌ကိန်းဝပ်တော်မူမည်။ ဘုရားသခင်၏ဗိမာန်တော်ဖြစ်သော သူတို့၏ကိုယ်ခန္ဓာသည် သန့်ရှင်းလိမ့်မည်။ တမန်တော်ပေါလုက သင်တို့၏ခန္ဓာသည်သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ဖြစ်၏ဟုဆို ထားပါသည်။

သဘာဝဓမ္မဆိုင်ရာဥပဒေပညတ်များကို နာခံရန်အလိုတော်ရှိခြင်း။ ဘုရားသခင်၏သားသမီးတို့သည် သူတို့ကိုယ်ခန္ဓာအင်အားကို ထိခိုက်မှုရှိလောက်အောင် သူတို့ကိုယ်ကို ငြင်းပယ်ရန်ကိုယ်တော်ရှင်သည် အလိုရှိတော်မမူပေ။ သူတို့သည် သဘာဝဓမ္မဆိုင်ရာဥပဒေပညတ်များကို လိုက်နာကျင့်သုံး၍ သူတို့၏ကိုယ်ခန္ဓာအင်အားကို ထိန်းသိမ်းထားစေရန် ကိုယ်တော်ရှင်ကအလိုရှိတော်မူသည်။ သဘာဝဓမ္မ၏လမ်းသည် ကိုယ်တော်ရှင်သတ်မှတ်ထားတော်မူသောလမ်းဖြစ်၍ ယင်းလမ်းသည်ခရစ်ယာန်များအတွက် ကျယ်သင့်သလောက်ကျယ်ဝန်းသောလမ်းဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဘဝရပ်တည်မှုနှင့်ပျော်ရွှင်မှုအတွက်ရက်ရောစွာဖြင့် လိုအပ်သောအစာရေစာနှင့်ပစ္စည်းများအမျိုးမျိုးကို ပေးကမ်းထားတော်မူသည်။ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် ကျန်းမာမှုကို ထိန်းသိမ်း၍အသက်ရှည်စေသောသဘာဝအရသာကို ခံစားနိုင်ရန် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ခံတွင်းအရသာကို ကန့်သတ်ထားတော်မူသည်။ ကိုယ်တော်ရှင်က မိန့်ကြားထားတော်မူသည်မှာ၊ "သဘာဝမကျသောခံတွင်းအရသာကို သတိပြုပါ၊ ချုပ်တည်းခြိုးခြံပါ၊

ငြင်းပယ်ပါ" ကျွန်ုပ်တို့သည် ကမောက်ကမဖြစ်သော ခံတွင်းအရသာကို ဖန်တီးကြလျှင် ကျွန်ုပ်တို့ဘဝရပ်တည်မှုဆိုင်ရာ ဥပဒေပညတ်များကို ချိုးဖေါက်၍ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာများကို အလွဲသုံးစားပြုလျက် ရောဂါဝေဒနာများ စွဲကပ်စေလေသည်။ **3T, pp. 62, 63.**



ထက်မြက်သောဓါး။ သမ္မာတရားကို ယုံကြည်သောသူတို့ကိုယ်တိုင်ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုကို ကျင့်သုံးသည်သာမက သူတစ်ပါးအားလည်း ဝီရိယရှိစွာဖြင့် သင်ကြားပေးသင့်သည်ဟု ကျွန်ုပ်၏လမ်းပြက ကျွန်ုပ်အားပြောကြားပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ယင်းကဲ့သို့သင်ကြားပေးခြင်းသည် မယုံကြည်သောသူတို့အား သမ္မာတရားကို တင်ပြနိုင်မည့်အကြောင်းခံ ဖြစ်သွားပေမည်။ ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စတို့တွင် ဤမျှကောင်းမွန်ခိုင်လုံသောသဘောတရားရေးရာများကျွန်ုပ်တို့၌ရှိလျှင် ကျွန်ုပ်တို့၏ဘာသာအယူဝါဒတွင် စူးစမ်းရှာဖွေသင့်သောအရာတစ်ခုခုရှိရမည်ဟု သူတို့ကဆင်ခြင်တွေးတောပြောဆိုလာကြလိမ့်မည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စတွင် ကျွန်ုပ်တို့သည် နောက်ဆုတ်နေလျှင်အပြင်လောကကြီးတွင် ကျွန်ုပ်တို့၏သြဇာသက်ရောက်မှုသည်များစွာကျဆင်းသွားပေလိမ့်မည်။ **Ev, p. 514.**

ချုပ်တည်းခြိုးခြံမှုဆိုင်ရာ တရားဟောချက်များလူအများထံသို့ရောက်ရှိရမည်။ ဆိုးသွမ်းသောအကျင့်ဓလေ့များ၏ကျွန်တွင်းသက်ဆင်းနေရရှာသောသူတို့အား အထူးဂရုစိုက်၍ကူညီမစရလိမ့်မည်။ ခရစ်ယာန်တို့၏ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍သူတို့သည် ဘုရားသခင်နှုတ်ကပတ်တော်မှဟောပြောချက်များကို ကြားသိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သူတို့အား ခရစ်တော်ကားတိုင်တော်သို့ပို့ဆောင်ပေးမည်။ ဘုရားရှိခိုးကျောင်းသို့နှစ်ပေါင်းနှစ်ဆယ်မျှကြာအောင် မတက်သောသူအများတို့သည် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ဟောပြောပွဲများသို့ တက်ရောက်၍ပြောင်းလဲခြင်းကိုရရှိကြသည်။ ရလဒ်ကားသူတို့သည် လက်ဖက်ရည်၊ ကော်ဖီ၊ ဆေးလိပ်နှင့်သေရည်သေရက်သောက်ခြင်းကို ဖြတ်လိုက်ကြသည်။ သူတို့၏အကျင့်စာရိတ္တမှာလည်းအံ့ဩဖွယ်ကောင်းလောက်အောင် ပြောင်းလဲသွားသည်။ အများသောသူတို့သည် ယင်းကဲ့သို့အလင်းတရားကိုရရှိကြသော်လည်း အခြားသောသူတို့ကယင်းအလင်းတရားကို ငြင်းပယ်ကြသည်အတွက်ကြောင့်ထာဝရဆုံးရှုံးခြင်းနှင့်ရင်ဆိုင်ကြရသည်။ ဤလုပ်ငန်းသည် အချိန်နှင့်ကြိုးပမ်းမှုကို အရင်းတည်၍လုပ်ကိုင်ရသောကြောင့် အများသောသူတို့သည် ဒေသနာကို ကြားသိ၍ နားလည်ရသောအခွင့်ကို ရရှိလင့်ကစား လက်ဝါးကပ်တိုင်ထမ်းရမည်ကို ကြောက်ရွံ့၍ခရစ်တော်ယေရှုကို လက်ခံရန်ငြင်းပယ်ကြသည်ကို တွေ့မြင်ရသောအခါ အလွန်မှစိတ်မချမ်းမသာဖြစ်ရသည်။ **M, 52, 1900.**

ချုပ်တည်းခြိုးခြံမှုကင်းမဲ့သူအတွက် ပုဂ္ဂိုလ်အနေဖြင့် ဆောင်ရွက်ပေးပါ။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့သူနှင့် ဆေးလိပ်သုံးစွဲသူတို့အတွက်ပုဂ္ဂိုလ်အနေဖြင့် ဆောင်ရွက်ပေး၍သေရည်သေရက်သောက်သောသူတို့သည် ကောင်းကင်နိုင်ငံတော်သို့ဝင်ရမည် မဟုတ်ကြောင်းကိုလည်းကောင်း၊ ညစ်ညမ်းသောအရာတစ်စုံတစ်ခုမျှ မဝင်ရကြောင်းကိုလည်းကောင်း သူတို့အားပြောပြရမည်။ ယခုအခါတွင် သူတို့အားအန္တရာယ်သာပြုသောအရာအတွက် သုံးဖြုန်းနေသောကြေးငွေဖြင့် အကျိုးရှိသောအရာကို သူတို့ပြုလုပ်နိုင်ကြောင်း သူတို့အားပြသပါ။ **MM, p. 268.**

လုပ်ဆောင်ပါ၊ ဆုတောင်းပါ၊ ချီမပေးပါ။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းဝေဒနာခံစားနေရသောဒုက္ခသည်သည်စာတန်မာရ်နတ်နှင့်အဆက်ဖြတ်ခြင်းအားဖြင့်ယောက်ျားကောင်းတို့ဂုဏ်နှင့်ပြည့်စုံသောဘဝကို ပြန်လည်ရရှိနိုင်သောအခွင့်အရေးကို ကိုင်စွဲထားရန် ငြင်းပယ်ကောင်းငြင်းပယ်လိမ့်မည်။ အပြစ်ဒုစရိုက်၌နစ်မွန်း၍သေလျက်နေသောသူတို့အား လူသားတို့အတတ်နိုင်ဆုံးကြိုးစား၍ နိုးကြားစေရမည့်တာဝန်ကိုထမ်းဆောင်မှုသည်ပေ့ါသွားသလား။ ဘုရားသခင်အနေဖြင့် အပ်နှင်းထားတော်မူသောလုပ်ငန်းကို လူသည် ထမ်းဆောင်လျှင် ယေရှုရှင်ကအံ့ဩဖွယ်သောနိမိတ်လက္ခဏာများကိုပြတော်မူမည်။စာတန်၏လက်တွင်းသို့ရောက်ရှိနေသောဝိညာဉ်များကို လူသည်မိမိခွန်အားဖြင့်ဘယ်နည်းနှင့်မျှ ပြန်လည်ရရှိနိုင်မည်မဟုတ်ပေ။ ခရစ်တော်နှင့်လက်တွဲလုပ်ကိုင်မှသာလျှင် ယင်းကယ်ဆယ်ရေးလုပ်ငန်းသည်အောင်မြင်မည်ဖြစ်သည်။ လူသားအနေဖြင့် လုပ်ဆောင်ရမည်။ ဆုတောင်းရမည်။ သူ့လူသားဆိုင်ရာကြိုးပမ်းမှုဖြင့် စိတ်အားငယ်သောသူနှင့်မျှော်လင့်ခြင်းကင်းသောသူတို့ကို ချီမပေး၍ တစ်ကြိမ်တည်းမှာပင်ခွန်အားကြီးတော်မူသောကိုယ်တော်ရှင်၏လက်ရုံးတော်ကို ကိုင်စွဲထားလျက်အောင်မြင်ရန် ယာကုပ်ပြုလုပ်သကဲ့သို့နပန်းလုံးရမည်။ ယင်းကဲ့သို့နပန်းလုံးစဉ် သူ၏ကြွေးကြော်သံမှာ၊ ကိုယ်တော်သည်အကျွန်ုပ်အား ကောင်းချီးမပေးလျှင် အကျွန်ုပ်သည် ကိုယ်တော်အားမလွှတ် နိုင်ပါ။ လွှတ်မည်လည်းမဟုတ်ပါ။ **M, 87, 1898.**

ချုပ်တည်းခြိုးခြံမှုဆိုင်ရာသတင်းစကားသည် ဘာကြောင့်အရေးကြီးကြောင်း။ ခရစ်ယာန်တစ်ဦးအနေဖြင့် စားဝတ်နေရေးနှင့်ဘဝအသက်တာတစ်ခုလုံး၏ကဏ္ဍတိုင်းတွင် ချုပ်တည်းခြိုးခြံမှုကို ကျင့်သုံးရမည်။ "ပွဲ၌ပြိုင်၍အချင်းချင်းတိုက်သောသူမည်သူကား အရာရာ၌တပ်မက်ခြင်းကို ချုပ်တည်းတတ်၏။ ထိုသူတို့သည်ညှိုးနွမ်းပျက်စီးတတ်သော



ပန်းဦးရစ်ကိုရခြင်းအလိုငှါပြုကြ၏။ ငါတို့မူကား၊ မညှိုးနွမ်းမပျက်စီးနိုင်သောပန်းဦးရစ်ကိုရခြင်းအလိုငှါပြုကြ၏။" ကျွန်ုပ်တို့၏တာဝန်ကို ထမ်းဆောင်ရန်အသိပညာပေးတော်မူသောဘုရားသခင်၏ဝိညာဉ်တော်ကို တားဆီးထားသည့် စိတ်ထားမျိုးကို ရရှိစေမည့်မည်သည့်အကျင့်ဓလေ့မျိုးကိုမဆို ကျွန်ုပ်တို့အနေဖြင့် လိုက်နာကျင့်သုံးခွင့်မရှိပေ။ ဧဝံဂေလိသတင်းစကားကို အခက်အခဲကြီးစွာဖြင့် သယ်ဆောင်သွားရသောနေရာဒေသများတွင် လူသားတို့အားထားရှိရန် စာတန်၌ အလွန်ကျွမ်းကျင်စွာဆောင်ရွက်နိုင်သောသတ္တိရှိသည်။ **R & H, Aug. 29, 1907.**

လူထုဆိုင်ရာချုပ်တည်းခြိုးခြံမှုလုပ်ငန်းဆောင်ရွက်ရန် သာမန်အသင်းသားတို့အားခေါ်တော်မူခြင်း။ အလုပ်လုပ်သောအသင်းတော်သည် အသက်ရှင်နေသောအသင်းတော်ဖြစ်သည်။ အသင်းသူအသင်းသားတို့၊ သင်တို့၏အလင်းကိုထွန်းလင်းပါစေ။ ဤလောက၏ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၊ မှားယွင်းခြင်းနှင့်ပျော်ရွှင်မှုများကိုဆန့်ကျင်၍ သက်သေခံရာတွင်လည်းကောင်း၊ ယခုခေတ်နှင့်ဆိုင်သောသမ္မာတရားကိုကြွေကြော်ရာတွင်လည်းကောင်း သင်တို့သည် နှိမ့်ချသောစိတ်ဖြင့်ဆုတောင်းကြပါ။ သင်တို့၏အသံ၊ သင်တို့၏ဩဇာသက်ရောက်မှုနှင့်သင်တို့၏အချိန်တို့သည် ဘုရားသခင်အထံတော်မှရရှိသော လက်ဆောင်များဖြစ်သောကြောင့်၊ ယင်းတို့ကို ခရစ်တော်ထံတော်သို့ ဝိညာဉ်များကို ပို့ဆောင်ပေးရာတွင် အသုံးပြုရကြမည်။ အိမ်နီးပါးချင်းများထံအလည်အပတ်သွား၍ သူတို့အားကယ်တင်ခြင်းသို့ရောက်ရှိစေလိုသော သင်တို့၏ဆန္ဒကိုပြပါ။ **MM, p. 332.**

တနင်္ဂနွေနေ့တွင်ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းလုပ်ပါ။ ဘုရားသခင်အတွက်မြောက်မြားစွာသောအမှုတော်ကို ပြီးစီးစေနိုင်မည့်လုပ်ငန်းအမျိုးမျိုးကို တနင်္ဂနွေနေ့တွင် အချိန်ယူလုပ်ကိုင်ပါ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာဒေသနာနှင့်စစ်မှန်သောဘာသာအယူဝါဒ၏အတွေ့အကြုံများကိုဟောပြောပါ။ ဤနည်းအားဖြင့်လုပ်ငန်းကို မည်ကဲ့သို့ဆောင်ရွက်ရမည်ဖြစ်ကြောင်းကို သိရှိလာ၍ဝိညာဉ်အမြောက်အမြားထံသို့ရောက်ရှိနိုင်လိမ့်မည်။ **9T, p. 233.**

တောစခန်းဓမ္မစည်းဝေးများ။ တောစခန်းဓမ္မစည်းဝေးများတွင် ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံခြင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုအကြောင်းများနှင့်ပတ်သက်သည့် အခြေခံသဘောတရားရေးရာများကို သင်ကြားပို့ချပေးရသောအလုပ်ကို ပိုမိုလုပ်ကိုင်သင့်ပေသည်။ ယင်းပြဿနာများကို ယခုအခါတွင် ကျွန်ုပ်တို့သည် ပိုမိုအလေးပေးဆောင်ရွက်ကြရမည်။ ကျွန်ုပ်ပေးလိုသောအမှာစကားမှာ၊ ချုပ်တည်းခြိုးခြံမှုကိစ္စ အကြောင်းနှင့်ပတ်သက်၍လူထုအား သွန်သင်ပါ၊ ပို့ချပေးပါ။ **M, 65, 1908.**

ကျွန်ုပ်တို့အသင်းတော်များတွင်။ အသင်းတော်တိုင်းတွင် ကြည်လင်ပြတ်သား၍ ထက်မြက်သောသက်သေခံမှုကို လိုအပ်နေသည်။ တံပိုးခရာကိုမှန်သောအသံဖြင့်မြည်စေရမည်။ ခပ်သိမ်းသောအရာများတွင် ချုပ်တည်းခြိုးခြံမှုကျင့်သုံးရမည့်တာဝန်ကို သိရှိလာစေရန် လူထုအားနိုးကြားလာအောင် ပြုပြင်နိုင်လျှင် ကြီးမားသောအောင်မြင်မှုကို ရရှိမည်မှာ မြေခတ်မလွဲပင်။ **M, 59, 1900.**

သူတစ်ပါးအားသင်ကြားပို့ချပေးရန် အသင့်ရှိပါ။ မြင့်မြတ်လှသောချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စကို ဟောပြောရာတွင် ကျွန်ုပ်တို့၏ဓမ္မဆရာများသည် အဘယ်ကြောင့်နောက်ကျနေကြပါသနည်းဟု ကျွန်ုပ်ကမေးမြန်းလိုက်ပါသည်။ ကျန်းမာခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိစ္စတွင်အဘယ်ကြောင့်ပိုမိုစိတ်ဝင်စားမှု မရှိကြပါသနည်း။ **L, 42, 1898.**

ကျန်းမာခြင်းဆိုင်ရာဥပဒေပညတ်များနှင့်ညီညွတ်စွာနေထိုင်ရန် ကျွန်ုပ်တို့ကိုယ်ကို ပညာပေးရန်သာမဟုတ်ပဲ အခြားသူတို့ကိုလည်းပိုမိုကျန်းမာစွာနေထိုင်ရန်လည်း သင်ကြားပို့ချပေးရမည်။ ယခုခေတ်အတွက်ထားရှိသောအထူးသမ္မာတရားများကို ယုံကြည်ပါသည်ဆိုသော သူအများတို့သည်ပင် ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံခြင်းအကြောင်းတို့ကိုဝမ်းနည်းဖွယ်ကောင်းအောင်မသိရှိကြပါတကား။ သူတို့အား ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ ပညာပေးရန်လိုအပ်နေသည်။ သူတို့ရှေ့မှောက်တွင် ယင်းအကြောင်းအရာကို လန်းဆန်းစွာထားရှိရမည်။ မလိုအပ်သောအရာဟုဆို၍ လျစ်လျူရှုမထားရ။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စနှင့်ပတ်သက်၍ အိမ်ထောင်တိုင်းကို နိုးနိုးကြားကြားရှိစေရမည်။ စစ်မှန်သောပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခြေခံသဘောတရားများကို လိုက်နာကျင့်သုံးရန် ဩတ္တ

ပွစိတ်ကိုနှိုးဆော်ပေးရမည်။ ခပ်သိမ်းသောအရာတို့တွင် ဘုရားသခင်၏သားသမီးတို့သည် ချုပ်တည်းခြိုးခြံမှုရှိရန် ကိုယ်တော်သည် အလိုရှိတော်မူသည်။

၁၇၂ ခေတ်ကာလ၏စိန်ခေါ်ချက်

ကဲ့ရဲ့သူများဆိုသော်လည်း လုပ်ငန်းတွင် ဟန့်တားမှုမရှိစေရ။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ဓမ္မဆရာများသည် အသိပညာစုံလင်ရမည်။ သူတို့သည် ဤကိစ္စကို လျစ်လျူမရှုရကြ။ သူတို့အား အခြားသူတို့အား တစ်ယူသန်များဟုခေါ်ဆိုကြသော်လည်းယင်းကိစ္စကို မျက်ခြေမပြတ်ရ။ စစ်မှန်သောကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု ဆိုသည်မှာ အဘယ်အရာကိုဆိုကြောင်း သူတို့အားကိုယ်တိုင်လိုက်လံရှာဖွေပါလေစေ။ ၎င်းအပြင်ပညတ်အားဖြင့် လည်းကောင်း၊ အပြောနှင့်အလုပ်ညီသောပုံသက်သေအားဖြင့်လည်းကောင်း ယင်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ အခြေခံ သဘောတရားရေးရာများကို သင်ကြားပို့ချပေးပါ။ ကျွန်ုပ်တို့၏လူထုစည်းဝေးများတွင် ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံ မှုဆိုင်ရာကိစ္စများကို သင်ကြားပို့ချပေးသင့်ပေသည်။ အသိဉာဏ်နှင့်သြတ္တပ္ပစိတ်ကို နိုးနိုးကြားကြားရှိစေအောင်ကြိုးစား ပါ။ စွမ်းရည်ရှိသမျှကို အသုံးပြု၍နှုတ်အားဖြင့်ဟောပြောသွန်သင်သည်သာမက နောက်ဆက်တွဲအနေဖြင့် သက်ဆိုင်ရာ အကြောင်းအရာနှင့်ပတ်သက်သောစာပေပရိယတ္တိများကို ဝေငှပေးပါ။ “ပညာပေးပါ၊ ပညာပေးပါ၊ ပညာပေးပါ” ဆို သောအမှာစကားကို ပြောဆိုရန် ကျွန်ုပ်စိတ်ထဲ၌ခံစားမှုရှိနေပါသည်။ **CTBH, p. 117.**

# ၄ ချုပ်တည်းခြိုးခြံမှုဆိုင်ရာပညာပေးမှုသည် ကျွန်ုပ်တို့၏ဆေးဝါးဆိုင်ရာလုပ်ငန်း၏ရည်စူးချက်တစ်ရပ်

စစ်မှန်သောချုပ်တည်းခြိုးခြံမှုကို ဟောပြောရန် တည်ထောင်ထားခြင်း။ စစ်မှန်သောချုပ်တည်းခြိုးခြံမှုကိုသင် ကြားပို့ချပေးရန် ကျွန်ုပ်တို့၏ဆေးရုံကြီးများကို တည်ထောင်ထားသည်။ **CD, p. 162.**

ကျင့်စဉ်ဆိုင်ရာရှုထောင့်မှတင်ပြခြင်း။ ကျွန်ုပ်တို့၏ဆေးရုံကြီးများတွင် ကျွန်ုပ်တို့၏ဓမ္မတရားများက လုပ်သားတို့အား ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်၍ပြောပြလျက် ကိုယ်ခန္ဓာသည်သန့်ရှင်း သောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြောင်း၊ ဘုရားသခင်ကဝယ်ယူထားတော်မူသော ကိုယ်တော်ပိုင်ပစ္စည်းအနေဖြင့် ကိုယ်ခန္ဓာကို သန့်ရှင်းသောဗိမာန်တော်အနေဖြင့် ထိန်းသိမ်းထားရှိရမည့်တာဝန်သည် သူတို့အပေါ်၌ တည်နေကြောင်း များကို သူတို့အား ပြသရပေမည်။ ဤဝါဒကိုပို့ချနေသောအခါ ပရိသတ်တို့သည် ကျမ်းစာဆိုင်ရာဩဝါဒတွင် စိတ်ဝင် စားလာကြလိမ့်မည်။ ယခုအခါတွင် ကမ္ဘာပေါ်တွင် နေထိုင်ကြသော သူတို့သည် ရေလွှမ်းမိုးသောအကြိုခေတ်တွင် နေ ထိုင်ခဲ့ကြသောလူများနည်းတူ ကျင့်စဉ်များတွင် ပျက်ပြားလာလျက်ရှိကြသည်။ ယင်းခေတ်မှ လူတို့သည် ဒုစရိုက်ကို ပြောဆိုလုပ်ကိုင်ဖို့အတင့်ရဲလာကြသည်။ ဘုရားရေး၊ တရားရေးများကို မထီလေးစားပြုလာကြသည်။ ချုပ်တည်းခြိုးခြံ မှုကင်းမဲ့လာကြသည်။ စာရိတ္တပျက်ပြားလာခဲ့ကြသည်။ ကျင့်သုံးနေသောအပြစ်ဒုစရိုက်များက ဤကမ္ဘာမြေကြီးကို အနာကြီးရောဂါစွဲကပ်နေသော အိမ်ဂေဟာကြီးအဖြစ်သို့ ပြောင်းလဲစေသည်။ ယင်းအပြစ်ဒုစရိုက်များကို ပြင်းပြင်းထန် ထန်ပြစ်တင်ဆုံးမဖျောက်ဖျက်ပစ်ရမည်။ တရားဟောပြောသောသူတို့အနေဖြင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာအဆင့်အတန်း ကို ခရစ်ယာန်တို့ရှုထောင့်မှနေ၍မြှင့်တင်ပေးရမည်။ ချုပ်တည်းခြိုးခြံမှုကို ဧဝံဂေလိဒေသနာတော်၏တစ်စိတ်တစ်ဒေ သအနေဖြင့်တင်ပြသောအခါအများသောသူတို့က သူတို့ကိုယ်တိုင် ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းကို တွေ့မြင်သိရှိ လာကြလိမ့်မည်။ **M, 14, 1901.**

ဆရာဝန်များအနေဖြင့် ချုပ်တည်းခြိုးခြံမှုကိစ္စများကို သင်ကြားပို့ချပေးရမည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ အန္တရာယ်များနှင့်ပတ်သက်၍လူထုအားဆရာဝန်များကသင်ကြားပို့ချပေးရမည်။ ဤချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းတည်း ဟူသောအန္တရာယ်ကိုအတိတ်ကာလကထက် ဆတက်ထမ်းပိုးတိုး၍ တိုက်ဖျက်ပစ်ရမည်။ ဓမ္မဆရာများနှင့်ဆရာဝန်များ တို့ကချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏အပြစ်များကို တင်ပြရကြမည်။ ဧဝံဂေလိတရားဒေသနာတော်ကိုတင်ပြယင်းအပြစ် ဒုစရိုက်ကို ပြင်းပြင်းထန်ထန်ရှုတ်ချဝေဖန်၍ဖြောင့်မတ်ခြင်းတရားကို ချီးမြှောက်ရမည်။ လူထုအားပုဂ္ဂိုလ်အနေဖြင့် ချုပ် တည်းခြိုးခြံမှုကိုကျင့်သုံးရန် တိုက်တွန်းနှိုးဆော်ခြင်းမပြုလုပ်သော ဓမ္မဆရာများနှင့်ဆရာဝန်များသည် မိမိတို့ပြုအပ်သော

တာဝန်ကို လျစ်လျူရှုကြသည်။ ဘုရားသခင်သည် သူတို့လက်၌အပ်နှင်းထားတော်မူသောတာဝန်ကိုထမ်းဆောင်ရန်ပျက်ကွက်ကြသည်။ **6T, P. 110.**

သေချာမှန်ကန်သော ချုပ်တည်းခြိုးခြံမှုကို သင်ကြားပို့ချပေးရန်။ မသင့်လျော်သော စားရေးသောက်မှုကြောင့်ဖြစ်စေ၊ အခြားမှားယွင်းသောအကျင့်ဓလေ့များကြောင့်ဖြစ်စေ ရောဂါဝေဒနာခံစားနေရသော လူနာတစ်ဦးကို သမားတော်ကြီးတစ်ဦးဦးက တွေ့မြင်သောအခါ လူနာခံစားနေသောဝေဒနာ၏အကြောင်းရင်းကို လူနာအားမပြောပြပဲထိမ်ဝှက်



ထားလျှင် ယင်းသမားတော်ကြီးသည် လူသားအချင်းချင်းအပေါ်ချစ်ရာမရောက်ပဲနှစ်ရာရောက်ပါသည်။ အရက်သမားများ၊ စိတ်မနှံ့သောသူများ၊ ကာမဂုဏ်လိုက်စားသောသူများအားလုံးတို့အား ဝေဒနာခံစားရမှုသည် အပြစ်ဒုစရိုက်ကြောင့်ဖြစ်ကြောင်းကို တိတိကျကျပြတ်ပြတ်သားသားပြောပြကြရမည်။ ဘဝအသက်တာ၏အခြေခံသဘောတရားများကို နားလည်သောသူတို့သည် ရောဂါဝေဒနာ၏အကြောင်းအရင်းများကို တိုက်ဖျက်ရာတွင် စိတ်ပါကိုယ်ရောက်ဆောင်ရွက်သင့်ကြပေသည်။ နာကျင်ခြင်းဝေဒနာကို ဆက်လက်၍တိုက်လှန်နေရခြင်းရောဂါဝေဒနာတို့မှသက်သာစေရန် အမြဲတစေထမ်းဆောင်နေရသောကြောင့် သမားတော်ကြီးတစ်ဦးအနေဖြင့် အဘယ်ကြောင့် နှုတ်ပိတ်နေရမည်နည်း။ ရောဂါဝေဒနာကိုကုစားသောပုဂ္ဂိုလ်အနေဖြင့် ချုပ်တည်းခြိုးခြံမှုကို ကျုပ်တည်းစွာလိုက်နာကျင့်သုံးရန် သွန်သင်ပေးခြင်းမရှိလျှင် ယင်းသမားတော်ကြီးသည် သူတစ်ပါးအကျိုးကိုပြုသောသူ၊ သူတစ်ပါးအပေါ် ကရုဏာတရားထားသောသူဖြစ်နိုင်ပါမည်လား။ **MH, p. 114.**

ကာယဗလနှင့်စာရိတ္တဗလတို့ကို စောင့်ထိန်းရသောသူ။ စစ်မှန်သောသမားတော်ကြီးသည် ပညာပေးသောပုဂ္ဂိုလ်ဖြစ်သည်။ သူ၏တိုက်ရိုက်ကြည့်ရှုကုသမှုကို ခံနေရသော လူနာသာမဟုတ်ပဲ သူနေထိုင်သောရပ်ကွက်လူထုကိုပါ တာဝန်ရှိကြောင်း သူအသိအမှတ်ပြုသည်။ သူသည် ကာယဗလနှင့်စာရိတ္တဗလတို့ကို စောင့်ထိန်းရသောသူအနေဖြင့်ရပ်တည်နေသည်။ လူနာကို မှန်ကန်သောနည်းလမ်းများဖြင့်ကုသပေးမှုကို သင်ကြားပို့ချပေးရန်အတွက်သာမဟုတ် ပဲ မှန်ကန်သောအကျင့်ဓလေ့များကို လိုက်နာကျင့်သုံးရန် အားပေးတိုက်တွန်းပြောဆို၍ မှန်ကန်သောကျန်းမာမှုဆိုင်ရာအခြေခံသဘောတရားများကို ဖြန့်ဖြူးပေးရန်အတွက်ကိုပါ သူသည်ကြိုးစားအားထုတ်ရသည်။

ကျန်းမာမှုဆိုင်ရာအခြေခံသဘောတရားများကို သိရှိနားလည်ရန် ယခုအချိန်ထက် လိုအပ်နေသောအချိန်ကား မရှိတော့ပြီ။ ဘဝအသက်တာ၏ကိုယ်စိတ်နှစ်ဖြာသက်သာ၊ ချမ်းသာမှုနှင့်အဆင်ပြေမှုတို့အတွက်အပြင် ကျန်းမာသန့်ရှင်းရေးနှင့် ရောဂါဝေဒနာများကုသရေးအတွက်ပါ အံ့ဩဖွယ်ကောင်းလောက်သော တိုးတက်မှုများ ရှိခဲ့သော်လည်း ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့်ခံနိုင်ရည်သတ္တိတို့၏အင်အားဆုတ်ယုတ်မှုမှာ ကြောက်ခမန်းလိလိဖြစ်သည်။ လူသားအချင်းချင်းတို့၏ဘဝမြှင့်တင်ရေးကို လိုလားကြသောသူအားလုံးတို့၏ဂရုတစိုက်ပြုပြင်ပေးရန်လိုအပ်နေပေသည်။

ကျွန်ုပ်တို့လူသားများတီထွင်ထားသောယဉ်ကျေးမှုသည် လေးနက်သောအခြေခံသဘောရေးရာများကို ဖျက်ဆီးသော မကောင်းမှုဒုစရိုက်များကို အားပေးသည်။ ဓလေ့ထုံးစံနှင့်ဖက်ရှင်တို့သည် သဘာဝနှင့်တိုက်ပွဲဆင်နွှဲနေ၏။ သူတို့ပညတ်သောအကျင့်ဓလေ့များနှင့်သူတို့ထောက်ခံအားပေးသည့်ခံတွင်းအလိုလိုက်စားမှုများတို့သည် ကာယဗလနှင့်ဉာဏဗလတို့ကို ဆက်တိုက်အင်အားဆုတ်ယုတ်စေ၍ လူမျိုး၏ပခုံးပေါ်သို့ မထမ်းနိုင်သောဝန်ကိုတင်ထားကြသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းနှင့်ရာဇဝတ်မှုများ၊ ရောဂါဝေဒနာနှင့်ဆင်းရဲဒုက္ခမျိုးတို့သည် နေရာအနှံ့အပြားတွင် တည်ရှိနေသည်။

အသိပညာမရှိခြင်းကြောင့် အများသောသူတို့သည် ကျန်းမာခြင်းဆိုင်ရာပညတ်ဥပဒေများကို ချိုးဖောက်လျက်ရှိကြသည်။ ထိုကြောင့် သူတို့ကို သင်ကြားပြသရမည်။ သို့ရာတွင် အများသောသူတို့သည် သူတို့လုပ်ရပ်များထက် အသိပညာပိုမိုရှိကြပါသည်။ ဤသူတို့အား သူတို့၏အသိပညာကို သူတို့ဘဝအသက်တာ၏လမ်းပြအနေဖြင့် ထားရှိဖို့အရေးကြီးကြောင်းကိုသိရှိရန်ပြုလုပ်ပေးဖို့ လိုအပ်နေသည်။ ကျန်းမာခြင်းဆိုင်ရာ အခြေခံသဘောတရားရေးရာများကို သင်ကြားပေးခြင်းနှင့်ယင်းသဘောတရားရေးရာများကို ကျင့်သုံးရန် ပြသပေးရခြင်းဖြစ်သော လုပ်ငန်းနှစ်ရပ်စလုံးကို ပြုလုပ်ရန် သမားတော်ကြီးအနေဖြင့် အခွင့်အရေးမြောက်မြားစွာရှိပါသည်။ မှန်ကန်သောသင်ကြားပို့ချမှုပေးခြင်းအားဖြင့် ဖော်ပြ၍ပင်မရနိုင်လောက်အောင် ကြီးမားလှသည့် အန္တရာယ်ကို ဖန်တီးပေးနေသောဆိုးသွမ်းမှုကို ပယ်ရှားပစ်ရန် သူ့အနေဖြင့် ဆောင်ရွက်ပေးနိုင်သည်။ **MH, pp. 125, 126.**

ဆေးရုံသည် ပညာပေးသောဌာနဖြစ်ခြင်း။ ကျွန်ုပ်တို့၏ဆေးရုံနှင့်စာသင်ကျောင်းလုပ်ငန်းတွင် ကျန်းမာခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သောကိစ္စများ သင်ကြားပို့ချခြင်းကို ဦးစားပေးဆောင်ရွက်ရာသည်။ နေရာအနှံ့အပြား၌ရှိသော ကျွန်ုပ်တို့ဆေးရုံတိုင်းသည် ပညာပေးသောဌာနများဖြစ်စေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ ယင်းဆေးရုံများသည် အကြီးစားဖြစ်စေ၊ အသေးစားဖြစ်စေ၊ သူတို့၏တာဝန်သည် အတူတူဖြစ်သည်။ ကျွန်ုပ်တို့အား ကယ်တင်ရှင်က ပေးထားတော်မူသော အမိန့်တော်မှာ "သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကို မြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ သူတစ်ပါးတို့၌ သင်တို့အလင်း ကို လင်းစေကြလော့။" **M, 65, 1908.**



လှုံ့ဆော်စာများနှင့်မူးယစ်စေသောအသုံးအဆောင်များကို လူနာများသည် တောင့်တတော့မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ဆေးရုံများတွင် ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ တိကျပြတ်သားသောသင်ကြားပို့ချမှုများကို ပြုရပေမည်။ မူးယစ်သောသေရည်သေရက်ကို သောက်ခြင်း၏ဆိုးကျိုးနှင့်မူးယစ်သေစာများ လုံးဝရှောင်ကြဉ်ခြင်း၏ကောင်းကျိုးများကို လူနာများအား ပြသရမည်။ လူနာများ၏ကျန်းမာမှုကို ဖျက်ဆီးသောအရာများကို စွန့်ပစ်၍ယင်းအသုံးအဆောင်များနေရာတွင် အသီးအနှံဖေါဖေါသီသီစားသောက်ခြင်းဖြင့် အစားထိုးရန် ပြောကြားသင့်ပေသည်။

လူနာတို့သည် ကိုယ်ခန္ဓာအင်အားကို အသုံးပြုလာကြသောအခါ ပင်ပန်းနွမ်းနယ်နေသောဦးနှောက်နှင့်အာရုံကြောများသည် သက်သာမှုကိုရရှိလာ၍ စင်ကြယ်သောရေနှင့်အင်အားဖြစ်စေ၍ ခံတွင်းတွေ့သောအစာအာဟာရတို့က ယင်းအင်္ဂါများကို သန်မာထွားကြိုင်းလာစေလိမ့်မည်ဖြစ်သည်။ ကျန်းမာခြင်းကို ဖျက်ဆီးသောမူးယစ်ဆေးဝါးများ၊ သို့မဟုတ်မူးယစ်သေစာများကို သူတို့သည် တောင့်တကြတော့မည် မဟုတ်ပေ။ **L, 145, 1904.**

ကျန်းမာခြင်းနှင့်ညီလျော်သောစားသောက်ဆိုင်များ။ ကျန်းမာခြင်းနှင့်ညီလျော်သောစားသောက်ဆိုင်များကို မြို့ကြီးပြကြီးများတွင် တည်ထောင်ဖွင့်လှစ်သင့်ပေသည်။ ယင်းစားသောက်ဆိုင်များမှတစ်ဆင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ သတင်းစကားကို ဟောပြောရမည်။

ကျွန်ုပ်တို့ဖွင့်လှစ်သော စားသောက်ဆိုင်များနှင့်ပတ်သက်၍ စည်းဝေးများကျင်းပရန် အစီအစဉ်များပြုလုပ်သင့်ပေသည်။ မည်သည့်အခါမဆိုတတ်နိုင်လျှင်စားသောက်ဆိုင်သို့လာရောက်ကြသောစားသုံးသူများအားခေါ်ဖိတ်၍ ကျန်းမာခြင်းဆိုင်ရာသိပ္ပံပညာနှင့်ခရစ်ယာန်တို့၏ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းအရာတို့ကိုသူတို့အားသင်ကြားပို့ချပေး
ရန်ဂုင်းအပြင်ကျန်းမာမှုကိုဖြစ်စေသောစားသောက်ဖွယ်ရာအဖြာဖြာတို့ကိုချက်ပြုတ်နည်းများနှင့်အခြားအရေးကြီးသောကိစ္စများကိုသင်ကြားပေးနိုင်ရန်အတွက်စားသောက်ဆိုင်တွင်သီးသန့်အခန်းတစ်ခန်းထားရှိသင့်ပေသည်။ ယင်းစည်းဝေးပွဲများတွင်ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းအရာများသာမဟုတ်ပဲအခြားသင့်လျော်သောကျမ်းစာဆိုင်ရာအကြောင်းအရာများနှင့်လည်းပတ်သက်သောဆုတောင်းခြင်း၊ သီချင်းဆိုခြင်းနှင့်မိန့်ခွန်းစကားပြောကြားခြင်းတို့ကိုပြုလုပ်သင့်ပေသည်။ကိုယ်ခန္ဓာအင်အားကိုထိန်းသိမ်းထားသောနည်းလမ်းကိုပရိသတ်တို့ အားသင်ကြားပို့ချပေးသောအခါနိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားဒေသနာတော်၏မျိုးစေ့ကိုကြဲရန်မြားမြောင်သောအခွင့်အရေးများ ပေါ်ပေါက်တွေ့ရှိရလိမ့်မည်။ **7T, p. 115.**

# ၅ ကလောင်၏သြဇာသက်ရောက်မှု

ချုပ်တည်းခြိုးခြံမှုဆိုင်ရာ စာပေပရိယတ္တိ။ လူထုပရိသတ်ရှေ့တွင် မိန့်ခွန်းစကားများပြောရသည့်အပြင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာနှင့်ပတ်သက်၍ ကျွန်ုပ်တို့ထမ်းဆောင်ရန် လုပ်ငန်းလည်းရှိပါသေးသည်။ ကျွန်ုပ်တို့၏ခံယူချက်ဆိုင်ရာအခြေခံသဘောတရားရေးရာများကို ကျွန်ုပ်တို့ ပုံနှိပ်ထုတ်ဝေစာများနှင့် အခြားစာစောင်များတွင် တင်ပြရကြမည်။ **GW, p. 385.**

သတ္တမနေ့ဥပုသ်အသင်းသားတိုင်းကဖြန့်ဝေရမည်။ ကျွန်ုပ်တို့အသင်းတော်မှထုတ်ဝေဖြန့်ချိသောကျန်းမာခြင်းဆိုင်ရာစာပေများကို ဖြန့်ချိခြင်းသည် အရေးပါအရာရောက်ဆုံးသောလုပ်ငန်းတစ်ခုဖြစ်သည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် အနိုင်ယူရန် ကြိုးပမ်းလျက်ရှိသည်။ ကိုယ့်အလိုလိုက်ခြင်းသည် တိုးတက်လျက်ရှိသောကြောင့် ကျန်းမာခြင်း

ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စာပေများသည် များစွာလိုအပ်နေသည်။ ယင်းစာပေများသည် ဧဝံဂေလိဒေသနာတော်၏ ကူဖော်လောင်ဖက်ဖြစ်၍ သမ္မာတရားကို ပိုမိုနားလည်စေရန်အတွက် ကျမ်းစာကို စေ့စေ့ကြည့်ရှုဖို့ ဝိညာဉ်များကို ပို့ဆောင်ပေးသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းတည်းဟူသော ဒုစရိုက်ကြီးနှင့်ပတ်သက်၍သတိပေးစကားပြောကြားရမည်။ ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရန် ဥပုသ်စောင့်သောသူတိုင်းသည် ကျွန်ုပ်တို့ထုတ်ဝေဖြန့်ချိသော ကျန်းမာခြင်းဆိုင်ရာစာပေများ၌ပါရှိသောညွှန်ကြားချက်ကို လေ့လာလိုက်နာကျင့်သုံးကြပေသည်။ သူတို့သည် ထိုထက်မက ပြုလုပ်



သင့်ကြသည်။ သူတို့၏အိမ်နီးပါးချင်းတို့လက်ရောက်ရှိအောင် ယင်းစာပေများကို ဖြန့်ချိပေးရန် တက်တက်ကြွကြွ ကြိုးပမ်းသင့်ကြပေသည်။ CH, p. 462.

လူရှိသောနေရာတိုင်းသို့သွားပါ။ ကျွန်ုပ်တို့အသင်းတော်မှထုတ်ဝေလျက်ရှိသော ကျန်းမာရေးဆိုင်ရာစာပေများကို ဖြန့်ချိရေးသည် အရေးပါအရာရောက်ဆုံးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ယင်းလုပ်ငန်းသည် ယခုခေတ်ကာလအတွက် ထားရှိသောအထူးသမ္မာတရားများကို ယုံကြည်သောသူအားလုံးတို့က တက်ကြွလှုပ်ရှားသောစိတ်ဝင်စားမှုမျိုးရှိသင့်သောလုပ်ငန်းမျိုးဖြစ်သည်။ စစ်မှန်သောကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု၏အရင်းခံဖြစ်သော ချုပ်တည်းခြိုးခြံမှုကိစ္စကြီးနှင့်အခြေခံသဘောတရားရေးရာများကို စူးစမ်းရှာဖွေစေရန် လူတို့၏စိတ်နှလုံးများကို လှုပ်ရှားလာအောင် ပြုလုပ်ပေးဖို့ ယခုအချိန်လောက် ဘုရားသခင်အလိုရှိတော်မူသောအချိန်မျိုးတစ်ခါမျှ မရှိခဲ့ဖူးပေ။ လူသားတို့မှတစ်ဆင့် ဘုရားသခင်၏ဂုဏ်တော်သည် ပြည့်စုံကုံလုံစွာ ထင်ရှားပေါ်လွင်လာစေရန် လူတို့၏ဘဝအသက်တာကိုပညာပေးရမည်၊ ပြုစုပျိုးထောင်ပေးရမည်၊ ဖွံ့ဖြိုးထွားကြိုင်းလာအောင်ပြုပြင်ပေးရမည်။ ကာလဗလ၊ ဉာဏဗလနှင့်ချစ်တတ်သော စိတ်များအပါအဝင်အားလုံးတို့ကို အမြင့်မားဆုံးထက်မြက်သောအဆင့်အတန်းသို့ရောက်ရှိစေရန် သင်ကြားထိန်းကျောင်းပေးရမည်။ အဆက်မပြတ်သော ပြုပြင်ပြောင်းလဲရေးကို လူတို့ရှေ့တွင်ထားရှိရမည်။

ဘုရားသခင်ပေးထားတော်မူသော ကျန်းမာခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသြဝါဒသည် ကျွန်ုပ်တို့နှင့် ကမ္ဘာတစ်ခုလုံးအတွက် ကယ်တင်ခြင်းခံစားစေရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်က ကိုယ်တော်ကိုယ်တိုင်ကိန်းဝပ်တော်မူရာ ဗိမာန်အနေဖြင့် ပြုပြင်တပ်ဆင်ပေးထားသည်သာမက ယင်းကို သစ္စာရှိသော ဘဏ္ဍာစိုးများအနေဖြင့် ကျွန်ုပ်တို့က ထိန်းသိမ်းထားရန် လိုလားတော်မူသော ကျွန်ုပ်တို့ကိုယ်ခန္ဓာအကြောင်းနှင့် ပတ်သက်၍ လူအားလုံးတို့အား အသိပညာပေးရမည်။ ဤမှန်မြတ်လှသော သမ္မာတရားများကို ကမ္ဘာကြီးအားဖြန့်ချိရမည်။ လူရှိသောနေရာတိုင်းသို့ကျွန်ုပ်တို့သွား၍ ပုံသက်သေအားဖြင့်လည်းကောင်း၊ ပညတ်အားဖြင့်လည်းကောင်း သူတို့အား ပိုမိုကောင်းမွန်သောလမ်း၌ လျှောက်လိုက်ခြင်း၏ကောင်းကျိုးများကို တွေ့မြင်နိုင်စေရန် ပို့ဆောင်ပေးရကြမည်။

ကျန်းမာခြင်းဆိုင်ရာဂျာနယ်စာစောင်များကို ဖြန့်ချိရေးသည် မရေရာသောလုပ်ငန်းဟူ၍ အဘယ်သူမျှမယူဆပါစေနှင့်။ အားလုံးသောအသင်းသားများသည် ဤလုပ်ငန်းကို ခါတိုင်းထက် ပိုမိုစိတ်ဝင်စားစွာ လုပ်ကိုင်၍ ယင်းလုပ်ငန်းကြီးပွားရေးအတွက်လည်း ပိုမိုကြိုးပမ်းသင့်ကြပေသည်။ ယင်းလုပ်ငန်းကို စိတ်ပါကိုယ်ရောက်လုပ်ကိုင်သောသူတို့အား ဘုရားသခင်သည်ကြွယ်ဝစွာကောင်းချီးပေးတော်မူမည်။ အဘယ်ကြောင့်ဆိုသော်ယင်းလုပ်ငန်းသည် ယခုအခါ၌ ဂရုတစိုက် ဆောင်ရွက်ရမည့် လုပ်ငန်းမျိုးဖြစ်သည်။

ကျန်းမာခြင်းဆိုင်ရာ ဂျာနယ်စာစောင်များ ဖြန့်ချိရေးလုပ်ငန်းကို အင်တိုက်အားတိုက်ဆောင်ရွက်ကြစေရန် ဓမ္မဆရာများက တိုက်တွန်းနိုင်သည်။ တိုက်တွန်းသင့်ပေသည်။ အသင်းသားတိုင်းသည် အခြားစာစောင်များရောင်းချရေးကို အင်တိုက်အားတိုက်ဆောင်ရွက်သကဲ့သို့ ဤဂျာနယ်စာစောင်များအတွက်လည်း ဆောင်ရွက်ရာသည်။

မကြာမြင့်မီ ကြွလာတော်မူမည့် လူသားနှင့်တွေ့ဆုံထိုက်သောသူများဖြစ်စေမည့် အထူးသမ္မာတရားများကို လက်ခံစေရန် လူတစ်စုကို ပြင်ဆင်ပေးရာတွင် ကျန်းမာရေးဆိုင်ရာ ဂျာနယ်စာစောင်များကို ဖြန့်ချိခြင်းသည် အကျိုးများသောလုပ်ငန်းဖြစ်သည်။ **CH, pp. 445-447.**

နေရာအနှံ့အပြားမှကျွန်ုပ်တို့အသင်းသားများပါဝင်ဆောင်ရွက်ရန်။ သင်တို့သည် အဘယ်နေရာ၌ရှိသည်မဆို သင်တို့၏အလင်းကို လင်းကြရမည်။ အမြန်ယာဉ်များကို စီးသွားသောအခါဖြစ်စေ၊ အလည်အပတ်သွားနေသောအခါဖြစ်စေ၊ သင့်အိမ်နီးနားချင်းများနှင့်စကားပြောနေသောအခါ၌ဖြစ်စေ ကျွန်ုပ်တို့အသင်းတော်မှထုတ်ဝေသော စာ

စောင်များနှင့်ဝေစာများကိုဝေငှပါ။ ထိုနောက်အခွင့်အရေးရတိုင်း၌ဒေသနာကိုတင်ပြပါ။ သန့်ရှင်းသောဝိညာဉ်တော်က အချို့သောစိတ်နှလုံးများတွင် ယင်းဒေသနာ၏မျိုးစေ့ကို သီးပွင့်ပေါက်ပွားလာအောင် ပြုပြင်ပေးတော်မူမည်။

"သည်ဝပ်ချမ်း" (ကင်းစောင့်)၊ "အာဝါတိုင်းမ်စ်" (ကျွန်ုပ်တို့ခေတ်) ခေါ်တွင်သည့် ကျွန်ုပ်တို့အသင်းတော်မှ ပုံနှိပ်ဖြန့်ချိထားသောချုပ်တည်းခြိုးခြံမှုအထူးစာစောင်များ အကြောင်းနှင့်ပတ်သက်၍အားတက်ဖွယ်ကောင်းသောစကားများပြောပါရဦးမည်။ ယင်းစာစောင်များကို "ဆောက်သင်းပတ်ဗလိရှင်းဟောက်စ်" ပုံနှိပ်တိုက်တွင်ပုံနှိပ်ပါသည်။ ကမ္ဘာအဝန်းမှာရှိသောအသင်းတော်များက ယင်းစာစောင်များကို တတ်နိုင်သမျှစောင်ရေများများကူညီဖြန့်ချိလိုပါသည်။ အဘယ်သူကိုမျှစောင်ရေကန့်သတ်မပေးပဲ တတ်နိုင်သမျှဖြန့်ကြပါလေစေ။

## ၁၇၆ ခေတ်ကာလ၏စိန်ခေါ်ချက်

ချုပ်တည်းခြိုးခြံမှုပြဿနာကို ကမ္ဘာတစ်ဝန်းတွင် စိတ်ဝင်စားကြောင်းတွေ့ရှိနေရသော ယခုအချိန်အခါမျိုးတွင် ဤလှုပ်ရှားမှုအတွက် ယခုအခါမျိုးထက် ပိုမိုကောင်းမွန်၍ အဆင်သင့်သောအချိန်သည် မရှိတော့ပြီ။ ချုပ်တည်းခြိုးခြံမှုကိစ္စတွင် ကျွန်ုပ်တို့၏ယုံကြည်ချက်ကို အများကတွေ့မြင်သိရှိနိုင်စေရန် ကျွန်ုပ်တို့၏အသင်းသားများက မဆုတ်မနစ်ဆောင်ရွက်ကြပါ။ သေရည်သေရက်ရောင်းချသောဆိုင်များပိတ်ပင်ရေးနှင့်ပတ်သက်၍ စိတ်အားထက်သန်စွာဖြင့်လည်းကောင်း၊ တက်တက်ကြွကြွဖြင့်လည်းကောင်းအရေးဆိုကြပါစို့။ ယင်းမဂ္ဂဇင်းများသည် ကောင်းကျိုးပြုနိုင်သောအာနိသင်ဖြစ်ပါလေစေ။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ကျွန်ုပ်တို့သည် ပိုမို၍တက်တက်ကြွကြွပြတ်ပြတ်သားသား ဆောင်ရွက်ကြရမည်။ **R & H, June 18. 1908.**

အရေးကြီးသောဤအချိန်၌ ကျွန်ုပ်တို့၏တာဝန်။ သေရည်သေရက်သောက်စားမူးယစ်ခြင်းနှင့်ရာဇဝတ်မှုများကျူးလွန်မှုကြောင့် တိုင်းပြည်အနှံ့အပြားတွင် ပစ္စည်းရောအသက်ပေါင်းများစွာ ဆုံးရှုံးနေရသောအဖြစ်သနစ်၏အဓိပ္ပါယ်သည် ထူးကဲကြောင်းကို သိရှိ၍စဉ်းစားဆင်ခြင်တတ်သောသူတို့အား ညွှန်ပြသတိပေးရန် ဘုရားသခင်အထံတော်မှလေးနက်သောအလင်းတရားရရှိထားကြသော ကျွန်ုပ်တို့၌တာဝန်ရှိသည်။ ခရစ်တော်အရှင်ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြိုခေတ်တွင် ဖြစ်ပျက်တည်ရှိနေမည့် အခြေအနေကို ရှင်းလင်းပြတ်သားစွာဖော်ပြသည့်ကျမ်းချက်များကို လူတို့ရှေ့မှောက်တွင် တင်ပြကြရမည်။

စက်ဆုပ်ဖွယ်သောသောက်စားမူးယစ်ခြင်းဖြင့် ကြောက်မက်ဖွယ်သောပြစ်မှုများအကြောင်းကို ကြက်သီးမွေးညင်းထလောက်အောင်အသေးစိတ်ဖော်ပြချက်များကို နေ့စဉ်သတင်းစာများတွင် ဖတ်ရှုနေရသောယခုခေတ်မျိုးတွင် လူတို့သည်နေ့စဉ်နှင့်အမျှဖြစ်ပျက်နေသောအဖြစ်အပျက်များအပေါ် "ရိုး" နေပြီဟုသဘောထား ထားရှိခြင်းအားဖြင့် ယင်းအခြေအနေ၏ထူးခြားသော အဓိပ္ပါယ်ဆောင်ခြင်းကို မျက်ခြေပြတ်နေတတ်ကြသည်။ အကြမ်းဖက်မှုများသည် နေ့စဉ်နှင့်အမျှဖြစ်ပျက်လျက်ရှိနေသည်။ မူးယစ်သောသေရည်သေရက်သောက်စားမှုအရှိန်သည်လျော့သည်မရှိ၊ အမြဲတမ်းတိုးတက်နေသည်။ ယင်းသောက်စားမူးယစ်ခြင်း၏ရလဒ်ဖြစ်သော ပြစ်မှုများကို သတင်းစာများက ခရေစေ့တွင်းကျဖော်ပြကြသည်။ ဤတရားဥပဒေလက်လွတ်ပြစ်မှုကျူးလွန်မှုများသည် ဒီရေအလားတိုးတက်လာနေသော သက်သေသာဓကများကို တွေ့မြင်ကြားသိနေရလင့်ကစား ယင်းအခြေအနေ၏အဓိပ္ပါယ်ကို လေးလေးနက်နက်ဆင်ခြင်တွေးတောကြသောသူတို့မှာ နည်းလွန်းလှပေသည်။ လူဦးရေရာခိုင်နှုန်းပြည့်လောက်ဘို့က ပစ္စုပ္ပန်ခေတ်၏အသိပညာတိုးပွားလာမှုနှင့် တိုးတက်မှုရှိနေကြောင်းဖြင့် ဂုဏ်ယူပြောဆိုတတ်သည်။

နိုင်ငံရေးခေါင်းဆောင်များ၊ သတင်းစာအယ်ဒီတာများနှင့်နေရာအနှံ့အပြား နေထိုင်ကြသည့်စဉ်းစားဆင်ခြင်တတ်သောပုဂ္ဂိုလ်များတို့အား ယခုအခါတွင် တိုင်းပြည်၌ပစ္စည်းရောလူပါ ဆုံးရှုံးနစ်နာမှုဖြင့်ပြည့်ဝစေသောသောက်စားမူးယစ်ခြင်းနှင့်အကြမ်းဖက်မှုတို့၏ထူးခြားသော အဓိပ္ပါယ်ကိုညွှန်ပြရန် ဘုရားသခင်၏သံတမန်များ အတွက် အဘယ် မျှလောက်အရေးကြီးနေပါသနည်း။ ဘုရားသခင်နှင့်လက်တွဲလုပ်ကိုင်လျက်ရှိသောသစ္စာရှိသည့်သူများအနေဖြင့် ကျွန်ုပ်တို့သည် ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ပြတ်ပြတ်သားသား တိတိကျကျသက်သေခံရကြမည်ဖြစ်သည်။

ပြစ်မှုကျူးလွန်မှုနှင့်ဆင်းရဲဒုက္ခများ လျင်မြန်စွာတိုးတက်နေခြင်း၏အဓိပ္ပါယ်ကို လေ့လာနေကြသောသူတို့အားအသိပညာကို ပေးကမ်းရာတွင်ကောင်းကင်တမန်နှင့်လက်တွဲဆောင်ရွက်ရန် ယခုအချိန်သည် ကျွန်ုပ်တို့အတွက် အခါအခွင့်သင့်သောအချိန်ဖြစ်သည်။ ကျွန်ုပ်တို့၏တာဝန်ကိုသစ္စာရှိစွာထမ်းဆောင်လျှင်အဖိုးထိုက်သည့်များစွာသောဝိညာဉ်များ ကယ်တင်ရေးအတွက် ကျွန်ုပ်တို့၏ကြိုးပမ်းမှုကို ကောင်းချီးပေးပါလိမ့်မည်။ **R & H, Oct. 25, 1906.**

ဖတ်စရာစာပေမြောက်မြားစွာသယ်ယူသွားပါ။ ကျမ်းစာထဲ၌ဖော်ပြပါရှိသောအရေးပါအရာရောက်လှသည့် အကြောင်းအရာများကိုသိရှိခြင်းမရှိ၊ ဖတ်လည်းမဖတ်ရသောသူအမြောက်အမြားထံသို့ ကျန်းမာမှုပြုပြင်ပြောင်းလဲရေး ဆိုင်ရာ စာပေပရိယတ္တိများ ရောက်ရှိသွားလိမ့်မည်။ ကမောက်ကမဖြစ်သောခံတွင်းအလိုလိုက်စားခြင်းသည် ၎င်း၏သေ မင်းတမန်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကို ရင်ဆိုင်ရမည်။ ဘုရားသခင်ပေး သနားတော်မူသောစွမ်းရည်များကို သေရည်သေရက်အားဖြင့်နေထိုင်စေသော ဒုစရိုက်ကိုစုပေါင်းဆောင်ရွက်ခြင်းအား ဖြင့်လည်းကောင်း၊ ပညာသားပါပါဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်းအများသောသူတို့အားသိရှိစေရကြမည်။ ကျန်း



မာမှုပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စနှင့်ပတ်သက်၍ လူတို့အားအမှန်တရားပြောကြားရမည်။ ကျမ်းစာထဲ၌ ဖော်ပြပါ ရှိသော သမ္မာတရားကို ဂရုပြုစေရန် ယင်းကဲ့သို့ ပြုလုပ်ဖို့လိုအပ်ပေသည်။

ကိုယ်တော်ရှင်၏သားသမီးအားလုံးသည် အရာခပ်သိမ်းတွင် ချုပ်တည်းခြိုးခြံမှုရှိဖို့ရန် ဘုရားသခင်သည် အလို ရှိတော်မူသည်။ သူတို့သည် ချုပ်တည်းခြိုးခြံမှုကို မကျင့်သုံးလျှင် သူတို့သည် သမ္မာတရားအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်မည်မဟုတ်ပေ။ ရောက်လည်းမရောက်နိုင်ပေ။ သူတို့၏အကြံအစည်များနှင့်စိတ်တို့သည် အကျင့်သီလခေါင်း ပါးလာသည်။ မျှော်လင့်ချက်မရှိလောက်အောင် အကျင့်သီလခေါင်းပါး (ဝါ) ဆိုးသွမ်းလာသည်ဆိုသောသူများသည် သူတို့၏ကျန်းမာခြင်းနှင့်ဖီလာဆန့်ကျင်သောအကျင့်ဓလေ့များနှင့်ပတ်သက်၍ ကောင်းမွန်စွာသင်ကြားမှုကိုခံရလျှင် သမ္မာတရားကိုလက်ခံကြမည်ဖြစ်သည်။ ထိုနောက်သူတို့၏အခြေအနေကို မြှင့်တင်ပေးနိုင်သည်၊ မြင့်မြတ်အောင်ပြုပြင် ပေးနိုင်သည်၊ သန့်ရှင်းအောင်လည်းပြုပြင်ပေးနိုင်သည်။ ထိုအခါသူတို့သည် ကိုယ်တော်ရှင် အသုံးပြုနိုင်မည့်ခွက်ဖလား များဖြစ်လာကြမည်။ သင်တို့လက်များထဲတွင် ဖတ်စရာစာစောင်များသယ်နိုင်သလောက် သယ်ယူသွား၍ သူတို့၏ ဝိညာဉ်များ အတွက် ခရစ်တော်၏အနန္တမေတ္တာတော်ကိုလည်း သင်တို့၏စိတ်နှလုံးထဲ၌ အပြည့်ပါရှိလျက် သူတို့ရှိသောနေရာများသို့ အရောက်သွားရကြမည်။ **M, 1, 1875.**

စည်းရုံး၍ အကျိုးဖြစ်ထွန်းသော အမှုတော်အတွက် ပြင်ဆင်ပါ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှု အတွက် အမှုတော်ဆောင်ရန် လိုအပ်၍ဤကိစ္စကို အမြိတမ်းစိတ်ဝင်စားဖွယ်ဖြစ်သောအခြေအနေ၌ထားရှိရမည်။ ဤ ကဲ့သို့ပြုလုပ်ခြင်းသည် ကျွန်ုပ်တို့အနေဖြင့် လူများသောတံငါများဖြစ်လာနိုင်သော နည်းတစ်နည်းဖြစ်သည်။ ကျွန်ုပ်တို့ အသင်းမှ ပုံနှိပ်ထုတ်ဝေသောစာပေပရိယတ္တိများကိုဖြန့်ကြံရာတွင်များစွာအောင်မြင်ခဲ့ပေပြီ။ ထကြွနိုးကြားစွာဆောင် ရွက်ရသောအမှုတော်ကို ထမ်းဆောင်ရန်အတွက် သင်တို့အထဲတွင် အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ပါ။ သူတစ် ပါးစိတ်ငြိုငြင်မှုမရှိအောင်စကားပြောဆိုနိုင်ဖို့သင်ကြားလေ့လာပါ။ သာယာဖြည်းညင်းစွာစကားပြောဆိုနိုင်အောင် လေ့ ကျက်ပြုပြင်ပါ။ ခရစ်တော်၏ကျေးဇူးတော်ကို သင်တို့အထဲ၌ ကြွယ်ဝစွာကိန်းဝပ်စေလျက် တစ်ဦးနှင့်တစ်ဦးအားတက် ဖွယ်သောစကားများ ပြောဆိုပါ။ ကျွန်ုပ်တို့အသင်းသားအားလုံးတို့အား စည်းလုံးညီညွတ်ပါ၊ စည်းလုံးညီညွတ်ပါ ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ **M, 99, 1908.**

သတိပေးစကားပြောကြားပါ။ ဘုရားသခင်၏လူတို့သည် အမြဲတမ်းအဆင်သင့်ရှိနေသော သူများဖြစ်လျက် ဘုရားသခင်၏အမှုတော်ကို ရှေ့သို့တိုးတက်ဆောင်ရွက်ရန် အခွင့်အရေးကို တွေ့မြင်တတ်ရမည်။ ယင်းအခွင့်အရေးကို အခွင့်ကောင်းယူတတ်ကြရမည်။ သူတို့၌သူတစ်ပါး အားကြားပြောရန် သတင်းစကားတစ်ခုရှိသည်။ ကလောင်အား ဖြင့်လည်းကောင်း၊ အသံအားဖြင့်လည်းကောင်း သူတို့သည် သတိပေးစကားပြောကြားရကြမည်။ အနည်းငယ်သော သူတို့သာ နားထောင်ကြမည်၊ လူနည်းစုကသာ နားထောင်လိုသောစိတ်ရှိကြသည်။ သူ၏အာဏာစက်အောက်တွင် အမျိုးသားနှင့်အမျိုးသမီးတို့အားထိန်းသိမ်းထားရန် စာတန်သည် ပရိယာယ်ဆင်လျက် များစွာသော နည်းလမ်းများကို တီထွင်ထားသည်။ လူတို့အားကမောက်ကမဖြစ်သော ခံတွင်းအလိုကို လိုက်စားစေခြင်းနှင့်လောကီအပျော်အပါးများကို လိုက်စားစေခြင်းအားဖြင့် လူတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အင်အားဆုတ်ယုတ်အောင်ပြုစေသည်။ မူးယစ်သော သေရည်သေရက်၊ ဆေးလိပ်၊ ကပွဲရုံနှင့်မြင်းပြိုင်ပွဲမှစသောအရာများ၊ အခြားမြောက်မြားစွာသောဒုစရိုက်များတို့သည် သူတို့၏အာရုံများကိုထုံထိုင်းစေ၍ ရာပေါင်းများစွာသော သူတို့ကို ဘုရားသခင်၏ကရုဏာတော်ဖြင့်တိုက်တွန်းတောင်း ပန်ချက်များကို နားမထောင်ရန် သွေးဆောင်ထားလေသည်။ **R & H, June 23, 1903.**

## ၆ ဆန္ဒမဲ၏အာနိသင်

နိုင်ငံသူနိုင်ငံသားအနေဖြင့် ကျွန်ုပ်တို့၏တာဝန်။ နိုင်ငံရေးဆိုင်ရာပြဿနာများတွင် ကျွန်ုပ်တို့အနေဖြင့် ပါဝင်ရှုပ်ထွေးခြင်းမရှိရဆိုသည်မှာမှန်ကန်သော်လည်းချုပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုကိစ္စနှင့်ပတ်သက်သော ကိစ္စအဝဝတွင် ကျွန်ုပ်တို့ခံယူချက်အတိုင်းမားမားမတ်မတ်ရပ်တည်နေရန် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့အနေဖြင့် ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသား သက်သေခံခဲ့ပေပြီ။ ၁၈၈၁ခုနှစ်၊ နိုဝင်ဘာ လ ၁ ရက်နေ့ထုတ် "ရီဗျူး" ခေါ်စာစောင်တွင်ထည့်သွင်းဖော်ပြခဲ့သည့်ကျွန်ုပ်ရေးသားထားသောဆောင်းပါးတစ်ပုဒ်တွင် အောက်ပါစာပိုဒ်များကို သုံးစွဲနိုင်ပါသည်။



"လူထု၏ကျင့်စဉ်များ ပျက်ပြားရခြင်းအတွက် အကြောင်းတစ်ခုရှိပါသည်။ သူတို့၏အောက်ခြေကို တူးဖြိုပစ်နေသောသူရာမေရိယကံထိုက်စေသောသောက်စားမူးယစ်ခြင်းဒုစရိုက်ကို ဥပဒေပညတ်ဖြင့် ထောက်မထားသည်။ ယင်းသောက်စားမူးယစ်ခြင်းကြောင့်တည်ရှိနေသော အမှားအယွင်းများကို အများသောသူတို့က ဝမ်းနည်းကြသော်လည်း ယင်းကိစ္စ၌ သူတို့သည် လုံးဝတာဝန်ကင်းသည်ဟု ယူဆနေကြသည်။ ယင်းသဘောထားသည်ယုတ္တိမရှိပါ။ လူတိုင်း၏လုပ်ရပ်သည် လူထုအပေါ်ဩဇာသက်ရောက်မှုရှိသည်။"

မဲဆန္ဒရှင်တိုင်းပြောရေးဆိုခွင့်ရှိသည်။ "ကျွန်ုပ်တို့တိုင်းပြည်တွင် (အမေရိကန်ပြည်)တိုင်းသူပြည်သားလူအများအတွက်ဥပဒေများ ပြဋ္ဌာန်းရာတွင် မဲဆန္ဒရှင်တိုင်း၌ပြောရေးဆိုခွင့်ရှိပါသည်။ ယင်းဩဇာသက်ရောက်မှုနှင့်ဆန္ဒမဲကိုချုပ်တည်းခြိုးခြံမှုနှင့်အကျင့်သီလကောင်းဘက်သို့ ပေးထိုက်သည်မဟုတ်ပါလော။"

"ချုပ်တည်းခြိုးခြံမှု၏မိတ်ဆွေများကို တိုက်ပွဲသို့လက်တွဲ၍ဝင်ရောက်ပြီးလျှင်ကမ္ဘာကြီးအား အကျင့်စာရိတ္တပျက်ပြားစေသောဒီရေအလားတိုးတက်နေသောဒုစရိုက်ကိုတားဆီးကြရမည်။ သို့ရာတွင်သေရည်သေရက်ရောင်းချမှုကို ဥပဒေဖြင့်ထောက်မထားသောကြောင့် ကျွန်ုပ်တို့၏ကြိုးပမ်းချက်သည် အဘယ်ကဲ့သို့ အကျိုးသက်ရောက်နိုင်ပါမည်နည်း။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏ဘေးဒဏ်ကြီးသည် ကျွန်ုပ်တို့၏တိုင်းပြည်တွင် အမြဲတမ်းပိုးကျပင်ကြီးအနေဖြင့် ရပ်တည်နေရမည်လော။ ယင်းသည်လောင်ကျွမ်းသောမီးတောက်ကဲ့သို့ နှစ်စဉ်နှစ်တိုင်း ထောင်သောင်းမကသော ပျော်ရွှင်သည့်အိမ်ထောင်များကို ဖျက်ဆီးနေရမည်လော။

အသံ၊ ကလောင်နှင့်ဆန္ဒမဲအားဖြင့်။ "ကျွန်ုပ်တို့သည် အကျိုးသက်ရောက်မှုအကြောင်းပြောဆိုကြသည်။ အကျိုးသက်ရောက်မှုကို ကြည့်၍တုန်လှုပ်ချောက်ချားဖြစ်ရကြသည်။ ကြောက်မက်ဖွယ်သောဆိုးကျိုးများကို အဘယ်ကဲ့သို့ ဖျောက်ဖျက်ပစ်ရမည်ဖြစ်ကြောင်းသိလိုကြသည်။ တစ်ချိန်တည်းမှာပင် ယင်းဆိုးကျိုးကို ဖြစ်စေသောအကြောင်းကို လက်ခံထားကြသည်။ ခွင့်ပင်ပြုထားကြသည်။ ချုပ်တည်းခြိုးခြံမှုကိုဆော်ဩသောသူတို့သည် သေရည်သေရက်တားဆီးပိတ်ပင်ရေးနှင့်လုံးဝရှောင်ကြဉ်မှုအတွက် ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း (ဝါ) အသံ၊ ကလောင်နှင့်ဆန္ဒမဲအားဖြင့်လည်းကောင်း မိမိတို့၏ဩဇာသက်ရောက်မှုကို အသုံးမပြုလျှင် သူတို့၏တာဝန်ကို ပျက်ကွက်ကြသည်။ ဤပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ရန် ဘုရားသခင်သည် နိမိတ်လက္ခဏာတစ်ခုကို ပြတော်မူမည်ဖြစ်၍ ကျွန်ုပ်တို့အနေဖြင့် ကြိုးပမ်းရန် မလိုအပ်ဟူသောမျှော်လင့်ချက်မျိုးမထားရှိရ။ ဤရန်သူကြီးနှင့် ကျွန်ုပ်တို့ကိုယ်တိုင် ယှဉ်ပြိုင်ရကြမည်။ ကျွန်ုပ်တို့၏ဆောင်ပုဒ်မှာ၊ အောင်မြင်မှုရရှိသည်တိုင်အောင် ဤရန်သူကြီးနှင့် အပေးအယူမလုပ်၊ ကျွန်ုပ်တို့၏ကြိုးပမ်းမှုကိုလည်းအဘယ်အခါမျှလက်လျှော့မည်မဟုတ်ပေ။ **R & H, Oct, 15, 1914.**

လူတော်လူကောင်းရွေးချယ်ခြင်း။ တာဝန်ယူရသောရာထူးဌာနန္တရများတွင်ချုပ်တည်းခြိုးခြံမှုကင်းမဲ့သော ပုဂ္ဂိုလ်များကို လူထု၏ဆန္ဒမဲဖြင့် မခန့်ထားသင့်ပေ။ **ST, July 8, 1880.**

ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူတို့ပြုလိုရာခံနေရမည့်အခြေအနေ။ သေရည်သေရက်သောက်စားမှုကြောင့် ဦးနှောက်အင်အားဆုတ်ယုတ်နေသောသူများ၊ သို့မဟုတ် ဆေးလိပ်သောက်မှုကြောင့် အမြဲတမ်းထုံထိုင်းသောသူများတို့လက်သို့ ရာထူးဌာနန္တရများ အပ်နှင်းထားတတ်ကြသည်။ ပျော်ရွှင်သောအိမ်ထောင်များ၏အေးချမ်းသာယာမှု၊ ဂုဏ်သရေ၊ ဥစ္စာပစ္စည်း၊ လွတ်လပ်မှု၊ အသက်သည်ပင် ကျွန်ုပ်တို့၏ဥပဒေပြုခန်းမကြီးများနှင့် တရားရုံးမှ ချုပ်တည်းခြိုးခြံမှု ကင်းမဲ့သောသူတို့ ပြုလိုသမျှကို ခံနေရသည်။

ခံတွင်းအလိုလိုက်မှုကြောင့် တစ်ကြိမ်ကရိုးဖြောင့်၍ စေတနာတရားပွားများသောသူတို့သည် ရိုးဖြောင့်မှုနှင့် မေတ္တာစေတနာတရားတို့သည် ခန်းခြောက်လာပြီးလျှင် သစ္စာမဲ့သောသူ၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော သူတို့နှင့် ပေါင်းဖော်လျက် ထိုသူတို့နှင့်လက်တွဲ၍ ပြစ်မှုများ ကျူးလွန်ကြတော့သည်။

တိုင်းသူပြည်သားများအနေဖြင့် အခွင့်ထူးဆုံးရှုံးခြင်း။ ဝီစကီတစ်ခွက်ကို တံစိုးလက်ဆောင်အဖြစ်ရရှိခြင်းအားဖြင့် ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်အရွေးခံရသောလူဆိုးလူသွမ်းတစ်ဦးအား ဆန္ဒမဲပေးသောသူတို့သည် အမေရိကန်သမ္မတနိုင်ငံသားများအနေဖြင့်အခွင့်ထူးတစ်ခုကိုဆုံးရှုံးရကြသောသူမည်မျှလောက်များပြားလျက်ရှိကြပြီနည်း။ လူတန်းစားတစ်



ရပ်အနေဖြင့် ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောပုဂ္ဂိုလ်တစ်ဦးသည် ကမောက်ကမဖြစ်သောခံတွင်းအလိုလိုက်စားမှုအတွက် အကန့်အသတ်မရှိသည့်ခွင့်ပြုချက်မပေးသော သူတို့အား လှည့်ဖြားရန်လည်းကောင်း၊ တံစိုးလက်ဆောင်ပေး ရန်လည်းကောင်း အကြမ်းဖက်ရန်ပင်လက်နှေးနေလိမ့်မည်မဟုတ်ပေ။ **R & H, Nov, 8, 1881.**

လုပ်ရှားမှုမရှိသောပြည်သူပြည်သားများတို့၏တာဝန်။ အများသောသူတို့သည် သေရည်သေရက်သောက်စားသောမှောက်မှားသည့်ခံတွင်းအလိုလိုက်မှုကြောင့် အသရေမဲ့ဖြစ်နေသောအိမ်ထောင်များကသတိမရပဲအပြောအဆိုအားဖြင့်လည်းကောင်း၊ မဲဆန္ဒဖြင့်လည်းကောင်း ဖျက်ဆီးနေသောသူအား ထောက်ခံနေကြသည်။ **M, 87, 1898.**

သောက်စားမူးယစ်သောသူတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများအတွက် ဆန္ဒမဲပေးခြင်းအားဖြင့် သေရည်သေရက်ရောင်းဝယ်ဖောက်ကားမှုကိုခွင့်ပြုခဲ့ကြသောသူတို့၏တာဝန်သာဖြစ်လိမ့်မည်။ **L, 243a, 1905.**

ရှေးခေတ်ကျွန်ုပ်တို့ခေါင်းဆောင်ကြီးများကအရေးပါအရာရောက်သောဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း။ (၁၈၅၉ ခုနှစ်၊ အယ်လင်ဂျီ၊ ဝှိုက်ဒိုင်ယာရီမှ) "ညနေပိုင်းကစည်းဝေးတက်ခဲ့ပါသည်။ လွတ်လွတ်လပ်လပ်ဆွေးနွေး၍စိတ်ဝင်စားဖွယ်ကောင်းသောစည်းဝေးပင်။ စည်းဝေးကိုပိတ်ရန် အချိန်ကျရောက်လာပြီးနောက် ဆန္ဒမဲပေးရေးကိစ္စကို အချိန်ယူဆွေးနွေးပါသည်။ ဂျိမ်းစ်ဆိုသူက ပထမဆုံး မိန့်ခွန်းပြောပါသည်။ ထိုနောက် ဆရာအင်ဒရူးစ်ကပြောပါသည်။ သူတို့နှစ်ဦးကအမှားကို ဆန့်ကျင်၍အမှန်ဘက်မှသူတို့အနေဖြင့် အလေးတင်ပေးလျှင်အကောင်းဆုံးဖြစ်လိမ့်မည်ဟုယူဆကြပါသည်။ သူတို့အနေဖြင့် တိတ်ဆိတ်စွာနေလျှင် ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူများအား ရာထူးအပ်နှင်းခံရမည့်အန္တရာယ်ရှိသောကြောင့် ချုပ်တည်းခြိုးခြံမှုရှိသောသူတို့အား ဆန္ဒမဲပေး၍ရာထူးအပ်နှံရလျှင် မှန်ကန်လိမ့်မည်ဟု သူတို့ကယူဆကြသည်။ ဆရာဟူးဝက်က သူ့အတွေ့အကြုံကို ပြောပြပြီးသည်နောက် ယင်းအစီအစဉ်အတိုင်း သူ့ဆန္ဒမဲကိုပေးရန် စိတ်ပိုင်းဖြတ်လိုက်ပါသည်။ ဆရာဟတ်ကလည်းကောင်းမွန်စွာအချက်အလက်များကို တင်ပြသွားသည်။ မစ္စတာလိုင်းယင်းက ကန့်ကွက်သည်။ အခြားသောပုဂ္ဂိုလ်များက ယင်းအစီအစဉ်အတိုင်း ဆန္ဒမဲပေးရေးကို မကန့်ကွက်ကြပေ။ မစ္စတာကဲလောက်က ယင်းအစီအစဉ်မှန်ကန်သည်ဟု ထောက်ခံစကားပြောကြားလာသည်။ ထိုညီအစ်ကိုတော်များအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦးကြည်ဖြူစွာဆက်ဆံနေကြသည်။ သူတို့အားဘုရားသခင်ကို ကြောက်ရွံ့သောသဘောနှင့်လုပ်ကိုင်ဆောင်ရွက်ကြလျှင် မည်မျှကောင်းမည်နည်း။

မှတ်ချက်။ ၁၈၈၁ခုနှစ်၊ နွေရာသီစောစောပိုင်းက အိုင်အိုဝေပြည်နယ်၊ ဒက်စ်မွိုင်းစ်မြို့၌ ကျင်းပခဲ့သောတောစခန်းမမှစည်းဝေးတွင်ကြွရောက်ကြသောကိုယ်စားလှယ်တော်များ၏ရှေ့၌ တင်ပြခဲ့သောပြဋ္ဌာန်းချက်တစ်ခု၏အဆိုမှာ၊

"ဤပြည်နယ်၌ရှေ့သို့တိုးကတ်ဆောင်ရွက်လျက်ရှိသောချုပ်တည်းခြိုးခြံမှုဆိုင်ရာလှုပ်ရှားမှုကို ကျွန်ုပ်တို့အနေဖြင့်လေးလေးနက်နက်စိတ်ဝင်စားကြောင်းကိုထုတ်ဖော်ပြောဆိုရန် ကျွန်ုပ်တို့အသင်းတော်များတွင် မိမိတို့၏ဩဇာသက်ရောက်မှုကို အသုံးပြုလျက် ယင်းကိစ္စနှင့်ပတ်သက်၍သင်ကြားပေးရန် ပြည်သူလူထုအား ကိုယ်တိုင်ကိုယ်ကြပ်ပါဝင်ဆောင်ရွက်ခြင်း၊ ဆန္ဒမဲပေးခြင်းအားဖြင့်ချုပ်တည်းခြိုးခြံမှုကို ထောက်ခံအားပေးသောသူများက အကောင်အထည်ဖော်ရန်ကြိုးပမ်းလျက်ရှိသောအုပ်ချုပ်မှုအခြေခံဥပဒေတွင်သေရည်သေရက်ထုတ်လုပ်ရောင်းချမှုကိုတားဆီးပိတ်ပင်ရေးကိုပြင်ဆင်ထည့်သွင်းရန်အတွက် အားကြိုးမာန်တက် ကူညီဆောင်ရွက်ဖို့တိုက်တွန်းရန် ကျွန်ုပ်တို့ဓမ္မဆရာအားလုံးတို့အားညွှန်ကြားရန် ဤစည်းဝေးကပြဋ္ဌာန်းပါကြောင်း။" **R & H, July 5, 1881.**

အချို့သောသူများက “ဆန္ဒမဲပေးခြင်း” ဆိုသောစကားရပ်များကို ကန့်ကွက်ကြ၍ ယင်းတို့ကိုထုတ်ပယ်ပစ်ရန် တိုက်တွန်းကြပါသည်။ ဤစည်းဝေးသို့တက်ရောက်ခဲ့သောမစ္စစ်ဝှိုက်သည် ယခုအခါအလုပ်ခွင်မှအနားယူခဲ့လေပြီ။ သို့ရာတွင် သူမအားယင်းကိစ္စနှင့်ပတ်သက်၍အကြံဉာဏ်များပေးရန်ခေါ်ယူခဲ့သည်။

ထိုအချိန်က ယင်းကိစ္စနှင့်ပတ်သက်၍ သူမကရေးသားထားခဲ့သည်မှာ၊ “ကျွန်ုပ်သည် အဝတ်အစားများ အသစ်လဲပြီးနောက် ကျွန်ုပ်အမှာစကားပြောရမည့်အချက်မှာ ကျွန်ုပ်တို့အသင်းသားများအနေဖြင့် သေရည်သေရက်တားဆီးပိတ်ပင်ရေးအတွက် ဆန္ဒမဲပေးသင့်မပေးသင့်ကိစ္စဖြစ်သည်။ ဆန္ဒမဲ “ပေးရမည်” ဟု ကျွန်ုပ်ကပြောဆိုပြီးနောက် ယင်းကိစ္စနှင့်ပတ်သက်၍ မိနစ်နှစ်ဆယ်မျှ အမှာစကားပြောကြားခဲ့ပါသည်။” **L, 6, 1881.**



ယခုအခါတွင် ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောသူတို့သည် ရာထူးဌာနန္တရကြီးများရရှိထားပြီးဖြစ်လျက် သတ္တမနေ့ဥပုသ်အသင်းသားများကသေရည်သေရက် တားဆီးပိတ်ပင်ရေးအတွက် ဆန္ဒမဲမပေးပဲနေသည်ကို သူတို့အနေဖြင့် သဘောကျကြောင်းမြှောက်ပင့်ပြောဆိုလျက် သတ္တမနေ့ဥပုသ်အသင်းသားများက ယင်းကဲ့သို့ဆက်လက်နေထိုင်သွားကြ၍ ကွိတ်ကာဂိုဏ်းဝင်များကဲ့သို့ ဆန္ဒမဲမပေးပဲနေကြလိမ့်မည်ကို မျှော်လင့်ကြောင်းဖြင့် ပြောဆိုကြသည်။ ထိုအချိန်တွင် စာတန်နှင့်သူ့နောက်လိုက်များဖြစ်ကြသော ဒုစရိုက်ကောင်းကင်တမန်တို့သည် အလုပ်များလျက်နေကြ၍ သူ့လုပ်သားများသည် မြေကြီးပေါ်တွင် ရှိနေကြသည်။ စာတန်၏မှန်းချက်နှင့် နှမ်းထွက်မကိုက်ပါစေနှင့်ဟု ကျွန်ုပ်ဆုဆောင်းပါသည်။” **E. G. W. diary, Sunday, March 6, 1859.**

ရှေးခေတ်ဘုရင်အုပ်စိုးသောတိုင်းပြည်များမှသင်ခန်းစာ။ လူမျိုးတစ်မျိုး၏ကြီးပွားတိုးတက်မှုသည်ယင်းတိုင်းပြည်မှတိုင်းသူပြည်သားတို့၏အကျင့်သီလနှင့်ဉာဏ်ပညာပေါ်တွင်တည်သည်။ ဤကောင်းချီးမင်္ဂလာများကိုခံစားနိုင်ရန် တိုင်းသူပြည်သားများအနေဖြင့်အရာခပ်သိမ်းတွင် ချုပ်တည်းခြိုးခြံမှုရှိရန် အထူးအရေးကြီးလှပေသည်။ ရှေးခေတ်ရှင်ဘုရင်များအုပ်စိုးသောတိုင်းပြည်များမှကျွန်ုပ်တို့သည်သင်ခန်းစာမြောက်မြားစွာကို ရယူနိုင်ကြပါသည်။ ကာမဂုဏ်ခံစားခြင်း၊ ကိုယ့်အလိုကိုလိုက်ခြင်းနှင့်အပျော်အပါးကြူးခြင်းတို့သည် ယင်းတိုင်းပြည်များတို့ ကျဆုံးမှုအတွက်လမ်းခင်းပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုကြီးသည် ယင်းတိုင်းပြည်များမှသသင်ခန်းစာယူ၍ သူတို့၌ကျရောက်သောကံကြမ္မာမျိုးကို ရှောင်ရှားနိုင်မည်မနိုင်မည် စောင့်ကြည့်ရပေလိမ့်မည်။ **GW, p. 388.**

## ၇ စပါးရိတ်သိမ်းရန်ခေါ်ဖိတ်ခြင်း

ကျွန်ုပ်တို့အလုပ်လုပ်ကိုင်ရန်ချိန်တန်ပြီ။ ညီအစ်ကိုမောင်နှမတို့၊ ကျွန်ုပ်တို့အနေဖြင့် အလုပ်ကိုစတင်လုပ်ကိုင်ရန် ချိန်တန်ပြီမဟုတ်ပါလော။ ကျွန်ုပ်တို့အား ဘုရားသခင်ပေးသနားထားတော်မူသောစွမ်းရည်များကို နိုးထစေရန်လည်းကောင်း၊ မရရှိဖူးသေးသည့် သန့်ရှင်းသောစိတ်ထက်သန်မှုရရှိရန်လည်းကောင်း အချိန်တန်ပြီမဟုတ်ပါလော။ ကာလက်ကဲ့သို့ရပ်တည်လျက်၊ ရှေ့သို့ချီတက်လျက်၊ အသံကို လွှင့်၍ကျွန်ုပ်ဘေးပတ်လည်မှ ကြားရှိနေသောသတင်းစကားများကိုရွတ်ချရန်ချိန်တန်ပြီမဟုတ်ပါလော။ ဤကိစ္စ၌ကျွန်ုပ်တို့သည် အောင်ပွဲမဆင်နိုင်ပဲရှိကြပါသလား။ ချုပ်တည်းခြိုးခြံမှုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် ကြီးစွာသောအောင်ပွဲကို ဘုရားသခင်အားဖြင့် ဆင်နိုင်ကြသည်။ **M, 3, 1888.**

မည်သူကူညီမစမည်နည်း။ ကျွန်ုပ်တို့၏ဘေးပတ်လည်တွင်ကမောက်ကမဖြစ်သောခံတွင်းအလို၏ကျေးကျွန်ဘဝ၌နစ်မွန်းနေကြသောသူ မြောက်မြားစွာရှိနေရာ သူတို့အတွက် သင်တို့အနေဖြင့် အဘယ်ကဲ့သို့စွမ်းဆောင်ပေးနိုင်ကြသနည်း။ သင်သည် သင်၏ပုံသက်သေအားဖြင့် သူတို့အားချုပ်တည်းခြိုးခြံမှုလမ်းအတွင်း၌လျှောက်လိုက်နိုင်စေဖို့အတွက် သူတို့၏ခြေဦးကိုလှည့်ပေးရန် မဆောင်ရွက်နိုင်ပါသလော။ ကျွန်ုပ်တို့ဘေးပတ်၌ကြီးပြင်းလာကြသော လူငယ်လူရွယ်တို့ရင်ဆိုင်ရမည့်စုံစမ်းသွေးဆောင်ခြင်းကို သင်သည်အသိစိတ်ဓါတ်ဖြင့် ယင်းလူငယ်လူရွယ်တို့အားကြိုတင်သတိပေးရန်နှင့်ကယ်ဆယ်ရန် မစွမ်းဆောင်ပဲနေပါသလား။ မည်သူသည် ဘုရားသခင်ဘက်၌ရပ်တည်နေမည်နည်း။ ကမ္ဘာကြီးကို လွှမ်းမိုးလျက်ရှိနေသော ဤညစ်ညူးဆိုးသွမ်းသည့်ဒီရေ၊ ပူပန်သောကနှင့်ဆင်းရဲဒုက္ခဒီရေတို့ကို ဟန့်တားကာဆီးထားရန် မည်သူကူညီဝိုင်းမကြပါမည်နည်း။ **CTBH, p. 40.**

အခွင့်သာသောကျွန်ုပ်တို့ခေတ်။ အရာရာ၌ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းသည် ကမ္ဘာကို ဖမ်းထားသည်။ ယခုအချိန်တွင်မှန်ကန်သောပညာရှင်များနှင့်ကိုယ့်အလိုကို ငြင်းပယ်ခြင်းနှင့်ကိုယ့်ကိုယ်ကိုယ်အနစ်နာခံခြင်းတရားတို့ကို သင်ကြားပို့ချသောပညာရှင်များတို့သည် ဆုလာဘ်ကိုခံစားကြရလိမ့်မည်။ ယခုအချိန်သည် ကျွန်ုပ်တို့အတွက် မင်္ဂလာရှိသောအလုပ်လုပ်ကိုင်ရန် အချိန်ကောင်းဖြစ်သည်။ အခွင့်ကောင်းလည်းဖြစ်သည်။ **MM, p.25.**

ကျွန်ုပ်တို့၌တာဝန်ရှိသည်။ ကျွန်ုပ်တို့၏ဆုံးမသြဝါဒပေးခြင်း၊ သတိပေးခြင်းနှင့်မိဘဆိုင်ရာသို့မဟုတ်ဓမ္မဆိုင်ရာသြဇာအာဏာကိုအသုံးမပြုပဲနေမှုကြောင့် အခြားသောသူတို့၏ဘဝအသက်တာတွင် ရပ်ဆိုင်းသွားခြင်းမရှိသော ဆိုးသွမ်းမှုအပြစ်ဒုစရိုက်များအတွက် ယင်းဒုစရိုက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ကျူးလွန်သကဲ့သို့ ကျွန်ုပ်တို့အနေဖြင့် တာဝန်မကင်းဖြစ်ကြသည်။ **4T, p. 516.**

## ၁၈၁ ခေတ်ကာလ၏စိန်ခေါ်ချက်

ချုပ်တည်းခြိုးခြံမှုလုပ်ငန်းကိုပြန်လည်အသက်သွင်းပေးပါ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကို ပြန်လည်အသက်သွင်းပေးရန်အထူးလိုအပ်နေပေသည်။ **R & H , Jan. 14, 1909.**

လွန်ခဲ့သောနှစ်ပေါင်းများစွာက ချုပ်တည်းခြိုးခြံမှုဆိုင်ရာအခြေခံသဘောတရားရေးရာများဖြန့်ချိရေးသည် ကျွန်ုပ်တို့၏အရေးအကြီးဆုံးတာဝန်တစ်ခုအနေဖြင့် သဘောထားခဲ့ကြသည်။ ယခုအခါ၌လည်း ယင်းသဘောထားမျိုးရှိသင့်ကြသည်။ **GW, p. 384.**

လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်က ချုပ်တည်းခြိုးခြံမှုလုပ်ငန်းကို ရှေ့သို့တိုးကတ်ဆောင်ရွက်ခဲ့သည်အတိုင်း ဆောင်ရွက်လျှင် ကျွန်ုပ်တို့၏တောစခန်းဓမ္မစည်းဝေးများတွင် ပရိသတ်တို့အားစားရေး၊ သောက်ရေးတွင် ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏အပြစ်များ အထူးသဖြင့်သေရည်သေရက်သောက်စားခြင်း၏ဆိုးကျိုးများကို တင်ပြလျှင် ၎င်းအပြင် ယင်းအပြစ်ဒုစရိုက်များကို ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်း၏အထောက်အထားများအနေဖြင့်တင်ပြလျှင် လူထုသည်လှုပ်ရှားမှုရှိလာကြပေမည်။ ကျွန်ုပ်တို့ကိုင်တွယ်နေသော သမ္မာတရားများ၏အရေးကြီးပုံနှင့်၎င်းအရေးကြီးပုံနှင့် အချိုးအစားတူညီသောစိတ်ဇောကို ပြသလျှင်ထောင်သောင်းမကသောသူတို့အား ပျက်စီးခြင်းမှ ကျွန်ုပ်တို့ကယ်တင်နိုင်ပေလိမ့်မည်။ **6T, p. 111.**

မည်မျှစွန့်စားရန်လိုအပ်နေကြောင်းကို ကျွန်ုပ်တို့အသင်းသူအသင်းသားများအား အသိပညာကိုပေး၍ပျောက်ဆုံးခဲ့သောအချိန်ကို ပြန်လည်အဖတ်ဆယ်ရန်ကြိုးပမ်းလျှင်၊ ယခုအခါတွင်လည်းချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကိုစိတ်ရောကိုယ်ပါအင်တိုက်အားတိုက်ဆောင်ရွက်လျှင် ကြီးမားသောကောင်းကျိုးများကို မျက်မြင်ကိုယ်တွေ့ဖြစ်ရကြမည်။ **L. 78, 1911.**

ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့သည် လူများစုဘက်ကဖြစ်ခြင်း။ ကျွန်ုပ်တို့သည် လူနည်းစုဟုသင်တို့က အဆိုပြုကြသည်။ ဘုရားသခင်သည်လူများစုဘက်ကဖြစ်သည်မဟုတ်ပါလော။ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော ဘုရားသခင်ဘက်၌ ကျွန်ုပ်တို့ရပ်တည်လျှင် ကျွန်ုပ်တို့သည်လူများစုဘက်မှာရပ်တည်ကြသည်မဟုတ်ပါလော။ ကျွန်ုပ်တို့ဘက်တွင် အင်အားကြီးသောကောင်းကင်တမန်များရှိကြသည်။ **M, 27, 1893.**

အားနည်းသောကျွန်ုပ်တို့၏လူ့လက်ဖြင့် အဘယ်အရာမျှထိထိရောက်ရောက်စွမ်းဆောင်နိုင်ခြင်းမရှိပါ။ သို့ရာတွင် ကျွန်ုပ်တို့ဘက်၌ပျက်ကွက်မှုမရှိသောကူညီမစတော်မူသောအရှင်ရှိတော်မူသည်။ ခရစ်တော်၏လက်မောင်းတော်သည် လူသားတို့၏ဒုက္ခဆင်းရဲနှင့်ယုတ်ညံ့သောအနက်ဆုံးတွင်းထဲ၌ကျင်လည်နေသော သူတို့ထံသို့ ရောက်ရှိနိုင်တော်မူသည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းတည်းဟူသော ဤကြောက်မက်ဖွယ်နတ်ဆိုး၏ရန်ကိုအောင်မြင်နိုင်နင်းနိုင်ရန် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားစောင်မနိုင်တော်မူသည်။ **CTBH, p. 21.**

ရိတ်သိမ်းရန်အဆင်သင့်ဖြစ်နေသောစပါးလယ်ကွက်များ။ နေရာတိုင်းတွင်ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြဿနာကို ထင်ထင်ရှားရှားထင်ပေါ်နေစေရမည်။ သောက်စားမူးယစ်ခြင်းနှင့်သောက်စားမူးယစ်ခြင်း၏နောက်မှအမြဲကပ်လိုက်လျက်ရှိသောပြစ်မှုကျူးလွန်ခြင်းတို့ကြောင့် ယင်းဒုစရိုက်ကိုတိုက်ဖျက်ရန်အသံကုန်ဟစ်ရမည်။ စုသိမ်းရန်အဆင်သင့်ဖြစ်နေသောစပါးများကိုခရစ်တော်သခင်သည် တွေ့မြင်တော်မူသည်။ ဝိညာဉ်များတို့သည် သမ္မာတရားကို ဆာငတ်မွတ်

နေကြသည်။ အသက်စမ်းရေကို သောက်စားလိုကြသည်။ အများသောသူတို့သည် နိုင်ငံတော်နှင့်နီးကပ်လျက်ရှိနေကြ၍ သိမ်းဆည်းခြင်းခံရန် စောင့်ဆိုင်းနေကြသည်။ သမ္မာတရားကိုသိရှိကြသောသူတို့သည် ယင်းအခြေအနေကို မတွေ့မြင်ကြသလော။ "ယခုမှစ၍ လေးလလွန်လျှင် စပါးရိတ်ရာကာလဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ်သည်မဟုတ်လော။ ငါဆိုသည်ကား၊ စပါးရိတ်ခြင်းအလိုငှါလယ်ပြင်တို့သည် ယခုပင်ဝင်းဝင်းရှိသည်ကို မျှော်၍ကြည့်ကြလော့" ဟူသော ခရစ်တော်၏မိန့်မြွက်တော်မူသံကို မကြားကြသလော။ L, 10, 1899.

-၀-

## နောက်ဆက်တွဲ (က)

# အယ်လင်ဂျီဝှိုက်သည် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ လုပ်သားတစ်ဦးဖြစ်ခြင်း

ချုပ်တည်းခြိုးခြံမှုဆိုင်ရာမိန့်ခွန်းစကားပြောရန် လွှဲအပ်စေခိုင်းခံရခြင်း။ ကျွန်ုပ်သည်ဘုရားသခင်ခန့်ထားတော်မူသော စေတမန်အနေဖြင့် ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းနှင့်ပတ်သက်၍ မိန့်ခွန်းပြောရပါမည်။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ မိန့်ခွန်းပြောရပါမည်။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ကြီးမားလှသော လူထုပရိသတ်ကြီးအား မိန့်ခွန်းပြောကြားရန် ကျွန်ုပ်သည် နေရာပေါင်းမြောက်မြားစွာသို့ဖိတ်ခေါ်ခြင်းခံရပါသည်။ နှစ်ပေါင်းများစွာပင် ကျွန်ုပ်သည်ချုပ်တည်းခြိုးခြံမှုဆိုင်ရာမိန့်ခွန်းပြောကြားသူတစ်ဦးဟူ၍ နာမည်ကျော်ကြားခဲ့ပါသည်။ M, 140, 1905.

တိုင်းပြည်အများတွင် လူထုပရိသတ်ကြီးရှေ့မှောက်တွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် သက်သေခံခွင့်ရရှိခဲ့သည့်အတွက် ဝမ်းသာလှပါသည်။ ကျွန်ုပ်တို့၏တောစခန်းဓမ္မစည်းဝေးများတွင် ကြီးမားလှသောလူထုပရိသတ်ကြီးများအား ဤအကြောင်းအရာနှင့်ပတ်သက်၍အကြိမ်ပေါင်းများစွာ မိန့်ခွန်းပြောခဲ့ရပါသည်။ L, 78, 1911.

တင်ပြချက်၏ရည်စူးချက်။ ကျွန်ုပ်တို့သည်လူသိများသည့်ဟောပြောသောသူတို့၏ရိုးနေသည့်တင်ပြချက်မျိုးကို အသုံးမပြုပဲ အိမ်ဂေဟာတွင်လည်းကောင်း၊ မိသားစုအထဲတွင်လည်းကောင်း၊ ကလေးသူငယ်များလောကတွင်လည်းကောင်းခံတွင်းအလိုလိုက်စားခြင်း၏မူလအစကို ရှာဖွေဆန်းစစ်ကြသည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်တတ်သောအစားအသောက်များကို သုံးဆောင်ခြင်းသည် ၎င်းတို့ထက်ပြင်းထန်သောလှုံ့ဆော်စာများကို တောင့်တသည့်စိတ်ကို ဖန်တီးပေးတတ်သည်။ ဤနည်းအားဖြင့်ခံတွင်းပျက်ပြားသောလူငယ်လူရွယ်များနှင့်မိမိတို့ကိုယ်ကို ထိန်းချုပ်ထားမှုအတွက် သွန်သင်မှုမခံရသောလူငယ်လူရွယ်တို့သည် နောင်ကြီးပြင်းလာသောအခါ အရက်သမား သို့မဟုတ် ဆေးလိပ်၏ကျေးကျွန်များဖြစ်လာကြသည်။ ယင်းအကြောင်းအရာကို ဤကျယ်ပြန့်သောအခြေခံပေါ်တွင်မူတည်၍ တင်ပြပါသည်။ ဘဝအသက်တာနှင့်၎င်း၏တာဝန်ဝတ္တရားများကိုမှန်ကန်သောရှုထောင့်မှကြည့်ရှုရန် မိမိတို့၏သားသမီးများကို သွန်သင်ပဲ့ပြင်ရာ၌လည်းကောင်း၊ သားသမီးများအားဖြောင့်မှန်သော ခရစ်ယာန်တို့၏အကျင့်စာရိတ္တရရှိရေးအတွက် အုတ်မြစ်ချပေးရာမှာလည်းကောင်း မိဘတို့၏တာဝန်ကိုလည်း တင်ပြပါသည်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကြီးလုံးဝအောင်မြင်နိုင်ရန် ယင်းလုပ်ငန်းကို အိမ်ထောင်မှ စတင်ဆောင်ရွက်ရမည်။ R & H, Aug. 23, 1877.

အင်ဒီယင်းနားပြည်နယ်၊ ကိုကိုမိုမြို့၌ကျင်းပခဲ့သောချုပ်တည်းခြိုးခြံမှုဆိုင်ရာစည်းဝေးကြီး။ ကိုကိုမိုဒစ်ပက်ချ်ခေါ် သတင်းစာ၏အယ်ဒီတာသည် ဉပုသ်နေ့တွင် ယင်းစည်းဝေးသို့တက်ရောက်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် တောစခန်း၌ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ခရစ်ယာန်ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းအရာများ ဟောပြောလိမ့်မည်ဖြစ်ကြောင်းကို ယင်းအယ်ဒီတာက သတင်းစာထဲတွင် ထည့်သွင်းကြော်ငြာလိုက်ပါသည်။ အပျော်ခရီးထွက်သော မီးရထားသုံးစီးက ခရီးသည်အပြည့်သယ်ဆောင်လာကြပြီး စည်းဝေးကျင်းပသောနေရာနှင့်မနီးမဝေးဖြစ်သောအရပ်တွင် ချပေးပါသည်။

ဤနေရာ၌ရှိကြသောသူတို့သည် ချုပ်တည်းခြိုးခြံမှုကိစ္စနှင့်ပတ်သက်၍အလွန်စိတ်အားထက်သန်နေကြပါသည်။ မွန်းလွဲ ၂နာရီခွဲအချိန်တွင် ကျွန်ုပ်တို့သည် ပရိသတ်ဦးရေရှစ်ထောင်ခန့်ကို ချုပ်တည်းခြိုးခြံမှုအကြောင်းနှင့်ပတ်သက်၍ကျင့်ဝတ်နှင့်ခရစ်ယာန်ရှုထောင့်မှတင်ပြကြပါသည်။ ကျွန်ုပ်တို့အနေဖြင့်ပြတ်ပြတ်သားသားနှင့်လွတ်လွတ်လပ်လပ် တင်ပြခွင့်ရသောကောင်းချီးမင်္ဂလာကို ခံစားခဲ့ရ၍ကြွရောက်ကြသော ဧည့်ပရိသတ်ကြီးကလည်း အတတ်နိုင်ဆုံး ဂရုတစိုက်နားထောင်ပါသည်။ R & H, Aug, 23, 1877.

အိုရီဂွန်ပြည်နယ်၊ ဆာလင်မြို့တွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းအရာကို ဟောပြောခြင်း။ ၁၈၇၃ခုနှစ်၊ ဇွန်လ ၂၃ရက်၊ တနင်္ဂနွေနေ့တွင် ကျွန်ုပ်သည် အိုရီဂွန်ပြည်နယ်၊ ဆာလင်မြို့မှာရှိသော မက်သဒစ်ဘုရားရှိခိုးကျောင်းတွင် ချုပ်တည်းခြိုးခြံမှုအကြောင်းဟောပြောခဲ့ပါသည်။ လာရောက်နားထောင်ကြသောပရိသတ်မှာ ထူးထူးကဲကဲများပြား



၍ ကျွန်ုပ်စိတ်ကြိုက်ဖြစ်သောဤအကြောင်းအရာကို လွတ်လပ်စွာဟောပြောရပါသည်။ တောစခန်းစည်းဝေးပြီးဆုံးသွားပြီးနောက် တနင်္ဂနွေနေ့တွင် ယင်းနေရာမှာပင် နောက်တစ်ကြိမ်ထပ်မံဟောပြောရန်တောင်းဆိုကြပါသည်။ သို့ရာတွင် ကျွန်ုပ်မှာ အသံဝင်နေပြီဖြစ်သောကြောင့် ယင်းတောင်းဆိုချက်ကို မလိုက်လျောနိုင်ခဲ့ပါ။ သို့ရာတွင် နောက်အင်္ဂါနေ့၌ ကျွန်ုပ်သည် နောက်တစ်ကြိမ် ယင်းမက်သဒစ်ဘုရားရှိခိုးကျောင်း၌ ဟောပြောပါသည်။ အိုရီဂွန်ပြည်နယ်မှ မြို့ကြီးမြို့ငယ်များတွင် ဟောပြောရန် ဖိတ်ကြားချက်များရရှိခဲ့သော်လည်း ကျွန်ုပ်၏ကျန်းမာခြင်းအခြေအနေမကောင်းမှုကြောင့် ယင်းဖိတ်ခေါ်ချက်အားလုံးကို မလိုက်လျောနိုင်ပဲဖြစ်ခဲ့ရပါသည်။

၁၈၇၈ခုနှစ်၊ သြဂုတ်လစောစောပိုင်းတွင် ကိုလိုရာဒိုပြည်နယ်၊ ဘိုလ်ဒါစီတီမြို့၌ကျွန်ုပ်တို့ရောက်ရှိသွားပါသည်။ ယင်းနေရာတွင်ကျွန်ုပ်တို့၏ရွှယ်ထည်စည်းဝေးခန်းမဆောင်ကိုတွေ့မြင်ရသည်မှာအားရစရာပင်။ ယင်းခန်းမဆောင်တွင် ဆရာကြီးတော်နယ်လ်က ဓမ္မစည်းဝေးများကျင်းပနေပါသည်။ ယင်းတဲရှင်ကိုချုပ်တည်းခြိုးခြံမှုဆိုင်ရာစည်းဝေးများကျင်းပရန်ငှါးရမ်းထားခဲ့ပါသည်။ အထူးဖိတ်ကြားချက်အရ ကျွန်ုပ်သည်ယင်းတဲရှင်၌ပြည့်ကျပ်နေအောင်ရောက်ရှိနေကြသောပရိသတ်ကို ဟောပြောခဲ့ပါသည်။ ကျွန်ုပ်သည် ခရီးပန်းနေသော်လည်း ခပ်သိမ်းသောအရာတို့တွင် ချုပ်တည်းခြိုးခြံမှုကို တိကျစွာကျင့်သုံးရန်လိုအပ်ကြောင်းကို ပရိသတ်တို့အားအောင်မြင်စွာတင်ပြနိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်အား ကူညီမစတော်မူခဲ့ပါသည်။ 4T, pp. 290-297.

ဤကဲ့သို့သောအမှုတော်ကို ဆောင်ရွက်ခြင်းအားဖြင့် ကိုယ်တော်၏အထံတော်သို့ချဉ်းကပ်သောသူတို့အား ကိုယ်တော်ရှင်သည် စောင့်လျက် သူတို့ကို အစဉ်ကယ်တင်ခြင်းငှါတတ်နိုင်တော်မူသောသမားတော်ကြီးအထံတော်သို့ ယုံမှားသံသယဖြစ်ခြင်း၊ လောကီဆန်ခြင်းနှင့်ရုန်းရင်းဆန်ခတ်ခြင်းများကို ငြီးငွေ့နေပြီးဖြစ်သောဝိညာဉ်များဘယ်နှစ်ဦး ရောက်ရှိလာကြမည်ကို ထာဝရကာလကသာ ထုတ်ဖော်ပြသပါလိမ့်မည်။ ခရစ်တော်သည် ထမြောက်ရှင်ပြန်သောကယ်တင်ရှင်ဖြစ်ပြီးကိုယ်တော်၏အတောင်တော်များ၌ အနာပျောက်စေသောအာနိသင်ရှိပါသည်။ 6T, p. 111.

လူသားအချင်းချင်းကူညီရန်အခြားသောသူတို့နှင့်ပေါင်းဖက်ခြင်း။ ဥပုသ်နေ့ညတွင် ကျွန်ုပ်သည် ဝါရှင်တန်နီယန်းဂေဟာတွင် ဟောပြောပါသည်။ တနင်္ဂနွေနေ့မွန်းလွဲပိုင်းတွင် ယင်းခန်းမဆောင်မှာပင်အလွန်စိတ်ဝင်စားစွာ နားထောင်နေသောပရိသတ်ကြီးကို ချုပ်တည်းခြိုးခြံမှုအကြောင်းနှင့်ပတ်သက်၍ ဟောပြောရပါသည်။ လူသားတို့၏ရောဂါများနှင့်ဝမ်းနည်းခြင်းများကို ယူတင်ဆောင်ရွက်တော်မူ၍ ကျွန်ုပ်တို့အတွက် အောင်မြင်တော်မူသော ယေရှုရှင်အကြောင်းကို တင်ပြရာတွင် ကျွန်ုပ်၌လွတ်လပ်မှုနှင့်သတ္တိရှိခဲ့ပါသည်။

စည်းဝေးပိတ်ထားသောအခါ ကျွန်ုပ်အား ဝါရှင်တန်ဂေဟာ၏အုပ်ချုပ်ရေးမှူးနှင့်မိတ်ဆက်ပေးပါသည်။ ကျွန်ုပ် ဟောပြောချက်ကို နားထောင်ရသည်အတွက် သူ့အိမ်ထောင်နှင့်မိတ်ဆွေများကိုယ်စား ကျေးဇူးတင်ကြောင်း ကျွန်ုပ်အား ပြောပါသည်။ နောက်တစ်ကြိမ် ချီကာဂိုမြို့ကို ရောက်လျှင် သူတို့ထံ တစ်ခါတစ်ခေါက်အရောက်လာဖို့ ကျွန်ုပ်အား လှိုက်လှိုက်လှဲလှဲဖိတ်မန္တကပြုသောအခါ၊ ယင်းဖိတ်ခေါ်ချက်ကို အထူးအခွင့်အရေးအနေဖြင့်ကြိုဆိုလက်ခံကြောင်း ကျွန်ုပ်ကပြန်ပြောလိုက်ပါသည်။ ကယ်ဆယ်ရေးအတွက်မျှော်လင့်ချက်ကင်းမဲ့လောက်အောင် သေရည်သေရက်၏ကျွန်ဘဝသို့ ရောက်ရှိနေသည့်အများသောသူတို့အား ယင်းဒုစရိုက်ကို အောင်မြင်စေရန် ကူညီမစမှုအတွက် ဖွင့်လှစ်ထားသောယင်းဂေဟာ၌ ခရစ်ယာန်ရှုထောင့်မှနေ၍ချုပ်တည်းခြိုးခြံမှုအကြောင်းနှင့်ပတ်သက်၍ဟောပြောခွင့်ရသည့်အတွက်

အထူးပင်နှစ်သက်အားရဖြစ်မိပါသည်။ ယင်းဂေဟာ၏မိတ်ဆွေသဘောနှင့်မစမှုကို လက်ခံရရှိသောသူတို့အထဲတွင် ဥပဒေအရာ ကျွမ်းကျင်လိမ္မာသူများ၊ ဆရာဝန်များနှင့်ဓမ္မဆရာများပင် ပါဝင်ကြသည်။**R & H, Feb. 10, 1885.**

အားတက်ဖွယ်သောတုံ့ပြန်မှုများ။ ချုပ်တည်းခြိုးခြံမှုအကြောင်းနှင့်ပတ်သက်၍မငြင်းသာအောင်တင်ပြလိုက်သည်အတွက် အခြားသောသူတို့၏စိတ်ကိုသိသိသာသာထိခိုက်မှုရှိလေသည်။ မကြာခဏကြားရသောသက်သေခံချက်မှာ၊ "ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်ပြီးဆရာမကြီးဟောကြားသွားတာ ကြားရတဲ့နေ့ကစပြီး ကျွန်တော်ဟာဆေးလိပ်၊ သေရည်သေရက်နဲ့တခြားလှုံ့ဆော်စာတွေတစ်ခုမှ မသုံးစွဲတော့ပါဘူး။" သူတို့အနေနဲ့အဆိုပြုကြပုံမှာ "ယခုကျွန်တော်တို့အနေနဲ့ရရှိပြီးဖြစ်တဲ့အခြေခံအလင်းတရားများကိုအကောင်အထည်ဖော်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ကျွန်တော်တို့အနေနဲ့ ခံစားရတဲ့အကျိုးကျေးဇူးတွေကို တခြားလူတွေကို သိစေလိုပါတယ်။ ဒီပြုပြင်ပြောင်းလဲရေးဟာ ကျွန်တော်တစ်ဦးအနေနဲ့သာမဟုတ်ပဲ ကျွန်တော်နဲ့တွေ့ထိမှုရှိတဲ့လူတွေပါ အကျိုးများလှပါတယ်။ အောင်မြင်သောသူအနေနဲ့အသက်သရဖူကို ရရှိဖို့နဲ့အတည်တကျဖြစ်နေတဲ့အခြေခံသဘောတရားတွေ၊ ဦးတည်ချက်တွေနဲ့ခရစ်တော်နဲ့အတူလက်တွဲအမှုတော်ထမ်းဖို့ ကျွန်တော်တို့ဟာကောင်းတဲ့အဖို့ကို ရွေးယူပါမယ်။" **L, 96, 1899.**

## ၁၈၄ အယ်လင်ဂျီဝိုက်သည် . . . . . ဆိုင်ရာလုပ်သားတစ်ဦးဖြစ်ခြင်း

ဩစတြေးလျပြည်၌ကျွန်ုပ်တို့ကြီးမှူးကျင်းပသည့်လူထုစည်းဝေးပွဲများတွင်ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့်သက်ဆိုင်သောအခြေခံသဘောတရားရေးရာများကို ရှင်းလင်းနိုင်သမျှရှင်းလင်းပြတ်သားစွာအထူးကြိုးစား၍တင်ပြခဲ့ပါသည်။ ယေဘုယျအားဖြင့်တနင်္ဂနွေနေ့တွင် ကျွန်ုပ်သည်လူထုစည်းဝေး၌ဟောပြောသောအခါ ကျွန်ုပ်တင်ပြသောအကြောင်းအရာသည် ကျန်းမာခြင်းနှင့်ချုပ်တည်းခြိုးခြံမှုဖြစ်သည်။ အချို့သောတောစခန်းစည်းဝေးပွဲများ ကျင်းပနေချိန်တွင် နေ့စဉ်နေ့တိုင်း၌အကြောင်းအရာများနှင့်ပတ်သက်၍ သင်ကြားပို့ချပေးပါသည်။ ကျွန်ုပ်တို့အသင်းတော်အနေဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးကို လှုံ့ဆော်သောအသုံးအဆောင်များ၊ ထိုင်းမှိုင်းစေသောအရာများနှင့်ပတ်သက်သည့်ခံယူချက်ကနိုးကြားလှုပ်ရှားလာသောနေရာအများတွင် ချုပ်တည်းခြိုးခြံမှုကို လိုလားသူများအား ကျွန်ုပ်တို့၏ဓမ္မစည်းဝေးများကိုတက်ရောက်ရန်ပို့ဆောင်ပေးပြီး ကျွန်ုပ်တို့ယုံကြည်ခြင်းဆိုင်ရာ အခြားသောဩဝါဒများကို လေ့လာရန်ဆောင်ကြဉ်းပေးလေသည်။ **M, 79, 1907.**

မဲလ်ဘွန်းမြို့မှ ခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှုအဖွဲ့မှ လုပ်သားများနှင့်ဆက်သွယ်ခြင်း။ ခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှုအဖွဲ့မှဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်လူချင်းတွေ့ဆုံလိုသည် မလိုသည်ကို မေးမြန်းရန် ကျွန်ုပ်နေထိုင်သောတဲရှင်သို့ ဆရာဝန်ကြီး အမ်၊ ဂျီ၊ ကဲလောက်ရောက်ရှိလာပါသည်။ ယင်းအမျိုးသမီးအဖွဲ့ချုပ်မှ အရာရှိများကို ကျွန်ုပ်တို့၏တဲရှင်သို့ ဖိတ်ခေါ်၍ဆွေးနွေးကြပါသည်။ ယင်းအမျိုးသမီးအဖွဲ့မှဥက္ကဋ္ဌဖြစ်သူသည် ဟင်းသီးဟင်းရွက်ကိုသာစားသောသူဖြစ်ပြီး အသားမစားသည်မှာလေးနှစ်မျှရှိသွားပြီဖြစ်သည်။ သူမ၏မျက်နှာမှာကြည်လင်တောက်ပ၍သူမ၏ချုပ်တည်းခြိုးခြံမှုအလေ့အထများကြောင့် ယင်းအခြေအနေသို့ရောက်ရှိကြောင်းထင်ရှားနေပါသည်။ အတွင်းရေးမှူးဖြစ်သူမှာငယ်ရွယ်သူဖြစ်ပါသည်။ အမျိုးသမီးနှစ်ယောက်စလုံးပညာရှိများဖြစ်ပါသည်။ သူတို့သည်ကျွန်ုပ်ထံမှာကြားသိရသမျှအားလုံးတွင် စိတ်ဝင်စားကြောင်းပြသကြပါသည်။ သူတို့ကြီးမှူးကျင်းပနေသည့်လုပသောခန်းမဆောင်၌ဟောပြောရန် ကျွန်ုပ်အားဖိတ်ကြားကြပြီးနောက် သူတို့အလိုရှိသော ချုပ်တည်းခြိုးခြံမှုဆိုင်ရာစာပေအတွက် ဆရာကြီးစကားကို စာအားဖြင့် မှာကြားခိုင်းကြပါသည်။

ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းတွင် သူတို့နှင့်ညှိနှိုင်းလုပ်ကိုင်ကြရန် သူတို့ကတက်တက်ကြွကြွဆန္ဒရှိကြောင်း ဥက္ကဋ္ဌဖြစ်သူကပြောကြားလာပါသည်။ "သူတစ်ပါးတို့အား ကျွန်ုပ်တို့လက်ဝယ်ရှိထားသောအလင်းတရားကို ထွန်းလင်းစေရန် ကျွန်ုပ်တို့အား ဖွင့်ပေးသောတံခါးပေါက်မှမလွတ်စတမ်း ဝင်ရောက်ပါမည်ကို စိတ်ချပါ" ဟူ၍ သူတို့ကအဆိုပြုကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဝိညာဉ်တော်၏အသီးများကိုရရှိထား၍ပြသနေသည်။ သူတို့ကကြားသိရ၊ တွေ့မြင်ရ၊ ယုံကြည်ခွင့်ရရှိသည့်အတွက်လည်း ကျေနပ်နှစ်သိမ့်နေဟန်လက္ခဏာရှိကြသည်။ သူတို့တစ်ဦးစီကို "ခရစ်ယာန်တို့၏ချုပ်တည်းခြိုးခြံမှု" (CT) စာစောင်တစ်ခုစီ၊ အခြားတစ်ဦးအား "တိုက်လှန်ပွဲကြီး" (GC) နောက်တခြားတစ်ဦးအား "ဘိုးဘေးများနှင့်ပရောဖက်များ" (PP) စာအုပ်များကို ပေးကမ်းလိုက်ပါသည်။ **M, 2, 1894.**

ကျန်းမာခြင်းဆိုင်ရာပညာပေးရေးဖြင့် နောက်ဆက်တွဲအလုပ်လုပ်ကိုင်ခြင်း။ ဩစတြေးလျပြည်၊ ဝိတိုရိယမြို့မှ ခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှုအဖွဲ့ဥက္ကဋ္ဌဖြစ်သော မစ္စတာပရက်စ်နှင့်မစ္စက်ပရက်စ်တို့ရောက်ရှိနေပါသည်။ တောစခန်းမှကျွန်ုပ်၏တဲရှင်သို့မစ္စက်ပရက်စ်ရောက်ရှိလာ၍သူတို့အဖွဲ့တွင်လာရောက်ဟောပြောရန် ကျွန်ုပ်အားအရေးတကြီးခေါ်ဖိတ်ပါသည်။ တနင်္ဂနွေနေ့တွင်ဟောပြောပွဲကြီးပြီးဆုံးသွားပြီးနောက်မစ္စက်ပရက်စ်သည် ကျွန်ုပ်ထံသို့လာ၍

ကျွန်ုပ်လက်ကို ကိုင်ဆွဲလျက် "အဲဒီဟောပြောပွဲအတွက် ကျွန်မအနေနဲ့သိပ်ကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ဘယ်တော့မှမမေ့ပျောက်နိုင်မှာမဟုတ်တဲ့အချက်အလက်အသစ်တွေ တော်တော်များများတွေ့ရှိရပါတယ်။ အဲဒီအချက်အလက်တွေ့ရဲ့အထူးအခိပ္ပါယ်ကိုဘယ်အခါမှမမေ့မှာမဟုတ်ပါဘူး" ဟု ကျွန်ုပ်ကိုပြောပါသည်။

စိတ်ထားမြင့်မြတ်သည့်လက္ခဏာရှိသောသူ့ခင်ပွန်းနှင့်ကျွန်ုပ်အားမိတ်ဆက်ပေးပါသည်။ သူသည်ရေကြောင်းပြတစ်ဦးဖြစ်၍ အလွန်အရေးပါအရာရောက်သောရာထူးကို ထမ်းဆောင်သူဖြစ်ပါသည်။ ဆရာကြီးနှင့်မစ္စက်စတားတို့ က သူတို့နှင့်အတူ ညစာစားသောက်ကြပြီးတစ်ဦးနှင့်တစ်ဦးအလွန်ခင်မင်ရင်းနှီးသွားကြပါသည်။ ခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှုအဖွဲ့ကိုယ်စားမစ္စက်ပရက်စ်က ကျန်းမာမှုကို အထောက်အကူပြုသောချက်ပြုတ်နည်းကို သင်ကြားပို့ချပေးရန်တောင်းဆိုပါသည်။ မဲလ်ဘွန်းမြို့မှခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှုအဖွဲ့၏ခန်းမကြီးနှင့်တစ်ဆက်တည်းဖြစ်သောအခန်းတွင် ချက်ပြုတ်နည်းသင်တန်းကျောင်းဖွင့်လှစ်ရန် ကျွန်ုပ်တို့အစီအစဉ်လုပ်ခဲ့ပါသည်။ နောက်ကြာသပ



တေးနေ့ကအစပြု၍ရက်သတ္တတစ်ပတ်လျှင် သင်ခန်းစာတစ်ခုအနေဖြင့် သင်ခန်းစာလေးခုသင်ကြားပေးရပါမည်။ သင်ခန်းစာတစ်ခုတွင် တစ်ခုနှင့်တစ်ခုမတူသောဟင်းလျာရှစ်မျိုးကို သင်ကြားပေးရပါမည်။ ဤချက်ပြုတ်နည်းနှင့်ပတ်သက်၍စိတ်ဝင်စားသောသူအတော်များလာပါသည်။ မစ္စက်ပရက်စ်သည် အသားမစားပဲဟင်းသီးဟင်းရွက်သာစားသောသူဖြစ်ပြီး အသားရှောင်ခဲ့သည်မှာ လေးနှစ်မျှရှိခဲ့ပါပြီ။

ဝီလျံတောင်းမြို့တွင်ကျင်းပသောကျွန်ုပ်တို့၏စည်းဝေးများကို ထိပ်တန်းပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြပါသည်။ တောစခန်းတွင်ကျင်းပသောစည်းဝေးတချို့သို့ မစ္စတာပရက်စ်နှင့်သူ့ဇနီးတို့တက်ရောက်ကြပါသည်။ သူတို့အတွက် သမ္မာကျမ်းစာသည် စာအုပ်သစ်ဖြစ်လာပြီဟု သူတို့ကဆိုပါသည်။ ဝိညာဉ်အတွက်စားသောက်ပွဲသဖွယ်ဖြစ်သည့် အဖိုးထိုက်တန်သောအမှန်တရားမြောက်မြားစွာကို ကျမ်းစာထဲတွင် သူတို့တွေ့ရှိရကြပါသည်။ **M, 6, 1894.**

သိကျွမ်းခြင်းကို ထိန်းသိမ်းထားခြင်း။ ဝိတိုရိယမြို့၌ရှိသော ခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှုအဖွဲ့မှဥက္ကဌမစ္စက်ပရက်စ်နှင့်အတွင်းရေးမှူးမစ္စက်ကတ်ခ်၊ မစ္စက်ကတ်ခ်၏ညီမနှင့်အသက်ကြီးသောအမျိုးသမီးနှစ်ဦး၊ မစ္စက်ပရက်စ်၏တူမအပါအဝင်အမျိုးသမီးများသည် ကျွန်ုပ်တို့၏အိမ်တွင်ကျွန်ုပ်တို့နှင့်အတူညစာစားကြပါသည်။ ကျွန်ုပ်တို့သည် မဲလ်ဘွန်းမြို့တွင်မစ္စက်ပရက်စ်၊ မစ္စက်ကတ်ခ်တို့နှင့်ရင်းရင်းနှီးနှီးဖြစ်ခဲ့ပါသည်။ သူတို့သည် မကြာသေးမီကပင် ဆစ်ဒနီမြို့၌ကျင်းပခဲ့သောချုပ်တည်းခြိုးခြံမှုဆိုင်ရာစည်းဝေးကြီးကို တက်ရောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် သူတို့နှင့်လူချင်းတွေ့ဆုံဆွေးနွေးခဲ့ရပါသည်။ ယခုသူတို့သည် ကျွန်ုပ်တို့ပိုင်မြင်းရထားစီးပြီးတောပိုင်းကို အလည်အပတ်သွားနေကြစဉ် ကျွန်ုပ်လည်း ရေးသားစရာများကို ဆက်လက်ရေးသားပါသည်။ ဤအမျိုးသမီးများသည် သမ္မာတရားကို သိရှိလာကြပါလိမ့်မည်ဟု ကျွန်ုပ်အနေဖြင့် မျှော်လင့်ပါသည်။ ပညာရှိသောသူများ ပြောင်းလဲလာကြပြီး သမ္မာတရားဘက်တွင် မားမားမတ်မတ်ရပ်တည်နေသည်ကို တွေ့မြင်ရန် ဆန္ဒရှိနေကြပါသည်။ **M, 30, 1893.**

နယူးဇီလန်ပြည်တွင် လဟာပြင်ချုပ်တည်းခြိုးခြံမှုစည်းဝေးများ။ အချို့သောပရိသတ်အစိတ်အပိုင်းကယင်းကိစ္စနှင့်ပတ်သက်၍အလွန်အမင်းစိတ်ထက်သန်နေကြပါသည်။ မြို့တော်ဝန်၊ ရဲသားနှင့်အခြားမြောက်မြားစွာသောပုဂ္ဂိုလ်များက ကျွန်ုပ်၏ဟောပြောပွဲနှင့်ပတ်သက်၍သူတို့ကြားခဲ့ရသမျှသောဧဝံဂေလိဒေသနာတော်၏ချုပ်တည်းခြိုးခြံမှုဆိုင်ရာဟောပြောချက်များအနက်အကောင်းဆုံးဖြစ်ကြောင်းဖြင့် ဝေဖန်ပြောဆိုကြပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း အောင်မြင်မှုရရှိခဲ့ပြီဟုဆို၍ ယင်းဟောပြောပွဲမျိုးကိုနောက် အပတ်တနင်္ဂနွေနေ့မွန်းလွဲပိုင်းတွင် ကျင်းပရန်ဆုံးဖြတ်လိုက်ကြပါသည်။ ကောင်းကင်မှာတိမ်များဖုံးအုပ်နေ၍မိုးရွာသွန်းချတော့မည့်ခြိမ်းခြောက်မှုရှိနေသော်လည်း ကျွန်ုပ်တို့မှာ မစခြင်းကျေးဇူးတော်ကိုခံစားရသည့်အတွက် လွန်ခဲ့သောတနင်္ဂနွေနေ့ဟောပြောပွဲတွင်တက်ရောက်နားထောင်ကြသောပရိသတ်ထက်ပိုမိုများပြားသောပရိသတ်များတက်ရောက်သည်ကို တွေ့ရပါသည်။ လူငယ်လူရွယ်အများတို့က ဆေးမိနေသည့်အလားနားထောင်နေကြပါသည်။ အချို့သောလူငယ်တို့မှာ ဣန္ဒြေကြီးစွာနှင့်နားထောင်နေကြပါသည်။ ဤအချိန်သည် ထူးခြားသောအချိန်မှန်ပေသည်။ မကြာမီကနှစ်ရက်ကြာမျှမြင်းပြိုင်ပွဲနှင့်တိရစ္ဆာန်ပြပွဲကို ယင်းနေရာတွင် ကျင်းပခဲ့ပါသည်။ ယင်းပြိုင်ပွဲပြပွဲတို့ကြောင့် ကျွန်ုပ်တို့၏ဟောပြောပွဲသို့တက်ရောက်နားထောင်မည့်သူဦးရေမှာအလွန်နည်းပါးလိမ့်မည်ဟု စိုးရိမ်မကင်းဖြစ်မိပါသည်။ စိုက်ပျိုးရေးနှင့်တိရစ္ဆာန်ပြပွဲများအကြောင်းနှင့်ပတ်သက်၍အများသောသူတို့က ပြောဆိုပြင်ဆင်နေကြသည်မှာ ရက်သတ္တပတ်ပေါင်းအတော်ကြာညောင်းခဲ့ပေပြီ။ အကယ်၍သာဤအချိန်အခါသည်

ထူးခြားသောအချိန်အခါသာမဟုတ်ခဲ့လျှင် ကျွန်ုပ်၏ဟောပြောပွဲသို့တက်ရောက်မည့် သူတို့အားဟောပြောရသောအခွင့်အရေးကို ရရှိမည်မဟုတ်သည်အတွက် ကျွန်ုပ်အဖို့အခွင့်ကောင်းအခါကောင်းဖြစ်ခဲ့ပါသည်။

တစ်ဆယ့်ခုနစ်နှစ်အရွယ်ရှိသောလူငယ်လူရွယ်တစ်ဦးသည် အရက်ရောင်းချသောဆိုင်အတွင်းသို့သွားရောက် ရန်သွေးဆောင်မှုခံရပြီး ပထမဆုံးအကြိမ်အရက်တစ်ခွက်ကို မော့ချပြီးသည်နောက်ပိုင်းတွင် အရက်ကပြုလုပ်နေကျ အတိုင်းသူ့ဦးနှောက်ကိုရူးသွပ်သွားစေကြောင်း၊ ယင်းအရက်ကိုသောက်စားပြီးနောက်ပိုင်း ဘာဖြစ်ပျက်သည်ကို သူလုံးဝသတိမရတော့ကြောင်း၊ ယင်းအရက်ဆိုင်တွင် ရန်ပွဲဖြစ်ပျက်ခဲ့ကြောင်း၊ လူသားတစ်ယောက်အားအသေထိုးသတ်ခဲ့သောဓါးတစ်ချောင်းသည် ထိုလူငယ်လူရွယ်၏လက်ထဲတွင်ရောက်ရှိနေကြောင်း၊ ထိုသူငယ်သည်လူသတ်မှုဖြင့် စွပ်စွဲခံရပြီးထောင်ဒဏ်ငါးနှစ်အပြစ်ပေးခံရကြောင်းများကို ကျွန်ုပ်ကဖတ်ပြသောအခါ တစ်ဆယ့်ခုနစ်နှစ်အရွယ်ရှိသော လူငယ်လူရွယ်တစ်ဦးသည် ကလေးကလေးကဲ့သို့ ချုံးပွဲချငိုကြွေးလေတော့သည်။ ယင်းအဖြစ်အပျက်သည် စိတ်ထိခိုက်ဖွယ်ဖြစ်သောကြောင့် ကြားရသောလူကြီးလူငယ်မရွေးမျက်ရည်ကျရကြလေသည်။ **L, 68, 1893.**

## ၁၈၆ အယ်လင်ဂျီဝိုက်သည် . . . . . . ဆိုင်ရာလုပ်သားတစ်ဦးဖြစ်ခြင်း

ထူးခြားသောချဉ်းကပ်နည်းမျိုးဖြင့်နားထောင်မှုရရှိခြင်း။ ကျွန်ုပ်ဟောပြောနေသောအကြောင်းအရာမှာ ခရစ်ယာန်ရှုထောင့်မှတင်ပြသောချုပ်တည်းခြိုးခြံခြင်း၊ အာဒံအပြစ်ကျူးလွန်ခြင်း၊ ဧဒင်ဥယျာဉ်မှကတိတော်၊ ကျွန်ုပ်တို့ကမ္ဘာသို့ခရစ်တော်အရှင်ကြွလာတော်မူခြင်း၊ ယေရှုရှင်၏နှစ်ခြင်းမင်္ဂလာ၊ တောထဲ၌ခရစ်တော်ရင်ဆိုင်ရတော်မူသောစုံစမ်းသွေးဆောင်ခြင်းနှင့် ကိုယ်တော်ရှင်၏အောင်မြင်ခြင်းများဖြစ်သည်။ ဤအဖြစ်အပျက်အားလုံးသည် လူသားတို့အားနောက်တစ်ကြိမ်အခွင့်ပေး၍ ခရစ်တော်ယေရှု၏ကုသိုလ်တော်အားဖြင့် သူ့ကိုယ်တိုင်အတွက် အောင်မြင်မှုကို ရရှိနိုင်စေရန်ဖြစ်သည်။ ခံတွင်းအလိုနှင့်စပ်ဆိုင်၍ရင်ဆိုင်ရသောစုံစမ်းသွေးဆောင်ခြင်းများကို အောင်မြင်နိုင်နင်းစေရန် အကျင့်ဓလေ့၏ကျေးကျွန်ဘဝနှင့်ကမောက်ကမဖြစ်သောခံတွင်းအလိုလိုက်စားစေသော နှောင်ကြိုးကိုဖြတ်တောက်စေလျက် လူသားပီပီစာရိတ္တဗလကြံ့ခိုင်သောသူအနေဖြင့် ရပ်တည်စေ၍ ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဟူ၍ကောင်းကင်မှတ်တမ်းတွင် ဂုဏ်ပြုမှတ်တမ်းတင်ထားခြင်းခံရလိမ့်မည်။

ကျွန်ုပ်တင်ပြခဲ့သော ချုပ်တည်းခြိုးခြံမှုဆိုင်ရာအချက်အလက်များသည် သူတို့တစ်ခါမျှ ကြားဖူးနားဝမရှိသောအရာများဖြစ်သည်အတွက် သူတို့အနေဖြင့် မှိုင်းမိနေသကဲ့သို့ဖြစ်နေလေသည်။**M, 55, 1893.**

ကျမ်းစာနှင့်သီချင်းကို အကျိုးရှိစွာအသုံးပြုခြင်း။ မွန်းလွဲပိုင်းတွင် ကျွန်ုပ်သည် ချုပ်တည်းခြိုးခြံမှုအကြောင်းနှင့် ပတ်သက်၍ဟောပြောရာတွင် ကျွန်ုပ်အသုံးပြုသောကျမ်းချက်သည် ဒံယေလအနာဂတ္တိကျမ်းအခန်းကြီး ၁ဖြစ်ပါသည်။ ပရိသတ်အားလုံးက ဂရုတစိုက်နားထောင်နေပုံကိုထောက်လျှင်ချုပ်တည်းခြိုးခြံမှုအကြောင်းကို ကျမ်းစာထဲမှတင်ပြသည်ကို အံ့သြနေကြဟန်လက္ခဏာရှိသည်။ ဟေဗြဲသုံ့ပန်းတို့၏သစ္စာရှိမှုနှင့်စိတ်တည်ကြည်မှုကို တင်ပြပြီးနောက်သီချင်းသည်စု (ကွိုင်ယာ)အား "ဒံယေလလိုစွန့်စားပါ၊ တစ်ဦးတည်းရပ်နေကာ၊ တည်မြဲသောရည်စူးချက်ကို၊ ပြောရန်စွန့်စားလို၊" ဆိုသောသီချင်းကို ဆိုစေပါသည်။ ဤသီချင်းမှစိတ်တက်ကြွဖွယ်ဖြစ်သော တေးသံတို့သည် စင်မြင့်ပေါ်မှာရှိသောသီချင်းသည်များဆီမှ ထွက်ပေါ်လာသောအခါ ပရိသတ်များကလည်း ပါဝင်သီဆိုကြလေသည်။ သီချင်းအဆုံးတွင် ကျွန်ုပ်၏ဟောပြောချက်ကို ပြန်လည်တင်ပြပါသည်။ ကျွန်ုပ်၏ဟောပြောချက်နိဂုံးမချုပ်မီပင် ပရိသတ်တို့အနေဖြင့်ခရစ်ယာန်ဆိုင်ရာချုပ်တည်းခြိုးခြံမှုအကြောင်းကို အသိပညာပိုမိုရရှိသွားပြီဖြစ်ကြောင်း ကျွန်ုပ်သိရှိလိုက်ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်အား လွတ်လပ်စွာပြောဆိုခွင့်နှင့် ကောင်းချီးမင်္ဂလာကို ပေးတော်မူသောကြောင့် ကျွန်ုပ်တင်ပြသောအချက်များကို အများသောသူတို့၏စိတ်နှလုံးများထဲတွင် စွဲစွဲမြဲမြဲမှတ်သားထားပြီးဖြစ်ပါသည်။ **L, 42, 1900.**

ခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှု၏ချိန်းဆိုချက်ကို လက်ခံခြင်း။ ဩစကြေးလျပြည်၊ နယူးဆောက်ဝေးပြည်နယ်မှ မိတ်လန်မြို့တွင် ရက်ရှည်တရားပွဲများ ကျင်းပချိန်က ခရစ်ယာန်အမျိုးသမီးချုပ်တည်းခြိုးခြံမှုအဖွဲ့မှဥက္ကဋ္ဌကသူတို့အား တစ်ခုသောညနေမှာတရားဟောပြောရန် ဖိတ်ကြားလိုက်ပါသည်။ သူတို့ကကျွန်ုပ်အနေဖြင့် ဆယ်မိနစ်လောက်မျှပင်ဟောပြောလျှင် သူတို့ကဝမ်းမြောက်ဝမ်းသာစွာနားထောင်ကြမည်ဖြစ်ကြောင်းဖြင့် သူမကပြောပါသည်။ သူမအကြံပေးပြောဆိုသောဆယ်မိနစ်မျှသာကျွန်ုပ်အားဟောပြောခွင့်ပြုနိုင်သလားဟု ကျွန်ုပ်ကမေးမြန်းရခြင်းမှာ တစ်ခါတစ်ရံဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်သို့ဆင်းသက်လာတတ်ရာ ဆယ်မိနစ်ဆိုသောအချိန်ပိုင်းသည် ထိုကဲ့သို့သောအချိန်အခါအတွက်နည်းလွန်းသည်ဟုယူဆပါသည်။ "ဟာ၊ ရှင်ဟာညနေပိုင်းမှာဟောပြောပွဲကျင်းပလေ့မရှိတတ်ဘူးလို့ရှင်တို့ရဲ့အသင်းသားတွေကပြောကြားဖူးပါတယ်။ ဒါကြောင့် သိပ်ကြာကြာဟောပြောခိုင်းမယ်ဆိုယင်ကျွန်မ

တို့ရဲ့အလိုဆန္ဒပြည့်စုံလိမ့်မည်မထင်တာနဲ့ကျွန်မအနေနဲ့ဆယ်မိနစ်လောက်ပဲလို့ပြောမိတာပါ။ ရှင်အချိန်ကြာကြာဟော ပြောနိုင်လေလေ၊ ကျွန်မတို့အနေနဲ့ကျေးဇူးတင်လေလေပါပဲ" ဟု သူမကပြောလာပါသည်။

ဉက္ကဋ္ဌဖြစ်သောမစ္စက်ဝင်းတာကို စည်းဝေးအဖွင့်မှာ ကျမ်းတစ်ပိုဒ်ကိုဖတ်လေ့ရှိသလားဟူ၍ ကျွန်ုပ်ကမေးမြန်း လိုက်ပါသည်။ သူမကဖတ်လေ့ရှိကြောင်းပြန်ဖြေပါသည်။ ထိုနောက်ဆုတောင်းခွင့်တောင်းသောအခါသူမကဝမ်းသာစွာ ခွင့်ပြုပါသည်။ ကျွန်ုပ်သည်တစ်နာရီမျှလွတ်လပ်စွာဟောပြောပါသည်။ ထိုနေ့ညတွင် တက်ရောက်ကြသောအမျိုးသမီး အချို့က တဲရှင်၌ကျင်းပသော ဓမ္မစည်းဝေးများကို လာရောက်တတ်ကြပါသည်။ **M, 79, 1907.**

-o-

## နောက်ဆက်တွဲ (ခ)

# အယ်လင်ဂျီဝှိုက်ဟောပြောခဲ့သော ချုပ်တည်းခြိုးခြံမှုဆိုင်ရာမိန့်ခွန်းများ

### ၁ နော်ဝေးပြည်ခရစ္စတီယင်နားမြို့၌ ၁၈၈၆

တနင်္ဂနွေနေ့တွင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာ ဉက္ကဋ္ဌ၏ဖိတ်ကြားချက်အရ ကျွန်ုပ်သည် ချုပ်တည်းခြိုးခြံမှုနှင့်ဆိုင် သော မိန့်ခွန်းကိုပြောကြားပါသည်။ စည်းဝေးကို စစ်သားရဲဘော်များတို့၏စစ်ဘက်ဆိုင်ရာအားကစားလေ့ကျင့်သော ခန်းမဆောင်တွင်ကျင်းပပါသည်။ ယင်းခန်းမဆောင်သည် မြို့ထဲတွင်အကြီးဆုံးခန်းမဆောင်ဖြစ်သည်။ တရားဟော ပလ္လင်ပေါ်မှာ အမေရိကန်ပြည်ထောင်စုအလံကိုအမိုးအနေဖြင့်ထားရှိပါသည်။ ဤအစီအစဉ်ကို ကျွန်ုပ်အနေဖြင့်များစွာ နှစ်ခြိုက်မိပါသည်။ ဧည့်ပရိသတ်စုစုပေါင်းတစ်ထောင့်ခြောက်ရာမျှစုရုံးလျက်ရှိပါသည်။ ယင်းပရိသတ်ထဲတွင်ပြည်နယ် တစ်ခုမှတာဝန်ခံဘုန်းတော်ကြီးတစ်ပါးနှင့်အခြားရဟန်းများပါဝင်သည်။ ပရိသတ်အထဲမှ အများထုသည် လူကုံထံများ ဖြစ်ကြပါသည်။

ချဉ်းကပ်နည်း။ ကျွန်ုပ်တင်ပြခဲ့သောချုပ်တည်းခြိုးခြံမှုဆိုင်ရာအကြောင်းအရာကို ဘာသာရေးရှုထောင့်မှတင် ပြပါသည်။ ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်၍ သမ္မာကျမ်းစာတွင်အဖြစ်အပျက်အတ္ထုပ္ပတ္တိပေါင်းမြောက်မြားစွာဖော်ပြပါရှိ ကြောင်း၊ အစအဦးကတည်းကပင် ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းကိုခရစ်တော်အနေဖြင့်ဆောင်ရွက်တော်မူခဲ့ကြောင်း များကို တင်ပြပါသည်။ ခံတွင်း၏အလိုကိုလိုက်မှုကြောင့်လူသားတို့၏ရှေးဦးမိဘနှစ်ပါးတို့သည် ဒုစရိုက်ကိုပြုလုပ်ခဲ့ကြ သည်။ ခရစ်တော်သည် လူတို့ဆုံးရှုံးခဲ့မှုကို ပြန်လည်ရွေးနုတ်တော်မူခဲ့သည်။ စုံစမ်းခြင်းခံရသော တောနက်ကြီးထဲတွင် လူသားတို့အနေဖြင့် ခံရပ်နိုင်မှုမရှိသောစုံစမ်းနှောင့်ယှက်မှုကို ကိုယ်တော်အနေဖြင့် ကြံ့ကြံ့ခံ၍အနိုင်ယူတော်မူခဲ့သည်။ ကိုယ်တော်ရှင်သည်အစာရှောင်မှုကြောင့်အဆိုးရွားဆုံးသောအစာရေစာငတ်ပြတ်မှုဒဏ်ကိုခံနေရသည်အတွက် ခွေယိုင် နုံးအိနှလုံးမချည့်ပင်ဖြစ်ရသောအချိန်တွင် ဘုရားသခင်၏သားတော်ကို တိုက်ခိုက်ရန်လည်းကောင်း၊ ကိုယ်တော်၏အင် အားနည်းပါးခြင်းကို အခွင့်ကောင်းယူ၍ အနိုင်ယူခြင်းအားဖြင့် ကယ်တင်ခြင်းစီမံကိန်းကို ဖြိုခွဲပစ်ရန်လည်းကောင်း စာ တန်သည် ကိုယ်တော်ရှင်၏အနီးအပါးတွင်ရောက်ရှိနေတော်မူသည်။ သို့ရာတွင် ခရစ်တော်သည်တည်ကြည်တော်မူ သည်။ လူသားတို့သည်အပြစ်ကျူးလွန်မှုကြောင့်ကျရောက်နေသောနိမ့်ကျသည့်ဘဝမှသူတို့အား ကယ်တင်ရန် ကိုယ် တော်ရှင်သည် လူတို့အတွက်စာတန်အား အနိုင်ယူတော်မူခဲ့သည်။ ကိုယ်တော်ရှင်၏ခွန်အား အားဖြင့်ကျွန်ုပ်တို့သည် အောင်မြင်နိုင်ကြောင်းကိုကိုယ်တော်ရှင်သည်ပြသတော်မူသည်။ ယေရှုရှင်သည်အင်အားအနည်းဆုံးသောလူတို့အား ကိုယ်ချင်းစာတော်မူသည်။ ကျွန်ုပ်တို့အားကိုယ်ကျင့်တရားရှိသောစွမ်းရည်ကိုပေးတော်မူရန်ဤကမ္ဘာမြေကြီးသို့ကြွဆင်း

လာတော်မူသည်။ တပ်မက်ခြင်းသို့မဟုတ်ခံတွင်းအလိုလိုက်ခြင်းသည် မည်မျှပင်ခိုင်မာနေစေကာမူ ကျွန်ုပ်တို့သည် အောင်မြင်မှုကို ရရှိနိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့၏ချည့်နဲ့သောကြိုးပမ်းမှုနှင့်လက်တွဲဆောင်ရွက်ရန်၊ ကိုယ်တော်ရှင်၏အင်အားကို ကျွန်ုပ်တို့ရရှိနိုင်ကြသည်။ ခရစ်တော်ထံသို့ ပြေးဝင်သွားသောသူတို့သည် စုံစမ်းခြင်းရင်ဆိုင်ရသောအချိန်တွင် ခိုလှုံရန် ခံတပ်ကို တွေ့ရှိကြလိမ့်မည်။

ကျမ်းစာဆိုင်ရာသမိုင်း၏သတိပေးချက်။ ချုပ်တည်းခြိုးခြံမှုရှိသောအကျင့်ဓလေ့များ၏အရေးပါအရာရောက်ခြင်းနှင့်ပတ်သက်၍ ကျမ်းစာဆိုင်ရာသမိုင်း၏သတိပေးချက်များနှင့်ဥပမာများကို ကျွန်ုပ်သည်တင်ပြပါသည်။ နာဒပ်နှင့်အဘိဟုတို့သည် သန့်ရှင်းသောတာဝန်ကို ထမ်းဆောင်ရသောသူများဖြစ်ကြသည်။ သို့ရာတွင်သေရည်သေရက်ကိုသောက်စားမှုကြောင့်သန့်ရှင်းသောအရာများနှင့် သာမန်ဖြစ်သောအရာတို့ကို ခွဲခြားသိမြင်နိုင်စွမ်းမရှိလောက်အောင်သူတို့၏စိတ်တို့သည်မှောင်ရိပ်လွှမ်းမိုးသွားကြသည်။ "အခြားသောမီး"ကိုပူဇော်သောအားဖြင့် သူတို့သည်ဘုရားသခင်၏အမိန့်တော်ကိုလွန်ဆန်ကြသောကြောင့်ကိုယ်တော်၏ပြစ်ဒဏ်စီရင်တော်မူခြင်းအားဖြင့်အသက်ဆုံးရှုံးရကြသည်။ သန့်



ရှင်းသောလုပ်ငန်းကိုဆောင်ရွက်ရသောတာဝန်ခံတို့သည် "သီးသန့်သောအရာ၊ မသီးသန့်သောအရာများကို ပိုင်းခြား" နိုင်၍ ထာဝရဘုရားသည် မောရှေအားဖြင့်မှာထားသမျှသော ထုံးဖွဲ့ချက်များကို သူတစ်ပါးတို့အားသွန်သင်ပေးနိုင်ရန် စပျစ်ရည်အစရှိသောယစ်မျိုးကို မသောက်ရန်တားမြစ်ထားတော်မူသည်။ သေရည်သေရက်သောက်စားခြင်းသည် ကာယဗလကို ဆုတ်ယုတ်စေ၍ ဉာဏဗလကိုထုံထိုင်းစေပြီးလျှင် စာရိတ္တဗလကို ညံ့ဖျင်းစေသည်။ တာဝန်ကြီးသောရာထူးဌာနန္တရများကို ထမ်းဆောင်ရသောသူတို့သည် အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်ရန် သူတို့၏စိတ်နှလုံးသည် ကြည်လင်စေရန်လည်းကောင်း၊ တရားမျှတမှုကို ကျင့်သုံး၍ ကရုဏာတရားကို ပြသနိုင်စေရန်လည်းကောင်း ချုပ်တည်းခြိုးခြံမှုကို လုံးဝကျင့်သုံးသောသူများဖြစ်ရကြမည်။

ဤတိကျ၍အရေးကြီးသောအမိန့်တော်ကို ခေတ်ကာလကုန်ဆုံးချိန်အထိ လူမျိုးတစ်ဆက်မှတစ်ဆက်တိုင်အောင်လက်ဆင့်ကမ်းသွားရကြမည်။ ဥပဒေပြုလွှတ်တော်ခန်းမကြီးများ၊ တရားရုံးများ၊ စာသင်ကျောင်းများနှင့်အသင်းတော်များတွင် အကျင့်သီလကောင်းသောပုဂ္ဂိုလ်များကို လိုအပ်နေပေသည်။ မိမိကိုယ်ကို ချုပ်တည်းနိုင်သောသူ၊ ဉာဏ်အမြော်အမြင်ထက်မြက်သောသူ၊ တိကျမှန်ကန်စွာဆုံးဖြတ်ချက်ချနိုင်စွမ်းရှိသောသူဖြစ်ရမည်။ ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကြောင့် စိတ်နှလုံးထုံထိုင်းလာသော်လည်းကောင်း၊ ကျင့်ဝတ်များယုတ်ညံ့ပျက်ပြားလာသော်လည်းကောင်းစီရင်ချက်ချမှတ်ရသောပုဂ္ဂိုလ်အနေဖြင့် သမာသမတ်ဖြစ်သောဆုံးဖြတ်ချက်ကို မည်ကဲ့သို့ချမှတ်နိုင်လိမ့်မည်နည်း။ သက်သေအထောက်အထားကို ချိန်ဆနိုင်သောသတ္တိ သို့မဟုတ် ပိုင်းခြားသိမြင်တတ်သောထောက်လှမ်းမှုမျိုးပြုလုပ်နိုင်သောစွမ်းရည်များကိုချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းအားဖြင့်ပျက်ပြားစေပြီတကား။ ကိုယ်ကျိုးငဲ့သောလုပ်ရပ်သို့မဟုတ်မျက်နှာလိုက်ခြင်းသို့မဟုတ်အာဃာတတရားကျင့်သုံးခြင်းကို တိုက်လှန်အောင်မြင်နိုင်သောစာရိတ္တဗလကားသူ၌ ဗလာနတ္ထိမရှိတော့ပြီ။ ယင်းအခြေအနေကြောင့် လူ့အသက်တစ်ချောင်းမဆုံးရှုံးသင့်ပဲဆုံးရှုံးရပေမည်။ သို့တည်းမဟုတ်အပြစ်ကင်းသောပုဂ္ဂိုလ်တစ်ဦးသည် သူ၏လွတ်လပ်မှုကိုသော်လည်းကောင်း၊ သူ့အသက်ထက်ပင်မြတ်နိုးအပ်သောသူ့ကျော်စောတိတ္တိကိုသော်လည်းကောင်း လက်လွတ်ကောင်းလက်လွတ်သွားရပေမည်။ ဤနည်းအားဖြင့် သူတို့၏မြင့်မားသော ရာထူးဌာနန္တရ၏တာဝန်များကို ထမ်းဆောင်ရန် မထိုက်တန်အောင် မပြုလုပ်ကြရန် ဆရာများအနေဖြင့်လည်းကောင်း၊ အုပ်ချုပ်မင်းလုပ်ရသောသူတို့အနေဖြင့်လည်းကောင်း သန့်ရှင်းသောတာဝန်များ လွှဲအပ်ထားခြင်းခံရသောပုဂ္ဂိုလ်များအား ဘုရားသခင်ကတားမြစ်ထားတော်မူသည်။

မာနော်နှင့်ဇာခရိတို့အားညွှန်ကြားထားချက်။ မာနော်၏ဇနီးနှင့်နှစ်ခြင်းဆရာယောဟန်၏ဖခင်ဖြစ်သော ဇာခရိတို့အား ဘုရားသခင်ပေးထားတော်မူသောညွှန်ကြားချက်တို့တွင် မိဘဖြစ်သူများအတွက် သင်ခန်းစာများရှိပေသည်။ ဣသရေလူတို့အား ကယ်တင်မည့်သား၏ဖခင်ဖြစ်ရလိမ့်မည်ဖြစ်ကြောင်းဝမ်းမြောက်ဖွယ်သောသတင်းစကားကို မာနော်ထံသို့ ထာဝရဘုရား၏ကောင်းကင်တမန်သည် ယူဆောင်လာလေသည်။ "ဖွားဖြင်လတ္တံ့သောသူငယ်၌ အကျွန်ုပ်တို့အဘယ်သို့ပြုရမည်နည်း" ဆိုသောသိလိုဇောနှင့်မေးလိုက်သည်ကို ကောင်းကင်တမန်ကမိခင်ဖြစ်သူအားတိကျသောညွှန်ကြားချက်ကို ပေးတော်မူသည်။ "စပျစ်ရည်နှင့်ယစ်မျိုးကိုမသောက်ရ။ မစင်ကြယ်သောအရာကိုလည်း မစားရ။ ငါမှာထားသမျှအတိုင်း စောင့်ရှောက်ရမည်။" မိခင်၏အကျင့်ဓလေ့များသည် ကောင်းဖို့အတွက်ဖြစ်စေ၊ ဆိုးဖို့အတွက်ဖြစ်စေ သားငယ်ကို ထိခိုက်လိမ့်မည်။ သူမကိုယ်တိုင်ကောင်းသောအကျင့်သီလ၏ထိန်းချုပ်မှုအောက်တွင်ကျင်လည်၍ ကလေး၏ကောင်းကျိုးကိုပြုလိုလျှင် ချုပ်တည်းခြိုးခြံမှုနှင့်ကိုယ်ကိုငြင်းပယ်သောထုံးတမ်းများကိုလိုက်နာကျင့်သုံးရမည်။

၎င်းတာဝန်ကို ဖခင်များပါမိခင်များကဲ့သို့ထမ်းဆောင်ရမည်။ မိဘနှစ်ပါးစလုံးက ဉာဏဗလနှင့်ကာယဗလ၊ သူတို့၏စိတ်နေသဘောထားနှင့်ခံတွင်းအလိုဆိုင်ရာထူးခြားသောဂုဏ်အင်္ဂါလက္ခဏာများကိုမိမိတို့၏သားသမီးတို့အား လက်ဆင့် ကမ်းကြသည်။ မိဘတို့၏ချုပ်တည်းခြိုးခြံမှုကင်းမဲ့သောလုပ်ရပ်တို့ကြောင့်သားသမီးများတို့သည် ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလတို့တွင်အများအားဖြင့်ပေမမီဖြစ်နေတတ်သည်။ သေရည်သေရက်သောက်သောသူတို့နှင့် ဆေးလိပ်နှစ်သက်သောသူတို့သည် သူတို့၏စည်းကမ်းသတ်၍ မရနိုင်သောတပ်မက်မှု၊ ပူလောင်နေသောသွေးနှင့်ပူပြင်းလှုပ်ရှနေသောသွေးကြောများကိုအမွေအနှစ်အနေဖြင့် သူတို့၏သားသမီးများကိုလက်ဆင့်ကမ်းကြသည်။ စုံစမ်းသွေးဆောင်ခြင်းကိုခုခံတိုက်ဖျက်ရန် သူတို့၏မိဘများ၌ရှိခဲ့သောအင်အားလောက်သန်စွမ်းမှုမရှိသောကြောင့် လူမျိုးအစဉ်အဆက်တစ်ခုသည်သူ့အလျင်အမျိုးအစဉ်အဆက်ထက်နိမ့်ကျသောအခြေအနေသို့ ဆင့်ကဲဆင့်ကဲကျဆင်းသွားလေသည်။



မိခင်ဖခင်တိုင်း၏မေးခွန်းသည် "ဖွားမြင်လတ္တံ့သောသူငယ်၌အကျွန်ုပ်တို့အဘယ်သို့ပြုရမည်နည်း" ဖြစ်သင့်ပေသည်။ ၎င်းကိစ္စကိုအများသောသူတို့က ပေါ့ပေါ့ဆဆသဘောထားကြသည်။ သို့ရာတွင် ထိုဟေဗြဲမိဘနှစ်ပါးတို့ထံသို့ ကောင်းကင်တမန်တစ်ပါးကိုစေလွှတ်၍ တိကျပြတ်သားမှုအရှိဆုံးသောနည်းအားဖြင့် နှစ်ကြိမ်တိုင်တိုင် သံတော်ဆင့်စေသောအချက်က ယင်းကိစ္စကို အရေးပါအရာရောက်လှသောကိစ္စတစ်ရပ်အနေဖြင့် ဘုရားသခင်သည် သဘောထားတော်မူကြောင်းပြသပေသည်။

ဂါဗြေလသည် ဇာခရိထံသို့ရောက်ရှိလာ၍ နှစ်ခြင်းဆရာမွေးဖွားမည့်ကိစ္စကို ကြိုတင်ပြောသောအခါသူပေးသောအမှာစကားက "ထိုသားသည် ထာဝရဘုရားရှေ့တော်၌ကြီးမြတ်သောသူဖြစ်လိမ့်မည်။ စပျစ်ရည်နှင့်ယစ်မျိုးကိုအလျှင်းမသောက်ပဲနေလိမ့်မည်။" ဇာခရိအားကတိထားတော်မူသောသားကဆောင်ရွက်ပေးရန် ဘုရားတွင်အရေးကြီးသောအလုပ်အကိုင်တစ်ခုရှိလေသည်။ ယင်းအလုပ်ကိုဆောင်ရွက်ရန် ဖျတ်လတ်သောစိတ်ကူးဉာဏ်နှင့် အင်တိုက်အားတိုက်ထမ်းဆောင်မှုမျိုးလိုအပ်ပေသည်။ ထိုသူ၌ကြံ့ခိုင်သောကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလရှိရမည်။ ယင်းလိုအပ်သောအရည်အသွေးများကို ရရှိစေနိုင်ရန် ထိုသား၏အကျင့်ဓလေ့များကို ငယ်စဉ်တောင်ကျေးအကလေးဘဝမှအစပြု၍သေချာစွာပြုပြင်ပေးရမည်။ ချုပ်တည်းခြိုးခြံမှုခြေလှမ်းကို ကလေးဘဝနှင့်လူငယ်ဘဝမှပင် အစပြု၍ လှမ်းလေ့ရှိသောကြောင့် မိဘတို့အပေါ်တွင်မည်မျှကြီးလေးသောတာဝန်သည်ရပ်တည်နေကြောင်းကို သိမြင်စေရန် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်ရပေမည်။ ထမင်းစားပွဲပေါ်၌သေရည်သေရက်ပုလင်းများကို တင်ထားသောသူတို့သည် ကလေးများအား ယစ်မူးစေတတ်သောယမကာကို မြည်းစမ်းလိုသောခံတွင်းအလိုကို ဖန်တီးပေး၍ မြေတောင်မြှောက်ပေးနေပေသည်။ အိမ်ဂေဟာဆိုင်ရာကဏ္ဍတိုင်းတွင်ချုပ်တည်းခြိုးခြံမှုနှင့်ပတ်သက်သောအခြေခံ ခံယူချက်ရှိသမျှတို့ကို ကျင့်သုံးရန်ကျွန်ုပ်တို့အနေဖြင့်တိုက်တွန်းပါသည်။ မိဘတို့အနေဖြင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စတွင်ပုံသက်သေကောင်းကို ပြသကြရမည်။ကိုယ့်အလိုကိုငြင်းပယ်ခြင်းနှင့်ကိုယ့်ကိုယ်ကိုယ်ချုပ်တည်းခြင်းကိုသားသမီးတို့အားရင်ခွင်ပိုက်အရွယ်မှအစပြု၍ ကျင့်သုံးစေရမည်။

လူငယ်ဘဝသည် အနာဂတ်လူ့အဖွဲ့အစည်း၏အညွှန်းမာတိကာဖြစ်သည်။ အနာဂတ်လူ့အဖွဲ့အစည်းအတွက်လူငယ်ဘဝသည်အညွှန်းမာကိကာအနေဖြင့်ရပ်တည်နေသည်။ သူတို့အားလူတစ်မျိုးလုံး၏ဂုဏ်အင်္ဂါနှင့်ကံကြမ္မာကို အဆုံးအဖြတ်ပေးသောအနာဂတ်ဆရာသမားများ၊ ဥပဒေပြုအသိပညာရှင်ကြီးများ၊ တရားသူကြီးများနှင့်လူထုခေါင်းဆောင်ကြီးများအနေဖြင့် တွေ့မြင်ကြသည်။ ထိုကြောင့် တက်လူများ၏အကျင့်ဓလေ့များကို ပြုပြင်ပေး၍ သူတို့၏ဘဝအသက်တာအပေါ်မိမိတို့၏ဩဇာသက်ရောက်မှုလွှမ်းမိုးပေးရန် တာဝန်ရှိနေသောသူတို့၏လုပ်ငန်းသည် အဘယ်မျှလောက်အရေးပါအရာရောက်ဘိသနည်း။ စိတ်နှလုံးကိုပြုပြင်ပေးရသောလုပ်ငန်းသည် လူသားတို့အတွက် အကြီးမားဆုံးဖြစ်သောလုပ်ငန်းမျိုးပါတကား။ ခံတွင်းအလိုကိုလိုက်ခြင်းအားဖြင့်လည်းကောင်း၊ ဥစ္စာစည်းစိမ်နှင့်ဖက်ရှင်များလိုက်စားခြင်းအားဖြင့်လည်းကောင်းဖြုန်းတီးပစ်ရန်မိဘတို့၏အချိန်သည်တန်ဖိုးရှိလှပါသည်တကား။ လူငယ်တို့အား၎င်းဘဝတွင်အသုံးကျသောကဏ္ဍမှပါဝင်ဆောင်ရွက်ထိုက်သောသူဖြစ်စေသည်သာမက
ကောင်းကင်တံတိုင်းတော်သို့ဝင်စားရန်ပြင်ဆင်မှုရှိသောသူများဖြစ်စေရန်အတွက်လည်းအဖိုးထိုက်သောလူငယ်လူရွယ်တို့ကို မိဘများလက်သို့ အပ်နှင်းထားတော်မူသည်။ အနာဂတ်ကာလဆိုင်ရာဘဝ အသက်တာကိုကျွန်ုပ်တို့သည် မျက်ကြောမပြတ်ဖို့လိုသည်။ ကျွန်ုပ်တို့သည်ပါရဒိသုဘုံ၏တံခါးများသို့ရောက်ရှိကြသောအခါ "အရှင်ဘုရား၊

အကျွန်ုပ်နှင့်အကျွန်ုပ်အား ကိုယ်တော်ပေးသနားထားတော်မူသောသားသမီးများနှင့်အတူတကွကိုယ်တော်ရှေ့တော်၌ ခစားလျက်ပါ” ဟုကျွန်ုပ်တို့သည်ပြောဆိုနိုင်ကြလိမ့်မည်။

သို့ရာတွင်ချုပ်တည်းခြိုးခြံမှုဆိုင်ရာလုပ်ငန်းတွင်တခြားအဘယ်သူမျှ သူတို့အတွက်လုပ်ကိုင်မပေးနိုင်ပဲလူငယ်တို့ကိုယ်တိုင်ထမ်းဆောင်ရမည့်တာဝန်များရှိပေသည်။ မိဘများအနေဖြင့် သားသမီးတို့၏အကျင့်စာရိတ္တကောင်းမွန်ရေးသာမဟုတ်ပဲသူတို့အား ပညာသင်ကြားပေးရေးပါတာဝန်ယူရသည်မှာ မှန်သော်လည်း ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့၏ရပ်တည်သောအခြေအနေနှင့်အသုံးကျမှုသည် ကျွန်ုပ်တို့၏လုပ်ရပ်ပေါ်တွင်တည်နေသည်။

ဒံယေလသည်ကောင်းမွန်လှသောပုံသက်သေဖြစ်ခြင်း။ မှန်ကန်သောချုပ်တည်းခြိုးခြံမှုနှင့် ဝင်းပူးပေါင်းပါရှိသောကောင်းချီးမင်္ဂလာများနှင့်ပတ်သက်၍ဗါဗုလုန်နန်းတော်တွင်နေထိုင်ခဲ့သောလူငယ်ဒံယေလနှင့်သူ့အပေါင်းအသင်းရောင်းရင်းတို့၏သမိုင်းတွင်ဖော်ပြပါရှိသည့်ပုံပမာထက် ပိုမိုအကျုံးဝင်၍ထိရောက်သောပုံပမာမျိုးကို အခြားဘယ်နေရာ၌မျှ ရှာမတွေ့ရပေ။ သူတို့သည် “နန်းတော်၌ခစား”ရန်အတွက် ခါလဒဲစာပေကျမ်းဂန်နှင့်ဘာသာစကားကိုသင်ကြားဖို့ အရွေးခံရကြသောအခါသူတို့စားသောက်ရန်အတွက် “ပွဲတော်စာနှင့်သောက်တော်မူသောစပျစ်ရည်တို့ကိုနေ့တိုင်း” ပေး



တော်မူသည်။ “ဒံယေလမူကား၊ ပွဲတော်စာနှင့်သောက်တော်မူသောစပျစ်ရည်ဖြင့်ကိုယ်ကိုညစ်ညူးအောင်မပြုဟု အကြံရှိ” လေသည်။ ယင်းလူငယ်တစ်စုသည်ရှင်ဘုရင်၏စပျစ်ရည်ကိုသောက်စားခြင်းမပြုသည်သာမကပွဲတော်ကျစားကောင်းသောက်ဖွယ်တို့ကိုလည်း မစားမသောက်ပဲနေကြလေသည်။ သူတို့သည် သဘာဝနှင့်အကျင့်သီလဆိုင်ရာ ဘုရားသခင်၏ပညတ်တော်မူချက်များကို နာခံကြလေသည်။ သူတို့၏ကိုယ်ကိုငြင်းပယ်သောအကျင့်ဓလေ့များကို ထက်မြက်သောရည်စူးချက် ဝီရိယနှင့်မြဲမြံမှုတို့ဖြင့် ဒွန်တွဲထားကြသည်။ အကျိုးသက်ရောက်မှုက သူတို့၏လမ်းစဉ်မှန်ကန်ကြောင်းကိုပြသည်။

ဘုရားသခင်သည်မှန်ကန်မှုကို အမြဲတမ်းဂုဏ်ပြုတော်မူသည်။ ကြီးမားသောတိုက်ခိုက်အောင်မြင်မှုကို ရရှိခဲ့သောပုဂ္ဂိုလ်ကြီး၏သုံ့ပန်းအဖြစ်သို့ကျရောက်ခဲ့သောအပြည်ပြည်မှ အလားအလာကောင်းသောလူငယ်လူရွယ်များသည်ဗါဗုလုန်မြို့တွင် စုရုံးရောက်ရှိနေကြသည်။ ယင်းလူငယ်လူရွယ်အသိုက်အဝန်းထဲတွင် ဟေဗြဲလူငယ်တို့သည် အခြားလူငယ်များကပခုံးချင်းမယှဉ်နိုင်သောအခြေအနေ၌ရပ်တည်နေကြသည်။ တည့်မတ်ကြံ့ခိုင်သောကိုယ်နေဟန်ထား၊ ကြည်သာလွယ်ကူသောခြေလှမ်း၊ ညစ်ညမ်းမှုကင်းစင်သောသွေးကြောင်းပြသသောလှပတင့်တယ်ရှုချင်စဖွယ်သောမျက်နှာထား၊ ထုံထိုင်းမှုန်မှိုင်းခြင်းကင်းမဲ့သောအာရုံများ၊ မကောင်းသောအနံ့အသက်ကင်းလွတ်သောထွက်သက်ဝင်သက်မှစသောအရာအားလုံးတို့သည် ကောင်းသောအကျင့်ဓလေ့များ၏အောင်လက်မှတ်များနှင့်သဘာဝဓမ္မကရင်း၏ဥပဒေပညတ်များကို လိုက်နာသော သူတို့အားချီးမြှင့်သောတံဆိပ်များဖြစ်ကြသည်။ သုံးနှစ်သုံးမိုးကာလပတ်လုံး သင်တန်းတက်ပြီးသောကာလတွင် ရှင်ဘုရင်ကြီးက စမ်းသပ်စစ်ဆေးတော်မူသောအခါ၊ “ရှိသမျှသောလူတို့တွင် ဒံယေလ၊ ဟာနနိ၊ မိရှေလ၊ အာဇရိတို့နှင့်တူသောသူ တစ်ယောက်မျှမရှိ” သည်ကိုတွေ့မြင်တော်မူလေသည်။ သူတို့၏ထက်မြက်သောအသိဉာဏ်၊ သူတို့၏လက်ရွေးစင်လည်းဖြစ်၍ တိကျမှုလည်းရှိသောဘာသာစကား၊ ကျယ်ပြန့်၍မျိုးပေါင်းစုံဖြစ်သော အသိပညာတို့က ဆုတ်ယုတ်ပျက်ပြားမှုကင်းသောသူတို့၏ကာယဗလနှင့်ဉာဏဗလတို့အတွက် အထောက်အထားဖြစ်ကြသည်။

ခေတ်အမျိုးမျိုး၌ရှိကြသောလူငယ်လူရွယ်များတို့၏ကောင်းကျိုးကိုထောက်၍ ဒံယေလနှင့်သူ့အပေါင်းအသင်းရောင်းရင်းတို့၏သမိုင်းစဉ်ကို ဘုရားသခင်တိုက်တွန်းတော်မူခြင်းအားဖြင့် ရေးသားပြုစုထားသော နှုတ်ကပတ်တော်တွင် မှတ်တမ်းတင်ထားလေသည်။ ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရန် မိမိတို့၏စွမ်းရည်များကို ထိန်းသိမ်းထားလိုသောသူများသည် ဘုရားသခင်ပေးသနားတော်မူသောဆုကျေးဇူးများကို တိကျသောချုပ်တည်းခြိုးခြံမှုလမ်းစဉ်နှင့်ယှဉ်၍ အသုံးပြုရမည်။ တစ်ချိန်တည်းမှာပင် ကျန်းမာမှုကိုအန္တရာယ်ပြုသော အရာတိုင်းကိုလည်းကောင်း၊ အင်္ဂါအစိတ်အပိုင်းများကိုထုံထိုင်းယုတ်ညံ့စေသောအရာများကိုလည်းကောင်း၊ လုံဝရှောင်ကြဉ်ရမည်။ လူသားတို့ပြုလုပ်ခဲ့သမျှကိုလူသားတို့သာလျှင် ပြုလုပ်နိုင်လေသည်။ ယင်းသစ္စာရှိသောဟေဗြဲလူငယ်တို့သည် ကြီးမားသောစုံစမ်းသွေးဆောင်ခြင်းကို ရင်ဆိုင်ကြရသောအခါ တည်ကြည်စွာရပ်တည်နေ၍စစ်မှန်သောချုပ်တည်းခြိုးခြံမှုဘက်တွင် မြင့်မြတ်တည်ကြည်စွာ သက်သေခံကြပါ၏လား။ ယခုခေတ်တွင် လူငယ်လူရွယ်များသည် ဒံယေလတို့ ရင်ဆိုင်ခဲ့ရသောအကြောင်း မညီညွတ်သောအခြေအနေမျိုးကို ရင်ဆိုင်ရသောအခါ သူတို့ကဲ့သို့သက်သေခံနိုင်ကြသည်။ သူတို့သည် ယင်းဟေဗြဲလူငယ်တို့ပြသထားသော ပုံသက်သေအတိုင်း လိုက်နာကျင့်သုံးကြပါစေ။ ထိုကဲ့သို့ပြုလုပ်လျှင် ဘုရားသခင်ရှေ့တော်တွင် မျက်နှာရ၍ ကိုယ်တော်၏ကောင်းချီးမင်္ဂလာများကိုလည်းခံစားရကြပေလိမ့်မည်။

ကောင်းကျိုးကို ပြုနိုင်ခဲ့သောကြေးငွေ။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြဿနာနှင့်ပတ်သက်၍ သေချာစွာစဉ်းစား ဆင်ခြင်အပ်သောကဏ္ဍတစ်ခုရှိပေသေးသည်။ သဘာဝမကျသောကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်သောအသုံး အဆောင်များသည် မလိုအပ်ပဲအကျိုးယုတ်စေသည်သာမက ကြေးငွေဖြုန်းတီးမှုသက်သက်လည်းဖြစ်သည်။ ဤနည်း အားဖြင့်နှစ်စဉ်နှစ်တိုင်းဖြုန်းတီးပစ်သောကြေးငွေများသည် အတိုင်းထက်အလွန်များပြားလှပေသည်။ ဆေးလိပ်အတွက် သုံးဖြုန်းပစ်သောကြေးငွေများသည် တစ်ကမ္ဘာလုံး၌ရှိသောအသင်းတော်များ၏တည်တံ့ရေးကိုဖန်တီးပေးနိုင်သည်။ သေ ရည်သေရက်သောက်စားမှုအတွက်သုံးဖြုန်းပစ်သောကြေးငွေများဖြင့်ယခုအခါတွင်အသိပညာမဲ့၍ပြစ်မှုကျူးလွန်နေသော ဘဝ၌ကျင်လည်နေသောလူငယ်လူရွယ်တို့ကို ပညာများကို တတ်မြောက်စေပြီး ဘုရားသခင်အတွက် မြင့်မြတ်ဂုဏ်ရှိ သောအလုပ်အကိုင်လုပ်ကိုင်ရန် ပြင်ဆင်ပေးနိုင်ပေသည်။ ထောင်သောင်းမကသောမိဘတို့သည် သူတို့ရရှိသောကြေး ငွေများကို ကိုယ့်အလိုသို့လိုက်ခြင်းအားဖြင့် သုံးဖြုန်းပစ်ကြသောကြောင့် သူတို့၏သားသမီးများစားဝတ်နေရေးနှင့်ပညာ ရေးများကို ဂရုမပြုလျစ်လျူရှုကြသည်။ ခရစ်ယာန်ဟု သူတို့ကိုယ်ကိုခေါ်ဆိုကြသည့် မြောက်မြားစွာသောသူတို့က သူတို့၏ပုံသက်သေအားဖြင့် ယင်းလုပ်ရပ်တို့ကို အားပေးကြသည်။ ယင်းကဲ့သို့ကိုယ်တော်ရှင်၏ကောင်းချီးမင်္ဂလာများ ဖြုန်းတီးမှုအတွက် ဘုရားသခင်အားမည်ကဲ့သို့ စာရင်းရှင်းပြကြမည်နည်း။



ငတ်ပြတ်သောသူတို့အား ကျွေးမွေးရန်လည်းကောင်း၊ အဝတ်ချည်းစည်းရှိသောသူတို့အား ဝတ်ဆင်စရာများ ကို ပေးရန်လည်းကောင်း၊ ဒုက္ခဆင်းရဲရောက်သောသူတို့အားကူညီမစရန်လည်းကောင်း၊ ဆင်းရဲနွမ်းပါးသောသူတို့အား ဧဝံဂေလိတရားတော်ကိုပို့ပေးရန်လည်းကောင်းကျွန်ုပ်တို့အားအပ်နှင်းပေးကမ်းထားတော်မူသောဆုလာဘ်များတွင်ကြေး ငွေလည်းအပါအဝင်ဖြစ်သည်။ သို့ရာတွင် ဤလုပ်ငန်းကိုဘယ်နည်းအားဖြင့်လျစ်လျူရှုကြသနည်း။ ဘုရားသခင်ကိုယ် တော်ရှင်သည် မိမိ၏အစေခံများထံကြွရောက်လာတော်မူ၍ စာရင်းရှင်းတော်မူသောအခါ ကိုယ်တော်ရှင်က "ဤသူတို့ တွင် အငယ်ဆုံးသောသူတစ်ယောက်အား မပြုသမျှတို့ကို ငါ့အား မပြုကြ" ဟုမိန့်တော်တော်မူမည်မဟုတ်ပါလော။ ဘုရားသခင်အတွက်ဆောင်ရွက်ရန် ကျွန်ုပ်တို့ဘေးပတ်လည်တွင် လုပ်ငန်းများစွာရှိပေသည်။ ကျွန်ုပ်တို့ပိုင်သောကြေး ငွေ၊ အချိန်၊ ခွန်အားနှင့်ကျွန်ုပ်တို့၏သြဇာသက်ရောက်မှုတို့ကို လိုအပ်နေပေသည်။ ကျွန်ုပ်တို့သည် ဤလုပ်ငန်းကို လက်ခံထမ်းဆောင်လျက် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေ၍ လူသားအချင်းချင်းတို့အား မင်္ဂလာဖြစ်စေရန် အသက်တမ်းကို ကုန်စေကြပါစို့လား။ ကိုယ်တော်၏နိုင်ငံတော်ကို မြေကြီးပေါ်တွင် တည်ဆောက်ကြပါစို့လား။

မိမိကိုယ်ကာယတပ်မက်ခြင်းကိုငြင်းပယ်၍ ချုပ်တည်းခြိုးခြံမှုဆိုင်ရာပြုပြင်ရေးကိစ္စတွင် ထိထိရောက်ရောက် ဆောင်ရွက်ရန် သတ္တိရှိသောဒံယေလကဲ့သို့သောပုဂ္ဂိုလ်မျိုးကို ယခုအခါတွင်လိုအပ်လျက်ရှိသည်။ ခရစ်ယာန်တိုင်းပုံ သက်သေနှင့်သြဇာသက်ရောက်မှုတို့သည် ပြုပြင်ပြောင်းလဲမှုဘက်မှာရှိပါစေ။ ဧဝံဂေလိဓမ္မဆရာတို့သည် လူတို့အား သတိပေးစကားပြောကြားရာတွင်သစ္စာရှိကြပါစေ။ ကမ္ဘာနှစ်ခုတွင် ကျွန်ုပ်တို့၏ပျော်ရွှင်မှုသည် တစ်ခုသောကမ္ဘာမှဘဝ အသက်တာကို တိုးတက်ကောင်းမွန်အောင်ပြုပြင်မှုပေါ်တွင် အမှီတံကဲပြုကြောင်းသတိရကြပါစေ။ HFM, pp. 207-211.

# ၂ ချုပ်တည်းခြိုးခြံမှုဆိုင်ရာဟောပြောချက် ၁၈၉၁

စကြဝဠာတစ်တိုင်းလုံးတွင် ပထမဆုံးသူပုန်သည် စာတန်ဖြစ်သည်။ သူသည်ကောင်းကင်မှမောင်းထုတ်ခံရ သောအချိန်မှအစပြု၍သူတိုယ်တိုင်ကဲ့သို့လူတိုင်းသည် ဘုရားသခင်အထံတော်မှဖောက်ပြန်သွားစေရန် သူသည်ကြိုးပမ်း လျက်ရှိခဲ့သည်။ လူကိုဖျက်ဆီးရန်သူသည် စီမံကိန်းများထားရှိ၍ခံတွင်းအလိုကိုမတရားလိုက်စားစေခြင်းအားဖြင့်လူသား တို့အားဘုရားသခင်၏ပညတ်တော်များကိုချိုးဖောက်စေရန်ဆောင်ရွက်ခဲ့သည်။ အာဒံနှင့်ဧဝတို့အားတားမြစ်ထားတော် မူသောအသီးကိုစားစေရန်သွေးဆောင်ခဲ့ပြီးအပြစ်ကိုကျူးလွန်စေသောကြောင့် သူတို့သည်ဧဒင်ဥယျာဉ်မှနှင်ထုတ်ခြင်းကို ခံခဲ့ရလေသည်။ "ကျွန်တော်သာအာဒံဖြစ်ခဲ့ယင် ဒီလောက်လွယ်ကူလှတဲ့စုံစမ်းခြင်းကိုကျူးလွန်မိမှာမဟုတ်ဘူး" ဟုပြော ဆိုသောသူမည်မျှလောက်များပြားပါသနည်း။ ဤကဲ့သို့ဝါကြွား၍ပြောဆိုကြသောသူတို့၊ သင်တို့ရည်စူးချက်၏အင်အား နှင့်စုံစမ်းခြင်းခံရသောအခါ သစ္စာရှိသည်မရှိသည်တို့ကို လက်တွေ့ပြသရန်သင်တို့၌ အခါကောင်းအခွင့်ကောင်းရှိပေ သည်။ သင်တို့သည်ဘုရားသခင်၏ပညတ်တော်တိုင်းကိုနာခံပါ၏လား။ သင်တို့၏ဘဝအသက်တာတွင်မည်သည့် အပြစ်ဒုစရိုက်ကိုမျှ ကျူးလွန်ခြင်းမရှိသည်ကို ဘုရားသခင်သည်တွေ့မြင်တော်မူပါ၏လား။

အာဒံနှင့်ဧဝတို့၏အပြစ်ဒုစရိုက်ကျူးလွန်ခြင်းသည် တစ်ခုတည်းသောကျူးလွန်ခြင်းဖြစ်သလော။ ဧဒင်ဥယျာဉ်ကိုလက်လွတ်ရသောအချိန်မှပစ္စုပ္ပန်ခေတ်အထိအပြစ်ဒုစရိုက်ကိုဆက်ကာဆက်ကာကျူးလွန်ခဲ့ကြပြီးဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်များကို သစ္စာရှိစွာဖြင့်စောင့်ရှောက်လိုက်နာခြင်းမှလူတို့အားဆွဲဆောင်သွားခြင်းအားဖြင့်သူတို့ပျက်စီးရာပျက်စီးကြောင်းကိုစီမံထားခဲ့လေပြီ။ သူ၏အောင်မြင်မှုအရှိဆုံးနည်းလမ်းတစ်ခုသည်မှောက်မှားနေသောခံတွင်းအလိုလိုက်စားစေရန်သွေးဆောင်ခြင်းဖြစ်သည်။ မည်သည့်နေရာ၌မဆို လူတို့၏ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း၏အမှတ်အသားများကိုသာတွေ့မြင်နေရသည်။ ကျွန်ုပ်တို့မြို့တိုင်းရွာတိုင်း၏အချက်အချာနေရာများတွင် သေရည်သေရက်အရောင်းဆိုင်တွေကို တွေ့မြင်နေရပြီး ယင်းဆိုင်များတွင်ဝင်ရောက်စားသောက်ကြသောသူတို့၏မျက်နှာများတွင်လည်းပျက်စီးခြင်း၏ကြောက်မက်ဖွယ်သောလုပ်ငန်း၏လက်ရာကိုတွေ့မြင်ရသည်။ အဘက်ဘက်တွင်ပျက်စီးရာလမ်းထဲသို့ လူငယ်များကိုသွေးဆောင်ခေါ်သွင်းရန် စာတန်သည်ကြိုးပမ်းလျက်ရှိသည်။ ယင်းလူငယ်တို့၏ခြေများကို ယင်းပျက်စီးရာလမ်းကြောင်းတွင် ချမိစေသည်နှင့်တစ်ပြိုင်နက်၊ ယင်းလမ်းကြောင်းအဆင်း နင်းတွန်းပေးရာတွင်ကာယကံရှင်တို့သည်ဩတ္တပ္ပစိတ်၏နူးညံ့သိမ်မွေ့ခြင်းကိုဆုံးရှုံး၍ သူတို့၏ရှေ့၌ဘုရားသခင်အားကြောက်ရွံ့ရိုသေသောစိတ်လုံးဝပျောက်ကွယ်



သွားသည်တိုင်အောင်အပျော်အပါးကြူးခြင်းကို တစ်မျိုးပြီးတစ်မျိုးလိုက်စားစေသည်။ သူတို့၏ကိုယ်ကိုချုပ်တည်းမှုကိုတစ်စပြီးတစ်စလျော့လျဲလျဲဖြစ်လာစေလေသည်။ သူတို့သည်သေရည်သေရက်သောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဘိန်းရှူခြင်းများကို စွဲလမ်းလာ၍နိမ့်ကျယုတ်ညံ့မှုတစ်ခုမှတစ်ခုဆီသို့လျှောကျသွားသည်။ သူတို့သည်ခံတွင်းအလို၏ကျေးကျွန်များဖြစ်လာကြပြီ။ တစ်ကြိမ်ကသူတို့လေးစားခဲ့သောအကြံဉာဏ်ကိုထခုအခါတွင်မထီမဲ့မြင်ပြုကြပြီ။ သူတို့ပြောဆိုသောစကားများတွင် အကြွားနှောလာ၍သူတို့သည်တရားလက်လွတ်ဖြစ်သောဘဝ၏ကျေးကျွန်များဖြစ်လာသော်လည်း လွတ်လပ်မှုခံစားနေရကြောင်းဖြင့် ဝါကြွားပြောဆိုကြသည်။ သူတို့၏လွတ်လပ်မှုသည် အတ္တစိတ်၊ ယုတ်ညံ့သိမ်ဖျင်းသောခံတွင်းအလိုနှင့်ကာမဂုဏ်ကြူးလွန်ခြင်းတို့၏ကျေးကျွန်ဘဝပင်ဖြစ်သည်။

အငြင်းပွါးမှုဆက်လက်ဖြစ်ပွါးနေ၏။ ကမ္ဘာပေါ်တွင်အငြင်းပွါးမှု(ဝါ)စစ်အေးတိုက်ခိုက်ခြင်းသည်ဆက်လက်ဖြစ်ပျက်နေသည်။ လူသားတို့အားသူ့ကျေးကျွန်ဘဝတွင်ထားရှိရန်စာတန်သည် သန္နိဋ္ဌာန်ချထားပြီးဖြစ်သော်လည်း လူသားတို့အားရန်သူ၏လက်မှပြန်လည်ရွေးနုတ်ရန်လည်းကောင်း၊ အပြစ်ပြုသောလူတို့တွင်ဘုရားသခင်၏စာရိတ္တတော်ပုံသဏ္ဌာန်ပြန်လည်ဖွံ့ဖြိုးလာနိုင်စေရန်လည်းကောင်း ခရစ်တော်အရှင်သည်အလွန်ကြီးမားသောတန်ဖိုးကို ပေးတော်မူခဲ့သည်။ ကယ်တင်ခြင်းစီမံကိန်းကြီးကိုတည်ထောင်တော်မူရာတွင် လူသားတို့အား ကြီးမားသောတန်ဖိုးဖြင့်သတ်မှတ်ထားရှိကြောင်းကို ဘုရားသခင်သည်ပြသတော်မူသည်။ သို့ရာတွင်ကယ်တင်ခြင်းကို ဝင်စားနိုင်သောစည်းကမ်းချက်များကိုလူသည်လိုက်လျောခြင်းမရှိရန်စာတန်သည်အနှောင့်အယှက်ပြုလေသည်။

ခရစ်တော်သည် မိမိအမှုတော်ကိုစတင်ဆောင်ရွက်တော်မူသောအခါသူသည်ယော်ဒန်မြစ်၏ကမ်းနဖူးပေါ်တွင်ရှိသေစွာဦးညွှတ်လျက်လူသားတို့အတွက် အဘဘုရားသခင်ထံတော်ဆုတောင်းပတ္ထနာပြုတော်မူသည်။ ကိုယ်တော်ရှင်သည် ယောဟန်လက်၌နှစ်ခြင်းကိုခံယူတော်မူပြီးသောအခါ ကောင်းကင်သည်ပွင့်၍သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်သဏ္ဌာန်ဖြင့် ကိုယ်တော်ရှင်ကိုပတ်ရစ်ထားတော်မူသောအခါ ကောင်းကင်မှလာသောအသံတော်က "ဤသူကားငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဟုမိန့်တော်မူသည်။ ပျောက်ဆုံးလမ်းလွဲသောကမ္ဘာအတွက် ခရစ်တော်၏ပတ္ထနာသံကိုကြားရ၍ ကိုယ်တော်ရှင်ကိုယုံကြည်သောသူအပေါင်းတို့သည် ချစ်မြတ်နိုးတော်မူသောသားတော်၌လက်ခံသိမ်းယူခြင်းကို ခံရကြသည်။ အပြစ်ရှိသောသူတို့သည် ခရစ်တော်မှတစ်ဆင့်ခမည်းတော်ထံသို့ချဉ်းကပ်နိုင်၍ လက်ဝါးကပ်တိုင်တွင်ရိုက်ထားခြင်းခံရပြီး ထမြောက်ရှင်ပြန်တော်မူသောကယ်တင်ရှင်၏ကုသိုလ်တော်အားဖြင့်အောင်မြင်သောသူများဖြစ်နိုင်စေမည့်ကျေးဇူးတော်ကို ရရှိနိုင်ကြသည်။

ခရစ်တော်၏အောင်မြင်မှုတွင်ထူးခြားသောအဓိပ္ပါယ်ရှိခြင်း။ ခရစ်တော်အရှင်သည်နှစ်ခြင်းမင်္ဂလာခံယူပြီး သည်နောက်ဝိညာဉ်တော်သည်ကိုယ်တော်ရှင်အားတောထဲသို့ပို့ဆောင်တော်မူသည်။ကိုယ်တော်ရှင်သည်လူ့ဇာတိကို ယူဆောင်ထားတော်မူသည်ဖြစ်၍ လွန်ခဲ့သောခေတ်များကအင်အားကောင်းသောလူသန်ကြီးများကို အောင်မြင်နိုင်နင်းခဲ့ သည်အတိုင်းကိုယ်တော်ရှင်ကို အောင်မြင်နိုင်နင်းလိမ့်မည်ဟု စာတန်ကဝါကြွားပြောဆိုထားသည်။ ထို့ကြောင့်လူသား တို့အားအပြစ်ဒုစရိုက်ပြုစေသောစုံစမ်းသွေးဆောင်ခြင်းများဖြင့်ကိုယ်တော်ရှင်အားစုံစမ်းလေသည်။ခရစ်တော်နှင့်စာ တန်တို့၏ကြီးမား သောတိုက်ပွဲကြီး၏အနိုင်အရှုံးကိုဤကမ္ဘာမြေကြီးပေါ်တွင်အဆုံးအဖြတ်ပေးရပေမည်။

အချက်တစ်ချက်တည်းမှာပင်စာတန်သည်ခရစ်တော်ကိုအောင်မြင်နိုင်နင်းပါက ကမ္ဘာကြီးသည်သေကြေပျက်စီးမှုကို ရင်ဆိုင်ရ ပေ တော့မည်။ စာတန်သည်လည်း ဘုရားသခင်သားတော်၏ဦးခေါင်း ကိုကြိတ်နိုင်သောတန်ခိုးသတ္တိကို ရရှိပေတော့မည်။ သို့ရာတွင်မိန်းမ၏အမျိုးအနွယ်ကမြွေ၏ဦးခေါင်းကိုကြိတ်ရမည်ဖြစ်သည်။ ခရစ်တော်သည် မှောင်မိုက်အာ ဏာစက်၏တန်ခိုးသတ္တိကိုချိုးဖဲ့ပစ်ရမည်ဖြစ်သည်။ ခရစ်တော်သည်ရက်ပေါင်းလေးဆယ်တောထဲတွင် အစာရှောင်နေတော်မူသည်။ အဘယ်အကြောင်းကြောင့်ကိုယ်တော်ရှင်သည်ဤမျှကြာရှည်စွာအစာရှောင်ရပါသနည်း။ ဤမျှလောက်ကြီးမားလှသောနှိမ့်ချခံရခြင်းနှင့်ဒုက္ခဝေဒနာမျိုးကို ခံစားရအောင်ဘုရားသခင်သား တော်၏စာရိတ္တတော်တွင်ချွတ်ယွင်းချက်တစ်ခုခုရှိပါသလား။ မရှိပါ၊ ကိုယ်တော်ရှင်သည်အပြစ်နှင့်ကင်းစင်တော်မူပါသည်။ ဤမျှလောက်နှိမ့်ချခံရခြင်းနှင့်နာကျင်ခြင်းဝေဒနာခံစားရတော်မူခြင်းသည်အပြစ်သားတို့အတွက်ဖြစ်၍ဘုရားသခင်သားတော်၏အခွန့်ကြာရှည်စွာအစာရှောင် ခြင်း၏ဝိညာဉ်ရေးဆိုင်ရာအဓိပ္ပါယ်ကိုနားလည်နိုင်စွမ်း မရှိပဲမှောက်မှား သောခံတွင်းအလိုကိုလိုက်စားသောအပြစ်ဒုစရိုက်၏ဆိုးသွမ်းလှသောဒဏ်၏သဘာဝကိုကျွန်ုပ်တို့သည်နားလည်နိုင်မည်မဟုတ်ပေ။
ခရစ်တော်အရှင်သည်စာတန်ကို အနိုင်တိုက်ခိုက်တော်မူခြင်းအားဖြင့် လူသားတို့အားအောင်မြေ အောင်ရပ်၌ထားရှိတော်မူသောကြောင့်၊ ထိုအရပ်တွင် လူ သားတို့သည် ခရစ်တော်အသွေးတော်၏ ကုသိုလ်တော်အားဖြင့်မှောင်မိုက်၏တန်ခိုးအာနိသင်များကိုခုခံတွန်းလှန်နိုင်စွမ်း



ရှိ၍ မိမိတို့ကိုယ်တိုင်အတွက်အောင်ပန်းကိုဆွတ်ခူးနိုင်ကြပေသည်။ လူသားတို့အားယင်းအခြေအနေသို့ပို့ဆောင်ပေးသောခရစ်တော်အရှင်၏တိုက်ခိုက်မှု၏သဘာဝကို နားလည်ခြင်းမရှိပဲနှင့်ခံတွင်းအလိုလိုက်စားမှု၏အင်အားနှင့်ကျွန်တွင်းထားရှိနိုင်စွမ်းကို ကျွန်ုပ်တို့သည် အဘယ်အခါမျှနားလည်နိုင်ကြမည်မဟုတ်ပေ။

အခွန့်ကြာရှည်စွာ အစာရှောင်ပြီးသည့်နောက်ခရစ်တော်အရှင်သည် မွတ်သိပ်တော်မူသည်။ ကိုယ်တော်ရှင်သည်ယင်းကဲ့သို့အစာငတ်ရေငတ်ဖြစ်မှုကြောင့် အင်အားနည်းပါးနေချိန်တွင်စာတန်သည်ကိုယ်တော်အားအပြင်းထန်ဆုံးသောစုံစမ်းခြင်းအားဖြင့်တိုက်ခိုက်လေသည်။ "စုံစမ်းသွေးဆောင်သောသူက ကိုယ်တော်သည်ဘုရားသခင်၏သားတော်မှန်လျှင်ဤကျောက်ခဲတို့ကိုမုန့်ဖြစ်စေခြင်းငှါအမိန့်ရှိတော်မူပါ" ဟုဆိုလေသည်။ စာတန်ကသူသည် ဘုရားသခင်အထံတော်မှလာသောကိုယ်စားလှယ်ဖြစ်ကြောင်း၊ ယေရှုရှင်သည်ကယ်တင်ရှင်အနေဖြင့် မိမိကိုယ်ကိုငြင်းပယ်သောလမ်း၌လျှောက်လိုက်လိုသောဆန္ဒကိုခမည်းတော်ဘုရားသခင်ကတွေ့မြင်တော်မူကြောင်း၊ ရှေ့သို့ဆက်လက်၍ မိမိကိုယ်ကိုနှိမ့်ချခံနေရခြင်းနှင့်ဝေဒနာခံစားနေခြင်းသည်မလိုအပ်တော့ပဲ ကမ္ဘာကြီး၏ကယ်တင်ရှင်အနေဖြင့် သူရင်ဆိုင်ရမည့်ကြောက်မက်ဖွယ်သောတိုက်ပွဲမှသူ့ကို လွတ်စေမည်ဖြစ်ကြောင်းများကို ပြောဆိုလေသည်။ ဘုရားသခင်အနေဖြင့်သားတော်၏သစ္စာစောင့်သိရိုသေမှုကိုစုံစမ်းနေခြင်းပင်ဖြစ်ကြောင်း၊ ယခုအခါတွင်သူသည်သစ္စာရှိကြောင်းကို ထင်ထင်ရှားရှားပြသပြီးဖြစ်ကြောင်း၊ သူ့လိုအပ်ချက်များကို ပြုလုပ်ရန်မလိုပဲချမ်းသာပေးပြီးဖြစ်ကြောင်းများကို ပြောဆို၍ခရစ်တော်အရှင်အားသွေးဆောင်ဖြားယောင်းလေသည်။ သို့ရာတွင်ခရစ်တော်သည်စုံစမ်းသွေးဆောင်ခြင်းကို သိမြင်နားလည်တော်မူ၍ "လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူသည်။"

ခံတွင်းအလိုကိုလိုက်စားရန်စုံစမ်းခြင်းခံရသောအခါသင်တို့သည်ခရစ်တော်ပြတော်မူသောပုံသက်သေကိုသတိရ၍မားမားမတ်မတ်ရပ်တည်နေလျက် ခရစ်တော်၌အောင်မြင်ကြရမည်။ သင်တို့အနေဖြင့် "ကိုယ်တော်ရှင်မိန့်ကြားထားတော်မူသည်မှာ" ဟုဖြေကြားခြင်းအားဖြင့်မှောင်မိုက်၏မင်းနှင့်ပြဿနာကိုတိကျပြတ်သားစွာရာသက်ပန်ဖြေရှင်းသင့်ပေသည်။ သင့်အနေဖြင့်စုံစမ်းခြင်းနှင့်ပလူး၍ "ကျမ်းစာလာသည်ကား" မပြောပဲသင့်ကိုယ်ပိုင်စကားများကို အသုံးပြုလျှင်၊ မိမိကိုယ်ပိုင်အနေအထားအားဖြင့်လုံလောက်သည်ဟုယူဆလျှင်၊ မိမိကိုယ်ကိုအထင်ကြီးနေလျှင် သင်သည်အရှုံးနှင့် ရင်ဆိုင်ရလိမ့်မည်။ ခရစ်တော်အသုံးပြုတော်မူသောလက်နက်သည်ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော"ကျမ်းစာလာသည်ကား" ဖြစ်၍၊ သင့်အနေဖြင့် ဝိညာဉ်တော်၏ဓါးကိုအသုံးပြုလျှင် ကယ်တင်ရှင်၏ကုသိုလ်တော်အားဖြင့် သင်သည်လည်းအောင်မြင်နိုင်ပေသည်။

စာတန်သည်လူတို့အပေါ်ပိုမိုအောင်မြင်ခြင်း။ လူသားတို့ရင်ဆိုင်ရသည့်အကြီးဆုံးသောစုံစမ်းသွေးဆောင်ခြင်းသုံးမျိုးကို ဘုရားသခင်သားတော်သည်ရင်ဆိုင်၍တည်မြဲနေတော်မူသည်။ ခံတွင်းအလို၊ အထူးကြီးမြင့်ထင်ပေါ်လိုသောဆန္ဒနှင့်လောကီတပ်မက်ခြင်းတို့တွင် ခရစ်တော်အရှင်သည်ရန်သူ၏ဆွဲဆောင်ရာသို့မလိုက်ပဲငြင်းပယ်တော်မူခဲ့သည်။ စာတန်အဖို့မှာကား လူသားတို့၏စိတ်နှလုံးကိုတိုက်ခိုက်ရာတွင် အောင်မြင်မှုပိုမိုရရှိလေသည်။ သူ့စုံစမ်းသွေးဆောင်ခြင်းများကိုလိုက်လျှောရန် လူသားတို့အားဖြားယောင်းခြင်းအားဖြင့်သူသည်သူတို့ကိုချုပ်ချယ်ထားနိုင်လေသည်။ ခံတွင်း

အလိုလိုက်စားမှုဆိုင်ရာသွေးဆောင်မှုများတွင် စာတန်သည်အောင်မြင်မှုအရှိဆုံးဖြစ်လေသည်။ သူ့အနေဖြင့်လူတို့၏ ခံတွင်းအလိုကို ချုပ်ချယ်ထားနိုင်လျှင် လူတစ်ကိုယ်လုံးကိုချုပ်ချယ်ထားနိုင်လေသည်။

လူသားတို့၏စိတ်ကိုချုပ်ချယ်သောစွမ်းအားနှစ်ခုသာလျှင်ရှိသည်။ ၎င်းတို့မှာဘုရားသခင်၏စွမ်းအားနှင့် စာတန်၏စွမ်းအားဖြစ်သည်။ ခရစ်တော်သည်လူသားတို့၏ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင်ဖြစ်သည်။ စာတန်သည်လူ့ရန်သူနှင့်အဖျက်သမားဖြစ်သည်။ ဘုရားသခင်ထံမိမိကိုယ်ကိုဆက်ကပ်ထားသောသူသည် ကိုယ်ခန္ဓာ၊ ဝိညာဉ်နှင့်စိတ်တို့အား ဘုရားသခင်ဘုန်းတော်ကိုထင်ရှားစေဖို့မိမိကိုယ်ကို ဖွံ့ဖြိုးမှုရှိရန်ကောင်းမွန်စွာမွေးမြူထိန်းသိမ်းထားလိမ့်မည်။ စာတန်၏ချုပ်ချယ်မှုလက်အောက်သို့အရောက်ခံသောသူသည် မိမိကိုယ်ကိုပျက်စီးရာလမ်းသို့တွန်းပို့ပေးသည်။ အများသောအမျိုးသားတို့သည် အရက်တစ်ခွက်အတွက် မိမိတို့ကိုယ်ပိုင်ဆင်ခြင်တတ်သောစွမ်းရည်ကိုရောင်းစားကြသည်။ ထိုနောက်သူတို့သည်သူတို့၏မိသားစုများ၊ အိမ်နီးနားချင်းများနှင့်တိုင်းပြည်အတွက်ရန်စူးရန်ညှောက်ဖြစ်လာလေသည်။ သူတို့မူးယစ်၍အိမ်ပြန်လာလျှင် သားသမီးများကပုန်းကွယ်နေတတ်ကြသည်။ သူတို့၏စိတ်အားငယ်နေသောဇနီးသည်များသည်သူတို့နှင့်တွေ့ဆုံရင်ဆိုင်ရန်ကြောက်ရွံ့နေကြသည်။ အဘယ်ကြောင့်ဆိုသော်သူတို့သည်အမူးသမားများအနေ



ဖြင့်အိမ်သူအိမ်သားများကို လက်သီးဖြင့်နှုတ်ဆက်တတ်ကြသည်။ သူတို့ရရှိသောဝင်ငွေများကို အရက်အတွက်သုံးဖြုန်းပစ်ကြသည်။ ဇနီးသည်များနှင့်သားသမီးများမှာဘဝ၏လိုအပ်မှုများကိုမရ၊ ငတ်ပြတ်ကြရမည်။

ခံတွင်းအလိုလိုက်စာသောသူတို့အနေဖြင့်ရှုန်းရင်းကြမ်းတမ်းမှုကိုပြုလုပ်စေရန်စာတန်သည်အခြေအနေကိုဖန်တီးပေးသည်။ သေရည်သေရက်သောက်စားသောသူသည် စိတ်ထားကြမ်းတမ်း၍စိတ်ဆိုးလွယ်ပြီးလျှင်မရေရာလောက်သောဆင်ခြေအားဖြင့်ရန်ခိုက်ဒေါသပြုလုပ်တတ်သည်။ ဒေါသအရှိန်ပြင်းပြနေချိန်တွင်အရက်မူးသမားသည်အချစ်ဆုံးမိတ်ဆွေကိုပင်ရန်သူထင်မှတ်၍ချမ်းသာမပေးတတ်ပေ။ လူသတ်မှု၊ ရှုန်းရင်းခတ်အကြမ်းဖက်မှုများအကြောင်းကျွန်ုပ်တို့မကြာခဏကြားရသည်။ ယင်းအခြေအနေအတွက်သေရည်သေရက်သည်အဓိကတရားခံဖြင့်ကြောင်းကိုလည်းတွေ့ရှိရပေသည်။

စည်းကမ်းတကျသောက်စားခြင်း။ မိမိတို့ကိုယ်ကိုချုပ်တည်းခြိုးခြံမှုကိုထောက်ခံအားပေးသူများဟုကင်ပွန်းတတ်ကြသော်လည်း ဝိုင်နှင့်စိုင်ဒါအရက်များကို သောက်စားကြ၍ယင်းအရက်များသည် ဘေးကင်းသည်သာမက ကျန်းမာမှုကို အထောက်အကူပြုသည်ဟုလည်းအခိုင်အမာအဆိုပြုကြပေသည်။ ဤနည်းအားဖြင့် အများသောသူတို့သည်ပျက်စီးရာလမ်းကြောင်းထဲသို့ရောက်ရှိသွားကြသည့်ပထမခြေလှမ်းကိုလှမ်းကြသည်။ ပြင်းသောသေရည်သေရက်များကဲ့သို့ဝိုင်နှင့်စိုင်ဒါအရက်များသည် မူးယစ်စေတတ်သောကြောင့်အဆိုးဆုံးသောမူးယစ်ထိုင်းမှိုင်းခြင်းဖြစ်သည်။ ဒေါသစိတ်သည်ပိုမိုပြင်းထန်၍စာရိတ္တပြောင်းလဲမှုသည်လည်းပိုမိုလျင်မြန်ပြီးလျှင် ပိုမို၍ခေါင်းမာလာလေသည်။ စွဲလမ်းမှုအားကြီးလာသည်။ ဝိုင်နှင့်စိုင်ဒါအရက်များအနည်းငယ်သောက်စားခြင်းကပိုမိုပြင်းထန်သောသေရည်သေရက်များသောက်စားလိုသောခံတွင်းမျိုးကို ဖန်တီးပေးတတ်သည်။ အရက်ကိုစွဲနေသောအမူးသမားများသည် ယင်းကဲ့သို့ဘေးမရှိဟုအထင်နှင့်မြည်းစမ်းသောက်စားမှုမှအစပြုပျိုးထောင်လာကြသည်။

ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလှုံ့ဆော်တတ်သောအစားအသောက်အသုံးအဆောင်များသုံးဆောင်လိုသောခံတွင်းမျိုးအမွေခံထားသောသူတို့သည် မိမိတို့အိမ်များ၌ဝိုင်အရက်နှင့်စိုင်ဒါအရက်များကိုထားရှိခြင်းသည် ဘေးမကင်းပေ။ အဘယ်ကြောင့်ဆိုသော်စာတန်သည် အငြိမ်မနေပဲယင်းအရက်များကို သုံးဆောင်ရန်အမြဲတမ်းတိုက်တွန်းနှိုးဆော်လျက်ရှိသည်။ သူ့စုံစမ်းသွေးဆောင်မှုများကို လိုက်လျောလျှင် ဘယ်အချိန်ဘယ်အခါတွင်ရပ်ဆိုင်းရန်မသိတော့ပေ။ ခံတွင်းကဆက်လက်သောက်စားရန်တောင်းဆိုနေသည်။ ယင်းတောင်းဆိုချက်ကိုလိုက်လျောခြင်းအားဖြင့် ပျက်စီးရာလမ်းကြောင်းထဲသို့ကျရောက်လေတော့သည်။ ဦးနှောက်သည်ထုံထိုင်းလာသည်။ စဉ်းစားဆင်ခြင်တိုင်းထွာတတ်သောစွမ်းရည်သည်အုပ်ထိန်းချုပ်ကိုင်မှုမပြုတော့ပဲတပ်မက်သောစိတ်တို့သည်ထိန်းမရသိမ်းမရဖြစ်လာသည်။ ကာမဂုဏ်လိုက်စားခြင်းသည်နေရာအနှံ့အပြားတွင်များပြားလာ၍ဆိုးသွမ်းမှုအမျိုးမျိုးတို့သည် ဝိုင်အရက်နှင့်စိုင်ဒါအရက်တို့ကို စွဲမြဲစွာသောက်စားမှုမှပေါ်ပေါက်လာကြသည်။ ယင်းလှုံ့ဆော်တတ်သောအသုံးအဆောင်များကို နှစ်သက်၍ဆက်လက်သုံးစွဲမှုကိုပြုသောသူတို့သည် ကျေးဇူးတော်၌ကြီးပွားရန်ခဲယဉ်းလေသည်။ သူတို့သည်ကြမ်းတမ်းညစ်ညူးလာ၍ကာမဂုဏ်ကျူးလွန်တတ်ကြသည်။ တိရစ္ဆာန်တို့၏တပ်မက်ခြင်းမျိုးသည်စိတ်၏မြင့်မားသောစွမ်းရည်တို့ကိုထိန်းချုပ်ထား၍ကောင်းမြတ်သောအရည်အချင်းများကို မွေးမြူထိန်းသိမ်းမှုမရှိတော့ပေ။

စည်းကမ်းတကျသောက်စားခြင်းဆိုသည်မှာ အရက်သမားဘဝအတွက်ပညာပေးသောစာသင်ကျောင်းသာလျှင်ဖြစ်သည်။ ချုပ်တည်းခြိုးခြံမှုတည်းဟူသောရဲတိုက်မှစာတန်သည်တဖြည်းဖြည်းသွေးဆောင်ခေါ်ငင်သွားသောကြောင့်လည်းကောင်း၊ ဝိုင်အရက်နှင့်စိုင်ဒါအရက်တို့ကလိမ္မာပါးနပ်စွာဖြားယောင်းသွေးဆောင်မှုကြောင့်လည်းကောင်း မထင်မမှတ်မသိသာပဲ ယစ်ထုပ်ကြီးဘဝသို့ပို့ဆောင်ပေးသောလမ်းမကြီးပေါ်သို့ရောက်ရှိကြရသည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလှုံ့ဆော်သောအသုံးအဆောင်များ သောက်စားလိုသောရသာရုံကိုပြုစုပျိုးထောင်ပေးလိုက်ကြလေပြီ။ အာရုံကြောစုများသည် ကစဉ့်ကလျားဖြစ်ရချေပြီ။ စာတန်သည်စိတ်နေစိတ်ထားမငြိမ်မသက်ဖြစ်သောအခြေအနေမျိုးကို ဖန်တီးပေးထားသည်။ သနားဖွယ်ကောင်းသောကာယကံရှင်မှာကား မိမိကိုယ်ကိုလုံးဝဘေးကင်းလှပြီဟုယူဆလျက်ယစ်ထုပ်ကြီးဘဝတွင်ဆက်လက်၍ကျင်လည်သောအားဖြင့်အတားအဆီးဟူသမျှ ချိုးဖဲ့ဖျက်ဆီးလျက်အခြေခံတရားဟူသမျှသည်ဗလာနတ္ထိမရှိသည့်အခြေအနေသို့ဆိုက်ရောက်သွားတော့သည်။ အခိုင်မာဆုံးသောပြဋ္ဌာန်းချက်များကို ဖြိုဖျက်လျက်ယုတ်ညံ့သိမ်ဖျင်းသောခံတွင်းအလိုကို အုပ်ထိန်းထားရှိရန်ထာဝရကာလဆိုင်ရာအကြောင်းခြင်းရာများ၏အာရုံပြုချက်များသည် အင်အားချည့်နဲ့လွန်းလှတော့သည်။ အချို့သောသူများသည် အမှန်တကယ်မူးယစ်နေသည်မဟုတ်ပေ။ အတော်



အသင့်သာအမြဲတမ်းမူးယစ်နေခြင်းသာဖြစ်သည်။ သူတို့သည်အငြိမ်မနေထကြွနေသောစိတ်ရှိ၍အမှန်တကယ်ကယောင်ချောက်ချားမဖြစ်သော်လည်း စိတ်တည်ငြိမ်မြဲမြံမှုမရှိဖြစ်သည်မှာအမှန်ပင်။ အဘယ်ကြောင့်ဆိုသော် စိတ်၏မြင့်မြတ်သောစွမ်းအင်များသည် ကမောက်ကမဖြစ်ကုန်လေပြီ။

ဆေးလိပ်အပါအဝင်။ ဆေးလိပ်သောက်သောသူတို့သည် သူတို့၏ကာယဗလနှင့်ဉာဏဗလတို့ကိုအင်အားနည်းအောင်ပြုလုပ်ကြသည်။ ဆေးလိပ်သောက်ခြင်းသည်သဘာဝဓမ္မတွင်လုံးဝအခြေမပြုပေ။ သဘာဝဓမ္မသည်မူးယစ်ထိုင်းမှိုင်းစေသောအသုံးအဆောင်များကို တော်လှန်၍ဆေးလိပ်သောက်သောသူသည် ယင်းသဘာဝမကျသောအလေ့အထကို အဓမ္မကိုယ်ခန္ဓာတွင်းသို့သွတ်သွင်းရန်ကြိုးပမ်းသောအခါကြီးစွာသောတိုက်ပွဲတစ်ရပ်ဖြစ်ပေါ်လာသည်။ အစာအိမ်၊ အမှန်အားဖြင့် ကိုယ်ခန္ဓာတစ်ခုလုံးသည် ဤရွံရှာဖွယ်သောအကျင့်ဓလေ့ကိုထကြွတော်လှန်၍ဒုစရိုက်ပြုနေသောသူအဖို့မှာကား၊ ယင်းအကျင့်ဓလေ့ကိုဆက်လက်ကျင့်သုံးနေသောကြောင့် သဘာဝဓမ္မသည်တိုက်ပွဲကိုလက်မြှောက်အရှုံးပေးရလေသည်။ ကာယကံရှင်သည်ဆေးလိပ်၏ကျွန်ဘဝသို့သက်ဆင်းရလေတော့သည်။

အကယ်၍ကယ်တင်ခြင်းကိုလူသားတို့အားသည်းခံရန်ခက်ခဲသောစည်းကမ်းချက်များထားရှိလျက်ကမ်းလှမ်းလျှင်ဘုရားသခင်အားခက်ခဲသောအရှင်သခင်အနေဖြင့်တွေ့မြင်ကြလိမ့်မည်။ စာတန်သည်ခက်ခဲသောသခင်တစ်ပါးဖြစ် သည့်အလျောက်သူ့တပည့်လက်သားများအားသူတို့ကိုယ်ကိုတပ်မက်ခြင်းနှင့်ခံတွင်းအလို၏ကျေးကျွန်များဖြစ်စေခြင်းငှါပြင်းထန်သောစုံစမ်းခြင်းများကိုရင်ဆိုင်စေလေသည်။ဘုရားသခင်၏တောင်းဆိုချက်များမှာကား တရားမျှတမှုရှိ၍ကိုယ်တော်ရှင်၏သားသမီးများအားသူတို့၏ပစ္စုပ္ပန်ဘဝနှင့်ထာဝရကာလစိတ်ပျော်ရွှင်မှုအတွက်သာလုပ်ဆောင်ကြရန်စေခိုင်းတော်မူသည်။

"သင်၏ဘုရားသခင်ထာဝရဘုရားကိုကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်။" ဤအမိန့်တော်သည်ဘုရားသခင်၏အမိန့်တော်ဖြစ်သော်လည်း အများသောသူတို့အနက် ဘုရားသခင်၏အစေခံများဟု မိမိတို့ကိုယ်ကိုခေါ်ဆိုကြသောသူတို့သည်ပင်ဆေးလိပ်ကိုကိုးကွယ်နေကြသည်။ ဆေးလိပ်သည်သူတို့၏ရုပ်တုဖြစ်နေလေပြီတကား။ လူတို့သည် လေကောင်းလေသန့်ရှိရာလဟာပြင်သို့ထွက်လျက် အနံ့အသက်ကင်းသောလေသန့်မျိုးဖြင့် ကိုယ်တော်ရှင်ထံတော်မှရရှိနေသောကောင်းချီးမင်္ဂလာများအတွက် ဂုဏ်တော်ကိုချီးမွမ်းသင့်သော်လည်း သူတို့သည် သူတို့၏ဆေးတံသို့မဟုတ်ဆေးလိပ်မှအခိုးအငွေ့များအားဖြင့်လေထုကိုညစ်ညမ်းအောင်ပြုလုပ်ကြသည်။ တစ်နေ့တာ တာဝန်များကိုထမ်းဆောင်ရန်အတွက် ပြင်ဆင်သောအနေဖြင့်သနားဖွယ်ဖြစ်သည့်အပန်းပြေနေသောအကြောအခြင်များကို လှုံ့ဆော်ပေးဖို့ သူတို့သည်ဆေးလိပ်ကိုသောက်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်ဆေးလိပ်မသောက်ရလျှင်စိတ်တို၍ သူတို့၏စိတ်ကူးများကို ချုပ်ထိန်းနိုင်စွမ်းမရှိကြပေ။

ဆေးလိပ်မသောက်ရသေးသည်အတွက်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်သောဆေးလိပ်ကို မသောက်ရလျှင်ဆေးလိပ်သောက်သောသူတို့သည် သူတို့၏အာရုံများအပေါ်ဩဇာညောင်းမှုမရှိကြောင်းကိုဥပမာတစ်ခုတင်ပြပါမည်။ ကျွန်ုပ်၏အိမ်နီးနားချင်း အသက်ကြီးရင့်သောအမျိုးသားကြီးတစ်ယောက်သည် ဆေးလိပ်ကိုအလွန်ကြိုက်သောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ တစ်နေ့သောနံနက်ချိန်ခါတွင် ကျွန်ုပ်ကသူ့အားငှါးရမ်းထားသောစာအုပ်တစ်အုပ်ကို သူ့ထံမှပြန်လည်တောင်းယူရန် သူ့အိမ်သို့သွားသောအချိန်တွင် သူသည်တစ်နေ့တာအတွက်ဆေးလိပ်ကိုမသောက်ရသေး

သောအချိန်ဖြစ်ပါသည်။ ကျွန်ုပ်တောင်းနေသောစာအုပ်ကိုလိုက်ရှာပေးရမည့်အစား ကျွန်ုပ်လက်သို့အခြားပစ္စည်းတစ်ခုကို လှမ်းပေးလိုက်ပါသည်။ ကျွန်ုပ်ဘာကိုတောင်းနေကြောင်းကို သူကိုနားလည်အောင်အမျိုးမျိုးပြောပြသော်လည်း အချည်းနှီးဖြစ်နေပါသည်။ အလိုရှိသောစာအုပ်ကိုမရပဲအိမ်ပြန်လာရပါသည်။ နောက်တစ်နေ့ကျွန်ုပ်တဖန်သွားပြန်၍ ယမန်နေ့ကဲ့သို့ပင်စာအုပ်ကိုတောင်းပါသည်။ ချက်ချင်းပင်ကျွန်ုပ်အားစာအုပ်ကိုလှမ်းပေးပါသည်။ ဘာကြောင့်ယမန်နေ့ကယင်းစာအုပ်ကိုမပေးပါသနည်းဟုကျွန်ုပ်ကသူ့အားမေးမြန်းလိုက်သောအခါ သူက၊ "အို၊ ခင်ဗျားမနေ့ကကျွန်တော်ဆီကိုလာလို့လား။ ကျွန်တော်သတိမရပါလား။ ဩော်၊ ဘာကြောင့်ဒီလိုဖြစ်ခဲ့ရတယ်ဆိုတာ ကျွန်တော်သိပါပြီ။ မနေ့ကကျွန်တော်ဆေးလိပ်မသောက်ရသေးတဲ့အချိန်မှာ ခင်ဗျားကလာတာကိုး" ဟု သူကပြန်ဖြေပါသည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလှုံ့ဆော်သောအသုံးအဆောင်များမမှီဝဲရသေးသောအချိန်တွင် ထိုပုဂ္ဂိုလ်ကြီးအား ယင်းကဲ့သို့သောထိခိုက်မှုမျိုးရှိပါသည်။ သူ့ဆရာဝန်ကဆေးလိပ်ကိုဖြတ်လျှင်ဖြတ်၊ မဖြတ်လျှင်သူ့အသက်သည် အန္တရာယ်မကင်းဖြစ်ကောင်းဖြစ်နေမည်ဖြင့်ပြောပြပါသည်။ သူသည်ဆေးလိပ်ကိုမဖြတ်ပဲနေခဲ့သည်။ ထိုကြောင့်သူသောက်နေကျဆေးလိပ်ကိုမသောက်ပဲမနေနိုင်သောအခြေသို့ ဆိုက်ရောက်နေပါသည်။ သူသည်ဆေးလိပ်သောက်သောအလေ့အထနှင့်အမြဲတမ်းတိုက်ပွဲဆင်နေရပါသည်။



အသက်ကိုးဆယ်အရွယ်သို့ရောက်ရှိသောအခါသူသည်တစ်နေ့သောအခါတွင် ပစ္စည်းတစ်ခုခုကိုရှာနေပါ သည်။ ဘာရှာနေသနည်းဟုသူ့ကိုမေးလိုက်သောအခါသူက၊ "ဆေးလိပ်လိုက်ရှာနေပါတယ်"ဟုပြန်ပြောပါသည်။ ဆေးလိပ်မသောက်ရလျှင်သူ့မှာဒုက္ခရောက်နေသည်။ ဆက်သောက်ပြန်လျှင်လည်းသေခြင်းကိုရင်ဆိုင်ရန်သာရှိတော့သည်။

## လွတ်မြောက်ရာလမ်း

ဘုရားသခင်၏သားသမီးတို့သည်ယင်းကဲ့သို့သဘာဝလည်းမကျအန္တရာယ်လည်းဖြစ်စေသောအကျင့်ဓလေ့များမှလွတ်လွတ်ကင်းကင်းနေထိုင်ကြရန် ကိုယ်တော်ရှင်သည်အလိုတော်ရှိတော်မူသည်။ သို့ရာ တွင်လူသည်ယင်း နှောင်ကြိုးများဖြင့်ချည်နှောင်ခြင်းခံရသောအခါလွတ်မြောက်ရာလမ်းတစ်ခုခုရှိပါသေးသလား။ ရှိပါသည်။ ယေရှုရှင်၏ဘဝ အသက်တာ နှင့်အသေခံတော်မူခြင်း၏ကုသိုလ်တော်အားဖြင့်လူတို့သည်အောင်မြင်သော သူများဖြစ်နိုင်ရန်ကိုယ်တော်ရှင်သည်အ သေခံတော်မူခဲ့သည်။ ဘုရားသခင်အထံတော်သို့ချဉ်းကပ်ကြသောသူတို့၏အမှုကိုကိုယ် တော်သည်စောင့်လျက်ကာလအစဉ်အသက်ရှင်သောကြောင့်သူတို့ကိုအစဉ်ကယ်တင်ခြင်းငှါတတ်နိုင်တော်မူ၏။ ကိုယ်တော်ရှင်သည် ဘုရားသခင်တန်ခိုးတော်နှင့်လူတို့၏ကြိုးပမ်းမှုကို ဒွန်တွဲအံ့သောငှါ၊ ဤလောကသို့ကြွလာ တော်မူ၍ ခရစ်တော်နှင့်လက်တွဲခြင်းအားဖြင့်လည်းကောင်း၊ စိတ်ဆန္ဒကို ဘုရားသခင်ဘက်တော်တွင်ထားရှိခြင်းအားဖြင့်လည်းကောင်း၊ ကျွန်သည်လွတ်မြောက်ခြင်းကိုရရှိ၍ ဘုရားသခင်၏အမွေခံခရစ်တော်နှင့်ဆက်ဆံသော အမွေခံလည်းဖြစ်လာနိုင်သည်။

သေရည်သေရက်ကြောင့်ကျင့်ဝတ်သိတတ်သောအာရုံများထုံထိုင်းသွားခြင်း။ ဣသရေလလူမျိုးခေတ်တွင် သန့်ရှင်းရာဌာနဆိုင်ရာဝတ်များကိုတည်ထောင်လိုက်စဉ်က နံ့သာပေါင်းမီးရှို့ရာယဇ်ကို ပူဇော်ရာတွင်သန့်ရှင်းသောမီးကိုသာအသုံးပြုဖို့ ဘုရားသခင်ကညွှန်ကြားထားတော်မူခဲ့သည်။ သန့်ရှင်းသောမီးကို ဘုရားသခင်ကိုယ်တိုင်ညှိတော်မူသည်။ ယင်းမီးရှို့ရာယဇ်မှထွက်သောမီးခိုးများသည် ဘုရားသခင်အထံတော်သို့တက်သွားသောကိုယ်တော်သားသမီးတို့၏ဆုတောင်းပတ္ထနာများကို ပုံဆောင်သည်။ နာဒပ်နှင့်အဘိဟုတို့သည် သန့်ရှင်းရာဌာနတော်၏ယဇ်ပုရောဟိတ်များဖြစ်ကြ၍ အခြားသောမီးဖြင့် ပူဇော်ခြင်းသည်တရားမဝင်သော်လည်း ဤယဇ်ပုရောဟိတ်များသည် ဘုရားသခင်၏ရှေ့တော်သို့ဝင်ရောက်ကြသောအခါ သူတို့၏နံ့သာပေါင်းမီးရှို့ရာယဇ်ကိုသာသနာရေးသာသနာမှုအတွက်သီးသန့်ထားသောမီးအစား အခြားသောမီးကို အသုံးပြုရန်အကြံပြုမိကြလေသည်။ ယင်းယဇ်ပုရောဟိတ်တို့သည်သေရည်သေရက်ကိုသောက်စားသောအလေ့အကျင့်ရှိခဲ့ကြသည်။ ထိုကြောင့်သူတို့၏ကျင့်ဝတ်သိတတ်သောအာရုံများထုံထိုင်းကုန်ကြသည်။ သူတို့လုပ်ရပ်များ၏သဘောကိုမသိကြပေ။ သူတို့ကျူးလွန်သောအပြစ်ဒုစရိုက်၏ကြောက်မက်ဖွယ်ကောင်းသောဆိုးကျိုးကိုလည်း မသိကြပေ။ အသန့်ရှင်းဆုံးအခန်းတွင်းမှမီးတောက်များထွက်ပေါ်လာ၍ သူတို့ကိုလောင်ကျွမ်းလေသည်။

နာဒပ်နှင့်အဘိဟုတို့သေကြေပျက်စီးပြီးသည့်နောက်ပိုင်းတွင်ဘုရားသခင်သည် အာရုန်အားမိန့်ကြားတော်မူသည်မှာ "သင်နှင့်သင်၏သားတို့သည် သေဘေးနှင့်ကင်းလွတ်စေခြင်းငှါလည်းကောင်း၊ သီးသန့်သောအရာ၊ မသီးသန့်သောအရာ၊ စင်ကြယ်သောအရာ၊ မစင်ကြယ်သောအရာများကို ပိုင်းခြားခြင်းငှါလည်းကောင်း၊ ထာဝရဘုရားသည် မော

ရှေအားဖြင့် မှာထားသမျှသောထုံးဖွဲ့ချက်များကို ဣသရေလလူအမျိုးသားတို့အားသွန်သင်ခြင်းငှါလည်းကောင်း တွေ့ဆုံရာတဲတော်သို့ဝင်သောအခါ စပျစ်ရည်အစရှိသောယဇ်မျိုးကိုမသောက်နှင့်။ သင်တို့အမျိုးအစဉ်အဆက် ထာဝရထုံးဖွဲ့ချက်ဖြစ်သတည်း။” ဣသရေလလူမျိုးထဲမှ ယဇ်ပုရောဟိတ်များနှင့်တရားသူကြီးများသည် ချုပ်တည်းခြိုးခြံမှုသမားများ စစ်စစ်ဖြစ်ရကြမည်။ သို့မှသာလျှင် သူတို့၏စိတ်များသည်အမှားနှင့်အမှန်ကိုပိုင်းခြားနိုင်စွမ်းရှိ၍အခြေခံအမှန်တရားကို တည်ကြည်စွာဆုပ်ကိုင်ထားလျက် တရားမျှတစွာစီရင်နိုင်စွမ်းနှင့်ကရုဏာတရားပြသနိုင်စွမ်းရှိကြလိမ့်မည်။

လူသားများသည်လုံးဝချုပ်တည်းခြိုးခြံမှုရှိသောသူများဖြစ်လျှင်။ ယင်းကိစ္စဆိုင်ရာသြဝါဒများအားလုံးကို အကောင်အထည်ဖော်၍ဝတ်ပြုကိုးကွယ်မှုဆိုင်ရာလုပ်ငန်းနှင့်တရားရေးဆိုင်ရာလုပ်ငန်းတို့၌တာဝန်ရှိပုဂ္ဂိုလ်များတို့သည် ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်ကိုမွေးလျှင်ကျွန်ုပ်တို့တိုင်းပြည်တွင်အဘယ်မျှလောက်တိုးတက်မှုရှိလိမ့်မည် နည်း။ လူကိုဖန်ဆင်းတော်မူသောဘုရားသခင်သည် လူသားတို့အတွက်အဘယ်အရာသည်အကောင်းဆုံးဖြစ်ကြောင်း သူတို့၏ဝိညာဉ်နှင့်ထာဝရကာလဆိုင်ရာအကျိုးဖြစ်ထွန်းမှုအတွက် အဘယ်အရာကအကောင်းဆုံးအထောက်အကူပြု ကြောင်းတို့ကို မသိရှိပဲနေပါမည်လော။ မိမိဖန်ဆင်းထားတော်မူသောသတ္တဝါအားလုံးတို့၏ အမြင့်မြတ်ဆုံးကောင်းကျိုး



အတွက်ဘုရားသခင်သည် လုပ်ကိုင်ဆောင်ရွက်နေတော်မူသည်။ အကယ်၍လူတို့သည်လုံးဝချုပ်တည်းခြိုးခြံမှုရှိလျှင် ယခုအခါ သေလွန်ကြသောသူတို့အနက် ဆယ်ပုံတစ်ပုံသောသူတို့သည် သေကြေပျက်စီးကြမည်မဟုတ်ပေ။ ကိုယ်ခန္ဓာနှင့်စိတ်ဆိုင်ရာရောဂါဝေဒနာများသည် ခါတိုင်းနှင့်မတူမူထူးခြားအောင်နည်းပါးသွားမည်ဖြစ်သည်။ ကုန်ကြောင်းလေကြောင်းသွားလာရေးတို့တွင်လည်း အထိအခိုက်အသေအပျောက်တို့မရှိသလောက်နည်းပါးသွားမည်ဖြစ်သည်။ လူ သည် ဘုရားသခင်၏လိုအပ်ချက်များကို လိုက်လျောကျင့်သုံးမည့်အစားသူ့စိတ်ကြိုက်ကိုသာ ပြုလုပ်နေကြသောကြောင့် ကမ္ဘာပေါ်တွင် ဤမျှလောက်ဒုစရိုက်များပေါများလျက်ရှိနေသည်။

ကျွန်ုပ်တို့ဘဝရပ်တည်ရေးအတွက် ထိန်းချုပ်ထားရန်ဘုရားသခင်သည်ကျွန်ုပ်တို့အားပညတ်ဥပဒေများကို ပေးထားတော်မူသည်။ သို့ရာတွင် ယခုမှနောဇလေက်ထက်ကကဲ့သို့ လူတို့၏စိတ်နှလုံးအကြံအစည်များတို့သည် အမြဲတစေဆိုးညစ်ခြင်းသက်သက်ဖြစ်နေသည်။ လူတို့သည် မိမိတို့၏ဆန္ဒနှင့်စိတ်နှလုံးအကြံအစည်များကို လိုက်နာကျင့်သုံးအကောင်အထည်ဖော်နေကြသည့်အတွက်သူတို့ကိုယ်တိုင်၏ပျက်စီးခြင်းသာလျှင်ရလဒ်အနေဖြင့်ရရှိကြသည်။ လူတို့သည် သူတို့အားဘုရားသခင်ပေးသနားထားတော်မူသော လူကြီးအဖြစ်၌ရပ်တည်လျက်ခံတွင်းအလို၏ကျွန်ဘဝနှင့်ကင်းလွတ်နေစေရန် အလိုရှိတော်မူသည်။

သေရည်သေရက်နှင့်ဆေးလိပ်သောက်ခြင်းကို စွဲမက်နေသောတရားသူကြီးများနှင့်အတိုင်ပင်ခံလူကြီးများကို မည်ကဲ့သို့ယုံကြည်ကိုးစားနိုင်သနည်း။ သူတို့သုံးဆောင်နေကျဖြစ်သောကိုယ်အင်္ဂါအစိတ်အပိုင်းများကို လှုံ့ဆော်ပေးသော အသုံးအဆောင်များကို မမှီဝဲရသေးသောအချိန်၌အရေးကြီးသောကိစ္စတစ်ရပ်ကို အဆုံးအဖြတ်ပေးရန် တာဝန်ကျလာသောအခါ သူတို့၏စိတ်များကို ကျန်းမာသန်စွမ်းစွာအသုံးချနိုင်စွမ်းမရှိပေ။ ပညာသားပါပါ စီရင်ချက်ချမှတ်ပေးနိုင်သောအခြေ၌သူတို့သည်ရပ်တည်မှုမရှိပေ။ ထိုအခြေအနေ၌သူတို့ချမှတ်သောစီရင်ချက်သည်မည်မျှတန်ဖိုးရှိမည်နည်း။

တာဝန်ကြီးသောရာထူးဌာနန္တရများထမ်းဆောင်ရသောပုဂ္ဂိုလ်များသည် ချုပ်တည်းခြိုးခြံမှုရှိသောသူနှင့်ရိုးဖြောင့်သောသူများ ဖြစ်ရကြမည်။ အထူးသဖြင့် တရားရေးရာဌာနလုပ်ငန်းများထမ်းဆောင်ရသောပုဂ္ဂိုလ်တို့သည် တရားမျှတသောအဆုံးအဖြတ်ကို ပေးနိုင်ရန် ဗင်းအပြင်လာဘ်ပေးလာဘ်ယူကင်း၍ အာဃာတတရားနှင့်လည်းပတ်ရစ်ခြင်းမရှိသောပုဂ္ဂိုလ်မျိုးဖြစ်ရမည်။ သို့ရာတွင် ဘုရားသခင်၏မိန့်မှာတော်မူချက်များကိုနာခံ၍ တည်ဆောက်သောတရားရေးရာဌာနမျိုးသည် ယခုကျွန်ုပ်တို့အမေရိကန်ပြည်ထောင်စုတွင်လိုက်နာကျင့်သုံးနေသောတရားရေးဌာန၊ အုပ်ချုပ်ရေးမျိုးနှင့်ကွာဟမှုများစွာရှိပါသည်တကား။ သေရည်သေရက်၊ ဆေးလိပ်၊ ယုတ်ညံ့သောအကျင့်သီလတို့ဆိုသည်မှာ လူလူချင်းအပေါ်သစ္စာဖောက်သောလုပ်ငန်းမျိုးကို ကျင့်သုံးစေသည်။

အရပ်လေးမျက်နှာ၌ရှိသောစုံစမ်းသွေးဆောင်ခြင်း။ ကျွန်ုပ်တို့လူငယ်လူရွယ်များသာမဟုတ်ပဲအသက်ကြီးရင့်သောသူများ ရင်ဆိုင်ရန်စုံစမ်းသွေးဆောင်ခြင်းများသည် အရပ်လေးမျက်နှာတွင်ရှိနေသည်။ သတိမထားသောခြေထောက်များအား ထောင်ချောက်တွင်းသို့စုံပစ်ဝင်စေခြင်းငှါအမေရိကန်ပြည်နှင့်ဥရောပတိုက်အားဆွဲဆောင်မှုရှိစေရန်ပြပွဲများနှင့်တေးဂီတမျိုးစုံမှုဖြင့်ဖျော်ဖြေပေးလျက်ရှိကြသည်။ သေရည်သေရက်ဆိုင်ထဲသို့လူငယ်လူရွယ်များကို သွေးဆောင်ခေါ်သွင်းရန် မပြုလုပ်သောအရာဟူ၍မရှိတော့ပြီ။ ကျွန်ုပ်တို့၏လူငယ်လူရွယ်များအား ကယ်ဆယ်ရေးအတွက်ဘာ ပြုလုပ်ကြရမည်နည်း။ ခရစ်တော်သည်တိုင်းထွာ၍မရလောက်အောင်ကြီးမားသောနစ်နာခြင်းကိုခံတော်မူခဲ့ပြီ။ ကျွန်ုပ်တို့

သည်    ကိုယ်တော်ရှင်၏ဆင်းရဲမှုအားဖြင့်ကြွယ်ဝခြင်းသို့ရောက်၍ဘုရားသခင်၏ဘဝအသက်တာမျိုးကိုရရှိစေအံ့သောငှါ ကိုယ်တော်ရှင်သည် ဆင်းရဲသောဘဝကို ခံယူတော်မူသည်။  ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်ပျက်စီးခြင်းသို့ရောက်ကြတော့မည့်လူများကို ကယ်ဆယ်ရေးအတွက် ကျွန်ုပ်တို့အနေဖြင့် အနစ်နာခံသင့်သည်မဟုတ်ပါလော။  ယခုအခါကျွန်ုပ်တို့၏လူငယ်လူရွယ်များကို ကယ်ဆယ်ရန်ချုပ်တည်းခြိုးခြံမှုရေးရာအတွက် ကျွန်ုပ်တို့ဘာပြုလုပ်လျက်ရှိကြသနည်း။  ဘုရားသခင်နှင့်လက်တွဲ၍အလုပ်လုပ်သောပုဂ္ဂိုလ်အနေဖြင့် အဘယ်သူသည်ခရစ်တော်ဘက်မှာရပ်တည်နေသနည်း။

မိဘတို့၊ သင်တို့၏သားသမီးများအားအောင်မြင်သူများဖြစ်လာစေရန် သင်ကြားပေးပါရဲ့လား။  ကျွန်ုပ်တို့အမေရိကန်ပြည်ကို လွှမ်းရန်ခြိမ်းခြောက်နေသောဆိုးသွမ်းမှုဒီရေကိုဟန့်တားထားရန်ကြိုးပမ်းကြပါ၏လား။  မိခင်တို့ သင်တို့သည် ပညာပေးပုဂ္ဂိုလ်များအနေဖြင့်သင်တို့အလုပ်လုပ်ကိုင်ရာမှာကျေပွန်ပါ၏လား။ သင်တို့၏သားသမီးများက ငယ်စဉ်တောင်ကျေးအကလေးဘဝမှပင်ကိုယ့်ကိုယ်ကိုယ်ချုပ်တည်းခြင်းနှင့်ချုပ်တည်းခြိုးခြံမှုဆိုင်ရာအကျင့်ဓလေ့များကို သင်ကြားပေးကြပါ၏လား။  တပ်မက်ခြင်းက သူတို့အားသံကြိုးများဖြင့်ချည်နှောင်ထားပြီးသည့်အချိန်တိုင်အောင် မ



စောင့်ဆိုင်းပဲ ယခုပင် သူတို့အားဘုရားသခင်ထံပို့ဆောင်ကြပါ။  ယေရှုရှင်သည်သူတို့ကိုချစ်ကြောင်း၊ သူတို့သည်ဘုရားသခင်အတွက်အမှုတော်ထမ်းဆောင်ရမည့်တာဝန်ရှိကြောင်းများကို သင်ကြားပေးပါ။  သူတို့ငယ်ရွယ်ချိန်တွင်သူတို့အားခရစ်တော်ကဦးဆောင်မှုပေးတော်မူစေရန် သူတို့၏လက်များကို ကိုယ်တော်ရှင်၏လက်များထဲသို့ထည့်ပါ။ မိခင်တို့၏တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရန် နိုးနိုးကြားကြားရှိကြပါလော့။  တစ်နေ့သောအခါသားသမီးများအတွက်စာရင်းရှင်းပြရမည့်အနေဖြင့် သူတို့အတွက်လုပ်ကိုင်ဆောင်ရွက်ပါ။  သားသမီးများနှင့်လူငယ်လူရွယ်တို့သည်ပျက်စီးရာလမ်းကြောင်းထဲသို့ မျောပါမသွားစေရန် ဆိုးသွမ်းမှုဒီရေကိုဟန့်တားဖို့ ကျွန်ုပ်တို့သည် တစ်ခုခုပြုလုပ်ကြရပေမည်။ ကျွန်ုပ်တို့သည် အောင်မြင်သောသူများဖြစ်၍ ကျွန်ုပ်တို့၏သားသမီးများကိုလည်းအောင်မြင်သောသူများဖြစ်လာကြစေရန် သူတို့အားသင်ကြားပေးရကြမည်။

ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အောင်မြင်တော်မူ၏။  စုံစမ်းသွေးဆောင်ခြင်းခံရသောတောထဲတွင် ခရစ်တော်သည်အာဒံလဲကျသောနေရာတွင် အောင်မြင်စွာကျော်ဖြတ်သွားတော်မူခဲ့သည်။  ပျက်စီးခြင်းအစပြုသောနေရာတွင် ကိုယ်တော်သည် လုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့သည်။  ခံတွင်းအလိုလိုက်စားမှုကိစ္စတွင် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အတွက်မာရ်နတ်၏အာနိသင်ကိုအောင်မြင်တော်မူခဲ့သည်။  စာတန်သည်ရှုံးသူအနေဖြင့် စစ်မြေပြင်မှဆုတ်ခွါခဲ့ရသည်။ ကိုယ်တော်ရှင်ဘက်မှဝင်ရောက်၍တိုက်ပွဲကိုဆင်နွှဲရန်လူတိုင်း၏တာဝန်ဖြစ်သည်။  အဘယ်ကြောင့်ဆိုသော် လူသည်ခရစ်တော်ကိုယုံကြည်ကိုးစားလျှင်အောင်မြင်သောသူ မဖြစ်ပဲနေရန်အကြောင်းမရှိပေ။  "ငါသည်အောင်မြင်၍ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သောသူသည်ငါ၏ပလ္လင်ပေါ်မှာငါနှင့်အတူထိုင်နေရသောအခွင့်ကိုပါပေးမည်။"

ခရစ်တော်၏ကုသိုလ်တော်အားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်စင်ကြယ်ခြင်းနှင့်ရွေးနုတ်ခြင်းခံရ၍ ခရစ်တော်၏ပလ္လင်တော်ပေါ်တွင် ကိုယ်တော်နှင့်အတူထိုင်ရသောအခွင့်ကိုရရှိကြလိမ့်မည်။  ဤထက်ကြီးမြတ်သောဂုဏ်ပြုခံရခြင်းမျိုးရှိသေးပါ၏လော။  ကျွန်ုပ်တို့အနေဖြင့် ဤထက်ကြီးမြတ်သောဂုဏ်ပြုခံရခြင်းမျိုးကို မျှော်လင့်နိုင်သေးသလော။  ကျွန်ုပ်တို့သည်အောင်မြင်သောသူများဖြစ်လျှင် ခရစ်တော်က ကြေငြာထားတော်မူသည်မှာ "ထိုသူ၏နာမကိုအသက်စာစောင်မှငါသည်အလျှင်းမချေ။  ငါ့ခမည့်တော်ရှေ့၌လည်းကောင်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌လည်းကောင်း သူ၏နာမကိုငါဝန်ခံမည်။" **ST, June 22, 29 and July 6, 1891.**

# ၃    ဩစကြေးလျပြည်၊ ဆစ်ဒ်နီမြို့၌ ၁၈၉၃

"နောဧလက်ထက်၌ဖြစ်သကဲ့သို့  လူသားလက်ထက်၌ဖြစ်လိမ့်မည်။    နောဧသည်သင်္ဘောထဲသို့ဝင်၍ရေလွှမ်းမိုးခြင်းဖြစ်သဖြင့်လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည့်နေ့တိုင်အောင်  လူများတို့သည်စားသောက်လျက်၊  ထိမ်းမြားစုံဖက်လျက်နေကြ၏။   ထိုနည်းတူလောတလက်ထက်၌လူများတို့သည် စားသောက်ရောင်းဝယ်လျက်၊ စိုက်ပျိုးလျက်၊ အိမ်ဆောက်လျက်နေသကဲ့သို့လည်းကောင်း၊ လောတသည်သောဒုံမြို့မှထွက်သောနေ့၌ ကောင်းကင် မှကန့်နှင့်ရောသောမီးမိုးရွာ၍   ထိုလူအပေါင်းတို့ကို   သုတ်သင်ပယ်ရှင်းသကဲ့သို့လည်းကောင်း   လူသားပေါ်ထွန်းသော

နေ့၌ဖြစ်လိမ့်မည်။" လု၊ ၁၇း၂၆-၃၀။ ယခုအခါတွင်ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်း သည်ကမ္ဘာ အရပ်ရပ် တွင်ထိုး ဖောက်ဝင်ရောက်လျက်ရှိကြောင်းကျွန်ုပ်တို့သိရှိပါသည်။ ကိုယ်ခန္ဓာကျန်းမာဝဖြိုး၍ စားသောက်ခြင်း သည်အပြစ်ဒုစရိုက်မဟုတ်ပါ။ ယင်းကဲ့သို့ စားသောက်ခြင်းသည်လည်း ကျွန်ုပ်တို့၏ဝိညာဉ်ရေး အခြေအနေကောင်းမွန်ရန်လည်းဖြစ်သည်။ သို့ရာတွင် ယင်းကဲ့သို့ စားသောက်ခြင်းကိစ္စကိုဆောင်ရွက်ရာတွင် ထာဝရကာလ၌ရပ်တည်ရေး အတွက်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း မပြုပဲယင်းကိစ္စတစ်ခုတည်း ကိုသာအား စိုက်ခွန်စိုက်အလွန်အကြူးလုပ်ကိုင်နေလျှင် ယင်းအချိန်အခါမျိုးတွင် အပြစ်ဒုစရိုက်ဝင်လာတတ်သည်။ ယင်းဒုစရိုက်မျိုး ကျူးလွန်နေသည်ကို အရပ်လေးမျက်နှာတွင် ကျွန်ုပ်တို့တွေ့မြင်နေရသည်။ ကျွန်ုပ်တို့ကိုယ်တိုင်အတွက် စတင်လေ့လာရန်အချိန်တန်ပြီမဟုတ်ပါလော။ ကျွန်ုပ်တို့ကယ်တင်ရန်၊ သို့မဟုတ် လက်လွတ်ဖြစ်သွားရန် ဝိညာဉ်များရှိနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ရှေးဦးမိဘများကို ဖန်ဆင်း၍ ပါရဒိသုဘုံ၌ ထားရှိတော်မူခဲ့သည်။ တစ်ခုတည်းသောပညတ်ချက်ကို ထားရှိတော်မူသည်။ "ဥယျာဉ်အလယ်၌ရှိသောအပင်၏အသီး ကိုကားသင်တို့သည်မကိုင်မစား ပဲနေကြလော့။ သို့မဟုတ်သေမည်။" ယင်းစည်းကမ်းချက်ကိုသူတို့မလိုက်နာလျှင်သူတို့ သည် အသက်ဆုံးရှုံးမှုနှင့်ရင်ဆိုင်ကြရမည်။



စာတန်ကိုမြွေကကိုယ်စားပြုထားသည်။ စုံစမ်းသွေးဆောင်သောသူသည် အဘက်ဘက်တွင်ရှိ၍ ဘုရားသခင်ကမပြုရ၊ မလုပ်ရဟု မိန့်တော်မူသောအခါဘာဖြစ်သနည်း။ အများအားဖြင့် လူတို့သည် သတိပေးသောအသံကိုနာခံရမည့်အစား စုံစမ်းသောသူကို နားထောင်ကြသည်။ စာတန်ကပြထားသောဆွဲဆောင်မှုများရှိသည့်နေရာတွင် သူတို့၌ဒုက္ခဆင်းရဲခြင်းကိုသာလျှင် ရင်ဆိုင်ကြရသည်။ အာဒံနှင့်ဧဝတို့သည် လိုသမျှသောအရာတို့ကို ပေးထားတော်မူသော်လည်း သူတို့သည် စုံစမ်းသူ၏စကားကိုနားထောင်၍ ဘုရားသခင်၏စကားတော်ကို နားမထောင်ပဲနေခဲ့ကြသည်။

ဘုရားသခင်သည် ကြွဆင်းလာတော်မူ၍ အာဒံကိုမေးမြန်းတော်မူသောအခါ သူသည်ဧဝအပေါ်အပြစ်အားလုံးကိုဖို့လေသည်။ ဘုရားသခင်က "သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်းငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည်သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည်သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်။" ဟုမိန့်တော်မူသည်။ သင့်အနေဖြင့် ခွင့်မပြုလျှင် ရန်သူသည် သင့်အားအဘယ်အရာကိုမျှမပြုနိုင်။ သို့ရာတွင် ဤနေရာတွင် မြွေအားရန်ငြိုးကိုဖွဲ့တော်မူလိုက်သည်။ ဆိုးသွမ်းသောလူတို့နှင့်ကောင်းကင်တမန်များ စပ်ကြားရန်ငြိုးဖွဲ့ထားခြင်းမရှိပေ။ သို့ရာတွင် ကိုယ်တော်ရှင်အား ဝတ်ပြုကိုးကွယ်သောသူတို့နှင့်မှောင်မိုက်သားတို့စပ်ကြား ရန်ငြိုးဖွဲ့ထားတော်မူသည်။

အရေးအကြီးဆုံးပြဿနာတစ်ရပ်။ ချုပ်တည်းခြိုးခြံမှုဆိုင်ရာကိစ္စသည် ကျွန်ုပ်တို့အသီးသီးအတွက် အရေးအကြီးဆုံးပြဿနာတစ်ရပ်ဖြစ်သည်။ ၎င်းသည် များစွာအကျိုးသက်ရောက်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်သည်အကြိမ်ပေါင်းနှစ်ဆယ့်တစ်ကြိမ်ဆက်တိုက်ဟောပြောခဲ့ပါသည်။ ယင်းကိစ္စကိုလမ်းသွားယင်းဟန်လွှဲသဘောမျိုးဖြင့်တင်ပြခဲ့ပါသည်။ ဤနေရာတွင် သဘောတရားအနည်းငယ်ကိုတင်ပြရပါမည်။ ဤပထမဆုံးဧဝံဂေလိတရားဟောချက်ကို ဧဒင်ဥယျာဉ်တွင်ဘုရားသခင်ကိုယ်တော်တိုင် ဟောကြားတော်မူသောအခါ မှောင်မည်း၍ နိမိတ်မကောင်းသောအနာဂတ်ကာလကို လင်းရောင်ခြည်ပေးရန်အတွက် မျှော်လင့်ခြင်းကြယ်တံခွန်ဖြစ်ခဲ့သည်။ ဧဒင်အရပ်၌နေထိုင်ခဲ့ကြသောဇနီးမောင်နှံတို့အတွက် မျှော်လင့်ခြင်းကင်းမဲ့သောအခြေအနေ၌မရပ်တည်နေစေသင့်ပါ။

ခရစ်တော်သည်ကျွန်ုပ်တို့၏ကမ္ဘာသို့ဗက်လင်မြို့၌ဖွားမြင်ခြင်းခံတော်မူသောသူငယ်တော်အနေဖြင့် ကြွလာတော်မူသောအခါ ကောင်းကင်တမန်များက "ကောင်းကင်ဘဝဂ်ဝယ်ဘုရားသခင်သည် ဘုန်းကြီးစေတော်မူသတည်း၊ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း" ဟု သီချင်းဆိုခဲ့ကြသည်။ "ကောင်းကင်တမန်ကလည်း ကြောက်ရွံ့ခြင်းမရှိကြနှင့်၊ လူအပေါင်းတို့သည်အလွန်ဝမ်းမြောက်ဝမ်းသာစရာသတင်းကို ငါသည် သင်တို့အားကြားပြောရ၏။ ယနေ့တွင် ဒါဝိဒ်မြို့၌သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဖို့အလိုငှါ ဖွားမြင်ခြင်းကို ခံတော်မူပြီ။"

စာတန်က သူသည်ဘုရားတရားရိုသေကိုင်းရှိုင်းကြောင်းအဆိုပြု၍စာတန်နှင့်သူ့နောက်လိုက်နောက်ပါတပည့်လက်သားအပေါင်းတို့ကကောင်းကင်မှအစီအစဉ်ကို ခရစ်တော်သည်အကောင်အထည်မဖော်စေရန်အတိုက်အခံလုပ်ဖို့သန္နိဋ္ဌာန်ချထားကြပြီးဖြစ်သည်။ ခရစ်တော်သည်နှစ်ခြင်းမင်္ဂလာခံယူတော်မူပြီးသည့်နောက် ယော်ဒန်မြစ်ကမ်းနဖူးပေါ်တွင် ဒူးထောက်ဦးညွှတ်တော်မူသည်။ ကိုယ်တော်နှုတ်တော်မှထွက်ပေါ်လာသောပဌနာမျိုးကို ကောင်းကင်တွင်ရှေးက

တစ်ခါမျှမကြားဖူးသေးသောပတ္ထနာမျိုးဖြစ်သည်။ ခရစ်တော်သည်လူ့ဇာတိကိုယူဆောင်တော်မူသည်။ ဘုရားသခင်၏တန်ခိုးတော်သည် ကြည်လင်တောက်ပသည့်ရွှေရောင်ရှိသောချိုးငှက်ပုံသဏ္ဍာန်ဖြင့်ခရစ်တော်အပေါ်တွင် ဆင်းသက်တော်မူ၍ အနန္တတန်ခိုးတော်ရောင်ခြည်တွင်းမှ "ဤသူကားငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း" ဟူသောအသံတော်ကို ကြားရလေသည်။ လူသားတို့အား ခရစ်တော်၏လူ့လက်မောင်းဖြင့် ကာရံထား၍ကိုယ်တော်ရှင်၏ဘုရားလက်မောင်းတော်ဖြင့် အနန္တတန်ခိုးရှင်၏ပလ္လင်တော်ကို ကိုင်စွဲထားတော်မူသည်။ ခရစ်တော်၏ပတ္ထနာသည်မှောင်တိုက်ကြီးကို ဖြတ်ကျော်၍ ဘုရားသခင်ကိန်းဝပ်တော်မူရာအရပ်သို့ထိုးဖောက်ဝင်ရောက်သွားလေသည်။ ကျွန်ုပ်တို့အတွက်ဆိုလျှင် ဤအဖြစ်သနစ်ကကောင်းကင်သည် ကျွန်ုပ်တို့ရှေ့တွင် ပွင့်နေသည်ဟူသောအဓိပ္ပါယ်ထွက်ပေါ်လာသည်။ တံခါးများတို့သည် ပွင့်ဟနေကြောင်း၊ ဘုရားသခင်၏သားတော်ကိုလည်းကောင်း၊ ကိုယ်တော်၏နာမတော်ကို ယုံကြည်သောသူတို့အားလည်းကောင်း ကိုယ်တော်ရှင်၏ဘုန်းတော်ကို ပေးသနားတော်မူကြောင်းအဓိပ္ပါယ်ဆောင်ပါသည်။ ကျွန်ုပ်တို့၏အာမခံ၊ ကျွန်ုပ်တို့အတွက် ကိုယ်စားပြုပုဂ္ဂိုလ်နှင့် အနန္တဘုရားသခင်၏သားတော်၏ပတ္ထနာတော်ကို ကောင်းကင်မှနားညောင်းသကဲ့သို့ ကျွန်ုပ်တို့၏ပတ္ထနာများကို နားညောင်းတော်မူလိမ့်မည်။



အကြီးဆုံးသောစုံစမ်းခြင်းသုံးခုအားဖြင့် ခရစ်တော်၏စုံစမ်းခံရတော်မူခြင်း။ ခရစ်တော်သည်မာရ်နတ်၏စုံစမ်းခြင်းကိုခံရန် ဘုရားသခင်၏ဝိညာဉ်တော်ပါလျက် တောထဲသို့ဝင်သွားတော်မူသည်။ ရန်သူသည်ဘုရားသခင်၏သားတော်ကိုစုံစမ်းရမည်။ လူသားတို့ရင်ဆိုင်ရသည့်အကြီးဆုံးသောစုံစမ်းခြင်းသုံးမျိုးအားဖြင့် စုံစမ်းခံရတော်မူသည်။

"ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက် ယော်ဒန်မြစ်နားမှပြန်စဉ်တွင် ဝိညာဉ်တော်သည်တောသို့ပို့ဆောင်တော်မူ၏။ အရက်လေးဆယ်ပတ်လုံး မာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ ထိုကာလပတ်လုံးအစာအာဟာရကိုသုံးဆောင်တော်မမူ။ ထိုကာလလွန်ပြီးမှမွတ်သိပ်တော်မူ၏။ မာရ်နတ်ကလည်း၊ ကိုယ်တော်သည်ဘုရားသခင်၏သားတော်မှန်လျှင်ဤကျောက်ခဲကိုမုန့်ဖြစ်စေခြင်းငှါအမိန့်ရှိတော်မူပါဟုလျှောက်လေ၏။ ယေရှုကလည်း၊ လူသည်မုန့်အားဖြင့်သာအသက်မွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။" ဤနေရာတွင်အနန္တတန်ခိုးတော်ရှင်ဘုရားသခင်၏သားတော်ကိန်းဝပ်နေတော်မူ၍ စာတန်သည်အလင်းရောင်ဆောင်သောကောင်းကင်တမန်အနေဖြင့် ကိုယ်တော်ရှင်အထံတော်သို့ ချဉ်းကပ်လေသည်။ ဤနေရာ၌ပင်စာတန်သည် ကိုယ်တော်ရှင်အားခံတွင်းအလိုလိုက်စားမှုဆိုင်ရာစုံစမ်းသွေးဆောင်ခြင်းဖြင့်စုံစမ်းလေသည်။ ခရစ်တော်သည်မွတ်သိပ်တော်မူ၍ အဘယ်ကြောင့်ယင်းနိမိတ်လက္ခဏာကိုပြတော်မမူသနည်း။ ယင်းနိမိတ်လက္ခဏာကိုပြသရန် ဘုရားသခင်၏စီမံကိန်းတော်တွင် အကျုံးမဝင်ပေ။ အဘယ်ကြောင့်ဆိုသော်ခရစ်တော်သည် သူ့အလိုအလျောက်အဘယ်နိမိတ်လက္ခဏာကိုမျှပြတော်မူခြင်းမရှိရပေ။ ကိုယ်တော်ရှင်သည်အဘယ်အခြေအနေ၌ရပ်တည်နေတော်မူသနည်း။ ကိုယ်တော်ရှင်သည်အာဒံလဲသောနေရာကိုဖြတ်ကျော်နေတော်မူသည်။ အာဒံအနေဖြင့်သူလိုအပ်သောအရာအားလုံးကို ရရှိလေသည်။ သို့ရာတွင်ခံပြင်းသောမွတ်သိပ်ခြင်းကို ခရစ်တော်သည်ခံစားနေတော်မူသည်။ ကိုယ်တော်ရှင်သည်အစားအစာကိုလိုအပ်နေတော်မူသည်။ မာရ်နတ်သည် ကိုယ်တော်ကိုအစာအားဖြင့် စုံစမ်းရာတွင် အရှုံးကိုရင်ဆိုင်ရလေသည်။

"တစ်ဖန်မာရ်နတ်သည်ယေရှုကို ယေရုရှလင်မြို့သို့ဆောင်သွား၍ဗိမာန်တော်၏အထွက်၌တင်ထားပြီးလျှင် ကျမ်းစာလာသည်ကား၊ သင့်ကိုစောင့်ရှောက်စေခြင်းငှါကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်ဖြစ်၍ သင့်၏ခြေကိုကျောက်နှင့်မထိမခိုက်စေခြင်းငှါ သူတို့သည်သင့်ကိုလက်နှင့်မစချီပင့်ကြလိမ့်မည်။" စာတန်သည် ဤကျမ်းချက်ကိုရွတ်ဆိုပြသောအခါ ကျမ်းချက်၏တစ်ပိုင်းတစ်စဖြစ်သော "သွားလေရာရာ၌" ဆိုသောစကားပုဒ်များကို ဘာကြောင့်ချန်လှပ်ထားခဲ့သနည်း။ ခရစ်တော်သည်ဘုရားသခင်၏ချမှတ်ပေးထားတော်မူသော လမ်းထဲ၌ လျှောက်လိုက်နေစဉ်တွင် သူသည် အဘယ်အန္တရာယ်ကိုမျှ ရင်ဆိုင်ရမည်မဟုတ်ပေ။ စာတန်နှင့်ပတ်သက်၍ယေရှုရှင်ကမိန့်တော်မူသည်မှာ၊ "ဤလောကကိုအစိုးရသောမင်းသည် ငါ၌အဘယ်အခွင့်အရာကိုမျှ မတွေ့ရ။" ဤစုံစမ်းသွေးဆောင်ခြင်းကိုစာတန်အနေဖြင့် စွန့်စား၍ပြုလုပ်သောလုပ်ငန်းတစ်ခုဖြစ်သည်။ စာတန်ကယေရှုရှင်အား စုံစမ်းရာတွင်ကိုယ်တော်သည်ဘုရားသခင်သားတော် "မှန်လျှင်" ဆိုသောအသုံးအနှုန်းကို အသုံးပြုထားသည်။ အကယ်၍စာတန်၏ခိုင်းစေချက်အတိုင်း ခရစ်တော်သည်ဆောင်ရွက်ခြင်းရှိခဲ့ပါကဘာကိုရရှိလိမ့်မည်နည်း။ ဘာကိုမျှရရှိမည်မဟုတ်ပါ။ ခရစ်တော်က "ကျမ်းစာ

လာသည်ကား” ဆိုသောအဖြေနှင့်စာတန်ကိုရင်ဆိုင်တော်မူခဲ့သည်။ စာတန်သည် သူ့အနေဖြင့် ဘာမျှမလုပ်နိုင်သည်ကို တွေ့ရှိရလေသည်။

ယခုမှာစာတန်သည်ယေရှုရှင်အားအခြားသောအချက်တစ်ချက်တွင်စုံစမ်းလေသည်။ လှပစွာတန်ဆာဆင်ထားသောကမ္ဘာကြီးတစ်ခုလုံးကိုကိုယ်တော်ရှေ့မှောက်တွင် ခင်းကျင်းပြသထား၍ သူ့ကိုဦးညွှတ်ကိုးကွယ်ရန် ခရစ်တော်ကိုစေခိုင်းလေသည်။ စာတန်သည် လူသားတို့အပေါ်တွင် အာဏာရှိလေသည်။“တစ်ဖန် မာရ်နတ်သည် ယေရှုကို မြင့်လှသောတောင်ပေါ်သို့ဆောင်သွား၍ ဤလောက၌ရှိသမျှသောတိုင်းနိုင်ငံတို့ကို တစ်ခဏချင်းတွင်ပြညွှန်၍ ဤဘုန်းတန်ခိုးအာနုဘော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ။ ငါသည်ပေးလိုသောသူအားပေးရသည်ဖြစ်၍ ကိုယ်တော်အားပေးပါမည်။ ငါ့ကိုကိုးကွယ်လျှင် ဤအလုံးစုံတို့သည် ကိုယ်တော်၏ဥစ္စာဖြစ်လိမ့်မည်ဟုလျှောက်လေ၏။ ဘုရားဇာတိတော်သည် လူဇာတိ၌ပေါ်လာလေသည်။ ခရစ်တော်က “အချင်းစာတန်၊ ထာဝရဘုရားကိုကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည် ကျမ်းစာလာသည်ဟုပြန်ပြောတော်မူ၏။”



စာတန်သည်စစ်ရှုံးသူအနေဖြင့် စစ်မျက်နှာပြင်မှဆုတ်ခွါသွားလေပြီ။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် စစ်မြေပြင်ပေါ်တွင်အောင်မြင်သောသူအနေဖြင့် ဖြတ်ကျော်တော်မူသည်။ ခရစ်တော်ကဲ့သို့ ကျွန်ုပ်တို့သည်လည်း အောင်မြင်မှုကိုရရှိနိုင်ကြသည်။ ကိုယ်တော်ရှင်သည်စစ်မြေပြင်တွင်အားအင်လျော့လျက်ရှိသည်။ ကိုယ်တော်၏ဦးခေါင်းနားနေရန်အတွက် မည်သူ၏ရင်ခွင်မျှမရှိ။ ကိုယ်တော်၏နဖူးတော်ကိုစမ်းသပ်ရန်မည်သူ၏လက်မျှမရှိပေ။ ကောင်းကင်တမန်တို့သည်လာကြ၍ကိုယ်တော်ကို ခယလုပ်ကျွေးကြသည်။ ယင်းကဲ့သို့သောကူညီမစမှုမျိုးကို ကျွန်ုပ်တို့သည် တောင်းဆိုနိုင်ကြသည်။ လူသားတို့သည် မိမိတို့ခွန်အားအားဖြင့် အောင်မြင်မှုရရှိရန် ခဲယဉ်းကြောင်းကို ခရစ်တော်သည်တွေ့မြင်တော်မူသည်။ လူသားတို့သည် ကျင့်ဝတ္တရားနှင့်ဆိုင်သောစွမ်းရည်ကို ရရှိနိုင်စေရန်ကိုယ်တော်ရှင်သည် ဤလောကသို့ ကြွလာတော်မူသည်။ ဤသည်သာလျှင်ကျွန်ုပ်တို့၏တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်သည်။

ခရစ်တော်အားဖြင့်အောင်မြင်ခြင်း။ ခံတွင်းအလိုကိုအောင်မြင်နိုင်နင်းရန်အရေးကြီးကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ခရစ်တော်သည်အောင်မြင်တော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်အောင်မြင်တော်မူသကဲ့သို့ အောင်မြင်နိုင်နင်းကြသည်။ ကိုယ်တော်ရှင်သည် စစ်မြေပြင်ကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သောကြောင့် လူ့အတွက်အောင်မြင်ခြင်း ကို ထားရှိတော်မူသည်။ ကိုယ်တော်ရှင်သည် လူသားတို့အတွက် ဘာကိုဆောင်ရွက်တော်မူခဲ့သနည်း။ ကျင့်ဝတ်ဆိုင်ရာတန်ဖိုး၏ချိန်ခွင်တွင်ကိုယ်တော်ရှင်သည် လူတို့အားမြင့်တင်ထားတော်မူသည်။ ကျွန်ုပ်တို့၏ပြည့်စုံကုံလုံတော်မူသောအရှင်အားဖြင့် ကျွန်ုပ်တို့သည်အောင်မြင်သောသူများဖြစ်လာနိုင်ကြသည်။ မျှော်လင့်ခြင်းလုံးဝကင်းမဲ့သောသူတို့သည် ခရစ်တော်၌မျှော်လင့်ခြင်းရှိသည်။ “အဲသယောပိလူသည် မိမိအရေ၏အဆင်းကိုလည်းကောင်း၊ ကျားသစ်သည်မိမိအကွက်အကျားတို့ကိုလည်းကောင်း ပြောင်းလဲနိုင်သလော။ ပြောင်းလဲနိုင်လျှင် ဒုစရိုက်ကိုပြုလေ့ရှိသောသူတို့သည် သုစရိုက်ကိုပြုခြင်းငှါတတ်နိုင်ကြလိမ့်မည်။” “လာကြ၊ တရားစီရင်ကြကုန်အံ့၊ သင်တို့အပြစ်သည်နီသောအဆင်းရှိသော်လည်း မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်၊ ကတ္တီပါနှင့်အမျှနီသော်လည်း သိုးမွေးကဲ့သို့ဖြူလိမ့်မည်။” ဤတွင်ဘုရားသခင်၏ကြွယ်ဝသောကတိတော်များကို ပေးထားတော်မူသည်။ ခရစ်တော်သည်ဘာကြောင့် ဤလောကသို့ ကြွဆင်းလာတော်မူခဲ့သနည်း။ ခမည်းတော်ကို ကိုယ်စားပြုရန်ဖြစ်သည်။ မည်မျှကြီးမားသောမေတ္တာတော်နှင့်ကိုယ်ချင်းစာနာသောတရားဖြစ်ဘိသနည်း။ ထာဝရအသက်ပေးတော်မူရန်နှင့်နှောင်ကြိုးရှိသမျှကို ချိုးဖျက်ရန်ဖြစ်သည်။ ဘုရားသခင်သည်သားတော်ကိုစွန့်တော်မူသောအခါ ကိုယ်တော်ရှင်သည် ကောင်းကင်တစ်ခုလုံးကို စွန့်တော်မူသည်။ နောက်ထပ်စွန့်စရာလည်း မရှိတော့ပြီ။

ဝိညာဉ်တစ်ခု၏တန်ဖိုး။ “ထာဝရဘုရား၏ဝိညာဉ်တော်သည်ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှါ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့်အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှါလည်းကောင်း” ခရစ်တော်အရှင်သာလျှင် ယင်းလုပ်ငန်းမျိုးကိုလုပ်ကိုင်နိုင်သည်။ အပြစ်ဒုစရိုက်၌နစ်မွန်းနေသောဝိညာဉ်များကို ကယ်ဆယ်ရန်အတွက် ကြီးမားသောတန်ဖိုးကို ကိုယ်တော်ရှင်သည်ပေးတော်မူခဲ့သည်။ လူသာတန်ဖိုးရှိသောသတ္တဝါဖြစ်ရမည်။ ခရစ်တော်သည် သူ့ကိုချိန်တွယ်ကြည့်တော်မူသည်။ ခရစ်တော်အရှင်သည် လူ့ဇာတိကိုယူဆောင်ခြင်းကဝိညာဉ်တိုင်းကို ကိုယ်တော်ရှင်

အနေဖြင့်တန်ဖိုးထားရှိကြောင်းကို ပြသသည်။ "အဘယ်သို့နည်း၊ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်၍သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုယ်ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။ သင်တို့သည် အဖိုးအခနှင့်ဝယ်ယူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသောသင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြလော့။" ဤတန်ဖိုးကိုဘုရားသခင်သည် လူသားတို့အပေါ်၌ထားရှိတော်မူသည်။ နောက်တစ်ဖန်ကိုယ်တော်ရှင်က မိန့်တော်မူသည်မှာ၊ "လူသည်ရွှေစင်ထက်အဖိုးထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက်အဖိုးထိုက်မည်အကြောင်းငါပြုမည်။" သို့ရာတွင်ဘုရားသခင်သည် လူသားကိုယ်စားလှယ်တို့၏လက်တွဲမှုမပါပဲ ဘာမျှပြုလုပ်တော်မူမည်မဟုတ်ပေ။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကြောင့်ထုံထိုင်းခြင်း။ "အာရုန်၏သားနာဒပ်နှင့်အဘိဟုတို့သည် ကိုယ်စီဆိုင်သောလင်ဗန်းတို့ကိုယူလျက်မီးကိုတည်၍ လောဗန်ကိုတင်ပြီးလျှင် ထာဝရဘုရားမှာထားတော်မူသောမီးမဟုတ်၊ ထူးခြားသောမီးကို ရှေ့တော်၌ပူဇော်ကြ၏။ ထိုအခါထာဝရဘုရားထံတော်မှမီးထွက်၍ သူတို့ကိုလောင်သဖြင့် ရှေ့တော်၌သေကြ၏။



ထိုအခါမောရှေသည် အာရုန်ကိုခေါ်၍ ထာဝရဘုရားကငါသည်သန့်ရှင်းခြင်းရှိမည်ဟုငါ့ထံသို့ချဉ်းကပ်သောသူတို့သည်မှတ်ရမည်။ လူအပေါင်းတို့သည်ငါ့ဘုန်းကိုချီးမြှင့်ရကြမည်ဟုမိန့်တော်မူရာ၌ထိုသို့သောအမှုကိုရည်ဆောင်၍မိန့်တော်မူသည်ဟုဆိုလျှင်အာရုန်သည်တိတ်ဆိတ်စွာနေလေ၏။တစ်ဖန်အာရုန်အားထာဝရဘုရားသခင်ကသင်နှင့်သင်၏သားတို့သည်သေဘေးနှင့်ကင်းလွတ်ခြင်းငှါလည်းကောင်း၊ သန့်ရှင်းသောအရာ၊ မသန့်ရှင်းသောအရာ၊ စင်ကြယ်သောအရာ၊ မစင်ကြယ်သောအရာတို့ကိုပိုင်းခြားတတ်ခြင်းငှါလည်းကောင်း၊ ထာဝရဘုရားသည်မောရှေအားဖြင့်မှာထား သမျှသောပညတ်တို့ကို ဣသရေလအမျိုးသားတို့၌ သွန်သင်တတ်ခြင်းငှါလည်းကောင်း ပရိသတ်စည်းဝေးရာတဲတော်သို့ဝင်သောအခါ စပျစ်ရည်အစရှိသောယစ်မျိုးကိုမသောက်နှင့်။ သင်တို့အမျိုးအစဉ်အဆက်စောင့်ရသောပညတ်ဖြစ်သတည်း" ဟုမိန့်တော်မူသည်။

ချုပ်တည်းခြိုးခြံမှုကင်းမဲ့ခြင်းကြောင့်နာဒပ်နှင့်အဘိဟုတို့၏စိတ်နှလုံးများသည် ထုံထိုင်းနေသောကြောင့် ဘုရားသခင်ကသူတို့အသုံးပြုရမည့်မီးနှင့်စပ်ဆိုင်သော အမိန့်တော်ကိုလိုက်နာ၍သုံးသင့်သောမီးကိုမသုံးပဲသာမန်မီးကို အသုံးပြုကြသောအခါ သူတို့သည်သေခြင်းနှင့်ရင်ဆိုင်ကြရတော့သည်။ အကယ်၍သူတို့သည် သေရည်သေရက်ကိုမသောက်ပဲနေခဲ့ပါကသူတို့သည် သန့်ရှင်းသောမီးနှင့်သာမန်မီးတို့ကို ခွဲခြားသိမြင်နိုင်ခဲ့ပေမည်။ သေရည်သေရက်ကိုသောက်မိသောကြောင့် သူတို့သည်ဘုရားသခင်၏လိုအပ်ချက်နှင့်လုံးဝဆန့်ကျင်သောအလုပ်ကိုလုပ်ခဲ့ကြသည်။ ပျက်စီးဆုံးရှုံးခဲ့ရသည်။

မတော်တဆထိခိုက်မှု၏အကြောင်းရင်း။ ကုန်းလမ်း ရေလမ်းထိခိုက်မှုများတို့သည်ဘာကြောင့်ဖြစ်ပျက်ကြရသနည်း။ များသောအားဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးသည် သေရည်သေရက်သောက်စားထားခြင်းအားဖြင့် အလုပ်ခွင်တွင် သူ့ဦးနှောက်သည်ထုံထိုင်းရှုပ်ထွေးနေသည်။ သူ့အပေါ်တွင် ကြီးလေးသောတာဝန်ရှိနေသည်ကို သူသည်မသိရှိပေ။ တစ်ဦးတစ်ယောက်သေရည်သေရက်သောက်စားမူးယစ်သောကြောင့်ထောင်သောင်းမကသောသူတို့၏အသက်များဆုံးရှုံးရသည်။ ထိုကြောင့်မိမိအိမ်နီးပါးချင်း၏ပါးစပ်တွင်အရက်ခွက်ကို တပ်ပေးသောသူအားအသက်ဆုံးရှုံးရသောသူတို့အတွက် တာဝန်ခံရမည်ဖြစ်သည်။

ရှေးခေတ်ကဆိုးသွမ်းသောတိရစ္ဆာန်မွေးမြူသောသူသည် ယင်းသူပိုင်တိရစ္ဆာန်က လူတစ်ဦးဦးအားအနာတရဖြစ်အောင်ပြုလုပ်မိပါလျှင်ပိုင်ရှင်ကလျော်ကြေးများပေးရပါသည်။ ထွက်၊ ၂၁း၂၈၊ ၂၉။ ကဖော်ပြထားသည်မှာ၊ "နွားသည်လူယောက်ျားမိန်းမကိုဝှေ့၍လူသေလျှင်၊ စင်စစ်ထိုနွားကို ကျောက်ခဲနှင့်ပစ်၍သတ်ရမည်။ အသားကိုလည်းမစားရ။ နွားရှင်ကိုကားအပြစ်လွှတ်ရမည်။ ဝင်းနွားသည် အထက်ကဝှေ့ဖူး၍ဝှေ့ကြောင်းကိုနွားရှင်သိလျက် မချည်မနှောင်အလွတ်ထား၍၊ နွားသည်ယောက်ျားမိန်းမကိုသတ်မိလျှင် ထိုနွားကိုကျောက်ခဲနှင့်ပစ်သတ်ရမည်။ နွားရှင်ကိုလည်းအသေသတ်ရမည်။ သို့မဟုတ်ငွေလျော်စေ။"

ဤမူအတိုင်းကျွန်ုပ်တို့ကသေစေတတ်သည့်အဆိပ်ရည်တည်းဟူသောသေရည်သေရက်ကိုချက်သောသူတို့အားပြုစုရမည်။ ယင်းပညတ်ကိုဘုရားသခင်ပေးတော်မူသောအကြောင်းရင်းမှာ၊ ဆိုးသွမ်းသောတိရစ္ဆာန်များကိုမွေးမြူသောသူတို့အား စနစ်တကျကိုင်တွယ်ပုံကိုင်တွယ်နည်းကို ပြသရန်ဖြစ်သည်။ ခရစ်တော်သည်ကယ်တင်ရန်ကြိုးပမ်းလျက်ရှိ

သည်။ စာတန်မှုကားဖျက်ဆီးရန်အခွင့်လမ်းရှာနေသည်။ ကျိုးကြောင်းဆင်ခြင်တတ်သည့်စွမ်းရည်ရှိသော သူတို့သည် ဤအကြောင်းခြင်းရာများကို စဉ်းစားရန်တိုက်တွန်းပါသည်။ အရက်မူးသောသူသည် ကျိုးကြောင်းဆင်ခြင်တတ်သော စွမ်းရည်ပျောက်ကွယ်သွားတတ်သည်။ ထိုအချိန်တွင် စာတန်သည်သူ့အားအပိုင်စီးလျက် သူ့စိတ်သဘောကိုထိုသူ၌ သွင်းပေးသည်။ ထိုကြောင့်အရက်မူးသောသူ၏ပထမလိုအင်ဆန္ဒသည် သူ့အိမ်ထောင်သားတို့အားအနာတရဖြစ်သွား အောင် သို့မဟုတ် သတ်ဖြတ်ရန်ပြုလုပ်တတ်သည်။ လူသားတို့အား တိရစ္ဆာန်ထက်ယုတ်ညံ့သောဘဝသို့သက်ဆင်းစေ သောဆိုးသွမ်းမှုကိုဆက်လက်ကျင့်သုံးရန်လူသားတို့ကခွင့်ပြုကြသည်။ အရက်သမားသည်ဘာကိုရရှိသနည်း။ သူရှုးတို့ ၏ဦးနှောက်မျိုးမှအပ အခြားအဘယ်အရာကိုမျှမရရှိကြ။ တိုင်းပြည်၏ဥပဒေမျိုးကလည်း သူတို့၏ရှေ့မှောက်တွင်စုံစမ်း ခြင်းကို အမြဲတမ်းထားရှိပေသည်။

အရက်မူးသမား၏ဒုစရိုက်အားလုံးအတွက် သေရည်သေရက်ရောင်းချသောသူကအဖြေပေးရမည်။ အရက် သမားသည်သူ့လုပ်ရပ်များအတွက် သူစာရင်းရှင်းရမည်။ သူတို့၏ဝိညာဉ်များကိုလက်ဝါးကပ်တိုင်၌အရိုက်ခံ၍သေခြင်း မှထမြောက်သောကယ်တင်ရှင်အပေါ်တွင် တင်ထားခြင်းသာလျှင်ဖြစ်သည်။ "ဘုရားသခင်ကိုယုံကြည်သောသူအပေါင်း



တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည်မိမိ၌တစ်ပါးတည်းသောသားတော် ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။" ခရစ်တော်ကမည်ကဲ့သို့မိန့်ကြားထားတော်မူ သနည်း။ သင်တို့သည် "ဘုရားသခင်နှင့်လုပ်ဖော်ဆောင်ဖက်ဖြစ်ကြ၏။" လူသားတို့အားကျင့်ဝတ်ဆိုင်ရာသတ္တိကို ပြန်လည်အပ်နှင်းပေးရန် ခရစ်တော်သည် ဤလောကသို့ကြွဆင်းလာတော်မူခဲ့သည်။ ဤကမ္ဘာပေါ်တွင် လူသားတို့၏ တပ်မက်ခြင်းများသည် လူသားတို့ကို ဖျက်ဆီးပစ်နေသည်ကို ကျွန်ုပ်တို့တွေ့မြင်ကြရပါသည်။ ဤကမ္ဘာပေါ်တွင် ကျွန်ုပ်တို့၏လူငယ်လူရွယ်များတို့သည် စုံစမ်းသွေးဆောင်ခြင်းကို ရင်ဆိုင်နေရသည်။ အများသောသူတို့၏စိတ်နှလုံး တို့သည် အလောင်းအစားပြုလုပ်ခြင်းနှင့်မြင်းပြိုင်ပွဲတို့ဖြင့် အချိန်ကုန်နေသည်။ ကျွန်ုပ်တို့အနေဖြင့် နိုးကြားထကြွမှုရှိ ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား မစပါစေသော။

ဥပဒေပြုလွှတ်တော်များတွင် အမှုထမ်းရသောပုဂ္ဂိုလ်ကြီးများသည် သေရည်သေရက်ကိုမသောက်သင့်ကြပေ။ သူတို့တွင်ထက်မြက်၍ကြည်လင်ပြတ်သားသောဆင်ခြင်တုံတရားရှိနိုင်ရန် သူတို့အနေဖြင့် ကြည်လင်ပြတ်သားသော ဦးနှောက်များရှိထားဖို့လိုအပ်ပေသည်။ လူသားတို့ဘဝ၏ကံကြမ္မာသည်သူတို့၏လက်တွင်း၌ရှိ၍ ထိုသူတို့သည် ပြစ် ဒဏ်အနေဖြင့် သေဒဏ်ကိုရရှိမည်သို့မဟုတ်အခြားတစ်နည်းနည်းအားဖြင့် ဒဏ်ပေးခံရမည်ဆိုသည်မှာသူတို့၏စစ်ဆေး ဆုံးဖြတ်ချက်ပေါ်တွင်တည်လေသည်။ တရားရုံးများ၌အရက်သောက်ပွဲကျင်းပစဉ်ရန်ခိုက်ဒေါသဖြစ်သည့်အဖြစ်အပျက် တစ်ခုကို ကြားဖူးခဲ့ပါသည်။ တရားရေးဌာနမှပုဂ္ဂိုလ်တို့သည် ကြည်လင်သောဦးနှောက်နှင့်ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည်ဟူသော ရည်စူးချက်ရှိခဲ့ကြပါ၏လော။ သဘာဝသည် လူ၌ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ လူတို့၏ အခြေအနေကိုမြင့်တင်ပေးရန် ခရစ်တော်သည် ကြွဆင်းလာတော်မူခဲ့သည်။ "မကိုင်နှင့်၊ မမြည်းစမ်းနှင့်" ဆိုသော ဆောင်ပုဒ်သည် ကျွန်ုပ်တို့၏ဆောင်ပုဒ်ဖြစ်သင့်ပေသည်။ စားသောက်ခြင်း၌ သင်တို့သည် ချုပ်တည်းခြိုးခြံမှုရှိသင့် သည်။ သို့ရာတွင်သေရည်သေရက်ကိုကား လုံးဝမကိုင်ကြပါနှင့်။ သေရည်သေရက်သောက်စားမှုနှင့်စပ်ဆိုင်၍ ချုပ် တည်းခြိုးခြံစွာသောက်စားခြင်းဟူ၍မရှိနိုင်ပေ။ စာတန်သည် အိမ်ထောင်သားများကိုပျက်စီးခြင်းသို့ရနိုင်သမျှဆွဲဆောင် သွားလိုသည်။ ခရစ်တော်သည် လူတို့ကိုရွေးနုတ်ရန်နှင့်အခြေအနေကိုမြင့်တင်ပေးရန် ကြွဆင်းလာတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် လူ့ဇာတိကိုယူဆောင်တော်မူသည်။

ကလေးများမှအစပြုပါ။ မိဘတို့၊ ဘုရားသခင်သည်သင်တို့အားပေးထားတော်မူသောတာဝန်ကိုဆောင်ရွက် ရန်နိုးနိုးကြားကြားရှိရကြမည်။ အများသောကလေးသူငယ်တို့သည် မိခင်ဖခင်တို့ကိုရိုသေကိုင်းရှိုင်းမှုမရှိကြတော့ပေ။ သားသမီးတို့သည် မိဘများကိုရိုသေသည်နှင့်အမျှကောင်းကင်ဘုံ၌ရှိတော်မူသော အဘဘုရားသခင်ကိုရိုသေကိုင်းရှိုင်း ကြမည်။ သားသမီးများကိုသွန်သင်ပေးပါ။ သင်တို့၏ရင်ခွင်၌ရင်ခွင်ပိုက်အရွယ်မှအစပြု၍ သားသမီးတို့အားသွန်သင် ပေးပါ။ ထိုကဲ့သို့ဆောင်ရွက်သောအခါ ကောင်းကင်တမန်တို့သည် သင်တို့ပတ်လည်၌ရှိကြသည်။ မောပန်းနေသော မိခင်တို့သည် မိမိတို့၏သားသမီးများနှင့်ပတ်သက်၍ ဘာကိုလုပ်ကိုင်ရမည်ကို မသိကြသောအခါ သူတို့ကိုယေရှု၏ခြေ ရင်းတော်သို့ပို့ဆောင်ပေးရန် စိတ်ကူးမိကြသည်။ မိခင်တစ်ဦးကစတင်၍သားသမီးကိုပို့ဆောင်သောအခါ အခြားမိခင် တစ်ဦးက "ယေရှုရှင်အားကျွန်မရဲ့သားသမီးများကို ကောင်းချီးပေးစေလိုပါတယ်" ဟုအခြားမိခင်တစ်ဦးအားပြောဆိုလိမ့် မည်။ ထိုသို့မိခင်တစ်ဦးပြီးတစ်ဦးက သူတို့၏သားသမီးများကိုယေရှုခြေတော်ရင်းသို့ပို့ဆောင်သောလူအုပ်ကြီးမှာ ကြီး

မားလာလိမ့်မည်။ ယေရှုရှင်ရှိသောနေရာသို့သူတို့ချဉ်းကပ်ကြသောအခါ ယေရှုရှင်သည် သူတို့၏အသံကိုကြားရတော်မူသည်။ သူတို့သည်ဘယ်အချိန်ကစတင်ထွက်လာကြသည်ကို ကိုယ်တော်ရှင်သည်သိရှိတော်မူသည်။ ခရစ်တော်ယေရှုသည် ယင်းမိခင်များအားကိုယ်ချင်းစာတော်မူသည်။ သူတို့သည်သူတို့၏သားသမီးများကို ယေရှုရှင်ထံတော်သို့ယူဆောင်လာကြသောအခါ ကိုယ်တော်ရှင်က "ထိုသူငယ်တို့ကိုရှိစေတော့၊ ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည်ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည်" ဟု မိန့်တော်မူလိုက်သည်။ မိဘတို့၊ ကလေးများကို ကိုင်ထားးပါ။ တံခါးများသည်ဖွင့်ထားလျက်ရှိသည်။

သူတို့အသုံးပြုသောလေသံသည် သားသမီးများအားသွန်သင်ရာတွင်အသုံးပြုသောအရာဖြစ်သည်။ မိခင်တို့၏လက်ချောင်းကလေးများခံစားသောဒုက္ခကိုအဘယ်သူမျှမသိရှိကြ။ မိခင်တို့၊ ခပ်သိမ်းသောအရာကိုသိရှိတော်မူသောအရှင်ဖြစ်သည်။ ထိုအရှင်ကား၊ ကောင်းကင်ဘုံရှင်အဘဘုရားသခင်ဖြစ်သည်။ နေ့စဉ်နေ့တိုင်းသင်တို့၏တာဝန်များကို ထမ်းဆောင်သောအခါမိခင်တို့၊ "ခရစ်တော်အားဖြင့်အောင်မြင်သောသူ" ဟူသောစကားလုံးများကို သင်တို့နာမည်နှင့်တွဲ၍ ရေးသားထားသည်။ သင်တို့၏သားသမီးများတို့အားမည်သည့် အကာအရံများကို ဆောက်လုပ်ထားပေးမည်



နည်း။ အကယ်၍သားသမီးများသည် အမှားကိုပြုလုပ်မိသောအခါ ဘုရားသခင်၏အမျက်တော်ကိုအသုံးပြုပြီး မခြိမ်းခြောက်ပဲဆုတောင်းခြင်းအားဖြင့် သူတို့အားခရစ်တော်ထံသို့ပို့ဆောင်ပါ။ သင်တို့၏အိမ်ဂေဟာများကို တတ်နိုင်သမျှဆွဲဆောင်မှုရှိအောင်ပြုပြင်ထားပါ။ ကန့်လန့်ကာများကိုဆွဲဖွင့်ထား၍ ကောင်းကင်သမားတော်ကြီးဖြစ်သောနေရောင်ခြည်ကို အိမ်ထဲသို့ဝင်ပါစေ။ သင်တို့အိမ်ဂေဟာများတွင် ငြိမ်သက်ခြင်းချမ်းသာကို သင်တို့အလိုရှိကြသည်။ သင်တို့၏သားသမီးများတွင်ကောင်းသောအကျင့်စာရိတ္တများရှိစေလိုကြသည်။ သူတို့သည်အရက်ဆိုင်များသို့သွားလိုသောဆန္ဒမရှိအောင် သင်တို့၏အိမ်ဂေဟာများကို ဆွဲဆောင်မှုရှိအောင်ပြုပြင်ထားကြပါ။ သစ်ပင်များမှပန်းများနှင့်သစ်ရွက်များ ကို သားသမီးများအားပြကြပါ။ ဘုရားသခင်သည်မြက်ရွက်တိုင်းကိုဖန်ဆင်းတော်မူသောအရှင်ဖြစ်ကြောင်းကိုလည်း ကောင်း၊ ပန်းတိုင်းကိုလည်းလှပသောအရောင်ကိုပေးတော်မူသောအရှင်ဖြစ်ကြောင်းကိုလည်းကောင်း သားသမီးများအား ပြောပြပါ။ ဤကဲ့သို့ပြုပြင်ဖန်ဆင်းထားမှုက ဘုရားသခင်သည်သူတို့အားချစ်တော်မူကြောင်းပြသသည်ကိုပြောပြကြပါ။

အာဗြဟံ၏အိမ်ထောင်ကဲ့သို့။ သင်တို့၏အိမ်ထောင်များကိုအာဗြဟံ၏အိမ်ထောင်ကဲ့သို့ကဖြစ်စေလိုကြသည်။ အာဗြဟံသည်သူ့အိမ်ထောင်သူအိမ်ထောင်သားများကို သွန်သင်ဆုံးမပညတ်မှုပြုသည်။ ဘုရားသခင်၏အမိန့်တော်များကိုနာခံရန် သူတို့အားသင်ကြားပေးသည်။ မိခင်တို့၊ အာဗြဟံ၏လုပ်ရပ်များသည် သင်တို့အတွက်သင်ခန်းစာများဖြစ်၍သင်တို့၏သားသမီးများကို သည်းခံသောစိတ်ဖြင့်သွန်သင်ဆုံးမကြရမည်။ ခေတ်၏ဖက်ရှင်များကိုလိုက်နာခြင်းအားဖြင့် သင်တို့၏အချိန်များကို ဖြုန်းတီးမပစ်ပါနှင့်။ သားသမီးများသည် ဘုရားသခင်ပိုင်ဆိုင်သောပစ္စည်းများဖြစ်ကြောင်းပြောပြပါ။ ကျွန်ုပ်တို့သည်ယနေ့စာရိတ္တအဆောက်အအုံကြီးကို ဆောက်လုပ်နေကြသည်။ လူငယ်လူရွယ်တို့၊ သင်တို့သည် သင်တို့၏အနာဂတ်ကံကြမ္မာကို ယနေ့ဆုံးဖြတ်ကြသည်။ ခရစ်တော်အားသင်တို့စိတ်နှလုံးထဲ၌ကိန်းဝပ်ပါစေ။ ကိုယ်တော်ရှင်သည် သင်တို့အားစုံစမ်းသွေးဆောင်ခြင်းမှထိန်းသိမ်းကာကွယ်ထားတော်မူသည်။

ဆေးလိပ်သည်အများသောကိုယ်ခန္ဓာများကို ဖျက်ဆီးလျက်ရှိသည်။ ယင်းဆေးလိပ်တို့သည်ကိုယ်ခန္ဓာမှအရက်များနှင့်အစိုင်အခဲများအတွင်းသို့ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ဆေးလိပ်စွဲနေသောသူတို့သည် ယင်းအကျင့်ဆိုးကိုဖြတ်၍ရကြောင်းကို ကျွန်ုပ်တို့ကြားဖူးပါသည်။ ကျွန်ုပ်နှင့်ကျွန်ုပ်၏ခင်ပွန်းတို့သည် အမေရိကန်ပြည်တွင်ကျန်းမာမှုဆိုင်ရာဌာနတစ်ခုဖွင့်လှစ်ခဲ့ပါသည်။ ဆေးလိပ်စွဲနေသောလူနာများကို ကုသပေးရသောပုဂ္ဂိုလ်များတို့၏သက်သေခံချက်သည် ကြောက်ခမန်းလိလိဖြစ်သည်။ ကြောက်မက်ဖွယ်ကောင်းသောဆေးလိပ်အနံ့အသက်များသည် ရေချိုးခန်းများနှင့်ကုသပေးသောအထည်အဝတ်များ၌စွဲကပ်နေကြောင်းသူတို့ကပြောကြသည်။ သို့ရာတွင်ထိုသူများအားယင်းအကျင့်ဆိုးမှကင်းကွာ၍တည်မြဲကျောက်ပေါ်၌ရပ်နေစေနိုင်ကြသည်။ ဆေးလိပ်သောက်သောအလေ့အကျင့်ကိုဖြတ်ဖို့အောင်မြင်မှုမရရှိနိုင်ဆိုသောသူတို့သည် ဆေးလိပ်ပြတ်သွားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါသည်။

ဘုရားသခင်ဘက်တွင်လူများစုရှိ၏။ မည်သည့်အရက်သမားတစ်ဦး၏နာမည်ကိုမျှကောင်းကင်မှစာစောင်များတွင်ရေးသားထားခြင်းမရှိနိုင်ပေ။ ယောက်ျားပီသစွာစုံစမ်းခြင်းကိုတွန်းလှန်ပါ။ နာဇရက်မြို့သားယေရှုခရစ်၏နာမတော်အားဖြင့်သင်သည် ဘုရားသခင်၏တန်ခိုးတော်ကို ကိုင်စွဲထားနိုင်ပါသည်။ သင်တို့တစ်ဦးစီအတွက် ခရစ်တော်သည်ဆောင်ရွက်တော်မူမည်။ ဆေးလိပ်သောက်လိုသောခံတွင်းအလိုကို သဘာဝတွင်အခြေအမြစ်မရှိပဲဖန်တီးထားကြသည်။

သို့ဖြစ်လင့်ကစား ယင်းခံတွင်းအလိုကို သင့်အနေဖြင့် အောင်မြင်နိုင်နင်းနိုင်သည်။ မိမိတို့၏အိမ်နီးပါးချင်းတို့၏ပါးစပ်တွင်အရက်ပုလင်းတပ်ပေးသောသူတို့အပေါ် ကျိန်ခြင်းအမင်္ဂလာသည်ရပ်တည်လျက်ရှိသည်။ အရက်မသောက်သောသူတို့သည်လူနည်းစုဟုသင်တို့အဆိုပြုကြသည်။ ဘုရားသခင်ဘက်၌ရှိသောသူတို့သည်လူများစုဖြစ်သည်မဟုတ်ပါလော။ ကောင်းကင်နှင့်မြေကြီးတို့ကို ဖန်ဆင်းတော်မူသောဘုရားသခင်ဘက်၌ ကျွန်ုပ်တို့သည်ရပ်တည်လျှင် ကျွန်ုပ်တို့သည်လူများစုဘက်မှာရှိသည်မဟုတ်ပါလော။ အင်အားကြီးသောကောင်းကင်တမန်တို့သည်ကျွန်ုပ်တို့ဘက်၌ရှိကြပါသည်။ ဆုတ်ယုတ်နေသောၤလောကကြီး၏ဖက်ရှင်များသည် ပျက်စီးပါစေ၊ ညီမတော်များနှင့်မိခင်တို့၊ သင်တို့သည်သင်တို့အား ဘုရားသခင်ပေးသနားထားတော်မူသောကိုယ်ခန္ဓာကိုဖျက်ဆီးနေကြသည်။ သင်တို့၏အဆုတ်၊ အသည်းနှင့်အခြား၊ သင်နှင့်ဆိုင်သောအင်္ဂါအစိတ်အပိုင်းများတို့သည်သူတို့စွမ်းအားရှိသလောက်မလုပ်မကိုင်နိုင်စေသောဝတ်စားဆင်ယင်မှုကို အဘယ်ကြောင့်ပြုဘိကြသနည်း။ သင်တို့၏နောင်လာနောက်သားများကသင်တို့တစ်ဘက်တွင်သက်သေခံကြလိမ့်မည်။ သင်တို့ဝတ်စားဆင်ယင်သကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်ဝတ်စားဆင်ယင်လျှင်ယင်းကိစ္စနှင့်ပတ်သက်၍ကျွန်ုပ်သည် သင်တို့အား အဘယ်ကဲ့သို့အကြံဉာဏ်ပေးနိုင်စွမ်းရှိမည်နည်း။ ပြောခဲ့သောကိုယ်အင်္ဂါမှအသက်တည်တံ့မှုနှင့်ဆိုင်သောကိုယ်အင်္ဂါအစိတ်အပိုင်းများကိုမည်သည့်အရာကမျှတင်းကျပ်ချုပ်တည်းထားခြင်းမရှိစေရ။အချို့သောအမျိုးသမီးများ



သည်စာဖတ်တတ်သောအလေ့အထရှိကြောင်းရာဇဝင်စာတင်ထားကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ သို့ရာတွင် စကားကိုကျယ်လောင်စွာမပြောနိုင်ကြပေ။ သူတို့တွင်အသံမရှိသကဲ့သို့ဖြစ်သည်။ သူတို့၏ခါးများကို အလွန်အမင်းသေးငယ်နေအောင်တင်ကျပ်စွာဝတ်ဆင်ထားသောအခါ လူကိုဘယ်ပုံသဏ္ဍာန်မျိုးဖြင့်ဖန်ဆင်းဖို့ ဘုရားသခင်မသိရှိသလိုဖြစ်နေပါသည်။

မာနေ၁်၏ဇနီးအားချုပ်တည်းခြိုးခြံသောအကျင့်ဓလေ့များကို ကျပ်တည်းစွာလိုက်နာကျင့်သုံးစေရန် ဘုရားသခင်သည်အလိုရှိတော်မူသည်။ “ထာဝရဘုရား၏ကောင်းကင်တမန်သည် ထိုမိန်းမအားထင်ရှား၍ သင်သည်မြုံသောကြောင့်သားမဖွားသော်လည်းပဋိသန္ဓေရ၍ သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ သို့ဖြစ်၍သတိပြုလော့။ စပျစ်ရည်ကိုဖြစ်စေ၊ ယစ်မျိုးကိုဖြစ်စေမသောက်နှင့်၊ မစင်ကြယ်သောအစာကိုမစားနှင့်”ဟုပြောခဲ့သည်။ ဇာခရိနှင့်ဧလိရှဗက်တို့အားကောင်းကင်တမန်တစ်ပါးသည် ကိုယ်ထင်ရှား၍ပြောကြားသည်မှာ၊ “သင်ပြုသောပတ္ထနာကိုနာခံတော်မူပြီ။ သင်၏ခင်ပွန်း ဧလိရှဗက်သည် သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ ထိုသားကိုယောဟန်အမည်ဖြင့်မှည့်ရမည်။ သင်သည်ဝမ်းသာရွှင်မြူးခြင်းရှိလိမ့်မည်။ ထိုသားကိုဖွားမြင်သောကြောင့် လူအများတို့သည်လည်း ဝမ်းမြောက်ခြင်းသို့ရောက်ကြလိမ့်မည်။ အကြောင်းမူကားထိုသားသည် ထာဝရဘုရားရှေ့တော်၌ကြီးမြတ်သောသူဖြစ်လိမ့်မည်။ စပျစ်ရည်နှင့်ယစ်မျိုးကိုအလျှင်းမသောက်ပဲနေလိမ့်မည်။ အမိဝမ်းထဲကပင်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလိမ့်မည်။” ဤနေရာတွင်မဖွားမီနှင့်ဖွားပြီးနောက် သားယောကျ်ားတစ်ယောက်ကိစ္စနှင့်ပတ်သက်ပြီးပြောထားပါသည်။ မိခင်များသည်ဤကဲ့သို့သောအရာများပေါ်တွင် တန်ရာတန်ဖိုးထားရှိရမည်။ မိခင်၏ခံတွင်းအလိုကိုသားသမီးတို့အားလက်ဆင့်ကမ်းကြသည်။ ခံတွင်းအလိုကိုလိုက်၍စားသောက်သောအလေ့အကျင့်ရှိသောသူတို့သည် အိမ်ကိုထောက်ထားသောထောက်ကို ဖြုတ်ပစ်သည်နှင့်တူသည်။ ဒံယေလ၏အပြစ်တင်စရာကင်းသောမှတ်တမ်းမျိုးထားရှိလိုသောပုဂ္ဂိုလ်များမြောက်မြားစွာရှိပါသည်။ စာတန်သည်သင့်ဝိညာဉ်အတွက်သူ့ဖဲများကို ကစားလျက်ရှိသည်။ ကျွန်ုပ်တို့သည် ဤလောက၏ယုတ်ညံ့မှုများမှလွတ်လွတ်ကင်းကင်းနေ၍သန့်ရှင်းစင်ကြယ်သောဘဝမျိုး၌ရပ်တည်နေလိုကြသည်။ “အောင်မြင်သောသူသည်ဖြူသောအဝတ်ကိုဝတ်ဆင်ရလိမ့်မည်။ ထိုသူ၏နာမကိုအသက်စာစောင်မှငါသည်အလျှင်းမချေ။ ငါ့ခမည်းတော်ရှေ့၌လည်းကောင်း၊ ကိုယ်တော်၏ကောင်းကင်တမန်တို့ရှေ့၌လည်းကောင်း သူ၏နာမကိုငါဝန်ခံမည်။” ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အောင်မြင်တော်မူခဲ့သည်။ နာဇရက်မြို့သားယေရှု၏နာမတော်အားဖြင့် ကျွန်ုပ်တို့သည် အောင်မြင်နိုင်ကြလိမ့်မည်။

မြို့တံခါးများမှဖြတ်ကျော်၍ မြို့တော်ထဲသို့ကယ်တင်ခြင်းသို့ဝင်စားသောသူတို့သည် ဝင်သွားသောအခါ ယေရှုခရစ်သည်အားလုံးတို့အားခရီးဦးကြိုပြုကြ၍သူတို့သည်ရွှေဖြင့်ပြီးသောစောင်းများကိုကိုင်လျက်ယေရှုခရစ်၏ဘုန်းတော်ကိုကျူးအေးကြလိမ့်မည်။ သူတို့သည် လူ့ချည်မျှင်တစ်ချောင်းမျှမပါပဲ ကောင်းကင်ယက်ကန်းစင်များမှ ရက်လုပ်သောဝတ်ရုံများကို ဝတ်ဆင်ထားကြလိမ့်မည်။

ကျွန်ုပ်တို့သည် ကောင်းကင်သို့ဝင်စားလိုကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ယေရှုနှင့်လက်တွဲ၍အမှုတော်ထမ်းဆောင်လျှင် ယင်းနေရာသို့ဝင်စားရမည်ဖြစ်ကြောင်း ယေရှုရှင်က ကတိတော်ထားရှိတော်မူသည်။ **M, 27, 1893.**

## မှီငြမ်းကိုးကားသောစာစောင်များနှင့်
## ၎င်းတို့၏အတိုကောက်

| | |
|---|---|
| **CTBH** | Christian Temperance and Bible Hygiene |
| **R & H** | Review and Herald |
| **YI** | The Youth's Instructor |
| **R;TC** | Redemption; or the Temptation of Christ |
| **CD** | Counsels on Diet and Foods |
| **M** | Manuscript |
| **T** | Testimonies |
| **SG** | Spiritual Gifts |
| **HTL** | How to Live |
| **ST** | Signs of the Times |
| **SL** | The Sanctified Life |
| **HR** | Health Reformer |
| **Ev** | Evangelism |
| **DC** | Drunkenness and Crime |
| **L** | Letter |
| **CH** | Counsels on Health |
| **UM** | Undated Manuscript |
| **GW** | Gospel Workers |
| **MM** | Medical Ministry |
| **MH** | The Ministry of Healing |
| **PK** | Prophets and Kings |
| **HL** | Healthful Living |
| **PP** | Patriarchs and Prophets |
| **SC** | Steps to Christ |
| **GCB** | General Conference Bulletin |

| | |
|---|---|
| **FE** | Fundamentals of Christian Education |
| **CT** | Counsels to Parents, Teachers, and Students |
| **R;MJ** | Redemption; or the Miracles of Jesus |
| **Ed** | Education |
| **PHJ** | Pacific Health Journal |
| **EGW diary** | E. G. White diary |
| **HFM** | Historical Sketches of SDA Foreign Missions |

# ချုပ်တည်းခြိုးခြံနည်းလမ်းမှန်

ဆေးသိပ္ပံမထွန်းကားသေးမီအချိန်က ရေးသားပြုစုခဲ့သော ဤစာစောင်ပါအချက်အလက်များကို ယနေ့ဆေးသိပ္ပံလောကမှ ရှာဖွေတွေ့ရှိချက်များက ထောက်ခံလျက်ရှိနေပြီဖြစ်သည်။

လူ့ကိုယ်ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်သုံးပါးတို့သည် တစ်ခုနှင့်တစ်ခုမည်သို့ ဆက်နွယ်နေကြပုံ၊ တစ်ခုကိုထိခိုက်လျှင် အခြားတစ်ခုကိုလည်း ထိခိုက်မှုရှိပုံ၊ မူးယစ်ထုံထိုင်းစေတတ်သောဆေးဝါးများ၊ အစာရေစာများ၊ သေရည်သေရက်ယစ်မျိုးတို့သည် ၎င်းတို့သုံးပါးအား မည်ကဲ့သို့ထိခိုက်ပျက်စီးစေနိုင်ပုံစသည်တို့ကို ဖေါ်ပြထားသည်။

လူ့အိမ်ထောင်၊ လူ့ကျန်းမာမှု၊ လူ့အကျင့်စာရိတ္တ၊ လူ့စိတ်ဝိညာဉ်စသည့် လူ့အဆောက်အအုံတို့ကို ပျက်စီးစေတတ်သည့် အရာခပ်သိမ်းတို့အား မည်ကဲ့သို့ ရှောင်ကြဉ်ရမည်ကိုလည်းကောင်း၊ ဤကဲ့သို့ရှောင်ကြဉ်ခြင်းအားဖြင့် မည်သည့်လောကီ၊ လောကုတ္တရာ အကျိုးတရားများကို ရရှိနိုင်သည်ကိုလည်းကောင်း၊ ပညာပေးရေးသားဖေါ်ညွှန်းထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

တန်ဖိုး -                    ကျပ်